# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၁၅

# မြန်မာ

# စွယ်စုံကျမ်းနှစ်ချုပ်

# (၂၀၁၅)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၅ ခုနှစ်၊ အုပ်ရေ ၂၅၀၀

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ ခေတ္တစာတည်းမှူးချုပ် ဦးစိုးမြင့်သန်း (နွေသင်နိုင်) က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့်၊ ဗိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ပုံနှိပ်၍ မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

# မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

| | | |
|---|---|---|
| ၂၁။ ပါမောက္ခဒေါက်တာအောင်ထွန်းသက် | အဖွဲ့ဝင် | နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် |
| ၂၂။ ဒေါက်တာချောချောစိန် | အဖွဲ့ဝင် | ပါမောက္ခ၊ ဌာနမှူး နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၂၃။ ဦးစန်းဝင်း | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန |
| ၂၄။ ဦးမြဟန် | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၂၅။ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၆။ ဦးဟုန်ဝမ် (မောင်ဟုန်ဝမ်) | အဖွဲ့ဝင် | ကထိက (ငြိမ်း)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ၂၇။ ဦးမျိုးအောင် (မျိုးအောင်-ရုက္ခဗေဒ) | အဖွဲ့ဝင် | ဒုတိယဥက္ကဋ္ဌ၊ စာပေထုတ်ဝေသူများနှင့် ပုံနှိပ်သူများအသင်း |
| ၂၈။ ဦးမောင်မောင် (ကြည်ရွှန်း) | အဖွဲ့ဝင် | ဥပဒေပညာရှင် |
| ၂၉။ ဒေါက်တာခင်မောင်ညို | အဖွဲ့ဝင် | စာရေးဆရာ |
| ၃၀။ ဒေါက်တာလှကြည် | အဖွဲ့ဝင် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း |
| ၃၁။ ဦးမြင့်သူ | အဖွဲ့ဝင် | Myanmar Heritage Publishing |
| ၃၂။ ဒေါက်တာစောမရအောင် | အဖွဲ့ဝင် | တွဲဖက်ကထိက၊ ပိဋကတ်တော်ဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် (ရန်ကုန်) |
| ၃၃။ ဒေါက်တာအောင်မျိုး | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန |
| ၃၄။ ဒေါ်အုန်းကြည် | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၃၅။ ဦးဝင်းလွင် | အဖွဲ့ဝင် | သံအမတ်ကြီး (ငြိမ်း) |
| ၃၆။ ဦးသိန်းလှိုင် | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၃၇။ ဒေါက်တာမြသောင်း | အဖွဲ့ဝင် | ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး |
| ၃၈။ စာတည်းမှူး | အဖွဲ့ဝင် | စာပေဗိမာန် |
| ၃၉။ စာတည်းမှူးချုပ် | အတွင်းရေးမှူး | စာပေဗိမာန် |
| ၄၀။ စာတည်း (တာဝန်ခံ) စွယ်စုံနှစ်ချုပ် | တွဲဖက်အတွင်းရေးမှူး | စာပေဗိမာန် |

# မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

## နာယကအဖွဲ့

| | | |
|---|---|---|
| ၁။ | မဟာသဒ္ဓမ္မဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၂။ | စည်သူဒေါ်ကြြန် (မကြြန်) | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ |
| ၃။ | ဦးထွန်းအောင်ချိန် | ပါမောက္ခ (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၄။ | ဒေါက်တာထွန်းတင့် | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ |

## စီစဉ်ရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | စည်သူဒေါက်တာဦးသော်ကောင်း | ဥက္ကဋ္ဌ | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၂။ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | အဖွဲ့ဝင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| ၃။ | ဒေါက်တာမျိုးသန့်တင် | အဖွဲ့ဝင် | ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ ပြန့်ပွားရေးလုပ်ငန်း၊ |
| ၄။ | ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ |
| ၅။ | ဒေါ်တင်ဘုန်းနွယ် | အဖွဲ့ဝင် | အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် |
| ၆။ | ဦးမြင့်ကြိုင် | အဖွဲ့ဝင် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမိုင်းသုတေသနဦးစီးဌာန |
| ၇။ | ဒေါက်တာတိုးလှ | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |
| ၈။ | ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| ၉။ | ဦးဘသန်း (မဟာဝိဇ္ဇာ) | အဖွဲ့ဝင် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ဝန်ထမ်းရေးရာဦးစီးဌာန |
| ၁၀။ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် | စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန် |
| ၁၁။ | ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) | အဖွဲ့ဝင် | စာတည်းမှူး (ငြိမ်း)၊ စာပေဗိမာန် |
| ၁၂။ | ဒေါက်တာအောင်မြင့်ဦး | အဖွဲ့ဝင် | ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၁၃။ | ဒေါက်တာစိုးနိုင် | အဖွဲ့ဝင် | ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၁၄။ | ဒေါက်တာဒေါ်ခင်သိန်း | အဖွဲ့ဝင် | ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန (ငြိမ်း)၊ ရန်ကုန်တက္ကသိုလ် |
| ၁၅။ | ဦးမြင့်ကြည် | အဖွဲ့ဝင် | အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ |
| ၁၆။ | ဒေါက်တာချစ်စံ (ချစ်စံဝင်း) | အဖွဲ့ဝင် | အဖွဲ့ဝင်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် |
| ၁၇။ | ဦးအေးချို (မဟာဝိဇ္ဇာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၁၈။ | ဒေါက်တာမင်းသောင် | အဖွဲ့ဝင် | ပါမောက္ခ၊ ဌာနမှူး၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာန၊ ဒဂုံတက္ကသိုလ် |
| ၁၉။ | ဦးသန်းအုန်း (မောင်ဇေယျာ) | အဖွဲ့ဝင် | စာပေပညာရှင် |
| ၂၀။ | ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် | စာပေပညာရှင် |




## စာပေဗိမာန်၊ စာတည်းဌာန

| | |
|---|---|
| ၁။ ခေတ္တစာတည်းမှူးချုပ် | ဦးစိုးမြင့်သန်း (နွေသင်နိုင်) |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့

| | |
|---|---|
| ၁။ စာတည်း (တာဝန်ခံ) | ဦးစိုးမြင့်သန်း (နွေသင်နိုင်) |
| ၂။ စာတည်း | ဒေါ်အိခိုင်ဇင်ထွန်း၊ ဒေါ်သန်းသန်းစီ၊ |
| ၃။ စာပေလက်ထောက် | ဒေါ်သင်းသွဲ့ဦး၊ ဦးကျော်သူစိုး |

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

| | |
|---|---|
| ၁။ ဌာနခွဲမှူး (ပုံနှိပ်) | ဦးစန်းဌေး |
| ၂။ ပုံနှိပ်ကျွမ်းကျင် - ၃ | ဒေါ်သွဲ့သွဲ့စန်း |
| ၃။ ပုံနှိပ်ကျွမ်းကျင် - ၄ | ဒေါ်စန်းစန်းဌေး |





# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၄) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် (၂၀၁၄) ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို (၂၀၁၅) ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ (၂၀၁၅) ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီး သုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် (၂၀၁၄) ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ်ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာနှင့်မြန်မာ့ရုပ်မြင်သံကြား ဖြစ်ပေါ်တိုးတက် ပြောင်းလဲလာခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု၊ ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် (၂၀၁၄) ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ် များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ - စွယ်စုံနှစ်ချုပ် ၂၀၁၄) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ (၂၀၁၄) ခုနှစ်ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅)

# မာတိကာ

ဤကျမ်းကို မရှုစားမီ

## အပိုင်း (၁)


၂၀၁၄ ခုနှစ် ဖြစ်ရပ်များ ၁


## အပိုင်း (၂)


| | | | |
|---|---|---|---|
| ၁ | ကမ္ဘာနှင့်မြန်မာ့ရုပ်မြင်သံကြားဖြစ်ပေါ်တိုးတက်ပြောင်းလဲလာခြင်း | ဒေါက်တာခင်မောင်ညိုနှင့် မျိုးမြတ်သူ | ၁၀၇-၁၁၂ |
| ၂ | ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု | ဦးစန်းဝင်း (ရှေးဟောင်းသုတေသန) | ၁၁၃-၁၂၂ |
| ၃ | ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ | ဦးအောင်ထူး | ၁၂၃-၁၃၂ |
| ၄ | မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး | ဒေါက်တာသိန်းမြင့် | ၁၃၃-၁၅၀ |
| ၅ | မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ | ဒေါက်တာဒေါ်ရင်ရင်နွယ် | ၁၅၁-၁၆၀ |
| ၆ | အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ | ဒေါက်တာတိုးလှ | ၁၆၁-၁၆၈ |


## အပိုင်း (၃)


၂၀၁၄ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) ၁၇၁

အက္ခရာစဉ်အညွှန်း ၄၇၇

# ၂၀၁၄ ခုနှစ်

# ဖြစ်ရပ်များ

# အခ

# ပိုင်း

# (၁)

၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများ အဖြစ် ရေးသားပြုစုဖော်ပြထားခြင်း ဖြစ်ပါသည်။



# မြန်မာနှင့်



# နိုင်ငံတကာ



# ဖြစ်ရပ်များ

# ၂၀၁၄ ခုနှစ် ဖြစ်ရပ်များ

## ဇန်နဝါရီလ

၁  ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အာလိန်ငါးဆင့် ပရိဝုဏ်၌ ကျင်းပသည်။

မြန်မာနိုင်ငံစာရေးဆရာ အသင်း၏ ရုံးခန်းသစ်ကို အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း အလယ်ရှိ ရှစ်လွှာ၌ ဖွင့်လှစ်သည်။

၂  နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁/၂၀၁၄) ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းကို ထုတ်ပြန်ရာ အကျဉ်းသား အမျိုးသား (၁၁၁၂၄) ဦးနှင့် အမျိုးသမီး (၂၁၅၀) ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည်။

၃  နိုင်ငံခြားအကူအညီ အထောက်အပံ့ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားအကူအညီ အထောက်အပံ့ ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

၄  နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲတက်ရောက်စဉ်**

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည့် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့်ညစာစားပွဲ အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဥပစာ၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာ သီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် (၂၀၁၂) ခုနှစ်နှင့် (၂၀၁၃) ခုနှစ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့ကြသော အရာရှိစစ်သည်များနှင့်အမွေခံများအား ဂုဏ်ထူးဆောင်တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် အသစ်တည်ဆောက်ပြီးစီးသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနကို နေပြည်တော်၌ စတင်ဖွင့်လှစ်သည်။

၅  နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ တောင်သူပညာပေး စက်မှုလယ်ယာစံပြစိုက်ခင်းဧက (၅၀၀) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁)၊ ဥပစာ၌ကျင်းပသည့် လူရည်ချွန် (၁၉၆၄-၁၉၈၈) အဖွဲ့၏ ရွှေရတုအကြို မိတ်ဆုံစားပွဲသို့တက်ရောက်

အားပေးပြီး အမှတ်တရစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ကို နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။



**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်စဉ်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထွေထွေရွေးကောက်ပွဲကို ဆန့်ကျင်သောအားဖြင့် အတိုက်အခံများကဆန္ဒပြခဲ့ရာ ရဲတပ်ဖွဲ့နှင့် ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၆** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားနိုင်ငံ အမျိုးသားလွှတ်တော်၊ ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပတ်ခ်ယောင်ဆန်းဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထွေထွေရွေးကောက်ပွဲ ကနဦးရလဒ်များအရ လက်ရှိအာဏာရပါတီဖြစ်သော အဝါမီလိဂ်က အနိုင်ရရှိကြောင်း သတင်းများကဖော်ပြသည်။

**၇** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ လွှတ်တော်ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာအီချိရိုအာရိစာဝါနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)၊ ဒီမိုကရက်တစ်ပါတီနှင့် ဂျပန်ပြန်လည်ထူထောင်ရေးပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးပါလီမန်အဖွဲ့၏ ဥက္ကဋ္ဌမစ္စတာ အီချိရိုအာရိစာဝါဦးဆောင်သည့်အဖွဲ့ကို နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

သူပုန်များအန္တရာယ်ကိုကြောက်ရွံ့နေကြရသည့် ဆူဒန်ရှိ ရေနံနယ်မြေများ၌ ဆူဒန်နှင့် တောင်ဆူဒန်နှစ်နိုင်ငံပူးပေါင်းကာတပ်ဖွဲ့ဝင်များချထားမည်ဖြစ်ကြောင်း ဆူဒန်သမ္မတနှင့် တောင်ဆူဒန်သမ္မတတို့ တွေ့ဆုံအပြီး ဆူဒန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆီးရီးယားဓာတုလက်နက်ဖျက်သိမ်းရေး သဘောတူညီချက်အရ ဆီးရီးယားနိုင်ငံတွင်းမှ ဓာတုလက်နက်များကို သင်္ဘောဖြင့် ပထမဆုံးအကြိမ် သယ်ထုတ်သွားကြောင်း လက်နက်ဖျက်သိမ်းရေးကြီးကြပ်မှုပူးတွဲကော်မရှင် ထုတ်ပြန်ချက်ကို ကိုးကားပြီး စီအင်န်အေသတင်းက ဖော်ပြသည်။

**၈** ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးလုပ်ငန်း

ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်း ကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နှင့် မအူပင်မြို့များ အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက် (၁/၂၀၁၄) ဖြင့် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာသည်။

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာယိုရှီတာကာရှင်ဒိုနှင့်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ ရဲတပ်ဖွဲ့အဆင့်မြှင့်တင်ရေးနှင့် စာပို့တိုက်လုပ်ငန်းတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရေးတို့ကို ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၊ လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင် အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**၁၁** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဆည် စက်မှုနယ်မြေ၌ကျင်းပသည့် စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်ပွဲရ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုငွေသားဆု ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**၁၂** မလေးရှားနိုင်ငံ၌ ဇန်နဝါရီလ (၂၁) ရက်မှ စတင်ကာ လူဝင်မှုကြီးကြပ်ရေးဌာန၏ Ops Lop Sepadu စီမံချက်ဖြင့် တရားမဝင် နိုင်ငံခြားသားအလုပ်သမားများကို လူနေအိမ်များ၊ လုပ်ငန်းခွင်များတွင် စစ်ဆေးမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

**၁၃** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ ကင်းထောက်ဗဟိုကော်မတီဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးများကို နေပြည်တော်ရှိ သက်ဆိုင်ရာလွှတ်တော်ခန်းမများ၌ စတင်ကျင်းပသည်။

အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိကြီးများ၏ (၁/၄၅) ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ စတင်ကျင်းပသည်။

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဂျပန်နိုင်ငံ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဟောင်း မစ္စတာ မာစဟီကို ကိုမူရဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြန်မာ-ဂျပန် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုဆွေးနွေးသည်။

ဖေဖော်ဝါရီလ (၂) ရက်တွင် ကျင်းပဖွယ်ရှိသည့် အထွေထွေ ရွေးကောက်ပွဲမတိုင်မီမှာပင် အစိုးရကို ဖြုတ်ချနိုင်ရေးရည်ရွယ်ကာ ထိုင်းနိုင်ငံ၏ မြို့တော်ဘန်ကောက်ရှိ လမ်းအချို့၌ ဆန့်ကျင်ဆန္ဒပြသူများက ပိတ်ဆို့မှုများစတင်လုပ်ဆောင်သည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့သည်

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းရေးမှူး၊ UNDP ဌာနေ ကိုယ်စားလှယ် မစ္စစ်လေ့ဒက်ဆဲလ်လီယန်နှင့်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၁၅** တောင်ဆူဒန်နိုင်ငံ မာလကယ်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာသော ဒုက္ခသည်များ စီးနင်းလိုက်ပါလာသည့် ကူးတို့ရေယာဉ်သည် နိုင်းမြစ်အတွင်း နစ်မြုပ်သွားခဲ့၍ လူ (၂၀၀) ကျော် သေဆုံးသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးဆုံး အတိုက်အခံပါတီဖြစ်သော ဘင်္ဂလားဒေ့ရှ်မျိုးချစ်ပါတီ (BNP) က ဝန်ကြီးချုပ်ရှိတ်ဟာဆီနာ ဦးဆောင်သော အသစ်ဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့ကို ပယ်ချကြောင်း သတင်းများက ဖော်ပြသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မကွေးမြို့၌ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ မစ္စတာ အန်ဟွန်ဂျွန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော် သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့်ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ မစ္စတာအန်ဟွန်ဂျွန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်၌ စတင်ကျင်းပသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရဲတပ်ကြပ်ကြီးတစ်ဦး ပျောက်ဆုံးမှုသတင်းနှင့်ပတ်သက်၍ အေပီသတင်းဌာနနှင့် ဧရာဝတီသတင်းဌာနတို့က လူမျိုးရေး၊ ဘာသာရေးပဋိပက္ခကြောင့် သတ်ဖြတ်ခြင်းခံရသည်ဟု ဆိုလိုရာရောက်သော သတင်းမှားများ ထုတ်လွှင့်ဖော်ပြခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျင်မြန်စွာမြင့်တက်နေသောကြောင့် ကမ္ဘာတစ်ဝန်းလုံးက ထိန်းချုပ်သွားကြရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က သတိပေးချက်ထုတ်ပြန်သည်။

**၁၈** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ မြားပစ်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ် အားကစားနည်းများ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးသည်။

**၁၉** အီဂျစ်ဖွဲ့စည်းပုံ အခြေခံ

ဥပဒေမူကြမ်းသစ်ကို ပြည်သူ (၉၈ ဒသမ ၁) ရာခိုင်နှုန်းက ထောက်ခံကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

တောင်ဆူဒန်စစ်တပ်က ရင်းတို့အနေဖြင့် မဟာဗျူဟာကျသည့် ဆော်မြို့ကို သူပုန်တို့လက်မှ ပြန်လည်သိမ်းယူလိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်၌ အထူးစစ်ဆင်ရေးနှင့် ဖောက်ခွဲရေးသင်တန်းများ ပို့ချရန်အတွက် ပါကစ္စတန်နိုင်ငံမှ လေကြောင်းခရီးဖြင့် လိုက်ပါလာသော ဘင်္ဂါလီ လူမျိုးသုံးဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးရမိသည်။

**၂၀** ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီးဒေါ်ခင်အေးမြင့်တို့သည် (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂/၂၀၁၄) ဖြင့် လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ဒေါက်တာသီတာဦးကို ခန့်အပ်တာဝန်ပေးကြောင်း ထုတ်ပြန်သည်။

**၂၁** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် (၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားမောင်မယ်များနှင့် ကူညီထောက်ပံ့သည့်အဖွဲ့အစည်းများအား နေပြည်တော်ရှိ အားကစားရွာ Social Zone ၌ ဂုဏ်ပြုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ထိုင်းနိုင်ငံ အစိုးရက မငြိမ်သက်မှုများကို ထိန်းချုပ်ရန် မြို့တော်ဘန်ကောက်နှင့် အနီးဝန်းကျင်ပြည်နယ်များ၌ ရက် (၆၀) အရေးပေါ်အခြေအနေပြဋ္ဌာန်းသတ်မှတ်သည်။

**၂၂** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယားကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဤသို့သော နိုင်ငံရေးမငြိမ်သက်မှုများကြောင့် အရေးပေါ်အခြေအနေပြဋ္ဌာန်းလိုက်ရသည့် ထိုင်းနိုင်ငံ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယားကို နေပြည်တော်ရှိ ဗေဟျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဇန်နဝါရီလ (၁၃) ရက်က မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းမှ နယ်မြေလုံခြုံရေးပူးပေါင်းအဖွဲ့ လှည့်ကင်းဆောင်ရွက်နေစဉ် ဒုချီးရားတန်းရွာ၌ ဘင်္ဂါလီများက အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တပ်ကြပ်ကြီးတစ်ဦး၊ သေနတ်တစ်လက်၊ ခဲယမ်းအချို့နှင့်အတူ ပျောက်ဆုံးလျက်ရှိသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်ရပ်မှန်များကို နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်သည်။

လူပေါင်း (၁,၀၀,၀၀၀) ကျော် သေဆုံးခဲ့ပြီး သုံးနှစ်ကြာပဋိပက္ခဖြစ်ပွားနေသည့် ဆီးရီးယားနိုင်ငံ အကျပ်အတည်းကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဆီးရီးယားငြိမ်းချမ်းရေးကွန်ဖရင့်ကို ဆွစ်ဇာလန်နိုင်ငံ မွန်ထရီရယ်မြို့၌ စတင်ကျင်းပသည်။

**၂၃** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်း

အဝေးခန်းမ၌ ကျင်းပသည့် မြန်မာပြည်သူ့ဖိုရမ် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယူကရိန်းအတိုက်အခံခေါင်းဆောင် ဗစ်တာလီကလစ်ချ်ကိုက အစိုးရအနေဖြင့် ရွေးကောက်ပွဲအမြန် ကျင်းပပေးရန် ငြင်းဆိုနေလျှင် မြို့တော်ကီယက်ဗ်၌ အီးယူလိုလားသူဆန္ဒပြသူများဦးဆောင်ပြီး တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၄ နိုင်ငံတကာသတင်းဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သတင်းထုတ်ပြန်ခြင်းပြုလုပ်ပါက သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ်စုံစမ်းအတည်ပြုထားသော သတင်းများကိုသာ ထုတ်ပြန်သင့်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

တောင်ဆူဒန်အစိုးရနှင့် သူပုန်တို့ အီသီယိုးပီးယားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးသည်။

၂၅ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်း၊ မြောင်၊ မြင်းမူမြို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နှစ်နိုင်ငံစီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ နယ်ပယ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေးရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အိန္ဒိယနိုင်ငံသို့ ထွက်ခွာသည်။

တာလီဘန်အဖွဲ့နှင့်ပူးတွဲလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမပြီးမချင်း အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့အကြား အဓိကကျသော လုံခြုံရေးဆိုင်ရာစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးမည်မဟုတ်ဟူသော ၎င်း၏ ရပ်တည်ချက်ကို အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ထပ်လောင်းပြောဆိုကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၂၃-၂၅ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဇေယျာအောင်နှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးကောင်စီဝင် ဒေါက်တာကျော်ရင်လှိုင်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

၂၆ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေါက်တာဂျင်ယုံကင်တို့သည် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကျင်းပသည့် အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ သက်ဆိုင်သူအားလုံးပါဝင်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

မြန်မာနိုင်ငံသို့ ပထမဦးဆုံး ခရီးစဉ်အနေဖြင့် ရောက်ရှိလာသည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေါက်တာဂျင်ယုံကင်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးနှင့် လျှပ်စစ်ဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာသန်းနှစ်ထောင် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ပြောကြားသည်။

အီဂျစ်နိုင်ငံသမ္မတ မူဘာရက်ကို ရာထူးမှဖယ်ရှားခဲ့သော တတိယမြောက်နှစ်ပတ်လည်နေ့တွင် ကိုင်ရိုမြို့၌ ဖြစ်ပွားသောဆန္ဒပြမှုကြောင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ (၄၉) ဦးထက်မနည်း သေဆုံးကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု

ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေါက်တာဂျင်ယုံကင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေါက်တာဂျင်ယုံကင်နှင့်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၂၈** ဒုတိယအကြိမ်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အပြီးသတ်ဆွေးနွေးပွဲကျင်းပပြီး မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးတွဲထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်၊ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာနိုလန်းဟေဇာကို လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဒုချီးရားတန်းကျေးရွာဖြစ်စဉ်သတင်းများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

**၃၀** မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ ယင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အတွင်းရေးမှူး ဦးနန္ဒကျော်စွာ၊ ဦးမြညိမ်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်၌ ကျင်းပသည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) အစည်းအဝေး (၁/၂၀၁၄) သို့ တက်ရောက်ကြသည်။

ဥရောပသမဂ္ဂသံရုံးမှ သံအမတ်ကြီးဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး မောင်တောခရိုင်အတွင်း လူ့အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

လွန်ခဲ့သည့် (၁၀) နှစ်ကျော်က ကျူးလွန်ခဲ့သော လက်နက်ပစ္စည်းအများအပြား မှောင်ခိုတင်သွင်းမှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အကြီးမားဆုံးအစ္စလာမ်ပါတီတစ်ခု၏ ခေါင်းဆောင်အပါအဝင် လူ (၁၄) ဦးကို တရားရုံးချုပ်က သေဒဏ်ချမှတ်သည်။

**၃၁** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကာတာနိုင်ငံ အော်ရီဒူးလုပ်ငန်းစု အမှုဆောင်အရာရှိချုပ် ရှိုဟိုက်အဗ္ဗဒူလာမိုဟာမက်အယ်လ်သန်နီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ဖေဖော်ဝါရီလ

**၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်တည်ဆောက်မည့်စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးကာ စီမံကိန်းဧရိယာတွင် ပါဝင်သည့် စည်တော်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာမှဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ရွှေသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစခန်း (OGT) ၊ ကျောက်ဖြူ သဘာဝဓာတ်ငွေ့ပိုက်လိုင်းခန်း၊ ကျောက်ဖြူမြို့ (၅၀) မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမြေနေရာတို့ကို

ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့သို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် မြောက်ဦး ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမ၌ဥတ္တရခရိုင်အတွင်းရှိမြို့နယ်များမှ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

ရခိုင်ပဋိပက္ခဒေသများကို လေ့လာခဲ့သည့် ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကို ဘီးယားနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူများသည် စစ်တွေမြို့၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ခရီးစဉ်ပြန်လည်သုံးသပ်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့မြောက်ပိုင်း၌ အစိုးရစစ်တပ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သား (၉၀) ကျော် သေဆုံးခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ (SOHR) ၏ ပြောကြားချက်ကို ဘီဘီစီသတင်းက ဖော်ပြသည်။

တန်ဇန်းနီးယားနိုင်ငံ၌ လွှတ်တော်ကိုယ်စားလှယ်များကို သက်တမ်းကုန်ဆုံးသည့်အခါ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၉၈,၀၀၀) စီချီးမြှင့်ရန် ကိုယ်စားလှယ်များ ကိုယ်တိုင် ပါလီမန်တွင် မဲပေးခဲ့ကြောင်း ထုတ်ဖော်ကြေညာလိုက်သည့်အတွက် ပြည်သူများအံ့သြ တုန်လှုပ်သွားကြောင်း ဒေသခံသတင်းဌာနများက ရေးသားဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ခိုင်မာသည့် သဘောတူညီချက်မရရှိဘဲပြီးဆုံးသွားပြီး အစိုးရနှင့် သူပုန်တို့သည် အပြန်အလှန်အပြစ်တင်လျက်သာ ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပြုလုပ်သော ရွေးကောက်ပွဲတွင် ဆန္ဒပြမှုများဆက်လက်ဖြစ်ပွားရာ တစ်နိုင်ငံလုံးဆန္ဒမဲပေးခွင့်ရှိသူ (၄၅) သန်း၏ (၄၅ ဒသမ ၈၄) ရာခိုင်နှုန်းခန့်သာ လာရောက်ဆန္ဒမဲပေးကြကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ဖော်ပြောကြားသည်။

၂ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ကောင်စီရုံး၊ ဇမ္ဗူသီရိ ခန်းမ၌ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် နော်ဝေ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်နှင့် အပင်များအဖွဲ့ (FFI)၊ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေး အသင်း (BANCA) နှင့် ရွှေပြည်အေး ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် (၂၀၁၄) ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်ကြားရှိ ပျဉ်ပုံကြီးကျေးရွာအနီး မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျင်းပသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ (၁၀၅) နှစ်ပြည့် အထိမ်းအမှတ် ငြိမ်းချမ်းရေးပွဲကို ရန်ကုန်မြို့ အမှတ် (၃၁)၊ ပန်းဝါလမ်းရှိ ဦးသန့်ပြတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံအမတ်များ၊ ကုလသမဂ္ဂမှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်များ၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အလှူရှင်များ တက်ရောက်ကြပြီး ဘာသာအသီးသီးမှ ခေါင်းဆောင်များက ဘာသာအလိုက် ရှုထောင့်အသီးသီးမှ ငြိမ်းချမ်းရေးဆိုင်ရာများ ဟောပြောသည်။

၃ ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ အာရှပစိဖိတ်ဒေသမှ စာကြည့်တိုက်ပညာရှင်များ၊ စာကြည့်တိုက်မှူးများနှင့် နိုင်ငံတကာမှ ပညာရှင်များသည် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသည့် အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုး

တိုးတက်မှုဆိုင်ရာ နိုးနှောဖလှယ်ပွဲ (၂၀၁၄) သို့ တက်ရောက်သည်။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် သန်စွမ်းသူများနှင့်တန်းတူ အခွင့်အရေးရရှိရန်အတွက် အိန္ဒိယလွှတ်တော်က ဥပဒေတစ်ရပ်ပြဌာန်းပေးရန် အိန္ဒိယနိုင်ငံ ဒေလီမြို့တော်၌ နိုင်ငံသားများက တောင်းဆိုဆန္ဒပြခဲ့ပြီး ၎င်းတို့သည်နိုင်ငံတစ်ဝန်းရှိ သန်း (၄၀) မှ (၉၀) ခန့်အထိရှိနိုင်သော မသန်စွမ်းသူများကို ကိုယ်စားပြုကြောင်း ပီတီအိုင်သတင်းက ဖော်ပြသည်။

**၄** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးသည် တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံနှင့် စဝ်စံထွန်း ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မောင်တောခရိုင် မောရဝတီကျေးရွာသို့ ရောက်ရှိပြီး ယာယီစာသင်ကျောင်း၌ ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများကို တွေ့ဆုံသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မတ်လတွင်ပြုလုပ်မည့် ပါလီမန်ရွေးကောက်ပွဲ၌ Paektu တောင်မဲဆန္ဒနယ် အမှတ် (၁၁၁) အတွက်ကိုယ်စားလှယ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

**၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ မစ္စတာ ဒေးဗစ်မက်သီဆန် (Asia Division, Myanmar)၊ မစ္စတာ ဘရက်အဒမ် (Asia Division, London) နှင့် မစ္စတာ ဖီလ်ရောဘတ်ဆန် (Asia Division, Bangkok) တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ) ၌ ကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အောင်ပွဲရ မြန်မာ့လက်ရွေးစင်မသန်စွမ်း အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇/၂၀၁၄) ဖြင့် ချင်းအမျိုးသားပါတီကို ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီသို့ အမည်ပြောင်းလဲခွင့်ပြုသည်။

မလေးရှားအခြေစိုက် ရခိုင်လူမှုကယ်ဆယ်ရေးအဖွဲ့၏ ဖိတ်ကြားမှုဖြင့် မလေးရှားနိုင်ငံသို့ရောက်ရှိနေသည့် ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အတွင်းရေးမှူး ဒေါက်တာအေးမောင်တို့ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို သေနတ်သမားလူတစ်စုက ဆိုင်ကယ်နှင့်လိုက်ကာ ပစ်ခတ်လုပ်ကြံခံခဲ့ရသော်လည်း ထိခိုက်မှုမရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

(၁၉၅၀-၁၉၅၃) ကိုရီးယားစစ်ပွဲကာလအတွင်း ကွဲကွာခဲ့ကြသော မိသားစုများ ပြန်လည်ဆုံစည်းနိုင်မည့် အစီအစဉ် တစ်ရပ်ကို အကောင်အထည်ဖော်ရန် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ သဘောတူညီလိုက်ကြောင်း တောင်ကိုရီးယားပြန်လည် ပေါင်းစည်းရေးဝန်ကြီးဌာနက ကြေညာသည်။

**၆** ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တတိယအကြိမ် ဘင်္ဂလားပင်လယ်အော်ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)

ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးဆိုင်ရာ ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော် သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ချမ်းငြိမ်းတို့သည် သီးခြားစီရေးဆွဲထားသော ပညာရေးမူဝါဒများ တပေါင်းတစည်းတည်းဖြစ်ရန် သမ္မတရုံးဝန်ကြီးဌာနရုံးခန်း၌ ပထမအကြိမ်တွေ့ဆုံညှိနှိုင်းသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄) ဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာနှင့် ဒုချီးရားတန်း(အနောက်)ကျေးရွာတို့၌ ဇန်နဝါရီလ (၁၃) ရက်နှင့် ဇန်နဝါရီလ (၂၈) ရက်က ဖြစ်ပွားခဲ့သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် ဒေါက်တာသာလှရွှေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)၊ ဒေါက်တာ ကျော်ရင်လှိုင် (အတွင်းရေးမှူး) နှင့် အဖွဲ့ဝင် ရှစ်ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းသည်။

**၄** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် (၆၇) နှစ်မြောက်ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၆၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲနှင့် (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော တပ်မတော်မှ နည်းပြနှင့် အားကစားသမားများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၂/၂၀၁၄) ဖြင့် စာနယ်ဇင်းသမားအချို့ကို ဥပဒေနှင့်အညီ စုံစမ်းမေးမြန်းခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရုရှားနိုင်ငံပင်လယ်နက်အပန်းဖြေမြို့ဖြစ်သော ဆိုချီမြို့၌ ကျင်းပရာ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကမ္ဘာ့နိုင်ငံပေါင်း (၄၀) ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်ဘက်ချ်နာတို့ တက်ရောက်ကြသည်။

**၈** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်၌ကျင်းပသည့် လူမှုထူးချွန်စာကြည့်တိုက် e-Library နှင့် စေတနာမွန် ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအစီအစဉ်ပြင်ပတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းနိုင်ငံသမ္မတ ဗစ်တာယာနူကိုဗစ်ချ်တို့ တွေ့ဆုံခဲ့ကြောင်း နှစ်နိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၀** ဂျာမနီနိုင်ငံ သမ္မတဂျိုဝါချင်ဂေါက်ခ်နှင့် ဇနီးမစ္စစ် ဒါနီလာရှထ်တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဂျာမနီ

နိုင်ငံသမ္မတဂျိုဝါချင်ဂေါက်ခ်နှင့် ဇနီးမစ္စစ်ဒါနီလာရှုထ်တို့ကို နိုင်ငံတော်သမ္မတအိမ်တော် ဥပစာ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။ ထို့နောက် နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတမစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မွန်းလွဲ (၁၂) နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က ဂျာမနီနိုင်ငံသမ္မတနှင့် ဇနီးတို့ကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံရှေ့နေချုပ် မစ္စတာ စတီဗင်ချောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော် သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရေးရာဝန်ကြီးများကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားရာ ဒုတိယသမ္မတဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးအောင်မင်း၊ ဦးလှထွန်းနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ တက်ရောက်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း (၁၈၀) အနက် စာနယ်ဇင်းလွတ်လပ်ခွင့်အဆင့်(၁၄၅) ရှိကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (Reporters without Borders-RSF) ၏ (၂၀၁၄) ခုနှစ်အတွက် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်မှုအညွှန်းကိန်း (World Press Freedom Index) ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်သည် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မိန့်ခွန်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများတက်ရောက်ကြသည်။ ယင်းနောက် ဂျာမနီသမ္မတနှင့် အဖွဲ့ဝင်များသည်ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နိုင်ငံတကာအသိအမှတ်ပြု ဂျာမနီဘာသာစကားနှင့် ယဉ်ကျေးမှုအခြေပြုကျောင်းဖြစ်သည့် Goethe Institute ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ယင်းနောက် ဂျာမနီသမ္မတနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် မြန်မာ-ဂျာမနီနှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး Delegation of German Industry and Commerce (AHK) ၏ မြန်မာ ပြည်ရုံးခွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဂျာမနီအစိုးရ၏ ထောက်ပံ့ကူညီမှုများဖြင့် ကျေးလက်ဖွံ့ဖြိုးရေးများ လုပ်ဆောင်နေသည့် ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်၏ ဇနီးမစ္စစ်ဒါနီလာရှုထ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းလျှောလမ်းသုံးလွန်းကျင်း၌ ကျင်းပသည့် ဂျာမနီနိုင်ငံ Foundation Stiftunglife ၏ အစီအစဉ်ဖြင့် မြန်မာ့သင်္ဘော ကျင်းလုပ်ငန်းသို့ Uniteam Marine (Yangon) Ltd. က လုပ်ငန်းအပ်နှံ တည်ဆောက်ခဲ့သော 100ft Clinic Boat-Swimming Doctors-2 ရေယာဉ်ရေချပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ခရစ်ယာန်နှင့်မွတ်စလင်တို့ အကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည့် ဗဟိုအာဖရိက သမ္မတနိုင်ငံကို ကာကွယ်ရေးအတွက် ပိုမိုလုပ်ဆောင်ကြရန်နှင့် လူမျိုးစွဲရက်စက်မှုများသည် နိုင်ငံ၏ လူမှုပထဝီကို ပြောင်းလဲကာ ထက်ခြမ်းကွဲသွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နိုင်ငံတကာ အသိုင်းအဝိုင်းသို့ တိုက်တွန်းသည်။

အီရတ်နိုင်ငံ အန်ဘာပြည်နယ်အတွင်း အစွန်းရောက် လက်နက်ကိုင်များထိန်းချုပ်ခံထားရပြီး တိုက်ပွဲအရှိန်မြင့်တက်နေဆဲနေရာများမှ အီရတ် လူဦးရေ (၃,၀၀,၀၀၀ ကျော်) တို့မှာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

**၁၂** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး မြှင့်တင်သွားရန် ကြိုးပမ်းမှုအားလုံးကို အင်တိုက်အားတိုက်ထောက်ခံသွားမည်ဖြစ်ကြောင်း (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြသည်။

ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်မြို့တော်ခန်းမဥပစာ၌ကျင်းပသည့် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားတို့သို့ တက်ရောက်၍ နိုင်ငံတော်အလံကိုအလေးပြုကာ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာကိုဖတ်ကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၂၀၁၄) ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာ၌ ကျင်းပသည်။

ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့်ဇနီးမစ္စစ်ဒါနီလာရှထ်တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသည်။

တရုတ်နိုင်ငံမှပေးပို့သည့် ကွန်တိန်နာတစ်လုံးကို X-ray ဖြင့် စစ်ဆေးမှုပြုရာမှ ကွန်တိန်နာအတွင်းရှိ ကယက်လှေ (၂၇) စင်း အနက် (၁၉) စင်း အတွင်း၌ အလေးချိန် (၁၈၃) ကီလိုဂရမ် (၄၀၂ ပေါင်)၊ ဩစတြေးလျဒေါ်လာသန်း (၁၈၀)၊ အမေရိကန်ဒေါ်လာ ၁၆၂ သန်း တန်ဖိုးရှိ မက်သာဖက်တမင်း ဆေးပြားများကို ဆစ်ဒနီကုန်တင်ဆိပ်ကမ်းတစ်ခု၌ သိမ်းဆည်းရမိကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားကြောင်း အေအက်ဖ်ပီ သတင်းက ဖော်ပြသည်။

ကြားဖြတ်ရွေးကောက်ပွဲကို တရားမဝင်ကြောင်း ကြေညာရန်နှင့် ဖြူထိုင်းပါတီ ဖျက်သိမ်းရန် ထိုင်းအတိုက်အခံဒီမိုကရက်ပါတီ၏ တောင်းဆိုချက်ကို ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ပယ်ချသည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲ၏နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များ မဲနှိုက်ရေးဆွဲခြင်း အခမ်းအနားကို မော်လ်ဒိုက်နိုင်ငံရှိ Paradise Island Resort ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(က)တွင် အိမ်ရှင်မော်လ်ဒိုက်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိကြောင်း ပြည်တွင်းပုဂ္ဂလိက သတင်းစာများတွင် ဖော်ပြသည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ အဆင့်မြင့်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှုကို နယ်ခြားဒေသရှိ ပန်မွန်ဂျုံကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ငါးကြိမ်မြောက် အာရှခရီးစဉ်ဖြစ်သည့် တောင်ကိုရီးယား၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်ရာတွင် ပိုင်နက်နယ်မြေ အငြင်းပွားမှုများ ပြေလည်လျော့ပါးရေးတို့ကို အဖြေရှာဆွေးနွေးမည်ဖြစ်ကြောင်း အေပီသတင်းက ဖော်ပြသည်။

**၁၃** မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတဦးညဏ်ထွန်းသည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ထွက်ခွာရာ လာအိုနိုင်ငံဗီယင်ကျန်းမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄/၂၀၁၄) ဖြင့် ဒေါက်တာဒေါ်ခင်စန်းရီကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ အမိန့်အမှတ် (၅/၂၀၁၄) ဖြင့် ပညာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်သည်။

**၁၄** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အမျိုးသားကာကွယ်ရေးဝန်ကြီး ဒေါင်ချေပစ်ချီက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဗီယင်ကျန်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှအဖွဲ့သည် လွှန်ပရာဘန်ပြည်နယ်၊ လွှန်ပရာဘန်မြို့သို့ရောက်ရှိပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၌ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကမ်ဖန်ဆိုင်ဆိုဖန် နှင့် တွေ့ဆုံကာ ညပိုင်းတွင် လွှန်ပရာဘန်ဗျူးဟိုတယ်၌ လွှန်ပရာဘန်ပြည်နယ်စစ်ဌာနချုပ်မှ တာဝန်ရှိသူများ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် (၃၀-၁-၂၀၁၄) ရက်မှ (၃-၂-၂၀၁၄) ရက်အထိ စစ်တွေ၊ မောင်တောနှင့် ဒုချီးရားတန်းကျေးရွာအုပ်စုသို့ သွားရောက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် သတင်းထုတ်ပြန်ချက် (၂/၂၀၁၄) ကို ပြည်တွင်းမီဒီယာများမှတစ်ဆင့် သတင်းထုတ်ပြန်သည်။

မန္တလေးမြို့ ရှေးဟောင်းယဉ်ကျေးမှုသစ်သားကျောင်းတော်ကြီးဖြစ်သည့်ရွှေနန်းတော်ကျောင်း (ရွှေကျောင်း) ကို အမေရိကန်နှင့် မြန်မာနိုင်ငံတို့ ယဉ်ကျေးမှုအဆောက်အအုံများ ထိန်းသိမ်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပြုပြင်ထိန်းသိမ်းခြင်းစီမံကိန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးရွှေကျောင်းရှေ့၌ ကျင်းပသည်။

အိန္ဒိယနိုင်ငံ၌ တယ်လန်ဂါနာပြည်နယ်သစ် ထူထောင်ရေးဥပဒေမူကြမ်းကို ပါလီမန်သို့ တင်သွင်းရာ နိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ တစ်ရက်ကြာ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများ၏ ထုတ်ပြန်ချက်ကို ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၅** နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၁၄) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ပြည်တွင်း သတင်းမီဒီယာများတွင် ဖော်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ သောမတ်အိုဟေး ကင်တားနားသည် ကချင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

နိုင်ဂျီးရီးယားနိုင်ငံ အီဂီကျေးရွာသို့ အစ္စလာမ္မစ် စစ်သွေးကြွများဟု သံသယရှိသူ (၁၀၀) ခန့် ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ လူပေါင်း (၁၀၆) ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုနောက်ကွယ်၌ ဘိုကိုဟာရမ်အဖွဲ့ ရှိနိုင်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဘီဘီစီသတင်းက ဖော်ပြသည်။

(၆၄) ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည်။

**၁၆** အီရတ်ရှိယိုက်ဘာသာရေးခေါင်းဆောင် မော့တာဒါဆာဒါသည် အနာဂတ်အစိုးရအဖွဲ့ သို့မဟုတ် မည်သည့်ပါလီမန် ကိုယ်စားပြုသူအဖြစ်မှ ပါဝင်ပတ်သက်မည်မဟုတ်ဘဲ နိုင်ငံရေးသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ကြေညာသည်။

ဟောင်ကောင်ဆိပ်ကမ်း အဓိကရေပြင်၌ စတုရန်းကီလိုမီတာ (၂၉၇၆) ကျယ်ဝန်းမည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်စခန်း တည်ဆောက်ရေးကို ဟောင်ကောင်မြို့ပြစီမံကိန်းဘုတ်အဖွဲ့က ဒေသခံများ အပြင်းအထန် ကန့်ကွက်နေသည့်ကြားမှ အတည်ပြုပေးလိုက်ကြောင်း စီအင်န်အေနှင့် စီစီတီဗွီသတင်းများက ဖော်ပြသည်။

**၁၇** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒင်နောရ် ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဥရောပပါလီမန်အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌဟောင်း ဒေါက်တာ ဟန်ဂရက်ပိုတာရင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ တောင်ညိုရေလှောင်တမံ ရေပေးစနစ်များ ပြန်လည်ပြုပြင်မှု၊ ဇီးကုန်းမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီး မိုဒိုကွန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဂျကာတာမြို့ရှိ ကာကွယ်ရေးဦးစီးချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အီသီယိုးပီးယားနိုင်ငံသားတွဲဖက်လေယာဉ်မှူးတစ်ဦးသည် မိခင်နိုင်ငံ၏မြို့တော် အဒစ်အဘာဘားမြို့မှ အီတလီနိုင်ငံ ရောမမြို့တော်သို့ ဦးတည်ထွက်ခွာသည့် ET-702 ဂျက်လေယာဉ်ကို ပြန်ပေးဆွဲကာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာလေဆိပ်သို့ဆင်းသက်၍ ရဲတပ်ဖွဲ့ထံ အဖမ်းခံခဲ့ပြီး နိုင်ငံရေးခိုလှုံခွင့်တောင်းခံလိုခြင်းကြောင့် ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ပဲယာရီးဂရင်ဂီယင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အစ်ဘယ်ခမ်ဖြူယန်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ကင်ဆွတ်ခ်ဂိုလ်ကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ ကင်တားနားနှင့်အဖွဲ့သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးအချို့တို့နှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ ဆွေးနွေးသည်။

ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်ရှိ အစိုးရအိမ်တော် အပြင်ဘက်၌ ဆန္ဒပြသူများ သိမ်းပိုက်ထားသော ဝန်ကြီးရုံးကို ရဲတပ်ဖွဲ့က ပြန်လည်ရယူလိုက်ပြီး ဆန္ဒပြသူ (၁၀၀) ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ယူကရိန်းနိုင်ငံ၏ မြို့တော် ကီယက်ဗ်မြို့၌ သမ္မတကို ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ အဓိကရုဏ်းဖြစ်ပွားရာ ရဲအရာရှိခုနစ်ဦး အပါအဝင် အနည်းဆုံး လူ (၁၈) ဦး သေဆုံးခဲ့ရာ ယင်းအကြမ်းဖက်မှုများနှင့်ပတ်သက်၍ သမ္မတဗစ်တာယာနူကိုဗစ်ချ်က အတိုက်အခံ ခေါင်းဆောင်များကြောင့်ဖြစ်ကြောင်း ပြောဆိုသည်။

**၁၉** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် ကီရန်ကူးမားရက်ဒီသည် တယ်လန်ဂါနာပြည်နယ်သစ်ဖွဲ့စည်းရန် ပါလီမန်အတွင်း ဥပဒေကြမ်းကို ဆန့်ကျင်ကန့်ကွက်မှုအပြီး ရာထူးမှနုတ်ထွက်သည်။

**၂၀** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန် (၆၆) နှစ်မြောက် ချင်း

အမျိုးသားနေ့သို့ သဝဏ်လွှာပေးပို့သည်။




**(၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပစဉ်**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၆၆) နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်ညှိခံပွဲသို့ တက်ရောက်သည်။

စစ်ပွဲကြောင့်ကွဲကွာနေရသော တောင်ကိုရီးယားနိုင်ငံမှ သက်ကြီးရွယ်အို (၈၂) ဦး ဦးဆောင်သော မိသားစု (၅၈၉) ပါဝင်သည့်အဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံသို့ ထွက်ခွာလာခဲ့ပြီး ကူမင်းတောင်အပန်းဖြေစခန်း၌ တွေ့ဆုံခဲ့ကြသည်။

နိုင်ဂျီးရီးယားဗဟိုဘဏ်ဥက္ကဋ္ဌ လာမိဒိုဆာဒူစီသည် ရေနံမှ ရရှိသောအခွန်တော်ငွေ အမေရိကန်ဒေါ်လာဘီလီယံ (၂၀) ပျောက်ဆုံးလျက်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ဘဏ္ဍာရေးနှင့် စပ်လျဉ်း၍ အဆင်ခြင်ကင်းမဲ့စွာ မှားယွင်းပြောဆိုမှုများ ရှိသည်ဟု ဆိုကာ သမ္မတက ၎င်းအား တာဝန်မှ ရပ်စဲလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၂၁** ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာက အငြင်းပွားဖွယ် ဆန်ဝယ်ယူရေး စီမံကိန်းတစ်ရပ်နှင့် ဆက်နွှယ်သော လာဘ်ပေးသည်ဟူသည့်စွပ်စွဲချက်များနှင့်ပတ်သက်၍ မိမိအနေဖြင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်၏ စွပ်စွဲချက်အပေါ် အပြစ်ကင်းသည်ဟု အခိုင်အမာပြောဆိုနိုင်ကြောင်း ၎င်း၏ တရားဝင် ဖေ့စ်ဘုတ်ခ်စာမျက်နှာ၌ ပြောကြားသည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှူးရှိ သမ္မတနန်းတော်ကို အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုက စီးနင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့ရာ ဝန်ကြီးချုပ်၏အမြဲတမ်းအတွင်းဝန်နှင့် ထောက်လှမ်းရေးတပ်မှူးဟောင်း အပါအဝင် (၁၂) ဦးထက်မနည်း သေဆုံးခဲ့ပြီး စစ်သွေးကြွအုပ်စုမှ အသေခံဗုံးခွဲသူနှစ်ဦးအပါအဝင် ကိုးဦးသေဆုံးခဲ့ကြောင်း ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။

**၂၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ကျင်းပသည့်ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်တူးဖော်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကာ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းအထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး နိုင်ငံပေါင်း (၈၈) နိုင်ငံမှ အားကစားသမား (၂၈,၀၀၀) ပါဝင်ယှဉ်ပြိုင်သည့် ဆိုချီ ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပရာ ပြိုင်ပွဲအပြီး အိမ်ရှင်

ရုရှားနိုင်ငံက ဆုတံဆိပ် (၃၃) ခုဖြင့် ပထမနေရာ၊ နော်ဝေက ဆုတံဆိပ် (၂၆) ခုဖြင့် ဒုတိယနေရာနှင့် ကနေဒါကဆုတံဆိပ် (၂၅) ခုဖြင့် တတိယနေရာရရှိသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး မစ္စတာ အန်ပင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘိုတာမြို့အနီးစစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့၏ပူးတွဲစစ်ဆေးရေးဂိတ်၌ မော်ရိုအစ္စလာမ့်လွတ်မြောက်ရေးတပ်ဦး (အမ်အိုင်အေအက်ဖ်) မှဒေသဆိုင်ရာ တပ်မှူး ဝါဟစ်တ်ဒေါ့ကို နောက်လိုက်နောက်ပါများ လက်နက်များနှင့်အတူ ဖမ်းဆီးရမိကြောင်း ပီတီအိုင်သတင်းက ဖော်ပြသည်။



**နိုင်ငံတော်သမ္မတဦးသိန်းစိန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်**

**၂၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမျိုးဘာသာသာသနာစောင့်ရှောက်ခြင်းနှင့်ပတ်သက်သော ဥပဒေ လေးခုပြဋ္ဌာန်းပေးရေးကိစ္စကို သုံးသပ်စဉ်းစားရန် ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့သည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် လန်ဒန်မြို့အခြေစိုက် ဂျာဒင်းမက်သီဆင် ဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဆာဟင်နရီကီးဝဲခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ (၇)/(၉)၊ ပုဒ်မ (၁၀) တို့ပါ ပြဋ္ဌာန်းချက်များအရ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို အမိန့်အမှတ် (၆/၂၀၁၄) ဖြင့် ဥက္ကဋ္ဌ ဦးမြင့်ဝင်း [စစ်မှုထမ်း (အငြိမ်းစား)]၊ အတွင်းရေးမှူး ဦးတင်ဦး [သံအမတ်ကြီး (အငြိမ်းစား)] အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

အီဂျစ်ကြားဖြတ် သမ္မတ အက်ဒလီမန်ဆာသည် ဝန်ကြီးချုပ် ဟာဇင်အယ် ဘီဘလာဝီ၏ အစိုးရအဖွဲ့တစ်ဖွဲ့လုံးနုတ်ထွက်သွားပြီးနောက် အာဏာရှင်ဟောင်း မူဘာရက်၏ ပါတီအဖွဲ့ဝင်ဟောင်း အီဘရာဟင်မာလက်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကာ အစိုးရသစ်ဖွဲ့စည်းရန် တာဝန်ပေးအပ်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

**၂၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ပုဂံယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တောင်ကိုရီးယား

နိုင်ငံ ဆိုးလ်မြို့ လော့တေးဟိုတယ်၌ ကျင်းပသည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး အလား အလာများဆိုင်ရာ အပြည်ပြည် ဆိုင်ရာညီလာခံသို့ တက်ရောက်၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အနာဂတ် အလားအလာများကို ဆွေးနွေးသည်။

ပါကစ္စတန်နိုင်ငံကို ဖြတ်သန်း လျက်ရှိသော နေတိုးတပ်ဖွဲ့၏ ထောက်ပို့လမ်းကြောင်းကို ပိတ်ဆို့ ဆန္ဒပြနေကြသည့် (ပီတီအိုင်) ၏ လုပ်ဆောင်ချက်သည် တရားဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် ချက်ချင်းအဆုံး သတ်ရန် ပက်ရှ်ဝါမြို့ရှိ ပြည်နယ် တရားရုံးက အမိန့်ထုတ်လိုက်သည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲ ကျေးရွာအုပ်စုရှိ ဇဂျမ်း-ကန်မြဲ ကန် ပြန်လည်ပြုပြင်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူ များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျာမန် Fried Rich Ebert Stiftung (FES) ဖောင် ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ကာဒ်ဘက်ခ် ဦးဆောင်သောအဖွဲ့ကို နေပြည် တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

အစိုးရဆန့်ကျင်ပါးထောက်ပွဲ ရေး၊ အမတော်ကြေး စီမံကိန်းအပေါ် စွပ်စွဲထားသည့်အမှုအတွက် တရား ရင်ဆိုင်ရန် လျစ်လျူရှုခဲ့သော ထိုင်း နိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ် ထရာကို ထိုင်းနိုင်ငံလာဘ်စားမှု တိုက်ဖျက်ရေးအဖွဲ့က ဆင့်ခေါ်လိုက် ကြောင်း ဘီဘီစီသတင်းက ဖော်ပြ သည်။

မြောက်ကိုရီးယားနိုင်ငံသည် တာတိုပစ်ဒုံးကျည်လေးစင်းကို ပစ် လွှတ်လိုက်ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ တောင်ကိုရီးယားအသံ လွှင့်ဌာန ကေဘီအက်စ်က သတင်း ထုတ်ပြန်သည်။

၂၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် သဘာဝဘေးအန္တရာယ်အတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ ဗြိတိန်နိုင်ငံရုံးခွဲမှ ဂုဏ်ထူးဆောင် သံအမတ် မစ္စစ်ဂေလ်ဒါနာဗီဒီ ဝေါလ်ကာ ဦးဆောင်သော ကိုယ် စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန် သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် Oxford Business Group တို့ ပူးပေါင်း ကျင်းပသော (၂၀၁၄) ခုနှစ် မြန်မာ နိုင်ငံဆိုင်ရာ အစီရင်ခံစာ စတင် မိတ်ဆက်ခြင်း အခမ်းအနား (The Launch of the Report Myanmar 2014) သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ကို မြန်မာနိုင်ငံဆိုင်ရာ အမေ ရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်လ် နှင့်အဖွဲ့က ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ကို ဆွေးနွေးသည်။

ရုရှားရေတပ်ဖွဲ့များက ယူကရိန်းနိုင်ငံ ခရိုင်းမီးယား ဒေသရှိ ဆီဗက်စ်စတိုပိုလေဆိပ်ကို သိမ်းပိုက်ထားကြောင်း ယူကရိန်း ပြည်ထဲရေးဝန်ကြီးက စွပ်စွဲပြော ကြားခဲ့သည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။



**မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်**

## မတ်လ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ပြပွဲပြိုင်ပွဲအခမ်းအနားပြုလုပ်မည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၀၁၄) ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအခမ်းအနားသို့တက်ရောက် အားပေးပြီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မိုင်းလားအထူးဒေသ (၄) ဒုတိယ ဥက္ကဋ္ဌ ဦးဆမ်လူနှင့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ 'ဝ' အထူးဒေသ (၂) အထွေထွေအတွင်းရေးမှူး ဦးပေါက်ယူရီနှင့် ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ သီးခြားစီ တွေ့ဆုံသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ယူကရိန်းနိုင်ငံအတွင်း မည်သည့်နည်းလမ်းဖြင့် စစ်ရေးအရ ဝင်ရောက်ခဲ့သည်ဖြစ်စေ ယင်းအတွက် ဆုံးရှုံးမှုပမာဏကြီးမားမည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်ကို သတိပေးလိုက်ကြောင်း ဘီဘီစီကဖော်ပြသည်။

ထိုင်းအတိုက်အခံတို့၏ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်က ဘန်ကောက်မြို့လယ်ရှိ ၎င်းတို့၏စခန်း၌ မိမိပြောကြားခဲ့သည့် မိန့်ခွန်းနှင့်အညီ အစိုးရဆန့်ကျင်ဆန္ဒပြကြသူများက လိုက်နာဆောင်ရွက်ခဲ့ကြသည်ဟု ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၌ လူကုန်ကူးခြင်းခံရသော မွေးကင်းစကလေးရာပေါင်းများစွာကို ရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၉၀) ပြည့် အထိမ်းအမှတ်ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲအခမ်းအနားနှင့် တောင်သူလယ်သမားနေ့ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

(၁၆) ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

ယူကရိန်းနယ်စပ်၌ ရုရှားတပ်ဖွဲ့များ ဖြန့်ကြက်ရန် ဆုံးဖြတ်ပြီးနောက် ယူကရိန်းနိုင်ငံက ၎င်း၏ အရန်တပ်ဖွဲ့ဝင်များအား စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်းမ်စတက်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၄) ကြိမ်မြောက်ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ 'ဝ' အထူးဒေသ (၂) မှ ဦးကျောက်ကျိုးတန်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိုင်းလားအထူးဒေသ (၄) မှ ဦးဆမ်လူခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဦးစဝ်ခွန်ဆိုင်ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် 4th ASEAN Military Operation Informal Meeting (AMOIM) အစည်းအဝေးကို နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပပြီး 11th ASEAN Military Intelligence Informal Meeting (AMIIM) အစည်းအဝေးကို သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်၌ တာဝန်ပေးအပ်ခံရသည့် ပုဂ္ဂိုလ်များက ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး

ဌာန နေပြည်တော်က (၂၀၁၃-၂၀၁၄) ပညာသင်နှစ် အခြေခံပညာ အဆင့် ဘက်စုံပညာထူးချွန် ရွေးချယ်ခံရသူများစာရင်းကို နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

**၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

(၂၀၁၄) ခုနှစ်၊ မတ်လ (၁) ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းဘူတာရုံ၌ ဓားများကိုင်ဆောင်သည့် အကြမ်းဖက်သမားများက အပြစ်မဲ့သူအများအပြား သေဆုံးဒဏ်ရာရရှိစေသည့် တိုက်ခိုက်ခဲ့မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ပြင်းထန်စွာ ရှုတ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ၏ အလွတ်သဘောတွေ့ဆုံပွဲ 11th ASEAN Chief of Defence Forces Informal Meeting (ACDFIM) အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ခုံးကျော်တံတား စတင်ဖွင့်လှစ်သည်။

**၆** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Open Society Foundation ဥက္ကဋ္ဌ မစ္စတာ ဂျော့ဆိုးရော့စ်နှင့်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈/၂၀၁၄) ဖြင့် ရခိုင်အမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉/၂၀၁၄) ဖြင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့၏ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းများကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းကြောင်း ကြေညာသည်။

**၇** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၄) သို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရန်ကုန်မြို့ အလုံလမ်းရှိ Summit Park View ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၅) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်အားပေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်၌ အမေရိကန်ပြည်ထောင်စု နိုင်ငံ

ရေးရာ ဒုတိယဝန်ကြီး မစ္စစ်ဝန်ဒီအာရှာမန်၊ ဗြိတိန်နိုင်ငံ စစ်သံမှူးဗိုလ်မှူးကြီး အန်တိုနီစတန်းနှင့် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့တို့ကို သီးခြားစီ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁၉/ ၂၀၁၄) ဖြင့် ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်) ဥက္ကဋ္ဌအဖြစ် ပါဝင်သောအဖွဲ့ဝင် (၁၂) ဦးပါသည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို ထုတ်ပြန်ကြေညာသည်။

ယူကရိန်းပြဿနာအပေါ် ရုရှားအစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုကို အမေရိကန်ပြည်ထောင်စုကမည်သည့်နည်းလမ်းဖြင့် အရေးယူသည်ဖြစ်စေ အမေရိကန်အစိုးရကိုပင် ပြန်လည်ထိခိုက်စေမည်ဖြစ်ကြောင်း ရုရှားက အမေရိကန်ကို သတိပေးခဲ့သည်ဟု ဖောက်(စ်)နယူးသတင်းဌာနက ရေးသားသည်။

ခရိုင်းမီးယားဒေသသည် ရုရှားနိုင်ငံနှင့် ပေါင်းစည်းလိုခြင်း ရှိ၊ မရှိ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းကို မိမိတို့ကအလေးထားကြောင်း ရုရှားပါလီမန်ဥက္ကဋ္ဌ ဆာဂေးနာယာရှင်က ပြောကြားလိုက်ကြောင်း ဗီတီအိုင်သတင်းဌာနက ဖော်ပြသည်။

**၈** ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

မလေးရှားလေကြောင်းလိုင်းမှ MH-370 လေယာဉ်သည် ခရီးသည် (၂၂၇) ဦးနှင့် ဝန်ထမ်း (၁၂) ဦးကို တင်ဆောင်လျက် မြို့တော်ကွာလာလမ်ပူလေဆိပ်မှ ထွက်ခွာပြီးနောက် လေကြောင်းထိန်းသိမ်းရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ကာ ပျောက်ဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မွန်ပြည်နယ် မော်လမြိုင်ခရီးစဉ်အတွင်း မော်လမြိုင် တက္ကသိုလ်သို့ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ ကျင်းပသည်။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်း အလယ်ရွာ၌ မီးလောင်မှုဖြစ်ပွားသည်။

ပျောက်ဆုံးမလေးရှားလေယာဉ် (MH-370) သည် ၎င်း၏ ရေဒါအချက်ပြသင်္ကေတများအရ နောက်ကြောင်းကို ပြန်လှည့်ခဲ့ပုံရကြောင်း မလေးရှားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၁၀** နိုင်ငံတကာ လူ့အဖွဲ့အစည်းအနေဖြင့် အီရန်နိုင်ငံအပေါ် သူတော်ကောင်းနိုင်ငံအဖြစ် ရှုမြင်နေသည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက စွပ်စွဲပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၁၁** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့သို့ရောက်ရှိကာ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီးတို့သည် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌

ကျင်းပသည့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌက (၂၀၁၄) ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်နှင့် သန်းခေါင်စာရင်းမေးခွန်းများ ဖြည့်သွင်းခြင်းအကြောင်း သိကောင်းစရာများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုကို ရန်ကုန်မြို့အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယားက အဆိုပါဝန်ကြီးရုံးသို့ လာရောက်ကာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

လစ်ဗျားဝန်ကြီးချုပ် အလီဇိုင်တန်းက သူပုန်ထိန်းချုပ်ဆိပ်ကမ်းမှ ရေနံတင်သင်္ဘောတစ်စင်းကို ပိတ်ထားသောရေလမ်းကြောင်းမှ ဖြတ်သန်းခွင့်ပြုသည့်အတွက် ပါလီမန်အမတ်များက အယုံအကြည်မရှိ အဆိုတင်သွင်းကာ ရာထူးမှဖြုတ်ချသည်။

အသက် (၆၂) နှစ်ရှိ မစ်ခဲဘက်ချလက်သည် ချီလီသမ္မတအဖြစ် ဒုတိယအကြိမ် ကျမ်းသစ္စာကျိန်ဆိုကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် နေပြည်တော်ရှိ ဉပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် (၂၀၁၄) ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်မြို့ရှိ မီကာဆာဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဂျပန်အစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ အမေရိကန်ဒေါ်လာ (၁၁,၀၄,၆၇၂) ကို လူသားချင်းစာနာ ထောက်ထားမှုအထောက်အပံ့အဖြစ် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းရှစ်ခုအတွက် ထောက်ပံ့ပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ထုတ်ပြန်သည်။

**၁၅** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော် ဉပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည့် (၂၀၁၄) ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများကို လောင်းလှူသည်။

မလေးရှားဝန်ကြီးချုပ်က ပျောက်ဆုံးနေသည့် မလေးရှားလေကြောင်း MH-370 လေယာဉ်




**MH-370 ပျက်ကျသွားသည်ဟု ယူဆရသည့် နေရာပြမြေပုံ**

သည် လေယာဉ်ပေါ်လိုက်ပါသွားသူတစ်ဦးဦး၏ ပြန်ပေးဆွဲခြင်းခံရဖွယ်ရှိကြောင်း သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးသို့ရောက်ရှိပြီး ခရစ်ယာန်အသင်းတော်ပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

ခရိုင်းမီးယားကို ရုရှားနိုင်ငံနှင့် ပြန်လည်ပူးပေါင်းရေး (သို့မဟုတ်) ယူကရိန်းနိုင်ငံနှင့် ပူးတွဲနေထိုင်ရေးအတွက် ဆန္ဒခံယူပွဲကို ခရိုင်းမီးယားဒေသ၌ ကျင်းပသည်။

အာဖဂန်နစ္စတန်နိုင်ငံသမ္မတဟာမစ်ကာဇိုင်းက အာဖဂန်တပ်မတော်သည် အမေရိကန်ပြည်ထောင်စု၏ အကူအညီမပါရှိဘဲ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု တိုင်း(မ်)စ်သတင်းဌာနကဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့တွင် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို တင်သွင်းသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၁၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် International Institute For Democracy And Electoral Assistance (IDEA) တို့ ပူးပေါင်းဖွင့်လှစ်သော ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲသည့် နည်းပညာဆိုင်ရာ (ERM Tool) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ခရိုင်းမီးယားဒေသရှိ ယူကရိန်းရေတပ်ဌာနချုပ်ကို ရုရှားနိုင်ငံလိုလားသူများက စီးနင်းသိမ်းပိုက်ခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော သူပုန်အဖွဲ့တစ်ဖွဲ့ထံသို့ လက်နက်မှောင်ခိုတင်ပို့ရာတွင် တူရကီလေကြောင်းဌာနပိုင် လေယာဉ်တစ်စင်းကို အသုံးပြုခဲ့သည်ဆိုသော မီဒီယာသတင်းဌာနများ၏ စွပ်စွဲချက်ကို ယင်းလေကြောင်းဌာနက ငြင်းဆိုသည်။

**၂၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အခြေစိုက် ဥရောပသမဂ္ဂ ကိုယ်စားလှယ်ရုံးစီးပွားရေးနှင့် ကုန်သွယ်ရေးဌာန၊ ဥရောပသမဂ္ဂမှ Commissioner မစ္စတာ ကားလ်ဒီဂတ်ချ် ဦးဆောင်သောအဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ယူကရိန်းနိုင်ငံ၏ ပိုင်နက်နယ်မြေတစ်ခုဖြစ်သည့် ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံက ကျူးကျော်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားအရာရှိများအပေါ် ပိတ်ဆို့မှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာသည်။

**၂၁** အာဆီယံ အရပ်ဘက် လူမှုအဖွဲ့အစည်း/အာဆီယံပြည်သူ့ဖိုရမ်ညီလာခံ (၂၀၁၄) ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်တို့က သဝဏ်လွှာများပေးပို့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် အခမ်းအနားဖြစ်မြောက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ

မေမေပြုံးတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတဦးညွန့်ထွန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၂ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ) ၌ နိုင်ငံတော်ပိုင် ရေပြင်နယ်နိမိတ်ပင်လယ်ပြင်အတွင်း ရေထု၊ လေထုတို့ကို လုံခြုံစွာကာကွယ်ရေးနှင့် ကာကွယ်ရေးအစွမ်းထက်မြက်လာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ) က ပြုလုပ်သည့် စစ်နည်းဗျူဟာအဆင့် စစ်ရေယာဉ်များ ပူးပေါင်းလေ့ကျင့်ခန်း (Combined Fleet Exercise Sea Shield 2014) ကို ကြည့်ရှုစစ်ဆေးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်သည် ဥရောပသို့ ပထမဆုံးခရီးစဉ်အဖြစ် ထွက်ခွာသွားကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၂၃ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီး (ရန်ကင်း)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ခုတင် (၅၀၀)



**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်တို့ကို နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ် မောင်မယ်များက ဂုဏ်ပြုကြိုဆိုစဉ်**

ဆံ့အထူးကုဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့၌ ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားသည်။

၂၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိုကီရှီဒါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာကို သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

၂၆ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် အစိုးရသစ်တာဝန် ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံသို့ မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ မေးခွန်းများကို ဖြေကြားသည်။

ခရိုင်းမီးယားကို ရုရှားနိုင်ငံပိုင်ဆိုင်မှုအတွင်းသို့ သွတ်သွင်းစေခဲ့သော လူထုဆန္ဒခံယူပွဲသည် တရားမဝင်ဟု ဖော်ပြကြောင်း ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ

အထွေထွေညီလာခံက အတည်ပြုပေးလိုက်သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက် အိုဘားမား၊ တောင်ကိုရီးယား သမ္မတ ပတ်ဂွမ်ဟေးနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် နယ်သာလန်နိုင်ငံ၌ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုအပြီး နာရီ အနည်းငယ်မျှအကြာတွင် မြောက်ကိုရီးယားက တာလတ်အဆင့်ရှိ ပဲ့ထိန်းဒုံးကျည်နှစ်ခုစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၂၇** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် နေပြည်တော်စစ်ရေးပြကွင်း၌ကျင်းပသည့် (၆၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

ထိုင်းနိုင်ငံအဂတိ လိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ရုံးအတွင်းသို့ လက်ပစ်ဗုံးများ ပစ်သွင်းခြင်းခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၈** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ မစ္စတာအက်ဒ်ဝက်ဒ်ပေါလ်လာဇီးယားဦးဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် (၆၉) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ စစ်ကြောင်းများ၏ အလေးပြုခြင်းခံယူစဉ်**

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၂၄/ ၂၀၁၄) ဖြင့် ရခိုင်ပြည်နယ်စစ်တွေမြို့၌ (၂၆-၃-၂၀၁၄) နှင့် (၂၇-၃-၂၀၁၄) များတွင် Malteser International အဖွဲ့ငှားရမ်းထားသည့် နေအိမ်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သည့် နေအိမ်များရှိ ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်များကို ဖျက်ဆီးပြီး ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ဗိုလ်ချုပ်မောင်မောင်အုန်း ဥက္ကဋ္ဌအဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းကြောင်း သတင်းထုတ်ပြန်သည်။

**၂၉** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကော်မတီနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို စစ်တွေမြို့ စစ်တွေဟိုတယ်၌ကျင်းပရာ ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ၏ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ဒိန်းမတ်နိုင်ငံသား အန်ဒါစ်ဖောချ်ရာမူဆင်၏ နေရာတွင် နော်ဝေဝန်ကြီးချုပ်ဟောင်း ဂျင်း(စ်) တိုးလ်တင်းဘာဂ်ျကို ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပသည့် (၅) ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နှုတ်ခွန်းဆက် သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ကာ ဧပြီ (၁၀) ရက်အထိ (၁၂)ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် မတ်လ (၂၉) ရက် ညသန်းခေါင်ယံကို သတ်မှတ်ထားကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

## ဧပြီလ

**၁** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီးနှင့် ခုတင် (၃၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ကျင်းပသည့် (၁၁) ကြိမ်မြောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒေသတွင်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။



**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကု ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်**

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၄) ဖြင့် (၂၀၁၂) ခုနှစ် လူမှုဖူလုံရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်းကို ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄) ဖြင့် မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြည်ထဲရေးဝန်ကြီး မန်နျူရယ်ဗဲလ်စ်ကို ပြင်သစ်ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် နန်စီပိုဝဲလ်သည် တာဝန်မှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်းနှင့် မေလကုန်တွင် တာဝန်မှရပ်နားတော့မည်ဖြစ်ကြောင်း နယူးဒေလီရှိ သံရုံးဌာနက ပြောကြားသည်။

**၂** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာဂျိုဟန်စ်ဘိုရ်ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

(၁၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံများနှင့်

ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

(၁၆) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချီလီနိုင်ငံမြောက်ပိုင်း ကမ်းလွန်၌ အင်အားရစ်ချ်တာစကေး (၈ ဒသမ ၂) ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ရာ ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ပြီး အနည်းဆုံးငါးဦးသေဆုံးသွားကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၃** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ထိုင်းနိုင်ငံအခြေစိုက် စီးတီးဘဏ်၏ ဒေသတာဝန်ခံအရာရှိ မစ္စတာ ဒါရန်ဘက်ခလေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**၄** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ မစ္စတာ တာကီဟီကိုနာကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၇) သူရတပ်ခွဲ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ပေကျင်းမြို့ စက်မှုလက်မှုဌာနတစ်ခုသို့ လှည့်လည်ကြည့်ရှုစဉ်

**၅** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကျောက်ဆည်မြို့ ဧည့်ရိပ်သာခန်းမ၌ ကျောက်ဆည်မြို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂) ပန်ဆမ်းမြို့သို့ ရောက်ရှိ၍ 'ဝ' သွေးစည်းညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြီးရှောက်ချမ်းနှင့်တွေ့ဆုံကာ 'ဝ' ဒေသအတွင်း သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေများကို ဆွေးနွေးသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုအဖွဲ့ (NCCT) တို့သည် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာ၌ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

တာလီဘန်အစိုးရဖြုတ်ချပြီးနောက် ပထမဆုံးအကြိမ်အဖြစ် အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဒီမိုကရေစီစနစ်နှင့်အညီ စတင်ကျင်းပသည်။

**၆** ဒုတိယသမ္မတဦးညဏ်ထွန်းသည် တရုတ်နိုင်ငံ ပေကျင်းမြို့၌

ကျင်းပမည့် အာဆီယံ-တရုတ် ယဉ်ကျေးမှု ဖလှယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ပေကျင်းမြို့သို့ ရောက်ရှိသည်။

**၇** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုအဖွဲ့ (NCCT) တို့၏ ဆွေးနွေးပွဲတတိယနေ့ကို ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး စင်တာ၌ ဆက်လက်ကျင်းပသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချက်ဟေဂဲလ်သည် တရုတ်နိုင်ငံ၏ ပထမဆုံးသော လေယာဉ်တင်သင်္ဘောကြီး လျောင်နင်းပေါ်သို့ သွားရောက်ခြင်းဖြင့် ၎င်း၏ သုံးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်ကို စတင် လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်းတက်ခ်မြို့၌ ရုရှားလိုလားသော ဆန္ဒပြသူများက ဒေသဆိုင်ရာ အစိုးရအဖွဲ့ အုပ်ချုပ်ရေးရုံး အဆောက်အအုံကို သိမ်းပိုက်ခဲ့ကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ရွေးကောက်ပွဲများ၌ မဲပေးသူပိုမိုများပြားခဲ့ပြီး တာလီဘန်အဖွဲ့က ကြီးကျယ်သောတိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

**၈** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွန်ချောင်ကို ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိရာ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**၉** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၀** ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် တရားရုံးသို့ရောက်ရှိပြီး တရားရုံးရှိ အချုပ်ခန်းနှင့် ရုံးဝင်းကို ကြည့်ရှုစစ်ဆေးသည်။

**၁၁** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မကွေးမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိပြီး ပုဂံမြို့ဟောင်း တပ်မတော်ဧည့်ဂေဟာ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အရေးကြီးပုဂ္ဂိုလ်များ အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံသည်။

နိုင်ငံတော်သစ္စာဖောက်ရာတွင် ပူးပေါင်းကြံစည်မှုဖြင့် ကမ္ဘောဒီးယားအမျိုးသား (၁၃) ဦးကို ဖနွမ်းပင်တရားရုံးက ထောင်ဒဏ်ငါးနှစ်မှ ကိုးနှစ်အထိ ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြသည်။

**၁၂** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး မကွေးမြို့ အခြေခံပြည်သူ့ကျန်းမာရေးတက္ကသိုလ်သို့

ရောက်ရှိပြီး ပါမောက္ခ/ဌာနမှူး များနှင့် ဝန်ထမ်းများကို တွေ့ဆုံကာ အမှာစကားပြောကြားသည်။

(၁၁) ကြိမ်မြောက် ရခိုင်ရိုးရာ နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ အကြိုနံ့သာသွေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပသည်။

တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးက စီးပွားရေး ဖလှယ်ခြင်းနှင့် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီပေးရေးတို့မှ တစ်ဆင့် ပြန်လည်ပေါင်းစည်းရေး အဆိုပြုတင်ပြလာခြင်းကို မြောက် ကိုရီးယားအစိုးရက ပြင်းပြင်း ထန်ထန်ဝေဖန်ပြောဆိုလိုက်သည်ဟု ပရက်စ်တီဗွီသတင်းက ဖော်ပြသည်။

(၁၉၇၉) ခုနှစ်က အမေရိကန် သံရုံး ဝင်ရောက်စီးနင်းသိမ်းပိုက်မှု တွင် ပါဝင်ခဲ့သူကို အီရန်အစိုးရက ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး အဖြစ် ရွေးချယ်ထားရာ ၎င်းအား ဗီဇာထုတ်ပေးရန် အိမ်ဖြူတော်က ငြင်းဆိုလိုက်သည်ဟု ဘီဘီစီ သတင်းကဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတဦးသိန်းစိန် သည် နှစ်သစ်ကူး နှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားသည်။

**၁၄** ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် မွန်ဂို လီးယားနိုင်ငံလွှတ်တော် (State Great Hural) ရှိ State Palace, Baganat ခန်းမ၌ မွန်ဂိုလီးယားနိုင်ငံ လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ အင်ချ်ဘိုးလ်နှင့် တွေ့ဆုံသည်။

**၁၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နိုင်ငံတော်သမ္မတ အိမ်တော်၌ ကျင်းပသည့် (၁၃၇၅) ခုနှစ် သမ္မတ အိမ်တော် မိသားစုမြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မဟာသင်္ကြန်အကြတ်နေ့ကို ပါဝင် ဆင်နွှဲသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် မွန်ဂိုလီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**၁၆** ဖိလစ်ပိုင်နိုင်ငံ၌ အကြီးဆုံး သူပုန်အုပ်စုနှင့် အစိုးရတပ်ဖွဲ့ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့လင့် ကစား ငြိမ်းချမ်းရေးသဘော တူညီ ချက်တည်တံ့ခိုင်မြဲမည်ဟု ယုံကြည် ကြောင်း သမ္မတဘီနစ်နိုအကွီနို၏ ငြိမ်းချမ်းရေးအကြံပေးပုဂ္ဂိုလ် တာရီ ဆီတာဒီလက်စ်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ပင်လယ် ကမ်းရိုးတန်းကမ်းလွန်၌ ခရီးသည် (၄၇၀) ကျော်လိုက်ပါလာသော ကူးတို့ သင်္ဘောတစ်စင်း နစ်မြုပ်သွားပြီး နောက် ကယ်ဆယ်ရေးလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြ သည်။

ကုလသမဂ္ဂဆိုင်ရာ အီရန် နိုင်ငံသံအမတ်သစ်အဖြစ် ရွေးချယ်



**တောင်ကိုရီးယား ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်**

ခံထားရသူကို ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် အမေရိကန်အစိုးရက ငြင်းဆန်ခဲ့ခြင်းနှင့်ပတ်သက်၍ အီရန်နိုင်ငံက တရားဝင်ကန့်ကွက်လိုက်ကြောင်း နိုင်ငံတကာသတင်းဌာနများက ဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ မင်္ဂလာဗျူဟာ သာသနဒ္ဓဇမာန်တော်ကြီး၌ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာ၏ ဥပသမ္ပဒမင်္ဂလာ ဘိသေကအခမ်းအနားနှင့် သာမဏေရပဗ္ဗဇ္ဇ အဘိသေက မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အီရတ်နိုင်ငံ၌ နာမည်ဆိုးဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော အဘူဂါရိတ်အကျဉ်းထောင်ကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၏ဝန်ကြီးချုပ်သည် ဩစတြေးလျ ဒေါ်လာ သုံးထောင် (အမေရိကန် ဒေါ်လာ ၂၈၀၀) တန်ဖိုးရှိ ဝိုင်အရက်ပုလင်းတစ်လုံးကို လက်ဆောင်အဖြစ် လက်ခံရရှိခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာရန် ပျက်ကွက်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၈** ဖေဖော်ဝါရီလအတွင်းက မာလီနိုင်ငံမြောက်ပိုင်း၌ ပြန်ပေးဆွဲခံရသည့် ထောက်ပံ့ရေး လုပ်သားငါးဦးကို ပြင်သစ်တပ်ဖွဲ့များက ပြန်လည်ကယ်တင်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

တောင်ဆူဒန်သမ္မတနိုင်ငံ၌ ကုလသမဂ္ဂက ဖွင့်လှစ်ထားသော ခိုလှုံရေးစခန်းတစ်ခုကို လက်နက်ကိုင်အရပ်သားတစ်စုက အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၉** တပ်မတော်စစ်ကြောင်းများနှင့် KIA တပ်ဖွဲ့ ထိတွေ့မှုများနှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများက မန်စီမြို့နယ် ပန်ခမ်းဒေသနှင့် မိုးမောက်မြို့နယ်၊ ဗန်းမော်-စိန်လုံ-လွယ်ဂျယ် ဆက်သွယ်ရေးလမ်းကြောင်းကို ရှင်းလင်းကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသည်။

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ (၈၀) ခန့်ကို အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် နယ်စပ်ဒေသ၌ ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းထောက်လုပ်ငန်းများကို မြှင့်တင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများကို ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က အကူအညီပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံထုတ် ယိုမီယူရှီရှင်ဘွန်းသတင်းစာက ဖော်ပြသည်။

**၂၀** မော်ရိုအစ္စလာမ့်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) အဖွဲ့မှ ပြန်ပေးဆွဲ ဓားစာခံများအဖြစ် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် ဖိလစ်ပိုင်အစိုးရ၏ ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင်က တိုက်တွန်းပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၌ ရုပ်သံအစီအစဉ် တင်ဆက်သူ သတင်းသမားတစ်ဦး သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်ခံရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

**၂၁** ယမန်နှစ်က ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ငြိမ်သက်စွာ ဂါရဝပြုပြီးနောက် ဘော်စတွန် မာရသွန်အပြေးပြိုင်ပွဲကို စတင်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ သမ္မတရွေးကောက်ပွဲ၏ ဒုတိယအကျော့မဲပေးပွဲ၌ ဒေါက်တာ အဗ္ဗဒူလာ အဗ္ဗဒူလာက ရှေ့ဆုံးမှဦးဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းများက ဖော်ပြသည်။

တရုတ် (တိုင်ပေ) ၌ တည်ဆောက်မှုလုပ်ငန်း ပြီးစီးလုနီးအခြေအနေတွင်ရှိနေသော နျူကလီး

ယားခာတ်အားပေးစက်ရုံကို ဖျက်သိမ်းပေးရန် အဓိက အတိုက်အခံပါတီ၏ တောင်းဆိုချက်ကို ဝန်ကြီးချုပ် ကျန်ယီဟွာက ပယ်ချလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၂ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ လွှတ်တော်ရုံးခွဲ အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေများနှင့် ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သော ဥပဒေများဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာကို အာဏာအလွဲသုံးမှုဆိုင်ရာ စွဲချက်များဖြင့် ရုံးတင်စစ်ဆေးသည့်အခါ ၎င်းအနေဖြင့် ခုခံကာကွယ်ပိုင်ခွင့်အရ အချိန်ပိုမိုပေးရန် သင့်၊ မသင့် တရားသူကြီးများက ယခုရက်သတ္တပတ်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာက သတင်းထုတ်ပြန်သည်။

၂၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေး၌ ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

တရုတ်နိုင်ငံနှင့် ပိုင်နက်နယ်မြေ အငြင်းပွားမှုတွင် အကျုံးဝင်သော ကျွန်းများအရေးနှင့်ပတ်သက်၍ ဂျပန်နိုင်ငံဘက်မှ ရပ်တည်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။

၂၄ ယူကရိန်းတပ်များက အရှေ့ပိုင်းရှိ ခွဲထွက်ရေးသမားများ၏ ခံတပ်ကို ပိတ်ဆို့ထားပြီး ရုရှားလိုလားသူ သူပုန်ငါးဦးကို ပစ်သတ်လိုက်ကြောင်း၊ ယင်းကို တုံ့ပြန်သည့်အနေဖြင့် ရုရှားက အဆိုပါနယ်စပ်အနီး စစ်ရေးလေ့ကျင့်မှု စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၅ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့ သုဝဏ္ဏခန်းမ၌ မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၃၃/ ၂၀၁၄) ဖြင့် ဘက်စုံပို့ဆောင်ရေး ဥပဒေအာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်းနှင့် အမိန့်အမှတ် (၈/ ၂၀၁၄) ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် သတ်မှတ်ခြင်းတို့ကို ထုတ်ပြန်ကြေညာသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ယူကရိန်းအရှေ့ပိုင်းဒေသအရေးနှင့်ပတ်သက်ပြီး ရုရှားတို့သည် စိတ်အနှောင့်အယှက်ပေးမှုများ၊ လိမ်လည်လှည့်ဖြားမှုများနှင့် အာဏာယိမ်းယိုင်စေမှုများ ပြုလုပ်လျက်ရှိကြောင်း စွပ်စွဲပြောကြားလိုက်သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၆ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးဒေသ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ရှစ်ဖွဲ့မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ငွေကြေးအလွဲသုံးမှုဖြင့် စွဲချက်တင်ခံထားရသူ ရုရှားသန်းကြွယ်သူဌေး ဆာဂေးပိုလန်စကီးကို ရုရှားနိုင်ငံသို့ ပြန်လည်လွှဲအပ်ခြင်းမပြုနိုင်ဟု ကမ္ဘောဒီးယားတရားရုံးချုပ်က စီရင်ချက်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံ၌ (MERS) ခေါ် အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်ရောဂါကြောင့် လူပေါင်း (၈၇) ဦးအထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဥရောပတိုက်အလယ်ပိုင်းမှ ဓာတ်ငွေ့ကို စလိုဗက်ကီးယားနိုင်ငံမှတစ်ဆင့် ယူကရိန်းနိုင်ငံသို့ ထောက်ပံ့ပေးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ယူကရိန်းအရေးအခင်း အရှိန်မြင့်တက်လာစဉ် မိတ်ဆွေနေတိုးနိုင်ငံများ လုံခြုံမှုစိတ်အေးစေရေးအတွက် အင်အား (၆၀၀) ပါရှိသော အမေရိကန်တပ်ဖွဲ့ကို ယင်းဒေသသို့ စေလွှတ်ရေး အစီအစဉ်အရ လစ်သူယေးနီးယားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ဆိုက်ရောက်သည်။

**၂၇** တောင်အာဖရိကနိုင်ငံ၌ လူမျိုးနှင့်အသားအရောင်ခွဲခြားမှု ခေတ်လွန်ကာလ ဒီမိုကရေစီစနစ်ကျင့်သုံးမှု နှစ် (၂၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

မလေးရှားနိုင်ငံရောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများသည် မြန်မာနိုင်ငံကို အလွန်ဆိုးရွားသည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိသွားစေနိုင်သည်ဟု သတိပေးခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

မက်ဆီဒိုးနီးယားနိုင်ငံ၏ လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီဖြစ်သော VNRODPNNE သည် ဥပဒေပြုအမတ်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲနှစ်ရပ်စလုံး၌ အနိုင်ရရှိခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

**၂၈** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာ ချိုးဟေနှင့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၄) သို့ တက်ရောက် အမှာစကားပြောကြားသည်။

ဘက်စုံပညာထူးချွန်လူငယ်များ ဂုဏ်ပြုကြိုဆိုပွဲနှင့် ဘက်စုံပညာထူးချွန်လူငယ် (အင်းလေးအပန်းဖြေစခန်း) ဖွင့်ပွဲအခမ်းအနားကို ညောင်ရွှေမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အာရှတိုက် လေးနိုင်ငံသို့ ခရီးလှည့်လည်နေသည့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိပြီး နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဘီဘီစီ သတင်းက ဖော်ပြသည်။

**၂၉** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရခိုင်ပြည်နယ် ဂွမြို့သို့ရောက်ရှိပြီး ကျိန္တလီမြို့နယ်ခွဲ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**၃၀** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၄) သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ရှင်ဆုကုအိုကူနိုခေါင်းဆောင်သည့်အဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအန်တိုလှိုင်အန်တိုနော့ဗ်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပါကစ္စတန်နိုင်ငံသည် သတင်းထောက်များ လုံခြုံရေးအတွက် အားနည်းချက်များရှိနေကြောင်း နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အုပ်စုက ဆိုသည်။

အီရတ်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ပါလီမန်ရွေးကောက်ပွဲ ကျင်းပသည်။

# ၂၀၁၄ ခုနှစ် ဖြစ်ရပ်များ

## မေလ

**၁** ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ကျင်းပသည့် ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) သို့ တက်ရောက်အမှာစကားပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နံပါတ် (၂) ခေါင်းဆောင်ဟု သတ်မှတ်ခံရသူ ချိုယောင်ဟေးကို စစ်တပ်နိုင်ငံရေးအကြီးအကဲရာထူးမှ ဖယ်ရှားလိုက်ကြောင်း မြောက်ကိုရီးယားမီဒီယာများကို အခြေပြု၍ စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

**၂** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄) သို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆီးရီးယားသမ္မတ ရွေးကောက်ပွဲသို့ လက်ရှိသမ္မတ အာဆတ်အပါအဝင် ယှဉ်ပြိုင်မည့်သူ (၂၄) ဦးရှိကြောင်း ဆီးရီးယားပါလီမန်က ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

**၃** နိုင်ငံတော် သမ္မတဦးသိန်းစိန်နှင့်ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာကို ဆရာတော်ကြီးရှစ်ပါးအား ဆက်ကပ်ခြင်း အခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများကို ချီးမြှင့်သည်။

ယူနက်စကိုက ကြီးမှူးကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အခမ်းအနားကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ကျင်းပသည်။

ပုံးခွဲတိုက်ခိုက်မှုများ၊ အဓိကရုဏ်းများကြောင့် လူတစ်ဒါဇင် ကျော်သေဆုံးခဲ့ပြီးနောက်ပိုင်း အီဂျစ်သမ္မတရွေးကောက်ပွဲအတွက် တရားဝင် မဲဆွယ်စည်းရုံးမှုများကို စတင်လိုက်ကြောင်း ပရက်စ်တီဗွီ သတင်းဌာနက ဖော်ပြသည်။

ဇူလိုင်လတွင်ကျင်းပမည့် ထိုင်းနိုင်ငံရွေးကောက်ပွဲကို ရက်ရွှေ့ပေးရန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း အဘီဆစ်က ပြောကြားကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

**၄** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည့် ဘက်စုံပညာထူးချွန်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ၏ ပထမအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ရန်ကုန်မြို့ရှိ Orchid ဟိုတယ်၌ ကျင်းပသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ကို ဗာဂျီးနီးယားဆီးနိတ်အမတ် တင်ကိုင်းက (၂၀၁၆) ခုနှစ် အမေရိကန်သမ္မတရာထူးအတွက် ရွေးကောက်ပွဲဝင်ရန် တိုက်တွန်းကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၅** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ရှမ်းပြည်နယ်လားရှိုးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ကျင်းပသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ ဘက်စုံထူးချွန်ကင်းထောက်မောင်မယ်များအား နှုတ်ဆက်စဉ်**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် နေပြည်တော်ရှိ စုဝေးခန်းမ၌ကျင်းပသည့် (၆၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဆုများကိုချီးမြှင့်သည်။

ဖိလစ်ပိုင်နှင့် တရုတ် ဆက်ဆံရေးတင်းမာမှုများ ပေါ်ပေါက်နေစဉ် စစ်သည်အင်အား (၅၅၀၀) နီးပါးပါဝင်သော အမေရိကန်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုတစ်ရပ် စတင်ပြုလုပ်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် ပြင်းအားခြောက်အဆင့်ရှိ အင်အားပြင်းလျှင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများတုန်ခါခဲ့ပြီး လူ (၁၇) ဦး ဒဏ်ရာရရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားအစိုးရ ပြိုကွဲခဲ့ပါက နောက်ဆက်တွဲဖြစ်စဉ်ကို ရင်ဆိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အရေးပေါ်စီမံချက်တစ်ရပ် ရေးဆွဲထားပြီးဖြစ်ကြောင်း ကျိုတိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘိုနိုပြည်နယ်ကျေးရွာတစ်ရွာမှ ပြန်ပေးဆွဲခံထားရသော အလယ်တန်းကျောင်းသူ (၂၀၀) ကျော်ကို ဈေးကွက်တင်ရောင်းချမည်ဟူ၍ နိုင်ဂျီးရီးယားအခြေစိုက် ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုက ခြိမ်းခြောက်ထားကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

**၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည်နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်ရှိ အစုအဖွဲ့များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်က ကြေညာချက်အမှတ် (၅/၂၀၁၄) ဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို (၂၀၁၄) ခုနှစ်၊ မေလ (၂၈) ရက်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်းထုတ်ပြန်ကြေညာသည်။

ပြည်သူ့လွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၄) ဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို (၂၀၁၄) ခုနှစ်၊ မေလ (၂၈) ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့်အဖွဲ့သည် (KNU) ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဖဒိုနော်စီဖိုးရာစိန်နှင့် အဖွဲ့တို့ကိုလည်း

ကောင်း၊ (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့နှင့်လည်းကောင်း ရန်ကုန်မြို့ရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

(၂၉) ကြိမ်မြောက် အာဆီယံ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ပြည်တွင်းစစ် အဆုံးသတ်ရေးဆွေးနွေးတိုက်တွန်းမှုများ ပြုလုပ်ရန် တောင်ဆူဒန်နိုင်ငံသို့ ရောက်ရှိသည်။

**၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးမစ္စတိုရစ်ဘူရီနှင့်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ သွားနှင့်ခံတွင်း ရောဂါဝေဒနာရှင်များကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရှမ်းပြည်နယ် ပင်လောင်းမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၄) ဖြင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို (၂၀၁၄) ခုနှစ်၊ မေလ (၂၈) ရက်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ထုတ်ပြန်ကြေညာသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် (၂၀၁၄) ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် အမေရိကန်နိုင်ငံတွင် ကျင်းပသည့် PGM အစည်းအဝေးသို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

ကရင်အမျိုးသားအစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဖဒိုနော်ဇီဖိုးရာစိန်နှင့် အဖွဲ့နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်တို့သည် ရန်ကုန်မြို့ (၈၈) မျိုးဆက်ရုံးခန်း၌ တွေ့ဆုံပြီး ကရင်ပြည်နယ် ငြိမ်းချမ်းရေး၊ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းသည်။

ထိုင်းတရားရုံးက ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာကို အာဏာအလွဲသုံးစားမှုဖြင့် ရာထူးမှနုတ်ထွက်ရန် အမိန့်ချသည်။

**၈** သတ္တမအကြိမ်မြောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီအစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာဝိဇယဓမ္မသဘင်၌ ကျင်းပသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်စီးဝေါလ်ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကိုသမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်စီးဝေါလ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မကွေးမြို့၌ မေလ (၇) ရက် နံနက်ပိုင်းက ခွင့်ပြုချက်မရဘဲ စီတန်းလှည့်လည်ဆန္ဒပြမှုတွင် နိုင်ငံခြားသားတစ်ဦး ပါဝင်ခဲ့သည်ကို တာဝန်ရှိသူများက စိစစ်တွေ့ရှိသဖြင့် ဗီဇာဖောက်ဖျက်မှုဖြင့်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအက်ဥပဒေအရ အရေးယူကာ ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားကျောက်စာများကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရောက်မှု အထိမ်းအမှတ် UNESCO Memory of The World Logo ကမ္ပည်းကျောက်စာစိုက်ထူခြင်းအခမ်းအနားကို အောင်မြေသာဇံမြို့နယ်အတွင်းရှိ ကုသိုလ်တော်ဘုရား မုခ်ဦးရှေ့၌ကျင်းပသည်။

**၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးမစ္စရီနာတာလော့ဒေဆာလီယင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးခင်ရီ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒေါက်တာသန်းအောင်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဥရောပသမဂ္ဂ သံအမတ်ကြီးတို့နှင့်အတူ ဘူးသီးတောင်ဒေသရှိနှစ်ဖက်အဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ်များနှင့် ဘူးသီးတောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာကို ဖွဲ့စည်းပုံဆိုင်ရာခုံရုံးက ရာထူးမှဖယ်ရှားလိုက်ပြီး နှစ်ရက်အကြာ မြို့တော်ဘန်ကောက်၌ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများပေါ်ပေါက်သည်။

**၁၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနရှိ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ Royal ACE ဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွဲနှင့် ASEAN-AIPA မျက်နှာစုံညီအစည်းအဝေးအတွက် AIPA အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံစတူဒီယို (အေ)၌ ကျင်းပသည်။

**၁၁** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဆိုင်ရာ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်သည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာစံပြဇေက (၁၀၀) စိုက်ခင်းစခန်း၌ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်သည့် မြေယာများကို မူလပိုင်ရှင်များထံ ယာယီပြန်လည်လွှဲပြောင်း ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

**၁၂** ဒက္ခိဏသီရိမြို့နယ် ပလွေးအမြန်လမ်း ရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၁၉၇/၆) အနီး ဝက်လက်မီးရထား

ခုံးကျော်တံတား၌ နေပြည်တော်မှ ရန်ကုန်သို့မောင်းနှင်လာသော ရာဇာမင်းမှန်လုံယာဉ်အဝေးပြေးကား တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသား (၁၀) ဦး၊ အမျိုးသမီးလေးဦး သေဆုံးပြီး အမျိုးသား (၁၇) ဦး၊ အမျိုးသမီး (၁၂) ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

တောင်ဆူဒန်သမ္မတနှင့် သူပုန်ခေါင်းဆောင်တို့သည် ငါးလနီးပါးကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်ကို အဆုံးသတ်ရန် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

**၁၃** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ပြင်ဆင်လုပ်ဆောင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တွေ့ဆုံဆွေးနွေးပြီး အချက်ငါးချက်ပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။

နော်ဝေနိုင်ငံ ဗိုလ်ချုပ်ခရစ္စတင်းလူအန်သည် ဆိုက်ပရပ်စ်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို ဦးဆောင်ရန် ခန့်အပ်တာဝန်ပေးခံရပြီး ၎င်းသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၏ ပထမဆုံးသော အမျိုးသမီးတပ်မှူးတစ်ဦးဖြစ်လာကြောင်း နိုင်ငံတကာသတင်းက သတင်းထုတ်ပြန်သည်။

လာဘ်ယူမှုကျူးလွန်ခဲ့သော အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုလ်မတ်ကို ထောင်ဒဏ်ခြောက်နှစ်ကျခံစေရန်နှင့် ဒဏ်ကြေးငွေ ရှီကယ်လ်တစ်သန်း (အမေရိကန်ဒေါ်လာ ၂၈၉၀၀၀) ပေးဆောင်စေရန် အစ္စရေးနိုင်ငံ တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ပြန်ပေးဆွဲထားသော မိန်းကလေး (၂၀၀) ခန့်ကို ရှာဖွေရန် အမေရိကန်ပြည်ထောင်စုက လူလိုက်ပါသော လေယာဉ်များဖြင့် ရှာဖွေသည့် အထူးလုပ်ငန်းတစ်ရပ်ကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ဆီးရီးယားငြိမ်းချမ်းရေးအတွက် အဓိပ္ပာယ်ရှိသည့် ဆွေးနွေးပွဲစတင်နိုင်စွမ်းမရှိသည်ကို အကြောင်းပြု၍ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေး သံတမန် ဘရာဟီလီက ကုလသမဂ္ဂ အထူးသံတမန်ရာထူးမှ နုတ်ထွက်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ပြင်သစ်ခေတ်ပုံသတင်းထောက် ကာမီလ်လီပက်ဘီသည် ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ် သတ်ဖြတ်ခံခဲ့ရကြောင်း ပါရီမြို့ရှိ သမ္မတရုံး အရာရှိများက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၄** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် တည်ဆဲဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်စပ်လျဉ်း၍ ဥပဒေများ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၉၇/၆) ဝက်လက်တံတားအောက်သို့ ကျရောက်တိမ်းမှောက်သွားသော ရာဇာမင်းမှန်လုံယာဉ်ပေါ်ပါ သေဆုံးသွားသော ခရီးသည် (၁၄) ဦးအတွက် အဝေးပြေးလမ်းမကြီးများ အထူးခရီးသွားအာမခံလျော်ကြေးပေးအပ်ပွဲသို့ တက်ရောက်၍ တစ်ဦးလျှင် သိန်း (၆၀) ပေးအပ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည်။

ပထမအကြိမ် ရခိုင်တိုင်းရင်းသားများ၏ အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ကျင်းပသည်။

တူရကီနိုင်ငံ အနောက်ပိုင်းတွင် ကျောက်မီးသွေးတွင်းတစ်တွင်း မီးလောင်ပေါက်ကွဲခဲ့ပြီးနောက် ပိတ်မိနေသည့် တွင်းလုပ်သားများ၏အသက်ကို ကယ်တင်နိုင်ရန် လုပ်သားများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါပေါက်ကွဲမှုကြောင့် သေဆုံးသူ (၂၀၁) ဦးအထိမြင့်တက်လာရာ တူရကီနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးပေါက်ကွဲမှုဖြစ်ကြောင်း အာဏာပိုင်များက ပြောဆိုကြောင်း အေပီသတင်းက ဖော်ပြသည်။

ဗီယက်နမ်တွင် တရုတ်ဆန့်ကျင်ရေးဆန္ဒပြသူများက တရုတ်စက်ရုံတစ်ဒါဇင်ကျော်ကို မီးရှို့ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံပိုင် မီဒီယာက ကြေညာခဲ့ပြီး အငြင်းပွားတောင်တရုတ်ရေပိုင်နက်တွင် တရုတ်ရေနံတူးစင်ထားရှိမှုကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

**၁၅** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး မစ္စတာသယ်ရီမက်သိုးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသော မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် Mid-Summer Night Music Concert ဖျော်ဖြေရေးအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ စကိုင်းစတားဟိုတယ်၌ ကျင်းပသည်။

ထိုင်းနိုင်ငံ မြို့တော် ဘန်ကောက်ရှိ အစိုးရဆန့်ကျင်ရေးသပိတ်စခန်း တိုက်ခိုက်မှုတွင် သုံးဦးသေဆုံးပြီး နှစ်ဆယ်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ကြည်ညိုဖူးမြော်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) ၏ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မင်ယန်ယွန်ကျိဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နယူးဇီလန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ရန်ကုန်မြို့မှ ထွက်ခွာသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ဗုံးပေါက်ကွဲမှုဟု ယူဆရသော ပေါက်ကွဲမှုနှစ်ခု တစ်ချိန်တည်းဖြစ်ပွားသဖြင့် အဆောက်အအုံမှန်များနှင့် ထရန်စဖော်မာတစ်လုံး ပျက်စီးသွားသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ၌ လူများသေဆုံးသည့် တရုတ်ဆန့်ကျင်ရေးဆန္ဒပြမှုများ ဖြစ်ပွားလင့်ကစား တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားရေပိုင်နက်၌ ရေနံတူးဖော်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းကုန်ကျစရိတ်များကို ဆန့်ကျင်ကန့်ကွက်ကြသူများကို ဆွာပေါလိုနှင့် ရီယိုဒီဂျနေးရိုးမြို့ရှိ အဓိကရုဏ်းရဲများက မျက်ရည် ယိုဗုံးများဖြင့် ဖြိုခွင်းခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၇** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ် ဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ စီးပွားရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပါဝင်သော ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပွဲကို ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်း၍ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) နှင့်ပတ်သက်သည့် လူထုဟောပြောပွဲကို ရန်ကုန်မြို့ ဗိုလ်စိန်မှန်အားကစားကွင်း၌ကျင်းပရာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးမင်းကိုနိုင်တို့တက်ရောက်ဟောပြောကြပြီးသို့ ပြည်သူပေါင်း (၃၀၀၀၀) ကျော် တက်ရောက်ကြကြောင်း နိုင်ငံပိုင်သတင်းများက ဖော်ပြသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော နရိန္ဒြာမိုဒီသည် ၎င်း၏ ဘီဂျေပီပါတီက ဆယ်စုနှစ်သုံးခုအတွင်း မဲအပြတ်အသတ်ဖြင့် အနိုင်ရပြီးနောက် နယူးဒေလီသို့ အောင်ပွဲခံလှည့်လည်ခြင်းအခမ်းအနားကို စတင်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

တရုတ်နှင့် ဗီယက်နမ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများသည် တောင်တရုတ်ပင်လယ် အငြင်းပွားမှုအပေါ် သဘောထားကွဲလွဲမှုများ ဖြေရှင်းရန်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများ ခြိမ်းခြောက်မှုအပေါ် ထိပ်သီးလုံခြုံရေးအစည်းအဝေးတစ်ရပ်ကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဖော်ပြသည်။

လာအိုအစိုးရ ကိုယ်စားလှယ်များကို တင်ဆောင်ပျံသန်းလာသော စစ်ဘက်လေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့မြောက်ပိုင်း ကျန်ခေါင်ပြည်နယ်၌ ပျက်ကျသွားခဲ့ရာ ဒုတိယဝန်ကြီးချုပ် ဒေါင်ချေးဖီချစ်နှင့် ထိပ်တန်းတာဝန်ရှိသူများ သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၁၈** ရခိုင်ပြည်နယ် ပြည်နယ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကမ်းနားဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်ချမှတ်ခဲ့သည့် နှစ် (၆၀) ပြည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ ယာဉ်မောင်းတစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့သည် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း နယ်မြေအတွင်းရှိ ဆည်တည်းရွာဟောင်းမှ ကိုက် (၅၀၀) ခန့်အကွာ၌ လေထုညစ်ညမ်းမှုတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဆည်တည်းရွာဟောင်းမှ ရွာသူရွာသား (၂၀) ခန့်က ကားကိုတားဆီးကာ ဆည်တည်းရွာဟောင်း အခြေခံပညာမူလတန်းကျောင်းခဲ့၌ ထိန်းသိမ်းထားကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြသည်။

ပါရီမြို့၌ကျင်းပသော အာဖရိကခေါင်းဆောင်များ အစည်းအဝေးက နိုင်ဂျီးရီးယား ဘိုကိုဟာရမ် အစ္စလာမ္မစ်စစ်သွေးကြွများကို စစ်ကြေညာရန် သဘောတူလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က တိုက်ခန်းအဆောက်အအုံတစ်ခုပြိုကျမှုနှင့် ပတ်သက်၍ လူများစွာသေဆုံးခဲ့ရသည့်အတွက် မြောက်ကိုရီးယားအစိုးရက တောင်းပန်မှုပြုခဲ့သည်ဟု

ဘီဘီစီ သတင်းဌာနကဖော်ပြသည်။

လစ်ဗျားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဘင်ဂါဇီအပေါ် မပျံသန်းရဇုန်အဖြစ် စစ်တပ်က သတ်မှတ်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတစ်လျှောက် လမ်းတံတားများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် စစ်တွေမြို့ပတ်ဝန်းကျင်သို့ လှည့်လည်သွားရောက်ကာ ဒေသခံပြည်သူများကို တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး ချန်ယန်ကွမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံအလုပ်သမားရေးရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

အိန္ဒိယကွန်ဂရက်ပါတီ ရွေးကောက်ပွဲရှုံးနိမ့်ခဲ့ရမှုအပေါ် ပါတီခေါင်းဆောင်ဆိုနီယာဂန္ဒီက မိမိတွင် တာဝန်ရှိကြောင်း ဝန်ခံပြောဆိုသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် သံတွဲမြို့ လင်းသာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဇီးဖြူကုန်း ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတဦးညွန့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ



**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကယ်ဆယ်ရေးစခန်း၌ ဒေသခံလူထုနှင့် တွေ့ဆုံစဉ်**

**၂၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံကာကွယ်ရေးဝန်ကြီးများကို နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် အမျိုးသားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ချန်ယန်ကွမ်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ယူရို ခုနစ်သန်း အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ

အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး 8th ASEAN Defence Ministers' Meeting (8th ADMM) ကို နေပြည်တော် The Hotel Royal ACE ရှိ ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။

ထိုင်းနိုင်ငံ၌ ခြောက်လကြာမျှ နိုင်ငံရေးမငြိမ်မသက်မှုဖြစ်ပွားခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သူ ဘီဂျေပီပါတီခေါင်းဆောင် နရိန္ဒြာမိုဒီသည် မေလ (၂၆) ရက်တွင် အိန္ဒိယဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဘီဂျေပီပါတီက ကြေညာချက်ထုတ်ပြန်သည်။

အာရှဒေသလုံခြုံရေးဆိုင်ရာထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ရောက်ရှိနေသော ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးသည်။

**၂၁** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/၂၀၁၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၂၃) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

(၄) ကြိမ်မြောက် အာဆီယံ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

လစ်ဗျားနိုင်ငံ၌ စစ်သွေးကြွများကို ချေမှုန်းသုတ်သင်နိုင်ရန် စစ်ရေးလှုပ်ရှားမှုတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဟောင်း ခါလီဖာဟက်ဖတာက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

တရုတ် သမ္မတရှီကျင့်ဖျင်က အာရှတွင် စစ်ရေးမဟာမိတ်များ မတည်ဆောက်သင့်ကြောင်း အမေရိကန်နှင့်အခြားနိုင်ငံများကို သတိပေးစကားပြောကြားလိုက်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

ထိုင်းစစ်တပ်ကဦးဆောင်၍ ပြိုင်ဘက်နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပေးကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအလုပ်သမားဝန်ကြီးများကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန Banquet Hall ၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် (၂၃) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်သို့ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် မနီလာမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မန္တလေးမြို့ အောင်ပင်လယ် အားကစားကွင်း၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ လူထုဟော

ပြောပွဲကျင်းပရာတွင် လွှတ်တော်အတွင်း ပါဝင်နေသော တပ်မတော်သားကိုယ်စားလှယ်များအား ထိပါးစေသည့်စကားများ ပြောကြားထားခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေက ခွင့်ပြုထားသည့် ဘောင်ကို ကျော်လွန်နေသည်ဟုဆိုကာ သတိပေးစာပေးပို့ကြောင်း ပြည်တွင်းထုတ် ပုဂ္ဂလိကသတင်းစာများက ရေးသားဖော်ပြသည်။

ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက ထိုင်းနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ပြည်သူများအသက်ဆုံးရှုံးမှုမဖြစ်ပွားအောင် ဟန့်တားရန်နှင့် တိုင်းပြည်တွင်းဖြစ်ပွားသည့် ပဋိပက္ခအရှိန်မြင့်တက်မလာအောင် တားဆီးရန်အတွက် အာဏာကို ရယူလိုက်ကြောင်း ကြေညာသည်။

အီဂျစ်သမ္မတဟောင်း ဟော့စနီမူဘာရက်နှင့် သားနှစ်ဦးကို ပြည်သူ့ဘဏ္ဍာငွေများ အလွဲသုံးစားမှုဖြင့် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အီဂျစ်တရားရုံးက ထောင်ဒဏ်အသီးသီးချမှတ်လိုက်သည်။

ယူကရိန်းအရေးကြောင့် အနောက်နိုင်ငံများနှင့် တင်းမာနေချိန်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က တရုတ်နှင့်အတူ ဒေါ်လာဘီလီယံ ပေါင်းများစွာ တန်ဖိုးရှိ နှစ် (၃၀) ဓာတ်ငွေ့စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၂၃ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ASEAN-CHINA CENTRE အတွင်းရေးမှူးချုပ် မစ္စတာမာမင်ကျန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(၈) ကြိမ်မြောက် အာဆီယံ + ၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာသည် စစ်တပ်က အာဏာသိမ်းပြီး တစ်ရက်အကြာတွင် ဘန်ကောက်ရှိ စစ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ရောက်ရှိလာပြီးနောက် စစ်အာဏာသိမ်းကောင်စီက ၎င်းအားထိန်းသိမ်းလိုက်သည်။

ကျောင်းသူ (၂၀၀) ခန့်ကို ပြန်ပေးဆွဲထားမှုသည် ရက်သတ္တပတ် ငါးပတ်မျှရှိသွားပြီဖြစ်ကာ ယခုအခါ နိုင်ဂျီးရီးယားစစ်သွေးကြွ ဘိုကိုဟာရမ်အဖွဲ့ကို နှိမ်နင်းရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူခွင့်ပြုလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ထိုင်းနိုင်ငံ စစ်အာဏာသိမ်းမှုကြောင့် ပိတ်ထားခဲ့ရသော တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ် (၁)၊ အမှတ် (၂) နှင့် မြဝတီ-မဲဆောက်ချစ်ကြည်ရေးတံတားများကို ပြန်လည်ဖွင့်လှစ်သည်။

၂၄ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည့် သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒေသခံပြည်သူများနှင့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်အားကစားခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားသည် ၎င်း၏ပါတီက ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ဒုတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုသည်။

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ပင်လယ်ပြင်နယ်နိမိတ်အငြင်းပွားမှုကို နှစ် (၂၀) ကြာ စေ့စပ်ဆွေးနွေးပြီးနောက် ဖြေရှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၂၆ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CPG Consultants Pte.,Ltd. ဦးဆောင်သော အကြံပေးကုမ္ပဏီများ အုပ်စုတို့အကြား အကြံပေးဝန်ဆောင်မှု သဘောတူစာချုပ် ချုပ်ဆိုသည့်

အခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၌ ကျင်းပသည်။

အိန္ဒိယနိုင်ငံ၌ အမျိုးသားရေး ဝါဒီပါတီခေါင်းဆောင် နရိန္ဒြာမိုဒီ သည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် သမ္မတနန်းတော်၌ ကျမ်းသစ္စာကျိန် ဆိုသည်။

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် အာဖဂန်နစ္စတန် နိုင်ငံသို့ ရုတ်တရက် ရောက်ရှိပြီး (၂၀၁၄) ခုနှစ် နှစ်ကုန်တွင် အမေရိကန်ပြည်ထောင်စု၏ အရှည်လျား ဆုံးစစ်ပွဲကို အဆုံးသတ်တော့မည် ဟု အမေရိကန်တပ်ဖွဲ့ဝင်များကို ပြောကြားကြောင်း ဘီဘီစီသတင်း က ဖော်ပြသည်။

စစ်အာဏာသိမ်းအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာ သည် စစ်အာဏာသိမ်းပွဲအလွန် ထိုင်းနိုင်ငံတွင် စီမံအုပ်ချုပ်မည့် စစ်ကောင်စီအကြီးအကဲအဖြစ် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူ လျာဒက်က မိမိအား တရားဝင်ပေး အပ်လိုက်ပြီဖြစ်ကြောင်း ပြောကြား သည်ဟု ရိုက်တာသတင်းက ဖော်ပြ သည်။

အီဂျစ်နိုင်ငံတွင် သမ္မတ ရွေးကောက်ပွဲများကို နိုင်ငံတစ်ဝန်း လုံး၌ စတင်ကျင်းပနေပြီဖြစ် ကြောင်း အေအက်ဖ်ပီသတင်း ဌာနက ဖော်ပြသည်။

၂၇ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ (Japans' Self Defense Force) ၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယူကရိန်းစစ်တပ်က ဒိုးနက် စကီလေဆိပ်ကို ပြန်လည်ထိန်းချုပ် ရန် ကြိုးစားခဲ့ပြီးနောက် အစိုးရနှင့် ရုရှားလိုလားသော သေနတ်သမား များအကြား တိုက်ပွဲများဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း ဘီဘီစီ သတင်းက ဖော်ပြသည်။

ဘိုကိုဟာရမ်သူပုန်များ ပြန်ပေးဆွဲထားသော မိန်းကလေး များကို ထားရှိသည့်နေရာကို သိရပြီဖြစ်ကြောင်း၊ သို့သော် ကယ် ဆယ်ရေးလုပ်ရန် အခွင့်မသာ သေးကြောင်း နိုင်ဂျီးရီးယား စစ်တပ်က ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် အာဖဂန်စစ်ပွဲ အဆုံးသတ်ရန် အာဖဂန်ရှိ အမေ ရိကန်တပ်ဖွဲ့ဝင်များကို (၂၀၁၆) နှစ်ကုန်တွင် အပြီးတိုင်ရုပ်သိမ်းမည် ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

မေလ (၂၆) တွင်ကျင်းပခဲ့ သည့် အီဂျစ်သမ္မတရွေးကောက်ပွဲ ကို နောက်ထပ်တစ်ရက်တိုး၍ ကျင်းပခဲ့သော်လည်း စုစုပေါင်း မဲပေးခွင့်ရှိသည့်ဦးရေ၏ (၂၇) ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့ကြောင်း ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြ သည်။

အက်ဒဝပ်စနိုးဒင်က အမေ ရိကန်ရုပ်သံ NBC နှင့် အင်တာဗျူး



**အီဂျစ်သမ္မတရွေးကောက်ပွဲသို့ မဲပေးရန် ရောက်ရှိလာသည့် ပြည်သူများ**

တွင် ၎င်းသည် သူလျှိုအဖြစ် လေ့ကျင့်ခဲ့သူဖြစ်ကြောင်း၊ အမေရိကန်အစိုးရ အေဂျင်စီများအတွက် ပြည်ပတွင် လျှို့ဝှက်လုပ်ကိုင်ခဲ့ဖူးကြောင်း ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**၂၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (Japans' Self Defense Force)၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရှီဂဲရုအိုင်ဝါဆာကီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ ဒသမပုံမှန်အစည်းအဝေးပထမနေ့ကို နေပြည်တော်တွင် စတင်ကျင်းပသည်။

တိုက်ပွဲများ ထပ်မံမဖြစ်ပွားရန် အစိုးရနှင့် KIO တို့၏ ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့တို့သည် မြစ်ကြီးနားမြို့ရှိ KIO ဆက်ဆံရေးရုံးတွင် ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးသည်။

ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယား၌ ရဲတပ်ဖွဲ့က ကမ္ဘာ့ဖလား ဆန့်ကျင်ဆန္ဒပြသူများနှင့် တိုင်းရင်းသားဆန္ဒပြသူများကို မျက်ရည်ယိုဗုံးဖြင့် ဖြိုခွင်းခဲ့ကြောင်း ဘီဘီစီ သတင်းက ဖော်ပြသည်။

ဘိန်းဖြူမှောင်ခိုကူးရန် ကြိုးပမ်းသော ဩစတြေးလျ၊ ပြင်သစ်နှင့် နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦး ကို ကမ္ဘောဒီးယားတရားရုံးက ထောင်ဒဏ် (၂၃) နှစ်မှ (၂၇) နှစ်အကြား ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

**၂၉** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပဲခူးတိုင်းဒေသကြီးခရီးစဉ်အတွင်း တောင်ငူမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းအပ်နှံရေးအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီ အစိုးရအဖွဲ့၏ ပထမဆုံးဖြတ်ချက်များအနက် တစ်ခုမှာ တရားမဝင်ငွေများကို ရှာဖွေသိမ်းဆည်းရန်အတွက် အိန္ဒိယနိုင်ငံက အထူးလုပ်ငန်းအဖွဲ့ ထူထောင်ခြင်းဖြစ်ကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အာမက်မေတစ်၏ အစိုးရအဖွဲ့သစ်ကို မိမိတို့ အသိအမှတ်မပြုကြောင်း နိုင်ငံအရှေ့ပိုင်းရှိ ရေနံတင်ပို့ရာ ဆိပ်ကမ်းများကို ထိန်းချုပ်ထားသည့် သူပုန်အဖွဲ့က ပြောကြားသည်ဟု ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ယူဆွတ်ရာဇာဂီလာနီနှင့် ၎င်း၏ ဝန်ကြီးအဖွဲ့မှ ဝန်ကြီးဟောင်းတစ်ဦးတို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးတရားရုံးတစ်ရုံးက ဖမ်းဝရမ်းများ ထုတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၃၀** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပဲခူးမြို့ အောင်စေတီ စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော် ဇေယျာသီရိဗိမာန်၌ ကျင်းပသော ရေကြောင်းလူငယ်မောင်မယ်နှင့် လေကြောင်းလူငယ်မောင်မယ်များကို ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင် မီဒီယာကုမ္ပဏီတို့ (၂၈-

၇-၂၀၁၀) က ချုပ်ဆိုခဲ့သည့် စာချုပ်များနှင့်ပတ်သက်၍ ရှင်းလင်း




**အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် တီယန်မင်ရင်ပြင်**

တင်ပြကာ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယူကရိန်းနယ်စပ်ရှိ ရုရှားတပ်များ မော်စကိုသို့ပြန်လည်ရုပ်သိမ်းလျက်ရှိသော်လည်း ယူကရိန်းနိုင်ငံအတွက် အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကပြောကြားသည်။

**၃၁** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်းဘုရားတို့ကို ဖူးမြော်ကြည်ညိုပြီး ကမ္ဘောဇသာဒီရွှေနန်းတော်ပြန်လည်တူးဖော်ထားရှိမှုနှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတို့ကို ကြည့်ရှုစစ်ဆေးသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ တီယန်မင်ရင်ပြင်ဂိတ်တွင် ယမန်နှစ်က အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်သူ လူရှစ်ဦးကိုစွဲချက်တင်လိုက်ကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

## ဇွန်လ

**၁** သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်နှင့် အကြံပေးအဖွဲ့ဝင်ပညာရှင်များ၊ တက္ကသိုလ် (၅၄) ခုမှ ပါမောက္ခချုပ်များ၊ ပညာရေးကဏ္ဍမြှင့်တင်မှုအထူးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ စိန်ရတုခန်းမ၌ ကျင်းပသည့် တက္ကသိုလ်များ စီမံခန့်ခွဲမှုနှင့် အရည်အသွေး အာမခံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အမေရိကန် လွှတ်တော်အမတ်များက ပြင်သစ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ စစ်သင်္ဘောနှစ်စင်းရောင်းချမည့် ၎င်း၏ ကန်ထရိုက်စာချုပ်ကို ဖျက်သိမ်းရန်နှင့် ယင်းစစ်သင်္ဘောများကို မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး) အဖွဲ့ကို ရောင်းချရန် (သို့မဟုတ်) ငှားရမ်းရန် တိုက်တွန်း လိုက်သည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

**၂** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည့် စရန်ကုန်တက္ကသိုလ် နယ်မြေရှိ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေး ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှိဘဏ်ယူအက်ဖ်ဂျေလီမိတက်ဥက္ကဋ္ဌ မစ္စတာနိုဘူယူကီဟီရာနိုဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အငြိမ်းစား ဗိုလ်ချုပ်ကြီး ဆာဒေး

ဗစ်ရစ်ချတ်ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တည်ဆဲဥပဒေများအနက် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်နှင့် အသစ်ရေးဆွဲရန် ဆောင်ရွက်သင့်သည့် ဥပဒေများနှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်တွင်းသတင်းစာများတွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာစပ်ဖောင်ဖက်ချိုကို နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်ရုံး) တွင်လက်ခံတွေ့ဆုံသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ပခုက္ကူခရိုင်မှ ပြန်လည်စွန့်လွှတ်သည့် မြေယာကို မူလပိုင်ရှင်တစ်ဦးချင်းထံသို့ မြေယာလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးခြင်းအခမ်းအနားကို ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စပိန်ဘုရင် ယွင်ကာလို့စ်သည် သားတော်ကို နန်းမွေပေးနိုင်ရန်ရည်ရွယ်လျက် နန်းစွန့်တော့မည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ခါးသီးသော သမိုင်းစာမျက်နှာကို မိမိတို့အမြဲ ထာဝရပြည်ဖုံးကားချနိုင်ခဲ့ပြီဖြစ်ကြောင်း အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် ပြောကြားကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

**၃** ဒုတိယသမ္မတဦးညဏ်ထွန်းသည် နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးမစ္စအမ်၊ အိပ်ချ်၊ ရှုပ်ဇ်ဗန်ဟေဂင်မားစ်ဂီစတာရာနပ်စ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗြိတိန်ကာကွယ်ရေးဦးစီးချုပ် အငြိမ်းစား ဗိုလ်ချုပ်ကြီး ဆာဒေးဗစ်ရစ်ချတ်ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တာလီဘန်တို့ဖမ်းဆီးထားသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလွတ်မြောက်ရေးအတွက် ဂွါတာနာမိုပင်လယ်အော်ထိန်းသိမ်းရေးစခန်းရှိ အကျဉ်းသားငါးဦးနှင့် အလဲအလှယ်ပြုလုပ်ခဲ့သော ကိစ္စရပ်အပေါ်တွင် အမေရိကန်ပြည်ထောင်စု၏ အမတ်ကြီးများ အငြင်းပွားလျက်ရှိကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိသော ဆီးရီးယားနိုင်ငံတွင် အစိုးရထိန်းချုပ်မှုအောက်ရှိဒေသများ၌ သမ္မတရွေးကောက်ပွဲ ကျင်းပလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

**၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ တောင်သူပညာပေး စက်မှုလယ်ယာ စံပြစိုက်ခင်းဧက (၅၀၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နယ်သာလန်နိုင်ငံတို့ ပူးပေါင်းကျင်းပသော မြန်မာ့ရေအရင်းအမြစ်စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဗ္ဗဒူလာဖာတာအယ်လ်စီစီက သမ္မတရွေးကောက်ပွဲတွင် အနိုင်ရကြောင်း ကြေညာခဲ့ပြီးနောက် နိုင်ငံတည်ငြိမ်အေးချမ်းမှုရရှိရေးလုပ်ဆောင်သွားကြရန် အီဂျစ်ပြည်သူများကို တိုက်တွန်းပြောကြားပြီး မိမိအနေဖြင့် (၂၀၁၁)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ခေါင်းဆောင်သောအဖွဲ့နှင့် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်**

ခုနှစ် တော်လှန်ရေးကြွေးကြော်သံကို ထင်ဟပ်စေသည့် လွတ်လပ်ခြင်းနှင့် လူမှုရေးတရားမျှတမှုကို လိုလားပါကြောင်း ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံတွင် တီယန်မင် အရေးအခင်း (၂၅) နှစ်မြောက် အခမ်းအနားပြုလုပ်စဉ် လုံခြုံရေးကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် အစည်းအဝေး၌ ထိပ်သီးစက်မှုခုနစ်နိုင်ငံ (ဂျီ-၇) ခေါင်းဆောင်များက ယူကရိန်းနိုင်ငံအရေးတွင် ရုရှားနိုင်ငံက ပါဝင်ပတ်သက်မှုများနှင့်ပတ်သက်၍ ထပ်မံအရေးယူမှုများ ပြုလုပ်ရန် ပြင်ဆင်ထားသည်ဟု ပြောကြားခဲ့ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

**၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ရွှေကိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနကကြီးမှူးကျင်းပသည့် ကုသမှုအရည်အသွေး မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်အမရ၌ ကျင်းပသည့် ချစ်ကြည်ရေးခရီးရောက်ရှိနေသော အမေရိကန် အာဆီယံစီးပွားရေးကောင်စီမှ အဆင့်မြင့်စီးပွားရေးလုပ်ငန်းရှင်များက အလုပ်သဘောနေ့လယ်စာစားပွဲအခမ်းအနားသို့ တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စပန်နီပရက်စ်ကာ ဦးဆောင်သောအဖွဲ့ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ရောင်ဗြွန်ဆေး ဦးဆောင်သောအဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၂၄) ဖြင့် (၂၀၁၄) ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းသည်။

ဖိလစ်ပိုင်နိုင်ငံက တရုတ်နိုင်ငံနှင့် ပင်လယ်ပြင် ပိုင်နက်အငြင်းပွားမှုကို သမာဓိခုံရုံးဖြင့် စီရင်ဆုံးဖြတ်ပေးပါရန် ယမန်နှစ်က တိုင်ကြားခဲ့ခြင်းအပေါ် ပေကျင်း၏ရပ်တည်ချက်ကို သိရှိနိုင်ရန် သည်ဟိဂ်မြို့ရှိ နိုင်ငံတကာတရားရုံးက တောင်းဆိုခဲ့ရာ တရုတ်နိုင်ငံကခြွင်းချက်မရှိ ငြင်းပယ်လိုက်ကြောင်း ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

၆ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ဆူမစ်တိုမိုမစ်ဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဟီရိုရှိမီနိုရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကမီဒီယာ၊ အများပြည်သူဝန်ဆောင်မှု မီဒီယာတို့နှင့် ပတ်သက်သော အကြောင်းအရာများ၊ Weekly Eleven ဂျာနယ်က ပြန်ကြားရေးဝန်ကြီးဌာနကို စွပ်စွဲရေးသားဖော်ပြခဲ့မှုများနှင့် ပတ်သက်သော အကြောင်းအရာများ၊ (၁၂) ကြိမ် မြောက်အာဆီယံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ပတ်သက်သော အကြောင်းအရာများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Yun Byung-se ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး လွမ်းသူ့ပန်းခွေချ၍ ဂါရဝပြုပြီးနောက် လွန်ခဲ့သည့်အနှစ် နှစ်ဆယ်ကျော်က ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး၌ ဗုံးပေါက်ကွဲခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ကိုရီးယားနိုင်ငံသားများအတွက် အထိမ်းအမှတ်ကျောက်သားနံရံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြင်သစ်နိုင်ငံက ဥရောပသမဂ္ဂအနေဖြင့် ယူကရိန်းအရေးနှင့်ပတ်သက်၍ ရုရှားအပေါ် ထပ်မံအရေးယူရန် သဘောတူညီမှုမရှိခဲ့ပါက ရုရှားသို့ စစ်သင်္ဘောနှစ်စင်းရောင်းချမည့်စာချုပ်ကို ရပ်ဆိုင်းမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတအဖြစ် တင်မြှောက်ခြင်းခံထားရသည့် ပီထရိုပိုရိုရှန်ကိုတို့၏ ပထမဆုံးအကြိမ်တွေ့ဆုံမှုကို ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ဒီဒေးနေ့ အခမ်းအနားတွင်ပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးသစ်ဖွင့်ပွဲအခမ်းအနားနှင့် ဆွီဒင်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇) မိုင် အမှတ် (၇) ပြည်လမ်းရှိ အဆိုပါ ဆွီဒင်နိုင်ငံသံရုံး၌ ကျင်းပသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ယာဉ်ရပ်နားကွင်း၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသော ဥပဒေပြုရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် အထောက်အကူပြုစေမည့် တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက် အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာနက (၂၀၁၄) ခုနှစ်၊ မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာသည်။

ယူကရိန်းနိုင်ငံ၏ သမ္မတသစ် ပီထရိုပိုရိုရှန်ကိုသည် မြို့တော်ကီယက်ဗ်ပါလီမန်၌ အမေရိကန်ဒုတိယသမ္မတ ဂျိုးဗိုင်ဒင်အပါအဝင် ဂုဏ်သရေရှိ နိုင်ငံခြားဧည့်သည်တော်များရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

၈ အီဂျစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော စစ်ဦးစီးချုပ်ဟောင်း အယ်လ်စီစီသည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၉ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ပဏာမကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konrad Adenauer Sitftung) တို့ပူးပေါင်းဖွင့်လှစ်သည့် Civil Service သင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးနှင့်အစည်ကားဆုံးဖြစ်သော ဂျင်းနားနိုင်ငံတကာလေဆိပ်ကို ရဲတပ်ဖွဲ့ဝင်များအသွင်ဆောင် လက်နက်ကိုင်များက တိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူ (၂၈) ဦးသေဆုံးခဲ့သည့်အပေါ် ပါကစ္စတန်တာဝန်ရှိသူများက ၎င်းတို့တွင်တာဝန်ရှိကြောင်းကြေညာသည်။

လစ်ဗျားပါလီမန်က အာမတ်မေတက်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်ဟု တရားရုံးက ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အိန္ဒိယအစိုးရသစ်နှင့်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် နယူးဒေလီမြို့သို့ ရောက်ရှိသည်။

**၁၀** ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ကျင်းပသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို လမ်းညွှန်မှာကြားခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး မစ္စကျွန်ဗ့ာကန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မသန်စွမ်းသူများ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

သုံးကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပသည်။

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့၏ ဓာတ်ငွေ့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် မိုင် (၂၀၀) မျှဝေးသော မိုဆူးလ်မြို့ကို စစ်သွေးကြွများ သိမ်းပိုက်လိုက်သည့်အတွက် အီရတ်လုံခြုံရေးမှာ လုံးဝပျက်စီးသွားကြောင်း အီရတ်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံတွင် ကျင်းပမည့်



**အီရတ်နိုင်ငံ မိုဆူးမြို့ကို စစ်သွေးကြွများသိမ်းပိုက်ပြီးနောက် စွန့်ခွာထွက်ပြေးနေရသည့် ပြည်သူများ**

(၁၂) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် သုံးကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသော အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသော (၁၂) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုင်းနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ်အားလုံးကို ဘောလုံးပရိသတ်အားလုံး အခမဲ့ကြည့်ရှုခွင့် သေချာမှုရှိစေရန် တပ်မတော်အစိုးရက ရုပ်မြင်သံကြားထုတ်လွှင့်မှုစီစဉ်ညွှန်ကြားသူများကို အမိန့်ပေးထားပြီးဖြစ်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

ချီလီနိုင်ငံသမိုင်းတစ်လျှောက်တွင် အကြီးဆုံးဖြစ်မည့် စွမ်းအင်စီမံကိန်းကို အစိုးရကပယ်ချလိုက်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

**၁၃** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခချုပ်၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြနှင့် ကျောင်းသား ကျောင်းသူများကို ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိ၊ မြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ဆက်လက်တွေ့ဆုံသည်။

မုံရွာမြို့နယ် ရှားပြေးအင်းရေလုပ်သားများသည် မုံရွာမြို့တွင်းသို့ ဒုတိယအကြိမ်အဖြစ် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ (၄) အရ ခွင့်ပြုချက်နှင့်အညီ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ပူးပေါင်း၍ USAID ၏ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်သော Media Training သင်တန်းကို ဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ဖွင့်လှစ်သည်။

ထိုင်းနိုင်ငံ၌ ကြားဖြတ်အစိုးရအဖွဲ့ကို စက်တင်ဘာလထက်နောက်မကျဘဲ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တပ်မတော်အုပ်ချုပ်ရေးကောင်စီ၏အကြီးအကဲ ပရာယုချန်အိုချာက ကတိပြုပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဘရာဇီးနိုင်ငံ၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စတင်ကျင်းပစဉ် ဆာ့ပေါ်လိုမြို့၊ ရီယိုဒီဂျနေးရိုးမြို့နှင့် အခြားမြို့များ၌ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း ဘီဘီစီက ဖော်ပြသည်။

မြို့တော်ဘဂ္ဂဒက်နှင့် ကီလိုမီတာ (၆၀) အကွာရှိ ဘာကူကာမြို့၌ အီရတ်အစိုးရတပ်ဖွဲ့ဝင်များ နှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရုရှားလက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ရေးလေ့ကျင့်မှုများစတင်ပြုလုပ်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုတွင် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်အက်စ်-(၃၀၀) အမျိုးအစားများလည်း ပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ နောင်ရိုးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်အားပေး၍ အမှာစကားပြောကြားသည်။

ယူကရိန်းစစ်လေယာဉ်တစ်စင်းကို ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ပစ်ချသဖြင့် တပ်ဖွဲ့ဝင်တချို့ သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

ဆွန်နီအစွန်းရောက်သောင်းကျန်းသူများကို ချေမှုန်းနိုင်ရေးအတွက် အီရတ်အစိုးရကို အကူအညီပေးရန် အသင့်ရှိကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၅** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည့် ပညာရေးဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါနှင့်ဆန့်ကျင်နေသော စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ရန် ဆုံးဖြတ်မှုအပေါ် အထောက်အကူပြုရန် ပင်တဂွန်စစ်ဌာနချုပ်က ပါရှန်းပင်လယ်ကွေ့သို့ စစ်သင်္ဘောသုံးစင်းစေလွှတ်လိုက်ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံရှိ ထောင်ပေါင်းများစွာသော ကမ္ဘောဒီးယားနိုင်ငံသားများသည် ထိုင်းတပ်မတော်က ရွှေ့ပြောင်းအလုပ်သမားများကို ဖြိုခွင်းမည်ဆိုသောသတင်းများကြောင့် ထွက်ပြေးကြရကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၆** သတ္တုတွင်း ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် ပထမအကြိမ်သင်းလုံးကျွတ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် အောင်ပွဲခံမည့်ပုဂ္ဂိုလ်အဖြစ် ကျော်ကြားနေသော အဗ္ဗဒူလာ အဗ္ဗဒူလာက ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများ ပြုလုပ်ခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်ကို စွပ်စွဲခဲ့ပြီးနောက် အစိုးရတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုကို စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံအကြား တင်းမာမှုများမြင့်တက်နေစဉ်အတွင်း ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့နေမှုကို ရပ်ဆိုင်းလိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အိန္ဒိယအစိုးရအဖွဲ့သစ်၏ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဘူတန်နိုင်ငံသို့ရောက်ရှိပြီး ဘုရင်ဂျစ်ဂမီကီဆာဝန်ချွတ်နှင့် မိဖုရားကြီးဂျက်ဆန်ပီမားတို့ကို တွေ့ဆုံခဲ့ကြောင်း ဒေသဆိုင်ရာသတင်းက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသောနယ်မြေတွင် ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်နေခြင်းကို ရပ်ဆိုင်းရန် ဖိလစ်ပိုင်နိုင်ငံ၏ တောင်းဆိုချက်ကို တရုတ်နိုင်ငံက ငြင်းပယ်လိုက်သည်။

**၁၇** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတဲရှိဟီဂူချိကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိဟီဂူချိကို ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်တပ်ဖွဲ့ဝင် (၁၇၅) ဦးကို အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးကို အကာအကွယ်ပေးရန် စေလွှတ်လိုက်ပြီဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သမ္မတရွေးကောက်ပွဲတွင် မဲပေးခဲ့သည့် အာဖဂန်သက်ကြီးပိုင်းပုဂ္ဂိုလ်အဖွဲ့တစ်ဖွဲ့၏ မင်စွန်းထင်းနေသော လက်ချောင်းများကို ဖြတ်တောက်ခဲ့သည်ဟု စွပ်စွဲခံရသော တာလီဘန်အကြမ်းဖက်သမားနှစ်ဦးကို သေနတ်နှင့်ပစ်သတ်လိုက်ကြောင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလင်ကိုဘီးယားကို နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၉/၂၀၁၄) ဖြင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်ကို ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၀/၂၀၁၄) ဖြင့် သမ္မတရုံးဝန်ကြီးဌာန (၁) မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးကြောင်း ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁၁/၂၀၁၄) ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းကို စစ်ဘက်မူလတာဝန်များ ထမ်းဆောင်စေလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီမတ်လော့ဒေဆာလီယင်နှင့်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ တွေ့ဆုံသည်။

အစ္စလာမ္မစ်စစ်သွေးကြွများက အီရတ်နိုင်ငံ၏ အကြီးဆုံး ရေနံချက်စက်ရုံကို မော်တာများ၊ စက်သေနတ်များဖြင့် လမ်းကြောင်းနှစ်ခုမှ တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ရှုနေသူများကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး (၁၃) ဦးသေဆုံးကြောင်း ဆေးအဖွဲ့က ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

ထိုင်းတပ်မတော်အစိုးရက အငြင်းပွားဖွယ် နိုင်ငံတော် ဆန်စပါးဝယ်ယူ ရေးစီမံကိန်းအရ ကြွေးကျန် (၉၂ ဒသမ ၄) ဘီလီယံကို အကြွေးပေးရန်ရှိသည့် လယ်သမားအားလုံးသို့ ပေးအပ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသော ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၆) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ပညာရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးဖွင့်ပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတရုံးသည် (အမိန့်အမှတ်၊ ၁၂/၂၀၁၄) ဖြင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်ကို တာဝန်မှ ရပ်စဲသည်။

နိုင်ငံတော်သမ္မတရုံးသည် (အမိန့်အမှတ်၊ ၁၃/၂၀၁၄) ဖြင့် ရခိုင်ပြည်နယ်၊ ဝန်ကြီးချုပ် ဦးလှမောင်တင်ကို ၎င်း၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

စပိန်ဘုရင် ယွင်ကာလို့စ်သည် ထီးနန်းစွန့်ခဲ့ပြီးနောက် ၎င်း၏သားဖြစ်သူ ဖီးလစ်-၆ သည် စပိန်ထီးနန်းကို ဆက်ခံနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားက ၎င်းအနေဖြင့် အီရတ်ကို အရေးယူဆောင်ရွက်ရာတွင် လွှတ်တော်အမတ်များ၏ သဘောတူညီချက်ရယူရန် မလိုတော့ကြောင်း ကွန်ဂရက်ခေါင်းဆောင်များကို ပြောကြားသည်ဟု ထိပ်တန်းရီပတ်ဘလီကင်အမတ်တစ်ဦးက ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီဂျစ်ပြည်သူများက မကြာမီက ရွေးကောက်တင်မြှောက်ထား

သော သမ္မတအဗ္ဗဒူလာဖာတာ အယ်လ်စီစီကို ဆန့်ကျင်ဆန္ဒပြခဲ့သည်ဟု ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

**၂၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၂၀/၂၀၁၄) ဖြင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီကို ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ အမည်သို့ ပြောင်းလဲခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

ကမ္ဘာတစ်ဝန်းတွင် အားကစားဆိုင်ရာ လောင်းကစားလုပ်ငန်းမှာ အဆမတန်ကြီးထွားလာလျက်ရှိကြောင်း၊ နှစ်စဉ် အားကစားပြိုင်ပွဲများအပေါ် အခြေခံသည့် တရားမဝင် လောင်းကစားလုပ်ငန်းများ၏ လှည့်ပတ်ငွေသည် ပမာဏများစွာကြီးထွားလာကြောင်း နိုင်ငံတကာဘစ္စနက်တိုင်းမ်သတင်းစာကဖော်ပြသည်။

**၂၁** ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (အေ) ခန်းမ၌ကျင်းပသည်။

နိုင်ငံတော်အစိုးရက လက်ပံတောင်းဒေသရှိ ကျေးရွာ (၃၁) ရွာတွင် မြစိမ်းရောင်စီမံကိန်း စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် စစ်ပြေးဒုက္ခသည်ဦးရေမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် သန်း (၅၀) အထိ ရောက်ရှိလာခဲ့ကြောင်း၊ ဆီးရီးယားနိုင်ငံသည် စစ်မက်ဖြစ်ပွားခြင်း၏ ဘေးဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားရသည့် နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်ဟု ကမ္ဘာ့သတင်းမီဒီယာများက ဖော်ပြသည်။

**၂၂** မြန်မာနိုင်ငံရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးက အတည်ပြုသတ်မှတ်သည်။

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်မှ မြို့တစ်မြို့သည် ဆွန်နီစစ်သွေးကြွအဖွဲ့များ၏ လက်ဝယ်သို့ကျရောက်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**၂၄** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် AIPA အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ပယ်ရီအို ဆာမီအိုသာရာမာကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် International Finance Cooperation (IFC), The World Bank Group မှ မစ္စတာ ဗီကန်ကူးမားနှင့်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အဆောက်အအုံ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်ကို လက်ခံတွေ့ဆုံသည်။

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး ဦးဆောင်သော ဗြိတိန်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ မလေးရှား၊ နော်ဝေ၊ ဖင်လန်၊ ဆွစ်ဇာလန်၊ ဆွီဒင်နှင့် ထိုင်းနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ်များကို (၂၀၁၄) ခုနှစ် ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

ရုရှားလိုလားသော ခွဲထွက်ရေးသမားများကို နှိမ်နင်းနေသည့် ယူကရိန်းအစိုးရက အပစ်အခတ်

ရပ်စဲရေးကြေညာခြင်းကို ရုရှား သမ္မတဗလာဒီမာပူတင်က ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပြီး ဖြေရှင်းချက် တစ်ခုရရှိရေးအတွက် အလျှော့ပေး စေ့စပ်ဆွေးနွေးကြရန် နှစ်ဖက်စလုံးကို တိုက်တွန်းကြောင်း အေပီသတင်းက ဖော်ပြသည်။

မွတ်ဆလင် ညီနောင်များ အဖွဲ့ကို ထောက်ခံအားပေးမှုများ ပြုခဲ့သည်ဟူသော စွဲချက်ဖြင့် အယ်လ်ဂျာဇီးယား ရုပ်မြင်သံကြား ဌာနမှ သတင်းထောက်သုံးဦးကို အီဂျစ်နိုင်ငံ တရားရုံးတစ်ရုံးက ထောင်ဒဏ်ခုနစ်နှစ်စီချမှတ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

**၂၄** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီကကြီးမှူး၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုင်းတပ်မတော်က အာဏာသိမ်းခဲ့ပြီးနောက် ပြည်ပြေးတစ်ဦးအဖြစ် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သူ ယခင် ထိုင်းအစိုးရအဖွဲ့ဝင် ဝန်ကြီးဟောင်းတစ်ဦးက စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုအဖွဲ့တစ်ရပ်ကို ထူထောင်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ကြိုတင်ကြေညာခြင်းမရှိဘဲ အီရတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ကာဒစ္စတန်ဒေသသို့ ရုတ်တရက်ရောက်ရှိသည်။

ပါကစ္စတန်နိုင်ငံ၏ စစ်အာဏာရှင်ဟောင်း ပါဗက်ဇ်မူရှာရက်ကို နိုင်ငံမှထွက်ခွာခွင့်ပေးမည့် ဆုံးဖြတ်ချက်တစ်ရပ် အတည်ပြုခြင်းကို ဆိုင်းငံ့ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသ၌ စစ်အင်အားသုံးခွင့်ပြုရန် ရုရှားပါလီမန်က ပေးအပ်ထားသောအခွင့်အာဏာကို ပြန်လည်ပယ်ဖျက်ပေးရန် သမ္မတ ဗလာဒီမာပူတင်က မေတ္တာရပ်ခံကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

အီဂျစ်နိုင်ငံ အယ်လ်ဂျာဇီးယားသတင်းထောက်သုံးဦးကို ထောင်ခုနစ်နှစ်စီ ပြစ်ဒဏ်စီရင်လိုက်ခြင်းအပေါ် ဆန့်ကျင်သည့်အနေဖြင့် လန်ဒန်မြို့၌ ရာပေါင်းများစွာသောသတင်းထောက်များက ကန့်ကွက်ဆန္ဒပြသည်။

**၂၅** နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၄/၂၀၁၄) ဖြင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘရာဇီးနိုင်ငံသံအမတ်ကြီး မစ္စတာအယ်လ်ဆိုဒ်ဂျီ၊ အာရ်ပရတက်စ်ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ လက်ခံတွေ့ဆုံသည်။

နိုင်ဂျီးရီးယားသူပုန် ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခံရသူအရေအတွက် (၄၀၀) ကျော်ရှိသွားပြီဖြစ်ပြီး ပြန်ပေးဆွဲမှုကို အစိုးရတပ်များက အဆုံးသတ်ရန် မစွမ်းနိုင်ဘဲရှိကြောင်း ပရက်စ်တီဗွီသတင်းက ဖော်ပြသည်။

အီရတ်နိုင်ငံအတွင်း ဆွန်နီစစ်သွေးကြွများ၏ အတင့်ရဲလာသည့် သောင်းကျန်းမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်များဘက်မှ စစ်ဘက်အကြံပေးရန် အမေရိကန်၏ ပထမအသုတ် တပ်ဖွဲ့ဝင်များ အီရတ်သို့ရောက်ရှိလာကြပြီး လုပ်ငန်းများစတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်း ပင်တဂွန်ကပြောကြားသည်။

**၂၆** ဆီးရီးယားနိုင်ငံရှိ သဘောထားအလယ်အလတ်ရှိသော သူပုန်များအား လေ့ကျင့်ပေးနိုင်ရန်နှင့် လက်နက်တပ်ဆင်ပေးနိုင်ရန် ရန်ပုံငွေ ဒေါ်လာသန်း (၅၀၀) ထောက်ပံ့ပေးနိုင်ရေးအတွက် ခွင့်ပြုချက်ရရှိရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ကွန်ဂရက်လွှတ်တော်သို့ တင်ပြသည်။

**၂၇** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် (၂၈-၆-၂၀၁၄) နေ့တွင် ကျရောက်သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်



**နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံပေကျင်းမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံစဉ်**

ကြေညာသည့် နှစ် (၆၀) ပြည့် အခါသမယ အခမ်းအနားတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး သွားရောက်ရန် အဖွဲ့ဝင်များနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံရောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်ကို ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး Eastern Plaza ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် ဟောင်း မစ္စတာ ဝါတာနာဘေးနှင့် အဖွဲ့ကိုလည်းကောင်း၊ အမေရိကန် နိုင်ငံ Department of State Assistant Secretary for Democracy, Human Rights and Labor ဖြစ်သူ မစ္စတာ တွန်မာလင်ဆိုင်းဦးဆောင်သောအဖွဲ့ကိုလည်းကောင်း နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ယူကရိန်း၊ ဂျော်ဂျီယာနှင့် မော်လ်ဒိုဗာနိုင်ငံတို့သည် ဥရောပသမဂ္ဂ (အီးယူ) နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရာ ယင်းအတွက် ရုရှားနိုင်ငံက အပြင်းအထန် ဆန့်ကျင်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အာဖဂန်သမ္မတ ရွေးကောက်ပွဲတွင် အစိုးရတာဝန်ရှိသူများနှင့် ကော်မရှင်အဖွဲ့ဝင်များသည် မသမာမှုများ ကျူးလွန်ခဲ့ကြသည်ဟု ရွေးကောက်ပွဲဝင် အဗ္ဗဒူလာ အဗ္ဗဒူလာ၏စွပ်စွဲချက်ကို ထောက်ခံသောအားဖြင့် ထောင်ပေါင်းများစွာသော ကန့်ကွက်သူများက သမ္မတနန်းတော်သို့ ချီတက်ဆန္ဒပြသည်။

**၂၈** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးသည်။

(၂၀၁၅) ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် မှန်ကန်ပြည့်စုံသော မဲဆန္ဒရှင်စာရင်းရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွှေ့ပြောင်းစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်း သတင်းဌာနများက ဖော်ပြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမ၌ ကျင်းပသည်။

လုံခြုံရေးအခြေအနေ ပိုမို

ဆိုးရွားလာနေသည့် အီရတ်နိုင်ငံကို အကူအညီပေးရန် ရောက်ရှိနေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို ကာကွယ်ရေးအတွက် ဘဂ္ဂဒက်မြို့ပေါ်၌ ပျံသန်းနေသော မောင်းသူမဲ့လေယာဉ်များတွင် လက်နက်တပ်ဆင်ပေးပြီးဖြစ်ကြောင်း ပင်တဂွန်ကပြောကြားသည်။

အာကာသဒုံးပျံယာဉ်တစ်စင်းကို ရုရှားနိုင်ငံက ပထမဆုံးအကြိမ် ပစ်လွှတ်ရန် စီစဉ်ခဲ့သော်လည်း စက်ချွတ်ယွင်းချက်ကြောင့် ဆိုင်းငံ့ထားလိုက်ရကြောင်း အာရ်အိုင်အေသတင်းအေဂျင်စီက ထုတ်ပြန်သည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တရုတ်နိုင်ငံ ဒုတိယသမ္မတ မစ္စတာလီယွမ်ချောင်၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီတို့သည် ပေကျင်းမြို့ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ ဖန်ဖေယွမ်းဧည့်ခန်းမ၌ကျင်းပသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ် နှစ် (၆၀) ပြည့်အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲသို့ တက်ရောက်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မိုဟာမက်ဟာမစ်အန်ဆာရီတို့သည် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာဧည့်ခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးသည်။

မြောက်ကိုရီးယားနိုင်ငံက အရှေ့ဘက်ကမ်းရိုးတန်းဒေသမှ ပင်လယ်ပြင်အတွင်းသို့ ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သတင်းရရှိသည်ဟု တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပါကစ္စတန်ကြည်းတပ်က မြောက်ဝါဇီရစ္စတန်ရှိ တာလီဘန်စစ်သွေးကြွများကို မြေပြင်ထိုးစစ်စတင် ဆင်နွှဲပြီဖြစ်ကြောင်း ကြေညာသည်။

**၃၀** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မင်းဖြူကျောင်းတော်ရှိ မဟာစိနာပဘာ ရွှေတိဂုံပုံတူစေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားနှင့် သာသနိကအဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားများကို တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေရှင်ရယ်ကုမုဒြာဟိုတယ်၌ကျင်းပသည့် ကျန်းမာရေးကဏ္ဍ ဖွဲ့စည်းပုံပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသည်။

အိုင်အက်စ်အိုင်အက်စ် အမည်ရှိ အစွန်းရောက် ဆွန်နီလက်နက်ကိုင်သူပုန်အဖွဲ့သည် ၎င်းတို့လက်ဝယ်ကျရောက်နေသည့် အီရတ်နှင့် ဆီးရီးယားနိုင်ငံပိုင်ဒေသများကို စုစည်းကာ အစ္စလာမ္မစ်နိုင်ငံထူထောင်လိုက်သည်ဟု ကြေညာချက်ထုတ်ပြန်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

## ဇူလိုင်လ

**၁** နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၅/၂၀၁၄) ဖြင့် ရခိုင်ပြည်နယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူ

လှုနှင့်အဖွဲ့သည် Indramuros Walled City ရှေးဟောင်းမြို့သို့ သွားရောက်ပြီး မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၂၇) ဖြင့် ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်းသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ ကုန်တင်သင်္ဘောဖြစ်သည့် အမ်ဗွီ ကိပ်ရေးသင်္ဘောသည် ဆီးရီးယား ဓာတုလက်နက်များကို သယ်ဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းတို့ပြုလုပ်နိုင်ရန် အီတလီတောင်ပိုင်း ဂွိုက်ယာတော်ရိုဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် မကြာမီက ကျောင်းသူ (၂၀၀) ကျော်ကို ပြန်ပေးဆွဲခြင်းနှင့်ဆက်နွှယ်သည်ဟု ယူဆရသည့် ဘိုကိုဟာရမ်ထောက်လှမ်းရေးကွန်ရက်တပ်ဖွဲ့ကို ဝင်ရောက်စီးနင်းခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်က ကြေညာသည်။

ယူကရိန်းအစိုးရတပ်ဖွဲ့ဝင်များသည် ရုရှားလိုလားသောခွဲထွက်ရေးသမားများကို ပြန်လည်တိုက်ခိုက်လျက်ရှိကြောင်း၊ (၁၀) ရက်ကြာ အပစ်အခတ်ရပ်စဲမှုကို သက်တမ်းတိုးနိုင်ရန် ဥရောပနိုင်ငံများက ကြိုးပမ်းနေကြသော်လည်း တိုက်ပွဲများပြန်လည်ဖြစ်ပွားလာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သံအမတ်ကြီး ဦးရဲမြင့်အောင်နှင့်ဇနီး၊ သံရုံးမိသားစုများကို ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၌ လူအုပ်စုအချို့ ရန်းရင်းဆန်ခတ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးအဖွဲ့က လူစုခွဲခဲ့ရပြီး လုံခြုံရေးဆောင်ရွက်ထားကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ပြင်သစ်သမ္မတဟောင်း နီကိုလပ်ဆာကိုဇီသည် ၎င်း၏ဩဇာအရှိန်အဝါကို အသုံးပြု၍ (၂၀၀၇)



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးကျင်းပစဉ်**

ခုနှစ် မဲဆွယ်စည်းရုံးရေးကာလအတွင်း မမှန်မကန်ပြုလုပ်ခဲ့ခြင်း ရှိမရှိ တရားဝင်စုံစမ်းစစ်ဆေးမှုများ စတင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဟောင်ကောင်မြို့ စီးပွားရေးနယ်မြေတစ်ခု၌ ဒီမိုကရေစီထောက်ခံ၍ ထိုင်သပိတ်မှောက်ကြသော ဆန္ဒပြသူငါးရာကျော်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

တရုတ်နှင့် ရုရှားတို့သည် ဂြိုဟ်တုစနစ်သုံး လမ်းပြမြေပုံစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ပြသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် ဖွဲ့စည်းထားသည့်နိုင်ငံတွင် တစ်ဦးနှင့်တစ်ဦး သဟဇာတရှိရှိ နေထိုင်ပူးပေါင်းဆောင်ရွက်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖော်ဆောင်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ရေဒီယိုမိန့်ခွန်းမှတစ်ဆင့် ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘစ်ရှော့ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗြိတိန်နိုင်ငံ TESCO Plc ဥက္ကဋ္ဌ ဆာရစ်ချဒ်ဘရော့ဘန့်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ Royal Thai Air Force Museum အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့မှ တားမြစ်အမိန့်အမှတ် (၁/၂၀၁၄) ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄) အရ အမိန့်ထုတ်ပြန်ခြင်းကို နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ဇူလိုင်လ (၁) ရက်မှစတင်၍ မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်တွင် လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် လုံခြုံရေးပူးပေါင်းအဖွဲ့များဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သော်လည်း ဇူလိုင် (၂) ရက်နှင့် (၃) ရက်တို့တွင် မန္တလေးမြို့အချို့နေရာများ၌ ထပ်မံဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးကောင်စီ ဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဒေါက်တာ စူရာကီအတ်ဆာသီရသားလ်နှင့်အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတာနာဆတ်ပတီမားပရာဂွန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုသည်။

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်၌ မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

၅ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမွေသဘင်၌ ကျင်းပသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ သမဝါယမ

ဇူလိုင် (၁၁) ရက်တွင်ထုတ်ဝေမည့် Bi မွန်းတည့်နေဂျာနယ် အတွဲ (၁) အမှတ် (၂၉) တွင် ပါဝင်သော "ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားဒီမိုကရေစီအင်အားစုများအား ကြားဖြတ်အစိုးရအဖြစ် ပြည်သူများက တင်မြှောက်ကြောင်း M.D.C.F ထုတ်ပြန်" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ထိုင်းနိုင်ငံတောင်ပိုင်းဒေသ၌ တည်ငြိမ်အေးချမ်းမှုရရှိရေးသည် မိမိတို့တပ်မတော်အစိုးရအဖွဲ့၏ ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး အမျိုးသားကောင်စီ၏ အတွင်းရေးမှူးချုပ် အူဒွန်ဒက်ဆီတာဘတ်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခြင်းခံရသော အမျိုးသမီးကြီးငယ် (၆၀) ကျော်တို့သည် ပြန်လည်လွတ်မြောက်လာခဲ့ကြပြီး ကျောင်းသူ (၂၀၀) ကျော်မှာ အစ္စလာမ့်စစ်သားတို့၏လက်ဝယ်တွင် ရှိနေဆဲဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်း ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦး ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံရမှုဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးဂါဇာနယ်စပ်ဒေသ၌ တင်းမာမှုများ ကမ်းမြို့နယ်အတွင်း တန်ဖိုးနည်းအိမ်ရာအဖြစ် တည်ဆောက်လျက်ရှိသော ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကိုရီးယားကျွန်းဆွယ် တင်းမာမှုများ မြင့်တက်နေချိန် မြောက်ကိုရီးယားနိုင်ငံက ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များအပါအဝင် ကြီးမားသော ကမ်းတက်စစ်ရေးလေ့ကျင့်မှု တစ်ရပ် ပြုလုပ်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

ခွဲထွက်ရေးသမားများ၏ အဓိကခံတပ်မြို့များကို ယူကရိန်းတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မန္တလေးမြို့၌ အမှုအခင်းကိစ္စတစ်ခုကို အကြောင်းပြုပြီး မလိုလားအပ်သည့် ချဲ့ကားသွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်သူများ စိတ်မချမ်းသာဖြစ်ခဲ့ရခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်များကို သိရှိနိုင်ရန် မိန့်ခွန်းတစ်ရပ်ပြောကြားသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးတစ်ခ်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ မစ္စဟွန်ဘို ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဝန်ကြီးဌာန၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မြို့ရှိ မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

အီရတ်ဝန်ကြီးချုပ် နော်ရီမာလီကီက ၎င်းအနေဖြင့် ပြည်တွင်းပြည်ပ ဖိအားပေးမှုများခံနေရသော်လည်း တတိယသက်တမ်းဝင်ရောက်ယှဉ်ပြိုင်ရန် အလျှော့ပေးမည်မဟုတ်ကြောင်း ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

ဆီးရီးယားစစ်တပ်က ၎င်းတို့အနေဖြင့် အလက်ပိုမြို့မြောက်ပိုင်း အချက်အချာကျသောနေရာကို ပြန်လည်သိမ်းပိုက်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်ဟု ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

အီဂျစ်တရားရုံးတစ်ရုံးသည် မွတ်ဆလင်ညီနောင်များအဖွဲ့ ခေါင်းဆောင်နှင့်အပေါင်းပါ (၃၆) ဦးတို့ကို ထောင်ဒဏ်တစ်သက်ချမှတ်ပြီး အခြားလူ (၁၀) ဦးတို့ကိုမူ သေဒဏ်များချမှတ်ကြောင်း အတည်ပြုခဲ့သည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

**၆** သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်

မြင့်တက်လာနေပြီး အပြန်အလှန်တိုက်ခိုက်မှုများ ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၈** ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားချေးငွေစီမံကိန်းဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမုန်းပွားစေသော စကားများကို ဖြန့်ဝေမှုများ၊ သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေသော ဖေ့စ်ဘုတ်အကောင့်များဟု ခေါ်ဆိုကြသော လူမှုကွန်ရက်စာမျက်နှာများနှင့် ၎င်းအကောင့်အတုများကို လူမှုကွန်ရက်၏ စည်းမျဉ်းနှင့် အညီပိတ်ပင်သွားမည်ဖြစ်ရာ ထိုကဲ့သို့ပိတ်ပင်နိုင်ရန်လည်း တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်ဟု ပုဂ္ဂလိကသတင်းစာက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံကို တည်ထောင်ခဲ့သူ ခေါင်းဆောင်ကြီး ကင်အီဆွန်းကွယ်လွန်မှု အနှစ် (၂၀) ပြည့်အောက်မေ့ဖွယ်အခမ်းအနားကို မြို့တော်ပြုံယမ်းတွင် လူထောင်ပေါင်းများစွာ တက်ရောက်ပါဝင်ကျင်းပခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်**

**၉** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့်ဇနီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်အဖွဲ့အစည်းအဆင့်ဆင့်မှ ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်နှင့် ဂျပန်အောက်လွှတ်တော်အမတ်၊ ဂျပန်-မြန်မာပါလီမန်ဆိုင်ရာ ချစ်ကြည်ရေး ဥက္ကဋ္ဌ မစ္စတာအိချိယာအိုက်ဆာဝါတို့သည် နေပြည်တော်၌ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဗောရစ်ယဲ့လ်ဆင်သမ္မတစာကြည့်တိုက်အဆောက်အအုံ၌ ဇူလိုင်လ (၃) ရက်မှ (၄) ရက်အထိ အာရှဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့်ဘာသာရေးနှင့် ယဉ်ကျေးမှုအပြန်အလှန်ဆွေးနွေးပွဲ ကျင်းပရာ မြန်မာနိုင်ငံမှ သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ တက်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ၌ မဲရုံများပိတ်အပြီး နာရီပိုင်းအကြာမှာပင် သမ္မတလောင်းနှစ်ဦးစလုံးတို့က မိမိအနိုင်ရရှိသည်ဟု အပြန်အလှန် ထုတ်ပြန်ကြေညာခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနီးရှိ ဓာတုလက်နက် သိုလှောင်ရုံတစ်ခုမှ လက်နက်များကို ဆွန်နီ

စစ်သွေးကြွအုပ်စုက သိမ်းပိုက်ခဲ့သော်လည်း ယင်းလက်နက်များ၏ ဘေးအန္တရာယ်ပေးနိုင်မှုမှာ အလွန်နည်းပါးကြောင်း အမေရိကန်ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

**၁၁** အစ္စရေးနိုင်ငံမြောက်ပိုင်းကို လက်ဘနွန်နိုင်ငံမှ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ရာ အစ္စရေးတပ်မတော်က အမြောက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း လက်ဘနွန်တပ်မတော်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များနှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးသည်။

အစ္စရေးနှင့်ပါလက်စတိုင်းအကြား အပစ်အခတ်ရပ်စဲရန် တိုက်တွန်းသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အာဖဂန်စစ်သွေးကြွ အုပ်စုများ ဖွင့်လှစ်ထားသော အသေခံဗုံးခွဲရေးသမား လေ့ကျင့်ရေးလျှို့ဝှက်စခန်းတစ်ခုကို ပါကစ္စတန်နိုင်ငံ၌ ဖော်ထုတ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၄** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် စင်ကာပူနိုင်ငံရှိ Khoo Teck Puat ဆေးရုံသို့သွားရောက်ကြည့်ရှုလေ့လာပြီး ဝန်ကြီးချုပ်အိမ်တော် Istana ရောက်ရှိကာ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်တွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မလေးရှားနိုင်ငံ မေဘဏ်အဖွဲ့ ဒုတိယဥက္ကဋ္ဌမစ္စတာ ဒါတပ်ခ်လင်မ်ဟောင်တက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်နိုင်ငံတော် သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် စီဆောင်ဒုတိယထပ်အစည်းအဝေးခန်းမ၌ကျင်းပသော ဥပဒေကြမ်းများနှင့်စပ်လျဉ်းသော လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

(၂၀၁၄) ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းက အာဂျင်တီးနားအသင်းကို အနိုင်ရပြီးနောက် အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနိုအေရီတွင် အဓိကရုဏ်းများဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် အစွန်းရောက်စစ်သွေးကြွအုပ်စုတစ်စုအကြား ပြင်းထန်သည့်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၅** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းကို စင်ကာပူမြို့ရှိ သမ္မတအိမ်တော် Istana Palace သို့ သွားရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး မစ္စတာကင်ဆွတ်ချိုသည် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) ရုံးခန်းသို့ သွားရောက်၍ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီရုံးခန်းမှ အဖွဲ့ဝင်များကို မြောက်ကိုရီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးဖိတ်ခေါ်လိုပါကြောင်းပြောကြားပြီး မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး၊ မြောက်ကိုရီးယား၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**၁၆** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စင်ကာပူနိုင်ငံရှိ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဗျူရို (CPIP) သို့ရောက်ရှိပြီး စင်ကာပူ၏ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကိစ္စရပ်များကို လေ့လာသည်။ ထို့နောက် ITE West ကောလိပ်သို့သွားရောက်လေ့လာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၂၆/၂၀၁၄) ဖြင့် ခူမီး (ခမီး)

အမျိုးသားပါတီ (KHUMI (KHAMI) NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်လာသော ယမ်မာဆွမ်မုန်တိုင်းအန္တရာယ်ကြောင့် အနည်းဆုံးလူလေးဦးသေဆုံးကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အငြင်းပွားရေပိုင်နက်အတွင်း ရေနံတူးခြင်းကြောင့် ဗီယက်နမ်ကို အမျက်ဒေါသထွက်စေခဲ့သည့် ရေနံတူးစင်ကို လုပ်ငန်းဆောင်ရွက်မှုပြီးစီးသွားပြီဖြစ်၍ ဖယ်ရှားပေးနေပြီဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၇** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် စင်ကာပူမြို့တော်ခန်းမ TBC ၌ ပြုလုပ်သည့် မြို့တော်ဝန်နှင့်လူထုတွေ့ဆုံခြင်းအစီအစဉ်ကို တက်ရောက်လေ့လာသည်။

စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်စာကြည့်တိုက်သို့ World Bank Office Bangkok မှ စာအုပ်လှူဒါန်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် (စီ) ဆောင်စာကြည့်တိုက်နှင့် ဒုတိယ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့သို့ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအခြေအနေ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့ဝင်များသည် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပြီးနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် တွေ့ဆုံပြီး အင်းစိန် ဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ၎င်းသည် ကျူးဘားနိုင်ငံ၌ သူလျှိုစခန်းတစ်ခု ပြန်လည်ဖွင့်လှစ်ရန် သဘောတူညီမှုရရှိခဲ့သည်ဟူသော သတင်းမှာ မဟုတ်မမှန်ကြောင်း ငြင်းဆိုလိုက်သည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာ ကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဘိဆွန်းဂျိုးကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

စစ်ရေးပြင်ဆင်ထားမှု (၁၁) ရက်အကြာ အစ္စရေးစစ်တပ်က ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းစစ်သွေးကြွများကို မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှု စတင်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၃၀) ဖြင့် (၁၉၅၁) ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည်။

ဩစတြေးလျအစိုးရအဖွဲ့က ပါလီမန်သို့တင်သွင်းခဲ့သော လုံခြုံရေးဆိုင်ရာ ဥပဒေသစ်သည် သတင်းထောက်များကို ထိခိုက်စေလိုသောရည်ရွယ်ချက်မရှိကြောင်း၊ သတင်းထောက်များသာမက ပြည်သူများပါ ယင်းဥပဒေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမရှိကြောင်း ဩစတြေးလျ အထက်တန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အစိုးရအဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ကောင်စီရုံး ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည့် (၆၇) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ရည်စူး ကုသိုလ်အမျှပေးဝေခြင်း အခမ်းအနားသို့တက်ရောက်၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

(၆၇) ကြိမ်မြောက် အာဇာနည်နေ့တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုတရားသူကြီး

ချုပ် ဦးထွန်းထွန်းဦးတို့သည် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချပြီး အာဇာနည်ကြီးများကို အလေးပြု သည်။

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးဘက်က မြေပြင်ထိုးစစ်ဆက်လက်ဆင်နွှဲမှုကြောင့် ရက်သတ္တပတ်နှစ်ပတ်ခန့်ကြာမြင့်လာပြီဖြစ်သော ပဋိပက္ခအတွင်း သေဆုံးသူ (၃၀၀) ကျော်သွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြ သည်။

**၂၀** လူမှုတာဝန်သိသော သတင်းမီဒီယာနှင့်ပတ်သက်သောဆွေးနွေးပွဲ (Community Forum on Responsible Social Media in Myanmar) ကို ရန်ကုန်မြို့ MICT Park ၌ ကျင်းပသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဗင်နီဇွဲလားနိုင်ငံသို့ရောက်ရှိရာ မြို့တော် ကာရာကာ့စ်၌ တာဝန်ရှိသူများက အခမ်းအနားနှင့် ကြိုဆိုသည်။

**၂၁** မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ညမထွက်ရအမိန့်ကို ည (၉းဝဝ) နာရီမှ နံနက် (၃းဝဝ) နာရီအချိန်အထိ ပြင်ဆင်သတ်မှတ်ထုတ်ပြန်သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ရန်ကုန်မြို့ ဗြိတိသျှကောင်စီ British Council တို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအပေါ် လူမှုရေးသက်ရောက်မှု ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
လွမ်းသူ့ပန်းခွေချအလေးပြုစဉ်

**၂၂** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထိုင်းတွင် အာဏာသိမ်းထားသည့် စစ်တပ်က တင်ပြခဲ့သော ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက် အတည်ပြုထောက်ခံလိုက်ပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် ရုပ်သိမ်းမှုထုတ်လွှင့်သည့် စစ်တမ်းကောက်ယူမှု ရလဒ်များအရ ဂျကာတာမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဝီဒိုဒိုက ထောက်ခံမဲ (၅၃ ဒသမ ၁၅) ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ရုရှားလိုလားသော ယူကရိန်းခွဲထွက်ရေးသမား လက်နက်ကိုင်များသည် ပစ်ချခံခဲ့ရသော မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်၏ ပျံသန်းမှုအချက်အလက်များ မှတ်တမ်းတင်ကိရိယာနှင့် လေယာဉ်မှူးအခန်း၏ အသံ

မှတ်တမ်းတင်ကိရိယာတို့ကို မလေးရှားကျွမ်းကျင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၂၃** ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကနဦးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနှင့်ဂျပန် ကုမ္ပဏီအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည်။

**၂၄** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူနိုင်ငံ UOB ဘဏ်မှ Deputy Chairman & CEO မစ္စတာဝီအီချွန်းဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားသံတမန်အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ယူကရိန်းနိုင်ငံက ၎င်း၏ ဂျက်တိုက်လေယာဉ်နှစ်စင်းသည် နိုင်ငံအရှေ့ပိုင်း ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသည့် နယ်မြေပေါ်၌ ပစ်ချခြင်းခံခဲ့ရကြောင်း၊ ယင်းတို့ကို ထိမှန်သောဒုံးကျည်သည် ရုရှားနိုင်ငံဘက်မှ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အချိုးကျကိုယ်စားပြုစနစ်ဟု ခေါ်ဆိုသော PR စနစ်နှင့်ပတ်သက်သည့်အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့်မဲခွဲဆုံးဖြတ်ရာ လက်ခံဆွေးနွေးရန်သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အများစုက မဲပေးကြသည်။

**၂၅** တိုင်းရင်းသားများ၏ ပြည်လုံးကျွတ် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) ခေါင်းဆောင်များ အစည်းအဝေးကို ကချင်လွတ်မြောက်ရေးတပ်မတော်ဌာနချုပ် လိုင်ဇာ၌ ပထမနေ့အဖြစ် စတင်ကျင်းပသည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဦးအေးမြင့်၊ ဦးခင်ရီတို့နှင့်လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်မင်းအောင်နှင့်လည်းကောင်း နေပြည်တော်၌ သီးခြားစီတွေ့ဆုံသည်။

ဘာကီနာဖာဆိုမှ အယ်လ်ဂျီးရီးယားနိုင်ငံသို့အသွား ပျံသန်းစဉ် ခရီးသည် (၁၁၆) ဦးနှင့်အတူ ပျောက်ဆုံးသွားသော လေယာဉ်ပျက်ကို မာလီနိုင်ငံ၌ တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၂၆** ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် မြန်မာနိုင်ငံ၌ (၁၀) ရက်ကြာ ခရီးပြီးဆုံး၍ ပြန်လည်ထွက်ခွာခြင်းမပြုမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အထူးဧည့်ခန်းမဆောင်တွင် မီဒီယာတွေ့ဆုံပွဲ ပြုလုပ်သည်။

မန္တလေးဆူပူမှုဖြစ်စေရန် စတင်ခဲ့သည့် မုဒိမ်းမှုကို လီဆယ်တိုင်တန်းသူနှင့် နောက်ကွယ်မှ အားပေးအားမြှောက်ပြုသည့် ရဲထွန်း (ခ) သူရရဲထွန်း နှင့် အပေါင်းအပါနှစ်ဦးဖြစ်သူ မဟေမာကျော်နှင့် ဒေါ်မာလာတို့ကို ထိုင်းနိုင်ငံမဲဆောက်တွင် သက်ဆိုင်ရာက ဖမ်းဆီးရမိသည်။

အရပ်သားအများစုပါဝင်သော လူပေါင်း (၉၀၀) ကျော် သေဆုံးခဲ့ပြီးဖြစ်၍ အစ္စရေးနှင့်

ပါလက်စတိုင်း တိုက်ပွဲတွင် အချိန်ကာလပိုမိုကြာမြင့်သော အပစ်အခတ်ရပ်စဲရေးအချိန်အတိုင်းအတာတစ်ခု တည်ထောင်ရန် သံတမန်များက ကြိုးစားနေစဉ်မှာ လူသားချင်း ထောက်ထားသော (၁၂) နာရီကြာ အပစ်အခတ်ရပ်စဲရေးကို စတင်ကြောင်း စီအန်အန် သတင်းဌာနက ကြေညာသည်။

**၂၇** သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ သမ္မတအကြံပေးပုဂ္ဂိုလ်များ၊ မိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများပါဝင်တက်ရောက်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာန ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့်အရှိန်မြှင့်တင် ဆောင်ရွက်ရေး ဆွေးနွေးပွဲအခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည်။

ကုလသမဂ္ဂ၏ မေတ္တာရပ်ခံမှုအရ ဂါဇာတွင် (၂၄) နာရီ အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးက သဘောတူလက်ခံလိုက်သော်လည်း ပါလက်စတိုင်း စစ်သွေးကြွများက စတင်တိုက်ခိုက်လာလျှင် တုံ့ပြန်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်တပ်က သတိပေးပြောကြားလိုက်သည်ဟု ဘီဘီစီသတင်းကဖော်ပြသည်။

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီတွင် လုံခြုံရေးစိုးရိမ်ရသည့် အခြေအနေကြောင့် ယင်းမြို့ရှိ အမေရိကန်သံရုံးမှ ဝန်ထမ်းများကို ယာယီရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ဝါရှင်တန်က ပြောကြားသည်။



**လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ၌ လုံခြုံရေးရယူနေသည့် တပ်ဖွဲ့ဝင်များ**

**၂၈** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး မစ္စတာ ရီတတာခဲဒါကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဟောင်းနှင့် လွှတ်တော်အမတ် မစ္စတာ ဆာဆန်းမို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချရေးဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၆/၂၀၁၄) ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်တင်အောင်ချစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၇/၂၀၁၄) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ

ဖေသက်ခင်တို့ကို ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုသည်။

အမေရိကန်အနေဖြင့် အစ္စရေး၏ဒုံးကျည်ကာကွယ်ရေးစနစ် အတွင်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဆူဆန်ရိုက်စ်က ပြောကြားသည်။

ရုရှားနိုင်ငံသည် နျူကလီးယားခရုစ်ဒုံးကျည်စမ်းသပ်ခြင်းဖြင့် အဓိကလက်နက်ထိန်းချုပ်ရေး စာချုပ်ကို ချိုးဖောက်နေကြောင်း အမေရိကန်အစိုးရက ပြောကြားလိုက်သည်ဟု ဘီဘီစီသတင်းဌာနက ပြောကြားသည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် U.S-ASEAN Business Council (USABC) ဥက္ကဋ္ဌ မစ္စတာ အလက်ဇန်ဒါစီ၊ ဖဲလ်မန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အထူးတပ်ဖွဲ့အခြေစိုက်စခန်းကို ပြည်သူ့စစ်များနှင့် တိုက်ခိုက်ရေးသမားများက သိမ်းပိုက်လိုက်ကြောင်း တာဝန်ရှိသူများကပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၃၁** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် U.S-ASEAN Business Council (USABC) ဥက္ကဋ္ဌ မစ္စတာ အလက်ဇန်ဒါစီ၊ ဖဲလ်မန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ဦး (ရွှေပြည်သာ) မဲဆန္ဒနယ်သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိသော ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ (၁/၂၀၁၄) ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားနေသော စစ်ပွဲအတွင်း အမေရိကန်လက်နက်များကို အစ္စရေးအား အသုံးပြုခွင့်ပေးလိုက်သည်ဟု ပရက်စ်တီဗွီသတင်းက ဖော်ပြသည်။

## ဩဂုတ်လ

**၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံရာတွင် ဂျာနယ်လစ် များ နစ်နာမှုမရှိစေရန် သမ္မတ၏ လုပ်ပိုင်ခွင့်အတွင်းမှ ဥပဒေအကြောင်းအရ မျှတစွာဆောင်ရွက်ပေးမည်ဟု ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရသက်တမ်းသုံးနှစ်ကျော်ကာလအတွင်း ပြစ်တင်ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးအကျပ်အတည်းများအားလုံးကို ပြည်သူလူထု၏ လိုလားချက်များအပေါ် ရှေးရှုသည့် အဖြေရှာမှုမျိုးနှင့်သာ ချဉ်းကပ်ဆောင်ရွက်ခဲ့ကြောင်း အများပြည်သူသို့ပြောကြားသည့် လစဉ်ရေဒီယိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ (၂၀၁၅) ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးမည်ဆိုသည့် ကတိတည်/မတည် စောင့်ကြည့်ရန် ထည့်သွင်းပြောကြားသည်။

မေလ (၂၈) ရက်က စတင်ကျင်းပခဲ့သည့် ပထမအကြိမ် လွှတ်တော်ဒသမပုံမှန်အစည်းအဝေးများ ကျင်းပပြီးဆုံးသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၁၈/၂၀၁၄) ဖြင့် ဦးရဲထွဋ်နှင့် ဒေါက်တာသန်းအောင်တို့အား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR) တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် အရွယ်မရောက်မီ တပ်မတော်အတွင်း စစ်မှုထမ်းခဲ့ရသော ကလေးစစ်သား (၉၁) ဦးကို ရန်ကုန်မြို့ အမှတ် (၁) စစ်ကြောရေးစခန်း၌ နုတ်ထွက်ခွင့်ပြုသည်။

အီဘိုလာဗိုင်းရပ်စ်ကာကွယ်ရေးနှင့်ပတ်သက်၍ ဂီနီ၊ ဆီရာလီယွန်၊ လိုက်ဘေးရီးယား၊ အိုင်ဗရီကို့စ်စသည့် အနောက်အာဖရိက လေးနိုင်ငံခေါင်းဆောင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြီးအကဲ မဂရက်ချန်တို့သည် တော်ကိုနာတရီ၌ တွေ့ဆုံဆွေးနွေးသည်။

၂ အမေရိကန်ပြည်ထောင်စုမှ လွှတ်တော်အမတ် (၇၀) ကျော်က မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများသည် နိုင်ငံ၏လမ်းကြောင်းကို အဆိုးဘက်သို့ ပြောင်းလဲသွားနေစေသည့်အတွက် နှစ်နိုင်ငံကြားဆက်ဆံရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း မြန်မာအစိုးရအား သတိပေးရန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကို တောင်းဆိုလိုက်သည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

၄ Bi မွန်းတည့်နေဂျာနယ်မှ သတင်းထောက်လေးဦးနှင့် ပိုင်ရှင်နှစ်ဦးကို ထောင်ဒဏ်နှစ်ရှည်ချမှတ်နိုင်သည့် အရေးပေါ်စီမံမှုအက်ဥပဒေအစား ပြစ်ဒဏ်သက်သာသော နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းတရားရုံးက ပြောင်းလဲစစ်ဆေးသည်။

ညနေ ၃ နာရီ ၄၁ မိနစ် ၂၄ စက္ကန့်က ရန်ကုန်မြို့ကို ဗဟိုပြု၍ အင်အားရစ်ချက်စကေး ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိ ငလျင်လှုပ်ခတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ငလျင်ဌာနက သတင်းထုတ်ပြန်သည်။

၅ စစ်တွေမြို့ ပြည်နယ်အထွေထွေဆေးရုံကြီးတွင် ကုသမှုခံယူနေသော ကလေးတစ်ဦးတွင် အီဘိုလာရောဂါဖြစ်ပွားနေခြင်းမဟုတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသတင်းမှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

ဗြိတိန်ဝန်ကြီးအဖွဲ့တွင် ပထမဆုံးမွတ်ဆလင်ဖြစ်သည့် နိုင်ငံခြားရေးရုံးဝန်ကြီး ဘာရွန်နတ်စ်စာရီဒါဝါစီသည် ရာထူးမှ ရုတ်တရက်နုတ်ထွက်သွားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် ဟွန်ဆန်၏ အာဏာရကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) က မဲလိမ်မှုရှိသည်ဟူသော အငြင်းပွားဖွယ်ရွေးကောက်ပွဲကြောင့် ပါလီမန်ကို တစ်နှစ်ကြာသပိတ်မှောက်ခဲ့သည့် ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင် ဆမ်ရိမ်စီနှင့်၎င်း၏ပါတီဝင် (၅၄) ဦးသည် ပါလီမန်အမတ်များအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

၆ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၀/၂၀၁၄) ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းကို သမ္မတရုံးဝန်ကြီးဌာန (၁) သို့လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန (၁) မှ ဒေါက်တာဝင်းမြင့်ကို ကျန်းမာရေးဝန်ကြီးဌာနသို့လည်းကောင်းအဆင့်တူဖြင့်တာဝန်ပြောင်းလဲပေးအပ်သည်။

အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲရလဒ်ကို ဥပဒေကြောင်းအရ စိန်ခေါ်ခဲ့သော ဗိုလ်ချုပ်ဟောင်း ပရာဘိုပိုဆူဘီယန်တိုက အင်ဒိုနီးရှားသည် အကြွင်းမဲ့အာဏာရှင်မြောက်ကိုရီးယားနိုင်ငံနှင့် ဆင်တူနေသည်ဟု တရားရုံးတွင် ဒေါသတကြီး ဝေဖန်လိုက်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

အစ္စရေးနှင့်ပါလက်စတိုင်းဟားမတ်စ်တို့အကြား တိုက်ခိုက်မှုဖြစ်ပွားနေသော ဂါဇာဒေသကို ပြန်လည်တည်ဆောက်ရေးအတွက် ကူညီရန် ကုလသမဂ္ဂက အဆင်သင့်ရှိနေသော်လည်း နောက်ဆုံးအကြိမ်ကူညီခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးသည်။

၇ အပြစ်မဲ့ ပြည်သူများကို အစုအပြုံလိုက်သတ်ဖြတ်မှုတွင် အပြစ်ရှိ

ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ခမာနီအစိုးရခေါင်းဆောင်ဟောင်းများကို ကမ္ဘောဒီးယား၏ ကျော ထောက်နောက်ခံပြုခုံရုံးက ထောင်ဒဏ်တစ်သက်ချမှတ်သည်။

**၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၁) ၌ ကျင်းပသည့် (၄၇) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲနှင့် (၄၇) ကြိမ်မြောက် အာဆီယံနေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့၌ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ဒီမိုကရေစီရေးတောင်းဆိုသူများက ရှစ်လေးလုံး (၂၆) နှစ်ပြည့် အခမ်းအနားကို နံနက် (၈) နာရီ (၈) မိနစ်တွင် ကျင်းပသည်။

အီရတ်တွင် လူမျိုးတုံး သတ်ဖြတ်မှုကို ကာကွယ်ရန်အတွက် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ရန် အိုဘားမားညွှန်ကြားပြီးနောက် အမေရိကန်ဂျက်တိုက်လေယာဉ်များက အီရတ်မြောက်ပိုင်း ဂျီဟတ်များလွှမ်းမိုးရာဒေသသို့ စတင်ဗုံးကြဲတိုက်ခိုက်သည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ပါလီမန်တွင် ပထမဆုံးအကြိမ် အမျိုးသားဥပဒေပြုလွှတ်တော်ကို စတင်ကျင်းပသည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်း ရာကာပြည်နယ်ရှိ ဆီးရီးယားစစ်တပ်၏ အဓိကစခန်း Brigade 93 ကို အစ္စလာမ္မစ်နိုင်ငံ အိုင်အက်စ် အဖွဲ့မှ ဂျီဟတ်ဝါဒီများက ညလုံးပေါက် တိုက်ခိုက်ပြီးနောက် သိမ်းယူခဲ့သည်ဟု ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ထုတ်ပြန်သည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ**

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဂျွန်ကယ်ရီကို လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးသည်။

အမေရိကန်သည် (၂၀၁၂) ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံအတွက် ဒေါ်လာသန်း (၂၀၀) ကျော် ထောက်ပံ့ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ်၊ ရုရှား၊ အီးယူ၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ကနေဒါနိုင်ငံတို့ အကြား ဝန်ကြီးအဆင့်အစည်းအဝေးများကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ဆက်တိုက်ပြုလုပ်သည်။

**၁၀** အီရတ်နှင့် ဆီးရီးယားတို့တွင် အစ္စလာမ္မစ်စစ်သွေးကြွများ အားကောင်းလာမှုအတွက် သမ္မတ ဘားရက်အိုဘားမား၏ အမေရိကန် မူဝါဒများအရေးနိမ့်မှုကို နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်က အပြစ်တင်ခဲ့ကြောင်း အင်တာဗျူးတစ်ခုတွင် ဖော်ပြသည်

ဟု အေအက်ဖ်ပီသတင်းဌာနက ရေးသားသည်။

တူရကီနိုင်ငံတွင် ပထမဆုံး တိုက်ရိုက်မဲထည့်စနစ်ဖြင့် ကျင်းပသောသမ္မတ ရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ်ရီဆပ်တေရစ် အာဒိုဂန် အနိုင်ရရှိသည်။

**၁၁** ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းသည် နေပြည်တော်၊ ပြည်သူ့လွှတ်တော် ဝင်းအတွင်း၌ သတင်းထောက်များ နှင့်တွေ့ဆုံရာတွင် ပုဒ်မ (၄၃၆) ပြင်ဆင်ရေးလက်မှတ်ရေးထိုးလှုပ်ရှားမှုသည် ဖွဲ့စည်းပုံပြင်ဆင်ရေးကော်မတီအပေါ် ထိုက်သင့်သည့် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ထည့်သွင်းပြောကြားသည်ဟု ပုဂ္ဂလိက သတင်းစာများက ဖော်ပြသည်။

အမေရိကန်သည် တောင်တရုတ်ပင်လယ်ပြင်တွင် တင်းမာမှုများ ပြင်းထန်လာစေရန် ရည်ရွယ်လှုံ့ဆော်နေကြောင်း၊ ၎င်းတို့၏ အကြံပြုချက်များကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အစွန်းရောက်များကို ပြန်လည်တိုက်ထုတ်ရန် ကြိုးပမ်းနေသော ကာ့ဒ်များအား လက်နက်တပ်ဆင်ပေးရန် အမေရိကန်က အပူတပြင်းကြိုးပမ်းနေချိန်တွင် အီရတ်၏ အငြင်းပွားဖွယ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီကို ထောက်ခံမှုအား အမေရိကန်သမ္မတဘားရက် အိုဘားမားက ရုပ်သိမ်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

**၁၂** (၆၄) နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့၊ ပြည်လမ်း၊ ယုဒသန်ဝင်းအတွင်းရှိ ဂျဒ်ဆင်ခန်းမ၌ ပထမဆုံးအကြိမ် ကျင်းပသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒေါ်လာဘီလျံနှင့်ချီတန်ဖိုးရှိသော လက်နက်တင်ပို့မှုအား အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟု အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာအယ်စီစီကို ကတိပေးပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်က ပါကစ္စတန် ရွေးကောက်ပွဲတွင် မဲလိမ်မှုများရှိသည်ဟူသော စွပ်စွဲချက်များကို တရားရုံးက စစ်ဆေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နဝပ်ရှုရစ်က ကြေညာသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့သည် နေပြည်တော်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများအား မျက်စိအခမဲ့ကုသပေးနေမှုကို ကြည့်ရှုသည်။

**၁၄** ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် မြန်မာနိုင်ငံ မစ်ဆူရီဘဏ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ နိုရိုအေတီဟာရာရှိ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌဦးတင်မောင်ဦးသည် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုဖြစ်စေမည့် ရွေးကောက်ပွဲစနစ်ကို လေ့လာရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**၁၆** အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ် မြင်းတဲကျေးရွာနှင့် သိမ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့ကို အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၇** ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းရုံးခန်းတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင်များ တွေ့ဆုံ၍ မီဒီယာကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းကော်မတီ ပဥ္စမအကြိမ်မြောက် အစည်းအဝေး

တွင် အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက် (၃၁) ချက်အနက်(၂၆) ချက်ကို သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း နှစ်ဖက်ပူးတွဲသတင်းထုတ်ပြန်သည်။

ယူကရိန်းအစိုးရ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ခွဲထွက်ရေးသမားများ သိမ်းပိုက်ထားသည့် လူဟန့်စ်ခ်မြို့အနီး၌ ပစ်ချခံရကြောင်း ယူကရိန်းစစ်ဘက်မှပြောကြားသည်။

**၁၈** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသည့် လူသားဗဟိုပြုစီမံကိန်း ပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့ အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲသို့တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် သုံးရက်တာကျင်းပခဲ့သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လုပ်ငန်းစဉ်ဆွေးနွေးပွဲမှထွက်ပေါ်လာသောရလဒ်များကို ကျေနပ်အားရမှုရှိကြောင်း တိုင်းရင်းသားနိုင်ငံရေးပါတီများက ထုတ်ဖော်ပြောကြားသည်။

လက်နက်အပြည့်အစုံကိုင်ဆောင်ထားသည့် လူများက ဆော်ဒီအာရေးဗီးယားနိုင်ငံမှ မင်းသားတစ်ဦးပါယာဉ်တန်းကို စီးနင်းကာ ယူရိုငွေ (၂၅၀,၀၀၀) လုယက်သွားကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**၁၉** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဗြိတိန်နိုင်ငံသံအမတ်ကြီးမစ္စတာ အင်ရူးတက်ထရစ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီအခြေစိုက် မဟာဗျူဟာနိုင်ငံတကာလေ့လာရေးဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဂျေ၊ စတက်ဖင်မောရစ်စန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုနေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလာမ္မာဘတ်မှ ဒေသတစ်ခုကို လုံခြုံရေးအရ အတင်းကျပ်ဆုံးအဖြစ် သတ်မှတ်လိုက်ပြီးနောက် အစိုးရအား ဆန့်ကျင်ဆန္ဒပြသူများကို ခေါင်းဆောင်နေသည့် အင်မရန်ခန်းက ယင်းဒေသအတွင်းသို့ ဝင်ရောက်ချီတက်ရန် ဆန္ဒပြသမားများအား တိုက်တွန်းခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၂၀** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၀၁၄/၂၀၁၅) ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးကို တက်ရောက်အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်ရုံးက ကြေညာချက်အမှတ် (၆/၂၀၁၄) ဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်တွင် လည်းကောင်း၊ ကြေညာချက်အမှတ် (၂/၂၀၁၄) ဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်တွင်လည်းကောင်း၊ ကြေညာချက် အမှတ် (၂/၂၀၁၄) ဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်း အဝေးကို (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထိုင်းနိုင်ငံ၌ အသစ်ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော်က ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်မည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးတာနာဆတ်ပတီမားပရာဂွန် ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

**၂၃** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ (Organization for the Prohibition of Chemical Weapons-OPCW) တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention) ဆိုင်ရာအသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

**၂၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အရှေ့အာရှစီးပွားရေးဆိုင်ရာ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန ဝန်ကြီး မစ္စတာ ဒက်စ်မွန်ဆွင်း ဦးဆောင် သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပဲခူးတိုင်းအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး စားသောက်နေထိုင်ရေး၊ ကျန်းမာရေးကိစ္စများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေလွှမ်းမှုကြောင့် မိုးစပါးပျက်စီးမှု ထိခိုက်မှုများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ငွေကျပ် (၁၀၄၇) သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည်။

ဒုတိယအကြိမ်မြောက် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပသည်။

အီဂျစ်နိုင်ငံက ကြားဝင်စေ့စပ်ပေးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့က လက်ခံလိုက်ပြီဖြစ်ရာ ရက်သတ္တပတ် ခုနစ်ပတ်ကြာမြင့်ခဲ့သော စစ်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ယင်းစစ်ပွဲတွင် နှစ်ဖက်စလုံးမှ လူပေါင်း (၂၂၀၀) ကျော် သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၅** နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် ဘရူနိုင်း ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် (၁၉) နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် မြန်မာနိုင်ငံအစိုးရနှင့် ရုရှား



**ဒုတိယသမ္မတဦးညာဏ်ထွန်းနှင့် အဖွဲ့ဝင်များ သန်းခေါင်စာရင်း ကောက်ယူနေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်**

ဖက်ဒရေးရှင်းနိုင်ငံတို့အကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုပွဲနှင့် ကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်သည်။

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ ရွှေ့ပြောင်းလူဦးရေစာရင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာရာတွင် (၂၀၁၄) ခုနှစ်၊ မတ်လ (၂၉) ရက် ညသန်းခေါင်အချိန်၌ ရှိနေကြသော မြန်မာနိုင်ငံ၏ လူဦးရေမှာ (၅၁၄၁၉၄၂၀) ဦးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဆီးရီးယားနိုင်ငံအတွင်းမှ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူဦးရေ သုံးသန်းကျော်မှာ နေအိမ်များမှ စွန့်ခွာထွက်ပြေးနေရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

လစ်ဗျားနိုင်ငံအတွင်း အာဏာပိုင်စိုးရေး ရုန်းကန်လှုပ်ရှားမှုများကို အဆုံးသတ်နိုင်စေရေးအတွက် လစ်ဗျားအစိုးရဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်သီနီသည် ၎င်း၏ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၃၀** ဒုတိယသမ္မတဦးညာဏ်ထွန်းသည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁/၂၀၁၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းမြင့်ဒေသ၌ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် ဆီးရီးယားလက်နက်ကိုင်အဖွဲ့များ၏ ဝိုင်းပိတ်ထားမှုခံနေရပြီး တိုက်ခိုက်မှုများလည်း ခံခဲ့ရကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဘော်လ်တဲယားဂက်ဇ်မင်က ပြောကြားသည်။

## စက်တင်ဘာလ

**၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံများသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်မှထွက်ခွာသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် နေပြည်တော် သင်္ဂဟဟိုတယ်၌ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂ EU (IMMG) Project တို့ ပူးပေါင်းကျင်းပသည့် လူစုလူဝေးစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ကမ္ဘာလှည့်ခရီးသွားများ လွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် e-Visa စနစ် စတင်ခွင့်ပြုသည့် ဖွင့်ပွဲအခမ်းသို့တက်ရောက်၍ အနားကျင်းပရာ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထိုင်းဘုရင်က ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သော ထိုင်းနိုင်ငံ အာဏာသိမ်းခေါင်းဆောင် ပရာယုချန်အိုချာသည် အစိုးရအဖွဲ့ဝန်ကြီးများအမည်စာရင်းကို ထိုင်းဘုရင်သို့ တင်သွင်းထားရာ ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

လုံခြုံရေးတပ်များက အစိုးရဆန့်ကျင်ဆန္ဒပြသူများကို အစ္စလာမ္မာဘတ်ရှိ ၎င်း၏ဌာနချုပ်မှ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်အမျိုးသား ရုပ်မြင်သံကြား ချန်နယ်က ပြန်လည်ထုတ်လွှင့်ခဲ့သည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဂျာမနီနိုင်ငံ ဖရန့်ဖက်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး၊ ဂျာမနီနိုင်ငံ သံတမန်ရေးရာဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ ဆူမီတိုမို မီဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာတာကီရှီကွန်ဘေးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အစိုးရတပ်များနှင့် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဘိုကိုဟာရမ်စစ်သွေးကြွများသည် နိုင်ဂျီးရီးယားနိုင်ငံမှ ဘာလ်မာမြို့ကို သိမ်းယူခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စလာမ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) သည် အီရတ်မြောက်ပိုင်းတစ်ခွင်တွင် လူနည်းစုတိုင်းရင်းသားများကို လူမျိုးတုံးသတ်ဖြတ်မှုများ ကျူးလွန်သည့် သက်သေအထောက်အထားများရရှိထားကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီး (Amnesty International) က စွပ်စွဲပြောကြားသည်။

၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် Wind Park (Energy Fufficient Feld heim Village) သို့ သွားရောက်လေ့လာသည်။

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ နိုင်ငံတကာစာအုပ်ပွဲတော်ကို ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၄ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုချင်ဂေါက်ခ်တို့သည် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဂျာမနီသမ္မတအိမ်တော်၌ တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၂၀ တွင်ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ရှိ အရေးပေါ်ပေါင်းစပ်ရေးစင်တာ (ECC) ရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရောက်ရှိနေသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း (၂၃) ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

သြစတြေးလျဝန်ကြီးချုပ်တိုနီအက်ဘော့တ်သည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် အယ်လ်ခိုင်ဒါအဖွဲ့ခွဲထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပြည်နယ်များ၌ လုံခြုံရေးတပ်လှန့်လိုက်ကြောင်း ကြေညာသည်။

၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဘန်းမြို့ Hotel Bellevue Palace ၌ ဆွစ်ဇာလန်နိုင်ငံ NZZ သတင်းဌာနမှ တာဝန်ရှိသူကို လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဖွဲ့ဝင်များနှင့်အတူ ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးရုံး ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများကို လက်ခံဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မှ ထွက်ခွာသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရတနာပုံတယ်လီပို့ မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ ပူးပေါင်း၍ အင်တာနက်အသုံးပြု လျှပ်စစ်မီတာခပေးဆောင်သည့်စနစ် (Online Electricity Billing System) ကို စတင်၍ ရန်ကုန်မြို့ရှိ မြို့နယ်ငါးခု၌ Ypay (Online Payment Gateway) ၏ e-Billing. Ypay.Com.mamm ဝက်ဘ်ဆိုက်အသုံးပြုကာ လစဉ်အသုံးပြုနိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဈူကလီးယားဓာတ်ပေါင်းဖိုစက်ရုံ လည်ပတ်နေဖွယ်ရှိကြောင်း ကုလသမဂ္ဂ အဏုမြူစွမ်းအင်လေ့လာစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုနှင့် ရုရှားလိုလားသောခွဲထွက်ရေးအဖွဲ့ခေါင်းဆောင်တို့သည် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိမည်ဆိုပါက အပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၆ ဆွစ်ဇာလန်နိုင်ငံ၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘန်းမြို့နယ်အတွင်းရှိ အသုံးချသိပ္ပံပညာရေးတက္ကသိုလ်သို့ သွားရောက် ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရောင်တန်စန်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာက ဖိလစ်ပိုင်ကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိသည်။

၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ ထွက်ခွာရာ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ် လားရှိုးမြို့အနီး၌ ဆောင်ရွက်လျက်ရှိသည့် ထင်းရှူးမြိုင်မြို့ ကွက်သစ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်မြို့ အမှတ် (၁၀) ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ ညှိနှိုင်းတိုင်ပင်ချက်များအရ ယခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆိုမာလီယာနိုင်ငံမှ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အယ်လ်ရှာဘက်အဖွဲ့က ခေါင်းဆောင်သစ်တစ်ဦး ရွေးကောက်တင်မြှောက်ကြောင်းနှင့် ၎င်းသည်အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည့် အဆိုပါအဖွဲ့၏ ခေါင်းဆောင် ဂိုဒေး၏နေရာကို အစားထိုးဆက်ခံမည့်ခေါင်းဆောင်ဖြစ်ကြောင်း ဘီဘီစီက ထုတ်ပြန်သည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ တိုက်ပွဲများဖြစ်ပွားသဖြင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး အနည်းဆုံးလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၈ နယ်သာလန်နိုင်ငံ၌ ရောက်ရှိ

နေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် နယ်သာလန်နိုင်ငံရှိ Maeslandtkering ရေထိန်းတံတားကို ကြည့်ရှုလေ့လာသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် မူဆယ်မြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇို အာဘေးသည် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

သမ္မတဘားရက်အိုဘားမားကအိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်မည့် အမေရိကန်အစိုးရအဖွဲ့၏ အစီအစဉ်နှင့်ပတ်သက်၍ ယခုရက်သတ္တပတ်အတွင်း ပြည်သူများကို ရှင်းလင်းတင်ပြမည်ဖြစ်ပြီး အမတ်များနှင့်လည်း ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၌ အစိုးရအဖွဲ့သစ်ဖွဲ့စည်းလိုက်ခြင်းကို ကြိုဆိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်ဟု ဗီတီအိုင်သတင်းဌာနက ဖော်ပြသည်။

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် နယ်သာလန်နိုင်ငံရှိ Tomato World ဖန်လုံအိမ်စိုက်ပျိုးရေးဗဟိုဌာနကို ရောက်ရှိကြပြီး ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် ခရမ်းချဉ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာသည်။

ဒုတိယ သမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် လားရှိုးမြို့ဘာသာမရွေးနာရေးကူညီမှုအသင်းအတွက် လှူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။ လားရှိုးပညာရေးကောလိပ်ဆိုင်းဘုတ်ကိုလည်း ဖွင့်လှစ်ပေးသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးသို့တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အိန္ဒိယနိုင်ငံသည် မလေးရှားနိုင်ငံနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆန္ဒရှိကြောင်း ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ပြောကြားသည်ဟု ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆဖရိုင် ဆမ်ဆိုဒင်နှင့် အဖွဲ့ဝင်များကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အိန္ဒိယအမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီသည် ပါကစ္စတန်နိုင်ငံအတွက် သူလျှိုပြုလုပ်မှုဖြင့် သီရိလင်္ကာနိုင်ငံသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုင်းတပ်မတော်က အာဏာသိမ်းခဲ့ပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟုသော နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စွပ်စွဲချက်ကို ထိုင်းစစ်ဘက်က ပယ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် တောင်ဆူဒန်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ ပါဝင်ကူညီနိုင်ရန် စစ်သည် (၇၀၀) ကို စတင်

ဖြန့်ကြက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံထုတ် ဝေါစထရီသတင်းစာက ရေးသားဖော်ပြသည်။

**၁၃** လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်၏ လူ့အခွင့်အရေးပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ Park Royal ဟိုတယ်၌ စတင်ကျင်းပသည်။

အီရတ်နှင့်ဆီးရီးယားနိုင်ငံရှိ အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများကို တန်ပြန်တိုက်ခိုက်ရာတွင် အီဂျစ်နိုင်ငံသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ကိုင်ရိုမြို့သို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၁၄** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် အာဆီယန်ပါလီမန်များ၏ (၃၅) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့်



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**
**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်တွေ့ဆုံစဉ်**

အခြေအနေများနှင့်စပ်လျဉ်း၍ မြို့နယ်အဆင့်ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရှင်းလင်းပွဲကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**၁၅** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာဗဟို ကော်မတီ၏ (၂၀၁၄) ခုနှစ် ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ နန်နင်းမြို့၌ကျင်းပမည့် (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နန်နင်းမြို့သို့ ရောက်ရှိသည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုသမ္မတ၊ ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများနှင့် သီးခြားစီ တွေ့ဆုံသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန တို့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ်အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပသည်။

ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်ဒေးက အမေရိကန် ဦးဆောင်သောညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ကြသည့်နိုင်ငံများ၏ အီရတ် ညီလာခံကို ဖွင့်လှစ်ပေးစဉ်တွင် အစ္စလာမ္မစ်နိုင်ငံစစ်သွေးကြွများ၏ ခြိမ်းခြောက်မှုကို ကိုင်တွယ်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုက်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

**၁၆** ဒုတိယသမ္မတဦးညဏ်ထွန်း သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် တရုတ်- အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်- အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနား သို့ တက်ရောက်သည်။

(၃၅) ကြိမ်မြောက် အာဆီယံ ပါလီမန်များ အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားကို လာအိုပြည်သူ့ သမ္မတနိုင်ငံ Domchan Palace Hotel ၌ စတင်ကျင်းပသည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံ (၆၉) ကြိမ်မြောက် အစည်း



**ဒုတိယသမ္မတ ဦးညဏ်ထွန်း (၁၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် တက်ရောက်အမှာစကားပြောကြားစဉ်**

အဝေးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာန ချုပ်၌ စတင်ကျင်းပသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင် သည် ပိုးလမ်းမကုန်သွယ်ရေးဇုန် များ ထူထောင်ရန် ဦးတည်ချက်ဖြင့် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံရှိ ပေါက်ကွဲ ရန် လှုပ်ရှားမှုအများဆုံး မီးတောင် တစ်လုံး၏ ဝန်းကျင်၌ နေထိုင်သူ ဒေသခံပြည်သူ ထောင်ပေါင်းများစွာ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှု များ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၁၇** ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Domchan Palace Hotel ၌ကျင်းပလျက်ရှိသော (၃၅) ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံ၏ ကော်မတီအစည်း အဝေးများသို့ တက်ရောက်ပြီး အာဆီယံ (၁၀) နိုင်ငံမှ လွှတ်တော် ကိုယ်စားလှယ်များ၏ ပါဝင်ဆွေး နွေးမှုများကို ကြည့်ရှုလေ့လာသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင် သည် အိန္ဒိယနိုင်ငံသို့ ပထမဆုံး အကြိမ် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိလာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ် ပြန်သည်။

ယူကရိန်းနိုင်ငံနှင့် ဥရောပ သမဂ္ဂ (အီးယူ) ပါလီမန်တို့က နိုင်ငံ ရေးနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ကို တရားဝင် အတည်ပြုခဲ့ပြီဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

**၁၈** ဒုတိယသမ္မတ ဦးညဏ်ထွန်း သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် အာဆီယံ -တရုတ် ကုန်စည်ပြပွဲနှင့် ထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန် လည်ထွက်ခွာခဲ့ပြီး ယူနန်ပြည်နယ် ကူမင်းမြို့၌ ခရီးတစ်ထောက်

ရပ်နားစဉ် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး မစ္စတာ ချင်ကွင်းယုံနှင့် တွေ့ဆုံသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ရန်ကုန်မြို့ချက်ထရီယမ်ဟိုတယ်၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ယူနက်စကိုနှင့် ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် တတိယအကြိမ် မြန်မာ့သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အချက် (၁၀) ချက်ပါသော သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ရာတွင် ပြည်သူများ တိုင်ကြားစာပို့ပါက ဥပဒေပါ သတ်မှတ်ချက်များအတိုင်း ပြည့်စုံစွာ တင်ပြတိုင်ကြားရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် သတင်းထုတ်ပြန်ချက်များကို အခါအားလျော်စွာ အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယူနိုက်တက်ကင်းဒမ်းမှ ခွဲထွက်ကာ လွတ်လပ်ရေးရရှိလိုခြင်း ရှိ၊ မရှိ ဆန္ဒထုတ်ဖော်နိုင်မည့် လူထုဆန္ဒခံယူပွဲကို စကော့တလန်နိုင်ငံ၌ ကျင်းပသည်။

ဖီဂျီနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲကျင်းပလျက်ရှိရာ ယခင်စစ်အာဏာသိမ်းခေါင်းဆောင် တာဝန်ယူသည့် ပါတီက ထောက်ခံမဲအပြတ်အသတ်ရရှိကာ ဦးဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဩစတြေးလျနိုင်ငံအတွင်း၌ နမူနာပြသတ်ဖြတ်မှုများ ပြုလုပ်ရန် အစ္စလာမ္မစ်နိုင်ငံ ထိပ်တန်းစစ်သွေးကြွတစ်ဦးက တိုက်တွန်းပြောကြားလိုက်သည့်အတွက် ရဲတပ်ဖွဲ့က အကြမ်းဖက်မှုတိုက်ဖျက်ရေး အကြီးစားစစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးချုပ် တိုနီအက်ဘော့တ်ကပြောကြားသည်။

**၂၁** ဆီးရီးယားစစ်ရှောင်ဒုက္ခသည် (၆၆၀၀၀) ခန့်သည် နယ်စပ်ဒေသကိုဖြတ်ကျော်၍ တူရကီနိုင်ငံအတွင်း ဝင်ရောက်ခဲ့ကြောင်း တူရကီအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အလယ်ပိုင်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနအနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း နိုင်ငံပိုင်သတင်းစာ၏ ဝက်ဘ်ဆိုက်က ဖော်ပြသည်။

အနုပညာရှင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ လူထုလူတန်းစားအသီးသီးမှ ပုဂ္ဂိုလ်များသည် ရာသီဥတုပြောင်းလဲမှု ပြဿနာကို ကမ္ဘာ့နိုင်ငံများက အရေးကြီးသည့် ပြဿနာတစ်ရပ်အဖြစ် အရေးယူဆောင်ရွက်ကြရန် တပ်လှန့်နှိုးဆော်သည့်အနေဖြင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ လူထုချီတက်ပွဲ ပြုလုပ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

**၂၂** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ငုယင်ဘတ်စွန်းကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ မစ္စတာ ကင်ယောင်မော့ခ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယီမင်အစိုးရနှင့် ရှီးယိုက်သူပုန်တို့သည် ပြည်သူ (၁၄၀) ကျော် အသက်ဆုံးရှုံး၍ ထောင်ပေါင်းများစွာ နေအိမ်စွန့်ခွာထွက်ပြေးစေခဲ့သော အကြမ်းဖက်တိုက်ခိုက်ခြင်းများ ရပ်ဆိုင်းစေရန် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးသည်။

**၂၃** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသော (၃၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စား

လှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို ကုလသမဂ္ဂထိပ်သီးညီလာခံ၌ စတင်ဖွင့်လှစ်သည်။

၂၄ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်က အခမ်းအနားဖြင့် ကြိုဆိုသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် သံအမတ်ကြီး (အငြိမ်းစား) ဦးဝင်းမြဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် (၁၁) ဦးပါရှိသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းသည်။

(၁၄) ကြိမ်မြောက် အာဆီယံ + ၃ နိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အမေရိကန်ဦးဆောင်၍ လေကြောင်းမှတိုက်ခိုက်ခြင်းသည် အစ္စလာမ့်စ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွကို ဖြိုခွင်းနိုင်ခဲ့ကြောင်း၊ သို့သော် ၎င်းတို့ကိုတိုက်ခိုက်ရာမှာ အချိန်ကာလ နှစ်နှင့်ချီ၍ ကြာမြင့်မည်ဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဘီဘီစီသို့ ပြောကြားသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ကြည့်ရှုစစ်ဆေးစဉ်**

၂၅ လေးကြိမ်မြောက် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အရည်အသွေးကြီးကြပ်ရေး၊ စိစစ်ရေးနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

မြန်မာနိုင်ငံက ပထမဆုံးအကြိမ်ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ် စစ်သွေးကြွ (၂၆၀) ကျော် လက်နက်ချခဲ့ကြကြောင်း စစ်ဘက်ကပြောကြားသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၆ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ မိတ်ဆွေများအဖွဲ့မှ အမည်ပြောင်းလဲဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံတော် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းအဝေးသို့ တက်ရောက်သည်။

၂၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံသို့

ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဆက်လက် ထွက်ခွာသည်။

နိုင်ငံအတွက်ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးနစ်နာနေသော အဂတိလိုက်စားမှုအရှုပ်တော်ပုံကြောင့် ကျောက်မီးသွေးတူးဖော်ခွင့်လိုင်စင်အားလုံးနီးပါးကို အိန္ဒိယတရားရုံးချုပ်က ပယ်ဖျက်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၂၉** ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်ဇနီးတို့သည် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ National Cemetery ၌ ပန်းခွေချအလေးပြုပြီး Pyeongtaek ရှိ Naval 2ND Fleet Commant သို့ သွားရောက်လေ့လာသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတသစ်အဖြစ် အက်ရှ်ရက်ဖ်ဂါနီက ကျမ်းသစ္စာကျိန်ဆိုကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့ကို ဖြိုခွင်းနိုင်ခြင်းမရှိသည့် (၁၃) နှစ်ကြာ စစ်ပွဲပြီးဆုံးချိန်တွင် သမ္မတသစ်ကို ရွေးချယ်တင်မြှောက်နိုင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်သောခရီးစဉ်တွင် အိန္ဒိယနွယ်ဖွားအမေရိကန်နိုင်ငံသားများက ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



**အာဖဂန်နစ္စတန်သမ္မတသစ်အက်ရှ်ရက်ဖ်ဂါနီ (အလယ်)**

မြောက်ကိုရီးယားနှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များသည် မြောက်ကိုရီးယားထောက်လှမ်းရေးအဖွဲ့ဝင်များက ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲခဲ့ခြင်းအပေါ် ဆွေးနွေးကြရန်အတွက် တရုတ်နိုင်ငံအရှေ့ပိုင်း မြို့တစ်မြို့၌ တွေ့ဆုံကြကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၃၀** ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေနှင့် အမျိုးသားပညာရေးဥပဒေတို့ကို ပြဋ္ဌာန်းသည်။

## အောက်တိုဘာလ

**၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်ရပ်စဲရေးဆောင်ရွက်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မှသာ (၂၀၁၅) ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်မှုနှင့် ညင်သာသည့် နိုင်ငံရေးအသွင်ကူးပြောင်းမှုများ သေချာစေမည်ကို သတိပြုစေလိုကြောင်း ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီတို့ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်

ရေးခရီးသွားရောက်ခဲ့ရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံမဟာဗျူဟာ စီမံကိန်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့လာရောက် ရှင်းလင်းသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က လက်ရှိထုတ်ပြန်ထားသည့် ရွှေ့ပြောင်းလူဦးရေ (၅၁ ဒသမ ၄) သန်းသည် ပင်မသန်းခေါင်စာရင်း ထုတ်ပြန်ပါက လူဦးရေစာရင်း ကွာဟမှု ရှိနိုင်ကြောင်း ပြောကြားသည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းသည့် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဟောင်ကောင်အစိုးရသည် ဒီမိုကရေစီတောင်းဆိုဆန္ဒပြနေသူများကို ထောက်ပံ့ပေးမည့် အထောက်အပံ့များလျှော့နည်းသွားသည့်တိုင် (သို့မဟုတ်) ၎င်းတို့၏ လုပ်ရပ်များ အဖျားရှူးသွားသည့်တိုင် လွတ်လပ် စွာဆန္ဒထုတ်ဖော်ခွင့်ပြုသည့် လမ်းစဉ်သစ်တစ်ခုကို ချမှတ်လိုက်သည်။

၃ ဒုတိယသမ္မတ ဦးညွန့်ထွန်းသည်နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တရုတ်နိုင်ငံအထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်၏ အုပ်ချုပ်ရေးမှူးနုတ်ထွက်ပေးရန် လှုပ်ရှားသည့်အဖွဲ့က ဥပဒေနှင့်မညီညွတ်သော စုဝေးဆန္ဒပြမှုများ ပြုလုပ်ခြင်းကို ကမ္ဘာ့နိုင်ငံများမှ သတင်းဝေဖန်သူများက ရှုတ်ချပြောဆိုလျက်ရှိကြောင်း၊ စုဝေးဆန္ဒပြသူများသည် ဟောင်ကောင်၏ အနာဂတ်ကို မှေးမှိန်အောင်ပြုလုပ်လျက်ရှိကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ဆယ်စုနှစ်များစွာ လက်နက်ရောင်းချမှု ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပြီးနောက် ဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံထံမှ လူသတ်လက်နက်မဟုတ်သော စစ်ဘက်ဆိုင်ရာပစ္စည်းများကို ဝယ်ယူနိုင်တော့မည်ဖြစ်ကြောင်း ဘလွန်းဘတ်သတင်းဌာနက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့သို့ မမျှော်လင့်ဘဲရောက်ရှိနေသည့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက မကြာသေးမီက ကျမ်းသစ္စာကျိန်ဆိုခဲ့သော သမ္မတအသစ်နှင့် ညီညွတ်ရေးအစိုးရအဖွဲ့သစ်ကို ထောက်ခံကြောင်း အလေးအနက်ပြောကြားသည်။

၄ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီတလီနိုင်ငံ ရောမမြို့၌ကျင်းပမည့် (၈) ကြိမ်မြောက် Asia Europe Parliamentary Meeting (ASEPS) အစည်းအဝေးတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

ယခုနှစ်ဖေဖော်ဝါရီလမှစ၍ ရပ်ဆိုင်းနေခဲ့သော အဆင့်မြင့်တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံ သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဟောင်ကောင်ဒီမိုကရေစီလိုလားသောဆန္ဒပြခေါင်းဆောင်များက ဟောင်ကောင်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းဆန်လိုက်ကြောင်း ဂါးဒီးယန်းသတင်းဌာနက ဖော်ပြသည်။

အိုင်အက်စ်စစ်သွေးကြွများက ဗြိတိသျှနိုင်ငံသား ခါးစာခံ အေလန်ဟန်းနေးကို ခေါင်းဖြတ်သတ်ပြီး ရိုက်ကူးထားသော ဗီဒီယိုကို ထုတ်လွှင့်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

၅ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

(UPWC) ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ရှမ်းပြည်မြောက်ပိုင်း တပ်မတော် (SSPP/SSA) ကို မတိုက်ခိုက်ရန် တပ်မတော်အား ညွှန်ကြားထားကြောင်း (SSPP/SSA) ထံသို့ စာရေးသားပေးပို့သည်။

၆ အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိနေသော သူရဦးရွှေမန်းသည် အီတလီနိုင်ငံ၊ ရောမမြို့ လွှတ်တော် အဆောက်အအုံ၌ အီတလီနိုင်ငံ၊ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ပီထရိုဂရက်ဆိုနှင့် တွေ့ဆုံဆွေးနွေးသည်။

၇ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀၄)၊ ပုဒ်မခွဲ (က) နှင့်အညီ အကျဉ်းသားအကျဉ်းသူ (၃၀၇၃) ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်နိုင်ငံ ကွမ်ရှီးဆေးတက္ကသိုလ်သို့ သွားရောက်လေ့လာသည်။ ထို့နောက် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ အားကစားရုံ၌ ကျင်းပသည့် (၄၅) ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက်အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အီတလီနိုင်ငံ၊ ရောမမြို့ လွှတ်တော်အဆောက်အအုံခန်းမ၌ကျင်းပသည့် (၈) ကြိမ်မြောက် အာရှ-ဥရောပ ပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီအထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr,Pietro GRASSO နှင့် တွေ့ဆုံစဉ်**

ပြည်ထောင်စုလွှတ်တော်သည် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုပြဋ္ဌာန်းသည်။

ဟောင်ကောင်ဒီမိုကရေစီအရေး လှုပ်ရှားတက်ကြွသူများ၏ ခေါင်းဆောင်များက အုပ်ချုပ်ရေးအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံအား စော်ကားရာရောက်သည်ဟု သတင်းစာဖတ်ပရိသတ်ကရှုမြင်ရာရောက်စေသော ကာတွန်းပုံတစ်ပုံကို ဖော်ပြခဲ့ခြင်းအတွက် အမေရိကန်နယူးယောက်တိုင်းမ်သတင်းစာက စာဖတ်ပရိသတ်များအား ဝန်ချတောင်းပန်သည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ပိုင်နက်နယ်မြေအငြင်းပွားနေသည့် အနောက်ဘက်ပင်လယ်နယ်ခြားဒေသ၌ မြောက်ကိုရီးယား ရေယာဉ်တစ်စင်း ခေတ္တကျူးကျော်ဝင်ရောက်လာခဲ့ပြီးနောက် နှစ်နိုင်ငံစစ်ရေယာဉ်များက အပြန်အလှန်သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ကြကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၈ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ အားကစားရုံ၌ကျင်းပသည့် (၄၅) ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်း

အနားသို့ တက်ရောက်အားပေးသည်။

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာပရာယုချန်အိုချာကို နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆိုသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် အောက်တိုဘာလ (၈) ရက်တွင် အီတလီနိုင်ငံ National School of Administration of Italy (IPALMO) ပါမောက္ခချုပ် ဂီအိုဗီနီထရွိုင်နှင့် တွေ့ဆုံသည်။

(၁၄၀) ပြည့်နှစ်မြောက်ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၄၃) ကြိမ်မြောက်နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းစစ်) ထူးချွန်ဆုရရှိသူများ၊ အကောင်းဆုံးစာတိုက်ရုံးများကို ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်ပြင်သစ်နိုင်ငံဝန်ကြီးချုပ်ဟောင်းမစ္စတာတိုနီဘလဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် အီတလီသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) ကို ပြဋ္ဌာန်းသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံက ၎င်းတွင်ဓာတုလက်နက်စက်ရုံလေးရုံ ရှိသေးကြောင်း ပထမဆုံးအကြိမ်အဖြစ်ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသရှိ မြို့ကြီးတစ်မြို့၌ အဏုမြူဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးစီမံကိန်းကို အစိုးရကအကောင်အထည်မဖော်ရန် ယင်းမြို့၌ကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ပြည်သူများက ဆန္ဒဖော်ထုတ်ကြသည်။

**၁၁** (၂၀၁၅) ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ်၌ ကျင်းပသည်။

ဆီးရီးယားနိုင်ငံနှင့် တူရကီနယ်စပ်ရှိ ကာ့ဒ်လူမျိုးများနေထိုင်ရာ ကူဘာနီမြို့အတွင်းမှ အစ္စလာမ့်စ်နိုင်ငံ အိုင်အက်စ်ပစ်မှတ်များကို အမေရိကန်က လေကြောင်းမှ ဆက်လက် တိုက်ခိုက်လျက်ရှိကြောင်း ဗွီအိုအေသတင်းက ဖော်ပြသည်။

**၁၂** ယူကရိန်းနိုင်ငံ နယ်စပ်အနီးတပ်စွဲထားသော ရုရှားတပ်ဖွဲ့ဝင်များကို မူလအခြေစိုက်စခန်းများသို့ ပြန်လည်ဆုတ်ခွာရန် ရုရှားသမ္မတဗလာဒီမာပူတင်က အမိန့်ပေးလိုက်ကြောင်း ရုရှားသတင်းဌာနက ဖော်ပြသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူးစီဝမ်လျှန်သည် အခက်အခဲ အကျပ်အတည်းကြားတွင် ရောက်ရှိနေသော်လည်း ရာထူးမှအနားယူရန် အစီအစဉ်မရှိကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ဩစတြေးလျအမျိုးသားတက္ကသိုလ် ပါမောက္ခချုပ်မစ္စတာ ဂရက်ဂ္ဂန်အီဗန်ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း

သည် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်း ဗဟိုဌာန (၂) ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့ အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

**၁၄** တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ ခေတ်+မိုး) နှင့်အဖွဲ့ ဝင်များကို လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မြန်မာနိုင်ငံတောင်သူ လယ်သမား၊ အလုပ်သမား ပြည်သူ့ ပါတီကနိုင်ငံရေးပါတီအဖြစ် မှတ်ပုံ တင်ခွင့်ပြုရန် လျှောက်ထားလာခြင်း ကို အများသိရှိစေရန် ကြေညာသည်။

ဖိလစ်ပိုင်လူမျိုးတစ်ဦးကို သတ်ဖြတ်ခဲ့မှုဖြင့် စွဲချက်တင်ခံထား ရသူ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦးကို တရားစီရင်စစ်ဆေးနိုင် ရေးအတွက် ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် မြို့တော် မနီလာရှိ အမေရိကန်သံရုံးရှေ့၌ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

**၁၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပမည့် (၁၀) ကြိမ်မြောက်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်**

အာရှ-ဥရောပထိပ်သီးအစည်း အဝေးသို့တက်ရောက်ရန် နေပြည် တော်မှ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သတင်းထုတ်ပြန်ရေး အဖွဲ့က သတင်းထုတ်ပြန်ချက် (၆/ ၂၀၁၄) ဖြင့် အမျိုးသားပညာရေး ဥပဒေ ပြဋ္ဌာန်းခြင်းကို သတင်း ထုတ်ပြန်သည်။

အစ္စရေးနိုင်ငံနှင့်ဖြစ်ပွားခဲ့ သော စစ်ရေးပဋိပက္ခကြောင့် ဂါဇာ ဒေသ၌ ပျက်စီးမှုများသည် အလွန် ဆိုးရွားလှကြောင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက်လည်း ရှက် စရာကောင်းကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဝေဖန်ပြောကြား သည်။

ဆီးရီးယားနိုင်ငံအတွင်းမှ အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွအုပ်စုသို့ ဝင်ရောက်ရန် စီစဉ်လျက်ရှိသည့် အမျိုးသား၊ အမျိုးသမီး (၁၃) ဦးကို မလေးရှား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဟောင်ကောင်၌ ဒီမိုကရေစီ အခွင့်အရေး ပိုမိုရရှိရေး တောင်းဆို သည့်ဆန္ဒပြပွဲတွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်း ဖြစ်ပွားကြောင်း ဆင်ဟွာသတင်း ဌာနက ဖော်ပြသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၀) ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးနှင့် ဆက်စပ်အစည်း အဝေးများတက်ရောက်ရန် အီတလီ နိုင်ငံ မီလန်မြို့သို့ ရောက်ရှိပြီး အီတလီနိုင်ငံ မီကိုကွန်ဖရန့်စင်တာ ၌ ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် အီတလီနိုင်ငံ မီလန်မြို့၌ အာရှ ဥရောပခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း သည် နေပြည်တော်ရှိ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အကြား ရုပ်သံထုတ်လွှင့်မှုအရည်အသွေးမြှင့်တင်ရေးအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်ဖက်ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲကို နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အီရန်နှင့် တူရကီနိုင်ငံတို့သည် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်သည့် စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်နိုင်ရန် ကာဒစ္စတန်ဒေသရှိ ကာ့ဒ်တပ်ဖွဲ့ဝင်များအတွက် လက်နက်များကို တိတ်တဆိတ်ထောက်ပံ့ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖော်ပြသည်။

**၁၇** အီတလီနိုင်ငံ မီလန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီစပါးမျိုးစေ့ သုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမား (၇၅၇) ဦး၏ (၂၀၁၄) ခုနှစ်၊ ဇွန်လအတွက် လုပ်ခလစာနှင့် ဥပဒေနှင့်အညီ ခံစားခွင့်ပေးအပ်ရမည့် စက်ရုံပိတ်နစ်နာကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အီတလီနိုင်ငံ တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် အကြီးစားစက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။

ဂျာမန်ရဲတပ်ဖွဲ့သည် အစ္စလာမ့်စ်နိုင်ငံကို ထောက်ပံ့လျက်ရှိသည်ဟု သံသယရှိသော အမျိုးသားနှစ်ဦးကို ဖမ်းဆီးခဲ့ပြီး စစ်သွေးကြွအစ္စလာမ့်စ်အုပ်စုများကို ထောက်ပံ့သူများဟု မသင်္ကာရသူ (၁၃) ဦး၏နေအိမ်များကိုလည်း ဝင်ရောက်စီးနင်းခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

လစ်ဗျားနိုင်ငံ၌ ဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ခိုက်မှုများကို ချက်ချင်းရပ်ဆိုင်းရန် အမေရိကန်နှင့် ၎င်း၏မဟာမိတ်ဥရောပနိုင်ငံများဖြစ်သည့် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံတို့က တိုက်တွန်းကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီနိုင်ငံတူရင်မြို့ Ciroolo Union Industriate ကွန်ဗင်းရှင်းစင်တာ၌ အီတလီနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များနှင့်တွေ့ဆုံသည်။

**၂၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တူရင်မြို့ရှိ ဗာနားရီးယားနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဂျက်ဖရီးအင်မက်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်မြို့ မီကာဆာဟိုတယ်၌ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုဆိုင်ရာ တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သူ ဂျိုကိုဝီဒိုဒိုသည် အင်ဒိုနီးရှားနိုင်ငံ ခေါင်းဆောင်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

**၂၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီနိုင်ငံမီလန်မြို့၌



**နိုင်ငံတော်သမ္မတဦးသိန်းစိန် အာရှ-ဥရောပထိပ်သီးအစည်းအဝေး တက်ရောက်စဉ်**

ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် အမျိုးသားအဆင့် ရေညီလာခံ (၂၀၁၄) အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများ (FM) ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့သည့် မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့် စာချုပ်များလက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) က ကြီးမှူးကျင်းပသည့် (၂၀၁၄) အာဆီယံ ဆူဇူကီးဖလားခြေစစ်ပွဲတွင် ရမှတ် (၁၀) မှတ်ဖြင့် ပထမနေရာမှ ခြေစစ်ပွဲအောင်လာသည့် မြန်မာလက်ရွေးစင်အသင်းသည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နီပေါနှင့် အိန္ဒိယနိုင်ငံတို့သည် လျှပ်စစ်ဓာတ်အားတင်ပို့ရောင်းချရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်အစိုးရအဖွဲ့တွင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ယူကိုအိုဘိုဂျီရာထူးမှနုတ်ထွက်ပြီးနောက် နာရီပိုင်းအကြာတွင် တရားရေးဝန်ကြီး မိဒိုရီမတ်ဆုရှိမာသည်လည်း နုတ်ထွက်သွားကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

**၂၂** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင် အေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂမှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌တွေ့ဆုံဆွေးနွေးသည်။

အင်ဒိုနီးရှားသမ္မတသစ် ဂျိုကိုဝီဒိုဒိုသည် ဝန်ကြီးအဖွဲ့သစ်အတွက် အမည်စာရင်းတင်သွင်းခဲ့ရာတွင် တင်သွင်းခံရသူများမှ ရှစ်ဦးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီက ကန့်ကွက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းအဖွဲ့အစည်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခံရကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ်၏ ပူးတွဲငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာလာလာယူဆွတ်ဇိုင်သည် ကနေဒါနိုင်ငံသားဂုဏ်ထူးဆောင်ဘွဲ့ကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ တရားဝင်လက်ခံရယူသည်။

**၂၃** ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ဇယား (၁) နှင့် (၂) လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကို နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ

သည် ရေလွှမ်းမိုးမှုများကြောင့် အပျက်အစီးများဖြစ်ပေါ်ခဲ့သည့် ကက်ရှ်မီးယားဒေသသို့ ဒီပါဝလီ ပွဲတော်ရက်အတွင်း သွားရောက်ရာတွင် ဆီယာချန်ရေခဲမြစ်သို့ ခေတ္တ သွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အဒမ်မာဝါပြည်နယ်ရှိ ကျေးရွာနှစ်ရွာမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်ဒါဇင်ပေါင်းများစွာကို စစ်သွေးကြွများက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားဖွယ်ရှိသည်ဟု ဒေသခံများက ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**၂၄** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် သဝဏ်လွှာပေးပို့သည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၃၉/၂၀၁၄) ဖြင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် (၄၀/၂၀၁၄) ဖြင့် ကရင်အမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ၌ ရွှေ့ပြောင်းအိမ်ဖော် အလုပ်သမများသည် ရိုက်နှက်ခံရခြင်း၊ လုပ်အားအမြတ်ထုတ်ခံရခြင်း၊ အတင်းအဓမ္မစေခိုင်းခံရခြင်းတို့ရှိနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်ဟု ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

**၂၅** (၂၁) ရာစု အာဆီယံ-ဂျပန် ချစ်ကြည်ရေးအသင်း (AJAFA-21) ၏ အကြိမ် (၂၀) မြောက် ဒေသတွင်းတွေ့ဆုံပွဲကို ပုဂံမြို့ရှိ Umbra ဟိုတယ်၌ ကျင်းပသည်။

ကေကေအိုစောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်သေဆုံးမှုနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ် ဆီယက်တယ်လ်မြို့ရှိ ကျောင်းကော်ဖီဆိုင်တစ်ဆိုင်၌ ကျောင်းသားတစ်ဦးက သေနတ်ဖြင့်ပစ်သတ်ခဲ့သဖြင့် တစ်ဦးသေဆုံးပြီး ကျောင်းသားလေးဦးဒဏ်ရာရရှိကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပီကာဆိုပြတိုက်ကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၆** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့ မြို့မရပ်ကွက် ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပသည့် နှစ် (၈၀) ပြည့် ရမည်းသင်းမြို့ မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



**အင်ဒိုနီးရှားသမ္မတသစ် ဂျိုကိုဝီဒိုဒို**

အင်ဒိုနီးရှားသမ္မတသစ် ဂျိုကိုဝီဒိုဒိုသည် ၎င်း၏ဝန်ကြီးအဖွဲ့ အမည်စာရင်းကို ထုတ်ပြန်ကြေညာရာတွင် အင်ဒိုနီးရှား၏ ပထမဆုံးသော အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီး တစ်ဦးပါဝင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ် ပြန်သည်။

ယူကရိန်းနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲစတင်သည့်နေ့မှာပင် သမ္မတ ပီထရိုပိုရိုရှန်ကိုသည် နိုင်ငံအရှေ့ပိုင်းရှိ စစ်ပွဲဇုန်နယ်မြေသို့ သွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၇** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယားကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေအမှတ် (၄၄) ဖြင့် လျှပ်စစ်ဥပဒေကို ပြဋ္ဌာန်းသည်။

ဘရာဇီးနိုင်ငံသမ္မတ ဒီလ်မာရူးဆက်သည် သမ္မတရွေးချယ်ပွဲ၌ မဲအရေအတွက် (၅၁) ရာခိုင်နှုန်းကျော်ရရှိပြီး ဒုတိယသက်တမ်းပြန်လည်အရွေးခံရကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

ဟန်ဂေရီနိုင်ငံမြို့တော်ဘူဒါပက်၌ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက အင်တာနက်အသုံးပြုမှုအပေါ် အခွန်ကောက်ခံရန် ဥပဒေအဆိုပြုထားခြင်းကို ရပ်ဆိုင်းရန် တောင်းဆိုသည်။

**၂၈** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံအတွင်းရေးမှူးချုပ် မစ္စတာ မူခီဆာကီတူရီနှင့် ညွှန်ကြားရေးမှူးမစ္စတာ တက်ဖဲတက်စဖာချူ တို့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်သမ္မတသစ် အက်ရှ်ရက်ဖ်ဂါနီသည် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ ရောက်ရှိလာသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်း အဂ္ဂဒေးမြို့၌ ဆပ်ကပ်လူရွှင်တော်မျက်နှာဖုံးတပ်ဆင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နေသော ဂိုဏ်းတစ်ဂိုဏ်းကို ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပသည့် (၂၀၁၄) ခုနှစ် မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ (၂၀၁၄) ခုနှစ် (နှစ်ဝက်) ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာ လီရော့ကူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြောက်ကိုရီးယားနိုင်ငံရှိ ရထားလမ်းကွန်ရက်များကို ပြုပြင်မွမ်းမံရန်နှင့် နောက်ထပ် လမ်းသစ်များကို လာမည့်နှစ် (၂၀) အတွင်း တည်ဆောက်ပေးရန် ရုရှားကုမ္ပဏီများက စီစဉ်ထားကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦးက ပြောဆိုသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုဘားမားက ညပိုင်းတွင် စကားပြောကြေးနန်းဖြင့် ဆက်သွယ်စကားပြောသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနဌာန (ERIA) အမှုဆောင်ဒါရိုက်တာ ပရော်ဖက်ဆာ ဟိဒဲတိုရှီနိရှိမူရာနှင့် ဟားဗတ်တက္ကသိုလ်မှ တာဝန်ရှိသူများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နှစ် (၅၀) ပြည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားကို

ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှေ့ မုခ်ဦး၌ကျင်းပသည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက် (၇/၂၀၁၄) ဖြင့် ကေကေအိုစောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိအောင်နိုင် သေဆုံးမှုကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စစ်ဆေးပြီး နိုင်ငံတော်သမ္မတထံ ဆောလျင်စွာ တင်ပြရန် ညွှန်ကြားထားကြောင်း ထုတ်ပြန်သည်။

လာမည့်နှစ်ဖေဖော်ဝါရီလတွင် ကျင်းပမည့် သမ္မတရွေးချယ်ပွဲ၌ ၎င်းထပ်မံယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ ဂွတ်ဒ်လပ်ဒ်ဂျိုနာသန်က အတည်ပြုပြောကြားသည်ဟု ၎င်း၏ရုံးက ထုတ်ဖော်ပြောကြားသည်။

**၃၁** အမျိုးသားနိုင်ငံရေး အင်အားစု (၅) ဖွဲ့မှ ခေါင်းဆောင်များ၏ နိုင်ငံ့ရေးရာဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ကျင်းပသည်။

## နိုဝင်ဘာလ

**၁** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသည်။

နိုင်ဂျီးရီးယားအစွန်းရောက် အစ္စလာမ္မစ်အုပ်စု ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင်က အစိုးရနှင့်အပစ်အခတ်ရပ်စဲထားခြင်းမရှိကြောင်း ငြင်းဆိုကာ ပြန်ပေးဆွဲထားသော ကျောင်းသူ (၂၀၀) ကျော်ကို အစ္စလာမ္မစ်ဘာသာသို့ ကူးပြောင်း၍ လက်ထပ်ထိမ်းမြားပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ပထမကမ္ဘာစစ်တွင် ပါဝင်တိုက်ခိုက်ရန် အန်ဇက်အဖွဲ့မှ တပ်ဖွဲ့ဝင် သုံးသောင်းတို့ ထွက်ခွာခြင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အခမ်းအနားကို သြစတြေးလျနိုင်ငံ အယ်လ်ဘာနီမြို့၌ ကျင်းပရာ ဒေသခံများ ထောင်နှင့်ချီ၍ တက်ရောက်သည်။

**၂** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မင့်စ်မြို့ရှိ Stalin's Line ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်ခံစစ်နေရာ Complex သို့ သွားရောက် ကြည့်ရှုလေ့လာသည်။

ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂကျွမ်းကျင်သူပညာရှင်များက ရေးသားပြုစုပြီးစီးသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာကာသလေ့လာရေးခရီးစဉ်များပျံသန်းရန် ရည်မှန်းထားသော ဒုံးပျံယာဉ်ဖြစ်သည့် ဗာဂျင်အာကာသခရီးသွားယာဉ် ပျက်ကျမှုနှင့် ပတ်သက်၍ အမေရိကန်စုံစမ်းစစ်ဆေးရေးမှူးများက စတင်စစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံလန်ဒန်မြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ကွယ်လွန်ခဲ့သော ဇမ်ဘီယာသမ္မတ မိုက်ကယ်ဆာတာ၏ ရုပ်အလောင်းကို ၎င်း၏နိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ကာတာရောဘတ်စ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ဂျပန်နိုင်ငံ ဆူမိတိုမို မိဆူအီ ဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ တာကီရှိကွန်ဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ

သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ ဆူမိတိုမိ မီဆူအီဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ တာကီရှိ ကွန်ဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကန်သာ ဆုတောင်းပြည့်ဘုရားရှေ့ကွင်းပြင်၌ ကျင်းပသည်။

လာဟိုရီမြို့အနီး ဝါဂတ်ချ်နယ်စပ် စစ်ဆေးရေးစခန်း၌ အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး (၅၅) ဦးသေဆုံးပြီး (၂၀၀) ဒဏ်ရာရရှိခဲ့ရာ အိန္ဒိယ-ပါကစ္စတန်နယ်စပ်တစ်လျှောက်၌ သာမန်ထက်ပို၍ တပ်လှန့်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ကနေဒါနိုင်ငံသည် အီရတ်နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) ၏ စစ်စခန်းများကို ပထမဆုံးအကြိမ်အဖြစ် လေကြောင်းမှ စတင်တိုက်ခိုက်နေပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းကဖော်ပြသည်။

**၅** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်ဦးဆောင်သော အဖွဲ့သည် ကျိုက်မရောမြို့နယ် ရွှေဝါချောင်ကျေးရွာအနီး တပ်မတော်နှင့် KKO အဖွဲ့ တိုက်ပွဲဖြစ်စဉ်၌ ပါကြီး (ခ) အောင်နိုင် သေဆုံးမှုနှင့် ပတ်သက်၍ အခင်းဖြစ်ပွားရာနေရာများသို့ သွားရောက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

ပြန်ကြား ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေတို့သည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ နှင့်ရုပ်မြင်သံကြားနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ပြင်ဆင်စာချုပ်ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ရှင်းလင်းတင်ပြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**၆** အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အထက်လွှတ်တော်ရီပက်ဗလီကင်ခေါင်းဆောင်သစ် မစ်ချ်မက်ကောနဲလ်တို့သည် နိုင်ငံရေးပဋိပက္ခဖြစ်မှုကို အဆုံးသတ်ကာ လက်တွဲလုပ်ဆောင်သွားကြမည်ဟု ကတိပြုကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံသမ္မတ ရီဆက်တေရစ်အာတိုဂန်အတွက် တည်ဆောက်သည့် အငြင်းပွားဖွယ်အခန်းပေါင်း တစ်ထောင်ပါဝင်သော သမ္မတအိမ်တော်သည် ကုန်ကျစရိတ် ပေါင် ၃၈၅ သန်း (အမေရိကန်ဒေါ်လာ ၆၁၅ သန်း) ရှိပြီး ယခင်က ခန့်မှန်းတွက်ချက်ခဲ့သည့် ကုန်ကျစရိတ်ထက် နှစ်ဆပိုမိုကြောင်း တူရကီအစိုးရတာဝန်ရှိသူက ပြောကြားသည်။

**၇** နိုင်ငံတော်သမ္မတ၊ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် (၅၉) ကြိမ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နေပြည်တော် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် စီမံခန့်ခွဲမှုကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်ဧပြီလက ကူးတို့သင်္ဘောနစ်မြုပ်ခဲ့သည့်ဖြစ်ရပ်နှင့်ပတ်သက်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ဖော်ပြသည့် ဥပဒေကြမ်းကို ပါလီမန်က အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းဒေသမှ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် ခိုယာဆန်စစ်သွေးကြွအဖွဲ့ကို လေကြောင်းမှတိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။

**၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာမြေညီထပ်ရှိ ဖန်းဟွာယွမ့်ဧည့်ဂေဟာ၌ ကျင်းပသည့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ပြည်သူ့ခန်းမဆောင်ကြီးရှိ တုန်းတထင်းဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးသည်။

**၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်အမျိုးသား ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် APEC CEO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူဟာမစ်တို့သည် တရုတ်နိုင်ငံ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

ဘာလင်တံတိုင်းပြိုကျခြင်း (၂၅) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပရာ ဂျာမနီဝန်ကြီးချုပ် မာကဲလ်နှင့် ဘာလင်မြို့တော်ဝန်တို့သည် ဘာလင်တံတိုင်း၏ အစိတ်အပိုင်းတစ်ခု၌ နှင်းဆီပွင့်များ ထိုးစိုက်ခဲ့ကြကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ၌ ဖမ်းဆီးထားခြင်းခံနေရသည့် အမေရိကန်နိုင်ငံသားနှစ်ဦးကို ပြန်လည်လွှတ်ပေးလိုက်ရာ ၎င်းတို့နှစ်ဦးလုံး အမေရိကန်သို့ ပြန်လည်ရောက်ရှိလာပြီး ၎င်းတို့ကို ဝမ်းမြောက်ပျော်ရွှင်စွာကြိုဆိုခဲ့ကြကြောင်း၊ ပြန်လွတ်လာသူများမှာ မက်သယူးတုဒ်မီလာနှင့် ကင်းနက်ဘေးတို့ဖြစ်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၀** ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံတိုကျို မစ်ဆူဘီရှိဘဏ် ယူအက်ဖ်ဂျေလီမိတက် ဒုတိယဥက္ကဋ္ဌ မစ္စတာ တာကရှိမိုရိမှူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အိန္ဒိယအစိုးရအဖွဲ့ကို ဝန်ကြီးအဖွဲ့ဝင်သစ် (၂၁) ဦး ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဝန်ကြီးအချို့အား ဝန်ကြီးဌာနပြောင်းလဲခြင်းများကို အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

စစ်မဲ့ဇုန်အနီးသို့ ချဉ်းကပ်လာသည့် မြောက်ကိုရီးယား လှည့်ကင်းအဖွဲ့ကို တောင်ကိုရီးယားတပ်ဖွဲ့များက သတိပေးပစ်ခတ်မှုအချို့ပြုလုပ်ကြောင်း ဒေသခံသတင်းဌာနများက ဖော်ပြသည်။

**၁၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်




**နိုင်ငံတော်သမ္မတဦးသိန်းစိန် (၈) ကြိမ်မြောက် အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်**

ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်မှ အမြင့်ဆုံးဖြစ်သည့် အာဆီယံအထင်ကရဂုဏ်ထူးဆောင်နာယက ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သဘင်ခန်းမဆောင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (၂၀၁၄) ဖွင့်ပွဲအခမ်းအနားနှင့် (၈) ကြိမ်မြောက် အာဆီယံဒေသအတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၄) ဖြင့် Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများဖြစ်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနယ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒူလာ၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာဂျိုကိုဝီဒိုဒို၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမ်မာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီဟာဂျီမိုဟာမက်နာဂျစ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ ဘီနင်နိုအကွီနို၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယုချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်းနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးဇေယျာအောင်၊ ဦးသန်းဌေး၊ ဦးမောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**၁၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

**၁၄** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံကွင်းစလန်ပြည်နယ် ဘရစ္စဘိန်းမြို့၌ကျင်းပမည့်ကိုးကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်းကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၄/၂၀၁၄) ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစန်းကိုကို တာဝန်မှအနားယူခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် နေပြည်တော်မှ တစ်ဆင့် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) သို့ရောက်ရှိကာ အထိမ်းအမှတ် ကမ္ပည်းကျောက်တိုင် အပါအဝင် ဝန်ကြီးများရုံးအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ထို့နောက် သမ္မတသည် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်ထံသို့ သွားရောက်တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်မှုစွမ်းရည် အစီအစဉ်မှ လူငယ်များနှင့် ဖိတ်ကြားထားသူများကို တွေ့ဆုံ၍ မိန့်ခွန်းပြောကြားသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ Vulture လမ်းရှိ The Gabba ၌ ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ မစ္စတာ ဂလဲန်ရော်ဘန်ဆန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက် မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်သည် (၉၄) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့သည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးဦးဆောင်သည့် အဖွဲ့သည် အမျိုးသားပညာရေး ဥပဒေကို ကျေနပ်မှုမရှိသဖြင့် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကြေးသွန်းဘုရားကြီးအတွင်း၌ ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးသည်။

ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့က နိုဝင်ဘာလ (၁၃) ရက်တွင်သိမ်းယူထားခဲ့သော နိုင်ငံအရှေ့မြောက်ပိုင်းမှ ချီဘော့ခ်မြို့ကို ပြန်လည်သိမ်းယူခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရစစ်တပ်က ပြောကြားသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဆမ်ဂူအန်ဆိုင်ယာလက် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် ကြီးမားသည့် ခြေလှမ်းများဖြစ်ကြောင်းနှင့် တစ်ဖက်တွင် သတင်းမီဒီယာကဏ္ဍ လွတ်လပ်မှုရှိလာသည်နှင့်အမျှ သတင်းသမားများအနေနှင့် မှန်မှန်ကန်ကန်ဘက်လိုက်မှုကင်းကင်း တင်ပြရန်တာဝန်ရှိပါကြောင်း နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်သော အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းနှင့် ယင်း၏ စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၌ ဘီဘီစီကမ္ဘာတစ်လွှား အစီအစဉ်၏ ညွှန်ကြားရေးမှူး မစ္စတာ ပီတာဟောရော့ခ်စ်က ပြောကြားသည်။

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၉) ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးကို ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်၌ ကျင်းပသည်။

**၁၈** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်

တော် (စီ)ဆောင်ခန်းမ၌ တွေ့ဆုံ၍ မီဒီယာများ၏မေးမြန်းချက်ကို ဖြေကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ပညာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင် ပါမောက္ခများ၊ အဆင့်မြင့်ပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသောသတင်းမီဒီယာများသည် အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီက ညှိနှိုင်းဆွေးနွေးသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ကူဘာနီမြို့အား ဝိုင်းရံထားသော အိုင်အက်စ်တပ်ဖွဲ့များထံမှ အဆောက်အအုံခြောက်လုံးနှင့် လက်နက်ခဲယမ်းများကို ကာ့ဒ်တိုက်ခိုက်ရေးသမားများက သိမ်းယူလိုက်ကြောင်း စစ်ပွဲလေ့လာရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

**၁၉** လက်ပံတောင်းတောင်ကြေးနီ စီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မုံရွာမြို့ ဝန်းယူနတီ ဟိုတယ်အစည်းအဝေးခန်းမ၌ကျင်းပသည့် ယင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အိုင်အက်စ်အဖွဲ့က ဆီးရီးယားလူမျိုး အကျဉ်းသားတစ်ဦးကို ခေါင်းဖြတ်သတ်ဖြတ်ပုံကို ရိုက်ကူးလွှင့်တင်သည့် ဗွီဒီယိုပြကွက်၌ ဒုတိယမြောက်ပြင်သစ်နိုင်ငံသား ဂျီဟတ်ဝါဒီတစ်ဦး၏ ရုပ်ပုံကို တွေ့ရှိရကြောင်း ပြင်သစ်နိုင်ငံက အတည်ပြုပြောကြားသည်။

**၂၀** ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် နိုင်ငံတော် သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် မန္တလေး Myanmar Journalism Institute (MJI) မှ သင်တန်းဆရာမစ္စတာ သောမတ်ကိုးလ်မန်း ဦးဆောင်သော သတင်းမီဒီယာသင်တန်းသားများကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါ တက္ကသိုလ်စာကြည့်တိုက်၌ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူသုံးဦးထိခိုက်ဒဏ်ရာ ရရှိသွားပြီး တက္ကသိုလ်နယ်မြေ၌ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေနတ်သမား သေဆုံးသွားကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျအခြေစိုက် စီးပွားရေးနှင့်ငြိမ်းချမ်းရေး အင်စတီကျူသည် ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်ဝါဒ အညွှန်းကိန်းကိုထုတ်ပြန်ခဲ့ရာ ၎င်းအညွှန်းကိန်းတွင် အကြမ်းဖက်မှုဖြစ်ပွားနိုင်ခြေအများဆုံးနိုင်ငံ (၁၃) နိုင်ငံရှိနေကြောင်း ထောက်ပြပြီး ၎င်းတို့၌ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့် သီရိလင်္ကာတို့လည်းပါဝင်ကြောင်း ဖော်ပြထားသည်ဟု စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

**၂၂** တောင်ကြီးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တောင်ကြီးမြို့ အဝေးရာ မီးပုံးပျံကွင်း၌ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ နှစ်သစ်ကူးမင်္ဂလာမိန့်ခွန်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာဝန်ကြီး မစ္စတာ

နီကိုလိုင်းပီပက်ထရစ်ရှက်ဖ်ကို လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဗွီအိုအေမြန်မာ သတင်းဌာနမှ ဌာနမှူးဦးသန်းလွင်ထွန်းကို လက်ခံတွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Idea တို့ ပူးပေါင်းဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ နည်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ယမန်နှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သော အာရှ-ပစိဖိတ်စီးပွားရေးကော်ပိုရေးရှင်းအစည်းအဝေး၌ ဖိလစ်ပိုင်သမ္မတ အကွီနိုအား မေးခွန်းများ အဆက်မပြတ်မေးမြန်းကာ အသရေဖျက်မှုကြောင့် ဟောင်ကောင်တီဗွီနှင့် ရေဒီယိုရုပ်သံလိုင်းများမှ ဂျာနယ်လစ်ကိုးဦးကို ဖိလစ်ပိုင်အစိုးရက ပြည်ဝင်ခွင့် ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**၂၃** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဗောဓိတောင်ကုန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ဗုဒ္ဓတက္ကသိုလ်ရတနာ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မှ ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံသို့ ကက်သလစ် (ခရစ်ယာန်) ဘာသာရောက်ရှိသည့်နှစ် (၅၀၀) ပြည့် ဂျူဘီလီပွဲတော်ကို ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးအားကစားကွင်း၌ နောက်ဆုံးနေ့အဖြစ် ကျင်းပသည်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက နေပြည်တော်တွင်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ရိုဟင်ဂျာဟူသော ဝေါဟာရကို သုံးစွဲခဲ့သည့်အတွက် ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်မှ လူအင်အား (၅၀၀၀) ခန့်က ဆန္ဒထုတ်ဖော်ကြသည်။

တူနီးရှားနိုင်ငံ၌ အာရပ်နွေဦးပုန်ကန်ထကြွမှုများဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးအကြိမ် သမ္မတရွေးကောက်ပွဲကို ကျင်းပသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်ကုန်ဆုံးချိန်အထိ ကျော်လွန်ကာ ပြည်ပတပ်ဖွဲ့များ ဆက်လက်တပ်စွဲနေထိုင်ခြင်းကို ယင်းနိုင်ငံ၏ပါလီမန်က သဘောတူလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။

**၂၄** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ် သိန်းနီမြို့ (၃) ရပ်ကွက်၊ ဟော်နန်းကုန်းမြေ၌ကျင်းပသည့် သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် (၂၁၀၉) ခုနှစ်၊ ရှမ်းနှစ်သစ်နှစ်သစ်ကူး ကောက်သစ်စားပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပိုရာပွန်ဆန်ကနီတရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ပိုရာပွန်ဆန်ကနီတရာကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**၂၅** ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ

ဖိလစ်ရော့လာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ Ramkhamhaeng University ၌ကျင်းပသည့် ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လက်ခံရယူသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီးယားကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံပြီး နိုင်ငံ့ရေးရာများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဆူဖီအူရ်ရာဟ်မာန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ် မိုဟာမက်ဖရိုက်ဟာဘစ်ကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**ထိုင်းဝန်ကြီးချုပ်သစ် ပရာယုချန်အိုချာ**

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာအနေဖြင့် သဘောတူထားချက် ဆက်လက်ချိုးဖောက်နေမည်ဆိုပါက ပြည်ပထွက်ခွင့် ပိတ်ပင်ခံရမည်ဖြစ်ကြောင်း လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာက သတိပေးပြောကြားလိုက်သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု မစ်ဆိုရီပြည်နယ် ဖာဂူဆန်မြို့ရှိ စိန့်လူးဝစ်စီရင်စု၌ ဩဂုတ်လ (၉) ရက်တွင် လက်နက်မဲ့လူမည်းလူငယ် မိုက်ကယ်ဘရောင်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် လူဖြူအရာရှိ ဒယ်ရန်ဝီလ်ဆင်၏ အမှုအပေါ် ဂျူရီလူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အား မကျေနပ်သောကြောင့် ဆန္ဒပြမှုများစွာရှိလာခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၂၇ ဒုတိယ သမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် မန္တလေးမြို့ ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ကျင်းပသည့် အကြိမ် (၂၀) မြောက် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်

ဦးထွန်းထွန်းဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ် တရားသူကြီး မစ္စတာဇန်းဂျီရနန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်နိုင်ငံ သံရုံးဖွင့်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇) မိုင်၊ အမှတ် (၇) ပြည်သူ့လမ်းသွယ်ရှိ အဆိုပါ သံရုံး၌ကျင်းပသည်။

(၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးမြောက်သည်။

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ကျင်းပကာ (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးမြောက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မစ္စတာ ဟက်ဒါဂန်နေနှင့် Intentional Idea မှ Head

ရေနံထုတ်လုပ်ရောင်းချသောအဖွဲ့ (အိုပက်) က ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်ကျင်းပသည့် အစည်းအဝေး၌ ထုတ်လုပ်မှုကို လျှော့ချခြင်းမပြုရန် ဆုံးဖြတ်လိုက်ပြီးနောက် ရေနံဈေးနှုန်းကျဆင်းခဲ့ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်စစ်သွေးကြွ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံစဉ်**

**၂၈** နေပြည်တော်၌ ကျင်းပလျက်ရှိသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ကျင်းပပြီး ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပပြီးစီးသည်။

ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ကျင်းပကာ

of Mission ဖြစ်သူ မစ္စတာ သောမတ်ကော်မီရာတို့ကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်နိုင်ငံ၌ (၁၈) နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ တစ်ဦးသည် အနောက်ဗာဂျီးနီးယား ပြည်နယ်၏ ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးဖြစ်လာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနကဖော်ပြသည်။

များဟု ယူဆရသော သေနတ်သမားများအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အနည်းဆုံး (၁၀) ဦးသေဆုံးခဲ့ကြောင်း ဘီဘီစီကဖော်ပြသည်။

ဂျပန်နိုင်ငံတောင်ပိုင်းရှိ မီးတောင်တစ်လုံးသည် လွန်ခဲ့သည့် (၂၂) နှစ်အတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လေကြောင်းလိုင်းများ ဖျက်သိမ်းခဲ့ပြီး မီးတောင်ဝအနီးတစ်ဝိုက်မှ ရှောင်တိမ်းနေကြရန်လည်း သတိ

ပေးမှုများပြုလုပ်လျက်ရှိကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

**၂၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသည့်အဖွဲ့များ၊ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလား (၂၀၁၅) ခုနှစ် ဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ယူ-၁၉ လက်ရွေးစင်အသင်းနှင့် ပျူ ရှေးဟောင်းမြို့ကြီးသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားဖြင့် ချီးမြှင့်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ KNU ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးခေါင်းဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းကို ဝက်ဘ်ဆိုက်တစ်ခုမှ အသရေဖျက်ခဲ့သောကြောင့် ပြန်လည်တရားစွဲဆိုခဲ့ရာ ယင်းအမှုကို နိုဝင်ဘာလ (၇) ရက်တွင် ဆုံးဖြတ်ခဲ့ပြီး လီရှန်လွန်းအနိုင်ရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ခြင်းကို ပြင်သစ်အစိုးရအဖွဲ့က အသိအမှတ်ပြုလာစေရန် ဖိအားပေးသင့်၊ မသင့် ပြင်သစ်ပါလီမန်၌ အခြေအတင်ဆွေးနွေးပွဲပြုလုပ်ကြောင်း ပီတီအိုင်သတင်းဌာနကဖော်ပြသည်။

**၃၀** တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ ဇေယျာသီရိ ဂေါက်ကလပ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ အင်းဝဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော Myanmar Golf Tour 2014 နောက်ဆုံးပွဲစဉ်များသို့ တက်ရောက်ပါဝင်ကစားသည်။

နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ရာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

နော်ဝေနိုင်ငံ Norwegrian Renewable energy partners (INTPOWS) မှ အဖွဲ့ဝင် (၄၁) ဦး ပါဝင်သော လေ့လာရေးအဖွဲ့သည် ပေါင်းလောင်းမြေအောက်ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လေ့လာသည်။

အစ္စလာမ္မစ်နိုင်ငံ အယ်လ်ခိုင်ဒါအဖွဲ့တို့သည် အိန္ဒိယနိုင်ငံအတွက် ပြင်းထန်သောစိန်ခေါ်မှုများ ဖြစ်ကြောင်း အိန္ဒိယထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူး အေဇစ်အီဘရာဟမ်က ပြောကြားသည်။

အမေရိကန်နိုင်ငံ ဖာဂူဆန်မြို့၌ ဆယ်ကျော်သက်အရွယ် လူမည်းတစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သော လူဖြူအရာရှိကသူ၏ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၎င်း၏ ရှေ့နေက ပြောကြားသည်။

## ဒီဇင်ဘာလ

**၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံသို့ရောက်ရှိလာသော နော်ဝေနိုင်ငံ ဟာရယ်ဘုရင်ကို နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ Banker of the Year In Asia 2014 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအားလည်းကောင်း၊ Best Commerical Bank in Myanmar 2014 နှင့် Best Banking Group in Myanmar 2014 ဆုများကို ကမ္ဘောဇဘဏ်လီမိတက်အားလည်းကောင်း ချီးမြှင့်ပွဲအခမ်းအနားကို လန်ဒန်မြို့ရှိ London Stock Exchange ၌ ကျင်းပသည်။

(၂၀၁၄) ခုနှစ် (၂၆) ကြိမ်မြောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားကို နေပြည်တော် ကျန်းမာရေး

ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တရုတ်နိုင်ငံက ဗြိတိသျှဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖွဲ့ ဟောင်ကောင်သို့ သွားမည့်ခရီးစဉ်ကို တားမြစ်ပိတ်ပင်ခဲ့ပြီး ဗြိတိသျှကိုလိုနီနယ်မြေသို့သွားမည့် ၎င်းတို့၏ခရီးစဉ်မှာ ဟောင်ကောင်အကြီးအကဲများကို ပြောင်ကျကျထိပ်တိုက်ရင်ဆိုင်မှု ဖြစ်သည်ဟု ဖော်ပြသည်။

အီရတ်နိုင်ငံ၌ တစ္ဆေစစ်သည်များဟုခေါ်ဆိုကြသည့် အမည်သာရှိ၍ လူမရှိသောတပ်ဖွဲ့ဝင်များအရေးကို စုံစမ်းစစ်ဆေးရာတွင် အနည်းဆုံး ငါးသောင်းခန့်ရှိကြောင်း ဝန်ကြီးချုပ် ဟိုင်ဒါ-အဲလ်အဘာဒီ၏ပြောကြားချက်ကိုကိုးကား၍ ဗွီအိုအေသတင်းဌာနက ကြေညာသည်။

**၁-၅** ဇီဝလက်နက်တားဆီးပိတ်ပင်ရေးဆိုင်ရာစာချုပ်အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသောစာချုပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၌ စာချုပ်ထိန်းသိမ်းသောနိုင်ငံများဖြစ်သည့် ရုရှား၊ ဗြိတိန်နှင့် အမေရိကန်ကိုယ်စားလှယ်များထံ ပေးအပ်သည်။ ယင်းစာချုပ်ကို မြန်မာနိုင်ငံက (၁၉၉၃) ခုနှစ်ကတည်းက လက်မှတ်ရေးထိုးထားသော်လည်း အတည်ပြုပါဝင်နိုင်ရန် ထပ်မံရေးထိုးခြင်းဖြစ်သည်။

**၂** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် စိန်ခေါ်မှုများကို အမျိုးသားရေးအင်အားစုအားလုံးနှင့်လက်တွဲပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်းထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ ကူညီပေးမည့် ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်း (MDI) တည်ထောင်ရေး စီမံကိန်းနှစ်ခုအတွက် ပူးတွဲဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားသည်။

နော်ဝေနိုင်ငံပဉ္စမမြောက် ဟာရယ်ဘုရင်သည် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ မိန့်ခွန်းပြောကြားသည်။

**၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာကမ်းကျိရွှန်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂိုခွန်တို့ကို နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့သည် သတင်းထုတ်ပြန်ချက် (၈/၂၀၁၄) ဖြင့် နိုင်ငံရေးပါတီများအနေဖြင့် သတင်းအခြေအမြစ်များကို စိစစ်အတည်ပြုပြောဆိုရန်နှင့် အခြားပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အလေးထားရန်လိုအပ်ကြောင်း သတင်းထုတ်ပြန်သည်။

အီရန်က အီရတ်အရှေ့ပိုင်း၌ အိုင်အက်စ်တို့အား ပစ်မှတ်ထားကာ လွန်ခဲ့သောရက်များက လေကြောင်းမှ တိုက်ခိုက်လာကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**၄** နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ ရန္တပိုကျေးရွာအိုးလုပ်ငန်းနှင့် ပထမအင်္ဂလိပ်-မြန်မာ စစ်ရပ်စဲရေးစာချုပ်ချုပ်ဆိုသည့် အထိမ်းအမှတ်ကျောက်စာတိုင်တို့ကို ကြည့်ရှုလေ့လာသည်။

**၅** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်က မြန်မာအမျိုးသားလေကြောင်းဥပဒေကို ပြဋ္ဌာန်းသည်။

ထိုင်းဘုရင် ဘူမိဘောအဒူ

လျှာဒက်က ၎င်း၏ (၈၇) နှစ်မြောက်မွေးနေ့အထိမ်းအမှတ် အခမ်းအနားပြုလုပ်၍ ပရိသတ်ရှေ့မှောက်သို့ထွက်ပြရန် ပယ်ဖျက်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၆** ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်စီးပွားရေးသည် နိုဝင်ဘာလအတွင်း အလုပ်အကိုင် (၃၂၁၀၀၀) ထပ်ပေါင်းနိုင်ခဲ့ကြောင်း၊ အလုပ်လက်မဲ့နှုန်းသည် (၅ ဒသမ ၈) ရာခိုင်နှုန်း၌ ရပ်တန့်နေဆဲဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်သည်။

**၆-၇** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဦးခင်ရွှေနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နှင့် ရမည်းသင်းမြို့တို့၌ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ၏ လှူဒါန်းမှုဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်းက ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းသင်ကြားနေမှုများ၊ မျက်စိနှင့် အထွေထွေရောဂါကုသမှု ခံယူနေသည့် ပြည်သူများကို ကြည့်ရှုအားပေးပြီး ပညာရေးနှင့် ပရဟိတအသင်းအဖွဲ့များအား အလှူငွေများ ပေးအပ်လှူဒါန်းသည်။




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပရဟိတ လူမှုရေး အသင်းအဖွဲ့များအား အလှူငွေများပေးအပ်စဉ်**

**၇** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် (၂၀၁၃) ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီကို အာဏာရပါတီခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်စဉ် ၎င်း၏ဇနီးဖြစ်သူ ဂရေ့စ်ကို ပါတီထိပ်တန်းရာထူးနေရာ အပ်နှင်းသည်။

အစ္စရေးတပ်မတော်သည် ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်ရာတွင် တက်ဖီရီစစ်သွေးကြွအုပ်စုများနှင့် ပုံမှန်အဆက်အသွယ်ရှိခဲ့ကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာက ဖော်ပြသည်။

**၈** ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ရှိ သမဝါယမစီးပွားရေးဗဟိုဌာန၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ဆုချီး မြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို အပြည့်အဝပူးပေါင်းပါဝင် တိုက်ခိုက်ရန် တူရကီနိုင်ငံသို့ရောက်ရှိနေသော အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖက်ဒရီကာမိုဂါရီနီက တိုက်တွန်းပြောကြားသည်။

အီဂျစ်နိုင်ငံသည် ၎င်း၏နိုင်ငံသားများ တူရကီနိုင်ငံသို့ခွင့်ပြုချက်မရှိဘဲ ခရီးသွားလာခြင်းကို တားမြစ်

ရန်၊ အီရတ်နှင့် ဆီးရီးယား၌ လှုပ်ရှားနေသော အကြမ်းဖက် အိုင်အက်စ်တပ်ဖွဲ့များနှင့် ပူးပေါင်းမှုကို တားဆီးပိတ်ပင်ရန် နည်းဥပဒေသစ်တစ်ခု ထုတ်ပြန်သည်။

**၉** နိုင်ငံတော်သမ္မတရုံးသည် အမိန့်အမှတ် (၂၇/၂၀၁၄) ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးဝင်းမြင့်ကို ခန့်အပ်တာဝန်ပေးသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာနိုင်ငံ တောင်သူလယ်သမား၊ အလုပ်သမား ပြည်သူ့ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

ပြည်ထောင်စုလွှတ်တော်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေများကို ပြဋ္ဌာန်းသည်။

**၁၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်မှ ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့သည် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရွှေနုံးတိုးစေတီတော် ရွှေထီးတော်တင်လှူပွဲသို့ တက်ရောက်ကြည်ညိုသည်။

**၁၁** နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွမ်ဟေးတို့သည် ဘူဆန်မြို့ ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တိုင်း(မ်)မဂ္ဂဇင်းက အနောက်အာဖရိကရှိ အီဘိုလာကျန်းမာရေးစောင့်ရှောက်မှုအလုပ်သမားများကို (၂၀၁၄) ခုနှစ် တိုင်း(မ်) မဂ္ဂဇင်း ထူးချွန်သူများအဖြစ် ဖော်ပြကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

နှစ်လကျော်ကြာ ဒီမိုကရေစီဆန္ဒပြခဲ့ပြီးနောက် ဟောင်ကောင်အာဏာပိုင်များက အဓိကသပိတ်စခန်းရှိ အတားအဆီးများကို စတင်ဖယ်ရှားသည်။

**၁၂** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းအဆုံရှိ ပန်းဆိုးတန်းလူကူးခုံးကျော်တံတားကို စတင်ဖွင့်လှစ်သည်။

(၃၅) နှစ်အရွယ် ဗြိတိသျှအမျိုးသမီးတစ်ဦးသည် ဖေ့စ်ဘွတ်ခ်ပေါ်၌ အစွန်းရောက်သတင်းများ ရေးသားဖော်ပြသည့်အတွက် ထောင်ဒဏ်ငါးနှစ်နှင့်သုံးလ ချမှတ်ခံခဲ့ရသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**၁၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ၌ ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ထိုင်းအိမ်ရှေ့မင်းသား ဗာဂျီယာလောင်ကွန်း၏ ကြင်ရာတော် ဆရီရာစမီသည် ၎င်း၏ထီးရိပ်နန်းရိပ်ကို စွန့်လွှတ်သွားမည်ဖြစ်ကြောင်း ထိုင်းနန်းတော်က ကြေညာသည်။

တရုတ်နိုင်ငံ၌ မင်္ဂလာဆောင်ပွဲခံ အခမ်းအနားများ၊ ဈာပနအခမ်းအနားများ၊ စီးပွားရေးနှင့်နိုင်ငံရေး မဟုတ်သော အခမ်းအနားများတွင် နိုင်ငံတော်သီချင်းသီဆိုခြင်းကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင် မီဒီယာများက ဖော်ပြသည်။

**၁၄** ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ပါလီမန်အမတ်နေရာ (၄၇၅) ဦးရှိသည့်အနက် (၃၀၀) ခန့်ဖြင့် အနိုင်ရကြောင်း မဲရုံများက ကြေညာသည်။

လူဖြူအရာရှိက လူမည်းအမျိုးသားကို သေနတ်ဖြင့် ပစ်ခတ်မှုအပါအဝင် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့၌ အကြီးအကျယ်ဆန္ဒပြမှုဖြစ်ပွားခဲ့ရာ လူဒါဇင်ပေါင်းများစွာတို့ကို ရဲအဖွဲ့က ဖမ်းဆီးသည်။

**၁၅** နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် နှစ် (၄၀) မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမေရိကန်ပြည်ထောင်စု ကဲလော့ဂ်ဖွံ့ဖြိုးမှုကွန်ရက်၏ ပူးတွဲတည်ထောင်သူ ပါမောက္ခ မစ္စတာရောဘတ်စီဝေါ့ကော့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဟေတီနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်းများ ကြုံတွေ့ရပြီး အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ပြင်းထန်ခဲ့ပြီးနောက် ဝန်ကြီးချုပ်သည် ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

**၁၅-၁၆** ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ Lindt ကော်ဖီဆိုင်ကို အီရန်နိုင်ငံဖွား ရှိတ်ဟာရွန်းအမည်ရှိ သေနတ်သမားတစ်ဦးက ဝင်ရောက်စီးနင်းကာ ဓားစာခံ (၁၇) ဦးကို (၁၆) နာရီ ထိန်းသိမ်းခဲ့သည်။ ဒီဇင်ဘာလ (၁၆) ရက်တွင် ဩစတြေးလျကွန်မန်ဒိုတပ်ဖွဲ့က စီးနင်းခဲ့ပြီးနောက် ဓားစာခံလေးဦးဒဏ်ရာရရှိပြီး သေနတ်သမားအပါအဝင် နှစ်ဦးသေဆုံးကာ ခြောက်ဦးလွတ်မြောက်ခဲ့ကြောင်း ဩစတြေးလျနိုင်ငံပိုင် မီဒီယာများက ဖော်ပြသည်။

**၁၆** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ လီယွမ်ချောင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်မြို့ရှိ မီကာဆာဟိုတယ်၌ ကျင်းပသည့် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အယ်လ်ခိုင်ဒါနှင့် ၎င်း၏မဟာမိတ်သူပုန်အုပ်စုများက အိုင်းဒလစ်ပြည်နယ် မြောက်ပိုင်း အဓိကစစ်အခြေစိုက်စခန်းနှစ်ခုကို ထိန်းချုပ်လိုက်ကြောင်း ဘီဘီစီသတင်းက ဖော်ပြသည်။

**၁၇** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ ကျောင်းတစ်ကျောင်း၌ တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့် ကလေး (၁၃၂) ဦးနှင့် ဝန်ထမ်းကိုးဦး သေဆုံးခဲ့ပြီးနောက် ဝမ်းနည်းခြင်း အခမ်းအနားတစ်ရပ် ကျင်းပသည်။

**၁၈** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးနှင့် မော်လိုက်ခရိုင်များမှ မြို့မိမြို့ဖများကို ကလေးမြို့တပ်နယ် အောင်ဇေယျရိပ်သာ၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဒေါက်တာ ဂရိုဟာလမ်ဘရွန့်တ်လန့်ဒ်ဦးဆောင်သည့်ကိုယ်စားလှယ်

အဖွဲ့ကို နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

နှစ် (၅၀) ကျော် တိုက်ခိုက်ခဲ့သော ပြည်တွင်းစစ်ကို အဆုံးသတ်ရန် ကိုလံဘီယာနိုင်ငံမှ FARC သူပုန်များက အစိုးရနှင့် ရက်အကန့်အသတ်မရှိ အပစ်အခတ်ရပ်စဲရေး ကြေညာသည်။

**၁၉** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် ငါးကြိမ်မြောက် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဘိုကိုဟာရမ်သူပုန်များ သိမ်းပိုက်ထားသောနယ်မြေများကို ပြန်လည်ရယူရန် စစ်ဆင်ရေးဆင်နွှဲမှုတွင် ပါဝင်နိုင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည့်အတွက် နိုင်ဂျီးရီးယားတပ်ဖွဲ့မှ အဖွဲ့ဝင် (၅၄) ဦးကို စစ်ခုံရုံးက သေဒဏ်ချမှတ်လိုက်ကြောင်း စကိုင်းနယူးစ်သတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန် တပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ဒေသအနီးရှိ တာလီဘန်စစ်သွေးကြွများကို မြေပြင်နှင့်လေကြောင်းတို့မှ တိုက်ခိုက်ချေမှုန်းခဲ့ရာ တာလီဘန်စစ်သွေးကြွ (၅၇) ဦး သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံမြောက်ပိုင်း Cairns မြို့၌ အသက် (၁၈) လမှ (၁၅) နှစ်အရွယ်ရှိ ကလေးငယ်ရှစ်ဦး ဓားထိုးခံရမှုကြောင့် သေဆုံးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရုန်ဂရီလာဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

**၂၁** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည်။

ကျူးဘား သမ္မတ ရာအူးလ်ကက်စထရိုသည် မကြာသေးမီက အမေရိကန်၏ အပြုသဘောဆောင် ပုံမှန်ဆက်ဆံလာမှုအပေါ် ချီးမွမ်းပြောဆိုလိုက်သော်လည်း ဟာဗားနားအနေဖြင့် ၎င်း၏ နိုင်ငံရေးစနစ်ကို ပြောင်းလဲလိမ့်မည် မဟုတ်ကြောင်း အခိုင်အမာပြောကြားသည်။



**အမေရိကန်နှင့် အပြုသဘောပုံမှန်ဆက်ဆံလာမှုအပေါ် ချီးမွမ်းပြောဆိုလိုက်သည့် ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုနှင့် အိုဘားမား**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တစ်စိတ်တစ်ပိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် မကာအိုမြို့တော်ကို တရုတ်နိုင်ငံက လွှဲပြောင်းယူသည့် (၁၅) နှစ်မြောက် အခမ်းအနားသို့ တက်ရောက်သည်။

**၂၀** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့

**၂၂** ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်

ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော် များ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**၂၃** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမိန့်အမှတ် (၂၈/၂၀၁၄) ဖြင့် ဒေါ်ချယ်ရီကြည်ကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့သည် နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှု အပြီးတွင် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာသည်။

**၂၄** နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်မိသားစုတို့ကို ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ အမှုဆောင်အတွင်းရေးမှူးနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ခမ္မတေးအဖွဲ့က နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ကောင်းချီးပေးဆုတောင်းကြသည်။

ဒုတိယသမ္မတဦးညဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ရှိ ဗိုလ်ရှုခံမဏ္ဍပ်၌ (၂၀၁၅) ခုနှစ် (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလေ့ကျင့်နေမှုနှင့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ သန်လျင် တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် အမှတ် (၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပသည့် (၆၇) နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**၂၅** နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံသည်။

ရာထူးမှဖယ်ရှားခြင်းခံရသော အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့် ဥပဒေပြင်ပအဖွဲ့အစည်းများဖြစ်သည့် မွတ်ဆလင်ညီအစ်ကိုတော်များ လှုပ်ရှားမှုထောက်ခံသူများက အီဂျစ်နိုင်ငံ၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ထပ်မံပြုလုပ်လာကြောင်း ပရက်စ်တီဗွီသတင်းဌာနက ဖော်ပြသည်။

**၂၆** ရခိုင်ပြည်နယ်ခရီးစဉ်အဖြစ် ကျောက်တော်မြို့၊ စစ်တွေမြို့များသို့ရောက်ရှိလာသော နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မြို့မိ၊ မြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆူနာမီကြောင့် သေဆုံးသူများ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို အင်ဒိုနီး



ရာထူးမှဖယ်ရှားခံခဲ့ရသည့် အီဂျစ်သမ္မတဟောင်း မော်စီ



**(၂၀၁၃) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (တေးဂီတ) ရရှိသော စန္ဒရားတင်ဝင်းလှိုင်အား စည်သူဗိုလ်ကလေးတင့်အောင်က အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်စဉ်**

ရှားနှင့် အခြားသောနိုင်ငံများ၌ ကျင်းပသည်။

**၂၇** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပသည့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးက ကြီးမှူးကျင်းပသော (၂၀၁၃) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

**၂၈** ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးများကို (၁၉-၁-၂၀၁၅) ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်ရုံးက ကြေညာသည်။

အဲအာရှလေကြောင်းလိုင်းပိုင် Airbus A-320-200 အမျိုးအစား လေယာဉ်အမှတ် QZ-8501 သည် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမှ စင်ကာပူသို့ ဒေသစံတော်ချိန် (၅ နာရီ မိနစ် ၂၀) တွင် ထွက်ခွာပျံသန်းရာ နံနက် (၇ နာရီ ၂၄) မိနစ်မှစ၍ အဆက်အသွယ်ပြတ်တောက်သွားကြောင်း နိုင်ငံတကာသတင်းဌာနများက ထုတ်ပြန်ကြေညာသည်။

**၂၉** ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ရန်ကုန်မြို့ လမ်းမတော်ရှိ ခုတင် (၅၀၀) ဆံ့ အထူးကုဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၅၀၀) ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ငြိမ်းချမ်းစွာပြန်လည် ပေါင်းစည်းရေး ပြင်ဆင်မှုတစ်ရပ်အဖြစ် မြောက်ကိုရီးယားနှင့် လာမည့်လတွင် အဆင့်မြင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် တောင်ကိုရီးယားနိုင်ငံက ကမ်းလှမ်းသည်။

အိုင်အက်စ်တပ်ဖွဲ့များသည် လွန်ခဲ့သောခြောက်လကျော်ကာလအတွင်း ဆီးရီးယား၌ လူပေါင်း (၂၀၀၀) ခန့် သတ်ဖြတ်ခဲ့ကြောင်း တိုင်း(မ်)သတင်းစာက ဖော်ပြသည်။

**၃၀** နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမကြီး၌ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြဝတီခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများ တွေ့ဆုံပွဲကို မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

**၃၁** ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အားကစားကွင်း၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့
နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံစဉ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်နိုင်ငံဝန်ကြီးချုပ်လီခကျန်းတို့ ပေကျင်းမြို့ရှိ
ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံစဉ်



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပထမဆုံးအကြိမ် ကြီးမှူးကျင်းပသော (၂၀၁၃) ခုနှစ်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ထူးချွန်ဆုရရှိသော ရုပ်ရှင်အနုပညာရှင်များအား
ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့က နှုတ်ဆက်စကားပြောကြားစဉ်




မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်
မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ အားကစားသမားများအား တွေ့ရစဉ်



မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍
လုပ်ငန်းဆောင်ရွက်နေကြသူများအား ဒုတိယသမ္မတ ဦးညွန့်လှိုင်...




ပွင့်လင်းမြင်သာလာသည့်ကာလအတွင်း မီဒီယာများအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နေစဉ်



ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ပအိုဝ်းတိုင်းရင်းသားလူမျိုးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်



ရခိုင်ပြည်နယ်နေ့နှင့် မဟာဓာတ်အားလိုင်းစတင်ဖြန့်ဖြူးခြင်းအထိမ်းအမှတ်နေ့တွင်
တွေ့မြင်ရသည့် ရခိုင်တိုင်းရင်းသူလေးများ၏ ရခိုင်ရိုးရာအက



ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား၌ ဆရာတော်များအားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းနေသော
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်



ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် KIO ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံဆွေးနွေးစဉ်



(၃၁-၁၀-၂၀၁၄) နေ့က နိုင်ငံရေးအင်အားစု (၅) ဖွဲ့မှ ခေါင်းဆောင်များ၏ နိုင်ငံရေးရာဆွေးနွေးပွဲတွင် တွေ့ရသော ခေါင်းဆောင်များ ရင်းနှီးချစ်ကြည်စွာ နှုတ်ဆက်စဉ်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့စစ်ဦးစီးချုပ်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်



(၆၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြသည့်
ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊
အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်
ဒေါ်အောင်ဆန်းစုကြည်တို့ကို တွေ့ရစဉ်




ရန်ကုန်တိုင်းဒေသကြီးအတွင်း (၄) ကြိမ်မြောက် ဖမ်းဆီးရမိသည့်
မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို တွေ့ရစဉ်




(၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲနှင့် (၈) ကြိမ်မြောက်
အာဆီယံဒေသတွင်း ထူးချွန်စီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲအခမ်းအနား



ခါကာဘိုရာဇီတောင်သို့ တက်ရောက်ရန်ကြိုးစားနေသည့် သဘာဝခေါ်သံအဖွဲ့မှ
မြန်မာလူမျိုးတောင်တက်သမားများ

# အထူး

# ဆောင်းပါးကြီးများ

ဤကဏ္ဍတွင်ပါဝင်သော အထူးဆောင်းပါးကြီးများသည် ၂၀၀၇ ခုနှစ်အတွင်း ထင်ရှားစွာ ပေါ်ပေါက်လာသော အကြောင်းအရာများနှင့် ယခင် ဖြည့်စွက် ပြင်ဆင်ရန်ရှိသည့် အကြောင်းအရာများကို သမိုင်းဆိုင်ရာ အချက်အလက်များနှင့်ညှိနှိုင်းကာ စာရေးသူ၊ ပညာရှင်တို့က သုတေသနပြု ရေးသားထားခြင်း ဖြစ်ပါသည်။

အပိုင်း (၂)

# အပိုင်း (၂)

## မာတိကာ


| | | | |
|---|---|---|---|
| ၁ | ကမ္ဘာနှင့်မြန်မာ့ရုပ်မြင်သံကြားဖြစ်ပေါ်တိုးတက်ပြောင်းလဲလာခြင်း | ဒေါက်တာခင်မောင်ညိုနှင့် မျိုးမြတ်သူ | ၁၀၇-၁၁၂ |
| ၂ | ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များနှင့် ပျူခေတ်ယဉ်ကျေးမှု | ဦးစန်းဝင်း (ရှေးဟောင်းသုတေသန) | ၁၁၃-၁၂၂ |
| ၃ | ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ | ဦးအောင်ထူး | ၁၂၃-၁၃၂ |
| ၄ | မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး | ဒေါက်တာသိန်းမြင့် | ၁၃၃-၁၅၀ |
| ၅ | မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ | ဒေါက်တာဒေါ်ရင်ရင်နွယ် | ၁၅၁-၁၆၀ |
| ၆ | အလောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ | ဒေါက်တာတိုးလှ | ၁၆၁-၁၆၈ |

## ကမ္ဘာနှင့် မြန်မာ့ရုပ်မြင်သံကြား ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု

ပထမဦးဆုံး ဂုဏ်ပြုထိုက်သူမှာ စကော့လူမျိုး သိပ္ပံပညာရှင် ဂျိမ်းကလပ်မက်စ်ဝဲလ်ဖြစ်သည်။ (၁၈၇၃) ခုနှစ်တွင် သူသည် လျှပ်စစ်သံလိုက်လှိုင်းမှ ရုပ်သံလွှင့်နိုင်ကြောင်း တင်ပြခဲ့သည်။ ထိုနှစ်မှာပင် အင်္ဂလိပ်သိပ္ပံပညာရှင် ဝီလူဘီစမစ်နှင့် သူ၏လက်ထောက် ဂျိုးဆက်မေတို့က ဆယ်လီနီယံသတ္တုကိုသုံးပြီး ရုပ်သံကင်မရာကို စတင်တီထွင်ခဲ့သည်။ အီလက်ထရွန်ကိုထုတ်ကာ အလင်းကို လွှင့်ထုတ်နိုင်သော ရုပ်သံကင်မရာနှင့် ရုပ်သံဖမ်းစက်များကို ဂျာမန်သိပ္ပံပညာရှင် ဝါးဟိန်းဟောဝက်ချ်က (၁၈၈၈) ခုနှစ်တွင် တီထွင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ထိုအချိန်က လျှပ်စစ်သံလိုက်စက်ကွင်းကို ဖန်တီးရန်အားနည်းမှုများကြောင့် ချက်ချင်းအသုံးဝင်သော ရုပ်သံစနစ်ကို မရခဲ့ကြပေ။ (၁၉၀၆) ခုနှစ်တွင် အမေရိကန် အင်ဂျင်နီယာ လီဒီဖောရက်စ်က ဒိုင်အုတ်သုံးခုပါ လေဟာနယ်ဖန်ပြွန်ကို တီထွင်လိုက်သည်။ ဆက်လက်ပြီး (၁၉၂၀) ပြည့်နှစ်တွင် အဆိုပါလေဟာနယ်ဖန်ပြွန်၏ လျှပ်စစ်သံလိုက်အားကို ချဲ့နိုင်လာကာ ရုပ်သံစနစ်ကို အသေအချာ ပုံဖော်လာနိုင်ခဲ့သည်။

(၁၉၃၀) ပြည့်နှစ်တွင် ရုပ်မြင်သံကြားကို ထိရောက်စွာရုပ်သံလွှင့်နိုင်သည့် အဆင့်သို့ရောက်လာကာ (၁၉၃၉) ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ စတင်ထုတ်လွှင့်နိုင်ခဲ့သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထုတ်လွှင့်မှုကို ရပ်ဆိုင်းခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အပြီး နောက်တစ်နှစ် (၁၉၄၆) ခုနှစ်တွင်မှ ထုတ်လွှင့်မှုကို ပြန်လည်ပြုလုပ်ခဲ့သည်။ ထိုစဉ်က အဖြူ အမည်း ရုပ်သံလွှင့်မှုကိုသာ ပြုလုပ်နိုင်ခဲ့သည်။

စင်စစ်အဓိက အရောင်သုံးမျိုးဖြစ်သည့် အနီ၊ အစိမ်းနှင့် အပြာတို့ဖြင့် ရောင်စုံရုပ်မြင်သံကြား လုပ်နိုင်ကြောင်းကို (၁၉၀၄) ခုနှစ်ကတည်းက သိရှိခဲ့သည်။ ထိုအချက်ကို (၁၉၂၈) ခုနှစ်တွင် ဘားအတ် (Baird) က နစ်ကိုးဒစ်ခ်ကိုသုံးကာ သက်သေပြနိုင်ခဲ့သည်။ (၁၉၄၀)



**ကမ္ဘာ့ရုပ်မြင်သံကြားအစောပိုင်းကာလက သတင်းအစီအစဉ်ထုတ်လွှင့်နေပုံ**

ပြည့်နှစ်တွင် နယူးယောက်မြို့၌ ရောင်စုံရုပ်သံလွှင့်မှုကို စတင်ပြုလုပ်နိုင်ခဲ့သည်။ (၁၉၅၃) ခုနှစ်တွင် မီတာဂိုးမတ်က စနစ်သစ်ဖြင့် ရောင်စုံရုပ်သံကို ထုတ်လွှင့်နိုင်ခဲ့သည်။ အဓိကပြဿနာမှာ ရောင်စုံရုပ်မြင်သံကြားစနစ်ကို အဖြူ အမည်းရုပ်သံဖမ်းစက်များက ဖမ်းယူနိုင်ရန်အတွက် စီစဉ်ရသည်မှာ အချိန်အတော်ယူရခြင်းဖြစ်သည်။ ထို့ကြောင့် ရောင်စုံရုပ်မြင်သံကြားစနစ်သည် (၁၉၅၃) ခုနှစ်တွင်မှ အဖြူ အမည်းစက်များဖြင့် ဖမ်းမိအောင်လုပ်နိုင်လာ၍ ထိထိဝင်ဝင်အောင်မြင်လာခဲ့သည်။

(၁၉၈၀) ပြည့်နှစ်ဝန်းကျင်တွင် ဒစ်ဂျစ်တယ်ရုပ်သံစနစ်ပေါ်လာသည်။ ဒစ်ဂျစ်တယ်စနစ်တွင် စနစ်သုံးခုပါဝင်သည်။ ပထမက ရိုးရိုးဖြစ်၍ (DTV) ဟုခေါ်သည်။ ဒုတိယမှာ စံ standard-definition TV (SDTV) ဖြစ်၍ နောက်ဆုံးတစ်ခုကတော့ အဆင့်မြင့် high-

အရောင်အနီ၊ အစိမ်း၊ အပြာတို့ကို ခွဲထုတ်ပေးသည်။ ထိုအရောင်သုံးရောင်ပေါင်းပါက အရောင်အားလုံးလိုလို ကိုရနိုင်လေသည်။ အကောင်းစား ရုပ်သံကင်မရာများတွင် အလင်းစစ် ဖီလ်တာများပါရှိကာ ပုံရိပ်များကို အရောင်သုံးမျိုးအဖြစ် ခွဲထုတ်ပေးသည်။ လက်ခံသောကိရိယာသည် အလင်းကို အီလက်ထရောနစ်ဆစ်ဂနယ်အဖြစ် ပြောင်းပေးသောကိရိယာဖြစ်သည်။ ပထမဆုံး ရုပ်သံကင်မရာများတွင် ကင်မရာကျူကို လက်ခံကိရိယာအဖြစ်သုံးခဲ့သည်။ ထိုပစ္စည်းကို အိုင်ကွန်နိုစကုပ်ဟုခေါ်သည်။ ကြီးမားပြီး ကရိကထများကာ ဈေးနှုန်းလည်း

ဖမ်းစက်မှ လက်ခံကာ အရောင်သုံးမျိုးကို ပုံမှန်အတိုင်း မြင်နိုင်ရန် ပုံဖော်သည်။ ရုပ်သံကင်မရာနှင့် ရုပ်သံဖမ်းစက်များတွင် အရုပ်များကို စကင် (Scan) ပြုလုပ်ကာ ဖတ်ရသည်။ ရုပ်သေများကိုသာ မန်အားဖြင့်တစ်ပုံချင်းစကင် (Scan) လုပ်ရသည်။ သို့သော် လှုပ်ရှားနေသောအရုပ်အတွက် တစ်စက္ကန့်တွင် အကြိမ်ပေါင်းများစွာ (Scan) စကင်လုပ်ရသည်။

အမေရိကန်ပြည်ထောင်စုတွင် ရေပြင်ညီမျဉ်း (၅၂၅) လိုင်းကို တစ်စက္ကန့်လျှင် အကြိမ် (၃၀) စကင် (Scan)လုပ်သည်။ ဥရောပနှင့်အာရှနိုင်ငံအများတွင်မူ





**ရိုက်ကူးတည်းဖြတ်ထုတ်လွှင့်စနစ်မှ တိုက်ရိုက်ထုတ်လွှင့်စနစ်သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ**

ကြီးသည်။ (၁၉၂၀) ပြည့်နှစ်က တီထွင်ခဲ့သည်။ (၁၉၄၀) ပြည့်နှစ်တွင် image orthicon tube and the vidicon tube တို့ကို တီထွင်အသုံးပြုကာ အိုင်ကွန်နိုစကုပ်နေရာတွင် အစားထိုးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် ၎င်းတို့နေရာတွင် စီစီဒီ CCD ဟုခေါ်သော charge coupled devices ကို အစားထိုးနိုင်လာသည်။ စီစီဒီ CCD ဆိုသည်မှာ သေးငယ်သည့် အိုင်စီကိရိယာဖြစ်၍ ယနေ့တိုင်အသုံးပြုလျက်ရှိသည့် ကိရိယာဖြစ်သည်။

အင်ကိုဒါဆိုသည်မှာ ရောင်စုံရုပ်မြင်သံကြားကင်မရာမှ စီစီဒီကပေးပို့သော ဆစ်ဂနယ်များကို ပထမချဲ့ရသည်။ ပြီးလျှင် ထွက်လာသော အရောင်သုံးမျိုး၏ အီလက်ထရောနစ် ဆစ်ဂနယ်များကို တစ်ခုတည်းဖြစ်အောင်ပေါင်းလိုက်ပြီး ရုပ်သံလွှင့်မှုကို ပြုလုပ်ရသည်။ ထိုအီလက်ထရောနစ်ဆစ်ဂနယ်များကို ရုပ်သံ

များသောအားဖြင့် ရေပြင်ညီမျဉ်း (၆၂၅) လိုင်းကို တစ်စက္ကန့်တွင် (၂၅) ကြိမ်စကင်လုပ်ဆောင်သည်။ အင်နာလော့ဂ်ရုပ်သံစနစ်တွင် အင်တာလေ့စ်စကင်နင်း (Scanning) သုံးသည်။ ဤနည်းတွင် ရေပြင်ညီမျဉ်း 'မ' နံပါတ်များကို ပထမစကင် (Scan) လုပ်ကာ 'စုံ' မျဉ်းများကို ဒုတိယအကြိမ်စကင်(Scan)လုပ်ရသည်။ ထို့ကြောင့် တစ်စက္ကန့်တွင် အကြိမ် (၃၀) စကင် (Scan) လုပ်နိုင်ရန် တစ်ကြိမ်တွင် နှစ်ခါနှစ်ခေါက် စကင် (Scan) လုပ်ရသည်။ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားစနစ်တွင်မူ ကွန်ပျူတာမော်နီတာ အလုပ်လုပ်သကဲ့သို့ ဆောင်ရွက်သည်။ အရုပ်များကို တစ်စက္ကန့်လျှင် ပုံပေါင်း (၆၀) ကို စက္ကန့်တိုင်းထုတ်လွှတ်ပေးသည်။ ဒစ်ဂျစ်တယ် နည်းစဉ်တွင် စကင် (Scan) နှုန်းမြန်သောကြောင့် အင်နာလော့ဂ်ထက် ပိုမိုပြတ်သားသောပုံရိပ်များကို ရရှိသည်။

သံကြားသမိုင်း၌ ပထမဆုံးအနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီဖြစ်သော Forever Group နှင့် အကျိုးတူ ပေါင်းကာ MRTV-4 ရုပ်မြင်သံကြားလိုင်းသစ်ကို စတင်ထုတ်လွှင့်ခဲ့သည်။ မူလစတင်ထုတ်လွှင့်စဉ်က Thaicom-3 ဂြိုဟ်တုမှ ထုတ်လွှင့်ခဲ့ပြီး Forever Group မှ ထုတ်လုပ်သော Myanmar Media Box(MM Box) ရုပ်မြင်သံကြားဖမ်းစက်ဖြင့် တပ်ဆင်ကြည့်ရှုခဲ့ကြသည်။

မူလက MRTV-4 ရုပ်မြင်သံကြားအစီအစဉ်များသည် ပုံမှန်ရုပ်မြင်သံကြားထုတ်လွှင့်သည့် စနစ်မဟုတ်ဘဲ အရုပ်အသံများကို MPEG-4 သို့ ပြောင်းလဲပြီး Data Broadcasting စနစ်ဖြင့် ဂြိုဟ်တုမှ တပ်ဆင်ပေးပို့ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သာမန်ရုပ်မြင်သံကြားဖမ်းစက်ဖြင့် မကြည့်ရှုနိုင်ဘဲ MPEG-4 Data များကို အရုပ်၊ အသံများအဖြစ် ပြောင်းလဲပေးနိုင်သော MM Box ဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်ခဲ့သည်။ (၁၅-၂-၂၀၀၅) မှစပြီး ရုပ်သံအရည်အသွေး ပိုမိုကောင်းမွန်စေရန် MM Box အစား Family Digital Receiver ကို အသုံးပြုပြီး Digital Vedio Broadcasting Terrestrial (DVBT) စနစ်ကို အသုံးပြုပြီး MRTV-4 အစီအစဉ်များကို MPEG-2 ဖြင့် စတင်ထုတ်လွှင့်ခဲ့သည်။

(၂၀၀၅) ခုနှစ်တွင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်သော 5 movies,5 series,5 cartoon နှင့် 5 sports ရုပ်သံများကို အခပေးကြည့်ရှု ရသော Pay TV စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့သည်။ (၂၀၀၆) ခုနှစ်တွင် နိုင်ငံတကာ၌ အောင်မြင်ကျော်ကြားသော ရုပ်သံလိုင်းများဖြစ်သည့် Star World, Star Movies, Star Sports, ESPN,Discovery,National Geograph Channel,Travel and Living Animal Planet, Channel V, MTV,CNN စသည့် ကမ္ဘာကျော်ရုပ်သံလိုင်းများကို Pay TV စနစ်ဖြင့် ထုတ်လွှင့်ပြသခဲ့သည်။

(၂၀၀၉) ခုနှစ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော ရွှေသံလွင်ကုမ္ပဏီနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်း၍ Direct To Home-DTH စနစ်ဖြင့် ဂြိုဟ်တုမှပေးပို့သော ရုပ်သံအစီအစဉ်များကို နှစ်ပေစလောင်းဖြင့် ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးခဲ့သည်။ DTH စနစ်ဖြင့် ထုတ်လွှင့်သော Sky Net ရုပ်သံအစီအစဉ်များသည် ဂြိုဟ်တုမှပေးပို့သော စနစ်ဖြစ်သဖြင့် မြန်မာနိုင်ငံနေရာအနှံ့မှ ဖမ်းယူကြည့်ရှုနိုင်သောကြောင့် လူအများအပြား ဝယ်ယူတပ်ဆင်ခဲ့ကြသည်။ ထို့အပြင် တရားမဝင် ဝင်ရောက်နေသော ရှစ်ပေစလောင်း၊ နှစ်ပေစလောင်းများကိုလည်း ဈေးကွက်အတွင်း ရုပ်တန့်စေခဲ့သည်။

(၂၀၀၉) ခုနှစ်၊ စက်တင်ဘာလမှစတင်၍ MRTV-4 ရုပ်သံလိုင်းကို ၂၄ နာရီ အချိန်ပြည့်စနစ်ဖြင့် စတင်ပြသနိုင်ခဲ့သည်။ (၂၀၁၁) ခုနှစ်တွင် Forever Group က အခမဲ့ရုပ်သံလိုင်း Channel 7 ကို စတင်ထုတ်လွှင့်ခဲ့သည်။ ရွှေသံလွင်ကုမ္ပဏီကလည်း (၂၀၁၃) ခုနှစ်တွင် အခမဲ့ရုပ်သံလိုင်း Myanmar National Television-MNTV ကို စတင်ထုတ်လွှင့်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုဖြစ်သော Forever Group နှင့် ရွှေသံလွင်တို့သည် ရုပ်မြင်သံကြားအစီအစဉ်များကို အခမဲ့စနစ်ဖြင့်သော်လည်းကောင်း၊ အခပေးစနစ်ဖြင့်သော်လည်းကောင်း အပြိုင်အဆိုင် ထုတ်လွှင့်လျက်ရှိကြသည်။

ယနေ့အချိန်တွင် ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ်ကို အင်နာလော့ဂ်စနစ်မှ အရုပ်၊ အသံအရည်အသွေးပိုမိုကောင်းမွန်သော ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲ ထုတ်လွှင့်နေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ မြဝတီရုပ်မြင်သံကြား (MWD)၊ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ (4TV)၊ 5 Network နှင့် Sky Net ဂြိုဟ်တုရုပ်သံလိုင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်လျက်ရှိသည်။ နိုင်ငံတကာတွင် ထင်ရှားအောင်မြင်သောရုပ်သံလိုင်းများ၊ ကမ္ဘာကျော်သတင်း ရုပ်သံလိုင်းများဖြစ်သည့် BBC World,CNN, CNA,CCTV နှင့် အယ်လ်ဂျာဇီးယားစသည့်ရုပ်သံလိုင်းများ၊ ဂျာမနီ၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ထိုင်း စသည့်နိုင်ငံများမှ ရုပ်သံအစီအစဉ်များ အပါအဝင်ရုပ်သံလိုင်းပေါင်း (၈၀) ကျော်ကို မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအတွက် ထုတ်လွှင့်ပေးလျက်ရှိပေသည်။

**ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ**

ခင်ဘကုန်းမှ အထောက်အထားများနှင့် မြေပေါ်ကြွင်းကျန် အဆောက်အအုံများအရ တွေ့ရှိရသည်။

ရှေးခေတ်အိန္ဒိယနှင့် ပျူမြို့ပြနိုင်ငံများ၏ ကူးလူးဆက်ဆံမှုတွင် စာပေ၊ ကိုးကွယ်ယုံကြည်မှုနှင့် အုပ်ချုပ်သူအဖွဲ့အစည်းအချင်းချင်းသာမက ကုန်သွယ်ဖလှယ်ရောင်းဝယ်မှုများလည်း ပါဝင်ခဲ့မည်ဖြစ်သည်။ ဗိသနိုးပျူနိုင်ငံနှင့် ဆက်သွယ်မှုရှိသော အိန္ဒိယနိုင်ငံ၏ နယ်ပယ်ဒေသမှာ တောင်ပိုင်းမှ နာဂဇုနကောဏ္ဍာ၊ အမရဝတီစသော ဣက္ခွာကုမင်းတို့၏ နိုင်ငံတို့ဖြစ်သည်ဟု ဒေါက်တာစတားဂတ်က ထုတ်ဖော်တင်ပြခဲ့သည်။

ပျူလူမျိုးတို့နှင့်သက်ဆိုင်သော အကြောင်းအရာ၊ ယဉ်ကျေးမှုနှင့်သမိုင်းတို့ကို မြန်မာနိုင်ငံတွင် သုတေသနပြုတူးဖော်ရရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ကြွင်းကျန်တည်ရှိနေသော ရှေးဟောင်းအဆောက်အအုံများ၊ ကျောက်စာမှတ်တမ်းအထောက်အထားများ၊ မြန်မာ့သမိုင်းမှတ်တမ်းများ၊ ပျူတို့နှင့်ခေတ်ပြိုင် တရုတ်သမိုင်းမှတ်တမ်းများဖြစ်သည့် ထန်ခေတ်ဟောင်းသမိုင်း (ဟိုတန်ရှု)၊ ထန်ခေတ်သမိုင်း (ရှင်တန်ရှု) နှင့် တောင်ပိုင်းလူရိုင်းသမိုင်း (မန်ရှု) တို့မှ အများအပြား ဖော်ထုတ်သိရှိခဲ့ရပေသည်။

ဘီစီ (၁) ရာစုမှ အေဒီ (၉) ရာစုတိုင် ထွန်းကားတည်ရှိခဲ့သော ပျူမြို့ပြနိုင်ငံများသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယနေ့တိုင် ကြွင်းကျန်တည်ရှိလျက်ရှိသည်။ ယင်းတို့အနက် ဗိသနိုးမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပင်လယ် (မိုင်းမော) မြို့ဟောင်း တို့တွင် မြန်မာ့သမိုင်း အကြိုခေတ်ကာလ ဘီစီ (၁) ရာစုမှ အေဒီ (၉) ရာစုအထိ ဖြစ်တည်ထွန်းကားခဲ့သော ပျူယဉ်ကျေးမှုသမိုင်းစဉ်ကို တိကျခိုင်မာသော အထောက် အထားများဖြင့် ဖော်ထုတ်တင်ပြနိုင်ရန် ရှေးဟောင်းသုတေသနဦးစီးဌာနက သုတေသနပြုတူးဖော်မှုလုပ်ငန်းများစနစ်တကျ ဆောင်ရွက်ခဲ့သည်။

ဤဆောင်းပါးအတွက် အချက်အလက်များ စုဆောင်းချိန်အထိ ဗိသနိုးမြို့ဟောင်းတွင် ကုန်းပေါင်း (၅၉) ကုန်း၊ ဟန်လင်းမြို့ဟောင်းတွင် ကုန်းပေါင်း (၃၃) ကုန်း၊ သရေခေတ္တရာမြို့ဟောင်းတွင် ကုန်းပေါင်း (၅၃) ကုန်း၊ တကောင်းမြို့ဟောင်းတွင် ကုန်းပေါင်း (၄၂) ကုန်းနှင့် ပင်လယ်မြို့ဟောင်းတွင် ကုန်းပေါင်း (၂၁) ကုန်း တူးဖော်သုတေသနပြုပြီး ဖြစ်ကြောင်းသိရှိရသည်။

ရှေးဟောင်းသုတေသနဦးစီးဌာန၏ တူးဖော်သုတေသနပြုမှုအကျိုးရလဒ်အဖြစ် ဗိသနိုးမြို့ဟောင်း တူးဖော်မှု အမှတ် (၉) ကုန်း အဆောက်အအုံမှ မီးလောင်ကျွမ်းထားသော သစ်သားတိုင်မီးသွေးကို အမေရိကန်နိုင်ငံ၊ နယူးဂျာဆီ (NEW JERSEY) မြို့ရှိ အိုင်ဆိုတုပ်ဌာန (Isotopes Ins:) သို့ပေးပို့ကာ ရေဒီယိုကာဗွန်သက်တမ်းခွဲခြားနည်း (ကာဗွန်-၁၄) နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအရ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်၊ [ခရစ်နှစ် (၁) ရာစုမတိုင်မီ] က မီးသွေးဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထို့ကြောင့် ဗိသနိုးမြို့ဟောင်းသည် အေဒီ (၁) ရာစုအချိန်တွင် မြို့ပြအဆင့်သို့ ခိုင်ခိုင်မာမာရောက်ရှိနေပြီးဖြစ်သော ပျူမြို့ပြတစ်ခုဖြစ်ကြောင်း အခိုင်အမာဆိုနိုင်ခဲ့သည်။

ထိုနည်းတူ အေဒီ (၁) ရာစုတွင် မြို့ပြတည်ထောင်နေထိုင်ခဲ့နိုင်သော ပျူလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားရုံမျှမက ယင်းကဲ့သို့ မြို့ပြတစ်ခုထူထောင်နေနိုင်ရန် အစပျိုးအားယူခဲ့ရသော အချိန်ကာလများကိုပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ကြေးခေတ်၊ သံခေတ် ခန့်မှန်းကာလများနှင့် ဆက်စပ်လျက် ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၄၀၀) ခန့်ကပင် မြန်မာနိုင်ငံအတွင်း၌ စတင်အခြေချနေထိုင်ခဲ့ကြကြောင်း ဆင်ခြင်သုံးသပ်နိုင်သည်။

သုတေသနပြုတူးဖော်တွေ့ရှိပြီးသော ရှေးဟောင်းပျူမြို့တော်များမှ လေ့လာဖော်ထုတ်ရရှိသည့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများနှင့် ခေတ်ပြိုင်မှတ်တမ်းများမှ အထောက်အထားများအပေါ် အခြေပြု၍ ပျူတို့၏ မြို့ပြယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ နိုင်ငံခြားဆက်ဆံရေး၊ စီးပွားရေးနှင့်ပျူတို့၏ စရိုက်လက္ခဏာများအဖြစ် ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ပန်းထိမ်ပညာ၊ ပျူဒင်္ဂါးများ၊ ပျူပုတီးစေ့များစသည့် အချက်အလက်များကို လေ့လာဆန်းစစ်လျက် အကျဉ်းမျှထုတ်ဖော်တင်ပြမည်ဖြစ်သည်။

သည်။ များသောအားဖြင့် တွေ့ရှိရသော လက်ဟန်တို့မှာ အဘယမုဒြာ၊ ဈာနမုဒြာ၊ မဟာကရုဏာကိမုဒြာ၊ ဝရဒမုဒြာ၊ ဝိတက္ကမုဒြာ၊ ဘူမိဖဿမုဒြာ၊ ဓမ္မစက္ကမုဒြာတို့ဖြစ်သည်။ ခြေဟန်တို့မှာ ပရလမ္ဗနသန၊ ရာဇလာလိသန၊ ဘဒြာသန၊ လလိတသန၊ ဈာနသနတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ပျူတို့သည် ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်အရေးအသားဖြင့် ထွန်းကားရပ်တည်ခဲ့သော လူမျိုးဖြစ်ရာ ရွှေပြားချပ်၊ ငွေပေလွှာ၊ ငွေကြုတ်မှုစာ၊ အုတ်ခွက်စာ၊ ပျူကျောက်အရိုးစာများ၊ ကျောက်စာများကို ပျူယဉ်ကျေးမှုထွန်းကားရာဒေသများတွင် တွေ့ရှိရသည်။ ထိုများမှ သရေခေတ္တရာပျူမင်းအမည်များကို ပညာရှင် သုတေသီဒေါက်တာစီအိုဗလက်ဒင်က (က) သူရိယဝိကြမမင်း၊ (ခ) ဟရိဝိကြမင်း၊ (ဂ) သီဟဝိကြမင်း ဟူ၍ ဖွင့်ဆို ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ထို့အတူ သရေခေတ္တရာမြို့ဟောင်း ဘုရားထောင်ဘုရားအနီးမှ (၁၉၉၃) ခုနှစ်တွင် တူးဖော်ရရှိသော ပျူအရိုးအိုးကြီးတွင် ရေးထိုးထားသော စာလုံးရေ (၁၁၂၇) ပါကျောက်စာမှ အဓိပ္ပာယ်ဖော်ထုတ်နိုင်ခဲ့သည့် ပျူမင်းဆက်များကိုလည်း (က) ဿိဒေဝဝိကြမ၊ (ခ) ဟရိဝိကြမ၊ (ဂ) သီဟဝိကြမ၊ (ဃ) သူရိယဝိကြမ၊ (င) ဿိပြိတုဝိကြမ၊ (စ) ဿိဇတြ



**သရေခေတ္တရာမြို့ဟောင်းရှိ ဘုရားထောင်ဘုရား**

နန၊ (ဆ) ဿိ (ခံမ) ဒိတဝိကြမ (အာဒိတျဝိကြမ) ဟူ၍ တွေ့ရသည်။

ပျူစာများအရ ပျူလူမျိုးများ၏ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုနှင့် မင်းဆက်အမည်များကို ဖော်ထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းတွင် ပျူအက္ခရာနှင့် ပျူအရေးအသားသည် ခရစ်နှစ်မတိုင်မီ ဘီစီ (၄) ရာစုမှ အေဒီ (၁၁) ရာစုကုန်အထိ အသုံးပြုလျက်ရှိ ကြောင်း တွေ့ရှိရသည်။

ထင်ရှားသော သာဓကများအဖြစ် သရေခေတ္တရာ ပျူမြို့ဟောင်းဘုရားကြီးဘုရားအနီးမှ တူးဖော်ရရှိသော အရိုးအိုးတွင် ထွင်းထုထားသော ပျူကျောက်စာ

သရေခေတ္တရာမြို့ဟောင်း အပြင်ဘက်တွင် ရှိသော ဘုရားမာဘုရား၏ အရှေ့မြောက်ဘက်ကုန်းအမှတ် (၈) မှ (၁၉၆၅) ခုနှစ်တွင် ကြေးခေါင်းလောင်းငယ်တစ်ခုနှင့်အတူ ပျူပန်တျာကြေးရုပ်ငါးရုပ် တွေ့ရှိခဲ့ရာ ပျူတို့သည် တီးမှုတ်ကခုန်ခြင်းဆိုင်ရာ သုခုမအနုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ကြောင်း ထင်ရှားစေသည်။ အဆိုပါ ကြေးရုပ်ငါးရုပ်နှင့် ဆက်စပ်၍

ဟန်ရှိသည့် ရွှေ၊ ငွေ၊ ကြေး၊ သတ္တု၊ ဗုဒ္ဓဆင်းတုများ၊ လက်ဝတ်အဆင်တန်ဆာများနှင့် ခေါင်းပွရွှေထည်၊ ငွေထည်များ၊ ရွှေပေလွှာများ၊ ရွှေပြားချပ်များကိုလည်း ပြုလုပ်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။

မင်္ဂလာရှိသော အမှတ်အသားများဖြစ်သည့် သီရိဝစ္ဆ၊ ခရုသင်း၊ သောတ္ထိက၊ နေလ၊ ဝရဇိန်၊ ချွန်းတောင်း၊ ဘဒ္ဒပိဋ္ဌ၊ တက်သစ်စနေဝန်း၊ နေဝန်း အပြည့် (သို့မဟုတ်) လှည်းပုံတောင်းစသည့် အမှတ် အသားများပါသော ရွှေ ငွေနှင့် ကြေးဒင်္ဂါးများမှာလည်း ပျူတို့၏ ထင်ရှားသော ယဉ်ကျေးမှုအမှတ်အသားများ ဖြစ်ကြသည်။ ယင်းအမှတ် လက္ခဏာပါသော ဒင်္ဂါးများ မှာ မြန်မာနိုင်ငံအတွင်း အထက်အောက်ဒေသအနှံ့ အပြားတွင် တွေ့ရှိရသည်။ ထိုဒင်္ဂါးများက ပျူခေတ်တွင် ငွေကြေးဖြင့် ရောင်းဝယ်ဖောက်ကားသော ယဉ်ကျေးမှု ထွန်းကားနေပြီဖြစ်ကြောင်း ဖော်ပြနေသည်။

တွေ့ရှိရသောအချို့ဒင်္ဂါးများတွင် အပေါက် ငယ်ပါရှိသဖြင့် ငွေကြေးအဖြစ်သာမက ယုံကြည်မှု ဆိုင်ရာ အဆောင်အဖြစ်လည်းကောင်း၊ လည်ဆွဲအဖြစ် လည်းကောင်း၊ လက်မောင်း၌ ပတ်ချည်၍လည်းကောင်း အသုံးပြုနိုင်ဖွယ်ရှိမည်ဟုလည်း ခန့်မှန်းရသည်။ ထိုဒင်္ဂါး မျိုးကို ဖူနန် (ကမ်ပူချ) မှ ပျူမြို့များကို ဖြတ်သန်း၍ ဝေသာလီသို့သွားရာလမ်းတစ်လျှောက်ရှိ ဒေသများတွင် တွေ့ရှိခြင်းဖြင့် ပျူနှင့်အရှေ့တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ပြလျက်ရှိသည်။

ပျူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ တွင် စတင်အခြေချနေထိုင်လာခဲ့သူများဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံအလယ်ပိုင်းမှ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားရာဒေသများတွင် တွေ့ရှိရသော မြေပုတီးစေ့ များ၊ အဖြူနှင့်အနက်ကြား ကျောက်ပုတီးစေ့များ၊ ရောင်စုံကျောက်ပုတီးစေ့များကို ပျူတို့က ဆက်လက် ပြုလုပ်သုံးစွဲကြကြောင်း တွေ့ရှိရသည်။ ပျူခေတ်တွင် ယဉ်ကျေးမှုပိုမိုထွန်းကား တိုးတက်လာသည်နှင့်အမျှ ပုတီးစေ့များကို ရွှေ၊ ငွေ၊ ရောင်စုံသလင်းကျောက်များ၊ မဟူရာကျောက်၊ ဂေါ်မုတ်ကျောက်၊ ကြောင်ကျောက်၊ ကျောက်စိမ်းနှင့် ဖန်ထည်စသည်တို့ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးကို ပြုလုပ်သုံးစွဲကြကြောင်း တွေ့ရှိရသည်။ ရွှေပုတီးစေ့များတွင်လည်း ပျူတို့၏တစ်မူ ထူးခြားဆန်းသစ်သောဟန်နှင့် ပုံစံ အမျိုးမျိုးကို အလွန်သေးငယ်သော ပုတီးစေ့များအထိ ထုလုံးရုပ်၊ နှစ်ဖက် ထုချွန်ပုံ၊ စက်ဝိုင်း၊ ခရုပတ်၊ အပြား စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးပြုလုပ်နိုင်ကြသည်။ ထို့ပြင် လူရုပ်၊ ဆင်၊ ကျား၊ ငှက်၊ လိပ်၊ ခရုသင်း စသည့် လူနှင့်တိရစ္ဆာန်တို့၏ ပုံများကိုလည်း ပုတီးအဖြစ်လှပစွာ ပြုလုပ်နိုင်ကြသည်။ မြေ ပုတီးစေ့များတွင်လည်း အဝိုင်း တစ်ဖက်ခုံး၊ အိုးပုံသဏ္ဌာန်၊ ထုလုံးရုပ်စသည်ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ ပျူခေတ်ပုတီး များမှာ ပျူလူမျိုးတို့၏ အလှအပအဆင်တန်ဆာပုံစံ အမျိုးမျိုးကို ပျူခေတ်ဟန်၊ ပျူခေတ်ပုံစံဟု သတ်မှတ် ခေါ်ဆိုနိုင်လောက်အောင် ထူးထူးခြားခြား တီထွင် ပြုလုပ်နိုင်ကြောင်း တွေ့ရှိနိုင်သည်။ တင်ပြခဲ့သော အချက်အလက်များအားစုစည်း၍ လေ့လာခြင်းဖြင့် ပျူယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာများတွင် အဓိက ထင်ရှားသော အချက်များအဖြစ် အောက်ဖော်ပြပါ အတိုင်း တွေ့ရှိရသည်-

(က) ပျူတို့သည် အုတ်ချပ်ကြီးများဖြင့် မြို့ရိုး၊ ကျုံး၊ နန်းတော်၊ ဘာသာရေးအဆောက် အအုံတို့ကို အခိုင်အမာဆောက်လုပ်ခြင်း၊

(ခ) ပျူအုတ်ချပ်များမှာ တစ်တောင်အုတ် ခေါ် (အလျား ၁၈ လက်မ × အနံ ၉ လက်မ × ထု ၃ လက်မ) ရှိသောအုတ်ချပ်ကြီးများ ဖြစ်ခြင်း၊ အုတ်ချပ်များပေါ်တွင် လက်စင်း ရာအမျိုးမျိုးနှင့် အမှတ်အသားပါရှိခြင်း၊

(ဂ) ပျူမြို့ဝင်ပေါက်ပုံသဏ္ဌာန်မှာ အဝင်ဝ ကျယ်၍ အတွင်းသို့ကျဉ်းကာ မြို့ရိုး လက်တံ ကွေးဝိုက်သွားခြင်း၊

(ဃ) လူသေဆုံးလျှင် မီးရှို့ကာ အရိုးပြာများ၊ အရိုးစများကို မြေအိုး၊ ကျောက်အိုးများ အတွင်း၌ထည့်၍ အရိုးအိုးများကို မြှုပ်နှံ ခြင်း၊

(င) အရိုးမြှုပ်နှံရန် နေရာ (သို့မဟုတ်) အဆောက်အအုံသီးခြားသတ်မှတ်မြှုပ်နှံ ခြင်း၊

သတ်မှတ်ပြီးဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအားလုံးမှ လိုက်နာဆောင်ရွက်ရန် သဘောတူညီထားပြီးဖြစ်သော စည်းမျဉ်းစည်းကမ်းများနှင့်လည်း ကိုက်ညီရန် လိုအပ်သည်။ သို့မှသာလျှင် ရရှိပြီးသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဆင့်တွင် ရေရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်သည်။

အိမ်နီးနားချင်းနိုင်ငံများနှင့် အာဆီယံဒေသအတွင်းရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

| Country | Natural | Cultural | Mix | Total |
|---|---|---|---|---|
| **Bangaladesh** | **1** | **2** | **-** | **3** |
| **Cambodia** | **-** | **2** | **-** | **2** |
| **China** | **9** | **33** | **5** | **47** |
| **India** | **6** | **26** | **-** | **32** |
| **Indonesia** | **4** | **4** | **-** | **8** |
| **Laos** | **-** | **2** | **-** | **2** |
| **Malaysia** | **2** | **2** | **-** | **4** |
| **Myanmar** | **-** | **1** | **-** | **1** |
| **Philippines** | **3** | **3** | **-** | **6** |
| **Thailand** | **2** | **3** | **-** | **5** |
| **Vietnam** | **2** | **5** | **1** | **8** |

မြန်မာနိုင်ငံသည် ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်းသို့ (၁၉၉၄) ခုနှစ်၊ ဧပြီ (၂၉) ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ (၁၉၉၆) ခုနှစ်၊ အောက်တိုဘာ (၄) ရက်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် တင်သွင်းရန် ပျူမြို့ဟောင်း သုံးမြို့ အထိမ်းအမှတ်နေရာဒေသရှစ်ခုကို ပဏာမအဆိုပြုစာရင်း (Tantative Lists) အဖြစ် တင်သွင်းခဲ့သည်။

ပဏာမအဆိုပြုစာရင်းတွင် ပါဝင်ခဲ့သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးဟောင်းမြို့တော်သုံးခုသည် မြို့ပြယဉ်ကျေးမှု အစောဆုံး ထွန်းကားခဲ့သည့် ရှေးမြို့ဟောင်းများအဖြစ် ထင်ရှားစွာ ကြွင်းကျန်တည်ရှိခြင်း၊ ပုဂံခေတ်၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ပေါက်ဖွားလာစေရန် မျိုးစေ့ချပေးခဲ့ခြင်းတို့အတွက် အကောင်းဆုံးသက်သေပြယုဂ်ဖြစ်သောကြောင့် ယင်းပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ရန် အစုလိုက်အမည်စာရင်း (Serial Nomination) တင်သွင်းခဲ့သည်။

ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ရှေးဦးလုပ်ငန်းများကို (၂၀၀၈) ခုနှစ်တွင် ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက စတင်ဆောင်ရွက်ခဲ့သည်။ (၂၀၁၁) ခုနှစ်၊ ဇူလိုင်လတွင် ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဗဟိုဌာန (World Hertiage Center) နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည်။ (၂၀၁၂) ခုနှစ်၊ ဩဂုတ်လတွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ



**သုတေသနပြုရာမှ တူးဖော်တွေ့ရှိရသော သံမယ်ဏာများ**

များဖြစ်သည့် အရင်းအမြစ်စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးပညာ၊ အုတ်ဖုတ်ပညာနှင့် ပန်းပဲဆိုင်ရာအတတ်ပညာတို့ဖြင့် တီထွင်ဆန်းသစ်မှုများဖြင့် ဆောက်လုပ်ခြင်းတို့သည် အရှေ့တောင်အာရှဒေသအတွင်း စံပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း” ဖော်ပြပါရှိသည်။

ပျူမြို့ဟောင်း သုံးမြို့အနက် သရေခေတ္တရာမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အထိမ်းအမှတ်တံဆိပ် ကျောက်တိုင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၉) ရက် နံနက် (၉) နာရီက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ ပြည်-ပေါက်ခေါင်း ကားလမ်းနံဘေး ရွှေတံခါးကွက်သစ် နဂါးတွန့်တံခါးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ယူနက်စကိုရုံးခွဲ မြန်မာမှ Mr.Sandar Umar Alam နှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။



**ပျူရှေးဟောင်းမြို့ တူးဖော်ရာမှ တွေ့ရှိရသည့် ပျူခေတ်သုံးဒင်္ဂါး**

အဆိုပါအခမ်းအနားတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုလွှာကို ယူနက်စကို ရုံးခွဲ မြန်မာမှ Mr.Sandar Umar Alam ကပေးအပ်ရာ ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံရယူသည်။ ထို့နောက် ဒေသခံပြည်သူဖြစ်သူ သရေခေတ္တရာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးကျော်သူစိုးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အထိမ်းအမှတ်တံဆိပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးရာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ သရေခေတ္တရာမြို့ဟောင်း၏ လုလင်ကျော်မြို့ဝင်ပေါက်အနီးတွင်လည်း ကမ္ဘာ့အမွေအနှစ်အဖြစ် အထိမ်းအမှတ်တံဆိပ်ကျောက်တိုင်များကို စိုက်ထူဖွင့်လှစ်ခဲ့သည်။

အလားတူ ယင်းနေ့ ညနေ (၄း၀၀) နာရီတွင် ဗိဿနိုးမြို့ဟောင်းအဝင်မုခ်ဦး ဝဲဘက်မျက်နှာစာ၌လည်းကောင်း၊ ဟန်လင်းမြို့ဟောင်း၏ အထိမ်းအမှတ်တံဆိပ် ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၁၀) ရက် ညနေ (၄း၀၀) နာရီတွင် ကုန်းအမှတ် (၁၇) မြို့ဝင်ပေါက်၌လည်းကောင်း ကျင်းပခဲ့ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့ ပါဝင်တက်ရောက်ခဲ့ကြ သည်။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးသော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် (World Hertiage Listed) အဖြစ် ပျူရှေးဟောင်းမြို့တော်သုံးမြို့အား သတ်မှတ်ခံရခြင်းအတွက် မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ကမ္ဘာအထိ သယ်ဆောင်ထင်ရှားစေခဲ့ပြီဖြစ်သည်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာလည်းဖြစ်သည်။ ဤသို့ အသိအမှတ်ပြုခံရပြီးသော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်တွင် အရှည်တည်တံ့နေစေရန်မှာမူ ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုတည်းက စွမ်းဆောင်နိုင်မည်မဟုတ်ဘဲ နိုင်ငံတော်မှ ဦးဆောင်လျက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ရှုမြင်ခံယူကာ ဆက်စပ်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက ပူးပေါင်းစောင့်ရှောက်ထိန်းသိမ်းနိုင်မှသာလျှင် ကမ္ဘာ့အမွေအနှစ်အဆင့်တွင် အဓွန့်ရှည်ခိုင်မာစွာရပ်တည်နေနိုင်မည်ဖြစ်သည်။

**ဦးစန်းဝင်း (ရှေးဟောင်းသုတေသန)**



**၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံ၏ လိုဂိုဒီဇိုင်း**

ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ၊ အာရှ ဖောင်ဒေးရှင်း၊ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန၊ အာဆီယံလေ့လာရေးဌာန၊ ဥရောပသမဂ္ဂ၊ ဟန်ဆိုက်ဒယ်ဖောင်ဒေးရှင်း၊ အိုင်အမ်ဂျီ၊ ဂျာမန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန၊ ဩစတြေးလျ နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ၊ ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ အာဆီယံ-ဂျပန်ပေါင်းစည်းရေးရန်ပုံငွေ၊ ရန်ကုန်မြို့စင်ကာပူသင်တန်းကျောင်းစသည်တို့နှင့်ပူးပေါင်း၍ စွမ်းရည်ထူထောင်မှုများကို ဆောင်ရွက်ခဲ့သည်။ ညီလာခံများ ကျင်းပရေး စွမ်းရည်ထူထောင်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံအစိုးရ၊ ကိုရီးယားသမ္မတနိုင်ငံအစိုးရများက ညီလာခံဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြသည်။ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းနိုင်ငံများသို့ သွားရောက်လေ့လာမှုများနှင့် အနီးကပ် တွဲဖက်ဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ခဲ့သည်။ ယင်းသို့ စွမ်းရည်ထူထောင်မှုများကို စနစ်တကျဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံမှ တာဝန်ရှိသူများသည် ထိပ်သီးအစည်းအဝေးများ၊ ဝန်ကြီးအဆင့်အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

**အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပခြင်း**

အာဆီယံပဋိညာဉ်စာတမ်း၏ အပိုဒ် (၃၁) တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံအမည်များ၏ အင်္ဂလိပ်အက္ခရာစဉ်အတိုင်း နှစ်စဉ်အလှည့်ကျဆောင်ရွက်ရပြီး ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းတွင် တစ်ခုတည်းသော အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ၊ အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံ အသိုက်အဝန်းကောင်စီ (၃) ရပ်၊ သက်ဆိုင်ရာအာဆီယံဝန်ကြီးအဆင့်ကဏ္ဍအလိုက် အဖွဲ့အစည်းအဝေးများ၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ၏ အစည်းအဝေးများကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို အလှည့်ကျတာဝန်ထမ်းဆောင်ရမည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း၏ တာဝန်ဖြစ်သကဲ့သို့ တစ်နှစ်လျှင် အစည်းအဝေးပေါင်း (၁၂၀၀) ကျော်ကို ကျင်းပလေ့ရှိသည့် အာဆီယံတွင် အစည်းအဝေးအများစုကို အာဆီယံဥက္ကဋ္ဌဖြစ်သည့်နိုင်ငံက သဘာပတိအဖြစ် ဦးဆောင်ကျင်းပရမည်ဖြစ်သည်။

(၂၀၁၄) ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ ပွဲဦးထွက်အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသီးသန့်အစည်းအဝေး (AMM Retreat) ကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်တွင် ပုဂံမြို့၌ စတင်ကျင်းပခဲ့သည်။ အာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ မဟာဗျူဟာညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများကို မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာ ကြီးမားပုံကိုလည်း ပြသနိုင်ခွင့်ရခဲ့သည်။

(၂၀၁၄) ခုနှစ်အတွင်းတွင် အာဆီယံအစည်းအဝေး (၂၅၀) ခန့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရပြီး တစ်နှစ်အတွင်းကျင်းပသည့် အာဆီယံအစည်းအဝေးများကို ဦးစီးဦးဆောင်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ရသည်။

ပါဝင်ခြင်းမရှိသေးပေ။ ဤမျှကြီးမားသည့် အစည်းအဝေးများကို လက်ခံကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ စွမ်းပကားကို ဖော်ပြခြင်းဖြစ်သည်။ အမေရိကန်သမ္မတ မစ္စတာအိုဘားမားသည် (၂၀၁၃) ခုနှစ် ပထမအကြိမ်အာဆီယံ-အမေရိကန်ပြည်ထောင်စု ထိပ်သီးအစည်းအဝေးကို မတက်ရောက်ဖြစ်ခဲ့သော်လည်း နေပြည်တော်တွင် ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို တက်ရောက်လာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံ-အမေရိကန်ပြည်ထောင်စုပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။ (၂၀၁၁) ခုနှစ်က အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဝင်ရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းသည် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ ဝန်ကြီးချုပ်အဆင့်၊ သမ္မတအဆင့် တက်ရောက်ခြင်း မရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင် ကျင်းပသည့် (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မစ္စတာနာရိန္ဒြာမိုဒီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီကာကျန်းတို့သည် နေပြည်တော်အစည်းအဝေးသို့ ပထမဦးဆုံးအကြိမ် တက်ရောက်လာသည်။ နေပြည်တော်တွင် ကျင်းပသည့် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံအားလုံးမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ စုံညီစွာ တက်ရောက်လာကြသည်။

အာဆီယံပဋိညာဉ်စာတမ်း အပိုဒ် (၃၂) အရ အာဆီယံဥက္ကဋ္ဌသည် မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်ရေး ကြိုးပမ်းမှုများအပါအဝင် အာဆီယံ၏ အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို ဖော်ဆောင်ခြင်း၊ အရေးပေါ်ကိစ္စများ သို့မဟုတ် အာဆီယံကို ထိခိုက်စေသည့်အကျပ်အတည်းအခြေအနေများကို ကြားဝင်ဆောင်ရွက်ပေးခြင်းနှင့် အခြားနည်းလမ်းအစီအစဉ်များဖြင့် အချိန်မီထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြင်ပမိတ်ဆွေများနှင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေးကို ခိုင်မာတိုးတက်စေရန်ဆောင်ရွက်ရာတွင် အာဆီယံကို ကိုယ်စားပြုဆောင်ရွက်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာပေးထားသည့်အတိုင်း အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**အဓိကကျင်းပခဲ့သည့် အစည်းအဝေးများနှင့် တက်ရောက်မှု အခြေအနေ**

| စဉ် | ကျင်းပသည့်အစည်းအဝေး | တက်ရောက်သည့် ကိုယ်စားလှယ် အရေအတွက် |
|---|---|---|
| ၁ | (၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ | ၁၄၃၆ |
| ၂ | (၄၇) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ | ၁၇၀၆ |
| ၃ | (၂၅) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ | ၄၄၉၄ |

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် အာဆီယံ၏ အရေးပေါ်အခြေအနေ၊ အကျပ်အတည်းများတွင် ဦးဆောင်နိုင်စွမ်းကိုလည်း ပြသခဲ့သည်။ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်သည့် ကာလအတွင်းတွင် ကူမင်းဘူတာရုံ အကြမ်းဖက်တိုက်ခိုက်မှု၊ တောင်တရုတ်ပင်လယ်တွင် ရေနံတွင်းတူးစင်ထားရှိသည့်ကိစ္စ၊ ထိုင်းနိုင်ငံအာဏာသိမ်းမှု၊ မလေးရှားလေကြောင်း MH-370 ပျောက်ဆုံးမှု၊ MH-17 ပစ်ချခံရမှု၊ ဖိလစ်ပိုင်နိုင်ငံ တိုက်ဖွန်းဟိုင်ရန်ကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်၊ ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် မိုရိုလွတ်မြောက်ရေးတပ်ဦးတို့ချုပ်ဆိုသည့် ဘမ်ဆာမိုရိုငြိမ်းချမ်းရေးသဘောတူညီချက်၊ ယူကရိန်းနိုင်ငံ အရေးအခင်း၊ အိုင်အက်စ်အိုင်အက်စ်အဖွဲ့ကိစ္စ၊ အီဘိုလာ စသည်ဖြင့် ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် တူညီဆန္ဒကိုရယူ၍ ကြေညာချက်ခြောက်ခုကို ထုတ်ပြန်နိုင်ခဲ့သည်။

သည် မြန်မာနိုင်ငံအာဆီယံအဖွဲ့ဝင်ဖြစ်လာချိန်တွင် အဟန့်အတားများ ကြုံတွေ့ခဲ့ရဖူးသည်။ ယခုအကြိမ်တွင်မူ အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံသုံးပွင့်ဆိုင်အဖွဲ့ကို ခေါင်းဆောင်၍ ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် ပထမဦးဆုံးအကြိမ်ထိတွေ့ခဲ့သည်။ မြန်မာနိုင်ငံအတွက် ထူးခြားသောဖြစ်ရပ်ဟုဆိုနိုင်လေသည်။ အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတသည် အေပက်ပေါင်းစည်းဆက်သွယ်မှု မိတ်ဖက်ပါဝင်မှု အစည်းအဝေးသို့ အာဆီယံကို ကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။

အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ၏ အာဆီယံကို ကိုယ်စားပြုဆောင်ရွက်မှုတွင် စီးပွားရေးအင်အားကြီးနိုင်ငံ (၂၀) ပါဝင်သည့် (ဂျီ-၂၀) အုပ်စုအစည်းအဝေးသို့ တက်ရောက်မှုသည် မြန်မာနိုင်ငံအတွက် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ စီးပွားရေးအင်အားကြီးနိုင်ငံ (၂၀) မှ ခေါင်းဆောင်များသည် အာဆီယံဥက္ကဋ္ဌနိုင်ငံတော်သမ္မတဦးသိန်းစိန်အား နွေးထွေးစွာကြိုဆိုခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်မှ (၁၂) ရက်အထိ ကျင်းပသည့် (၂၅) ကြိမ်မြောက်အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။

## မဟာဗျူဟာကို အကောင်အထည်ဖော်ခြင်း

မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌရာထူးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ မဟာဗျူဟာဦးတည်ချက်များကို ကနဦးကပင်လျှင် ချမှတ်ခဲ့သည်။

- မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒဦးတည်ချက်များအတိုင်း နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် လွတ်လပ်၍ တက်ကြွစွာ ပါဝင်လျက် ဦးစီးဦးဆောင်ပြုနိုင်သည့် ကဏ္ဍမှ ပါဝင်ကာ နိုင်ငံနှင့် အမျိုးသားဂုဏ်သိက္ခာ မြှင့်တင်နိုင်ရန်၊
- နိုင်ငံတကာတွင် အာဆီယံအသင်းကြီး၏ အချက်အချာကျမှုကို မြှင့်တင်နိုင်ရေး ဦးတည်လျက် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန်၊
- အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြပါရှိသည့် အာဆီယံဥက္ကဋ္ဌ၏ တာဝန်များကို ထိရောက်စွာနှင့် အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- တာဝန်ယူနိုင်စွမ်းရှိသည့် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံအနေဖြင့် အဖွဲ့၏ ရည်ရွယ်ချက်များ၊ ဦးတည်ချက်များ ပြည့်မြောက်ရေးတွင် ဦးဆောင်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရန်၊
- အာဆီယံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ဦးဆောင်ကဏ္ဍမှ ပါဝင်ကာ ဒေသအကျိုးစီးပွားဖော်ဆောင်ခြင်းကို မြန်မာနိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊
- အာဆီယံ၏ (၂၀၁၅) ခုနှစ်အလွန် အနာဂတ်မျှော်မှန်းချက်များကို ချမှတ်ပေးရန်၊
- အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အာဆီယံပဋိညာဉ်စာတမ်းအား ရှင်သန်သည့် ပဋိညာဉ် စာတမ်းတစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ပြောင်းလဲလာသော အခြေအနေများနှင့် ကိုက်ညီမှု ရှိ မရှိပြန်လည်သုံးသပ်ရန်၊
- (၂၀၁၅) ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်မှုအတွက် လုပ်ဆောင်ရန် ကျန်ရှိသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး ပြည့်မီမှုရှိစေမည့် အစီအမံများကို ဆောင်ရွက်ပေးရန်နှင့်
- အာဆီယံအသင်းကြီးကို လူထုကို အခြေပြုသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေးအတွက် လူမှုရေးအဖွဲ့များ၏ ပါဝင်မှု၊ အမျိုးသမီးများ၏ ပါဝင်မှု၊ လူငယ်များ၏ ပါဝင်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏

မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး အာဆီယံမျှော်မှန်းချက်ကို ပြုစုရန်တိုက်တွန်းသည့် နေပြည်တော်ကြေညာစာတမ်းကိုလည်း (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အာဆီယံအတွက် လာမည့် ဆယ်စုနှစ်တွင် မျှော်မှန်းချက်နှင့်ပတ်သက်သည့် အခြေခံမူဘောင်ကို မြန်မာ့မြေပေါ်တွင် ချမှတ်နိုင်ခဲ့လေသည်။ မြန်မာနိုင်ငံဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန်တွင် နေပြည်တော်ကြေညာစာတမ်းတစ်ခုသာမဟုတ်ဘဲ နှစ်ခုမျှချမှတ်နိုင်ခဲ့သည်။ နောင်တွင် ယင်းကြေညာစာတမ်းများကို နေပြည်တော်ကြေညာစာတမ်းအမှတ် (၁) နှင့် နေပြည်တော်ကြေညာစာတမ်းအမှတ် (၂) ဟူ၍ ရည်ညွှန်းကြသည်။

မြန်မာနိုင်ငံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် ထမ်းဆောင်ရသည့် အခြားတာဝန်တစ်ခုမှာ အာဆီယံအဖွဲ့အစည်းကို ခိုင်မာစေရန် ပြန်လည်သုံးသပ်မှုနှင့် (၂၀၁၅) ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းအတွက် မျှော်မှန်းချက်များ ချမှတ်မှုတွင် အဓိကကျသည့်အချက်များကို အာဆီယံနိုင်ငံများမှ တူညီဆန္ဒဖြင့် ရယူရန်ဖြစ်လေသည်။ ပထမလုပ်ငန်းအတွက် အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အစည်းအဝေး ရှစ်ကြိမ်ကို မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကျင်းပခဲ့သည်။ ယင်းအဖွဲ့သည် အာဆီယံပဋိညာဉ်စာတမ်းအတည်ပြုခဲ့သည့် အချိန်မှစ၍ အာဆီယံလုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့သည်။ အာဆီယံကို ထိရောက်ထက်မြက်သည့်အဖွဲ့အစည်းဖြစ်ရန် အာဆီယံအဖွဲ့အစည်းများအကြား ပိုမိုခိုင်မာသော ညှိနှိုင်းမှုပြုလုပ်ရန် လိုအပ်သည်ကို တွေ့ရှိခဲ့သည်။ အာဆီယံပဋိညာဉ်စာတမ်းမှ သတ်မှတ်ပေးထားသော လုပ်ငန်းများဆောင်ရွက်နိုင်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကိုလည်း အားဖြည့်ရန်လိုအပ်မည်ကို တွေ့ရှိခဲ့သည်။ အာဆီယံ၏ စာရွက်စာတမ်းစနစ်ကောင်းမွန်ရန် အာဆီယံစာရွက်စာတမ်းစနစ်ကို ထားရှိရန်၊ တစ်နှစ်လျှင် (၁၂၀၀) မျှသော အစည်းအဝေးများ လျှော့ချနိုင်ရေးအတွက် Video conferencing ခေါ်အင်တာနက်မှတစ်ဆင့် အစည်းအဝေးကျင်းပခြင်းကိုလည်းဆောင်ရွက်ရန် လိုအပ်မည်ကို တွေ့ရှိခဲ့သည်။ ယင်း တွေ့ရှိချက်၊ အကြံပြုချက်များအပေါ် အခြေခံ၍ (၂၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အာဆီယံအဖွဲ့အစည်းများ ပိုမိုခိုင်မာစေရေးအတွက် တိုက်တွန်းသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

## ဖွဲ့စည်းဆောင်ရွက်မှု

အထက်တွင် ဖော်ပြသကဲ့သို့ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌဆောင်ရွက်မှုတွင် အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုများကို ဆောင်ရွက်ရုံမျှမက ဖွဲ့စည်းမှုဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်ခဲ့သည်။ အစိုးရတစ်ခုလုံး၏ ပူးပေါင်းဆောင်ရွက်မှု (Whole of the Government) ချဉ်းကပ်နည်းကို အသုံးပြုကာ ဆောင်ရွက်နိုင်ခဲ့သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို (၂၀၁၄) ခုနှစ်တွင် ထမ်းဆောင်ရာ၌ အစိုးရအဖွဲ့ဝင်ဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်နှင့် မူဝါဒပိုင်းဆိုင်ရာကြီးကြပ်ညွှန်ကြားသွားနိုင်ရန်အတွက် အာဆီယံနိုင်ငံအသီးသီးအနေဖြင့် အမျိုးသားကော်မတီများ ဖွဲ့စည်းလေ့ရှိကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်းအလားတူအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းထူထောင်ရန်လိုအပ်သဖြင့် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ (၂၀၁၄) ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီကို (၃၁-၁၂-၂၀၁၂) ရက်က ထူထောင်ဆောင်ရွက်ခဲ့သည်။ စင်စစ် အာဆီယံထိပ်သီး ညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီကို နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၁) ဖြင့် (၂၀-၄-၂၀၁၁) ရက်ကပင် ထူထောင်ပေးခဲ့ပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ယင်းဗဟိုကော်မတီ၏ လက်အောက်တွင် မဏ္ဍိုင်ကြီးသုံးရပ်အတွက် ဘာသာရပ်ကော်မတီများနှင့် ထိပ်သီးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။ ယင်းထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီအောက်တွင်

**အာဆီယံဥက္ကဋ္ဌကာလအတွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု**

အာဆီယံအသိုက်အဝန်းကို ပြည်သူအခြေခံသော အသိုက်အဝန်းအဖြစ် ထူထောင်ရမည်ဟု ခံယူသည်။ သို့ဖြစ်၍ အာဆီယံသည် အစိုးရအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်လင့်ကစား မြန်မာနိုင်ငံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် လူငယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ စသည့် သက်ဆိုင်သူများနှင့် ထိတွေ့ရမည်ကို ခံယူသည်။ ခံယူသည့်အတိုင်းလည်း အစိုးရမဟုတ်သောလူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် အာဆီယံဥက္ကဋ္ဌတာဝန်မထမ်းဆောင်မီတစ်နှစ်အလိုကပင် ထိတွေ့ခဲ့သည်။ ပြည်တွင်းလူထုအခြေပြုအဖွဲ့ အစည်းများအကြား ရင်ကြားစေ့နိုင်အောင်လည်း ဆောင်ရွက်ခဲ့သည်။ အာဆီယံပြည်သူ့ဖိုရမ်ကြီးနှင့် အာဆီယံလူငယ်ဖိုရမ်အစည်းအဝေးများကိုလည်း မြန်မာနိုင်ငံရှိလူထုအခြေပြုလူမှုအဖွဲ့အစည်းများက စုစုစည်းစည်းကျင်းပနိုင်အောင် အထောက်အကူပြုခဲ့သည်။ ယင်းသို့ဆောင်ရွက်ခဲ့သည့်အတွက်လည်း မကြုံစဖူးထူးခြားသည့် အာဆီယံပြည်သူ့ဖိုရမ်ကို အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် (၃၀၀၀) ကျော် တက်ရောက်ခဲ့ပြီး ကျင်းပနိုင်ခဲ့သည်။ ဘရူနိုင်းနိုင်ငံအလှည့်ကျစဉ်က မလုပ်ဖြစ်သည့်တိုင်အောင် မြန်မာနိုင်ငံအလှည့်တွင် အာဆီယံပါလီမန်များညီလာခံ ကိုယ်စားလှယ်များနှင့် အာဆီယံခေါင်းဆောင်များထိတွေ့မှု၊ အာဆီယံ လူငယ်ကိုယ်စားလှယ်များနှင့် အာဆီယံခေါင်းဆောင်များတွေ့ဆုံမှု၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီကိုယ်စားလှယ်များနှင့် အာဆီယံခေါင်းဆောင်များတွေ့ထိမှုတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အာဆီယံပြည်သူ့ဖိုရမ်မှ တွေ့ရှိချက်များကို (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြနိုင်ရန် စီစဉ်ခဲ့သည်။ မြန်မာနိုင်ငံအပါအဝင်အာဆီယံခုနစ်နိုင်ငံက အရပ်ဘက်လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို လက်ခံခဲ့သည်။ သို့သော်လည်း ကမ္ဘောဒီးယား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့က လက်မခံခဲ့ပေ။ ဥက္ကဋ္ဌမြန်မာနိုင်ငံအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ထိတွေ့မှုကို မျှော်လင့်ချက်ကြီးကြီးနှင့် စီစဉ်ခဲ့သော်လည်း နောက်ဆုံးအချိန်တွင် ကိုယ်စားလှယ်အားလုံးကို လက်မခံသောကြောင့်ဟု အကြောင်းပြကာ တွေ့ဆုံပွဲကို တစ်ဖက်သတ်ဖျက်သိမ်းခဲ့သည်။ သို့ဖြစ်၍ အာဆီယံပြည်သူ့ဖိုရမ်၏ အကြံပြုချက်၊ ခံယူချက်များကို အာဆီယံခေါင်းဆောင်များကကြားနာရန် အခွင့်အရေးဆုံးရှုံးခဲ့သည်။ ယင်းသို့ ဆုံးရှုံးခဲ့ရသော်လည်း လူထုအခြေခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံ ခေါင်းဆောင်များ ထိတွေ့နိုင်သည့် အခွင့်အလမ်းကို မြန်မာနိုင်ငံမှ ဆက်လက်ထောက်ခံအားပေးသွားမည်သာဖြစ်သည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌဆောင်ရွက်မှုသည် နိုင်ငံတော်အဆင့်ခေါင်းဆောင်များ၏ ဦးဆောင်လမ်းညွှန်မှုနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ဆပ်ကော်မတီအသီးသီး၊ ဌာနအသီးသီး၏ တက်ကြွစွာစည်းလုံးညီညွတ်မှုရှိစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌတာဝန်ယူစဉ်ကာလအတွင်း နိုင်ငံတော်အကြီးအကဲအဆင့် အစည်းအဝေးပေါင်း (၁၃) ခု၊ ဝန်ကြီးအဆင့် အစည်းအဝေးပေါင်း (၄၇) ခု၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးပေါင်း (၈၉) ခု စုစုပေါင်း အစည်းအဝေး (၁၃၇) ခုအား ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ အာဆီယံသမိုင်းတွင်မည့် နေပြည်တော်ကြေညာစာတမ်းများကိုလည်း ချမှတ်နိုင်ခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း မြန်မာနိုင်ငံ၏ စွမ်းဆောင်နိုင်မှုကို ချီးကျူးပြောဆိုခဲ့သည်။ အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှုကို ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာရေးရာများတွင် မြန်မာနိုင်ငံက လွတ်လပ်၊ တက်ကြွ၍ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဦးဆောင်သည့်အခန်းမှ တက်ကြွစွာပါဝင်လာနိုင်မှုကိုလည်း ဖော်ပြလျက်ရှိပေသည်။

**ဦးအောင်ထူး**

ဖော်သောအားဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့သည် ပညာရပ်နယ်ပယ်အလိုက် စာအုပ်များ ပြုစုစေပြီး ထုတ်ဝေခဲ့ရာ (၂၀၁၃) ခုနှစ်အထိ (၂၄) အုပ် ထုတ်ဝေဖြန့်ဖြူးပြီးဖြစ်သည်။ ထုတ်ဝေခဲ့သည့် ခုနှစ်၊ စာမူရှင်နှင့် စာအုပ်အမျိုးအစားတို့မှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြုစုထုတ်ဝေသည့် စာအုပ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များရှိ ပညာရပ်နှင့် သက်ဆိုင်သောဌာနများ၊ စာကြည့်တိုက်များသို့ ဖြန့်ဖြူးသည်။ ပြင်ပမှ ဝယ်ယူလိုသူများကိုလည်း ရောင်းချပေးသည်။

| စဉ် | ထုတ်ဝေသည့် ခုနှစ် | စာမူရှင်အမည် | စာအုပ်အမျိုးအမည် |
|---|---|---|---|
| ၁ | 2000, Aug. | ဦးသီဟ | Teaching in Higher Education: A Few Pointers |
| ၂ | 2001 | ဒေါက်တာသက်လွင်<br>ဒေါက်တာဒေါ်သန်းတိုး | Research Methodology: A practical Guide for Business and Economics |
| ၃ | 2001, July | ပညာရေးသုတေသနမှုအရာရှိများနှင့် ပညာရေး တက္ကသိုလ်မှ ကထိက ဆရာ၊ ဆရာမများ | ပညာရေးသုတေသနပြုလုပ်နည်း |
| ၄ | 2002 | ဒေါက်တာလှဝေ၊ ဒေါက်တာသက်လွင်၊ ဒေါက်တာမျိုးသန့်တင် | Research Methods in Arts and Science |
| ၅ | 2001 | ဝိဇ္ဇာနှင့် လူမှုရေး ပညာရှင်ကြီးများ စုပေါင်းပြုစုထားသည့်စာမူ | ဘာသာစာပေနှင့်လူမှုရေးသိပ္ပံ သုတေသနပြုလုပ်နည်း အခြေခံများ |
| ၆ | 2003, July | ဒေါ်စိန်စိန် | ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ခြင်းဆိုင်ရာလေ့လာတင်ပြချက် |
| ၇ | 2003, Aug. | ဒေါက်တာ ထူးထူးအောင် | ပညာရေးမူဝါဒဆိုင်ရာ ရုပ်လုံးဖော်မှုအတွက် သတင်းအချက်အလက်ပေးနိုင်ရန် အရေးအတွက် ဆိုင်ရာသုတေသနကိုဝေဖန်သုံးသပ်ခြင်း |
| ၈ | 2006, Nov. | ဒေါက်တာစိန်ထွန်း | Lectures on General Relativity |
| ၉ | 2008, Jan. | ပါရဂူကျမ်း ဆုရစာမူများ | ဆုရ ပါရဂူကျမ်း သုတေသနလုပ်ငန်း အစီရင်ခံစာများ (၂၀၀၆ ခုနှစ်) |
| ၁၀ | 2009 | ဒေါက်တာစိန်ထွန်း | Lectures on Quantum Electrodynamics |
| ၁၁ | 2009, Feb. | ဒေါ်ကြန် | ဘာသာစကားနှင့်စာပေ၌ အသံလှယ်ခြင်း |
| ၁၂ | 2009, June | ပါရဂူကျမ်း ဆုရစာမူများ | ဆုရ ပါရဂူကျမ်း သုတေသနလုပ်ငန်း အစီရင်ခံစာများ (၂၀၀၇ ခုနှစ်) |
| ၁၃ | 2009, Nov. | ဒေါက်တာမောင်ဒီ | Carbon dioxide- "Friend or Foe" |

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကြီး၏ "ဆယ်နှစ်မြောက်အထိမ်းအမှတ်" အဖြစ် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Academic Forum) များကို ကျင်းပခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်-

(က) (၂၀၀၉) ခုနှစ်၊ ဇွန်လ (၂၄) ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar India Entrepreneurship Development Centre ၌ စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၁/၂၀၀၉) ကို "Promoting Entrepreneurship Development" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

(ခ) (၂၀၀၉) ခုနှစ်၊ ဇူလိုင်လ (၈) ရက်တွင် ရန်ကုန်မြို့ National Centre for English Language ၌ ဘာသာစကား ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၂/၂၀၀၉)ကို "Language for Survival, Sustainability and Success" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

(ဂ) (၂၀၀၉) ခုနှစ်၊ ဩဂုတ်လ (၅) ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ ဝိဇ္ဇာပညာရပ် ဆိုင်ရာ ဆွေးနွေးပွဲ (၃/၂၀၀၉)ကို "Teaching, Learning and Research for a Better Tomorrow" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

(ဃ) (၂၀၀၉) ခုနှစ်၊ ဩဂုတ်လ (၇) ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ "သိပ္ပံပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ" (၄/၂၀၀၉) ကို "Teaching, Learning and Research for a Better Tomorrow" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

(င) (၂၀၀၉) ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်တွင် မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၅/၂၀၀၉)ကို "Teaching, Learning and Research for a Better Tomorrow" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

**နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခြင်း**

နာနိုနည်းပညာသည် လူသားများအတွက် စွမ်းဆောင်ရည်အသစ်များ၊ ရုပ်ဝတ္ထုပစ္စည်းများ ပြုလုပ်ရန် နည်းလမ်းသစ်များ၊ လူသားများ၏ခန္ဓာကိုယ်အား ပြန်လည်ကုသပေးနိုင်မည့် နည်းလမ်းသစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ပညာရှင်များက ယုံကြည်လျက် နာနိုနည်းပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။

သို့ဖြစ်၍ ခေတ်မီပညာပြန့်ပွားရေး ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးပညာရှင် အဖွဲ့၊ မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ စုစုပေါင်း ပညာရှင်အဖွဲ့ လေးဖွဲ့စုပေါင်း၍ (၂၀၁၀) ပြည့်နှစ်၊ ဩဂုတ်လ (၄) ရက်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင်အစည်းအဝေးခန်းမ၌ နာနိုနည်းပညာရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology) တစ်ရပ်ကို ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့မှ ဒေါက်တာညွန့်ဝင်းက "နာနိုဓာတုဗေဒနှင့် နာနိုနည်းပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက "Recent Developments in "Nanotechnology" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးတက္ကသိုလ် (၁) မှ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်းက "နာနိုဆေးပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်ထွဋ်က "နာနို နည်းပညာဖွံ့ဖြိုးရေးနှင့် မြန်မာနိုင်ငံစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး" ခေါင်းစဉ်ဖြင့် အသီးသီး ဆွေးနွေးတင်ပြကြသည်။ ဤဆွေးနွေးပွဲကို ပညာရှင်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုးရင်က Moderator အဖြစ် ဆောင်ရွက်သည်။

| စဉ် | အမည်နှင့် ရာထူးတာဝန် | နိုင်ငံ/တက္ကသိုလ်/ အဖွဲ့အမည် |
|---|---|---|
| ၁ | Prof. Deborah Julie Buszard | University of British Columbia |
| ၂ | Dr. Sally N. Cummings | University of St Andrews Scotland |
| ၃ | Dr. Vaneeta-marie D' Andrea | University of London |
| ၄ | Prof. Anne R. Kenney | Cornell University Library |
| ၅ | Prof. Calherine R Stimpson | New York University |
| ၆ | George Sharvashidze | Director, Fellowship Program |
| ၇ | Katalin Miklos | Deputy Director, Higher Education Support Program |

ပထမနေ့ အစည်းအဝေးတွင် ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ Prof Jacques Fremont နှင့် ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးတို့က Keynote Address များ ပြောကြားပြီး Session များ ပိုင်း၍ ဆွေးနွေးပွဲကို စတင်ကျင်းပသည်။

Session 1. (ပထမနေ့) Teaching and Learning

Moderator ဦးသီဟ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အမှုဆောင်

| စဉ် | ဦးဆောင်ဆွေးနွေးသူများ | ဆွေးနွေးသည့်စာတမ်းများ |
|---|---|---|
| ၁ | ဒေါက်တာလွင်လွင်စိုး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် | Language Teaching in Higher Education |
| ၂ | ဒေါက်တာခင်မာရီ ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ် | Teaching and Learning in Higher Education |
| ၃ | Dr. Vaneeta-marie D' Andrea | Improving Teaching and Learning in Higher Education: A Whole Institution Approach |

Session II. (ဒုတိယနေ့) Research

Moderator ဒေါက်တာသက်လွင်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်

| စဉ် | ဦးဆောင်ဆွေးနွေးသူများ | ဆွေးနွေးသည့်စာတမ်းများ |
|---|---|---|
| ၁ | ဒေါက်တာအောင်မြတ်ကျော်စိန် ပါမောက္ခ၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ် | Current Research Programmes and Techniques in Higher Education |
| ၂ | ဒေါက်တာစန္ဒာဦး ပါမောက္ခ၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် | Current Research Techniques in Social Sciences |
| ၃ | Dr. Sally N. Cummings University of St.Andrews School of International Relations | Unity and Diversity: Meeting the Challenges of Social Science Research. |

| စဉ် | အမည် | စာတမ်းခေါင်းစဉ် |
|---|---|---|
| ၄ | Aung Bo | Glazed Ceramics of Mrauk-U in Rakhine State |
| ၅ | Myo Min Kyaw | Myaungmya Kiln Site Excavation |
| ၆ | Aye Aye Thinn | Lagunmbyee Kiln Site Excavation |
| ၇ | Pyiet Phyo Kyaw | Ceramic Beads found in the Environs of Myinkaba Village Bagan |
| ၈ | Zaw Phyo | Some Types of Datable Pottery in Myanmar Aracheology Context |
| ၉ | Thu Ya Aung | The History of Terracotta Buddhist Jataka in Myanmar |
| ၁၀ | San Shwe | The Art of Ceramics in Pyu Period |
| ၁၁ | San Win and Nan Kyi Kyi Khaing | Research on Myanmar Ceramics with Special Reference to Lower Myanmar |
| ၁၂ | Khin Cho Htwe | The Pagoda with Peculiar Glazed Decorations in Old Bagan |
| ၁၃ | Saw Tun Lin | Glazed Decorative Objects in Bagan |
| ၁၄ | Phon Tint Kyaw | The Inscriptions on the Ceramics found in some Districts of Myanmar |
| ၁၅ | Myo Thant Tyn | Development of Low Temperature Ash Glaze Flux for Lead-free Glaze from Ancient Tradition |
| ၁၆ | Minbu Aung Kyaing | Decorated Glazed Ceramics on Bagan Monuments |
| ၁၇ | Nyein Lwin | Ancient Ceramics Excavated from Danyawaddy |
| ၁၈ | Tha Tun Maung | Ancient Earthenware of Halin |

စာတမ်းဖတ်ပွဲ တက်ရောက်ကြသော သုတေသီများသည် မတ်လ (၅) ရက်တွင် တွံတေးမြို့သို့ သွားရောက်ပြီး တွံတေးတူးမြောင်းဘေးမှ စဥ့်အစအနများကို လေ့လာခဲ့ကြသည်။

## အာရှသိပ္ပံအသင်းကောင်စီ (Science Council of Asia) နှင့် ဆက်သွယ်ခြင်း

အာရှသိပ္ပံအသင်းကောင်စီသည် မူလက တည်ရှိထားပြီးဖြစ်သော ဂျပန်နိုင်ငံသိပ္ပံအသင်းကောင်စီ (Science Council of Japan SCJ) ကို အခြေခံ၍ ပေါ်ပေါက်လာသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ဂျပန်နိုင်ငံ သိပ္ပံအသင်းကောင်စီ၏ ကမကထပြုမှုဖြင့် (၂၀၀၀) ပြည့်နှစ်တွင်ပေါ်ပေါက်ခဲ့သော အာရှသိပ္ပံအသင်းကောင်စီတွင် (၂၀၀၂) ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ စုစုပေါင်း (၁၂) နိုင်ငံပါဝင်သည်။ ကောင်စီအစည်းအဝေးများနှင့် သုတေသနကွန်ဖရင့်များကိုမူ အဖွဲ့ဝင်နိုင်ငံတို့တွင် အလှည့်ကျကျင်းပခဲ့ကြသည်။ (၁၂) ကြိမ်မြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘိုဂါမြို့တွင်လည်းကောင်း၊ (၁၃) ကြိမ်မြောက် အစည်းအဝေးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လည်းကောင်း ကျင်းပခဲ့

မြင့်မားလာစေရေးအတွက် ဝိဇ္ဇာနှင့်သိပ္ပံ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများအနက် "အကောင်းဆုံးစာတမ်းကို ရွေးချယ်ချီးမြှင့်ရန်" ဟူသော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ လုပ်ငန်းစဉ်အရ "အကောင်းဆုံး သုတေသနစာတမ်းဆု" ကို ဘာသာရပ်အလိုက် ရွေးချယ်နိုင်ရန် ဘာသာရပ်ဆိုင်ရာ ပညာရှင်များအဖွဲ့ကို ဖွဲ့စည်း၍ ရွေးချယ်ချီးမြှင့်ခဲ့သည်။ (၂၀၀၅) ခုနှစ်တွင် ပထမဦးဆုံးဆု ချီးမြှင့်နိုင်ရန်အတွက် ပုဂ္ဂလိက အလှူရှင်ထံမှ အလှူငွေကောက်ခံ၍ အကောင်းဆုံး စာတမ်းတစ်စောင်စီကို ကျပ်တစ်သောင်းစီချီးမြှင့်ခဲ့သည်။ ထိုနှစ်တွင် ဘာသာရပ် (၁၃) မျိုးအတွက် (၁၃) စောင်ကို ချီးမြှင့်ခဲ့သည်။ (၂၀၀၆) ခုနှစ်မှစ၍ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် အကောင်းဆုံး သုတေသနစာတမ်းဆုများကို ချီးမြှင့်ခဲ့သည်။ (၂၀၀၈ မှ ၂၀၁၀) ပြည့်နှစ်အထိ အကောင်းဆုံးစာတမ်းဆုကို ကျပ်နှစ်သောင်း တိုးမြှင့်ချီးမြှင့်သည်။ (၂၀၁၁) ခုနှစ် (၁၁) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံး သုတေသနစာတမ်းဆုကို ကျပ်သုံးသောင်းစီ ပေးအပ်ခဲ့ရာ ဆုရရှိသူ (၂၀) ဦး ရှိသည်။ (၂၀၁၂) ခုနှစ် (၁၂) ကြိမ်မြောက်မှစ၍ သုတေသနစာတမ်းဖတ်ပွဲတွင် အကောင်းဆုံးသုတေသနစာတမ်းတစ်စောင်စီကို ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းအထိ တိုးမြှင့်ခဲ့သည်။ ဤသို့ တိုးမြှင့်ရာတွင် ပညာရှင်အမှုဆောင်အဖွဲ့၏ ချီးမြှင့်ငွေကျပ်သုံးသောင်းနှင့် ထွန်းဖောင်ဒေးရှင်းဘဏ်မှ လှူဒါန်းငွေကျပ်နှစ်သောင်းကို စုပေါင်း၍ ချီးမြှင့်ခြင်းဖြစ်သည်။

ပထမအကြိမ် သုတေသနစာတမ်းဖတ်ပွဲတွင် စာတမ်းပေါင်း (၂၄) စောင် ဖတ်ကြားခဲ့ပြီး ဒုတိယအကြိမ်မှ (၂၀၀၈) ခုနှစ် အဋ္ဌမအကြိမ်စာတမ်းဖတ်ပွဲအထိ ဖတ်ကြားသည့်စာတမ်းအရေအတွက်မှာ (၅၀)၊ (၁၀၃)၊ (၁၆၅)၊ (၂၅၄)၊ (၂၇၃)၊ (၂၆၇) နှင့် (၂၉၉) စောင်အထိအရေအတွက်မှန်မှန် တိုးတက်လာသကဲ့သို့ အရည်အသွေးအားဖြင့်လည်း တိုးတက်လာသည်။

**နဝမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ** ကို (၂၀၀၉) ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်မှ (၂၃) ရက်အထိ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့တွင် ကျင်းပခဲ့ရာ စာတမ်းပေါင်း (၂၈၂) စောင်ကို ဖတ်ကြားဆွေးနွေးခဲ့သည်။ ဖတ်ကြားသော စာတမ်းများကို စိစစ်တည်းဖြတ်ပြီး ဂျာနယ်အတွဲ (၈)၊ အမှတ်စဉ် (၁)မှ (၉)အထိ (၁၀) အုပ်ခွဲ၍ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ဘာသာရပ်အလိုက် အကောင်းဆုံး သုတေသနစာတမ်းအဖြစ် (၂၂) စောင်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

**ဒသမအကြိမ် သုတေသနစာတမ်းဖတ်ပွဲ** ကို (၂၀၁၀) ပြည့်နှစ်၊ အောက်တိုဘာလ (၂၅) ရက်မှ (၂၇) ရက်အထိ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့တွင် ကျင်းပခဲ့ရာ စာတမ်းပေါင်း (၂၂၉) စောင်ကို ဖတ်ကြားဆွေးနွေးခဲ့သည်။ ဖတ်ကြားသော စာတမ်းများကို စိစစ်တည်းဖြတ်ပြီး ဂျာနယ်အတွဲ (၉)၊ အမှတ်စဉ် (၁) မှ (၉)အထိ (၁၁) အုပ်ခွဲ၍ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ဤ စာတမ်းဖတ်ပွဲတွင် ဘာသာရပ်ဆိုင်ရာ အကောင်းဆုံး သုတေသနစာတမ်း (၂၂)စောင်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

**(၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ** ကို ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့တွင် (၂၀၁၁) ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်မှ (၂၇) ရက်အထိ ကျင်းပခဲ့ရာ စာတမ်းပေါင်း (၂၂၈) စောင်ကို ဖတ်ကြားဆွေးနွေးခဲ့သည်။ ဖတ်ကြားသော စာတမ်းများကို စိစစ်ရွေးချယ် တည်းဖြတ်ပြီး ဂျာနယ်အတွဲ (၁၀) အမှတ်စဉ် (၁)မှ (၁၁)အထိ (၁၁)အုပ်ခွဲ၍ ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုနှစ်စာတမ်းဖတ်ပွဲတွင် ဘာသာရပ်ဆိုင်ရာ အကောင်းဆုံး သုတေသနစာတမ်း အစောင် (၂၀) ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။

**(၁၂)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ** ကို ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့တွင် (၂၀၁၂) ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်မှ (၂၆) ရက်အထိ ကျင်းပခဲ့ရာ စာတမ်းပေါင်း (၂၀၄) စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ ဖတ်ကြားသော စာတမ်းများကို စိစစ်ရွေးချယ်တည်းဖြတ်ပြီး ဂျာနယ်အတွဲ (၁၁) အမှတ်စဉ် (၁)မှ (၁၀)အထိ

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | ခုနှစ် | ဘာသာရပ် | ဆုရရှိသူအမည် | ဆုရကျမ်းခေါင်းစဉ် |
|---|---|---|---|---|
| ၁ | ၂၀၀၆ | ဝိဇ္ဇာပညာရပ် | ဒေါက်တာ မောင်မောင်ဆွေ | ပျူကမ္ပည်းစာများမှ ပျူအက္ခရာသင်္ကေတန် များနှင့် ပျူစာလုံး ရေးသားပုံစနစ်များ လေ့လာချက် |
| ၂ | ၂၀၀၆ | သိပ္ပံပညာရပ် | ဒေါက်တာ သန္တာအောင် | Isolation, Characterization and Identification of some Bioactive Constituents and Investigation of Cholesterol Lowering Effect of *Euphorbia hirta* Linn.(Kywe-Kyaung- Hmin-Sae) and *Oldenlandia corymbosa* Linn. (Sular-Na-Phar) |
| ၃ | ၂၀၀၆ | လူမှုရေး ပညာရပ် | ဒေါက်တာ စိုးသန်း | Developing a Bank of Extended Vocabulary Exercises for Learners of English as a Foreign Language: A Contribution to Grade Nine Students in Myanmar |
| ၄ | ၂၀၀၇ | ဝိဇ္ဇာပညာရပ် | ဒေါက်တာ မောင်မောင်ဦး | Context-specific Difficulties and Challenges Encountered in a Teaching- learning Situation of Non-native Learners and Teachers of EFL/ ESL in Myanmar |
| ၅ | ၂၀၀၇ | သိပ္ပံပညာရပ် | ဒေါက်တာ ခင်သန်းသန်းစိုး | Predatory Capacity of the Stink Bug *Eocanthecona Furcellata* (Wolff, 1811) (Hemiptera: Pemtatomidae) on Some Cotton Pests |
| ၆ | ၂၀၀၇ | လူမှုရေး ပညာရပ် | ဒေါက်တာ နိုင်နိုင်မော် | The Impact of Family Environment on Early Social Skills of Preschool Children in Myanmar |
| ၇ | ၂၀၀၈ | ဝိဇ္ဇာပညာရပ် | ဒေါက်တာဆန်းမြင့် | Sociopragmatic Transfer in the Interactions by Native Myanmar People Using English |
| ၈ | ၂၀၀၈ | ဝိဇ္ဇာပညာရပ် | ဒေါက်တာမူမူသန်း | Marketing Channels of Basic Grocery Items in Yangon City: The Case of Nyaung Pin Lay Plaza |
| ၉ | ၂၀၀၈ | သိပ္ပံပညာရပ် | ဒေါက်တာ ကြူကြူဆွေ | Triterpenoid: Natural Inhibitor of NF-kB Signaling with Anti-Inflammatory, Cytotoxicity and Anti-Cancer Potential from Helicteres angustifolia L. (Gan-di) |
| ၁၀ | ၂၀၀၈ | သိပ္ပံပညာရပ် | ဒေါက်တာထွန်းလွင် | The Intraseasonal Variations in the Monsoon Climatology of Myanmar |

| စဉ် | ခုနှစ် | ဘာသာရပ် | ဆုရရှိသူအမည် | ဆုရကျမ်းခေါင်းစဉ် |
|---|---|---|---|---|
| ၂၃ | ၂၀၁၀ | လူမှုရေး ပညာရပ် | ဒေါက်တာ မင်းသိန်း | Application of International Law in Myanmar Legal System |
| ၂၄ | ၂၀၁၀ | လူမှုရေး ပညာရပ် | ဒေါက်တာသက်နိုင်ဦး | Core Competencies of High School Principals in Yangon City Development Area |
| ၂၅ | ၂၀၁၁ | ဝိဇ္ဇာပညာရပ် | ဒေါက်တာ အေးအေးခိုင် | A Geographical Assessment of Malaria Risk Areas in Bago Region |
| ၂၆ | ၂၀၁၁ | ဝိဇ္ဇာပညာရပ် | ဒေါက်တာ လမာလုနန် | A Study of Personality Profiles and Attitudes of National Selected Sportsmen |
| ၂၇ | ၂၀၁၁ | သိပ္ပံပညာရပ် | ဒေါက်တာရီရှန် | Postulation of Leaf Rust Resistant Genes in some Wheat Cultivars |
| ၂၈ | ၂၀၁၁ | သိပ္ပံပညာရပ် | ဒေါက်တာစိုးမင်း | Structural Study Along the Kyaukkyan Fault, Shan State |
| ၂၉ | ၂၀၁၁ | လူမှုရေး ပညာရပ် | ဒေါက်တာ ဝင်းထွန်း | Bootstrapping Confidence Intervals: An Application to Forecasting the Productivity of Spirulina |
| ၃၀ | ၂၀၁၁ | လူမှုရေး ပညာရပ် | ဒေါက်တာ မကြည်ဆွေ | An Investigation into the Effectiveness of Inquiry-based Learning |
| ၃၁ | ၂၀၁၂ | ဝိဇ္ဇာပညာရပ် | ဒေါက်တာ သန်းမင်းထိုက် | မြန်မာဘာသာစကား၏ စကားလုံးဖွဲ့ပုံကို သမူဟဘာသာဗေဒရှုထောင့်မှ လေ့လာချက် |
| ၃၂ | ၂၀၁၂ | ဝိဇ္ဇာပညာရပ် | ဒေါက်တာမြတ်စိုး | A Study of the Achievements Made by Myanmar Tertiary Level Students in the Use of Lexical Collocations in English |
| ၃၃ | ၂၀၁၂ | သိပ္ပံပညာရပ် | ဒေါက်တာကျော်သူ | Investigation of Some Organic Constituents and Evaluation of Some Biological Activities of the Seeds of *Amomum Xanthioides* Wall.(Chinbaung Hpalar) |
| ၃၄ | ၂၀၁၂ | သိပ္ပံပညာရပ် | ဒေါက်တာ သွယ်လင်းကို | Feasibility Studies on Production of Electrical Porcelains |
| ၃၅ | ၂၀၁၂ | လူမှုရေး ပညာရပ် | ဒေါက်တာ နုနုညွန့် | Critical Thinking Skills Among Post-Graduate Students Across Curriculum in Myanmar Institutes of Education |

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်တို့က ပေးပို့သော စာအုပ်စာစောင်များ၊ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိန်တူက အပတ်စဉ် လှူဒါန်းသော The Myanmar Times ဂျာနယ်များ၊ အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်နှင့်ဇနီး ဒေါက်တာ ဒေါ်မြရီတို့၏ ခတ္တိယမိသားစုက (၄-၅-၂၀၀၅) ရက်တွင် လှူဒါန်းသော ပညာရပ်ဆိုင်ရာ စာအုပ် (၆၅) အုပ် (in English) များနှင့် စာကြည့်တိုက်ကို စတင်ရသည်။ ဒေါက်တာ မျိုးသန့်တင်နှင့်ဇနီး ဒေါက်တာ ဒေါ်မြရီတို့က (၁၆-၈-၂၀၀၆) မှ (၁၅-၈-၂၀၀၇) ရက်အတွင်း စာအုပ်အမျိုးအစားအစုံပါဝင်သည့် အဖိုးတန်စာအုပ် (၅၀၀၀) ခန့် ထပ်မံလှူဒါန်းသဖြင့် စာကြည့်တိုက်တွင် စာအုပ်အသင့်အတင့်ရှိလာပြီဖြစ်သည်။ သို့ဖြစ်၍ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့က ဦးဆောင်ကြီးကြပ်ပြီး စာကြည့်တိုက် ကျွမ်းကျင်သူများ၏ ကူညီပံ့ပိုးမှုဖြင့် စာအုပ်များကို စာရင်းသွင်းပြီးဖြစ်၍ စာကြည့်တိုက်ကို အသုံးပြုနိုင်သည့်အဆင့်သို့ ရောက်ရှိပြီဖြစ်သည်။

## နာဂစ်မုန်တိုင်းဘေးဒဏ်ခံရသော ဒေသများ၏ သဘာဝအခြေအနေပြောင်းလဲမှုကို လေ့လာစိစစ်ရာတွင် ပညာရှင်အချို့ ပါဝင်ဆောင်ရွက်ခြင်း

(၂၀၀၈) ခုနှစ်၊ မေလ (၂)ရက်နှင့် (၃) ရက်များတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဧရာဝတီတိုင်းဒေသကြီးတောင်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် လူများ၊ သတ္တဝါများ၊ အဆောက်အအုံများ၊ သဘာဝသက်ရှိ သက်မဲ့ နေရာများစွာတို့ ပျက်စီးဆုံးရှုံးစေခဲ့ပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုလည်း ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာမျိုးသန့်တင်နှင့် ဦးကျော်မြင့်ဦးတို့သည် တက္ကသိုလ်များမှ ပညာရှင်များနှင့် ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ်သို့သွားရောက်ပြီး နေရာအချို့တွင် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးဖြစ်ပေါ်စေမှု အကဲဖြတ်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ ထိုဒေသများတွင် အဏုဇီဝဆေးရည် (Effective Micro-organism-EM) နည်းပညာကို အသုံးချ၍ ညစ်ညမ်းမှုလျော့နည်း ပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

## မြန်မာနိုင်ငံလူတိုင်းအတွက် ပညာရေး (EFA) တွင် ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်နေချိန်၌ စွမ်းရည်မြင့်မားသော လူသားအရင်းအမြစ်များရရှိရန် အရေးတကြီးလိုအပ်သောကြောင့် ပညာရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ရေတိုရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ပံ့ပိုးပေးလျက်ရှိသည်။

လူတိုင်းအတွက်ပညာရေးစီမံချက် (EFA Programme) ကိုလည်း ပညာရေးစီမံကိန်းဘောင်အတွင်းမှ မြို့နယ်အဆင့်ကို မဏ္ဍိုင်ထား၍ အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး အပါအဝင် ပညာရှင်များ၊ အမှတ် (၁)၊ (၂)၊ (၃) အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန (MLRC)၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာနမှ ပညာရှင်များနှင့် ပူးတွဲ၍ လိုအပ်သောလုပ်ငန်းကော်မတီများကို ရွေးဦးစွာ ဖွဲ့စည်းပြီးနောက် ရေမြေ ပထဝီအနေအထားပေါ်တွင် အခြေပြုလျက် မြန်မာနိုင်ငံ မြေပြန့်ဒေသမှ အောင်လံမြို့နယ်၊ မြစ်ဝကျွန်းပေါ်ဒေသမှ ပန်းတနော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျောက်တန်းမြို့နယ်၊ ကမ်းရိုးတန်းဒေသမှ သံတွဲမြို့နယ်နှင့် ကုန်းမြင့်ဒေသမှ ညောင်ရွှေမြို့နယ်ပေါင်း ငါးမြို့နယ်ကို ရွေးချယ်၍ အဆိုပါ မြို့နယ်များသို့ ကွင်းဆင်းလေ့လာကြသည်။

၌ ကျင်းပသော လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲသို့ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ဝင် ပညာရှင်များ တက်ရောက်ပြီး စာတမ်းတင်ခြင်း၊ ဆွေးနွေးအကြံပြုခြင်း လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသည်။ အမျိုးသားပညာရေးဥပဒေနှင့် အခြေခံပညာရေးကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍတို့ကို ပညာရှင်အသီးသီးက ဆွေးနွေးကြသည်။ ဆက်လက်၍ ပညာရေးအရည်အသွေး အာမခံချက်စာတမ်းကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့အမှုဆောင် ဦးတင်ညိုက တင်ပြပြီး ဆွေးနွေးအကြံပေးသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဝင်များသည် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီနှင့် အကြံပေးအဖွဲ့ (Advisory Board) တို့တွင် ပါဝင်ပြီး သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြသည်။ ထို့ပြင် လုပ်ငန်းအဖွဲ့ (၁၈)ဖွဲ့တွင်လည်း ဦးဆောင်မှုပေး၍ သက်ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးအကြံပေးကြသည်။

အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) နေပြည်တော်၌ (၅-၃-၂၀၁၄ နှင့် ၆-၃-၂၀၁၄) ရက်များတွင် ကျင်းပရာ ပညာရှင်များ ပါဝင်ဆွေးနွေးကြသည်။ မူကြိုပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာ ကဏ္ဍ၊ နည်းပညာနှင့်သက်မွေးပညာကဏ္ဍ၊ ကျောင်းပြင်ပ ပညာရေးနှင့် ရပ်ရွာဒေသ ပညာရေးဖွံ့ဖြိုးမှုကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍနှင့် အမျိုးသားပညာရေးဥပဒေ (ကြမ်း) စသည်ဖြင့် ကဏ္ဍစုံကို အဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပညာရေးအဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် ဘက်စုံ လွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး (CESR) သည်လည်း အရေးပါသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။ အဆင့်(၁) အချိန်တိုအတွင်း အကဲဖြတ်ခြင်းနှင့် အဆင့် (၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်များသည် ဆွေးနွေးအကြံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

(၁၉၉၉) ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကြီးသည် (၂၀၁၄) ခုနှစ်တွင် သက်တမ်း ဆယ့်ငါးနှစ်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ယင်းမှာ ဆယ့်ငါးနှစ်ကာလအတွင်း ပညာရှင်အဖွဲ့၏ ရည်ရွယ်ချက်ငါးရပ် ပေါက်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သည်။

ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီနှင့် အကြံပေးအဖွဲ့တို့တွင် ပညာရှင်အဖွဲ့ဝင် အငြိမ်းစား ပညာရှင်ကြီးများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာ ပညာရေးနယ်ပယ်အလိုက် လုပ်ငန်းများခွဲ၍ ဆောင်ရွက်ရသော လုပ်ငန်းအဖွဲ့ (၁၈) ခုတွင်လည်း ပညာရှင်အဖွဲ့ဝင်များသည် ဦးဆောင်၍ ထမ်းရွက်လျက်ရှိကြသည်။ ဤသို့ဖြင့် "ပညာစွမ်းအား၊ ပြည့်စွမ်းအား" ဟူသော ပညာရှင်အဖွဲ့ကြီး၏ မူလဆောင်ပုဒ်နှင့်အညီ မိမိတို့သည် ဝိဇ္ဇာပညာရှင်၊ သိပ္ပံပညာရှင်၊ လူမှုရေးပညာရှင်များ ဖြစ်ကြသည့် အလျောက် မိမိနိုင်ငံ၊ လူမျိုးဘာသာနှင့် ပညာအကျိုးတို့ကို ထိရောက်ထက်မြက်စွာ သယ်ပိုးနိုင်ကြသည့် ပြည့်စွမ်းအားတစ်ရပ်အဖြစ် ကျရာတာဝန်ကို စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းသွားကြမည်ဖြစ်သည်။

**ဒေါက်တာသိန်းမြင့်**

နှင့် စပ်လျဉ်းသည့် အကြံပြုချက်များနှင့် တိုင်ပင်ဆွေးနွေးပွဲများ အပေါ်အခြေခံ၍ ပြည်တွင်းပြည်ပအတွေ့အကြုံကြွယ်ဝသော ပညာရှင်အကြံပေးအဖွဲ့၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှုအဖွဲ့ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက်ကျွမ်းကျင်သူများနှင့် ဆရာ၊ ဆရာမများ ပါဝင်ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့ (၁၈) ဖွဲ့တို့သည် ငါးလတာမျှအချိန်ယူပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိဘဆရာများ၊ ကျောင်းသူ ကျောင်းသားများအစရှိသော ပညာရေးနှင့်ပတ်သက်နေသူ (Education Stakeholders) (၆၀၀၀) ကျော်မျှနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်း၍ အမျိုးသားပညာရေးဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။ ထိုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က လိုအပ်သလိုထည့်သွင်းပြင်ဆင်၍ (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်တွင် ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေသစ်အနေဖြင့် အတည်ပြုခဲ့သည်။

(၂၀၁၁) မှ (၂၀၁၄) ခုနှစ်များအတွင်း အမျိုးသားပညာရေးဥပဒေအတည်ပြုခြင်းအပါအဝင် ဖြစ်ပေါ်ခဲ့သော ပညာရေးပြုပြင်ပြောင်းလဲမှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းသားဘာသာစကားများကို သင်ကြားအသုံးပြုခြင်း၊

(ခ) ဆင်းရဲနွမ်းပါးသောကလေးများ၏ပညာရေးကို မြှင့်တင်ခြင်း၊

(ဂ) ပညာရေးအသုံးစရိတ်မြှင့်တင်ခြင်း၊

(ဃ) အခြေခံနှင့်အဆင့်မြင့်ပညာ အရည်အသွေးမြှင့်တင်ခြင်း၊

(င) အဆင့်မြင့်ပညာရေးအား အဆင့်လိုက် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊

(စ) နည်းပညာနှင့် သက်မွေးပညာရေး တိုးချဲ့ခြင်း။

(၂၀၁၄) ခုနှစ်တွင်အတည်ပြုသော အမျိုးသားပညာရေးဥပဒေသည် မြန်မာနိုင်ငံ၏သမိုင်းတွင် ပထမဦးဆုံးအကြိမ် အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားဘာသာစကားများကို သင်ကြားရေးတွင် အသုံးပြုနိုင်သော ဘာသာစကားနှင့် ကျောင်းချိန်တွင် သင်ကြားပို့ချနိုင်သော ဘာသာစကားအဖြစ် ထောက်ခံပြဋ္ဌာန်းထားသည်။ တစ်ချိန်တည်းတွင် မြန်မာစာ၊ မြန်မာဘာသာစကားကိုလည်း ရုံးသုံးမဏ္ဍိုင်ဘာသာစကားအနေဖြင့် ဆက်လက်ထားရှိမည်ဟု ဖော်ပြထားသည်။ အင်္ဂလိပ်စာနှင့် အင်္ဂလိပ်ဘာသာစကားကိုလည်း ကျောင်းဝင်သည့်အချိန်မှစ၍ သင်ကြားမည်ဖြစ်သည်။ တစ်နည်းဆိုလျှင် အမျိုးသားပညာရေးဥပဒေသည် တိုင်းရင်းသားကလေးတစ်ယောက်အနေဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတစ်လျှောက် ဘာသာစကားသုံးမျိုးအထိ ကျွမ်းကျင်စေရန် မူဘောင်ချပေးခြင်းဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားများ၏စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများ ဖွံ့ဖြိုးရေးအတွက် သင်တန်းများပေးခြင်း၊ တက္ကသိုလ်များတွင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့် သမိုင်း အထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားခြင်းတို့ကို ဝန်ကြီးဌာန၊ အစိုးရအဖွဲ့များနှင့် ဒေသဦးစီးအဖွဲ့များက ကူညီဆောင်ရွက်ရမည်ဟုဆိုသည်။ မည်သည့်ကျောင်းတွင် မည်သည့်တိုင်း ရင်းသားဘာသာစကားကို အသုံးပြုမည်ကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားလူမျိုးမြောက်မြားစွာနေထိုင်သည့်မြို့များတွင် အခြေအနေနှင့် ဆီလျော်ရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်ထားသည်။ ဆိုလိုသည်မှာ ယင်းဒေသများတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က မြို့နယ်အလိုက် တိုင်ပင်ဆွေးနွေး၍ အတူတကွ အကောင်အထည်ဖော်မည်ဖြစ်သည်။

ဆင်းရဲနွမ်းပါးသောကလေးများသည် မိမိတို့နေရပ်တွင် စာသင်ကျောင်းများမရှိသောကြောင့်ဖြစ်စေ၊ ကျောင်းရှိပြန်လျှင်လည်း ဆရာ၊ ဆရာမ မရှိသောကြောင့်ဖြစ်စေ၊ မိသားစုက ဆင်းရဲလွန်းသဖြင့် အလုပ်လုပ်

## (၂၀၁၁-၂၀၁၂) ပညာသင်နှစ်နှင့် (၂၀၁၄-၂၀၁၅) ပညာသင်နှစ်များရှိ ဆရာ၊ ဆရာမ ဦးရေနှင့် စာသင်ကျောင်းအရေအတွက်အခြေပြဇယားများ







## (၂၀၁၁-၂၀၁၂) ပညာသင်နှစ်မှ (၂၀၁၄-၂၀၁၅) ပညာသင်နှစ်အထိ ဆရာ၊ ဆရာမဦးရေနှင့် စာသင်ကျောင်းအရေအတွက်၊ ကျောင်းသားဦးရေတိုးလာမှုနှုန်းနှိုင်းယှဉ်ပြဇယား



နိုင်ငံထက် သုံးဆမကချမ်းသာသော အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ခြင်းမပြုဘဲ မြန်မာထက် အနည်းငယ်သာပို၍ချမ်းသာသော လာအိုနိုင်ငံနှင့် နှိုင်းယှဉ်မည်ဆိုလျှင်ပင် လာအိုနိုင်ငံ၏ ပညာရေးအသုံးစရိတ်မှာ အစိုးရ စုစုပေါင်းအသုံးစရိတ်၏ (၁၂) ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရသည်။

တစ်နှစ်ပြီးတစ်နှစ်ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိသော်လည်း အခြားကဏ္ဍမြောက်မြားစွာတို့တွင်လည်း ဦးစားပေးရန် စီမံကိန်းများ၊ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှိနေသည်။ ဥပမာ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားပေါ်ပေါက်လာ၍ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်လာရန် လျှပ်စစ်ရရှိရေးကိုလည်း ဦးစားပေးနေရသည်ကို သိရှိရသည်။ ထို့ကြောင့် ပညာရေးအသုံးစရိတ်ကို ရုတ်တရက် နှစ်ဆသုံးဆ တိုးမြှင့်ပေးရန် အခက်အခဲများစွာရှိလိမ့်မည်ဟု သုံးသပ်ရသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများစသည့်အချိန်မှ ယခုအချိန်အထိ အခြေခံနှင့်အဆင့်မြင့်ပညာအရည်အသွေး ပိုမိုကောင်းမွန်လာရန် ဦးတည်သောမူဝါဒများကို အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပညာရေးအရည်အသွေးနိမ့်ကျစေသောအကြောင်းရင်းများ မြောက်မြားစွာရှိသည့်အနက် အောက်ပါ အကြောင်းတို့ကို တွေ့ရှိရသည်။

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းသည် ကလေး၏ အရွယ်နှင့် မလိုက်အောင် အဆမတန်များပြားခြင်း၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းသည်လည်း အလုပ်ဈေးကွက်၏ လိုအပ်ချက်များနှင့် စပ်ဟပ်မှုနည်းခြင်း၊

(ခ) အခြေခံပညာကျောင်းနှင့် တက္ကသိုလ်များ၌ ဆရာ၊ ဆရာမ အများစု၏ သင်ပုံသင်နည်းမှာ အလွတ်ကျက်၊ အလွတ်ဖြေသောစနစ်ကို အားပေးသော သင်ပုံသင်နည်းဖြစ်ခြင်း၊

(ဂ) ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၏ စားဝတ်နေရေးဖူလုံမှုမရှိခြင်း၊ ဆရာ၊ ဆရာမများ စိတ်ဓာတ်ကျဆင်းခြင်း၊

(ဃ) မြို့ပြဒေသများနှင့် တက္ကသိုလ်များတွင် ခြစားမှုများကြောင့် သင်ကြားရယူမှု၊ စာမေးပွဲစနစ်နှင့် ပညာအရည်အသွေးတို့ကို ထိခိုက်ခြင်း၊

(င) အခြေခံနှင့်အဆင့်မြင့်ပညာ စာမေးပွဲစနစ်များသည်လည်း

* ကျောင်းသားများ အမှန်တကယ် တတ်မြောက်မှု ရှိ မရှိ စစ်ဆေးခြင်းမပြုသည့်စနစ်များနှင့် အလွတ်ကျက်ခြင်းကို အားပေးသောစနစ်များဖြစ်ခြင်း၊
* မူလတန်းနှင့် အလယ်တန်းများအတွက် အစိုးရစစ်မဟုတ်ဘဲ (၂၀၁၁) ခုနှစ် မတိုင်မီ လိုက်နာကျင့်သုံးခဲ့သော ညွှန်ကြားချက်များအရ ကျောင်းစာမေးပွဲများတွင် ကျောင်းသားများ အမှန်တကယ် တတ်သည်၊ မတတ်သည်ကို ဆန်းစစ်ခြင်းမပြုဘဲ အားလုံးနီးပါးကို အအောင်ပေးရခြင်း၊
* ထို့အတူ အကြောင်းအမျိုးမျိုးတို့ကြောင့် တက္ကသိုလ်များတွင်လည်း ကျောင်းသားများ အမှန်တကယ် တတ်သည်၊ မတတ်သည်ကို ဆန်းစစ်ခြင်းမပြုလုပ်နိုင်ခြင်း

အစရှိသဖြင့် အားနည်းချက်များရှိသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ အခြေခံပညာကျောင်းများမှ ကလေးများ၏ ကျောင်းထွက်နှုန်းမြင့်မားခြင်း၊ မူလတန်းပညာ ပြီးဆုံးနှုန်းလွန်စွာနည်းခြင်းတို့ကို တွေ့ရသည်။

ဤအားနည်းချက်များကို ဖြည့်ဆည်းရန်အတွက် အောက်ပါပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။ အချို့လည်းဆောင်ရွက်ဆဲရှိနေသည်ဟု သိရှိရသည်-

(က) (၂၀၁၃-၂၀၁၄) ပညာသင်နှစ်တွင် အခြေခံပညာသင်ရိုးညွှန်းတမ်းကို (၂၅) ရာခိုင်နှုန်း လျှော့ချပြီးဖြစ်သည်။

(ခ) နိုင်ငံတော်အစိုးရ၏သင်ရိုးညွှန်းတမ်း ပညာရှင်များအဖွဲ့သည် အခြားပြည်တွင်းပြည်ပ ပညာရှင်များနှင့်အတူ အခြေခံသင်ရိုးညွှန်း

တမ်းနှင့် သင်ပုံသင်နည်းများကို နိုင်ငံတကာ စံချိန်မီစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်လျက်ရှိသည်။ (၂၀၁၄/၂၀၁၅) ပညာသင်နှစ်တွင် ထိုသင်ရိုးညွှန်းတမ်းအသစ်အတိုင်း ဆရာအတတ်ပညာမွမ်းမံသင်တန်းများ၊ ဆရာသစ်များအတွက် သင်တန်းများ အစရှိသည်တို့ကို အကောင်အထည်ဖော်လျက်ရှိသည်ဟု သိရှိရသည်။

(ဂ) ဆရာ၊ဆရာမများအပါအဝင် ဝန်ထမ်းများ၏ စိတ်ဓာတ်ကျဆင်းခြင်းနှင့်စပ်လျဥ်း၍ အမျိုးသားပညာရေးဥပဒေတွင် "ပညာရေးဝန်ထမ်းများအားလုံး၏အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ်မူတည်၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့်စနစ်ကိုကျင့်သုံးရေး" ဟူသောအခြေခံမူကို ထည့်သွင်းအတည်ပြုထားသည်ကိုတွေ့ရသည်။ ဆိုလိုသည်မှာ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံဖြစ်သော "အရည်အချင်းနှင့် စွမ်းဆောင်ရည်အခြေခံ လူ့စွမ်း အားအရင်းအမြစ်အုပ်ချုပ်မှုစနစ်" (Performance based HR Management) ကို ကျင့်သုံးရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဆိုလျှင် မူလတန်းကျောင်းဆရာတစ်ဦးသည် လုပ်ရည်ကိုင်ရည်ထက်မြက်ကောင်းမွန်ပါက အထိုက်အလျောက်ရာထူးတိုးခြင်း (သို့မဟုတ်) ဆုငွေပေးခြင်း (သို့မဟုတ်) လစာတိုးပေးခြင်းပြုမည့်စနစ်ကို ဆိုလိုသည်။

(ဃ) ခြစားမှုများကို ကိုင်တွယ်ရန်နည်းဥပဒေများကို (၂၀၁၄-၂၀၁၅) တွင် ရေးဆွဲ၍ အကောင်အထည် ဖော်မည့်အစီအစဉ်များ ပြုလုပ်လျက်ရှိသည်ဟု သိရှိရသည်။

(င) မူလတန်းနှင့်အလယ်တန်းအဆင့်များတွင် မြို့နယ်အဆင့်နှင့်ခရိုင်အဆင့် အစိုးရစစ်စာမေးပွဲများ ပြန်လည်ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ အသစ်ရေးဆွဲပြီးဖြစ်သော သင်ရိုးညွှန်းတမ်းများအတွက်လည်း နိုင်ငံတကာနှင့်ပြည်တွင်းပညာရှင်များ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစား၍ နိုင်ငံတော်အစိုးရ၏ သင်ရိုးညွှန်းတမ်းပညာရှင်များအဖွဲ့နှင့်သက်ဆိုင်ရာအဖွဲ့များသည်လည်း ကျောင်းသားအကဲဖြတ်စစ်ဆေးနည်းများကို သင်ရိုးညွှန်းတမ်းအသစ်နှင့်အညီ အထိုက်အလျောက်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

(၂၀၁၄) ခုနှစ် အမျိုးသားပညာရေးဥပဒေသည် အဆင့်မြင့်ပညာကဏ္ဍကို လွတ်လပ်သည့်သင်ကြားသင်ယူမှုနှင့် လွတ်လပ်သောကိုယ်ပိုင်စီမံခန့်ခွဲရေးစနစ်ကိုကျင့်သုံးနိုင်ရန် ပြောင်းလဲသွားမည်ဟု ဖော်ပြထားသည်။ ဤမူဝါဒကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

(၂၀၁၃-၂၀၁၄) ပညာသင်နှစ်မှစ၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မလိုအပ်တော့ဘဲ မြန်မာနိုင်ငံရှိ တက္ကသိုလ်အချို့သည် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားတက္ကသိုလ်များနှင့် လွတ်လပ်စွာ ပညာရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

(၂၀၁၄) ခုနှစ်တွင် တက္ကသိုလ်တစ်ခုချင်းစီကို လွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မူ စတင်အကောင်အထည်ဖော်သည့်အနေနှင့် တက္ကသိုလ် သရုပ်ပြ/နည်းပြ ဆရာ၊ ဆရာမများရွေးချယ်ခန့်အပ်ရာတွင် ယခင်ကကဲ့သို့ အဆင့်မြင့်ပညာဦးစီးဌာနက ပါဝင်ပတ်သက်ခြင်းမပြုတော့သည်ကို တွေ့ရှိရသည်။ သရုပ်ပြ/နည်းပြဆရာ၊ ဆရာမများ ရွေးချယ်ခန့်အပ်ခွင့်ကို တက္ကသိုလ်တစ်ခုချင်းစီ လွတ်လပ်စွာရွေးချယ်စေရန် ပါမောက္ခချုပ်များထံ တာဝန်လွှဲအပ်လိုက်သည်ကို တွေ့ရှိရသည်။

သက်မွေးပညာရေးအစီအစဉ်များပြုလုပ်သွားရန် အမျိုးသားပညာရေး ဥပဒေကချမှတ်ထားသည်။ ထို့သို့ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာကျောင်းများနှင့်သင်တန်းများကိုထူထောင်ရန် နည်းဥပဒေများ ရေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံသည် ဝင်ငွေနည်းတိုင်းပြည်ဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသော ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးသော နိုင်ငံများစာရင်းဝင်နိုင်ငံဖြစ်သည်။ စွမ်းဆောင်ရည်အရလည်း အားနည်းသောနိုင်ငံအဖြစ် နိုင်ငံတကာအဖွဲ့အစည်း




**(၁၉-၁၁-၂၀၁၄) နေ့ထုတ်**
**ပုဂ္ဂလိကပိုင်**
**ဒီမိုကရေစီတူဒေးသတင်းစာတွင်**
**ဖော်ပြထားသော**
**အမျိုးသား ပညာရေးဥပဒေနှင့်**
**ပတ်သက်သည့်**
**သတင်းဖော်ပြချက်**

မကြာသေးမီက နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများသည် အံ့သြချီးကျူးဖွယ်ကောင်းသည်ဟု သုံးသပ်ခဲ့သည်။ ကြီးမားသော စိန်ခေါ်မှုများရှိသည်ဟုလည်း သုံးသပ်ကြသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆက်လက်အကောင်အထည်ဖော်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံရေးကင်းရှင်းမှုတို့လိုအပ်သည်။ လက်ရှိခေတ်စနစ်အရ ကျောင်းသားလူငယ်များနှင့် ဆရာ၊ ဆရာမများမနစ်နာအောင်လည်း ယင်းတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

များက ဝေဖန်ထားကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အမေရိကန်၊ ဗြိတိန်နှင့်ဩစတြေးလျကဲ့သို့သော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပညာရေးစနစ်နှင့် ပုံသဏ္ဌာန်တို့ကို တိုက်ရိုက်ကူးယူ၍ရမည်မဟုတ်ပေ။

ဤအချက်များအားလုံးကို ထည့်သွင်းစဉ်းစားပါမှ လက်ရှိကျောင်းသားလူငယ်များနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အကျိုးသက်ရောက်မှုရှိသောပြောင်းလဲမှုများဖြစ်ပေမည်။

**ဒေါက်တာဒေါ်ရင်ရင်နွယ်**

ခမ်းနားထည်ဝါကြီးကျယ်ခဲ့ညားသော ကျမ်းဂန်များ၊ ကဗျာလင်္ကာများကို 'စာ+ပေ' သို့မဟုတ် "ကျမ်း+ဂန်+ စာ+ပေ" သို့မဟုတ် "စာပေကျမ်းဂန်" ဟု ခေါ်ဆိုနေကြဆဲဖြစ်သည်။ အဓိပ္ပာယ်မှာ ပေပေါ်တွင် ရေးသားထားသောစာ၊ ကျမ်း(ပျဉ်ချပ်) ဖြင့်ညှပ်၍ထားသော အရှည် လေ့လာနိုင်ရန် ရေးသားပြုစုထားသည့် လေးနက်သောစာဟု ဆိုလိုသည်။

နိုင်ငံကိုအုပ်ချုပ်သော မင်းအချင်းချင်းပေးသည့် ရာဇသံစာများကို ရွှေပြားပုံခတ်လျက် ရေးသားကြသောကြောင့် "ရွှေပေလွှာ" ဟု ခေါ်ဆိုခဲ့ကြသည်။ မင်းချင်းပေးစာများကို ရွှေပေဖြင့် အရေးများခဲ့သည်။ ပုဂံခေတ်က မင်းချင်းပေးသော ရာဇသံစာကို 'သုဝဏ္ဏလိပ်' ခေါ်သည်။ ရွှေပေရွက်ပုံပေါ်တွင် စာရေးသားပေးပို့ကြောင်း ရှင်ဒိသာပါမောက် ကျောက်စာအရ သိရသည်။ အနိရုဒ္ဓမင်း (၁၀၄၄-၁၀၇၇) လက်ထက်အစောပိုင်းတွင် စာပေအရေးအသားမပေါ်ထွန်းသေးသောကြောင့် သထုံသို့ သံစေလွှတ်သောအခါ "လက်ဆောင်ပဏ္ဏာကာရ အများစီရင်တော်မူ၍ လိမ္မာသော အမတ်တစ်ယောက်ကို သာယာချေငံစွာသော စကားဖြင့်" လျှောက်ထားပြောဆိုစေ၍ ပိဋကတ်တော် တစ်စုံကို ရယူခဲ့ရန်မှာကြားကြောင်း ရာဇဝင်ဆရာများက ဆိုခဲ့ကြသည်။ စာဖြင့်ရေးသား တောင်းဆိုသည့် ရာဇသံစာပါသည်ဟုမဖော်ပြခဲ့ချေ။ ထိုအချိန်က မြန်မာစာပေ အရေးအသား မတီထွင်ရသေးကြောင်း၊ အသုံးမပြုနိုင်သေးကြောင်း ပေါ်လွင်သည်။

သို့သော် အနိရုဒ္ဓမင်းကြီးလက်ထက်မှာပင် သထုံမှရရှိခဲ့သော ပိဋကတ်တော်ကိုအမှီပြုလျက် မြန်မာစာပေရေးသားခြင်း အတတ်ပညာကို နောက်ပိုင်းတွင် တီထွင်စပြုလာခဲ့သည်။ မင်းကြီးသည် ယင်း၏ အုတ်ခွက်ဘုရားစာများကို ပါဠိဘာသာဖြင့် ရေးထိုးထားခဲ့သည်။ "ဧသော ဘဂဝါ မဟာရာဇ၊ သိရီ အနိရုဒ္ဓ ဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေနေ ဝါတိ"ဟူ၍ ပါရှိသည်။ "သံသရာမှ လွတ်မြောက်ရန် ဤဘုရားဆင်းတုတော်ကို မင်းကြီးသည် ကိုယ်တော်တိုင် လက်တော်ဖြင့် သွန်းလုပ်ပူဇော်သည်" ဟု အဓိပ္ပာယ်ရရှိသည်။ ရာဇဝင်ဆရာက ပုဂံခေတ် ရွှေပေလွှာအကြောင်းကိုလည်း တရုတ်ပြေးမင်း လက်ထက်တွင် ဖော်ပြခဲ့သည်။ တရုတ်ရန်ကို ကာကွယ်ရန် စေတီပုထိုးများကို ဖျက်ဆီး၍ရသော အုတ်ဖြင့် မြို့ရိုးတည်သောအခါ စေတီပျက်တစ်ဆူတွင်းမှ "ကြေးနီပုရပိုက်နှင့် အန္တံစာရဇသိုက်" ရကြောင်း သိရသည်။ ကြေးပြားချပ်ပေါ်တွင်ရေးသားထားသော မင်းဆက်ရာဇဝင်စာ မှတ်တမ်းကို ဆိုလိုသည်။ ပေစာက တစ်ရွက်ချင်းဖြစ်ပြီး ပုရပိုက်စာက ဆက်လျက်အထပ်လိုက် ခေါက်ထားသော အနေအထားဖြစ်သည်။

ရာဇသံစာဟူသည် မင်းချင်းပေးသောစာများ များသောအားဖြင့် သံတမန်တို့လှယ်သောအခါ၊ တစ်ဦးနှင့်တစ်ဦး ရာဇမဟာမိတ်အဖြစ် ချစ်ကြည်စွာရေးပေးကြသော စာများဖြစ်သည်။ တရုတ်ပြေးမင်းလက်ထက် တရုတ်ပြည်သို့သံတမန်လွှတ်မည် စီရင်ကြသောအခါ အနန္တပိစည် မဟာပိုဝ်အမတ်ပြောဆိုသောစကားသည် မှတ်သားစရာကောင်း၏။

**ဤအမှုကာကြီးစွာ။ တုမ်တပဲလေ လွှတ်ရသည်မဟိ။ သု(ဝဏ္ဏ)လိပ်ပြုအံသည်သူလည်း မဟိ သျှင်ဒိသာပြာမုက်တေ ပါမူကာအမှုဆောင်နိုင်အံ** ဟူ၍ဖော်ပြသည်။ ရွှေပေရာဇသံစာကို သုဝဏ္ဏလိပ် ဟုသာခေါ်သေးကြောင်း သတိပြုနိုင်သည်။ ပုဂံခေတ်က ကြေးပြားပုရပိုက်ဖြင့် စာရေးသားထားသောအ(မု) န္တံစာနှင့် သံတမန်စေလွှတ်သောအခါ ရေးသားသော သုဝဏ္ဏလိပ်တို့ကို တွေ့ရသည်။ ကွဲပြားစွာဖော်ပြသဖြင့် သဘာဝမတူသည်ကိုလည်း သတိထားမိနိုင်သည်။

ရွှေပေရာဇသံစာဟူသောအသုံးကို အဝခေတ်တွင်အထင်အရှားတွေ့ရသည်။ တွင်ကျယ်စွာလည်း အသုံးပြုခဲ့သည်။ အကျိုးလည်းဖြစ်ထွန်းခဲ့သည်မှာ သမိုင်းအထင်အရှားဖြစ်သည်။ မွန်ဘုရင် ဟံသာဝတီဆင်ဖြူရှင် ဗညားဦးက သက္ကရာဇ် ၇၃၂ (အေဒီ ၁၃၇၀) တွင် လက်ဆောင်များနှင့်အတူ အဝမင်း မင်းကြီးစွာစော်ကဲသို့ သံစေလာခဲ့သည်။ ငြိမ်းချမ်းရေးသဝဏ်လွှာပင်ဖြစ်သည်။ ရာဇသံစာတွင်-

**ဆင်ဖြူသခင်ဗညာဦး ကြားလိုက်အပ်သည်။ နောင်တော်ရွှေနန်းသခင်။ . . . ရာမညတိုင်း ဖြစ်သော မွန်ပြည်နှင့် သုနာပရန္တ၊ တမ္ဗဒီပ**

စည်းလုံးခြင်းကို ဝင်ရောက်နှောင့်ယှက်တတ်သော မဏိပူရကသည်းများနှင့် ယိုးဒယားတို့ကိုမူ နှိမ်နင်းဆုံးမထားရန်လိုသည်ဟု လက်ထက်တော်မတိုင်မီ အခြေအနေများကို ကြိုတင်သုံးသပ်လျက် အရံထည့်သွင်းထားခဲ့ဟန်ရှိသည်ကိုလည်း တွေ့ရသည်။ ခေတ်၏ ပဒေသရာဇ်စကားဖြင့် ပြောရလျှင် ငြိမ်းချမ်းရေးအတွက် သင်ခန်းစာပေးစစ် (jpjuhichjuk) သဘောမျိုး ပြသထားရန်လိုသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဆိုခဲ့သည့်အတိုင်းပင် အလောင်းမင်းတရားကြီးသည် အဝကိုသိမ်းပိုက်နိုင်ပြီး အထက်မြန်မာပြည်ကို ခိုင်မာအောင်စည်းရုံးမိပြီဟု ယူဆယုံကြည်လာသောအခါ အောက်မြန်မာပြည် ပြန်လည်စည်းရုံးရေး တစ်ဆင့်တက်ကာ ဆောင်ရွက်လေတော့သည်။ အဝမှ မွန်တပ်များဆုတ်ခွာရသောအခါ အလောင်းမင်းတရားကြီး တပ်များကလည်း ထက်ကြပ်မကွာလိုက်ပါခဲ့သည်။ ထိုကြားထဲတွင် အကြီးဆုံးတိုက်ပွဲကို ပြည်မြို့တွင် တိုက်ကြရသည်။ ပြည်မြို့သည် ထက်အောက်မြန်မာနိုင်ငံ၏ ဝင်ပေါက် ထွက်ပေါက်ဖြစ်သောကြောင့် စစ်ရေးအချက်အချာကျသော နေရာဒေသဖြစ်သည်။ ထိုမဟာဗျူဟာမြောက် နေရာဒေသကို ဟံသာဝတီတပ်များ လက်လွှတ်လိုက်ရခြင်းသည် ဟံသာဝတီမလုံခြုံနိုင်တော့ဟု အဓိပ္ပာယ်ကောက်၍ ရသည်။ အကြောင်းမှာ တောင်ငူတောင်တွင်း အပါအဝင် ဝန်းကျင်မြို့ရွာ အကြီးအကဲတို့က အလောင်းမင်းတရားထံ လက်ဆောင်တော်များဖြင့် လာရောက်သစ္စာတော်ခံခဲ့ကြသောကြောင့် အင်အားပြန်လည်တောင့်တင်းလာခဲ့သည်။ ပြည်မြို့တိုက်ပွဲသည် အလောင်းမင်းတရားကြီး၏ အောက်မြန်မာပြည်သိမ်းသွင်းစည်းရုံးနိုင်ရေးအတွက် ပဓာနသော့ချက်ကျသော စစ်ပွဲကြီးပင်ဖြစ်ခဲ့သည်။

ပြည်မြို့သိမ်းတိုက်ပွဲပြီးဆုံးပြီးနောက် အလောင်းမင်းတရားကြီးတပ်များသည် မြစ်ကြောင်းတစ်လျှောက်အောက်သို့တိုး၍ချီခဲ့ရာ လွှန်ဆေးသည် အရေးပါသောအရပ်ဖြစ်လာခဲ့သည်။ ထိုမြို့ကို အောင်မြင်သောအခါ ရန်အပေါင်းကို အမြန်အောင်နိုင်ခဲ့သဖြင့် မြို့ကို မြန်အောင်အမည်ပြောင်းကာ တစ်လကြာ ဗိုလ်ဝင်ခံစံနေခဲ့သည်။ ဖောင်တော်ဦးစေတီတော်ကိုလည်း တည်ထားခဲ့သည်။ ရခိုင်အပါအဝင် ပတ်ဝန်းကျင် မြို့ရွာအကြီးအကဲတို့က လက်ဆောင်ပဏ္ဏာအများနှင့် ဝင်ရောက်ခိုလှုံလာခဲ့ကြသည်။ ထိုတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီတို့အကြောင်း မင်းတရားကြီး သိရှိတော်မူလာခဲ့သည်။ အင်္ဂလိပ်တို့သည် ပုသိမ်အောက် ဟိုင်းကြီးကျွန်းပင်လယ်ဝတွင် ကုန်တိုက်ဖွင့်ထားကြသည်။ ယင်းသို့ ဟိုင်းကြီးကျွန်းတွင် ကုန်တိုက်စဖွင့်သောအချိန်သည် နိုင်ငံတော်ကြီး၏ စည်းရုံးမှုပြိုကွဲနေချိန်ဖြစ်သည်။ အောက်မြန်မာပြည်ရှိ မွန်တို့အကြီးအကဲများက ဟံသာဝတီ(ပဲခူး)ကို ဗဟိုပြုလျက် အဝမင်းတို့၏သြဇာအာဏာကို ဖယ်ရှားကာ လွတ်လပ်သောမင်းနိုင်ငံအဖြစ် ထူထောင်ခဲ့ကြသည်။ အဝမင်းမဟာဓမ္မရာဇာဓိပတိကလည်း မင်းပျော့မင်းညံ့တစ်ပါးဖြစ်သဖြင့် နိုင်ငံတွင် လတ်တလောကျ ရောက်လာနေသော ကသည်းတို့အန္တရာယ်များ၊ မတ္တရာနယ်မှ ကွေ့ရှမ်းတို့ပုန်ကန်မှုစသည်တို့ကို နိုင်ငံရေး၊ စစ်ရေးနည်းများဖြင့် ထိရောက်အောင်မြင်အောင် မဖြေရှင်းပေးနိုင်ခဲ့ချေ။ လောကီယာယီယတြာများဖြင့်သာ ဖြေရှင်းရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် မွန်တို့၏ ဟံသာဝတီတပ်များချီလာသောအခါ ကောင်းစွာအကာအကွယ်မပေးနိုင်ခဲ့ချေ။ နောက်ဆုံးတွင် မင်းပါရန်သူ့လက်ရောက်ရှိပြီး အဝပျက်လေတော့သည်။ ထိုသို့ နိုင်ငံတော်ကြီး စည်းရုံးရေးပြိုပျက်ကာ ပရမ်းပတာဖြစ်နေချိန်တွင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီက ဟိုင်းကြီးကျွန်းတွင် ကုန်တိုက်လာရောက်ဖွင့်လှစ်ခြင်းဖြစ်သည်။

စည်းရုံးရေးနှင့် စစ်ရေးအတွက် အောက်အရပ်သို့ချီလာသော အလောင်းမင်းတရားကြီးသည် နိုင်ငံတော်နယ်မြေအတွင်း အင်္ဂလိပ်လူမျိုးတို့ရှိနေကြောင်းသိရသောအခါ အမိန့်တော်နှင့် သီရိမင်္ဂလွန်းနှင့် သက်ရှည်နော်ရထာတို့ကို သွားရောက်ခေါ်ယူစေခဲ့သည်။ အင်္ဂလိပ်တို့ကို အမိန့်တော်အတိုင်းသွားရောက်ခေါ်ယူ၍ ရွှေတော်ဝင်ရောက်ဖူးမြော်စေခဲ့သည်။ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီမှ ဝန်ထမ်းတို့လည်း အမျိုးမျိုးသော ထည်မျိုး အုပ်မျိုး လက်ဆောင်တော်

အမြောက်ကြီး ၁၀(ကျည် ၅ ပိဿာဝင်)
ကျည်စေ့သေတ္တာ ၅ လုံး
ယမ်းစည် ၇ လုံး

တို့နှင့်အတူ ကပ္ပိတန် ဇိတာရတ် (Capt John Dyer) သည်ပုသိမ်သင်္ဘောဆိပ်မှ ရန်ကုန်သို့ ၄ မေ (၁၇၅၆) တွင် ရောက်ရှိလာခဲ့သည်။ သံတို့ကိုကောင်းမွန်စွာ လက်ခံတွေ့ဆုံခဲ့သည်။ ချစ်စကိုရှည်စေဆိုသည့် အတိုင်း အလောင်းမင်းတရားကြီးသည် ကုမ္ပဏီ ဝန်ထမ်းတို့မှ အင်္ဂလန်ပြည့်ရှင်နှင့်ဆက်ဆံနိုင်ရန် ဆောင်ရွက်လာခဲ့သည်။ တစ်နည်းလည်း နိုင်ငံ ထူထောင်နေသောအလောင်းမင်းတရားကြီးသည် နောင်အရှည်ကို မြော်ကိုးလျက် ကုမ္ပဏီကိုယ်စားလှယ် များနှင့်ဆက်ဆံရေးအစား မင်းချင်းဆက်ဆံရေးကို ထူထောင်လိုက်ခြင်းဟု ဆိုနိုင်သည်။ သို့ဖြင့် ရာဇသံစာဖြစ်ပေါ်လာခဲ့သည်။ ထိုရာဇသံစာကို လက်ဝဲနော်ရထာအား စီကုံးစေပြီး ၈ မေ (၁၇၅၆) တွင် ရောက်ရှိလာခဲ့သောသံတို့မှတစ်ဆင့် အင်္ဂလန် မင်းသို့ပေးပို့ခဲ့သည်။ မူလရွှေပေပေါ်တွင်ရေးသည့်စာ သည် အားလုံးကြောင်းရေ (၁၀) ကြောင်းပါရှိသည်။ ယခုစာကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ (၂၀၀၄) မှစာသား၊ အလောင်းမင်းတရားကြီး အမိန့်တော်များပါ စာသားတို့နှင့် တိုက်ဆိုင်စစ်ဆေး သောအခါ ကွဲလွဲချက်အချို့ကိုတွေ့ရသည်။ အချို့ ကွဲလွဲချက်မှာ တမင်ပြင်သောကြောင့်ဖြစ်သည်။ ဥပမာ တလိုင်းဟူသောစကားကို မွန်ဟု ပြင်ထားခြင်း၊ အင်ကရိတ်ဟူသောစကားကို အင်္ဂလိပ်ဟု ပြင်ထား သည်များကိုတွေ့ရသည်။ ဆိုနေကျဖြစ်သောကြောင့် စကားလုံးအပိုများပါသွားသည်ကိုလည်းတွေ့ရသည်။ ဥပမာ သုနာပရန္တဆိုလျှင် 'တိုင်း' ထည့်လိုက်သည်မျိုးဖြစ် သည်။

## အလောင်းမင်းတရားကြီး၏ ရာဇသံစာ

**ဘုန်းတော်အလွန်ကြီးမြတ်တော်မူ လှသော သုနာ ပရန္တတိုင်း၊ တမ္ဗဒီပတိုင်း၊ ကမ္ဘောဇတိုင်း စသော တိုင်းကြီးအပေါင်းတို့၌ မြန်မာပြည် ရှမ်းပြည်၊ ယွန်းပြည်၊ ကသည်းပြည်၊ တလိုင်း (မွန်) ပြည်၊ ရာဇဌာနီပြည်ကြီး ထီးဆောင်းမင်းတကာ တို့သခင် ပတ္တမြား၊ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ပယင်း ရတနာတွင်းများသခင်၊ ဆင်ဖြူဆင်နီ ဆင်ကျား စကြာရွှေလုံ့ရ အာဒိစ္စဝံသနေမင်း၏ အဆက် အနွယ်၊ အဆောင်ဆောင်သော ရွှေနန်းရွှေပြာသာဒ် သခင် ရတနာပူရအင်းဝပြည်ကြီးနှင့်တကွ အယ ဩပူရ မည်သော ရတနာသိယ်ကုန်းဘောင်ရွှေပြည် ကြီးကို အစိုးရတော်မူသော အလောင်းမင်း တရားကြီး ချစ်ကြည်စွာ ကြားရောက်အပ်သော ဇိနပ္ပတ္တံ၊ ဘင်္ဂလား၊ ဗုက်သံဒေဝီ၊ ဒေဝီကတ်စသော မြို့အပေါင်းတို့ ခြံရံလျက် အင်္ဂရိတ်မြို့မကို အစိုးရသောအင်္ဂရိတ်မြို့မ ဘုရင်ဘေးလောင်း တော် ဘိုးလောင်းတော်တို့ လက်ထက် မြန်မာမင်း အင်္ဂရိတ်မင်းအဆက်ဆက် ဖောက်ကား ရောင်းဝယ်ရောက်ပေါက်ကြ၍ အလိုရှိသမျှကို ဆောင်ယူရသည် ကိန်းခန်းအလျောက် တလိုင်း (မွန်) တို့နှောင့်ရှက်ရာတွင် တစ်လတ်တစ်လျား မပေါက် မရောက်ရှိကြ၍ တောင့်တ၍နေသည်နှင့် အကြည်တော် နိုင်ငံတော်စွန်း မော်တင် ဟိုင်းကြီး သို့ အကြည်တော်အင်္ဂရိတ်မြို့မဘုရင်က မည်သလီ ပရုတ်တို့ကိုစေ၍ ရောက်ပေါက် လာရာတွင်မှ မေးမြန်း၍ကြားသိရလျှင် အတိုင်းထက်အလွန် မင်းဧကရာဇ်တို့ဝယ် မြို့၏အင်္ဂါ ၇ ပါးတွင် သခါ ဟူသော ပြည်ထောင်ချင်းအင်္ဂါတစ်ပါးသည် ဖြစ်ခဲ့ သောအရာကို တွေ့ရပေတော့မည် ဝမ်းမြောက်တော် မူသည်။ အကြည်တော်အင်္ဂရိတ်မြို့မ ဘုရင်က စေသူမည် စလည်ပရုပ်တို့က ပုသိမ်မြို့တွင် တိုက်ကြ သင်္ဘောသွင်းထားရန် နေရာနေရပ်လိုပါ သည် ရှိခိုးသံတော်ဦးတင်သောကြောင့် အကြည် တော် အင်ကရိတ်မြို့မ ဘုရင်ကစေ၍ လျှောက်ရ သည် ဖြစ်သည်၊ အရှည်ချစ်ကြည်ရမည်ကို ထောက်၍ ကြိုက်ရာနေထိုင်စေ။ ပုသိမ်မြို့တွင် တိုင်းတာ မှတ်သား၍ ပုသိမ်မြို့ဝန်တို့က ချပေးစေ သည်။ အကြည်တော် အင်္ဂရိတ်မြို့မဘုရင် အမှူး အမတ် ပုသိမ်မြို့ဝန်တို့ မျက်နှာညီတံဆိပ်စာ ချွန်တော် ပေးအပ်တော်မူသည်။ ပြည်ထောင်ချင်း**



**အလောင်းမင်းတရားကြီးက ကျော့ဘုရင်ထံပေးပို့သော သဝဏ်လွှာ ဒီဂျစ်တယ်မိတ္တူ**

ယူရသည်" ဟုဆိုထားသည်။ အတိတ်က အခြေအနေကိုပါဖော်ပြထားသဖြင့် နိုင်ငံပြန်လည်ထူထောင်ရေးတွင် သမိုင်းသိခြင်းသည် အရေးပါကြောင်း သဘောပေါက်နိုင်သည်။ ယခင်က ဆက်ဆံရေးကောင်းခဲ့သဖြင့် အကျိုးဖြစ်ထွန်းခဲ့ပုံကိုဖော်ပြထားသည်။ အခြေအနေတစ်ရပ်ကြောင့် ဆက်ဆံရေးပျက်ပြား နားလည်မှုလွဲမှားခဲ့ရသည်ကို သမိုင်းသင်ခန်းစာယူလျက် ပြည်သူအကျိုးရှိမည်ကို မြင်လျှင်ပြင်ရဲသော သတ္တိထူးကို အလောင်းမင်းတရားကြီးတွင်ရှိသည်ကို တွေ့ရသည်။ ယင်းကို သမိုင်းအရ ဂုဏ်ယူဖွယ်ကောင်းသည်ဟု မြင်နိုင်သကဲ့သို့ ထိုအစဉ်အလာဓလေ့မျိုးကိုလည်း မွေးထားရမည်ဟု အလောင်းမင်းတရားကြီးက နောင်ဆက်ခံကြမည့် မင်းများကို မှာထားခဲ့သယောင်တွေ့ရသည်။

ထို့ပြင် ရာဇသံရွှေပေလွှာတွင် ဆက်လက်ဖော်ပြခဲ့သေးသည်မှာ "နိုင်ငံတော်စွန်း မော်တင်ဟိုင်းကြီးသို့ အကြည်တော်အက်ရိတ်မြို့မဘုရင်က မည်စလီပရုတ် (Henry Brooke) တို့ကိုစေ၍ ရောက်ပေါက်လာရာတွင်မှ မေးမြန်း၍ ကြားသိရ" သဖြင့် ဝမ်းမြောက်ကြောင်းဆိုခဲ့သည်။ အင်္ဂလိပ် မင်းကစေသူဖြစ်သောကြောင့် မင်းချင်းနားလည်မှု သဘောသက်ရောက်သည့် နေရာချထားပေးမှုကိုလည်း **ပုသိမ်တွင်ပေးခဲ့သည်။ "အက်ရိတ်မြို့မဘုရင်က စေသူ မည်စလည်ပရုပ်တို့က ပုသိန်မြို့တွင် တိုက်ကြ သင်းဘောသွင်းထားရန် နေရာနေရပ် . . . တိုင်းတာမှတ်သား၍ ပုသိမ်မြို့ဝန်တို့ကချပေးစေ"ဟု** ပင်အမိန့်တော်ထုတ်ပြန် လိုက်လျောခဲ့သည်။ အလောင်းမင်းတရားကြီး ဤမျှသဘောထားကြီးရသည်မှာ အကြောင်းနှစ်ချက်ကြောင့်ဟု ယူဆရသည်။ ပထမအကြောင်းမှာ လိုအပ်သော စစ်လက်နက်ပစ္စည်းများ ရရှိနိုင်ရန်နှင့် ဒုတိယအကြောင်းမှာ အခြားဆန့်ကျင်ဘက်သို့ ရောက်ရှိပူးပေါင်းမသွားနိုင်စေရန်ဖြစ်မည်ထင်သည်။ နောင်အရှည်အရောင်းအဝယ်ဖြစ်ထွန်းမည်ကိုလည်း မျှော်မှန်းထားရှိနိုင်ကောင်းသည်။

ထိုရာဇသံရွှေပေစာကို မှန်နန်းရာဇဝင် တော်ကြီး (နောင်တွင်ကုန်းဘောင်မဟာရာဇဝင်တော်ကြီးဟု သီးခြားခွဲထုတ်ပြီး ပြောင်းလဲခေါ်)၊ တွင်းသင်းမဟာရာဇဝင်ကြီး၊ မုံရွေးရာဇဝင်ကျမ်းကြီးများတွင်လည်း ဖော်ပြပါရှိသည်။ သို့သော် အချို့သောစာလုံးများ အနည်းငယ်ကွဲလွဲမှုရှိသည်။ အဓိပ္ပာယ်ပြောင်းလွဲသွားနိုင်လောက်အောင်အထိ ကွဲပြားခြင်းမရှိပေ။ ဥပမာ အက်ရိတ်ကို အင်္ဂလိပ်ဟု ပြင်ထားသည်မျိုးကို တွေ့ရနိုင်သည်။ ယခုစာကို ရွှေပေစာတွင်တွေ့ရသည့်အတိုင်း ပြန်လည်ဖော်ပြခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီးက နိုင်ငံတော်ကြီးထူထောင်နေစဉ် ကိုလိုနီနယ်ချဲ့များနှင့် စတင်တွေ့ကြရသည်ဖြစ်ပြီး အလောင်းမင်းတရားကြီး မြေးမြစ်လက်ထက်တွင် ထိုအင်္ဂလိပ်တို့က မြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့ကျူးကျော်သူများဖြစ်လာလိမ့်မည်ဟုလည်းကောင်း၊ ယင်းထူထောင်ထားခဲ့သော နိုင်ငံတော်ကြီးကို တစ်ပိုင်းစီ ဖဲ့ယူသွားကြမည်ဟုလည်းကောင်း၊ နောက်ဆုံးတစ်နိုင်ငံလုံးကို သိမ်းယူသွားမည်ဟုလည်းကောင်း မင်းကြီးကြိုတင်သိရှိခဲ့ပါလျှင် ဟိုင်းကြီးကျွန်း အရေးအခင်းပေါင်းများစွာကို မင်းကြီးဆင်နွှဲ လုပ်ဆောင်သွားခဲ့မည်ဟု တွေးဆကြည့်နိုင်သည်။

**ဒေါက်တာတိုးလှ**

# အပိုင်း (၃)

# ၂၀၁၄ ခုနှစ်

# ဖြစ်ရပ်များ

ဤအပိုင်းတွင် ၂၀၁၄ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှထင်ရှားသည့် ဖြစ်ရပ်အချို့ကို အက္ခရာစဉ်အတိုင်း သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။






# မြန်မာနှင့်
# နိုင်ငံတကာ
# ဖြစ်ရပ်များ





**ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ (နိုင်ငံတကာ)။** ။ နိုင်ငံတကာတွင် စာပေယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး (၂၀၁၄) ခုနှစ်အတွင်း၌ ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များပါရှိသည်။ ၎င်းတို့အနက် အချို့ပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြအပ်ပါသည်။

**ကော့ဖ်မန်း၊ ဘဲလ်။** ။(၁၉၆၀) ပြည့်နှစ်များတွင် ရောင်းအားအကောင်းဆုံးဂန္ထဝင်ဝတ္ထုဖြစ်သည့် "Up the Down Staircase" ကို ရေးသားသူစာရေးဆရာမဘဲလ်ကော့ဖ်မန်းသည် ဂျာမနီနိုင်ငံတွင် မွေးဖွားပြီး ရုရှားနိုင်ငံတွင် ကြီးပြင်းခဲ့သည်။ အသက် (၁၂) နှစ်အရွယ်တွင်



ဘဲလ်ကော့ဖ်မန်း

အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်သည်။ Hunter ကောလိပ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့မှ ဘွဲ့ရခဲ့သည်။ နယူးယောက်မြို့တွင် အထက်တန်းပြဆရာမအဖြစ် နှစ် (၃၀) ကြာလုပ်ကိုင်ရင်း စာရေးသားခဲ့သူဖြစ်သည်။ ဘဲလ်ကော့ဖ်မန်းသည် အသက် (၁၀၃) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်တွင် ကွယ်လွန်သည်။

**ဆွာ့ဇ်၊ အဒိုလ်ဖို။** ။ အာဏာရှင်အစိုးရလက်ထက်နောက်ပိုင်း ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံခဲ့ရသည့်စပိန်နိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သူ အဒိုလ်ဖိုဆွာ့ဇ်ကို စပိန်နိုင်ငံ၊ စီဘရီရိုးစ်မြို့၌ (၁၉၃၂) ခုနှစ်၊ စက်တင်ဘာ (၂၅) ရက်တွင် မွေးဖွားသည်။ ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး နိုင်ငံရေးလုပ်ရှားခဲ့သူ အဒိုလ်ဖိုဆွာ့ဇ်သည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် အထင်ကရ ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ဆွာ့ဇ်သည် ဥပဒေပညာကို ဆလာမန်ကာ တက္ကသိုလ်တွင် သင်ယူခဲ့ပြီး အာဏာရှင်ဖရန်ကိုအစိုးရ လက်ထက်နှောင်းပိုင်းတွင် တာဝန်အမျိုးမျိုးကို



အဒိုလ်ဖိုဆွာ့ဇ်

ထမ်းဆောင်ခဲ့သည်။ စပိန်နိုင်ငံ၏ (၃၈) နှစ်သက်တမ်းရှိ တစ်ခုတည်းသော နိုင်ငံရေးပါတီဖြစ်သည့် 'အမျိုးသားလှုပ်ရှားမှု' (National Movement) ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၇၆) ခုနှစ်တွင် ဘုရင်ဂျွမ်ကားလို့စ်က ၎င်းကို (၁၃၈) ဦး မြောက် ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ ဒီမိုကရေစီစနစ်ကို စတင်ကူးပြောင်းရာတွင် အမျိုးသားရေးစိတ်ဓာတ်ရှိသူတစ်ဦးအဖြစ် တိုင်းပြည်ကိုဦးဆောင်စေရန် ဘုရင်က ဆွာ့ဇ်ကိုရွေးချယ်ခဲ့သည်။ (၁၉၇၆) ခုနှစ် ဒီမိုကရေစီအကူးအပြောင်းကာလတွင် ပထမဆုံးအနေဖြင့် ပြတ်သားသော ခြေလှမ်းကိုစတင်ကာ လေ့လာစောင့်ကြည့်သူများနှင့် နိုင်ငံရေးပြိုင်ဘက်များကိုအံ့အားသင့်စေခဲ့သည်။

(၁၉၇၇) ခုနှစ်တွင် (၄၁) နှစ်တာကာလအတွင်း စပိန်နိုင်ငံ၏ပထမဆုံး လွတ်လပ်သော ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် Union of the Democratic Centre ကို ဦးဆောင်ခဲ့ပြီး ဖရန်ကိုအစိုးရနောက်ပိုင်းကာလတွင် ဒီမိုကရေစီနည်းကျ ရွေးချယ်ခြင်းခံရသော ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။ ဆွာ့ဇ်၏နိုင်ငံရေးအရ မျှတသည့်အစိုးရသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမူဝါဒများကို စတင်ပြဋ္ဌာန်းခဲ့ပြီး (၁၉၇၉) ခုနှစ်တွင် ၎င်း၏ယာယီညွန့်ပေါင်းအဖွဲ့သည် ဖွဲ့စည်းပုံ

အခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ သို့သော် အကျပ်အတည်းများကို ရင်ဆိုင်နေရစဉ် စီမံထိန်းသိမ်းရသူတစ်ဦးအနေဖြင့် အောင်မြင်မှုလျော့နည်းလာသောကြောင့် (၁၉၈၁) ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဝန်ကြီးချုပ်တစ်ဦးအဖြစ် ထမ်းဆောင်ခဲ့သည့် ဆာ့ဇ်၏အခန်းကဏ္ဍကို အသိအမှတ်ပြုသောအားဖြင့် (၁၉၈၁) ခုနှစ်တွင် ဘုရင်ဂျူအန်ကားလို့စ်က ၎င်းအား မြို့စားဘွဲ့နှင့် ထိပ်တန်းသူကောင်းဘွဲ့ကို ချီးမြှင့်ခဲ့သည်။ (၁၉၈၂) ခုနှစ်တွင် Democratic and Social Centre ပါတီကို တည်ထောင်ခဲ့သည်။ (၁၉၈၈) ခုနှစ်တွင် ယင်းပါတီကို Liberal and Progressive International အဖြစ် အမည်ပြောင်းခဲ့ပြီး ဆာ့ဇ်က ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၉၁) ခုနှစ်တွင် နိုင်ငံရေးလှုပ်ရှားမှုများမှ အနားယူခဲ့သည်။ အဒိုလ်ဖိုဆာ့ဇ်သည် အသက် (၈၁) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ မတ်လ (၂၁) ရက်တွင် အာရုံကြော ယိုယွင်း ပျက်စီးမှုရောဂါဖြင့် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကွယ်လွန်သည်။ ၎င်းအား ဂုဏ်ပြုသောအားဖြင့် စပိန် အစိုးရက Madrid Barajas လေဆိပ်ကို အဒိုလ်ဖိုဆာ့ဇ်လေဆိပ်ဟု အမည်ပြောင်းလဲခဲ့သည်။

**နာဇေ၊ အက်ဒွပ်ရှီဗာ။** ။ ဂျော်ဂျီယာနိုင်ငံသမ္မတဟောင်း အက်ဒွပ်ရှီဗာနာဇေကို (၁၉၂၈) ခုနှစ်တွင် ဂျော်ဂျီယာနိုင်ငံ လန်ချပ်ကူတီဒေသ၌ မွေးဖွားသည်။ (၁၉၄၆) ခုနှစ်တွင် ဂျော်ဂျီယာပြည်နယ်၏ ကွန်မြူနစ်လူငယ်အဖွဲ့အစည်းကိုဝင်ရောက်၍ လူမှုနိုင်ငံရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ (၁၉၇၂) ခုနှစ်တွင် ပြည်နယ်ကွန်မြူနစ်ပါတီ အကြီးအကဲရာထူးရရှိသည်။ (၁၉၈၅) ခုနှစ်တွင် မီခေးလ်ဂေါ်ဘာချော့ဗ် ဦးဆောင်သည့် ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ်ခန့်အပ်ခံရပြီး စစ်အေးခေတ်အဆုံးသတ်ရေး၌ ၎င်းပါဝင်လုပ်ဆောင်ခဲ့သည့်ကဏ္ဍအတွက် အသိအမှတ်ပြုခံရသူဖြစ်သည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် (၁၉၉၂) ခုနှစ်တွင် ဂျော်ဂျီယာသမ္မတတာဝန်ကို ထမ်းဆောင်သည်။ ပြည်တွင်းစစ်ဖြစ်ပွားနေသည့် ဂျော်ဂျီယာနိုင်ငံကို ဦးဆောင်ခဲ့ရသည်။ ပါလီမန်ရွေးကောက်ပွဲများ၌ ရှီဗာကမသမာမှုများ ပြုလုပ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲခဲ့ပြီးနောက် (၂၀၀၃) ခုနှစ်၊ နိုဝင်ဘာလတွင် နှင်းဆီတော်လှန်ရေးအမည်ရှိ လူထုအုံကြွမှုပေါ်ပေါက်ခဲ့သည်။ ဂျော်ဂျီယာသမ္မတဟောင်းသည် (၂၀၁၄) ခုနှစ် ဇူလိုင်လ (၇) ရက် အသက် (၈၆) နှစ်အရွယ်တွင် ကွယ်လွန်သည်။

**မာကွက်ဇ်၊ ဂါဘရီရယ်လ်ဂါစီယာ။** ။ စာရေးဆရာ၊ သတင်းစာဆရာ ဂါဘရီရယ်လ် ဂါစီယာ မာကွက်ဇ်ကို (၁၉၂၈) ခုနှစ်၊ မတ်လ (၆) ရက်တွင် ကိုလံဘီယာနိုင်ငံ၊ အေရာကာတာကာမြို့၌ မွေးဖွားသည်။

ပဥ္စလက်ဆန် သရုပ်မှန်ဝါဒကို ဖော်ကျူးသည့် စာပေလက်ရာများဖြင့် ကမ္ဘာတစ်ဝန်းရှိ စာဖတ်ပရိသတ်များ၏ အားပေးမှုကိုရရှိခဲ့သူ မာကွက်ဇ်သည် အထင်ကရ လက်တင်အမေရိကစာရေးဆရာများ အနက်တစ်ဦးဖြစ်သည်။ မာကွက်ဇ်သည် ငယ်စဉ်က အဘိုးနှင့် မိဘများက ပြောပြခဲ့သော စွန့်စားခန်းများနှင့် စစ်ပွဲများအကြောင်း မိသားစုပုံပြင်များနားထောင်ရင်း ကြီးပြင်းခဲ့ရသူဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝမှစ၍ ဝတ္ထုများရေးသား ထုတ်ဝေခဲ့သည်။ ဖြစ်ရပ်မှန်နှင့် ဆန်းပြားသော စိတ်ကူးယဉ်အိပ်မက်များ ပေါင်းစပ်ပါဝင်သော ပဥ္စလက်သရုပ်မှန်ဝါဒစာပေလက်ရာဖြင့် စာဖတ်ပရိသတ်ကို စတင်မိတ်ဆက်ခဲ့သည်။ ထို့နောက် သတင်းစာဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်း၏ဂန္ထဝင်လက်ရာဖြစ်သော Cien anos de soledad ဝတ္ထုကို (၁၉၆၇) ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါဝတ္ထုကို ဘာသာပေါင်း (၃၀) ကျော်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ One Hundred Years of Solitude (အထီးကျန်နှစ်ပေါင်းတစ်ရာ) အဖြစ်ထင်ရှားသည်။ ယင်းဝတ္ထုကို အုပ်ရေသန်း (၅၀) ကျော်ရိုက်နှိပ်ရောင်းချခဲ့ရပြီး စပိန်နိုင်ငံတွင် သမ္မာကျမ်း

စာအုပ်မှအပ ရောင်းအားအကောင်းဆုံးစာအုပ် ဖြစ်ခဲ့သည်။ (၁၉၈၅) ခုနှစ်တွင် EI amor en los tiempos del colera ဝတ္ထုကိုရေးသားခဲ့သည်။ Love in the Time of Cholera ဟု လူသိများသည့် ယင်းဝတ္ထုတွင်မူ မာကွက်ဇ်က ၎င်း၏မိဘနှစ်ပါးအချစ်ရေးကို တစ်စိတ်တစ်ပိုင်း ဖော်ကျူးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှ စာဖတ်ပရိသတ်များ၏ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့သူ မာကွက်ဇ်ကို စာရေးဆရာကြီးမက်တွိန်း၊ ချားလ်စ်ဒစ်ကင်းတို့နှင့်ပင် ခိုင်းနှိုင်းခဲ့ကြသည်။ (၂၀၀၂) ခုနှစ်တွင် မာကွက်ဇ်က ယင်း၏ ကိုယ်တွေ့ဘဝမှတ်တမ်း (Living to Tell the Tale) ကို ရေးသားထုတ်ဝေခဲ့သည်။ မာကွက်ဇ်သည် (၁၉၈၂) ခုနှစ်က ရရှိခဲ့သော စာပေဆိုင်ရာ နိုဘယ်ဆုအပါအဝင် ဂုဏ်ပြုဆုများစွာရရှိခဲ့သည်။ ဂါဘရီရယ်လ်ဂါစီယာ မာကွက်ဇ်သည် (၂၀၁၄) ခုနှစ်၊ ဧပြီလ (၁၈) ရက်တွင် မက္ကဆီကိုနိုင်ငံ နေအိမ်၌ အဆုတ်နှင့်ဆီးလမ်းကြောင်းရောဂါဖြင့် ကွယ်လွန်သည်။

**ရာရီ၊ မိုက်ဟာ။** ။ မိုက်ဟာရာရီသည် အစ္စရေးမော့ဆက်ထောက်လှမ်းရေးလောကတွင် ထင်ရှားသောသူလျှို တစ်ဦးဖြစ်ပြီး ပါလက်စတိုင်း စစ်ဆင်ရေးများတွင် ကြီးကြပ်ခဲ့သူဖြစ်သည်။ ဟာရာရီကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့အနီးတွင် (၁၉၂၇) ခုနှစ်၌ မွေးဖွားခဲ့ပြီး မော့ဆက်ထောက်လှမ်းရေးအေဂျင်စီသို့ မဝင်မီ အရပ်ဘက်စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။ မိုက်ဟာရာရီသည် အသက် (၈၇) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်တွင် ကွယ်လွန်သည်။

**ရှရွန်၊ အေရီရယ်လ်။** ။ အစ္စရေးဝန်ကြီးချုပ်အေရီရယ်လ်ရှရွန်ကို (၁၉၂၈) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်တွင် ယခင်က ဗြိတိသျှအစိုးရထိန်းချုပ်ထားသော ပါလက်စတိုင်းနယ်မြေအတွင်းရှိ ဂျူးအခြေချနေထိုင်ရာဒေသဖြစ်သည့် ကဖာမယ်လ်ဒေသ (ယခု အစ္စရေးနယ်မြေ) တွင် မွေးဖွားသည်။ ရှရွန်သည် ဆယ်ကျော်သက်အရွယ်ကတည်းက ဇွန်းနစ်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။ အသက် (၁၄)နှစ် အရွယ်တွင် ဂျူးအခြေချနေထိုင်သူများကို ကာကွယ် စောင့်ရှောက်မှုပေးသည့်ဒေသတွင်းလက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည့် ဟက်ဂနာအဖွဲ့သို့ဝင်ရောက်ခဲ့သည်။

ရှရွန်သည် အထက်တန်းပညာကို တဲလ်အဗစ်မြို့တွင် သင်ယူရင်း နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည်။ ရှရွန်သည် (၁၉၄၈) ခုနှစ် အစ္စရေးလွတ်မြောက်ရေးတိုက်ပွဲတွင် ခြေလျင်တပ် တစ်တပ်ကို ဦးဆောင်တိုက်ခိုက်ခဲ့သည်။ စစ်ပြီးသောအခါ ဂျေရုဆလင်မြို့ ဟီးဘရူးတက္ကသိုလ်၌ပညာသင်ယူသည်။ (၁၉၅၃) ခုနှစ်တွင် ပါလက်စတိုင်း အကြမ်းဖက်သမားများကို တိုက်ခိုက်ရန် Unit 101 အထူးတပ်ဖွဲ့ကို တည်ထောင်သည်။ သို့သော် ယင်းအဖွဲ့၏ တိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ သေဆုံးခဲ့ရသဖြင့် ယင်းအဖွဲ့ကို မကြာခင် ဖျက်သိမ်းခဲ့သည်။ စူးအက်တူးမြောင်းပဋိပက္ခနှင့်ပတ်သက်ပြီး ဖြစ်ပွားသည့် (၁၉၅၆) ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲတွင် ဆိုင်းနိုင်းဒေသ၌ လေထီးတပ်ဖွဲ့ တစ်ဖွဲ့ကို ဦးဆောင်ခဲ့သည်။ ယင်းစစ်ပွဲကာလအတွင်း အထက်အရာရှိများ၏ အမိန့်ကို လျစ်လျူရှုခဲ့သောကြောင့် ပြဿနာဖြစ်ခဲ့သည်။ စစ်ခေါင်းဆောင် ရှရွန်သည် မစ်တ်လာ တောင်ကြားဒေသစစ်ပွဲတွင် အီဂျစ်တို့ကို ပါဝင်စေခဲ့သောကြောင့်ဖြစ်သည်။ ယင်းပဋိပက္ခအပြီးတွင် ပညာဆက်လက်သင်ယူခဲ့ရာ ဥပဒေဘွဲ့ရရှိသည်။ (၁၉၆၇) ခုနှစ်တွင် ဖြစ်ပွားသော ခြောက်ရက်ကြာစစ်ပွဲတွင် ဗိုလ်ချုပ်ရာထူးရရှိသည်။ (၁၉၆၉) ခုနှစ်တွင် တောင်ပိုင်းဒေသ စစ်ဌာနချုပ်အကြီးအကဲအဖြစ် စူးအက်တူးမြောင်းဒေသကို အုပ်ချုပ်သည်။ (၁၉၇၁) ခုနှစ်တွင် ဂါဇာဒေသ၌ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ ချေမှုန်းရေးတာဝန်ယူခဲ့သည်။

(၁၉၇၃) ခုနှစ်တွင် စစ်မှုထမ်းဘဝမှ အနားယူခဲ့ပြီး လီကွတ်ပါတီထူထောင်ရန် ကူညီပေးခြင်းဖြင့် ယင်း၏ နိုင်ငံရေးရည်မှန်းချက်များကို စတင်အကောင်အထည်ဖော်ခဲ့သည်။ သို့သော် ယွန်ကပူးစစ်ပွဲဖြစ်ပွားချိန်တွင် နိုင်ငံကိုကာကွယ်ရန်အတွက် ကာကွယ်ရေးတပ်သို့ ပြန်လည်ဝင်ရောက်ခဲ့ရသည်။

ယင်းယွန်ကပူး(ဂျူးလူမျိုးတို့၏ဥပုသ်ပွဲ)တွင် အီဂျစ်နှင့် Syrian တပ်ဖွဲ့များက အစ္စရေးကို နှစ်ဖက်



**အေရီရယ်လ်ရှရွန်**

ညှပ်၍တိုက်ခဲ့သည်။ ထို့နောက်ပိုင်းတွင် စစ်ခေါင်းဆောင်တစ်ဦးအဖြစ်မှ ဂျူးအခြေချနေထိုင်မှုများကို ထောက်ခံသော နိုင်ငံရေးလုပ်ရှားသူတစ်ဦးဘဝသို့ ပြောင်းလဲခဲ့သည်။ ဝန်ကြီးချုပ် Menachem လက်ထက်တွင် ဂျူးအခြေချနေထိုင်မှုအစီအစဉ်များကို စတင်ခဲ့သည်။ ယင်းကာလအတွင်းအခြေချအိမ်ရာ (၂၀၀) ကျော်ကို တာဝန်ယူကြီးကြပ်ခဲ့သည်။ (၁၉၈၁) ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ရှရွန်သည် ဆယ်စုနှစ်တစ်ခုနီးပါးမျှ သံတမန်ဆက်သွယ်မှုပြတ်တောက်ခဲ့သော အာဖရိကနိုင်ငံများနှင့် ပြန်လည်အဆက်အသွယ်ပြုလုပ်ခဲ့သည်။ အစ္စရေးနိုင်ငံသို့ အီသီယိုးပီးယားဂျူး အမြောက်အမြားဝင်ရောက်လာမှုကို အကူအညီပေးခဲ့သည်။ (၁၉၈၂) ခုနှစ်တွင် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ယာဆာအာရာဖတ်နှင့် ဘေရွတ်မြို့ရှိ ယင်း၏တပ်ဖွဲ့အင်အားများကို ဖယ်ရှားရန်ရည်ရွယ်ချက်ဖြင့် လက်ဘနွန်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် လက်ဘနွန်နိုင်ငံတွင် ဆယ်စုနှစ်တစ်ခုကြာသော စစ်ပွဲတစ်ရပ်ဖြစ်ပေါ်စေခဲ့သည်။ ရှရွန်သည် ယင်းကိစ္စကိုအဆုံးသတ်ရန်အတွက် လက်ဘနွန်တွင် ခရစ်ယာန်ထောက်ခံသောအုပ်စုကို မဟာမိတ်ဖွဲ့ခဲ့ပြီး Bachir Gemayel ဦးဆောင်သော အစိုးရသစ်ကို ထောက်ခံခဲ့သည်။ Gemayel လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း Gemayel ကို ထောက်ခံသောတပ်ဖွဲ့တစ်ဖွဲ့က ရှရွန်၏ခွင့်ပြုမှုဖြင့် Sabra နှင့် Shatila ဒုက္ခသည်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ယင်းကိစ္စကို ရှရွန်က လက်ကျန်အကြမ်းဖက်သမားများကို ရှင်းလင်းနိုင်ရန်အတွက် ယင်းအဖွဲ့အားခွင့်ပြုပေးခြင်းဖြစ်သည်ဟုဖြေရှင်းသည်။ အမှန်စင်စစ် ယင်းတပ်ဖွဲ့က အမျိုးသမီးများနှင့်ကလေးသူငယ်များကို လက်လွတ်စပယ်သတ်ဖြတ်ခဲ့သည်။ အစ္စရေးအစိုးရက ယင်းကိစ္စကို စုံစမ်းစစ်ဆေးရာ ရှရွန်၏ပေါ့ဆမှုကို တွေ့ခဲ့သောကြောင့် (၁၉၈၃) ခုနှစ်တွင် ရာထူးချ၍ အပြစ်ပေးခဲ့သည်။ အဆိုပါဖြစ်ရပ်က ၎င်း၏နိုင်ငံရေးလှုပ်ရှားမှုကိုအဟန့်အတားဖြစ်စေခဲ့သည်။

(၁၉၈၄) ခုနှစ်မှ (၁၉၉၀) ပြည့်နှစ်အတွင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်၌ အမေရိကန်နိုင်ငံနှင့်လွတ်လပ်သော ကုန်သွယ်မှုစာချုပ် (၁၉၈၅) ကို လက်မှတ်ရေးထိုးရာတွင် အရေးပါသူတစ်ဦးဖြစ်ခဲ့သည်။ အိမ်ရာနှင့် ဆောက်လုပ်ရေးဝန်ကြီးအဖြစ် (၁၉၉၀) ပြည့်နှစ်မှ (၁၉၉၂) ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ရာတွင် အိမ်ရာပေါင်းတစ်သိန်းကျော်ဆောက်လုပ်စေခဲ့သည်။ ယင်းကာလတွင် ဆိုဗီယက်ပြည်ထောင်စုမှအစ္စရေးတို့ အများအပြားဝင်ရောက်လာခဲ့သည်။ (၁၉၉၉) ခုနှစ်တွင် လီကွတ်ပါတီဥက္ကဋ္ဌဖြစ်လာသည်။

ရှရွန်သည် (၂၀၀၀) ပြည့်နှစ်တွင် ဂျေရုဆလင်မြို့ရှိ al-Aqsa ဗလီသို့ သွားရောက်ခဲ့သည်။ ထိုနေရာသို့ ရှရွန်သွားရောက်သည့် ခရီးစဉ်ကို ပါလက်စတိုင်းနှင့် အစ္စရေးတို့၏တိုက်ခိုက်မှုကိုပိုမိုဖြစ်ပေါ်ရန် အားပေးကူညီရာရောက်သည်ဟု အချို့ကယူဆကြသည်။ ထပ်မံပေါ်ပေါက်လာသော ဆူပူအုံကြွမှုနောက်ပိုင်းတွင်ရှရွန်သည် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည်။ လူမျိုးရေးစိတ်ဓာတ်ပြင်းထန်သော ရှရွန်သည် အစ္စရေးဝန်ကြီးချုပ်တစ်ဦးအနေဖြင့် နိုင်ငံ၏ လုံခြုံရေးအတွက် မဆုတ်မနစ်လုပ်ဆောင်ခဲ့သည်။ ရှရွန်သည် (၂၀၀၂) ခုနှစ်တွင် ကာကွယ်ရေးလုပ်ငန်းစဉ်ကို ချမှတ်လုပ်ဆောင်ခဲ့သည်။ အမှန်စင်စစ် ယင်းလုပ်ငန်းစဉ်မှာ ပါလက်စတိုင်းဒေသများကို တိုက်စစ်ဆင်ခြင်းပင်ဖြစ်သည်။ အနောက်ဘက်ကမ်း အပါအဝင် နေရာဒေသ

အချို့တွင် အဆောက်အအုံများဆောက်လုပ်ခြင်းကို တရားဝင်ခွင့်ပြုခဲ့သည်။ (၂၀၀၅) ခုနှစ်တွင် ရှရွှန်သည် နိုင်ငံရေးအမြင်မှုတသော ကဒီဗာပါတီသစ်ကို ဖွဲ့စည်းပြီး လီကွတ်ပါတီကို ဖျက်သိမ်းခဲ့သည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်ပြီး နိုင်ငံနှင့်လူမျိုး အကျိုးကို ဘဝတစ်လျှောက် လုပ်ဆောင်ခဲ့သည့် အစ္စရေးဝန်ကြီးချုပ် အေရီရယ်လ်ရှရွှန်သည် (၂၀၀၅) ခုနှစ်၊ ဒီဇင်ဘာလမှစ၍ လေဖြတ်ဝေဒနာနှင့် သတိလစ်မေ့မြောသည့် ဝေဒနာများကို ရှစ်နှစ်ကြာခံစားခဲ့ရပြီး အသက် (၈၅) နှစ် အရွယ်၊ (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ ကွယ်လွန်သည်။

**ဝီလျံ၊ ရော်ဘင်။** ။ ကမ္ဘာ့ရုပ်ရှင်ပရိသတ်များ သာမက မြန်မာနိုင်ငံမှ ပရိသတ်များပါ ကြိုက်နှစ်သက်ကြသော ကမ္ဘာကျော်အမေရိကန် ဟာသ သရုပ်ဆောင် ရော်ဘင်ဝီလျံကို (၁၉၅၁) ခုနှစ်၊ ဇူလိုင်လ (၂၁)



ရော်ဘင်ဝီလျံ

ရက်တွင် မွေးဖွားသည်။ (၁၉၇၇) ခုနှစ်တွင် Can I Do It Till I Need Glasses? ဇာတ်ကားကို စတင်ရိုက်ကူးခဲ့ပြီး The Bridcage,Good Morning Vietnam, Awakenings, Jumanji,Night at the Museum ဇာတ်ကားများဖြင့် နာမည်ကျော်ခဲ့သည်။ (၁၉၉၇) ခုနှစ်တွင် ရုံတင်ခဲ့သော Good Will Hunting ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ပို့ဆုရရှိသည်။ ၎င်း၏သရုပ်ဆောင်သက်တမ်းတစ်လျှောက် ရုပ်ရှင် (၈၃) ကား၊ ရုပ်သံဇာတ်လမ်းတွဲ (၂၇) ကားတွင် သရုပ်ဆောင်ခဲ့သည်။ အကောင်းဆုံးဇာတ်ဆောင်ဆု အတွက်လည်း ဆန်ခါတင်စာရင်းတွင် သုံးကြိမ်ပါဝင်ခဲ့သည်။ ရွှေကမ္ဘာလုံးဆု လေးကြိမ်၊ အမ်မီဆု နှစ်ကြိမ် ရရှိခဲ့သည်။ ဟာသမင်းသား ရော်ဘင်ဝီလျံသည် စိတ်ဝေဒနာကို နှစ်အတန်ကြာခံစားခဲ့ရပြီး (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၁၁) ရက် အသက် (၆၃) နှစ် အရွယ်တွင် ကယ်လီဖိုးနီးယားပြည်နယ် တီဘရွန်မြို့ နေအိမ်၌ ကွယ်လွန်သည်။ ၎င်းသေဆုံးမှုကို ဆေးအလွန်အကျွံသောက်ကာ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ဝီလျံသည် ကွယ်လွန်ချိန်တွင် သားသမီးသုံးဦး ကျန်ရစ်သည်။

**အတန်ဘရော့၊ ရစ်ချက်။** ။ သရုပ်ဆောင်ဒါရိုက်တာ ရစ်ချက်အတန်ဘရော့သည် ဗြိတိန်ရုပ်ရှင်လောကတွင် နှစ်ပေါင်း (၇၀) ကျော် ကျင်လည်ခဲ့သည်။ ဒိုင်နိုဆောပန်းခြံ (Jurassic Park) ဇာတ်ကားကို ဖန်တီးရိုက်ကူးခဲ့ပြီး The Great Escate နှင့် Miracle On 34th Street ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့သည်။ ၎င်းကိုယ်တိုင်ရိုက်ကူးခဲ့သော Gandhi ဇာတ်ကားမှာ အော်စကာ ရှစ်ဆု ရရှိသည်။ ရစ်ချက်အတန်ဘရော့သည် အသက် (၉၀) နှစ်အရွယ်၊ (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်တွင် ကွယ်လွန်သည်။

**အိုဗာရာ၊ ကိတ်။** ။ ဗြိတိန်ဂန္ထဝင် မင်းသမီး ကိတ်အိုဗာရာသည် Dynasty အမည်ရှိ အမေရိကန် ရုပ်သံဇာတ်လမ်းတွဲတွင် လျှို့အန်ကောလင်းနှင့် ညီအစ်မအဖြစ် cacess ဟူသည့် ဇာတ်ကောင်ကဏ္ဍကို ပိုင်နိုင်စွာ သရုပ်ဆောင်ခဲ့သောကြောင့် လူသိများသူဖြစ်သည်။ Howard's Way,Triangle နှင့် Doctor who ရုပ်သံဇာတ်လမ်းတွဲများမှ သရုပ်ဆောင်ချက်များ ထင်ရှားကျော်ကြားခဲ့သည်။ ကိတ်သည် (၁၉၆၀) ပြည့်လွန်နှစ်များတွင် ရုပ်သံဇာတ်လမ်းတွဲများကို စတင် သရုပ်ဆောင်ခဲ့သည်။ ကိတ်သည် အသက် (၇၄) နှစ်အရွယ် (၂၀၁၄) ခုနှစ် မတ်လ (၃၀) ရက်တွင် Sussex ဘိုးဘွားရိပ်သာ၌ ကွယ်လွန်သည်။

## ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ (၂၀၁၄) ။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသော ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ကွယ်လွန်သွားကြသည့် ပုဂ္ဂိုလ်များရှိခဲ့ပေသည်။

## ရဟန်းတော်များ

### ကဝိဓဇ၊ ဘဒ္ဒန္တ

သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဒုတိယပဓာနနာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

### ကဝိန္ဒ၊ ဘဒ္ဒန္တ

သက်တော် (၆၀)၊ သိက္ခာတော် (၄၀)
သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂဓရ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကံ့ကော်ကျွန်းကျေးရွာ၊ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက်ဆရာတော်
(၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

### ကုမာရ၊ ဘဒ္ဒန္တ

သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
သာသနဓဇဓမ္မာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅) ဝိုင်း၊ ကန်ဦးကျောင်းတိုက်၊ သာသနဝုဓ္ဓကျောင်းတိုက်၏ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉) ရက်တွင် ပျံလွန်တော်မူသည်။)

### ကုမာရ၊ ဘဒ္ဒန္တ (ရွှေတောင်)

သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၆) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊ သိမ်ကုန်းပရိယတ္တိစာသင်တိုက် မဟာပဓာနနာယက၊ ဇောတိကကျောင်း သက်တော်ရှည်ဆရာတော်ကြီး
(၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

### ကောဝိဒ၊ ဘဒ္ဒန္တ

သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာ၊ ညင်းထွေးတိုက်ကျောင်းဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

### ကောသလ္လ၊ ဘဒ္ဒန္တ

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာစာသင်တိုက်ကြီး၏ဦးစီးပဓာနမဟာနာယက
(၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

### ကုဏ္ဍလ၊ ဘဒ္ဒန္တ

သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၏ ပဓာန နာယက၊ ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏ ဥသျှောင်ဩဝါဒါစရိယ

(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

## ကုဏ္ဍလ၊ ဘဒ္ဒန္တ (ကျွဲခြံ) (အောင်ခြင်းဆရာတော်)

သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အရှေ့ဥယျာဉ်တိုက်၊ အောင်ခြင်းဝိပဿနာကမ္မဋ္ဌာန်းကျောင်း၏ ဦးစီးပဓာန နာယက၊ လင်းလွန်းရပ်ကွက် ကိုးနဝင်းကပ်ကျော်စေတီတော် ဗုဒ္ဓပူဇနိယ အဂ္ဂဗန္ဓ ပရိတ်အသင်းဩဝါဒါစရိယ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက၊ နယ်လှည့်ဓမ္မကထိက
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

## ကောဏ္ဍည၊ ဘဒ္ဒန္တ

သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါ
သာသနဓဇဓမ္မာစရိယ၊ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ မယ်ထော်သလေးကျေးရွာ၊ မယ်ထော်သလေး (မြန်မာ) ကျောင်း၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း (၅) ရက်တွင် ပျံလွန်တော်မူသည်။)

## ကိတ္တိသာရ၊ ဘဒ္ဒန္တ

သက်တော် (၅၇) နှစ်၊ သိက္ခာတော် (၃၇) ဝါ
သာသနဓဇဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်နှင့်တိပိဋက ပါဠိ-မြန်မာ ပါဠိပဒ ကျမ်းညွှန်းကျမ်းပြုအဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်) တိုက်၊ မကုဋာလင်္ကာရကျောင်း ဂဏဝါစက စာချဆရာတော်
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

## စရိယ၊ ဘဒ္ဒန္တ

သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၂) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်စံပြရွာ၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၏နာယက
(၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်တွင် ပျံလွန်တော်မူသည်။)

## စိတြဉာဏ၊ ဘဒ္ဒန္တ

သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃) ဝါ
သာသနဓဇဓမ္မာစရိယ၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ သိမ်ဖြူကျောင်းတိုက်၊ စိတြဇေယျကျောင်း၏ ဦးစီးပဓာန နာယက
(၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂) ရက်တွင် ပျံလွန်တော်မူသည်။)

## စန္ဒိမာ၊ ဘဒ္ဒန္တ

သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မဏိရတနာ မြတောင်တိုက် ဒုတိယ ဩဝါဒါစရိယ၊ ပိဋကတော်ပြန့်ပွားရေးကျောင်း ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

## စန္ဒောဒယ၊ ဘဒ္ဒန္တ

သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပဲခူးမြို့၊ ဗိုလ်ကုန်း (၁၈) ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မြို့သစ်(ခ) ရပ်ကွက်၊ မဟာဗောဓာရုံကျောင်းတိုက်၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၃) ရက်တွင် ပျံလွန်တော်မူသည်။)

## စန္ဒောဘာသ၊ ဘဒ္ဒန္တ

သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊

နိုင်ငံတော်သြဝါဒါစရိယ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့ သာသနာဟိတကာရီကျောင်းတိုက် ဆရာတော် (၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇဋိလ၊ ဘဒ္ဒန္တ**

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၃၆) ဝါ
ကမ္မဋ္ဌာနာစရိယ (မူလဒွါရတိုင်းသံဃနာယကအဖွဲ့ဝင်)၊ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငါးဝက်စွယ်ကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၀၇) ရပ်ကွက် ဓမ္မရောင်ခြည်ကျောင်းဝိုင်းအတွင်းရှိ ဇဋိလမဟာကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာန နာယက (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၁၅) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇနိတ၊ ဘဒ္ဒန္တ**

သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကြားတောရလမ်း၊ ဆူးခါးပရိယတ္တိစာသင်တိုက်၊ လေးထပ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက၊ ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် ပါဠိပထမပြန်စာမေးပွဲသြဝါဒါစရိယ၊ ရွှေတိဂုံစေတီရင်ပြင်တော် (တနင်္ဂနွေ) ညနေသန့်ရှင်းရေးအသင်း၏သြဝါဒါစရိယ၊ သာသနဟိတဆွမ်းလောင်းဆန်လှူအသင်းကြီး၏ သြဝါဒါစရိယ (၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇနိန္ဒ၊ ဘဒ္ဒန္တ**

သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၉) ဝါ
သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သမ္မုတိရသံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရခိုင်ပြည်နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် (ဟောင်း)၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ရတနာ့ဗိမာန်စာသင်တိုက်ကို စတင်တည်ထောင်သူ (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇာဂရ၊ ဘဒ္ဒန္တ**

သက်တော် (၁၀၆) နှစ်၊ သိက္ခာတော် (၈၆) ဝါ
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက (၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇာနေယျ၊ ဘဒ္ဒန္တ**

သက်တော် (၇၀)၊ သိက္ခာတော် (၅၀)
မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ (၈၈) လမ်း၊ (၁၇×၁၈) လမ်းကြား၊ ရွှေပြည်တိုက် ပုလဲမြင့်ကျောင်း တိုက်အုပ်ဆရာတော်
(၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇုတိန္ဓိယ၊ ဘဒ္ဒန္တ**

သက်တော် (၆၅) နှစ်၊ သိက္ခာတော် (၃၉) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ (ရွှေကျင်)၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာအုပ်စု၊ ညောင်လေးပင်ရပ်ကွက်၊ ပဋ္ဌာနတာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇောတိက၊ ဘဒ္ဒန္တ**

သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရပ်ကျေးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အမှတ် (၉) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော်(အင်းတကော်)၊ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်စံပြကျေးရွာအုပ်စု၊

အင်းတကော်စံပြကျေးရွာ၊ စစ်ကိုင်းကျောင်းတိုက်ကြီး ၏ ဦးစီးပဓာနနာယက
(၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇောတိက၊ ဘဒ္ဒန္တ**
သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
မဟာကမ္မဋ္ဌာနာစရိယ၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မြို့နယ်၊ မင်းရွာကျေးဓမ္မရိပ်သာကံသာဇေယျကျောင်း တိုက် ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇောတိက၊ ဘဒ္ဒန္တ**
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မြို့မ ရွှေဂူကျောင်းတိုက်ကြီး၏ အဓိပတိ ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဇောတိဿရ၊ ဘဒ္ဒန္တ**
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့ နယ်၊ မဲဇလီကုန်းမြို့၊ ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဝေဠုဝန် နိကာယ ဂဏာဓိပတိ (ဒွါဒဿမ) သာသနာပိုင်
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်တွင် ပျံလွန် တော်မူသည်။)

**ဉာဏ၊ ဘဒ္ဒန္တ**
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာဒ္ဓမ္မဇော တိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဘယာရာမ မိုးထိတိုက် ၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော် ရပ်ကွက်၊ မိုးထိတိုက်(တိုက်အုပ်) စည်သာကျောင်း ဆရာတော်
(၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

**တေဇနိယ၊ ဘဒ္ဒန္တ**
သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာ ရပ်ကွက်၊ ဓမ္မရံသီကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ လင်္ဃီပေသလ သိက္ခာကာမ ဝိနယပါရဂူ
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၅) ရက်တွင် ပျံလွန် တော်မူသည်။)

**တေဇဝန္တ၊ ဘဒ္ဒန္တ**
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့၊ အမှတ် (၁) ရပ်ကွက်၊ ထန်းငယ်တော ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း ကျောင်းအုပ် ဆရာတော်
(၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း (၁) ရက်တွင် ပျံလွန် တော်မူသည်။)

**တေဇောသာရ၊ ဘဒ္ဒန္တ**
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက် ရပ်ကွက်၊ ချမ်းသာကြီးမြောက်တိုက်၊ တိုက်အုပ် ဆရာတော်၊ ရွှေမြင်းအုတ်ကျောင်း၊ ဦးစီးပဓာနနာ ယက၊ ဆုတောင်းပြည့်ချမ်းသာကြီး မြတ်စွာဘုရား ဂေါပကအဖွဲ့၏သြဝါဒါစရိယ၊ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသြဝါဒါစရိယ၊ ပွဲကုန်းလူငယ်ဆွမ်း လောင်းအသင်း သြဝါဒါစရိယ၊ ချမ်းသာသုခလူမှု ကူညီရေးအသင်း သြဝါဒါစရိယ
(၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်တွင် ပျံလွန် တော်မူသည်။)

**တေဇောသာရာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးတိုင်း ဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်း မဟာနာယက၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ
(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၉) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မလောက၊ ဘဒ္ဒန္တ**
သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ
(၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မသာမိ၊ ဘဒ္ဒန္တ**
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဝပြောရွာ၊ ဝပြောတိုက်ကျောင်း ပဓာန နာယက
(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်တွင် ပျံလွန်တော်မူသည်။)

**ဓမ္မသိရီ၊ ဘဒ္ဒန္တ**
သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ တိပိဋကဓရ-ဒီဃဘာဏက၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ စာချဘုန်းကြီး
(၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

**နရသီဟ၊ ဘဒ္ဒန္တ**
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမ (တောင်ပေါ်) ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ တိုင်းသံဃနာယကအဖွဲ့ဝင် (မဟာဒွါရ)၊ ကျိုက္ကလွန်ဗွန်စေတီတော်မြတ်ကြီး သြဝါဒါစရိယ
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

**နာဂဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံတိုက်ကြီးနှင့် ပဇ္ဇောတာရုံတိုက်ခွဲ ရှစ်တိုက်တို့၏ အဓိပတိမဟာနာယက၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက
(၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**နာယက၊ ဘဒ္ဒန္တ**
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမပါဠိတက္ကသိုလ် အရှေ့တိုက်၊ တိုက်အုပ် နာယက ရွှေပြည်ဗိမာန်ကျောင်း ဆရာတော်
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက်တွင် ပျံလွန် တော်မူသည်။)

**နန္ဒမာလာ၊ ဘဒ္ဒန္တ**
သက်တော် (၆၈) နှစ်၊ သိက္ခာတော် (၄၈) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဧရာဝတီတိုင်းဒေသကြီး၊ တဂေါင်းဘုရားလမ်း၊ ရတနာအုန်ရှုံကျောင်းပရိယတ္တိစာသင်တိုက်၏ ပဓာန နာယက
(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**နန္ဒမာလာ၊ ဘဒ္ဒန္တ**
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ အတိတ်ရအောင်သိဒ္ဓိကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျိုက်မဲကျေးရွာ၊ ကျိုက်မဲကျောင်း၊ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငှက်မြတ်ဝဲအေးစေတီ စိတ္တသုခကျောင်းတို့၏ ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ
သာသနဓဇဓမ္မာစရိယ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ သီရိမင်္ဂလာကျောင်း
(၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၅၂) နှစ်၊ သိက္ခာတော် (၃၂) ဝါ
သာသနဓဇဓမ္မာစရိယ၊ မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက၊ မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁)၊ ဒီဇယ်ရပ်၊ မြမာလာလမ်း၊ အောင်မင်္ဂလာကျောင်းသစ်ကျောင်း၏ ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ နယုန်လဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညာသာမိ၊ ဘဒ္ဒန္တ**
သက်တော် (၇၂) နှစ်၊ သိက္ခာတော် (၅၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ချောက်မြို့၊ အမှတ် (၄) နယ်မြေ၊ အုံမြှားစုရပ်ကွက်၊ မင်္ဂလာသာစည်စာသင်တိုက်၏ ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက်တွင် ပျံလွန်တော်မူသည်။)

**ပညိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ မုသင်ကျေးရွာ၊ မဇ္ဈိမာရုံကျောင်းတိုက်ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက်တွင် ပျံလွန်တော်မူသည်။)

**မာဃိန္ဒ၊ ဘဒ္ဒန္တ**
သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၂) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ တိပိဋကဒီဃဘာဏက၊ နိုင်ငံတော်သံဃသမ္မုတိရ သံဃဝန်ကိုယ်စားလှယ်၊ မြင်းခြံမြို့၊ (၂) ရပ်ကွက် ဟံသာဝတီစာသင်တိုက် ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်တွင် ပျံလွန်တော်မူသည်။)

**မဏ္ဍလပဏ္ဍိတ၊ ဘဒ္ဒန္တ**
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မိုးညှင်းဓမ္မကထိက၊ ရန်ကုန်မြို့ နိကာယုဇ္ဇောဇာတက၊ ဒီဃဘာဏက၊ မန္တလေးမြို့ပရိယတ္တိ သာသနဟိတ ဒီဃဘာဏက၊ ရွှေကျင်နိကာယရတ္တညူ မဟာနာယက၊ ဆဋ္ဌမသင်္ဂါယနာ သင်္ဂီတိကာရက၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၈၅)၊ မိုးညှင်းဝိပဿနာတိုက်သစ်နှင့်စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ အရှေ့မိုးညှင်းကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**
သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်တွင် ပျံလွန်တော်မူသည်။)

**ရေဝတ၊ ဘဒ္ဒန္တ**
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဗဟိုသံဃာ့ဝန်ဆောင်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာ၊ မင်္ဂလာမှန်ကျောင်း ကျောင်းတိုက်ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**လက္ခဏ၊ ဘဒ္ဒန္တ၊ ဒေါက်တာ**
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒီဃနိကာယပါဠိ ပါရဂူ၊ စစ်ကိုင်းတောင်ရိုး၊ ကျစ္စာချောင် မဟာဝိဇယရံ သီစာသင်တိုက်နှင့် မဟာအတုလရံသီ ဓမ္မရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ အောင်ချမ်း သာကျေးရွာ သီရိလက္ခဏစံရိပ်ငြိမ်ကျောင်းတိုက်၊ ရန်ကုန်မြို့၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာ၊ လှိုင်လင်မြို့၊ သီရိလက္ခဏာရာမ ကံဦးဓမ္မရိပ်သာတို့၏ ဦးစီးပဓာန မဟာနာယက၊ ဝါးချက်ဇီဝိတဒါန သံဃာ့ ဆေးရုံကြီး၏ ပဓာန ဦးဆောင်ဆရာတော်
(၁၃၇၆ ခုနှစ်၊ နယုန်လဆန်း (၇) ရက်တွင် ပျံလွန် တော်မူသည်။)

**ဝိဇယ၊ ဘဒ္ဒန္တ**
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းဖြူကျေးရွာ၊ တေဇာရာမတောင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိဇယာဘိဝံသ၊ ဘဒ္ဒန္တ**
သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်းရပ်၊ သာသနာ့ မာရ်အောင် ဝဲပုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိဇရ၊ ဘဒ္ဒန္တ**
သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
သာသနဓဇဓမ္မာစရိယ၊ တောင်တွင်းကြီးမြို့ စွယ်တော် စဉ် ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ မြို့နယ်ဩဝါဒါစရိယ၊ ဆဋ္ဌသင်္ဂီတိဘာဏက
(၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၂) ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိနယ၊ ဘဒ္ဒန္တ**
သက်တော် (၅၉) နှစ်၊ သိက္ခာတော် (၃၉) ဝါ
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)၊ အင်းလျား မြိုင်လမ်း၊ ရတနာစကြ်န်ကျောင်း၊ အလယ်တောရစံပြ စာသင်တိုက်၊ အုပ်ချုပ်ရေး နာယကအဖွဲ့ဝင်
(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

**ဝိမလာစိဏ္ဏ၊ ဘဒ္ဒန္တ**
သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ မဟာဒွါရနိကာယ၊ မြို့နယ်သံဃ နာယကဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ နယ်၊ အင်ပင်အုပ်စု၊ သပြေပင်ပရိယတ္တိစာသင် တိုက်ကြီး၏ ဦးစီးပဓာနနာယက
(၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်တွင် ပျံလွန် တော်မူသည်။)

**သာဂရ၊ ဘဒ္ဒန္တ**
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရခိုင်ပြည်

နယ်၊ မင်းပြားမြို့ ပန်းမြောင်းကျေးရွာ၊ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်နှင့် ပရိယတ္တိတက္ကသိုလ်ကျောင်း တိုက်တို့၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

## သာဂရာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓမ္မနယူပဒေသကျောင်းနာယက၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း (၅) ရက်တွင် ပျံလွန်တော်မူသည်။)

## သိရိန္ဒ၊ ဘဒ္ဒန္တ

သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၆) ဝါ
သာသနဓဇဓမ္မာစရိယ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ချင်းကုန်းရွာ၊ သုခကာရီကျောင်းတိုက်ဆရာတော်
(၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း (၃) ရက်တွင် ပျံလွန်တော်မူသည်။)

## သုဇာတာလင်္ကာရ၊ ဘဒ္ဒန္တ

သက်တော် (၇၀) ၊ သိက္ခာတော် (၅၈) ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းသံဃနာယကအဖွဲ့ဝင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် (၁) ရပ်ကွက်၊ အောင်ချမ်းသာ (၅) လမ်း၊ သာသနပါရဂူပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်တွင် ပျံလွန်တော်မူသည်။)

## သုမန၊ ဘဒ္ဒန္တ

သက်တော် (၆၅) နှစ်၊ သိက္ခာတော် (၄၅) ဝါ
သာသနဓဇဓမ္မာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတဓရ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၉) ရပ်ကွက်၊ ခါးရိုးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက
(၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက်တွင် ပျံလွန်တော်မူသည်။)

## သူရိယ၊ ဘဒ္ဒန္တ

သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၉) ဝါ
သာသနဓဇဓမ္မာစရိယ၊ မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့ သြဝါဒါစရိယ၊ မြို့နယ်/တိုင်း ဝိနည်းမိုရ်ပါဠိ ပထမပြန်စာမေးပွဲသြဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ ရှမ်းကျောင်းကြီးကျောင်းတိုက်ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၁) ရက်တွင် ပျံလွန်တော်မူသည်။)

## သောမ၊ ဘဒ္ဒန္တ

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ
စူဠဂန္ထဝါစကပဏ္ဍိတ၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ရတနာမွန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက
(၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက်တွင် ပျံလွန်တော်မူသည်။)

## သောဘိတ၊ ဘဒ္ဒန္တ

သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၂) ဝါ
သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ မေတ္တာရေချမ်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက
(၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃) ရက်တွင် ပျံလွန်တော်မူသည်။)

## သောဘိတ၊ ဘဒ္ဒန္တ

သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊

ကျိုက်ဝိုင်းရွှေတောင် ကျောင်းဓမ္မရိပ်သာ၏ ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

## သုန္ဒရ၊ ဘဒ္ဒန္တ

သက်တော် (၇၄) နှစ်၊ သိက္ခာတော် (၅၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ရွှေဂူလေးဘုရားကျောင်းတိုက် ပဓာန နာယက
(၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်တွင် ပျံလွန်တော်မူသည်။)

## သုန္ဒရာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့၊ သာသနဝိပုလာရာမ ကြာကန်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

## အနုမဝံရ၊ ဘဒ္ဒန္တ

သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက် ပဓာနနာယက၊ ရွှေဘုန်းမြင့် စေတီတော်နှင့် ပေါ်တော်မူစေတီတော်ကြီးတို့၏ ဩဝါဒါစရိယ၊ ဓမ္မာရုံဝိနည်းပြန်ဌာနဂိုဏ်းချုပ်၊ ရွှေကျင်နိကာယဉပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်သာသနာပိုင်)
(၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅) ရက်တွင် ပျံလွန်တော်မူသည်။)

## အာဒိစ္စဝံသ၊ ဘဒ္ဒန္တ(ဆားလင်းကြီးဆရာတော်)

သက်တော်(၈၄) နှစ်၊ သိက္ခာတော်(၆၄) ဝါ
သာသနဇောတိကဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ရွှေကျင်ဒုဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့၊ တောင်ပေါ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက်တွင် ပျံလွန်တော်မူသည်။)

## ဩဘာသာဘိဝံသ၊ ဘဒ္ဒန္တ (နိုင်ငံကျော် ဓမ္မကထိက ရွှေမြိုင်ဆရာတော်)

သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၅) ဝါ
သ. စ. အ ဓမ္မာစရိယ၊ ဒီဃနိကာယပါဠိ ပါရဂူ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ကျိုက်သလွန်ဘုရား၊ အနောက်ဘက်မုခ်အနီး ရွှေမြိုင်ထေရာဝါသ ဝါးခယ်မကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်တွင် ပျံလွန်တော်မူသည်။)

## ဣဿရိယ၊ ဘဒ္ဒန္တ

သက်တော် (၉၀) ၊ သိက္ခာတော် (၆၉) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဇောတိကဓမ္မာစရိယ၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ အောင်ချမ်းသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက
(၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

## ဣဿရိယ၊ ဘဒ္ဒန္တ

သက်တော် (၈၁) နှစ်၊ သိက္ခာတော် (၆၁) ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းစံပြရွာ၊ ဇေယျာမင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက
(၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဥတ္တရ၊ ဘဒ္ဒန္တ**
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
သာသနဓဇဓမ္မာစရိယ၊ ရန်ကုန်တိုင်းသံဃနာယက (ဟောင်း)၊ တိုင်းသံဃနာယက ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ပန်းပင်ကုန်းကျောင်းတိုက်၏ ပဓာန နာယက
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်တွင် ပျံလွန်တော်မူသည်။)

**ဥတ္တရ၊ ဘဒ္ဒန္တ**
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၇) ဝါ
သာသနဓဇဓမ္မာစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ (၄) ရပ်ကွက်၊ ပန်းတုန်းပိတ်ကျေးရွာ၊ ပန်းတုန်းပိတ်ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း (၁၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဣန္ဒက၊ ဘဒ္ဒန္တ**
သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၂) ဝါ
မအူပင်မြို့နယ် ဩဝါဒါစရိယ၊ ညောင်တုန်းမဟာဝိသုတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်သစ်ဩဝါဒါစရိယ၊ သက်တော်ရှည် လယ်ကိုင်းဆရာတော်ကြီး
(၂၀၁၄ ခုနှစ်၊ မေလ (၂၄) ရက်တွင် ပျံလွန်တော်မူသည်။)

**ဣန္ဒကပဏ္ဍိတ၊ ဘဒ္ဒန္တ**
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ မြင်းဝန်မင်းကြီးကျောင်းတိုက်၊ မန်းခေတ္တရာကျောင်း
(၁၃၇၆ ခုနှစ်၊ နယုန်လဆန်း (၃) ရက်တွင် ပျံလွန်တော်မူသည်။)

**သီလရှင်ဆရာကြီး**

**စာလာဉာဏီ၊ ဒေါ် (ဖွားစာလာ)**
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၈) ဝါ
သာသနဓဇဓမ္မာစရိယ၊ B.A (မြန်မာ)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင် စာသင်တိုက် နာယကဆရာကြီး
(၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက်တွင် ပျံလွန်တော်မူသည်။)

**လူပုဂ္ဂိုလ်များ**

**ကံမြင့်(ရေဒါ)၊ စာရေးဆရာ**
အသက် (၇၅) နှစ်
ဗိုလ်မှူးကံမြင့် (လေ-ငြိမ်း)၊ တိုင်းအုပ်ချုပ်ရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး (ငြိမ်း)၊ အတွင်းရေးမှူး၊ မထသ (အဝေးပြေး)၊ ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့ဝင်
(၂၀၁၄ ခုနှစ်၊ မတ်လ (၁၅) ရက်တွင် ကွယ်လွန်သည်။)

**ကျော်စိန်၊ ဗိုလ်မှူး (ငြိမ်း)**
အသက် (၆၄) နှစ်
မော်ကွန်းဝင် (ဒုတိယဆင့်)၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်တွင် ကွယ်လွန်သည်။)

**ခင်စိန်၊ ဒေါ် (စိန်စိန်)**
အသက် (၈၆) နှစ်
ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်တွင် ကွယ်လွန်သည်။)

**ခင်မောင်ရင်၊ ဦး**
အသက် (၇၆) နှစ်
ဗိသုကာ၊ ပန်းချီဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ ခေတ်ပေါ်

ပန်းချီဆရာအဖြစ် ကျော်ကြားသူ၊ ဗိသုကာဘွဲ့ရ အင်ဂျင်နီယာ
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၀) ရက်တွင် ကွယ်လွန်သည်။)

## ခင်ယုမေ၊ ထပ်ဆင့်အကယ်ဒမီ

အသက် (၇၈) နှစ်
ရုပ်ရှင်သရုပ်ဆောင်၊ ကိုယ်ပိုင်မေတ္တာ၊ ရွှေခြည်ငွေခြည်တန်းပါလို့ ရုပ်ရှင်ဇာတ်ကားတို့တွင် ထူးချွန်ဆု ရရှိသူ
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်တွင် ကွယ်လွန်သည်။)

## ခင်အေး၊ ဦး

အသက် (၈၉) နှစ်
ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ ကြည်း/၅၇၉၃၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ မော်ကွန်းဝင် ဒုတိယဆင့်၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ ဂျပန်ခေတ် စစ်တက္ကသိုလ် စတုတ္ထပတ်
(၂၀၁၄ ခုနှစ်၊ မတ်လ (၂) ရက်တွင် ကွယ်လွန်သည်။)

## စောလှိုင်၊ ဦး

အသက် (၈၄) နှစ်
စာရေးဆရာကြူမွှေး
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်တွင် ကွယ်လွန်သည်။)

## စိုးမြင့်၊ ဗိုလ်မှူးချုပ် (ငြိမ်း)

အသက် (၉၀)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်း (ဒုတိယပတ်)
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၆) ရက်တွင် ကွယ်လွန်သည်။)

## စိန်ဝင်း၊ ဦး (ပခုက္ကူ)

အသက် (၉၀)
နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ပါလီမန်အတွင်းဝန်ဟောင်း၊ ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း) (ကုန်သွယ်/လယ်ယာ)
(၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ကွယ်လွန်သည်။)

## ဇော်မျိုးထွဋ် (ထပ်ဆင့်အကယ်ဒမီ)

အသက် (၅၄) နှစ်
မဖျိုမလှိုင်းတေးဂီတ ဂီတမှူး
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်တွင် ကွယ်လွန်သည်။)

## ညို၊ ဦး (ရွှေမြင်တင်)

အသက် (၈၉) နှစ်
သီဟသုခမ္မမဏိဇောတဓရ၊ သဒ္ဓမ္မဇောတိကဓဇ၊ ဒါနဗုဒ္ဓဂယာသာသနာပြု နာယက၊ ဟသ်ာတအသင်း နာယက
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်တွင် ကွယ်လွန်သည်။)

## ငွေးအောင်၊ ဦး

အသက် (၈၉) နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်/မန္တလေး) ပဓာန နာယက၊ ဗောဓိညာဏမေ္မအသင်း (မန္တလေး) ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန (မန္တလေး) တွဲဖက်ဌာနမှူး (ငြိမ်း)၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်တွင် ကွယ်လွန်သည်။)

## တင်တင်ဦး၊ ဒေါ် (မေယု)

အသက် (၈၄) နှစ်
စာရေးဆရာမ မေယု၊ တက္ကသိုလ်တင်တင်ဦး၊ စာတည်းမှူး (ငြိမ်း)၊ မြန်မာစာအဖွဲ့၊ အထက်တန်းပြ (ငြိမ်း- အ. ထ. က (၃) တာမွေ)၊ ကန်တော့ခံစာပေနှင့်ဂီတပညာရှင်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်တွင် ကွယ်လွန်သည်။)

## တင်ထွန်းမောင်၊ ဗိုလ်ကြီး (ငြိမ်း)
အသက် (၇၀)
အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ဥက္ကဋ္ဌ
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်တွင် ကွယ်လွန်သည်။)

## တင်နိုင်တိုး၊ ဦး (စာရေးဆရာ)
အသက် (၅၁) နှစ်
ကင်းထောက်အဖွဲ့ဝင်၊ မြန်မာကင်းထောက်သမိုင်း ပြုစုသူ၊ အလုပ်အမှုဆောင် (G.T.I) ကျောင်းသားဟောင်းများအသင်း
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်တွင် ကွယ်လွန်သည်။)

## တင်လွင်၊ ဦး၊ ပါမောက္ခ
အသက် (၈၆) နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ M.A.Yangon, M.A London၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း) အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် အချိန်ပိုင်းပါမောက္ခ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မြန်မာစာအဖွဲ့၊ အဖွဲ့ဝင်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်တွင် ကွယ်လွန်သည်။)

## တင်ဦးသောင်း၊ စန္ဒရား
အသက် (၅၇) နှစ်
မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ ယခင် Play Boy ဂီတအဖွဲ့
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်တွင် ကွယ်လွန်သည်။)

## တင့်ရှိန်၊ ဒုဗိုလ်မှူးကြီး (ဇေယျကျော်ထင်) (ငြိမ်း)
အသက် (၉၂) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ရှမ်းပြည်နယ်ဒေသပါတီကော်မတီဥက္ကဋ္ဌ (ငြိမ်း) (တောင်ကြီး) (၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၆) ရက်တွင် ကွယ်လွန်သည်။)

## ထွန်းရီ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)
အသက် (၈၈) နှစ်
ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) (ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ ဂျပန်ခေတ်ဗိုလ်သင်တန်းအပတ်စဉ် (၃)၊ ဗမာ့တပ်မတော် ဗိုလ်သင်တန်းအပတ်စဉ် (၄)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ
(၂၀၁၄ ခုနှစ်၊ ဧပြီလ (၄) ရက်တွင် ကွယ်လွန်သည်။)

## နေသွေးနီ (ဦးတင်မြင့်)
အသက် (၈၄) နှစ်
ကဗျာဆရာ၊ စာရေးဆရာ၊ ဗမာနိုင်ငံကလောင်သစ်အဖွဲ့ချုပ်၊ အမှုဆောင် (မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ)၊ ကဗျာဆရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂအတွင်းရေးမှူး၊ ကန်တော့ခံသက်ကြီး စာပေပညာရှင်
(၂၀၁၄ ခုနှစ်၊ ဧပြီလ (၁၆) ရက်တွင် ကွယ်လွန်သည်။)

## ပီကျော်ဟန်၊ ဦး
အသက် (၈၃) နှစ်
ဗိုလ်မှူးကြီး (ငြိမ်း)၊ သံအမတ်ကြီး (ငြိမ်း)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇)၊ စာရေးဆရာ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၂၀၁၄ ခုနှစ်၊ မတ်လ (၂၀) ရက်တွင် ကွယ်လွန်သည်။)

## ဘဝိုင်၊ ဦး (ရွှေဘူးမင်းဇေယျာ)(မင်းဘူး)
အသက် (၉၉) နှစ်
သက်ကြီးကန်တော့ခံစာပေပညာရှင်၊ လူမှုဝန်ထမ်းတိုင်းဦးစီးမှူး (ငြိမ်း)
(၂၀၁၄ ခုနှစ်၊ မေလ (၁၃) ရက်တွင် ကွယ်လွန်သည်။)

## မောင်ကြည်သန့်

အသက် (၇၈) နှစ်

စာရေးဆရာ ဦးသောင်းလွင်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်းနာယက၊ ပါတီဌာနချုပ် (ငြိမ်း)၊ ရှေးဟောင်းသုတေသန ညွှန်ကြားမှုဦးစီးဌာန (အငြိမ်းစား)

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်တွင် ကွယ်လွန်သည်။)

## မောင်ဒီ၊ ဒေါက်တာ

အသက် (၈၂) နှစ်

ဒုတိယဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း)

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်တွင် ကွယ်လွန်သည်။)

## မောင်မောင်မြင့်၊ ဦး

အသက် (၈၀)

အတွင်းရေးမှူးဟောင်း၊ သာယာဝတီမြို့နယ်အသင်း၊ အထက်တန်းပြဆရာဟောင်း၊ ပြည်သူ့တက္ကသိုလ်ဝင်ကျောင်း (တာမွေမြို့နယ်)၊ မြန်မာ့အသံ ထုတ်လွှင့်ရေးမှူးဟောင်း၊ စာပေဗိမာန် (စာပေဗိမာန်စာမူဆု) ရွေးချယ်ရေးအဖွဲ့ဝင် (ငြိမ်း)၊ စာတည်း (တာဝန်ခံ) (ငြိမ်း)

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်တွင် ကွယ်လွန်သည်။)

## မောင်မောင်အေး၊ ဒေါက်တာ

အသက် (၈၉) နှစ်

ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန (ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန (ငြိမ်း)၊ ပြည်သူ့တရားသူကြီးအဖွဲ့ဝင် (ငြိမ်း)

(၂၀၁၄ ခုနှစ်၊ မေလ (၃) ရက်တွင် ကွယ်လွန်သည်။)

## မောင်မြင့်ကြွယ် (ဦးမြင့်ကြွယ်)

အသက် (၈၂) နှစ်

စာရေးဆရာ၊ ကန်တော့ခံသက်ကြီး စာပေပညာရှင်၊ သုတစွယ်စုံစာပေဆု (ဘာသာပြန်) (၂၀၀၆)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) (၂၀၀၈)၊ ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆု (၂၀၁၀)၊ သုတစွယ်စုံတစ်သက်တာစာပေဆု (၂၀၁၁)၊ ဘာသာပြန်စာပေဆု (၂၀၁၂)နှင့် ထွန်းဖောင်ဒေးရှင်းစာပေဆု (လူငယ်ဘာသာရပ်) (၂၀၁၃) တို့ကို ရရှိသူ

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်တွင် ကွယ်လွန်သည်။)

## မျိုးမြင့်၊ ဒေါက်တာ

အသက် (၆၉) နှစ်

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ မန္တလေးတက္ကသိုလ် မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့၊ အဖွဲ့ဝင်၊

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်တွင် ကွယ်လွန်သည်။)

## မျိုးသန့်၊ ဗိုလ်ကြီး (ငြိမ်း)

အသက် (၈၆) နှစ်

လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်

(၂၀၁၄ ခုနှစ်၊ မေလ (၁၆) ရက်တွင် ကွယ်လွန်သည်။)

## မြဝင်း၊ ဗိုလ်ကြီး (ငြိမ်း)

အသက် (၈၈) နှစ်

မော်ကွန်းဝင် ဒုတိယဆင့်၊ ရန်ကုန်တိုင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် (ငြိမ်း)

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်တွင် ကွယ်လွန်သည်။)

## မြင့်ခိုင်၊ ဦး၊ ထပ်ဆင့်အကယ်ဒမီ

အသက် (၇၁) နှစ်

ဌာနခွဲမှူး (တည်းဖြတ်-ငြိမ်း)၊ မော်ကွန်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ အနုပညာအကြံပေး (ငြိမ်း-

မြဝတီရုပ်မြင်သံကြားဌာန)၊ အနုပညာအကြံပေး (ငြိမ်း-Studio 35)၊ သုံးထပ်ဆင့် အကယ်ဒမီဆုရှင်
(၂၀၁၄ ခုနှစ်၊ မတ်လ (၅) ရက်တွင် ကွယ်လွန်သည်။)

## မြင့်ဆွေ၊ ဦး (မဟာဝိဇ္ဇာ၊ လန်ဒန်)

အသက် (၈၁) နှစ်

သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေး-ရန်ကုန် ဗုဒ္ဓတက္ကသိုလ်တို့၏ ပါမောက္ခချုပ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန တွဲဖက်ပါမောက္ခ၊ တက္ကသိုလ်ပညာရေးနှင့်ဗဟိုအုပ်ချုပ်ရေးအဖွဲ့ဝင် (သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန)၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန် အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ (၅) အဖွဲ့ခေါင်းဆောင်၊ မော်လမြိုင်တက္ကသိုလ် အရှေ့တိုင်းပညာဌာန၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင် (မန္တလေးတက္ကသိုလ် အရှေ့တိုင်းပညာဌာန)
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်တွင် ကွယ်လွန်သည်။)

## မြင့်မြင့်ခင်၊ ဒေါက်တာ၊ ပါမောက္ခ

အသက် (၉၁) နှစ်

ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဆေးပညာဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)၊ မြင့်မြင့်ခင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ သက်ကြီးဆရာဝန်များအထောက်အကူအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာ ဦးစံဘော် သုတေသနဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့အဖွဲ့ဝင်၊ ဂုဏ်ထူးဆောင် သုတေသနပညာရှင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ကျန်းမာရေးဝန်ကြီးဌာန
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၉) ရက်တွင် ကွယ်လွန်သည်။)

## မြင့်သိန်း၊ ဦး (ကုသိုလ်)

အသက် (၆၀)

ဟာသသရုပ်ဆောင်၊ ရုပ်ရှင် ဗီဒီယိုဒါရိုက်တာ ကုသိုလ်
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၅) ရက်တွင် ကွယ်လွန်သည်။)

## ရဲထွန်း၊ ဗိုလ်မှူးကြီး (ဇေယျကျော်ထင်) (ငြိမ်း)

အသက် (၉၃) နှစ်

နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်၊ လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ အငြိမ်းစား စစ်သံမှူးကြီး
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်တွင် ကွယ်လွန်သည်။)

## လွင်ဦး၊ ဦး

အသက် (၅၆) နှစ်

တေးရေးဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ၊ တေးသံရှင်၊ မန္တလေးမြို့မတူရိယာအသင်း တွဲဖက်အတွင်းရေးမှူး
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်တွင် ကွယ်လွန်သည်။)

## လှတူ၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)

အသက် (၈၉) နှစ်

ဒုတိယစစ်ဥပဒေချုပ် (ငြိမ်း)
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်တွင် ကွယ်လွန်သည်။)

## လှထွေး၊ ဦး၊ နေးရှင်း

အသက် (၈၄) နှစ်

ANTARA, Nikkei Shimbun သတင်းဌာနတို့၏ သတင်းထောက်၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတည်ထောင်သူနှင့် နာယက
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၃) ရက်တွင် ကွယ်လွန်သည်။)

## လှမင်း၊ ဗိုလ်မှူး (ငြိမ်း)

အသက် (၇၅) နှစ်

စာရေးဆရာ ဦးလှမင်း၊ ဒုတိယပါမောက္ခချုပ် (ငြိမ်း)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် ကွယ်လွန်သည်။)

## လှမြင့်ဝင်း၊ တေးသံရှင်
အသက် (၆၄) နှစ်
ဦးလှမြင့်၊ ဒု-အင်ဂျင်နီယာမှူးကြီး (ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တွင် ကွယ်လွန်သည်။)

## ဝင်းတင်၊ ဦး၊ ဟံသာဝတီ
အသက် (၈၅) နှစ်
သတင်းစာဆရာ၊ စာရေးဆရာ၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) လက်ထောက်အယ်ဒီတာ၊ အယ်ဒီတာချုပ်ဟောင်း၊ ဟံသာဝတီသတင်းစာတိုက်မန္တလေးမြို့ သဘာပတိအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၁) ရက်တွင် ကွယ်လွန်သည်။)

## သန်း၊ ဦး (ကိုသန်း ကြည့်မြင်တိုင်)
အသက် (၈၉) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)၊ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုရှင် (နိုင်ငံရေးစာပေဆု)
(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်တွင် ကွယ်လွန်သည်။)

## သိန်းထွန်း၊ ဦး (ဗိုလ်သိဒ္ဓိ)
အသက် (၉၂) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ကုလသမဂ္ဂ ပြန်ကြားရေးညွှန်ကြားရေးမှူး (ငြိမ်း)၊ ကပရ
(၂၀၁၄ ခုနှစ်၊ မေလ (၁) ရက်တွင် ကွယ်လွန်သည်။)

## သန်းကြည်၊ ဒေါ် (ဒါးပိန်)
အသက် (၇၅) နှစ်
စာရေးဆရာ ခင်သစ်လွင် (အာမခံ)၊ ဝင်းရွှေစင်ပုံနှိပ်တိုက်၊ ဒါရိုက်တာ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူများ ကုမ္ပဏီလီမိတက်၊ မြန်မာ့အာမခံလုပ်ငန်း (ငြိမ်း)
(၂၀၁၄ ခုနှစ်၊ မေလ (၇) ရက်တွင် ကွယ်လွန်သည်။)

## သန်းငြိမ်း၊ ဒေါက်တာ
အသက် (၇၆) နှစ်
အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နာယက၊ ယခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ
(၂၀၁၄ ခုနှစ်၊ မေလ (၂၁) ရက်တွင် ကွယ်လွန်သည်။)

## သန်းဦး၊ ဗိုလ်ချုပ်၊ ဝဏ္ဏကျော်ထင် (ငြိမ်း)
အသက် (၇၆) နှစ်
စစ်ဥပဒေချုပ် (အငြိမ်းစား)၊ ဒုတိယတရားသူကြီးချုပ် (အငြိမ်းစား)
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၈) ရက်တွင် ကွယ်လွန်သည်။)

## သိန်းဝင်း၊ ဦး (လင်ကမ်းစိန်)
အသက် (၇၆) နှစ်
လူမှုထူးချွန်ပထမဆင့်၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် နာယက
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်တွင် ကွယ်လွန်သည်။)

## သိန်းရွှေ၊ ဦး (အထောက်တော်သိန်းရွှေ)
အသက် (၇၇) နှစ်
အထောက်တော်၊ မိုးကြိုး၊ မြန်မာ့အလင်း၊ ကြေးမုံ၊ ဗိုလ်တထောင်သတင်းထောက်ကြီး(ငြိမ်း)
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်တွင် ကွယ်လွန်သည်။)

## အောင်နိုင်၊ ဦး
အသက် (၈၆) နှစ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မဟာဂီတစိစစ်ရေး၊

စာပေပညာရှင်၊ စာရေးဆရာ အောင်နိုင် (ဝိဇ္ဇာဂုဏ်ထူး) (၂၀၁၄ ခုနှစ်၊ မေလ (၂၈) ရက်တွင် ကွယ်လွန်သည်။)

### အောင်ဖေ၊ သူရ၊ ဗိုလ်မှူးကြီး (ငြိမ်း)

အသက် (၈၉) နှစ်
တရားသူကြီး(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
(၂၀၁၄ ခုနှစ်၊ မေလ (၁၉) ရက်တွင် ကွယ်လွန်သည်။)

### အောင်မြင့်၊ ဦး၊ ဝဏ္ဏကျော်ထင်

အသက် (၈၀)
တရားရုံးချုပ်တရားသူကြီး(ငြိမ်း)
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်တွင် ကွယ်လွန်သည်။)

### အောင်သင်း၊ စာရေးဆရာ (ဦးအောင်သင်း)

အသက် (၈၈) နှစ်
အမျိုးသားစာပေတစ်သက်တာဆုရှင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ကန်တော့ခံသက်ကြီးစာပေ ပညာရှင်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ် တို့တွင် နည်းပြဆရာမှ လက်ထောက်ကထိကအဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သူ
(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်တွင် ကွယ်လွန်သည်။)

### ဥဿာဆရာအို (ဦးအောင်ညွှန့်)

အသက် (၉၆) နှစ်
ပဲခူးမြို့နယ် သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ နိကာယ်သာသနာ ပြန့်ပွားရေးအဖွဲ့ အတွင်းရေးမှူး၊ လက်ရွေးစင် ဝေါဟာရများကျမ်းပြုစုသူ၊ ကန်တော့ခံသက်ကြီး စာပေ ပညာရှင်၊ အထက်တန်းပြဆရာ (ငြိမ်း)၊ အမှတ် (၅) ယခင် ဦးသာဒင်ကျောင်း
(၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်တွင် ကွယ်လွန်သည်။)

**ကဝိဓဇ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၉-၁၃၇၆)။** ။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင် မြို့နယ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဒုတိယ



**ဘဒ္ဒန္တကဝိဓဇ**

နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကဝိဓဇကို ခမည်းတော် ဦးမောင်ကြီး၊ မယ်တော် ဒေါ်ပုတို့က (၁၂၈၉) ခုနှစ်၊ ကဆုန်လပြည့် ကျော် (၈) ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည် မြို့နယ်၊ ဘုရားငါးဆူကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၄) နှစ်သားအရွယ်တွင် ဘုရားငါးဆူရွာ ကန်ဦးကျောင်း ဆရာတော်ဘဒ္ဒန္တဥက္ကံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး တို့၏ ပစ္စယာနုဂ္ဂဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိ တော်မူပြီး (၁၃၀၉) ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်တွင် ပေါင်းတည်မြို့နယ်၊ ဘုရားငါးဆူရွာ၊ ကန်ဦးကျောင်းတိုက်ခဏ္ဍသိမ်၌ ပက်တောကျောင်း ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘ၊ ဆွေမျိုးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ပေါင်းတည်မြို့ ဘုရားငါးဆူ ရွာ ကန်ဦးကျောင်းဆရာတော်ဘဒ္ဒန္တဥက္ကံသ၊ ရန်ကုန်မြို့ အလယ်တောရကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာပဏ္ဍိတ)၊ ညောင်တုန်းမြို့ ရွှေဟသ်ာတောရ ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိမလ (အဘိဓဇမဟာ ရဋ္ဌဂုရု) နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ မစိုးရိမ်

ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) နှင့် စာချဆရာတော်များ၊ တောင်ပြင်ဘုရားကြီးတိုက်ဆရာတော်များ၊ အနောက်ပြင်တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တကေသဝ ဘိဝံသ အစရှိသောဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနာ့ပါလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယစာချတန်းစာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းနှင့်တကွ ဂုဏ်ထူးငါးကျမ်းဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိအောင်မြင်ခဲ့သည်။

ဆရာတော်သည် ပေါင်းတည်မြို့ဘုရားငါးဆူရွာကန်ဦးကျောင်းတိုက်၊ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်များတွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခြင်း၊ ပထမပြန်ဓမ္မာစရိယစာချတန်းစာမေးပွဲများတွင် ကြီးကြပ်ရေးအဖွဲ့ဝင်နှင့် အဖြေလွှာစစ်ဆေးအမှတ်ပေးခြင်း၊ တိပိဋကစာထောက်စာမ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ ဗိုလ်တထောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌတာဝန်နှင့် ရန်ကုန်တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၂၀၀၀) ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် (၂၀၀၆) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါအရ (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ကုဏ္ဍလ၊ ဘဒ္ဒန္တ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ) (မြန်မာ ၁၂၈၈-၁၃၇၅)။** ။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၏ ပဓာနနာယကဆရာတော်၊ ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏ ဥသျှောင်ဩဝါဒါစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလကို ခမည်းတော်



ဘဒ္ဒန္တကုဏ္ဍလ

ဦးစံအေး၊ မယ်တော် ဒေါ်လှရာတို့က (၁၂၈၈) ခုနှစ်၊ တပေါင်းလပြည့် တနင်္လာနေ့တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၊ ငမင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၃၀၉) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁) ရက်တွင် တောင်တွင်းကြီးမြို့၊ မောင်းတိုင်ရပ်ကွက် ရတနာဒေဝဆရာတော် ဘဒ္ဒန္တသုန္ဒရကို ဥပဇ္ဈာယ်ပြု၍ ဦးပိုင်၊ ဒေါ်သန်းရွှေ၊ ဒေါ်စောမြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောင်တွင်းကြီးမြို့၊ ရတနာဒေဝကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ထင်ရှားသော စာချအကျော်အမော် ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယနှင့် သာသနဓဇဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူဘွဲ့များရရှိခဲ့သည်။

ဆရာတော်သည် တောင်တွင်းကြီးမြို့ အာသောကသာသနာ့ရိပ်သာတွင် ကိုးနှစ်ကြာ ဝိပဿနာတရားများကို ဟောကြားပြသခဲ့ခြင်း၊ ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာ၌ သုံးနှစ်တိုင်တိုင် တရားပြသခဲ့ခြင်း၊ ပြည်တွင်း ပြည်ပမဟာစည်သာသနာ့ရိပ်သာများ၏ ဥသျှောင်ဩဝါဒါစရိယဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊ တစ်နေ့လျှင်ယောဂီ (၈၀) ကျော်တို့အား နှစ်ပေါင်း (၄၀) ကျော် ဝိပဿနာတရားများကို ဟောကြားပြသခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းတွင် တိုင်းသံဃနာယကအဖွဲ့၊ တိုင်းဝိနည်းဓိုရ်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၂၀၀၁) ခုနှစ်တွင် မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၉) ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါအရ (၁၃၇၅) ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**စရိယ၊ ဘဒ္ဒန္တ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၅-၁၃၇၆)။** ။ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်စံပြရွာ၊ ညောင်ဇင် ကျောင်းသစ်နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စရိယကို ခမည်းတော် ဦးဘိုးကျော့၊ မယ်တော် ဒေါ်သီးငွေတို့က (၁၂၈၅) ခုနှစ်၊ နယုန်လပြည့်ကျော် (၁၄) ရက် အင်္ဂါနေ့တွင် သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂) နှစ်အရွယ် (၁၂၉၇) ခုနှစ်တွင် ညောင်ဇင်ရွာ၊ ကျောင်းသစ်ကျောင်းဆရာတော် ဦးအရိန္ဒမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၀၅) ခုနှစ်၊ နယုန်လဆန်း (၄) ရက်တွင် သရက်ချောင်းမြို့၊ ညောင်ဇင်ရွာ ကျောင်းသစ်ကျောင်းဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ ညောင်ဇင်ရွာ ဦးဘိုးကြည်၊ ဒေါ်အေးလှိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် ညောင်ဇင်ကျောင်းသစ်ကျောင်းဆရာတော် ဦးအရိန္ဒမ၊ ထားဝယ်မြို့ဇေယျဝတီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပညာဇောတ၊ ညောင်တုန်းမြို့ရွှေဟင်္သာတောရတိုက်ဆရာတော်ဘဒ္ဒန္တကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ မြောင်းမြမြို့ပဇ္ဇောတာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏိက(ဘာသန္တရဆေက၊ ဘီအေ၊အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့သာသနာပြု) အစရှိသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများသင်ယူခဲ့ပြီး ဓမ္မာစရိယတန်းတွင် သီလက္ခန္ဓဝဂ္ဂကျမ်းနှင့် အဋ္ဌသာလိနီကျမ်းတို့ကို အောင်မြင်တော်မူခဲ့သည်။



ဘဒ္ဒန္တစရိယ

ဆရာတော်သည် ညောင်ဇင်ကျောင်းသစ်ကျောင်းရှိ ရဟန်းသာမဏေ (၄၀) ကျော်တို့အား လောကီ၊ လောကုတ္တရာစာပေများကို သင်ကြားပို့ချပေးခြင်း၊ အစိုးရမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ထားသော ညောင်ဇင်ကျောင်းသစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းအုပ်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး ကျောင်းသားကျောင်းသူ (၂၀၀) ကျော်တို့အား အခြေခံမူလတန်းပညာများကို သင်ကြားပို့ချပေးတော်မူခြင်း၊ ယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာသင်တန်းများကို သင်ကြားပို့ချပေးတော်မူခြင်း၊ ကျေးရွာအတွင်း၌လည်း ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင်လည်း (၁၃၄၂) ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း၏ တာဝန်ပေးချက်အရ တိုင်း/မြို့နယ်ဝိနည်းဓိုရ် တာဝန်ကို အနှစ်(၂၀)ကျော်တိုင်အောင် ထမ်းဆောင်တော်မူခဲ့ခြင်း၊ မြို့နယ်ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကျင်းပရေးအဖွဲ့နှင့် မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ကြီးကြပ်ရေးအဖွဲ့ဝင် တာဝန်တို့ကို ထမ်းဆောင်ခြင်းစသော သာသနာပြုလုပ်ငန်းများကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၆) ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

ကိုလည်းကောင်း၊ (၂၀၀၂) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၂) ဝါအရ (၁၃၇၆) ခုနှစ်၊ ကဆုန်လပြည့်ကျော် (၉) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။



ဘဒ္ဒန္တစန္ဒိမာ

**စန္ဒိမာ၊ ဘဒ္ဒန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၆- ၁၃၇၆)။** ။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဇ္ဈိမရတနာမြတောင်တိုက် ဒုတိယသြဝါဒါစရိယ၊ ပိဋကတ်တော်ပြန့်ပွားရေးကျောင်း ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒိမာကို ခမည်းတော်ဦးစံတင်၊ မယ်တော် ဒေါ်ဆုံတို့က (၁၂၈၆) ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်၊ အင်္ဂါနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကူးတို့ဆိပ်သောင်ထွန့်ကိုင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၅) နှစ်သားအရွယ်တွင် သောင်ထွန့်ကိုင်းကူးတို့ဆိပ်ရွာလည်ကျောင်းဆရာတော် ဦးပညာဝုဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၀၇) ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်တွင် သောင်ထွန့်ကိုင်းဆရာတော်ဘဒ္ဒန္တပညာဝုဓကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ ဗိုလ်ချုပ်လမ်း ဦးဘစိန်း ဒေါ်ကြည်ကြည်မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တပညာဝုဓ၊ ဘဒ္ဒန္တပဏ္ဍိစ္စနှင့် ဘဒ္ဒန္တသုဇာတ၊ မန္တလေးမြို့ ဓမ္မိကာရာမတိုက်ဆရာတော် ဘဒ္ဒန္တလက္ခဏ၊ ဘုရားကြီးတိုက်ဇောတိကာရုံကျောင်း ဆရာတော်ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာဝေယံဘုံသာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ မစိုးရိမ်တိုက် ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓ (အဘိဓဇမဟာရဋ္ဌဂုရု) တို့ထံတွင် နေ့ဝါညဝါ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူးခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်ခဲ့ကာ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့၊ မြတောင်တိုက် ဂဏဝါစကအဖြစ် ဆောင်ရွက်ခဲ့ပြီး ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲဆိုင်ရာ စာဝါများကို ပို့ချခဲ့ပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတာဝန်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၏ သံဃာသမ္မုတိရသံဃာ့ကိုယ်စားလှယ်တာဝန်၊ မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်နှင့် မြို့နယ်သံဃနာယက သြဝါဒါစရိယအစရှိသော တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဆရာတော်သည် ယဉ်ကျေးမှုသင်တန်းများကို လည်းပို့ချခဲ့ရာ သက်တမ်း (၄၀) နှစ်အတွင်း တစ်နှစ်လျှင် သင်တန်းသား သင်တန်းသူ (၃၀၀) ကျော်ဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်း၊ အခြားဘာသာဝင်များအား ဗုဒ္ဓဘာသာဝင်ဖြစ်အောင် စည်းရုံးနိုင်ခဲ့ခြင်း၊ ခေါင်းပါးဝေးလံသောဒေသများ၏ ပရဟိတလုပ်ငန်းများအတွက် ငွေကျပ်သိန်းပေါင်း (၃၀၀၀) ကျော် လှူဒါန်းခဲ့ခြင်း၊ သာသနိကအဆောက်အအုံများပြုပြင်

မွမ်းမံတည်ထောင်ခြင်း၊ မြတောင်တိုက်အတွင်း ပိဋကတ်တော်ပြန့်ပွားရေးကျောင်းအပြင် ဂျိကာ အဂ္ဂဝါသကျောင်းကို တည်ထောင်ခြင်း အစရှိသော သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၅) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ (၂၀၀၇) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၁၂) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၉၀)၊ သိက္ခာတော် (၇၀) အရ (၁၃၇၆) ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**စန္ဒောဘာသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၃-၁၃၇၆)။** ။ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ သာသနာ့ဟိတကာရီကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသကို (၁၂၉၃) ခုနှစ်၊ ပထမဝါဆိုလဆန်း (၉) ရက် အင်္ဂါနေ့တွင် ခမည်းတော် ဦးပန်းဆိုင်၊ မယ်တော် ဒေါ်ဒေါ်ယု တို့က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်၊ ကျားနေအိုင့်ကျေးရွာအုပ်စု ရေင်ကျောင်းကုန်း ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၃၀၅) ခုနှစ်၊ တပေါင်းလဆန်း (၁၂) ရက်တွင် ကျောက်ပန်းတောင်း မြို့နယ် သန်းကြီးကုန်းကျောင်းဆရာတော် ဦးသာသနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၁၃) ခုနှစ်၊ နယုန်လပြည့်ကျော် (၈) ရက်တွင် ဆီမီးခုံမြို့ ယွန်းကျောင်းဆရာတော်ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ညောင်ပင်သာရွာ ဦးသာကြူး၊ ဒေါ်ရွှေမြိုင်၊ ဒေါ်ရွှေပိုင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးတိုင်းဒေသကြီး၊



ဘဒ္ဒန္တစန္ဒောဘာသ

မြင်းခြံမြို့နယ် ဆီမီးခုံမြို့ ငါ့နန်းတောရကျောင်းတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ကျောက်ပန်းတောင်းမြို့နယ် သန်းကြီးကုန်းဆရာတော် ဦးသာသန၊ ဆီမီးခုံမြို့ငါ့နန်း တောရကျောင်းဆရာတော် ဦးနန္ဒိယနှင့် ဦးမုနိန္ဒ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ(အဘိဓဇမဟာရဋ္ဌဂုရု)၊ မစိုးရိမ်ပဌာန်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ(အဘိဓဇမဟာရဋ္ဌဂုရု)၊ မစိုးရိမ်တိုက်စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တ ဝိစိတ္တ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ ဘဒ္ဒန္တစာရိန္ဒ၊ ဘဒ္ဒန္တ ကောဝိဒ၊ ဘဒ္ဒန္တကောသလ္လ၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တကေသဝ၊ ဝေယံဘုံသာတိုက်ဆရာတော် ဘဒ္ဒန္တ ကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တ ဥက္ကံသ အစရှိသော ဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာများ သင်ယူခဲ့ပြီး မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဝိနည်း စာမေးပွဲ အဆင့်ဆင့်နှင့်စာသင်တန်း၊ စာချတန်း စာမေးပွဲများကို အောင်မြင်၍ (၁၃၂၁) ခုနှစ်တွင် အစိုးရဓမ္မာစရိယတန်းစာမေးပွဲ၌ ကျမ်းရင်းသုံးကျမ်းကို အောင်မြင်သဖြင့် သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ် တော်ရရှိခဲ့သည်။

ဆရာတော်သည် ဆီမီးခုံမြို့ငါ့နန်းတောရ ကျောင်း၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်တို့တွင်

ပိဋကတ်စာပေများပို့ချခဲ့ပြီး (၁၃၂၉) ခုနှစ်တွင် ဝါးခယ်မမြို့ သံကြိုးတိုင်ရပ်ကွက် သာသနဟိတကာရီစာသင်တိုက်သို့ ဂဏဝါစကအဖြစ်ရောက်ရှိခဲ့သည်။ (၁၃၃၇) ခုနှစ်တွင် စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကအဖြစ် စာသင်သားရဟန်း သာမဏေတို့အား နေ့ဝါညဝါများကို ပို့ချပေးခဲ့သည်။

ဆရာတော်သည် သာသနာရေးဆိုင်ရာ အသင်းအဖွဲ့ပေါင်း (၁၆၃) ဖွဲ့၏ ဥက္ကဋ္ဌ၊ နာယက၊ ဩဝါဒစရိယတာဝန်များထမ်းဆောင်ခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဩဝါဒစရိယစသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂၁) ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် မိမိကျောင်းတိုက်တွင် အတန်းစုံစာဝါများပို့ချခဲ့ပြီး ခရစ်ယာန်ဘာသာဝင်ကရင်လူမျိုး အိမ်ထောင်စု (၆၂) စု၊ လူဦးရေ (၂၇၉) ဦးတို့ကို ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင်စည်းရုံးခဲ့ခြင်း စသောသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၅) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၈) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါအရ (၁၃၇၆) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ဇာနေယျ၊ ဘဒ္ဒန္တ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၃၀၆-၁၃၇၅)။** ။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ (၈၈) လမ်း၊ (၁၇×၁၈) လမ်းကြား၊ ရွှေပြည်တိုက်



ဘဒ္ဒန္တဇာနေယျ

ပုလဲမြင့်ကျောင်း တိုက်အုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျကို ခမည်းတော် ဦးစိုး၊ မယ်တော်ဒေါ်ငွေမြတို့က (၁၃၀၆) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၅) ရက်၊ အင်္ဂါနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ ငှက်ပျောတောရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၃၁၇) ခုနှစ်၊ ဝါဆိုလဆန်း (၁) ရက်တွင် ပုလဲမြို့နယ်၊ ငှက်ပျောတောမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၂၆) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက်တွင် မုံရွာမြို့၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ပုလဲမြို့နယ်၊ ငှက်ပျောတောမြောက်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ပုလဲမြို့နယ်၊ ငှက်ပျောတောမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တသုဒဿန၊ မုံရွာမြို့ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိမလ၊ မန္တလေးမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော်များထံတွင် ပရိယတ္တိစာပေများသင်ယူခဲ့ပြီး ဓမ္မာစရိယ (၂) ကျမ်းခွဲ၍ အောင်မြင်ခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်ဆရာတော် တာဝန်ဆောင်ရွက်ခြင်း၊ ဝေးလံခေါင်းပါးဒေသသို့ အလှူငွေများလှူဒါန်းခြင်း၊ နယ်စပ်ဒေသများတွင် စေတီတော်နှင့် ဆင်းတုတော်များတည်ထားပေးခြင်း၊ နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း၊ ပုလဲမြင့်ကျောင်းတိုက်တွင် အမှတ် (၂) ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်းဖွင့်လှစ်၍ ကျောင်းသားကျောင်းသူများအား အခမဲ့ပညာသင်ကြားပေးနိုင်အောင် စီမံဆောင်ရွက်ပေးခြင်းတို့ကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၂၀၀၆) ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၁၂) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၇၀)၊ သိက္ခာတော် (၅၀) အရ (၁၃၇၅) ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## ဇောတိက၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၉၇-၁၃၇၆)။

။စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက်၊ မြို့မရွှေဂူကျောင်းတိုက်ကြီး၏ အဓိပတိပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကကို ခမည်းတော် ဦးပိန်၊ မယ်တော်ဒေါ်လီတို့က ၁၂၉၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅) ရက်၊ အင်္ဂါနေ့တွင် မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ အိုင်လျှားရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၁) နှစ်အရွယ်တွင် ဇာတိရွာကျောင်းဆရာတော် ဦးလာဘကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး (၁၃၁၆)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်တွင် အိုင်လျှားရွာကျောင်းဆရာတော် ဘဒ္ဒန္တလာဘကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့နယ် သာစည်ရွာ



**ဘဒ္ဒန္တဇောတိက**

ဦးမြင့်၊ ဒေါ်အုံးခင်တို့၏ပစ္စယာနုဂ္ဂဟဖြင့် မုံရွာမြို့၊ မြို့မရွှေဂူတိုက် ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် အရာတော်မြို့နယ်၊ အိုင်လျှားကျောင်းဆရာတော်ထံတွင် ပရိယတ္တိအခြေခံစာပေများကို သင်ယူခဲ့ပြီး မုံရွာမြို့၊ မြို့မရွှေဂူကျောင်းဆရာတော် ဘဒ္ဒန္တကေသရသီရိအမှူးပြုသော စာချဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူးခဲ့ပြီး ဓမ္မာစရိယတန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် မုံရွာမြို့၊ မြို့မရွှေဂူကျောင်းတိုက် ပဓာနနာယကအဖြစ် ပရိယတ္တိစာပေများကို ပို့ချပေးခဲ့သည်။ မုံရွာမြို့ဆုတောင်းပြည့်စေတီ၊ ရွှေစည်းခုံစေတီစသည့် စေတီပုထိုးများ၏ဂေါပကအဖွဲ့ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့အကျိုးဆောင်နှင့် စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၇) ခုနှစ် တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၀) ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၈၀)၊ သိက္ခာတော် (၆၀) ဝါအရ (၁၃၇၆) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ဇောတိဿရ၊ ဘဒ္ဒန္တ(အဂ္ဂမဟာပဏ္ဍိတ)၊(မြန်မာ ၁၂၈၁-၁၃၇၅)။** ။ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့၊ ခေမာသီဝံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဝေဠုဝန်နိကာယဂဏာဓိပတိ(ဒွါဒသမ) သာသနာပိုင်



**ဘဒ္ဒန္တဇောတိဿရ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိဿရကို ခမည်းတော် ဦးဖူးကင်း၊ မယ်တော်ဒေါ်ဆင့်တို့က (၁၂၈၁) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက်၊ အင်္ဂါနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂) နှစ်အရွယ်တွင် ကွမ်းခြံကုန်းရွာ၊ မေဃဝတီကျောင်းဆရာတော် ဦးဇာဂရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူပြီး (၁၃၀၀) ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်တွင် မဲဇလီကုန်းမြို့ ခေမာသီဝံကျောင်းဆရာတော် ဦးပညိန္ဒြိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မေဃဝတီကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၊ ကွမ်းခြံကုန်းရွာ မေဃဝတီကျောင်းဆရာတော် ဦးဇာဂရ၊ ဦးဓမ္မသေန၊ ခေမာသီဝံကျောင်းဆရာတော် ဦးပညိန္ဒြိယ၊ မင်းလှမြို့သဒ္ဓမ္မဇောတိကာရုံဆရာတော် ဦးဒီပါဘိဝံသ၊ မန္တလေးမြို့ စကုအလယ်တိုက် ဆရာတော် ဦးနန္ဒာစရိယ အစရှိသော ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တိုက် နာယကဆရာတော်ကြီးများထံတွင် ပိဋကတ်စာပေများကို သင်ယူခဲ့ပြီး သာသနဓဇသိရီ ပဝရဓမ္မာစရိယစာချတန်းကို အောင်မြင်ခဲ့သည်။

ဆရာတော်သည် (၁၃၀၈) ခုနှစ်မှစတင်၍ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၊ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ သံဃာတော် (၅၀) ကျော်အား နေ့ဝါညဝါများပို့ချခဲ့ပြီး မဲဇလီကုန်းမြို့ ခေမာသီဝံကျောင်းတိုက်၌ မူလတန်းမှ ဓမ္မာစရိယစာချတန်းအထိ စာပေပရိယတ်များ ပို့ချပေးခဲ့သည်။

ဆရာတော်သည် မြို့နယ်သံဃနာယကအဖွဲ့ (ဝေဠုဝန်)၏ အကျိုးတော်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) ဆရာတော်အဖြစ် ထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် (၂၀၀၈) ခုနှစ်မှ ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ၊ ဝေဠုဝန်နိကာယ ဂိုဏ်းကြီး၏ ဂဏာဓိပတိ(ဒွါဒသမ) သာသနာပိုင် တာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၉) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါအရ (၁၃၇၅) ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ဉာဏ၊ ဘဒ္ဒန္တ (အဘိဝံသအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)(မြန်မာ ၁၂၈၂-၁၃၇၆)။** ။ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်



ဘဒ္ဒန္တဉာဏ

ရပ်ကွက်၊ အဘယာရာမမိုးထိတိုက်၊ သာသနာ့ဟိတကာရီ စည်သာကျောင်းဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏကို ခမည်းတော် ဦးရှ၊ မယ်တော်ဒေါ်ရီတို့က (၁၂၈၂) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်၊ အင်္ဂါနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၇) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မန္တလေးတောင်ခြေ၊ သစ်ဆိမ့်တိုက်ကျောင်းသစ်ကျောင်းဆရာတော် ဦးနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိပြီး (၁၃၀၂) ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တော်ဝေးကန်ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် တော်ဝေးကန်ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် မြိုင်မြို့နယ် တော်ဝေးကန်အရှေ့ကျောင်းဆရာတော်ဘဒ္ဒန္တအာဒိစ္စ၊ မန္တလေးမြို့မြောက်ပြင်ဥပုသ်တော်ရပ် မတ္တရာတိုက်ခွဲဆရာတော်ဘဒ္ဒန္တဇဝန၊ သစ်ဆိမ့်တိုက်ကျောင်းသစ်ကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒိယ၊ မစိုးရိမ်တိုက်ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ စကုတိုက်ဆရာတော်ဘဒ္ဒန္တ ဝိသာဒရ၊ ပခုက္ကူမြို့မဟာဝိသုတာရာမတိုက်နှင့်ရန်ကုန်မြို့ တာမွေမင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်များ၊ ဗားကရာတိုက် မင်္ဂလာမှန်ကျောင်း ဆရာတော်ဘဒ္ဒန္တသာသနတို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့နှင့်ဝိနယပါဠိပါရဂူဘွဲ့တို့ကိုရရှိခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပဌမအကြိမ်နှင့်ဒုတိယအကြိမ်တို့၌ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ မြို့နယ်သံဃဝိနိစ္ဆယတို့၌ သဘာပတိအဖြစ်လည်းကောင်း၊ တတိယအကြိမ်တွင် မြို့နယ်ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်နှင့်ပဥ္စမအကြိမ်တွင် တိုင်းဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ဆဋ္ဌမအကြိမ်မှစ၍ ပျံလွန်တော်မူသည်အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် အောင်မြေသာစံမြို့နယ် မိုးထိကျောင်းတိုက်တွင် သံဃာတော်များအား ပရိယတ္တိစာပေများကို ပို့ချပေးခြင်း၊ အခြားသော ဘာသာဝင်များကို ဗုဒ္ဓဘာသာသို့သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ တရားဓမ္မများ ဟောပြောပြသခြင်း၊ လောကီလောကုတ္တရာကြီးပွားကြောင်းမင်္ဂလာတရားတော်စာအုပ်များရေးသားခြင်း၊ ကြောင်းကျိုးနှစ်ဖြာ နိယာမတရားနှင့် (၃၈) ဖြာ မင်္ဂလာတရားတော်စာအုပ်များကို ရေးသားခဲ့သည်။ (၁၉၈၃) ခုနှစ်မှစ၍ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ကာ နှစ်စဉ်သင်တန်းသား (၇၀) ကျော်တို့အား ဗုဒ္ဓယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်သည် အစိုးရပထမပြန်စာမေးပွဲကြီး၊ နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲကြီးနှင့် ဓမ္မာစရိယစာမေးပွဲကြီးများတွင် ကြီးကြပ်ရေးဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ မန္တလေးမြို့မဟာမြတ်မုနိဘုရား၊ မန္တလေးတောင်တော်၊ မန္တလေးတောင်ခြေမဟာသက္ကျမာရဇိန်ကျောက်တော်ကြီးဘုရားနှင့် မြောက်ပြင်ထားဝယ်ရပ် ဓမ္မနိဗဒ္ဓဓမ္မာရုံဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊

မန္တလေးမြို့သာသနာလုံးဆိုင်ရာဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီးတွင် အလှည့်ကျဓမ္မကထိကဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၂၀၀၂) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၁၃) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါအရ (၁၃၇၆) ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၀) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## တေဇောသာရာဘိဝံသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၇-၁၃၇၅)။

။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်း မဟာနာယက၊ နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တတေဇောသာရာဘိဝံသကို ခမည်းတော် ဦးဘိုးအောင်၊ မယ်တော် ဒေါ်မှုံတို့က (၁၂၈၇) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၇) ရက်၊ စနေနေ့တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ သံဘိုကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၃၀၀) ပြည့်နှစ်၊ တပေါင်းလဆန်း (၃) ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် သံဘိုရွာကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၀၆) ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် မြို့သစ်မြို့နယ်၊ သံဘိုရွာကျောင်းဆရာတော် ဘဒ္ဒန္တသီလာစာရကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးချို၊ ဒေါ်လှရင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သံဘိုကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။



ဘဒ္ဒန္တတေဇောသာရာဘိဝံသ

ဆရာတော်သည် မြို့သစ်မြို့နယ်၊ သံဘိုကျောင်းဆရာတော် ဘဒ္ဒန္တ နရိန္ဒ၊ ဘဒ္ဒန္တ သီလာစာရ၊ နတ်မောက်မြို့ တမာပင်ကျောင်းစာချဆရာတော် ဘဒ္ဒန္တ ရေဝတ၊ ဘုရားကြီးကျောင်းဆရာတော်ဘဒ္ဒန္တ ကေသဝါဘိဝံသ၊ တမာပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသ၊ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ)၊ တောင်သမန်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒာစရိယ၊ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နာရဒ အစရှိသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး အစိုးရပထမပြန် ငယ်၊ လတ်၊ ကြီးနှင့် အစိုးရဓမ္မာစရိယနှင့် ပရိယတ္တိသာသနာဟိတ သကျသီဟဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာတော်သည် သကျသီဟဓမ္မာစရိယ အဘိဝံသဘွဲ့ရရှိပြီးနောက် (၁၃၂၂) ခုနှစ်တွင် မစိုးရိမ်ကျောင်းတိုက် နိကာယနယူပဒေသကျောင်း၌ စာသင်သားတို့အား စာမေးပွဲဆိုင်ရာပြဋ္ဌာန်းကျမ်းစာနေ့ဝါညဝါများ ပို့ချပေးခြင်း၊ သကျသီဟအဘိဝံသဆိုင်ရာ စာဝါများကို ပို့ချခြင်း၊ တိပိဋကပါဠိ-မြန်မာအဘိဓာန် အတွဲ (၅)၊ အတွဲ (၆)၊ အတွဲ (၁၅)၊ အတွဲ (၁၆)၊ အတွဲ (၄) (အပိုင်း-၂)၊ အတွဲ (၄) (အပိုင်း-၃) တိပိဋက ပါဠိ-မြန်မာအဘိဓာန်အကျဉ်းနှင့် ဇာတ်ဋီကာသစ်ပေမူကို လက်ရေးမူသို့ သုတ်သင်ပြင်ဆင်တည်းဖြတ်ခြင်းဟူသော စာပေကျမ်းဂန်များကို ပြုစုခဲ့သည်။

ဆရာတော်သည် တိုင်းသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် ပါဠိဝိသောဓက၊ ပဋိဝိသောဓက၊ ဩသာနသောဓေယျပတ္တပါဠိက၊ မစိုးရိမ်ကျောင်းတိုက်၌ ကျင်းပသော ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယ စာမေးပွဲ၏ ဦးဆောင်ပဓာန နာယက၊ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ၊ ဓမ္မာစရိယစာမေးပွဲ၏ ဩဝါဒါစရိယ၊ မန္တလေးတောင်တော် ဂေါပကအဖွဲ့၊ မဟာမုနိဂေါပကအဖွဲ့၊ မဟာသကျသီဟ မြတ်စွာဘုရား ဂေါပကအဖွဲ့၊ ချမ်းသာကြီးဆန်လှူအသင်းကြီး၊ ပရိယတ္တိသာသနဟိတအသင်းကြီး၊ မန္တလေးမြို့ မြန်မာ နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၊ မစိုးရိမ် ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ တာဝန်များကို ထမ်း ဆောင်ခဲ့ပြီး မစိုးရိမ်တိပိဋကပ ပါဠိ-မြန်မာအဘိဓာန် ကျမ်းပြုဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်း ကောင်း၊ (၂၀၀၂) ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၈၉) နှစ်၊ သိက္ခာ တော် (၆၉) ဝါအရ (၁၃၇၅) ခုနှစ်၊ ပြာသိုလဆန်း (၉) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## ဓမ္မလောက၊ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၇၇-၁၃၇၆)။

။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ကျေးရွာ၊ မဟာရတနာဘုံစံမြတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မလောကကို ခမည်း တော်ဦးစိန်ပွင့်၊ မယ်တော် ဒေါ်ပုတို့က (၁၂၇၇) ခုနှစ်၊



ဘဒ္ဒန္တဓမ္မလောက

တပေါင်းလပြည့်ကျော် (၁၄) ရက်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့ (အရှေ့ပိုင်း) ညောင်ပင်စုဒါးက စံပြကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၇) ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်၊ စနေနေ့ နံနက် (၇း၁၀)နာရီ တွင် စစ်ကိုင်းတောင်ရိုး၊ မဟာရတနာဘုံစံမြတောင် ကျောင်းဆရာတော် ဘဒ္ဒန္တဝိစာရာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရတနာတုလွတ်သိမ်တော်၌ မြင့်မြတ်သောရဟန်း အဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် ပုသိမ်မြို့ (အရှေ့ပိုင်း) ဘုရား ကုန်းကျောင်း၊ သာယာကွင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဇဝန၊ ဘဒ္ဒန္တပညာဝံသတို့ထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့ပြီး ပုသိမ်မြို့ နိဂြောဓကုန်း၊ ညောင်ပင်သာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ၊ မန္တလေးမြို့ မဏိရတနာရာမ မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိစာရာဘိဝံသတို့ထံ၌ ပါဠိပထမပြန်နှင့် ဓမ္မာစရိယ စာဝါများကို သင်ယူဆည်းပူးခဲ့ပြီး ဝိနယမဟာအကျော် သာသနဇောတိကဓရဓမ္မာစရိယဘွဲ့စာမေးပွဲများကို အောင်မြင်သည်။

ဆရာတော်သည် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၊ ဆဋ္ဌသင်္ဂါယနာပါဠိမြန်မာပြန် ဌာန၌ နိကာယ်မြန်မာပြန်များကို ထပ်မံတည်းဖြတ် ပြင်ဆင်သူ ပဋိဝိသောဓကအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ခဲ့ခြင်း၊ မူလပဏ္ဏာသ

ပါဠိတော်နိဿယ၊ မဇ္ဈိမပဏ္ဏာသပါဠိတော်နိဿယ၊ ဥပရိပဏ္ဏာသပါဠိတော်နိဿယ၊ သဂါထာဝဂ္ဂသံယုတ္တ ပါဠိတော်နိဿယကျမ်း (၄) ကျမ်းတို့၏ မူလနိဿယ ရေးသူ မူလဝိသောဓကေဂန္ထကာရကအဖြစ်လည်း ကောင်း၊ အပြီးသတ်အချောကိုင်ပြင်ဆင်သူ ဩဿာန သောဓကေအဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန်ယူ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာပြန်တိပိဋကလမ်းညွှန် ကျမ်းကို စာပြုအဖြစ်လည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အဖြစ် ဒုတိယအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ဆောင်ရွက်ခဲ့ပြီး (၂၀၀၉) ခုနှစ်မှစတင်၍ ပျံလွန်တော် မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံတော် အစိုးရက (၁၃၇၃) ခုနှစ်၊ (၂၀၁၂) ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၉၉) နှစ်၊ သိက္ခာတော် (၇၉) ဝါအရ (၁၃၇၆) ခုနှစ်၊ တန်ဆောင် မုန်းလဆန်း (၉) ရက်တွင် ဘဝနတ်ထံပျံလွန်တော် မူသည်။

**နာယက၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) (မြန်မာ ၁၃၀၂-၁၃၇၆)။**

။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ် (၁) ရပ်ကွက်၊ မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက် (ရွှေပြည်ဗိမာန်) ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာယကကို ခမည်းတော် ဦးထွန်းဆောင်၊ မယ်တော် ဒေါ်လှကြီး တို့က (၁၃၀၂) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂) ရက်၊ စနေနေ့တွင် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူ မြို့နယ်၊ ဆင်လမ်းချောင်းကျေးရွာ၌ ဖွားမြင်တော်မူ သည်။

ဆရာတော်လောင်းလျာသည် (၁၃၁၄) ခုနှစ်၊ ဝါဆိုလတွင် ဆိပ်ဖြူမြို့နယ်၊ ဆင်လမ်းချောင်းကျေးရွာ၊



ဘဒ္ဒန္တနာယက

ရွှေကမ်းမြင့်ကျောင်းဆရာတော် ဘဒ္ဒန္တ တိလောကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၂၂) ခုနှစ်၊ နယုန်လဆန်း (၃) ရက်တွင် ရွှေကမ်းမြင့်ဆရာတော် ဘဒ္ဒန္တ တိလောကကို ဥပဇ္ဈာယ်ပြု၍ ဆိုက်ခမ်းကျေးရွာ ဦးသာမှန်၊ ဒေါ်လေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေကမ်းမြင့် ကျောင်း၊ ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဆိပ်ဖြူမြို့၊ ဆင်လမ်းချောင်း ကျေးရွာ၊ ရွှေကမ်းမြင့်ကျောင်းဆရာတော်၊ စလင်းမြို့ အရှေ့ငါးစဉ်ကျောင်းဆရာတော်၊ ပခုက္ကူမြို့ မဟာ ဝိဇယာရာမ (အရှေ့တိုက်) ဆရာတော်၊ မန္တလေးမြို့ ညောင်ကန်ကျောင်းတိုက်ဆရာတော်စသော ဆရာတော် များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး ပထမကျော်၊ အဂ္ဂမဟာကျော်၊ B.E.T, B.S.T နှင့် သာသနဓဇဓမ္မာ စရိယဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့သည်။

ဆရာတော်သည် မဟာဝိဇယာရာမ (ပါဠိ တက္ကသိုလ်) အရှေ့တိုက်ကြီးတွင် ရဟန်းသာမဏေ များကို ပရိယတ္တိစာပေများသင်ကြားပို့ချခဲ့ပြီး သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယက အဖွဲ့ဝင်၊ အကျိုးတော်ဆောင် ဆရာတော်အဖြစ်လည်း ကောင်း၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း ဆောင် ရွက်ခဲ့သည်။ (၁၉၆၇) ခုနှစ်မှစတင်၍ ကျစွာချောင်းကြီး

ကိုလွှဲအပ်ခြင်းခံယူ၍ ကျောင်းထိုင်ဘုန်းကြီးပဓာန နာယကအဖြစ်ဆောင်ရွက်တော်မူပြီး ပရိယတ္တိစာပေကျမ်းဂန်များကို ပို့ချခဲ့ကာ မဟာဝိဇယရံသီစာသင်တိုက်ကို တည်ထောင်ခဲ့သည်။ (၁၉၇၂) ခုနှစ်မှစတင်၍ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်တရားတော်များကို မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယနှင့်အညီ လက်တွေ့အားထုတ်ခဲ့ပြီး ကျစ္စာချောင်တွင် အတုလရံသီဓမ္မရိပ်သာကို တည်ထောင်၍ ရဟန်းရှင်လူယောဂီသူတော်စင်များအား လက်တွေ့သတိပဋ္ဌာန်တရားဟောကြားလျက် စာပေကျမ်းဂန်များပို့ချပြီး ပရိယတ်ပဋိပတ်တာဝန်နှစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် ရန်ကုန်မြို့မဟာစည်သာသနာ့ရိပ်သာတွင် ကမ္မဋ္ဌာနာစရိယနာယကဆရာတော်အဖြစ် (၁၉၈၃) ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းပြည်ပရဟန်းရှင်လူယောဂီတို့အား လက်တွေ့သတိပဋ္ဌာန်တရားတော်များကို ဟောပြောပြသခဲ့သည်။ (၁၉၈၅) ခုနှစ်တွင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံများသို့ ကြွရောက်၍ လက်တွေ့သတိပဋ္ဌာန်တရားတော်များကို လှည့်လည်ဟောပြောပြသခဲ့သည်။ (၁၉၉၇) ခုနှစ်မှစတင်၍ အမျိုးသား (၁၅၀) ကျော်တို့အား ပရိက္ခရာအစုံလှူဒါန်းကာ ဒုလ္လဘရဟန်းအဖြစ်ခံယူစေ၍ လက်တွေ့သတိပဋ္ဌာန်တရားကို အားထုတ်စေခဲ့သည်။ ပြည်တွင်းယောဂီ (၅၀၀) ကျော်ကိုလည်း နွေရာသီကျောင်းပိတ်ရက်များတွင် ကျစ္စာချောင်၌ သတိပဋ္ဌာန်တရားစခန်းများဖွင့်လှစ်၍ ဟောပြောပြသပေးသည်။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) တွင် သီရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာကို တည်ထောင်ပြီး သာသနာပြုလုပ်ငန်းများကို ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက (၂၀၀၃) ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၆) ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၁၄) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၈) ဝါအရ (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**နန္ဒမာလာ၊ ဘဒ္ဒန္တ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၃၀၈-၁၃၇၅)။** ။ ဧရာဝတီတိုင်းဒေသကြီး၊ တဂေါင်းဘုရားလမ်း၊ ရတနာအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာကို ခမည်းတော် ဦးအောင်သန်း၊ မယ်တော် ဒေါ်တင်အေးတို့က (၁၃၀၈) ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ စက်ဆန်းကျေးရွာတွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၁) နှစ်သားအရွယ်တွင် ဘိုကလေးမြို့ မင်္ဂလာစံကျောင်းဆရာတော်ဘဒ္ဒန္တမဟိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၂၈) ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၅) ရက်တွင် ကပ္ပနန်းကျောင်းဆရာတော် ဘဒ္ဒန္တပညာဒီပကို ဥပဇ္ဈာယ်ပြု၍ ဘိုကလေးမြို့၊ ကမ်းနားလမ်းနေ ဦးအောင်သန်း၊ ဒေါ်တင်အေးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဘိုကလေးမြို့၊ မင်္ဂလာစံကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသည်။

ဆရာတော်သည် ဘိုကလေးမြို့ မင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ၊ ဘဒ္ဒန္တသံဝရ၊ မင်းကွန်းတောင်ရိုး မနောမယချောင်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ခရမ်းမြို့ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဒဿန (အဘိဓဇမဟာရဋ္ဌဂုရု)၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တနာဂဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ ဝေဠုဝန်



**ဘဒ္ဒန္တနန္ဒမာလာ**

နိကာယဓိပတိ သာသနာပိုင်) စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယနှင့်ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်များ ရရှိခဲ့သည်။

ဆရာတော်သည် ပုသိမ်မြို့ ရတနာအုဋ္ဌ်ကျောင်းကို ပရိယတ္တိစာသင်တိုက်အဖြစ် ဖွင့်လှစ်၍ ပရိယတ္တိစာပေများပို့ချခဲ့သည်။ ပုသိမ်မြို့ ကုသိနာရုံဘုရားဩဝါဒါစရိယ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရပထမပြန်စာမေးပွဲ၏ ပုစ္ဆကအတွင်းရေးမှူး၊ တိုင်းပညာဗဟိုအဖွဲ့ခွဲ အဖွဲ့ဝင်၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းအုပ်ချုပ်ရေးနာယကအဖွဲ့ဝင်စသော တာဝန်များကို ထမ်းဆောင်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ဝေဠုဝန်နိကာယဂိုဏ်း၏ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ (၂၀၀၅) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၆၈) နှစ်၊ သိက္ခာတော် (၄၈)ဝါအရ (၁၃၇၅) ခုနှစ်၊ ပြာသိုလဆန်း (၈) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ပညိန္ဒ၊ ဘဒ္ဒန္တ (နိုင်ငံတော်ဩဝါဒါစရိယ) (မြန်မာ ၁၂၉၃-၁၃၇၆)။** ။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ မုသင်ကျေးရွာ၊ မဇ္ဈိမာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညိန္ဒကို ခမည်းတော် ဦးမောင်မြင့်၊ မယ်တော် ဒေါ်အုံးရွှေတို့က (၁၂၉၃) ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ ဗိုလ်ကတော်ရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဗိုလ်ကတော်ရွာ၊ ဗိုလ်ကတော်ကျောင်းဆရာတော်ထံတွင် ဉပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဆရာတော်သည် ဝေါမြို့နယ် ဗိုလ်ကတော်ရွာ ဗိုလ်ကတော်ကျောင်းတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် (၂၀၀၁) ခုနှစ်မှစ၍ပျံလွန်တော်မူသည်အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာပြုတာဝန်များကို ဆောင်ရွက်ခဲ့သည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါအရ (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၂) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**ရေဝတ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၈၄-၁၃၇၆)** ။ ။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာ၊ မင်္ဂလာမုန်ကျောင်းတိုက်ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတကို ခမည်းတော် ဦးမြင့်အောင်၊ မယ်တော် ဒေါ်စောလှိုင်တို့က (၁၂၈၄) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက်၊ (ဗုဒ္ဓဟူးနေ့) တွင် ဓနုဖြူမြို့နယ်၊ ပုကွန်ကျေးရွာ၌ ဖွားမြင်တော်မူသည်။



**ဘဒ္ဒန္တရေဝတ**

ဆရာတော်လောင်းလျာသည် (၁၂၇၉) ခုနှစ်၊ တပေါင်းလဆန်း (၁၅) ရက် အသက် (၁၃) နှစ်သား အရွယ်တွင် ဓနုဖြူမြို့နယ် စံကင်းကျေးရွာ မင်္ဂလာမုန်ကျောင်းဆရာတော်ဦးပဒုမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၀၄) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉) ရက်တွင် မင်္ဂလာမုန်ကျောင်းဆရာတော် ဦးပဒုမကို ဥပဇ္ဈာယ်ပြု၍ ပုကွန်ရွာ ဦးဘိုငွေ၊ ဒေါ်အေးစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မင်္ဂလာမုန်ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် မင်္ဂလာမုန်ကျောင်းဆရာတော် ဘဒ္ဒန္တပဒုမထံ၌ ပရိယတ္တိအခြေခံစာပေများသင်ယူခဲ့ပြီး မန္တလေးမြို့ မြင်းဝန်မင်းကြီးတိုက်ပတ္တမြားကျောင်းဆရာတော်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်နယား ကျောင်းဆရာတော်ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ မန္တလေးမြို့မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ မန်းခေတ္တရာ ကျောင်းဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများသင်ယူ ဆည်းပူးခဲ့ပြီး ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မြင်းဝန်မင်းကြီး တိုက်ပတ္တမြားကျောင်းနှင့် ဓနုဖြူမြို့စံကင်းကျေးရွာ မင်္ဂလာမုန်ကျောင်းတိုက်တို့၌ ပရိယတ္တိစာပေများကို ပို့ချခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်အစရှိသော သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၀) ပြည့်နှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ (၂၀၀၈) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါအရ (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ် လဆန်း (၈) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## လက္ခဏ၊ ဒေါက်တာ၊ ဘဒ္ဒန္တ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၇-၁၃၇၆)။ ။

စစ်ကိုင်းတောင်ရိုး၊ ကျစွာချောင်၊ မဟာဝိဇယရံသီစာသင်တိုက်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ သီရိလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံပဓာန ဦးဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တလက္ခဏကို ခမည်းတော်ဦးသာထယ်၊ မယ်တော် ဒေါ်ဖွားစောတို့က (၁၂၉၇) ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၅) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၃၀၆) ခုနှစ်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဥတ္တရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၁၆) ခုနှစ်၊



**ဘဒ္ဒန္တလက္ခဏ**

ဝါဆိုလဆန်း (၄) ရက်တွင် မန္တလေးမြို့၊ မဟာဝိဇိတာရုံ ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝါသနကို ဥပဇ္ဈာယ်ပြု၍ ကတောကျေးရွာ ရွာသစ်ရပ် ဒေါ်သော်၊ (တူမ) ဒေါ်ထွေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင်းခြံမြို့နယ်၊ ကတောကျေးရွာ၊ ရှစ်မျက်နှာကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

ဆရာတော်သည် မြင်းခြံမြို့၊ ကတောကျေးရွာ၊ ဒက္ခိဏာရာမကျောင်းဆရာတော်ဘဒ္ဒန္တဥတ္တရ၊ စစ်ကိုင်း တောင်ရိုး ရတနာမာရ်အောင်ကျောင်းဆရာတော်၊ ကျစွာချောင်ဆရာတော် ဘဒ္ဒန္တဝိဇယတို့ထံတွင် ပရိယတ္တိစာပေများသင်ယူဆည်းပူးခဲ့ပြီး သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့နှင့် ဒီဃနိကာယပါဠိပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ဆရာတော်သည် (၁၉၈၄) ခုနှစ်တွင် တည်ထောင်သော ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ၏ ပဓာနဦးဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ (ပါဠိ တက္ကသိုလ်) အရှေ့တိုက်ကြီး၏ တိုက်အုပ်ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၉) ခုနှစ်တွင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ကိုလည်းကောင်း၊ (၂၀၀၄) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာ့အကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၈၀)၊ သိက္ခာတော် (၆၀) အရ (၁၃၇၆) ခုနှစ်၊ နယုန်လဆန်း (၇) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## ဝိဇယာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၁-၁၃၇၆)။

။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာသနာ့မာရ်အောင်ဝဲပျံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇယာဘိဝံသကို ခမည်းတော် ဦးစံဖေ၊ မယ်တော် ဒေါ်ဖွားဆိုင်တို့က (၁၂၈၁) ခုနှစ်၊ ဝါခေါင်လဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဆာဆေးကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၂) ခုနှစ်၊ အသက် (၁၁) နှစ်အရွယ်တွင် ဆာဆေးကျောင်း ဆရာတော်ဘဒ္ဒန္တပညာဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဘိုးလိပ်၊ အဘွား ဒေါ်ရွှေခက်တို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၀၀) ပြည့်နှစ်၊ ပြာသိုလဆန်း (၁၄) ရက်တွင် ညောင်လေးပင်မြို့ တောင်ကျောင်းဆရာတော်ဘဒ္ဒန္တကေသရကို ဥပဇ္ဈာယ် ပြု၍ အဘိုးအဘွားတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရွှေကျင်မြို့၊ ဆာဆေးရွာကျောင်းကြီး ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဆာဆေးကျောင်းကြီး ဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ဘဒ္ဒန္တဉာဏဝံသ၊ ညောင်လေးပင်မြို့တောင်ကျောင်းဆရာတော်ဘဒ္ဒန္တ ကေသရ၊ မော်လမြိုင်မြို့သာသနာ့မာရ်အောင်ဝဲပျံ စာသင်တိုက်ဆရာတော်ဘဒ္ဒန္တသုမန၊ တောင်လေးလုံး ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တနာဂသေနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်



ဘဒ္ဒန္တဝိဇယာဘိဝံသ

တမွဝတီကျောင်းဆရာတော်ဘဒ္ဒန္တအရိယ၊ နယားကျောင်းဆရာတော်ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) အစရှိသော စာချအကျော်ဆရာတော်ကြီးများထံတွင် အခြေခံပညာ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော စာပေကျမ်းဂန်များသင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းစာမေးပွဲတွင် ပထမဆင့်မှ ပဉ္စမဆင့်အထိအောင်မြင်၍ သီရိဝိဇယာဘိဝံသပရိယတ္တိသဒ္ဓမ္မပါလဂန္ထဝါစကဏာစရိယဘွဲ့၊ ဆဋ္ဌမဆင့်စာမေးပွဲကို အောင်မြင်ကာ သီရိဝိဇယာဘိဝံသပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ (ဝဋံသကာ) ဘွဲ့၊ သထုံမြို့သုဝဏ္ဏဘူမိသာသနဟိတအသင်းစာမေးပွဲ၌ သီရိဝိဇယာဘိဝံသ၊ သာသနဇောတိပါလ (ဒုတိယစာချ) ဘွဲ့၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့်ဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွအောင်မြင်ခဲ့ပြီး သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့တို့ကို အောင်မြင်ရရှိခဲ့သည်။

ဆရာတော်သည် ညောင်လေးပင်မြို့တောင်ကျောင်းပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ ငှက်ပျောတောကျောင်းပရိယတ္တိစာသင်တိုက်၌လည်းကောင်း ပိဋကတ်ဆိုင်ရာစာပေများကို ပို့ချခဲ့ပြီးနောက် မော်လမြိုင်မြို့သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်၌ နိုင်ငံတော်အစိုးရ၏ ပါဠိပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲနှင့်ပရိယတ္တိသဒ္ဓမ္မပါလအသင်း၊ သုသမာစာရပရိယတ္တိအသင်းစာမေးပွဲတို့အတွက် ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပြီး သာသနာရေး၊ ဘာသာရေးဆိုင်ရာရွှေရတု၊ ငွေရတုစသော စာစောင်များ၌ ဩဝါဒကထာ၊ သမ္မောဒနီယကထာ စသည်တို့ကို ရေးသားချီးမြှင့်ခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာပွဲကြီး၌ ယမကဘာဏကတာဝန်၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မွန်ပြည်နယ်သံဃနာယကအဖွဲ့၏ အကျိုးတော်ဆောင်တာဝန်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မွန်ပြည်နယ်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနာယကဆရာတော်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်၊ နိုင်ငံတော်အစိုးရပါဠိပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲတို့၏ ကြီးကြပ်ရေးဆရာတော်များအဖွဲ့၏နာယက၊ မော်လမြိုင်မြို့ရှိ ဘုရားစေတီတော်များနှင့်သာသနာပြုအသင်းအဖွဲ့များ၏ ဩဝါဒါစရိယတာဝန်၊ နိုင်ငံတော်သံဃာဝိနိစ္ဆယအဖွဲ့အမှတ် (၉/၉၁) ၏ သဘာပတိတာဝန်နှင့် ထေရဝါဒပရိယတ္တိစာမေးပွဲတို့တွင် အကြီးကျယ်ဆုံးဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋကဩဝါဒါစရိယအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို အထူးအလေးထားဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီးသည် နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို (၂၀၁၂) ခုနှစ်မှစတင်၍ ဘဝနတ်ထံပျံလွန်တော်မူသည်အထိ ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၁) ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၅) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ဝါအရ (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**သာဂရ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၁-၁၃၇၆)။** ။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ပန်းမြောင်းကျေးရွာ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်နှင့် ပရိယတ္တိတက္ကသိုလ်ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာဂရကို ခမည်းတော် ဦးအောင်၊



ဘဒ္ဒန္တသာဂရ

မယ်တော် ဒေါ်မသာတို့က (၁၂၈၁) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀) ရက်၊ သောကြာနေ့တွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ငါးမာန်ရဲကျွန်း၊ မှိုက်ချောင်းရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၄) ခုနှစ်တွင် မှိုက်ချောင်းကျောင်းဆရာတော် ဘဒ္ဒန္တ သုမနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် (၈) ရက်တွင် မြေပုံမြို့နယ်၊ မှိုက်ချောင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မဟိုင်းမြစ်နဒီသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် မှိုက်ချောင်းဆရာတော် ဘဒ္ဒန္တ သုမနနှင့် ဇောတ၊ မင်းပြားမြို့ မြို့မတောင်ကျောင်းဆရာတော် ဘဒ္ဒန္တပဒုမ၊ မန္တလေးမြို့ ခင်မကန်တိုက် သူဌေးကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တ နာရဒတို့ထံတွင် ငယ်၊ လတ်၊ ကြီးဆိုင်ရာ ကျမ်းဂန်များ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းပေါင်းများစွာကို သင်ယူဆည်းပူးခဲ့ပြီး နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲများ၊ နိကာယ်တန်းနှင့် အမျိုးသားပထမကျော်တန်းစာမေးပွဲများအောင်မြင်သဖြင့် သာသနဓဇမဟာစရိယ၊ ရခိုင်ပြည်နယ်လုံးဆိုင်ရာ ပထမကျော်ဘွဲ့တံဆိပ်တော်များရရှိသည်။

ဆရာတော်သည် ပန်းမြောင်းရွာသစ်ကျောင်း ပရိယတ္တိတက္ကသိုလ်၌ ရဟန်းသာမဏေတို့အား ပရိယတ္တိအခြေခံမှစ၍ ပထမပြန်အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းဆိုင်ရာ ကျမ်းစာများကို ပို့ချခဲ့ပြီး မင်းပြားမြို့၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်တွင် ရဟန်းသာမဏေ (၄၀) ကျော်တို့အား အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းဆိုင်ရာ ကျမ်းစာများကို သင်ကြားပို့ချပေးခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် (၄) နှစ်တိုင်တိုင် သင်္ဂီတိကာရကအဖြစ် ဆောင်ရွက်ခဲ့သဖြင့် ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောကေဘွဲ့တံဆိပ်ရရှိခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်ဆောင်ရွက်ခဲ့ပြီး ပျံလွန်တော်မူချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် ပထမပြန်စာမေးပွဲအထူးကြီးကြပ်ရေးအဖွဲ့ ဆရာတော်အဖြစ်လည်းကောင်း၊ နရမ်းပဝါရဏာဂိုဏ်းအုပ်ဆရာတော်အဖြစ် လည်းကောင်း မင်းပြားမြို့ အောင်မင်္ဂလာပရိယတ္တိ စာသင်တိုက်နှင့် ပရိယတ္တိတက္ကသိုလ် ကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၅) ဝါအရ (၁၃၇၆) ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**သာဂရာဘိဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၈-၁၃၇၆)။** ။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓမ္မနယူပဒေသကျောင်း နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မ



ဘဒ္ဒန္တသာဂရာဘိဝံသ

ကထိကဗဟုဇန ဟိတဓရ ဘဒ္ဒန္တ သာဂရာဘိဝံသကို ခမည်းတော် ဦးကံညွန့်၊ မယ်တော်ဒေါ်ချစ်တို့က (၁၂၈၈) ခုနှစ်၊ ပြာသိုလဆန်း (၁၂) ရက်၊ သောကြာနေ့တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွှေလှံကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၉) ခုနှစ် ရေစကြိုမြို့နယ် ရွှေလှံကျေးရွာ တောင်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ (၁၃၀၉) ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်တွင် မြစ်သာအနောက်ကျောင်းတိုက် ခဏ္ဍသိမ်၌ ကျောင်းကြီးဆရာတော်ဘဒ္ဒန္တ နန္ဒမာလာကို ဥပဇ္ဈာယ်ပြု၍ မြောင်မြို့နယ် မြစ်သာကျေးရွာနေ ဦးဖိုးစိန်နှင့်ဒေါ်အိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ရေစကြိုမြို့နယ် ရွှေလှံတောင်ကျောင်းကြီးဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ ပထမ မစိုးရိမ်ဆရာတော်၊ ဘုရားကြီးတိုက်၊ တမ္ပဝတီအုဌ်ကျောင်းဆရာတော်၊ ဝေယံဘုံသာကျောင်းတိုက် ဆရာတော်၊ ပခုက္ကူမြို့ ရွှေပေါက်ပင်ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၈) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါအရ (၁၃၇၆) ခုနှစ်၊ ဝါခေါင်လဆန်း (၅) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

**အနုမိဝရ၊ ဘဒ္ဒန္တ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၃-၁၃၇၆)။** ။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ဓမ္မာရုံရွှေကျင်ကျောင်းတိုက်ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အနုမိဝရကို ခမည်းတော် ဦးအောင်သာ၊ မယ်တော် ဒေါ်ကောင်းမယ်တို့က (၁၂၈၃) ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀) ရက်တွင် မအူပင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် (၁၂၉၆) ခုနှစ်၊ ကဆုန်လပြည့်နေ့၌ မအူပင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ ဓမ္မိကာရာမကျောင်းဆရာတော် ဘဒ္ဒန္တတေဇောကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး (၁၃၀၃) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ မြေနုသောင်ကျောင်းဆရာတော်ဘဒ္ဒန္တဇာနုတ္တရကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့၊ အောင်ဇေယျလမ်း ဦးထွန်းတင်၊ ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မအူပင်မြို့၊ ဓမ္မိကာရုံရွှေကျင်



ဘဒ္ဒန္တအနုမိဝရ

ကျောင်း၊ သီလဝိသောဓနီခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ဓမ္မိကာရုံရွှေကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာဘိဝံသထံ၌ ပရိယတ္တိစာပေများကို ကျမ်းရိုးပေါက်သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်သည် သာသနာပြုသက်တမ်း (၇၂) နှစ်အတွင်း ဓမ္မာရုံရွှေကျောင်းနိကာယဝိနည်းစာတော်ပြန်ပွဲကြီး၏ မဟာနာယကဆရာတော်နှင့် မြို့နယ်ပထမပြန်စာမေးပွဲကျင်းပရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်လှစ်သင်ကြားပေးခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းစသော သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပြီး ရွှေကျင်နိကာယဥပဥက္ကဋ္ဌ (တွဲဖက်ရွှေကျင်သာသနာပိုင်)၊ ဓမ္မာရုံဝိနည်းပြန်ဌာနဂိုဏ်းချုပ်၊ မအူပင်မြို့ရှိ ရွှေဘုန်းမြင့်စေတီတော်နှင့် ပေါ်တော်မူစေတီတော်ကြီးတို့၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယအစရှိသော တာဝန်များကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၂၀၁၀) ပြည့်နှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၁၄) ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါအရ ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅) ရက်တွင် ဘဝ နတ်ထံပျံလွန်တော်မူသည်။

## အာဒိစ္စဝံသ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (မြန်မာ ၁၂၉၃-၁၃၇၆)။

။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့၊ တောင်ပေါ်ကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာဒိစ္စဝံသကို ခမည်းတော်ဦးဆုရ၊ မယ်တော် ဒေါ်ရင်တို့က (၁၂၉၃) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅) ရက်၊ တနင်္ဂနွေနေ့တွင် မုံရွာမြို့နယ်၊ ဆားလင်းကြီးမြို့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂) နှစ်သားအရွယ်တွင် မြင်တင်ကျောင်းဆရာတော် ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး (၁၃၁၃) ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၅) ရက်တွင် တောင်ပေါ်ကျောင်းဆရာတော်ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ ဒေါ်စောရှင်၊ ဦးဇော်တင့်၊ ဒေါ်ပိုပို၊ ဦးချစ်ဆွေ၊ ဒေါ်စိန်စိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆားလင်းကြီးမြို့၊ ယောသိတာရုံတိုက်ခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော် ဦးသုမနထံတွင် အခြေခံကျမ်းစာများသင်ယူခဲ့ပြီး ယောသိတာရုံဆရာတော်ဦးအာစိဏ္ဏ၊ မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဝါသဝါဘိဝံသ၊ ဝေယံဘုံသာဆရာတော်ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များထံတွင်

ပါဠိတော်၊ အဋ္ဌကထာကျမ်းစာများကို သင်ကြားဆည်းပူးခဲ့ပြီး ဓမ္မာစရိယတန်းကို အောင်မြင်၍ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဆားလင်းကြီးမြို့တောင်ပေါ်ကျောင်း၊



ဘဒ္ဒန္တအာဒိစ္စဝံသ

မန္တလေးမြို့ဝိသုဒ္ဓါရုံမယ်ဇယ်တိုက်တို့၌ စာပေပရိယတ္တိများ သင်ကြားပို့ချခဲ့သည်။ ဆရာတော်သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ဂိုဏ်းဂဏတာဝန်အဖြစ် ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဒုဥက္ကဋ္ဌ (ရွှေကျင်) အစရှိသောတာဝန်များထမ်းဆောင်ခဲ့သည်။ ဆရာတော်သည် ဆားလင်းကြီးမြို့တောင်ပေါ်ကျောင်းဆရာတော်၊ ဧဒွေးလွင် (ဆားလင်းကြီး) ကလောင်အမည်များဖြင့် ဗဟုသုတဖြစ်ဖွယ်ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများကို သာသနာ့ရောင်ခြည်မဂ္ဂဇင်းနှင့် သတင်းစာများတွင် ရေးသားခဲ့သည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား (၁၉၉၇) ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ (၂၀၀၁) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်ရင်း သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါအရ (၁၃၇၆) ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

## လူပုဂ္ဂိုလ်များ

### ခင်မောင်ရင်၊ ပန်းချီဆရာ (၁၉၃၈-၂၀၁၄)။

။ ဗိသုကာ အင်ဂျင်နီယာ၊ ပန်းချီဆရာ၊ ရုပ်ရှင်ဒါရိုက်တာအဖြစ် ထင်ရှားကျော်ကြားသူ ခင်မောင်ရင်ကို ဦးသိန်းမောင် (ခ) ဦးသန်းမောင်နှင့် ဒေါ်မြသီတို့က (၁၉၃၈) ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သာယာကုန်းကျေးရွာ၌ မွေးဖွားသည်။ မွေးချင်း (၁၀) ယောက်အနက် အကြီးဆုံးသားဖြစ်သည်။

(၁၉၆၀) ပြည့်နှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဗိသုကာအင်ဂျင်နီယာဘွဲ့ရရှိသည်။ ထိုနှစ်မှာပင် ပန်းချီကားများကို စတင်ရေးဆွဲသည်။ အထူးသဖြင့် ခေတ်ပေါ်ပန်းချီနှင့်ပတ်သက်၍ ရေးဆွဲရာတွင် ထင်ရှားကျော်ကြားသည်။

(၁၉၆၂) ခုနှစ်တွင် ပန်းချီခင်မောင်ရင်၏ ပထမဆုံးတစ်ကိုယ်တော် ပန်းချီပြပွဲပြုလုပ်ခဲ့သည်။ (၁၉၆၃) ခုနှစ်တွင် ပထမဆုံး မော်ဒန်သီးသန့်ပန်းချီပြပွဲတွင် ဗချီအောင်စိုး၊ ဦးခင်မောင် (ဘဏ်)၊ ကိုရွှေအောင်သိန်း၊ ဦးဝင်းဖေတို့နှင့် တွဲဖက်ပြသခဲ့သည်။ ပေါ်ဦးသက်၊ ဗချီအောင်စိုး၊ ဦးဝင်းဖေတို့သည် ၎င်းနှင့်ခေတ်ပြိုင် ပန်းချီဆရာများဖြစ်ကြသည်။ မြန်မာမော်ဒန်ပန်းချီ လှုပ်ရှားမှုတွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ခဲ့သောအအောင်ရုံးခန်း တည်ထောင်သူတစ်ဦးလည်းဖြစ်သည်။

ခင်မောင်ရင်သည် ပေါ်ဦးသက်အလည်လာခြင်းနှင့် အခြားပန်းချီဆိုင်ရာ စာအုပ်၊ ဇော်ဇော်အောင်နှင့် တွဲဖက်၍ အနုပညာစံစာအုပ်များကို ရေးသားခဲ့သည်။

ထို့ပြင် ခင်မောင်ရင်သည် နှမလက်ကျော့နေလေ တော့နှင့် ဘဇံ ဘမှန်အကြောင်း ရုပ်ရှင်ဇာတ်ကားများ ကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။ ခင်မောင်ရင်



**ခင်မောင်ရင်**

သည် ပန်းချီကားပေါင်း ထောင်ကျော်ရေးဆွဲခဲ့သူဖြစ်သည်။ နေ့စဉ်နေ့တိုင်း ပန်းချီရေးဆွဲလေ့ရှိပြီး မြန်မာနိုင်ငံတွင် ပန်းချီကားအများဆုံးရေးဆွဲနိုင်သူဟု ပန်းချီလောကက သတ်မှတ်ပြောဆိုကြသည်။

ပန်းချီခင်မောင်ရင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်း သွားရောက်ကာ ပန်းချီပညာများကို လေ့လာခဲ့သည်။ (၁၉၇၅) ခုနှစ်မှစ၍ မြန်မာလူငယ်လူရွယ်များ အင်္ဂလိပ်စာတိုးတက်ရေးကို ရှေးရှု၍ အောင်စည် အလွတ်ပညာသင်ကျောင်းကို တည်ထောင်ကာ (၁၅) နှစ်တိုင် အင်္ဂလိပ်စာဘာသာရပ်ကို သင်ကြားပြသခဲ့သည်။

ခင်မောင်ရင်သည် ၎င်း၏ပန်းချီကားများကို ရောင်းချရာတွင် အများအားဖြင့် ပြည်ပနိုင်ငံများမှ ပန်းချီကားမြတ်နိုးစုဆောင်းသူများ၏ ဝယ်ယူ အားပေးခြင်းကိုခံရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်ကျခံစဉ် ကာလက ၎င်းကို ကြည်ညိုလေးစားစိတ်ဖြင့် ဓာတ်ပုံ မကြည့်ဘဲ အာရုံဖြင့် ၎င်း၏ပုံကို ပုံတူ (၂၀၀) ကျော် ရေးဆွဲခဲ့သည်။ ရေးဆွဲခဲ့သမျှကိုလည်း ပြည်ပမှ ဝယ်ယူခြင်းခံရသည်။

ခင်မောင်ရင်သည် (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်မှ (၁၀) ရက်အထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery (၆၅) တွင် ခင်မောင်ရင် (၇၅) အမည်ဖြင့် ၎င်း၏စိန်ရတုအသက်အရွယ်အထိမ်းအမှတ်ပန်းချီပြပွဲကို နောက်ဆုံးပြသခဲ့သည်။ ခင်မောင်ရင်သည် ၎င်း၏ဘဝတစ်လျှောက်လုံးကို ပန်းချီရေးဆွဲခြင်း၊ အနုပညာကို မွေ့ထုံခြင်းဖြင့် အိမ်ထောင်မပြုဘဲ နေလာခဲ့ရာမှ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ၊ သန္တာလမ်းသွယ်၊ (၁၁) လမ်းနေအိမ်၌ (၂၀၁၄) ခုနှစ်၊ ဇွန်လ (၁၀) ရက်တွင် ကွယ်လွန်သည်။

**ခင်ယုမေ (၁၉၃၇-၂၀၁၄)။** ။ အနုပညာလောက၌ ဂန္ထဝင်အနုပညာရှင်၊ ရေဒီယိုတေးသံရှင်၊ ရုပ်ရှင်မင်းသမီး ထပ်ဆင့်အကယ်ဒမီ ခင်ယုမေဟု ထင်ရှားကျော်ကြားသော ခင်ယုမေကို ဦးယုစွမ်၊ ဒေါ်ကြင်မြိုင်တို့က (၁၉၃၇) ခုနှစ်၊ မတ်လ (၂၃) ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ငယ်နာမည်မှာ ဘိတ္တာ (ခေါ်) မေယုစွမ်ဖြစ်သည်။

ရေဒီယိုတေးသံရှင် ခင်ယုဆွေ၏ အစ်မဖြစ်သူ ခင်ယုမေသည် ကျောင်းနေစဉ်ကတည်းကပင် အားကစားလိုက်စားခြင်းနှင့် ပန်းချီရေးဆွဲခြင်းကို ဝါသနာကြီးခဲ့သည်။ ပန်းချီဆရာကြီး အမ်တင်အေးထံတွင် ပန်းချီပညာသင်ယူသည်။ ပန်းချီပြိုင်ပွဲများ၌ ဆုများချီးမြှင့်ခံရသည်။ အနုပညာ ဝါသနာထုံသော ခင်ယုမေသည် ဂီတစာဆို မြို့မသီးနှင့်တွေ့ပြီး သိကျွမ်းရင်းနှီးရာမှ ၎င်း၏ အားပေးတိုက်တွန်းမှုဖြင့် သီချင်းဆိုဖြစ်သွားသည်။ မြင်းလှည်းလေးနဲ့ တူပျော်ပျော်သီချင်းသည် ခင်ယုမေ အတွက် ဂီတလောက၌ခြေချရန် မြန်မာ့အသံမှ ပထမဆုံး သီဆိုအသံလွှင့်သွားသော သီချင်းဖြစ်သည်။ ထိုသီချင်းသည် ပဒေသာမျိုးလိုင်နှင့် တွဲဖက်သီဆိုထားသော စုံတွဲသီချင်းဖြစ်သည်။ ထို့ပြင် မေတ္တာမူပိုင်၊ ငွေကြယ်လေးများပမာ၊ အနိုင်ယူမယ်၊ ပြုံးဆင့်မယ့် သစ္စာရှင်လေးတို့အပြင် တူတူရေ၊ ရိုင်းတဲ့စင်ရော်၊ မိုးနှမလေးနှုတ်ဆက်လွှာ၊ မုန့်ဆီကြော်၊ စကားတက္ကသိုလ်တို့မှာ ခင်ယုမေ၏ ကျော်ကြားသော သီချင်းများဖြစ်ကြသည်။ ထို့ပြင် ကိုမင်းနောင်နှင့်စုံတွဲ သီဆိုထားသော ချစ်လွန်းလို့၊ တက္ကသိုလ်မျိုးချစ်၊ ကိုသက်ဦးတို့နှင့်တွဲဖက်သီဆိုထားသော ချစ်ကြစမ်းပါ သီချင်းများလည်း ထင်ရှားအောင်မြင်ခဲ့သည်။



ခင်ယုမေ

ခင်ယုမေသည် ရေဒီယိုတေးသီချင်းများ သီဆို အသံလွှင့်နေရာမှ ဒါရိုက်တာဦးချင်းစိန်နှင့်တွေ့ပြီး “အသက်” ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးသည်။ (၁၉၆၀) ပြည့်နှစ်တွင် “စိုးပါနဲ့မေရယ်” ဇာတ်ကား၌ မင်းသားမောင်သင်နဲ့ တွဲဖက်သရုပ်ဆောင်ရိုက်ကူး သည်။ ထို့နောက် မြတ်မော်ဦးရုပ်ရှင်က ဒါရိုက်တာ ကျော်ဝင်းရိုက်ကူးသည့် “ချစ်မဝတဲ့အာရုံ” ရုပ်ရှင်ဇာတ်ကား၌ မင်းသားမြင့်အောင်နှင့် တွဲဖက်သရုပ်ဆောင် ထားသည်။ ထိုမှတစ်ဆင့် ခင်ယုမေသည် ရုပ်ရှင်လောက၌ နာမည်တစ်လုံးရရှိပိုင်ဆိုင်ထားသော သရုပ်ဆောင်အဖြစ် ထင်ရှားကျော်ကြားလာသည်။

ခင်ယုမေသည် ဒါရိုက်တာမင်းသား ကျော်ဆွေနှင့် ဇာတ်ကားများစွာကို တွဲဖက်ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ကြည့်ပရိသတ်များ အမြင်၌လည်း ကျော်ဆွေနှင့် ခင်ယုမေကို တွဲဖက်ညီသော သရုပ်ဆောင်များအဖြစ် မှတ်တမ်းပြုကြသည်။ မင်းသားကျော်ဆွေနှင့် စတင်ရိုက်ကူးသောဇာတ်ကားမှာ စောရမင်းသားဖြစ်သည်။ ထို့နောက် ခင်ယုမေသည် “မေ” အမည်သို့ပြောင်းကာ မချူသာသည်၊ သည်မေတ္တာလမ်း၊ ပုံပမာ၊ ပုလဲမျက်ရည် ဇာတ်ကားများကို မင်းသားကျော်ဆွေနှင့် တွဲဖက်ရိုက်ကူးခဲ့သည်။ ခင်ယုမေသည် သရုပ်ဆောင်လောက၌ (၁၉၆၁) ခုနှစ် မန္တလေးရုပ်ရှင် ဒါရိုက်တာလှမြင့်ရိုက်ကူးသော ကိုယ်ပိုင်မေတ္တာဇာတ်ကား၌တစ်ကြိမ်၊ (၁၉၇၅) ခုနှစ်တွင် ဒါရိုက်တာစာရေးဆရာ သုခရိုက်ကူးသော ရွှေခြည်ငွေခြည်တန်းပါလို့ ဇာတ်ကား၌တစ်ကြိမ် ရုပ်ရှင်ထူးချွန်ဆု အကောင်းဆုံးအမျိုးသမီးရုပ်ရှင်ဇာတ်ဆောင်ဆု ရရှိခဲ့သည်။

ခင်ယုမေသည် ရုပ်ရှင်ဇာတ်ကားကြီး (၈၂) ကား၊ ဗီဒီယို (၇) ကား၊ ရုပ်မြင်သံကြား (၂) ကား ရိုက်ကူးခဲ့သည်။ ခင်ယုမေသည် ရုပ်ရှင်သရုပ်ဆောင်ခြင်းအပြင် ရုပ်ရှင်တွဲဖက်ဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်ခဲ့ရာ အချစ်ဆုံးမုန်းဘုရင်နှင့် တစ်ကျော့ပြန်ဇာတ်ကားတို့မှာ ထင်ရှားသည်။

ခင်ယုမေသည် ရှစ်တန်းကျောင်းသူဘဝကပင် သီချင်းများစ၍ သီဆိုသည်။ မူလက ရုပ်ရှင်မင်းသမီး လုပ်ရန် စိတ်မကူးခဲ့ဘဲ ဘီသုံးလုံးရုပ်ရှင်ကုမ္ပဏီက ၎င်း၏ ဓာတ်ပုံများကို မြင်တွေ့သွားရာမှ ဒါရိုက်တာ ဦးချင်းစိန်နှင့် ဦးဘခန့်တို့၏ အားပေးတိုက်တွန်းမှုဖြင့် ရုပ်ရှင်လောကသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ခင်ယုမေသည် ပန်းချီဝါသနာပါသည့်အလျောက် အချုပ်အလုပ်ကျွမ်းကျင်ပြီး အဝတ်အစားများကို ကိုယ်တိုင်ဖက်ရှင်ထွင် ကိုယ်တိုင်ချုပ်လုပ်ဝတ်ဆင်တတ်သူ ဖြစ်သည်။ ထိုခေတ်အခါက ခင်ယုမေဖက်ရှင်ဟုပင် နာမည်ကျော်ကြားခဲ့ကြောင်း ရုပ်ရှင်မှတ်တမ်းများက ဖော်ပြသည်။ ထို့ပြင် ၎င်း၏ကိုယ်ပိုင်သွင်ပြင်မူရာ အနေဖြင့် ထဘီတိုတိုဝတ်ဆင်ခြင်းအလှက ထိုခေတ်ထိုအခါ၏ အမျိုးသမီးများလောက၌ ထင်ရှားကျော်ကြားခဲ့ကြောင်း ရုပ်ရှင်မှတ်တမ်းများက ဖော်ပြကြသည်။

ထူးခြားသည်မှာ ခင်ယုမေကို စွဲလမ်းနှစ်သက်ကြသော ရုပ်ရှင်ချစ်သူ အမျိုးသားပရိသတ်တို့သည် ခင်ယုမေအသင်းကိုတည်ထောင်၍ပင် ခင်ယုမေကို အားပေးခဲ့ကြကြောင်း ရုပ်ရှင်မှတ်တမ်းများက ဖော်ပြကြသည်။

ခင်ယုမေသည် အသက် (၇၈) နှစ်အရွယ် (၂၀၁၄) ခုနှစ် ဇန်နဝါရီလ (၂၄) ရက်တွင် ရန်ကုန်မြို့၌ သားအိမ်ကင်ဆာရောဂါဖြင့်ကွယ်လွန်သည်။

## တင်တင်ဦး၊ ဒေါ် (မေယု) (၁၉၃၀-၂၀၁၄)။

။ ကန်တော့ခံသက်ကြီးစာပေပညာရှင် စာရေးဆရာမ မေယုကို ပါမောက္ခ ဦးဘညွန့်၊ ဒေါ်နှင်းရီတို့က (၁၉၃၀)



ဒေါ်တင်တင်ဦး

ပြည့်နှစ်၊ မေလ (၁၀) ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်တင်တင်ဦးဖြစ်သည်။

(၁၉၄၇) ခုနှစ်တွင် တီတီစီကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုအောင်မြင်သည်။ (၁၉၅၂) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ (၁၉၆၂) ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ပထမအဆင့်ကို မြန်မာ ဘာသာဖြင့် ရရှိအောင်မြင်သည်။

(၁၉၅၃) ခုနှစ်တွင် ဒဂုံ အ. ထ. က (၁)၊ အင်းစိန် အ. ထ. က၊ တာမွေ အ. ထ. က (၃) ၌ အထက်တန်းပြ ဆရာမအဖြစ်လည်းကောင်း၊ စာပေဗိမာန်၌ စာပြုအဖြစ် လည်းကောင်း၊ စာပေဗိမာန် စွယ်စုံကျမ်းဌာန၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတို့၌ စာတည်းအဖြစ်လည်းကောင်း၊ တပ်မတော်ပညာရေးတွင် အမျိုးသမီးအရာရှိအဖြစ်လည်းကောင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တပ်မတော်ပညာရေးကျောင်းတွင် တပ်မှူးအဖြစ်လည်းကောင်း၊ မြန်မာစာကော်မရှင်တွင် စာတည်းမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ အဘိဓာန်ကျမ်း အကျဉ်းချုပ်၊ သတ်ပုံကျမ်းနှင့် မြန်မာအဘိဓာန်ထုတ်ဝေရေးအတွက် တာဝန်များထမ်းဆောင်ခဲ့ပြီးနောက် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

တက္ကသိုလ် ပထမနှစ်ကပင် ဝတ္ထုတိုများ စတင်ရေးသားခဲ့ရာ သွေးသောက်မဂ္ဂဇင်းတွင် ဘာသာပြန်ဝတ္ထုတို (၁၀၀) ကျော် ရေးသားခဲ့သည်။ အထူးသဖြင့် ရုရှားဝတ္ထုတိုများကို ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ရှုမဝမဂ္ဂဇင်းတွင် ပါးလ်ဘ်၏ဝတ္ထုကို ချစ်ဆန်းချိန်အမည်ဖြင့် ဘာသာပြန်ဝတ္ထုရှည် ရေးသားခဲ့သည်။

ဆရာမကြီးသည် လုံမလေးမဂ္ဂဇင်းတွင် အမေရိကန်နိုင်ငံသမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ မိခင်ကိုယ်တိုင်ရေး ကိုယ်ရေးအတ္ထုပ္ပတ္တိကို လွမ်းမောတမ်းတမိတယ် ကွယ်အမည်ဖြင့် အခန်းဆက်ဝတ္ထုရှည်နှင့် အာဖရိကတိုက်တွင် တောတွင်းတိရစ္ဆာန်များအား လေ့လာသည့် သိပ္ပံပညာရှင်များရေးသားသည့် တောတွင်းဘဝအဲယ်လ်ဇာဝတ္ထုရှည်တို့ကို 'မေယု' ကလောင်အမည်ဖြင့် ဘာသာပြန်ဆိုရေးသားခဲ့သည်။ ကလျာမဂ္ဂဇင်းတွင်လည်း 'မေဦးမွန်' ကလောင်အမည်ဖြင့် ဆောင်းပါးများကို ကွယ်လွန်ချိန်အထိ ရေးသားခဲ့သည်။

ဆရာမကြီးသည် အသက် (၈၄) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်တွင် ကွယ်လွန်သည်။

**တင်နိုင်တိုး (၁၉၆၃-၂၀၁၄)။** ။ မြန်မာ့သမိုင်းဆိုင်ရာ ဆောင်းပါးများစွာရေးသားခဲ့သူ တင်နိုင်တိုးကို (၁၉၆၃) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့၌ အဘ ဦးညွန့်ထွန်းနှင့် အမိ ဒေါ်တင်တင်တို့က မွေးဖွားသည်။

(၁၉၆၉) ခုနှစ်တွင် ဂုံညင်းတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး (၁၉၇၂) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ ထားဝယ်မြို့၌လည်းကောင်း၊ (၁၉၇၆) ခုနှစ်တွင် သာယာဝတီမြို့၌လည်းကောင်း၊ (၁၉၇၇) ခုနှစ်မှ (၁၉၇၉) ခုနှစ်အထိ တောင်ကြီးမြို့၌လည်းကောင်း နေထိုင်ကာ ပညာသင်ကြားခဲ့သည်။

(၁၉၇၉) ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို အင်္ဂလိပ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။ (၁၉၈၀) ပြည့်နှစ်တွင် အင်းစိန်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသို့တက်ရောက်ခဲ့ပြီး (၁၉၈၃) ခုနှစ်တွင် မြို့ပြဘာသာဒီပလိုမာကို ရရှိခဲ့သည်။

(၁၉၈၄) ခုနှစ်တွင် ပဲခူးမြို့ ဆည်မြောင်းဦးစီးဌာန၌ လုပ်ငန်းပြအင်ဂျင်နီယာအဖြစ် စတင်တာဝန်



**တင်နိုင်တိုး**

ထမ်းဆောင်သည်။ ယင်းသို့အမှုထမ်းစဉ်အတွင်း ပဲခူးမြို့နယ် စာပေလုပ်သားအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၁၉၈၄) ခုနှစ်၊ နိုဝင်ဘာလ စာဆိုတော်နေ့ အထိမ်းအမှတ်စာပေပြိုင်ပွဲတွင် ဝတ္ထုတို (တတိယ) ဆုကိုလည်းကောင်း၊ (၁၉၈၅) ခုနှစ်၊ နိုဝင်ဘာလ စာပေပြိုင်ပွဲတွင် ကဗျာတတိယဆုကိုလည်းကောင်းရရှိသည်။ (၂၀၁၄) ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းစာပေဆုကို မြန်မာမင်းများလက်ထက် သံတမန်ဆက်ဆံရေးစာအုပ်ဖြင့် (၂၀၁၂) ခုနှစ်အတွက်ဆုရရှိခဲ့သည်။

(၁၉၈၆) ခုနှစ်တွင် လှည်းကူးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၌ အင်ဂျင်နီယာ (ရေ/သန့်) အဖြစ် အမှုထမ်းသည်။ (၁၉၉၀) မှ (၁၉၉၃) ခုနှစ်ကာလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Permata Estate Project Sdn.Bh.d သို့ သွားရောက်အမှုထမ်းခဲ့သည်။ (၁၉၉၄) ခုနှစ်နောက်ပိုင်းမှစ၍ ဝါသနာပါရာ မြန်မာသမိုင်းသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။

ပထမဆုံးပုံနှိပ်ခံရသောစာမူမှာ ဗန်းမော်ခရိုင် မဂ္ဂဇင်း (၁၉၉၈) တွင် ကိုတိုးတိုး (စီမံကိန်း) ကလောင်အမည်ဖြင့် ရေးသားခဲ့သော ကုန်းဘောင်ခေတ်ဗန်းမော်မြို့ဝန် ဆောင်းပါးဖြစ်သည်။ (၁၉၉၉) ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ-အင်္ဂလိပ်ပြက္ခဒိန် (မြန်မာသက္ကရာဇ် ၁-၁၃၆၂၊ အေဒီ ၆၃၉-၂၀၀၀) စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ (၂၀၁၂) ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အနုပညာရှင်များစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထို့ပြင် ပုဂံအဘိဓာန်၊ မြန်မာမြို့အဘိဓာန်စာအုပ်၊ မြန်မာကင်းထောက်သမိုင်းအပါအဝင် စာအုပ်ပေါင်း (၈၀) ခန့် ရေးသားထုတ်ဝေခဲ့သည်။

တင်နိုင်တိုးသည် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကသတင်းစာများပေါ်ပေါက်လာသောအခါ ထိုသတင်းစာများ၌ သမိုင်းဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်နီးပါးရေးသားခဲ့သည်။ အထူးသဖြင့် Daily Eleven သတင်းစာတွင် ဆောင်းပါးများစွာ ရေးသားခဲ့သည်။

တင်နိုင်တိုးသည် (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**ထွန်းရီ၊ ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) (၁၉၂၆-၂၀၁၄) ။** ။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ (အငြိမ်းစား)ကို ဦးခနှင့် ဒေါ်အေးတို့က (၁၉၂၆) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်တွင် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ဝမ်းပြည့်ရွာ၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က ဝမ်းပြည့်ရွာ မန္တလေးမြို့နှင့် မြင်းမူမြို့တွင် ပညာသင်ကြားခဲ့ပြီး (၁၉၄၂) ခုနှစ်၌ (၁၀) တန်းအောင်မြင်သည်။

(၁၉၄၃) ခုနှစ်တွင် မြန်မာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) သို့ တပ်သားအဆင့်ဖြင့် ဝင်ရောက်ခဲ့ပြီး တပ်ရင်း (၄) ၌ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၄၄) ခုနှစ်တွင် ဂျပန်ခေတ် စစ်တက္ကသိုလ်၊ မင်္ဂလာဒုံဗိုလ်သင်တန်း အပတ်စဉ် (၃) တက်ရောက်ခဲ့သည်။ (၁၉၄၅) ခုနှစ် ဖက်ဆစ်တော်လှန်ရေးတွင် ဒုတိယဗိုလ်အဆင့်ဖြင့် တိုင်း (၁) တပ်ရင်း (၁၀၆) ၌ တော်လှန်ရေး ပြီးဆုံးသည်အထိ တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၄၆) ခုနှစ်မှ (၁၉၅၁) ခုနှစ်အထိ အမှတ် (၄) သေနတ်ကိုင်တပ်ရင်းတွင် တပ်သားရိုးရိုးမှ ဒုတိယအရာခံဗိုလ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၅၀) ပြည့်နှစ်တွင် လွတ်လပ်ရေးခေတ် ဗိုလ်သင်တန်းအပတ်စဉ် (၄) တက်ရောက်ခဲ့ပြီး ဒုတိယဗိုလ်ခန့်အပ်



ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ (အငြိမ်းစား)

ခံရကာ ဗိုလ်သင်တန်းကျောင်း၌ပင်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် (၁၉၅၁) ခုနှစ် ဇန်နဝါရီလ (၅) ရက်တွင် ခလရ (၇) သို့ပြောင်းရွှေ့၍ ဇွန်လတွင် ထိုစဉ်က မော်လမြိုင်တွင် တပ်ရင်းဌာနချုပ်ဖွင့်လှစ်ထားသော ကျိုက္ကမီခရိုင် စစ်ဝန်ထမ်းတပ်ရင်းသို့ ဗိုလ်အဆင့်ဖြင့် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၅၃) ခုနှစ်တွင် သထုံခရိုင် စစ်ဝန်ထမ်းတပ်ရင်းတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ရသည်။

(၁၉၅၄) ခုနှစ်မှ (၁၉၆၂) ခုနှစ်အတွင်း ခလရ (၂၀)၊ သနက (၄)၊ အထူးတပ်ရင်း (၁၀၅) နှင့် မေမြို့စစ်တက္ကသိုလ်တွင် ဗိုလ်လောင်းတပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်တက္ကသိုလ် အပတ်စဉ် (၁) မှ (၇) အထိ စစ်ပညာသင်ကြားလေ့ကျင့်ပေးခဲ့သည်။ (၁၉၆၂) ခုနှစ်တွင် စစ်တက္ကသိုလ်မှ ပြောင်းရွှေ့ပြီး အမှတ် (၃) ကချင်သေနတ်ကိုင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဗိုလ်ကြီးဘဝ C.C Course ကို ဗထူးတပ်တွင် တက်ရောက်ခဲ့စဉ် အဆင့် (၁) ရရှိခဲ့သည်။ ထိုအချိန်တွင် အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်း၊ အာရပ်အစ္စရေး (၆) ရက် စစ်ပွဲတွင် ထင်ရှားခဲ့သူသည် အရှေ့အာရှနိုင်ငံများရှိ တပ်မတော်စစ်ကျောင်းများသို့ လေ့လာရေးခရီးစဉ်ဖြင့် ဗထူးကို ရောက်ရှိလာရာ အဆိုပါလေ့လာရေးခရီးစဉ်တိုင်းတွင် စစ်ကျောင်းတိုင်းရှိ ကိုယ်စားပြုကျောင်းသားတစ်ဦးစီနှင့် မြေပုံစစ်ထိုးကစားလေ့ရှိပြီး ကစားရာတွင် မိုရှေဒါယန်းကသာ အနိုင်ရရှိခဲ့သော်လည်း မြန်မာနိုင်ငံသို့ မိုရှေဒါယန်း ရောက်ရှိလာသောအခါ စစ်ကျောင်းတက်နေသော ဗိုလ်ကြီးထွန်းရီသည် မြန်မာနိုင်ငံကို ကိုယ်စားပြု၍ မြေပုံစစ်ထိုးကစားရာ ည (၆) နာရီမှစတင်ကစားသောကစားပွဲသည် နောက်တစ်နေ့ နံနက် (၄) နာရီအထိ ကြာမြင့်ခဲ့ပြီး နံနက် (၄) နာရီတွင် အစ္စရေးဗိုလ်ချုပ်ကြီး မိုရှေဒါယန်းသည် မြန်မာ့တပ်မတော်မှ ဗိုလ်ကြီးထွန်းရီကို အရှုံးပေးခဲ့ရသည်။ ဗိုလ်ချုပ်ကြီးမိုရှေဒါယန်းက ဗိုလ်ကြီးထွန်းရီသည် အင်မတန်ခေါင်းအေးသည့် စစ်ခေါင်းဆောင် တစ်ယောက်ဖြစ်ပြီး တစ်နေ့တွင် မြန်မာနိုင်ငံ၏ ဗိုလ်ချုပ်ကြီး ဖြစ်လာလိမ့်မည်ဟု မှတ်ချက်ပြုခြင်းခံခဲ့ရသည်။

(၁၉၆၄) ခုနှစ်တွင် ရန်ကုန်တိုင်း လုံခြုံရေးတပ်ရင်းမှူးတာဝန်ထမ်းဆောင်သည်။ (၁၉၆၄) မှ (၁၉၆၆) အတွင်း ရန်ကုန်တိုင်း အမှတ် (၁) နယ်မြေ၊ အင်းစိန်တွင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ (လ. အ. က) ဥက္ကဋ္ဌအဖြစ် အုပ်ချုပ်ရေးတာဝန်ယူခဲ့သည်။

(၁၉၆၆) ခုနှစ်တွင် အမှတ် (၁) ကယားသေနတ်ကိုင် တပ်ရင်း (မကွေးမြို့)၊ (၁၉၆၉) ခုနှစ်၌ အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်း၌ တပ်ရင်းမှူး၊ ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့်တာဝန်များထမ်းဆောင်ခဲ့သည်။

(၁၉၇၀-၇၁) ခုနှစ်တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (ရပခ) ၌ ဒုတိယတိုင်းမှူး၊ ဗိုလ်မှူးကြီးအဖြစ် တိုးမြှင့်တာဝန်ပေးခြင်းခံရသည်။ ပထမအကြိမ်ပါတီညီလာခံမှလည်း ပါတီဗဟိုကော်မတီဝင်အဖြစ်ရွေးချယ်ခြင်းခံရသည်။

(၁၉၇၁) ခုနှစ်၊ နိုဝင်ဘာလတွင် အရှေ့မြောက်စစ်ဒေသဗကပများသည် ကြီးမားသောအင်အားစုများဖြင့် ကွမ်လုံစစ်မျက်နှာတွင် နယ်မြေသိမ်းတိုက်ပွဲများဆင်နွှဲလာရာ နယ်လှည့်စစ်ဗျူဟာ (၁) ဖွဲ့စည်း၍ မြန်မာ့တပ်မတော်၏ သမိုင်းဝင်တိုက်ပွဲတစ်ရပ်ဖြစ်သော ကွမ်လုံရက် (၄၀) တိုက်ပွဲကြီးကို မိမိတပ်များအား အနီးကပ်ကွပ်ကဲ၍ တိုက်ပွဲဝင်ခဲ့သည်။

ကွမ်လုံရက် (၄၀) တိုက်ပွဲတွင် ဗိုလ်မှူးကြီးထွန်းရီသည် စစ်ဗျူဟာမှူးအနေနှင့် မိမိတပ်များကို

ကွပ်ကဲပြီး အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်၊ အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ခိုက်ခဲ့သောကြောင့် အောင်မြင်မှုရရှိခဲ့သည်။ ဗကပတပ်များလည်း အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားကြရသည်။

(၁၉၇၀) တစ်ဝိုက် ပန်လုံတိုက်ပွဲမှစတင်သော တရုတ်-မြန်မာနယ်စပ်အခြေစိုက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပ၏ ကြီးမားသောထိုးစစ်ကြီးများဖြစ်သည့် လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း၊ ကွမ်လုံစသည် တိုက်ပွဲကြီးများတွင် မိမိတပ်များကို ဦးစီးကာ ကြံ့ကြံ့ခံတိုက်ခိုက်ခဲ့သည့်အတွက် မြန်မာ့တပ်မတော်အကြီးအကဲများက အရပ်ပုပုဖြင့် စစ်တိုက်ထူးချွန်သော ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး နပိုလီယံဖြင့် နှိုင်းယှဉ်ကာ မြန်မာ့နပိုလီယံဟု ချစ်စနိုးဂုဏ်ပြုခေါ်ဝေါ်ရာက မြန်မာ့တပ်မတော်တွင် နပိုလီယံဟု လူသိများခဲ့သည်။

ကွမ်လုံရက် (၄၀) တိုက်ပွဲတွင် တစ်ဖက်မှ ထိုးစစ်ကွပ်ကဲသူမှာ ကိုးကန့်ခေါင်းဆောင်ဦးဖုန်ကျားရှင်ဖြစ်သည်။ ကွမ်လုံတိုက်ပွဲမှာ မယုံကြည်နိုင်လောက်အောင် အနိုင်မှအရှုံးဖြစ်သွားရသည့် တိုက်ပွဲဖြစ်သည်ဟု ဦးဖုန်ကျားရှင်က ကိုယ်တိုင်ဖွင့်ဟဝန်ခံခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ(ငြိမ်း) သည် (၁၉၇၂) ခုနှစ်တွင် အမှတ် (၇၇) ခြေမြန်တပ်မဟာ၊ (၁၉၇၃) ခုနှစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်ဒေသပါတီကော်မတီဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရပြီး ထိုနှစ်မှာပင်ဒုတိယအကြိမ် ပါတီညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရသည်။ (၁၉၇၆) ခုနှစ်တွင် ဗိုလ်မှူးချုပ်အဆင့် တိုးမြှင့်ခံရပြီး (၁၉၇၇) ခုနှစ်တွင် တတိယအကြိမ်ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံရသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲ (၁၉၇၄) တွင် မြင်းမူမြို့နယ် မဲဆန္ဒနယ်၊ ဒုတိယအကြိမ်နှင့်တတိယအကြိမ်တွင် ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခံရသည်။

(၁၉၇၈) ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ စစ်ဆင်ရေးအထူးအဖွဲ့မှူးနှင့် (၁၉၇၉)ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်သို့တိုးမြှင့်ခံရသည်။ (၁၉၈၀) ပြည့်နှစ် စတုတ္ထအကြိမ်ပါတီညီလာခံတွင် ဗဟိုကော်မတီဝင်အဖြစ် ထပ်မံရွေးချယ်ခံရပြီး တပ်မတော်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)အဖြစ် ရာထူးတိုးမြှင့်ခံရသည်။ (၁၉၈၁) ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်တွင် ကျင်းပသောဗဟိုကော်မတီအစည်းအဝေး၌ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်ခဲ့ပြီး (၁၉၈၂) ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ထမ်းဆောင်ခွင့်ရခဲ့သည်။

(၁၉၈၃) ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်တွင် ပြည်သူ့လွှတ်တော်အထူးအစည်းအဝေးမှ နိုင်ငံတော်ကောင်စီဝင်အဖြစ်ရွေးချယ်ခံရပြီး (၁၉၈၅) ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူသည်။ (၁၉၈၈) ခုနှစ်၊ စက်တင်ဘာ(၂၄)ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ပြန်လည်ဖွဲ့စည်းသည့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၌ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ (၁၉၉၃) ခုနှစ်မှ (၂၀၀၇) ခုနှစ်ထိ ကျင်းပသည့်အမျိုးသားညီလာခံတွင် ပါတီကိုယ်စားလှယ်အဖြစ်တက်ရောက်သည်။ (၂၀၀၅) ခုနှစ် မေလ (၁၀) ရက်မှစ၍ ပါတီဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ (ငြိမ်း) သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထူးချွန်စွာထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်က နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ လွတ်လပ်ရေးစည်းရုံးရေးတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်တို့ကို ချီးမြှင့်ခဲ့သည်။

ဦးထွန်းရီ (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)သည် အသက် (၈၈) နှစ်အရွယ် (၄-၄-၂၀၁၄) တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

**နေသွေးနီ (၁၉၃၀-၂၀၁၄)။** ။ ကဗျာဆရာ၊ စာရေးဆရာ နေသွေးနီကို ဦးသောင်းနှင့် ဒေါ်အေးခင်တို့က (၁၉၃၀) ပြည့်နှစ်၊ နိုဝင်ဘာလ (၂၈) ရက်တွင် ရမည်းသင်းခရိုင်၊ သိမ်ကုန်းရွာ၌ မွေးဖွားသည်။ အမည်ရင်း ဦးတင်မြင့်ဖြစ်ပြီး ငယ်နာမည်မှာ သာဒွန်းဖြစ်သည်။



နေသွေးနီ

ငယ်စဉ်က သိမ်ကုန်းရွာ ဥသျှစ်ပင်ကျောင်းတွင် ဒုတိယတန်းအထိ ပညာသင်ကြားသည်။ ဆရာကြီး ဦးဖိုးကွန်း၊ ဆရာကြီး ဦးထွန်းမောင်၊ ဆရာကြီး ဦးထွန်းစိန်နှင့် ဆရာကြီး ဦးညီပုလေးတို့မှာ ငယ်ဆရာများဖြစ်သည်။ နေသွေးနီသည် ငယ်စဉ်ကတည်းက ကျောင်းစာထက် ကဗျာလင်္ကာများကို စိတ်ဝင်စားသည်။

ထို့နောက် ရမည်းသင်းမြို့ရှိ Railway School ခေါ် မီးရထားခရစ်ယာန်စာသင်ကျောင်းတွင် ဒုတိယကမ္ဘာစစ်ဖြစ်သည့်အချိန်အထိ ပညာသင်ကြားသည်။ ထိုစဉ်က ၎င်း၏ကျောင်းသားအမည်မှာ 'ဂျက်' (Jack) ဖြစ်သည်။ ငယ်စဉ်ကတည်းက ကဗျာ၊ စာပေများကို ရွတ်ဆိုကျက်မှတ်လေ့ရှိသည့် ၎င်း၏အမူအကျင့်ကို ကြည့်ပြီး ငယ်ဆရာများက တစ်နေ့ကဗျာဆရာဖြစ်မည်ဟု မှတ်ချက်ပြုခဲ့ကြသည်။ ဆရာများ မှတ်ချက်ပြုသကဲ့သို့ ၎င်း၏ ရွာပွဲများနှင့် ၎င်း၏အဘိုး တော်စပ်သူ ဦးခန္တီဘုရားပွဲတွင် ကဗျာသီချင်းများ ရေးစပ်ခဲ့သည်။

နေသွေးနီသည် (၁၉၄၆ မှ ၁၉၄၈) ခုနှစ်ကာလအတွင်းတွင် ရမည်းသင်းမြို့ ဦးခင်မောင် အလွတ်ပညာသင်ကျောင်းတွင် ပညာသင်ကြားပြီး (၁၉၅၁) ခုနှစ်တွင် ရန်ကုန်မြို့ရှိ စိန့်ဂျွန်းကျောင်း၌ ပညာသင်ကြားသည်။ (၁၉၅၃) ခုနှစ်တွင် မြို့မအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားခဲ့သည်။

(၁၉၅၀) ပြည့်နှစ်မှစ၍ ကဗျာနှင့် စာများ စတင်ရေးသားသည်။ အိုးဝေသတင်းစာ၏ ကဗျာကဏ္ဍ၌ကဗျာများဖော်ပြခံရသည်။ နေသွေးနီသည် အမျိုးသားစာပေဆုရ ညိုဝင်း၊ ဒေါင်းနွယ်ဆွေတို့နှင့် ခေတ်ပြိုင်စာရေးသူဖြစ်သည်။ (၁၉၅၅) ခုနှစ်တွင် ထိပ်ထား၊ (၁၉၅၇) ခုနှစ်တွင် လှိုင်ထိပ်ထားဝတ္ထုများ ရေးသားခဲ့သည်။ (၁၉၆၆) ခုနှစ်တွင် နေသွေးနီကဗျာနှင့် (၁၉၆၉) ခုနှစ်တွင် နီလာကဗျာများ စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ (၁၉၆၈) ခုနှစ်တွင် စစ်ပြီးခေတ်ကဗျာတိုက်ပွဲနှင့် ကမ္ဘာ့စာပေနိဒါန်းစာအုပ်များကို ရေးသားခဲ့သည်။ (၁၉၅၄) ခုနှစ်တွင် ပြည်သူ့သူရဲကောင်းနှင့် (၁၉၅၅) ခုနှစ်တွင် လွတ်ရိပ်သာဦး စာအုပ်များကို ဘာသာပြန်ဆိုရေးသားထုတ်ဝေခဲ့သည်။ ၎င်းရေးသားသည့် တစ်ဆစ်ကွေ့ နှစ်ဆစ်ချိုး ဝတ္ထုကို ရုပ်ရှင်အဖြစ်ရိုက်ကူးခဲ့သည်။ ထို့ပြင် နေသွေးနီသည် စားဝတ်နေရေးအတွက် အပျော်ဖတ်စာအုပ်များနှင့် လျှို့ဝှက်သည်းဖိုဝတ္ထုများကိုလည်း ရေးသားခဲ့သည်။

ထို့နောက် နေသွေးနီသည် စုံထောက်မဂ္ဂဇင်းတွင် မိုးဝေ၊ တင့်ဆန်း၊ နတ်နွယ်တို့နှင့်အတူ အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ထို့ပြင် ခေတ်ပြင် စာပေ ဦးဆန်နီထံသို့ နေ့စဉ်စာမူပေး၊ နေ့တွက်ယူစနစ်ဖြင့် လုံးချင်းဝတ္ထုများကို ဘာသာပြန်ပေးသည့်အလုပ်များကိုလည်း လုပ်ကိုင်ခဲ့သည်။ စာရေးဆရာနတ်နွယ်နှင့် အတူ မြန်မာနိုင်ငံအချို့ဒေသများသို့ သွားရောက်၍ စာပေဟောပြောပွဲများတွင် ပါဝင်ဟောပြောခဲ့သည်။

စာရေးဆရာနေသွေးနီသည် ရုပ်ရှင်သရုပ်ဆောင် မြတ်လေးသရုပ်ဆောင်သည့် ရုပ်ရှင်ဇာတ်ကား အများအပြားတွင် 'စကားလုံးနေသွေးနီ' ဟူသော စာတန်းထိုး၍ ရုပ်ရှင်ဇာတ်ဝင်ခန်းများအတွက် မြတ်လေးပြောမည့် စကားလုံးများကို ရေးသားပေးခဲ့သည်။

နေသွေးနီသည် ဗမာနိုင်ငံကလောင်သစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂတို့တွင် အမှုဆောင်၊ ကဗျာဆရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂအတွင်းရေးမှူးတာဝန်များ ယူခဲ့သည်။ နေသွေးနီသည် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ကန်တော့ခံသက်ကြီးစာပေပညာရှင်အဖြစ် သာမက

မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၏ ပထမအကြိမ် ကန်တော့ခံကဗျာဆရာဖြစ်သည်။

နေသွေးနီသည် အသက် (၈၄) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဧပြီလ (၁၆) ရက်တွင် လှည်းကူးမြို့ နေအိမ်၌ ကွယ်လွန်သည်။

**ပီကျော်ဟန်၊ ဦး (၁၉၃၁-၂၀၁၄)။** ။ ကန်တော့ခံ သက်ကြီးစာပေပညာရှင် စာရေးဆရာပီကျော်ဟန်ကို ဦးဘယူ၊ ဒေါ်စောမြိုင်တို့က (၁၉၃၁) ခုနှစ်၊ ဧပြီလ (၆) ရက်တွင် မုံရွာမြို့၌ မွေးဖွားသည်။

ငယ်စဉ်က ဝင်မနားရွာ အလယ်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ (၁၉၃၈) ခုနှစ်၊ ဗိုလ်အောင်ကျော်သပိတ်နှင့် ရေနံမြေသပိတ်တို့တွင် သပိတ်မှောက်ကျောင်းသားအဖြစ် ပါဝင်ခဲ့သည်။ (၁၉၄၁) ခုနှစ်တွင် ဘရစ်စကောလားရှစ် ပညာသင်ဆု ရရှိသဖြင့် စစ်ကိုင်းမြို့အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ (၁၉၄၂) ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသဖြင့် ပညာသင်ယူမှု ရပ်ဆိုင်းခဲ့ရသည်။ (၁၉၄၇) ခုနှစ်၌ မုံရွာမြို့ အစိုးရအထက်တန်းကျောင်း၌ ပညာဆက်လက် သင်ယူခဲ့သည်။ (၁၉၅၀) ပြည့်နှစ်တွင် တက္ကသိုလ်ဝင် တန်းအောင်မြင်ပြီး (၁၉၅၀) ပြည့်နှစ် ဩဂုတ်လ (၂၆) ရက်တွင် မြန်မာတပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်း ခဲ့ရာ ဗိုလ်ကြီးအဆင့်အထိ အဆင့်ဆင့်တာဝန်များ တိုးမြှင့်ထမ်းဆောင်ခဲ့သည်။

ဆရာပီကျော်ဟန်သည် ပဲခူးတိုင်းဒေသပါတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံရေး၊ အုပ်ချုပ်ရေး အပြင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြံတစ်ရာ၊ ကန်တစ်ရာ စီမံကိန်းများကို အောင်မြင် အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

(၁၉၅၉) ခုနှစ်ထုတ် မြဝတီမဂ္ဂဇင်းတွင် ပါရှိသော 'အလွမ်းစစ်သည်တော်နဝဒေး' ဆောင်းပါးဖြင့် စာပေနယ်ထဲသို့ စတင်ဝင်ရောက်ခဲ့သည်။(၁၉၈၇) ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ (၁၉၈၈) ခုနှစ်နောက်ပိုင်းတွင် သံအမတ်ကြီးတာဝန်မှ



ဦးပီကျော်ဟန်

ဆန္ဒအလျောက်နုတ်ထွက်ခဲ့ပြီး ဝါသနာပါသော စာပေရေးသားခြင်းဖြင့် နိုင်ငံ့တာဝန်ကို တစ်ဖက် တစ်လမ်းမှ ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့သည်။

(၁၉၅၀-၁၉၅၂) ခုနှစ်အတွင်း 'ကျွန်တော် ချစ်သောတပ်မတော်' ပထမတွဲနှင့် ဒုတိယတွဲကို ထုတ်ဝေ ခဲ့သည်။ (၁၉၉၃-၁၉၉၄) ခုနှစ်တွင် မြဝတီမဂ္ဂဇင်း၌ 'သူတို့နဲ့ကျွန်တော့်အကြောင်း' အခန်းဆက်ဆောင်းပါး များရေးသားခဲ့သည်။ 'စုံနံ့သာမြိုင်ရှာပုံတော်ကြီးနှင့် သုတရသဆောင်းပါးများ' ကို ထုတ်ဝေရန် စီစဉ်လျက်ရှိ သည်။ ဆရာပီကျော်ဟန်သည် အသက် (၈၃) နှစ် အရွယ် (၂၀၁၄) ခုနှစ်၊ မတ်လ (၂၀) ရက်တွင် ကွယ်လွန်သည်။

**မောင်ကြည်သန့် (၁၉၃၇-၂၀၁၄)။** ။ စာရေးဆရာမောင်ကြည်သန့်ကို (၁၉၃၇) ခုနှစ်၊ မတ်လ (၅) ရက်တွင် ဦးမောင်မောင်ချစ်၊ ဒေါ်လှကြည်တို့က ရန်ကုန်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးသောင်းလွင် ဖြစ်သည်။ ငယ်စဉ်က ပုဇွန်တောင် အိုးဘိုမူလတန်း ကျောင်းနှင့် ဦးမောင်မောင်အင်္ဂလိပ်စာအမြန်သင် ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

(၁၉၅၈) ခုနှစ်တွင် ပြည်သူ့ကောလိပ်အနုပညာ သင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ ထိုစဉ် ကျောင်းသားအရွယ်ကပင် တိုးတက်ရေးသတင်းစာ၊ အမျိုးသားဂျာနယ်နှင့် အခြား စာစောင်ငယ်များ၌ ကဗျာများစတင်ရေးသားခဲ့သည်။

(၁၉၅၉) ခုနှစ်တွင် ထီးတန်းကောလိပ်၌ ပညာ ဆက်လက်သင်ကြားပြီး ညပိုင်း၌ အလွတ်ပညာသင်

## မောင်ကြည်သန့်



မောင်ကြည်သန့်

ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် သက်ကြီး တက္ကသိုလ်သို့ တက်ရောက်ပြီး ဥပစာတန်းအထိ အောင်မြင်ခဲ့သည်။ ငယ်စဉ်ကတည်းက ဘာသာပြန် စာပေများကို လေ့လာလိုက်စားရေးသားခဲ့ရာ လျှို့ဝှက် သည်းဖိုမဂ္ဂဇင်းတွင် စုံထောက်ဝတ္ထုများ၊ သွေးသောက် မဂ္ဂဇင်း လျှို့ဝှက်ဆန်းကြယ်ကဏ္ဍ၌ ဘာသာပြန် ဆောင်းပါးများရေးသားခဲ့သည်။ (၁၉၆၁) ခုနှစ်တွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ သမဝါယမဘဏ်တွင် ဝင်ရောက်လုပ်ကိုင်သည်။ ချင်းပြည်နယ် ဖလမ်းမြို့သို့ ပြောင်းရွှေ့လုပ်ကိုင်ပြီးနောက် အလုပ်မှ မိမိဆန္ဒ အလျောက် ထွက်ခဲ့သည်။

(၁၉၆၈) ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိသည်။ အလုပ်သမား ညကျောင်းနှင့် ပုဇွန်တောင်လူမှုရေးညကျောင်း တို့၌ စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာပြအဖြစ် ဆောင်ရွက်သည်။ (၁၉၆၉) ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ဝင်ရောက်ပြီး ပါတီပညာပြန့်ပွားရေးနှင့် လှုံ့ဆော်ရေးဌာန၌ စာပြုမှ သုတေသနလက်ထောက် အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ရာ (၁၉၈၈) ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

(၁၉၈၉) ခုနှစ်တွင် စာပေဗိမာန်စာမူပြိုင်ပွဲ၌ စပ်စုမနှင့် သဘာဝရတနာစာအုပ်ဖြင့် ကလေးစာပေ ဘာသာရပ် ဒုတိယဆုကိုလည်းကောင်း၊ (၁၉၉၃) ခုနှစ်တွင် မွှေးမွှေးကြိုင်ကြိုင်အမည်ဖြင့် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ဘာသာရပ်၌ တတိယဆု ကိုလည်းကောင်း၊ (၁၉၉၅) ခုနှစ်တွင် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ဘာသာရပ်၌ သူတို့ နေချင် နေပါစေ အမည်ဖြင့် ပထမဆုကိုလည်းကောင်းရရှိ သည်။ ထိုနှစ်တွင်ပင် အမျိုးသားရေးဆောင်ပုဒ်ပြိုင်ပွဲ၌ မြန်မာစည်းကမ်းရှိသောနိုင်ငံ၊ စည်းကမ်းသိသော လူမျိုးအမည်ဖြင့် ဒုတိယဆုရရှိသည်။ (၁၉၉၆) ခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ်စာပေပြိုင်ပွဲ၌ မြန်မာမှန် တာဝန်ကျေစတမ်းစာမူဖြင့် ကျမ်းစာမူ ပထမဆု ရရှိသည်။ (၁၉၉၇) ခုနှစ်တွင် မြရိပ်ညိုမဂ္ဂဇင်း ၌ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ (၁၉၉၈) ခုနှစ်တွင် ရွှေပြည်စိုးမဂ္ဂဇင်း၌ တာဝန်ခံ အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ (၁၉၉၉) ခုနှစ်မှ (၂၀၀၀) ပြည့်နှစ်အတွင်း နံနက်ခင်း၊ ထူးခြား၊ ပေါ်ပြူလာ နှင့် အခြားဂျာနယ်များ၌ သရော်စာများရေးသား ခဲ့သည်။ (၂၀၀၁) ခုနှစ်တွင် သတင်းလွှာဂျာနယ်၌ သော်လွင်၊ ဇော်ဟန်ဇော်၊ လေးသောင်း ကလောင်ခွဲများ ဖြင့် နိုင်ငံတကာသတင်းများကို ဘာသာပြန်၍ သုတ စွယ်စုံတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာမူများစွာ ရေးသားခဲ့သည်။

(၂၀၀၂) ခုနှစ်တွင် အင်းစိန်မြို့နယ်စာပေစာနယ် ဇင်းအဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ (၂၀၁၃) ခုနှစ်တွင် စာပေလောကစာအုပ်တိုက်မှ မီးမီးနဲ့ သားသားလေး မေးတတ်တဲ့ မေးခွန်း (၁၀၂) စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ (၂၀၁၄) ခုနှစ်တွင် မိတ်ဆွေ စာအုပ်တိုက်မှ မြန်မာမှု၊ မြန်မာ့အသုံးအနှုန်း၊ မြန်မာ စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထို့ပြင် အမှားတွေစားနေ ကြတဲ့ အစားတွေမှားနေကြတဲ့ စာအုပ်ကို ထုတ်ဝေခဲ့ သည်။ စာအုပ်ပေါင်း (၇၀) ကျော် ရေးသားခဲ့သော ဆရာမောင်ကြည်သန့်သည် (၂၀၀၂) နှင့် (၂၀၁၃) ခုနှစ် အတွက် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ တွင် ကလေးဘာသာရပ် ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

စာရေးဆရာမောင်ကြည်သန့်သည် (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးနှင့် သမီးနှစ်ဦး၊ သားတစ်ဦး ကျန်ရစ်သည်။

**မောင်ဒီ၊ ဒေါက်တာ (၁၉၃၂-၂၀၁၄)။** ။ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ဘုတ်တောရွာ၌ ဦးပုံ၊ ဒေါ်ကြိုင်ကြိုင် တို့က (၁၉၃၂) ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက် တွင် မွေးဖွားသည်။ ငယ်စဉ်က မန္တလေး စိန့်ပီတာ အင်္ဂလိပ်အထက်တန်းကျောင်း၌ ပညာ သင်ယူခဲ့သည်။



**ဒေါက်တာမောင်ဒီ**

ရန်ကုန်တက္ကသိုလ်မှ B.Sc ဓာတုဗေဒ ဂုဏ်ထူး၊ အထူးဆင့်မှအောင်မြင်ပြီး ရူပဓာတုအထူးပြု လန်ဒန်တက္ကသိုလ်မှ ပါရဂူဘွဲ့နှင့် D.I.C (Postgraduate Diploma of Imperial College of Science and Technology.London) ဘွဲ့တို့ကို ရရှိခဲ့သည်။ မန္တလေး တက္ကသိုလ် ဓာတုဗေဒဌာနတွင်သရုပ်ပြ ဆရာအဖြစ် (၁၉၅၃) ခုနှစ်၊ ဇွန်လမှ (၁၉၅၄) ခုနှစ်၊ စက်တင်ဘာလအထိ ဆောင်ရွက်ခဲ့သည်။ (၁၉၅၄) ခုနှစ်၊ အောက်တိုဘာလမှ (၁၉၅၈) ခုနှစ်၊ ဇွန်လအထိ နိုင်ငံတော်အစိုးရ၏ နိုင်ငံခြားပညာတော်သင်ဆုဖြင့် လန်ဒန်တက္ကသိုလ်တွင် ဘွဲ့လွန်ပညာသင်ကြားခဲ့သည်။ ထို့နောက် ဓာတုဗေဒလက်ထောက်ကထိကအဖြစ် (၁၉၅၈) ခုနှစ်၊ ဩဂုတ်လမှ (၁၉၅၉) ခုနှစ်၊ မေလအထိ လည်းကောင်း၊ ကထိကအဖြစ် (၁၉၅၉) ခုနှစ်၊ ဇွန်လမှ (၁၉၇၀) ပြည့်နှစ်၊ ဇူလိုင်လအထိလည်းကောင်း၊ မကွေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် (၁၉၇၁) ခုနှစ်၊ ဩဂုတ်လမှ (၁၉၇၂) ခုနှစ်၊ မေလအထိလည်းကောင်း၊ မော်လမြိုင်ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် (၁၉၇၂) ခုနှစ်၊ ဇွန်လမှ (၁၉၇၇) ခုနှစ်၊ ဩဂုတ်လအထိလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် (၁၉၇၇) ခုနှစ်၊ စက်တင်ဘာလမှ (၁၉၈၃) ခုနှစ်၊ ဇူလိုင်လအထိလည်းကောင်း၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် (၁၉၈၃) ခုနှစ်၊ ဩဂုတ်လမှ (၁၉၈၈) ခုနှစ်၊ စက်တင်ဘာလအထိ လည်းကောင်း ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ တက္ကသိုလ်ကောလိပ်မဂ္ဂဇင်း တို့တွင် ဆောင်းပါးများပါဝင်ရေးသားခဲ့ပြီး မြန်မာနိုင်ငံ သုတေသနကွန်ဂရက်တွင် ဖတ်ကြားတင်သွင်းခြင်း၊ တက္ကသိုလ်သုံး ရူပဓာတုဗေဒစာအုပ်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ထုတ်ဝေသော Carbon dioxide-Friend or foe စာအုပ်များကို ပြုစုခဲ့သည်။

ဒေါက်တာမောင်ဒီသည် (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၉) ရက် အသက် (၈၂) နှစ်တွင် ကွယ်လွန်သည်။

**မောင်မောင်မြင့် (စာပေဗိမာန်) (၁၉၃၅-၂၀၁၄)။** ။ မောင်မောင်မြင့် (စာပေဗိမာန်) ကို (၁၉၃၅) ခုနှစ်၊ မတ်လ (၂၁) ရက်တွင် ပဲခူးတိုင်း ဒေသကြီး သာယာဝတီမြို့၌ အဘ ဦးဘအုန်း (ငွေဓားရ သစ်တောဦးစီးမှူး) နှင့် အမိ ဒေါ်ခင်မြင့်တို့က မွေးဖွား သည်။ မွေးချင်းငါးယောက်အနက် စတုတ္ထမြောက်သား ဖြစ်သည်။

မောင်မောင်မြင့်သည် အခြေခံပညာများကို သာယာဝတီ၊ အုတ်ဖိုနှင့် လက်ပံတန်းမြို့ရှိ အလယ်တန်းနှင့်အထက်တန်းကျောင်းများ၌ သင်ယူခဲ့သည်။ (၁၉၅၅) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာ (ခ) အောင်မြင်သည်။

(၁၉၅၅) ခုနှစ်မှ (၁၉၅၈) ခုနှစ် ကာလအတွင်းတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပြည်သူ့တက္ကသိုလ်ဝင် ကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

(၁၉၅၈) ခုနှစ်မှ (၁၉၆၇) ခုနှစ်အထိ ကာလတွင် မြန်မာ့အသံ၌ သတင်းအယ်ဒီတာ၊ လက်ထောက် ထုတ်လွှင့်ရေးမှူး စသည့်တာဝန်များကို ထမ်းဆောင်ခဲ့



**မောင်မောင်မြင့် (စာပေဗိမာန်)**

သည်။ သတင်းကြေညာရာတွင် အောင်မြင်စူးရှသော အသံများကြောင့် နာမည်ကျော်ကြားသည်။

(၁၉၆၇) ခုနှစ်တွင် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ (၁၉၆၇) ခုနှစ်မှ (၁၉၇၄) ခုနှစ်အထိကာလတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းစာပေဗိမာန်ရုံး၌ လက်ထောက်စာတည်းအဖြစ် တာဝန်ထမ်းဆောင်သည်။ စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်စဉ် သုံးလတစ်ကြိမ်ထုတ် သုတပဒေသာစာစောင်ကို ကြီးကြပ်ကွပ်ကဲ၍ ထုတ်ဝေခဲ့သည်။ ထိုစာစောင်တွင်ပင် ဘာသာပြန်ဆောင်းပါးများ၊ ဘာသာပြန်ဝတ္ထုတိုများစွာကို ရေးသားခဲ့သည်။ ထို့ပြင် စာပေဗိမာန်မှ ထုတ်ဝေလျက်ရှိသော ရွှေသွေးကလေးစာစောင်အတွက် ဘာသာပြန်ပုံပြင်ဝတ္ထုများရေးသား၍ အချို့ကို သရုပ်ဖော်ကာတွန်းများဖြင့် ဖော်ပြခဲ့သည်။ တစ်ဆက်တည်းတွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၌ ဆောင်းပါးများရေးသားခဲ့သည်။

(၁၉၇၄) ခုနှစ်မှ (၁၉၇၈) ခုနှစ်အထိ ကာလတွင် မြန်မာ့အသံသို့ ဒုတိယအကြိမ်အဖြစ် ထုတ်လွှင့်ရေးမှူးတာဝန်ယူကာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၇၈) ခုနှစ်တွင် စာပေဗိမာန်ရုံးသို့ လက်ထောက်စာတည်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၉၉၅) ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ စာပေဗိမာန်၌ တာဝန်ထမ်းဆောင်စဉ် စာပေဗိမာန်စာမူဆုရ စာမူများကို စာအုပ်အဖြစ် တည်းဖြတ်ထုတ်ဝေသည့် ပြည်သူ့လက်စွဲစာစဉ်၌လည်း ဆောင်ရွက်ခဲ့သည်။ လက်ထောက်စာတည်းမှ စာတည်း၊ စာတည်းမှ စာတည်း(တာဝန်ခံ) အထိ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

မောင်မောင်မြင့် (စာပေဗိမာန်) သည် ထိုကလောင်အမည်ဖြင့် ပြင်ပစာစောင်များဖြစ်သော ရှေ့ဆောင်လူငယ်၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းများတွင် ဝတ္ထုနှင့်ဆောင်းပါးများ ရေးသားခဲ့သည်။

(၁၉၈၂) ခုနှစ်တွင် ပြန်ကြားရေးလုပ်ငန်းများကို လေ့လာရန်အတွက် ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူဂျပန်နိုင်ငံသို့(၁၅) ရက်ကြာ သွားရောက်ခဲ့သည်။ (၁၉၈၀) ပြည့်နှစ်မှ (၂၀၀၀) ပြည့်နှစ်အထိ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ဝင် သုတပဒေသာ (သိပ္ပံပညာရပ်) အတွက် စာမူများကို ရွေးချယ်ပေးခဲ့သည်။

မောင်မောင်မြင့် (စာပေဗိမာန်) သည် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် နေထိုင်ရင်း ဒီဇင်ဘာလ (၂၃) ရက်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်အေးသန်းနှင့် သားနှစ်ဦး ကျန်ရစ်သည်။

## မောင်မြင့်ကြွယ် (၁၉၃၄-၂၀၁၄)။ ။

မောင်မြင့်ကြွယ်ကို (၁၉၃၄) ခုနှစ်၊ ဧပြီလ (၁၂) ရက်တွင် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့၌ အဘ ဦးဝါနန်း၊ အမိ ဒေါ်ကြည်ကြည်တို့မှ မွေးဖွားခဲ့သည်။ သားချင်း (၈) ယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့နှင့် စီးပွားရေးတက္ကသိုလ်မှ စီမံခန့်ခွဲမှုပညာ ဒီပလိုမာကို ရရှိခဲ့သည်။

ဆရာမောင်မြင့်ကြွယ်သည် (၁၉၅၇ ခုနှစ်မှ ၁၉၆၀) ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ်၊ ရန်ကင်းကောလိပ် ရူပဗေဒဌာနတွင် သရုပ်ပြဆရာအဖြစ် သုံးနှစ်၊ (၁၉၆၁ ခုနှစ်မှ ၁၉၆၉) ခုနှစ်အထိ ဝေါ၊ ကဝနှင့် သာယာဝတီမြို့တို့တွင် လက်ထောက်မြို့ပိုင်၊ မြို့ပိုင်နှင့် နယ်ပိုင်အထိ ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

မောင်မြင့်ကြွယ်သည် (၁၉၆၉ ခုနှစ်မှ ၁၉၈၉) ခုနှစ် အထိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများဗဟိုမှတ်ပုံတင်အဖွဲ့ရုံး၊ ပြန်ကြားရေးဝန်ကြီးရုံးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ ဂါဒီယန်းသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်)



မောင်မြင့်ကြွယ်

သတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြဝတီပုံနှိပ်တိုက်တို့တွင် နှစ်ပေါင်း (၂၀) ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန မြဝတီစာပေတိုက်တွင် အထွေထွေမန်နေဂျာမှ အယ်ဒီတာချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၉၈) ခုနှစ်၊ အောက်တိုဘာလဆန်းအထိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မောင်မြင့်ကြွယ်သည် (၁၉၅၄) ခုနှစ် အသက် (၂၀) အရွယ်မှစ၍ မြဝတီမဂ္ဂဇင်းတွင် ဟာသဝတ္ထုတိုဖြစ်သော "တက္ကသိုလ်မှ သရဲခြောက်မှုကြီး" ခေါင်းစဉ်ဖြင့်ကလောင်အမည် "မောင်ညစ်ကျယ် (လက်ပံတန်း)" ဟူ၍ ပထမဆုံးရေးသားကာ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ (၁၉၇၈) ခုနှစ်တွင် မောင်မြင့်ကြွယ်ကလောင်အမည်နှင့်ဘာသာပြန်သော "ငွေကုန်သည်" (ပ+ဒု) ဘာသာပြန်လုံးချင်းဝတ္ထုရှည်သည် ဒုတိယမြောက် ဘာသာပြန်လုံးချင်းစာအုပ်ဖြစ်သည်။ ယနေ့အထိ ဘာသာပြန်လုံးချင်းဝတ္ထု (၃၆) အုပ်နှင့် ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ထင်ရှားသော ဘာသာပြန်လုံးချင်းစာအုပ်အချို့မှာ "ခြေရာပျောက်စစ်ဆင်ရေး"၊ "ရေနံကုန်သည်"၊ "ရွှေကုန်သည်"၊ "မတန်တဆ"၊ "မိစ္ဆာပိုင်း"၊ "အဏ္ဏဝါတစ္ဆေ"၊ "စိန်ကုန်သည်"၊ "လူ့ဘုံခန်းဝါ လူတို့ရွာ"၊ "ရွှေ"၊ "အနေရဲရဲ အသေရဲရဲ"၊ "ဆေးကုန်သည်"၊ "လက်နက်ကုန်သည်" တို့ဖြစ်သည်။

မောင်မြင့်ကြွယ်သည် ဆောင်းပါးနှင့်ဝတ္ထုတိုပေါင်း (၁၅၀၀) ကျော် ရေးသားခဲ့ပြီး သုတေသနစာတမ်း (၄) စောင်ကိုလည်း ဖတ်ကြားတင်သွင်းခဲ့သည်။ (၁၉၉၂) ခုနှစ်မှစ၍ အမျိုးသားစာပေဆု စိစစ်ရေးအဖွဲ့နှင့် (၁၉၉၃) ခုနှစ်မှစ၍ ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၉၈) ခုနှစ်၊ ဇွန်လတွင် ကျင်းပသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဒုတိယအကြိမ်ညီလာခံတွင် ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ရွေးချယ်ခြင်းခံရသဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) တွင် တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာမောင်မြင့်ကြွယ်၏ ကလောင်အမည်ခွဲများအနက် ထင်ရှားသော ကလောင်ခွဲတစ်ခုမှာ မောင်ညစ်ကျယ်ဖြစ်သည်။ ဆရာသည် (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်တွင် ကွယ်လွန်ခဲ့သည့် ကန်တော့ခံစာရေးဆရာကြီးလည်း ဖြစ်သည်။

## မျိုးမြင့်၊ ဒေါက်တာ (၁၉၄၅-၂၀၁၄)။ ။

ဒေါက်တာမျိုးမြင့်ကို ဦးသိန်းမောင်နှင့် ဒေါ်သန်းတင်တို့က (၁၉၄၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၌ မွေးဖွားသည်။

ငယ်စဉ်က အခြေခံပညာများကို ဇာတိရပ်ရွာ၌ သင်ယူခဲ့ပြီး (၁၉၆၅) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A (Hons:) ဘွဲ့ရရှိကာ (၁၉၇၈) ခုနှစ်တွင် ဩစတြေးလျနိုင်ငံ မိုနာ့ရှ်တက္ကသိုလ်မှ M.A ဘွဲ့ရရှိသည်။ အမေရိကန်နိုင်ငံ ကော်နဲလ်တက္ကသိုလ်မှ (၁၉၈၄) ခုနှစ်တွင် M.A ဘွဲ့နှင့် (၁၉၈၇) ခုနှစ်တွင် Ph.D ဘွဲ့ရရှိသည်။

(၁၉၆၈ မှ ၁၉၇၅) ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်တွင် စာပြုအဖြစ်တာဝန်ထမ်းဆောင်သည်။ (၁၉၇၅ မှ ၁၉၉၇) ခုနှစ်အထိ မန္တလေးတက္ကသိုလ် သမိုင်းဌာန၌ နည်းပြ၊ လက်ထောက်ကထိကနှင့် ကထိက၊ (၁၉၉၇ မှ ၂၀၀၀) ပြည့်နှစ်အထိ သာသနာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (၂၀၀၀ မှ ၂၀၁၀) ပြည့်နှစ်အထိ



**ဒေါက်တာမျိုးမြင့်**

သာသနာရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်စသည့် တာဝန်များထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။

(၁၉၉၇ မှ ၂၀၀၅) ခုနှစ်အထိ သာသနာရေးဝန်ကြီးဌာန ပါဠိစာမေးပွဲ ဘုတ်အဖွဲ့အတွင်းရေးမှူး၊ (၁၉၉၇ ခုနှစ်မှ ၂၀၁၀) ပြည့်နှစ်အထိ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီ အတွင်းရေးမှူး၊ (၂၀၀၃) ခုနှစ်တွင် မန္တလေးတက္ကသိုလ် သမိုင်းဌာန အချိန်ပိုင်းပါမောက္ခနှင့် ပါရဂူဘွဲ့ စိစစ်ရေးကော်မတီအဖွဲ့ဝင်၊ (၂၀၀၃ ခုနှစ်မှ ၂၀၁၀) ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါရဂူဘွဲ့ စိစစ်ရေးကော်မတီအဖွဲ့ဝင်၊ တိပိဋကပါဠိ-မြန်မာ အဘိဓာန် အင်္ဂလိပ်ဘာသာပြန်အဖွဲ့ဝင်၊ (၂၀၀၄) ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံ (ရန်ကုန်) ကျင်းပရေးဦးဆောင်အဖွဲ့ဝင်၊ (၂၀၀၅ ခုနှစ်မှ ၂၀၁၀) ပြည့်နှစ်အထိ သာသနာရေးဝန်ကြီးဌာန ပရိယတ္တိသာသနတက္ကသိုလ်များကောင်စီ အတွင်းရေးမှူး၊ (၂၀၀၇ ခုနှစ်မှ ၂၀၁၀) ပြည့်နှစ်အထိ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနတွင် အချိန်ပိုင်းအဖွဲ့ဝင်၊ (၂၀၁၀) ပြည့်နှစ်တွင် နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ် (ရန်ကုန်) ဧည့်ပါမောက္ခ၊ သီတဂူကမ္ဘာ့ဗုဒ္ဓအကယ်ဒမီ ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၈၇) ခုနှစ်တွင် ကော်နဲလ်တက္ကသိုလ်၏ Lauriston Sharp Prize ရရှိသည်။ (၁၉၈၇) ခုနှစ်တွင် Royal Asiatic Society ၌ Fellow၊ (၁၉၉၇) ခုနှစ်တွင် စင်ကာပူနိုင်ငံ Institute of South East Asian Studies ၌ Research Fellow၊ (၁၉၉၃-၁၉၉၄) ခုနှစ်တွင် စင်ကာပူနိုင်ငံ National University of Singapore ၌ Visiting Fellow (Lecturer) နှင့် (၁၉၉၅-၁၉၉၈) ခုနှစ်တွင် စင်ကာပူနိုင်ငံ Nanyan Technological University ၌ Teaching Fellow (Lecture Ship) အဖြစ် ဆောင်ရွက်ခဲ့သည်။

(၂၀၁၀) ပြည့်နှစ်တွင် Collected Essay in Myanmar History and Culture စာအုပ်ထုတ်ဝေခဲ့ပြီး ပြည်တွင်းစာစောင်များနှင့် အင်္ဂလန်၊ ထိုင်း၊ စင်ကာပူတို့၌ ထုတ်ဝေသော သုတေသနစာစောင်များတွင် သမိုင်းနှင့်ယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုများတွင် (၂၀၁၀) ပြည့်နှစ်က War and Tactics in Traditional Myanmar စာအုပ်ဖြင့် ဘာသာပြန်စာပေဆု၊ (၂၀၁၃) ခုနှစ်က King Mindon's Strategy for Defending Independence (1853-1878) စာအုပ်ဖြင့် အင်္ဂလိပ် (သမိုင်း) ဘာသာရပ်စာပေဆုတို့ရရှိသည်။

ဒေါက်တာမျိုးမြင့်သည် အသက် (၆၉) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်တွင် စင်ကာပူနိုင်ငံ စင်ကာပူအမျိုးသား တက္ကသိုလ်ဆေးရုံ၌ ကွယ်လွန်သည်။ ဇနီးဒေါ်တင်တင်ဝင်းမှာလည်း (၁-၃-၂၀၁၄) ရက်တွင် စင်ကာပူနိုင်ငံ၌ပင် ကွယ်လွန်သည်။

**မြင့်မြင့်ခင်၊ ဒေါက်တာ၊ ပါမောက္ခ(၁၉၂၄-၂၀၁၄)။** ။ ပါမောက္ခဒေါက်တာမြင့်မြင့်ခင်ကို ဦးအောင်လှနှင့် ဒေါ်မမကြီးတို့က (၁၉၂၄) ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၌ မွေးဖွားသည်။

ရန်ကုန်တက္ကသိုလ်နှင့် ဂျပန်ခေတ်ဆေးကျောင်းတွင် ပညာသင်ကြားခဲ့သည်။ (၁၉၄၆) ခုနှစ်တွင် B.A (English) ဘွဲ့ကိုလည်းကောင်း၊ (၁၉၅၀) ပြည့်နှစ်တွင် M.B.B.S ဘွဲ့ကိုလည်းကောင်း ရရှိသည်။ ယင်းနောက် ဘွဲ့လွန်ပညာများကို အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့တွင် ဆည်းပူးခဲ့ပြီး (၁၉၅၇) ခုနှစ်တွင် M.R.C.P (Edin)



**ဒေါက်တာ မြင့်မြင့်ခင်**

ဘွဲ့ကိုလည်းကောင်း၊ (၁၉၇၁) ခုနှစ်တွင် F.R.C.P (Edin) ဘွဲ့ကိုလည်းကောင်းရရှိသည်။ (၁၉၅၀) ပြည့်နှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်၊ (၁၉၅၆) ခုနှစ်မှစ၍ မန္တလေးဆေးတက္ကသိုလ်၊ ဆေးပညာဌာနတို့၌ အမှုထမ်းခဲ့သည်။ (၁၉၈၄) ခုနှစ်တွင် ပါမောက္ခ/ဌာနမှူး (ဆေးပညာဌာန၊ မန္တလေးဆေးတက္ကသိုလ်) အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ဝန်ထမ်းကာလနှင့် အငြိမ်းစားယူပြီးသည့်နောက်ပိုင်းအထိ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင်အဖြစ် (၂၀၁၀) ပြည့်နှစ်တွင် ချီးမြှင့်ခံရသည်။

(၁၉၈၅) ခုနှစ်နောက်ပိုင်းတွင် မလေးရှားဆေးတက္ကသိုလ် UKM တွင် ခေတ္တအတိုင်ပင်ခံအရာရှိနှင့် (၁၉၈၆) ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသတွင် အချိန်ပိုင်းအဖြစ် (၁၉၉၂) ခုနှစ်အထိ တာဝန်ယူခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်းတွင် သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းပြီး သက်ကြီးဆရာဝန်များအတွက် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်နှင့် လူမှုရေးဆိုင်ရာ ထောက်ကူမှုများကို တတ်နိုင်သည့်ဘက်မှ ဦးဆောင်၍ကူညီဆောင်ရွက်ပေးခဲ့သည်။

ခင်ပွန်းဖြစ်သူ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးစံဘော်ကွယ်လွန်သောအခါ ဒေါက်တာမြင့်မြင့်ခင်ဦးဆောင်၍ ဒေါက်တာစံဘော် သုတေသနဆုအဖြစ် ကော်မတီဖွဲ့၍ ပြည်သူ့ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည့် သုတေသနစာတမ်းများကို ဆုအဖြစ် ချီးမြှင့်ခဲ့သည်။ ထို့ပြင် လူမှုဝန်ထမ်းဝန်ကြီးဌာန (ယခုလူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန) က ဆောင်ရွက်သော သက်ကြီးရွယ်အိုဆိုင်ရာ ဆွေးနွေးပွဲများသို့ ပုံမှန်တက်ရောက်၍ ဆွေးနွေးတင်ပြခြင်း၊ အကြံပေးခြင်းများ ပြုလုပ်ခဲ့သည်။

ပါမောက္ခဒေါက်တာမြင့်မြင့်ခင်သည် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူသို့ ဟောပြောခြင်း၊ ဆွေးနွေးခြင်းများပြု လုပ်ခဲ့သည်။ ၎င်းအပြင် (၁၉၉၅) ခုနှစ်တွင် လူတိုင်းအတွက်ထိုးတဲ့ ခေါင်းလောင်းစာအုပ်၊ (၁၉၉၉) ခုနှစ်တွင် ကင်ဆာစာအုပ်၊ (၂၀၀၃) ခုနှစ်တွင် ဆေးလိပ်အကြောင်း ဖြစ်ကြောင်းကုန်စင်စာအုပ်နှင့် သက်ရှည်ကျန်းမာ မြန်မာ့အစားအစာ၊ (၂၀၀၇) ခုနှစ်တွင် ဆီးချို လူနာလမ်းညွှန်စာအုပ်၊ ထိုနှစ်တွင် မိုက်ခရိုဝေ့ဖ်နှင့် ဟင်းချက်နည်းများစာအုပ်၊ ရှေ့တန်းရောက် ကျန်းမာရေးပြဿနာများ၊ ဆေးလိပ်အကြောင်းသိကောင်းစရာ၊ အားလုံးအတွက် ပညာရေးနှင့်အခြား ဆောင်းပါးများ၊ Myanmar Handbook of Health Research Methods၊ ပျော်ရွှင်ကျန်းမာဘဝဆည်းဆာ၊ My life (English Poem) တို့ကို ရေးသားထုတ်ဝေခဲ့သည်။

ပါမောက္ခဒေါက်တာ မြင့်မြင့်ခင်သည် (၂၀၀၅) ခုနှစ်တွင် ဆီးချိုလူနာလမ်းညွှန်စာအုပ်ဖြင့် သုတစွယ်စုံ စာပေဆု၊ ထိုနှစ်၌ပင် သက်ရှည်ကျန်းမာမြန်မာ့အစားအစာ စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု၊ (၂၀၀၈) ခုနှစ်တွင် ပျော်ရွှင်ကျန်းမာဘဝဆည်းဆာစာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုများချီးမြှင့်ခံရသည်။ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေခဲ့သော ကျွန်မဘဝကဗျာစာအုပ်သည် ဒေါက်တာမြင့်မြင့်ခင်၏ နောက်ဆုံးထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ဆေးသိပ္ပံပညာဦးစီးဌာနက ပြုလုပ်သည့် History of Medical Education in Myanmar စာအုပ်အတွက် အခြားဆရာဝန်များနှင့်အတူ ကြီးကြပ်ဆောင်ရွက်နေဆဲဖြစ်သည်။

ထို့ပြင် ၎င်း၏ကိုယ်ပိုင်ငွေကြေးဖြင့် ပညာရေး၊ ကျန်းမာရေး၊ သက်ကြီးရွယ်အိုများအတွက် ရည်ရွယ်၍ မြင့်မြင့်ခင်ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ပြီး အဆင့်မြင့် သိပ္ပံပညာနှင့် ရင်းနှီးမှုရှိပြီး ကြွယ်ဝဖူလုံသော သိပ္ပံပညာကို လူငယ်များအဆင့်မြင့်မြင့်တတ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် Scientific Literacy ဆုချီးမြှင့် ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။

ပါမောက္ခဒေါက်တာ မြင့်မြင့်ခင်သည် အသက် (၉၁) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဇွန်လ (၁၉) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် တစ်ဦးတည်းသော သား ဒေါက်တာမြင့်ဇံ ကျန်ရစ်သည်။

**မြိုင်သန့်၊ ဦး (၁၉၃၂-၂၀၁၄)။** ။ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အဖွဲ့အမှူးဆောင် စာရေးဆရာ၊ ပါမောက္ခ၊ ဦးမြိုင်သန့်ကို ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အောင်စေတီရပ်၌ (၁၉၃၂) ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်တွင် မွေးဖွားသည်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ အင်္ဂလိပ်-မြန်မာ အလယ်တန်းကျောင်း၌ စာသင်ခဲ့ရာ စတုတ္ထတန်းတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွား၍ ကျောင်းပညာသင်ကြားမှု ရပ်ခဲ့ရပြီး ဂျပန်ခေတ်၌ ဂျပန်တို့ဖွင့်သော ကျောင်း၌ ဆက်လက် ပညာသင်ကြားခဲ့သည်။ နောက်ပိုင်းတွင် အင်္ဂလိပ်ကျောင်းဖွင့်ရာ ပဉ္စမတန်းက ပြန်နေရပြီး (၁၉၄၈) ခုနှစ်၌ ဆဋ္ဌမတန်းအောင်မြင်သည်။ (၁၉၅၀) ပြည့်နှစ်တွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ ရဲဘော်ဖြူများ လက်အောက်၌ရှိစဉ် အဋ္ဌမတန်းအောင်မြင်သည်။ (၁၉၅၀-၅၁) ခုနှစ်တွင် အစိုးရလက်အောက်ရှိ ကျောက်ဖြူမြို့ အထက်တန်းကျောင်း၌ ပညာသင်သည်။ (၁၉၅၁) ခုနှစ်၌ ကျောင်းထွက် လက်မှတ်ရ စာမေးပွဲ (၉) တန်းနှင့် Matriculation (၁၀) တန်း စာမေးပွဲတို့ကို အောင်မြင်သည်။ (၁၉၅၁) ခုနှစ် ဇွန်လတွင် ရန်ကုန်တက္ကသိုလ်၌ဆက်လက်ပညာ သင်ခဲ့ရာတွင် (၁၉၅၅) ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ (၁၉၅၇) ခုနှစ်တွင် မဟာဝိဇ္ဇာအရည်အချင်းစစ် အောင်မြင်ခဲ့သည်။ (၁၉၆၁) ခုနှစ်တွင် 'ရခိုင်ဘာသာစကားသမိုင်းနှင့် ရခိုင်ဘာသာစကားအဖွင့်' ကျမ်းကို ပြုစုတင်သွင်း၍ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရရှိသည်။ ထိုကျမ်းအတွက် ဒေါ်စာဥရွှေတံဆိပ်ဆုချီးမြှင့်ခံရသည်။

ဥပစာတန်းတွင် ပင်ရင်းမြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ကြိုက်မြန်မာစာ၊ ပါဠိနှင့်သမိုင်းဘာသာရပ်များကို လည်းကောင်း၊ ဝိဇ္ဇာတန်းတွင် မြန်မာဝေါဟာရနှင့်



**ဦးမြိုင်သန့်**

အနုစာပေ၊ အင်္ဂလိပ်ဝေါဟာရနှင့် အနုစာပေ၊ အရှေ့ဖျားသမိုင်းဘာသာရပ်များကိုလည်းကောင်း၊ မဟာဝိဇ္ဇာတန်းတွင် မြန်မာဝေါဟာရနှင့် အနုစာပေ၊ ရှေးဟောင်းမွန်ကျောက်စာနှင့် ပျူအက္ခရာပျူဘာသာတို့ကိုလည်းကောင်း သင်ယူဆည်းပူးခဲ့သည်။

ဝိဇ္ဇာဘွဲ့ရပြီးနောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် (၂၆-၆-၁၉၅၅) မှ (၃၀-၅-၁၉၅၆) အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၅၇) ခုနှစ်တွင် မဟာဝိဇ္ဇာအရည်အချင်းစစ် အောင်မြင်ပြီးနောက် လက်ထောက်ကထိကဌာနမှူးအဖြစ် ကျောက်ဖြူကောလိပ်၌ (၁-၆-၁၉၅၇) မှ (၃၁-၅-၁၉၆၀) အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာလက်ထောက်ကထိကရာထူးအပြင် ဆေးတက္ကသိုလ် (၂) ရန်ကုန်၏ မြန်မာစာဌာနမှူးအဖြစ် တွဲဖက်၍ (၁-၆-၁၉၆၃) မှ (၁၅-၉-၁၉၆၄) အထိ

လည်းကောင်း၊ မေမြို့ (ပြင်ဦးလွင်) စစ်တက္ကသိုလ်တွင် (၁၆-၉-၁၉၆၄) မှ (၂၁-၁-၁၉၆၇) အထိ ကထိကအဖြစ်တာဝန်ထမ်းဆောင်ပြီး (၂၂ -၁-၁၉၆၇) မှစ၍ (၁၄-၁-၁၉၇၅) အထိ ဌာနမှူးအဖြစ် ရာထူးတိုးမြှင့်ထမ်းဆောင်ခဲ့သည်။ လုပ်သားများကောလိပ် (ရန်ကုန်) တွင် ကထိကအဖြစ် (၁၅-၁-၁၉၇၅) မှ (၂၀-၁၂-၁၉၇၈) အထိ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (မန္တလေး) တွင် ကထိကအဖြစ် (၂၁-၁၂-၁၉၇၈) မှ (၁၄-၅-၁၉၇၉) အထိ တာဝန်ထမ်းဆောင်ပြီး (၁၅-၅-၁၉၇၉) မှ (၁၄-၁၁-၁၉၈၁) အထိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (မန္တလေး) ၏ မြန်မာစာဌာနမှူးအဖြစ်သို့ ပြောင်းလဲထမ်းဆောင် ခဲ့ကာ ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်၍ (၂၅-၁၁-၁၉၈၁) မှ (၂-၁၀-၁၉၈၉) အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် မော်လမြိုင်တက္ကသိုလ်သို့ (၃-၁၀-၁၉၈၉) တွင် ပြောင်းရွှေ့ထမ်းဆောင်ခဲ့ပြီး ၎င်းတက္ကသိုလ်၌ပင် (၂၀-၇-၁၉၉၂) တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

ဆရာဦးမြိုင်သန့်သည် (၁၉၅၅) ခုနှစ်၊ ရန်ကုန်တက္ကသိုလ်တွင် (မြန်မာဝေါဟာရနှင့် အနုစာပေ၊ အင်္ဂလိပ်ဝေါဟာရနှင့် အနုစာပေ၊ အရှေ့ဖျားသမိုင်း) မြန်မာစာဝေါဟာရနှင့် အနု စာပေ ပထမဆု၊ (၁၉၅၇) ခုနှစ်၊ ရန်ကုန်တက္ကသိုလ်တွင် (မြန်မာစာဝေါဟာရနှင့် အနုစာပေ) ဒုတိယတန်း၊ ပထမအဆင့်ဂုဏ်ထူး (၁၉၆၁) ခုနှစ်၊ ရန်ကုန်တက္ကသိုလ်တွင် (မြန်မာဝေါဟာရနှင့် အနုစာပေ) ဒေါ်စာဥ ရွှေတံဆိပ်ဆု အစရှိသည့် စာပေဆိုင်ရာထူးချွန်ဆုများ ရရှိခဲ့သည်။

ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ် အတွင်း (၁၉၆၁) ခုနှစ်တွင် ရခိုင်ဘာသာစကား သမိုင်းနှင့် ရခိုင်ဘာသာစကားအဖွင့် (မဟာဝိဇ္ဇာဘွဲ့အတွက်)၊ (၁၉၆၄) ခုနှစ်တွင် မြန်မာဓလေ့သုံးစကား (ပြင်ဦးလွင်စစ်တက္ကသိုလ်)၊ (၁၉၆၄) ခုနှစ်တွင် မြန်မာစာအရေးမှားများ (ပြင်ဦးလွင်စစ်တက္ကသိုလ်)၊ (၁၉၆၆) ခုနှစ်တွင် စာလုံးပေါင်းအတွက် မှတ်ဆစ်အချို့ (ပြင်ဦးလွင်စစ်တက္ကသိုလ်)၊ (၁၉၆၉) ခုနှစ်တွင် ဆင်ဖြူရှင်လက်ထက် တရုတ်-မြန်မာစစ်ပွဲများ (ပြင်ဦးလွင်စစ်တက္ကသိုလ်)၊ (၁၉၇၈-၈၂) ခုနှစ်တွင် ရှေးမြန်မာတို့၏ စစ်ရေးအဆိုအမိန့်အချို့ (စစ်တက္ကသိုလ် ပြင်ဦးလွင်)၊ (၁၉၇၈-၈၂) ခုနှစ်တွင် မြန်မာအက္ခရာများသမိုင်း၊ (၁၉၇၈-၈၂) ခုနှစ်တွင် အင်းဝခေတ် ကျောက်စာများလေ့လာချက်၊ (၁၉၈၂-၈၆) ခုနှစ်တွင် အထက်မြန်မာပြည် တိုင်း ၃ တိုင်းရှိ မြို့အမည်၊ ရွာအမည်များ လေ့လာချက်နှင့် မြန်မာနိုင်ငံခေတ်ဦး ရေးသားခဲ့သော ဘာသာစကားများ ရခိုင်စာပေလမ်းကြောင်းဟူသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆရာမြိုင်သန့်သည် မြန်စာဂုဏ်မဂ္ဂဇင်း၌ မြန်စာဂုဏ် မြိုင်သန့်ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားခဲ့ပြီး တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများ၊ စစ်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများ၌ ဆောင်းပါးများ၊ ကဗျာများ၊ စာတမ်းများ၊ စင်တင်ပြဇာတ်အတိုအရှည်များကို ရေးသားခဲ့ပြီး (၁၉၆၀) ပြည့်နှစ်တွင် ပြင်ဦးလွင်စစ်တက္ကသိုလ်၌ ဆရာအောင်သင်းနှင့် တွဲဖက်၍ ကလော့ဝိစ်၏ (Principle of War) စာအုပ် တို့ကို ဘာသာပြန်ဆိုရေးသားခဲ့သည်။

(၃-၉-၁၉၈၆) မှ (၂၉-၇-၁၉၈၇) အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ရှိ ပီကင်းတက္ကသိုလ်၌ မြန်မာစာသင်ကြားပို့ချရန် မြန်မာနိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ဆရာသည် ကျောက်ဖြူကောလိပ် ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ၊ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်တင်းနစ်အသင်းဥက္ကဋ္ဌ၊ ပြင်ဦးလွင်မြို့ မြို့နယ် စစ်တုရင်အသင်း အတွင်းရေးမှူး၊ လုပ်သားများ ကောလိပ် (ရန်ကုန်) မြန်မာစာအသင်းဥက္ကဋ္ဌ၊ လုပ်သားများကောလိပ် (ရန်ကုန်) မဂ္ဂဇင်းတာဝန်ခံ စာတည်း၊ လုပ်သားများကောလိပ် (ရန်ကုန်) ပြေးခုန်ပစ် ကော်မတီဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ၊ တက္ကသိုလ်များ ရန်ကုန် ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ၊ တက္ကသိုလ်များ (ရန်ကုန်) စစ်တုရင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်အနုပညာအသင်းဒုတိယဥက္ကဋ္ဌ၊ မန္တလေးဝိဇ္ဇာ-သိပ္ပံတက္ကသိုလ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်၊ မန္တလေးဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်မြန်မာစာအသင်းနာယကစသည့် တာဝန်

များအပါအဝင် (၁၉၉၅) ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် မြန်မာစာဘာသာရပ်ပါရဂူဘွဲ့ သင်တန်းဦးစီးကော်မတီ အဖွဲ့ဝင်အဖြစ် ပို့ချမှု၊ ကျမ်းကြီးကြပ်မှု၊ စစ်ဆေး အကဲဖြတ်မှုတို့ကို ပါဝင်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ဝိဇ္ဇာ-သိပ္ပံ ပညာရှင်အဖွဲ့တွင် (၁၉၉၉) ခုနှစ်မှ ကွယ်လွန်သည်အထိ အမှုဆောင်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့ပြီး (၂၀၀၉) ခုနှစ်၊ အောက်တိုဘာလ (၅) ရက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်၊ ထူးချွန်ဆရာအဖြစ် ဆုချီးမြှင့်ခြင်းခံရသည်။ ဆရာမြိုင်သန့်သည် (၁၉၅၈) ခုနှစ်၊ မေလတွင် ကျောက်ဖြူဆရာအတတ်သင်မှ နည်းပြဆရာမ ဒေါ်ခင်ထွေးနှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ယောက်၊ သားတစ်ယောက်ထွန်းကားသည်။ (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၇) ရက် အသက် (၈၂) နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## လှထွေး၊ ဦး (နေရှင်း) (၁၉၃၁-၂၀၁၄)။

။ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးကို ဦးရွှေထွန်း၊ ဒေါ်စံလှဥတို့က (၁၉၃၁) ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မွေးဖွားသည်။ ငယ်စဉ်က ဟင်္သာတမြို့နယ်တွင် နေထိုင်ပြီး (၁၉၄၈) ခုနှစ်တွင် ဟင်္သာတမြို့ အစိုးရအထက်တန်းကျောင်းမှ (၁၀) တန်းအောင်မြင်ခဲ့သည်။

(၁၉၅၃) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအပိုင်း (ခ) အထိ အောင်မြင်ခဲ့သည်။ ဘွဲ့ရပြီးနောက် သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ နေရှင်းအင်္ဂလိပ်သတင်းစာတွင် (၁၉၆၃) ခုနှစ်အထိ သတင်းအယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။

(၁၉၆၀) ပြည့်နှစ်တွင် ကုလသမဂ္ဂပညာတော်သင်ဆု ရရှိခဲ့သည်။ (၁၉၆၃) ခုနှစ်တွင် စတုတ္ထမဏ္ဍိုင်ဆု ကို ရရှိခဲ့သည်။ (၁၉၆၇) ခုနှစ်တွင် စာပေလောက၌ ဝတ္ထုနှင့် ဇာတ်ညွှန်းများရေးသားခဲ့သည်။

(၁၉၇၀) ပြည့်နှစ်တွင် ANTARA သတင်းဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ (၁၉၉၂) ခုနှစ်တွင် ဂျပန်နိုင်ငံ Nikkei Shimbun သတင်းစာ၌ အကြီးတန်း



နေရှင်း ဦးလှထွေး

သတင်းထောက်အဖြစ် ဝင်ရောက်ခဲ့ပြီး ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club) ကို (၁၉၈၉) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်က တည်ထောင်ရာတွင် စတင်တည်ထောင်သူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ (၂၀၀၂) ခုနှစ်မှစပြီး ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နေရှင်းဦးလှထွေးသည် (၂၀၁၄) ခုနှစ်၊ ဇွန်လ (၃) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်နုနုထွေးနှင့် သားသမီးသုံးယောက် ကျန်ရစ်သည်။

## လှမင်း၊ ဗိုလ်မှူး (ငြိမ်း) (၁၉၄၀-၂၀၁၄)။

။ စာရေးဆရာ ဦးလှမင်း (ဗဟိုဝန်ထမ်းတက္ကသိုလ်) ကို ဦးမောင်ဆင်နှင့် ဒေါ်စိန်လှတို့က (၁၉၄၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၁၀) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ မွေးဖွားသည်။

ငယ်စဉ်က ငါးသိုင်းချောင်းမြို့တွင် ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားသောအခါ၌ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၄၂) (သူရ တပ်ခွဲ) မှ သင်တန်းဆင်းခဲ့ပြီး ဗိုလ်မှူးအဆင့်အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ ကြည်းအမှတ်မှာ (၁၁၉၅၂) ဖြစ်သည်။ တပ်မတော် (ကြည်း) တွင် (၂၅) နှစ်ခန့် အမှုထမ်းခဲ့သည်။ (၁၉၈၄) ခုနှစ်တွင် တပ်မတော်မှ မြန်မာနိုင်ငံဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ယခုပြည်ထောင်စုရာထူးဝန်အဖွဲ့) ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့သည်။



**ဦးလှမင်း**

(၁၉၉၁) ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Institute of Secretarial Training and Management ၌ ဖွင့်လှစ်သော (၁၀) ကြိမ်မြောက် International Programme of Training of Trainers သင်တန်းသို့ ပညာတော်သင်အဖြစ် သွားရောက်သင်ကြားခဲ့သည်။

ဦးလှမင်းသည် အသက်ငယ်ရွယ်စဉ်ဘဝမှစ၍ အစိုးရအမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး စစ်ဘက်၊ နယ်ဘက်ဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဝါသနာအလျောက် ခေါင်းဆောင်မှုနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုမှု အလေ့ထုံခဲ့သည်။ ဗဟိုဝန်ထမ်းတက္ကသိုလ်သို့ ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသောအခါ ခေါင်းဆောင်မှုဘာသာရပ်ကို ပို့ချရန် တာဝန်ပေးအပ်ခြင်းခံရသည်။ ဌာနတာဝန်ဖြင့်ပင် အိန္ဒိယနိုင်ငံသို့ ပညာတော်သင်သွားရောက်ရသည့်အခါ ခေါင်းဆောင်မှုပညာရပ်ကို နယ်ပယ်ကျယ်ပြန့်စွာ ဆည်းပူးလေ့လာနိုင်ခဲ့သည်။

ဦးလှမင်းသည် (၁၉၉၃) ခုနှစ်တွင် ခေါင်းဆောင်မှုပညာစာမူဖြင့် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာဘာသာရပ်) ၌ တတိယဆုရရှိခဲ့သည်။ ထိုစာမူကို စာပေဗိမာန်မှ (၁၉၉၇) ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကို (၂၀၀၀) ပြည့်နှစ်ကာလတစ်ဝိုက်တွင် ဒုတိယအကြိမ်အဖြစ် စာပေလောကစာအုပ်တိုက်မှ ပြန်လည်ထုတ်ဝေခဲ့သည်။

ဦးလှမင်းသည် မူလက ဦးလှမင်း (ဗဟိုဝန်ထမ်းတက္ကသိုလ်) ဟူ၍ ကလောင်အမည်ယူခဲ့ရာမှ နောက်ပိုင်းတွင် ဦးလှမင်းဟူ၍သာ ကလောင်အမည်ကို သုံးစွဲခဲ့သည်။ ဦးလှမင်း ဘာသာပြန်ဆိုရေးသားခဲ့သည့် ထင်ရှားသော စာအုပ်များမှာ ဘဝရည်မှန်းချက်ပြည့်ဝအောင်မြင်ရေးလမ်းညွှန်၊ ခေါင်းဆောင်တိုင်းတွင်ရှိအပ်သည့် ခေါင်းဆောင်လက္ခဏာ (၂၁) ရပ်၊ အရှုံးမှသည် အောင်ပွဲဆီသို့၊ ရွှေမိုးငွေမိုးရွာစေသူတို့၏ လျှို့ဝှက်ချက်များ၊ တနင်္လာနံနက်ခင်းရဲ့ မင်္ဂလာရှိသောရွေးချယ်မှု၊ မန်နေဂျာလက်စွဲ၊ လက်တွေ့ဆောင်ရွက်နိုင်မည့် ဆွန်ဇူး၏ လမ်းပြမှတ်တိုင်များ၊ အမေရိကန်စစ်တက္ကသိုလ်မှာ သင်ကြားပေးတဲ့ခေါင်းဆောင်မှုပညာ၊ စွမ်းဆောင်ရည်တိုးတက်မှုလက်စွဲ၊ ခေါင်းဆောင်တိုင်းသိသင့်သော လမ်းညွှန်မှုနည်းလမ်းများ၊ hp ရဲ့ကျင့်ထုံးတို့ဖြစ်သည်။

ဦးလှမင်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဌာနမှူးလေ့ကျင့်သင်ကြားရေးမှ ဒုတိယပါမောက္ခချုပ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ခေါင်းဆောင်မှုဆိုင်ရာ စာအုပ်များကို ဘာသာပြန်ဆိုရေးသားခဲ့သည်။

ဦးလှမင်းသည် အသက် (၇၅) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၁) ရပ်ကွက်၊ ဇေယျာဒီပလမ်း အမှတ် (၁၀၆) နေအိမ်၌ ကွယ်လွန်သည်။ ဦးလှမင်းသည် (ဒေါ်ထွေး) နှင့် လက်ထပ်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သားတစ်ယောက်၊ သမီးနှစ်ယောက် ကျန်ရစ်သည်။

**ဝင်းတင်၊ ဦး၊ ဟံသာဝတီ (၁၉၃၀-၂၀၁၄)။** ။ သတင်းစာဆရာ၊ စာရေးဆရာ ဟံသာဝတီ ဦးဝင်းတင်ကို ဦးပု၊ ဒေါ်အမာတို့က (၁၉၃၀) ပြည့်နှစ်၊ မတ်လ (၁၂) ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၌ မွေးဖွားသည်။ သားသမီးသုံးဦးအနက် အကြီးဆုံးသား ဖြစ်သည်။

ငယ်စဉ်က ကြို့ပင်ကောက်မြို့တွင် ပညာသင်ယူခဲ့သည်။ (၁၉၅၃) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာ၊ ခေတ်သစ်ရာဇဝင်နှင့် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများ၌ ဝင်းတင်အမည်ဖြင့် ကဗျာနှင့်ဝတ္ထုတိုများ စတင်ရေးသားသည်။ (၁၉၄၇-၁၉၄၈) ခုနှစ်များတွင် ကြို့ပင်ကောက်မြို့ အမျိုးသားအထက်တန်းကျောင်း ကျောင်းသားသမဂ္ဂ၌ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဦးဝင်းတင်သည် (၁၉၄၇) ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်း၌ ကဗျာများစတင်ရေးသားခဲ့သည်။ (၁၉၄၉) ခုနှစ် တွင် အကျိုးဆောင်ဂျာနယ်၏ လက်ထောက် အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ (၁၉၅၃) ခုနှစ်တွင် အေအက်ဖ်ပီနိုင်ငံခြားသတင်းဌာနတွင် ညအယ်ဒီတာအဖြစ် လည်းကောင်း၊ (၁၉၅၀) ပြည့်နှစ်မှ (၁၉၅၄) ခုနှစ်အထိ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) တွင် လက်ထောက်အယ်ဒီတာအဖြစ် လုပ်ကိုင်ပြီး မြန်မာ့စွယ်စုံကျမ်းကြီးများပြုစုရာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ (၁၉၅၄) ခုနှစ်မှ (၁၉၅၇) ခုနှစ်အထိ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ဂျမ်ဘာတန်စာအုပ်ထုတ်ဝေရေးကုမ္ပဏီတွင် စာအုပ်ထုတ်ဝေမှုပညာနှင့် စာနယ်ဇင်းပညာကို လေ့လာဆည်းပူးရင်း တစ်ဖက်မှလည်း မြန်မာဘာသာပြန်စာအုပ်စာတမ်းများ ထုတ်ဝေရေးတွင် အကြံပေးအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုသို့ ပညာသင်ကြားရင်း မြန်မာနိုင်ငံသတင်းများ စုစည်းဖော်ပြသည့် 'ဒို့ပြည်သတင်း' သတင်းစာကို စောင်ရေ (၅၀၀) ပုံနှိပ်ကာ ကိုယ်ပိုင်ရေးသားထုတ်ဝေပြီး ကမ္ဘာတစ်ဝန်းရှိ ပြည်ပရောက် မြန်မာလူမျိုးများထံသို့ စာတိုက်မှအခမဲ့ဖြန့်ဝေခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် (၁၉၅၇) ခုနှစ်၊ ဧပြီလအထိ ဖြစ်သည်။ ဥရောပတွင် ရှိနေစဉ် ပန်းချီပြတိုက်များကို လေ့လာပြီး ပန်းချီဝေဖန်ရေးစာပေများကို ရေးသားခဲ့သည်။

(၁၉၅၇) ခုနှစ်၊ ဧပြီလ (၁၆) ရက်တွင် စတင်ထုတ်ဝေခဲ့သော ကြေးမုံသတင်းစာ စတင်ထူထောင်သူများ၌ ပါဝင်ခဲ့ပြီး ကြေးမုံသတင်းစာတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဇဝန၊ အောင်ဗလ (ကြေးမုံဦးသောင်း)၊ စိန်ခင်မောင်ရီတို့နှင့်အတူ သတင်းစာလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ကြေးမုံသတင်းစာ ပြည်သူပိုင်ပြုလုပ်ချိန်တွင် ပြည်သူ့အိုးဝေ၌ လုပ်ကိုင်ခဲ့သည်။ (၁၉၅၉ ခုနှစ်မှ ၁၉၆၄) ကာလအထိ စာနယ်ဇင်းကောင်စီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၆၀ ပြည့်နှစ်မှ ၁၉၆၉) ခုနှစ်ကာလအထိ ကြေးမုံသတင်းစာတွင်ပင် အမှုဆောင်အယ်ဒီတာအဖြစ် ပြန်လည်တာဝန်ယူသည်။

(၁၉၆၂-၁၉၆၄) ခုနှစ်ကာလတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ (၁၉၆၉) ခုနှစ်၊ အောက်တိုဘာလမှ (၁၉၇၈) ခုနှစ်အထိ မန္တလေးမြို့တွင်ထုတ်ဝေသော ဟံသာဝတီသတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကာလအတွင်း အနောက်ဥရောပနှင့် အရှေ့အာရှရှိ နိုင်ငံပေါင်း (၂၀) ခန့်သို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်းတွင် ရောက်ရာအရပ်မှ သတင်းများရေးသားပြီး မြန်မာနိုင်ငံသို့ ပေးပို့ခဲ့သည်။

ဦးဝင်းတင်သည် သတင်းစာဆရာအဖြစ်သာမက စာပေရေးသားခြင်းအလုပ်များကိုလည်း တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သည်။ (၁၉၇၂) ခုနှစ်တွင် ခြေတွင်စကား လက်ဖျားကဗျာ မျက်နှာဇာတ်လမ်း (မြန်မာ့ဇာတ်သဘင်ဥရောပခရီး) စာအုပ်ကို ထုတ်ဝေခဲ့သည်။ ဦးဝင်းတင်သည် သတင်းစာသမိုင်းပြုစုရန်အတွက် သတင်းစာဆရာ၊ စာရေးဆရာကြီးများဖြစ်သော တက္ကသိုလ်ထင်ကြီး၊ လူထုဦးလှ၊ ရွှေဥဒေါင်းတို့နှင့်အတူ ကြိုးပမ်းခဲ့သည်။ ဦးဝင်းတင်သည် စာပေ၊ ပန်းချီ၊ သဘင်၊ ဂီတ ဆောင်းပါး၊ စာတမ်းနှင့် ဝေဖန်အကဲဖြတ်



ဟံသာဝတီဦးဝင်းတင်

ချက်များကို 'ပေါ်သစ်' ကလောင် အမည်ဖြင့်ရေးသား ခဲ့ပြီး ကွိ၊ ဥတ္တရအလင်း (ဘာသာပြန်စာအုပ်များ)၊ ကမ္ဘာနီတွင် တဒင်္ဂ၊ ခရီးသွားမှတ်တမ်းစာအုပ်၊ ပြည်သူ တို့ရဲ့စကားပြန် (စီစဉ်တည်းဖြတ်သူ)၊ ဘာလဲဟဲ့ လူ့ငရဲ၊ အလှရှာပုံတော်၊ ပန်းချီအကြောင်း စာအုပ်တို့ကို ရေးသားခဲ့သည်။ ထိုသို့ရေးသားရာတွင် ၎င်း၏ ကလောင်အမည်ခွဲများ ဖြစ်သည့် မောင်ဝန်ဇင်း၊ ပေါ်သစ်၊ ပြည်စိုး၊ ဝင်းထင်၊ ပုည၊ ဝင်းဆွေ၊ သုတေသီ၊ အယ်ဒီတာတစ်ဦး စသည်တို့ကို အသုံးပြုခဲ့သည်။

ဦးဝင်းတင်သည် (၁၉၇၈) ခုနှစ် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့တွင် ဗဟိုစည်းရုံးရေးကော်မတီဝင် အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ (၁၉၈၈) ခုနှစ် ရှစ်လေးလုံး လူထုအုံကြွမှုအရေးတော်ပုံတစ်ရပ် ပေါ်ပေါက်လာသောအခါ ဦးဝင်းတင်သည် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ (၁၉၈၈) ခုနှစ် မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး စာရေးဆရာ မောင်သော်ကနှင့် ပူးတွဲလုပ်ရှားခဲ့သည်။ (၈၈) အရေးတော်ပုံကာလတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အနီးကပ်လှုပ်ရှား ဆောင်ရွက်ခဲ့ပြီး (၁၉၈၈) ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စတင် ဖွဲ့စည်းချိန်၌ ဗဟိုအလုပ်အမှုဆောင်အဖြစ် ကွယ်လွန် ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးဝင်းတင်သည် (၁၉၈၉ ခုနှစ်မှ ၂၀၀၈) ခုနှစ်အထိ နိုင်ငံရေးလှုပ်ရှားမှု များကြောင့် ဖမ်းဆီးခြင်းခံရသည်။ (၂၀၀၁) ခုနှစ်တွင် ဦးဝင်းတင်အား ယူနက်စကို အဖွဲ့ကြီးက ယူနက်စကို၊ ဂွီလာမိုရ်ကနူ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်ဆု ချီးမြှင့် သည်။ ထိုနှစ်၌ပင် ကမ္ဘာ့သတင်းစာများ အသင်းကြီးက လွတ်လပ်မှု ရွှေကလောင်ဆုကို စမ်းစမ်းနွဲ့ (သာယာ ဝတီ) နှင့် အတူ ချီးမြှင့်ခဲ့သည်။ (၂၀၁၂) ခုနှစ်၊ မတ်လ (၁၂) ရက်တွင် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းကို ထူထောင်ခဲ့ပြီး နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးဝင်းတင်သည် အသက် (၈၄) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ ဧပြီလ (၂၁) ရက်တွင် ကွယ်လွန် သည်။

**သန်း၊ ဦး (ကိုသန်း-ကြည့်မြင်တိုင်) (၁၉၂၆-၂၀၁၄)။** ။ ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ အမျိုးသားစာပေဆုရှင် ဆရာကြီးကိုသန်း (ကြည့်မြင် တိုင်) ကို ဦးလှဘော်၊ ဒေါ်တင်ညွန့်တို့က (၁၉၂၆) ခုနှစ်၊ မတ်လ (၁၂) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင် တိုင်မြို့နယ်၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးသန်း ဖြစ်သည်။

ငယ်စဉ်က ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး ကျောင်း၊ ကြည့်မြင်တိုင် ဒေါ်ကြီးကြီး အလယ်တန်း ကျောင်း၊ ကြည့်မြင်တိုင် အမျိုးသမီးအထက်တန်း ကျောင်းနှင့် စိန့်ဂျွန်းကောလိပ်တို့တွင် ပညာသင်ကြားခဲ့ သည်။

ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂ၌ ပါဝင်ပြီး (၁၃၀၀) ပြည့်အရေးတော်ပုံ၊ အာရှလူငယ် အဖွဲ့၊ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတို့၌ ပါဝင်ခဲ့ သည်။ အင်္ဂလိပ်အစိုးရလက်ထက် အတွင်းဝန်ရုံးကို ကျောင်းသားများ ဝိုင်းဝန်းဆန္ဒပြစဉ် ပါဝင်ခဲ့သဖြင့် အဆိုပါခေတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ၏ လွတ်လပ်ရေးတိုက်ပွဲဝင် ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ခြင်းခံရသည်။

ထို့နောက် ပြည်သူ့အရေးတော်ပုံ (မြေအောက် တော်လှန်ရေးယူနစ်) တွင် ပါဝင်ပြီး ဗြိတိသျှနယ်ချဲ့



**ကိုသန်း-ကြည့်မြင်တိုင်**

ဆန့်ကျင်ရေးကြိုးပမ်းမှုနှင့် အာရှလူငယ်အဖွဲ့ဖက်ဆစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတို့တွင် ပါဝင်ခဲ့သည်။

စစ်ပြီးခေတ်တွင် ဗမာပြည်ဆိုရှယ်လစ်ပါတီ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့်ဌာနချုပ်တာဝန်များ အဆင့်ဆင့် ထမ်းဆောင်ရင်း အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ဗမာပြည်ဆိုရှယ်လစ်ပါတီ သတင်းနှင့်ပြန်ကြားရေးဌာန အတွင်းရေးမှူး၊ “ပြည်ထောင်စုအသံ” သတင်းစာတွင် အယ်ဒီတာချုပ်၊ ပြည်သူ့စာပေကော်မတီအဖွဲ့ဝင် စသည့် တာဝန်များကိုထမ်းဆောင်ခဲ့ပြီး (၁၉၄၈) ခုနှစ်တွင် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးအဖွဲ့ဝင်အဖြစ်သွားရောက်သည်။

(၁၉၄၆) ခုနှစ်၊ ဆိုရှယ်လစ်တပ်ဦးဂျာနယ်တွင် ဆောင်းပါးများစတင် ရေးသားရာမှ စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး အမျိုးသားတပ်ဦးဂျာနယ်၊ ပြည်သူ့တပ်ဦးဂျာနယ်၊ ပြည်သူ့ဂျာနယ်တွင် အယ်ဒီတာအဖွဲ့ဝင်၊ ပြည်သူ့အသံ သတင်းစာအယ်ဒီတာချုပ်အဖြစ် အဆင့်ဆင့်ဆောင်ရွက်ရင်း ပြည်သူ့စာစဉ်ဂျာနယ်၊ နိုင်ငံရေးပညာပေးစာစောင်၊ မြဝတီမဂ္ဂဇင်း၊ ရောင်ခြည်ခေတ်ဂျာနယ်၊ အားသစ်ဂျာနယ်၊ စာပေသစ်မဂ္ဂဇင်း၊ တိုင်းချစ်ဂျာနယ်၊ ဗိုလ်တထောင်နေ့စဉ်သတင်းစာ၊ ကြေးမုံ၊ လမ်းစဉ်သတင်းဂျာနယ်၊ စွယ်စုံကျမ်းနှစ်ချုပ် စသည့် ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင်တို့တွင် အမည်မဖော်လိုသော လူငယ်တစ်ဦး၊ ပင်တိုင်ဆောင်းပါးရှင် မုန်တိုင်း၊ မောင်ငယ်ထွေး၊ ရဲဘော်တင့်ထူး၊ ဟိန်းဇာနည်၊ ဝေမိုးသော်၊ ဇေမိုးသော်၊ လေပြေ၊ စူပါစပ်စု ဟူသည့်ကလောင်ခွဲများဖြင့် ပါဝင်ရေးသားခဲ့သည်။

(၁၉၆၃) ခုနှစ်တွင် ဗမာပြည်အလုပ်သမားပါတီ ဗဟိုကော်မတီမှ နုတ်ထွက်ပြီး လမ်းစဉ်ပါတီသို့ဝင်ရောက်သည်။ လမ်းစဉ်ပါတီဌာနချုပ်တွင် စာပြုတာဝန်မှ အထက်တန်းသုတေသနအရာရှိ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးကော်မတီ၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဆန်စပါးတင်ပို့ရောင်းချရေးကော်မတီတို့တွင် တာဝန်ဆက်လက်ထမ်းဆောင်ခဲ့သည်။

(၁၉၈၁) ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ချီးမြှင့်ခံရသည်။ ဆရာကြီးကိုသန်း (ကြည့်မြင်တိုင်) ရေးသားပြုစုခဲ့သော စာအုပ်များမှာ ပြည်တွင်းငြိမ်းချမ်းရေးရလိုသော်၊ စီအိုင်အေခြေရှုပ်သမျှ (ဝါရင့်နိုင်ငံရေးသမားတစ်ဦးကလောင်ဖြင့်)၊ ကိုယ်တွေ့သိခဲ့သမျှ နိုင်ငံတော်လုပ်ကြံမှုကြီး၊ အမျိုးသားဒီမိုကရေစီ၊ နိုင်ငံရေးအတွေ့အကြုံများ၊ မြန်မာလူငယ်တစ်စု၏ ဗီယက်နမ်အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ စစ်မျက်နှာသို့ လျှို့ဝှက်ခရီး (၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ) တို့ဖြစ်သည်။

နိုင်ငံ့လွတ်လပ်ရေးနှင့် အမျိုးသားရေးကြိုးပမ်းမှုတို့တွင် ပါဝင်ခဲ့ပြီး တစ်ဖက်မှ မြန်မာစာပေတိုးတက်ရေးအတွက် အစဉ်အဆက်အားထုတ်ဆောင်ရွက်ခဲ့သူ ဆရာကြီးကိုသန်း (ကြည့်မြင်တိုင်) သည် အသက် (၈၉) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီးများ ကျန်ရစ်သည်။

**သန်းငြိမ်း၊ ဒေါက်တာ (၁၉၃၈-၂၀၁၄)။** ။

ဒေါက်တာသန်းငြိမ်းကို ဦးတင်ညွန့်နှင့်ဒေါ်ခင်ညွန့်တို့က (၁၉၃၈) ခုနှစ်၊ ဩဂုတ်လ (၅) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ခနောင် (အရှေ့) ကျေးရွာ၌ မွေးဖွားသည်။

(၁၉၅၄) ခုနှစ်တွင် ရန်ကုန်မြို့မအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သည်။ (၁၉၆၃) ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်မှ M.B.B.S ဆရာဝန်ဘွဲ့ရရှိသည်။ တက္ကသိုလ်တက်နေစဉ်အတွင်း



**ဒေါက်တာသန်းငြိမ်း**

ရန်ကုန်ဆေးတက္ကသိုလ် ကျောင်းသားသမဂ္ဂတွင် ပါဝင်၍ ကျောင်းသားလှုပ်ရှားမှုများဆောင်ရွက်ခဲ့သည်။

ဒေါက်တာသန်းငြိမ်းသည် ကျန်းမာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၉၈၂ ခုနှစ်မှ ၁၉၈၄) အထိ ကုလသမဂ္ဂစေတနာ့ဝန်ထမ်း ဆရာဝန်အဖြစ် သီရိလင်္ကာနိုင်ငံတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၈၈) ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံတွင် ဦးဆောင်ပါဝင်မှုကြောင့် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့ရသည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျောက်တန်းမြို့နယ်သို့ ဝင်ရောက်ခဲ့ကာ မြို့နယ်ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၉၀) ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပသော အခါ ကျောက်တန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှနေ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

(၁၉၉၆) ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၉၇) ခုနှစ်တွင် ဆေးခန်းဖွင့်သည်ကို အကြောင်းပြု၍ တရားစွဲဆိုခံရကာ ဆမလက်မှတ်သိမ်းခြင်းကိုခံရပြီး ထိုနှစ်အောက်တိုဘာလတွင် မရမ်းကုန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်စည်းရုံးရေးကိစ္စကြောင့် ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခံခဲ့ရသည်။ ထို့နောက် အကျဉ်းထောင်အသီးသီးတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရပြီး ပုဒ်မ ၁၀ (က) ဖြင့်ထပ်မံ၍ တစ်နှစ်စီတိုးကာ သုံးကြိမ်တိုင်ထပ်မံ အရေးယူခြင်းခံရသည်။

(၂၀၀၈) ခုနှစ်၊ စက်တင်ဘာလတွင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။

(၂၀၀၉) ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထောက်အကူပြုအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာစာတမ်းပြုစုသည့်အဖွဲ့၌ ပါဝင်ခဲ့သည်။ (၂၀၁၀) ပြည့်နှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး (၂၀၁၀) ပြည့်နှစ်၊ မတ်လတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထပ်မံမှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲဝင်သင့်ကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက (၂၀၁၀) ရွေးကောက်ပွဲအတွက် ပါတီမှတ်ပုံတင်ခြင်းမပြုတော့သည့်အတွက် ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် ဒီမိုကရေစီစနစ်သို့ သွားရောက်ရန် ဆုံးဖြတ်ကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီကို (၂၀၁၀) ပြည့်နှစ်၊ ဖွန်လတွင် စတင်တည်ထောင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ မှတ်ပုံတင်ပြီးနောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး (၂၀၁၂) ခုနှစ်တွင် ကျန်းမာရေးအရ ပါတီဥက္ကဋ္ဌအဖြစ်မှ ပါတီခေါင်းဆောင်အဖြစ်သို့ ပြောင်းလဲတာဝန်ယူခဲ့သည်။

ဒေါက်တာသန်းငြိမ်းသည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက သမဂ္ဂစာစောင် မဂ္ဂဇင်းများ၌ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပြဇာတ်များကို ရေးသားခဲ့သည်။ နောက်ပိုင်းတွင် တော်ဝင်၊ ရနံ့သစ်မဂ္ဂဇင်းများ၌

ဆောင်းပါးများ၊ ဘာသာပြန် ဝတ္ထုတိုများ ရေးသားခဲ့သည်။ (၂၀၁၃) ခုနှစ်တွင် ဆွေငြိမ်းဦးကလောင်အမည်ဖြင့် ဧည့်ခန်းထဲကလူကြီး ဘာသာပြန်စာအုပ်ကို ထုတ်ဝေခဲ့သည်။ (၂၀၁၄) ခုနှစ်တွင် ကြုံရဆုံရသော ဆရာဝန်ဘဝစာအုပ်ကို ပြုစုထုတ်ဝေခဲ့သည်။ မျက်မှောက်နိုင်ငံရေး အခြေအနေများနှင့်ပတ်သက်၍ The Messenger ဂျာနယ်မှတစ်ဆင့် ဆွေးနွေးတင်ပြခဲ့သည်။

ဒေါက်တာသန်းငြိမ်းသည် (၂၀၁၄) ခုနှစ်၊ မေလ (၂၁) ရက်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်အေးနှင့် သားသမီး ငါးဦးကျန်ရစ်သည်။

**အောင်ဖေ၊ သူရ၊ ဗိုလ်မှူးကြီး(အငြိမ်းစား) (၁၉၂၅-၂၀၁၄)။** ။ ဗိုလ်မှူးကြီးသူရအောင်ဖေကို ဦးဘစိန်၊ ဒေါ်မြတို့က (၁၉၂၅) ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်တွင် မွေးဖွားသည်။

ငယ်စဉ်က အခြေခံပညာကို မင်းတုန်း၊ အောင်လံ၊ မင်းဘူးကျောင်းများ၌ သင်ယူခဲ့သည်။ (၁၉၃၈-၁၉၃၉) ခုနှစ်၊ ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့ပြီးနောက် ကျောင်းသားသမဂ္ဂ၊ သံမဏိတပ်ဖွဲ့၊ အင်္ဂလိပ်တော်လှန်ရေး မြေအောက်လျှို့ဝှက်အဖွဲ့တို့တွင် ပါဝင်ခဲ့သည်။

(၁၉၄၂) ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ မင်းဘူးမြို့မှ စတင်ဝင်ရောက်သည်။ ဗမာ့ကာကွယ်ရေးတပ်မတော် မင်္ဂလာဒုံဗိုလ်သင်တန်း အပတ်စဉ် (၁) နှင့် ဂျပန်နိုင်ငံစစ်တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သည်။ တပ်မတော် ပညာရေးကျောင်း(ပြင်ဦးလွင်မြို့) မှ အထက်တန်း အောင်မြင်သည်။ ဗမာ့မျိုးချစ်တပ်မတော် ဖျက်သိမ်းပြီးနောက် (၁၉၄၆) ခုနှစ်တွင် တပ်မတော်သို့ ပြန်လည်ဝင်ရောက်ခဲ့ရာ ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခံရသည်။

(၁၉၄၉) ခုနှစ်မှစတင်က ဗိုလ်ကြီး၊ လေထီးသင်တန်းကျောင်းအုပ်၊ တပ်မဟာမှူး၊ အလယ်ပိုင်းတိုင်း ဒုတိယတိုင်းမှူးတာဝန်များကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ (၁၉၆၂) ခုနှစ် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာရယူစဉ် ရန်ကုန်၌ တာဝန်အချို့ခဲ့ဝေထမ်းဆောင်ခဲ့သည်။ (၁၉၆၃) ခုနှစ်တွင် အရှေ့ပိုင်းတိုင်း ဒုတိယတိုင်းမှူး၊ (၁၉၆၅) ခုနှစ်တွင် အရှေ့ပိုင်းတိုင်း တိုင်းမှူး၊ လမ်းစဉ်ပါတီတိုင်းကြီး ဥက္ကဋ္ဌ၊ ရှမ်းနှင့် ကယားပြည်နယ်



ဗိုလ်မှူးကြီး သူရအောင်ဖေ

ဦးစီးအဖွဲ့ဝင်၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ အဖြစ်တာဝန်ယူခဲ့သည်။ (၁၉၆၉) ခုနှစ်မှ (၁၉၇၄) ခုနှစ်အထိ သတ္တုတွင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ (၂-၃-၁၉၇၄) ရက်မှ (၉-၁၁-၁၉၈၁) ရက်ထိ ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ အဖြစ်ရွေးချယ်ခံရကာ (၉-၁၁-၁၉၈၁) မှ (၁၈-၉-၁၉၈၈) ထိ နိုင်ငံတော်ကောင်စီဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။

(၁၉၇၄) ခုနှစ်မှစ၍ မင်းဘူး(စကု) မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လေးကြိမ်တိုင် ရွေးချယ်တင်မြှောက်ခံရသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင် လမ်းစဉ်ပါတီ တိုင်းကြီးကြပ်ရေးကော်မတီဝင်အဖြစ် တိုင်းခွဲနှင့် ပါတီယူနစ်များ စတင်ဖွဲ့စည်းခြင်းကို တာဝန်ယူခဲ့သည်။ ပထမနှင့် ဒုတိယအကြိမ်ညီလာခံက ဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း၊ အရန်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် တတိယအကြိမ်ပါတီညီလာခံအထိ ထမ်းဆောင်ခဲ့သည်။

ဗိုလ်မှူးကြီး သူရအောင်ဖေသည် နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ရာ (၁-၄-၁၉၄၉)

တွင် သူရဘွဲ့ကိုလည်းကောင်း၊ (၂၅-၃-၁၉၇၂) တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ကို လည်းကောင်း၊ (၄-၁-၁၉၈၁) တွင် စစ်မှုထမ်းကောင်း တံဆိပ်ကိုလည်းကောင်း၊ (၄-၁-၁၉၈၆) တွင် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ကိုလည်းကောင်း၊ (၄-၁-၁၉၅၃) တွင် စည်သူတံဆိပ် (ဘွဲ့) ကို လည်းကောင်း ရရှိခဲ့သည်။

ဗိုလ်မှူးကြီး သူရအောင်ဖေ (ငြိမ်း)သည် အသက် (၈၉) နှစ်အရွယ် (၂၀၁၄) ခုနှစ်၊ မေလ (၁၉) ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## အောင်သင်း၊ ဦး (၁၉၂၇-၂၀၁၄)။ ။

မြန်မာစာပေလောက၌ စာရေးဆရာ၊ ဝေဖန်ရေးဆရာ၊ တောင်တွင်းက အောင်သင်းနှင့် စာပေလူကြမ်းမင်းသားဟု ထင်ရှားသော အောင်သင်းကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင်ရပ်၌ သခင် ညီမောင်၊ ဒေါ်ရွှေကြင်တို့က (၁၉၂၇) ခုနှစ်၊ ဧပြီ (၁၇) ရက်တွင် မွေးဖွားသည်။ သားသမီးသုံးယောက်အနက် အကြီးဆုံး ဖြစ်သည်။ အမည်ရင်းမှာ အောင်သင်းဖြစ်သည်။

(၁၉၃၂) ခုနှစ်၊ အသက် (၅) နှစ်အရွယ်တွင် တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ရှိ ဆရာ ဦးသာဒွန်း၏ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားသည်။ စတုတ္ထတန်းအောင်မြင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိ မြန်မာအထက်တန်းကျောင်းတွင် အလယ်တန်း ပညာကို ဆက်လက်သင်ကြားသည်။ (၁၉၃၈) ခုနှစ် ခြောက်တန်းကျောင်းသားအရွယ်တွင် (၁၃၀၀) ပြည့် အရေးတော်ပုံနှင့်ကြုံခဲ့သည်။ (၁၉၃၉) ခုနှစ်တွင် သတ္တမတန်းစာမေးပွဲကျရှုံးသည်။ ထို့နောက် ကျောင်း ထွက်သည်။ (၁၉၄၁) ခုနှစ်တွင် သာသနာ့ဘောင်၌ ရှင်သာမဏေဘဝနှင့် ပညာသင်ကြားနေစဉ် ဒုတိယ ကမ္ဘာစစ်ဖြစ်လာ၍ သာမဏေဘဝမှ ထွက်လိုက်ရ သည်။ (၁၉၄၇) ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။ ထိုမှတစ်ဆင့် ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ရောက် သွားပြီး သင်တန်းများတက်ကာ ခရိုင်စည်းရုံးရေးမှူး အဆင့်ထိ တာဝန်ယူခဲ့သည်။

(၁၉၄၉) ခုနှစ် လွတ်လပ်ရေးရပြီးစ ရောင်စုံ သူပုန်များပေါ်ပေါက်လာချိန်၌ ရဲဘော်ဖြူများ၏ ဖမ်းဆီးခြင်းခံရပြီး မကွေးထောင်၊ တောင်တွင်းကြီး ထောင်၊ ပြည်ထောင်နှင့် သရက်ထောင်များ၌ အကျဉ်း သားဘဝဖြင့်နေခဲ့ရသည်။ နိုဝင်ဘာလတွင် သရက် ထောင်ကိုဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ (၁၉၅၂) ခုနှစ်တွင် တောင်တွင်းကြီးမြို့သို့ ပြန်ရောက် လာကာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက် ဖြေဆိုသည်။ (၁၉၅၃) ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်သည်။ ထို့နောက် တောင်တွင်းကြီးမြို့ မိုးထိ အထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ (၁၉၅၆) ခုနှစ်တွင် အလယ် တန်းပြဆရာ အလုပ်မှထွက်၍ မကွေးကောလိပ်၌ ဥပစာ-ဝိဇ္ဇာတန်းကို တက်ရောက်သင်ကြားသည်။

(၁၉၅၈) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက် တက်ရောက်ပညာသင်ကြားသည်။ ထိုစဉ် "သရက် ထောင်ဖောက်စဉ်က" ကိုယ်တွေ့ဆောင်းပါး ရေးသား ကာ ရှုမဝမဂ္ဂဇင်းသို့ပေးပို့သည်။ သို့သော် ရှုမဝ မဂ္ဂဇင်းက ပြည်တွင်းစစ်နှင့်ပတ်သက်သော အကြောင်း အရာများမထည့်ရန် သတ်မှတ်ထားသဖြင့် ဆောင်းပါး ကို ပြန်လည်ပေးပို့ခံရသည်။ ထို့ကြောင့် မြဝတီမဂ္ဂဇင်း သို့ပြောင်းလဲပေးပို့ခဲ့ရာ (၁၉၅၉) ခုနှစ်၊ မေလထုတ် မြဝတီမဂ္ဂဇင်းတွင် ယင်းဆောင်းပါးကို ဖော်ပြခံရသည်။ ၎င်းသည် အောင်သင်း၏ ပထမဆုံးစာပေလက်ရာ ဖြစ်သည်။

(၁၉၆၀) ပြည့်နှစ်တွင် ဝိဇ္ဇာတန်းကို မြန်မာ ဘာသာစကားနှင့်အနုစာပေ၊ အင်္ဂလိပ်ဘာသာစကားနှင့် အနုစာပေ၊ ဒဿနိကဘာသာတွဲဖြင့် အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများထုတ်ဝေသော ပုသိမ်မဂ္ဂဇင်းတွင် ဆောင်းပါးနှစ်ပုဒ်နှင့် အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ပုဒ် ရေးသားခဲ့သည်။ ဆောင်းပါး တစ်ပုဒ်မှာ "လူသေလူမဖြစ်မီက ရှင်ဥက္ကဋ္ဌ" ဖြစ်သည်။ (၁၉၆၁) ခုနှစ်တွင် ပညာရေးတက္ကသိုလ်တက်ရောက်၍ ပညာသင်ကြားသည်။ ထိုစဉ်တွင် မြန်မာစာဌာန ပါမောက္ခဦးဝန် (မင်းသုဝဏ်) လက်ထက်၌ မြန်မာစာ မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်းတက်ရောက်ခွင့်

ဖြေဆိုအောင်မြင်ခဲ့သည်။ (၁၉၆၂) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်။ စာဆိုတော်ပြား (၅၀) တန် မဂ္ဂဇင်းတွင် လစဉ်



**အောင်သင်း**

ဆောင်းပါးသုံးလေးပုဒ်ခန့် ရေးသားသည်။ ထိုစဉ်က ကလောင်အမည်မှာ မောင်သံနိုင်ဖြစ်သည်။ နောက်ပိုင်းတွင် အမည်ရင်းအောင်သင်းဖြင့် ဆက်လက်အသုံးပြုခဲ့သည်။

(၁၉၆၃) ခုနှစ်တွင် မော်လမြိုင်ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့အမှုထမ်းသည်။ ထိုစဉ် ကံ့ကော်မြိုင် စာတမ်းများစာစု၌ စာတမ်းသုံးပုဒ်ရေးသားခဲ့သည်။ နှစ်ပုဒ်ကို အလယ်တန်းနှင့်အထက်တန်းမြန်မာစကားပြေ လက်ရွေးစင်တို့၌ ကျောင်းသုံးပြဋ္ဌာန်းခံရသည်။ (၁၉၆၅) ခုနှစ်၊ မေလတွင် ပြင်ဦးလွင်စစ်တက္ကသိုလ် မြန်မာစာဌာနသို့ လက်ထောက်ကထိကရာထူးဖြင့် ပြောင်းရွှေ့အမှုထမ်းသည်။

(၁၉၆၆) ခုနှစ်တွင် စိတ်ပင်လယ်စာတမ်းများ စာအုပ်၌ စာတမ်းနှစ်ပုဒ်ရေးသားခဲ့သည်။ (၁၉၇၀) ပြည့်နှစ်၊ အောက်တိုဘာလတွင် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ပြီး မဟာဝိဇ္ဇာတန်းကို ဆက်လက်သင်ကြားခဲ့သည်။ (၁၉၇၁) ခုနှစ်တွင် ရှုမဝမဂ္ဂဇင်း၌ မြန်မာဘာသာစကားနှင့် ကာရန်မဲ့ကဗျာ စာပေဝေဖန်ရေးဆောင်းပါးကို ရေးသားသည်။ ထိုအချိန်မှစ၍ စာပေသဘောတရားများ၊ စာပေဝေဖန်ရေးများကို ဆက်တိုက်ရေးသားခဲ့သည်။ ၎င်းနှင့်ပတ်သက်၍ စံပယ်ဦးစာအုပ်တိုက်က ရှုမဝကလောင်ရှင်များ၏ လှိုင်းသစ်အမည်ဖြင့် မောင်ဇော်၊ မောင်စံဖော်၊ ငြိမ်းကျော်တို့နှင့်အတူ စာအုပ်ထုတ်ဝေခဲ့သည်။ (၁၉၇၄) ခုနှစ်တွင် ဝတ္ထုတိုများလေ့လာချက်စာတမ်း ပြုစုတင်ပြပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်မြင်သည်။ (၁၉၇၇) ခုနှစ်တွင် စာပေရေးရာဆောင်းပါးများ စာအုပ်ထွက်ခဲ့သည်။ (၁၉၇၈) ခုနှစ်၊ ဧပြီလတွင် နိုင်ငံရေးလှုပ်ရှားမှု၌ ပါဝင်ပတ်သက်သည်ဟု ထိုစဉ်က အစိုးရအဖွဲ့ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ယူဆသောကြောင့် အလုပ်မှထုတ်ပယ်ခြင်းခံရသည်။ ထိုအချိန်မှစ၍ အလွတ်နည်းပြသင်တန်းကျောင်းများတွင် မြန်မာစာပေသင်ကြားပေးခြင်း၊ စာပေရေးသားခြင်းတို့နှင့်သာ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ (၁၉၈၃) ခုနှစ်၊ နိုဝင်ဘာလတွင် သဘင်မဂ္ဂဇင်း၌ (၂၅) လ တိုင်တိုင် အကြိုက်ဆုံးဝတ္ထုတိုကဏ္ဍကို ရေးသားခဲ့သည်။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့၊ ပိဋကတ်မိတ်ဆက်၊ ဂန္ထဝင်မိတ်ဆက်စသည်ဖြင့် လူငယ်များအတွက် ရည်ရွယ်ရေးသားသော စာအုပ်များထွက်ခဲ့သည်။ (၁၉၇၄) ခုနှစ်တွင် ဝတ္ထုရေးရာဆောင်းပါးများ စာအုပ်ထွက်ရှိသည်။ (၁၉၈၉) ခုနှစ်က ထွက်ရှိသော ပေဖူးလွှာမဂ္ဂဇင်း၌ တွေ့ဆုံမေးမြန်းခန်း (Interview) ကဏ္ဍတစ်ရပ်ကို လစဉ်ဖော်ပြခဲ့ရာ၌ မေးမြန်းသူ ဝင်းငြိမ်းက "စာပေလူကြမ်းမင်းသား အောင်သင်းနှင့် တွေ့ဆုံခြင်း" ဟု ခေါင်းစဉ်တပ်ခဲ့ရာမှ အောင်သင်းကို စာပေလူကြမ်းမင်းသားဟု စာပေလောကသားများက ခေါ်စမှတ်ပြုခဲ့ကြသည်။ (၁၉၉၈) ခုနှစ်တွင် မျိုးဆက်သစ်တို့တိုးတက်ရစ်ဖို့စာအုပ် တတိယအကြိမ် ပြန်လည်ထုတ်ဝေသည်။ ထိုနှစ်မှာပင် ကိုယ်ကျင့်နဲ့ပညာ စာအုပ်ထွက်ရှိသည်။ (၁၉၉၉) ခုနှစ်တွင် အကြိုက်ဆုံးဝတ္ထုတိုများ သုံးသပ်ချက်များ (ပထမတွဲနှင့်ဒုတိယတွဲ) ထွက်ရှိသည်။ (၂၀၀၀) ပြည့်နှစ်တွင် လက်ခံလိုက်စမ်းပါ တကယ့်အနုပညာ စာအုပ်ထွက်ရှိသည်။ ထို့နောက် နှစ်ကိုယ်တည်း (နိုင်ငံတကာဝတ္ထုတို ဘာသာပြန်) စာအုပ်ထွက်ရှိသည်။ (၂၀၀၂) ခုနှစ်တွင် ရှင်ဘုရင်ပါပဲနှင့် ရွှေပြည်တန်သော

ဆောင်းပါးများ၊ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ၊ ကမ္ဘာ့ပြဿနာရှင်းတဲ့နေ့နှင့် ရသစာတမ်းငယ်များ၊ သေကိန်းဆိုက်တဲ့ည (ဘာသာပြန်) စာအုပ်များ ထွက်ရှိသည်။ (၂၀၀၄) ခုနှစ်တွင် ကန့်ကူလက်လှည့် စာအုပ်ထွက်ရှိသည်။ အောင်သင်းသည် မြန်မာတစ်နိုင်ငံလုံးသို့ စာပေရေးရာများဟောပြောရာ၌ စာဖတ်သူပြည်သူများ အထူးနှစ်ခြိုက်မှုရခဲ့သည်။ ဟောပြောပွဲနားထောင်သူပြည်သူများကြား၌ 'တောင်တွင်းက အောင်သင်း' ဟူ၍ ကျော်ကြားခဲ့ရုံမက ဟောပြောပွဲ အပြီးတွင် ကက်ဆက်တိတ်ခွေများဖြင့် အသံသွင်းယူကာ ရောင်းတန်းဝင်အထိပင် လူကြိုက်များခဲ့သည်။ နောက်ပိုင်းတွင် အောင်သင်းသည် ရန်ကုန်နာရေးကူညီမှု အသင်း၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ အောင်သင်းသည် (၂၀၁၃) ခုနှစ်ထဲတွင် (၂၀၁၂) ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ပညာရှင်များ မဲစနစ်ရွေးချယ်မှုဖြင့် ရရှိခဲ့သည်။ ထိုဆုအပြင် နိုင်ငံတော်သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်မှ သီးခြားဆုငွေများပေးအပ်ခြင်းကိုလည်း လက်ခံရရှိသည်။ ဆရာအောင်သင်းသည် The Light of Asia ကို ဘာသာပြန်နေဆဲ (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်တွင် နေအိမ်၌ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ကျန်ရစ်သည်။

**(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ။** ။ (၇) ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ချစ်ခင်ရင်းနှီးမှု၊ တန်းတူညီမျှရှိမှုနှင့်စုစည်းညီညွတ်မှုရှိရန်အတွက် Friendship, Equality, Unity ဟူသောဆောင်ပုဒ်နှင့်အညီ ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီး နှစ်ပတ်ခန့်အကြာတွင် (၇) ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ဇန်နဝါရီလ (၁၄) ရက်မှ (၂၀) ရက်အထိ အောင်မြင်စွာလက်ခံကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၁၄) ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးအပါအဝင် ပရိသတ် (၂၀,၀၀၀) ကျော် တက်ရောက်အားပေးကြသည်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြောင်း ကြေညာသည်။ (၇) ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် အားကစားနည်း (၁၂) မျိုးထည့်သွင်းကျင်းပပြီး အာဆီယံ (၁၀) နိုင်ငံမှ အားကစားသမား (၁၄၈၂) ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



**မသန်စွမ်းအားကစားပြိုင်ပွဲတွင်**
**မြန်မာအားကစားအဖွဲ့ယှဉ်ပြိုင်နေစဉ်**

ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပပြုလုပ်သည်။ ခုနစ်ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်။ ရေကူးပြိုင်ပွဲ မီတာ (၅၀) ရင်ပေါင်တန်းဖားကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ငြိမ်းဦးက ရွှေတံဆိပ်၊ အမျိုးသား (F-43) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် အောင်ကြီးက ရွှေတံဆိပ်၊ အမျိုးသမီး (F-55) သံလုံးပစ်ပြိုင်ပွဲတွင် ကေသွယ်မိုးက ရွှေတံဆိပ်၊ အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် အောင်ထူးက ငွေတံဆိပ်၊ အမျိုးသမီး (F-55) သံလုံးပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ငွေတံဆိပ်၊ အမျိုးသား (F-46) သံပြားပစ်ပြိုင်ပွဲတွင် အောင်ဖုန်းမြတ်က ငွေတံဆိပ်၊ အမျိုးသား (F 42) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် စန်းမွေက

ငွေတံဆိပ်၊ အမျိုးသားတစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် မင်းထွန်းအောင်က ငွေတံဆိပ်၊ အမျိုးသမီးမီတာ (၂၀၀) ရေကူး ရင်ပေါင်တန်းပြိုင်ပွဲတွင် အေးသူအောင်က ကြေးတံဆိပ်၊ အမျိုးသမီး မီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ထူးချက်ထွေးက ကြေးတံဆိပ် စသည်ဖြင့် ရရှိခဲ့ကြသည်။

ပြိုင်ပွဲ ပွဲစဉ်များအားလုံးယှဉ်ပြိုင်အပြီးတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် (၃၄) ခု၊ ငွေတံဆိပ် (၂၆) ခုနှင့် ကြေး တံဆိပ် (၃၈) ခု ရရှိကာ နိုင်ငံအလိုက် ပဥ္စမရရှိခဲ့သည်။ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက်ဆုရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အင်ဒိုနီးရှား | ၉၉ | ၆၉ | ၅၁ | ၂၁၉ |
| ၂ | ထိုင်း | ၉၇ | ၈၂ | ၆၉ | ၂၄၈ |
| ၃ | မလေးရှား | ၄၉ | ၅၀ | ၄၁ | ၁၄၀ |
| ၄ | ဗီယက်နမ် | ၄၈ | ၆၄ | ၇၄ | ၁၈၆ |
| ၅ | မြန်မာ | ၃၄ | ၂၆ | ၃၈ | ၉၈ |
| ၆ | ဖိလစ်ပိုင် | ၂၀ | ၂၃ | ၂၃ | ၆၆ |
| ၇ | စင်ကာပူ | ၇ | ၆ | ၇ | ၂၀ |
| ၈ | ကမ္ဘောဒီးယား | ၃ | ၄ | ၂ | ၉ |
| ၉ | ဘရူနိုင်း | ၂ | ၃ | ၇ | ၁၂ |
| ၁၀ | လာအို | ၀ | ၃ | ၃ | ၆ |

**ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ။** ။ ဂျီ-၂၀ အဖွဲ့ကို (၁၉၉၇) ခုနှစ် အာရှငွေကြေးဂယက်ကြောင့် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ဂျီ-၂၀ တွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီ အာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ပါဝင်သည်။ ကမ္ဘာ့စီးပွားရေး (၈၀) ရာခိုင်နှုန်းနှင့် လူဦးရေ သုံးပုံနှစ်ပုံကို ကိုယ်စားပြုသည့် အရေးပါသော အဖွဲ့အစည်း တစ်ရပ်ဖြစ်သည်။

(၂၀၀၈) ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် နှစ်စဉ် ထိပ်သီးအစည်းအဝေးများကျင်းပပြီး ကမ္ဘာ့စီးပွားရေးပျက်ကပ်များ ရှောင်ရှားနိုင်ရန် နိုင်ငံတကာစီးပွားရေးမူဝါဒများအား ထိန်းညှိပေးသည့် အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာသည်။ ဂျီ-၂၀ ခေါင်းဆောင်များသည် (၂၀၀၈) ခုနှစ်မှ (၂၀၁၀) ပြည့်နှစ်အထိ သုံးကြိမ်တွေ့ဆုံခဲ့ကြပြီး (၂၀၁၀) ပြည့်နှစ်တွင် နှစ်ကြိမ်တွေ့ဆုံခဲ့ကြသည်။ (၂၀၁၁) ခုနှစ်မှစ၍ ဂျီ-၂၀ ခေါင်းဆောင်များသည် ဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပနိုင်ရန် မျှော်မှန်းခဲ့ကြသည်။ ဆွေးနွေးပွဲလက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံသည် ခေါင်းဆောင်များဆွေးနွေးပွဲကို ပြင်ဆင်ပေးရမည်ဖြစ်ပြီး တစ်နှစ်ပတ်လုံးအတွက်လည်း ဂျီ-၂၀ လုပ်ငန်းအကြိုအစည်းအဝေး ကျင်းပနိုင်ရန် စီစဉ်စုစည်းပေးရမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံအနေဖြင့် ဘရစ္စဘိန်းမြို့တွင် ဂျီ-၂၀ ဆွေးနွေးပွဲ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ကို (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်တွင် ရရှိခဲ့သည်။ ဂျီ-၂၀ ဆွေးနွေးပွဲကို ဘရစ္စဘိန်းမြို့တွင် ကျင်းပရန် ရွေးချယ်ဆုံးဖြတ်ခဲ့ခြင်းမှာ ဘရစ္စဘိန်းမြို့သည် လေယာဉ်ဝင်ထွက်မှုကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ပြီး ဆစ်ဒနီကွန်ဗင်းရှင်းစင်တာမှာ ပြန်လည်ပြုပြင်မွမ်းမံနေသောကြောင့် ဖြစ်သည်။

ဂျီ-၂၀ ခေါင်း ဆောင်များ၏ (၉) ကြိမ်မြောက်ဆွေးနွေးပွဲကို (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၁၅)၊ (၁၆) ရက်များတွင် ဩစတြေးလျနိုင်ငံ၊ ကွင်းစလန်းမြို့တော်၊ ဘရစ္စဘိန်းမြို့ရှိ ဘရစ္စဘိန်းကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ဂျီ-၂၀ ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်များမှာ ဘဏ္ဍာရေးဆိုင်ရာ ဟန်ချက်ညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံပေါ်ထွက်လာရေး၊ အလုပ်အကိုင်နှင့် အလုပ်သမား စုစည်းရေးအတွက် အထောက်အပံ့ပေးရေး စသည်တို့ ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျီ-၂၀ ဆွေးနွေးပွဲသို့

အာဆီယံဥက္ကဋ္ဌအနေဖြင့် ဖိတ်ကြားခြင်းခံရသည့်အတွက် အာဆီယံနိုင်ငံများကိုယ်စား အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။ နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးရဲထွဋ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြသည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို အပိုင်း (၁) ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးမှုအား မြှင့်တင်ပေးခြင်း၊ အပိုင်း (၂) ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့မှုနှင့် အပိုင်း (၃) စွမ်းအင်ဟူ၍ ကဏ္ဍအလိုက် ပိုင်းခြားဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသည် (၂၀၁၄) ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးတာဝန် ထမ်းဆောင်ချိန်တွင် ရှေ့သို့တူညီ တက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ ဦးတည်ချက်ချမှတ်ကာ ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံဒေသ၏ တိုးတက်မှုနှုန်းသည် နှစ်စဉ်ပျမ်းမျှ ငါးရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း၊ လူဦးရေ (၆၀၉) သန်းရှိသည့် ဈေးကွက်ကြီးဖြစ်နေပြီး စုစုပေါင်း ထုတ်ကုန်တန်ဖိုး ဂျီဒီပီသည် အမေရိကန်ဒေါ်လာ (၂ ဒသမ ၅) ထရီလီယံရှိကြောင်း ဆွေးနွေးခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ခြင်းဖြင့် ဒေသတွင်း ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးများ လွတ်လပ်စွာ စီးဆင်းစေနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားချိန်ကာလတွင် အာဆီယံစီးပွားရေးမဏ္ဍိုင်သည် ဦးစားပေးကဏ္ဍသုံးရပ် ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ပါဝင်သည်။ အာဆီယံနှင့် ဂျီ-၂၀ တို့သည် တူညီသည့် ရည်မှန်းချက်ဖြစ်သည့် မေခရိုစီးပွားရေးဖွံ့ဖြိုးမှုကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ပုဒ်မှာ "Strong, Sustainable and Balanced Growth" ဖြစ်ရာ နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှုနှင့် မညီမျှမှုတို့ကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အတူ ကမ္ဘာ့ခေါင်းဆောင်များက စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန် ကတိကဝတ်များကို အသေးစိတ် ထုတ်ဖော်ပြောကြားခဲ့သည်။ ကမ္ဘာ့နိုင်ငံများက စီးပွားရေးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်မှုသည် မျှော်မှန်းထားသည်ထက်လာမည့် ငါးနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုမှာ (၂ ဒသမ ၁) ရာခိုင်နှုန်း ရှိလာနိုင်မည်ဟု မျှော်မှန်းထားသည်။

ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဩစတြေးလျနိုင်ငံသည် စီးပွားရေးရာကိစ္စရပ်များကို သုံးသပ်တင်ပြခဲ့သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ယူကရိန်းအရေးတို့သည်သာ အဓိကဆွေးနွေးခဲ့သည့်အကြောင်းအရာများပင်ဖြစ်သည်။ အလားတူ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှ အောက်ပါအကြောင်းအချက်များကိုလည်း ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည်-

(က) (၂၀၁၈) ခုနှစ်တွင် ဂျီ-၂၀ နိုင်ငံများ၏ စုစုပေါင်း ဂျီဒီပီတိုးတက်မှုနှုန်း (၂ ဒသမ ၁) ရာခိုင်နှုန်း ရရှိရေး၊

(ခ) (၂၀၃၀) ပြည့်နှစ်တွင် ပေါ်ပေါက်လာမည့် အခြေခံအဆောက်အအုံ တည်ဆောက်ရန် လိုအပ်မည့် ဒေါ်လာ (၇၀) ထရီလီယံကို ဖြည့်ဆည်းပေးနိုင်ရေး၊

(ဂ) အမျိုးသမီး သန်း (၁၀၀) အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဃ) စီးပွားရေးလုပ်ငန်းများအနေဖြင့် သင့်တင့်မျှတစွာ အခွန်ပေးဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရေး၊

(င) ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန် ဂျီ-၂၀ နိုင်ငံများက တက်ကြွစွာ အတူလက်တွဲဆောင်ရွက်ရေး၊

(စ) အီဘိုလာကပ်ရောဂါ တားဆီးကာကွယ်ရေး

အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ဆောလျင်စွာ ဆောင်ရွက်ရေး။

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ဖေဖော်ဝါရီလတွင် ဂျီ-၂၀ နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ ရေးဆွဲထားသည့် ကမ္ဘာ့စီးပွားရေး နှစ်ရာခိုင်နှုန်း တိုးတက်ရန် အစီအစဉ်အပေါ် သဘောတူညီခဲ့ကြသည်။ သို့ဖြစ်ရာ ခိုင်မာတောင့်တင်းသော ရေရှည်ဖွံ့ဖြိုးသည့် ညီမျှသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို နိုင်ငံများအကြား မျှတစွာ ရရှိခံစားနိုင်မည်ဖြစ်သည်။

## တိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်



**"တိပိဋကဓရ"**
**ဘွဲ့တံဆိပ်တော်ရရှိတော်မူသော**
**အရှင်ဝါသေဌ လင်္ကာရ**

**ဝါသေဌာလင်္ကာရ၊ ဘဒ္ဒန္တ (တိပိဋကဓရ)။** ။ မြန်မာသက္ကရာဇ် (၁၃၇၅) ခုနှစ်၊ (၆၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်ရရှိတော်မူသော အရှင်ဝါသေဌ လင်္ကာရကို စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ နံ့သာကုန်းကျေးရွာနေ ခမည်းတော် ဦးကျော်သိန်း၊ မယ်တော် ဒေါ်ခင်လှိုင်တို့က (၁၃၃၆) ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၆) ရက် (၂၄-၇-၁၉၇၄)၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသည်။

(၁၃၅၅) ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈) ရက်၊ ဗုဒ္ဓဟူးနေ့တွင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာန နာယက၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပါဠိပါရဂူ (Ph.D) ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မြင်းခြံမြို့ သဘာဝဆေးပေါ့လိပ်ရုံပိုင်ရှင် ဦးအောင်ငွေး၊ ဒေါ်ရီရီဝင်း၊ ညီမဖြစ်သူ ဒေါ်မာမာငွေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ထို့နောက် ဒါယကာ၊ ဒါယိကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်မင်္ဂလာ ဆင်ယင်ကျင်းပပူဇော်ခြင်းခံရသည်။

ဆရာတော်သည် ယင်းမာပင်ခရိုင်၊ နံ့သာကုန်းကျေးရွာ၊ ကမ္ဘာ့ရန်ကင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဓမ္မ၊ ကလေးမြို့ ချင်းဆိုင်ရွာ ကမ္ဘာ့ရန်ကင်းကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာန နာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပါဠိပါရဂူ (Ph.D) ဆရာတော်၊ လက်ရှိ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကဝိဓဇနှင့် ဘဒ္ဒန္တဉာဏိဿရ၊ ဘဒ္ဒန္တ ဣန္ဒက (အုန်းတောရွာ၊ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ဆရာတော်)၊ ဘဒ္ဒန္တ ဝိရောစန (မရမ်းကုန်းမြို့နယ်၊ မဟာဝိသုခါရာမစာသင်တိုက်ဆရာတော်)၊ ဘဒ္ဒန္တ နာဂိတ (ရွှေပြည်သာပရိယတ္တိစာသင်တိုက် ဆရာတော်)၊ ဘဒ္ဒန္တနန္ဒိမာဓိပတိ (မင်းကွန်းဖောင်တော်သီကျောင်းတိုက်ဆရာတော်)၊ ဒေါက်တာ ဘဒ္ဒန္တ ဝဏ္ဏသိရိ (ရွှေဘုံဦးကျောင်းတိုက်ဆရာတော်)၊ ဘဒ္ဒန္တ ဣန္ဒဓမ္မ (တာချီလိတ်မြို့၊ တောင်တန်းသာသနာပြုဗဟိုဌာန ကျောင်းတိုက်ဆရာတော်)၊ ဘားအံမြို့ ကျောက်ကလပ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိမလ၊ ပေါင်းတည်မြို့ လှပခြင်းရွာ၊ မိုယ်းကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ မုံရွာမြို့ သဒ္ဓမ္မဇောတ၊ သုဗောဓာရုံကျောင်းတိုက်၊ ပဓာနနာယက ဒွါဒသမမြောက် တိပိဋကဓရဆရာတော်၊ တိပိဋက မဟာဂန္ဓာရုံ

ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီတလစသော ဆရာတော်များထံတွင် ဝိနည်းအကျင့်သီလ၊ သိက္ခာနှင့် ပိဋကတ်တော်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်အံဆည်းပူးခဲ့သည်။

ဆရာတော်သည် ဂဏဝါစက သာမဏေကျော်ဘွဲ့ (ဒုတိယဂုဏ်ထူး)၊ မန္တလေးမြို့၊ ပရိယတ္တိသာသနာ လင်္ကာရ သာမဏေကျော်ဘွဲ့ (ပထမဂုဏ်ထူး)၊ ရန်ကုန်မြို့ မင်္ဂလာဗျူဟာ သာမဏေကျော်ဘွဲ့ (ပထမဂုဏ်ထူး)၊ ပဲခူးမြို့၊ သဒ္ဓမ္မရက္ခိတ သာမဏေကျော်ဘွဲ့ (တတိယ ဂုဏ်ထူး)၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယ ဝိဒူဘွဲ့၊ ဒီဃနိကာယဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူ (တတိယဂုဏ်ထူး)၊ ဂဏဝါစကဓမ္မာစရိယဘွဲ့ (ဒုတိယဂုဏ်ထူး)၊ သာသန ဓဇဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ရန်ကုန်မြို့ နိကာယဇ္ဈော တက သမိတိအတ္ထဝိသာဒရဝိနယဓရဘွဲ့၊ နိကာယဇ္ဈော တကသမိတိဓမ္မတ္ထဝိသာဒရ ဒီဃဘာဏကဘွဲ့၊ နိကာ ယဇ္ဈောတကသမိတိဓမ္မတ္ထဝိသာဒရ၊ မူလအာဘိဓမ္မိက ဘွဲ့၊ အစိုးရတိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ် ရေး စာမေးပွဲကြီး၌ ဥပတောဝိဘင်္ဂဓရဘွဲ့၊ ဥပတော ဝိဘင်္ဂကောဝိဒဘွဲ့၊ ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယကောဝိဒဘွဲ့၊ မူလ အာဘိဓမ္မိကဘွဲ့ (အထူးအောင်)၊ မူလအဘိဓမ္မ ကောဝိဒဘွဲ့တို့ကို အသီးသီးရရှိအောင်မြင်တော်မူ ခဲ့သည်။

ဆရာတော်သည် (၁၃၇၅) ခုနှစ်၊ (၆၆) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း (က) အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုအောင်မြင်တော်မူသဖြင့် ပိဋကတ် သုံးပုံလုံးကို အာဂုံပြန်ဆိုနိုင်ပြီဖြစ်၍ အာဘိဓမ္မိကနှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ အရိုးနီကနက္ကဒဂုဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါသော သာသနာ့အောင်လံတော်ကို အလှူခံရရှိ၍ (၁၉) ပါးမြောက် တိပိဋကဓရ ပိဋကတ် သုံးပုံအာဂုံဆောင် အရှင်မြတ်အဖြစ် ပေါ်ထွန်းလာ ခဲ့ပြီဖြစ်သည်။

**တောင်တက်ခရီးစဉ် (၂၀၁၄)။** ။ အမျိုးသား ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးအတွက် စရိတ် အကျဉ်းဆုံးနှင့် အခြေခံအကျဆုံး အားကစားမှာ ခြေကျင်လမ်းလျှောက်ခြင်းဖြစ်သည်။ ကိုလိုနီခေတ် (၁၉၃၀) ပြည့်နှစ်တစ်ဝိုက်က ကာယဗလ ဦးရှိန်၊ ဦးဇော်ဝိတ်နှင့် မိုးကြိုးဦးအုန်းခင်တို့ ဦးဆောင်သော မြန်မာပြည်ခြေလျင်အသင်းကြီးသည် မြို့နယ်များစွာတွင် အသင်းခွဲများဖွဲ့စည်းပြီး လမ်းလျှောက်ခြင်းအားကစား ကို နိုင်ငံအနှံ့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ သည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ခြေလျင်အသင်းများ ရပ်စဲသွားပြီးနောက် (၁၉၆၀) ပြည့်နှစ် ဇန်နဝါရီလ(၅) ရက်တွင် စစ်ကြိုခေတ်အလေးမချန်ပီယံ ဗိုလ်မှူးကြီး စည်သူလှအောင်နှင့် ကာယဗလဦးရှိန်တို့က (တောင်တက် အားကစားကိုပါပူးတွဲ၍) မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ကို ဖွဲ့စည်း၍ နှစ်အနည်းငယ် အတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ တက္ကသိုလ်ကောလိပ်များကိုအခြေခံ၍ သာမန်မြေ သားတောင်၊ ကျောက်တောင်၊ ဆီးနှင်းရေခဲဖုံးတောင် များသို့ လေ့ကျင့်တက်ရောက်ခြင်းဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိမှု၊ စည်းကမ်းရှိ၍ အမိန့်နာခံတတ်မှု၊ ကိုယ့်အားကိုယ် ကိုးပြီး အများအကျိုးကို ရှေးရှုဆောင်ရွက်တတ်မှု၊ သဘာဝရေမြေတောတောင်ကို ချစ်ခင်မြတ်နိုး၍ တိုင်းရင်းသားစည်းလုံးချစ်ကြည်ရေးကို တည်ဆောက် နိုင်မှုဟူသော စိတ်ဓာတ်ကောင်းများ ဖွံ့ဖြိုးအောင် လမ်းညွှန်ပေးနိုင်ခဲ့သည်။ (၂၀၁၄) ခုနှစ်အတွင်းတွင် လည်း မြန်မာနိုင်ငံတွင် စိတ်ဝင်စားဖွယ် တောင်တက် ခရီးစဉ်များနှင့် ထူးခြားသောဖြစ်စဉ်များရှိခဲ့သည်။

**မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် -** လက်ရှိဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုး (ပါမောက္ခချုပ်- ငြိမ်း-သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်) ၏ စီစဉ် ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ ချုပ်မှ တောင်တက်အဖွဲ့ဝင် (၃၀) ဦးသည် (၂၀၁၄) ခုနှစ်၊ ဧပြီလအတွင်းက ကချင်ပြည်နယ်၊ ပူတာအို ခရိုင်ရှိ ရေခဲတောင်ဒေသသို့ ခရီးထွက်ခွာခဲ့ပြီး အခြား အဖွဲ့ဝင်များက ဧပြီလအတွင်းမှာပင် ချင်းပြည်နယ်

ဝိတိုရိယတောင် (၁၀၅၀၀) ပေသို့လည်း တက်ရောက်ခဲ့ကြသည်။

(၂၀၁၄) ခုနှစ်၊ ဇူလိုင်လတွင် တက္ကသိုလ်ကောလိပ်များမှ လူသစ်များပါဝင်သော တောင်တက်အဖွဲ့ဝင် (၁၈၀) ဦးသည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့အနီးရှိ ဆင်တောင် (၆၀၂၀ပေ) နှင့် မြင်းမထိတောင် (၅၈၆၂ပေ) တို့သို့ လေ့ကျင့် တက်ရောက်ခဲ့ကြသည်။

**ထူးဖောင်ဒေးရှင်းနှင့် ဧဝရက်တောင်** - ထူးဖောင်ဒေးရှင်းနာယကနှင့်မြန်မာနိုင်ငံ ခြေလျင်/ တောင်တက်အဖွဲ့ချုပ်နာယက ဦးတေဇ၏ စီစဉ်ကြီးကြပ်မှုဖြင့် ထူးဖောင်ဒေးရှင်းမှ စိုင်းကျော်သူထွေး၊ စိုင်းဝဏ္ဏစိုး၊ ရဲမင်းသူ၊ နမားဂျွန်ဆိန် (တိဗက်လူမျိုး)၊ ကီးယိုဒွေး (လီဆူးတိုင်းရင်းသား) တို့ ခြောက်ဦးပါဝင်သော မြန်မာတောင်တက်အဖွဲ့သည် ကမ္ဘာ့အမြင့်ဆုံးဧဝရက် (Mt. Everest) (၈၅၅၁) မီတာသို့ တက်ရောက်ရန် (၂၀၁၄) ခုနှစ်၊ ဧပြီလအတွင်းက နီပေါနိုင်ငံသို့ ခရီးထွက်ခွာခဲ့သည်။ ဤတောင်တက်အဖွဲ့သည် ရှေးဦးကြိုတင်ပြင်ဆင်မှုများအဖြစ် ပြည်တွင်းရေခဲတောင်များနှင့် (၂၀၁၃) ခုနှစ်တွင် အိန္ဒိယနှင့် နီပေါနိုင်ငံရှိ မီတာ (၆၀၀၀) ကျော် အထိမြင့်သော ရေခဲတောင်များသို့ တက်ရောက် လေ့ကျင့်ခဲ့ကြသည်။

(၂၀၁၄) ခုနှစ် တောင်တက်ရာသီတွင် မြန်မာတောင်တက်အဖွဲ့အပါအဝင် နိုင်ငံပေါင်းစုံမှ တောင်တက်အဖွဲ့ဝင် (၄၀၀) ခန့် ဧဝရက်တောင်တက်ရန် နီပေါသို့ရောက်ရှိခဲ့ကြသည်။ မြန်မာတောင်တက်အဖွဲ့ဝင်များသည် မတ်လလယ်တွင် တောင်တက်ခရီးစဉ်ကို စတင်ခဲ့ကြသည်။ တောင်တက်အဖွဲ့များ၏ ဝန်စည်စလယ်များနှင့် တောင်တက်ကိရိယာများကို သယ်ဆောင်သည့်ဝန်ထမ်းများသည် ရှေ့ပြေးအဖြစ် ထွက်ခွာသွားကြရာ မီတာ (၅၀၀၀) ကျော်အရောက် ဧပြီလ (၁၈) ရက်တွင် ရုတ်တရက်ဆိုးဝါးလာသော ရာသီ ဥတုနှင့်ရေခဲဆီးနှင်းတောင်များပြိုကျမှုကြောင့် လူ (၁၇) ဦးသေဆုံးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ တောင်တက်အဖွဲ့များမှာလည်း ရာသီဥတုအနေအထား ဖောက်ပြန်ဆိုးရွားမှုကြောင့် ခရီးစဉ်ကို ခေတ္တရပ်ဆိုင်းထားရသည်။

ဤအတောအတွင်း ဒေသခံလမ်းပြဝန်ထမ်းများက တောင်တက်ရာသီအစတွင်ပင် ဆိုးရွားစွာ သေကျေထိခိုက်ခဲ့ခြင်းကြောင့် ဤနှစ်အတွက် နိမိတ်မကောင်းကြောင်း၊ သေဆုံးသွားသူများအတွက်လည်း ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း၊ ထို့ကြောင့် ဤနှစ်တောင်တက်ရာသီကို ဖျက်သိမ်းသင့်ကြောင်း ပြောကြားခဲ့သည်။ နီပေါအစိုးရကလည်း ဤနှစ်သည် ဧဝရတ်တောင်အတွက် အမည်းရောင်နှစ် (Black Year) ဖြစ်ကြောင်း သတ်မှတ်၍ ဧဝရတ်တောင်တက်ခရီးစဉ်အားလုံးကို ဖျက်သိမ်းရန် ဧပြီလ (၂၄) ရက်တွင် ကြေညာခဲ့သည်။

ထို့ပြင် နီပေါအစိုးရက ယခုနှစ်တောင်တက်ရာသီအတွက် ခရီးသည်များပေးသွင်းထားသော တောင်တက်ကြေးများကို ပြန်လည်ထုတ်ပေးမည်မဟုတ်သော်လည်း လာမည့်ငါးနှစ်အတွင်း ကြိုက်သည့်အချိန်တွင် ဧဝရက်တောင်ကို (တောင်တက်ကြေးထပ်ပေးရန်မလိုဘဲ) တက်နိုင်ကြောင်း ကြေညာခဲ့သည်။ ထူးတောင်တက်အဖွဲ့သည် ဧဝရက်တောင်ပေါ်သို့ အခြေအနေအရ မတက်ရောက်ဖြစ်ခဲ့သော်လည်း (၂၀၁၅) သို့မဟုတ် (၂၀၁၆) ခုနှစ်တွင် ပြန်လည်တက်ရောက်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

**တက္ကသိုလ်ခြေလျင်တောင်တက်အသင်းများ၏ လှုပ်ရှားမှု** - (၂၀၁၄) ခုနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ တောင်တက်အသင်းများကလည်း ခရီးကြမ်းနှင့်တောင်တက်ခရီးများ စီစဉ်ခဲ့ကြသည်။ ဧပြီလအတွင်းက အောက်မြန်မာပြည် တက္ကသိုလ်ကောလိပ်ပေါင်းစုံတောင်တက်အဖွဲ့ဝင် (၁၃၅) ဦးသည် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်ရှိ ကနေဒီတောင် (၈၈၆၂ ပေ)သို့ တက်ရောက်ခဲ့ပြီး အိန္ဒိယ-မြန်မာနယ်စပ်ရှိ ရိဒ်ရေကန်သို့သွားရောက် လေ့လာခဲ့ကြသည်။ အောက်တိုဘာကျောင်းပိတ်ရက်တွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်း ကလော-ကက္ကူဒေသဖြတ်ကျော်ခရီးကြမ်းကို အဖွဲ့ဝင် (၁၅၀) ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

**သဘာဝခေါ်သံဖောင်ဒေးရှင်းနှင့် ခါကာဘိုရာဇီတောင် -** (၁၉၉၆) ခုနှစ်တွင် ဂျပန်လူမျိုး မစ္စတာ အိုဇာကီနှင့် တိဗက်လူမျိုး (မြန်မာနိုင်ငံသား) နမားဂျွန်ဆိန် တို့တက်ရောက်ပြီးနောက် မည်သည့်တောင်တက်သမားမှ ခြေမချနိုင်သေးသော မြန်မာနိုင်ငံနှင့် အရှေ့တောင် အာရှ၏ အမြင့်ဆုံးရေခဲတောင် ခါကာဘိုရာဇီ (၅၈၈၁) မီတာ (၁၉၂၉၆)ပေသို့ မြန်မာလူမျိုးချည်း သီးသန့် တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအလံတစ်ခု တည်းကိုသာ လွှင့်ထူမည်ဟူသော ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝ ခေါ်သံဖောင်ဒေးရှင်းမှ ကိုအောင်မြင့်မြတ် ဦးဆောင်၍ ဝေယံမင်းသူ၊ ဟန်လင်းထွန်း၊ ပြည့်စုံ၊ မျိုးညွန့်သန်း၊ ဇော်ဇင်နိုင်၊ ဇေယျာထွန်း၊ ကျော်ထွန်း နိုင်တို့ပါဝင်သော အဖွဲ့ဝင်ရှစ်ဦးသည် (၂၀၁၄) ခုနှစ်၊ ဇူလိုင်လက ကချင်ပြည်နယ်၊ ပူတာအိုခရိုင်သို့ ခရီးစတင်ထွက်ခွာ ခဲ့ကြသည်။

ခါကာဘိုရာဇီသည် ပူတာအိုမှ တောင်ခြေအထိ ချဉ်းကပ်လမ်းအလွန်ရှည်လျားပြီး တောင်ခြေရောက် ရန် (၁၇၅) မိုင်ခရီးကို ပေ (၅၀၀၀) မှ (၇၀၀၀) ကျော် အထိ မြင့်သောတောင်ပေါင်းများစွာကို ကျော်ဖြတ်ပြီးမှ ရောက်ရှိနိုင်သည်။ တောင်တက်အဖွဲ့သည် ဩဂုတ်လ တွင် တောင်ခြေစခန်း (၁၃၇၀၀ ပေ) သို့ ရောက်ရှိ၍ ဩဂုတ်လ (၂၂) ရက်တွင် တောင်တက်အဖွဲ့ဝင် အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့က ခါကာဘိုရာဇီ တောင်၏ မြောက်ဘက်ကျောက်နံရံ Vertical မှ စတင် တက်ရောက်ခဲ့သည်။ အေးခဲနေသောရာသီဥတု၊ မတ်စောက်ခက်ခဲသောကျောက်နှင့် ရေခဲနံရံတို့ကို ခက်ခက်ခဲခဲ သက်စွန့်ဆံဖျားတက်ရောက်ပြီး ဩဂုတ်လ (၃၁) ရက် ညနေ (၄း၂၅) နာရီတွင် တောင်ထိပ် ပေါ်သို့အောင်မြင်စွာရောက်ရှိကြသည်။ တောင်ခြေ စခန်းသို့ စကားပြောစက်ဖြင့် သတင်းပို့အပြီး တောင်ထိပ်တွင် နိုင်ငံတော်အလံ၊ တောင်တက်အဖွဲ့ အလံတို့ကို စိုက်ထူ၍ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုများ ရိုက်ကူးအပြီး တောင်ခြေအဖွဲ့နှင့် နိုင်ငံတော်သီချင်း၊ တောင်တက်အဖွဲ့သီချင်းတို့ကို ပြိုင်တူသီဆိုခဲ့ကြသည်။ သီချင်းများ သီဆိုအပြီးတွင် တောင်ထိပ်စခန်းနှင့် တောင်ခြေစခန်းတို့ရုတ်တရက်အဆက်အသွယ်ပြတ် တောက်သွားခဲ့ရသည်။ တောင်ထိပ်သည် ၁-မီတာ (စားပွဲဝိုင်းငယ် ၂-ဝိုင်း)သာကျယ်၍ လေးဘက်လေး တန်တွင် မတ်စောက်သော ဆင်ခြေလျှောကြီးနှင့် ရေခဲပပ်ကြားအက်များရှိသဖြင့် မမျှော်လင့်ဘဲ ဆိုးဝါး လာသောရာသီဥတုနှင့် ကြမ်းတမ်းခက်ထန်သော ရေမြေအနေအထားတို့ကြောင့် ရုတ်တရက်အန္တရာယ် ကျရောက်ခဲ့မည်ဟု ခန့်မှန်းကြသည်။

ပျောက်ဆုံးသွားသော တောင်တက်သမားများ ကို ရှာဖွေရန် ဒေသခံပြည်သူများ၊ တပ်မတော်နှင့်



**ခါကာဘိုရာဇီတောင်ထိပ်ပေါ်သို့ ရောက်ရှိခဲ့သည့် ခါကာဘိုသူရဲကောင်းညီနောင်နှစ်ဦး**

ရဲတပ်ဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်တာဝန်ရှိသူများ၊ ထူးဖောင်ဒေးရှင်းမှ တောင်တက်အဖွဲ့ဝင်များ အပါ အဝင် ကယ်ဆယ်ရေးအဖွဲ့များစွာက တစ်လကြာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ခဲ့ကြသည်။ နီပေါ၊ ထိုင်း၊ အီတလီနိုင်ငံတို့မှ ရဟတ်ယာဉ်များ၊ တရုတ်နိုင်ငံမှ

ကောင်းကင်ပြာကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်လေမှ ရဟတ်ယာဉ်များ၊ ထူးဖောင်ဒေးရှင်းမှ ရဟတ်ယာဉ်များကလည်း အင်တိုက်အားတိုက် ပါဝင်ခဲ့ကြသည်။ ကယ်ဆယ်ရေးတောင်တက်အဖွဲ့ဝင်များသည် ပေ (၁၇၀၀၀) ကျော်အထိ တက်ရောက်ရှာဖွေခဲ့ရာ တောင်တက်သမားနှစ်ဦးက မိမိတို့အပြန်ခရီးတွင် စားသုံးရန်ထားခဲ့သော ရိက္ခာခြောက်များနှင့် ပစ္စည်းအချို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဤသို့ရှာဖွေရင်းထိုင်းနိုင်ငံမှ ရဟတ်ယာဉ်မတော်တဆဖြစ်မှုကြောင့် မြန်မာလူမျိုး ရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုး ကွယ်လွန်ခဲ့ရသည်။

ရှာဖွေရေးခရီးစဉ်များအတွင်း တရုတ်နိုင်ငံ ကောင်းကင်ပြာတောင်တက်အဖွဲ့ခေါင်းဆောင်က မိမိသည် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်သို့ နှစ်ခေါက်ရောက်ဖူးကြောင်း၊ ခါကာဘိုရာဇီသည် ဧဝရက်တောင်ထက် ပိုမိုခက်ခဲကြမ်းတမ်းလှကြောင်း ပြောကြားခဲ့သည်။ ခါကာဘိုရာဇီကို ပထမဆုံးတက်ရောက်ခဲ့ဖူးသည့် မစ္စတာဇာကီကလည်း ခါကာဘိုရာဇီသည် ဧဝရက်ထက် ပေတစ်သောင်းနီးပါး နိမ့်ပါးနိုင်သော်လည်း ကမ္ဘာ့ရေခဲတောင်အားလုံးတွင်ရှိသော အခက်အခဲအားလုံးနှင့် ပြည့်စုံနေသည်ဟု ပြောကြားခဲ့ဖူးသည်။ မြန်မာတောင်တက်သမား နှစ်ဦးကို ရှာဖွေရေးအစီအစဉ်များ တစ်လကျော်ခန့် ဆောင်ရွက်ခဲ့ပြီးနောက် နှင်းခဲများစုပြုံကျရောက်လာသည့် ရာသီဥတုအခြေအနေကြောင့် ရှာဖွေမှုများကို ရပ်ဆိုင်းလိုက်ရသည်။

မြန်မာတောင်တက်သမား နှစ်ဦးတက်ရောက်အပြီး မကြာမီတွင် ဂျပန်နိုင်ငံသားများသာပါဝင်သော တောင်တက်အဖွဲ့နှင့် အမေရိကန်နိုင်ငံ National Geographic တောင်တက်အဖွဲ့နှစ်ဖွဲ့ ရှေ့ဆင့်နောက်ဆင့်ရောက်လာပြီး ခါကာဘိုရာဇီကို တက်ရောက်ခဲ့ကြသည်။ ဤနှစ်ဖွဲ့သည် မြန်မာလူငယ်နှစ်ဦး စွန့်စွန့်စားစားတက်ရောက်ခဲ့သည့် Vertical လမ်းကို ရှောင်၍ (၁၉၉၆) ခုနှစ် အိုဇာကီတို့တက်ခဲ့သည့် အန္တရာယ်ပိုကင်းသည့် လမ်းအတိုင်းတက်ရောက်ခဲ့ကြသော်လည်း တောင်ထိပ်ပေါ်သို့မရောက်နိုင်ခဲ့ဘဲ ပေ (၁၈၀၀၀) ကျော်အမြင့်မှ ပြန်လည်ဆုတ်ခွာလာခဲ့ရသည်။

ပျောက်ဆုံးသွားသော ခါကာဘိုသူရဲကောင်း အောင်မြင့်မြတ်၊ ဝေယံမင်းသူနှင့် ကွယ်လွန်သွားသော ရဟတ်ယာဉ်မှူး ဦးအောင်မြတ်တိုး၊ ခါကာဘိုတောင်တက်အဖွဲ့ဝင်များနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာလ (၂) ရက်တွင် ရန်ကုန်မြို့ UMFCCI ခန်းမကြီး၌ တက္ကသိုလ်များတောင်တက်အသင်းက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ တောင်တက်အဖွဲ့ဝင် သူရဲကောင်းများအား ဂုဏ်ပြုငွေ၊ ဂုဏ်ပြုရွှေတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ကပ္ပတိန်အောင်မြတ်တိုးအား ဂုဏ်ပြုရွှေတံဆိပ်နှင့်ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်ခဲ့သည်။

## ဒေသတွင်းထိပ်သီးအစည်းအဝေးများ(၂၀၁၄)။

။(၁၁) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ (၁၆) ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ နန်နင်းမြို့၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာကျန်းကောင်းလိ၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်နန်ဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဖန်ဘင်မင်း၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်မစ္စတာ ဖောင်တက်ဖ်သပ်ခန်ဂျာန၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ် ဦးညဏ်လင်း၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများကိုယ်စား ဂုဏ်ထူးဆောင်ဦးဆောင်နိုင်ငံအဖြစ်ဆောင်ရွက်သည့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်၊

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် တာဝန် ရှိပုဂ္ဂိုလ်များက အဖွင့်အမှာစကား ပြောကြားကြသည်။

ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် "၂၀ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး တည်ဆောက်ရေး" ဟူသည့် ယခုနှစ်တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ဆောင်ပုဒ်သည် အာဆီယံဒေသအတွင်း ပေါင်းစည်းဆက်သွယ်မှုကို ဦးစားပေးရည်မှန်းချက်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အချိန်အခါသမယနှင့် လွန်စွာကိုက်ညီပြီး အထူးပင် သင့်လျော်မှုရှိကြောင်း၊ ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကဏ္ဍအများစုတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖော်ရွေသော ဆက်ဆံမှုများတိုးမြှင့်နိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှု၊ အခြေခံအဆောက်အအုံနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ မြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ထို့ပြင် အာဆီယံ-တရုတ် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်ကို အဆင့်မြှင့်တင်ရန် ကြိုးပမ်း နေချိန်ဖြစ်သည့်အတွက် ပင်လယ်ရေကြောင်း ဆိုင်ရာကုန်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်း ခေတ်မီသည့်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကွန်ရက် တည်ထောင်နိုင်ရန် ပင်လယ်ရေကြောင်းပိုးလမ်းမကြီးနှင့် စီးပွားရေးရပ်ဝန်း တည်ဆောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အဆိုပြုချက်များကိုလည်း ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိအာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည်နှင့်အညီ (၂၀၁၅) ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ပေါ်ထွက်လာရေးအတွက် အာဆီယံ၏ဖြစ်ပေါ်တိုးတက်မှုများကို အနည်းငယ်မျှဝေလိုကြောင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို တိုးမြှင့်ပေးနိုင်မည့် ဆွေးနွေးပွဲများနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် ပေါင်းကူးတံတားဖြစ်သော အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းဆီသို့ ဦးတည်လျက် မှန်ကန်သည့် လမ်းကြောင်းတွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ တဖြည်းဖြည်း ပြောင်းလဲနေသည့်ဒေသဆိုင်ရာ ဗိသုကာပုံစံတွင် အာဆီယံ၏အချက်အချာကျပြီး တက်ကြွသည့်အခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် တစ်ချိန်တည်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားနှင့်တရုတ်နိုင်ငံအပါအဝင် ဆွေးနွေးဖက်နိုင်ငံများနှင့်လည်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးပိုမိုခိုင်မာအောင် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ (၂၀၁၅) ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းတည်ထောင်နိုင်ရေးလုပ်ငန်းစဉ်များတွင်လည်း သိသာထင်ရှားသည့်တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင်လည်း အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ထို့ပြင် ခိုင်မာ၍တန်းတူရည်တူရှိသည့် ငွေကြေးဈေးကွက် တည်ထောင်နိုင်ရန် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အထူးအာရုံစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် အာဆီယံနှင့်တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှုများ မြှင့်တင်ရေး၊ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်ရေးနှင့်အိမ်နီးချင်းကောင်းပီသစွာ နေထိုင်နိုင်ရေးတို့အတွက် သိသာထင်ရှားစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း၊ လက်ရှိအချိန်တွင် အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်ရေးမိတ်ဖက်အဖြစ် တည်ရှိနေပြီး အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ဘီလီယံ (၄၀၀)

အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ၏ စုစုပေါင်းတင်ပို့မှု၏ (၁၂) ရာခိုင်နှုန်းနှင့် စုစုပေါင်းတင်သွင်းမှု၏ (၁၆) ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ-တရုတ် ကုန်သွယ်ရေးနှင့် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံနှင့် တရုတ်ပြည်သူများ၏ သာယာဝပြောမှုနှင့် လူနေမှုဘဝကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ (၂၀၂၀) ပြည့်နှစ်တွင် အာဆီယံ-တရုတ်နှစ်ဖက်ကုန်သွယ်ရေးနှင့် နှစ်ဖက်ရင်းနှီးမြှုပ်နှံမှုကို နှစ်ဆမြှင့်တင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ တရုတ်နိုင်ငံမှ (၂၀၁၅) ခုနှစ်ကို အာဆီယံ-တရုတ်ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှစ်အဖြစ် သက်မှတ်၍ အဆိုပြုမှုကို ကြိုဆိုကြောင်း၊ ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတဦးညဏ်ထွန်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့သည် (၂၁) ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး တည်ထောင်ရေးအထိမ်းအမှတ်အဖြစ် ပိုးလွန်းအိမ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

နန်နင်းမြို့တွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကို (၂၀၀၄) ခုနှစ်မှစတင်၍ တရုတ်နှင့်အာဆီယံနိုင်ငံများအကြားရှိ ပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိခံစားစေနိုင်ရန် ရည်ရွယ်လျက် နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခု (၁၁) ကြိမ်မြောက် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံက ပြခန်း (၈၀) ကျော်ဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းအမျိုးအစားများကို စုံလင်စွာ ကဏ္ဍအလိုက်ပြသထားသည်။ ထို့နောက် ဒုတိယသမ္မတသည် ကွမ်ရှီးပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဖန်ချင်းဟွာအား လီယွမ်အစိုးရ ဧည့်ဂေဟာခန်းမ၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယသမ္မတသည် အဆိုပါဧည့်ဂေဟာ၌ တရုတ်ပြည်သူ့နေ့စဉ်သတင်းဌာန၊ ဆင်ဟွာသတင်းဌာန၊ တရုတ်နေ့စဉ်ထုတ်သတင်းစာ၊ ကွမ်ရှီးပြည်နယ်သတင်းဌာန၊ ကွမ်ရှီးရုပ်မြင်သံကြားဌာန၊ မြန်မာတိုင်းမ်သတင်းစာနှင့် Skynet Channel တို့မှ သတင်းအဖွဲ့များကို တွေ့ဆုံခဲ့ပြီး တရုတ်-မြန်မာ၊ တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အနာဂတ်အလားအလာများနှင့်စပ်လျဉ်း၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နိုဝင်ဘာလ (၈) ရက် နံနက်ပိုင်းတွင် ပြည်သူ့ခန်းမဆောင်ကြီးရှိ တုန်းတထင်းဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးများ မြှင့်တင်ရေး၊ ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့်ကုန်သွယ်မှုမြှင့်တင်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေး၊ ပင်လယ်ပြင်ပိုးလမ်းမကြီး တည်ဆောက်ရေးနှင့် ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ-မြန်မာ- တရုတ် စီးပွားရေးစင်္ကြံတည်ဆောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် (၂၀၁၅) ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံမှု (၆၅) နှစ်ပြည့် အခမ်းအနားများကို နှစ်နိုင်ငံပူးပေါင်းကျင်းပရန်၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ

သံအမတ်ကြီးတို့တက်ရောက်ကြပြီး တရုတ်နိုင်ငံသမ္မတနှင့်အတူ နိုင်ငံတော်ကောင်စီ ဝင်ယန်ကျဲချီ၊ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ ဗီလာ (၃) တွင် China Daily သတင်းစာမှ အကြီးတန်းသတင်းထောက် ကျောက်ယီနန်နှင့်တွေ့ဆုံပြီး တရုတ်-မြန်မာ ဆက်ဆံရေးနှင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားခဲ့သည်။

ယင်းနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်တဲ့ကျန်းတို့သည် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် နိုဝင်ဘာလ (၈) ရက်ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီး အုန်းပွေးဧည့်ခန်းမ၌ တွေ့ဆုံကာ ကျောက်ဖြူ စီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့်ရေအားလျှပ်စစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နှင့်မြန်မာနိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု အခြေအနေတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး၊ အာဆီယံ-တရုတ်ဆက်ဆံရေးနှင့် ဒေသတွင်းဆက်ဆံရေးအခြေအနေများ၊ မြန်မာပညာတော်သင်များ စေလွှတ်ရေး၊ တရုတ်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံချစ်ကြည်ရေး ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ (Strengthening Connectivity Partnership) ကို နိုဝင်ဘာလ (၈) ရက်ညနေပိုင်းတွင် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ မြေညီထပ်ရှိ ဖန်းဟွာယွမ့်ဧည့်ဂေဟာ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ အဗ္ဗဒူဟာမစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ လာအိုနိုင်ငံသမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာတက်စ်ခီအဂျင်အယ်ဘတ်ဒိုရီ၊ တာဂျစ်ကစ္စတန်နိုင်ငံ သမ္မတအီမိုမာလီရာမွန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာနာဝပ်ရှာရစ်၊ ကုလသမဂ္ဂအာရှ-ပစိဖိတ် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အတွင်းရေးမှူး ရှန်ရှက်အက်ခ်တာနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဒီမစ်ထရီမီဇန်ဆက်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက ပြောကြားရာ၌ အာရှနှင့်ပစိဖိတ်ဒေသသည် လွန်ခဲ့သည့် ဆယ်စုနှစ်ငါးခုကျော်မှစ၍ မကြုံစဖူးထူးခြားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသည့် အထောက်အကူပြုမှုများထဲမှတစ်ခုဖြစ်ကြောင်း၊ ဆက်နွှယ်ဆောင်ရွက်မှုသည် ဒေသတွင်းပေါင်းစည်းမှုအတွက် လိုအပ်ချက်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်သည် ဒေသတွင်းဆက်နွှယ်ဆောင်ရွက်မှုအတွက် မဏ္ဍိုင်ဖြစ်သောအဓိကဒေသ ကွန်ရက်လေးခုကို သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါကွန်ရက်လေးခုမှာ ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် ပြည်သူအချင်းချင်းဆက်သွယ်ဆက်ဆံခြင်း ကွန်ရက်များဖြစ်ကြောင်း၊ ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံသည် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ရထားလမ်း ကွန်ရက်နှစ်ခုလုံး၏အစိတ်အပိုင်း

အဖြစ်ပါဝင်ကြောင်း၊ ဒေသခွဲအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းနှင့် အာဆီယံ မဲခေါင်မြစ်ဝှမ်းဖွံ့ဖြိုး တိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ-ဖိုရမ်၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုနှင့် မဟာမဲခေါင်ဒေသခွဲအုပ်စုများ၏ သယ်ယူပို့ဆောင်ရေး ဆက်သွယ်မှုအစီအစဉ်များကဲ့သို့ ဒေသခွဲတွင်း ကွန်ရက်များ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း ခိုင်မာသည့်ပေါင်းစည်းဆက်နွယ်မှု မိတ်ဖက်ပြုခြင်းသည် ဒေသတွင်းနိုင်ငံများအားလုံး အပေါ် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ဒေသတွင်းနေပြည်သူအားလုံးကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတစ်ခုလုံးနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့် တရုတ်နိုင်ငံ၏ ပိုးလမ်းမစီးပွားရေးရပ်ဝန်းနှင့် (၂၁) ရာစုပင်လယ်ရေကြောင်းပိုးလမ်းမ သို့မဟုတ် တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း ပဏာမခြေလှမ်းကို ထောက်ခံကြောင်းဖြင့် ပြောကြားခဲ့သည်။

APEC CEO ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ (၉) ရက်၊ နံနက်ပိုင်းတွင် တရုတ်အမျိုးသား ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ လာအိုနိုင်ငံသမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ အဗ္ဗဒူဟာမစ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန်၊ အေပက်အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဆိုင်ရာ ထိပ်တန်းအရာရှိကြီးများနှင့် အေပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ ဝန်ကြီးများနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် ကုလသမဂ္ဂ အာရှ-ပစိဖိတ် စီးပွားရေးနှင့်လူမှုရေးကော်မရှင်အတွင်းရေးမှူး မစ္စရှန်ရှက်အက်ခ်တာက ဦးဆောင်ဆွေးနွေးပြီး အေပက်စီးပွားရေးနှင့် ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယားနှင်မြန်မာတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများကို တက်ရောက်လာကြသည့်နိုင်ငံ့ခေါင်းဆောင်များက အသီးသီးဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း ခိုင်မာသည့်ပေါင်းစည်းဆက်နွယ်မှု မိတ်ဖက်ပြုခြင်းသည် ဒေသတွင်းနိုင်ငံများအားလုံးနှင့် ဒေသတွင်းနေပြည်သူများအားလုံးကိုပါ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် ပိုမိုကောင်းမွန်သော လူနေမှုဘဝရရှိရေးဟူသည့် ပြည်သူအားလုံး၏ ဆန္ဒကို ဖြည့်ဆည်းနိုင်ရေးအတွက် ခေတ်မီ၍ ဒီမိုကရေစီနည်းလမ်းကျသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်ရောက်ရှိရန် ရည်မှန်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်နှင့် အညီ ရွေးကောက်တင်မြှောက်ခံထားရသည့် မိမိတို့အစိုးရသစ်သည် နိုင်ငံ့တာဝန်ယူပြီးချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပြုပြင်ပြောင်းလဲမှု လေးရပ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် တံခါးများဖွင့်လှစ်ထားပြီး ခိုင်မာသည့်ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းအသစ်များဖြင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေသည် ယခင်နှစ်များထက်များစွာအလားအလာကောင်းမွန်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးဂရုပြုသည့် မိတ်ဖက်ပြုမှုများတွင် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ထိုမှုကိုအခြေခံပြီး မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းမှတစ်ဆင့် အာဆီယံတစ်ခုတည်းသော ဈေးကွက်တွင် ပါဝင်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် အေပက်စီးပွားရေးခေါင်းဆောင်များထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သည့် အာရှ-ပစိဖိတ်ဒေသအတွက် မျှော်မှန်းချက်အသစ်၊ တီထွင်ဆန်းသစ်မှု၊ ဆက်နွယ်မှု၊ ပေါင်းစည်းမှု၊ သာယာဝပြောမှုနှင့်ကိုက်ညီသည့်




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ ပဉ္စမအကြိမ် မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

ရှေးဦးစွာ နံနက် (၉) နာရီတွင် မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။ ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ပြီးခဲ့သည့်သုံးနှစ်တာကာလ (၂၀၁၁) ခုနှစ်၊ ဒီဇင်ဘာလအတွင်း စတုတ္ထအကြိမ်ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယင်းဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတွင် (၂၀၁၂) မှ (၂၀၂၂) ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း မဲခေါင်ဒေသခွဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂)ကို အဆွေတော်ခေါင်းဆောင်ကြီးများက အတည်ပြုခဲ့ကြောင်း၊ ဂျီအမ်အက်စ်မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင်ကို (၁၉) တရုတ်နိုင်ငံ၏ တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်းပဏာမခြေလှမ်းသည် အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာလ (၂၀) ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်သည်။

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့်နိုင်ငံတော်သမ္မတနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တာကီဟီကိုနာကိုနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည်ကို သိရှိရကြောင်း၊ ဂျီအမ်အက်စ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် အခြေခံအဆောက်အအုံဆိုင်ရာ ဆက်သွယ်ယှက်နွှယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နည်းပညာ၊ ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ရေး၊ စီးပွားရေး၊ စကြ်ဳံဖိုရမ်၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့်ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များ ရရှိနေသည်ကို များစွာကျေနပ်အားရမိကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်ကို ငွေကြေးနှင့်နည်းပညာအကူအညီများ ထောက်ပံ့ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဆောင်ရွက်ပေးနေသည့်အာရှဖွံ့ဖြိုးရေးဘဏ်ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ဂျီအမ်အက်စ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်တွင် တိုးတက်မှုရလဒ်ကောင်းမွန်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးနှင့် အသိုက်အဝန်းစိတ်ဓာတ်ပိုမိုခိုင်မာရေးတို့ကို တိုးမြှင့်ရရှိရန်မှာ စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာသော်လည်း ဒေသခွဲအတွင်း လမ်းများအရည်အသွေးမပြည့်မီခြင်း၊ ရထားလမ်းပိုင်းများပြတ်တောက်နေခြင်း၊ ပင်လယ်ဆိပ်ကမ်းနှင့်လေဆိပ်အဆောက်အအုံများ လုံလောက်မှုမရှိခြင်း၊ ထောက်ပံ့ရေးစနစ်များမပြည့်စုံခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုမလုံလောက်ခြင်း စသည့်အခြေခံအဆောက်အအုံဆိုင်ရာ ကွာဟချက်များရှိနေဆဲဖြစ်ကြောင်း၊ ဂျီအမ်အက်စ်နိုင်ငံများ၌ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို အားလုံးအကျိုးဝင်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးမှု၏အသီးအပွင့်များကို ပြည်သူများ မျှတစွာရရှိခံစားနိုင်ရန်လည်း အရေးကြီးကြောင်း၊ စတုတ္ထအကြိမ်ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ အနေဖြင့် စနစ်သစ်တစ်ခုကို အရှိန်အဟုန်နှင့်ပြောင်းလဲနေပြီး ဂျီအမ်အက်စ်နိုင်ငံများအကြားနှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပိုမိုနီးကပ်စွာ ပေါင်းစည်းလာခြင်းတို့သည်လည်း ဒေသတွင်းကြီးမားသည့်အခွင့်အလမ်းများကို ဖြစ်ပေါ်စေမည်ဟု မျှော်လင့်ကြောင်း၊ မဟာမဲခေါင်ဒေသခွဲတောင်ပိုင်း စီးပွားရေးစကြ်ဳံသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့အကြား အတိုဆုံးကုန်သွယ်မှုစကြ်ဳံဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ အလားတူမဟာမဲခေါင်ဒေသခွဲအရှေ့အနောက်စီးပွားရေးစကြ်ဳံသည်လည်း ယင်းနိုင်ငံများအတွက် အရေးကြီးသည့် စကြ်ဳံတစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ အဆိုပါလမ်းကြောင်းနှစ်ခုကို မြန်မာ-ထိုင်းနယ်စပ် (ဘုရားသုံးဆူမှတစ်ဆင့်) မော်လမြိုင်-ထားဝယ်အကြား မိုင် (၁၇၀) ခန့်ရှည်လျားသည့်ကားလမ်းနှင့်ရထားလမ်းတို့ ဆက်စပ်လိုက်မည်ဆိုပါက ယင်းဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသတစ်ခုလုံးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဖြစ်ထွန်းစေမည့်ပိုးလမ်းကြောင်း စီးပွားရေးရပ်ဝန်းနှင့် (၂၁) ရာစုပင်လယ်ရေကြောင်းပိုးလမ်းမကြီး တစ်နည်းအားဖြင့် တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း၏အဓိကအရေးပါသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဟု မြန်မာနိုင်ငံက ခိုင်မာစွာယုံကြည်ကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်သည် အားလုံးပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေးတို့သည် အရေးကြီးကြောင်း၊ ထို့ကြောင့်ပဉ္စမအကြိမ်ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ကို 'ဂျီအမ်အက်စ်ဒေသ၌ အားလုံးပါဝင်ခံစားနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ခြင်း'ဟု ရွေးချယ်သတ်မှတ်ခြင်းသည် အလွန်သင့်မြတ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုဖိုရမ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတူ ဆောင်ရွက်သူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နံနက် (၁၀) နာရီတွင် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသော ခေါင်းဆောင်များအား Regional Investment Framework (RIF) အကောင်အထည်ဖော်ဆောင်ရွက်သည့်အစီအစဉ်ကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ စီးပွားရေးဖိုရမ်၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဥက္ကဋ္ဌတာဝန်လွှဲပြောင်းခြင်းဆိုင်ရာ အထိမ်းအမှတ်အလံကို ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် လူငယ်များဆိုင်ရာ ဖိုရမ်၏ ထုတ်ပြန်ချက်ကို အဆိုပါဖိုရမ်ကိုယ်စားပြုအမျိုးသမီးငယ်တစ်ဦးက ရှင်းလင်းတင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်သမ္မတသည် နံနက် (၁၁) နာရီ (၁၅) မိနစ်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ကျင်းပသည့် ပဉ္စမကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးသီးသန့်အစည်းအဝေးသို့တက်ရောက်သည်။ ယင်းထိပ်သီးသီးသန့်အစည်းအဝေးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက အဖွင့်အမှာစကားပြောကြားသည်။

**နိုဘယ်ဆု (၂၀၁၄)။** ။ နိုဘယ်ဆုဟူသည် ဒိုင်းနမိုက်ကို တီထွင်ခဲ့သည့် ဆွီဒင်လူမျိုး စက်မှုလုပ်ငန်းရှင်သူဌေးကြီး အဲဖရက်ဒ်နိုဘယ်ကို အစွဲပြုလျက် ဂုဏ်ပြုချီးမြှင့်သောဆုဖြစ်သည်။ အဲဖရက်ဒ်နိုဘယ်၏ သေတမ်းစာအရ ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီ၊ ကာရိုလင်စကာပညာမြှင့်တင်ရေးအဖွဲ့၊ ဆွီဒင်အကယ်ဒမီနှင့် နော်ဝေနိုဘယ်ဆုကော်မတီတို့သည် ဆုများကို (၁၉၀၁) ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ချီးမြှင့်ရာတွင် ရူပဗေဒဆု၊ ဓာတုဗေဒဆု၊ ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆု၊ စာပေဆုနှင့် ငြိမ်းချမ်းရေးဆု စသည်ဖြင့် ဆုအမျိုးအစားငါးမျိုးကို စတင်ချီးမြှင့်ခဲ့ပြီး (၁၉၆၈) ခုနှစ်တွင် စီးပွားရေးဆိုင်ရာဆုကို တိုးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုများကို နှစ်စဉ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာ၍ အဲဖရက်ဒ်နိုဘယ် ကွယ်လွန်ခဲ့သည့် ဒီဇင်ဘာလ (၁၀) ရက်တိုင်းတွင် စတော့ဟုမ်းမြို့၌ နှစ်စဉ်ပေးအပ်လေ့ရှိသည်။ ဆုရရှိသူအား ဆုတံဆိပ်၊ ဆုလက်မှတ်နှင့် ဆုငွေများကို ချီးမြှင့်မည်ဖြစ်သည်။ သို့သော် (၁၉၄၀) ပြည့်နှစ် (၁၉၄၁ နှင့် ၁၉၄၂) ခုနှစ်များတွင် နိုဘယ်ဆုများကို ချီးမြှင့်နိုင်ခြင်း မရှိခဲ့ပေ။

(၂၀၁၄) ခုနှစ်အတွက် နိုဘယ်ဆုများကို ချီးမြှင့်ရာ၌ စာပေဆိုင်ရာနိုဘယ်ဆုနှင့် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုတို့တွင် တစ်ဦးချင်းဆုရရှိခဲ့ကြပြီး ငြိမ်းချမ်းရေးနိုဘယ်ဆုတွင် ပူးတွဲနှစ်ဦး၊ ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုတွင် ပူးတွဲသုံးဦး၊ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုတွင် ပူးတွဲသုံးဦး၊ ဇီဝကမ္မ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုတွင် ပူးတွဲသုံးဦး စသည်ဖြင့် ဆုအမျိုးအစားခြောက်မျိုးတွင် လူပုဂ္ဂိုလ်ပေါင်း (၁၃) ဦးက ဆုများကို ဆွတ်ခူးရရှိခဲ့သည်။ ယခုနှစ်၏ ထူးခြားချက်တစ်ရပ်မှာ နိုဘယ်ဆုရရှိသူများသည် လူပုဂ္ဂိုလ်များသာဖြစ်ပြီး အဖွဲ့အစည်းများမရရှိခဲ့ခြင်းဖြစ်သည်။ နိုဘယ်ဆုသည် ငြိမ်းချမ်းရေး၊ စာပေ၊ စီးပွားရေး၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဆေးပညာဆိုင်ရာကဏ္ဍများတွင် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်ကြသည့် ကမ္ဘာတစ်ဝန်းမှ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များ၊ ပညာရှင်များက ရွေးချယ်အကဲဖြတ်၍ ချီးမြှင့်သည့်ဆုဖြစ်သည်။

**ငြိမ်းချမ်းရေးနိုဘယ်ဆု**

(၂၀၁၄) ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ကိုင်းလက်ရှ်စက်ယာသီနှင့် မာလာလာယူဆွတ်ဇိုင်တို့က ပူးတွဲရရှိခဲ့သည်။ ယခုနှစ်တွင်အဆိုတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအရေအတွက်မှာ ယခင်နှစ်ထက်များပြားခဲ့ပြီး အဖွဲ့အစည်းတွင် အပြည်ပြည်ဆိုင်ရာ အာကာသစခန်း၊ လူပုဂ္ဂိုလ်များတွင် အက်ဒွပ်စနိုးဒင်၊ ချဲစီးမန်းနီး၊ ရုရှားသမ္မတ ဗလာဒီမာ

ပူတင်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ပါဝင်သည်။ မာလာလာသည် ပါကစ္စတန်နိုင်ငံသူဖြစ်ပြီး (၂၀၁၂) ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ အမျိုးသမီးများပညာသင်ယူခွင့်ရရန် လှုံ့ဆော်ကြိုးပမ်းခဲ့သည့်အတွက် ကျောင်းကားပေါ်၌ တာလီဘန်တို့၏ သေနတ်ဖြင့်ပစ်ခတ်မှုကို ခံခဲ့ရသူဖြစ်သည်။ ငယ်ရွယ်သော်လည်း အမျိုးသမီးများ ပညာသင်ယူခွင့်ရရှိရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ပြီး ကလေးငယ်များနှင့် လူငယ်များ၏



**ကိုင်းလက်ရှ်စက်ယာသီ၊ မာလာလာယူဆွတ်ဇိုင်**

ပညာရေးအခြေအနေ ပိုမိုကောင်းမွန်စေရန် အန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ခဲ့ရသော်လည်း မလျှော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ မာလာလာ ဆုရရှိသည့် အချိန်တွင် အသက် (၁၇) နှစ်သာဖြစ်ပြီး နိုဘယ်ဆုရရှိသူများအနက် အသက်အငယ်ဆုံးဖြစ်သည်။ ၎င်းနှင့်အတူ ငြိမ်းချမ်းရေးဆုကို ပူးတွဲရရှိခဲ့သည့် စက်ယာသီသည် အိန္ဒိယမျိုးချစ်နိုင်ငံရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ အစဉ်အလာကို ဆက်ခံထိန်းသိမ်းခဲ့သူဖြစ်ပြီး ကလေးသူငယ်များအတွက် အခွင့်အရေးများရရှိရန် ဆန္ဒပြတောင်းဆိုမှုအမျိုးမျိုးကို ငြိမ်းချမ်းစွာဆောင်ရွက်ခဲ့သကဲ့သို့ ကလေးငယ်များ၏ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာညီလာခံများ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ကူညီခဲ့သူဖြစ်သည်။ အသက် (၆၀) အရွယ် စက်ယာသီက ကလေးကျွန်များ၊ ကလေးလုပ်သားများနှင့် လူကုန်ကူးခံရသည့် ကလေးငယ်များအတွက် ကြိုးပမ်းမှုကြောင့် ရရှိခဲ့သည့်ဆုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဤဆုရရှိခြင်းဖြင့် အလားတူဘေးဒုက္ခများကိုခံစားနေရသည့် ကလေးငယ်များကို ကမ္ဘာတစ်ဝန်းလုံးရှိလူများက သတိပြုစာနာမိမည်ဖြစ်ကြောင်း ပြောကြားသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ဟိန္ဒူတစ်ဦးနှင့် မွတ်ဆလင်တစ်ဦးတို့၏ ပညာရေးဖွံ့ဖြိုးမှုနှင့် အစွန်းရောက်မှုဆိုင်ရာတူညီသည့်ကြိုးပမ်းချက်သည် အရေးပါလှသည့် ဖြစ်ရပ်ဖြစ်ပြီး ကလေးငယ်များ၏ အခွင့်အရေးအတွက် ကာလကြာရှည်စွာကြိုးပမ်းခဲ့သူနှစ်ဦးကို ဆုချီးမြှင့်ရခြင်းသည် ထိုက်တန်သည်ဟု ယူဆပါကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

## စာပေဆိုင်ရာ နိုဘယ်ဆု

စာပေဆိုင်ရာနိုဘယ်ဆုကို အသက် (၆၉) နှစ်အရွယ်ရှိ ပြင်သစ်စာရေးဆရာ ပက်ထရစ်မိုဒီယာနိုက ရရှိခဲ့သည်။ စာပေဆိုင်ရာနိုဘယ်ဆုများ ရရှိခဲ့သည့် ပြင်သစ်စာရေးဆရာများအနက် (၁၅) ဦးမြောက်ဖြစ်သည်။ (၁၉၄၅) ခုနှစ်၊ ဇူလိုင်လ ဒုတိယကမ္ဘာစစ်အပြီး နှစ်လအကြာတွင် ပဲရစ်မြို့၏ ဆင်ခြေဖုံးရပ်ကွက်လေး၌ မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူသည် အီတလီနိုင်ငံသား ဂျူးလူမျိုးဖြစ်ပြီး မိခင်ဘယ်လ်ဂျီယံနိုင်ငံသူနှင့် တွေ့ဆုံခဲ့ချိန်သည် ပဲရစ်မြို့ သိမ်းပိုက်ထားခံရသည့် ကာလဖြစ်သည်။ ထို့ကြောင့် မိုဒီယာနို၏ အစောပိုင်းအဖြစ်အပျက်များသည် သူ၏ရေးသားမှုများတွင် အများဆုံးလွှမ်းမိုးထားသည်။ ဂျူးလူမျိုးတို့၏ပိုင်ဆိုင်မှု၊ နာဇီတို့၏ တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်မှုနှင့် ကိုယ်ပိုင်လက္ခဏာများ ဆုံးရှုံးရမှု စသည်တို့ကို ၎င်း၏ဝတ္ထုများတွင် အများဆုံးရေးဖွဲ့လေ့ရှိသည်။ အကျော်ကြားဆုံးဝတ္ထုမှာ Missing Person ဖြစ်ပြီး (၁၉၇၈) ခုနှစ်တွင် Prix Goncourt ဆုကို ရရှိသည်။ (၂၀၁၂) ခုနှစ်တွင် ဥရောပစာပေဆုကို ရရှိခဲ့သည်။ ဖမ်းဆုပ်ထား၍ မရနိုင်သည့် လူသားတို့၏ ကံကြမ္မာနှင့် တိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်မှုခံရသောအချိန်၌ သိမ်းပိုက်ခံပြည်သူတို့၏ ဘဝကို အကောင်းဆုံးဖော်ထုတ်ရေးသား လှုံ့ဆော်



**ပက်ထရစ်မိုဒီယာနို**

နိုင်ခဲ့သည့် သူ၏အနုပညာလက်ရာများအတွက် စာပေ နိုဘယ်ဆု ချီးမြှင့်ခဲ့ခြင်းဖြစ်သည်ဟု ဆုရွေးချယ်ရေး ကော်မတီက ရှင်းလင်းပြောကြားသည်။

### ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆု

ဓာတုဗေဒဆိုင်ရာနိုဘယ်ဆုကို ဂျာမနီနိုင်ငံ၊ ဂေါ့တင်းဂျန်မြို့၊ ဇီဝရူပဗေဒနှင့် ဓာတုဗေဒဆိုင်ရာ မက်စ်ပလန့်ခ်တက္ကသိုလ်မှ စတီဖန်ဟဲ၊ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ စတန်းဖို့ဒ်တက္ကသိုလ်မှ



**ဝီလျံမိုနာ၊ စတီဖန်ဟဲနှင့် အဲရစ်ဘတ်ဇစ်**

ဝီလျံမိုနာနှင့် ဗာဂျင်နီးယားပြည်နယ်၊ ဟောဝက်ဟရူ ဆေးတက္ကသိုလ်မှ အဲရစ်ဘတ်ဇစ်တို့ သုံးဦးပူးတွဲ ရရှိခဲ့သည်။ ၎င်းတို့သည် မော်လီကျူးတစ်ခုချင်းစီ၏ အဆင့်ဆင့်သော တစ်ရှူးများကိုလေ့လာရာ၌ အသုံးပြုသော အဏုကြည့်မှန်ဘီလူးသစ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသူများဖြစ်သည်။ သိပ္ပံပညာရှင်သုံးဦးသည် ပိုမိုပြတ်သားသည့် ပုံရိပ်များကိုပေးစွမ်းနိုင်သည့် အဏုကြည့်ကိရိယာများကိုဖန်တီးရာ၌ အတားအဆီးများကို တွေ့ကြုံရသော်လည်း တစ်ဆင့်ပြီးတစ်ဆင့်ကျော်လွှားနိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် တစ်မီတာ၏ ဘီလီယံမျှသေးငယ်သည့် အရွယ်အစားရှိသောအင်္ဂါများကိုကြည့်ရှုနိုင်သည့် အဏုကြည့်မှန်ဘီလူးကို အဆင့်မြှင့်တင် ဖန်တီးနိုင်ခဲ့သည်။ ယင်း၏ အကျိုးရလဒ်အဖြစ် လေ့လာမှုများကို ပြုလုပ်ရာ၌ သဘောတရားအရ သေးငယ်လွန်း၍ လေ့လာမရသည့် အရာဟူ၍ မရှိတော့ပေ။ ၎င်းတို့၏တီထွင်မှုသည် လေ့လာမှုများနှင့် သုတေသနပြုမှုများကို များစွာ အထောက်အကူပြုသည့်အတွက် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်ခံရခြင်းဖြစ်သည်။

### ရူပဗေဒဆိုင်ရာ နိုဘယ်ဆု

ရူပဗေဒဆိုင်ရာနိုဘယ်ဆုကို အပြာရောင် LED မီးများ တီထွင်နိုင်မှုအတွက် ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ရှူဂျီနာကာမူယာ၊ ဂျပန်နိုင်ငံမှ အစ်စမူ အကာစကီနှင့် ဟီရိုရှီးအမာနိုတို့ သုံးဦးပူးတွဲရရှိခဲ့သည်။ အဆိုပါ LED မီးများသည် တောက်ပသည့်အလင်းရောင်ကိုပေးစွမ်းနိုင်ပြီး စွမ်းအင်အသုံးပြုမှုသက်သာစေမည်ဖြစ်သည်။ ၎င်းတို့ကို အနီရောင် LED၊ အစိမ်းရောင် LED မီးများ (၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် စတင်အသုံးပြုနိုင်ခဲ့သည်။) ဖြင့် ပေါင်းစပ်၍ အိမ်၊ ရုံးနှင့် မီးပွိုင့်များတွင်အသုံးပြုသည့် အချက်ပြမီးနှင့် ကြီးမားသည့်ကြော်ငြာပိတ်ကားပြင်တွင် အဖြူရောင်အလင်းမီးများအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ယင်းတို့ကို ထိရောက်စွာ အသုံးပြုနိုင်ပါက အင်္ဂလန်နိုင်ငံ၏ လျှပ်စစ်သုံးစွဲစရိတ်တွင် (၁၀) ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပေးဌာန ရှစ်ဌာန၏ လုပ်အားကို လျှော့ချနိုင်မည်ဖြစ်သည်ဟု ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနဆိုင်ရာ ညွှန်ကြားရေးမှူး ကောလင်းဟန်ဖရေးက ပြောကြားခဲ့သည်။ စွမ်းအင်

ချွေတာမှုကို လွန်စွာအထောက်အကူပြုသည့် တီထွင်မှု ဖြစ်သဖြင့် ဤဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

## ဇီဝကမ္မ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်ဆု

ဦးနှောက်၏ အတွင်းပိုင်း ဂျီပီအက်စ်ကို ရှာဖွေတွေ့ရှိခဲ့ကြသည့် ဗြိတိသျှလူမျိုး သိပ္ပံပညာရှင် ဂျွန်အိုကီးဖဲနှင့် နော်ဝေနိုင်ငံမှ မေဘရစ်တ်နှင့် အက်ဗက် မိုစာတို့ကို ဇီဝကမ္မ သို့မဟုတ် ဆေးပညာဆိုင်ရာနိုဘယ်ဆု



**အက်ဗက်မိုစာ၊ ဂျွန်အိုကီးဖဲနှင့် မေဘရစ်တ်**

ချီးမြှင့်ခဲ့သည်။ မိမိတို့ရောက်ရှိနေသည့်နေရာကို တွက်ချက်နိုင်သည့် လူ့ဦးနှောက်အတွင်းရှိ နေရာဆဲလ်နှင့် ဂရစ်ဆဲလ်တို့ကို ၎င်းတို့က ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဦးနှောက်သည် မိမိတို့ရောက်ရှိနေသည့် ဝန်းကျင် နေရာ၏ မြေပုံကို ဖန်တီးပုံဖော်နိုင်စွမ်းရှိပြီး ရှုပ်ထွေး သည့်ဝန်းကျင်၌ ရောက်ရှိနေစဉ်တွင် မိမိတို့၏ လမ်းကြောင်းကို လမ်းညွှန်သွားနိုင်ပုံကိုလည်း တွေ့ရှိခဲ့ ကြသည်။ အခန်းတစ်ခန်းထဲရှိ နေရာတစ်နေရာတွင် ကြွက်တစ်ကောင်ရှိနေပါက ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်အချို့သည်လည်း လှုပ်ရှားနေတတ် ကြောင်း ဦးနှောက်၏ အနေအထားမှတ်သားမှုစနစ်၏ ပထမဆုံးအစိတ်အပိုင်းကို ပညာရှင် အိုကီးဖဲက (၁၉၇၁) ခုနှစ်တွင် လေ့လာတွေ့ရှိခဲ့သည်။ (၃၄) နှစ်အကြာတွင် နော်ဝေနိုင်ငံ ထရွန်ဟိုင်းမြို့ရှိ သိပ္ပံနှင့်နည်းပညာဆိုင်ရာ နော်ဝေတက္ကသိုလ်မှ မေဘရစ်တ်နှင့် အက်ဗက်မိုစာ တို့က နောက်ထပ်အာရုံကြော အမျိုးအစားတစ်မျိုးဖြစ် သည့် တိကျမှန်ကန်သော လမ်းကြောင်းရှာဖွေမှုဆိုင်ရာ ကိုဩဒိနိတ်စနစ်ကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုသည် လူ့ဦးနှောက်၏ မှတ်သား နိုင်စွမ်းကို အထောက်အကူပြုသည့်အတွက် ဆုချီးမြှင့် ခံခဲ့ရခြင်းဖြစ်သည်။

## စီးပွားရေးဆိုင်ရာ နိုဘယ်ဆု

(၂၀၁၄) ခုနှစ်၏ စီးပွားရေးဆိုင်ရာနိုဘယ်ဆုကို ပြင်သစ်စီးပွားရေးပညာရှင် ဂျီးန်တီရိုးယွန်တီဟောလ်က ရရှိခဲ့သည်။ အစိုးရအဖွဲ့အစည်းများသည် ဈေးကွက်ကို လွှမ်းမိုးထားသည့် အင်အားကြီးကုမ္ပဏီများအား ထိန်းညှိ သင့်ပုံကို မီးမောင်းထိုးပြသခဲ့သည့် ၎င်း၏သုတေသန ပြုချက်အတွက် ဆုချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ မစ္စတာ တီရိုး၏သုတေသနတွင် အကောင်းထက် အဆိုးဘက် ကို ဦးတည်သည့် ယေဘုယျစည်းမျဉ်း စည်းကမ်းများ ထက် တိကျသည့်လုပ်ငန်းအခြေအနေ များအပေါ်



**ဂျီးန်တီရိုးယွန်တီဟောလ်**

မူတည်၍ လိုက်လျောညီထွေဖြစ်သည့် ဈေးကွက် ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ချမှတ်ဆောင်ရွက် သင့်ကြောင်း ထောက်ပြထားခဲ့သည်။ (၁၉၉၉) ခုနှစ်မှ စ၍ စီးပွားရေးဆိုင်ရာနိုဘယ်ဆုကို အမေရိကန်နိုင်ငံမှ ပုဂ္ဂိုလ်များက ဆွတ်ခူးလေ့ရှိရာ ယခုအကြိမ်သည် အမေရိကန်နိုင်ငံမှဆုရရှိသူမပါသည့် ပထမဆုံးအကြိမ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုဖြစ်သည်။

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်။ ။ နည်းဥပဒေထုတ်ပြန်ခြင်း -** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် (၁၉၄၇) ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ (၁၆) ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေကို (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါနည်းဥပဒေတွင် အခန်း (၁၇) ခန်းနှင့် ပုဒ်မ (၄၆) ခုပါရှိသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီကျင့်သုံးသော အစိုးရထွက်ပေါ်လာပြီး ပြုပြင်ပြောင်းလဲရေးများကို ကဏ္ဍအလိုက်ဆောင်ရွက်ခဲ့ရာတွင် အမှန်တကယ်လိုအပ်သဖြင့် အဆိုပါနိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ထွက်ပေါ်လာရခြင်း** - မြန်မာနိုင်ငံတွင် ပထမအဆင့်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အစိုးရသစ်တက်သည်နှင့် ဆောင်ရွက်ရာအတိုင်းအတာတစ်ခုအထိ အောင်မြင်သည်။ ဒုတိယအဆင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု စတင်သည်နှင့် နိုင်ငံခြားသားများ တိုက်ရိုက်ရင်းနှီးမြှုပ်နှံရန်ဥပဒေသစ်ပြင်ဆင်ပြဋ္ဌာန်း၍ ဖိတ်ခေါ်သည်။ နိုင်ငံခြားသားများလည်း အများအပြားလာရောက်ကြကာ ရင်းနှီးရန်အားထုတ်ကြသည်။ ရောက်ရှိရင်းနှီးမြှုပ်နှံကြသည်။

သို့ရာတွင် လာရောက်သူများ တုံ့နှေးမှုရှိခဲ့သည်။ ပထမတွင် မြန်မာနိုင်ငံသို့ပြည်ဝင်ခွင့် ဗီဇာလျှောက်ထား ရန်ခက်ခဲသည်။ ဤအချက်ကို ဖြေရှင်းနိုင်သော်လည်း ဗီဇာသက်တမ်းကုန်ဆုံး၍ ပြန်လည်လျှောက်ထားရသည့်အတွက် စီးပွားရေးကို ဇောက်ချလုပ်ကိုင်ရာတွင် အနှောင့်အယှက်ဖြစ်နေသည်။ ထို့ပြင်နိုင်ငံခြားသားစစ်စစ်များမဟုတ်ဘဲ မြန်မာနိုင်ငံမှနိုင်ငံခြားသို့ထွက်ခွာသွားပြီး အနေကြာ၍ နိုင်ငံခြားသားအဖြစ်ခံယူထားသည့်နိုင်ငံသားဟောင်းများလည်းရှိသည်။ ထိုသူများအနက် ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် စီးပွားရေးအောင်မြင်နေသည့်လုပ်ငန်းရှင်များရှိသည်။ ဤနိုင်ငံသားဟောင်းများ မြန်မာပြည်သို့ပြန်လာလုပ်ကိုင်ပါက နိုင်ငံခြားသားများထက် မြန်မာနိုင်ငံအကြောင်း ပိုသိသည်။ ပိုလည်းချစ်ကြပေမည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲရေးဆင်နွှဲ၍ နိုင်ငံခြားသားများကို ဖိတ်ခေါ်သောခေတ်က ပြည်ပရောက်ပြီးနိုင်ငံခြားသား ဖြစ်နေကြသော နိုင်ငံသားဟောင်းအများအပြား ပြန်လာ၍ဝိုင်းဝန်းကူညီရာက ကြီးစွာအထောက်အကူ ရခဲ့ဖူးသည့်သာဓကရှိသည်။

ထိုသို့နိုင်ငံခြားရောက်၍ နိုင်ငံခြားသားအဖြစ်ခံယူထားသည့်မြန်မာနိုင်ငံသားဟောင်းများလည်း ပြည်တွင်း၌ ပြန်လာ၍လုပ်ကိုင်ချင်ကြသည်။ သို့သော်ဗီဇာသက်တမ်းကုန်လျှင် ပြန်လျှောက်ထားရသည့်အတွက် အထစ်အငေါ့များဖြစ်စေသည်။

မည်သို့သော နိုင်ငံခြားသားမျိုးပင်ဖြစ်စေ၊ မြန်မာနိုင်ငံအကျိုးအတွက် လာရောက်နေထိုင်ပြီး အချိန်ရယူလုပ်ကိုင်နိုင်စေရန်အတွက် မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့် (Permanent Residency System) တစ်ခုဖော်ထုတ်ချမှတ်ပေးရန်လိုအပ်သည်။

ဤသို့ နိုင်ငံခြားသားအမြဲတမ်းလာရောက်နေထိုင်ခွင့်ပြုမည်ဆိုပါက စည်းကမ်းစနစ်ကျကျ၊ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်အောင်သတ်မှတ်ပေးရန်လိုအပ်လာသည်။ ကမ္ဘာပေါ်ရှိ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများစွာတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ စနစ်များချမှတ်ဆောင်ရွက်လျက်ရှိသည်မှာ နှစ်များစွာ ကြာခဲ့ပြီဖြစ်သည်။ ယခုအခါ နိုင်ငံ (၆၅) နိုင်ငံတွင် နိုင်ငံခြားသား နေထိုင်ခွင့်ဆိုင်ရာစနစ်ဖြင့် ကြပ်မတ်သေချာစွာ ဆောင်ရွက်ပြီးဖြစ်သည်။ ထို့ကြောင့် အိမ်နီးချင်းအာဆီယံနိုင်ငံများ အပါအဝင်ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာစနစ်ကျင့်သုံးပုံကိုလေ့လာပြီး စိစစ်သတ်မှတ်နိုင်ရန်အတွက် ဒုတိယသမ္မတဦးကျော်ဌေးအဖြစ်ဦးဆောင်သော "နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ်စီမံခန့်ခွဲရေးကော်မတီ" ကို အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးကိုးဦးဖြင့်ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့သည် နိုင်ငံခြားသားများကို အမြဲတမ်း

လာရောက်နေထိုင်ခွင့်ပြုခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုးဆိုးပြစ်များကို သုံးသပ်ကာ အားသာချက်၊ အားနည်းချက်များကိုလေ့လာပြီး ဆောင်ရန် ရှောင်ရန်များကို နည်းဥပဒေဖြင့် ကျင့်သုံးစေရန် သတ်မှတ်ခဲ့သည်။

ယင်းသို့သတ်မှတ်နိုင်ရန် အဖွဲ့အနေဖြင့် အစည်းအဝေးများ ကျင်းပခဲ့သည်။ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်၌ ကျင်းပသောအစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးညဏ်ထွန်းတက်ရောက်၍ ပြောကြားရာတွင် "နိုင်ငံတော်၏ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ် (PR) ကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်လာသည့်အတွက် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ်စီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတက ဥက္ကဋ္ဌ၊ အဖွဲ့ဝင်အဖြစ် ပြည်ထောင်စုဝန်ကြီးကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ နိုင်ငံခြားသားများအမြဲနေထိုင်ခွင့်စနစ်ဆိုင်ရာလုပ်ငန်းအဆင့်များ ဆောင်ရွက်ခဲ့ရာ အားလုံးနီးပါးပြီးစီးနေပြီဖြစ်၍ ယင်းစနစ်ကို မကြာမီအကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသမိုင်းတွင် ပထမဦးဆုံးစတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် စနစ်သစ်ဖြစ်သောကြောင့် လစ်ဟာမှုမရှိရအောင် လိုအပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျေအလည်ညှိနှိုင်းခဲ့ကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (PR) စီမံချက်မူကြမ်းကို ညှိနှိုင်းမှုများ၊ ပြင်ဆင်မှုများ၊ ဖြည့်စွက်မှုများ၊ နုတ်ပယ်မှုများစသဖြင့် အကြိမ်ကြိမ်အဆင့်ဆင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အတည်ပြုချက်ရရှိပြီးနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကို သွားရောက်ရှင်းလင်းတင်ပြခဲ့ကြောင်း၊ (၂၄-၅-၂၀၁၄) တွင် ကျင်းပသည့်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင်လည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်မှ နည်းဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနမှရေးဆွဲရှင်းလင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့သာ ဆက်လက်တင်ပြဆောင်ရွက်သွားရန် မှတ်ချက်ပြုမှတ်တမ်းတင်ခဲ့ပါကြောင်း၊ ထို့နောက် (၂၄-၁၀-၂၀၁၄) ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင်လည်း (PR) နည်းဥပဒေ (မူကြမ်း) ကို အတည်ပြုပါကြောင်း၊ နိုင်ငံခြားသားအမြဲတမ်းနေထိုင်ခွင့်စနစ်နည်းဥပဒေ (မူကြမ်း) တွင် အခန်း (၁၈) ခန်းပါရှိကြောင်း ပြောကြားသည်။

**နည်းဥပဒေ၏သက်ရောက်မှုနှင့်လက်တွေ့ကျင့်သုံးမှု -** (၂၀၁၄) ခုနှစ်မကုန်မီ နည်းဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီး ဒီဇင်ဘာလ (၂၉) ရက်မှစ၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၇) လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်သို့ စတင်လျှောက်ထားခွင့်ပြုခဲ့သည်။ ထိုနေ့၌ပင်လျှောက်လွှာလာရောက်ထုတ်ယူသူ (၃၀) ဦး ရှိ၍ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (၁၅) ဦးကို လျှောက်လွှာများအခမဲ့ထုတ်ပေးခဲ့သည်။

လျှောက်ထားရာတွင် နည်းဥပဒေ အခန်း (၂) ပါ အမြဲနေထိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်သည်။ အမြဲနေထိုင်ခွင့်ရရှိပါက အခွန်ထမ်းသူဖြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာဒုက္ခသည်အဖြစ်သတ်မှတ်ခံရသူမဟုတ်ခြင်း၊ နိုင်ငံတစ်ခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိသူ မဟုတ်ခြင်း၊ ပြည်တွင်းပြည်ပ သို့မဟုတ် နိုင်ငံတကာပြစ်မှုမှတ်တမ်းတွင် စာရင်းဝင်သူမဟုတ်ခြင်း၊ ကျန်းမာရေးကောင်းပြီး ကူးစက်ရောဂါ ကင်းရှင်းကြောင်း တရားဝင်ထောက်ခံချက်တင်ပြနိုင်သူဖြစ်ခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာကိုလေးစားပြီး နိုင်ငံအကျိုးဆောင်ရွက်မည်ဟု ဝန်ခံချက်ပေးသူဖြစ်ခြင်းနှင့် ကိုယ်တိုင်လာရောက်အစစ်ခံနိုင်သူဖြစ်ခြင်း စသောအချက်များ ပြဋ္ဌာန်းချက်တွင်ပါရှိသည်။

အမေရိကန်၊ အီးယူအပါအဝင် စင်ကာပူနိုင်ငံတို့တွင်လည်း ဤသို့သတ်မှတ်ချက်များရှိ၍ အသေအချာအချိန်ယူစိစစ်ပြီးမှ PR ထုတ်ပေးသင့်သူကို ထုတ်ပေးခြင်းဖြစ်သည်။

အမြဲနေထိုင်ခွင့် လျှောက်ထားသောအခါ လျှောက်လွှာနှင့်အတူ ခြောက်လအတွင်း ရိုက်ကူးထားသည့် (၁ × ၂) လက်မအရွယ်ရောင်စုံ ဓာတ်ပုံ သုံးပုံတင်ရမည်။ သက်တမ်းရှိသော တရားဝင် နိုင်ငံကူးလက်မှတ်မူရင်း၊ မိတ္တူနှင့် အခြားလိုအပ်သော အထောက်အထားအပြည့်အစုံတင်ပြရမည်။ ဇနီးလိုက်ပါလာပါက လက်ထပ်စာချုပ်တင်ပြရမည်။ သားသမီးပါလာပါက အိမ်ထောင်စုစာရင်း မှတ်တမ်းပါသူများဖြစ်ရမည်။ (၁၈) နှစ်အောက် အိမ်ထောင်မရှိသူဖြစ်ရမည်။ မွေးစာရင်းများ တင်ပြရမည်။

လျှောက်ထားသည်ကို လက်ခံပြီးပါက အထောက်အထားများနှင့်အတူ ရက် (၆၀) အတွင်း အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးရန်လျှောက်ထားရမည်။ လျှောက်လွှာတင်စဉ်က ပြန်လည်ထုတ်ယူခွင့်မရှိသော အမေရိကန်ဒေါ်လာ (၅၀၀) တင်ရမည်။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်ရရှိပါက မြန်မာနိုင်ငံသားဟောင်းသည် တစ်နှစ်လျှင်ဒေါ်လာ (၅၀၀)၊ ဇနီးနှင့်ခုနစ်နှစ်အထက်မှ (၁၈) နှစ်အထိသားသမီးများ ဒေါ်လာ (၃၀၀) စီ၊ ခုနစ်နှစ်အောက်အခမဲ့၊ နိုင်ငံခြားသားဆိုပါက တစ်နှစ်လျှင်ဒေါ်လာ (၁၀၀၀) ပေးဆောင်ရမည်။

ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများသည် သတ်မှတ်ထားသော သက်ဆိုင်ရာအထောက်အထားအပြည့်အစုံကို တင်ပြရမည်။အမြဲနေထိုင်ခွင့်သက်တမ်းကို ငါးနှစ်သတ်မှတ်သည်။ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းထပ်တိုးရန်မပြည့်မီ ရက် (၉၀) အတွင်း လျှောက်ထားနိုင်သည်။ တစ်နှစ်ပြည့်တိုင်းပြည့်သည့်နေ့မှ ရက် (၃၀) အတွင်း ကိုယ်တိုင်လာရောက်၍ အတည်ပြုချက်ရယူရန်လိုသည်။

အမြဲနေထိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ သတ်မှတ်ချက်အရ ပြည်ပသို့ တစ်နှစ်ထက်ပို၍ နေထိုင်လိုပါက ခိုင်လုံသောအကြောင်းပြချက်နှင့် ခွင့်ပြုချက်ယူရမည်။ (အမေရိကန်နိုင်ငံတွင် ၂ နှစ်အထက် သတ်မှတ်သည်။) စုပေါင်းပိုင်အဆောက်အအုံ (ကွန်ဒိုမီနီယံ) အက်ဥပဒေနှင့်အညီ ကိုယ်ပိုင်တိုက်ခန်းဝယ်ယူပိုင်ခွင့်ရှိသည်။ တားမြစ်ချက်နှင့် ကန့်သတ်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရွေးပိုင်ခွင့်မရှိခြင်း၊ မဲပေးပိုင်ခွင့်မရှိခြင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့် ဝင်ခွင့်မရှိခြင်း၊ အစိုးရလခစားဝန်ထမ်းလုပ်ခွင့်မရှိခြင်းနှင့် အမြဲနေထိုင်ခွင့်ကို သတ်မှတ်ချက်နှင့်အညီရုပ်သိမ်းခြင်းပယ်ဖျက်ခြင်းများ ပြုနိုင်သည်။

**ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်မှ ထူးခြားချက်များ -** ကမ္ဘာပေါ်၌ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံးသောနိုင်ငံ အများအပြားရှိသည်။ ကမ္ဘာသိကျင့်သုံးနေသည့် နိုင်ငံပေါင်း (၆၅) နိုင်ငံရှိပြီးဖြစ်သည်။ ယခု မြန်မာနိုင်ငံက စနစ်တကျကျင့်သုံးရန်နည်းဥပဒေထုတ်ပြန်ခဲ့သည်။ လျှောက်လွှာများလက်ခံ၍ ခွင့်ပြုချက်ထုတ်ပေးနေပြီဖြစ်ရာ (၆၆) နိုင်ငံမြောက်ကျင့်သုံးခြင်းဖြစ်သည်။ အာဆီယံ (၁၀) နိုင်ငံအနက် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသည် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ကို ကျင့်သုံးခဲ့ကြပြီးဖြစ်သည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ကျင့်သုံးရာ၌ နိုင်ငံတစ်ခုနှင့်တစ်ခု ခြားနားချက်များရှိကြသည်။ နိုင်ငံတစ်ခုချင်းအလိုက် အမြဲနေထိုင်ခွင့်ရသူတို့၏ ရပိုင်ခွင့်များ၊ အသုံးပြုချဉ်းကပ်ဝင်ရောက်ခွင့်များ၊ ကန့်သတ်ချက်များ၊ တာဝန်နှင့်ရပိုင်ခွင့်များ စသည့် အချက်များ ကွဲပြားကြသည်။

အချို့နိုင်ငံကြီးများသည် PR ကို လွယ်လွယ်နှင့် ခွင့်ပြုလိုက်ပါက တစ်ကမ္ဘာလုံးရှိ နိုင်ငံငယ်ပေါင်းများစွာတို့က လျှောက်ထား၍ လာရောက်နေထိုင်ရန်ကြိုးစားအားထုတ်ကြမည်ဖြစ်၍ PR ရရှိရေးအတွက် တင်းကျပ်မှုများရှိသည်။ ထိုနိုင်ငံရှိ ကျောထောက်နောက်ခံပြုသူက အထောက်အထားပေါင်းများစွာနှင့် တင်ပြလျှောက်ထားရသည်။ သေချာစိစစ်ပြီး အချိန်များစွာကြာမှ ခွင့်ပြုချက်ပေးသည်။ (ဥပမာ-အမေရိကန်နိုင်ငံ)

အချို့ဖွံ့ဖြိုးသော်လည်း နိုင်ငံသေးငယ်ပြီး လူဦးရေသိပ်သည်းမှုအလွန်များသော နိုင်ငံများက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကို ကျင့်သုံးသော်လည်း

သေချာစိစစ်ရန်အချိန်ကြာကြာယူပြီးမှ ခွင့်ပြုပေးသည်။ သို့ရာတွင် နိုင်ငံလည်းသေး၊ လူဦးရေသိပ်သည်းမှု လည်း အလွန်များသော စင်ကာပူနိုင်ငံဆိုလျှင်မူ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကို တိုင်းပြည်အတွက် အကျိုးများမည့်အချက်များကို ထောက်ရှု၍ လိုလား သူများကို အခက်အခဲမရှိလာရောက်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးသည်။ ထိုနိုင်ငံမျိုးတွင် ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ အထူးလိုအပ်သည့်အလျောက် နိုင်ငံ့အကျိုးအတွက် အခြေတကျလာလုပ်မည့် နိုင်ငံခြားသားများကို ဦးစားပေးလက်ခံပြီး PR ကို အခက်အခဲမရှိထုတ်ပေးသည်။

နိုင်ငံအများအပြားသည် သာမန်အားဖြင့် နိုင်ငံ ခြားသားအမြဲနေထိုင်ခွင့်ရသူများကို အစိုးရဝန်ထမ်း အဖြစ် တာဝန်ထမ်းဆောင်ခွင့်မပြုချေ။ သို့ရာတွင် အစိုးရလစာစားသောဝန်ထမ်းအဖြစ် ခွင့်ပြုသော နိုင်ငံများလည်းရှိသည်။ ဥပမာ- အမေရိကန်နိုင်ငံတွင် PR နှင့် နေထိုင်သူများကို လိုအပ်ပါက စစ်မှုထမ်း အဖြစ်လက်ခံသည်။ အရေးကြီးလျှင်ကြီးသလို PR မရသေးသည့်နိုင်ငံခြားသားများကိုပင် အမေရိကန် စစ်တပ်ထဲဝင်ခွင့်ပြုသည်လည်းရှိသည်။ အမေရိကန် ကဲ့သို့တစ်ကမ္ဘာလုံးရှိ နိုင်ငံရေး၊ စစ်ရေးနှင့် အကြမ်း ဖက်တိုက်ဖျက်ကာကွယ်ရေးအတွက် လုံခြုံရေးကို ပါဝင်ဆောင်ရွက်နေသည့်နိုင်ငံသည် စီအိုင်အေနှင့် အက်ဖ်ဘီအိုင်များတွင် ဆိုင်ရာနိုင်ငံမှ သန္ဓေနိုင်ငံ သားများကို အထူးကိစ္စရပ်အဖြစ်ခန့်အပ်ရန်လို အပ်သောအခါ လုံခြုံရေးဝန်ထမ်းအဖြစ် PR သမား များကို စိစစ်၍ခန့်အပ်သည်လည်းရှိသည်။

နိုင်ငံလုံခြုံရေးအလုပ်အကိုင်တွင် PR များကို တာဝန်ထမ်းခွင့်ပြုသော နိုင်ငံများအနက် စင်ကာပူ နိုင်ငံသည်လည်းအပါအဝင်ဖြစ်သည်။ အသက် (၁၈) နှစ်မတိုင်မီ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်အပေးခံရသူ များကို နိုင်ငံ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ရမည်ဖြစ်သည်။ သို့သော် ပထမမျိုးဆက်အဖြစ်ရောက်ရှိသူများကို ကင်းလွတ်ခွင့်ပြုလေ့ရှိသည်။ ကနေဒါ၊ နယူးဇီလန်၊ ဘရာဇီးနှင့်ပေါ်တူဂီနိုင်ငံများသည် နိုင်ငံခြားသားအဖြစ် ခံယူသွားသော မိမိနိုင်ငံသားဟောင်းများက နိုင်ငံခြားသား အမြဲနေထိုင်သူအဖြစ် အမိနိုင်ငံသို့ပြန်လာနေထိုင် ခွင့်ရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခွင့်ပြုသည်။

နိုင်ငံအများစုသည် နိုင်ငံခြားသားအမြဲနေခွင့် ပြုသူများကို ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်မပြု သော်လည်း ဗြိတိန်၊ နယူးဇီလန်နှင့် ဘယ်လ်ဂျီယံ နိုင်ငံများတွင် မဲပေးခွင့်ပြုသည်။ နိုင်ငံနှစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် တစ်ပြိုင်တည်းခံယူခွင့်ကို အချို့နိုင်ငံ အနည်းငယ်က ခွင့်ပြုသည်။ (ဥပမာ-တူရကီနိုင်ငံ) သို့သော် အများအားဖြင့် Dual Citizenship ခေါ် နှစ်နိုင်ငံသားအဖြစ်ခံယူခြင်းကို ခွင့်မပြုသည့်နိုင်ငံက များသည်။ နိုင်ငံအများစုက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ကိုသာခွင့်ပြုပြီး ဤသို့မည်မျှကြာ နေထိုင်ပြီးပါက နိုင်ငံသားအဖြစ် လျှောက်ထားနိုင် သည်ဟူသော အချက်မရှိပေ။ အချို့နိုင်ငံများတွင်သာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုထားသူများကို နိုင်ငံသားအဖြစ် လျှောက်ထားလျှင် နှစ်အကန့် အသတ်ထား၍ မည်မျှကြာမှ ခွင့်ပြုသည်စသဖြင့် ရှိသည်။ (ဥပမာ-အမေရိကန်နိုင်ငံတွင် Green Card အမြဲနေထိုင်ခွင့်ရထားသူသည် ငါးနှစ်ဆက်တိုက် နိုင်ငံအတွင်း၌ နေထိုင်ခဲ့ပြီးပါက နိုင်ငံသားအဖြစ် လျှောက်ခွင့်ပြုသည်။ ဆက်တိုက်မနေထိုင်ပါက ပြင်ပနိုင်ငံသို့ထွက်ခွာတိုင်း ထွက်ခွာသည့်အချိန်ကာလ ကို ငါးနှစ်ထဲသို့ထည့်ပေါင်းသည်။ ဥပမာ-ငါးနှစ် အတွင်းတစ်နှစ်လျှင် ခြောက်လ၊ နိုင်ငံခြားသို့ နှစ်နှစ် သွားနေခဲ့သော် သက်တမ်းတစ်နှစ်နောက်ဆုတ်ပြီးမှ နိုင်ငံသားအဖြစ်လျှောက်ခွင့်ပြုသည်။)

အချို့နိုင်ငံများသည် နိုင်ငံခြားသားအမြဲနေထိုင် ခွင့်ရသူက ထိုနိုင်ငံ၏ နိုင်ငံသားနှင့်တရားဝင်လက်ထပ် ယူပါက နိုင်ငံသားအဖြစ် လျှောက်ထားခြင်းကို အချိန် လျှော့ပေးသည်။ ဥပမာ-အမေရိကန်တွင် သုံးနှစ်နှင့် လျှောက်ခွင့်ပြုသည်။ ဂျပန်နိုင်ငံတွင်လည်း နိုင်ငံသား နှင့် အိမ်ထောင်ပြုသူကို သုံးနှစ်ကြာလျှင် နိုင်ငံသား အဖြစ်လျှောက်ခွင့်ပြုသည်။ သို့သော် ထိုနိုင်ငံခြားသား သည် ဂျပန်နိုင်ငံသားနှင့်လက်ထပ်ပါက အမျိုးသားကို နိုင်ငံခြားအမျိုးသမီးက လက်ထပ်မှသာ ယင်းသို့ ခွင့်ပြုသည်။ ဂျပန်အမျိုးသမီးကို နိုင်ငံခြားသား

အမျိုးသားက လက်ထပ်ခြင်းကို နိုင်ငံသားအဖြစ် သုံးနှစ်အတွင်း လျှောက်ထားခွင့်မပြုချေ။

Full Permanent Residence Rights ခေါ် နိုင်ငံခြားသား လုံးဝအမြဲနေထိုင်ခွင့်အထူးအခွင့်ရေးပေးထားသည့် နိုင်ငံများလည်းရှိသည်။ ဥပမာ-ရုရှားဖက်ဒရေရှင်းနိုင်ငံ၊ ဘယ်လာရုစ်၊ ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့အတွင်းလာရောက်နေထိုင်သူများမှာ အလိုအလျောက် အမြဲတမ်းနေထိုင်ခွင့်ရှိရုံသာမက မဲပေးပိုင်ခွင့်လည်း ရှိသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်အတွက် အထောက်အထားအဖြစ် နိုင်ငံအများစုက ဓာတ်ပုံပါသော ကတ်ပြားလေးထုတ်ပေးလေ့ရှိသည်။ အချို့နိုင်ငံများက နိုင်ငံကူးလက်မှတ်တွင် စတစ်ကာပေးခြင်း၊ ပူးတွဲစာရွက်ကပ်ပေးခြင်းများ ပြုလုပ်လေ့လည်းရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာနှင့်ပို၍ဝင်ဆံ့လာခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးလိုအပ်ချက်အရ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကို အချိန်အခါနှင့်အညီ ထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် တိုင်းပြည်အတွက် အကျိုးများစွာရှိလေသည်။

ပို၍အကျိုးရှိစေရန်အတွက်ဆိုလျှင် ယခုထုတ်ပြန်ခဲ့သော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် တာဝန်ရှိသူတစ်ဦးနှင့် မြန်မာ့ရုပ်မြင်သံကြားအစရှိသော မီဒီယာတို့နှင့် လူတွေ့မေးမြန်းခန်းများစီစဉ်၍ ထုတ်လွှင့်ရန်လိုအပ်မည်ဖြစ်သည်။ အလားတူ သတင်းစာဂျာနယ်တို့ကလည်း လူတွေ့မေးမြန်းခန်းပြုလုပ်၍ အများပြည်သူသိအောင် အသေးစိတ်ဆွေးနွေးချက်များပြုလုပ်ရန်လိုအပ်မည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအစိုးရသစ်တက်လာပြီးနောက် ပြုပြင်ပြောင်းလဲမှုများကို ခြေလှမ်းမှန်မှန်နှင့်ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုက နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းရှင်များကို ကြီးစွာဆွဲဆောင်မှုရှိသည်။ မြန်မာနိုင်ငံသို့လာရောက်၍ စီးပွားရေးလုပ်ကိုင်လိုသူများစွာပေါ်ပေါက်လာသည်။ စီးပွားရေးနှင့်အတူ လူမှုစီးပွားရေးလုပ်ငန်းများလည်း ပေါ်ပေါက်လာသည်။ ဤသို့သောအခြေအနေမျိုးတွင် နိုင်ငံခြားမှလာရောက်သူများကို အမြဲနေထိုင်ခွင့်ပြုရန်အမှန်လိုအပ်လာသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုသည်နှင့် အဓိကလိုအပ်ချက်သည် နိုင်ငံခြားသားများနေထိုင်ရန်အတွက် တိုက်တာအိမ်ခြေများပင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ စီးပွားရေးလာရောက်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများသည် ခေတ်မီတိုးတက်သည်ဖြစ်ရာ လာရောက်သူများကလည်း အဆင့်ရှိရှိနေထိုင်ချင်ကြသည်။ ထို့သို့ နိုင်ငံတကာအဆင့်ရှိသော တိုက်ခန်း၊ ကွန်ဒိုမီနီယံ၊ လုံးချင်းအိမ်ရာများ တည်ဆောက်ပေးရန်လိုအပ်သည်။ အဆိုပါအိမ်ခြံမြေများကို နိုင်ငံခြားသားအမြဲလာနေသူများငှားခွင့်၊ ဝယ်ခွင့်နှင့်ပတ်သက်၍ တည်ဆဲဥပဒေများက ကန့်သတ်ချက်များရှိသည်ကိုလည်း ပြင်ဆင်ပေးသင့်သည်။ အိမ်ခြံမြေများ၏အရည်အသွေးအဆင့်အတန်းပိုမိုကောင်းမွန်အောင် မြှင့်တင်ရန်လိုအပ်သည်။ ဝန်ဆောင်မှုများကိုလည်း အဆင့်အတန်းပိုမိုကောင်းမွန်အောင် မြှင့်တင်ရန်လိုအပ်သည်။

နိုင်ငံခြားသားများကို အမြဲနေထိုင်ခွင့်ပြုလိုက်ခြင်းကြောင့် စီးပွားရေးတွင်များစွာအထောက်အကူပြုသည့် နိုင်ငံခြားဝင်ငွေများပြားစေသော လူမှုစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာနိုင်သည်။ မလေးရှားနိုင်ငံကဲ့သို့ မွတ်ဆလင်အချင်းချင်း ကျောထောက်နောက်ခံပေးနေသော ဆော်ဒီအာရေးဗီးယား၊ ကာတာ၊ ဒူဘိုင်းအစရှိသည့် ချမ်းသာသည့် အာရပ်နိုင်ငံများ၏ လူမှုစီးပွားရေးတွင် ဝင်ငွေရစေသည့်လုပ်ရပ်များစွာရှိသည်။

အာရပ်နိုင်ငံမှမိသားစုများသည် မလေးရှားနိုင်ငံရှိ အပန်းဖြေစခန်းပါရှိသော ခြံနှင့်တိုက်များကို ဝယ်ယူထားကြသည်။ ထိုတိုက်ခြံများအတွက် အစောင့်များ၊ မာလီများ၊ သန့်ရှင်းရေးလုပ်သားများ အမြဲခန့်ထား၍ ဆောင်ရွက်ပေးနေရသည်။ ထိုသူဌေးများလာရောက်

နေထိုင်သောကာလတွင် ထမင်းချက်များ၊ အိမ်ဖော်များကို နေ့တွက် သို့မဟုတ်၊ တစ်လနှစ်လလျှင် အခကြေးငွေမည်မျှပေးမည် စသဖြင့် လစာ/ပုတ်ပြတ်ငှားရမ်းသည်လည်းရှိသည်။ ယာယီလာရောက်နေထိုင်စဉ် ကျန်းမာရေးစောင့်ရှောက်ရန်အတွက် သူနာပြုများ၊ ဆရာဝန်များ ယာယီခန့်ထားသည်။ ဤကဲ့သို့အာရပ်သူဌေးများစွာ ယာယီလာရောက်နေထိုင်ခြင်းသည် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူများဖြစ်အောင် လျှောက်ထားရယူထားသူများဖြစ်ကြသည်။ ၎င်းတို့ထံမှဝင်ငွေများစွာရရှိလေသည်။

ဂျပန်အစရှိသောနိုင်ငံမှ ဘီလျံနာသူဌေးများသည် သက်ကြီးရွယ်အိုမိဘများကို အခြားနိုင်ငံတစ်ခုခုသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထား၍ သွားရောက်နေထိုင်စေသည်များရှိသည်။ ထိုသက်ကြီးရွယ်အိုများ အခြားနိုင်ငံသို့အမြဲနေထိုင်ခွင့်ရသောအခါ သာယာချမ်းမြေ့သောဒေသ (ဥပမာ-မြန်မာနိုင်ငံဆိုပါက ပြင်ဦးလွင်ကဲ့သို့နေရာ) တွင် ခြံနှင့်တိုက်နှင့်ဝယ်ယူနေထိုင်သည်။ ထိုတိုက်ခြံများတွင် အစောင့်များ၊ ဥယျာဉ်မှူးများ၊ တိုက်တွင်းတိုက်ပြင် သန့်ရှင်းရေးသမားများခန့်ထားသည်။

သက်ကြီးရွယ်အိုများအတွက် ထမင်းချက်၊ အိမ်ဖော်၊ သူနာပြုနှင့်မိသားစုဆရာဝန်များပင်ခန့်ထားသည်။ ဤသို့သက်ကြီးရွယ်အိုများ အပန်းဖြေလာနေသူများရှိသကဲ့သို့ အချို့နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရသူများသည် မိသားစုကိုခေါ်လာ၍နေထိုင်ကြသည်။ သားသမီးပညာရေးအတွက် ကျောင်းကောင်းကောင်းများ၊ ကျန်းမာရေးအတွက် ဆေးရုံကောင်းကောင်းများထွက်ပေါ်လာသည်။ ဤနည်းဖြင့် နိုင်ငံခြားအမြဲနေထိုင်သူများကို ခွင့်ပြုသည့်အတွက် တိုင်းပြည်ဝင်ငွေတိုးတက်မှုကို အထောက်အကူပြုလေသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းကြောင့် ထိခိုက်နစ်နာမှုများလည်းရှိစေသည်။ အချို့နိုင်ငံခြားသားများသည် အမြဲလာရောက်နေထိုင်စဉ် ဝတ်စားနေထိုင်ပုံစရိုက်များကြောင့် ရပ်ထဲရွာထဲတွင် နိုင်ငံခြားယဉ်ကျေးမှုများ ကူးစက်ခံရတတ်သည်။ အချို့နိုင်ငံခြားသားများသည် အမြဲလာရောက်နေထိုင်စဉ် မြန်မာများကို တရားဝင်လက်မထပ်ဘဲ ပေါင်းသင်းနေထိုင်သည့် စရိုက်ဆိုးများ၊ ငွေကြေးချို့ငဲ့သည့် မြန်မာများကို ငွေနှင့်ပေါက်၍ တိတ်တိတ်ပုန်းယူထားသော အိမ်ထောင်ရေးဖောက်ပြန်မှုများ ပေါ်ပေါက်တတ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများ၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများ၊ တရားမဝင်လုပ်ကိုင်သည့် ပြစ်မှုများ၊ လူဆိုးဂိုဏ်းတည်ထောင်သည့်ပြစ်မှုများနှင့် နည်းပညာဆိုင်ရာပြစ်မှုများကိုလည်း ကျူးလွန်တတ်သည်ကို ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းဘက်က အရေးယူမှုများကို လက်မနှေးရန်အထူးလိုအပ်သည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ကို နိုင်ငံတိုင်းက မိမိနိုင်ငံ၏ရေရှည်အကျိုးမျှော်ကိုး၍ စနစ်တကျခွင့်ပြုသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အကျိုးရှိအောင် အထူးအလေးထား၍ စိစစ်လက်ခံခြင်းများ စကတည်းက မလစ်ဟင်းရအောင် ဆောင်ရွက်ရန် အထူးအရေးကြီးလှသည်။

## နိုင်ငံတော်သမ္မတ အကြံပေးအဖွဲ့များ။ ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံတော်၏စီမံခန့်ခွဲရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးနှင့် အချိန်မီလုပ်ငန်းများ ပြီးစီးစေရန်အတွက်လည်းကောင်း၊ လုပ်ငန်းရပ်များအား မဆောင်ရွက်မီတွင် တိုင်ပင်ဆွေးနွေးအဖြေရှာနိုင်ရန်အတွက်လည်းကောင်း နိုင်ငံ၏ အရေးအပါဆုံးလုပ်ငန်းရပ်များဆိုင်ရာအကြံပေးအဖွဲ့များကို နိုင်ငံတော်အစိုးရသစ်စတင်ပေါ်ပေါက်လာကတည်းက ဖွဲ့စည်းပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးတွင် စီးပွားရေးအကြံပေးအဖွဲ့၊ နိုင်ငံရေးအကြံပေးအဖွဲ့နှင့် ဥပဒေအကြံပေးအဖွဲ့များနှင့် အကြံပေးပုဂ္ဂိုလ်များကို (၂၀၁၁) ခုနှစ်၊ ဧပြီလ (၁၁) ရက်မှစ၍ ဖွဲ့စည်းခန့်အပ်တာဝန်ပေးခဲ့သည်။

စီးပွားရေးအကြံပေးအဖွဲ့တွင် ဒေါက်တာ ဦးမြင့်သည် အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဦးဆက်

အောင်နှင့် ဒေါက်တာစိန်လှဗိုလ်တို့သည် အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည်။

နိုင်ငံရေးအကြံပေးအဖွဲ့တွင် ဦးကိုကိုလှိုင်သည် အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဒေါက်တာနေဇင်လတ်နှင့် ဦးရဲထွတ်တို့သည် အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ကြသည်။ ဦးရဲထွတ်ကို (၂၀၁၃) ခုနှစ်၊ ဩဂုတ်လ (၇) ရက်တွင် တာဝန်မှ အနားပေးခဲ့သည်။

ဥပဒေအကြံပေးအဖွဲ့တွင် ဦးစစ်အေးသည် အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဒေါ်ခင်မျိုးမြင့်နှင့် ဦးသန်းကျော်တို့သည် အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်ကြသည်။ ဦးသန်းကျော်ကို (၂၀၁၃) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်တွင် တာဝန်မှ အနားပေးခဲ့သည်။

အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၏ ခံစားခွင့်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်အနေဖြင့် နိုင်ငံခြား အကူအညီ အထောက်အပံ့များအား စနစ်တကျစီမံခန့်ခွဲကြီးကြပ်ခွဲဝေသုံးစွဲနိုင်ရန် ဦးတည်၍ (၂၀၁၂) ခုနှစ်၊ ဇွန်လ (၁၃) ရက်တွင် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် နာယကအဖြစ် ဦးမော်သန်းကလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ဦးတင်ထွဋ်ဦးကလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာခင်စန်းရီ၊ ဒေါက်တာကျော်ရင်လှိုင်၊ ဒေါက်တာဇော်ဦး၊ ဦးသီဟံမျိုးညွန့်၊ ဦးသန့်မြင့်ဦး၊ ဦးတင်မောင်သန်း၊ ဦးဝင်းအောင်၊ ဦးသောင်းတင်၊ ဦးကိုကိုကြီး၊ ဦးသန်းလွင်၊ ဦးခင်မောင်အေး၊ ဦးလှမောင်ရွှေ၊ ဦးမိုးကျော်၊ ဒေါက်တာဒေါ်ရင်ရင်နွယ်တို့ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးဆက်အောင်က လည်းကောင်းပါဝင်ကြသည်။

အကြံပေးကောင်စီဝင်များအနက် ဒေါက်တာဒေါ်ခင်စန်းရီကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးသောင်းတင်ကို ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးဆက်အောင်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။

အချို့ပုဂ္ဂိုလ်များသည် အနားယူခြင်း၊ အကြံပေးကောင်စီသို့ ပြောင်းရွှေ့သွားခြင်းများကြောင့် နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့တွင် အဖွဲ့ဝင်အသစ်များထပ်မံခန့်အပ်တာဝန်ပေးခဲ့သည်။

(၂၀၁၃) ခုနှစ်၊ ဩဂုတ်လ (၇) ရက်တွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် ဒေါက်တာဇော်ဦးတို့ကို စီးပွားရေးအကြံပေးအဖွဲ့တွင်လည်းကောင်း၊ ဦးဉာဏ်နိုင်ဝင်းကို ဥပဒေအကြံပေးအဖွဲ့တွင်လည်းကောင်း၊ (၂၀၁၃) ခုနှစ်၊ ဩဂုတ်လ (၉) ရက်တွင် အငြိမ်းစားသံအမတ်ကြီး ဦးသန်းဆွေကို နိုင်ငံရေးအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အငြိမ်းစားဝန်ကြီး ဦးသောင်းညွန့်ကို ဥပဒေအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း တိုးချဲ့တာဝန်ပေးခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် (၂၀၁၄) ခုနှစ်၊ ဇွန်လ (၁၈) ရက်တွင် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များကို ခန့်အပ်တာဝန်ပေးခဲ့သည်။

သာသနာရေးအကြံပေးအဖွဲ့တွင် ဝန်ကြီးဟောင်းသူရဦးမြင့်မောင်ကို အဖွဲ့ခေါင်းဆောင်အဖြစ် လည်းကောင်း၊ သံအမတ်ကြီး (ငြိမ်း) ဦးစိန်ဝင်းအောင်ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခဲ့သည်။

ကျန်းမာရေးအကြံပေးအဖွဲ့တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး (အငြိမ်းစား) ဒေါ်နုနုသာကို ခန့်အပ်တာဝန်ပေးသည်။

ပညာရေးအကြံပေးအဖွဲ့တွင် ယူနီဆက်ဖ်အကြီးတန်းအရာရှိဟောင်း ဒေါက်တာရင်ရင်နွယ်ကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဒေါက်တာကျော်ရင်လှိုင်ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးသည်။

**ကိုရီးယားကျွန်းဆွယ်အရေး။** ။ မြောက်ကိုရီးယားအစိုးရကို ဝေဖန်ထားသော ဝါဒဖြန့်ဝေရန် စီစဉ်နေသည့် တက်ကြွလှုပ်ရှားသူများနှင့် မဖြန့်ဝေရန် တားဆီးသော တောင်ကိုရီးယားနယ်စပ်မြို့မှ မြို့ခံများကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ မြောက်ကိုရီးယားအစိုးရကို ဝေဖန်ထားသော စာရွက်စာတမ်းများကို လေပူဖောင်းများတွင်ချိတ်ဆွဲပြီး မြောက်ကိုရီးယားနိုင်ငံဘက်သို့ လွှတ်တင်ခဲ့ကြခြင်းဖြစ်သည်။

ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာခဲ့ရသော မိသားစုများ ပြန်လည်ဆုံတွေ့ရေးကို ပုံမှန်ပြုလုပ်ပေးပါရန်

ဇွန်လ (၃) ရက်၌ တောင်ကိုရီးယားနိုင်ငံတွင် တပ်ဖြန့်ချထားသော အမေရိကန်တပ်ဖွဲ့တပ်မှူးက မြောက်ကိုရီးယား၏ စွမ်းဆောင်ရည်မြင့်မားလာသော လက်နက်များကိုကာကွယ်ရန် တောင်ကိုရီးယားနိုင်ငံတွင် အဆင့်မြင့်ဒုံးခွင်းဒုံးစနစ်တပ်ဆင်ရေးအတွက် အဆိုပြုထားပြီးဖြစ်ကြောင်းပြောကြားသည်။ မတ်လအတွင်းတွင် မြောက်ကိုရီးယားသည် မိုင် (၆၀) အထိရောက်ရှိသော တာလတ်ပစ်ရိုင်ဒွန်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့သောကြောင့် မြောက်ကိုရီးယားအနေဖြင့် လေးကြိမ်မြောက်နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်နေ



**စစ်မဲ့ဇုန်၌ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်**

တောင်ကိုရီးယားသမ္မတက မြောက်ကိုရီးယားအစိုးရကို မတ်လ (၁) ရက်တွင် တောင်းဆိုသည်။ သုံးနှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလတွင် မိသားစုများပြန်လည်တွေ့ဆုံပေးခြင်းကို စတင်ခဲ့ပြီးနောက်ပိုင်း ထပ်မံတောင်းဆိုခြင်းဖြစ်သည်။

မတ်လ (၂၅) ရက်တွင် နယ်သာလန်နိုင်ငံသည်ဟိတ်မြို့ရှိ အမေရိကန်သံရုံး၌ အမေရိကန်သမ္မတအိုဘားမား၊ တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံပြီး မြောက်ကိုရီးယား၏ လုံခြုံရေးခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပြီးနောက် မတ်လ (၂၆) ရက်တွင် မြောက်ကိုရီးယားအရှေ့ဘက်ကမ်းရိုးတန်းမှ တာလတ်ပစ်ဒုံးကျည်နှစ်စင်းပစ်လွှတ်ကာ ခြိမ်းခြောက်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ကြောင်း သိသာလာပြီဟုယူဆကာ ကုလသမဂ္ဂကလည်း ရှုတ်ချခဲ့သည်။ အမေရိကန်နိုင်ငံက တောင်ကိုရီးယားတွင် ဒုံးခွင်းဒုံးစနစ်ထားရှိရေးအတွက် သင့်လျော်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့သော်လည်း ဆုံးဖြတ်ချက်ထွက်ရှိခြင်းမရှိခဲ့ပေ။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂက တားမြစ်နေသည့်ကြားမှ နျူကလီးယားထိပ်ဖူးကိုတပ်ဆင်နေပြီဟု ယူဆရကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

(၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ရပ်ဆိုင်းခဲ့သော တောင်နှင့်မြောက်ကိုရီးယား အဆင့်မြင့်တာဝန်ရှိသူများဆွေးနွေးပွဲကိုပြန်လည်စတင်ရန် အောက်တိုဘာလ (၄) ရက်တွင် သဘောတူညီခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပသော အာရှအားကစားပြိုင်ပွဲပိတ်ပွဲသို့ မြောက်ကိုရီးယားတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး

နောက် ယင်းသတင်းပေါ်ထွက်လာခြင်းဖြစ်သည်။ နှစ်နိုင်ငံသည် (၁၉၅၀) ပြည့်နှစ်တွင် စစ်ဖြစ်ခဲ့ပြီး (၁၉၅၃) ခုနှစ်တွင် ပြီးဆုံးခဲ့သော်လည်း ငြိမ်းချမ်းရေးစာချုပ်မချုပ်ဆိုခဲ့ပေ။ အားကစားပြိုင်ပွဲ ပိတ်ပွဲသို့ မြောက်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ် တက်ရောက်ခြင်းသည် ဆက်ဆံရေးတိုးတက်မှုအတွက် အပြုသဘောဆောင်သောဖြစ်စဉ်ဖြစ်မည်ဟု တောင်ကိုရီးယားအစိုးရက မျှော်လင့်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာလ (၂၉) ရက်တွင် တောင်ကိုရီးယားနိုင်ငံက ထိပ်သီးဆွေးနွေးပွဲ ပြန်လည်စတင်ရန် မြောက်ကိုရီးယားကို ကမ်းလှမ်းခဲ့သော်လည်း မြောက်ကိုရီးယားမှတုံ့ပြန်မှုမရှိခဲ့ပေ။ တောင်နှင့်မြောက်ကိုရီးယားနိုင်ငံငြိမ်းချမ်းရေးပေါင်းစည်းနိုင်မည့် အစီအစဉ်ရေးဆွဲရန်အတွက် တွေ့ဆုံနိုင်ရန်ရည်ရွယ်ချက်ဖြင့် တရားဝင်ကမ်းလှမ်းခြင်းဖြစ်ကြောင်း ပေါင်းစည်းရေးဝန်ကြီး Ryoo Kibl-jae က ပြောကြားသည်။ ကမ်းလှမ်းချက်တွင် မြောက်ကိုရီးယားနိုင်ငံက သဘောတူသောမြို့တွင် ဆွေးနွေးရန်ဟူ၍ပါရှိသည်။ နှစ်နိုင်ငံသည် ဖေဖော်ဝါရီလတွင် နောက်ဆုံးတွေ့ဆုံခဲ့ပြီး ကိုရီးယားမိသားစုများပြန်လည်ပေါင်းစည်းရေးအတွက် ဆွေးနွေးခဲ့သည်။ အောက်တိုဘာလအတွင်းတွေ့ဆုံရန် စီစဉ်ခဲ့သော်လည်း မြောက်ကိုရီးယားဆန့်ကျင်ရေး လက်ကမ်းစာစောင်များကို လေပူဖောင်းများဖြင့် နယ်စပ်ဖြတ်၍ ကြဲချခဲ့သည့် တက်ကြွလှုပ်ရှားသူများကြောင့် မြောက်ကိုရီးယားအစိုးရက ဆွေးနွေးပွဲကို ဖျက်သိမ်းခဲ့သည်။

**အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခြင်း** - တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံသည် အငြင်းပွားရေပိုင်နက်ဖြစ်သော အနောက်ဘက်ပင်လယ်အနီးတွင် အမြောက်များဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်းမတ်လ (၃၁) ရက်တွင် ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။ မြောက်ကိုရီးယားမှပစ်လွှတ်သော အမြောက်ဆံ (၁၀၀) ခန့်မှာ တောင်ကိုရီးယားရေပိုင်နက်အတွင်း ကျရောက်ခဲ့သည်။ ထို့ကြောင့် တောင်ကိုရီးယားတပ်သားများက ရေပြင်ထဲသို့ အကြိမ် (၃၀၀) ခန့်ပြန်လည်ပစ်ခတ်ခဲ့သည်။ ထို့ပြင် F-15 တိုက် လေယာဉ်များလည်း ဖြန့်ကြက်ခဲ့ကြောင်း တောင်ကိုရီးယားသတင်းအေဂျင်စီယွန်ဟတ်ကဖော်ပြသည်။

အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် နယ်စပ်နေပြည်သူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြရသည်။ ဆိုးလ်မှလာသော ဧပြီလ (၂) ရက် နေ့စွဲပါသတင်းများတွင် နှစ်နိုင်ငံသည် အမြောက်များဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ပြီးနောက် နယ်စပ်ကျွန်းပေါ်သို့ ပျက်ကျခဲ့သော ဒရုန်းလေယာဉ်တစ်စင်းသည် မြောက်ကိုရီးယားတို့၏ မောင်းသူမဲ့လေယာဉ်ဖြစ်လိမ့်မည်ဟု ယုံကြည်ထားကြောင်း တောင်ကိုရီးယားက ပြောကြားသည်။ အဆိုပါမောင်းသူမဲ့လေယာဉ်သည် မတ်လ (၃၁) ရက် မွန်းလွဲပိုင်းက ဘင်နီယွန်းကျွန်းပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားက ပြောကြားသည်။ ကနဦး စုံစမ်းစစ်ဆေးမှုများအရ အဆိုပါ မောင်းသူမဲ့လေယာဉ်သည် မြောက်ကိုရီးယားဘက်မှလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအာဏာပိုင်များကပြောကြားသည်။

အလားတူမောင်းသူမဲ့လေယာဉ်တစ်စင်းကို ကိုရီးယားနှစ်နိုင်ငံအား ပိုင်းခြားထားသည့် စစ်မဲ့ဇုန်တောင်ပိုင်း ပါဂျူးဒေသ၌တွေ့ရကြောင်း ယွန်ဟတ်သတင်း အေဂျင်စီကဖော်ပြသည်။ ၎င်းတွင် အဆင့်မြင့်ကင်မရာတစ်လုံး တပ်ဆင်ထားပြီး စစ်စခန်းများကို ဓာတ်ပုံရိုက်ထားသည်။ ထို့အပြင် ၎င်းလေယာဉ်က သမ္မတ၏ခြံဝင်းအတွင်းကိုလည်း ဓာတ်ပုံရိုက်ထားသည်ဟုဆိုသည်။ အမြောက်များပစ်ခတ်ခဲ့သောနေရာမှာ (၁၉၅၀-၁၉၅၃) ကိုရီးယားစစ်ပွဲအပြီးတွင် ရေးဆွဲခဲ့သော မြောက်ပိုင်းနယ်နိမိတ်မျဉ်းအနီးတွင်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်းမျဉ်းကို တရားဝင်အသိအမှတ်မပြုခဲ့ပေ။(၂၀၁၀) ပြည့်နှစ်၊ နိုဝင်ဘာလတွင် မြောက်ကိုရီးယားက ယွန်ပြွန်းကျွန်းကို အမြောက်ဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ရေတပ်သားနှစ်ဦးနှင့် အရပ်သားနှစ်ဦးသေဆုံးခဲ့ရသည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားက ယင်းဒေသ၌ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ ယခုနှစ် အစောပိုင်းတွင် တောင်ကိုရီးယားစစ်သင်္ဘောတစ်စီးသည်

ဘင်နီယွန်းကျွန်းအနီးနစ်မြုပ်ခဲ့ရာ (၄၆) ဦး သေဆုံးခဲ့သည်။ ယင်းသင်္ဘောကို မြောက်ကိုရီးယားက တော်ပီဒိုနှင့် ပစ်ခတ်ခဲ့သည်ဟု တောင်ကိုရီးယားက စွပ်စွဲသည်။ သို့သော် မြောက်ကိုရီးယားက ငြင်းဆိုခဲ့ကြောင်း ဘီဘီစီသတင်းကဖော်ပြသည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကို ခွဲခြားထားသော စစ်မဲ့ဇုန်အနီးတွင် အပြန်အလှန်ပစ်ခတ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိရာ နိုဝင်ဘာလ (၁၀) ရက်တွင်လည်း နယ်စပ်မျဉ်းအနီးသို့ ချဉ်းကပ်လာသော မြောက်ကိုရီးယားကင်းလှည့်အဖွဲ့ကို တောင်ကိုရီးယားတပ်ဖွဲ့များက သတိပေးပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ဗီတီအိုင်သတင်းတွင်ဖော်ပြသည်။ ယင်းစစ်မဲ့ဇုန်သည် ကမ္ဘာပေါ်တွင် အစောင့်အကြပ်အထူထပ်ဆုံးနေရာဖြစ်ပြီး နှစ်ဖက်စောင့်ကြည့်မျှော်စင်များနှင့် မြေမြှုပ်မိုင်းများ ထူထပ်စွာခင်းကျင်းထားသည့်ဒေသဖြစ်သည်။

**ဂျပန်နိုင်ငံ။ ။ နိုင်ငံရေး -** ဂျပန်နိုင်ငံသည် တရုတ်နှင့်ပင်လယ်ရေပိုင်နက်အငြင်းပွားမှုမြင့်တက်နေချိန်တွင် ဗီယက်နမ်ကို တောင်တရုတ်ပင်လယ်အတွင်း ကင်းလှည့်ရန် ရေတပ်သင်္ဘောခြောက်စင်း ပေးအပ်သွားမည်ဟုဆိုသည်။ ယင်းကဲ့သို့ကမ်းလှမ်းမှုမှာ ယန်းငွေ (သန်း ၅၀၀-အမေရိကန်ဒေါ်လာ-၅သန်း) တန်ဖိုးရှိပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမီယိုကီရှိဒါ၏ ဟန္နွိုင်းခရီးစဉ်တွင် ဂျပန်ဘက်က ကြေညာလိုက်ခြင်းဖြစ်သည်။

(၂၀၁၄) ခုနှစ်၊ မေလအတွင်းက အငြင်းပွားရေပိုင်နက်အတွင်းတရုတ်ရေနံတူးစင် ဝင်ရောက်တူးဖော်ခဲ့သဖြင့် ဗီယက်နမ်၌ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ရာ တရုတ်က ဗီယက်နမ်ကို မကျေမနပ်ဖြစ်ခဲ့သည်။ ဂျပန်နှင့် တရုတ်တို့သည် ဒိုင်အိုယု ခေါ် ဆန်ကာကုကျွန်းစုပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားနေကြသည်။

ဂျပန်နှင့်ဗီယက်နမ်နိုင်ငံတို့သည် ဒေသဆိုင်ရာပိုင်နက်အတွင်း တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရေးနှင့် အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေအရ ဖြေရှင်းရေးတို့အတွက် သဘောတူညီမှုရရှိခဲ့ကြသည်။ ဤအခြေအနေတွင် ဂျပန်၏ထောက်ပံ့မှုက ဗီယက်နမ်နှင့်တရုတ်၏ဆက်ဆံရေးကို ဆိုးရွားစေကြောင်း တရုတ်အစိုးရက ပြောကြားသည်။

ဂျပန်နိုင်ငံတွင် တရားရေးဝန်ကြီး မီဒိုရီမက်ဆုရှိမားသည် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးယူကို အိုဘူချိနုတ်ထွက်သွားပြီး နာရီပိုင်းအကြာတွင် နုတ်ထွက်ခဲ့သည်။ မစ္စမက်ဆုရှီးမားသည် ရွေးကောက်ပွဲဥပဒေများကို ဆန့်ကျင်သည်ဟု စွပ်စွဲခံခဲ့ရသည်။ မစ္စအိုဘူချီသည် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့ရေးအဖွဲ့များနှင့် အခြားသောလှူဒါန်းမှုများမှ ရရှိသည့်ရန်ပုံငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသဖြင့် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးနှစ်ဦးနုတ်ထွက်မှုသည် အစိုးရအဖွဲ့အတွင်း အမျိုးသမီးဝန်ကြီးများကို ခန့်ထားရန်လိုလားနေသောဝန်ကြီးချုပ် ရှင်ဇိုအာဘေးအတွက် ထိခိုက်နစ်နာမှုဖြစ်လာခဲ့သည်။ ယင်းဝန်ကြီးနှစ်ဦးအနက် မစ္စအိုဘူချီသည် အနာဂတ်တွင် ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းချက်အပေးခံရသူဖြစ်သည်။

**ကြားဖြတ်ရွေးကောက်ပွဲ** - ဂျပန်နိုင်ငံ၏ကြားဖြတ်ရွေးကောက်ပွဲကို ဒီဇင်ဘာလ (၁၄) ရက်တွင် ကျင်းပခဲ့ပြီး ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) က အနိုင်ရခဲ့သည်။ ဝန်ကြီးချုပ်အာဘေးသည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် နောက်ထပ်လေးနှစ်သက်တမ်းကို ဆက်လက်တာဝန်ထမ်းဆောင်နိုင်တော့မည်ဖြစ်သည်။ ထို့ပြင် အောက်လွှတ်တော်၏ အမတ်နေရာ (၄၇၅) နေရာတွင် (LDP) ပါတီက (၃၂၅) နေရာရရှိသောကြောင့် အာဘေး၏ စီးပွားရေးမူဝါဒ (Abenomics) ကို ဆက်လက်အသုံးချနိုင်တော့ မည်ဖြစ်သည်။ ဝန်ကြီးချုပ်က ရွေးကောက်ပွဲကျင်းပရသည့် အဓိကရည်ရွယ်ချက်မှာ စီးပွားရေးကျဆင်းမှု ကပ်ဆိုးထဲမှ ဂျပန်နိုင်ငံကို အချိန်မီကယ်ထုတ်နိုင်မည့် အာဘေးနိုမစ်မူဝါဒကို အသုံးချနိုင်ရန် လွှတ်တော်အတွင်း၌ ၎င်း၏ပါတီနှင့်ထောက်ခံသူပါတီများကိုသာ စိစစ်ထားရှိနိုင်ရန်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြော

ကြားသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏စီးပွားရေးကျဆင်းရခြင်းမှာ ပြီးခဲ့သည့်နှစ်ဝက်အတွင်း အရောင်းခွန်များကို ငါးရာခိုင်နှုန်းမှ ရှစ်ရာခိုင်နှုန်းထိ တိုးမြှင့်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဂျပန်စီးပွားရေးပညာရှင်များက သုံးသပ်သည်။ ဝန်ကြီးချုပ်အာဘေးအနိုင်ရခဲ့ခြင်းကြောင့် ယခင်စီစဉ်ထားသည့် (၂၀၁၅) ခုနှစ်၌ အရောင်းခွန် (၁၀) ရာခိုင်နှုန်းထိ ထပ်မံတိုးမြှင့်မည့်အရေးကို ဟန့်တားနိုင်ဦးမည်ဖြစ်၍ ဂျပန်စီးပွားရေးပညာရှင်များက ဝန်ကြီးချုပ်၏အာဘေးနိုမစ်မူဝါဒကို အပြုသဘောဖြင့် သုံးသပ်ကြသည်။



**ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး**

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အစိုးရအဖွဲ့သစ်ဖွဲ့စည်းရာတွင် နိုင်ငံရေးရန်ပုံငွေများကို ကိုယ်ကျိုးအတွက်အသုံးချမှုဖြင့် ဝေဖန်ခံနေရသော ကာကွယ်ရေးဝန်ကြီးအကီနိုရီအီတို၏နေရာကိုသာ အစားထိုးခန့်အပ်သွားမည်ဖြစ်ပြီး ယခင်အစိုးရဖွဲ့စည်းပုံကို မပြောင်းလဲဘဲဆက်လက်ထားမည်ဖြစ်သည်။

ဝန်ကြီးချုပ်သည် ကာကွယ်ရေးဝန်ကြီးနေရာအတွက် ဗိုလ်ချုပ်ကြီးနာကာတာနီကိုလျာထားကြောင်း မီဒီယာများကဖော်ပြသည်။ ဗိုလ်ချုပ်ကြီးနာကာတာနီသည် ဂျပန်နိုင်ငံ၏ ကြိုတင်လက်ဦးမှုယူတိုက်ခိုက်စွမ်းရည်ပိုမိုအားကောင်းလာရေးကို လိုလားသည့် ကာကွယ်ရေးဝန်ကြီးဟောင်းတစ်ဦးဖြစ်သည်။ (၂၀၁၂) ခုနှစ်အတွင်း ဝန်ကြီးချုပ်ရာထူးစတင်ရယူချိန်မှစ၍ တတိယအကြိမ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သော ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏အစိုးရအဖွဲ့သစ်သည် (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး -** ဂျပန်နိုင်ငံရှိ ကျိုဒိုသတင်းဌာနမှထုတ်ပြန်ချက်အရ ထွက်ပေါ်လာမည့်ကျောင်းသုံးဖတ်စာအုပ်တွင် အငြင်းပွားနယ်မြေများကို ဂျပန်နိုင်ငံ၏ နယ်မြေအစိတ်အပိုင်းများအဖြစ် ဖော်ပြထားသည်ဟုဆိုသည်။ (၂၀၁၂) ခုနှစ် စက်တင်ဘာလကစပြီး တရုတ်တို့ဘိုးဘွားပိုင်အဖြစ် သတ်မှတ်ခဲ့သော ဒိုင်အိုယုကျွန်းများကို ဂျပန်က တရားမဝင်နိုင်ငံပိုင်ပြုလုပ်ခဲ့ချိန်တွင် ဂျပန်နှင့်တရုတ်ဆက်ဆံရေး မပြေမလည်ဖြစ်ခဲ့ရသည်။

ထို့အတူ ဂျပန်နိုင်ငံပင်လယ်ပြင်ရှိ ကျွန်းငယ်များနှင့် ပတ်သက်ပြီး ဂျပန်နှင့်တောင်ကိုရီးယားတို့ သဘောထားကွဲလွဲကြသည်။ ယင်းကျွန်းစုများကို တောင်ကိုရီးယားတို့က ဒေါ့ခ်ဒိုဟုခေါ်ပြီး ဂျပန်တို့က တာကေရှီးမားဟုခေါ်သည်။

၎င်းကျောင်းသုံးစာအုပ်ပြင်ဆင်တည်းဖြတ်မှုပြဿနာသည် ဂျပန်နှင့်၎င်း၏အိမ်နီးနားချင်းနိုင်ငံများအကြား ကြီးမားသည့်ဟန့်တားမှုတစ်ရပ်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြင်ဆင်သတ်မှတ်လိုက်သောကျောင်းသုံးဖတ်စာအုပ်များထဲတွင် ဂျပန်တို့၏ယခင်က စစ်အာဏာသုံးဝါဒအပေါ် လက်ခံယုံကြည်ထားသည့်သဘောထားများထည့်သွင်းထားသောကြောင့်ဖြစ်သည်။

တောင်ကိုရီးယားနှင့်အငြင်းပွားထားသည့်နယ်မြေများမှာ ဂျပန်နိုင်ငံက တရားဝင်ပိုင်ဆိုင်ထားသည့်နယ်မြေဖြစ်သည်ဟုထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်းနှင့်ပတ်သက်၍ တောင်ကိုရီးယားက ၎င်းတို့၏သံအမတ်ကို ဂျပန်နိုင်ငံမှ အလျင်အမြန်ပြန်လည်ခေါ်ယူခဲ့သည်အထိ နှစ်နိုင်ငံကြားတင်းမာမှုများဖြစ်ပေါ်ခဲ့သည်။

(၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်က တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ကိုရိုဘက်ရှိုကို ဆင့်ခေါ်လိုက်ခြင်းနှင့်အတူ ဂျပန်အစိုးရ၏ လုပ်ဆောင်ချက်ကို ယင်းတို့ကပြင်းထန်စွာ ဝေဖန်ခဲ့သည်။ ပြင်ဆင်တည်းဖြတ်ထားသော ကျောင်းသုံးဖတ်စာအုပ်များကိုလည်း ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုထားသည်။ ထို့အတူ တရုတ်နိုင်ငံကလည်း ဂျပန်အစိုးရ၏ လုပ်ဆောင်မှုကို ပြင်းထန်စွာကန့်ကွက်လိုက်ပြီး သမိုင်းဖြစ်ရပ်မှန်များကို လေးစားလိုက်နာရန် ဂျပန်အစိုးရကို တိုက်တွန်းထားသည်။

(၁၉၃၆) ခုနှစ်တွင် ဂျပန်နိုင်ငံက တရုတ်နိုင်ငံမှ ငှားရမ်းခဲ့သော သင်္ဘောနှစ်စင်းအတွက် နစ်နာကြေးအနေဖြင့် တရုတ်က ဂျပန်ကုန်တင် သင်္ဘောကြီးကို သိမ်းပိုက်ထားခဲ့ရာ ယခုအခါတွင် ၎င်းသင်္ဘောပိုင်ရှင်က တရုတ်နိုင်ငံသို့မပေးဆောင်ရသေးသော ငှားရမ်းခများနှင့် တရုတ်ကုမ္ပဏီ၏ဆုံးရှုံးနစ်နာမှုများအတွက် အမေရိကန်ဒေါ်လာ (၂၈ ဒသမ ၅ သန်း) ပေးဆောင်ခဲ့သည့်အတွက် တရုတ်ရေကြောင်းတရားရုံးက (၂၀၁၄) ခုနှစ်၊ ဧပြီလ (၂၄) ရက်တွင် ၎င်းဂျပန်သင်္ဘောကုမ္ပဏီကို ပြန်လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းဂျပန်သင်္ဘောကုမ္ပဏီသည် တရားရုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ (၃၉၀,၀၀၀) ပေးဆောင်ခဲ့ရသည်။ ဂျပန်သင်္ဘော ကုမ္ပဏီသည် တရုတ်သင်္ဘောနှစ်စင်းအတွက် ငှားရမ်းခပေးရန် (၁၉၈၈) ခုနှစ်တွင် တရားစွဲဆို ခံခဲ့ရခြင်းဖြစ်ပြီး (၂၀၀၇) ခုနှစ်တွင် တရားရုံးက တရုတ်ကုမ္ပဏီအား နစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်-မြန်မာချစ်ကြည်ရေး နှစ် (၆၀) ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရေကြောင်းခရီးသွားပြည်သူများအဆင်ပြေစေရန် ရည်ရွယ်ပြီး ဂျပန်နိုင်ငံအစိုးရက ဒေါ်လာ (၁၂) သန်းကုန်ကျသော သင်္ဘောသုံးစင်းလှူဒါန်းခဲ့ရာ (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ လှူဒါန်းသည့်သင်္ဘောသုံးစင်းကို ချယ်ရီ (၁) (၂) (၃)ဟု အမည်ပေးထားသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Tateshi HIGUCHI နှင့် ထောက်ပံ့ရေးစီမံကိန်းလေးခုမှ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌများသည် အမေရိကန်ဒေါ်လာ (၄၃၇၅၁) တန်ဖိုးရှိ အထောက်အပံ့ပေးရေး သဘောတူစာချုပ်များကို (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်တွင် လက်မှတ်ရေးထိုးကြသည်။

**စီးပွားရေး** - ဂျပန်နှင့်ဩစတြေးလျနှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်အရ နှစ်နိုင်ငံအဓိကသွင်းကုန်ပစ္စည်းများကို အခွန်ကောက်ခံမှုနှုန်းများ လျှော့နည်းမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း ဂျပန်နိုင်ငံ၏ ပို့ကုန်ပစ္စည်းများဖြစ်သည့် လျှပ်စစ်ပစ္စည်းများ၊ ကားများနှင့် ကုန်ပစ္စည်းအချို့၏ အခွန်နှုန်းများကို လျှော့ချပေးသည်။ ခုနစ်နှစ်ကြာဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ဂျပန်ဝန်ကြီးချုပ် ဩစတြေးလျနိုင်ငံသို့အလည်အပတ်ရောက်ရှိပြီးနောက် သဘောတူညှိနှိုင်းမှုရရှိခဲ့ပြီး ယခုနှစ်ကုန်ပိုင်းတွင် အဆုံးသတ်နိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သော ဩစတြေးလျဝန်ကြီးချုပ် အက်ဘော့က ၎င်းစာချုပ်သည် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်လာမည်ဟုဆိုသည်။

**ပညာရေး** - ပညာရေးတွင် ဂျပန်နိုင်ငံသည် အာရှနိုင်ငံများတွင် ဦးဆောင်နိုင်ငံအဖြစ်ရှိနေပြီး ထိပ်ဆုံးတက္ကသိုလ်ပေါင်း (၁၀၀) တို့တွင် အဆင့်ငါးနေရာ၌ ရပ်တည်လျက်ရှိသည်။ တိုကျိုတက္ကသိုလ်သည် အဆင့် (၁၀) နေရာတွင် ရပ်တည်လျက်ရှိပြီး အလားတူကျိုဒိုတက္ကသိုလ်နှင့် အိုဆာကာတက္ကသိုလ်တို့သည် အဆင့် (၅၀) သို့ ဝင်ရောက်လျက်ရှိသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေး** - (၁၉၉၅)ခုနှစ်၊ မတ်လ (၂၀) ရက်က အုမ်းရှင်ရီကျိုဘာသာရေး အစွန်းရောက်များ၏တိုက်ခိုက်မှုကြောင့် လူ (၁၃) ဦးသေဆုံးပြီး (၆၃၀၀) ဦးဒဏ်ရာရခဲ့သည်။ ထို့ကြောင့် (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်၌ တိုကျိုမြေအောက်

ရထားတွင် အုမ်းရှင်ရီကျို ဘာသာရေးဂိုဏ်း၏ ဆာရင်း အဆိပ်ဓာတ်ငွေ့ဖြင့် အကြမ်းဖက်မှုတိုက်ခိုက်ခံခဲ့ရမှု အထိမ်းအမှတ်အဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှုပြုလုပ်ခဲ့သည်။

အဆိုပါအကြမ်းဖက်မှုတိုက်ဖျက်ရေးလေ့ကျင့်မှု သည် အများပြည်သူပိုင်မီးရထားဘူတာ၌ ပထမဆုံး အကြိမ်ကျင်းပခဲ့ခြင်းဖြစ်သည်။ တိုကျိုမြို့အလယ် ပိုင်းရှိ ဟီဘီရာဘူတာ၌ ပြုလုပ်သောအဆိုပါလေ့ကျင့် မှုကို လူ (၃၀၀) ခန့်ပါဝင်ကြပြီး တိုကျိုမြို့ပြရဲတပ်ဖွဲ့နှင့် တိုကျိုမီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများပါဝင်ကြ သည်။ ယင်းသို့လေ့ကျင့်ရာတွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခြင်းကို တုံ့ပြန်ခြင်းနှင့်ဆန္ဒပြပွဲ တားဆီး ကိုင်တွယ်ဖြေရှင်းခြင်းတို့ကို ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းလေ့ကျင့်ကြ သည်။

**စကော့တလန်နိုင်ငံ။** ။ စကော့တလန်ဒေသသည် နှစ်ပေါင်း (၈၀၀) ကျော် ကိုယ်ပိုင်ထီးနန်းဖြင့် ရပ်တည် လာခဲ့ပြီး (၁၆၀၃) ခုနှစ်တွင် အင်္ဂလန်၌ ဘုရင်မျိုးဆက် ပြတ်သွားသောကြောင့် အနီးဆုံးအဆက်အနွယ် ဖြစ်သည့် စကော့တလန်ဘုရင် ဂျိမ်းစ်-၆ ကို နှစ်နိုင်ငံ ဘုရင်ခန့်လိုက်ရသည့်အတွက် နှစ်နိုင်ငံပေါင်းစည်းသွား ခြင်းဖြစ်သည်။ (၁၇၀၇) ခုနှစ်တွင် ပါလီမန်များ၏ သဘောတူညီချက်ဖြင့် စကော့တလန်-အင်္ဂလန် နှစ်နိုင်ငံကို ပြည်ထောင်စုဥပဒေဖြင့် ပေါင်းစည်း လိုက်ခြင်းဖြစ်သည်။ ယခုကာလတွင် အင်္ဂလန်၊ စကော့တလန်၊ မြောက်အိုင်ယာလန်နှင့် ဝေလနယ် တို့ကိုပေါင်းစည်း၍ ယူနိုက်တက်ကင်းဒမ်း (ဗြိတိန်) နိုင်ငံအဖြစ်တည်ရှိခဲ့သည်မှာ သက်တမ်း (၃၀၀) ကျော်ပြီဖြစ်သည်။

ဗြိတိန်သည် (၁၉၉၉) ခုနှစ်တွင် စကော့တလန် သီးခြားပါလီမန်ကို ထူထောင်ပေးပြီးဗဟိုချုပ်ကိုင်မှုကို လျှော့ချကာ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခဲ့သည်။ ယင်း ပါလီမန်သည် ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့တွင် ကိုယ်ပိုင်မူဝါဒဥပဒေများ ချမှတ်နိုင်သည်။ သို့သော် ဗြိတိသျှအစိုးရခန့်ထားသော စကော့တလန်ဆိုင်ရာဝန်ကြီးမှတစ်ဆင့်ပူးပေါင်းဆောင် ရွက်ရသည်။ စကော့အများစုက ပိုမိုလုပ်ပိုင်ခွင့်ရရှိလို ပြီး လူမျိုးရေးစိတ်ဓာတ်ပြင်းထန်သူများက လုံးဝလွတ် လပ်ရေးလိုချင်ကြသည်။ ခွဲထွက်ခြင်းဖြင့် စကော့ တလန်မြောက်ပိုင်းပင်လယ်ကမ်းလွန်မှ ထွက်ရှိသော ရေနံများကြောင့် စီးပွားရေးတောင့်တင်းမည်ဟုယူဆ ကြသည်။ ယင်းအခြေအနေတွင် (၂၀၁၁) ခုနှစ် စကော့ ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရသည့် စကော့ အမျိုးသားပါတီခေါင်းဆောင် အဲလက်စ်ဆာလမွန်းက စကော့တလန်ဝန်ကြီးချုပ်ဖြစ်လာပြီး ရွေးကောက်ပွဲ ကာလက ကြွေးကြော်ခဲ့သည့်အတိုင်း ခွဲထွက်ရေး အတွက်လှုပ်ရှားလာခဲ့သည်။ လူထုဆန္ဒခံယူပွဲဥပဒေ ကြမ်းကို စကော့တလန်ပါလီမန်သို့ (၂၀၁၃) ခုနှစ်၊ မတ်လ (၂၁) ရက်တွင် တင်သွင်းပြီး နိုဝင်ဘာလ (၁၄) ရက်တွင် အတည်ပြုကာ ဒီဇင်ဘာလ (၂၇) ရက်တွင် ဘုရင်မကြီးက အတည်ပြုခဲ့သည်။

ထိုအချိန်မှစပြီး ခွဲထွက်လိုသူများက ခွဲထွက်ခြင်း ၏ကောင်းကျိုးများကို ပြောဆိုစည်းရုံးခဲ့သည်။ စကော့ တလန်၏ဂျီဒီပီသည် စကော့တလန်အတွက် ဗြိတိန်၏ ကုန်ကျစရိတ်ထက်များသောကြောင့် ခွဲထွက်လျှင် စကော့တလန်အတွက် ပိုမိုအကျိုးရှိမည်ဟုဆွဲဆောင် စည်းရုံးခဲ့သည်။ ဗြိတိန်အစိုးရကမူ စကော့တလန် အနေဖြင့် သီးခြားခွဲထွက်လျှင် ဖြစ်လာနိုင်သည့် အကျိုး ဆက်ကို ရှင်းပြခဲ့သည်။ ခွဲထွက်ပါက ပေါင်စတာလင် ငွေကြေးကို ဆက်မသုံးတော့သည့်အတွက် စီးပွားရေး နယ်တွင်အခြေတကျဖြစ်နေသော စကော့အမျိုးသား ဘဏ်လုပ်ငန်းများအခက်ကြုံနိုင်သည်။ ထို့ကြောင့် ဆန္ဒခံယူပွဲနီးလာချိန်တွင် ငွေများထုတ်ယူလွှဲပြောင်း ခြင်းများပြုလုပ်ခဲ့ကြသည်။ နောက်တစ်ချက်မှာစကော့ တလန်သည် ဗြိတိန်နိုင်ငံနှင့်အတူ (၁၉၇၃) ခုနှစ်တွင် အီးယူအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ထို့ကြောင့် ခွဲထွက်လျှင် အီးယူအဖွဲ့ဝင်အဖြစ် ပြန်လျှောက်ရမည်ဖြစ်ပြီး အဖွဲ့ဝင် (၂၈) နိုင်ငံ၏ သဘောတူညီချက်ရရန် အချိန်ယူရမည် ဖြစ်သည်။ အီးယူအဖွဲ့သည် ကမ္ဘာပေါ်တွင် အအောင် မြင်ဆုံးအဖွဲ့အစည်းဖြစ်သည်။ ထို့ပြင် ဗြိတိန်သည်

ကမ္ဘာ့စီးပွားရေး ထိပ်တန်းနိုင်ငံအဖြစ် ဂျီ-၇၊ ဂျီ-၈၊ ဂျီ-၂၀ အဖွဲ့တို့တွင် အဖွဲ့ဝင်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်၊ ဗီတိုအာဏာပိုင်နိုင်ငံဖြစ်သောကြောင့် သီးခြားခွဲထွက်လျှင် လက်ရှိဗြိတိန်၏ နိုင်ငံတကာဆက်ဆံရေး၌နေရာယူထားမှုများကို စကော့တလန်က အချိန်တိုအတွင်းရယူနိုင်မည်မဟုတ်ပေ။ ကာကွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေးစရိတ်များ ကုန်ကျလာမည်ဖြစ်သည်။

စက်တင်ဘာလ (၁၈) ရက်တွင် ဗြိတိန်ပြည်ထောင်စုက ခွဲထွက်ပြီး လွတ်လပ်ရေးယူမည်လား၊ ပြည်ထောင်စုတွင် အတူနေမည်လားဆိုသည်ကို စကော့တလန်သားများ မဲပေးခဲ့ကြသည်။ ခွဲထွက်ချင်သော စပိန်နှင့် ဘယ်လ်ဂျီယံတို့ကလည်း စိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြသည်။ ဆန္ဒခံယူပွဲရလဒ်အရ မဲပေးခွင့်ရှိသူ (၄ ဒသမ ၂) သန်းအနက် (၈၄) ရာခိုင်နှုန်းခန့် မဲပေးခဲ့သောကြောင့် ပြည်ထောင်စုတွင် အတူယှဉ်တွဲနေထိုင်ရန် မဲအရေအတွက်က (၅၅) ရာခိုင်နှုန်းရရှိပြီး လွတ်လပ်ရေးယူလိုသည့် အရေအတွက်က (၄၅) ရာခိုင်နှုန်းဖြင့် ခွဲထွက်ချင်သော စကော့တလန်အမျိုးသားပါတီခေါင်းဆောင် အဲလက်စ်ဆာလမွန်တို့ ရှုံးနိမ့်ခဲ့သည်။ ဗြိတိန်အစိုးရကမူ စကော့တလန်အနေဖြင့် လုပ်ပိုင်ခွင့်ပိုရလာမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။



**ဗြိတိန်မှ ခွဲထွက်ရေးအတွက် ဆန္ဒပြနေသူများ**

စကော့တလန်အရေးတွင် နိုင်ငံနှင့်အမျိုးသားအကျိုးစီးပွားများအတွက် အာဏာရကွန်ဆာဗေးတစ်ပါတီနှင့်အတိုက်အခံလေဘာပါတီတို့ ညီညွတ်စွာပူးပေါင်းခဲ့ပြီး (၂၀၁၅) ခုနှစ် အလွန်တွင် မည်သည့်ပါတီအာဏာရသည်ဖြစ်စေ စကော့တလန်အတွက် မူလရပ်တည်ချက်အတိုင်းသာ ဆောင်ရွက်မည်ဟု သဘောတူခဲ့သည်။ စကော့တလန်နိုင်ငံသား လေဘာပါတီခေါင်းဆောင်ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းသည် လူထုဆန္ဒခံယူပွဲတွင် ခွဲမထွက်ရေးဘက်က ဟောပြောခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း ၎င်း၏ပါတီကိုမကြိုက်လျှင် မဲမထည့်၍ရကြောင်း၊ သို့သော် ခွဲရေးတွဲရေးမှာ ဒီတစ်ခါတည်းသာ စဉ်းစားရတော့မည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ပြီးလျှင် နောက်ကြောင်းပြန်လှည့်၍မရကြောင်း သေချာစဉ်းစားကြရန် တိုက်တွန်းခဲ့သည်။

**တရုတ်နိုင်ငံ။** ။ **နိုင်ငံရေး** - တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုသည့် အာရှအခြေခံ အဆောက်အဦးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ထူထောင်ရေးအတွက် နားလည်မှုစာချွန်လွှာကို တရုတ်နှင့်အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၂၁) နိုင်ငံက တရုတ်နိုင်ငံ

ပေကျင်းမြို့၌ အောက်တိုဘာလ (၂၄) ရက်တွင် လက်မှတ်ရေးထိုးသည်။ ယင်းဘဏ်ထူထောင်ခြင်းအတွက် အာရှနိုင်ငံများ၌ သယ်ယူပို့ဆောင်ရေး၊ တာတမံများဆောက်လုပ်ရေးနှင့် ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ရေးတို့ကဲ့သို့အခြေခံအဆောက်အဦး လုပ်ငန်းများဖွံ့ဖြိုးစေရန် အထောက်အကူပြုမည် ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်ကပြောကြားသည်။ ယင်းဘဏ်သည် အနောက်နိုင်ငံများက လွှမ်းမိုးထားသော နိုင်ငံတကာငွေချေးရေးအဖွဲ့အစည်းများ၏ ပြိုင်ဘက်ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်လာကာ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့ကို ယှဉ်ပြိုင်လာမည်ဟုယူဆရပြီး နားလည်မှုစာချွန်လွှာတွင် တောင်ကိုရီးယား၊ ဩစတြေးလျနှင့် အင်ဒိုနီးရှားနိုင်ငံတို့က လက်မှတ်ရေးထိုးခြင်းမရှိကြောင်း မီဒီယာများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အိမ်တွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရေးဆွဲခဲ့ကြောင်း နိုဝင်ဘာလ (၂၆) ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းဥပဒေကြမ်းအရ အိမ်တွင်းအကြမ်းဖက်ခံရသူ၏ မိသားစုတွင်းဖြစ်ပျက်ခဲ့သည့်ကိစ္စကို အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းက ဖျောင်းဖျပြောဆိုခြင်း၊ တားဆီးခြင်းနှင့် သက်ဆိုင်ရာကို တိုင်ကြားခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်ခံရသူအနီးသို့ ကျူးလွန်သူများ မချဉ်းကပ်နိုင်ရန် လမ်းညွှန်ချက်များ ရေးဆွဲထားသည်။ တရုတ်နိုင်ငံတွင် မိသားစုတွင်းပဋိပက္ခကို ကိုယ်ရေးကိုယ်တာကိစ္စအဖြစ် ရှေးကာလကတည်းက မှတ်ယူခဲ့ကြသည်။ တရုတ်အစိုးရမီဒီယာများတွင် လက်ထပ်ထားသူ (သို့) ရည်စားရှိသူ တရုတ်အမျိုးသမီး (၄၀) ရာခိုင်နှုန်းသည် ရုပ်ပိုင်း (သို့) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကြုံတွေ့ရကြောင်း ဖော်ပြထားသည်။ ယင်းဥပဒေကြမ်းတွင် လက်ထပ်မထားသူများနှင့် ကွဲကွာနေသော လင်မယားများကို ထည့်သွင်းရေးဆွဲထားခြင်းမရှိဟု သုံးသပ်ကြသည်။

ထို့ပြင်သေဒဏ်ကျအကျဉ်းသားများ၏ ကိုယ်တွင်းအင်္ဂါများကိုထုတ်ယူပြီး တခြားတွင်သုံးစွဲမှုများကို (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်မှစပြီး ရုပ်သိမ်းမည်ဟု တရုတ်အစိုးရမီဒီယာများက ဒီဇင်ဘာလ (၄) ရက်တွင် ဖော်ပြသည်။ တရုတ်နိုင်ငံတွင် သေဒဏ်ကျအကျဉ်းသားများသည် ကိုယ်အင်္ဂါအစားထိုးမှုလုပ်ငန်း၏ အဓိကရင်းမြစ် ဖြစ်နေခဲ့ပြီး မိသားစုများ၏ ဆန္ဒမပါဘဲ ယင်းသို့ထုတ်ယူနေမှုအတွက် တရုတ်အစိုးရမှာ ဝေဖန်ခံနေရသည်။ သဘောဆန္ဒအလျောက် ကိုယ်အင်္ဂါလှူဒါန်းရန် တိုက်တွန်းရာတွင်လည်း ရိုးရာယဉ်ကျေးမှုကြောင့် လှူဒါန်းလိုသူမရှိကြပေ။

**(၂၅) နှစ်မြောက်တီယန်မင်အရေးအခင်း** - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တီယန်မင်ရင်ပြင်၌ (၁၉၈၉) ခုနှစ်၊ ဇွန်လ (၃) ရက်နှင့် (၄) ရက်များတွင် ကျောင်းသားများဦးဆောင်သော ဒီမိုကရေစီအရေး တိုက်ပွဲဝင်ဆန္ဒပြသည့် လူထုအုံကြွမှုပေါ်ပေါက်ခဲ့သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရန် ကြွေးကြော်ခဲ့ကြသည်။ သို့သော် အာဏာရကွန်မြူနစ်ပါတီအတွင်းတွင် အာဏာလွန်ဆွဲပွဲဖြစ်ပေါ်၍ သဘောထားတင်းမာသူများကအနိုင်ရရှိပြီး ၎င်းတို့ကို နှိမ်နင်းရန် အမိန့်ထုတ်ခဲ့သည်။ အာဏာပိုင်များက နှိမ်နင်းသဖြင့် လူပေါင်း (၁၀၀၀) ကျော်သေဆုံးခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြကြသည်။ (၁၉၈၉) ခုနှစ် ဆန္ဒပြသူများကို တော်လှန်ရေးသမားများအဖြစ် သတ်မှတ်ကြသည်။

(၂၀၁၄) ခုနှစ်၊ ဇွန်လ (၃) ရက်နှင့် (၄) ရက်သည် တီယန်မင်အရေးအခင်းကို နှိမ်နင်းသည့် (၂၅) နှစ်မြောက်ကာလဖြစ်သည်။ ထိုနေ့တွင် တရုတ်အစိုးရသည် တီယန်မင်ရင်ပြင်၌ (၂၅) နှစ်မြောက် အထိမ်းအမှတ်ပွဲမကျင်းပနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားများစွာဖြင့် တင်းကျပ်စွာ စောင့်ကြပ်ခဲ့ကြသည်။ တရုတ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အံ့အားသင့်ဖွယ်ဖော်ဆောင်ခဲ့သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို တားမြစ်ထားပြီး တီယန်မင်အရေးအခင်းသည် ဖော်ပြရန် မသင့်လျော်သော အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်ထားသည်။

နှစ်ပတ်လည်နေ့မတိုင်မီ သီတင်းပတ်များအတွင်းတွင် ရှေ့နေများ၊ ဂျာနယ်လစ်များနှင့် တက်ကြွလှုပ်ရှား

သူများကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ လူ့အခွင့်အရေးအုပ်စု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့မှ ထုတ်ပြန်သောကြေညာချက်တွင် လူ (၆၀) သည် ဖမ်းဆီးစစ်ဆေးမေးမြန်းခြင်းခံနေရသည် (သို့မဟုတ်) ပျောက်ဆုံးနေသည်ဟုဆိုသည်။ အင်တာနက်တွင် (၁၉၈၉) ခုနှစ် တီယန်မင်နှိမ်နင်းမှုနှင့်သက်ဆိုင်သော သတင်းများရှာဖွေခြင်းနှင့် ကန့်ကွက်ခြင်းများကို ပိတ်ထားသည်။ ဂူဂဲလ်ရှာဖွေရေးအင်ဂျင်အသုံးပြုနိုင်မှုကိုလည်း တားမြစ်ထားသည်ဟု သတင်းများတွင် ဖော်ပြသည်။

ပေကျင်းထက် ပိုမိုလွတ်လပ်သော ဟောင်ကောင်ကျွန်း ဗစ်တိုးရီးယားပန်းခြံတွင် တီယန်မင်အရေးအခင်း၌ သေဆုံးခဲ့ကြသူများအား အောက်မေ့သည့် ဖယောင်းတိုင်မီးထွန်းပွဲများကို ကျင်းပခဲ့ကြသည်။ တက်ရောက်လာသူများက စာတန်းများဝှေ့ယမ်းကာ ကြွေးကြော်သံများ ဟစ်အော်ခဲ့ကြသည်။ ထို့နောက် တီယန်မင်အရေးအခင်းတွင် သေဆုံးခဲ့သူများ၏ အမည်များကို အသံချဲ့စက်များဖြင့် ဖတ်ပြခဲ့သည်။ ယင်းအခမ်းအနားသို့ လူပေါင်း (၁၈၀,၀၀၀) အထိ တက်ရောက်ခဲ့သည်ဟု အခမ်းအနားစီစဉ်သူများက ပြောကြားသည်။ ရဲတပ်ဖွဲ့ကမူ လူပေါင်း (၉၉,၅၀၀) သာ တက်ရောက်သည်ဟု သတင်းထုတ်ပြန်သည်။

တီယန်မင်ရင်ပြင်အရေးအခင်း (၂၅) နှစ်ပြည့်မတိုင်မီ ထိန်းသိမ်းခံထားရသည့် တရုတ်ပညာရှင်များနှင့် ရှေ့နေများကို ပြန်လွှတ်ပေးရန် နိုင်ငံတကာမှ ရာနှင့်ချီသောပညာရှင်များက ဇွန်လ (၄) ရက်တွင် တောင်းဆိုခဲ့သည်။ ထို့ပြင် တီယန်မင်အရေးအခင်းနှင့်ပတ်သက်သော ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်ခဲ့သည့် လူငါးဦးကို ပြန်လွှတ်ပေးရန် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ဩစတြေးလျနှင့် ဂျာမနီအပါအဝင် နိုင်ငံတကာမှ ပညာရှင် (၈၀) ဝန်းကျင်က တရုတ်သမ္မတ ရှီကျင့်ဖျင်ထံ စာရေး၍ တောင်းဆိုခဲ့သည်။ ဖမ်းဆီးခံရသူ ငါးဦးတွင် ထင်ရှားသော လူ့အခွင့်အရေးလှုပ်ရှားသူ ရှေ့နေ ဖူကျီချန်းနှင့် ပညာရှင်အချို့ပါဝင်ပြီး ၎င်းတို့ကို ခိုက်ရန်ဖြစ်ပွားမှု၊ ပြဿနာဖြစ်စေရန် လှုံ့ဆော်မှုစွဲချက်များဖြင့် ထိန်းသိမ်းခဲ့သည်။ အွန်လိုင်းတွင် ဖော်ပြခဲ့ပြီး တရုတ်ပြည်သူများကို လိပ်မူထားသော စာတစ်စောင်တွင်လည်း ဂျပန်၊ ထိုင်ဝမ်နှင့် တောင်ကိုရီးယားတို့မှ ပညာရှင်နှင့် စာရေးဆရာ (၁၆၀) ခန့်က လက်မှတ်ရေးထိုးခဲ့ကြပြီး ထိန်းသိမ်းခံရသူများအတွက် အလွန်အမင်း စိုးရိမ်သည်ဟု ရေးသားထားသည်။

တီယန်မင်အရေးအခင်းတွင် ပါဝင်ခဲ့သော ဒီမိုကရေစီအရေးလှုပ်ရှားဆန္ဒပြကာ အသက်ပေးခဲ့သူများအတွက် တရားမျှတမှုဆောင်ကြဉ်းပေးရန် အမေရိကန်ကပြောကြားခြင်းကို ကန့်ကွက်ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်ဟု ဇွန်လ (၆) ရက်တွင် တရုတ်မီဒီယာများက ဖော်ပြရေးသားကြသည်။

အမေရိကန်၏မှတ်ချက်စကားကို လွန်စွာစိတ်ပျက်မိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက ထုတ်ပြန်ပြောကြားသည်။ (၁၉၈၉) ခုနှစ်တွင် တီယန်မင်ရင်ပြင်၌ စုဝေးကာ ဒီမိုကရေစီရေးလှုပ်ရှားတောင်းဆိုသူများကို စစ်တပ်ဖြင့်ချေမှုန်းခဲ့ခြင်းကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည့် ပုံရိပ်သည် တရုတ်နိုင်ငံ၌ အာဏာပိုင်များက မည်သို့ပင်ဖုံးဖိဖျက်ဆီးသည်ဖြစ်စေ ပျက်စီးမသွားဘဲ ပေါ်လွင်ထင်ရှားနေဆဲဖြစ်သည်။

**မျက်မှောက်ရေးရာ -** တရုတ်နိုင်ငံ၌ အကျင့်ပျက်ခြစားမှုများ တိုးပွားလာခဲ့ရာ (၂၀၁၃) ခုနှစ်အတွင်း စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ တရားသူကြီးများနှင့် အခြားတရားရုံးဝန်ထမ်း (၈၂၉) ဦးကို ပြစ်ဒဏ်ပေးခဲ့ကြောင်း ပြည်သူ့တရားရုံးချုပ် (SPC) က ပြောကြားခဲ့သည်။

၎င်းတရားရုံးဝန်ထမ်း (၈၂၉) ဦးအနက် (၂၉၄) ဦးကို ပါတီစည်းကမ်းချိုးဖောက်မှုဖြင့်လည်းကောင်း၊ (၅၃၁) ဦးကို အစိုးရစည်းကမ်းချိုးဖောက်မှုဖြင့်လည်းကောင်း ပြစ်ဒဏ်များပေးခဲ့ပြီး (၁၅၇) ဦးကို တရားစွဲဆိုရန်အတွက် တရားရေးအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခဲ့သည်။

တရားသူကြီးများနှင့် တရားရုံးဝန်ထမ်း (၆၈၃) ဦး၏ (၂၀၁၃) ခုနှစ်အတွင်း အကျင့်ပျက်ခြစားမှုတန်ဖိုးမှာ ငွေသားစတော့ရှယ်ယာလက်မှတ်များနှင့် ငွေပေးချေ

ခြင်းစာချုပ်စာတမ်းများအပါအဝင် တရားမဝင်အမြတ်အစွန်းယွမ် (၃ ဒသမ ၃၂ သန်း) အမေရိကန်ဒေါ်လာ (၅၄၀,၀၀၀) ရှိကြောင်း SPC က ဖော်ပြခဲ့သည်။

နှစ်ပေါင်း (၆၀) ကျော်ကြာ တရုတ်နိုင်ငံ၏ အကျင့်ပျက်ခြစားမှုအကြီးဆုံးဌာနဟု နာမည်ကြီးသော ဌာနတွင် အလုပ်လုပ်သူ၊ ပြည်တွင်းလုံခြုံရေးဌာနမှ အငြိမ်းစားယူထားသူ ကျူယောင်ကန်နှင့် ဆက်နွယ်ပတ်သက်သူများနှင့် ဆွေမျိုးမိသားစုဝင်များထံမှ အနည်းဆုံးအမေရိကန်ဒေါ်လာ (၁၄ ဒသမ ၅) ဘီလီယံတန်ဖိုးရှိ ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းများကို သတင်းကို တရုတ်လူမှုကွန်ရက်တွင် တင်လိုက်သောအခါ ရဲများ၏အနိုင်ကျင့်မှုကို သည်းမခံနိုင်သည့် ရာနှင့်ချီသောပြည်သူများက ဧပြီလ (၂၀) ရက်တွင် လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြရာမှ ရဲအရာရှိများကို ဒေါသထွက်နေသော အဆိုပါလူအုပ်ကြီးက လမ်း၌တွေ့သည့် ရဲငါးဦးကိုရန်ပြုခဲ့သည်။

အွန်လိုင်းမီဒီယာများက အရိုက်ခံရသည့်ခါတ်ပုံသမားဆေးရုံ၌ သေဆုံးကြောင်းရေးသားခဲ့ရာမှ ပြည်သူများ ဒေါသထွက်ကာဆန္ဒပြရင်း လမ်း၌တွေ့သည့် ရဲငါးဦးကို ရန်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါရဲငါးဦးက




**ရှင်ကျန်းဒေသ၌ ဝီဂါမွတ်ဆလင်များဆန္ဒပြစဉ်**

သိမ်းယူထားကြောင်း တရုတ်အာဏာပိုင်များက ပြောကြားသည်။ အသက် (၇၁) နှစ်အရွယ်ရှိ ကျူယောင်ကန်ကို စုံစမ်းစစ်ဆေးမှုစတင်ချိန်တွင် အာဏာပိုင်များက နေအိမ်၌ အကျယ်ချုပ်ချထားခဲ့သည်။ (၁၉၄၉) ခုနှစ် ကွန်မြူနစ်ပါတီအာဏာရယူသည့်အချိန်မှစခါ အကျင့်ပျက်မှု စုံစမ်းစစ်ဆေးခဲ့ရာတွင် ၎င်းသည် တရုတ်နိုင်ငံရေးလောက၏ အစောဆုံးပုဂ္ဂိုလ်ဖြစ်သည်။

တရုတ်နိုင်ငံကြက်ကျန်းပြည်နယ်အရှေ့ပိုင်း ချန်နန်စီရင်စုရှိ လင်စီးမြို့တွင် ရဲများကဈေးသည်မိန်းကလေးတစ်ဦးကို ရိုက်နှက်ပြဿနာရှာနေစဉ် လမ်းသွားလမ်းလာတစ်ဦးက ဓာတ်ပုံရိုက်ကူးခဲ့သဖြင့် အဆိုပါဓာတ်ပုံရိုက်ကူးသူကိုပါ ရဲများကဝိုင်းရိုက်ခဲ့ကြရာ ဆေးရုံသို့အရေးပေါ်တင်လိုက်ရသည့် ကားဖြင့်မောင်းပြေးရန် ကြိုးစားနေချိန်တွင် လူအုပ်ကြီးက ကားမှန်များကိုရိုက်ခွဲခဲ့ကြပြီး ကားဘီးများကိုလည်းထိုးဖောက်ခဲ့ကြသည်။

တရုတ်နိုင်ငံအနောက်ဖျားရှင်ကျန်းဒေသရှိ ကက်ရှ်ဂါမြို့တွင် ဇူလိုင်လ (၂၈) ရက်၌ အစိုးရ၏ အကြမ်းဖက်မှု နှိမ်နင်းရေးဖြစ်စဉ်တွင် လူ (၁၀၀) နီးပါး သတ်ဖြတ်ခံရသည်။ အစိုးရအရာရှိများက အကြမ်းဖက်သမားများ၏လုပ်ရပ်ကို အပြစ်တင်ကြပြီး ဒေသခံဝီဂါမွတ်ဆလင်များက အစိုးရ၏ဖိနှိပ်မှုကြောင့် တန်ပြန်ဖြစ်ပေါ်လာရသည်ဟု ပြောကြားသည်။ ဧပြီလ (၃၀) ရက်တွင် မြို့တော်အူရမ်ချီရှိ ဘူတာရုံတစ်ရုံ၌ ဓားကိုင်အကြမ်းဖက်သမားများက ဖောက်ခွဲရေးပစ္စည်းများဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ (၄၆) ဦးသေဆုံးသည်။ ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့က လက်နက်

ကိုင် (၅၉) ဦးကို အသေပစ်သတ်ခဲ့သည်။ နှစ်ရက်အကြာတွင် ကက်ရှ်ဂါမှ အစိုးရ၏ မဟာမိတ်တရားဟောဆရာချုပ်သတ်ဖြတ်ခံရသည်။ ဝီဂါမွတ်ဆလင်များသတ်ဖြတ်ခြင်းဖြစ်သည်။ တိုက်ခိုက်သူနှစ်ဦးကို ရဲတပ်ဖွဲ့က အသေဖမ်းဆီးခဲ့သည်။ ရှင်ကျန်းဒေသမှာ တစ်ချိန်က တာ့ခ်စကားပြောဝီဂါမျိုးနွယ်စုများနေထိုင်ရာဒေသဖြစ်ပြီး နောက်ပိုင်းတွင် တရုတ်'ဟန်'လူမျိုးများပြောင်းရွှေ့အခြေချခဲ့သည်။ ၎င်းဒေသတွင် တရုတ်အစိုးရက လုံခြုံရေးတင်းကျပ်စွာအုပ်ချုပ်သည်။ မြို့တွင်းရှိ ဝီဂါများနေထိုင်ရာသို့ ဝင်ထွက်သွားလာသော မော်တော်ယာဉ်များကို တင်းကျပ်စွာစစ်ဆေးပြီး လောင်စာဆီတင်ကားများကို ဖမ်းဆီးလေ့ရှိသည်။ တရုတ်အစိုးရသည် ကက်ရှ်ဂါတွင် အိမ်နီးချင်းများနှင့် သူငယ်ချင်းများတစ်ဦးနှင့်တစ်ဦး ထောက်လှမ်းကြရန် တိုက်တွန်းထားသည်။ ဩဂုတ်လ (၁) ရက်တွင် အစိုးရသည် ကက်ရှ်ဂါမြို့အရှေ့တောင်ဘက်ရှိ ဟိုကန်မြို့တွင် အကြမ်းဖက်မှု စစ်ဆင်ရေးပြုလုပ်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် အစိုးရက စုစည်းထားသည့် ပြည်သူ့စစ် (၃၀,၀၀၀) က အကြမ်းဖက်သမားဟု သံသယရှိသူများကို ဖမ်းဆီးခဲ့သည်။ ဒေသခံ အူရီဂေါ်မျိုးနွယ်စုများကိုအကြောင်းခံကာ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နယ်စပ်များမှာ ကက်ရှ်ဂါမြို့တော်တောင်ဘက် (၁၈၅) မိုင်အကွာတွင် တည်ရှိသောကြောင့် တရုတ်အစိုးရက အစွန်းရောက်ဝါဒနှင့် ပတ်သက်၍ စိုးရိမ်မှုရှိသည်။ အစိုးရက ယင်းသို့စိုးရိမ်နေရခြင်းမှာ ယမန်နှစ်အောက်တိုဘာလတွင် တီယန်မင်ရင်ပြင်ရှိ လူအုပ်အတွင်းသို့ ဝီဂါများလိုက်ပါလာသည့် မော်တော်ယာဉ်ပေါက်ကွဲခဲ့ပြီး လူခြောက်ဦးသေဆုံးခဲ့သည်။ ထို့ပြင် မတ်လတွင် ဓားကိုင်အကြမ်းဖက်သမားရှစ်ဦးခန့်သည် ယူနန်ပြည်နယ် ကူမင်းဘူတာရုံ၌ ခရီးသည်များကို တိုက်ခိုက်ခဲ့သောကြောင့် လူ (၂၉) ဦး သေဆုံးခဲ့သည်။

(၂၀၀၉) ခုနှစ်မှစပြီး ရှင်ကျန်းဒေသရှိ တရုတ်ဟန်လူမျိုးများနှင့် ဝီဂါများ ဆက်ဆံရေးအခြေအနေဆိုးရွားခဲ့ကာ အူရမ်ချီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများမကြာခဏဖြစ်ပွားခဲ့သောကြောင့် လူ (၂၀၀) ခန့်သေဆုံးခဲ့ရသည်။ တရုတ်သမ္မတရှီကျင့်ဖျင်က အကြမ်းဖက်သမားများကို ပြင်းထန်စွာအပြစ်ပေးရန်နှင့် ဒေသတွင်းတည်ငြိမ်မှုထိန်းသိမ်းရန် ညွှန်ကြားသည်။ တရုတ်အစိုးရသည် ရှင်ကျန်းဒေသတွင် တည်ငြိမ်မှုရရန်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ သို့သော် စာသင်ကျောင်းများတွင် တရုတ်ဘာသာဖြင့်သာ သင်ကြားရန် ကြိုးပမ်းခြင်းကို ဝီဂါများက မကျေနပ်ကြချေ။

ထို့နောက် ရှင်ကျန်းဒေသရှိမြို့တစ်မြို့တွင် အကြမ်းဖက်မှုများကိုနှိမ်နင်းရန် အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘတ်စ်ကားစီးသူများအား မှတ်ဆိတ်ရှည်ထားခြင်း၊ မျက်နှာလွှားဇာအုပ်ခြင်းတို့ကို တားမြစ်ခဲ့သည်။ အာဏာပိုင်များက ခရီးသည်ငါးမျိုးကို တားမြစ်လိုက်ပြီး ၎င်းတို့မှာ မျက်နှာလွှားဇာ ဝတ်ဆင်ထားသူများ၊ ခေါင်းစည်းပဝါစည်းထားသူများ၊ ဂျီလ်ဘာဟုခေါ်ဆိုသော ဝတ်စုံရှည်ဝတ်ဆင်ထားသူများ၊ လခြမ်းကွေးနှင့် ကြယ်ပုံပါသော အဝတ်အစားဝတ်ဆင်ထားသူများနှင့် မှတ်ဆိတ်ရှည်ထားသူများဖြစ်ကြသည်။

**စစ်ရေး** - တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် (၂၀၁၄) ခုနှစ်တွင် (၂၀) ရာခိုင်နှုန်းတိုးလာကြောင်း အမေရိကန်ကာကွယ်ရေးဦးစီးဌာနက ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံ၏ ယခုနှစ်ကာကွယ်ရေးဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ (၁၂၀) ဘီလီယံပေါင် (၇၀) ဘီလီယံ ရှိသည်ဟုဆိုသည်။ သို့သော် ၎င်းအမှန်စာရင်းသည် အမေရိကန်က ခန့်မှန်းထားသော ဒေါ်လာ (၁၄၅) ဘီလီယံရောက်ရှိရန် နီးကပ်လာပြီဖြစ်သည်။

အမေရိကန်၏အဆိုပါအစီရင်ခံစာသည် ယမန်နှစ်က အမေရိကန်ဒေါ်လာ (၁၃၅) ဘီလီယံနှင့် (၂၁၅) ဘီလီယံကြားရှိခဲ့သည့် စာရင်းကိုကိုးကားဖော်ပြထားခြင်းဖြစ်သည်။ တရုတ်ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်က နှစ်စဉ်ခန့်မှန်းတွက်ချက်တင်ပြလေ့ရှိသည်။ တရုတ်အစိုးရအနေဖြင့် ဒုံးလက်နက်ယာဉ်များ၊ စစ်သင်္ဘောများ၊ ဂျက်လေယာဉ်များ၊

ဒိုးကျည်များနှင့် ဆိုက်ဘာလက်နက်များ အဆင့်မြှင့်တင်ရာတွင် အဆိုပါငွေကြေးပမာဏကို သုံးစွဲလျက်ရှိသည်။

**နိုင်ငံတကာဆက်ဆံရေး -** တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ၏ အာဖရိကတိုက်ခရီးစဉ်သည် မည်သည့်နိုင်ငံကိုမျှ ထိခိုက်စေရန်မရည်ရွယ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်က ဇန်နဝါရီလ (၈) ရက်တွင် ပြောကြားသည်။ ဝမ်၏ခရီးစဉ်သည် ဂျပန်နိုင်ငံကို ဦးတည်ခြင်း ရှိ၊ မရှိ မကြာမီက ဝေဖန်ခဲ့သော ကျွမ်းကျင်သူတစ်ဦး၏ ပြောကြားချက်ကို ပြောခွင့်ရပုဂ္ဂိုလ်ဟွာချွန်ယင်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတော်ကောင်စီဝင် ယန်ကျဲချီသည် ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်နှင့် ဘယ်လ်ဂျီယံနိုင်ငံ၌ ပြုလုပ်သော လေးကြိမ်မြောက်အဆင့်မြင့်အရာရှိအဆင့် မဟာဗျူဟာမြောက်ဆွေးနွေးပွဲတွင်တွေ့ဆုံ၍ တရုတ်နိုင်ငံနှင့်ဥရောပနိုင်ငံတို့အကြား ပြီးပြည့်စုံသည့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်သွားရန် သဘောတူညီခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံမှုအတွင်း ယန်ကျဲချီက တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာအခွင့်အလမ်းသစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ နှစ်ဖက်ဆက်ဆံရေးတိုးမြှင့်ခြင်းတို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ ကက်သရင်းအက်ရှ်တန်ကလည်း အကျပ်အတည်း၊ ပဋိပက္ခများနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ ကိုင်တွယ်ဖြေရှင်းမှုများတွင် တရုတ်နိုင်ငံ၏ကူညီပံ့ပိုးပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်းနိုင်ငံတကာအရေးကိစ္စရပ်များတွင် တရုတ်နိုင်ငံနှင့် ပိုမိုညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ထို့အပြင် တရုတ်ပြည်မကြီးနှင့် ထိုင်ဝမ်အကြား စေ့စပ်ဆွေးနွေးပေးသူများက ဖေဖော်ဝါရီလ (၂၇) ရက်တွင် ပြုလုပ်မည့် (၁၀) ကြိမ်မြောက် ဆွေးနွေးပွဲတွင် မိုးလေဝသနှင့် မြေငလျင်ဆိုင်ရာ ပူးပေါင်းမှုသဘောတူစာချွန်လွှာကို လက်မှတ်ရေးထိုးကြရန် မျှော်လင့်ထားကြသည်ဟု တရုတ်ပြည်မဘက်မှ ပြောခွင့်ရပုဂ္ဂိုလ်က ဖေဖော်ဝါရီလ (၂၆) ရက်တွင် ပြောကြားသည်။ ၎င်းတို့သည် မြေငလျင်တားဆီးမှုနှင့်ပြန်လည်နေရာချထားရေးတို့ကဲ့သို့သော မိုးလေဝသဆိုင်ရာ သဘာဝဘေးအန္တရာယ်သတိပေးမှုများ နှစ်ဦးနှစ်ဖက်စွမ်းရည်မြှင့်တင်ရေးကို သဘောတူညီကြရန် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် မတ်လ (၂၄) ရက်က တွေ့ဆုံခဲ့ရာ တရုတ်နိုင်ငံသည် ပိုင်နက်အငြင်းပွားဖွယ်ကိစ္စရပ်များတွင် ပို၍ခါးသီးဖွယ်ရာ အခြေအနေတို့တွင် ပါဝင်ပတ်သက်နေရပြီး အမေရိကန်အနေဖြင့် အရှေ့နှင့်တောင်တရုတ်ပင်လယ်များအရေးတွင် မျှတသောသဘောထားရှိသင့်ပါကြောင်း ပြောကြားသည်။ နှစ်နိုင်ငံသမ္မတနှစ်ဦးသည် နယ်သာလန်၌ကျင်းပသော နျူကလီးယားထိပ်သီးအစည်းအဝေးပွဲပြင်ပတွင် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ယူကရိန်းနိုင်ငံရေးအခြေအနေ၊ မြောက်ကိုရီးယားအခြေအနေနှင့် တပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုများအရေး ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြားချက်အရ နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတကာရေပိုင်နက်တွင် ရေကြောင်းလုံခြုံရေးနှင့် လေပိုင်နက်စစ်ရေးလေ့ကျင့်မှုများအပါအဝင် အချက် (၁၀) ချက်ကို သဘောတူညီခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလက ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ ဆုံးရှုံးမှုအတွက် နစ်နာကြေးပေးရန် ကျန်နေသေးသည်ဟုဆိုကာ တန် (၁၁၉,၀၀၀) တန်အလေးချိန်ရှိသော ဂျပန်ကုန်တင်သင်္ဘောကြီးတစ်စင်းကို သိမ်းပိုက်ခဲ့သည်။ (၁၉၃၆) ခုနှစ်တွင် ၎င်းသင်္ဘောပိုင်ရှင်၏ ဘိုးဘေးများသည် တရုတ်နိုင်ငံမှ သင်္ဘောနှစ်စင်းကို ငှားရမ်းခဲ့ခြင်းဖြစ်ပြီး ထိုသင်္ဘောကို ဂျပန်အင်ပါယာရေတပ်က သိမ်းယူမောင်းနှင်ခဲ့ကာ နောက်ပိုင်းတွင် နစ်မြုပ်သွားခဲ့သည်။

တရုတ်ရေကြောင်းတရားရုံးက ၎င်းသင်္ဘော နှစ်စင်းအတွက် ပေါင် (၁၇) သန်း ဂျပန်နိုင်ငံမှ အကြွေးပေးရန် ဆုံးဖြတ်ခဲ့သောကြောင့် ဘာအို စတီးလ်အီးမိုးရှင်းအမည်ရှိ (၁၀၅၀) ပေရှည်လျား သော သတ္တုရိုင်းတင်သင်္ဘောကြီးကို သိမ်းပိုက်ခဲ့ခြင်းဖြစ် သည်။ ဧပြီလ (၁၉) ရက်က ဖြစ်ပွားခဲ့သော ၎င်း ဖြစ်ရပ်ကြောင့် နှစ်နိုင်ငံကြား တင်းမာမှုများဖြစ်ပေါ် လာပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း ၎င်း ဖြစ်ရပ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံကို သင့်တင့်မျှတစွာ လုပ်ဆောင်ပေးရန် တောင်းဆိုထားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် မြောက်ကိုရီးယား နိုင်ငံကိုစွ လေ့လာသုံးသပ်ရန် နှစ်ရက်ကြာခရီးအဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်။ တရုတ်-မြောက်ကိုရီးယားဆက်ဆံရေးသွေးအေးနေချိန် ပြုံယမ်း သို့မသွားမီ ပထမဆုံးအကြိမ်အဖြစ် (၂၀၁၄) ခုနှစ်၊ ဇူလိုင်လတွင် သွားရောက်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ သည် မြောက်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးမဟာမိတ် ကုန်သွယ်ဖက်နိုင်ငံဖြစ်သော်လည်း ၎င်း၏အိမ်နီးချင်း နိုင်ငံနှင့် ဆက်ဆံရေးလျော့ကျလာခဲ့သည်။

သမ္မတရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးတို့သည် စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးကြသည်။ နှစ်နိုင်ငံသည် လွတ်လပ်စွာ ကုန် သွယ်မှုပြုလုပ်ရန်လည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိ သည်။ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် သမိုင်းနှင့်ချီသော ပြဿနာများအပေါ် ဂျပန်နှင့် ဆက်ဆံ ရေးအဆင်မပြေဖြစ်မှုမှာလည်း တူညီကြသည်။ သို့သော် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ အမေ ရိကန်၏ မဟာမိတ်များဖြစ်ကြသည်။

တောင်အာဖရိကနိုင်ငံသည် ချူကလီးယား စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို ရုရှား၊ ပြင်သစ်နိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ယခုတစ်ကြိမ်တွင် တရုတ်နိုင်ငံနှင့် ချူကလီးယား စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြန်သည်။ အဆိုပါသဘောတူညီ ချက်ကို တောင်အာဖရိကနိုင်ငံစွမ်းအင်ဝန်ကြီး တီနာဂျိုး ဗက်ပက်တာဆန်နှင့် တရုတ်နိုင်ငံစွမ်းအင်ဝန်ကြီး ဝူရှောင်ချောင်တို့သည် (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်က လက်မှတ်ရေး ထိုးခဲ့ကြသည်။

ထို့နောက် နယ်မြေပိုင်ဆိုင်မှု၊ သမိုင်းဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ တင်းမာမှုများလျှော့ချ ရန် တရုတ်နှင့်ဂျပန်တို့အကြား သဘောတူညီချက် တစ်ရပ်ရယူခဲ့ရာ တရုတ်ပြည်သူတို့၏အောင်ပွဲဖြစ်သည် ဟု သတင်းမီဒီယာများက (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ နိုင်ငံတော် ကောင်စီဝင် ယန်ကျားချီနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး၏ အမျိုးသားလုံခြုံရေးအကြံပေး ရှိုတာရို တာချီကြား ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီးနောက် လက်ရှိပေါ်ပေါက်နေသော နယ်မြေပိုင်ဆိုင်မှု၊ သမိုင်း ရေးရာ အငြင်းပွားမှုများနှင့်ပတ်သက်၍ တင်းမာမှုများ လျှော့ချမည်ဖြစ်ကြောင်း နှစ်နိုင်ငံလုံးက နိုဝင်ဘာလ (၇) ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

၎င်းနှစ်နိုင်ငံအကြား လက်ရှိပေါ်ပေါက်နေသည့် အခြေအနေများကို တည်တည်ငြိမ်ငြိမ်ထိန်းချုပ်နိုင်ရေး အတွက် အကျပ်အတည်းစီမံခန့်ခွဲမှု ယန္တရားတည် ဆောက်မည်ဖြစ်ကြောင်း တရုတ်နှင့်ဂျပန်နှစ်နိုင်ငံ၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အေပက်) ထိပ်သီးအစည်းအဝေး ဒုတိယနေ့တွင် (၂၁) နိုင်ငံမှ ခေါင်းဆောင်များအား တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှိုးဆွပေး ရေးအတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်၍ အရှိန် မြှင့်တင်သွားရန် တိုက်တွန်းသည်။

အဆိုပါ အစည်းအဝေး၏ (၂၀၁၄) ခုနှစ်၊ နိုဝင် ဘာလ (၁၁) ရက်တွင် မစ္စတာရှီက လက်ရှိအခြေအနေ တွင် ကမ္ဘာ့စီးပွားရေးသည် ပြန်လည်ကောင်းမွန်လာ သော်လည်း မရေရာမှုများရှိနေဆဲဖြစ်ကြောင်းလည်း ထပ်လောင်းပြောဆိုသည်။

ထို့ပြင် တရုတ်နှင့် ဂျပန်နိုင်ငံတို့အနေဖြင့် အမုန်း တရားများပယ်ဖျောက်ရန်လိုအပ်ပြီး လက်တစ်ဆုပ်စာ လူနည်းစု၏ စစ်လိုလားသောလုပ်ရပ်ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးမပျက်ပြားသင့်ကြောင်း တရုတ်သမ္မတ

ရှီက (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်တွင် ကျင်းပသည့် နန်ကျင်းလူသတ်ပွဲ အမျိုးသားအောက်မေ့ဖွယ်အခမ်းအနားတွင် ပြောကြားသည်။

လွန်ခဲ့သော နှစ်ပေါင်း (၇၀) ကျော်က ဖြစ်ပွားခဲ့သော နန်ကျင်းလူသတ်ပွဲအမျိုးသားအောက်မေ့ဖွယ်အခမ်းအနားကို နိုင်ငံ၏ မျက်မှောက်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် တရုတ်အစိုးရက ကန်းဆုပြည်နယ်နန်ကျင်းမြို့ နန်ကျင်းလူသတ်ပွဲအမှတ်တရပြတိုက်၌ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သည့် နန်ကျင်းမြို့၌ (၁၉၃၇) ခုနှစ်အတွင်း ဂျပန်တပ်ဖွဲ့များက တရုတ်လူမျိုး (၃၀၀,၀၀၀) ကျော်ကို အစုအပြုံလိုက်သတ်ဖြတ်ခဲ့ကြောင်း တရုတ်အစိုးရက ပြောကြားထားပြီးဖြစ်သည်။ ဒုတိယကမ္ဘာစစ်လွန်ကာလ မဟာမိတ်တရားရုံး၏ တွက်ချက်မှုအရ နန်ကျင်းလူသတ်ပွဲတွင် တရုတ်ပြည်သူ (၁၄၂,၀၀၀) သေဆုံးခဲ့ကြောင်းသိရသည်။

သို့သော် ရှေးရိုးစွဲဂျပန်နိုင်ငံရေးသမားအချို့နှင့် ပညာရှင်အချို့တို့က နန်ကျင်းလူသတ်ပွဲအမှန်တကယ် ပေါ်ပေါက်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားရာ ယင်းအတိတ်သမိုင်းဖြစ်စဉ်နှင့်ပတ်သက်၍ တရုတ်နှင့်ဂျပန်အကြား အငြင်းပွားခဲ့ကြရသည်။

ယင်းအောက်မေ့ဖွယ်အခမ်းအနား၌ တရုတ်သမ္မတရှီက ပြောကြားခဲ့ရာတွင် သမိုင်းကိုမေ့ပစ်ခြင်းသည် သမိုင်းကို သစ္စာဖောက်ရာရောက်ပြီး ကျူးလွန်ခဲ့သော ရာဇဝတ်မှုတစ်ရပ်ကို ငြင်းဆိုခြင်းသည် ရာဇဝတ်မှုထပ်မံကျူးလွန်ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် တရုတ်ကျူးကျော်စစ်ကို အစပျိုးပေးခဲ့သော ဂျပန်စစ်ဝါဒီလူနည်းစုကြောင့် မိမိတို့အနေဖြင့် ဂျပန်ပြည်သူများအား အမုန်းမပွားသင့်ကြောင်း ပြောဆိုခဲ့သည်။

**စစ်ရေး** - တရုတ်စစ်သင်္ဘောသုံးစင်းသည် အိန္ဒိယသမုဒ္ဒရာ၌ ရှားပါးစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပြီးနောက် စစ်ရေးလေ့ကျင့်မှုစတင်ရန်အတွက် အနောက်ပစိဖိတ်သမုဒ္ဒရာသို့ ဝင်ရောက်ခဲ့ကြောင်း (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နန်ဟိုင်းစစ်သင်္ဘောအုပ်စုမှ စစ်သင်္ဘောများသည် တရုတ်နိုင်ငံ၌ အကြီးမားဆုံးကုန်းနှင့်ရေနှစ်သွယ်သုံး ချန်ဘိုင်ရှန်နှင့် ဖျက်သင်္ဘောများဖြစ်သည့် ဝူဟန်နှင့် ဟိုင်ကောင်တို့ဖြစ်သည်။ တရုတ်စစ်သင်္ဘောများသည် (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်မှစ၍ အိန္ဒိယသမုဒ္ဒရာ၌ ပင်လယ်ဓားပြနှိမ်နင်းရေး ပူးတွဲကယ်ဆယ်ရေးနှင့် ကယ်တင်ရေးစသော စစ်ရေးလေ့ကျင့်မှုအပါအဝင် စစ်ရေးလေ့ကျင့်မှု အမျိုးအစား (၁၀) ခုကို ပြုလုပ်ခဲ့သည်။

ထို့ပြင် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် စစ်ရေးဆက်ဆံမှုမြှင့်တင်ရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ကြရန် (၂၀၁၄) ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်တွင် သဘောတူညီခဲ့သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အရပ်ဘက်လုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုမြှင့်တင်ရေးတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ကြသော်လည်း ကွန်ပျူတာကွန်ရက်လုံခြုံရေးနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးကိစ္စရပ်တို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် တိုးတက်မှုအနည်းငယ်မျှသာရှိကြသည်။

**စီးပွားရေး** - တရုတ်နိုင်ငံသည် (၂၀၁၃) ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးနိုင်ငံဖြစ်လာခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စာရင်းဇယားများကို ကိုးကား၍ ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ပို့ကုန်တန်ဖိုး (၂ ဒသမ ၂၁) ဘီလီယံဒေါ်လာနှင့် သွင်းကုန်တန်ဖိုး (၁ ဒသမ ၉၅) ထရီလီယံဒေါ်လာရှိခဲ့ရာ စုစုပေါင်းအမေရိန်ကန်ဒေါ်လာ (၄ ဒသမ ၁၆) ထရီလီယံရှိပြီး ယခင်နှစ်အတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးထိပ်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းသည် ကြီးမားသော အောင်မြင်မှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးတွင် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့သည်။

တရုတ်နိုင်ငံပို့ကုန်၊ သွင်းကုန်လုပ်ငန်းများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ပြီးနောက် (၁၅) နှစ်အတွင်း ပြန်လည်ဖွဲ့စည်းမှုများ ပြုလုပ်ခြင်းနှင့်

ကုန်သွယ်ရေးလမ်းကြောင်း ပွင့်လင်းလာမှုတို့ကြောင့် ယခုကဲ့သို့ မြင့်တက်လာခြင်းဖြစ်သည်။ နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံဖိုးတင်ပို့ခဲ့ပြီး နိုင်ငံပေါင်း (၁၂၀) အတွက် အကြီးဆုံးကုန်သွယ်ဖက် နိုင်ငံဖြစ်လာသည်။

တရုတ်နိုင်ငံသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများရရှိ၍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် စီးပွားရေးအဆောက်အအုံပြန်လည်ထူထောင်မှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

၎င်းနောက် တရုတ်နိုင်ငံအခြေစိုက်နည်းပညာကုမ္ပဏီဟွာဝေးက (၂၀၁၄) ခုနှစ် နှစ်ဝက်တာကာလအတွင်း ယွမ် (၁၃၅ ဒသမ ၈) ဘီလီယံအထိ အမြတ်အစွန်းရရှိခဲ့ကြောင်း ကြေညာသည်။ ဟွာဝေးက ကမ္ဘာ့ဆက်သွယ်ရေးကဏ္ဍများတွင် နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုပြုလုပ်နိုင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ဆက်သွယ်ရေးဆိုင်ရာ ကွန်ရက်ချိတ်ဆက်မှုများ၌ ဟွာဝေးက ဆက်သွယ်ရေးနည်းပညာများအပြင် ယနေ့နောက်ဆုံးပေါ်ဟွာဝေး၏ စမတ်ဖုန်းများသည်လည်း ကမ္ဘာ့မိုဘိုင်းဖုန်းဈေးကွက်အတွင်းနေရာရရှိနေသည်။

**တူနီးရှားနိုင်ငံ ရွေးကောက်ပွဲ -** အာရပ်နွေဦးကာလတွင် နိုင်ငံအကြီးအကဲကို ပထမဆုံးဖြုတ်ချခဲ့သော တူနီးရှားနိုင်ငံသည် (၁၉၅၆) ခုနှစ်တွင် ပြင်သစ်နိုင်ငံထံမှ လွတ်လပ်ရေး ရရှိခဲ့ပြီးသည့်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဒီဇင်ဘာလ (၂၀) ရက်တွင် ဒုတိယအကျော့သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ပထမအကျော့ရွေးကောက်ပွဲကို နိုဝင်ဘာလ (၂၃) ရက်တွင် ကျင်းပခဲ့ရာ မဲအရေအတွက်များစွာမကွာဟသောကြောင့် ဒုတိယအကျော့ ထပ်မံကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ မဲပေးရာတွင် အစ္စလာမ့်ဆန့်ကျင်ရေး နီဒါတူနက်စ်ပါတီခေါင်းဆောင် အသက် (၈၈) နှစ်အရွယ်ရှိ ဘေဂျီကစ်အီဆက်စီသည် သဘောထားအလယ်အလတ်ရှိသော အစ္စလာမ့်လှုပ်ရှားမှုအဖွဲ့ အန်နာဒါမှ အသက် (၆၉) နှစ်အရွယ်ရှိ မွန်ဆက်မာဇိုကီနှင့် ထပ်မံယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပထမအကျော့ရွေးကောက်ပွဲတွင် အီဆက်စီက ထောက်ခံမဲ (၃၉) ရာခိုင်နှုန်းရရှိကာ ဇိုကီထက်ခြောက်ရာခိုင်နှုန်းပိုမိုရရှိသည်။ ဒုတိယအကျော့ရွေးကောက်ပွဲတွင် အီဆက်စီက ထောက်ခံမဲ (၅၅) ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ ယခုရွေးကောက်ပွဲကို ပြည်သူ (၅ ဒသမ ၃) သန်းခန့်မဲပေးခဲ့ပြီး ရွေးကောက်ပွဲကျင်းပချိန်တွင် အိမ်နီးချင်းလစ်ဗျားနိုင်ငံနှင့် ဆက်စပ်နေသော နယ်စပ်များကို ပိတ်ထားကာ လုံခြုံရေးတင်းကျပ်စွာချထားခဲ့သည်။ လက်ရှိအိမ်စောင့်အစိုးရ၏ သမ္မတ မွန်ဆပ်ဖ်မာ ထောက်ခံမဲများရရှိခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ တူနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအရ သမ္မတမှာ ကာကွယ်ရေးဦးစီးချုပ်ဖြစ်မည်ဆိုသော်လည်း ထိပ်တန်းအရာရှိများ ခန့်အပ်ရေး၊ ဖြုတ်ချရေးနှင့် နိုင်ငံခြားရေးမူဝါဒများချမှတ်ရာတွင် ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ။ ။ ရေယာဉ်နစ်မြုပ်မှု** - တောင်ကိုရီးယားနိုင်ငံတွင် ဧပြီလ (၁၆) ရက်၌ နိုင်ငံအနောက်တောင်ပိုင်းရှိ ဂျင်ဒိုကျွန်းခရီးစဉ်တွင် ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမ (၃၃၉) ဦးအပါအဝင် ခရီးသည် (၄၇၆) ဦး လိုက်ပါခဲ့သော ဆီဝူးလ်ကူးတို့သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။ နစ်မြုပ်ခဲ့သည့် ကူးတို့သင်္ဘော၏ ရေယာဉ်မှူးနှင့် သင်္ဘောအမှုထမ်းနှစ်ဦးကို ဧပြီလ (၁၉) ရက်တွင် ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အစိုးရရှေ့နေများ၏အဆိုအရ ရေယာဉ်မှူး လီဂျွန်ဆုတ် (၆၉) နှစ်ကိုစွဲဆိုထားသော စွပ်စွဲချက်များတွင် ခရီးသည်များဒုက္ခနှင့်ရင်ဆိုင်နေရချိန်၌ ၎င်းက သင်္ဘောကို စွန့်ခွာသွားခဲ့သည်ဟူသော စွပ်စွဲချက်ပါဝင်သည်။

မစ္စတာလီကဲ့သို့ပင် တတိယရေယာဉ်မှူးဖြစ်သော အသက် (၂၆) နှစ်ရှိ အမျိုးသမီးတစ်ဦးနှင့် အခြားသင်္ဘောသားတစ်ဦးတို့ကို တရားသူကြီးက ဖမ်းဆီးခွင့် အတည်ပြုပေးခဲ့သည်။ အဆိုပါ တတိယ

ရေယာဉ်မှူးသည် သင်္ဘောနစ်မြုပ်သည့်အချိန်တွင် ပဲ့ကိုင်တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကူးတို့သင်္ဘောနစ်မြုပ်ခဲ့သော ပင်လယ်ပြင်တွင် ကိုးရက်ကြာရှာဖွေပြီးနောက် ဧပြီလ (၂၇) ရက်အထိ သေဆုံးသူ (၁၈၇) ဦးဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေတပ်နှင့် အရပ်ဘက် ရေငုပ်သမားများသည် ၎င်းတို့၏သီးခြားလမ်းညွှန်မှုများဖြင့် သင်္ဘောကိုယ်ထည်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ကြကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ရေငုပ်သမား (၅၆၀) ကျော်သည် သင်္ဘောကိုယ်ထည်အတွင်းသို့ (၁၅) ကြိမ်တိုင်တိုင် ဝင်ရောက်ရှာဖွေခဲ့ကြပြီး ကယ်ဆယ်ရေးသင်္ဘော (၁၉၂) စင်းနှင့် လေယာဉ် (၃၁) စင်းတို့သည်လည်း စုပေါင်းရှာဖွေခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။အစိုးရရှေ့နေများသည် ဧပြီလ (၂၈) ရက်က ကမ်းရိုးတမ်းစောင့်တပ်ဖွဲ့ ရုံးတစ်ရုံးအပါအဝင် အခြားကုမ္ပဏီများကို ရှာဖွေစီးနင်းခဲ့သည်။

ကူးတို့သင်္ဘောနစ်မြုပ်မှုတွင် အသက်ရှင်ကျန်ခဲ့သည့် သင်္ဘောအမှုထမ်း (၁၅) ဦးစလုံးသည်လည်း တာဝန်လစ်ဟင်းမှု၊ ခရီးသည်များကို စွန့်ခွာမှု စွဲချက်များနှင့်ရင်ဆိုင်ခဲ့ရသည်။ သင်္ဘောကပ္ပတိန်က အဆိုပါ ကူးတို့သင်္ဘောသည် လေလှိုင်းဒဏ်ခံနိုင်စွမ်းတွင် ဆိုးဆိုးရွားရွားပြဿနာရှိနေသည်ဟု သတိပေးခဲ့သော်လည်း သင်္ဘောကုမ္ပဏီက လျစ်လျူရှုခဲ့သည်ဟု တုံ့ပြန်ခဲ့သည်။

ယင်းအဖြစ်ဆိုးနှင့်ပတ်သက်ပြီး စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆိုးရွားမှုများကို ပြင်ဆင်ရန် အစိုးရအနေဖြင့်ပျက်ကွက်ခဲ့သည်ဟုပြောကြားကာ သမ္မတပတ်ဂွမ်ဟေးက ဧပြီလ (၂၉) ရက်တွင် သေဆုံးခဲ့သူများ၏ မိသားစုများကို တောင်းပန်ခဲ့သည်။

အစိုးရ၏ လုပ်ထုံးလုပ်နည်း ပိုင်းဆိုင်ရာ ညံ့ဖျင်းမှုကို တာဝန်ယူသည့်အနေဖြင့် တောင်ကိုရီးယား ဝန်ကြီးချုပ် ချောင်ဟောင်ဝန်က ရာထူးမှနုတ်ထွက်ရန် ကြေညာကြောင်း ဧပြီလ (၂၇) ရက်တွင် ရိုက်တာသတင်း၌ ဖော်ပြသည်။ ယင်းဖြစ်ရပ်ကြောင့် အာရှ၏ စတုတ္ထစီးပွားရေးအင်အားကြီး နိုင်ငံသာမက ကုန်စည်ထုတ်လုပ်မှုနှင့် တင်ပို့မှုတွင် ဦးဆောင်နေသော ကမ္ဘာ့အဆင့်မြင့်နည်းပညာနိုင်ငံ တောင်ကိုရီးယားမှာ အရေးပေါ်လုပ်ငန်းများ စီမံဖြေရှင်းမှုတွင် တန်းဝင်နိုင်ငံမဖြစ်သေးဟူသော ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ လူထု၏ယုံကြည်မှုပြန်လည်ရရှိရန် သမ္မတပတ်ဂွမ်ဟေးက အစိုးရအဖွဲ့ဝင် ဝန်ကြီးခုနစ်ဦးအစားထိုးခန့်အပ်ခဲ့သည်။

ဇွန်လ (၁၃) ရက်တွင် ထုတ်ပြန်သော ကြေညာချက်အရ အစားထိုးခန့်အပ်ခံရသော ဝန်ကြီးခုနစ်ဦးတွင် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်သူ့လုံခြုံရေးဝန်ကြီး၊ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးနှင့် ပညာရေးဝန်ကြီးတို့ပါဝင်သည်။ ထို့ပြင် ဝန်ကြီးအသစ်တစ်ဦးကို အမည်စာရင်းတင်သွင်းခဲ့ပြီး ကာကွယ်ရေးဝန်ကြီးနှင့် ထောက်လှမ်းရေးအကြီးအကဲတို့ကိုလည်း အစားထိုးခန့်အပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ နိုဝင်ဘာလ (၁၁) ရက်တွင် တောင်ကိုရီးယားတရားရုံးက ကူးတို့ရေယာဉ်မှူးကို ထောင်ဒဏ် (၃၆) နှစ် ချမှတ်ခဲ့သည်။ ယင်း ရေယာဉ်နစ်မြုပ်မှုကြောင့် လူ (၃၀၀) ကျော် သေဆုံးကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သိုလှောင်ရုံ ဖွင့်လှစ်ခြင်း**- (၂၀၁၁) ခုနှစ်တွင် ဂျပန်နိုင်ငံဖူကူရှီးမား ပြည်နယ်၌ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပမှ ဓာတ်ပေါင်းဖိုကိရိယာများ တင်သွင်းရာတွင် အဏုမြူဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ ထောက်ခံစာအတုများကို အသုံးပြုခြင်းစသော အကြောင်းများကြောင့် ပြည်သူတို့က အဏုမြူဘေးအန္တရာယ်နှင့်ပတ်သက်ပြီး စိုးရိမ်ခဲ့ကြကာ ကန့်ကွက်ခဲ့ကြသော ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းသိုလှောင်ရေးစခန်းဖွင့်လှစ်ခြင်းကို ဒီဇင်ဘာလ (၁၁) ရက်တွင် တောင်ကိုရီးယားအစိုးရက ခွင့်ပြုခဲ့သည်။ ယင်းသိုလှောင်ရေးစခန်းကို ကိုရီးယားရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းအေဂျင်စီက လုပ်ကိုင်မည်ဖြစ်ပြီး ယင်း၌ ရေဒီယိုသတ္တိကြွပစ္စည်းများ ထည့်သွင်းနိုင်သော စည်ပေါင်း (၁၀၀,၀၀၀) ကို မြေ

အောက်၌ သိုလှောင်ထားရှိမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဏုမြူစွမ်းအင်သုံးစွဲမှု ပဉ္စမမြောက်နေရာတွင်ရှိသည်။

**အာဆီယံကိုရီးယားစီးပွားရေးကောင်စီ စတင်ဖွဲ့စည်းခြင်း** - ပထမအကြိမ် အာဆီယံ - ကိုရီးယားစီးပွားရေးကောင်စီအစည်းအဝေးကို ဒီဇင်ဘာလ (၁၀) ရက်တွင် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးအဖြစ် တောင်ကိုရီးယားနိုင်ငံဘူဆန်မြို့၌ကျင်းပသည်။ အဆိုပါကောင်စီသည် (၂၀၁၃) ခုနှစ်၊ အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးတွင် ကိုရီးယား သမ္မတနိုင်ငံ၏ အဆိုပြုချက်အရ စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကုန်သည်များအပါအဝင် စက်မှုလုပ်ငန်းရှင်အသင်းများနှင့် ဖွဲ့စည်းထားသည်။ ထိုသို့ဖွဲ့စည်းခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများမှ အသေးစားနှင့်အလတ်စားလုပ်ငန်းများအနေဖြင့် အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်မှ ရရှိမည့်အခွင့်အရေးများကို ခံစားရမည်ဖြစ်သည်။ ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ကိုရီးယားကုန်သွယ်မှုပမာဏကို (၂၀၂၀) ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၂၀၀) ဘီလျံ တိုးမြှင့်ရန် ကတိပြုခဲ့သည်။

**ထိုင်ဝမ်။** ။ ထိုင်ဝမ် (တရုတ်တိုင်ပေ) ကျောင်းသား (၂၀၀) ခန့်နှင့် တက်ကြွလှုပ်ရှားသူများက တရုတ်နှင့်အတူ ချုပ်ဆိုခဲ့သော ကုန်သွယ်ရေးစာချုပ်ကို သဘောတူရန် အစိုးရကကြိုးပမ်းခဲ့သည့်အတွက် မတ်လ (၁၈) ရက် နှောင်းပိုင်းတွင် ပါလီမန်ကို စီးနင်းသိမ်းပိုက်ခဲ့သည်။

မတ်လ (၃၀) ရက်တွင် မြို့တော်ထိုင်ပေ လမ်းမများပေါ်ထွက်၍ လူတစ်သိန်းခန့် ကန့်ကွက်ဆန္ဒပြကြသည်။ ပါလီမန်ကို နှစ်ပတ်ကြာသိမ်းပိုက်ခဲ့သော ကျောင်းသားများကို စာချုပ်ကန့်ကွက်သူများက ထောက်ခံကြသည်။ အနာဂတ်တွင် တရုတ်နိုင်ငံနှင့် သဘောတူစာချုပ်များချုပ်ဆိုခြင်းကို စောင့်ကြည့်စစ်ဆေးပေးနိုင်မည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် စာချုပ်ကန့်ကွက်သူများက တောင်းဆိုကြသည်။ သမ္မတမာရင်ကျိုးသည် ယင်းအချက်ကို ထောက်ခံကာ စာချုပ်ပါအချက်အလက်များကို ပြန်လည်သုံးသပ်ရန် သဘောတူခဲ့သည်။ သို့ရာတွင် ထိုင်ဝမ်ကုမ္ပဏီများအနေဖြင့် တရုတ်ဈေးကွက်တွင် ပိုမိုလက်လှမ်းမီစေမည်ဖြစ်သောကြောင့် စာချုပ်ကို ပယ်ဖျက်ရန်မသင့်ဟု အကြောင်းပြန်ခဲ့သည်။



**ကုန်သွယ်ရေးစာချုပ်ကို မကျေနပ်၍ ဆန္ဒပြကြစဉ်**

မတ်လ (၁၇) ရက်တွင် ပါလီမန်၌ ပူးပေါင်းကော်မတီက သဘောတူခဲ့သည့် ယင်းကုန်သွယ်ရေးစာချုပ်မူကြမ်းကို အတိုက်အခံလွှတ်တော်အမတ်များက သဘောမတူခဲ့ပေ။ ယင်းကုန်သွယ်ရေးစာချုပ်ကြောင့် ထောင်ပေါင်းများစွာသော အလုပ်အကိုင်များဆုံးရှုံးနိုင်ပြီး ထိုင်ဝမ်စီးပွားရေးကို ထိခိုက်ပျက်စီးသွားနိုင်သည့်အတွက် ကန့်ကွက်ခဲ့သည်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းရှင်အုပ်စုများကမူ ယင်းစာချုပ်ကို ထောက်ခံကြသည်။ စာချုပ်အရ နှစ်နိုင်ငံစလုံးသည် ဝန်ဆောင်မှုဈေးကွက်များတွင် ပိုမိုလွတ်လပ်စွာရင်းနှီးမြှုပ်နှံခွင့် ရရှိမည်ဖြစ်သည်။

**ဒေသဆိုင်ရာရွေးကောက်ပွဲကျင်းပခြင်း** -ထိုင်ဝမ်ကျွန်းတွင် မဲပေးနိုင်ရန်မှတ်ပုံတင်သူပေါင်း (၁၈) သိန်းကျော်ရှိပြီး မဲရုံများကို နိုဝင်ဘာလ (၂၉) ရက်တွင် ဖွင့်လှစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။ ယင်းရွေးကောက်ပွဲတွင် ရာထူးနေရာ (၁၁,၀၀၀) ကျော်အတွက် ကိုယ်စားလှယ် (၂၀,၀၀၀) ခန့်ယှဉ်ပြိုင်ကြ

သည်။ ထိုင်ဝမ်သမ္မတရာထူး၊ ဥပဒေပြုလွှတ်တော်ရာထူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရာထူးများကို ကူမင်တန် (Kumintang) (KMT) ပါတီက ထိန်းချုပ်ထားသော်လည်း မကြာမီက ကောက်ယူထားသော စစ်တမ်းများတွင် ကူမင်တန်ပါတီ၏အမာခံနယ်မြေများဖြစ်သော တိုင်ပေနှင့်ထိုင်ချွမ်မြို့ကြီးများတွင်ပါ လူထုထောက်ခံမှုလျော့နည်းခဲ့ကြောင်း ဖော်ပြသည်။ ကူမင်တန်အစိုးရနှင့် တရုတ်နိုင်ငံတို့ အနီးကပ်ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်ခွင့်ပြုထားလျှင် ထိုင်ဝမ်စီးပွားရေးသည် တရုတ်နိုင်ငံကို အလွန်အကျွံမှီခိုနေရမည်ဖြစ်ပြီး ပေါင်းစည်းရေးအတွက်ဖိအားပေးရာတွင် ခံနိုင်ရည်မရှိဖြစ်လာမည်ကို မဲဆန္ဒရှင်အချို့က စိုးရိမ်ကြသည်။ သို့သော် ထိုင်ဝမ်စီးပွားရေးချို့ယွင်းမှုများဖြစ်ပေါ်နေခြင်းကြောင့် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကောင်းရန် လိုအပ်ကြောင်း ကူမင်တန်အစိုးရကို ထောက်ခံသူများက ပြောကြားသည်။ ထိုင်ဝမ်ကျွန်းလွတ်လပ်ရေးတရားဝင်ကြေညာရန် လိုလားလျက်ရှိသော အတိုက်အခံ DPP ပါတီသည် ရွေးကောက်ပွဲတွင်အနိုင်ရပါက တရုတ်နှင့် ထိုင်ဝမ်ဆက်ဆံရေးဆိုးရွားလာမည်ကို KMT ပါတီထောက်ခံသူများက စိုးရိမ်ကြသည်။ တရုတ်နိုင်ငံကမူ ထိုင်ဝမ်ကျွန်းသည် တရုတ်နိုင်ငံမှ ခွဲထွက်ထားသည့် ပြည်နယ်တစ်ခုဖြစ်သည်ဟု ယူဆထားပြီး ပြည်မကြီးနှင့် ထိုင်ဝမ်ကျွန်း ပြန်လည်ပေါင်းစည်းရေးလုပ်ဆောင်ရမည်ဟု တရုတ်နိုင်ငံအစိုးရက ယုံကြည်ထားသည်။

နိုဝင်ဘာလ (၂၉) ရက်တွင် ကျင်းပခဲ့သော ဒေသဆိုင်ရာရွေးကောက်ပွဲတွင် တရုတ်အစိုးရလိုလားသော လက်ရှိအာဏာရအမျိုးသားပါတီက ရှုံးနိမ့်ခဲ့ပြီးနောက် ပါတီ၏ဥက္ကဋ္ဌအဖြစ်မှ သမ္မတမာရင်ကျိုး (Ma Ying-Jeou) က ဒီဇင်ဘာလ (၃) ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။ ထို့ပြင် အစိုးရဝန်ကြီးအဖွဲ့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း ဒီဇင်ဘာလ (၄) ရက် သတင်းများတွင် ဖော်ပြသည်။ ဝန်ကြီးချုပ်ဂျီယမ်ရီဟွေ့ကမူ ရွေးကောက်ပွဲပြီးသောအခါ ရာထူးမှနုတ်ထွက်ခဲ့သည်။ အဓိကအတိုက်အခံပါတီဖြစ်သော ဒီပီပီပါတီက ဆန္ဒမဲနေရာ (၂၂) ခုတွင် (၁၃) နေရာ အနိုင်ရခဲ့သည်။

ရွေးကောက်ပွဲရှုံးနိမ့်မှုကြောင့် အစိုးရအဖွဲ့ဝင် (၈၁) ဦးစလုံးရာထူးမှနုတ်ထွက်ခဲ့ကြသည်။ ယင်းရွေးကောက်ပွဲရလဒ်သည် တရုတ်အစိုးရနှင့် နီးကပ်ရန်ကြိုးစားသည့်ကူမင်တန်ပါတီ၏မူဝါဒကို ထိုင်ဝမ်မဲဆန္ဒရှင်များက ပြတ်သားစွာငြင်းပယ်သောရလဒ်ဖြစ်သည်ဟုမြင်ကြသည်။ ထိုင်ဝမ်သည် တရုတ်ပြည်တွင်း စစ်အပြီး (၁၉၄၉) ခုနှစ်ကတည်းက သီးခြားနိုင်ငံ ထူထောင်ခဲ့ခြင်းဖြစ်သည်။ တရုတ်အစိုးရကမူ ထိုင်ဝမ်ကို တော်လှန်ပုန်ကန်သော လက်အောက်ခံပြည်နယ်အဖြစ် မှတ်ယူခဲ့သည်။

ဒီဇင်ဘာလ (၁၆) ရက်တွင်မူ လက်ရှိသမ္မတစနစ်ကို ပါလီမန်စနစ်ဖြင့် အစားထိုးကျင့်သုံးရေးအဆိုကို နယူးတိုင်ပေမြို့တော်ဝန် အဲရစ်ချူက တင်ပြခဲ့သည်။ ၎င်း၏အဆိုပြုချက်ကို ဆောင်ရွက်ရန်အတွက် အခြေခံဥပဒေပြင်ရမည်ဟု ပြောကြားပြီး ပြင်ဆင်မှုပြုရာတွင်မူ ရိုးသားဖြောင့်မတ်ရန်လိုသောကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ကိုယ်ကျိုးအတ္တအစွဲကင်းရန်လိုကြောင်း ချူကပြောကြားသည်။

**ထိုင်းနိုင်ငံ။** ။ **နိုင်ငံရေးမတည်ငြိမ်မှု** - ထိုင်းနိုင်ငံ၏ နိုင်ငံရေးမငြိမ်သက်မှုမှာ ကာလအတန်ကြာခဲ့သည်။ (၂၀၁၃) ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်ထရာ၏ အစ်ကိုဖြစ်သူ ထိုင်းနိုင်ငံပြင်ပ၌ တိမ်းရှောင်နေသော ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ထိုင်းလွှတ်တော်က အတည်ပြုပေးလိုက်သည်မှစ၍ ထိုဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြသူများ တဖြည်းဖြည်းများပြားခဲ့သည်။

(၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်တွင် အတိုက်အခံကိုထောက်ခံသူများက အစိုးရအဆောက်အအုံများသို့ချီတက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကို ထိန်းချုပ်ခဲ့သည်။ ဒီဇင်ဘာလ (၈) ရက်တွင် လွှတ်တော်တွင်းရှိ အတိုက်အခံအမတ်များက ပါလီမန်မှနုတ်ထွက်ခြင်းဖြင့် ရင်လတ်အစိုးရကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ အတိုက်အခံများသည် ဘန်ကောက်၏အဓိကလမ်းမများကို ပိတ်ဆို့၍ ရင်လတ်အစိုးရ နုတ်ထွက်ပေးရေးကို

အဓိကတွန်းအားပေးကာ ဆန္ဒပြပွဲကြီးများကာလကြာရှည်ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က ဝန်ကြီးချုပ်ရင်လတ်ကိုယ်တိုင် လျှို့ဝှက်နေရာများ၌ ရုံးထိုင်ခဲ့ရသည်။

(၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်တွင် ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်ထရာသည် ရွေးကောက်ပွဲကို သတ်မှတ်ချိန်ထက်စောပြီး ခေါ်ယူမည်ဟု ကြေညာခဲ့သည်။ အတိုက်အခံများက ထိုရွေးကောက်ပွဲကိုလည်း သပိတ်မှောက်မည်ဟုကြေညာသည်။

(၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်တွင် ထိုင်းနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုသည် အဆိုးရွားဆုံးအခြေအနေအထိကျရောက်ခဲ့သောကြောင့် ဇန်နဝါရီလ (၂၁) ရက်တွင် ဘန်ကောက်နှင့်အနီးဝန်းကျင်ဒေသများ၌ အိမ်စောင့်အစိုးရက အရေးပေါ်အခြေအနေကို ရက် (၆၀) သတ်မှတ်ပြီး ကြေညာသည်။ ဖေဖော်ဝါရီလ (၂) ရက်တွင် ရွေးကောက်ပွဲများကို တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့်ပြုလုပ်ခဲ့သော်လည်း ဆန္ဒပြသူများက မဲရုံပေါင်းသောင်းဂဏန်းရှိအရေအတွက်ကို ပိတ်ဆို့ထားမှုများကြောင့် ထိုင်းပြည်သူသန်းနှင့်ချီကာ မဲပေးခွင့်မရရှိခဲ့ကြပေ။

ဖေဖော်ဝါရီလ (၁၁) ရက်တွင် အိမ်စောင့်အစိုးရသည် မဲပေးမှုများနှောင့်ယှက်ခံရသော မဲဆန္ဒနယ်များ၌ ဧပြီလ (၂၇) ရက်တွင် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။ မတ်လ (၁၈) ရက်တွင် ဘန်ကောက်မြို့၏ အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို ရုပ်သိမ်းခဲ့သည်။ မတ်လ (၂၁) ရက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်များ တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ဇူလိုင်လ (၂၀) ရက်၌ ရွေးကောက်ပွဲသစ်ကျင်းပပေးမည်ဟု ဧပြီလ (၃၀) ရက်တွင် အစိုးရကကြေညာခဲ့သည်။ ဤကာလအတောအတွင်း၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရင်လတ်ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရားရုံးက အာဏာအလွဲသုံးစားမှုဖြင့် စစ်ဆေးခံရမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက ဝန်ကြီးချုပ်ရင်လတ်ကိစ္စကို စစ်ဆေးသောအခါတွင် ၎င်းသည် အာဏာအလွဲသုံးမှုစွဲချက်ဖြင့် ပြစ်မှုထင်ရှားသောကြောင့် ရာထူးမှဖယ်ရှားသည့် စီရင်ချက်ကိုချမှတ်ခဲ့သည်။

ထိုင်းနိုင်ငံရေးမငြိမ်သက်မှုများတွင် သက်ဆင်နှင့်ဆက်နွယ်သော အစိုးရပိုင်းမှပုဂ္ဂိုလ်များကို ရာထူးမှဖြုတ်ချရာတွင် အဓိကနေရာမှပါဝင်ခဲ့သည်ဆိုသည့် ၎င်းတရားရုံးက ဝန်ကြီးချုပ်ရင်လတ်သည် (၂၀၁၁) ခုနှစ်တွင် ထိပ်ပိုင်းလုံခြုံရေးတာဝန်ရှိသူတစ်ဦးကို ဌာနရွှေ့ပြောင်းရာတွင် တရားမဝင်လုပ်ဆောင်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ရင်လတ်သည် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံရပြီး အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ခွင့်မရှိတော့ကြောင်း တရားသူကြီးချာရွန်အင်သာချန်က အမိန့်ချမှတ်သည်။ ထိပ်ပိုင်းလုံခြုံရေးတာဝန်ရှိသူတာဝီ၏ ဌာနရွှေ့ပြောင်းမှုကို ထောက်ခံပေးသည့်ဝန်ကြီးကိုးဦးသည်လည်း ရာထူးမှဖယ်ရှားခံခဲ့ရသည်။ ဝန်ကြီးချုပ်ရင်လတ်ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ထိုင်းအစိုးရက အိမ်စောင့် အစိုးရဝန်ကြီးချုပ်အဖြစ် သမဝါယမဝန်ကြီးဖြစ်သူ နီဝပ်တမ်ရောင်ဘွန်ဆောင်ပိုင်ဆန်ကို ခန့်အပ်ရန် သဘောတူခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် ဖောင်သက်သက်ကန်ဂျာနာက ပြောကြားသည်။

ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် (၂၀၀၆) ခုနှစ်တွင် ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရာထူးမှ ဖြုတ်ချခံရပြီးနောက်ပိုင်း ပြင်ဆင်ရေးဆွဲခဲ့သော အခြေခံဥပဒေကို ချိုးဖောက်သည့်အမှုများအား စစ်ဆေးပြီး ဆုံးဖြတ်ချက်ချမှတ်ပေးသည်။ (၂၀၀၈) ခုနှစ်တွင်လည်း သက်ဆင်နှင့်ဆက်နွယ်သော ဝန်ကြီးနှစ်ဦးကို ရာထူးမှဖယ်ရှားခဲ့သည်။ ထို့ပြင် ယခုနှစ်ဖေဖော်ဝါရီလက ရင်လတ်အစိုးရခေါ်ယူသည့် ရွေးကောက်ပွဲရလဒ်သည်လည်း တရားမဝင်ကြောင်း ၎င်းတရားရုံးကပင် မတ်လတွင် ကြေညာခဲ့သည်။

တရားရုံးက ဖေဖော်ဝါရီလ (၂) ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ် ပျက်ပြယ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် ဖြုတ်ချခံဝန်ကြီးချုပ်ရင်လတ်အတွက် နိုင်ငံရေးပွတ်တိုက်ခံရမှုအနေဖြင့်တည်ရှိသည်။ ယင်းရွေးကောက်ပွဲ၌ လက်ရှိအာဏာရဖြူထိုင်း

ပါတီ အောင်ပွဲဆင်နိုင်လင့်ကစား ပြည်သူ့ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကော်မတီမှ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများက ရွေးကောက်ပွဲပျက်ပြားအောင် နှောင့်ယှက်ခဲ့ကြသည်ဟု တရားရုံးကကောက်ချက်ချသည်။ မေလ (၉) ရက်တွင် ပီဒီအာစီ၏ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်းက အစိုးရအဖွဲ့၏ လက်ကျန်ဝန်ကြီးများ နုတ်ထွက်ပေးရေးအထိ အစွမ်းကုန်ဆန္ဒပြကြရန် တိုက်တွန်းခဲ့သည်။ ရွေးကောက်ပွဲကို ဇူလိုင်လ (၂၀) ရက်တွင် ထပ်မံကျင်းပရန် ရက်သတ်မှတ်လိုက်သော်လည်း ဒီမိုကရက်တို့က သပိတ်မှောက်ခဲ့ကြသည်။ ပြည်သူ့ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးကော်မတီကလည်း ရွေးကောက်ပွဲပျက်အောင် နှောင့်ယှက်မည်ဟုဆိုသည်။

ထိုစဉ်အတွင်း မေလ (၈) ရက်တွင် ထိုင်းနိုင်ငံတရားရုံးက ဝန်ကြီးချုပ်ရင်လတ်အား နိုင်ငံတော်အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် နိုင်ငံတော်၏ ဆန်စပါးဝယ်ယူရေးစီမံကိန်းနှင့်ပတ်သက်ပြီး တာဝန်ပေါ့ဆမှုရှိသည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အဆိုပါစီမံကိန်းသည် ထိုင်းနိုင်ငံမြောက်ပိုင်း ကျေးလက်ဒေသများ၌ ရေပန်းစားခဲ့ပြီး တောင်သူလယ်သမားသန်းပေါင်းများစွာ၏ မဲများကို ရင်လတ်ရယူခဲ့ရာတွင် အဓိကကျသည်။ အရှုံးပေါ်ခဲ့ရသော ဆန်စပါးဝယ်ယူရေးစီမံကိန်းအရ ရင်လတ်တွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့ခြင်းကြောင့် ၎င်းအား လွှတ်တော်တွင် ခုံရုံးဖွဲ့၍ ကြားနာစစ်ဆေးရန် သင့်၊ မသင့် အထက်လွှတ်တော်က မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ (၂၀၁၁) ခုနှစ်တွင် စတင်ခဲ့သော ဆန်စပါးဝယ်ယူရေး စီမံကိန်းအရ လယ်သမားများအား ဈေးကွက်ပေါက်ဈေးထက် ကျော်လွန်သောနှုန်းဖြင့် ငွေပေးချေခဲ့သဖြင့် ဘဏ္ဍာရေးပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ရင်လတ်သည် ပြစ်မှုထင်ရှားပါက နိုင်ငံရေးလောကမှ ငါးနှစ်ပိတ်ပင်ခံရမည် ဖြစ်သည်။

နိုင်ငံရေးမတည်ငြိမ်မှုသည် ဝန်ကြီးချုပ်ရင်လတ်ကို ရာထူးမှ ရပ်ဆိုင်းပြီးနောက် ဆက်လက်ဖြစ်ပွားခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းရင်လတ်ကို ထောက်ခံသူ ရှပ်နီများအုပ်စုနှင့် အတိုက်အခံများကို ထောက်ခံသူ ရှပ်ဝါအုပ်စု ထိပ်တိုက်တွေ့ဆုံကြသည်။ နိုင်ငံတွင်း ဖြစ်ပွား




**အတိုက်အခံများက ရင်လတ်အစိုးရကို ဆန္ဒပြစဉ်**

နေသည့် နိုင်ငံရေးအကြမ်းဖက်မှုများပိုမိုပြင်းထန်လာပါက အင်အားသုံးနှိမ်နင်းမည်ဖြစ်ကြောင်း ထိုင်းစစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက မေလ (၁၅) ရက်တွင် သတိပေးပြောကြားသည်ဟု အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။ နိုင်ငံရေးအကျပ်အတည်းနှင့်ဆက်စပ်သော ခြောက်လကြာ ဆူပူအုံကြွမှုများကြောင့်လူ (၂၈) ဦး သေဆုံးပြီး ရာပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။

ဇွန်လ (၂၀) ရက်တွင် ကျင်းပရန်သတ်မှတ်ထားသည့် လွှတ်တော်ရွေးကောက်ပွဲများကို နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရွှေ့ဆိုင်းရန်လိုအပ်ကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က မေလ (၁၅) ရက်က ထုတ်ပြန်ပြောဆိုခဲ့သည်။ ဘန်ကောက်မြို့ရှိ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများကို တိုက်ခိုက်မှုဖြစ်ပွားခဲ့သောကြောင့် လူသုံးဦးသေဆုံးခဲ့ပြီးနောက် ကော်မရှင်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အတိုက်အခံဆန္ဒပြသူများသည် အစိုးရနှင့် ရွေးကောက်ပွဲအရာရှိများ အစည်းအဝေးကျင်းပနေသည့် အဆောက်အအုံတစ်ခုကိုပင် ဝင်ရောက်စီးနင်းခဲ့သောကြောင့် ကြားဖြတ်အစိုးရ၏ ယာယီဝန်ကြီးချုပ် နီဝပ်တမ်ရောင်ဘွန်ဆောင်ပိုင်ဆန်နှင့် အခြားဝန်ကြီးများအစည်းအဝေးခန်းမမှ ထွက်ခွာခဲ့ရသည်။ ရွေးကောက်ပွဲကော်မရှင် အထွေထွေအတွင်းရေးမှူး ပူချွန်နူထရာဝန်က ဩဂုတ်လအစောပိုင်းတွင် ရွေးကောက်ပွဲကျင်းပရန် ဖြစ်နိုင်သော်လည်း အချိန်စောလွန်းနေသေးကြောင်း၊ ဆန္ဒပြသူများက သဘော

မတူပါကလည်း ရွေးကောက်ပွဲကို ကျင်းပ၍မရကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းရင်လတ်ကို ထောက်ခံသူများက ထိုင်းနိုင်ငံ၏လက်ရှိအနေအထားသည် ရွေးကောက်ပွဲကော်မရှင်၊ အစိုးရဆန့်ကျင်ရေးလှုပ်ရှားသူများနှင့် တရားရေးကဏ္ဍတို့ ပူးပေါင်းပြီး အာဏာသိမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထိုင်းတပ်မတော်မှ အာဏာသိမ်းခြင်း** - မေလ (၂၀) ရက်တွင် ထိုင်းတပ်မတော်သည် နိုင်ငံ၏လုံခြုံရေးအာဏာကို လွှဲပြောင်းရယူကြောင်းထုတ်ပြန်ခဲ့သည်။ ထိုင်းတပ်မတော်၏လုပ်ဆောင်မှုသည် နိုင်ငံတွင်းငြိမ်ဝပ်ပိပြားမှုရှိလာစေရေးအတွက် လုပ်ဆောင်ခြင်းသာဖြစ်ပြီး အာဏာသိမ်းမှုမဟုတ်ကြောင်း စစ်ဦးစီးချုပ်ပရာယုချန်အိုချာက ပြောဆိုခဲ့သည်။ ကြားဖြတ်အစိုးရ၏ အုပ်ချုပ်ခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ကြောင်း၊ လုံခြုံရေးတာဝန်ကိုသာ လွှဲပြောင်းရယူကြောင်းနှင့် မထုတ်ပြန်မီကလည်း ဝန်ကြီးအဖွဲ့ဝင်များကို ကြိုတင်အသိပေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်အရာရှိများက ပြောကြားသည်။ နိုင်ငံတည်ငြိမ်မှုရှိမှသာ လုံခြုံရေးတာဝန်လွှဲပြောင်းရယူခြင်း အဆုံးသတ်မည်ဟုလည်း ပရာယုကပြောကြားခဲ့သည်။

ထိုင်းတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများစတင်ခဲ့သည့် (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလမှစပြီး လူ (၂၈) ဦးသေဆုံးကာ (၇၀၀) ကျော် ဒဏ်ရာရရှိခဲ့ပြီးဖြစ်သည်။ မြို့တော်တွင်း လုံခြုံရေးဆိုင်ရာ အရှုပ်အထွေးများ ရှိလာမည်ကို စိုးရိမ်သောကြောင့် အစိုးရဆန့်ကျင်သူများနှင့်ထောက်ခံသူများသည် သက်ဆိုင်ရာသပိတ်စခန်းများတွင် ဆက်လက်မနေထိုင်ရန် စစ်တပ်က သတိပေးခဲ့သည်။ စစ်တပ်က မီဒီယာများကိုလည်း လုံခြုံရေးထိခိုက်မည့်အကြောင်းအရာများကို ထုတ်လွှင့်တင်ဆက်ခြင်းမပြုရန် သတိပေးခဲ့ပြီး ရုပ်သံလိုင်း (၁၀) ခုကိုလည်း ရပ်ဆိုင်းစေခဲ့သည်။

ကြားဖြတ်အစိုးရဝန်ကြီးချုပ် နီဝပ်တမ်ရောင်ဘွန်ဆောင်ပိုင်ဆန်က စစ်တပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ လုပ်ဆောင်စေလိုကြောင်း သတိပေးပြောဆိုခဲ့သည်။ ထိုင်းစစ်တပ်သည် ထိုင်းနိုင်ငံတွင် သက်ဦးဆံပိုင်ဘုရင်စနစ်အဆုံးသတ်သည့် (၁၉၃၂) ခုနှစ်မှစပြီး (၁၁) ကြိမ် အာဏာသိမ်းခဲ့သည်။ (၁၉၁၄) ခုနှစ် လုံခြုံရေးဆိုင်ရာဥပဒေအရ နိုင်ငံတွင်းအထွေထွေယိုယွင်းပျက်စီးမှုများရှိလာပါက စစ်တပ်သည် အရပ်ဘက်အဖွဲ့အစည်းများအပေါ် အာဏာသိမ်းယူအုပ်ချုပ်ခွင့်ရှိသည်။

ထိုင်းနိုင်ငံ၌ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်လိုက်ပြီး တစ်ရက်အကြာတွင် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက မျက်နှာချင်းဆိုင်ဆွေးနွေးနိုင်ရန် နိုင်ငံအတွင်းရှိ အဓိကနိုင်ငံရေးပြိုင်ဘက်များကို ဖိတ်ခေါ်ခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် မြို့တော်ဘန်ကောက်ရှိ အဓိကကျသော လမ်းဆုံလမ်းခွများ၌ နေရာယူခဲ့ကြသော စစ်သည်များကို တစ်ရက်အကြာတွင် ပြန်လည်ရုပ်သိမ်းခဲ့ရာ မြို့တော်သည် ပုံမှန်အခြေအနေအတိုင်း အသွားအလာမပျက်ရှိခဲ့သည်။

နိုင်ငံရေးပြဿနာဖြေရှင်းရေး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခံရသူများတွင် ခေတ္တဝန်ကြီးချုပ်၊ အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများ၏ ခေါင်းဆောင် ဆူသက်သောင်ဆူဘန်နှင့် ၎င်း၏ပြိုင်ဘက်အစိုးရကိုလိုလားသော ရှပ်နီအုပ်စုခေါင်းဆောင် ဂျာတူပွန်းပရွှန်ပန်းတို့ပါဝင်သည်။ ၎င်းအပြင် အာဏာရပွေ့ထိုင်းပါတီ၊ အတိုက်အခံဒီမိုကရက်တစ်ပါတီခေါင်းဆောင်များ၊ အဖွဲ့ဝင်ငါးဦးပါ ရွေးကောက်ပွဲကော်မရှင်နှင့် အထက်လွှတ်တော်မှ ကိုယ်စားလှယ်များကိုလည်း တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။ သို့သော် ဒုတိယမြောက်နေ့တွင် ဆွေးနွေးပွဲပျက်ပြားခဲ့သည်။ ထို့နောက် ထိုင်းတပ်ဖွဲ့ဝင်များက နှစ်ဘက်ဆန္ဒပြခေါင်းဆောင်များကို စစ်ဌာနချုပ်အနီးရှိ စခန်းသို့ ခေါ်ဆောင်ခဲ့သည်။

မေလ (၂၂) ရက်တွင် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းရေးအတွက် အာဏာကိုရယူလိုက်ကြောင်းနှင့် အာဏာရယူခြင်းသည် ဒေသစံတော်ချိန် (၁၇း၀၀) နာရီမှစ၍ အသက်ဝင်ကြောင်း ရုပ်မြင်သံကြားသတင်းဌာနမှ ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်သို့ မိန့်ခွန်းပြောကြားရာတွင် ဗိုလ်ချုပ်

ကြီးက ထိုင်းတပ်မတော်အနေဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရန်အတွက် အာဏာကိုရယူရန်လိုအပ်သည်ဟု ပြောကြားသည်။ နိုင်ငံပုံမှန်အခြေအနေပြန်ရောက်ရန်အတွက် ကြည်းတပ်၊ ထိုင်းလက်နက်ကိုင်တပ်ဖွဲ့၊ တော်ဝင်လေတပ်နှင့် ရဲတပ်ဖွဲ့ပါဝင်သော ငြိမ်းချမ်းရေးထိန်းသိမ်းရေး အမျိုးသားကော်မတီသည် မေလ (၂၂) ရက် ညနေတွင် လွှဲပြောင်းရယူကြောင်းကြေညာသည်။ အာဏာသိမ်းရန်အတွက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအမျိုးသားကော်မတီကို



**ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အာဏာရယူကြောင်း ကြေညာစဉ်**

ဖွဲ့စည်းခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်လိုအပ်သဖြင့် အာဏာသိမ်းခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးက ပြောကြားပြီး ပြည်သူများအား ပုံမှန်သွားလာနေထိုင်ကြရန် ပန်ကြားသည်။ အုပ်ချုပ်ရေးအာဏာလွှဲပြောင်းရယူခြင်းသည် နိုင်ငံတကာဆက်ဆံရေးကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံခြားသားများကို အကာအကွယ်ပေးမည်ဟု ကတိကဝတ်ပြုပါကြောင်းနှင့် ယခင်အစိုးရ ကတိပြုထားသည့်အတိုင်း ထိုင်းနိုင်ငံ၏ နိုင်ငံခြားတိုင်းပြည်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးမထိခိုက်အောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အာဏာသိမ်းပြီး မကြာမီ ညမထွက်ရ အမိန့်ထုတ်ပြန်သည်။ ထို့ပြင် ထိုင်းတပ်မတော်က ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်ဌာနအားလုံးကို ၎င်းတို့၏ပုံမှန်အစီအစဉ်များကို ရပ်ဆိုင်းရန်နှင့် ပြည်သူများအတွက် တပ်မတော်နှင့်ပတ်သက်သော ထုတ်လွှင့်ချက်များကိုသာ ထုတ်လွှင့်ပြသကြရန် ညွှန်ကြားသည်။

ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာက အာဏာသိမ်းပြီးနောက်တစ်ရက်တွင် နိုင်ငံ့ဝန်ထမ်းများကို ၎င်း၏အစီအစဉ်များချပြပြီး ရွေးကောက်ပွဲမကျင်းပနိုင်သေးမီ ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက်စစ်တပ်က ဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာနှင့် ၎င်း၏အရှိန်အဝါကြီး ဆွေမျိုးသားချင်းများနှင့် ဝန်ကြီးဟောင်းများအပါအဝင် ပုဂ္ဂိုလ် (၂၂) ဦးတို့ကို စစ်ဌာနချုပ်၌ ကျင်းပသည့် အစည်းအဝေးသို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။ ထို့ပြင် စစ်တပ်သည် ရင်လတ်နှင့် အစိုးရအဖွဲ့မှ ဝန်ကြီးဟောင်းအပါအဝင် နာမည်ကြီးပုဂ္ဂိုလ် (၁၅၅)ဦးကို ထိုင်းနိုင်ငံမှထွက်ခွာခွင့်ပိတ်ပင်ကြောင်း အမိန့်ထုတ်ပြန်ပြီး ဘုရင်နှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခေတ္တရပ်ဆိုင်းထားကြောင်း ကြေညာသည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများကိုလည်း ပိတ်ထားရန်ညွှန်ကြားသည်။

စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာကို စစ်အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲအဖြစ် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်က တရားဝင် အသိအမှတ်ပြုခဲ့သည်။ ဘန်ကောက်တွင်ကျင်းပသည့် အကြီးအကဲအဖြစ် အသိအမှတ်ပြုသည့် အခမ်းအနားအပြီး မိန့်ခွန်းတွင် ဗိုလ်ချုပ်ကြီးပရာယုက ဥပဒေစိုးမိုးရေးကို အဓိကထားကိုင်တွယ်ကာ ထိုင်းနိုင်ငံရေးပြန်လည် တည်ငြိမ်တိုးတက်လာအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် စစ်အုပ်ချုပ်ရေး ကာလအတွင်း နိုင်ငံရေးဆန္ဒပြမှုများဖြစ်ပွားလာပါက ၎င်းတွင် ရွေးစရာလမ်းမရှိသဖြင့် နှိမ်နင်းခြင်းအမှုကိုသာ ပြုရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲအမြန်ဆုံးကျင်းပနိုင်အောင်ကြိုးပမ်းသွားမည်ဟု ဗိုလ်ချုပ်ကြီး

ပရာယုက ကတိပေးထားသော်လည်း မည်သည့်အချိန်တွင် ကျင်းပပေးမည်ကိုမူ ထည့်သွင်းပြောကြားခြင်းမရှိပေ။ စစ်အာဏာသိမ်းမှုကို ကန့်ကွက်ဆန္ဒပြမှုများလည်း ဘန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သည်။

ထိုင်းစစ်ဦးစီးချုပ်က နိုင်ငံအနာဂတ်အတွက် တာဝန်ရှိသူများနှင့် အစီအစဉ်များရေးဆွဲရန် ဆွေးနွေးချိန်တွင် ထိုင်းနိုင်ငံ၌ နိုင်ငံရေးဆက်နွယ်ဖမ်းဆီးမှုနှင့် မီဒီယာဆင်ဆာပြုလုပ်မှုများကို လုပ်ဆောင်ခဲ့သည်။ မကြာသေးမီက ထိုင်းစစ်တပ်သည် ပြိုင်ဘက်နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရေးဝန်ကြီးဟောင်းအပါအဝင် ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခဲ့သည်။

စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရာယုချန်အိုချာသည် ဗဟိုနှင့်ဒေသဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံခဲ့ပြီး နိုင်ငံကို ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုသို့ ပြန်မသွားမီ အဆင့်သုံးဆင့်ဖြင့် ရှေ့ဆက်ရန် အစီအစဉ်ချပြခဲ့သော်လည်း ကြာမြင့်မည့်အချိန်ကို မထုတ်ပြန်ခဲ့ပေ။ ပထမအဆင့်တွင် နိုင်ငံကိုအထူးဥပဒေဖြင့် အုပ်ချုပ်ပြီး ယင်းနောက် အမျိုးသားလွှတ်တော်နှင့် ပြုပြင်ပြောင်းလဲရေးကောင်စီ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ယင်းနောက်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြင်ဆင်ရမည်ဖြစ်ကြောင်း စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ် ဆီရီချန်ဂါသောင်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် စစ်တပ်မှအာဏာသိမ်းပြီးနောက် တရားမဝင်နေထိုင်သူများကို ဖမ်းဆီးသည့် စစ်ဆင်ရေးတစ်ရပ်ကို ထိုင်းမြန်မာနယ်စပ်ရှိ မဲဆောက်မြို့တွင် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံသား (၂၀၀) နီးပါး ဖမ်းဆီးခံခဲ့ရသည်ဟုလည်း သတင်းများက ဖော်ပြကြသည်။ တာ့ခ်ခရိုင်အတွင်း မဲဆောက်အပါအဝင် မြို့နယ်ကိုးမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် မြန်မာရွှေ့ပြောင်းလုပ်သား နှစ်သိန်းကျော် ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး အထောက်အထားမဲ့ မြန်မာနိုင်ငံသားအလုပ်သမားများကို ဇွန်လ (၃) ရက်တွင် မဲဆောက်မြို့ပြင်ရှိ ဘန့်စောင်ခွဲရပ်ကွက်တွင် ဒေသခံထိုင်းစစ်တပ်၊ ရဲ၊ လူဝင်မှုကြီးကြပ်ရေး၊ နယ်ခြားစောင့်တပ်နှင့် မဲဆောက်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အပါအဝင် ပူးပေါင်းအဖွဲ့များက ဝင်ရောက်စစ်ဆေးဖမ်းဆီးခြင်းဖြစ်သည်။

ထို့အပြင်အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို လက်ခံထားသည့်ထိုင်းအိမ်ပိုင်ရှင်များ နှင့် နေထိုင်ခွင့်ပြုထားသည့် လုပ်ငန်းရှင်များကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟုလည်း ထိုင်းအာဏာပိုင်များက ပြောကြားသည်ဟု သတင်းများက ဖော်ပြသည်။

ထိုင်းစစ်တပ်မှ အာဏာသိမ်းပြီးနောက် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာကို သစ္စာခံသည်ဟုယူဆရသော အရာရှိတို့၏အာဏာကို ရုပ်သိမ်းရန် စနစ်ကျသောအပြောင်းအလဲတစ်ရပ်ကို လုပ်ဆောင်လျက်ရှိကြောင်း ရိုက်တာသတင်းဌာနက ဇွန်လ (၆) ရက် ရက်စွဲဖြင့် ဖော်ပြသည်။ ထိုင်းစစ်အစိုးရ၏ ငြိမ်းချမ်းရေးနှင့် အမိန့်အာဏာ ထိန်းသိမ်းရေးအမျိုးသားကောင်စီသည် သက်ဆင်ကိုလိုလားသည့် မြောက်ပိုင်းနှင့်အရှေ့မြောက်ပိုင်းမှ ပြည်နယ် (၁၃) ခု၏ အုပ်ချုပ်ရေးမှူးများကို နေရာရွှေ့ပြောင်းခဲ့သည်။

စစ်အစိုးရသည် ရဲတပ်ဖွဲ့ကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုင်းရဲတပ်ဖွဲ့သည် ဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာ၏ လက်ကိုင်တုတ်ဟု ရှုမြင်ခြင်းခံထားရသည်။ သက်ဆင်သည် ၎င်း၏ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မနုတ်ထွက်မီအထိ ရဲအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သက်ဆင်သည် (၂၀၀၆) ခုနှစ် အာဏာသိမ်းမှုတွင် ဝန်ကြီးချုပ်အဖြစ်ဖြုတ်ချခံခဲ့ရပြီး ၎င်း၏နိုင်ငံရေးဩဇာကို ထိန်းချုပ်ရန်အတွက် စစ်တပ်က ကျောထောက်နောက်ခံပြုပေးထားသော အစိုးရအဖွဲ့၏လက်အောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည်။ သို့သော် ညီမရင်လတ်သည် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး (၂၀၁၁) ခုနှစ်၌ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထို့ကြောင့် စစ်တပ်က ယခုတစ်ကြိမ်တွင် သက်ဆင်သာမကဘဲ ၎င်း၏မိသားစုဝင်များကိုပါ နိုင်ငံရေးလောကသို့ ပြန်မလာနိုင်စေရေးသေချာအောင် ရည်ရွယ်လုပ်ဆောင်လိမ့်မည်ဟု နိုင်ငံရေးအကဲခတ်များက ဟောကိန်းထုတ်ကြသည်။

စစ်တပ်သည် သဘောထားကွဲလွဲနေသည့် နှစ်ဖက်စလုံးမှ နိုင်ငံရေးသမားများကို ဖမ်းဆီးခဲ့သော်

လည်း သက်ဆင်ကိုထောက်ခံသော ရှပ်နီအဖွဲ့မှာ ပိုမိုအဖမ်းခံခဲ့ရသည်။ သက်ဆင်ကို ထောက်ခံသည့် ရေဒီယိုအသံလွှင့်ဌာနများ အပိတ်ခံခဲ့ရပြီး ၎င်းကို ထောက်ခံသူအချို့၏ ငွေကြေးများကို ဘဏ်များက ထိန်းချုပ်ခဲ့သည်။

ထိုင်းစစ်တပ်က တင်ပြခဲ့သည့် နိုင်ငံတွင်းတစ်နှစ်အကြာတွင် နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားသော ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်က ဇူလိုင်လ (၂၂) ရက်တွင် အတည်ပြုထောက်ခံကြောင်းဒေသတွင်း သတင်းများကဖော်ပြသည်။

ထိုင်းဘုရင်သည် ဗိုလ်ချုပ်ကြီးပရာယုချန်အိုချာကို ပထမဆုံးအကြိမ် တွေ့ဆုံခွင့်ပြုခဲ့သည်။ ၎င်းတို့တွေ့ဆုံပြီးနောက် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးခဲ့သည်ဟု ဗိုလ်မှူးကြီးဆီရီချန်းငါသွန်းကပြောကြားသည်။

အမေရိကန်နှင့်ဥရောပသမဂ္ဂတို့က ဒီမိုကရေစီစနစ်ကို အမြန်ဆုံးပြန်လည်ကျင့်သုံးရန် တောင်းဆိုခဲ့သော်လည်း ဗိုလ်ချုပ်ကြီးပရာယုသည် (၂၀၁၅) အောက်တိုဘာ နောက်ပိုင်းမှသာ ရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ဖွဲ့စည်းပုံ၌ စစ်တပ်က နိုင်ငံကိုမည်သည့်နည်းလမ်းဖြင့် အုပ်ချုပ်မည်နှင့် နိုင်ငံရေးစနစ်ကို မည်ကဲ့သို့ ပြုပြင်ပြောင်းလဲမည်ဆိုသည့်အချက်များပါရှိရမည်ဖြစ်သည်။

စစ်တပ်၏ရည်ရွယ်ချက်မှာ ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်၏ဩဇာကို လုံးဝဖျက်သိမ်းရန်ဖြစ်သော်လည်း စစ်အစိုးရနှင့် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတို့ကြောင့် သက်ဆင်အား ကျေးလက်နေအခြေခံလူတန်းစားများက ထောက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက ဟောကိန်းထုတ်ကြသည်။

ထိုင်းတွင် ဘုရင်မျိုးနွယ်ကိုထောက်ခံသူများသည် လာမည့်ရွေးကောက်ပွဲများတွင် သက်ဆင်ကိုထောက်ခံသူများ အနိုင်မရရှိရေးအတွက် မသမာသည့်နည်းလမ်းများ သုံးကြမည်ဖြစ်ကြောင်း နိုင်ငံရေးအကဲခတ်များက ဆက်၍ဟောကိန်းထုတ်ကြသည်။

ဩဂုတ်လ (၂၁) ရက်တွင် ဗိုလ်ချုပ်ကြီး ချန်အိုချာကို စစ်တပ်၏ ရွေးချယ်ခန့်အပ်ခြင်းခံထားရသည့် အမျိုးသားညီလာခံက ကိုယ်စားလှယ် (၁၉၇) ဦး အနက် (၁၉၁) ဦးက ထောက်ခံပြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်သည်။

**နိုင်ငံတကာ၏သဘောထားများ** - အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက စစ်တပ်အနေဖြင့် အာဏာသိမ်းရန်အကြောင်းပြချက်မရှိကြောင်း၊ အာဏာသိမ်းမှုသည် ထိုင်း-အမေရိကန်ဆက်ဆံရေး အထူးသဖြင့် စစ်ဘက်ဆိုင်ရာဆက်ဆံရေးထိခိုက်စေနိုင်ကြောင်း ပြောကြားသည်။ ရှေ့ဆက်သွားမည့် လမ်းစဉ်တွင် ပြည်သူ့ဆန္ဒထင်ဟပ်စေမည့် ရွေးကောက်ပွဲကို စောစီးစွာကျင်းပပေးသင့်သည်ဟု ဂျွန်ကယ်ရီက ပြောကြားပြီး ထိန်းသိမ်းခံနိုင်ငံရေးသမားများကိုလွှတ်ပေးရန် တောင်းဆိုသည်။

ထိုင်းနိုင်ငံ၏ အဓိကကုန်သွယ်ရေးမိတ်ဖက် ဥရောပသမဂ္ဂ၏ပြည်ပရေးရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ထိုင်းနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ရှင်သန်ရေးအတွက် ရှင်းလင်းသောအစီအစဉ်ကို ထုတ်ပြန်မှသာ ထောက်ပံ့မှုဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။ ဖမ်းဆီးထားသော နိုင်ငံရေးသမားများအားလုံးကို ပြန်လွှတ်ပေးရန်နှင့် မီဒီယာဆင်ဆာပြုလုပ်မှုများကို ဖယ်ရှားရန် ထိုင်းစစ်အစိုးရခေါင်းဆောင်များအား တိုက်တွန်းကြောင်း ၎င်းကပြောကြားခဲ့သည်။ ထိုင်းစစ်တပ်သည် အာဏာသိမ်းပြီးနောက် ဖြုတ်ချခံအစိုးရခေါင်းဆောင်များ၊ အစိုးရအတိုက်အခံခေါင်းဆောင်များအပါအဝင် လူပေါင်း (၁၂၀) ကျော်ကို ဆင့်ခေါ်ကာ ဖမ်းဆီးခဲ့ပြီး လျှို့ဝှက်နေရာများတွင် သီတင်းပတ်တစ်ပတ်အထိ စွဲချက်မတင်ဘဲ ထိန်းသိမ်းခဲ့သည်။ မေလ (၂၉) ရက်တွင် ထိုင်းစစ်အစိုးရက လူပေါင်း (၂၀) နီးပါးကို ထပ်မံဆင့်ခေါ်ပြီး ဖမ်းဆီးခဲ့သည်။

ထိုင်းစစ်တပ်၏ အာဏာသိမ်းမှုနှင့်ပတ်သက်၍ အနောက်နိုင်ငံများနှင့် ဥရောပသမဂ္ဂနိုင်ငံများက သဘောမတူကြောင်း ပြောဆိုနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ထိုင်းအာဏာသိမ်းစစ်အစိုးရကို အသိ

အမှတ်ပြုကြောင်း ပြောဆိုခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဇွန်လ (၆) ရက် ရက်စွဲဖြင့် ဖော်ပြခဲ့သည်။

ထိုင်းစစ်တပ်အနေဖြင့်လည်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံများက ၎င်း၏အာဏာသိမ်း စစ်အစိုးရအပေါ် အားပေးထောက်ခံမှုများပြုလုပ်နေသည်ဟု ဇွန်လ (၅) ရက်က ပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံ၌ စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်း အမေရိကန်အစိုးရက ၎င်းတို့ပူးတွဲလုပ်ကိုင်မည့် စစ်ရေးလုပ်ငန်းများကို ဖျက်သိမ်းခဲ့သည်။ ဩစတြေးလျနိုင်ငံက ထိုင်းနိုင်ငံနှင့်ဆက်ဆံမှုကို ဇွန်လ (၁) ရက်မှစပြီး အဆင့်လျှော့ချသည်။ ထို့ပြင် အာဏာသိမ်းစစ်တပ်ခေါင်းဆောင်များကို ခရီးသွားလာခွင့်ပြုခြင်းနှင့် ပူးတွဲကာကွယ်ရေးလုပ်ငန်းများ ဖြတ်တောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးသည် နိုင်ငံတကာထောက်ခံမှုများ ရရှိနိုင်ရေးအတွက် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်ခဲ့ရာ မြန်မာနိုင်ငံသို့ ဇွန်လ (၂) ရက်တွင် ပထမဆုံး ရောက်ရှိသည်။ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံကာ ထိုင်းနိုင်ငံအာဏာသိမ်းအစိုးရ၏ ဒီမိုကရေစီ ပြန်လည်ပေးအပ်နိုင်ရေး အဆင့်သုံးဆင့်ပါ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုသည်။ အာဆီယံနိုင်ငံများအနေဖြင့် ထိုင်းအာဏာသိမ်းမှုနှင့်ပတ်သက်၍ အစည်းအဝေးခေါ်ယူရန် အစီအစဉ် မဖြစ်နိုင်ကြောင်း၊ အာဆီယံနိုင်ငံများသည် ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်သည့် အာဆီယံမူဝါဒနှင့်အညီ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရှင်းလင်းချက်နှင့်ပတ်သက်၍ မြန်မာဘက်မှနားလည်ပါကြောင်းနှင့် ထိုင်းအစိုးရအနေဖြင့် အဆင့်သုံးဆင့်ပါ အစီအစဉ်အတိုင်း ဆက်လက်ကျင့်သုံးမည်ဟု ယုံကြည်ပါကြောင်းကို မြန်မာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**စစ်တပ်၏အာဏာသိမ်းမှုကို ဆန့်ကျင်မှုများပေါ်ပေါက်ခြင်း** - ထိုင်းစစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်သူများက ဘန်ကောက်မြို့တွင်းရှိ နေရာများစွာတွင်စုဝေးပြီး ဆန္ဒပြမှုများကို ရှောင်တခင်ပြုလုပ်မည်ဖြစ်ကြောင်း ကြွေးကြော်ထားသောကြောင့် ထိုင်းစစ်တပ်သည် ဇွန်လ (၈) ရက်တွင် ဘန်ကောက်မြို့တွင်း၌ လုံခြုံရေးကို အထူးတင်းကျပ်ထားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။ အာဏာသိမ်းမှုဆန့်ကျင်ရေးဆန္ဒပြပွဲများ ကြိုကြားကြိုကြားပေါ်ပေါက်နေခဲ့သည်။ ဆန္ဒပြသူများသည် Hunger Games ရုပ်ရှင်ကားပါ လက်သုံးချောင်းထောင် ကန့်ကွက်ဆန္ဒပြမှုကို အတုခိုး၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဘန်ကောက်မြို့တွင်းရှိ နေ့စဉ်ဆန္ဒပြမှုများကို ရဲတပ်ဖွဲ့ဝင်အနည်းငယ်ကသာ စောင့်ကြည့်ခဲ့ပြီး ဆန္ဒပြသူအနည်းငယ်ကိုသာ ဖမ်းဆီးခဲ့သော်လည်း အင်အားသုံးနှိမ်နင်းခြင်းကို မပြုလုပ်ခဲ့ချေ။ ရှောင်တခင်ဆန္ဒပြမှုများ ပြုလုပ်ရန် အွန်လိုင်းမှတစ်ဆင့် လှုံ့ဆော်နေသည့် အာဏာသိမ်းမှုဆန့်ကျင်ရေးဆန္ဒပြခေါင်းဆောင် ဆွမ်ဘတ်ဘွန်ငါမာနွန်အား ဖမ်းမိပြီဖြစ်ကြောင်း ဇွန်လ (၇) ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အတိုက်အခံ ရှပ်နီများကြီးစိုးရာ အရှေ့မြောက်ပိုင်းပြည်နယ် ခွန်ကန်သို့ ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာပထမဆုံးအကြိမ်သွားရောက်မိန့်ခွန်းပြောကြားစဉ် ကျောင်းသားများက Hunger Games ဇာတ်ကားအတိုင်း အလေးပြုခဲ့သောကြောင့် ဖမ်းဆီးခံခဲ့ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

Hunger Games ဇာတ်ကားမှာ စာရေးဆရာမ ဆူဆန်ကောလင်း၏ နာမည်ကျော်စာအုပ်အတွဲကို ရုပ်ရှင်အဖြစ် အသက်သွင်းထားသည့် ဇာတ်ကားဖြစ်ပြီး အာဏာရှင်စနစ်ကို ဆန့်ကျင်သည့်ဇာတ်ကားဖြစ်သည်။ ယခုနှစ်မေလတွင် ထိုင်းစစ်တပ်အာဏာသိမ်းအပြီး၌ အတိုက်အခံများသည် Hunger Games ဇာတ်ကားမှ သရုပ်ဆောင်များကဲ့သို့ လက်သုံးချောင်းထောင်ကာ စစ်တပ်ကိုဆန့်ကျင်ကြောင်း ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြသခဲ့သည်။ ထိုင်းနိုင်ငံတွင် စစ်အုပ်ချုပ်ရေးဥပဒေအရ နိုင်ငံရေးစီတန်းလှည့်လည်မှုများ၌ လူငါးဦးထက်ပိုပြီး စုရုံးခွင့်ကို တားမြစ်ပိတ်ပင်ထားသည်။

**နိုင်ဂျီးရီးယားနိုင်ငံ။ ။ ဘိုကိုဟာရမ်အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့အရေး** - ဘိုကိုဟာရမ်အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့သည် အာဖရိကတိုက်အနောက်ပိုင်းရှိ နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ဒေသတွင် အခြေစိုက်ပြီး ရန်ပုံငွေကို အယ်လ်ခိုင်ဒါအဖွဲ့မှ ထောက်ပံ့ပေးသည်။ ယင်းအဖွဲ့ကို (၂၀၀၂) ခုနှစ်တွင် အနောက်တိုင်းပညာရေးကို ဆန့်ကျင်သောအဖွဲ့အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး (၂၀၁၃) ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်အစိုးရက အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ခဲ့သည်။ ခေါင်းဆောင်မှာ အဘူဘာကာရှီအူမိုဟာမက်ယူဆွတ်ဖြစ်ပြီး နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ နိုင်ဂျာနှင့် ချက်နိုင်ငံတို့တွင် လှုပ်ရှားလျက်ရှိသည်။ ယင်းအဖွဲ့သည် (၂၀၀၉) ခုနှစ်မှစ၍ အစိုးရဖြုတ်ချရေး၊ အစ္စလာမ္မစ်ပြည်နယ်တည်ထောင်ရေးအတွက် ဗုံးဖောက်ခွဲမှုများနှင့် အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြသည်။ ၎င်းတို့ ကျူးလွန်သော အကြမ်းဖက်မှုများနှင့် တိုက်ပွဲများကြောင့် လူ (၇၀၀၀) ခန့်သေဆုံးခဲ့ပြီး လူပေါင်း (၁ ဒသမ ၅) သန်းမှာ နေရပ်ကို



**ဘိုကိုဟာရမ်စစ်သွေးကြွများ**

စွန့်ခွာကြရကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ထုတ်ပြန်သည်။ ထို့ကြောင့် ယင်းအဖွဲ့၏ လုပ်ဆောင်ချက်များသည် နိုင်ဂျီးရီးယားနိုင်ငံနှင့် ပတ်ဝန်းကျင်နိုင်ငံများကို ခြိမ်းခြောက်မှုပြုလာခဲ့ပြီဖြစ်သည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ (၁၅) ရက်တွင် နိုင်ဂျီးရီးယားကျောင်းသူ (၂၁၉) ဦးကို ပြန်ပေးဆွဲရာမှစ၍ နိုင်ငံတကာက စောင့်ကြည့်ခံခဲ့ရသော ယင်းအဖွဲ့သည် ဇူလိုင်လတွင် ကင်မရွန်းနိုင်ငံ၌ တိုက်ခိုက်မှုအရှိန်မြင့်လာခဲ့သည်။ ယင်းကျောင်းသူအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး နိုင်ဂျီးရီးယားမြောက်ပိုင်းချက်နှင့် ကင်မရွန်းနိုင်ငံနယ်စပ်တစ်နေရာတွင် ထိန်းသိမ်းထားသည်။ ထို့ပြင် ကင်မရွန်းနိုင်ငံနယ်စပ်ကိုဖြတ်ကျော်၍ ဒုတိယဝန်ကြီးချုပ်၏ဇနီးကို ပြန်ပေးဆွဲကာ လူသုံးဦးကိုလည်းသတ်ဖြတ်ခဲ့သည်။ ယင်းအဖွဲ့ကို ကင်မရွန်းနိုင်ငံအစိုးရတပ်ဖွဲ့များကလည်း နိုင်ငံတကာနှင့်လက်တွဲ၍ တိုက်ခိုက်လျက်ရှိသည်။

ဘိုကိုဟာရမ်အဖွဲ့သည် ကျောင်းသူ (၂၀၀) ကျော်ကို ဖမ်းဆီးသွားခဲ့သော ချီဘော့ခ်မြို့အနီးတွင်ပင် ဇွန်လ (၅) ရက်တွင် အမျိုးသမီး (၂၀) ကျော်ကို ဖမ်းဆီးခဲ့ကြောင်းကို ရိုက်တာသတင်းက ဖော်ပြသည်။ နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းရှိ ၎င်းတို့သိမ်းပိုက်ထားသည့်မြို့ရွာများကိုစုပေါင်း၍ အစ္စလာမ္မစ်နိုင်ငံထူထောင်ကြောင်း စစ်သွေးကြွများက ဩဂုတ်လတွင် ကြေညာသည်။

စက်တင်ဘာလ (၂) ရက်တွင် နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့များနှင့် အပြင်းအထန်တိုက်ခိုက်ပြီးနောက် အရှေ့မြောက်ပိုင်းဒေသရှိ ဒုတိယအကြီးဆုံးဘာလ်မာမြို့ကို စစ်သွေးကြွများက သိမ်းယူခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။ သို့သော် နိုင်ဂျီးရီးယားစစ်ဘက်ကမူ ယင်းမြို့ကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်ဟု ထုတ်ပြန်သည်။

ယင်းနောက်ပိုင်းတွင် နိုင်ငံအရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ်ခြေကုပ်မြို့ မိုင်ဒူဂူရီအနီးတွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်သွေးကြွများဆုံးရှုံးမှုကြီးမားခဲ့သောကြောင့် စက်တင်ဘာလ (၂၃) ရက်တွင် ဘိုကိုဟာရမ်စစ်သွေးကြွ (၂၆၀) ကျော်လက်နက်ချခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်ဟု ဘီဘီစီသတင်းက ဖော်ပြသည်။ မေလနှင့် ဇူလိုင်လက ဖမ်းဆီးခဲ့သော တရုတ်အလုပ်သမား (၁၀) ဦးအပါအဝင် ဓားစာခံ (၂၇) ဦးကို အောက်တိုဘာလ (၁၁) ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။ ယင်းဓားစာခံများအနက် ကင်မရွန်းဒုတိယဝန်ကြီးချုပ်၏ ဇနီးလည်းပါဝင်သည်။ နိုင်ဂျီးရီးယားကာကွယ်ရေးဦးစီးချုပ်က ငါးနှစ်ကြာသောင်းကျန်းမှုအဆုံးသတ်ရေးအတွက်

အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြောင်း အောက်တိုဘာလ (၁၇) ရက်တွင် ကြေညာခဲ့သော်လည်း တိုက်ပွဲများနှင့် ပြန်ပေးဆွဲမှုများ ဆက်လက်ဖြစ်ပေါ် ခဲ့သည်။ စစ်သွေးကြွများသည် အောက်တိုဘာလ နှောင်းပိုင်းတွင် မူဘီမြို့ကို သိမ်းယူခဲ့ကြသည်။ နိုဝင်ဘာလ (၁) ရက်တွင် ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင်က အစိုးရနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိကြောင်း ငြင်းဆိုကာ ပြန်ပေးဆွဲထားသောကျောင်းသူ (၂၀၀) ကျော်ကိုလည်း အစ္စလာမ်ဘာသာသို့ ကူးပြောင်း၍ ထိမ်းမြားပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။ မိန်းကလေးများ ပြန်လည်လွတ်မြောက်ရန်အတွက် အကျဉ်းသားလဲလှယ်ရေးမျှော်လင့်ချက်ကို အကြမ်းဖက်ခေါင်းဆောင် အဘူဘာကာရှီအူက ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။

ဘိုကိုဟာရမ်တို့သည် ကင်မရွန်းနှင့် နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ မြို့ရွာများကို ထပ်မံသိမ်းပိုက်ခဲ့ကြပြီး ဒေသခံများကို နေရပ်မှထွက်မပြေးစေဘဲ အစ္စလာမ္မစ်နိုင်ငံတော်ကြီးတွင် ၎င်းတို့၏အုပ်ချုပ်မှုအောက်၌ နေထိုင်ရန် ဆော်ဩခဲ့ကြောင်း မျက်မြင်သက်သေတချို့က ပြောကြားသည်။ အဒါမဝါ ပြည်နယ်အစိုးရ ရုံးစိုက်ရာမြို့ဖြစ်သော ဂူလက်မြို့တွင် ဘိုကိုဟာရမ် အဖွဲ့က အစိုးရစစ်တပ်ထံမှ သံချပ်ကာယာဉ်များ၊ ထရပ်ကားများကိုခိုးယူကာ ထိုးစစ်ဆင်ခဲ့သဖြင့် အစိုးရစစ်တပ်များ ဆုတ်ခွာခဲ့ရသည်။

နိုဝင်ဘာလ (၁၃) ရက်တွင် ဘိုကိုဟာရမ်အဖွဲ့က သိမ်းယူခဲ့သော ချီဘော့ခ်မြို့ကို နိုင်ဂျီးရီးယားအစိုးရ တပ်ဖွဲ့က နိုဝင်ဘာလ (၁၆) ရက်တွင် ပြန်လည်သိမ်းယူခဲ့ကြောင်း စစ်တပ်ကပြောကြားသည်။ နိုဝင်ဘာလ (၂၉) ရက်တွင် နိုင်ဂျီးရီးယား၏ ဒုတိယအကြီးဆုံးမြို့တော်ကာနိုရှိ အစ္စလာမ္မစ်ဘုရားကျောင်းတစ်ခု အတွင်း ဗုံးသုံးလုံးပေါက်ကွဲပြီး လက်နက်ကိုင်များက ဝတ်ပြုသူများကို ပစ်ခတ်ခဲ့ရာ (၈၁) ဦးသေဆုံးကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ထို့ပြင် နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း ဂျိုးစ်မြို့တွင်လည်း ဘိုကိုဟာရမ်တို့က ဒီဇင်ဘာလ (၁၂) ရက်တွင် ဗုံးဖောက်ခွဲခဲ့သဖြင့် လူ (၄၀) ဦးသေဆုံးခဲ့သည်။ မေလတွင် ယင်းနေရာတွင်ပင် ဗုံးဖောက်ခွဲခဲ့ရာ လူ (၁၀၈) ဦး သေဆုံးခဲ့သည်။

ဒီဇင်ဘာလ (၁၈) ရက်တွင် ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဂမ်ဆူရီကျေးရွာကို ဝင်ရောက်



**စစ်သွေးကြွများဖမ်းဆီးထားသော ကျောင်းသူများ**

စီးနင်းပြီး လူ (၃၃) ဦးကို သတ်ဖြတ်ကာ အမျိုးသား၊ အမျိုးသမီးနှင့်ကလေးငယ် (၁၀၀) ကျော်ကို ပြန်ပေးဆွဲခဲ့သည်။ ယင်းအုပ်စု၏ အဓိကပစ်မှတ်မှာ မွတ်ဆလင်မဟုတ်သူ ဘာသာခြားများဖြစ်သည်။

ဩဂုတ်လအတွင်းက ဘိုဘိုဟာရမ်အဖွဲ့သိမ်းပိုက်ခဲ့သည့်မြို့သုံးမြို့ကို ပြန်လည်သိမ်းပိုက်ရန်အမိန့်ပေးခြင်းကို ငြင်းဆန်ခဲ့သော စစ်သား (၅၄) ဦးကို နိုင်ဂျီးရီးယားစစ်ခုံရုံးက သေဒဏ်ချမှတ်ခဲ့ကြောင်း ဒီဇင်ဘာလ (၁၈) ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်ရန် ၎င်းတို့ကို လက်နက်ခဲယမ်းလုံလောက်စွာမပေးသောကြောင့် အမိန့်မနာခံခြင်းဖြစ်ကြောင်း စစ်သားများက ပြောကြားသည်။ ယင်းအမှုကို အောက်တိုဘာလကတည်းက စစ်ဆေးခဲ့ခြင်းဖြစ်ပြီး အမိန့်ကို ဖီဆန်ရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလအတွင်းတွင်လည်း ယင်းအမှုနှင့် အလားတူနိုင်ငံအရှေ့ပိုင်း မိုင်ဒူဂူရီမြို့တွင် စစ်သား (၁၂) ယောက်ကို အမိန့်အာဏာဖီဆန်မှုဖြင့် သေဒဏ်ပေးခဲ့သည်။

ကင်မရွန်းနိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းနှင့် ကျေးရွာသားငါးဦးသေဆုံးစေခဲ့သော တိုက်ခိုက်မှုတို့ကို ဘိုကိုဟာရမ်တို့က ကျူးလွန်ခဲ့ပြီးနောက်တွင် ကင်မရွန်း

အစိုးရလေတပ်က ဒီဇင်ဘာလ (၂၉) ရက်တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။ နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံနယ်စပ်တွင် စီးနင်းတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် ကင်မရွန်းနိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်ခဲ့သည်။

**နိုင်ဂျီးရီးယားစစ်တပ်၏ အခြေအနေ** - နိုင်ဂျီးရီးယား ဗိုလ်မှူး (၁၀) ဦးအပါအဝင် စစ်တပ်အကြီးအကဲ (၁၅) ဦးတို့သည် ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့အတွက် လက်နက်များပံ့ပိုးနေပြီး စစ်တပ်ဆိုင်ရာ လျှို့ဝှက်အချက်အလက်များကို တိတ်တဆိတ်အသိပေးခဲ့သည်ဟု နိုင်ဂျီးရီးယားစစ်ခုံရုံးက စစ်ဆေးတွေ့ရှိခဲ့ကြောင်း နိုင်ဂျီရီးယားအခြေစိုက်သတင်းများတွင် ဇွန်လ (၄) ရက်၌ ဖော်ပြသည်။ ယင်းသတင်းအချက်အလက်များကို စစ်တပ်နှင့်နိုင်ငံရေးအသိုင်းအဝိုင်းများမှရရှိခဲ့ခြင်းဖြစ်ပြီး ယင်းတို့၏ပြောကြားချက်အရ စစ်သားအချို့မှာလည်း တိုက်ပွဲများတွင် အကြမ်းဖက်သမားများဘက်မှရပ်တည်လျက် မိမိစစ်တပ်ဘက်ကို ပြန်လည်တိုက်ခိုက်နေခဲ့ကာ တိုက်ပွဲများပြီးဆုံးလျှင် ၎င်းတို့၏ စစ်တပ်သို့ဟန်မပျက်ပြန်လာခဲ့ကြသည်ကို သိရှိခဲ့ရကြောင်း နိုင်ဂျီးရီးယားသတင်းစာ Leardership တွင်ဖော်ပြသည်။ စစ်တပ်အကြီးအကဲအချို့၏သတင်းပေးမှုကြောင့် စစ်တပ်၏လျှို့ဝှက်အချက်အလက်များ ပေါက်ကြားခဲ့ပြီး အကြမ်းဖက်သမားများကို နှိမ်နင်းရန်လာသည့် စစ်တပ်၏ကားတန်းများ မကြာခဏခြုံခိုတိုက်ခိုက်ခံရကာ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူကမူ စစ်တပ်အကြီးအကဲများ စစ်ဆေးခံနေရသည့်သတင်းကို ငြင်းဆိုခဲ့သော်လည်း ပြန်ပေးဆွဲခံထားရသောကျောင်းသူလေးများကို ကယ်ဆယ်နိုင်ခြင်းမရှိသေးခြင်းအပါအဝင် အကြမ်းဖက်သမားများကို ထိရောက်စွာနှိမ်နင်းနိုင်ခြင်းမရှိသေးသည့်အချက် များမှာ စစ်တပ်အတွင်း စည်းလုံးမှုလျော့ရဲနေသည်ကို ပြသနေခြင်းဖြစ်ကြောင်း သုံးသပ်သူများကဆိုကြသည်။

ဘိုကိုဟာရမ်အဖွဲ့ကို ချေမှုန်းရေးကိစ္စနှင့်ပတ်သက်၍ နိုင်ဂျီးရီးယားသမ္မတဂွတ်လပ်ဂျိုနာသန်မှာဝေဖန်ခံခဲ့ရသည်။ ထို့ပြင် ယင်းအဖွဲ့ကို မချေမှုန်းနိုင်ခြင်းနှင့်ပတ်သက်၍ နိုင်ဂျီးရီးယားစစ်တပ်၏ စွမ်းရည်ကိုလည်း မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ဘဏ္ဍာငွေဒေါ်လာ (၂ ဒသမ ၃) သန်းထောက်ပံ့မှုရရှိထားပြီး စစ်သားဦးရေ (၈၀,၀၀၀) ရှိသော တပ်မတော်ကို ပိုင်ဆိုင်ထားသော်လည်း ဘိုကိုဟာရမ်အဖွဲ့ကိုတိုက်ခိုက်ရန် လက်နက်အလုံအလောက်မရှိဟုအကြောင်းပြကာ စစ်ဆင်ရေးအားနည်းမှုများကို ဖန်တီးနေကြပြီး တပ်တွင်းလျှို့ဝှက်သတင်းများကို ရောင်းစားနေကြကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။

ထို့ပြင် နိုင်ဂျီးရီးယားအစိုးရ စစ်သားများသည် ဘိုကိုဟာရမ်အဖွဲ့ကတိုက်ခိုက်လာလျှင် ၎င်းတို့၏လက်နက်များကို ပစ်ချပြီး ထွက်ပြေးကြသောကြောင့် စစ်သွေးကြွများအတွက် လက်နက်များချန်ထားပေးသလိုဖြစ်နေသည်ဟု အစ္စလာမ်ဘာသာရေးဆိုင်ရာ ဩဇာအရှိဆုံးအဖွဲ့က ဝေဖန်ကြောင်း နိုဝင်ဘာလ (၂၅) ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းအဖွဲ့၏ နှိပ်စက်မှုကြောင့် နိုင်ဂျီးရီးယားနယ်စပ်မှပြည်သူများသည် ကင်မရွန်းနိုင်ငံသို့ခိုလှုံကြရသည်။

**ပါကစ္စတန်နိုင်ငံ။** ။ **နိုင်ငံရေး** - ပါကစ္စတန်အစိုးရ၏ညှိနှိုင်းရေးအဖွဲ့သည် တာလီဘန်စစ်သွေးကြွများနှင့် ပထမအကြိမ် တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး သဘောထားကွဲလွဲမှုများကို အဆုံးသတ်ကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားရန် သဘောတူညီခဲ့ကြောင်း မတ်လ (၂၆) ရက်တွင် ဆွေးနွေးညှိနှိုင်းမှု၌ ပါဝင်သူများက ပြောကြားသည်။

နျူကလီးယား လက်နက်ပိုင်ဆိုင်သော ပါကစ္စတန်နိုင်ငံသည် (၁၉၅၈) ခုနှစ်မှစ၍ စစ်တပ်ကအာဏာသိမ်းမှုလေးကြိမ်ပြုလုပ်ခဲ့သောကြောင့် အရပ်သားအစိုးရဖွဲ့စည်းထားသည်မှာ နှစ်နှစ်ခန့်သာရှိသေးသည်။ (၂၀၁၃) ခုနှစ်၊ မေလ (၁၃) ရက်တွင် ဝန်ကြီးချုပ်နာဝပ်ရှာရစ်ဖ်၏ PMLN ပါတီက အနိုင်ရရှိခဲ့ပြီး

တတိယသက်တမ်းအတွက် ရွေးကောက်ခံရသည်။ ဝန်ကြီးချုပ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းကို ခိုင်မာစေရန် ဖွဲ့စည်းထားသော်လည်း အရေးကြီးပြဿနာများတွင် စစ်တပ်နှင့်သဘောထားကွဲလွဲခဲ့သည်။



**ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်တွေ့ရသော တာလီဘန် ခေါင်းဆောင်များ**

အရေးကြီးပြဿနာများမှာ တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်အောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထို့ပြင် (၁၅) လ သက်တမ်းသာရှိသေးသော လက်ရှိအစိုးရသည် ရွေးကောက်ပွဲကတိစကားဖြစ်သည့် စီးပွားရေး ပြန်လည်ကောင်းမွန်အောင် ပြုလုပ်မည်ဆိုသည့်အချက်ကို မဖြည့်ဆည်းနိုင်ဘဲ စီးပွားရေးကျဆင်းမှု၊ စစ်ဘက်လွှမ်းမိုးမှုနှင့် စွမ်းအင်ထောက်ပံ့ရေးကျဆင်းမှုတို့ဖြင့် ရင်ဆိုင်နေရသည်။

ထိုသို့သောအခြေအနေတွင် (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်၌ ပါကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် ပီတီအိုင်ပါတီမှ အင်မရန်ခန်နှင့် တဟီရာအူကာဒရီတို့က ခေါင်းဆောင်ကာ ရွေးကောက်ပွဲသည် တရားမျှတမှုမရှိဟူသော စွပ်စွဲချက်ဖြင့် လက်ရှိအစိုးရ နုတ်ထွက်ပေးရေး တောင်းဆိုလျက် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ထောင်ပေါင်းများစွာသော ဆန္ဒပြသမားများသည် မြို့တော်အစ္စလာမ္မာဘတ်ရှိ အဝေးပြေးလမ်းမကြီးနှစ်ခုကို သိမ်းပိုက်ခဲ့ကြသည်။ အင်မရန်ခန်သည် ခရစ်ကတ်ကစားသမားဘဝမှ နိုင်ငံရေးသမားအဖြစ် ကူးပြောင်းလာသူဖြစ်သည်။ တဟီရာအူကာဒရီမှာ ဘာသာရေးဆရာတစ်ဦးဖြစ်သည်။ ၎င်းတို့၏ ပီတီအိုင်ပါတီသည် လွှတ်တော်တွင်းရှိ အမတ်နေရာများမှနုတ်ထွက်ရန် ဩဂုတ်လ (၁၈) ရက်တွင် ဆုံးဖြတ်ခဲ့သည်။ ခေါင်းဆောင်နှစ်ဦးဦးဆောင်သောဆန္ဒပြအဖွဲ့သည် ဝန်ကြီးချုပ်နဝပ်ရှာရစ်ဖ်ကို ရွေးကောက်ပွဲမသမာမှုများပြုလုပ်သည်ဟု စွပ်စွဲလျက် ဝန်ကြီးချုပ်၏နေအိမ်ကို စီးနင်းရန်ကြိုးပမ်းရာမှ ဩဂုတ်လ (၃၀) ရက်ညတွင် အကြမ်းဖက်မှု စတင်ဖြစ်ပွားခဲ့သည်။

လွှတ်တော်တွင် အမတ် (၁၂၄) နေရာရရှိထားသော PMLN ပါတီအကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်ဦးဆောင်သောအစိုးရကို အားနည်းစေခဲ့သည့် ယင်းပဋိပက္ခအား ပါကစ္စတန်၏ ဩဇာကြီးမားသောစစ်တပ်က ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် ဩဂုတ်လ (၃၁) ရက်တွင် တိုက်တွန်းခဲ့သည်။ စက်တင်ဘာလ (၁) ရက်တွင် ဆန္ဒပြသူ (၃၀,၀၀၀) ကျော်သည် နိုင်ငံပိုင်ရုပ်သံဌာန PTV ကို ဝင်ရောက်စီးနင်းရာမှ နိုင်ငံရေးပဋိပက္ခသည် ပိုမိုအရှိန်မြင့်လာပြီး ရဲများက မျက်ရည်ယိုဓာတ်ငွေ့သုံး၍နှိမ်နင်းခဲ့သည်။ ပုဆိန်၊ တုတ်များကိုင်ဆောင်ထားသောဆန္ဒပြသူများကို လုံခြုံရေးများက မဖယ်ရှားနိုင်မီပင် PTV ဌာနကို အခိုက်အတန့်စီးနင်းခဲ့ခြင်းဖြစ်သည်။

အတိုက်အခံအင်မရန်ခန်ဦးဆောင်သော အကြမ်းဖက်မှုဆန်သည့် ဆန္ဒပြမှုများကြောင့် နိုင်ငံထူထောင်မှုသက်တမ်းတွင် ထက်ဝက်ကျော်အုပ်စိုးခဲ့သည့်စစ်တပ်က ဝင်ရောက်စွက်ဖက်နိုင်ကြောင်း လေ့လာသူများက ခန့်မှန်းကြသည်။ ဝန်ကြီးချုပ်နှင့် ဆက်ဆံရေးမပြေလည်သော စစ်ဘက်အင်အားစုတချို့က ဆန္ဒပြမှုများကို လျှို့ဝှက်စွာထောက်ခံသည်ဟု ဝန်ကြီးချုပ်၏ပါတီကပြောကြားသည်။ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့သည် နွေးထွေးသည့်ဆက်ဆံရေးမရှိသော်လည်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေကို ထိန်းသိမ်းရန် ဝန်ကြီးချုပ်က ဆွေးနွေးခဲ့သည်။ သို့သော် တိုးတက်မှုမရှိသောကြောင့် ဆန္ဒပြ

သမားများက အရေးပါသောနေရာများကို ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ဝန်ကြီးချုပ်က လက်ရှိအစိုးရနုတ်ထွက်ပေးရန် တောင်းဆိုမှုကို လက်မခံနိုင်ကြောင်းနှင့် အခြေခံဥပဒေနှင့်မညီကြောင်း တုံ့ပြန်ခဲ့သည်။



### အတိုက်အခံ ပီတီအိုင်ပါတီမှ အင်မရန်ခန်ကိုထောက်ခံကြသူများ

အင်မရန်ခန်၏ဆန္ဒပြမှုများ တစ်လပြည့်ပြီးနောက်တွင် ရဲများက ပီတီအိုင်ပါတီဝင်များကို နှိမ်နင်းခဲ့ကြသည်။ အတိုက်အခံများဘက်မှ တက်ကြွလှုပ်ရှားသူပေါင်း (၁၀၀) ကျော်ကို ဖမ်းဆီးခဲ့ပြီး တရားမဝင်ဆန္ဒပြမှုနှင့်အခြားပြစ်မှုများဖြင့် အကျဉ်းထောင်သို့ ပို့ခဲ့သည်။ ဖမ်းဆီးခံရသူများတွင် ပီတီအိုင်ပါတီမှ (၉၁) ဦး ပါဝင်ပြီး ကျန်သူများမှာ ပီအေတီပါတီမှဖြစ်သည်။ ပါကစ္စတန်တရားရုံးကမူ ဖမ်းဆီးခံထားရသူများကို ပြန်လွှတ်ပေးခဲ့သည့်အပြင် အစိုးရကိုလည်း ယင်းသို့ ဖမ်းဆီးမှုနှင့်ပတ်သက်၍ အစီရင်ခံစာတင်ရန် တောင်းဆိုခဲ့သည်။ ဖမ်းဆီးခံထားရသူများမှာ ပါကစ္စတန်ရုပ်သံဌာနအပါအဝင် ရဲစခန်းနှင့်အစိုးရအဆောက်အအုံများကို တိုက်ခိုက်ခဲ့သူများဖြစ်ကြောင်း အစိုးရကပြောကြားသည်။ ခန်နှင့်ကာဒရီတို့ကို ထောက်ခံသူများအား ပြန်လွှတ်ပေးရန်ထုတ်ပြန်ခဲ့သည့် တရားရုံး၏အမိန့်ကို ပြန်လည်ရုပ်သိမ်းပေးရန် ရဲချုပ်ကတောင်းဆိုမည်ဟု ပြောကြားသည်။

နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခြင်းခံထားရသော ပါကစ္စတန်စစ်တပ်အကြီးအကဲဟောင်း ပါဗက်မူရှာရက်ဖ်ကို ဇွန်လ (၁၅) ရက်နောက်ပိုင်းမှစ၍ ကာရာချီတရားရုံးက ပြည်ပထွက်ခွာခွင့်ပြုကြောင်း ဇွန်လ (၁၂) ရက်တွင် အမိန့်ထုတ်ပြန်သည်။ (၂၀၀၁-၀၈) ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မူရှာရက်ဖ်သည် (၂၀၀၈) ခုနှစ် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံမှ ထွက်ခွာကာ ဒူဘိုင်းတွင် နေထိုင်ခဲ့သည်။ မူရှာရက်ဖ်သည် (၂၀၁၃) ခုနှစ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြန်လာစဉ်တွင် အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းကာ ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ကို ပိတ်ပင်ခဲ့ပြီး နေအိမ်အကျယ်ချုပ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၎င်းကို (၂၀၀၆) ခုနှစ်တွင် ပြိုင်ဘက် Bolockh နိုင်ငံရေးသမားများ သတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်နေမှု၊ (၂၀၀၇) ခုနှစ်တွင် ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်ပြီး (၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလအတွင်း တရားသူကြီး (၆၀) ကျော်ကို ဖမ်းဆီးကာ နိုင်ငံအရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့မှုများဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။ မူရှာရက်ဖ်က စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။ ပါကစ္စတန်စစ်တပ်က ၎င်းတို့၏စစ်တပ်အကြီးအကဲဟောင်း မူရှာရက်ဖ်အား စီရင်မှုနှင့်ပတ်သက်၍ စောင့်ကြည့်မှုများပြုလုပ်ခဲ့သောကြောင့် ပါကစ္စတန်နိုင်ငံအတွင်း အစိုးရအဖွဲ့၊ တရားရုံးချုပ်နှင့်စစ်တပ်တို့အကြား အင်အားပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာမည်ကို လေ့လာသူများက စိုးရိမ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**နယ်စပ်ပြဿနာ** - အိန္ဒိယထိန်းချုပ်မှုအောက်၌ရှိသော ကက်ရှ်မီးယားဒေသ၏ Jammu ဒေသ၌ အောက်တိုဘာလ (၇) ရက်တွင် အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နှင့် အိန္ဒိယစစ်သည်များ ကျဆုံးခဲ့ကြသည်။ အိန္ဒိယသည် ပါကစ္စတန်နယ်စပ်စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး တပ်ဖွဲ့ဝင် (၁၅) ဦးသေဆုံးသည်။ ပါကစ္စတန်မှ ပစ်ခတ်မှုကြောင့်

ကက်ရှ်မီးယားနယ်စပ် အိန္ဒိယဘက်ခြမ်းတွင် အောက်တိုဘာလ (၅) ရက်၌ လူခြောက်ဦးသေဆုံးပြီးနောက်ပိုင်း ယင်းသို့ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ပွားမှုအတွက် ပါကစ္စတန်နိုင်ငံက ထိပ်တိုက်ရင်ဆိုင်မှုကို မလိုလားသော်လည်း အိန္ဒိယနိုင်ငံ၏ ကျူးကျော်မှုများကို လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ခါဝါဂျာအဆစ်ဖ်က အောက်တိုဘာလ (၁၀) ရက်တွင် မီဒီယာများကို ပြောကြားသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး အာရမ်ဂျာကမူ ပါကစ္စတန်တို့သည် ကျူးကျော်မှုအတွက် ပြင်းထန်သောလက်တုံ့ပြန်မှုကို ကြုံတွေ့ရမည်ဟု ယင်းနေ့တွင်ပင် ပြောကြားခဲ့ပြီး နှစ်ဖက်အပြန်အလှန်စွပ်စွဲခဲ့ကြသည်။

ပါကစ္စတန် နယ်ခြားဒေသများဝန်ကြီး အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး အဘက်ဒက်ကာဒါက စစ်ပွဲသည် ပြဿနာများကို ဖြေရှင်းရန် အဖြေမဟုတ်ကြောင်း၊ သို့ရာတွင် ပါကစ္စတန်နိုင်ငံ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားခြင်းကို အိန္ဒိယနိုင်ငံအနေဖြင့် သိထားသင့်ကြောင်း၊ ကက်ရှ်မီးယားပြည်သူများအတွက် နိုင်ငံရေး၊ သံတမန်ရေးနှင့်ထောက်ပံ့မှုများကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း၊ ကက်ရှ်မီးယားပြဿနာကို ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် ကက်ရှ်မီးယားပြည်သူများ၏ဆန္ဒကိုအခြေခံ၍ ဖြေရှင်းရမည်ဟု ပြောကြားသည်။ ပါကစ္စတန်နိုင်ငံက နယ်စပ်ဒေသတွင် ကျူးကျော်မှုမပြုခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံကလိုလားလျှင် မျက်နှာချင်းဆိုင်ပြောဆိုဆွေးနွေးမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။ (၁၉၇၂) ခုနှစ် နယ်စပ်စည်းရိုးသဘောတူညီချက်အရ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ကီလိုမီတာ (၇၀၀) ရှည်သော နိုင်ငံတကာနယ်စပ်၏ ကီလိုမီတာ (၂၀၀) ကို ဝေမျှပိုင်ဆိုင်ထားကြခြင်းဖြစ်သည်။

လာဟိုမြို့အနီး ဝါဂက်ချ်နယ်စပ်ဖြတ်သန်းစခန်း၌ နိုဝင်ဘာလ (၂) ရက်တွင် အလံချအခမ်းအနားကျင်းပစဉ် အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံး (၅၅) ဦး သေဆုံးပြီး ဒဏ်ရာရရှိသူဦးရေ (၂၀၀) ရှိသည်။ ထို့ကြောင့် အိန္ဒိယ-ပါကစ္စတန်နယ်စပ်တစ်လျှောက်၌ သာမန်ထက်ပို၍ တပ်လှန့်ခဲ့သည်။ လာဟိုမြို့နှင့် အမ်ရစ်ဆာမြို့ကြားရှိ ဝါဂက်ချ်စခန်း၌ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များက ပြုလုပ်သည့် အလံချအခမ်းအနားတွင် အကြမ်းဖက်အုပ်စုများ တိုက်ခိုက်နိုင်ဖွယ်ရှိသည့်သတင်းကို ထိုနေ့မတိုင်မီက ရရှိခဲ့ကြောင်း နယ်စပ်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။ တပ်ဖွဲ့ဝင်တစ်ဦးမျှ ဒဏ်ရာမရရှိသော်လည်း အခမ်းအနားမှပြန်လာကြသူအများစု သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် နယ်စပ်ကူးသန်းရောင်းဝယ်ရေးကိုလည်း နိုဝင်ဘာလ (၃) ရက်မှ စတင်ပိတ်ခဲ့သည်။ ပါကစ္စတန်တာလီဘန်အဖွဲ့နှင့် နီးစပ်သောအကြမ်းဖက်အဖွဲ့တစ်ဖွဲ့က ယင်းတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါကစ္စတန်တပ်မတော်က မျိုးနွယ်စုဒေသအတွင်းရှိ ၎င်းတို့စခန်းများ တိုက်ခိုက်ခံရခြင်းကြောင့် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မျက်မှောက်ရေးရာ** - (၂၀၁၂) ခုနှစ်၊ အောက်တိုဘာလတွင် မာလာလာကိုသတ်ရန်ကြိုးပမ်းခဲ့သည့် တာလီဘန်တပ်ဖွဲ့ဝင် (၁၀) ဦးကို ဖမ်းမိပြီဖြစ်ကြောင်း စက်တင်ဘာလ (၁၂) ရက်တွင် ပါကစ္စတန်သတင်းများ၌ ဖော်ပြသည်။ ယင်းတို့သည် တာလီဘန်ခေါင်းဆောင်မူလာဖက်ဇ်လူလာ၏အမိန့်ဖြင့် မာလာလာကို သတ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ဗြိတိန်တွင် ဆေးကုသမှုခံယူခဲ့သော မာလာလာသည် တာလီဘန်အဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် ဗြိတိန်နိုင်ငံ၌ ဆက်လက်နေထိုင်ခဲ့ရသည်။

ပန်ချာပီတာလီဘန်အဖွဲ့ခေါင်းဆောင်အစ္စမာတူသာမူအာဝီယာက ၎င်း၏အဖွဲ့သည် ရှာရီယာဥပဒေဖော်ဆောင်ရေးကို ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ ဖော်ဆောင်တော့မည်ဖြစ်ကြောင်း ကြေညာသည်။ ယင်းအဖွဲ့သည် လူများစွာသေဆုံးခဲ့ရသောပါကစ္စတန်စစ်ဌာနချုပ်တိုက်ခိုက်မှု၊ သီရိလင်္ကာခရစ်ကတ်အဖွဲ့ကို စီးနင်းမှုနှင့် လေတပ်ဌာနချုပ်တိုက်ခိုက်မှုများကို ကျူးလွန်ခဲ့သည်။ ထို့ပြင် အာမာဒီမွတ်ဆလင်များနှင့် ခရစ်ယာန်မျိုးနွယ်စုငယ်များကို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကိုလည်း ကျူးလွန်ခဲ့သည်။

အသစ်ဖွဲ့စည်းခဲ့သော တောင်အာရှအယ်လ်ကိုင်ဒါအဖွဲ့၏ ကရာချိမြို့ခေါင်းဆောင်ဟုယူဆရသူ Shahid Usman အပါအဝင် အဖွဲ့ဝင်လေးဦးကို ဖမ်းဆီးခဲ့ကြောင်း ဒီဇင်ဘာလ (၁၂) ရက်တွင် ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းတို့ကို နိုင်ငံတောင်ပိုင်းဆိပ်ကမ်းမြို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**အကြမ်းဖက်တိုက်ခိုက်မှု** - ပက်ရှ်ဝါမြို့ အနောက်မြောက်ပိုင်းရှိ စစ်တပ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်း၌ တာလီဘန်သေနတ်သမားများက ဒီဇင်ဘာလ (၁၆) ရက်တွင် ပစ်ခတ်တိုက်ခိုက်သဖြင့် ကျောင်းသားကျောင်းသူ (၁၃၀) ကျော် အပါအဝင် လူပေါင်း (၁၄၁) ဦးသေဆုံးသည်။ ပါကစ္စတန်စစ်တပ်၏ စစ်ဆင်ရေးကြောင့် တာလီဘန်များ သေဆုံးရခြင်းအတွက် လက်စားချေတိုက်ခိုက်ခြင်းဖြစ်သည်ဟု တာလီဘန်အဖွဲ့က ပြောကြားကြောင်း အေပီသတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့် နိုင်ငံတကာက ရှုတ်ချခဲ့သည်။

ပက်ရှ်ဝါကျောင်းတိုက်ခိုက်ခံရပြီးနောက်နေ့ တွင် ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ် လုံခြုံရေးအခြေအနေကို အာဖဂန်သမ္မတနှင့် ဆွေးနွေးရန် ပါကစ္စတန်စစ်တပ်အကြီးအကဲက သွားရောက်ခဲ့သည်။ ပါကစ္စတန်ကိုတိုက်ခိုက်ခဲ့သော အကြမ်းဖက်သမားများအနေဖြင့် အာဖဂန်နစ္စတန်မြေကို အသုံးချခြင်းမျိုးမဖြစ်စေရဟု အာဖဂန်နစ္စတန်သမ္မတက ပါကစ္စတန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Raheel Shaif ကို ကတိပေးခဲ့ကြောင်း ဒီဇင်ဘာလ (၁၇) ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်တာလီဘန်တို့၏လုပ်ရပ်ကို ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များသာမက အာဖဂန်နစ္စတန်တာလီဘန်တို့ကပင် ဝေဖန်ရှုတ်ချခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံရေးပါတီအားလုံးသည် ဘုံရည်ရွယ်ချက်အတွက် လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တာလီဘန်စစ်ဆင်ရေးကိုဆောင်ရွက်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်မစ္စတာတန်ဗီးယားအက်စ်ထာခတ်စ်ခါလီက ပြောကြားသည်ဟု ဒီဇင်ဘာလ (၁၈) ရက်သတင်းများတွင် ဖော်ပြသည်။ ယင်းအကြမ်းဖက်မှုဖြစ်ပွားပြီး ရက်ပိုင်းအကြာတွင် ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်သွေးကြွနှစ်ဦးဖြစ်သည့် Dr.Usman နှင့် Arshad Mahmood တို့ကို သေဒဏ်ချမှတ်ခဲ့သည်။ ယင်းတို့ကို စစ်ဌာနချုပ်တိုက်ခိုက်မှု၊ သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်ကို လုပ်ကြံရန်ကြိုးပမ်းမှုနှင့် သီရိလင်္ကာခရစ်ကတ်အသင်းကို အကြမ်းဖက်မှုများကြောင့် ကြိုးပေးခဲ့ခြင်းဖြစ်သည်။ အစိုးရသည် ပက်ရှ်ဝါမြို့စာသင်ကျောင်းတိုက်ခိုက်ခံရပြီးနောက် စစ်သွေးကြွများကို ပြင်းထန်စွာကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်က နိုင်ငံရေးပါတီများနှင့် အရေးပေါ်ဆွေးနွေးမှုအပြီးတွင် နိုင်ငံအတွင်း အကြမ်းဖက်မှုများအဆုံးသတ်စေမည်ဟု ကတိပြုခဲ့သည်။ ယင်းဖြစ်ရပ်အတွက် အမှတ်တရနေ့ရက်အဖြစ် သုံးရက်သတ်မှတ်ခဲ့သည်။ ထို့ပြင်အစိုးရသည် ဒီဇင်ဘာလ (၁၉) ရက်မှစ၍ အကြမ်းဖက်သမားခြောက်ဦးကို သေဒဏ်စီရင်ခဲ့သည်။ အကြမ်းဖက်သမားများကို သေဒဏ်ချမှတ်မှုဆိုင်းငံ့ထားခဲ့ခြင်းကို ဝန်ကြီးချုပ်က အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက်တွင် အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ဒေသရှိ တာလီဘန်တို့ကို ပါကစ္စတန်တပ်ဖွဲ့က မြေပြင်နှင့် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ တာလီဘန် (၅၇) ဦး သေဆုံးကြောင်း ဒီဇင်ဘာလ (၁၉) ရက်တွင် ပါကစ္စတန်စစ်ဘက်က ကြေညာသည်။ ခိုင်ဘာခရိုင်နှင့် မြောက်ဝါဇီရစ္စတန်ပြည်နယ်များ၌ ဇွန်လအတွင်း စတင်ခဲ့သော ထိုးစစ်ဆင်နွှဲမှုကို အရှိန်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။ ဇွန်လမှစ၍ နောက်ဆုံးဆင်နွှဲခဲ့သည့် တိုက်ခိုက်မှုများအတွင်း စစ်သွေးကြွဦးရေ (၇၀၀) ကျော်ကို ချေမှုန်းနိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။ ဒီဇင်ဘာလ (၂၅) ရက်တွင် အကြမ်းဖက်သမားဟု သံသယရှိသူများကို စစ်ခုံရုံးသစ်ဖွဲ့၍ တရားစီရင်မည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

**ဗီယက်နမ်နိုင်ငံ။** ။ **စီးပွားရေး** - ပထမသုံးလပတ်အတွင်း ဗီယက်နမ်ကုန်သွယ်ရေး ပိုလျှံငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိသောကြောင့် (၂၀၁၀) ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့ရာတွင် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက စီးပွားရေးအခြေအနေဆိုးမှ အလွတ်ရုန်းထွက်နိုင်ခဲ့ပြီဟု မည်သူမျှမပြောနိုင်သေးသော်လည်း စီးပွားရေးတက်ရိပ်များမှာ အလားအလာကောင်းနေကြောင်း ထုတ်ဖော်ပြောကြားသည်။ ဗီယက်နမ်နိုင်ငံတွင် အုပ်ချုပ်ရေးယန္တရား၊ ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုဖူလုံရေးနှင့် စစ်တွင်းက အသုံးပြုခဲ့သော ရွက်ကြွေ အဆိပ်ငွေ့များဖယ်ရှားရေး အကူအညီများအတွက် ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီ (USAID) တို့က (၂၀၁၄) ခုနှစ်မှ (၂၀၂၀) ပြည့်နှစ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကူညီမည်ဟု ဧပြီလ (၂) ရက်တွင် ကြေညာသည်။

**မျက်မှောက်ရေးရာ** - ဗီယက်နမ်စစ်ပွဲကာလတွင် ရန်သူများဖြစ်ခဲ့ကြသော ဗီယက်နမ်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုသည် (၁၉၉၅) ခုနှစ်တွင် ကုန်သွယ်ရေးဆက်ဆံမှုပြန်လည်မြှင့်တင်ခဲ့သည်။ (၁၉၈၄) ခုနှစ်ကတည်းက လက်နက်ရောင်းချခြင်းကို အမေရိကန်က ပိတ်ပင်ခဲ့သောကြောင့် စစ်ရေးပတ်သက်မှုကို အကန့်အသတ်ဖြင့်သာပြုလုပ်ခဲ့သည်။ သို့သော် (၂၀၁၄) ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ရေကြောင်းပိုင်နက်လုံခြုံရေးတိုးတက်စေရန် ကြိုးပမ်းမှုကို အမေရိကန်ကထောက်ခံသည့်အနေဖြင့် နှစ်နိုင်ငံကြားစစ်ရေးဆက်ဆံမှုကို တိုးမြှင့်ခဲ့သည်။ ဩဂုတ်လတွင် အမေရိကန် စစ်ဘက်အထက်တန်း တာဝန်ရှိပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေးသည် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံစစ်ရေး ပူးပေါင်းဆောင်ရွက်မှုကိုဆွေးနွေးကြသည်။ ထို့ပြင် လက်နက်ရောင်းချမှုပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန် သင့်၊ မသင့်ဆွေးနွေးမည်ဟု ပြောကြားခဲ့ပြီးနောက် စက်တင်ဘာလတွင် လက်နက်ရောင်းချမှု ပိတ်ပင်ထားခြင်းကို စတင်ဖြေလျှော့ပေးခဲ့သည်။ ထို့နောက် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး၏ အမေရိကန်ခရီးစဉ်တွင် စစ်ဘက်ဆိုင်ရာပစ္စည်းများဝယ်ယူခွင့်စာချုပ်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီ နှင့်ချုပ်ဆိုခဲ့သည်။ ၎င်းစာချုပ်ဖြင့်ဗီယက်နမ်သည် ရေကြောင်းလုံခြုံရေးအတွက် ကာကွယ်ရေးပစ္စည်းများ ပါရှိသည့်သင်္ဘောများကို ဝယ်ယူရရှိမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့်ပင်လယ်ပိုင်နက်အငြင်းပွားမှုပေါ်ပေါက်နေချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် စစ်ရေးဆက်ဆံမှုတိုးမြှင့်ရန်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တောင်တရုတ်ပင်လယ်ပြင်အတွင်းပိုင်နက် အငြင်းပွားမှုများဖြစ်ပေါ်နေစဉ် ဗီယက်နမ်နှင့်တရုတ်တို့ပိုင်ဆိုင်ကြောင်း ကြေညာ




**ဗီယက်နမ်ပြည်သူများ ကန့်ကွက်ဆန္ဒပြစဉ်**

ထားသည့် ပါရာစဲလ်ကျွန်းစုများအနီးတွင် တရုတ်နိုင်ငံက မေလအတွင်းရေနံတူးစင် တစ်ခုတည်ဆောက်ခဲ့သည်။ ယင်းရေနံစင်သည် ဗီယက်နမ်ကမ်းခြေမှ ရေမိုင် (၁၃၀) အကွာပင်လယ်ပြင်၌ ပေါ်ထွက်နေသော ဗီယက်နမ်ကုန်းမြေတွင် တည်ရှိသည်။ ယင်းကိစ္စကို အကြောင်းပြု၍ ဟန္နွိုင်းနှင့်ဟိုချီမင်းမြို့များတွင် တရုတ်ဆန့်ကျင်ရေးဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး တရုတ်ပိုင်စက်ရုံများမီးရှို့ခံရသည်။ သို့သော် တရုတ်နိုင်ငံက ရေနံတူးဖော်ရေးကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် ပိုင်နက်မြေကို တစ်လက်မမျှ ဆုံးရှုံးခံမည် မဟုတ်ကြောင်းနှင့်ဒေသတွင်းမတည်ငြိမ်ရန် ဗီယက်နမ်က လှုံ့ဆော်နေသည်ဟု အပြစ်တင်ခဲ့သည်။ အမေရိကန်က အာရှအပေါ်ပိုမိုအာရုံစိုက်လာခြင်းသည် ဒေသတွင်းတင်းမာမှုကိုမြင့်တင်ပေးသကဲ့သို့ဖြစ်ကြောင်း တရုတ်ဗိုလ်ချုပ်ကြီး ဖန်ဖန်ဟွေ့က ပြောကြားသည်။

ကွန်မြူနစ်နိုင်ငံများဖြစ်သော တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အပြင် စီးပွားဘက်နိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ဘီလီယံ (၅၀) နီးပါးရှိသည်။ သို့သော် တရုတ်နိုင်ငံက ရေနံတူးစင်တည်ဆောက်ပြီး နောက်ပိုင်းတွင် ဗီယက်နမ်က အငြင်းပွားရေပိုင်နက်အတွင်းသို့ ကမ်းရိုးတန်းစောင့်သင်္ဘောများဖြင့် စောင့်ကြည့်ခဲ့သည်။ ထို့ပြင် ရေငုပ်သင်္ဘောများစေလွှတ်ရန်အတွက်လည်း ရုရှားနိုင်ငံမှဝယ်ယူခဲ့သည်။

ဒီဇင်ဘာလ (၂၇) ရက်တွင်မူ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့၏နှစ်နိုင်ငံယုံကြည်မှုကို တိုးမြှင့်ရန်နှင့် ပင်လယ်ပိုင်နက်အငြင်းပွားမှုကို ဖြေရှင်းနိုင်ရန်အတွက် တရုတ်နိုင်ငံကွန်မြူနစ်ပါတီဗဟိုကော်မတီ၏နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင် Mr.Yu Zheng Sheng နှင့် ဗီယက်နမ်ခေါင်းဆောင်တို့တွေ့ဆုံဆွေးနွေးခဲ့သည်။

ဩဂုတ်လ (၃) ရက်တွင် ဟန္နွိုင်းမြို့၌ လိင်တူအခွင့်အရေးလှုပ်ရှားသူ (၃၀၀) ခန့်ပါဝင်သော လိင်တူအခွင့်အရေးတောင်းဆိုချီတက်ပွဲတစ်ခုပြုလုပ်ခဲ့သည်။ (၂၀၁၂) ခုနှစ်တွင် ဗီယက်နမ်ဥပဒေပြုအမတ်များသည် လိင်တူလက်ထပ်ခြင်းကို ဥပဒေဖြင့် အတည်ပြုနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဗီယက်နမ်တွင် လိင်တူချစ်ခြင်းကို ပိတ်ပင်မှုများရှိသော်လည်း လိင်တူလက်ထပ်မင်္ဂလာပွဲကျင်းပခြင်းကို ဒဏ်ငွေချမှတ်ကာ ပယ်ဖျက်ခြင်းအပါအဝင် တဖြည်းဖြည်းဖြေလျှော့ခဲ့သည်။

**ကိုးကွယ်ယုံကြည်မှု** - ဗီယက်နမ်တွင် ကွန်မြူနစ်အုပ်ချုပ်ရေးတစ်လျှောက် ကိုးကွယ်ယုံကြည်မှုကို တင်းကျပ်စွာထိန်းချုပ်ခဲ့သော်လည်း (၁၉၉၀) ပြည့်နှစ်များတွင် တံခါးဖွင့်စီးပွားရေးစနစ်ကျင့်သုံးချိန်မှစကာ ထိန်းချုပ်မှုများကို တဖြည်းဖြည်းလျှော့ချပေးခဲ့သည်။ ဗီယက်နမ်ဘာသာရေးဆိုင်ရာနိုင်ငံတော် ကော်မတီ၏ စာရင်းအရ လူဦးရေသန်း (၉၀) ရှိသော ဗီယက်နမ်တွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ကက်သလစ်၊ ခရစ်ယာန်စသည်ဖြင့် ဘာသာပေါင်း (၁၃) ခု ကိုးကွယ်လျက်ရှိသည်။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်ဟိုင်နာဘိုင်လဖတ်သည် ဗီယက်နမ်သို့(၁၀) ရက်ကြာသွားရောက်ကာ ဘာသာရေးလွတ်လပ်ခွင့်အခြေအနေများကို လေ့လာစာရင်းပြုစုခဲ့သည်။ ၎င်းက ကိုယ်ယုံကြည်ရာ ကိုးကွယ်နိုင်မည့်နေရာများ ခွင့်ပြုပေးနှုန်းပိုမိုများပြားလာကြောင်း ပြောကြားသည်။

**မလေးရှားနိုင်ငံ။ ။ မလေးရှားလေကြောင်းပိုင် MH-370 လေယာဉ်ပျောက်ဆုံးခြင်း** - မတ်လ (၈) ရက်က မလေးရှားလေကြောင်း၌ာနမှ ခရီးသည် (၂၃၉) ဦးပါရှိသော MH-370 လေယာဉ်သည် မြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံမြို့တော် ပေကျင်းသို့ ဦးတည်ပျံသန်းလာစဉ် တောင်တရုတ်ပင်လယ်အထက်ဝေဟင်အတွင်း ပျောက်ဆုံးခဲ့သည်။ ယင်းလေယာဉ်သည် ဗီယက်နမ်နိုင်ငံဝေဟင်ပိုင်နက်ကို ဖြတ်သန်းကာ ဆက်လက်ပျံသန်းရန်ရှိနေစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်ကို ဩစတြေးလျနိုင်ငံက ဦးဆောင်၍ ရှာဖွေခဲ့သည်။

ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအက်ဘော့က ပျောက်ဆုံးသွားသော မလေးရှားလေယာဉ်ရှာဖွေရေးမှာ လူ့သမိုင်း၌ အခက်ခဲဆုံးလုပ်ငန်းတစ်ခုဖြစ်သော်လည်း

အကောင်းဆုံးနှင့်အတတ်နိုင်ဆုံးလုပ်ဆောင် သွားမည်ဖြစ်ကြောင်း လေယာဉ်ပေါ်ပါရှိသော ခရီးသည်များ၏ ဆွေမျိုးသားချင်းများကို ဧပြီလ (၃) ရက်တွင် ထပ်မံကတိပေးပြောကြားသည်။ ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာသော မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ထို့နောက် အိန္ဒိယသမုဒ္ဒရာတွင် လေယာဉ်




**MH-370 လေယာဉ်ကို အိန္ဒိယသမုဒ္ဒရာတွင် ရှာဖွေစဉ်**

အပိုင်းအစများကို ကိုးကြိမ်မြောက် ရှာဖွေခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်းကိစ္စနှင့်ပတ်သက်၍ ရှာဖွေရေးကုန်ကျစရိတ်ကို အလေးထားရန်မလိုကြောင်း ဩစတြေးလျအစိုးရက ဧပြီလ (၂၃) ရက်တွင် ပြောကြားသည်။

ပျောက်ဆုံးသွားခဲ့သော မလေးရှားလေကြောင်းပိုင်လေယာဉ်နှင့်ပတ်သက်၍ နိုင်ငံအသီးသီးမှ ပုံစံအမျိုးမျိုးဖြင့် ရေကြောင်း၊ လေကြောင်းများမှ ရှာဖွေခဲ့ပြီး ကုန်ကျစရိတ်ကြီးလေးသည့်ဒဏ်ကို ခံခဲ့ကြရသော်လည်း သဲလွန်စမတွေ့ရှိခဲ့သဖြင့် ဩစတြေးလျ၊ တရုတ်နှင့်မလေးရှားနိုင်ငံတို့သည် လေယာဉ်ရှာဖွေရေးအနာဂတ်လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို မေလ (၅) ရက်တွင် ကျင်းပသည်။

အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် လေယာဉ်ပျက်ရှာဖွေသည့်လုပ်ငန်းကိုလျှော့ချရန် ဆုံးဖြတ်ခဲ့ကြပြီးနောက် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် သုံးပွင့်ဆိုင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်အတွင်း လွတ်လပ်သောစုံစမ်းရေးကော်မရှင်တစ်ရပ်ကလည်း နိုင်ငံတကာမြို့ပြလေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဗီယက်နမ်နိုင်ငံက ချိုးဖောက်ခဲ့ခြင်းရှိမရှိ စုံစမ်းစစ်ဆေးခဲ့သည်။

မလေးရှားအစိုးရအဖွဲ့က ကုလသမဂ္ဂနိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့ (ICAO) ထံ ပဏာမအစီရင်ခံစာတင်သွင်းခဲ့ရာတွင် ယင်းလေယာဉ် ခရီးစဉ်ပျံသန်းမှု၏ အစောပိုင်းကာလအတွင်း လေကြောင်းပျံသန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကျင့်သုံးမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာအများအပြားရှိသည်ဟု ဖော်ပြထားသည်။

ယင်းလေယာဉ်ပေါ်လိုက်ပါခဲ့သည့်ခရီးသည်များ၏ မိသားစုများသည် ကနဦးလျော်ကြေးဒေါ်လာငါးသောင်းကို စတင်ရရှိကြောင်း ဇွန်လ (၁၃) ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ အာမခံကုမ္ပဏီသည် လျော်ကြေးတောင်းဆိုထားသည့် တရုတ်မိသားစု (၄၀) ကျော်၏ တောင်းဆိုချက်များကို ချင့်ချိန်လျက်ရှိသည်။ ပျောက်ဆုံးခရီးသည် (၂၃၉) ဦး၏ ဆွေမျိုးများသည် တစ်ဦးလျှင် ဒေါ်လာ (၁၇၅,၀၀၀) အထိ တောင်းဆိုနိုင်သည်။ လေယာဉ်ပျောက်ဆုံးသွားသည်ဟု မကြေညာရသေးသောကြောင့် ပြဿနာအပြီးသတ်ပြီဟု အစိုးရက ကြေညာသည်အထိစောင့်ပြီးမှ လျော်ကြေးအပြည့်အဝပေးရန် ဆွေးနွေး၍ရမည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။

ဒီဇင်ဘာလ (၁၄) ရက်တွင်မူ မလေးရှား၊ တရုတ်နှင့်ဩစတြေးလျနိုင်ငံတို့က ဆက်လက်ပူးပေါင်းရှာဖွေသွားမည်ဖြစ်ကြောင်း လေယာဉ်ပူးပေါင်းရှာဖွေရေးအဖွဲ့က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပျောက်ဆုံးလေယာဉ်ပေါ် လိုက်ပါသွားသည့် ခရီးသည် (၂၃၉) ဦး၏ မိသားစုဝင်များက ရုပ်အလောင်းတွေ့ခဲ့လျှင် တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း DNA နမူနာများပေးပို့ခဲ့ကြသည်။

အိန္ဒိယသမုဒ္ဒရာကြမ်းပြင်တွင် ရှာဖွေမှုများပြုလုပ်နေသည့် ဖူဂရိုအီကွေတာသင်္ဘောသည် ရှာဖွေမှုများပြီးဆုံးသွားလျှင် ဩစတြေးလျဖရီမန်တယ်ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ်တော့မည်ဖြစ်ကြောင်း ပူးပေါင်း

ရှာဖွေရေးအဖွဲ့က ပြောကြားသည်။ အချို့သော ရှာဖွေရေးသင်္ဘောများသည်လည်း ဆိပ်ကမ်းများသို့ ပြန်လည်ဆိုက်ရောက်လာခဲ့သည်။ လေယာဉ်ပျောက် ရှာဖွေမှုဧရိယာမှာ စတုရန်းကီလိုမီတာ နှစ်သိန်းခန့်ရှိ ပြီဖြစ်သည်။

**မလေးရှားလေကြောင်းပိုင် MH-17 လေယာဉ် ပျက်ကျခြင်း** - ခရီးသည် (၂၉၈) ဦးပါဝင်သော မလေးရှားလေကြောင်းပိုင် MH-17 ခရီးသည်တင် လေယာဉ်သည် ဇူလိုင်လ (၁၇) ရက်တွင် ယူကရိန်း နိုင်ငံ လူဟန့်ဒေသရှိ ကရာစသနီလူချ်မြို့နှင့် ဒွန်းတက်ခ် ဒေသရှိ ရှခါတာ့ခ်မြို့ကြားတွင် ပျက်ကျခဲ့ရာ ခရီးသည် အားလုံးသေဆုံးခဲ့ရသည်။ ယင်းဒေသသည် ယူကရိန်း ခွဲထွက်ရေးသူပုန်များ ထိန်းချုပ်ထားသောဒေသဖြစ်ရာ သူပုန်များက ဒုံးကျည်ဖြင့်ပစ်ခတ်ကြောင်း ကမ္ဘာ့ မီဒီယာများက ဖော်ပြကြသည်။ လေယာဉ်သည် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ပျံသန်းလာစဉ် ပျက်ကျသွားခြင်း ဖြစ်သည်။ ခွဲထွက်ရေးသူပုန်များကမူ ၎င်းတို့၌တာဝန် မရှိကြောင်း ကြေညာခဲ့သည်။

ကုလသမဂ္ဂက လေယာဉ်ပစ်ချခြင်းကို စစ် ရာဇဝတ်မှုဟုခေါ်ဆိုနိုင်ကြောင်း ဇူလိုင်လ (၂၈) ရက် တွင် ကြေညာသည်။ ယင်းကိစ္စအတွက် စုံစမ်း စစ်ဆေးရန် လေယာဉ်ပျက်ကျသည့်နေရာသို့ဝင်ရောက် ခွင့်ပြုရေးအတွက် လက်နက်ကိုင်အုပ်စုများထံ တောင်းဆိုရန်နှင့် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ဒေသတွင်းနိုင်ငံများက ပူးပေါင်းဆောင် ရွက်ရေးအတွက် တိုက်တွန်းရန် စသည့်အချက်များ ပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆောင်ရွက်ခဲ့သည်။ လေယာဉ်ပျက်ကျမှုကြောင့် ၎င်း၏နိုင်ငံသား (၂၈) ဦးဆုံးရှုံးခဲ့ရသော ဩစတြေးလျနိုင်ငံက လုံခြုံရေး ကောင်စီအဖွဲ့ဝင် (၁၅) ဦးနှင့် သံတမန်များထံ ဆုံးဖြတ် ချက်စာသားမူကြမ်းကို ဖြန့်ဝေခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် အခြားအင်အား ကြီးနိုင်ငံများက မလေးရှားခရီးသည်တင်လေယာဉ် သည် ယူကရိန်းအရှေ့ပိုင်းရှိ သူပုန်များ၏ဒေသမှနေ၍ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ဖြင့် ပစ်ချခံခဲ့ရခြင်းဖြစ် ဖွယ်ရှိကြောင်း ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်း အရှေ့ပိုင်းရှိ ရုရှားလိုလားသောသူပုန်များအား လေယာဉ်ပျက်ကျမှုစုံစမ်းစစ်ဆေးရာတွင် ပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းပြီး နိုင်ငံတကာစုံစမ်း စစ်ဆေးရေးအနေဖြင့်လည်း လိုရာဆွဲ၍ ကောက်ချက် မချရန် တင်းတင်းကျပ်ကျပ်တောင်းဆိုသည်။ လေယာဉ်ပစ်ချသည့်ကိစ္စတွင် ပါဝင်ပတ်သက်သည် ဆိုခြင်းကို ရုရှားနိုင်ငံက ငြင်းဆိုပြီး ယူကရိန်း စစ်တပ်ကို အပြစ်တင်ထားသည်။

ဒတ်ချ်လူမျိုးအများဆုံး သေဆုံးခဲ့ရသည့် အဆိုပါ လေယာဉ်ပစ်ချခံရမှုကို လိုအပ်သလိုကူညီဆောင် ရွက်ပေးပါရန် ဒတ်ချ်ဝန်ကြီးချုပ် မတ်ရွတ်တေးက ရုရှားသမ္မတ ဗလာဒီမာပူတင်ထံသို့ ပြောကြားသည်။ ခရီးသည်များတွင် ဒတ်ချ်၊ မလေးရှား၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဗြိတိန်၊ ဂျာမန်၊ ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံသားများပါရှိသည်။

ယူကရိန်းပဋိပက္ခသည် တစ်ကမ္ဘာလုံးအတိုင်း အတာနှင့်ဆက်စပ်ပတ်သက်နေပြီး လေယာဉ်ပေါ်တွင် နိုင်ငံသားပေါင်းစုံ ပါဝင်နေသောကြောင့် လေယာဉ် ပျက်ကျမှုကို စုံစမ်းရာတွင်လည်း နိုင်ငံပေါင်းစုံမှ ပူးပေါင်း ပါဝင်သင့်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြော ကြားသည်။

ထို့အတူ ယူကရိန်းအစိုးရအဖွဲ့ကလည်း လေယာဉ်ပစ်ချခံရမှုတွင် ၎င်းတို့တပ်ဖွဲ့များ ပါဝင်ပတ် သက်မှုမရှိဟုဆိုသည်။ အမေရိကန်ထောက်လှမ်းရေး ကမူ မလေးရှားခရီးသည်တင်လေယာဉ်သည် အမြင့်ပေ (၃၃၀,၀၀၀) ပျံသန်းနေစဉ်အတွင်း ပစ်ချခံခဲ့ရခြင်း ဟုလည်းဆိုသည်။ ယူကရိန်းကြည်းတပ်သည် BUK M 1 အမျိုးအစားလေကြောင်းရန်ကာကွယ်ရေး ဒုံးပစ် လောင်ချာများ ပိုင်ဆိုင်ခြင်းကြောင့် ခရီးသည်တင် လေယာဉ်ပစ်ချခံရမှုအတွက် တာဝန်ရှိမည်ဟု ယူဆ ရဖွယ်ဖြစ်ကြောင်း ရုရှားစစ်ဘက်က ထုတ်ပြန် ကြေညာသည်။

ယူကရိန်းစစ်စခန်းတစ်ခုကို သိမ်းပိုက်ခဲ့ပြီး နောက် BUK ဒုံးပစ်လောင်ချာများကို ပိုင်ဆိုင်ထား သည်ဟု ခွဲထွက်ရေးတပ်ဖွဲ့က ဇွန်လနှောင်းပိုင်းတွင် ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့ရာ ခရီးသည်တင် လေယာဉ်ပစ်ချရာတွင် ယင်းဒုံးပစ်လောင်ချာအမျိုး အစားကို ခွဲထွက်ရေးသူပုန်များကလည်း အသုံးပြုဖွယ် ရှိသည်ဟု ခန့်မှန်းပြောဆိုကြသည်။

ဇူလိုင်လ (၂၁) ရက် သတင်းဖော်ပြချက်များ အရ ခွဲထွက်ရေးသူပုန်များက ယူကရိန်းအစိုးရ အနေဖြင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှ သာလျှင် မလေးရှားလေယာဉ်ပျက်ကျသည့်နေရာသို့ နိုင်ငံတကာ စုံစမ်းစစ်ဆေးသူများကို ဝင်ရောက်ခွင့်ပြု မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ယူကရိန်းအရှေ့ပိုင်းရှိ ဒေသတချို့ကို ဧပြီလကတည်းက ထိန်းချုပ်ထားသည့် ခွဲထွက်ရေးသူပုန်များသည် ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) မှ အဖွဲ့ဝင် (၃၀) ဦးတို့ကို လေယာဉ်ပျက်ကျရာနေရာတစ်ဝိုက်တွင် လွတ်လပ်စွာသွားလာခြင်းမပြုနိုင်အောင် ထိန်းချုပ် ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ လေယာဉ်ပျက်ကျ သည့် သက်သေအထောက်အထားများကို သူပုန်များက ဖျက်ဆီးပစ်ရာတွင် ရုရှားကကူညီပေးနေကြောင်း ယူကရိန်းအစိုးရက စွပ်စွဲပြောကြားသည်။

ဇူလိုင်လ (၂၁) ရက် သတင်းများအရ ကုလ သမဂ္ဂလုံခြုံရေးကောင်စီသည် ယူကရိန်းနိုင်ငံ၌ ခရီးသည်တင်လေယာဉ်ပျက်ကျခဲ့ရသည့်နေရာကို နိုင်ငံတကာစုံစမ်းစစ်ဆေးရေးမှူးများ ဝင်ရောက်ခွင့် အပြည့်အဝရရှိရေးအတွက် ခွင့်ပြုပေးရန်တောင်း ဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မဲခွဲအတည်ပြုခဲ့ ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်း ထုတ်ပြန်သည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ဩစတြေးလျ နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ပူးတွဲအဆိုပြုခဲ့သည်။ ရုရှား လိုလားသော ခွဲထွက်ရေးသမားများက အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ယင်းဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။ လေယာဉ်ပျက်ကျသည့်နေရာနှင့် ယင်းနေရာ၏ အနီးတစ်ဝိုက်တွင် စစ်ရေးလှုပ်ရှားမှု များကို ရပ်ဆိုင်းပေးရန်လည်း ဆုံးဖြတ်ချက်မူကြမ်းတွင် တိုက်တွန်းထားသည်။

ဇူလိုင်လ (၂၂) ရက်တွင် မလေးရှားလေယာဉ် ၏ ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်ကိရိယာနှင့် လေယာဉ်မှူးအခန်း၏ အသံမှတ်တမ်းတင်ကိရိယာ (Black Box) ကို ယူကရိန်းအရှေ့ပိုင်းဒေသ အုပ်ချုပ် ရေးမှူးက မလေးရှားကျွမ်းကျင်သူများထံ လွှဲအပ်ခဲ့ သည်။ Black Box လက်ခံရန်ကိစ္စနှင့်ပတ်သက်၍ လေယာဉ်ပျက်ကျမှုသည် နိုင်ငံတကာနှင့်ပတ်သက် နေသောကြောင့် နိုင်ငံတကာမြို့ပြလေကြောင်း အဖွဲ့ချုပ်၏ ကဏ္ဍဖြစ်ပြီး နယ်သာလန်၊ ဩစတြေးလျ၊ မလေးရှားနိုင်ငံများနှင့် တိုက်ရိုက်သက်ဆိုင်ကြောင်း ရုရှားအစိုးရက ပြောကြားသည်။

နိုင်ငံတကာကျွမ်းကျင်ပညာရှင် (၇၀) ဦးပါဝင် သောအဖွဲ့သည် ဩဂုတ်လ (၁) ရက်မှစ၍ ရုပ် အလောင်းများရှာဖွေခြင်းကို စတင်ခဲ့ကြောင်း နယ်သာ လန်နိုင်ငံတရားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ် ပြန်သည်။ ယင်းလုပ်ငန်းကို ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများနှင့် အစိုးရတပ်ဖွဲ့များ၏ တိုက်ပွဲ များကြားမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တွေ့ရှိခဲ့သော ရုပ်အလောင်း (၂၀၀) ကျော်ကို နယ်သာလန်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ လေယာဉ်ပျက်ကျမှုတွင် သေဆုံးသူ များအနက် (၁၉၃) ဦးမှာ ယင်းနိုင်ငံမှဖြစ်သည်။

**မျက်မမြောက်ရေးရာ** - ဇူလိုင်လ (၈) ရက်တွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ လေဆိပ်သို့ ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံသား (၇၅) ဦးကို လေဆိပ်၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း လေဆိပ်လူဝင်မှုကြီးကြပ်ရေးဌာနမှ မြန်မာသံရုံးသို့ ဇူလိုင်လ (၁၇) ရက်တွင် အကြောင်းကြားခဲ့သည်။ မြန်မာနိုင်ငံသား (၇၂) ဦးနှင့် အေးဂျင့်သုံးဦးအနက် (၁၄) ဦးသာပြည်ဝင်ဗီဇာအစစ်ပါရှိပြီး ကျန် (၆၁)

ဦးသည် ပြည်ဝင်ဗီဇာအတုများဖြင့် ဝင်ရောက်ခဲ့ကြောင်း မလေးရှားလေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနအကြီးအကဲက ပြောကြားသည်။ ပြည်ဝင်ဗီဇာအတုကိုင်ဆောင်သူ (၆၁) ဦးအနက် အသက်အရွယ်ကြီးရင့်သူနှင့် ကလေးငယ်ရှစ်ဦးမှလွဲ၍ အမျိုးသား (၃၆) ဦးနှင့် အမျိုးသမီး (၁၆) ဦး စုစုပေါင်း (၅၂) ဦးတို့ကို ဩဂုတ်လ (၁၂) ရက်တွင် ကွာလာလမ်ပူမြို့ ဆီပန်းတရားရုံးမှ မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထောင်ဒဏ်တစ်နှစ်စီ ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူရှစ်ဦးနှင့် ပြည်ဝင်ဗီဇာအစစ်ကိုင်ဆောင်သူ (၁၂) ဦးတို့ကို သံရုံးညှိနှိုင်းချက်အရ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ပြုခဲ့သည်။ ထောင်ဒဏ်တစ်နှစ်ချမှတ်ခံရသည့်မြန်မာနိုင်ငံသား (၅၂) ဦးအနက် အမျိုးသား (၃၂) ဦး၊ အမျိုးသမီး (၁၆) ဦးတို့ကို စတင်ဖမ်းဆီးခဲ့သည့်အချိန်မှ ဒီဇင်ဘာလ (၁၂) ရက်အထိသာ ပြစ်ဒဏ်ကျခံရန်နှင့် ကျန်ရှိသော ပြစ်ဒဏ်များကို ပယ်ဖျက်၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာရန် အမိန့်ချမှတ်ကာ ကျန်ရှိသူအမျိုးသားလေးဦးကို ဒီဇင်ဘာလ (၃) ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

**မြောက်ကိုရီးယားနိုင်ငံ။ ။ နိုင်ငံတကာရာဇဝတ်မှုခုံရုံးတင်ခြင်းကိစ္စ** - မြောက်ကိုရီးယားအစိုးရက ပြည်သူများကိုနှိပ်စက်သတ်ဖြတ်နေသည်ဟူသော ဖေဖော်ဝါရီလတွင်ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏အစီရင်ခံစာသည် အခြေအမြစ်မရှိသောစွပ်စွဲချက်ဖြစ်သည်ဟုပြောကြားကာ မတ်လ (၁၇) ရက်တွင် တရုတ်အစိုးရကပယ်ချခဲ့သည်။ ထိုသို့ပယ်ချသည့်အတွက် တရုတ်အစိုးရသည် ၎င်း၏မဟာမိတ်မြောက်ကိုရီးယားကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးသို့မရောက်စေရန် ကာကွယ်ပေးသွားမည်ကို လူ့အခွင့်အရေးသမားများက စိုးရိမ်မကင်းဖြစ်ကြသည်။ ကုလသမဂ္ဂသည် ယင်းအစီရင်ခံစာကို မြောက်ကိုရီးယားမှ ထွက်ပြေးလာသူဒုက္ခသည်များစွာနှင့် တွေ့ဆုံမေးမြန်းကာ ကာလရှည်ကြာ စုံစမ်းကြားနာခဲ့ပြီး ပြုစုထားခြင်းဖြစ်ကြောင်း အယ်လ်ဂျားဇီးယားသတင်းဌာနက ဖော်ပြသည်။ ထို့ပြင် လူ (၁၂၀,၀၀၀) ခန့်ကို ထိန်းသိမ်းထားသော အကျဉ်းစခန်းတွင် နှိပ်စက်မှုများ၊ ကွပ်မျက်မှုများနှင့် အဓမ္မပြုကျင့်ခံရမှုများနှင့် ပတ်သက်သောအထောက်အထားများကို ယင်းစုံစမ်းစစ်ဆေးမှုကဖော်ပြသည်။ မြောက်ကိုရီးယား၏ လူ့အခွင့်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) တွင် စစ်ဆေးကြားနာသည်ကို ထောက်ခံမည်မဟုတ်ဟုလည်း တရုတ်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးသို့တင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိုင်ငံများက တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးအရာရှိက တင်သွင်းသော စာတမ်းကို ကြားနာရန်နှင့် ဒီဇင်ဘာလအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီဆွေးနွေးပွဲကျင်းပရန် ကောင်စီအမတ် (၁၀) ဦးက တိုက်တွန်းသော်လည်း တရုတ်နှင့် ရုရှားနိုင်ငံတို့ကကန့်ကွက်ခဲ့ကြပြီး ယင်းကိစ္စရပ်ကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကသာ ကိုင်တွယ်သင့်ကြောင်း ပြောကြားကြသည်။ ကောင်စီအမတ် (၁၀) ဦးက ဖေဖော်ဝါရီလတွင် ထုတ်ပြန်ခဲ့သော စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ကိုးကား၍ မြောက်ကိုရီးယားနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်စေနိုင်ကြောင်း ပြောကြားကြသည်။ ကုလသမဂ္ဂတွင် မြောက်ကိုရီးယားနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများကို ကိုင်တွယ်ဖြေရှင်းရန်လုပ်ဆောင်နေသော ကြိုးပမ်းမှုများကို တားဆီးရန်အတွက် မြောက်ကိုရီးယားက အမေရိကန်နိုင်ငံမှ CIA ၏ စစ်ကြောမေးမြန်းမှုနည်းလမ်းများကို အရေးပေါ်ဖြေရှင်းရန် လုံခြုံရေးကောင်စီကို ဒီဇင်ဘာလ (၁၅) ရက်တွင် တောင်းဆိုခဲ့သည်။

သို့သော် မြောက်ကိုရီးယားခေါင်းဆောင်အား လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) သို့တင်ကာ စစ်ဆေးရန် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံမဲ (၁၁၁) မဲ၊ ကန့်ကွက် (၁၉) မဲ၊ ကြားနေ (၅၅) မဲဖြင့် အတည်ပြုခဲ့သည်။ မဲခွဲဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်စာတမ်းကို ဂျပန်၊

ဥရောပသမဂ္ဂနှင့် အခြားနိုင်ငံ (၆၀) တို့က စုပေါင်းရေးဆွဲကာ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသို့ တင်သွင်းပြီး မဲခွဲဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းစာတမ်းတွင် မြောက်ကိုရီးယားသည် ယနေ့ခေတ်ကမ္ဘာတွင် တန်းတူယှဉ်စရာနိုင်ငံပင် မရှိနိုင်လောက်အောင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ထိုစာတမ်းသည် မြောက်ကိုရီးယားကို စစ်ကြေညာသကဲ့သို့ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်၏ နိုင်ငံတော်ကာကွယ်ရေးကော်မရှင်က ထုတ်ပြန်ကြေညာသည်။ စာတမ်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် မည်သူ့တွင် တာဝန်ရှိကြောင်း နာမည်တပ် ဖော်ပြမထားသော်လည်း မြောက်ကိုရီးယား၏အမြင့်ဆုံးအာဏာရှိသူသည် တာဝန်ရှိသည်ဟု ရေးသားဖော်ပြထားသည်။ ယင်းသို့ မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယား၏ အဓိကပစ်မှတ်ဖြစ်ကြောင်းနှင့် ဤကိစ္စမှာ အန္တရာယ်များသော နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ပြီး မြောက်ကိုရီးယားကို ကျူးကျော်ခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်လိုက်သော လူ့အခွင့်အရေးဆုံးဖြတ်ချက်ကို ပယ်ချကြောင်း၊ အမှန်တကယ်လူ့အခွင့်အရေးအခြေအနေနှင့် မကိုက်ညီကြောင်း၊ (၂၀၀၅) ခုနှစ်တွင် ပေကျင်း၌ ကျင်းပခဲ့သော ခြောက်ပါတီအစည်းအဝေးတွင် အမေရိကန်နှင့် မြောက်ကိုရီးယားရေးထိုးခဲ့သည့် သဘောတူညီချက်ဖြစ်သော ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားကင်းမဲ့ရမည်ဆိုသည့်အချက်မှာ ပျက်ပြယ်ကြောင်းနှင့် လူ့အခွင့်အရေးကို အကြောင်းပြု၍ အမေရိကန်၏ ကျူးကျော်ရန်လိုမှုမှာ ထင်ရှားကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်ဟု ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာလ (၂၂) ရက်တွင် ဖော်ပြသည်။

**မျက်မှောက်ရေးရာ** - မြောက်ကိုရီးယားသည် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများနှင့်ပတ်သက်၍ နိုင်ငံတကာ၏စွပ်စွဲမှုကို ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံနှင့် ပိုမိုပူးပေါင်းရန် ကြိုးပမ်းခဲ့သည်။ နိုဝင်ဘာလအတွင်းတွင် ရုရှားသမ္မတနှင့် မြောက်ကိုရီးယားအထူးကိုယ်စားလှယ်တို့တွေ့ဆုံခဲ့ပြီး ဒေသတွင်းလုံခြုံရေးအတွက် ပိုမိုပူးပေါင်းရန် ပြောကြားခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရုရှားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံ၏ ရထားလမ်းကွန်ရက်ကို အဆင့်မြှင့်တင်ပေးပြီး ယင်းအတွက် မြောက်ကိုရီးယားနိုင်ငံက သယံဇာတများနှင့်လဲလှယ်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်ဟု ရုရှားထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အစိုးရကို ဖြုတ်ချရန်ကြိုးပမ်းမှုဖြင့် စွပ်စွဲခံထားရသော မြောက်ကိုရီးယားနိုင်ငံသား (၃၃) ဦးကို သေဒဏ်ချမှတ်ခဲ့ကြောင်း DM သတင်းတွင် ဖော်ပြသည်။ ၎င်းမြောက်ကိုရီးယားနိုင်ငံသား (၃၃) ဦးသည် တောင်ကိုရီးယားခရစ်ယာန်သာသနာပြုသူ ကင်ဂျုန်ဝတ်ထံမှ ပိုက်ဆံယူကာ မြောက်ကိုရီးယားနိုင်ငံအတွင်း တရားမဝင်ဘုရားကျောင်း (၅၀၀) တည်ထောင်ရန် စီစဉ်ပေးခဲ့သောကြောင့် ကွပ်မျက်ရန်အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

**အင်တာနက်လိုင်းများ ပြတ်တောက်ခြင်း** - မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အကြောင်း ဟာသရိုက်ကူးထားသော "The Interview" ရုပ်ရှင်ကို ထုတ်လုပ်ခဲ့သည့် ဆိုနီရုပ်ရှင်လုပ်ငန်း ဆိုက်ဘာတိုက်ခိုက်ခံရမှုအတွက် မြောက်ကိုရီးယားတွင် တာဝန်ရှိသည်ဟု အမေရိကန်အစိုးရက စွပ်စွဲနေချိန်တွင် မြောက်ကိုရီးယား၏အဓိကအင်တာနက်ကွန်ရက်များမှာ နှောင့်ယှက်မှုများ ကြုံတွေ့ခဲ့ရသည်။ တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံကမူ မြောက်ကိုရီးယားတွင် (၁၀) နာရီနီးပါးခန့် အင်တာနက်ပြတ်တောက်ခဲ့ရခြင်းသည် ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း ပြောကြားသည်။

ဆိုနီရုပ်ရှင်လုပ်ငန်းကို အင်တာနက် ဖောက်ထွင်းသူများဝင်ရောက်တိုက်ခိုက်နိုင်ရန် တရုတ်နိုင်ငံနေရာတချို့ကို မြောက်ကိုရီးယားက အသုံးချခဲ့သည်

ဟူသော သတင်းများမှာ မှန်၊ မမှန်ဆုံးဖြတ်နိုင်သော အချက်အလက်မလုံလောက်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောကြားသည်။ ဆိုနီလုပ်ငန်း၏ အင်တာနက်ကွန်ရက်များ၊ အီးမေးလ်နှင့် ပုဂ္ဂိုလ်ရေး အချက်အလက်များကို ဖောက်ထွင်း ဖော်ပြခဲ့ခြင်းသည်




**ဆိုနီရုပ်ရှင်လုပ်ငန်းက ရိုက်ကူးထုတ်လုပ်သော The Interview ဇာတ်ကားကြော်ငြာ**

၎င်း၏လက်ချက်မဟုတ်ကြောင်း မြောက်ကိုရီးယားက ငြင်းဆိုသည်။ ထို့ပြင် ဟက်ကာများက မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်အကြောင်း ဟာသ ရိုက်ကူးထားသောဇာတ်ကားကို ကြည့်သူများအနေဖြင့် ခါးသီးသော အကျိုးဆက်များကို ခံစားရမည်ဟု သတိပေးခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏အင်တာနက်လမ်းကြောင်းအများစုမှာ တရုတ်နိုင်ငံကို ဖြတ်သန်းပြီး သွယ်တန်းထားသည်။ ဒီဇင်ဘာလ (၂၇) ရက်တွင် အင်တာနက်လိုင်းများနှင့် 3G မိုဘိုင်းကွန်ရက်များ ထပ်မံပြတ်တောက်ခဲ့သည်။ ထိုသို့မကြာခဏပြတ်တောက်ခြင်းနှင့်ပတ်သက်၍ မြောက်ကိုရီးယားအာဏာပိုင်များက အမေရိကန်နိုင်ငံ၏လက်တုံ့ပြန်မှုဖြစ်ကြောင်း စွပ်စွဲသည်။ နိုဝင်ဘာလ (၂၂) ရက်တွင် အမေရိကန်နိုင်ငံ၏ဆိုနီရုပ်ရှင်လုပ်ငန်း ဆိုက်ဘာတိုက်ခိုက်ခံရခြင်းကို မြောက်ကိုရီးယားနိုင်ငံအား စွပ်စွဲခဲ့ပြီး အမေရိကန်သမ္မတက လက်တုံ့ပြန်မည်ဟု ပြောကြားခဲ့သောကြောင့်ယင်းသို့စွပ်စွဲခြင်းဖြစ်သည်။ နိုင်ငံရေးလေ့လာသူများကမူ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံသည် မဟာမိတ်နိုင်ငံများဖြစ်သော်လည်း မြောက်ကိုရီးယားနိုင်ငံ၏ လုပ်ဆောင်ချက်တချို့ကို တရုတ်နိုင်ငံက နှစ်သက်ခြင်းမရှိဘဲ ယခုကဲ့သို့ အင်တာနက်လိုင်းပြတ်တောက်မှုသည် တရုတ်နိုင်ငံ၏ စနက်မကင်းကြောင်း သုံးသပ်ကြသည်။ လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးသို့တင်သည့် ကိစ္စ၊ ဆိုနီရုပ်ရှင်လုပ်ငန်း၏ 'The Interview' ရုပ်ရှင်ဇာတ်ကားထုတ်လွှင့်ပြသမှုတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ဖြေရှင်းချက်ကို ကျေနပ်မှုမရှိသဖြင့် မြောက်ကိုရီးယားနိုင်ငံက ပစိဖိတ်ဒေသဝန်းကျင် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်အစီအစဉ်များနှင့်ပတ်သက်ပြီး သုံးပွင့်ဆိုင်ပူးပေါင်းထောက်လှမ်းရေးအစီအမံကို ဒီဇင်ဘာလ (၂၆) ရက်တွင် သဘောတူညီခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ ယင်းသဘောတူညီချက်အရ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ထောက်လှမ်းရေးအချက်အလက်များကို အမေရိကန်နိုင်ငံမှတစ်ဆင့်ပေးပို့မည်ဖြစ်သည်။

**အမေရိကန်နိုင်ငံသားများ ဖမ်းဆီးခံရခြင်း** - မြောက်ကိုရီးယားအစိုးရက ဧပြီလတွင် ဖမ်းဆီးခဲ့သော အမေရိကန်နိုင်ငံသားသုံးဦးအနက် ဂျက်ဖရီဖိုဝဲလ်ကို စက်တင်ဘာလတွင် ပြန်လွှတ်ပေးခဲ့သည်။ ထပ်မံဖမ်းဆီးခံထားရသော အမေရိကန်နိုင်ငံသားနှစ်ဦးဖြစ်သည့် မက်သယူးမီလာနှင့် ကင်းနက်ဘေးတို့ကို နိုဝင်ဘာလ (၈) ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။

ဂျက်ဖရီသည် ဧပြီလနှောင်းပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့ရာ ခရစ်ယာန်

ဘာသာနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဖြူးခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် ဇွန်လအတွင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။ မက်သယူးမီလာမှာ မြောက်ကိုရီးယားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဌာနတွင် ပြည်ဝင်ခွင့်ဗီဇာစာရွက်ကို ဆုတ်ဖြဲခဲ့သည်ဟုဆိုကာ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူဖြစ်သည်။ မြောက်ကိုရီးယားသို့ သွားရောက်လည်ပတ်သည့် အမေရိကန်နိုင်ငံသားများ အနေဖြင့် အကြောင်းပြချက်အမျိုးမျိုးဖြင့် ဖမ်းဆီးခံရခြင်း၊ ကာလကြာရှည်စွာ အကျဉ်းချခံရခြင်း၊ ရက်စက်စွာအပြစ်ပေးခံရခြင်းတို့နှင့် ကြုံတွေ့နိုင်ပြီး အမေရိကန်နှင့် ကမ္ဘာ့အခြားနိုင်ငံများတွင် ပြစ်မှုမမြောက်သော လုပ်ဆောင်ချက်ဖြစ်သော်လည်း မြောက်ကိုရီးယားတွင်မူ ရာဇဝတ်မှုအဖြစ်သတ်မှတ်ကြောင်း အမေရိကန်အစိုးရကသတိပေးခဲ့သည်။ အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတင်းမာလာသည့် (၂၀၀၉) ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသားများကို မြောက်ကိုရီးယားအစိုးရက ပုဒ်မအမျိုးမျိုးဖြင့်အရေးယူခဲ့သည်။

**ယူကရိန်းနိုင်ငံ။ ။ ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံက ကျူးကျော်တိုက်ခိုက်ခြင်း** - ခရိုင်းမီးယားဒေသကို (၁၈) ရာစုအတွင်းတွင် ရုရှားတို့က အုပ်ချုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုလက်အောက်သို့ရောက်ရှိခဲ့သောကြောင့် ယူကရိန်းနိုင်ငံ၏တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲချိန်တွင် ၎င်းဒေသသည် ယူကရိန်းနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဖြစ်ခဲ့သည်။ ယင်းဒေသတွင် ရုရှားလူမျိုးအများဆုံး နေထိုင်ပြီး ရုရှားဘာသာစကားကို ပြောကြားကြသည်။ ရုရှားတို့ကမူ ယင်းဒေသအတွင်းရှိ ဆီဗက်စတိုပိုမြို့မှ ၎င်းတို့၏ ပင်လယ်နက်ရေတပ်စခန်းကိုသာ ထိန်းချုပ်ခဲ့ရသည်။ (၂၀၁၄) ခုနှစ် နှစ်ဦးတွင် အီးယူနှင့်လက်တွဲရန် ဆုံးဖြတ်ခဲ့သောယူကရိန်းကို အမျိုးသားအကျိုးစီးပွားကာကွယ်ရေးအတွက်ဟုဆိုကာ မတ်လ (၁) ရက်တွင် ရုရှားလွှတ်တော်မှ စစ်ရေးအရအရေးယူတိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ရုရှားလွှတ်တော်သည် ရုရှားလိုလားသော သမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ် လက်ထက်နောက်ပိုင်း တည်ငြိမ်မှု ပျက်ပြားနေသော ယူကရိန်းနိုင်ငံရှိ ရုရှားလူမျိုးများကို ကာကွယ်ရန် ရုရှားအခြေခံဥပဒေအပိုဒ်ခွဲ (၁၀၂) အရ ယူကရိန်းအရေးနှင့်ပတ်သက်၍ စစ်ရေးအရဖြေရှင်းနိုင်ရန်အတွက် သမ္မတပူတင်ကို အခွင့်အာဏာပေးခဲ့သည်။ ယင်းအာဏာအရ သမ္မတပူတင်အနေဖြင့် ယူကရိန်းတွင် လူမှုရေးနှင့်နိုင်ငံရေး တည်ငြိမ်မှုမရမချင်း စစ်အင်အားသုံးခွင့်ပြုထားသည်။ ယင်းအာဏာဖြင့် ရုရှားသည် မတ်လ (၃) ရက်တွင် ပင်လယ်နက်ဒေသအတွင်းရှိ



**ဆန္ဒမဲထည့်နေသော ခရိုင်းမီးယားဒေသခံများ**

ခရိုင်းမီးယားကျွန်းဆွယ်ကိုသိမ်းပိုက်ခဲ့ပြီး ယူကရိန်းအရှေ့ဘက်နယ်စပ်ဒေသသို့ စစ်သည်အမြောက်အမြားစေလွှတ်ခဲ့သဖြင့် ပဋိပက္ခများပိုမိုကြီးထွားခဲ့သည်။ မတ်လ (၆) ရက်တွင် ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံအပိုင်အဖြစ်သတ်မှတ်ရန် ခရိုင်းမီးယားလွှတ်တော်အတွင်း၌ ကန့်ကွက်မဲမရှိ ဆန္ဒပြုခဲ့သည်။ ထို့ပြင် မတ်လ (၁၆) ရက်တွင်ကျင်းပသော လူထုဆန္ဒခံယူပွဲများကို အသိအမှတ်မပြုရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကိုလည်း ရုရှားနိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ ရုရှားနိုင်ငံက ခရိုင်းမီးယားဒေသကို လက်နက်နိုင်ငံပြု သိမ်းပိုက်ခြင်းသည် ကံဆိုးမိုးမှောင်ကျခြင်း

ဖြစ်ကြောင်း၊ ယင်းကို ယူကရိန်းက ပြန်လည်ရရှိရန် မျှော်လင့်ကြောင်းနှင့် ကိုယက်ဗ်မြို့ဆန္ဒပြလူအုပ်စုကို သေနတ်ဖြင့် ပစ်ခတ်ရန် ၎င်းအနေဖြင့် အမိန့်ပေးခဲ့ခြင်း မရှိကြောင်း အေပီနှင့် ရုရှားချယ်လ်နယ် NTV တို့က တွေ့ဆုံမေးမြန်းစဉ်တွင် ယူကရိန်းသမ္မတဟောင်း ဗစ်တာယာ နူကိုဗစ်ချ်က ဧပြီလ (၃) ရက်တွင်ပြောကြား သည်။ အရှေ့အနောက်လွှန်ဆွဲပွဲတွင် ဆန္ဒပြသူလူပေါင်း (၁၀၀) ကျော် သေဆုံးခဲ့ပြီးနောက် ဖေဖော်ဝါရီလ (၂၂) ရက်တွင် သမ္မတဟောင်းသည် ယူကရိန်းမှ ထွက်ပြေး ခဲ့ခြင်းဖြစ်သည်။ ခရိုင်းမီးယားဒေသတွင် မတ်လ (၁၆) ရက်၌ ရုရှားနိုင်ငံနှင့်ပူးပေါင်းရန်နှင့် ယူကရိန်းနိုင်ငံမှ ခွဲထွက်ရန် ဆန္ဒရှိ မရှိ သိရှိနိုင်ရန်အတွက် လူထုဆန္ဒ ခံယူပွဲကျင်းပခဲ့သည်။

## ခွဲထွက်ရေးသူပုန်များနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များ ယူကရိန်းအရှေ့ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခြင်း

-ယူကရိန်းတွင် ရုရှားလိုလားသော အစိုးရ ပြုတ်ကျခဲ့ပြီးနောက် ရုရှားအနွယ်ဝင်အများစု နေထိုင်သော ဒွန်းတက်ခ်နှင့်လူဟန့်ဒေသများ၌ ဧပြီလ (၇) ရက်တွင် ခွဲထွက်ရေးလိုလားသူများက နိုင်ငံရေး လှုပ်ရှားမှုများပြုလုပ်ခဲ့ပြီး အစိုးရအဆောက်အအုံများ ကို သိမ်းပိုက်ခဲ့သည်။ ပြည်သူ့သမ္မတနိုင်ငံထူထောင် ကြောင်း ကြေညာခဲ့ပြီး ရုရှားနိုင်ငံအနေဖြင့် အားပေး ကူညီရန်တောင်းဆိုခဲ့ကြသည်။ ယင်းသို့ မငြိမ်သက်မှု များဖြစ်စေရန် ရုရှားနိုင်ငံက ဆွပေးနေသည်ဟု ယူကရိန်းနှင့် အမေရိကန်အစိုးရက စွပ်စွဲခဲ့သည်။ ရုရှားနိုင်ငံကမူ ယူကရိန်းခေါင်းဆောင်များ၏ ညံ့ဖျင်း မှုပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ထို့နောက်ပိုင်းမှစ၍ ယူကရိန်းအရှေ့ပိုင်းရှိ ခွဲထွက်ရေးသူပုန်များသည် ဒွန်းတက်ခ်မြို့နှင့်မြို့များစွာကို တိုက်ခိုက်သိမ်းပိုက် ခဲ့သည်။ သူပုန်များက ယူကရိန်းယာယီအစိုးရကို အသိအမှတ်မပြုခဲ့ဘဲ အစိုးရအဆောက်အအုံများ အထိ ဝိုင်းခဲ့သောကြောင့် အစိုးရတပ်များနှင့် အဓိ ကရုဏ်းများဖြစ်ပွားခဲ့သည်။ ယူကရိန်းယာယီအစိုးရက ဒေသခံအစိုးရ အခွင့်အရေးရရှိနိုင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည်ရေးဆွဲပေးမည်ဖြစ်ကြောင်း၊ ရုရှားဘာသာ စကားကို အထူးအဆင့်အတန်းအထိ သတ်မှတ်ရန် ခွင့်ပြုမည်ဖြစ်ပြီး မည်သည့်ဘာသာစကား ပြောဆိုသည် ဖြစ်စေ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်ပေးမည်ဟု ကတိပေးခဲ့သည်။

ဧပြီလ (၃၀) ရက်တွင် ရုရှားလိုလားသော ခွဲထွက်ရေးသူပုန်များကို တိုက်ခိုက်နေသည့် ယူကရိန်း အစိုးရတပ်အတွက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဒေါ်လာ (၁၇) ဘီလီယံကူညီမည်ဟု အတည်ပြုခဲ့သည်။ ယင်းအတည်ပြုချက်ကြောင့် ယူကရိန်း သို့ ဒေါ်လာ (၃ ဒသမ ၂) ဘီလီယံ ချက်ချင်းချပေးရန် လမ်းပွင့်စေခဲ့သည်။

မေလ (၂) ရက်တွင်မူ ယူကရိန်းစစ်တပ်က သူပုန်တို့ထိန်းချုပ်ထားသော ဆလော့ဗ်ရန့်မြို့ကို ထိုးစစ် ဆင်ခဲ့ကြသည်။ သူပုန်တို့ဘက်မှ စစ်ဘက်ရဟတ် ယာဉ် နှစ်စင်းကိုပစ်ချခဲ့ရာ လေယာဉ်မှူးတစ်ဦးနှင့် အမှု ထမ်းတစ်ဦးသေဆုံးသည်။ ရုရှားလိုလားသူ ခွဲထွက်ရေး သူပုန်များသည် ယူကရိန်းစစ်သားများကို ချုံခို တိုက်ခိုက်ခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း မေလ (၁၄) ရက်၌ ကိုယက်ဗ်မှလာသော သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ခွဲထွက်ရေးသူပုန်များသည် ဒုံးပစ်လောင်ချာ များနှင့် စက်သေနတ်များဖြင့် Kramatorsk မြို့မှ ကီလို မီတာ (၂၀) အကွာရှိ ရွာတစ်ရွာအနီး၌ တပ်စွဲထား ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနဝက်ဘ်ဆိုက် တွင် ဖော်ပြထားသည်။ မေလ (၂၉) ရက်တွင် ရုရှား လိုလားသောသူပုန်များသည် ယူကရိန်းစစ်တပ်မှ ရဟတ်ယာဉ်တစ်စင်းကိုပစ်ချခဲ့ရာ ဗိုလ်ချုပ်တစ်ဦး အပါအဝင် စစ်သား (၁၂) ဦး သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

ရွေးကောက်တင်မြှောက်ခံရသော ယူကရိန်း သမ္မတ ပီထရိုပိုရိုရှန်ကိုက နိုင်ငံအရှေ့ပိုင်း၌ ဖြစ်ပေါ် နေသော သူပုန်ထမှုကိုချေမှုန်းသွားမည်ဟု ကတိပြု ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ သူပုန်များ၏ တုံ့ပြန်မှု ကို ရင်ဆိုင်ရခြင်းဖြစ်သည်။ ယင်းအချိန်အတွင်း ဒွန်းတက်ခ်မြို့မြောက်ဘက်၌ လေကြောင်းမှ တစ်ညလုံး ဗုံးကြဲခဲ့သည့်အတွက် နယ်စပ်ဖြတ်ကျော်၍ ရုရှားနိုင်ငံ

အတွင်းသို့ ခိုလှုံရန်ရောက်လာသော ယူကရိန်း ဒုက္ခသည်များသည်လည်း တဖြည်းဖြည်းပိုမိုများပြား ခဲ့ကြောင်း အင်တာဖက်စ်သတင်းဌာနကဖော်ပြသည်။

အီးယူခေါင်းဆောင်များကချမှတ်ထားသော သတ်မှတ်ချက်နှင့်အညီ ယူကရိန်းအစိုးရက ခွဲထွက်ရေး သူပုန်များနှင့် အပစ်အခတ်ရပ်စဲရေးကို သုံးရက် သက်တမ်းတိုးမြှင့်ခဲ့သော်လည်း ခွဲထွက်ရေးသမား များကမူ တိုက်ခိုက်ခဲ့ကြသည်။ အစိုးရတပ်များက ဇူလိုင်လ (၁) ရက်တွင် ပြန်လည်တိုက်ခိုက်ခဲ့သည်။ ခွဲထွက်ရေးသမားများသည် အင်အားပြန်လည်စုစည်း ရန်နှင့် ရုရှားနိုင်ငံမှ လက်နက်များရယူရန် ၎င်း၏ အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို အသုံးချခဲ့သည်ဟု သမ္မတပီထရိုပိုရိုရှန်ကိုက ပြောကြားသည်။ ဇူလိုင်လ (၇) ရက်တွင် ယူကရိန်းအစိုးရတပ်က ခွဲထွက်ရေး သမားများထံမှ မြို့နှစ်မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဒွန်းတက်ခ်နှင့်လူဟန့် အဓိကနယ်မြေများကိုမူ ခွဲထွက် ရေးသမားများက ယင်းအချိန်အထိ ထိန်းချုပ်ထားခဲ့ သည်။ ရုရှား၊ ယူကရိန်း၊ ယူကရိန်းအရှေ့ပိုင်း၊ ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ပါဝင်သော ယူကရိန်းပဋိပက္ခဖြေရှင်းရေးအုပ်စုက အပစ်အခတ် ရပ်စဲရေးကို နှစ်ဖက်စလုံးက ဖောက်ဖျက်မှုမရှိရန် စောင့်ကြည့်ဖို့လိုသည်ဟုပြောကြားသည်။ သမ္မတ ပီထရိုပိုရိုရှန်ကိုလက်ထက်တွင် အပစ်အခတ် ရပ်စဲရေး များပြုလုပ်နေသည့်ကြားမှ တိုက်ခိုက်မှုများမှာ ဆက်လက် ဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာလအထိ သေဆုံးသူ (၃၇၀၀) ခန့်ရှိခဲ့သည်။

ဩဂုတ်လ (၃) ရက်တွင် ယူကရိန်းအစိုးရ တပ်ဖွဲ့များက လူဟန့်နှင့်ဒွန်းတက်ခ်ဒေသကို ဝိုင်းရံ ထားခဲ့သည်။ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း ဖြတ်တောက်နိုင်ခဲ့သည်။ ဒွန်းတက်ခ်သမ္မတနိုင်ငံဟု ကြေညာထားသော ခွဲထွက်ရေးဒေသ၏ စစ်ရေးခေါင်း ဆောင် အီဂိုဂါကင် (Igor Girkin) က ရုရှားနိုင်ငံအနေ ဖြင့် ၎င်းတို့ဘက်မှ တိုက်ခိုက်ပေးရန် တိုက်တွန်းခဲ့သည်။

စက်တင်ဘာလ (၅) ရက်တွင် ဘယ်လာရုစ်နိုင်ငံ၌ ယူကရိန်း၊ ရုရှား၊ ဥရောပလုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (OSCE) နှင့် ခွဲထွက်ရေးသူပုန် ကိုယ်စားလှယ်များသည် ထာဝရအပစ်အခတ် ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ စက်တင်ဘာလ (၆) ရက်တွင် ရုရှားနှင့်ယူကရိန်းသမ္မတနှစ်ဦးသည် အပစ်အခတ်ရပ်စဲရေးတည်တံ့ရန် ဖုန်းဖြင့်ဆွေးနွေးခဲ့ ကြသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူထားစဉ် တစ်ချိန်တည်းစတင်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရေးနှင့် လက်နက်ကြီးများပြန်လည်သိမ်းဆည်း



**အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ယူကရိန်းအရှေ့ပိုင်းဒေသ၏ အခြေအနေ**

ကာ ကီလိုမီတာ (၃၀) ကျယ်သည့် စစ်ရေးကင်းမဲ့ဇုန် ထားရှိရေးအစီအစဉ်မှာ မသေချာသေးပေ။ ထို့ပြင် သူပုန်များနှင့် ယူကရိန်းအစိုးရတို့ လက်မှတ်ရေးထိုး ခဲ့သည့် ရုရှားနိုင်ငံကြားဝင်ညှိနှိုင်းပေးသော အပစ် အခတ်ရပ်စဲရေးသဘောတူညီမှုတွင် ခွဲထွက်ရေးသမား များအတွက် အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြုရန်အချက်များပါဝင်သည်။ သို့သော် သူပုန်များ ထိန်းချုပ်ထားသော လူဟန့်နှင့်ဒွန်းတက်ခ်ဒေသတွင် နိုဝင်ဘာလ (၂) ရက်က ခေါင်းဆောင်ရွေးကောက် တင်မြှောက်ရေးမဲပေးပွဲများပြုလုပ်ခဲ့ကြသည်။

ယင်းရွေးကောက်ပွဲကို ယူကရိန်းအစိုးရနှင့် အနောက်နိုင်ငံများက အသိအမှတ်မပြုကြောင်း ပြောကြား သည်။ ထို့ပြင် ယူကရိန်းသမ္မတက အကြမ်းဖက် သမားများ၊ သွေးထိုးသူများနှင့် ဥပဒေမဲ့သူများ၏ ခြိမ်း ခြောက်မှုဖြင့်ကျင်းပသော အတုအယောင်ရွေးကောက်ပွဲ ဖြစ်ကြောင်းရှုတ်ချပြီး ယင်းသည် နှစ်လကြာအပစ် အခတ်ရပ်စဲထားသော သဘောတူညီချက်ကို ချိုးဖောက်

ကျင်းပခြင်းဖြစ်သည်ဟု ပြောကြားသည်။ သူပုန်များက ဒေသတွင်းအုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ယူကရိန်းအစိုးရနှင့် စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးကိစ္စများတွင် ပူးပေါင်းလုပ်ဆောင်ရန် အသင့်ရှိကြောင်း ကြေညာခဲ့သည်။ ၎င်းကို တုံ့ပြန်မှုအဖြစ် ယူကရိန်းအစိုးရက အရှေ့ပိုင်းဒေသများကို အစိုးရငွေကြေးစနစ်မှ ဖြတ်တောက်ခဲ့သည်။ ထို့ပြင် ယင်းဒေသများကို အထူးအခွင့်အရေးလုပ်ပိုင်ခွင့်များပေးသည့် ဗာခေါ့ဗ်နာရာဒါဥပဒေကို ဖျက်သိမ်းရန် အဆိုပြုခဲ့သည်။

နိုင်ငံအရှေ့ပိုင်းတွင် ရန်လိုမှုများ လျော့ပါးစေမည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ဒီဇင်ဘာလ (၂၆) ရက်တွင် ယူကရိန်းအာဏာပိုင်များနှင့်ခွဲထွက်ရေးသူပုန်တို့ အကျဉ်းသားလဲလှယ်ခဲ့ကြသည်။ ယူကရိန်းအစိုးရဘက်မှ အကျဉ်းသား (၂၂၂) ဦးကို လွှဲပြောင်းပေးအပ်ပြီး ခွဲထွက်ရေးသူပုန်များက အစိုးရတပ်ဖွဲ့ဝင် (၁၄၆) ဦးကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ရုရှားသတင်းဌာန အာအိုင်အေနိုဗော့စ်တီတွင် ဖော်ပြသည်။ နိုင်ငံအရှေ့ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ (၄၇၀၀) ကျော်ရှိခဲ့ပြီဖြစ်သည်။ ယူကရိန်း၊ ရုရှား၊ ခွဲထွက်ရေးသူပုန်များနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အကျဉ်းသားဖလှယ်ရေးကို သဘောတူခဲ့ကြခြင်းဖြစ်ပြီး ခွဲထွက်ရေးသူပုန်များထံတွင် တပ်ဖွဲ့ဝင် (၆၀၀) ခန့်ရှိကြောင်း ယူကရိန်းစစ်ဘက်က ကြေညာသည်။

## ယူကရိန်းတိုက်ပွဲများနှင့် ရုရှားနိုင်ငံဆက်စပ်မှု

- သူပုန်ခေါင်းဆောင်တစ်ဦးက ဒွန်းတက်ခ်လေဆိပ်ကို ဝင်ရောက်စီးနင်းစဉ် သေဆုံးခဲ့သည့် သူပုန်လေးဆယ်ကျော်အနက် (၃၃) ဦးသည် မွတ်ဆလင်ဒေသများမှ ရုရှားနိုင်ငံသားများဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။ ယင်းဝန်ခံချက်သည် ခွဲထွက်ရေးသမားများနှင့် ရုရှားနိုင်ငံသားများပတ်သက်မှုမရှိဟု ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ငြင်းဆိုမှုကို စိန်ခေါ်သကဲ့သို့ဖြစ်နေသည်။ ရုရှားသမ္မတသည် ဇွန်လ (၂၄) ရက်တွင် ရုရှားလွှတ်တော်မှပေးထားသော ကျူးကျော်ခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းစစ်စခန်းများကို နယ်စပ်ဖြတ်ကျော်၍ အမြောက်နှင့်ပစ်ခတ်ခဲ့သည့် အထောက်အထားများတွေ့ရှိထားကြောင်း အမေရိကန်နိုင်ငံမှ ဇူလိုင်လ (၂၅) ရက်စွဲဖြင့်လာသောသတင်းတွင် ဖော်ပြသည်။ နေတိုးအဖွဲ့ကလည်း ယူကရိန်းနိုင်ငံအတွင်း ရုရှားတပ်ဖွဲ့၏ လှုပ်ရှားမှုများကို ဂြိုဟ်တုဓာတ်ပုံမှ တစ်ဆင့်ထုတ်ပြန်ခဲ့သည်။ ဒွန်းတက်ခ်ဒေသ၏ သူပုန်ခေါင်းဆောင်အလက်ဇန္ဒားဇက်ခါချဲန်ကိုက ရုရှားတပ်ဖွဲ့ဝင်အင်အားမှာ သုံးလေးထောင်ခန့်ရှိကြောင်း ပြောကြားသော်လည်း နေတိုးအဖွဲ့မှ အရာရှိများက အနည်းဆုံးတစ်ထောင်ရှိမည်ဟု ခန့်မှန်းကြသည်။ ဩဂုတ်လ (၂) ရက်တွင် ယူကရိန်းသမ္မတနှင့် ရုရှားသမ္မတတို့သည် ဘယ်လာရုနိုင်ငံ မြို့တော်မင့်စ်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ခြင်းချက်မရှိ အပစ်အခတ်ရပ်စဲစေလိုပြီး သူပုန်များနှင့် တွေ့ဆုံဆွေးနွေးစေလိုသည်။ သို့သော် ယူကရိန်းနိုင်ငံကမူ စစ်ရေးအရ အသာရနေချိန်တွင် သူပုန်များကို အင်အားစုစည်းခွင့်ပေးသလိုဖြစ်မည်ကို စိုးရိမ်သည်။ ထို့ပြင် ရုရှားအနေဖြင့် ခွဲထွက်ရေးသူပုန်များကို လက်နက်ချရန် နားချရမည်ဟု ယူကရိန်းနိုင်ငံက ခံယူသည်။

ရုရှားနိုင်ငံက ခွဲထွက်ရေးသူပုန်များထိန်းချုပ်ထားရာဒေသရှိ ယူကရိန်းပြည်သူများကို လူသားချင်းစာနာမှုအရ ဆွေးနွေးလိုကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီထံတောင်းဆိုခဲ့သောကြောင့် ဩဂုတ်လ (၅) ရက်တွင် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ် ဆာမာ့ခ်လိုင်ရယ်ဂရန့်ထက ရုရှားသည်ယင်းဒေသရှိ ပြည်သူများကို အခြေအနေဆိုးရွားစေရန် ကိုယ်တိုင်ဖန်တီးခဲ့ပြီးမှ အစည်းအဝေးခေါ်ယူစေခဲ့ခြင်းသည် မသင့်လျော်ဟု မှတ်ချက်ပြုခဲ့သည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်ကမူ ရုရှားထောက်ပံ့ရေးယာဉ်တန်းသည် စစ်ပွဲ၏အရှိန်အဟုန်ကို အန္တရာယ်များသောအဆင့်အထိ မြှင့်တင်ခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ယူကရိန်းတာဝန်ရှိသူများနှင့် ဆွေးနွေးပြီးဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားကာ ဩဂုတ်လ (၂၂) ရက်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့၏ ညွှန်ကြားချက်ကို မလိုက်နာဘဲ ယူကရိန်းနယ်မြေအတွင်းရှိ လူဟန့်ဒေသသို့ ဝင်ရောက်ခဲ့သောကြောင့် ရုရှားသည် ယူကရိန်းကိုကျူးကျော်တိုက်ခိုက်ရန် အကူအညီပေးရေးယာဉ်တန်းကို အကာအကွယ်ယူလာခြင်းဖြစ်ကြောင်း ယူကရိန်းအစိုးရက စွပ်စွဲခဲ့သည်။

ယူကရိန်းပိုင်နက်အတွင်းသို့ ရုရှားတပ်ဖွဲ့ဝင်များက အမြောက်လက်နက်များရွှေ့ပြောင်းခဲ့ကြကြောင်း၊ ယူကရိန်းတပ်ဖွဲ့များကို ပစ်ခတ်ရာတွင် ယင်းလက်နက်များကို အသုံးပြုကြောင်းနှင့် သူပုန်များထိန်းချုပ်ထားသော နယ်စပ်ဂိတ် (Izvaryne) မှတစ်ဆင့် စစ်ယာဉ်တန်းများ ဝင်ရောက်ကြောင်း နေတိုးတာဝန်ရှိသူများက ဩဂုတ်လ (၂၃) ရက်တွင် ပြောကြားသည်။ ယင်းမှာ ယူကရိန်းပဋိပက္ခ၌ ရုရှားစစ်ဘက်က တိုက်ရိုက်ပါဝင်မှုနှင့်ပတ်သက်၍ ပထမဆုံးအကြိမ်အထောက်အထားရရှိခြင်းဖြစ်သည်။

ရုရှားလိုလားသူခွဲထွက်ရေးသူပုန်များအတွက် တပ်သားသစ်များစုဆောင်းခြင်းကို ရုရှားနိုင်ငံအတွင်း လုပ်ဆောင်ခဲ့သည်ဟု သတင်းများထွက်ခဲ့သော်လည်း ရုရှားအစိုးရက ငြင်းဆိုခဲ့သည်။ ထို့ပြင် ယူကရိန်းအစိုးရတပ်ဖွဲ့များက ခွဲထွက်ရေးသူပုန်များထံမှ သိမ်းယူခဲ့သော ဒုံးကျည် (9k38 Igla) ၏ မှတ်တမ်းစာအုပ်ကို ဇူလိုင်လရိုက်တာသတင်းတစ်ပုဒ်၌ဖော်ပြခဲ့သည်။ ၎င်းမှတ်တမ်း၌ စစ်အခြေစိုက်စခန်းရော့စတော့အွန်ဒွန်အတွက် မော်စကိုစစ်ဂိုဒေါင်တစ်ခုမှ ထုတ်ပေးသည်ဟု ဖော်ပြခဲ့သည်။ ယင်းအခြေစိုက်စခန်းသည် ခွဲထွက်ရေးသူပုန်တပ်ဖွဲ့ဝင်သစ်များကို လေ့ကျင့်ပေးနေသည်ဟု သတင်းထွက်နေသောနေရာဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရရှိခင် ဩဂုတ်လအတွင်းတွင် ခွဲထွက်ရေးသူပုန်များသည် အခြေအနေမကျဖြစ်နေရာမှ မာရိယူပိုးလ်ဆိပ်ကမ်းမြို့ကို သိမ်းပိုက်၍ စစ်မျက်နှာသစ်ဖွင့်နိုင်ခဲ့သည်။ တချို့နေရာများတွင် ယူကရိန်းတပ်ဖွဲ့များပိတ်ဆို့ခံထားရသောကြောင့် ရုရှားတပ်များ ကျူးကျော်တိုက်ခိုက်နေသည်ဟု ယူဆရသည့် ယင်းအခြေအနေတွင် သူပုန်များကိုနှိမ်နင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ရန် ယူကရိန်းသမ္မတအတွက် လက်ရှိအနေအထားတွင် မဖြစ်နိုင်တော့ချေ။ ထို့ပြင် ယူကရိန်းသည် နေတိုးအဖွဲ့ဝင်မဟုတ်သောကြောင့် နေတိုးအနေဖြင့် ယူကရိန်းပြဿနာကို အကြောင်းခံပြီး ရုရှားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်နိုင်ခြေမရှိပေ။ ဂျာမနီနှင့်ပြင်သစ်ကဲ့သို့သော ဥရောပခေါင်းဆောင်နိုင်ငံများကလည်း ယူကရိန်းအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို လက်ခံရလိမ့်မည်ဟု မကြာခဏပြောကြားခဲ့ကြသည်။ ယင်းအကြောင်းများက ယူကရိန်းသမ္မတကို အပစ်အခတ်ရပ်စဲရန် တွန်းအားပေးခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

အောက်တိုဘာလ (၁) ရက်တွင် အီတလီနိုင်ငံ မီလန်မြို့၌ ယူကရိန်းအရှေ့ပိုင်းဒေသ ပဋိပက္ခတင်းမာမှုလျှော့ချရန် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုတို့တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောထားကွဲလွဲမှုများမှာ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ယူကရိန်းသမ္မတက ရုရှားတပ်ဖွဲ့များကို ယူကရိန်းနိုင်ငံမှ ပြန်လည်ခေါ်ယူကာ နယ်စပ်ဒေသကို ပိတ်ထားရန် ရုရှားနိုင်ငံကို တောင်းဆိုခဲ့သည်။

**မလေးရှားလေကြောင်းပိုင် MH-17 လေယာဉ်ပျက်ကျခြင်း -** ရုရှားသည် ယူကရိန်းပြဿနာကို မထိန်းချုပ်ဘဲ ခွဲထွက်ရေးသမားများကို လက်နက်ကြီးများထောက်ပံ့သည်ဟူသော အမေရိကန်အစိုးရ၏ စွပ်စွဲချက်များသည် မလေးရှားလေကြောင်းပိုင် MH-17 ခရီးသည်တင်လေယာဉ်ပျက်ကျသည့် အချိန်မှစ၍ ပိုမိုတင်းမာခဲ့သည်။ ဇူလိုင်လ (၁၇) ရက်တွင် မလေးရှားလေကြောင်းပိုင် ခရီးသည် (၂၉၈) ဦးပါရှိသော MH-17 လေယာဉ်သည် ယူကရိန်းနိုင်ငံ လူဟန့်ဒေသရှိ ကရာစသနီလူချ်မြို့နှင့် ဒွန်းတက်ခ်ဒေသရှိ ရှခါတာ့ခ်မြို့ကြားတွင် ပျက်ကျခဲ့သည်။ ယင်းဒေသသည် ယူကရိန်းခွဲထွက်ရေးသူပုန်များ ထိန်းချုပ်ထားသောဒေသဖြစ်ပြီး ခရီးသည်အားလုံးသေဆုံးခဲ့ရသည်။ ယူကရိန်းခွဲထွက်ရေးသူပုန်များက ဒုံးကျည်ဖြင့်ပစ်ခတ်ကြောင်း ကမ္ဘာ့

မီဒီယာများက ဖော်ပြကြသည်။ လေယာဉ်သည် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ပျံသန်းလာစဉ် ပျက်ကျသွားခြင်းဖြစ်သည်။ ခွဲထွက်ရေးသူပုန်များကမူ ၎င်းတို့၌ တာဝန်မရှိကြောင်း ထုတ်ပြန်ကြေညာသည်။

ကုလသမဂ္ဂက MH-17 လေယာဉ်ကိုပစ်ချခြင်းသည် စစ်ရာဇဝတ်မှုဟုခေါ်ဆိုနိုင်ကြောင်း ဇူလိုင်လ (၂၈) ရက်တွင် ကြေညာသည်။ ယင်းကိစ္စအတွက် စုံစမ်းစစ်ဆေးရန် လေယာဉ်ပျက်ကျသည့်နေရာသို့ ဝင်ရောက်ခွင့်ပြုရေးအတွက် လက်နက်ကိုင်အုပ်စုများထံ တောင်းဆိုရန်နှင့် အပြည်ပြည်ဆိုင်ရာစုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ဒေသတွင်းနိုင်ငံများက ပူးပေါင်းဆောင်ရွက်ရေးအတွက် တိုက်တွန်းရန် အချက်များပါဝင်သော ဆုံးဖြတ်ချက်မူကြမ်း ချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆောင်ရွက်ခဲ့သည်။ လေယာဉ်ပျက်ကျမှုကြောင့် ၎င်း၏နိုင်ငံသား (၂၈) ဦးဆုံးရှုံးခဲ့ရသော သြစတြေးလျနိုင်ငံက လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅) ဦးနှင့် သံတမန်များထံ ဆုံးဖြတ်ချက်စာသားမူကြမ်းကို ဖြန့်ဝေခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို သြစတြေးလျနိုင်ငံနှင့် ပြင်သစ်နိုင်ငံများကအဆိုပြုခဲ့သည်။ ရုရှားလိုလားသော ခွဲထွက်ရေးသမားများက အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် ယင်းဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။ လေယာဉ်ပျက်ကျသည့်နေရာနှင့် ယင်းနေရာ၏ အနီးတစ်ဝိုက်တွင် စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးရန်လည်း ဆုံးဖြတ်ချက်မူကြမ်းတွင် တိုက်တွန်းထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် အခြားအင်အားကြီးနိုင်ငံများက မလေးရှားခရီးသည်တင်လေယာဉ်သည် ယူကရိန်းအရှေ့ပိုင်းရှိ သူပုန်များ၏ဒေသမှ နေ၍ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ချခံခဲ့ရခြင်းဖြစ်ဖွယ်ရှိကြောင်းပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က လေယာဉ်ပျက်ကျမှုစုံစမ်းစစ်ဆေးခြင်းတွင် ခွဲထွက်ရေးသူပုန်များအနေဖြင့်ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းပြီး နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအနေဖြင့်လည်း လိုရာဆွဲ၍ ကောက်ချက်မချရန် တင်းတင်းကျပ်ကျပ် တောင်းဆိုသည်။ လေယာဉ်ပစ်ချသည့်ကိစ္စတွင် ပါဝင်ပတ်သက်သည်ဆိုခြင်းကို ရုရှားနိုင်ငံက ငြင်းဆိုပြီး ယူကရိန်းစစ်တပ်ကို အပြစ်တင်ထားသည်။

မလေးရှားလေယာဉ်ပစ်ချခံရသည့်နေရာသို့ ချဉ်းကပ်ဝင်ရောက်ခွင့်ပြုရေးအတွက် ခွဲထွက်ရေးသမားများကို ရုရှားနိုင်ငံကဖိအားပေးရန် အနောက်နိုင်ငံများက တောင်းဆိုကြောင်း ဇူလိုင်လ (၂၀) ရက်သတင်းများက ဖော်ပြသည်။ ဒတ်ချ်လူမျိုးအများဆုံးသေဆုံးခဲ့ရသည့် အဆိုပါလေယာဉ်ပစ်ချခံရမှုကို လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် ဒတ်ချ်ဝန်ကြီးချုပ် မတ်ရွတ်တေးက ရုရှားသမ္မတ ဗလာဒီမာပူတင်ထံသို့ ပြောကြားသည်။ ခရီးသည်များတွင် ဒတ်ချ်၊ မလေးရှား၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ ဗြိတိန်၊ ဂျာမန်၊ ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်၊ ကနေဒါနှင့် နယူးဇီလန်နိုင်ငံသားများပါရှိသည်။

ရုရှားလိုလားသောခွဲထွက်ရေးသူပုန်များသည် အဆိုပါလေယာဉ်ပျက်ကျရာနေရာကို ထိန်းချုပ်ထားသည့်အတွက် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက ဝေဖန်ပြစ်တင်ကြသည်။ ကန့်သတ်ချုပ်ချယ်ထားခြင်းကိုလည်း အလွန်စိုးရိမ်ကြောင်း အမေရိကန်ကပြောကြားသည်။ ယူကရိန်း၊ ရုရှားလိုလားသူခွဲထွက်ရေးသမားများနှင့် ရုရှားနိုင်ငံတို့သည် လေယာဉ်ပစ်ချခံရမှုနှင့်ပတ်သက်၍ အပြန်အလှန်စွပ်စွဲကြသည်။

ရုရှားစစ်ဘက်ကမူ ယူကရိန်းကြည်းတပ်သည် BUK M 1 အမျိုးအစားလေကြောင်းရန်ကာကွယ်ရေးဒုံးပစ်လောင်ချာများ ပိုင်ဆိုင်ခြင်းကြောင့် ခရီးသည်တင်လေယာဉ်ပစ်ချခံရမှုအတွက် တာဝန်ရှိမည်ဟု ယူဆရဖွယ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ယင်းဖြစ်စဉ်သည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဆက်စပ်ပတ်သက်နေပြီး လေယာဉ်ပေါ်တွင် နိုင်ငံသားပေါင်းစုံပါဝင်နေသောကြောင့် လေယာဉ်ပျက်ကျမှုကို စုံစမ်းရာ၌လည်း နိုင်ငံပေါင်းစုံမှ ပူးပေါင်းပါဝင်သင့်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ယူကရိန်းစစ်စခန်းတစ်ခုကို သိမ်းပိုက်ခဲ့ပြီးနောက် BUK ဒုံးပစ်လောင်ချာများကို ပိုင်ဆိုင်ထား

သည်ဟု ခွဲထွက်ရေးသူပုန်များက ဇွန်လနှောင်းပိုင်းတွင် ဆိုရှယ်မီဒီယာမှတစ်ဆင့်ပြောကြားခဲ့ရာ ခရီးသည်တင်လေယာဉ်ပစ်ချရာတွင် ယင်းဒုံးပစ်လောင်ချာအမျိုးအစားကို ခွဲထွက်ရေးသမားများက အသုံးပြုဖွယ်ရှိသည်ဟု အမေရိကန်အစိုးရက ခန့်မှန်းပြောဆိုခဲ့သည်။

ဇူလိုင်လ (၂၁) ရက် သတင်းဖော်ပြချက်များအရ ယူကရိန်းအရှေ့ပိုင်းရှိ ရုရှားလိုလားသော ခွဲထွက်ရေးသူပုန်များက ယူကရိန်းအစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှသာလျှင် လေယာဉ်ပျက်ကျသည့်နေရာသို့ နိုင်ငံတကာစုံစမ်းစစ်ဆေးသူများကို ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ယူကရိန်းအရှေ့ပိုင်းရှိ ဒေသတချို့ကို ဧပြီလကတည်းက ထိန်းချုပ်ထားသည့် ခွဲထွက်ရေးသူပုန်များသည် ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) မှ အဖွဲ့ဝင် (၃၀) ဦးတို့ကို လေယာဉ်ပျက်ကျရာနေရာတစ်ဝိုက်တွင် လွတ်လပ်စွာသွားလာခြင်းမပြုနိုင်အောင် ထိန်းချုပ်ကန့်သတ်မှုများပြုလုပ်ခဲ့သည်။ ယူကရိန်းအစိုးရက လေယာဉ်ပျက်ကျသည့် သက်သေအထောက်အထားများကို သူပုန်များက ဖျက်ဆီးပစ်ရာတွင် ရုရှားကကူညီပေးနေကြောင်း စွပ်စွဲပြောကြားသည်။

ဇူလိုင်လ (၂၂) ရက်တွင် မလေးရှားလေယာဉ်၏ ပျံသန်းမှုအချက်အလက်မှတ်တမ်းတင်ကိရိယာနှင့် လေယာဉ်မှူးအခန်း၏ အသံမှတ်တမ်းတင်ကိရိယာ (Black Box) ကို ယူကရိန်းအရှေ့ပိုင်းဒေသ အုပ်ချုပ်ရေးမှူးက မလေးရှားကျွမ်းကျင်သူများထံ လွှဲအပ်ခဲ့သည်။ Black Box လက်ခံရန်ကိစ္စနှင့်ပတ်သက်၍ လေယာဉ်ပျက်ကျမှုသည် နိုင်ငံတကာနှင့်ပတ်သက်နေသောကြောင့် နိုင်ငံတကာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ကဏ္ဍဖြစ်ပြီး နယ်သာလန်၊ ဩစတြေးလျ၊ မလေးရှားနိုင်ငံများနှင့်တိုက်ရိုက်သက်ဆိုင်ကြောင်း ရုရှားက ပြောကြားသည်။

ရုရှားက ခွဲထွက်ရေးသမားများကို ပိုမိုအားကောင်းသော ဒုံးပစ်လောင်ချာများ ကူညီပေးရန် ရည်ရွယ်ချက်ရှိသည်ဟုလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ရုရှားကမူ မကြာခဏငြင်းဆိုသည်။ အမေရိကန်နိုင်ငံက မလေးရှားလေယာဉ်ပစ်ချခံရမှု၌ ရုရှားလုပ် SA 11 BUK ဒုံးကျည်ဖြင့် ခွဲထွက်ရေးသမားများကပစ်ချသည်ဟု ယုံကြည်ထားသည်။

နိုင်ငံတကာကျွမ်းကျင်ပညာရှင် (၇၀) ဦးပါဝင်သောအဖွဲ့သည် ဩဂုတ်လ (၁) ရက်မှစ၍ ရုပ်အလောင်းများရှာဖွေခြင်းကို စတင်ခဲ့ကြောင်း နယ်သာလန်နိုင်ငံတရားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ ယင်းလုပ်ငန်းကို ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ခွဲထွက်ရေးသမားများနှင့် အစိုးရတပ်ဖွဲ့များ၏ တိုက်ပွဲများကြားမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တွေ့ရှိခဲ့သော ရုပ်အလောင်း (၂၀၀) ကျော်ကို နယ်သာလန်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ လေယာဉ်ပျက်ကျမှုတွင် သေဆုံးသူများအနက် (၁၉၃) ဦးမှာ ယင်းနိုင်ငံမှဖြစ်သည်။

**နိုင်ငံရေး** - မေလ (၂၅) ရက် သမ္မတရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သော ယူကရိန်းသမ္မတပီထရိုပိုရိုရှန်ကိုသည် အစိုးရဝန်ထမ်းများပစ္စည်းဥစ္စာပိုင်ဆိုင်မှုစာရင်းဖော်ပြရန်ဥပဒေကို အောက်တိုဘာလ (၉) ရက်တွင် လက်မှတ်ရေးထိုးသည်။ ယင်းသည် ယူကရိန်းနိုင်ငံသားများအနေဖြင့် ဥရောပတိုက်သားများ အဆင့်အတန်းနှင့်အညီ စနစ်သစ်တစ်ရပ်ဖော်ဆောင်နိုင်ရေး ဥပဒေကြမ်းဖြစ်သည်။ အဆိုပါဥပဒေအရ အစိုးရအမှုထမ်းများ၏ ပိုင်ဆိုင်မှုစာရင်းကို တရားဝင်စိစစ်နိုင်မည်ဖြစ်သည်။

ယူကရိန်းနိုင်ငံ၌ သူပုန်များနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အောက်တိုဘာလ (၂၆) ရက်တွင် ယူကရိန်းပါလီမန်ရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲ၏ မဲ (၆၅) ရာခိုင်နှုန်းကို ရေတွက်ရာတွင် ဥရောပယိမ်းပါတီကြီးနှစ်ခုက ဦးဆောင်သည်။ ဝန်ကြီးချုပ် Arseny Yatsenyuk ၏ Popular Front ပါတီက မဲအားလုံး၏ (၂၂) ရာခိုင်နှုန်းနီးပါးနှင့် ပထမနေရာက ဦးဆောင်ပြီး သမ္မတ၏အုပ်စုက (၂၁) ရာခိုင်နှုန်းရရှိသည်ဟု ကော်မရှင်ကကြေညာသည်။

ဒီဇင်ဘာလ (၂၃) ရက်တွင် ယူကရိန်းပါလီမန်အမတ်များက ထောက်ခံမဲ (၃၀၃) မဲ၊ ကန့်ကွက်မဲ

ရှစ်မဲဖြင့် ယူကရိန်းနိုင်ငံနေတိုးအဖွဲ့ဝင်ဖြစ်ရေးအတွက် မဲပေးခဲ့ကြသည်။ (၂၀၁၁) ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဖိအားပေးမှုကြောင့် ယူကရိန်းနိုင်ငံမှချမှတ်ထားသော ဘက်မလိုက်မှုဝါဒသည် စစ်ရေးမဟာမိတ်အဖွဲ့သို့



**ယူကရိန်းသမ္မတသစ် ပီထရိုပိုရိုရှန်ကို**

မဝင်ရောက်နိုင်ရန် တားဆီးထားသည်။ ရုရှားနိုင်ငံ၏ ပတ်ဝန်းကျင်တွင် နေတိုး၏ နယ်ပယ်ချဲ့ထွင်ခဲ့ခြင်းကို မကျေနပ်သောရုရှားအစိုးရက ယူကရိန်းနိုင်ငံက နေတိုးအဖွဲ့ဝင်ဖြစ်လာခြင်းသည် ၎င်းတို့၏ အမျိုးသား လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု သဘောထားသည်။

**မျက်မှောက်ရေးရာ** - ကိယက်ဗ်မြို့အတွင်း ဆန္ဒပြ သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပဋိပက္ခ ဖြစ်ပွားရာတွင် ဆန္ဒပြပြည်သူများသေဆုံးစေခဲ့သည့် အတွက် ယူကရိန်း လုံခြုံရေးတပ်ဖွဲ့က ဖေဖော်ဝါရီလ (၂၅) ရက်တွင် တဲလ်အဗစ်မြို့တွင် ပြည်သူများရှေ့၌ ဒူးထောက်တောင်းပန်ခဲ့ကြသည်။

ဒီဇင်ဘာလ (၁၅) ရက်တွင် ဘရပ်ဆဲလ်မြို့တွင် အီးယူနိုင်ငံများမှ ဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးပွဲ အပြီး၌ ခွဲထွက်ရေးသမားများနှင့် စစ်ပွဲဆင်နွှဲနေချိန်တွင် နိုင်ငံစီးပွားရေးချွတ်ခြုံကျနေသောကြောင့် ယူကရိန်း နိုင်ငံဒေဝါလီမခံရစေရန် ဒေါ်လာသန်းပေါင်း တစ်သောင်း အရေးတကြီးလိုအပ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် Arseniy Yatsenyuk က ပြောကြားသည်။

**ရုရှားနိုင်ငံ။ ။ ခရိုင်းမီးယားဒေသကို တိုက်ခိုက်သိမ်းပိုက်ခြင်း** - ခရိုင်းမီးယားဒေသကို (၁၈) ရာစုအတွင်းတွင် ရုရှားတို့က အုပ်ချုပ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စု လက်အောက်သို့ ရောက်ရှိခဲ့သောကြောင့် ယူကရိန်းနိုင်ငံ၏ တစ်စိတ် တစ်ပိုင်းအဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဆိုဗီယက်ပြည် ထောင်စုပြိုကွဲချိန်တွင် ၎င်းဒေသသည် ယူကရိန်း နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဖြစ်ခဲ့သည်။ ယင်း ဒေသတွင် ရုရှားလူမျိုးအများဆုံးနေထိုင်ပြီး ရုရှား ဘာသာစကားကို ပြောကြားကြသည်။ ရုရှားတို့ကမူ ယင်းဒေသအတွင်းရှိ ဆီဗက်စတိုပိုမြို့မှ ၎င်းတို့၏ ပင်လယ်နက်ရေတပ်စခန်းကိုသာ ထိန်းချုပ်ခဲ့ရသည်။ (၂၀၁၄) ခုနှစ်နှစ်ဦးတွင် အီးယူနှင့်လက်တွဲရန် ဆုံးဖြတ်ခဲ့သောယူကရိန်းကို အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးအတွက်ဟုဆိုကာ မတ်လ (၁) ရက်တွင် ရုရှားလွှတ်တော်မှ စစ်ရေးအရအရေးယူ တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ရုရှားလွှတ်တော်သည် ရုရှားလိုလားသော သမ္မတဟောင်းဗစ်တာယာနူကိုဗစ်ချ် လက်ထက်နောက်ပိုင်း တည်ငြိမ်မှုပျက်ပြားနေသော ယူကရိန်းနိုင်ငံရှိ ရုရှားလူမျိုးများကို ကာကွယ်ရန် ရုရှားအခြေခံဥပဒေအပိုဒ်ခွဲ (၁၀၂) အရ ယူကရိန်း အရေးနှင့်ပတ်သက်၍ စစ်ရေးအရဖြေရှင်းနိုင်ရန် အတွက် သမ္မတပူတင်ကို အခွင့်အာဏာပေးခဲ့သည်။ ယင်းအာဏာအရ သမ္မတပူတင်အနေဖြင့် ယူကရိန်းတွင် လူမှုရေးနှင့်နိုင်ငံရေးတည်ငြိမ်မှုမရမချင်း စစ်အင်အား သုံးခွင့်ပြုထားသည်။ ယင်းအာဏာဖြင့် ရုရှားသည် မတ်လ (၃) ရက်တွင် ပင်လယ်နက်ဒေသအတွင်းရှိ ခရိုင်းမီးယားကျွန်းဆွယ်ကိုသိမ်းပိုက်ခဲ့ပြီး ယူကရိန်း အရှေ့ဘက်နယ်စပ်ဒေသသို့ စစ်သည် အမြောက်အမြား စေလွှတ်ခဲ့သဖြင့် ပဋိပက္ခများပိုမို ကြီးထွားခဲ့သည်။ မတ်လ (၆) ရက်တွင် ခရိုင်းမီးယားဒေသကို ရုရှား နိုင်ငံအပိုင်အဖြစ်သတ်မှတ်ရန် ခရိုင်းမီးယားလွှတ်တော် အတွင်း၌ ကန့်ကွက်မဲမရှိ ဆန္ဒပြုခဲ့သည်။ ထို့ပြင် မတ်လ (၁၆) ရက်တွင် ကျင်းပသော လူထုဆန္ဒခံယူပွဲများကို အသိအမှတ်မပြုရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို လည်း ရုရှားနိုင်ငံက ဗီတိုအာဏာဖြင့်ပယ်ချခဲ့သည်။

ဒီဇင်ဘာလ (၄) ရက်တွင် ကရင်မလင် နန်းတော်၌ ရုရှားသမ္မတ ဗလာဒီမာပူတင်က နိုင်ငံ အခြေပြမိန့်ခွန်းပြောကြားခဲ့ပြီး ၎င်း၏နိုင်ငံခြားရေး မူဝါဒကို ကာကွယ်ခဲ့သည်။ သမ္မတဗလာဒီမာပူတင်က ရုရှားနိုင်ငံအနေဖြင့် ခက်ခဲကြမ်းတမ်းသောကာလကို ရင်ဆိုင်ရဖွယ်ရှိသောကြောင့် တောင့်ခံဖို့လိုကြောင်း၊ အမေရိကန်အစိုးရသည် ရုရှားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ များကို သြဇာလွှမ်းမိုးရန် အမြဲကြိုးပမ်းခဲ့ကြောင်း၊ ယူကရိန်းကိစ္စမဖြစ်ပွားလျှင်လည်း အနောက်အုပ်စု အနေဖြင့် ရုရှားကိုဖြိုခွဲရန် အကြောင်းရှာနေမည် ဖြစ်ကြောင်း၊ စီးပွားရေးကျဆင်းသည်အထိ ဂယက်ရိုက် ခဲ့သောကိစ္စများအတွက် ၎င်းတွင်အမှားမရှိကြောင်းနှင့်




**ယူကရိန်း၊ ခရိုင်းမီးယားနှင့် ရုရှားဒေသများပြမြေပုံ**

ရုရှားတို့က အမွန်အမြတ်ထားသော ခရိုင်းမီးယား ကျွန်းဆွယ်ကို မည်သည့်အခါမျှစွန့်လွှတ်မည်မဟုတ် ကြောင်း ပြောကြားသည်။

ထို့ပြင် အနောက်အုပ်စု၏ ပိတ်ဆို့မှုများနှင့်အတူ ရေနံဈေးနှုန်းကျဆင်းမှုတို့က ရုရှား၏စီးပွားရေးကို ထိခိုက်စေကြောင်းပြောကြားခဲ့ပြီး ယခုနှစ်အတွင်း ရူဘယ်ငွေကြေးကို အမေရိကန်ဒေါ်လာနှင့်ယှဉ်၍ (၄၀) ရာခိုင်နှုန်းတန်ဖိုးကျဆင်းစေသည့် ဈေးကစားသူ များကို အပြစ်တင်ခဲ့သည်။

**ယူကရိန်းနိုင်ငံအရှေ့ပိုင်းဒေသများ၌ ရုရှားနိုင်ငံ၏ ပါဝင်ပတ်သက်မှု** - ဆွစ်ဇာလန်နိုင်ငံတွင် စက်တင် ဘာလ (၅) ရက်၌ ကျင်းပခဲ့သော ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE) အစည်းအဝေး တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ဝိုင်းပယ်မှုကို အဆုံးသတ်စေလိုပါက ယူကရိန်းအရှေ့ပိုင်းတွင် လက်နက်ထောက်ပံ့ခြင်းကို အဆုံးသတ်ရမည်ဟု ပြောကြားသည်။ အဆိုပါအစည်းအဝေးကို OSCE ၏ စေ့စပ်ပေးမှုဖြင့် ယူကရိန်းတပ်ဖွဲ့များနှင့် ရုရှား လိုလားသော ခွဲထွက်ရေးသူပုန်တို့၏ အပစ်အခတ် ရပ်စဲရေးအတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

OSCE အစည်းအဝေးတွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ဘီလာရုစ်နိုင်ငံမင့်စ်မြို့ တွင် သဘောတူညီခဲ့သည့်မူဘောင်ကို ရုရှားက ဆက်လက်ထောက်ခံသော်လည်း တစ်ဖက်သတ် လုပ်ဆောင်ခြင်းနှင့် အနောက်အုပ်စုအဖွဲ့အစည်း တို့သာအမှန်ဖြစ်သည်ဟူ၍ တရားသေသတ်မှတ် ခြင်းများမှာ အန္တရာယ်ရှိကြောင်း သတိပေးပြောကြား ခဲ့သည်။

သမ္မတပူတင်က ရုရှားသည် အထီးကျန်မှု သို့မဟုတ် လက်နက်ပြိုင်ပွဲတစ်ခုကို လုပ်ဆောင်နေခြင်း မဟုတ်ဘဲ ယူကရိန်း၏ စီးပွားရေးကိုကူညီရန် ၎င်း၏ အပိုင်းမှ လုပ်ဆောင်နေခြင်းဖြစ်သော်လည်း ယူကရိန်း အစိုးရနှင့် အနောက်အုပ်စုတို့ကမူ ယင်းကိုစိတ်ဝင် စားမှုမရှိဟု ပြောကြားခဲ့သည်။

မင့်စ်ဆွေးနွေးပွဲတွင် ကိဗ်၊ ဒွန်းတက်ခ်နှင့် လူဟန့်ဒေသတို့မှ ကိုယ်စားလှယ်များက အပစ်အခတ် ရပ်စဲရေးသာမက ဒွန်းတက်ခ်ဒေသ၏ စစ်ပြီးကာလ ဖွံ့ဖြိုးမှုကိုပါ အကောင်အထည်ဖော်ရန် သဘောတူခဲ့ သည်။ ဒွန်းတတ်ခ်ဒေသ၌ လူသားချင်းစာနာမှုဆိုင်ရာ အခြေအနေတိုးတက်ကောင်းမွန်ရေးနှင့် ပြန်လည် ထူထောင်ရေးတို့ လိုအပ်ကြောင်းအတည်ပြုခဲ့ပြီး ရုရှားက ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် တက်ကြွသောကဏ္ဍမှ ဆောင်ရွက်မည်ဟု နိုင်ငံခြားရေး ဝန်ကြီးဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားခဲ့သည်။

အနောက်အုပ်စုကမူ ယူကရိန်းရှိသူပုန်များကို ဆက်လက်ထောက်ပံ့နေသမျှ ပိတ်ဆို့မှုများကို လျှော့ပေါ့ မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန် သမ္မတဘားရက်အိုဘားမားက သမ္မတပူတင်၏

ချဉ်းကပ်မှုမှာ ပြောင်းလဲလာသည်ဟု ၎င်းအနေဖြင့် မမြင်ကြောင်းပြောကြားခဲ့သည်။ သမ္မတပူတင်က ခရိုင်းမီးယားသည် (၁၉၅၄) ခုနှစ်အထိ ရုရှား၏ အစိတ်အပိုင်းဖြစ်ခဲ့ပြီး ရုရှားတို့အတွက် မွန်မြတ်သည့် မဟာဗျူဟာမြောက်နေရာဖြစ်ကြောင်းပြောကြားခဲ့သည်။

ခရိုင်းမီးယားပြဿနာမှာ သမ္မတဗလာဒီမာပူတင်၏လုပ်ဆောင်မှုတွင် အစမျှသာရှိသေးသည်ဟု အနောက်အုပ်စုကဆိုသည်။ သမ္မတသည် ဥရောပအရှေ့ပိုင်းရှိ ရုရှားစကားပြောသူများကို လှုံ့ဆော်၍ ၎င်းတို့ကိုအသုံးပြုကာ ရုရှား၏လွှမ်းမိုးမှုကို ချဲ့ထွင်သည်ဟု အနောက်အုပ်စုကယူဆသည်။ ဥရောပအရှေ့ပိုင်းနိုင်ငံများတွင်နေထိုင်သည့် ရုရှားမျိုးနွယ်စုများမှာ (၁၀) သန်းခန့်ရှိမည်ဟုဆိုသည်။

ရုရှား၏ စစ်ဘက်ဝေါဟာရတွင် ဤလုပ်ဆောင်မှုကို မျိုးစပ်ကပြားစစ်ပွဲဟုသိရှိကြပြီး မဟာဗျူဟာတစ်ရပ်ဖြစ်သည်ဟုဆိုသည်။ ယင်းမျိုးစပ်ကပြားစစ်ပွဲဆိုသည်မှာ ဝါဒဖြန့်ချိမှုနှင့် သံတမန်ရေးရာကိုအသုံးပြုပြီး နောက်ဆုံးအဆင့်တွင် အထူးတပ်ဖွဲ့များက နိုင်ငံခြားနယ်မြေများကို ဒေသခံသူပုန်တပ်ဖွဲ့များအဖြစ် ရုပ်ဖျက်၍ဝင်ရောက်ခြင်းဖြစ်သည်ဟု ရုရှားနှင့်နီးစပ်သည့်မဟာဗျူဟာပညာရှင်များကဆိုသည်။ မျိုးစပ်စစ်ပွဲတွင် နိုင်ငံအတွင်းမှ လိုလားထောက်ခံသူများရှိရန်လိုသည်။ မျိုးစပ်စစ်ပွဲတစ်ရပ်ကို ဆင်နွှဲမည်ဆိုလျှင် ပစ်မှတ်နိုင်ငံအတွင်း၌ ပြင်းထန်သည့်ဆန့်ကျင်မှုအင်အားတစ်ရပ်လိုအပ်ပြီး ယင်းကိုပဥ္စမစစ်ကြောင်းဟုခေါ်ဆိုသည်။ ထိုအင်အားတစ်ရပ်က နိုင်ငံခြားမှကျူးကျော်သူကို ထောက်ပံ့ရန်ပြင်ဆင်ထားပြီးဖြစ်သည်ဟု မော်စကိုရှိ စစ်ဘက်အကြံပေးအဖွဲ့တစ်ခုကို ဦးဆောင်သူ ကွန်စတန်တင်ဆိဗ်ကော့ဗ်က ပြောကြားသည်။ ၎င်းသည် စစ်ဦးစီးဌာနတွင် (၁၉၉၅) ခုနှစ်မှ (၂၀၀၇) ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် မဟာဗျူဟာပညာရှင်ဖြစ်သည်။ ယူကရိန်းတွင် သမ္မတပူတင်က ဤနည်းဗျူဟာကိုအသုံးပြု၍ ခရိုင်းမီးယားကိုသိမ်းယူကာ ယူကရိန်းအရှေ့ပိုင်းတွင် ရုရှားလိုလားသည့် ခွဲထွက်ရေးအုံကြွမှုကို လှုံ့ဆော်ပေးခဲ့သည်။ ဒေသခံရုရှားစကားပြောသူများက ပဥ္စမစစ်ကြောင်းအဖြစ်လုပ်ဆောင်ခဲ့ကြသည်။ အစိုးရတပ်များနှင့် ခွဲထွက်ရေးသူပုန်တို့၏ စစ်ပွဲရလဒ်အဖြစ် အသက်ပေါင်း (၄,၀၀၀) ကျော် ဆုံးရှုံးခဲ့ပြီး ပြည်သူတစ်သန်းကျော် ရွှေ့ပြောင်းခဲ့ကြရသည်။ ရုရှား၏ထောက်ပံ့မှုဖြင့် ခွဲထွက်ရေးသူပုန်တို့က နိုဗိုရိုမီယာ (ရုရှားသစ်) ဟုခေါ်သော ခွဲထွက်နိုင်ငံတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ယူကရိန်းအတွက်လည်း ၎င်း၏အရှေ့ပိုင်းစက်မှုလုပ်ငန်းအချက်အချာဒေသကို ဆုံးရှုံးစေခဲ့သည်။

ယူကရိန်းဖြစ်ရပ်အတွက်အီးယူက ရုရှားကို တစ်ဖက်သတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ရာ ဤလုပ်ရပ်မှာ တရားမဝင်ကြောင်း၊ မည်သို့ပင်ဖြစ်စေအီးယူ၏ ပိတ်ဆို့မှုများ ဖြေလျှော့ရေးသည် ယူကရိန်းပြဿနာများနှင့် ဆက်စပ်ခြင်းမရှိကြောင်းနှင့် အချို့နိုင်ငံများက ရုရှားကို အထီးကျန်စေရန် ကြိုးပမ်းလျက်ရှိစဉ် ရုရှားက ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများအားဖြည့်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ၊ သိပ္ပံပညာ၊ ပညာရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးများကို တက်ကြွစွာလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ဒွန်းတက်ခ်နှင့် လူဟန့်ဒေသများ၏ လွတ်လပ်မှုကို တရားဝင်အသိအမှတ်ပြုနိုင်ရန်နှင့်ပတ်သက်၍ သမ္မတဗလာဒီမာပူတင်က နိုင်ငံတိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တိုးတက်မှုလမ်းကြောင်းကို ရွေးချယ်ခွင့်ရှိသောကြောင့် ရုရှားအစိုးရကရွေးချယ်မှုကို အမြဲလေးစားမည်ဖြစ်ရာ ဤအချက်က ယူကရိန်းနိုင်ငံတွင်လည်း အပြည့်အဝရှိရမည်ဟု ပြောကြားခဲ့သည်။

သူပုန်များထိန်းချုပ်ထားသောဒေသတွင် မလေးရှားလေကြောင်းပိုင် ခရီးသည်တင်လေယာဉ်ပျက်ကျသည့်ကိစ္စနှင့်ပတ်သက်၍ ယင်းလေယာဉ်ပျက်ကျသည့်အချိန်က ယူကရိန်းလေယာဉ်တစ်စင်းမှ ဒုံးကျည်ပစ်လွှတ်သည်ကိုမြင်တွေ့သည့်သက်သေတစ်ဦးရရှိထားကြောင်း ရုရှားထောက်လှမ်းရေးအစီရင်ခံစာတွင် ဒီဇင်ဘာလ (၂၄) ရက်၌ ဖော်ပြသည်။ ယင်းအစီရင်ခံစာတွင် စစ်လေယာဉ်တစ်စင်းသည် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းပစ်လွှတ်သည်ကို မြင်ခဲ့ရကြောင်း

ယူကရိန်းနိုင်ငံအတွင်း စစ်မြေပြင်ဖြစ်နေသည့်ဒင်နီပရို ထရော့ဗ်မြို့၌ မျက်မြင်သက်သေအလုပ်သမားက ပြောကြောင်းပါရှိသည်။

**ချေချင်းညာစစ်သွေးကြွများအရေးအခင်း** - ရုရှားနိုင်ငံရှိ အစွန်းရောက်အစ္စလာမ့်စ်များ လှုပ်ရှားနေသော ချေချင်းညာဒေသ မြို့တော်ဂရော့ဇ်နီ (Grozny) တွင် ဒီဇင်ဘာလအတွင်း စစ်သွေးကြွများက ယာဉ်ထိန်းရဲများကို ပစ်ခတ်ကာ ကျောင်းတစ်ကျောင်းကို စီးနင်းခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ (၁၆) ဦးသေဆုံးခဲ့သည်။

မွတ်ဆလင်အမျိုးသမီးများကို တိုက်ခိုက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့များကို လက်စားချေသည့်အနေဖြင့် အသေခံတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ့်စ်အဖွဲ့က ပြောကြားသည်။ (၁၉၉၁) ခုနှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်ပိုင်းတွင် ချေချင်းညာဒေသခွဲထွက်ရေး မွတ်ဆလင်သူပုန်များနှင့် ရုရှားတို့စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ သမ္မတပူတင်သည် ချေချင်းညာသူပုန်နှိမ်နင်းရေးထိုးစစ်ကို (၁၉၉၉) ခုနှစ်တွင် ဒုတိယအကြိမ်ပြန်လည်စတင်ခဲ့သည်။ ယင်းဒေသတွင် မစ္စတာကာဒီရော့ဗ် အာဏာရခဲ့ပြီးနောက် လုံခြုံရေးတင်းကျပ်မှုများပြုလုပ်ခဲ့ပြီး မြို့တော်ဂရော့ဇ်နီတွင်တည်ငြိမ်မှုအထိုက်အလျောက်ရှိခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး** - အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်မှုနှင့် ရင်ဆိုင်နေရစဉ်အတွင်း ကာကွယ်ရေး၊ စွမ်းအင်နှင့်ကုန်သွယ်ရေးအခန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုကို ထပ်မံတိုးမြှင့်ရန် ရုရှားသမ္မတဗလာဒီမာပူတင်က ဒီဇင်ဘာလ (၁၁) ရက်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ဆွေးနွေးခဲ့သည်။ ယင်းခရီးစဉ်အတွင်း နျူကလီးယားစွမ်းအင်၊ ရေနံနှင့် ကာကွယ်ရေးကဏ္ဍများအတွက် စာချုပ်များချုပ်ဆိုခဲ့သည်။ ရုရှားနိုင်ငံပိုင် ရိုဆန်တန်နျူကလီးယား စွမ်းအင်ကော်ပိုရေးရှင်းက အိန္ဒိယနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို (၁၂) ခု ဆောက်လုပ်ရန်သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ရော့စ်နက်မ်ရေနံကုမ္ပဏီနှင့် အက်စ်ကာရေနံကုမ္ပဏီတို့က (၁၀) နှစ်တာအတွက် ရေနံတင်ပို့မှုစာချုပ်ချုပ်ဆိုခြင်းနှင့်ရုရှားနိုင်ငံက အိန္ဒိယနိုင်ငံအတွက် ရဟတ်ယာဉ်များ တပ်ဆင်ပေးခြင်းတို့သည် သိသာထင်ရှားသော ပူးပေါင်းမှုများဖြစ်သည်။

**စစ်ရေး** - ကမ္ဘာ့တိုက်ကြီးတစ်ခုမှ အခြားတိုက်တစ်ခုသို့ ပစ်ခတ်နိုင်သော ရေအောက်မှပစ်လွှတ်သည့်နျူကလီးယားထိပ်ဖူးတပ် Bulava ဒုံးကျည်ကို ရုရှားနိုင်ငံက အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း နိုဝင်ဘာလ (၃၀) ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းဒုံးကျည်ကို အာတစ်ဒေသ၊ Barents ပင်လယ်ရေအောက် ကြမ်းပြင်တွင်ရှိသော နျူကလီးယားရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရုရှားအရှေ့ဖျားရှိ Kamchatka ကျွန်းဆွယ်အထိရောက်အောင် ပစ်ခတ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ကာကွယ်ရေးအသုံးစရိတ်များ လျော့ချလျက်ရှိသော်လည်း ရုရှားလက်နက်ထုတ်လုပ်သူများ၏ လက်နက်ရောင်းချနေမှုပမာဏမှာ ဆက်လက်မြင့်တက်နေပြီး ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ရုရှားစစ်တပ်၏လက်နက်ဝယ်ယူမှုများမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း စတော့ဟုမ်းအခြေစိုက် သုတေသနအဖွဲ့က ဒီဇင်ဘာလ (၁၅) ရက်တွင် အစီရင်ခံစာထုတ်ပြန်သည်။ (၂၀၁၂) ခုနှစ်နှင့် (၂၀၁၃) ခုနှစ်တွင် ရုရှားကုမ္ပဏီများ၏ လက်နက်ရောင်းချရမှု ပမာဏသိသာစွာမြင့်တက်ခြင်း၏ အဓိကအကြောင်းရင်းမှာ (၂၀၀၀) ပြည့်လွန်ကာလတွင် ရုရှားအစိုးရသည် စစ်လက်နက်ဝယ်ယူမှုနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ်ပြုလုပ်နေ၍ဖြစ်ကြောင်း စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနသိပ္ပံ (SIPRI) မှ သုတေသီဆိုင်မွန်ဝီဇီမန်က ပြောကြားသည်။ ရုရှားအခြေစိုက်လက်နက်ကုမ္ပဏီများ၏ လက်နက်ရောင်းချရမှုပမာဏသည် (၂၀၁၃) ခုနှစ်တွင် (၂၀) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း SIPRI ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းနှစ်အတွင်း လက်နက်ရောင်းချရမှု ပမာဏအများဆုံးမြင့်တက်ခဲ့သော ရုရှားကုမ္ပဏီမှာ Tactical Missiles Corporation ဖြစ်ပြီး (၁၁၈) ရာခိုင်နှုန်း

မြင့်တက်ခဲ့သည်။ ဒုတိယအများဆုံးကုမ္ပဏီမှာ AIMAZ-Antey ဖြစ်ပြီး (၃၄) ရာခိုင်နှုန်းရှိခဲ့သည်။

ဘောလ်တစ်ပင်လယ်တစ်ဝိုက်ရှိ နိုင်ငံတကာရေပြင်နှင့်ဝေဟင်ပိုင်နက်တွင် ရုရှားရေတပ်နှင့်လေတပ်က စစ်ရေးလှုပ်ရှားမှုများပြုလုပ်နေကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ရုရှား၏စစ်ရေးလှုပ်ရှားမှုများသည် ဆိုဗင်ဘက်တွင် အများဆုံး လှုပ်ရှားနေပြီး စစ်ဆင်ရန် ရည်ရွယ်ချက်မရှိသော်လည်း နေတိုးအဖွဲ့၏စစ်အင်အားကို စမ်းသပ်နေပုံရကြောင်း၊ ဗြိတိန်နိုင်ငံအပါအဝင် ဘောလ်တစ်ကမ်းခြေမှ နေတိုးအဖွဲ့ဝင်နိုင်ငံများက တိုက်လေယာဉ်များဖြင့် ရုရှားလေတပ်၏လှုပ်ရှားမှုကို စောင့်ကြည့်ခဲ့ကြကြောင်း ၎င်းကပြောကြားသည်ဟု နိုဝင်ဘာလ (၁၂) ရက် သတင်းများတွင်ဖော်ပြသည်။

ယူကရိန်းအရေးကိစ္စနှင့်ပတ်သက်၍ ရုရှားနှင့် ဥရောပတင်းမာမှုများမြင့်တက်နေချိန်တွင် ရုရှားနိုင်ငံက ဥရောပမြောက်ပိုင်းနှင့်ဘောလ်တစ်ဒေသအတွင်း မတည်မငြိမ်ဖြစ်အောင် နေတိုးအဖွဲ့က လုပ်ဆောင်နေသည်ဟုပြောကြားကာ စစ်ရေးလေ့ကျင့်မှုနှင့် မဟာဗျူဟာအသစ်များ ထုတ်ဖော်မည်ဟု ကြေညာကြောင်း ဒီဇင်ဘာလ (၂) ရက်တွင် ရိုက်တာသတင်းမှဖော်ပြသည်။ ရုရှားနိုင်ငံသည် ဥရောပမြောက်ပိုင်းဒေသတွင်း နေတိုး၏စစ်ရေးလေ့ကျင့်မှုများကို မကျေမနပ်ဖြစ်ကာ နေတိုးသည် ယူကရိန်းကိစ္စကို အခွင့်ကောင်းယူရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲသည်။ နေတိုးအဖွဲ့ကလည်း ရုရှားသည်ဒေသတွင်း မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်ဟု ပြောကြားသည်။ ထို့ပြင် ဗြိတိန်လေပိုင်နက်အတွင်းသို့ ရုရှားလေယာဉ်များ ဝင်ရောက်ထောက်လှမ်းနေခြင်းကိုလည်း စိုးရိမ်မိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ နေတိုးအဖွဲ့ကလည်း ခရိုင်းမီးယားဒေသကို ရုရှားတို့သိမ်းပိုက်ခဲ့သည့်အချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးလုပ်ဆောင်ချက်များကို တိုးမြှင့်လိုက်ကြောင်းကြေညာသည်။ ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အဲလက်ဇီမက်ရှ်ကော့ဗ်က ကမ္ဘာပေါ်တွင်အတည်ငြိမ်ဆုံးဒေသများကို အနောက်နိုင်ငံများက မတည်မငြိမ်ဖြစ်အောင်လုပ်နေကြသည်ဟု အင်တာဖက်စ်သတင်းဌာနသို့ပြောကြားသည်။

**စီးပွားရေး** - (၂၀၁၅) ခုနှစ်တွင် ရုရှား၏စီးပွားရေးမှာ (၀ ဒသမ ၈) ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း ရုရှားစီးပွားရေးဝန်ကြီး Alexei Vedev က ပြောကြားသည်။ ထို့ပြင် ရေနံဈေးနှုန်းသည်လည်း (၂၀) ရာခိုင်နှုန်းလျော့ကျပြီး တစ်စည်လျှင် ပျမ်းမျှဒေါ်လာ (၈၀) သာရှိမည်ဟု စီးပွားရေးဝန်ကြီးဌာနမှ ခန့်မှန်းသည်။

ရုရှားနိုင်ငံအပေါ်ချမှတ်ထားသော ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် ရုရှားအစိုးရက တိုက်တွန်းကြောင်း နိုဝင်ဘာလ (၃၀) ရက်တွင် ရိုက်တာသတင်းဌာနမှ ဖော်ပြသည်။ ရုရှားအစိုးရက အီးယူနိုင်ငံများမှ တင်သွင်းသော အစားအသောက်များပိတ်ပင်ထားခြင်းကိုလည်း ပြန်လည်ဖယ်ရှားပေးမည်ဟု ကတိပြုခဲ့သည်။ နိုဝင်ဘာလ (၂) ရက်နေ့က ယူကရိန်းအရှေ့ဘက်ဒေသတွင် ပြုလုပ်ခဲ့သော တစ်ဖက်သတ်ရွေးကောက်ပွဲကို စီစဉ်ခဲ့သည့် ခေါင်းဆောင်များအား အီးယူက ဒဏ်ခတ်အရေးယူမှုအသစ်များချမှတ်ပြီးနောက် ရုရှားအစိုးရက ယင်းသို့ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် အီးယူက တောင်းဆိုမှုများကို ပယ်ချခဲ့ပြီး ဒဏ်ခတ်အရေးယူမှုများကို ပိုမိုပြုလုပ်သွားမည်ဟု ဥက္ကဋ္ဌဂျန်းကလောက်ဂျာကာက ပြောကြားသည်။

ရုရှားပြည်တွင်းသုံး ရူဘယ်လ်ငွေတန်ဖိုးသည် ဒီဇင်ဘာလ (၁၆) ရက်တွင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သည်။ ယခုကဲ့သို့ အလျင်အမြန်ကျဆင်းမှုကို ကယ်ဆယ်နိုင်ရန်အရေးပေါ်ကြိုးပမ်းမှုအဖြစ် (၁၆) နှစ်အတွင်းအမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်မှချမှတ်ခဲ့သည့်ကြားက ထိုးကျခဲ့ခြင်းဖြစ်သည်။ အမေရိကန်တစ်ဒေါ်လာလျှင်ရူဘယ်လ်ငွေ (၈၀)၊ တစ်ယူရိုလျှင် ရူဘယ်လ်ငွေ (၁၀၀) အထိ ထိုးကျခဲ့သည်။ သမ္မတပူတင်က ရူဘယ်လ်ငွေမှာ ဈေးကစားတိုက်ခိုက်ခံခဲ့ရ၍ ဆက်လက်အားနည်းမှုမဖြစ်စေရန်အတွက် ခိုင်မာသည့်လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် ဗဟိုဘဏ်

ကို တိုက်တွန်းခဲ့သည်။ အနောက်နိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့မှုကြောင့် ရေနံဈေးလည်းကျဆင်းခဲ့သည်။

နိုင်ငံအရှေ့ပိုင်းဒေသတွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် ကုန်ကြမ်းလောင်စာမလုံလောက်မှုနှင့် ရင်ဆိုင်နေရသော ယူကရိန်းနိုင်ငံကို ကျောက်မီးသွေးနှင့်လျှပ်စစ်ဓာတ်အားထောက်ပံ့မည့် စာချုပ်သစ်တစ်ခုကို ရုရှားနိုင်ငံက ဒီဇင်ဘာလ (၂၈) ရက်တွင် သဘောတူခဲ့သည်။ ယူကရိန်းအစိုးရက ခရိုင်းမီးယားဒေသသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားပြီးနောက်ပိုင်းတွင် ယင်းသို့ သဘောတူညီခဲ့ခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံက ငွေပေးချေနိုင်စွမ်းမရှိသော်လည်း စွမ်းအင်ထောက်ပံ့ရေးအခြေအနေဆိုးရွားနေသဖြင့် ဤသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံကို တစ်လလျှင် ကျောက်မီးသွေးတန်ချိန်ငါးသိန်း ထောက်ပံ့မည်ဖြစ်သည်။

**လစ်ဗျားနိုင်ငံ။** ။ **နိုင်ငံရေးမတည်ငြိမ်မှု** - လစ်ဗျားနိုင်ငံသည် အာဖရိကတိုက်တွင် ကြွယ်ဝသောနိုင်ငံတစ်ခုဖြစ်ပြီး တစ်ဦးချင်း ဂျီဒီပီ (စုစုပေါင်းထုတ်လုပ်မှု) အမြင့်မားဆုံးဖြစ်ကာ ဆင်းရဲနွမ်းပါးမှုနည်းသည့်နိုင်ငံဖြစ်သည်။ လစ်ဗျားနိုင်ငံသည် မြောက်အာဖရိကတိုက်တွင် တည်ငြိမ်မှုနှင့်တိုးတက်ဖွံ့ဖြိုးမှု၏ ရင်းမြစ်တစ်ခုဖြစ်သည့်အပြင် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများကိုအသုံးပြု၍ တစ်နေ့တွင် အာဖရိက၏ငွေကြေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုဖြစ်စေမည့်အဖွဲ့အစည်းများ ထွက်ပေါ်လာရေးကို အထောက်အကူ ပြုခဲ့သည်။ ထရီပိုလီမြို့တွင် အခြေစိုက်သည့် အာဖရိကရင်းနှီးမြှုပ်နှံမှုဘဏ်၊ နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် ဌာနချုပ်ရှိသည့် အာဖရိကဗဟိုဘဏ်၊ ကင်မရွန်းနိုင်ငံ ယိုအွန်ဒီတွင် အခြေစိုက်သည့် အာဖရိကငွေကြေးရန်ပုံငွေအဖွဲ့တို့မှာ ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။

သို့သော် (၂၀၁၁) ခုနှစ်တွင် အာဏာရှင် မွမ်မာကဒါဖီကို ဖြုတ်ချစဉ်က လက်တွဲခဲ့ကြသော လက်နက်ကိုင်များ အချင်းချင်းဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကြောင့် ပြည်သူ (၃၀,၀၀၀) ကျော် သေဆုံး၍ (၅၀,၀၀၀) ခန့်ဒဏ်ရာရရှိခဲ့ကာ (၄,၀၀၀) ခန့် ပျောက်ဆုံးလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က လစ်ဗျားနိုင်ငံရှိ ၎င်းတို့၏ သံရုံးဝန်ထမ်းများကို ပြန်လည်ခေါ်ယူခြင်းနှင့် လျှော့ချခြင်းတို့လုပ်ဆောင်ခဲ့ကြသည်။

ထရီပိုလီရှိလူမျိုးစုဒေသများတွင် ငွေကြေးထောက်ပံ့ခြင်းနှင့်လက်နက်တပ်ဆင်ပေးခြင်းဖြင့် လက်နက်ကိုင် အုံကြွမှုကိုဖြစ်စေခဲ့ရာ အစိုးရ၏တုံ့ပြန်မှုကြောင့် လစ်ဗျားနိုင်ငံပြည်တွင်းစစ်ပွဲစတင်စေခဲ့သည်။ လစ်ဗျားနိုင်ငံ၏ အကြမ်းဖက်ပဋိပက္ခသည် အစ္စလာမ္မစ်များနှင့် အစ္စလာမ္မစ်မဟုတ်သူများကြားမှ ဖြစ်တည်ခဲ့သော နိုင်ငံရေးတိုက်ပွဲဖြစ်သည်။ လစ်ဗျားစစ်တပ်မှ ခွဲထွက်ခဲ့သော ဗိုလ်ချုပ်ကြီးဟောင်း ခါလစ်ဖာဟက်ဖ်တာက လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ အစ္စလာမ္မစ်များကို မောင်းထုတ်မည်ဟုကြုံးဝါးကာ ရေနံကုမ္ပဏီများတည်ရှိသည့်ဘင်ဂါဇီမြို့တွင် မေလ၌ အန်ဆာအယ်လ်ရှာရီယာအုပ်စုကို စစ်ကြေညာခဲ့သည်။ ယင်းအဖွဲ့မှာ (၂၀၁၂) ခုနှစ်က အမေရိကန်ကောင်စစ်ဝန်ရုံးကိုတိုက်ခိုက်၍ အမေရိကန်သံအမတ်ကို သတ်ဖြတ်ခဲ့သည့်အဖွဲ့ဖြစ်သည်။ ဗိုလ်ချုပ်ကြီးဟောင်း ဟက်ဖ်တာနှင့် လက်နက်ကိုင်လူငယ်များ၏ ထောက်ခံမှုဖြင့် စစ်တပ်က အစ္စလာမ္မစ်သူပုန်များ၏ စစ်ဘက်အဆောက်အအုံများကို စီးနင်းတိုက်ခိုက်ခဲ့သည်။ အစ္စလာမ္မစ်အုပ်စုတို့က ၎င်းတို့၏ယုံကြည်ချက်ကို ပြန်လည်အသက်သွင်းရန် အပြင်းအထန်လုပ်ဆောင်ခဲ့ကြရာ ဩဂုတ်လတွင် ထရီပိုလီနိုင်ငံတကာလေဆိပ်ကို အောင်မြင်စွာသိမ်းယူနိုင်ခဲ့ကြပြီး မြို့တော်၏ အလယ်ဗဟိုအထိ ဆက်လက်တိုးချဲ့ခဲ့သည်။ ပြည်သူတို့ ကြိုက်နှစ်သက်မှုနည်းသော ယခင်အထွေထွေအမျိုးသားကွန်ဂရက် GNC ၏ အဖွဲ့ဝင်ဟောင်းများက အသစ်ရွေးချယ်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များကောင်စီ (Council of Deputies) ကို အစားထိုးရန် အစည်းအဝေးခေါ်ယူခဲ့သည်။ လစ်ဗျား၏ တစ်ယူသန်အစိုးရမှ အများားကိုကိုယ်စားပြုသော အစိုးရအဖြစ်သို့ ပြောင်းလဲမှုမှာ နှေးကွေးခဲ့သည်။ အစ္စလာမ္မစ်တို့ကို

တိုက်ခိုက်လျက်ရှိသော ဗိုလ်ချုပ်ကြီးဟက်ဖ်တာ အားထောက်ခံသည့်အင်အားစုများက နိုင်ငံကိုလုံးဝထိန်းချုပ်နိုင်မှုရရှိမှသာ ကြာရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဖြစ်ပေါ်လာမည့် ပုံပေါ်လျက်ရှိသည်။

(၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလတွင် နူရီအဘူရှပ်ကို GNC အဖွဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ခြင်းကြောင့် လစ်ဗျားနိုင်ငံကို အစ္စလာမ္မစ်တို့အုပ်စိုးသော GNC အဖွဲ့က ထိန်းချုပ်ထားခဲ့သည်။ ယင်းသို့ ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် အဘူရှပ်က လွှတ်တော်၏ ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်ကြီးဟောင်း ဟက်ဖ်တာက GNC အဖွဲ့ကို ဖျက်သိမ်းရန် တောင်းဆိုခဲ့သည်။ ရွေးကောက်ပွဲများကိုကျင်းပပေးရန်နှင့် ကြားဖြတ်အစိုးရဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။ GNC အဖွဲ့က ၎င်းကို အာဏာရှင်စိတ်ဓာတ်ရှိသူအဖြစ် တံဆိပ်ခတ်နှိပ်ခဲ့ပြီး ၎င်း၏တောင်းဆိုမှုများကို လျစ်လျူရှုခဲ့သည်။

GNC အဖွဲ့ဖျက်သိမ်းရန်ငြင်းပယ်မှုကြောင့် ဘင်ဂါဇီရှိ အစ္စလာမ္မစ်အုပ်စုတို့ကို ဗိုလ်ချုပ်ကြီးဟောင်း



**ထရီပိုလီနိုင်ငံတကာလေဆိပ်ကို အစ္စလာမ္မစ်တို့ တိုက်ခိုက်သိမ်းယူစဉ်**

ဆောင်ရွက်မှုများကို အစ္စလာမ္မစ်အကျိုးစီးပွားများနှင့်အညီ ကိုင်တွယ်ရေးအတွက် လျင်မြန်စွာလုပ်ဆောင်ခဲ့သည်။ ဒီဇင်ဘာလတွင် ရှာရီယာဥပဒေကို ကျင့်သုံးရန် လွှတ်တော်ကမဲပေးခဲ့ပြီး လက်ရှိလစ်ဗျားနိုင်ငံဥပဒေများနှင့် ရှာရီယာဥပဒေကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးရန်အတွက် အထူးကော်မတီတစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။

ရန်ပုံငွေများကို အစ္စလာမ္မစ်အုပ်စုများသို့ ပေးပို့ခြင်းနှင့် ၎င်းတို့၏လုပ်ဆောင်မှုများကို စစ်ဆေးခြင်းမရှိဘဲ လုပ်ဆောင်ခွင့်ပြုခြင်းတို့ကြောင့် GNC အဖွဲ့ကို မကျေနပ်ခဲ့ကြပေ။ GNC အဖွဲ့ကို ရွေးချယ်တင်မြှောက်ခဲ့သည့် အခွင့်အာဏာမှာ (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလတွင် ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း ၎င်း၏သက်တမ်းကိုအနည်းဆုံးနောက်ထပ် တစ်နှစ်သက်တမ်းတိုးရန် လွှတ်တော်က မဲပေးခဲ့သောကြောင့် အများပြည်သူတို့ကတစ်နိုင်ငံလုံးတွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဟက်ဖ်တာ ဦးဆောင်တိုက်ခိုက်သော ပြည်တွင်းစစ်ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။ GNC အဖွဲ့မှာ လစ်ဗျားပြည်သူတို့ကို ကိုယ်စားမပြုတော့ကြောင်းနှင့် မိမိ၏အခြေခံရည်မှန်းချက်မှာ အစ္စလာမ္မစ်စစ်သွေးကြွတို့ကို လစ်ဗျားနိုင်ငံမှ ထုတ်ပယ်ပစ်ရန်ဖြစ်ကြောင်း ဟက်ဖ်တာက ပြောကြားခဲ့သည်။

သို့သော် ဇူလိုင်လ (၁၃) ရက်တွင် အဓိကအစ္စလာမ္မစ်အုပ်စုဖြစ်သော LROR က Operation Dawn စစ်ဆင်ရေးကို ထရီပိုလီနိုင်ငံတကာလေဆိပ်တွင် ပြုလုပ်ခဲ့ရာ လအနည်းငယ်အကြာတွင် အစ္စလာမ္မစ်တို့က လေဆိပ်ကိုသိမ်းယူခဲ့သည်။

ဩဂုတ်လ (၂၅) ရက်တွင် (၂၀၁၄) ခုနှစ်၌ ပြန်လည်ရွေးချယ်မခံရသည့် GNC အဖွဲ့ဝင်ဟောင်းများက အစည်းအဝေးခေါ်ယူခဲ့ပြီး ၎င်းတို့က အသစ်ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များ ကောင်စီကို အစားထိုးရန်မဲပေးခဲ့ကြသည်။

အစ္စလာမ္မစ်တို့က လစ်ဗျားနိုင်ငံကို ပြန်လည်ထိန်းချုပ်နိုင်ရန် တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး ပြည်သူတို့နေထိုင်ရာဒေသများတွင် ဗုံးများကြဲ၍ တိုက်ခိုက်ခဲ့သည်။ အစိုးရစစ်တပ်က အစ္စလာမ္မစ်ဝါဒီများကို လေဆိပ်မှမောင်းထုတ်ခဲ့ပြီး ၎င်းတို့၏အခိုင်အမာစခန်းတစ်ခုကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ဘင်ဂါဇီမြို့၏ (၇၀) ရာခိုင်နှုန်းကျော်ကို ရှင်းလင်းပြီး အယ်လ်ဆာလ်မာနီနှင့် ရာ့စ်အဒီဘာတို့ကို ဝိုင်းရံထားကြောင်းနှင့် ထိုဒေသများမှာ အကြမ်းဖက်သမားများ အပြည့်ရှိနေ၍ဖြစ်ကြောင်း ရိက်တာသတင်းဌာနကဖော်ပြသည်။

လစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီကို ဖြုတ်ချခဲ့သည့် (၂၀၁၁) ခုနှစ်မှစ၍မြို့တော်ထရီပိုလီကို သိမ်းထားသည့်ဇင်တန်မြို့မှ လက်နက်ကိုင်တို့ကို လစ်ဗျားအရုဏ်ဦးအဖွဲ့က ဩဂုတ်လတွင် တိုက်ခိုက်ကာ ထရီပိုလီကို သိမ်းယူခဲ့သောကြောင့် လစ်ဗျားနိုင်ငံမှာ မင်းမဲ့စရိုက်အသွင်ဖြစ်ခဲ့သည်။ ယင်းတို့က ရွေးကောက်ပွဲမတိုင်မီ အောက်လွှတ်တော်ကိုထိန်းချုပ်ခဲ့သော အစ္စလာမ္မစ်အမတ်များအား လွှတ်တော်ကို ပြန်လည်ပေးအပ်၍ အိုမာအယ်လ်ဟာစီဦးဆောင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သောကြောင့် စင်ပြိုင်အစိုးရနှစ်ရပ်နှင့် လွှတ်တော်နှစ်ရပ်ရှိခဲ့သည်။ သို့သော် နိုင်ငံတကာက အသိအမှတ်မပြုခဲ့ပေ။ ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အမတ်များက နိုင်ငံအရှေ့ပိုင်းရှိ တိုဘရပ်မြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နိုင်ငံတကာမှ အသိအမှတ်ပြုသော ဝန်ကြီးချုပ်အဗ္ဗဒူလာအယ်လ်သင်နီဦးဆောင်သည့် အစိုးရအဖွဲ့က ဘေဒါတွင် ရုံးစိုက်ခဲ့သည်။ ဝန်ကြီးချုပ်အဗ္ဗဒူလာအယ်လ်သင်နီအစိုးရက ထရီပိုလီကို ထိန်းချုပ်ထားသည့်အုပ်စုနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အငြိမ်းစားဗိုလ်ချုပ်ကြီး ခါလစ်ဖာဟက်ဖ်တာက ဘင်ဂါဇီမြို့ကို ထိန်းချုပ်နိုင်ရန် မာ့ဂျ်လစ္စအယ်လ်ရှုရာ၊ သိုဝါဘင်ဂါဇီနှင့် အန်ဆာလယ်လ်ရှာရီယာစသည့် စစ်သွေးကြွအုပ်စုများနှင့် တိုက်ခိုက်ခဲ့သည်။ ဘင်ဂါဇီ၏ အယ်လ်ဆာဘာရီ၊ ဂါးယူနစ္စနှင့် အယ်လ်ဆယ်လ်မာနီနယ်မြေများတွင်လည်း တိုက်ခိုက်မှုများဖြစ်ပေါ်နေခဲ့သည်။ ဘင်ဂါဇီမြို့လယ်ရှိ အယ်လ်မာဂျူရီနယ်မြေကို ရရှိရန်ဟက်ဖ်တာနှင့် လက်နက်ကိုင်လူငယ်များက တိုက်ခိုက်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီးဟောင်းဟက်ဖ်တာကို ထောက်ခံသော လှုပ်ရှားမှုအဖွဲ့များကလည်း ခိုင်မာမှုမရှိသောကြောင့် လစ်ဗျားနိုင်ငံ၏ငြိမ်းချမ်းရေးမှာ မရေရာခဲ့ပေ။ ပြည်တွင်းစစ်တွင် အနိုင်ရသူတို့၏ အကျိုးစီးပွားများနှင့် အများပြည်သူတို့က တောင်းဆိုသည့် အကောင်းဆုံးရည်မှန်းချက်များညီညွတ်သည့် အခါတွင်သာ ငြိမ်းချမ်းရေးရမည်ဖြစ်သည်။ လူမျိုးစုကြားဝင်ဖျန်ဖြေမှုမအောင်မြင်ခဲ့သောကြောင့် ကြားနေဝါဒကို ကျင့်သုံးခဲ့သော်လည်း အာဏာမရှိသလောက်ဖြစ်ခဲ့သော လစ်ဗျားအစိုးရက နိုင်ငံတကာအနေဖြင့် ကူညီဖြေရှင်းပေးရန် တရားဝင်တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ၏ အထူးသံတမန် ဘာနာဒီနိုလီယွန်က လစ်ဗျားပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များကို နိုင်ငံရေးဆွေးနွေးမှုများစတင်ရန်နှင့် တိုက်ခိုက်မှုများကို ရပ်တန့်ရန် ဆော်ဩခဲ့သည်။

ခုနှစ်လအတွင်း အမေရိကန်-နေတိုးလေတပ်များက ပူးပေါင်းတိုက်ခိုက်ခဲ့ပြီး ဗုံးနှင့်ဒုံးကျည်ပေါင်း (၄၀,၀၀၀) ကို အသုံးပြုခဲ့သည်။ ထိုအချိန်မှစ၍ အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင်များ၊ အကြမ်းဖက်အဖွဲ့အစည်းများကြားတွင် လူမျိုးရေးမုန်းတီးမှုနှင့် ရေနံလုပ်ငန်းကို ထိန်းချုပ်လိုမှုများကို အခြေပြု၍ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်၌ ပြည်သူများစွာ သေဆုံးခဲ့သည်။ (၂၀၁၄) ခုနှစ် ဇူလိုင်လမှစ၍ ပြည်သူ (၂၈၇,၀၀၀) တို့မှာ ပြောင်းရွှေ့ခဲ့ရပြီး တိုက်ခိုက်မှုများနှင့်လက်နက်ကိုင်များ၏ အန္တရာယ်ကြောင့် ပြည်သူ (၁၀၀,၀၀၀) ခန့်တို့မှာ နိုင်ငံကိုစွန့်ခွာထွက်ပြေးကြရသည်။ လက်နက်ကိုင်အမျိုးမျိုးနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ဒုံးကျည်ပစ်ခတ်မှုများကြောင့် အရပ်သားများ အစုအပြုံလိုက်သေဆုံးကြရသည်။ လစ်ဗျားအခြေခံအဆောက်အအုံများနှင့်ဆေးရုံများလည်း ပျက်စီးခဲ့သည်။ လစ်ဗျားနိုင်ငံသားတို့သည် အာဖရိကမြောက်ပိုင်းနှင့် ဥရောပမြောက်ပိုင်းသို့ ရွှေ့ပြောင်းခဲ့ကြရသည်။ အီတလီသို့ ဝင်ရောက်ခဲ့သည့် လစ်ဗျားဒုက္ခသည်မှာ တစ်သိန်းကျော်ရှိပြီး စံချိန်တင်ဝင်ရောက်ခဲ့သည့် (၂၀၁၁) ခုနှစ်

ကထက်နှစ်ဆကျော်မည်ဟု ခန့်မှန်းခဲ့သည်။ (၂၀၁၄) ခုနှစ် နှစ်ကုန်တွင် နှစ်သိန်းကျော်မည်ဟု ခန့်မှန်းသည်။ ဆေးဘက်ဝန်ထမ်းများ၏အဆိုအရ ဘင်ဂါဇီမြို့ လမ်းပေါ်တွင် တိုက်ခိုက်မှုများကြောင့် ပြည်သူ (၂၀၀) နီးပါးသေဆုံးခဲ့သည်ဟုဆိုသည်။

လစ်ဗျားတွင် လက်နက်များပေါများသောကြောင့် နိုင်ငံပြိုကွဲပါက စစ်မီးတောက်စေနိုင်သည်။ လစ်ဗျား၏ များပြားသော စစ်လက်နက်ပစ္စည်းတို့ကို ပြည်ပသို့ ခိုးထုတ်ရောင်းချလျက်ရှိရာ အရှေ့အလယ်ပိုင်း၏ လက်နက်တိုက်ကြီးဖြစ်ခဲ့သည်။ ထိန်းချုပ်မှုမရှိပါက ရေနံကြွယ်ဝသောနိုင်ငံကို အခွင့်အရေးစောင့်လျက်ရှိသော အစ္စလာမ္မစ်နိုင်ငံ သို့မဟုတ် အိုင်အက်စ်အိုင်အက်စ်အုပ်စု၏ လက်တွင်းသို့ ကျရောက်စေမည်ဖြစ်သည်။ အိုင်အက်စ်အိုင်အက်စ်က ထိုနိုင်ငံတွင် စခန်းထူထောင်ပြီးဖြစ်သည်ဟု အမေရိကန်အရာရှိများက ပြောကြားသည်။

ဒီဇင်ဘာလအစောပိုင်းတွင် ဘရပ်ဆဲလ်မြို့၌ လစ်ဗျားအခြေအနေကို စိုးရိမ်ကြောင်း နေတိုးအဖွဲ့မှ ပြောကြားခဲ့သည်။ လစ်ဗျားနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဘာနာဒီနိုလီယွန်အား လစ်ဗျားနိုင်ငံရေးကို ဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းကူညီရန်နေတိုးအဖွဲ့က တောင်းဆိုခဲ့သည်။ မအောင်မြင်လျှင် နေတိုးအဖွဲ့က လစ်ဗျားပေါင်းစည်းမှုအတွက် နောက်ထပ်လုပ်ဆောင်ဖွယ်တို့ကိုစဉ်းစားမည်ဟုဆိုသည်။ လစ်ဗျားပေါင်းစည်းမှု၊ တည်ငြိမ်မှုအတွက် ခြိမ်းခြောက်လျက်ရှိသည့် အကြမ်းဖက်ဝါဒီတို့ကို တိုက်ဖျက်ရန် ဖြစ်သည်။

လီယွန်ကမူ နိုင်ငံကို မည်သည့်အုပ်စုကမျှ မထိန်းချုပ်နိုင်ဟု ပြောကြားသည်။ လစ်ဗျားတွင် လူမျိုးစုရေးနှင့် အမျိုးသားရေးမှာ ဆီးရီးယားနှင့်အီရတ်တို့ထက်ပို၍ ပြင်းထန်ပြီး ဘာသာရေးနှင့်မျိုးနွယ်စုကွဲပြားမှုတို့က အမျိုးသားစည်းလုံးရေးကို တားဆီးလျက်ရှိသည်။

ဒီဇင်ဘာလ (၂၅) ရက်တွင် လစ်ဗျားနိုင်ငံ ဆီယာတာမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တိုက်ခိုက်မှုကြောင့် စစ်သား (၁၉) ဦး သေဆုံးခဲ့ရာ နိုင်ငံအနောက်ပိုင်းတွင် အခြေစိုက်သော အရဏ်ဦးအဖွဲ့တွင် တာဝန်ရှိကြောင်း လစ်ဗျား၏ စစ်ဘက်သတင်းများကဆိုသည်။ လစ်ဗျားအရုဏ်ဦးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အစ္စမေးအယ်လ်ရှူကီက ရိုက်တာသတင်းဌာနသို့ ပြောကြားရာတွင် ဆီယာတာမြို့ရှိ ရေနံသိုလှောင်ကန် ပျက်စီးမှုအတွက် ၎င်း၏တပ်ဖွဲ့များတွင် တာဝန်မရှိကြောင်းနှင့် အစိုးရ၏ စစ်လေယာဉ်များက ရေနံသိုလှောင်ကန်ကို တိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ကဒါဖီကို ဖြုတ်ချရာတွင် ပါဝင်ကူညီခဲ့သည့် တပ်ဖွဲ့များမှာ လစ်ဗျားအနောက်ပိုင်းတွင် အာဏာယူထားကြလျက်ရှိသည်။

**လစ်ဗျားနိုင်ငံရေး မတည်ငြိမ်မှုဆိုင်ရာ ပူးပေါင်းသတင်းထုတ်ပြန်ချက်** - လစ်ဗျား၊ အာဖရိကသမဂ္ဂ၊ အာရပ်အဖွဲ့ချုပ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ မော်လ်တာ၊ စပိန်၊ ဗြိတိန်နှင့်အမေရိကန် ပြည်ထောင်စုတို့၏ အထူးသံတမန်များက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဘာနာဒီနိုလီယွန်နှင့် တွေ့ဆုံကြသည်။

ဆွေးနွေးပွဲမှာ တရားဝင်ပြည်သူ့ကိုယ်စားလှယ်များကောင်စီအနေဖြင့် အဖွဲ့ဝင်တို့၏ အပြည့်အဝပါဝင်မှုဖြင့် ပုံမှန်လုပ်ငန်းဆောင်ရွက်ရေး၊ ပြည့်ဝစွာကိုယ်စားပြုသည့် အစိုးရဖွဲ့စည်းရေးနှင့် လစ်ဗျားတစ်နိုင်ငံလုံးရှိ မြို့ကြီးများနှင့် လေဆိပ်များကို လက်နက်ကိုင်အုပ်စုများထံမှ ပြန်လည်သိမ်းယူရေးများ ဆောင်ရွက်ရန် ရည်ရွယ်သည်။ ထို့ပြင်လစ်ဗျားနိုင်ငံ၏ လက်ရှိပြဿနာကို စစ်ရေးဖြင့်ဖြေရှင်း၍ မရကြောင်း ထပ်မံအတည်ပြုခဲ့ကြသည်။

အထူးသံတမန်တို့က လစ်ဗျားတစ်နိုင်ငံလုံးတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများချက်ချင်း ပေးနိုင်ရန်အတွက် ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းလုပ်ဆောင်ရန်တောင်းဆိုခဲ့ကြသည်။ ဤလုပ်ငန်းစဉ်ကို နှောင့်ယှက်တားဆီးသူများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် (၂၁၇၄) ၏ ဘောင်အတွင်းမှ အပြစ်ဒဏ်ပေးရန် အတည်ပြုခဲ့ကြသည်။ ကုလသမဂ္ဂ၏ကြားဝင် ဖျန်ဖြေရန်အားထုတ်မှုမှတစ်ဆင့် ဆက်လက်၍ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း ဆုံးဖြတ်ခဲ့ကြသည်။

**ဟောင်ကောင်။** ။ ဟောင်ကောင်ကို ဗြိတိသျှတို့က (၉၉) နှစ်တာအုပ်ချုပ်ခဲ့ပြီးနောက် (၁၉၉၇) ခုနှစ်တွင် တရုတ်အစိုးရက ပြန်လည်အုပ်ချုပ်ခွင့်ရခဲ့သည်။ တရုတ်အစိုးရက အတိုင်းအတာတစ်ခုအထိ ဒီမိုကရေစီအခွင့်အရေးများပေးထားသည်။ လက်ရှိတွင် တစ်နိုင်ငံစနစ်နှစ်မျိုးမူဝါဒကို ကျင့်သုံးသည်။ ဟောင်ကောင်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်သော ခိုင်မာသည့်အထောက်အပံ့များနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုများရှိသည်။ ဟောင်ကောင်၏ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးစနစ်တို့မှာ ပြည်မကြီးနှင့်မတူဘဲ ကွဲပြားသည်။ တရုတ်အစိုးရ၏ တစ်နိုင်ငံစနစ်နှစ်မျိုးမူဝါဒဖြင့် တရုတ်နှင့် ဟောင်ကောင်တို့၏ ယဉ်ကျေးမှု၊ အနုပညာ၊ ပညာရေးနှင့် သိပ္ပံ



**ဆန္ဒပြလူငယ်များနှင့်
ဟောင်ကောင်ရဲတပ်ဖွဲ့ထိပ်တိုက်ရင်ဆိုင်တွေ့စဉ်**

နယ်ပယ်များတွင် ပေါင်းစည်းလုပ်ကိုင်နိုင်သည်။ သို့သော် (၂၀၁၇) ခုနှစ်တွင် တရုတ်အစိုးရက ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကတိပေးထားသော်လည်း အုပ်ချုပ်ရေးမှူးအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်သူများကို တရုတ်အစိုးရက ရွေးချယ်ပေးမည်ဆိုသည်ကို မကျေနပ်၍ စက်တင်ဘာလ (၂၂) ရက်မှစကာ အဓိကလမ်းမကြီးများနှင့် အစိုးရအဆောက်အအုံများရှေ့တွင် လူအင်အားအများအပြားဖြင့်ဆန္ဒပြခဲ့ပြီး ဟောင်ကောင်အုပ်ချုပ်ရေးမှူးစီဝိုင်လျန်ကို ရာထူးမှဆင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ယင်းသည် (၁၉၉၇) ခုနှစ်နောက်ပိုင်း ဆိုးရွားသော မငြိမ်သက်မှုဖြစ်ပြီး ရဲတပ်ဖွဲ့က ငရုတ်ရည်များဖြင့် ပက်ဖျန်းခြင်း အပါအဝင်နည်းမျိုးစုံသုံးကာ နှိမ်နင်းခဲ့သည်။

အောက်တိုဘာလ (၆) ရက်တွင် ဟောင်ကောင်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဆန္ဒပြခေါင်းဆောင်များ တွေ့ဆုံခဲ့သော်လည်း သဘောတူညီမှုမရခဲ့ပေ။ ထို့နောက် အောက်တိုဘာလ (၁၀) ရက်တွင်တွေ့ဆုံရန် စီစဉ်ထားသော်လည်း ဟောင်ကောင်အစိုးရက အောက်တိုဘာလ (၉) ရက်တွင် ပယ်ဖျက်ခဲ့သည်။ ထိုသို့မပယ်ဖျက်ခင်တွင် တဖြည်းဖြည်းလျော့နည်းသွားသော ဆန္ဒပြသူများကို ဆက်လက်ဆန္ဒပြရန် ခေါင်းဆောင်များက တိုက်တွန်းသောကြောင့် တွေ့ဆုံဆွေးနွေးလျှင်လည်း ထူးခြားမှုရှိမည်မဟုတ်ဟုအစိုးရက ပြောကြားသည်။ အောက်တိုဘာလ (၆) ရက် နောက်ပိုင်းတွင် ဆန္ဒပြလူအုပ်မှာ လျော့နည်းသွားခဲ့သည်။ သို့သော် ဆန္ဒပြသူများသည် အောက်တိုဘာလ (၁၀) ရက်တွင် ဟောင်ကောင်အစိုးရနှင့် တွေ့ဆုံဆွေးနွေးပွဲ ပျက်ပြားပြီးနောက် ထပ်မံအင်အားပြကြသည်။ ယင်းနောက်ပိုင်းတွင် ဟောင်ကောင်ဒီမိုကရေစီအရေးဆန္ဒပြမှုမှာ ပြန်လည်လှုပ်ရှားလာပြီး ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှုများဖြစ်ပွားခဲ့သည်။ ဟောင်ကောင်မြို့လယ်၌ရှိသော ဆန္ဒပြစခန်းအနီးအနားမှ အဆောက်အအုံပိုင်ရှင်များ၏ တိုင်ကြားမှုကြောင့် Citic မျှော်စင်အပြင်ဘက်မှ အတားအဆီးများကိုဖြိုဖျက်ရန် နိုဝင်ဘာလ (၁၈) ရက်တွင် တရားရုံးမှ အမိန့်ထုတ်ခဲ့သည်။ ထိုသို့ဖယ်ရှားပြီးနောက်ပိုင်းတွင် ဆန္ဒပြသူအချို့က ဥပဒေပြုကောင်စီအဆောက်အအုံအကာအရံများကို ချိုးဖျက်ဝင်ရောက်ရန်ကြိုးစားခဲ့သောကြောင့် နိုင်ငံရေးသမားများက အကြမ်းဖက်လုပ်ရပ်အဖြစ် ရှုတ်ချခဲ့ကြသည်။

ဟောင်ကောင်ရဲတပ်ဖွဲ့က မောင်းကွက် (Mong Kok) ရပ်ကွက်ရှိ သပိတ်စခန်းများနှင့်အတားအဆီးများကိုရှင်းလင်းခဲ့ပြီး Occupy Movement ကျောင်းသားခေါင်းဆောင်နှစ်ဦးဖြစ်သည့် Lester Shum နှင့် Joshua Wong တို့အပါအဝင် ဆန္ဒပြသူများစွာကို ဖမ်းဆီးခဲ့ကြောင်း နိုဝင်ဘာလ (၂၆) ရက် သတင်းများတွင် ဖော်ပြသည်။ ဒီဇင်ဘာလ (၁) ရက်တွင် Admiralty အရပ်တွင်ရှိသော အစိုးရရုံးများအနီးရှိ Lung Wo လမ်းမပေါ်တွင် ဆန္ဒပြသူများနှင့် ရဲများထိပ်တိုက်တွေ့မှု

ဖြစ်ပွားပြီး ရဲအရာရှိ (၁၁) ဦး ဒဏ်ရာရရှိကာ ဆန္ဒပြသူ (၄၀) ဦး ဖမ်းဆီးခံရသည်။ ဆန္ဒပြမှုကို ဦးဆောင်သော ခေါင်းဆောင်များက မြို့လယ်ဒေသကို သိမ်းပိုက်ထားသော ဆန္ဒပြသူများအနေဖြင့် သပိတ်လှန်ကာ ဆုတ်ခွာကြရန်တိုက်တွန်းသော်လည်း တက္ကသိုလ်ကျောင်းသားများက ရွေးကောက်ပွဲပြုပြင်ပြောင်းလဲမှုပေါ်ပေါက်သည်အထိ တိုက်ပွဲဝင်သွားမည်ဟု ပြောကြားကြောင်း ဒီဇင်ဘာလ (၂) ရက်တွင် ဘီဘီစီသတင်း၌ ဖော်ပြသည်။ ဆန္ဒပြသူများက အစိုးရရုံးစိုက်ရာနေရာမှ တခြားနေရာများသို့ တိုးချဲ့ဆန္ဒပြရန် ကြိုးစားနေချိန်တွင် ရဲများနှင့်ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားခဲ့သောကြောင့် အစိုးရရုံးများနှင့် လွှတ်တော်တို့ကိုပိတ်ခဲ့ရသည်။ ဒီဇင်ဘာလ (၃) ရက်တွင် Occupy Movement ခေါင်းဆောင်သုံးဦးက ဆန္ဒအလျောက် အဖမ်းခံခဲ့ကြသည်။ တက္ကသိုလ်ပါမောက္ခနှစ်ဦးနှင့် ခရစ်ယာန်ဓမ္မဆရာတစ်ဦးဖြစ်သည့် ယင်းခေါင်းဆောင်သုံးဦးသည် အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်တွေ့မှုများဖြစ်ပွားပြီးနောက် ဆန္ဒပြမှုများကို လက်လျှော့ ရုပ်သိမ်းရန်တိုက်တွန်းခဲ့သည်။ ၎င်းတို့၏ Occupy Central အဖွဲ့အနေဖြင့် ဒီမိုကရေစီအရေးလှုပ်ရှားမှုများကို လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများမှတစ်ဆင့် ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။ ကျောင်းသားခေါင်းဆောင်တချို့က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ဟောင်ကောင်အစိုးရနှင့် တွေ့ဆုံဆွေးနွေးခွင့်ရရန် အစာငတ်ခံဆန္ဒပြမှုကို စတင်ခဲ့သည်။

ဟောင်ကောင်ရဲတပ်ဖွဲ့သည် သပိတ်စခန်းများကို ဆက်တိုက်ဖယ်ရှားကာ ဆန္ဒပြသူများကို ဖမ်းဆီးခဲ့ပြီးနောက် ရက်သတ္တပတ် (၁၁) ပတ်ကြာမြင့်ခဲ့သည့် ဟောင်ကောင်ဆန္ဒဖော်ထုတ်ပွဲသည် ဒီဇင်ဘာလ (၁၅) ရက်တွင် ပြီးဆုံးခဲ့သည်။ ရဲတပ်ဖွဲ့က ကျောင်းသားခေါင်းဆောင်လျှိုရှုဝေါင်နှင့် ဆန္ဒပြသူ (၃၀) ဦးကို ဖမ်းဆီးခဲ့ပြီး သပိတ်စခန်းများကို ဆက်လက်ဖျက်သိမ်းခဲ့သည်။ ဟောင်ကောင်အစိုးရက နောက်ဆုံးအကြိမ်အနေဖြင့် ကမ်းလှမ်းထားသော ဟောင်ကောင်အုပ်ချုပ်ရေးမှူးကို ပြည်သူများက တိုက်ရိုက်ရွေးချယ်ခွင့်ရှိမည်ဆိုသည့်စည်းမျဉ်းကို ဆန္ဒပြခေါင်းဆောင်များနှင့် ဝေဖန်ရေးသမားများက ယုံကြည်မှုမရှိကြပေ။ ဟောင်ကောင်အုပ်ချုပ်ရေးမှူးက ဟောင်ကောင်မြို့လယ်လမ်းမများပိတ်ဆို့ထားသောဆန္ဒပြမှုသည် အဆုံးသတ်သွားပြီဟု ဒီဇင်ဘာလ (၁၆) ရက်တွင် အတည်ပြုပြောကြားသည်။ ကျောင်းသားခေါင်းဆောင်များက ဟောင်ကောင်လမ်းမများတွင် ပြန်လည်လာရောက်ဆန္ဒပြရန် ပန်ကြားခဲ့သော်လည်း ထိပ်တိုက်ရင်ဆိုင်မှုမှ လွဲ၍ ရွေးချယ်စရာမရှိကြောင်း ဟောင်ကောင်အာဏာပိုင်များက ပြောကြားသည်။

ဟောင်ကောင်ဆန္ဒပြမှုကို အစောပိုင်းကာလတွင် အင်အားအများအပြားဖြင့် ပြုလုပ်ခဲ့သော်လည်း ကျောင်းသားခေါင်းဆောင်များနှင့် ဆန္ဒပြခေါင်းဆောင်များ သဘောထားကွဲလွဲခဲ့သောကြောင့် နောက်ပိုင်းတွင် အင်အားများစွာ လျော့နည်းခဲ့သည်။ စစ်တမ်းများအရ ဟောင်ကောင်တွင် ထိုသို့ဆန္ဒပြမှုများကြောင့် ပြည်သူများအနေဖြင့် အတားအဆီးများနှင့် ရင်ဆိုင်ရကာ အလုပ်အကိုင်များရပ်တန့်ပြီး စီးပွားရေးထိခိုက်မှုများဖြင့် ကြုံတွေ့ခဲ့ရသည်။

သပိတ်စခန်းများ ဖျက်သိမ်းပြီးနောက်ပိုင်းတွင်လည်း ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့သောကြောင့် ဟောင်ကောင်ရဲအရာရှိများနှင့် ဆန္ဒပြသူအချို့ မောင်းကွက်လမ်းမတွင် အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူ (၁၂) ဦးကို ဖမ်းဆီးခဲ့ကြောင်း ဒီဇင်ဘာလ (၂၅) ရက်တွင် ရဲဌာနက ထုတ်ပြန်သည်။

**နိုင်ငံတကာ၏သဘောထားများ** - ဟောင်ကောင်တွင် ဆန္ဒပြမှုများနှင့်ပတ်သက်၍ အမေရိကန်အစိုးရက ညွှန်ကြားချက်များထုတ်ပြန်ခဲ့ရာ အဆိုပါလုပ်ရပ်ကို ရပ်တန့်ရန်နှင့် အမေရိကန်အစိုးရအနေဖြင့် မိမိတို့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိဟု တရုတ်အစိုးရက မေလ (၇) ရက်တွင် ပြောကြားသည်။ နိုင်ငံတကာမှ စောင့်ကြည့်သူအချို့က ဆန္ဒပြမှုသည် အပြောင်းအလဲဖော်ဆောင်နိုင်မည်မဟုတ်ဟုယူဆကြသည်။ တရုတ်အစိုးရက ဟောင်ကောင်အုပ်ချုပ်ရေးမှူး၏ ဆောင်ရွက်ချက်များကို အပြည့်အဝထောက်ခံသည်။ ယင်းဆန္ဒပြမှုသည် ဥပဒေနှင့်မညီဟု သတိပေးပြီး

နိုင်ငံတကာကိုလည်း စွက်ဖက်ခြင်းမပြုရန် သတိပေးသည်။ အမေရိကန်အစိုးရက လွတ်လပ်စွာ ဆန္ဒဖော်ထုတ်မှုကို ထောက်ခံကြောင်းနှင့် ဟောင်ကောင်ရွေးကောက်ပွဲတွင် အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရရေးအတွက် မှတ်ချက်ပေးခဲ့သည်ကို တရုတ်အစိုးရက ဟောင်ကောင်ပြဿနာသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ အချုပ်အခြာကို နိုင်ငံတကာက လေးစားသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တွေ့ဆုံစဉ် ဝါရှင်တန်ခရီးစဉ်တွင် ပြောကြားသည်။ ဂျွန်ကယ်ရီက ဟောင်ကောင် အခြေခံဥပဒေနှင့်အညီ ဆန္ဒထုတ်ဖော်သူများကို ထောက်ခံကြောင်းပြန်လည်ပြောကြားသည်။ ထို့ပြင် ဗြိတိသျှဝန်ကြီးချုပ်၏ ကိုယ်စားလှယ်အဖွဲ့က ဟောင်ကောင်သို့ သွားရောက်ရန် လန်ဒန်မြို့ရှိ တရုတ်သံရုံးသို့ အကြောင်းကြားရာတွင်လည်း ငြင်းပယ်ခံခဲ့ရကြောင်း နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌ ရစ်ချက်ကော့တားဝေးက ပြောကြားသည်။ ယင်းကိုယ်စားလှယ်များ၏ခရီးစဉ်ကြောင့် ဟောင်ကောင်ဒီမိုကရေစီတောင်းဆိုမှုများကို ပိုမိုအားပေးရာရောက်စေနိုင်သည်ဟု တရုတ်အစိုးရက ထင်မြင်ကြောင်း အေအက်ဖ်ပီ သတင်း၌ ဖော်ပြသည်။ ထို့ပြင် ထိုင်ဝမ်သမ္မတ မာရင်ကျိုးသည် တရုတ်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် လိုလားသူဖြစ်သည်။ သို့သော် ဟောင်ကောင်ကဲ့သို့ ပြန်လည်ပေါင်းစည်းရေးကိုမူ မလိုလားပေ။ ၎င်းက ဟောင်ကောင်တွင် ဒီမိုကရေစီတောင်းဆိုနေကြသည်ကို ထောက်ခံပြီး တရုတ်အစိုးရအား ဒီမိုကရေစီပေးရန် တိုက်တွန်းသည်။

**အမေရိကန်နိုင်ငံ။** ။ အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်၌အင်အားအကြီးဆုံးနိုင်ငံဖြစ်သည်။ စီးပွားရေးအင်အားအနေဖြင့် ပြည်တွင်းစုစုပေါင်းထုတ်ကုန် (ဂျီဒီပီ) သည် (၂၀၁၃) ခုနှစ်ကုန်တွင် အမေရိကန်ဒေါ်လာ (၁၅ ဒသမ ၉) ထရီလီယံရှိသည်။ ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးနှင့် အမြန်ဆုံးစီးပွားရေးတိုးတက်နေသည့်တရုတ်နိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ (၁၂ ဒသမ ၆) ထရီလီယံဖြစ်၍ တတိယအင်အားအကြီးဆုံး ဂျပန်နိုင်ငံ၏ ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ (၄ ဒသမ ၇) ထရီလီယံရှိသည်။ ဘတ်ဂျက်ဘဏ္ဍာငွေပမာဏအနေဖြင့် အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ (၃ ဒသမ ၅) ထရီလီယံရှိသည်။ အမေရိကန်နိုင်ငံသည် ယခုအခါ ကမ္ဘာ့ရေးရာများကို ဦးဆောင်သူအဖြစ် နေရာယူနေပြီး နိုင်ငံတကာအရေးအခင်းများတွင်လည်း ပါဝင်ပတ်သက်နေရသည့် အခြေအနေကို အလိုအလျောက်ရောက်ရှိနေသည်။

(၂၀၁၃) ခုနှစ်၊ အောက်တိုဘာလ (၁) ရက်သည် အမေရိကန်၏ဘဏ္ဍာနှစ်စတင်ချိန်ဖြစ်သည်။ ထိုအချိန်မှစ၍ ဘတ်ဂျက်အငြင်းအခုံကြီးစွာဖြစ်ကာ အစိုးရရုံးများ၊ ဥယျာဉ်များပင် ယာယီပိတ်ရသည်အထိဖြစ်ခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ၌ သမ္မတအိုဘားမား ဒုတိယအကြိမ်သမ္မတအဖြစ် သက်တမ်းတစ်နှစ်အပြည့်တွင် အိုဘားမားကဲယား ခေါ် ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေအကျပ်အတည်းနှင့် ခရီးတာစထွက်ခဲ့သည်။ အမေရိကန်တွင် လိင်တူချင်းလက်ထပ်ခွင့်ဥပဒေကို ခွင့်ပြုသည့် ပြည်နယ်အရေအတွက် တိုးလျက်ရှိရာ (၂၀၁၄) ခုနှစ်တွင် ဆယ်ဂဏန်းကျော်ခဲ့သည်။ ဒုတိယသက်တမ်းတွင် တစ်နှစ်ကြာခဲ့ပြီဖြစ်သော သမ္မတဘားရက်အိုဘားမားကို အမေရိကန်ပြည်တွင်း၌ လူကြိုက်နည်းလာသည်။ နိုင်ငံခြားရေးဝါဒတွင် ထူးခြားကောင်းမွန်သည့် စွမ်းဆောင်နိုင်မှုမရှိဟု ဝေဖန်ခံရသည်။ ကိုယ်ပိုင်နိုင်ငံရေးအတွေးအမြင်မှာလည်း ဗလာနတ္ထိဟုပင် ဆောင်းပါးရှင်တစ်ဦးကသုံးသပ်ခဲ့သည်။

**မြန်မာနှင့်ဆက်စပ်မှု** - (၂၀၁၄) ခုနှစ်တွင် အမေရိကန်ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ ပို၍ဝင်လာသည်။ အမေရိကန်အစိုးရအဖွဲ့အဆင့်ရှိဧည့်သည်များ လာရောက်ခြင်း၊ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ လာရောက်ခြင်းရှိသော်လည်း တစ်ဖက်တွင် စီးပွားရေးပိတ်ဆို့မှုကို လုံးလုံးလျားလျားမလွှတ်သေးချေ။ သက်တမ်းတိုးခဲ့သည့်အပြင် အမည်ပျက်စာရင်းကြေညာချက်များ ဆက်လက်ဆောင်ရွက်သည်။

ပိပြင်ထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်းများမရှိသေးပေ။ အမေရိကန်အမှတ်တံဆိပ်များ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရာတွင် ဒေသတွင်းနိုင်ငံများမှ တစ်ဆင့်ဝင်ရောက်ကြရသည်။ ထိုသို့ဝင်ရောက်ရာတွင် စင်ကာပူနိုင်ငံမှ အများဆုံးဝင်ရောက်ကြသည်။ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုအားလုံးကို မရုပ်သိမ်းသေးသောကြောင့် လက်ရှိအချိန်အထိ မြန်မာ နိုင်ငံတွင် အမေရိကန်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမရှိခဲ့ပေ။ နိုဝင်ဘာလ (၁၂) ရက်၌ မြန်မာနိုင်ငံတွင်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ အမေရိကန်သမ္မတအိုဘားမားတက်ရောက်ခဲ့သည်။

**နိုင်ငံတကာနှင့်ဆက်စပ်မှု** - အမေရိကန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးနှင့် ဆက်စပ်ထိတွေ့လျက်ရှိရာ ယခင်က ထိထိဝင်ဝင် ပတ်သက်ခဲ့သော အစ္စရေးနှင့်ပါလက်စတိုင်းအရေးမှာ (၂၀၁၄) ခုနှစ်တွင် လျော့နည်းခဲ့သည်။ ကျူးဘားနှင့် ထိပ်တိုက်တွေ့မှုများပြေလျော့ခဲ့သည်။ ဗင်နီဇွဲလားနှင့် အချေအတင်များနည်းပါးခဲ့သည်။ မြောက်ကိုရီးယားနှင့်အီရန်တို့၏ အဏုမြူလက်နက်စမ်းသပ်ရေး၊ ချူကလီးယားဓာတ်ပေါင်းဖိုမှ အဏုမြူလက်နက်ထုတ်လုပ်မည့်အလားအလာကို တားဆီးရေးစသည်တို့အတွက် စီးပွားရေးပိတ်ဆို့မှုနှင့်ဟန့်တားရန် အရေးမှာလည်း ထိရောက်မှုရှိအောင် ညှိနှိုင်းနိုင်ခြင်းမရှိဘဲဖြစ်ခဲ့သည်။ အာဖဂန်နစ္စတန်ကိစ္စ၊ အီရတ်ကိစ္စများတွင်လည်း သမ္မတအိုဘားမားလက်ထက် စစ်တပ်များရုပ်သိမ်းပြီးနောက် သူ့ကြမ္မာသူဖန်တီးနိုင်စေရန် အတွင်းကျကျဝင်ရောက်ဆက်စပ်မှုမပြုခဲ့ပေ။ လစ်ဗျားကိစ္စ၊ ဆီးရီးယားကိစ္စများကိုလည်း ယခင်နှစ်ကလောက် ပါဝင်စွက်ဖက်နိုင်မှုမရှိပေ။ ယမန်နှစ်က ဩစတြေးလျအစိုးရနှင့်ဆန်းသစ်သော မိတ်ဖွဲ့မှုများပြုပြီးနောက်ပိုင်း တောင်တရုတ်ပင်လယ်နှင့်အရှေ့တရုတ်ပင်လယ်ရှိ တရုတ်နှင့်အာဆီယံနိုင်ငံအချို့၊ တရုတ်နှင့်ဂျပန်တို့၏ ပင်လယ်ကျွန်းများအငြင်းပွားမှုအပေါ် အမေရိကန်တို့၏ ဖျန်ဖြေရေးတွင် ဩဇာညောင်းနိုင်ရန်အတွက် ဒေသတွင်း၌ စစ်ရေးမဟာမိတ်ဖွဲ့မှုနှင့် အခြေစိုက်စခန်း ပြန်လည်အခြေချမှုများကို ပြုလုပ်ခဲ့သည်။

**ကျူးဘားနိုင်ငံနှင့်သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခြင်း** - ရာစုနှစ်ဝက်မျှကြာသည်အထိ စစ်အေးတိုက်ပွဲအသွင်ဆောင်နေသော ကျူးဘားကွန်မြူနစ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ဆက်ဆံရေး အေးခဲမှုကို အမေရိကန်သမ္မတအိုဘားမားက ပယ်ဖျက်ရန် ကြိုးပမ်းခဲ့သည်။ ယင်းသို့ ကြိုးပမ်းမှုကို ကြိုဆိုကြောင်း ကျူးဘားသမ္မတရာေလ်ကက်စ်ထရိုက ပြောကြားသည်။ ကျူးဘားနှင့်သံတမန်ဆက်သွယ်ရေး ပြန်လည်အစပြုမည်ဟု ဒီဇင်ဘာလ (၁၇) ရက်တွင် အမေရိကန်အစိုးရက ကြေညာခဲ့သည်။ ယင်းသဘောတူညီမှုကို အကောင်အထည်ဖော်ရန်အတွက် နှစ်နိုင်ငံထိပ်တန်းအရာရှိများကြား (၁၈) လမျှကြာအောင် လျှို့ဝှက်ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ကျူးဘားသမ္မတက "သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် သဘောတူညီခဲ့ကြောင်း၊ သို့သော် ယင်းအချက်သည် အဓိကအချက်ဖြစ်သည့် စီးပွားရေးပိတ်ပင်ခံရမှုကို ဖြေရှင်းလိုက်သည့် သဘောမျိုးမဟုတ်သေးကြောင်း" ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုသည် ကျူးဘားအပေါ် ကုန်သွယ်မှုများကို (၁၉၆၀) ပြည့်နှစ်ကတည်းက ပိတ်ဆို့ခဲ့သည်။ ကျူးဘားသမ္မတက ကြားဝင်ညှိနှိုင်းပေးခဲ့သည့် ပုပ်ရဟန်းမင်းကြီးဖရန်ဆစ်ကိုလည်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။ နှစ်နိုင်ငံသည် အကျဉ်းသားလဲလှယ်မှုသဘောတူညီချက်ကိုလည်း ဆွေးနွေးခဲ့ပြီး ကျူးဘားဘက်မှ အမေရိကန် ကန်ထရိုက်တာ အလန်ဂရော့စ်ကို ပြန်လွှတ်ပေးကာ အမေရိကန်က သူလျှိုမှုဖြင့်စွဲချက်တင်ထားသော ကျူးဘားနိုင်ငံသားသုံးဦးကိုလည်း ပြန်လွှတ်ပေးခဲ့သည်။

ကျူးဘားနိုင်ငံတွင် တော်လှန်ရေးဖြစ်ပွားပြီး ကွန်မြူနစ်တို့ အာဏာရလာသောအခါ အမေရိကန်ပြည်ထောင်စုက ကုန်သွယ်ရေးပိတ်ဆို့၍ သံတမန်ဆက်ဆံရေးဖြတ်တောက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။ သံတမန်ဆက်ဆံရေး

ပြန်လည်ထူထောင်ရန် တရားဝင်ဆွေးနွေးပြီးနောက် ကျူးဘားနိုင်ငံအား ကုန်သွယ်ရေးပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းပေးရန် သမ္မတရောလ်ကက်စ်ထရိုက တိုက်တွန်းသည်။ သို့သော် ကုန်သွယ်ရေးပိတ်ဆို့မှုကို ရုပ်သိမ်းရန် အခွင့်အာဏာသည် လွှတ်တော်တွင်သာရှိပြီး ရီပတ်ဗလီကန်အမတ်များက ယင်းသို့ရုပ်သိမ်းပေးရန် ဆန့်ကျင်လျက်ရှိကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

**ပြင်းထန်သောထိတွေ့မှုများ** - (၂၀၁၄) ခုနှစ်တွင် အမေရိကန်နိုင်ငံသည် ပြင်းထန်သော ထိတွေ့မှုများရှိခဲ့သည်။ ပထမဆုံး ယူကရိန်းနိုင်ငံပဋိပက္ခများ ပေါ်ပေါက်ခြင်းနှင့်ပတ်သက်၍ မဟာအင်အားကြီးနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံနှင့် ထိပ်တိုက်ဖြေရှင်းရသည့်အဖြစ်များရှိခဲ့သည်။ တစ်ဖန် အီရတ်နှင့်ဆီးရီးယားနိုင်ငံများတွင် ပေါ်ထွက်လာသော အစွန်းရောက်ဂျီဟတ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရသည်။ အိုင်အက်စ်အိုင်အက်စ်၏ Caliphate အစ္စလာမ္မစ်နိုင်ငံတည်ထောင်ရေးနှင့် အကြမ်းဖက်ဝါဒကို ပြတ်သားစွာ တုံ့ပြန်နှိမ်နင်းရမည့်အခြေသို့ဆိုက်ခဲ့သည်။ အကြမ်းဖက်သမားများအဖြစ် နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ လုပ်ရပ်များကိုလည်း ဆန့်ကျင်ရန် အကြောင်းပေါ်ပေါက်ခဲ့သည်။ ဤအတွင်း ကမ္ဘာ့ကျန်းမာရေးကို ခြိမ်းခြောက်လာသည့် အာဖရိကအနောက်ပိုင်းနိုင်ငံများမှ စတင်ဖြစ်ပွားသော အီဘိုလာကူးစက်ကပ်ရောဂါ အန္တရာယ်ကိုလည်း ပါဝင်ဖြေရှင်းရမည့်အခြေအနေဖြစ်လာခဲ့သည်။

**ရုရှားနိုင်ငံနှင့်ထိတွေ့မှု** - (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလတွင် ယူကရိန်းနိုင်ငံ၏ လူထုအုံကြွမှုကြောင့် သွေးထွက်သံယိုမှုများဖြစ်ခဲ့သည်။ သမ္မတဗစ်တာယာနျူကိုဗစ်ချ် ရုရှားသို့ထွက်ပြေးသည်အထိ ပြည်တွင်းအခြေအနေဆိုးဝါးခဲ့သည်။ သမ္မတရာထူးမှ ပြုတ်ကျစဉ် ရုရှားစကားပြောသည့်လူမျိုးစုများ နေထိုင်သောနိုင်ငံအရှေ့ဘက်ခြမ်းတွင် မငြိမ်မသက်ဖြစ်ရာမှ ထိုရုရှားစကားပြောလူမျိုးများကို ကာကွယ်ရန် အကြောင်းပြ၍ ယူကရိန်းအရှေ့ဘက်နယ်စပ် တစ်လျှောက် ရုရှားတပ်များအလုံးအရင်းနှင့် ဖြန့်ကြက်နေရာယူခဲ့သည်။ ရုရှားအစိုးရအားကိုးဖြင့် တိုင်းပြည်အရှေ့ဘက်တစ်ခွင်လုံး ခွဲထွက်ရေးသူပုန်များထကြွခဲ့သည်။ ထိုအချိန်မှာပင် ခရိုင်းမီးယားကျွန်းဆွယ်က ခွဲထွက်ခဲ့သည်။ သူပုန်များကို ရုရှားနိုင်ငံက လက်နက်ကြီးငယ်ထောက်ကူသောကြောင့် ယူကရိန်းနေရာအများအပြားကို သိမ်းပိုက်နိုင်ခဲ့သည်။

အရှေ့ဥရောပ၏ ပြည်တွင်းစစ်ဖြစ်မည့် အခြေအနေသည် ယူကရိန်းသူပုန်တို့ကို ရုရှားတို့က လက်နက်ထောက်ပံ့ရုံမက နယ်စပ်များတွင် စစ်အင်အားဖြန့်ကြက်ခဲ့သောကြောင့် လိုအပ်လျှင် ယူကရိန်း ပြည်တွင်းသို့ပင် ကျူးကျော်ဝင်ရောက်မည့်ပုံပေါ်လာသည်။ ဤတွင် နေတိုးအဖွဲ့က အမေရိကန်နှင့်ပေါင်းကာ ရုရှားကို သတိပေးသည်။ ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားစကားပြောလူထုအား ကာကွယ်ပေးရန် လုပ်ပိုင်ခွင့်အာဏာရင်းထဲတွင်ရှိသည်ဟု တင်းမာစွာတုံ့ပြန်ပြီး နယ်စပ်မှစစ်တပ်များကို နောက်မဆုတ်ခဲ့ပေ။ သို့ဖြင့် နေတိုးအဖွဲ့နှင့်အမေရိကန်တို့က ရုရှားကို စီးပွားရေးပိတ်ဆို့သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက ရုရှားသမ္မတပူတင်ကို တိုက်ရိုက်သတိပေးသည်။ နယ်စပ်တွင် ဖြန့်ကြက်ထားရုံမက ပြည်တွင်းသို့ပင် ရုရှားတပ်များဝင်ရောက်သည်ကို ဆုတ်ပေးရန် ထပ်မံသတိပေးသည်။ ဒီဇင်ဘာလ (၁၉) ရက်တွင် ရုရှားနိုင်ငံကို ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးမြှင့်ရန်အတွက် အမေရိကန်လွှတ်တော်က သဘောတူခဲ့သော "ယူကရိန်းလွတ်မြောက်ရေး အားပေးမှုဥပဒေ (၂၀၁၄)" ဥပဒေမူကြမ်းကို သမ္မတအိုဘားမားက အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ရုရှားက အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ပို၍ရင်းနှီးသော မဟာမိတ်ဖွဲ့သည်။ တရုတ်ပြည်သို့ ခေတ်လွန်လက်နက်များပင် ရောင်းချလာနိုင်သည့် အရိပ်လက္ခဏာပြသည်။ ထို့ကြောင့် အမေရိကန်သမ္မတအိုဘားမားအတွက် ရုရှားနှင့်တင်းမာစွာထိတွေ့ရသည်မှာ အလွန်အကျဉ်းအကျပ်ဖြစ်စေသည်။

**အိုင်အက်စ် အိုင်အက်စ်နှင့်ထိတွေ့မှု** - အိုင်အက်စ်အိုင်အက်စ်ဆိုသည်မှာ Islamic State of Iraq and Syria

(အီရတ်နှင့်ဆီးရီးယားနိုင်ငံဆိုင်ရာ အစ္စလာမ္မစ်နိုင်ငံ) ဖြစ်သည်။ Islamic State of Iraq and the Levant (ISIL) ဟုလည်းခေါ်သည်။ နောက်ပိုင်းတွင် Islamic State (IS) အစ္စလာမ္မစ်နိုင်ငံတော်ဟု အမည်ပြောင်းခဲ့သည်။ အဆိုပါအဖွဲ့သည် အီရတ်နိုင်ငံ ဒိုင်ယာလာမြို့မှ ဆီးရီးယားနိုင်ငံ အလက်ပိုမြို့အထိ ကျယ်ဝန်းသည့် အစ္စလာမ္မစ်နိုင်ငံတော်ကို ကာလီဖိတ်အမည်ပေး တည်ထောင်သည်အထိဖြစ်လာခဲ့သည်။ အယ်လ်ကိုင်ဒါများကပင်လက်မခံနိုင်လောက်အောင် လူမဆန်သော လုပ်ရပ်များဖြင့် ကမ္ဘာကို ကြောက်လန့်စေသည်။ စစ်သွေးကြွသောတိုက်ခိုက်သူများဖြစ်၍ ကလေးသူငယ်များကို ဖမ်းဆီးနှိပ်စက်ခြင်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်ခြင်းအပြင် ဘာသာမတူသူများကို လူမျိုးသုဉ်းသတ်ဖြတ်ခြင်းများကျူးလွန်ခဲ့သည်။

ထို့ပြင် ဗြိတိန်နိုင်ငံမှ သတင်းထောက်နှင့် အမေရိကန်နိုင်ငံမှသတင်းထောက်တို့ကို ခေါင်းဖြတ်သတ်သည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့သည်။ ဤတွင် အမေရိကန် သမ္မတဘားရက်အိုဘားမားက သတင်းထောက်ဂျိန်းဖိုလေး ရက်စက်စွာသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ဩဂုတ်လ (၂၁) ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။ အဆိုပါ ကြေညာချက်တွင် အိုင်အက်စ်တို့သည် အရပ်သားများကို အကြမ်းဖက်သတ်ဖြတ်ခဲ့ကြောင်း၊ အမျိုးသမီးနှင့်ကလေးများကို အဓမ္မဖမ်းဆီး၍ နှိပ်စက်မုဒိမ်းကျင့်ကြောင်း၊ ခရစ်ယာန်နှင့်ဘာသာရေးလူနည်းစုများကို နေအိမ်ပေါ်မှ မောင်းချကြောင်း၊ ရှေးဟောင်းလူမျိုးတစ်မျိုးကို မျိုးသုဉ်းအောင် သတ်ဖြတ်မည့် ရည်မှန်းချက်ထားရှိကြောင်း စသဖြင့် ပါရှိသည်။

ထို့နောက် အမေရိကန်သမ္မတအိုဘားမား ဦးဆောင်ပြီး အာရပ် (၁၀) နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၄၀) ကျော်တို့က အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းရန် သဘောတူဆုံးဖြတ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဩဂုတ်လ (၅) ရက်ကတည်းက အိုင်အက်စ်တို့ကို ပြစ်တင်ရှုတ်ချပြီး ကျူးလွန်မှုများအပေါ် ရာဇဝတ်မှုအရ တရားစွဲဆိုမည်ဟု ကြေညာခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ အမေရိကန်တို့၏ တိုက်တွန်းချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အိုင်အက်စ်တို့ကို တိုက်ခိုက်ရေးအတွက်ကန့်ကွက်သူမရှိ သဘောတူခဲ့သည်။ စက်တင်ဘာလတွင် အိုင်အက်စ်စစ်သွေးကြွများနှိမ်နင်းရေးအတွက် အာရပ်အဓိကမဟာမိတ်နိုင်ငံများက အမေရိကန်နှင့်အတူလက်တွဲပြီး လေကြောင်းမှ စတင်တိုက်ခိုက်ရန် သဘောတူကြသည်။

(၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်တွင်မူ အမေရိကန်ကာကွယ်ရေးဌာနပင်တဂွန်က အမေရိကန်နှင့်မဟာမိတ်နိုင်ငံများသည် ဆီးရီးယားရှိ အိုင်အက်စ်အစွန်းရောက်ဝါဒီများကို ဗုံးကြဲတိုက်ခိုက်ခြင်း၊ ဒုံးကျည်များဖြင့်ပစ်ခတ်ခြင်းများပြုလုပ်နေပြီဟု ကြေညာသည်။ စက်တင်ဘာလကုန်အထိ လေကြောင်းတိုက်ခိုက်မှုအကြိမ်ပေါင်း (၁၇၀) ကျော် တိုက်ခိုက်ခဲ့သည့်တိုင် ထင်သာသောအောင်မြင်မှုမရရှိသောအခါ အိုင်အက်စ်တို့၏ နည်းဗျူဟာပြောင်း၍ ခုခံတတ်ပုံကို လေ့လာသိရှိအောင်ကြိုးစားရလေသည်။

နိုင်ငံရေးနှင့်စစ်ရေးကျွမ်းကျင်သူများက အမေရိကန်တို့ ISIS ကြောင့် ပူပန်မှုများဖြစ်နေခြင်းသည် ဘယ်သူမပြု မိမိမှုသာဖြစ်သည်ဟု သုံးသပ်ကြသည်။ အမေရိကန်သမ္မတအိုဘားမားသည် အီရတ်မှ အမေရိကန်တပ်များဆုတ်ခွာရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ကြွေးကြော်ခဲ့၍ သမ္မတဖြစ်လာခဲ့သည်ဟု အချက်တစ်ချက်အနေဖြင့် ထည့်တွက်နိုင်သည်။ သမ္မတအိုဘားမားက (၂၀၁၁) ခုနှစ်တွင် အီရတ်မှ အမေရိကန်တပ်များ ဆုတ်ခွာခဲ့သည်။ အီရတ်တွင် အမေရိကန်တပ်များရှိစဉ်က အီရတ်တပ်များကို လေ့ကျင့်ပေး၊ စစ်လက်နက်တပ်ဆင်ပေးသောအခါ လူနည်းစုဖြစ်သည့် ဆွန်နီများကိုလည်း အယ်လ်ကိုင်ဒါနှိမ်နင်းရေးအတွက် သိမ်းသွင်းသင်ကြား၍ လက်နက်တပ်ဆင်ပေးခဲ့သည်။ (၂၀၁၁) ခုနှစ်၊ အမေရိကန်တပ်များ အီရတ်မှထွက်ခွာခဲ့ပြီးနောက် အီရတ်သမ္မတက ဆွန်နီတပ်ဖွဲ့ဝင်များကို ကောင်းစွာမဆက်ဆံတော့ပေ။ ဤတွင် သင်တန်းတက်ထားသော၊ လက်နက်တပ်ဆင်ထားသော ဆွန်နီတပ်ဖွဲ့ဝင်များမှာ အစိုးရဆန့်ကျင်သည့် ISIS အဖွဲ့သို့ တွန်းပို့ခံရသကဲ့သို့ဖြစ်သွားသည်။ အလားတူဆီးရီးယားမှ သူပုန်တပ်ဖွဲ့များကိုလည်း

စောစောပိုင်းက အမေရိကန်တို့ပင်အားပေးခဲ့သည်။ လက်နက်ရော စစ်ပညာပါ အားကောင်းလာသောအခါ တွင်မနိုင်မနင်းဖြစ်လာခဲ့သည်။ အမေရိကန်တို့သည် အာဖဂန်နစ္စတန်မှ ရုရှားတို့ကိုတိုက်ထုတ်ရေးအတွက် တာလီဘန်နှင့် အယ်လ်ကိုင်ဒါခေါင်းဆောင်ဖြစ်လာမည့် အိုစမာဘင်လာဒင်ကိုအားပေးခဲ့သည်မှ အမေရိကန်ကို အကြီးမားဆုံး ဆန့်ကျင်သူဖြစ်လာပုံကို သင်ခန်းစာယူတတ်ဟန်မပေါ်ဟု ဝေဖန်သူများက ဆိုသည်။

**အခြားထိတွေ့မှုများ** - (၂၀၁၄) ခုနှစ်တွင် အမေရိကန်နိုင်ငံထိတွေ့ ရသောကိစ္စများ၌ ဘိုကိုဟာရမ်စစ်သွေးကြွတို့၏ အကြမ်းဖက်လုပ်ရပ်များလည်းပါဝင်သည်။ နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းအခြေစိုက် Boko Haram အဖွဲ့ကို အမေရိကန်က (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလတွင် အကြမ်းဖက်အဖွဲ့ဟု ကြေညာခဲ့သည်။ အစ္စလာမ်ဘာသာရေးအစွန်းရောက်များဖြင့် ဖွဲ့စည်းထားသော ထိုအဖွဲ့ကို အယ်လ်ကိုင်ဒါအကြမ်းဖက်အဖွဲ့က သင်တန်းပေးပြီး ငွေကြေးထောက်ပံ့ထားသည်။ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ နိုင်ဂျာနှင့် ချတ်နိုင်ငံများတွင် ခြေကုပ်ယူလှုပ်ရှားနေသည့်အဖွဲ့ဖြစ်သည်။

ယင်းဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့သည် (၂၀၀၂) ခုနှစ်မှစ၍ (၁၂) နှစ်ကျော်ကာလအတွင်း အကြမ်းဖက်လုပ်ရပ်များစွာကို ကျူးလွန်နေသောကြောင့် အမေရိကန်နိုင်ငံက မဟာမိတ်များနှင့် ပူးပေါင်း၍ ဖြိုခွင်းခဲ့သည်။ ဘိုကိုဟာရမ်အဖွဲ့ကလည်း အမေရိကန်နှင့်မဟာမိတ်နိုင်ငံများကို လက်စားချေမည်ဟု ကြိမ်းဝါးလျက်ရှိသည်။

**ကမ္ဘာ့ကျန်းမာရေးပြဿနာနှင့်ထိတွေ့မှု** - (၂၀၁၃) ခုနှစ်တွင် အာဖရိကတိုက်အနောက်ပိုင်း ဂီနီနိုင်ငံတွင် စတင်ဖြစ်ပွားသော ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ကြောင့် လိုက်ဘေးရီးယားနှင့်ဆီရီယာလီယွန်နိုင်ငံတို့၌ (၁၈၆၀၀) ကျော် ကူးစက်ဖြစ်ပွား၍ ကျန်းမာရေးလုပ်သား (၃၅၀) ကျော် သေဆုံးပြီး စုစုပေါင်း (၆၉၀၀) ကျော်သေဆုံးခဲ့သည်။ ထိုရောဂါပျောက်ကင်းအောင် ကုသနိုင်သည့်ဆေးရှာမတွေ့သေးချေ။ နယ်စည်းမခြားဆရာဝန်များအသင်းနှင့် အမေရိကန်နိုင်ငံတို့၏ လေ့လာဆန်းစစ်ချက်အရ ကူးစက်မြန်လွန်း၍ ထိုရောဂါထိန်းချုပ်ရန် အလွန်ခက်သည်ဆိုသည်။

အမေရိကန်နိုင်ငံတွင် အခြေစိုက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် ရန်ပုံငွေအလုံအလောက်မရှိ၍ လိုအပ်သလောက်သုတေသနပြုခြင်းနှင့် ကုသကြီးတားဆီးခြင်းများမပြုနိုင်ဘဲဖြစ်နေသည်။ အမေရိကန် အပါအဝင် ခေတ်မီတိုးတက်သော နိုင်ငံကြီးများက မိမိနိုင်ငံအတွင်းသို့ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်စေရန် အကောင်းဆုံးနည်းမှာ ပြည်ဝင်ခွင့်ပြုသည့်ဝင်ပေါက်များတွင် သေချာစစ်ဆေး၍ ဝင်ခွင့်ပြုသည့်နည်းသာ တတ်နိုင်ကြသည်။

(၂၀၁၄) ခုနှစ်တွင် အမေရိကန်နိုင်ငံသည် လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်စသော ပြည်ဝင်ပေါက်အားလုံးကို အီဘိုလာရောဂါသည်မဝင်နိုင်ရေးနှင့် အကြမ်းဖက်ဗုံးခွဲဖျက်ဆီးမည့်အစွန်းရောက် အမေရိကန်မုန်းတီးရေးသမားများ လုံးဝမဝင်နိုင်ရေးအတွက် သတိကြီးစွာ တားဆီးကာကွယ်စောင့်ကြည့်ထိန်းချုပ်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရလေသည်။

**မျက်မှောက်ရေးရာ** - အမေရိကန်ပြည်ထောင်စု၊ မစ်ဇူရီပြည်နယ်ရှိ လူမည်းအများစုနေထိုင်သော ဖာဂူဆန်မြို့တွင် ဩဂုတ်လ (၉) ရက်၌ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် လူမည်းဆယ်ကျော်သက်တစ်ဦးသေဆုံးခဲ့သည်။ ယင်းအမှုတွင် ရဲအရာရှိဒါရန်ဝီလ်ဆင်သည် တာဝန်အရ လုပ်ဆောင်ခဲ့သောကြောင့် ၎င်းကိုရာဇဝတ်မှုဖြင့် တရားစွဲဆိုနိုင်လောက်သော အချက်အလက်မတွေ့ရကြောင်း လူမည်းသုံးဦးနှင့်လူဖြူကိုးဦးပါဝင်သော အရပ်ဘက်တရားရုံးမှ ဂျူရီအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ ချီကာဂို၊ ဘော့စ်တွန်နှင့် နယူးယောက်ခ်မြို့များတွင်ဆူပူအုံကြွမှုများဖြစ်ပေါ်ခဲ့သည်။ တရားရုံးမှဆုံးဖြတ်ပြီးနောက် ရက်ပိုင်းအတွင်း ရဲအရာရှိ ဒါရန်ဝီလ်ဆင် နုတ်ထွက်ခဲ့ကြောင်း နိုဝင်ဘာလ (၃၀) ရက်သတင်းများတွင်

ဖော်ပြသည်။ ယင်းအမှုနှင့်ပတ်သက်၍ သက်သေအချို့က လူမည်းဆယ်ကျော်သက် မိုက်ကယ်ဘရောင်းသည် လက်မြှောက်လျက်အနေအထားဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟုပြောကြားကြသည်။ ရဲတပ်ဖွဲ့၏ လုပ်ဆောင်မှုကို စုံစမ်းစစ်ဆေးရန် နှိပ်စက်ညှဉ်းပန်းမှု တိုက်ဖျက်ရေးကုလသမဂ္ဂကော်မတီက တိုက်တွန်းခဲ့သည်။ ယင်း




**မိုက်ကယ်ဘရောင်း၏ ဓာတ်ပုံကိုကိုင်၍ ဆန္ဒပြနေသူတစ်ဦး**

အဖြစ်အပျက်တွင် ရဲအရာရှိသည် ပြည်သူ့အခွင့်အရေးကို ချိုးဖောက်ခဲ့ခြင်းရှိ၊ မရှိ FBI မှ စုံစမ်းခဲ့ပြီး ပြည်ထောင်စုတရားရေးဌာနမှလည်း ဖာဂူဆန်ရဲအဖွဲ့၏ နောက်ကြောင်းရာဇဝင်တွင် ပြည်သူ့အခွင့်အရေးကို ချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းခဲ့သည်။

ယင်းကိစ္စကိုအကြောင်းပြု၍ သမ္မတအိုဘားမားက ရဲတပ်ဖွဲ့ဝင်များကို သင်တန်းများပေးရန်နှင့် ယူနီဖောင်းများတွင် သေးငယ်သော ကင်မရာများတပ်ဆင်ပေးရန် စီမံကိန်းအတွက် လွှတ်တော်တွင် ဒေါ်လာ (၂၃၆) သန်း တောင်းခံခဲ့သည်။ ယင်းကင်မရာများတပ်ဆင်ခြင်းဖြင့် ရဲနှင့်ပြည်သူပြဿနာဖြစ်ရာတွင် သက်သေပြနိုင်ရန်ဟုဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ လက်နက်မဲ့လူမည်းများအား ရဲကသတ်ဖြတ်ခြင်းကို လက်စားချေသည်ဟုဆိုကာ ဒီဇင်ဘာလတွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော နယူးယောက်ခ်မြို့မှ ရဲအရာရှိနှစ်ဦး ပစ်သတ်ခံခဲ့ရသည်။

**လူဝင်မှုဥပဒေပြုပြင်ပြောင်းလဲခြင်း**- သမ္မတအိုဘားမားက ၎င်း၏လုပ်ပိုင်ခွင့်ကိုအသုံးပြုပြီး အမေရိကန်ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ပြုပြင်ပြောင်းလဲခဲ့ကြောင်း နိုဝင်ဘာလ (၂၁) ရက်တွင် ဘီဘီစီသတင်း၌ ဖော်ပြသည်။ ယင်းပြုပြင်ပြောင်းလဲမှုကြောင့် အမေရိကန်ပြည်တွင်းတွင် တရားမဝင်နေထိုင်သူများမှာ အလုပ်လုပ်ခွင့်ပါမစ်လျှောက်ထားနိုင်မည်ဖြစ်သည်။ သမ္မတသည် ယင်းဥပဒေကို လွှတ်တော်၏ အတည်ပြုချက်မရယူဘဲ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံအတွင်း လူဦးရေလေးသန်းခန့်ကို ယာယီနေထိုင်ခွင့်ရရှိစေမည်ဖြစ်သည်။ ယင်းအပြောင်းအလဲသည် အမေရိကန်လွှတ်တော် သက်တမ်းဝက်ရွေးကောက်ပွဲတွင် ၎င်း၏ဒီမိုကရက်တစ်ပါတီက အထက်လွှတ်တော်ကို ချုပ်ကိုင်နိုင်မှုလက်လွှတ်ခဲ့ရသည့်နောက်ပိုင်း ပထမဆုံးထုတ်ပြန်သော မူဝါဒပိုင်းဆိုင်ရာအပြောင်းအလဲဖြစ်သည်။ အတိုက်အခံရီပတ်ဘလီကင်အမတ်များကမူ သမ္မတသည် အာဏာကိုအလွဲသုံးသည်ဟု စွပ်စွဲသည်။ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသော အမေရိကန်လူဝင်မှုစနစ်ကိုပြင်ဆင်ရန် လွှတ်တော်အနေဖြင့် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သောကြောင့် တစ်ကိုယ်တော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သမ္မတကပြောကြားသည်။ ယင်းအစီအစဉ်အရ အမေရိကန်နိုင်ငံတွင် တရားဝင်နေထိုင်သူသားသမီးများ၏ မိဘများအနေဖြင့် ငါးနှစ်ကြာနေထိုင်ခဲ့ပြီးလျှင် အလုပ်လုပ်ခွင့်ပါမစ်လျှောက်ထားနိုင်ကြမည်ဖြစ်ပြီး တရားဝင်နေထိုင်နေသော မိဘများ၏နောက်မှ ရောက်ရှိလာသည့် သားသမီးများသည်လည်း တရားဝင်နေထိုင်ခွင့်သက်တမ်းကို တိုးမြှင့်ရရှိမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် တရားမဝင်နေထိုင်သူ (၁၁) သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။

**စီအိုင်အေအစီရင်ခံစာထုတ်ပြန်ခြင်း** - ဒီဇင်ဘာလ (၁၆) ရက်တွင် အမေရိကန်အထက်လွှတ်တော်ထောက်လှမ်းရေးဆိုင်ရာကော်မတီက အစီရင်ခံစာထုတ်ပြန်ခဲ့ရာတွင် ဗဟိုထောက်လှမ်းရေးအဖွဲ့ (CIA) သည် (၂၀၀၁) ခုနှစ်၊ စက်တင်ဘာလအကြမ်းဖက်မှု

ဖြစ်ပွားပြီးနောက်ပိုင်း သံသယရှိသူများကို ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းအစီရင်ခံစာတွင် သံသယရှိသူ အကျဉ်းသားများကို အခန်းကျဉ်းထဲတွင် ချုပ်နှောင်ထားခြင်း၊ အိပ်ရေးပျက်အောင်ထားခြင်း၊ ရေမွန်းအောင်လုပ်ခြင်းစသဖြင့် စစ်ဆေးနည်းများကို ဖော်ပြထားသည်။ ယင်းနည်းလမ်းများကြောင့် အသုံးဝင်သောသတင်းများကို ရရှိခဲ့ပြီး ထပ်မံ တိုက်ခိုက်မှုမခံရအောင် ကာကွယ်နိုင်ခဲ့သည့်အပြင် အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များကိုလည်းဖမ်းဆီးနိုင်ခဲ့သည်ဟု CIA အကြီးအကဲက ကာကွယ်ပြောဆိုခဲ့ကြောင်း ဒီဇင်ဘာလ (၁၂) ရက်သတင်းများတွင် ဖော်ပြသည်။

**အရှေ့အလယ်ပိုင်းဒေသ။ ။ အစ္စရေး-ဟားမတ်စ်အရေး** - အနောက်ဘက်ကမ်းဒေသမှ အစ္စရေးဆယ်ကျော်သက်လူငယ်သုံးဦး ဇွန်လ (၁၂) ရက်တွင် ပျောက်ဆုံးခဲ့ပြီးနောက် အစ္စရေးနိုင်ငံက ဟားမတ်စ်အဖွဲ့ဝင် ရာပေါင်းများစွာကို ဖမ်းဆီးခဲ့သဖြင့် ဟားမတ်စ်အဖွဲ့က ဒုံးကျည်များဖြင့် တိုက်ခိုက်သည်။ လူငယ်သုံးဦး၏ ရုပ်အလောင်းများကို ဇွန်လ (၃၀) ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ အစ္စရေးတို့က ယင်းလူငယ်သုံးဦးကိုရှာဖွေရာတွင် ပါလက်စတိုင်းအများအပြားကိုလည်းဖမ်းဆီးခဲ့ရာ အရပ်သားအနည်းငယ် သေဆုံးခဲ့သည်။ ယင်းကိစ္စနှင့်စပ်လျဉ်းပြီး အစ္စရေးတို့က လက်စားချေခြင်းဟု ယူဆရသော လုပ်ရပ်အဖြစ် ဇူလိုင်လ (၂) ရက်တွင် ပါလက်စတိုင်း လူငယ်တစ်ဦး ပျောက်ဆုံးခဲ့သည်။ နာရီပိုင်းအကြာတွင် ဂျေရုဆလင်ရှိ သစ်တောတစ်ခုအတွင်း မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေသော ရုပ်အလောင်းကိုတွေ့ရှိခဲ့သည်။ ယင်းကိစ္စကို အကြောင်းပြု၍အစ္စရေးနှင့် ပါလက်စတိုင်း စစ်သွေးကြွ ဟားမာ့စ်တို့ တင်းမာမှု ပိုမိုမြင့်တက်ခဲ့သည်။

ဇူလိုင်လ (၈) ရက်တွင် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ဟားမတ်စ်တို့က ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်။ အီဂျစ်နိုင်ငံ၏ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အစ္စရေးက ဇူလိုင်လ (၁၅) ရက်တွင် လက်ခံသည့်အနေဖြင့် ခြောက်နာရီကြာ အပစ်အခတ်ရပ်စဲခဲ့သော်လည်း ဟားမတ်စ်တို့က ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်သောကြောင့် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့သည်။ ဟားမတ်စ်တို့ကို လက်နက်၊ အစားအစာနှင့် ငွေကြေးများ လျှို့ဝှက်စွာ ပေးပို့ရာတွင် အသုံးပြုသည့် ဆိုင်းနိုင်းကျွန်းဆွယ်မှ ဂါဇာဒေသသို့ ဖောက်လုပ်ထားသော လိုဏ်ခေါင်းများကို ဖျက်ဆီးရန်အတွက် ဇူလိုင်လ (၁၆) ရက်တွင် ဂါဇာဒေသ၌ မြေပြင်ထိုးစစ်စတင်ခဲ့ပြီး ယင်းဒေသရှိ ပါလက်စတိုင်းအရပ်သားများကို ပြောင်းရွှေ့ကြရန် သတိပေးခဲ့သည်။ ဇူလိုင်လ (၂၇) ရက်အထိ အစ္စရေး မြေပြင်တပ်ဖွဲ့များစေလွှတ်၍ လိုဏ်ခေါင်းများကို ဖျက်ဆီးခဲ့သည်။ ယင်းတို့ကို ဖျက်ဆီးမပြီးမချင်း ထိုးစစ်ရပ်မည်မဟုတ်ဟု အစ္စရေးဝန်ကြီးချုပ်က ပြောကြားသည်။ တိုက်ခိုက်မှုကြောင့် အရပ်သားများစွာ သေဆုံးခဲ့ပြီး အမေရိကန်နိုင်ငံက ယင်း၏မဟာမိတ် အစ္စရေးနိုင်ငံကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် သတိပေးသော်လည်း အစ္စရေးက မိမိကိုယ်ကိုယ်ခုခံပိုင်ခွင့်ရှိသည်ဟုဆိုသည်။ အစ္စရေးနိုင်ငံသည် နိုင်ငံတည်ထောင်စဉ်ကပင် ရန်သူနိုင်ငံများဝိုင်းနေသော ပထဝီအနေအထားကြောင့် နိုင်ငံကိုထိခိုက်စေမည့် အရေးကိစ္စများကို ကာကွယ်ရေးရှုထောင့်မှကြည့်လျက် ဖြေရှင်းလေ့ရှိသည်။ ဂျော်ဒန်မြစ်နှင့် ဆိုင်းနိုင်းကျွန်းဆွယ်အရေးတို့မှာ သာဓကများပင်ဖြစ်သည်။ ဝန်ကြီးချုပ်နေတန်ယာဟုက အခြားနိုင်ငံများ လက်နက်စွန့်လျှင်ငြိမ်းချမ်းရေးရနိုင်သော်လည်း အစ္စရေးနိုင်ငံလက်နက်စွန့်လျှင် နိုင်ငံပျောက်ကွယ်သွားနိုင်သည်ဟုပြောကြားခဲ့သောစကားက အစ္စရေးနိုင်ငံ၏ လက်ရှိအနေအထားကို ဖော်ပြနေသည်။

အစ္စရေး၏ထိုးစစ်နှင့် အပြန်အလှန်တိုက်ခိုက်မှုများကြောင့် လူပေါင်း (၉၀၀) ကျော် သေဆုံးခဲ့ပြီးနောက် ဇူလိုင်လ (၂၆) ရက် နံနက် (၈) နာရီတွင် (၁၂) နာရီကြာ အပစ်အခတ်ရပ်စဲရေးစတင်သည်။ အစ္စရေးနှင့် တိုက်ခိုက်မှုကြောင့် ဂါဇာဒေသရှိ ကုလသမ ဂ္ဂစီမံကွပ်ကဲသော ကျောင်းတစ်ကျောင်း ပျက်စီးခဲ့ပြီး ဒုက္ခသည် (၁၆) ဦး သေဆုံးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ရှုတ်ချခဲ့သည်။ အစ္စရေးတပ်မတော်ကမူ ယင်းပစ်ခတ်မှုကို စုံစမ်းစစ်ဆေးပြီး ၎င်းတို့တွင်တာဝန်ရှိကြောင်း တွေ့ရှိပါက တောင်းပန်မည်ဟု တုံ့ပြန်သည်။ အစ္စရေးနှင့် ဟားမတ်စ်တို့တိုက်ခိုက်မှုတွင် အစ္စရေးနိုင်ငံဘက်မှ ဩဂုတ်လ (၁) ရက်အထိ (၆၃) ဦးသေဆုံးပြီး ပါလက်စတိုင်း (၁၄၆၀) ဦးသေဆုံးခဲ့ပြီးဖြစ်သည်။

ဩဂုတ်လ (၁) ရက်တွင် အစ္စရေးနှင့်ဟားမတ်စ်တို့သည် (၇၂) နာရီ အကြာ အပစ်အခတ်ရပ်စဲရေးကို သဘောတူညီကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသော်လည်း နာရီပိုင်းအကြာမှာပင် ပြန်လည်ကျိုးပေါက်ကာ အပြန်အလှန်ပစ်ခတ်ကြသည်။ ယင်းနေ့တွင် ဂါဇာဒေသရှိ ရာဖာမြို့တွင် ပျောက်ဆုံးသွားသော အစ္စရေးစစ်ဗိုလ်ဟာဒါဂိုလ်ဒင်ကို ဟားမတ်စ်စစ်သွေးကြွများက သုံ့ပန်းအဖြစ် ဖမ်းဆီးထားဖွယ်ရှိသည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။ ၎င်းပြန်လည်လွတ်မြောက်ရေးအတွက် ကာတာနှင့် တူရကီနိုင်ငံတို့က အကူအညီပေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက မေတ္တာရပ်ခံသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အစ္စရေးစစ်သည်ကို ခြွင်းချက်မရှိပြန်လွှတ်ပေးရန်တောင်းဆိုသည်။

တရားဝင်အပစ်အခတ်ရပ်စဲမှုမစတင်မီ ဂါဇာဒေသကို ကြည်း၊ ရေ၊ လေကြောင်းများဖြင့် ပိတ်ဆို့ထားမှုကို ရုပ်သိမ်းပေးရန် ဟားမတ်စ်အဖွဲ့က တောင်းဆိုသကဲ့သို့ ပိတ်ဆို့မှုမရုပ်သိမ်းမီ ဂါဇာဒေသသည် စစ်မဲ့ဇုန်ဖြစ်ရန် ဦးစွာလိုအပ်သည်ဟု အစ္စရေးက အခိုင်အမာပြောကြားသည်။ ထိုစဉ်အတွင်း အစ္စရေးတပ်ဖွဲ့အတွက် အမေရိကန်ဒေါ်လာသန်း (၃၀၀) ဖိုးရှိ လက်နက်ခဲယမ်းများကိုရောင်းချပေးရန် အမေရိကန်က သဘောတူခဲ့သည်။ (၂၀၀၆) ခုနှစ် လက်ဘနွန်စစ်ပွဲကာလတွင်လည်း အမေရိကန်က လက်နက်ရောင်းချခဲ့ဖူးသည်။ ကမ္ဘာတစ်ဝန်းက ဝေဖန်မှုများကြားမှပင် အစ္စရေးက ဂါဇာဒေသရှိ တစ်ခုတည်းသော လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကုလသမဂ္ဂက ဖွင့်လှစ်ထားသောကျောင်းနှင့် နေအိမ်များကို ပစ်ခတ်ခဲ့ရာ ပါလက်စတိုင်းအရပ်သားများသေဆုံးခဲ့ကြသည်။

ဩဂုတ်လ (၆) ရက်တွင် သုံးရက်ကြာ အပစ်အခတ်ရပ်စဲမှုစတင်ခဲ့ပြီး ဩဂုတ်လ (၉) ရက်တွင် ပြန်လည်တိုက်ခိုက်ကြသည်။ ထို့နောက် အီဂျစ်နိုင်ငံ၏ စေ့စပ်မှုဖြင့် အစ္စရေးနှင့်ဟားမတ်စ်တို့သုံးရက်ကြာ အပစ်အခတ်ရပ်စဲရေးကို ဩဂုတ်လ (၁၀) ရက် ညသန်းခေါင်တွင် စတင်သည်။ အီဂျစ်နိုင်ငံက ထပ်မံကြားဝင်စေ့စပ်ပေးသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို နှစ်ဖွဲ့စလုံးက လက်ခံသောကြောင့် ဩဂုတ်လ (၂၆) ရက် ည (၇) နာရီတွင် အစ္စရေး-ဟားမတ်စ်တို့၏ တစ်လခွဲကြာပစ်ခတ်တိုက်ခိုက်မှုများချုပ်ငြိမ်းခဲ့သည်။ နှစ်ဖက်သေဆုံးသူ စုစုပေါင်း(၂၂၀၀) ခန့်ရှိပြီး ပါလက်စတိုင်းလူမျိုး (၂၁၀၀) ကျော်သေဆုံးကာ အစ္စရေးလူမျိုး (၆၀) ကျော်သေဆုံးသည်။ သေဆုံးသူအများစုမှာ ပါလက်စတိုင်းအရပ်သားများဖြစ်ကြသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ အစ္စရေးက ဂါဇာဒေသအား ပိတ်ဆို့ထားခြင်းကို လျှော့ပေါ့ပေးရမည်ဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က အစ္စရေးသည် ဂါဇာဒေသတွင် လူမျိုးသုဉ်းသတ်ဖြတ်သည့်စစ်ပွဲကို ဆင်နွှဲခဲ့ကြောင်း (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် စွပ်စွဲခဲ့သည်။ ယင်းကိစ္စကို နိုင်ငံတကာရာဇဝတ်မှုခုံရုံးသို့တင်မည်ဟု သမ္မတက မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသည်။ ဂါဇာစစ်ပွဲကို အစ္စရေးက မိမိကိုယ်ကိုယ်ခုခံကာကွယ်ခွင့်အဖြစ် ပြောကြားနေသောကြောင့် ဤသို့ရှုတ်ချခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသကို အီဂျစ်နှင့်အစ္စရေးတို့က အချိန်ကြာမြင့်စွာပိတ်ဆို့ထားခြင်းကြောင့် အလုပ်လက်မဲ့များပေါများခြင်း၊ ဂါဇာဒေသရှိပြည်သူများမှာ အကူအညီအထောက်အပံ့ကိုသာမှီခိုနေရခြင်းနှင့် ခရီးထွက်ခွာခွင့်မရခြင်းတို့ကို ဖြစ်စေခဲ့သည်။ ဂါဇာဒေသအတွင်း လက်နက်များမတင်သွင်းရန်နှင့် ဟားမတ်စ်စစ်သွေးကြွများ လက်နက်ဖျက်သိမ်းမည်ဟု အာမခံချက်မရမချင်း ပိတ်ဆို့ထားမည်ဟု အစ္စရေးအစိုးရက

ပြောကြားသည်။ အစ္စရေးအစိုးရက ဟားမတ်စ်တို့အသုံးပြုသော ဥမင်လိုဏ်ခေါင်းများကို ဖျက်ဆီးခဲ့ပြီး အစ္စရေးတပ်များကို ဩဂုတ်လဆန်းတွင် ဂါဇာမှပြန်လည်ရုပ်သိမ်းခဲ့သည်။

နိုဝင်ဘာလတွင်မူ ဂါဇာဒေသကို ဖြတ်သန်းသော ကယ်ရယ်မ်ရှာလွန် (Kerem Shalom) နှင့် အီရတ်ဇ် (Erez) နယ်စပ်ဖြတ်လမ်းနှစ်ခုကို ပိတ်လိုက်ကြောင်း အစ္စရေးနိုင်ငံက ကြေညာသည်။ ဂါဇာစစ်ပွဲအပြီးတွင် အစ္စရေးနိုင်ငံဘက်သို့ ဒုံးလက်နက်တစ်ခု ဒုတိယအကြိမ်ကျရောက်ပြီးနောက် ပိတ်ပင်ကြောင်းကြေညာ



ဂါဇာဒေသရှိ ဥမင်လိုဏ်ခေါင်းတစ်နေရာ

ခြင်းဖြစ်သည်ဟု အစ္စရေးနိုင်ငံကပြောကြားသည်။ အစ္စရေးသည် ဂါဇာဒေသကို (၁၉၆၇) ခုနှစ်တွင် သိမ်းပိုက်ခဲ့ပြီး (၂၀၀၅) ခုနှစ်တွင် တပ်ဖွဲ့များနှင့် အခြေချနေထိုင်သူများကို ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။ သို့သော် အစ္စရေးက ဂါဇာဒေသ၏ ကြည်း၊ ရေ၊ လေ ပိုင်နက်အများစုကို ထိန်းချုပ်ထားသည့်အနေအထား မကြာခဏဖြစ်ပေါ်နေချိန်တွင် အီဂျစ်နိုင်ငံကလည်း ဂါဇာဒေသ၏တောင်ပိုင်းနယ်စပ်ဒေသကို ထိန်းချုပ်ထားသည်။

ဒီဇင်ဘာလ (၁၄) ရက်တွင် ဟားမတ်စ်အဖွဲ့တည်ထောင်သည့် (၂၇) နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂါဇာမြို့တွင် စစ်ရေးပြအခမ်းအနားကျင်းပခဲ့ပြီး ဂါဇာဝန်ကြီးချုပ်ဟောင်း အစ်မီးလ်ဟာနစ်တက်ရောက်ခဲ့သည်။ အစ္စရေးနှင့်ဟာမတ်စ်တို့၏ ရက် (၅၀) ကြာ စစ်ပွဲနှင့်ပတ်သက်၍ အစ္စရေးက ဟားမတ်စ်တို့၏ ဒုံးကျည်များကို ရပ်တန့်ရန်လည်းကောင်း၊ ဟားမတ်စ်တို့က အစ္စရေးနှင့် အီဂျစ်တို့၏ဂါဇာဒေသပိတ်ပင်မှုများကို ဖြေလျှော့ပေးစေရန်အတွက်လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်ဟု ပြောကြားကြသော်လည်း ယင်းစစ်ပွဲကြောင့် ပြေလည်မှုတစ်စုံတစ်ရာမရခဲ့ကြပေ။

ရက် (၅၀) ကြာ စစ်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်းရှိ ဟားမတ်စ်တို့၏ အခြေစိုက်စခန်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ အစ္စရေးပိုင်နက်အတွင်း ပါလက်စတိုင်းဘက်မှ ပစ်ခတ်သည့် ဒုံးကျည်တစ်စင်းကျရောက်ခဲ့ပြီးနောက် ဒီဇင်ဘာလ (၂၀) ရက်တွင် အစ္စရေးက တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

**ဂါဇာဒေသပြန်လည်ထူထောင်ရေး** - ရက် (၅၀) ကြာသော ဂါဇာစစ်ပွဲအပြီးတွင် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ဂါဇာဒေသပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာလေးဘီလီယံအကူအညီတောင်းခံခဲ့သည်။ အောက်တိုဘာလ (၁၂) ရက်တွင် အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ ကျင်းပသောအလှူရှင်များအစည်းအဝေးတွင် အမေရိကန်နိုင်ငံက ဒေါ်လာ (၂၁၂) သန်း



အစ္စရေး-ဟားမာ့စ်စစ်ပွဲအပြီး ဂါဇာမြို့မြင်ကွင်း

ကူညီမည်ဟု ကတိပြုခဲ့သည်။ ယင်းအစည်းအဝေးသို့ ပင်လယ်ကွေ့ဒေသနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ ဂါဇာစစ်ပွဲအတွင်း ပါလက်စတိုင်းလူမျိုးတစ်သိန်းခန့်မှာ နေအိမ်များပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံများလည်းပျက်စီးခဲ့သည်။

**အစ္စရေး-ပါလက်စတိုင်းအရေး** - ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့နှင့် ဟားမတ်စ်တို့ကြား ညွန့်ပေါင်း

အစိုးရဖွဲ့ရန် သဘောတူခဲ့သည့်အတွက် ဧပြီလ (၃၀) ရက်တွင်ကျင်းပရန် စီစဉ်ထားသည့် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အစ္စရေးဘက်က ဖျက်သိမ်းခဲ့သည်ဟု အစ္စရေးဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ဧပြီလ (၂၄) ရက်တွင် ပြောကြားသည်။



**ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့နှင့် ဟားမတ်စ် ခေါင်းဆောင်များ**

ပါလက်စတိုင်းဘက်မှ ဆွေးနွေးညှိနှိုင်းရေးခေါင်းဆောင် ဆက်ဘ်အာရာခတ်ကမူ ယင်းအစီအစဉ်မှာ ယခင်ကတည်းက မရှိခဲ့ကြောင်းနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ငြိမ်းချမ်းရေးအစား ရွှေ့ပြောင်းအခြေချရေးကိုသာ ဦးစားပေးခဲ့ကြောင်း ပြောကြားသည်။ အစ္စရေးက ၎င်းတို့၏သိမ်းပိုက်မှုကို နှစ်နှစ်အတွင်းအဆုံးသတ်ရေးအချိန်သတ်မှတ်ထားသော ဆုံးဖြတ်ချက်မူကြမ်းကို ပါလက်စတိုင်းအဖွဲ့က ဒီဇင်ဘာလ (၁၇) ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းရန် ဆုံးဖြတ်ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်း၌ဖော်ပြသည်။ သိမ်းပိုက်ထားသည့် အရှေ့ဂျေရုဆလင်၌ လူနေအိမ်များ တည်ဆောက်ရန်အစီအစဉ်များနှင့်ပတ်သက်၍ အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြင်းထန်စွာ ဝေဖန်ခံရကြောင်း အောက်တိုဘာလ (၃၀) ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ ယင်းသို့ အခြေချနေထိုင်ခြင်းသည် ပါလက်စတိုင်းနှင့် ကာလရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အစ္စရေးနိုင်ငံ၏အစီအစဉ်များအပေါ် သံသယကြီးမားလာစေကြောင်း ကုလသမဂ္ဂနိုင်ငံရေးအကြီးအကဲ ဂျက်ဖရေဖက်မန်းက ပြောကြားသည်။ အစ္စရေးဝန်ကြီးချုပ်က အဆောက်အအုံ (၁၀၀၀) ဆောက်လုပ်ရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် အမိန့်ပေးပြီးနောက် အဆိုပါကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဂျူးအခြေချနေထိုင်ခြင်းနှင့် ဂျေရုဆလင်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ရန်မီးပွားဖွယ်ရာအဖြစ်ဆုံးပြဿနာဖြစ်ပြီး နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဖက်မန်းက ပြောကြားသည်။ အစ္စရေး၏မဟာမိတ်အမေရိကန်ပြည်ထောင်စုက အစ္စရေး၏အပြုအမူသည် ရန်စမှုဖြစ်ပြီး စိုးရိမ်ပူပန်မိကြောင်း ပြောကြားသည်။

အနောက်ဘက်ကမ်းခြေဒေသချီတက်ဆန္ဒပြပွဲတွင် အစ္စရေးတပ်ဖွဲ့များ၏ ကြမ်းတမ်းစွာကိုင်တွယ်မှုကြောင့် အစ္စရေးတို့၏ အိုးအိမ်ဆောက်လုပ်မှုနှင့်ဆိုင်သော ပါလက်စတိုင်းအစိုးရ၏ တာဝန်ခံပုဂ္ဂိုလ်ဇီအတ်အဘူအင်သည် ဒီဇင်ဘာလ (၁၀) ရက်တွင် သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ယင်းဆန္ဒပြမှုကို အစ္စရေးနယ်ခြားစောင့်စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင် (၃၀) ဦးခန့်က မျက်ရည်ယိုဗုံးများ၊ အသံသာမြည်သောလက်ပစ်ဗုံးများဖြင့် ဖြိုခွဲခဲ့သည်။ ပါလက်စတိုင်းအရာရှိသေဆုံးမှုနှင့်ပတ်သက်၍ ပါလက်စတိုင်းခေါင်းဆောင်ပိုင်းက တုံ့ပြန်သွားမည်ဟု သမ္မတမာမွတ်အဘတ်စ်က ပြောကြားခဲ့ပြီး ကြန့်ကြာမှုမရှိဘဲ ပွင့်လင်းမြင်သာစွာစစ်ဆေးရန် အီးယူနိုင်ငံခြားရေးအကြီးအကဲမစ္စစ်မီဒီရီကာမိုဂါရီနီနှင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရောဘတ်ဆာရီက အစ္စရေးအစိုးရကို တိုက်တွန်းခဲ့သည်။

အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းနယ်မြေများသိမ်းပိုက်ထားမှုကို သုံးနှစ်အတွင်းအဆုံးသတ်ရန် တောင်းဆိုထားသောဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာလ (၃၁) ရက်တွင် ပယ်ချခဲ့သည်။ အဆိုပါအဆိုပြုချက်ကို ဂျော်ဒန်နိုင်ငံက အာရပ် (၂၂) နိုင်ငံနှင့်လည်းကောင်း၊ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့်လည်းကောင်း သဘောတူညီမှုရရှိပြီးနောက် ဒီဇင်ဘာလ (၁၇) ရက်တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို အတည်ပြုနိုင်

ရန်အတွက် အနည်းဆုံးအဖွဲ့ဝင်ကိုးနိုင်ငံ၏ ထောက်ခံမှု လိုအပ်သည်။ ယင်းဆုံးဖြတ်ချက်ကို ရုရှား၊ တရုတ်၊ ပြင်သစ်၊ အာဂျင်တီးနား၊ ချက်၊ ချာလီ၊ ဂျော်ဒန်၊ လူဇင်ဘတ်တို့က ထောက်ခံမဲပေးခဲ့ပြီး အမေရိကန် နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့က ကန့်ကွက်မဲပေးကာ ဗြိတိန်၊ လစ်သူယေးနီးယား၊ တောင်ကိုရီးယားနှင့် ရဝမ်ဒါနိုင်ငံတို့က မဲမပေးဘဲနေခဲ့ကြသည်။ ယင်းအဆို ပြုချက်တွင် (၂၀၁၇) ခုနှစ်နှစ်ကုန်၌ သိမ်းပိုက်ခံပါလက် စတိုင်းနယ်မြေများမှ အစ္စရေးတို့ လုံးဝဆုတ်ခွာပေးရေး နှင့် တစ်နှစ်အတွင်း ပြီးပြည့်စုံသော ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရေးတို့ကို တောင်းဆိုထားသည်။ ထို့ပြင် (၁၉၆၇) ခုနှစ်စစ်ပွဲတွင် အစ္စရေးနိုင်ငံက ဂါဇာ ကမ်းမြောင်ဒေသ၊ အရှေ့ဂျေရုဆလင်နှင့် အနောက် ဘက်ကမ်းတို့ကို မသိမ်းပိုက်မီကရှိနှင့်ပြီးဖြစ်သည့် နယ်နိမိတ်ကိုအခြေခံ၍ နိုင်ငံထူထောင်ရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကျင်းပရန်လည်းပါရှိသည်။

## အစ္စရေးနိုင်ငံ

**နိုင်ငံရေး** - နိုဘယ်ငြိမ်းချမ်းရေးဆုရှင် အစ္စရေး သမ္မတရှီမွန်ပဲရက်စ်၏နေရာကိုဆက်ခံရန်အတွက် ဇွန်လ (၁၀) ရက်တွင် အစ္စရေးလွှတ်တော် အဆောက် အအုံ၌ ကျင်းပသော ဒုတိယကျော့ရွေးကောက်ပွဲတွင် လွှတ်တော်အကြီးအကဲဟောင်း ရူဗင်ရီဗလင်က အနိုင်ရရှိပြီး အစ္စရေးနိုင်ငံ၏ (၁၀) ယောက်မြောက် သမ္မတဖြစ်လာသည်။ လွှတ်တော်အမတ် (၁၂၀) က လျှို့ဝှက်မဲပေးရွေးချယ်ခဲ့ရာ ရီဗလင်က (၄၄) မဲ၊ မိုင်ယာရှီထရစ်က (၃၁) မဲရရှိခဲ့သည်။ အစ္စရေး သမ္မတရွေးကောက်ပွဲအစဉ်အလာအရ သမ္မတဖြစ်ရန် အတွက် မဲ (၆၀) ကျော်ရရှိရန်လိုအပ်သဖြင့် ဒုတိယ အကျော့ရွေးကောက်ပွဲကို ညနေပိုင်းတွင် ကျင်းပခဲ့ရာ ရီဗလင်က (၆၃) မဲ၊ ရှီထရစ်က (၅၃) မဲရရှိခဲ့သည်။ ရူဗင်ရီဗလင်သည်အာဏာရလီကွတ်ပါတီကိုယ်စားလှယ် ဖြစ်ပြီး အသက် (၇၄) နှစ်အရွယ်ရှိသည်။ ၎င်းသည် ပါလက်စတိုင်းနိုင်ငံပေါ်ထွက်လာရေးကို ခါးသီးစွာ ဆန့်ကျင်သူတစ်ဦးဖြစ်သည်။ ရွေးကောက်ပွဲတွင်အနိုင် ရရှိပြီးနောက် ရီဗလင်က မျှတသောနိုင်ငံခြားရေးမူဝါဒ ကိုနှစ်သက်ပြီး ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းမည် ဖြစ်သော်လည်း စစ်ပွဲများ ဖြစ်ပေါ်လာပါက ရင်ဆိုင်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

(၂၀၀၆) ခုနှစ်၊ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာ စစ်ပွဲ ကာလအတွင်း ရေနံယိုဖိတ်မှုအတွက် အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို ဒေါ်လာသန်း (၈၅၀) ပေးရန် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သည်။ ယင်းဆုံးဖြတ်ချက်သည် တစ်ဖက်သတ်ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာအစ္စရေးနိုင်ငံသံအဖွဲ့က ပြောကြားသည်။ လက်ဘနွန်စစ်ပွဲအတွင်း အစ္စရေး တိုက်လေယာဉ်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကို ဗုံးကြဲခဲ့ရာ ရေနံတန်ချိန် (၁၅,၀၀၀) ခန့် အရှေ့ပိုင်းမြေထဲပင်လယ်အထိရောက်ရှိခဲ့ပြီး ကမ်းခြေ တစ်လျှောက် (၇၅) မိုင်မျှပျံ့နှံ့ခဲ့သည်။

**စစ်ရေး** - အစ္စရေးနိုင်ငံ၏သံမဏိလိပ်ခုံးဟု အမည် ပေးထားသော ဒုံးလက်နက်ကာကွယ်ရေးစနစ်အတွက် ရန်ပုံငွေဒေါ်လာ (၂၂၅) သန်း ထောက်ပံ့ပေးရန် အမေ ရိကန်ကွန်ဂရက်က ထောက်ခံမဲ (၃၉၅) မဲ၊ ကန့်ကွက် မဲရှစ်မဲဖြင့် ဩဂုတ်လ (၁) ရက်တွင် အတည်ပြုခဲ့သည်။ ယင်းရန်ပုံငွေဖြင့် အစ္စရေးနိုင်ငံ၏ ဒုံးလက်နက် ကာကွယ်ရေးစနစ်အတွက် ကြားဖြတ်ဟန့်တားရေး ဒုံးလက်နက်များကို တပ်ဆင်ပေးနိုင်မည်ဖြစ်သည်။

**မျက်မှောက်ရေးရာ** - ဂျေရုဆလင်မြို့အရှေ့ဘက် ခြမ်းတွင် နေအိမ်များတည်ဆောက်ခွင့်ပြုခြင်းသည် ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထိခိုက်စေမည့်လုပ်ရပ်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက ပြစ်တင်ဝေဖန် ကြောင်း ဧပြီလ (၉) ရက်တွင် အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို နောက်ဆုံး သတ်မှတ်ရက်ဖြစ်သည့် ဧပြီလ (၂၉) ရက်ကို ကျော်လွန်ပြီး ဆက်လက်ပြုလုပ်သွားနိုင်ရေးအတွက် အမေရိကန်အစိုးရက နည်းလမ်းမျိုးစုံဖြင့် ကြိုးစား နေချိန်တွင် အစ္စရေးအစိုးရက အိမ်ရာများတိုးချဲ့မည့်

အစီအစဉ်ကို (၂၀၁၇) ခုနှစ်၊ မတ်လတွင် ကြေညာခဲ့သည်။ အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ သဘောထားတင်းမာမှုများကို အမေရိကန်အစိုးရက ဝေဖန်ခဲ့ပြီး အိမ်ရာတိုးချဲ့မည့်အစီအစဉ်များကြောင့် ပါလက်စတိုင်း အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးကို ထိခိုက်စေမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

အီရန်နိုင်ငံ၏ပါချင်ချူကလီးယားစက်ရုံဝင်း အတွင်း အောက်တိုဘာလ (၅) ရက်တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အီရန်အစိုးရသည် ပြည်ပနိုင်ငံတစ်နိုင်ငံလက်ချက်ဟု စွပ်စွဲကာ အစ္စရေး-လက်ဘနွန်နယ်စပ်တွင် ကင်းလှည့်နေသော အစ္စရေးစစ်သားများကို တိုက်ခိုက်ရန် ၎င်းတို့၏ဟစ်ဇ်ဘိုလာအဖွဲ့အား အမိန့်ပေးခဲ့ကြောင်း ကူဝိတ်သတင်းစာ အယ်ရိုင်းတွင် ဖော်ပြသည်။ အမိန့်ရရှိပြီးနောက် ဟစ်ဇ်ဘိုလာတို့က နယ်စပ်တစ်လျှောက်တွင် ဗုံးနှစ်လုံးဖောက်ခွဲခဲ့သည်။

ဂျူးဘာသာရေးနေ့တွင် ဂျူးဘာသာဝင်များ ဝတ်ပြုနိုင်ရန် အစ္စရေးအထူးတပ်ဖွဲ့များက အသိမ်းပိုက်ခံ အရှေ့ဂျေရုဆလင်မြို့ရှိ အယ်လ်အက္ဂာဆာဗလီတွင်းသို့ ဝင်ရောက်ရှင်းလင်းပေးခြင်းကို ကျူးကျော်ဝင်ရောက်မှုတစ်ရပ်ဖြစ်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာလ (၈) ရက်တွင် ပြောကြားကြောင်း အဘူဒါဘီမြို့တော်သတင်းစာများတွင် ဖော်ပြသည်။

ဂျော်ဒန်နှင့်တူရကီတို့တွင် လေ့ကျင့်ပေးထားသော ဟားမတ်စ်စစ်သွေးကြွအယောက် (၃၀) ကျော်ကို လက်နက်များနှင့်အတူဖမ်းဆီးခဲ့ကြောင်း အစ္စရေးထောက်လှမ်းရေးအဖွဲ့ Shin Bet က နိုဝင်ဘာလ (၂၆) ရက်တွင် ပြောကြားသည်။ ယင်း စစ်သွေးကြွကွန်ရက်သည် ဂျေရုဆလင်မြို့ကို တိုက်ခိုက်ရန် ရည်ရွယ်ခဲ့ကြောင်း ထောက်လှမ်းရေးအဖွဲ့ကပြောကြားသည်။

## ယီမင်နိုင်ငံ

**မျက်မှောက်ရေးရာ** - ဖေဖော်ဝါရီလတွင် အာမရန်ဒေသတစ်ဝိုက်၌ သူပုန်များတိုက်ခိုက်သဖြင့် လူ (၁၅၀) ခန့်သေဆုံးခဲ့သည်။ ထို့ပြင်အာမရန်မြို့အကျဉ်းထောင်ကိုလည်း သူပုန်များကတိုက်ခိုက်ခဲ့ရာ အကျဉ်းသားများ လွတ်မြောက်ခဲ့သည်။ လွတ်မြောက်သူများအနက် (၁၀) ဦးမှာ ရာဇဝတ်မှုကြီးများဖြင့် ထောင်ဒဏ်ကျခံနေရသော ဟူသီသူပုန်အဖွဲ့ဝင်များဖြစ်ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ ထောင်ဖောက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဆွန်နီအစ္စလာမ္မစ်အီစလာပါတီဦးဆောင်သည့် ယီမင်အစိုးရအဖွဲ့တပ်များက အာမရန်မြို့အနီးတိုက်ပွဲများမှ ဖမ်းဆီးခဲ့သော သူပုန်သုံ့ပန်းများကို ကွပ်မျက်ရန် စီစဉ်ခဲ့သောကြောင့် ယခုကဲ့သို့ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယီမင်အခြေစိုက်သတင်းများက ဖော်ပြသည်။ ယီမင်နိုင်ငံတွင် (၂၀၀၂) ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုက အယ်လ်ခိုင်ဒါများကို ပစ်မှတ်ထားကာ မောင်းသူမဲ့လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် သမ္မတအဘဒူရာဘူမန်ဆေးဟာဒီအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်နှိမ်နင်းမှုများကို ပံ့ပိုးကူညီရန် အမေရိကန်အစိုးရက မတ်လတွင် တိုက်တွန်းခဲ့သည်။ ယီမင်နိုင်ငံမြောက်ပိုင်းတွင် ဇွန်လ (၂၀) ရက်၌ ရှီယိုက်များဖြစ်သော ဟူသီသူပုန်များနှင့် အစိုးရတပ်များတိုက်ပွဲဖြစ်ပွားရာ တစ်ရက်အတွင်းတွင် ဟူသီသူပုန် (၁၀၀)ဦး ခန့်သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင် (၂၀) ဦးသေဆုံးသည်။ ယင်းနေ့ညနေပိုင်းတွင် နှစ်ဘက်သဘောတူညီမှုဖြင့် တိုက်ပွဲပြီးဆုံးခဲ့သည်။ ဟူသီသူပုန်များသည် ယီမင်နိုင်ငံမြောက်ပိုင်းတွင် (၁၀) နှစ်ကျော်နီးပါး လှုပ်ရှားနေခဲ့ကြပြီး မြောက်ပိုင်းဒေသကို အုပ်စိုးနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

စက်တင်ဘာလတွင် ဆာနာမြို့တော်ကို စီးနင်းခဲ့သော ရှီယိုက်သူပုန်များကို ထောက်ခံသူများ စုဝေးခဲ့သည့် Al-Tahrir ရင်ပြင်ကို ပစ်မှတ်ထား၍ အောက်တိုဘာလဆန်းတွင် စစ်သွေးကြွများအသေခံဗုံးခွဲတိုက်ခိုက်ခဲ့သောကြောင့် လူ (၄၃) ဦး သေဆုံးခဲ့သည်။

ဒီဇင်ဘာလ (၁၇) ရက်တွင် ရာဒါမြို့၌ ကျောင်းကားတစ်စီးကို တာလီဘန်အဖွဲ့ကဗုံးခွဲခဲ့ရာ ကလေးငယ် (၂၅) ဦးသေဆုံးသည်။ ရှီယိုက်ဟူသစ်အဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်။ အောက်တိုဘာလ

အတွင်းမှစတင်ကာ အယ်လ်ခိုင်ဒါများ ရာဒါမြို့သို့ ဝင်ရောက်ချိန်မှစ၍ ဟူသီနှင့် အယ်လ်ခိုင်ဒါများ တိုက်ပွဲဖြစ်ပွားခဲ့သည်။ နိုဝင်ဘာလ (၁၂) ရက်တွင်လည်း ရာဒါမြို့၌ပင် အသေခံဗုံးခွဲခဲ့ရာ လူများစွာသေဆုံးခဲ့သည်။

မြို့တော်ဆာနာကို ထိန်းချုပ်ထားသော ယီမင်နိုင်ငံ၏ရှီယိုက်ဟူသီသူပုန်များသည် ယီမင်နိုင်ငံတောင်ပိုင်းရှိသတင်းစာတိုက်ကို ဝင်ရောက်စီးနင်း၍ ဟိုဒါဆိပ်ကမ်းကိုလည်းပိတ်သိမ်းခဲ့သည်။ ရှီယိုက်သူပုန်များသည် ဖြုတ်ချခံရသည့်သမ္မတအလီအဗ္ဗဒူလာဆာလက်ချ်၏ ထောက်ခံမှုကို ရရှိထားပြီး ပိုင်နက်ချဲ့ထွင်မှုနှင့်အတူ ယီမင်နိုင်ငံကို မတည်မငြိမ်ဖြစ်စေခဲ့သည်။ ယီမင်နိုင်ငံသည် ဟူသီသူပုန်များအပြင် အင်အားကောင်းသည့်အယ်လ်ခိုင်ဒါအဖွဲ့များနှင့်လည်း ရင်ဆိုင်ရနေရပြီး နိုင်ငံတော်ပိုင်းတွင်လည်း ခွဲထွက်ရေးလှုပ်ရှားမှုများနှင့် ရင်ဆိုင်နေရသည်။

စက်တင်ဘာလတွင် မြို့တော်ဆာရာကို ဟူသစ်တပ်များကသိမ်းယူပြီးနောက် တင်းမာမှုများတိုးလာခဲ့သည်။ (၂၀၁၁) ခုနှစ် အာရပ်နွေဦးတော်လှန်ရေးအစတွင် ကာလကြာရှည်အုပ်ချုပ်ခဲ့သော သမ္မတအလီအဗ္ဗဒူလာဆာလက်ကို ရာထူးမှဆင်းပေးရန် ဆန္ဒပြမှုအပြီးမှစ၍ နိုင်ငံရေးမတည်ငြိမ်ခဲ့ပေ။

## လက်ဘနွန်နိုင်ငံ

**မျက်မှောက်ရေးရာ** - မတ်လ (၈) ရက်တွင် အိမ်တွင်းအကြမ်းဖက်မှုဆန့်ကျင်ရေးဥပဒေပေါ်ပေါက်ရန်အတွက် ဘေရွတ်တွင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ အရှေ့အလယ်ပိုင်းနိုင်ငံများ၌ လက်ဘနွန်နိုင်ငံသည် အစွန်းမရောက်သောနိုင်ငံများတွင် ပါဝင်သော်လည်း အမျိုးသမီးများအကြမ်းဖက်ခံရမှုကိုကာကွယ်မည့် ဥပဒေမရှိသေးပေ။ ဘာသာရေးခေါင်းဆောင်များက အပြင်းအထန်ကန့်ကွက်နေသည့်အတွက် ယင်းဥပဒေကြမ်းအသက်မဝင်သေးခြင်းဖြစ်သည်။ ပျမ်းမျှအားဖြင့် ခင်ပွန်းဖြစ်သူ၏ အကြမ်းဖက်မှုကြောင့် လစဉ်အမျိုးသမီးတစ်ဦးသေဆုံးလျက်ရှိကြောင်း ဥပဒေကြမ်းပေါ်ပေါက်ရေးလှုပ်ရှားသူများကဆိုသည်။

ဩဂုတ်လ (၂) ရက်တွင် ဆီးရီးယားသူပုန်များသည်နယ်စပ်မြို့အာဆယ်လ်ကို ဝင်ရောက်စီးနင်းသည်။ ဆီးရီးယားသူပုန်အုပ်စု တစ်ခုဖြစ်သော နူဆာရာတပ်ဦး၏ အဖွဲ့ဝင်တစ်ဦးကို လက်ဘနွန်တပ်ဖွဲ့က ဖမ်းဆီးပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။ ဆီရီးယားပြည်တွင်းစစ်ကြောင့် လူဦးရေငါးသန်းသာရှိသော လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည်တစ်သန်းခန့်နေထိုင်လျက်ရှိကြောင်း အေပီသတင်း၌ဖော်ပြသည်။

အစ္စလာမ့်စ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) ၏ ခေါင်းဆောင်အဘူဘောဂါအယ်လ်ဘက်ဒက်ဒီ၏ ဇနီးနှင့်သားတို့ကို ဆီးရီးယားနယ်စပ်ဖြတ်ကျော်စခန်း၌ နိုင်ငံခြားထောက်လှမ်းရေးအေဂျင်စီများနှင့် ပူးပေါင်း၍ လက်ဘနွန်နိုင်ငံက ဖမ်းဆီးခဲ့ကြောင်း အင်န်ဘီစီသတင်းဌာန၏ ဖော်ပြချက်ကို လက်ဘနွန်ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာလ (၂) ရက်တွင် အတည်ပြုခဲ့သည်။ မှတ်ပုံတင်ကတ်အတု ကိုင်ဆောင်ထားသော ယင်းတို့နှစ်ဦးကို လက်ဘနွန်စစ်တပ်က ထိန်းသိမ်းထားပြီး ကာကွယ်ရေးဝန်ကြီးဌာနက စစ်ဆေးမေးမြန်းလျက်ရှိကြောင်း အစိုးရအရာရှိများကပြောကြားသည်။

## ပါလက်စတိုင်း

**နိုင်ငံရေး** - ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PLO) ကိုယ်စားလှယ်များသည် ဧပြီလ (၂၃) ရက်တွင် ဂါဇာဒေသ၌ ဟားမတ်စ်အဖွဲ့နှင့် စည်းလုံးညီညွတ်ရေးဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ (၂၀၀၇) ခုနှစ်တွင် ဂါဇာဒေသ၌ ဟားမတ်စ်စစ်သွေးကြွအဖွဲ့ မဲအများဆုံးရရှိပြီး ရွေးချယ်ခံရပြီးနောက်ပိုင်း PLO အဖွဲ့နှင့် သဘောထား ကွဲလွဲခဲ့သည်။ နိုင်ငံရေးအကျပ်အတည်းကို ဆွေးနွေးပွဲများမှတစ်ဆင့် အဖြေရှာနိုင်မည်ဖြစ်ပြီး အနောက်ဘက်ကမ်းနှင့်ဂါဇာဒေသတွင် ပါလက်စတိုင်းအုပ်ချုပ်ရေးခုနစ်နှစ်ကြာကွဲနေမှုကို အဆုံးသတ်နိုင်မည်ဟု ပါလက်စတိုင်းတို့က မျှော်လင့်ကြသည်။ (၂၀၁၁) ခုနှစ်ကတည်းက အီဂျစ်နိုင်ငံမှ ကြားဝင်စေ့စပ်ပေးခဲ့သော်လည်း အာဏာခွဲဝေပေးရေး၊ အစ္စရေးနှင့်ပဋိပက္ခ

ကိုင်တွယ်ရေးများအပေါ် အငြင်းပွားမှုများကြောင့် ဟားမတ်စ်အဖွဲ့နှင့် ပါလက်စတိုင်းလွတ်မြောက်ရေး အဖွဲ့တို့၏ ဆွေးနွေးပွဲများ ပျက်ပြယ်ခဲ့ရသည်။ ဟားမတ်စ်အဖွဲ့နှင့် အပေးအယူပြုလုပ်ရေးကြိုးပမ်းမှု သည် အစ္စရေးနှင့်ဆွေးနွေးရာတွင် မာမွတ်အဘက်စ်၏ အနေအထားကိုအားကောင်းအောင် လုပ်ဆောင်မှု တစ်ရပ်ဖြစ်သည်ဆိုသော စွပ်စွဲချက်များကို ပါလက် စတိုင်းလွတ်မြောက်ရေးအဖွဲ့က ငြင်းဆန်ခဲ့သည်။ ဟားမတ်စ်အဖွဲ့သည် ဂါဇာဒေသကို ထိန်းချုပ်ထားဆဲ ဖြစ်ပြီး အနောက်ဘက်ကမ်းဒေသကို ပါလက်စတိုင်း သမ္မတ၏ဖာတာပါတီက ထိန်းချုပ်ထားသည်။

ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ခြင်းကို ဥရောပနိုင်ငံများက ထောက်ခံအားပေးမှုတိုးတက်ဖြစ် ပေါ်နေချိန်တွင် ပြင်သစ်အမျိုးသားလွှတ်တော်၌လည်း ယင်းနိုင်ငံထူထောင်မှုကို ပြင်သစ်အစိုးရအဖွဲ့က အသိအမှတ်ပြုလာစေရန်ဖိအားပေးသင့်၊ မသင့် ဆွေးနွေးခဲ့ကြကြောင်း နိုဝင်ဘာလ (၂၉) ရက်တွင် သတင်းထုတ်ပြန်သည်။

**ဆီးရီးယား**

ဆီးရီးယားအစိုးရသည် အိုင်အက်စ်တို့ ထိန်းချုပ် ထားသော အလက်ပိုမြို့အနီးရှိ အယ်လ်ဘတ်နှင့် ကွာဘက်ဆန်ဒေသများတွင် ဒီဇင်ဘာလ (၂၅) ရက်၌ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လူ (၄၀) ခန့် သေဆုံးခဲ့သည်။ အိုင်အက်စ်အဖွဲ့ကို အမေရိကန် နှင့်မဟာမိတ်နိုင်ငံများက စုပေါင်း၍ လေကြောင်းစီးနင်း မှုများပြုလုပ်ခဲ့သည့်စက်တင်ဘာလနောက်ပိုင်းတွင် ဆီးရီးယားအစိုးရက လေကြောင်းတိုက်ခိုက်မှုကို ပိုမို ပြုလုပ်ခဲ့သည်။ ဆီးရီးယားနိုင်ငံတွင် (၂၀၁၁) ခုနှစ် အတွင်း သမ္မတကို ဆန့်ကျင်မှုများဖြစ်ပွားချိန်မှစ၍ ဆီးရီးယားပြည်သူ နှစ်သိန်းသေဆုံးခဲ့သည်။ ၎င်းအပြင် ပြည်သူ (၃ဒသမ၂) သန်းခန့်သည် နိုင်ငံကို စွန့်ခွာကြ ရပြီး (၇ ဒသမ ၆) သန်းသည် ပြည်တွင်း၌ လှည့်လည် နေထိုင်ကြရသည်။

ဆီးရီးယားနိုင်ငံရှိ ယဉ်ကျေးမှုနယ်မြေဒေသ အနည်းဆုံး (၂၉၀) သည် ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီတစ်ခုက ဒီဇင်ဘာလ (၂၃) ရက်တွင် ထုတ်ပြန်သည်။ ဆီးရီးယားနိုင်ငံသည် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများ စွာက မြေထဲပင်လယ်ကမ်းခြေအနီး ကရာဒီချီဗာလီ ယာဟုလူသိများသည့် ခရူးဆာဒါရဲတိုက်ရှိသော ပါလ်မိုင်ရာသဲကန္တာရတွင် ရောမခေတ်မှ အပျက်အစီး များကို ရှေးဟောင်းသုတေသနပြုလေ့လာရာ ယဉ်ကျေးမှုနယ်မြေများစွာရှိသည့်နိုင်ငံဖြစ်သည်။ မြို့တော်ဒမတ်စကတ်သည် ရွှေ့ပြောင်းအခြေချ နေထိုင်မှုကြောင့် မြို့ပြဖြစ်လာသည့်မြို့များအနက် ရှေးအကျဆုံးဖြစ်သည်။ ကုလသမဂ္ဂလေ့ကျင့်ရေး နှင့်သုတေသနအဖွဲ့က ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ ယဉ်ကျေးမှုနယ်မြေ (၁၈) ခုကို လေ့လာလျက် ရှိကြောင်းနှင့် ယဉ်ကျေးမှုနယ်မြေ (၂၄) ခုမှာ ပျက်စီး ခဲ့ကြောင်းထုတ်ပြန်သည်။ ယင်းအဖွဲ့က ထုတ်ပြန် သည့်အစီရင်ခံစာတွင် ဆီးရီးယားတွင် ပျက်စီးမှုကြီးမား သည့်နယ်မြေ (၁၀၄) ခု၊ အတော်အတန်ပျက်စီးသည့် နယ်မြေ (၈၅) ခုနှင့် နယ်မြေ (၇၇) ခုမှာ ပျက်စီးနိုင်ခြေ ရှိကြောင်းပါရှိသည်။

**အာဖဂန်နစ္စတန်နိုင်ငံ။** ။ **နိုင်ငံရေး** - အာဖဂန်နစ္စတန်နိုင်ငံတွင် (၂၀၁၄) ခုနှစ်၊ ဧပြီလ (၅) ရက်၌သမ္မတရွေးကောက်ပွဲကျင်းပခဲ့သည်။ မဲပေး ပိုင်ခွင့်ရှိသူအရေအတွက်မှာ (၁၃ ဒသမ ၅) သန်း ခန့်ရှိပြီး (၅၀) ရာခိုင်နှုန်းကျော်မဲပေးခဲ့သောကြောင့် (၂၀၀၉) ခုနှစ် ရွေးကောက်ပွဲနှင့် ယှဉ်လျှင်သိသာစွာ တိုးတက်ခဲ့သည်။ ယင်းရွေးကောက်ပွဲ၏ရလဒ်ကို ပြိုင်ဘက်နှစ်ဦးဖြစ်သည့်ဒေါက်တာအာရှ်ရက်ဖ်ဂါနီ အာမက်ဇိုင်းနှင့် အဗ္ဗဒူလာတို့က လက်မခံခဲ့သော ကြောင့် လအတန်ကြာနိုင်ငံရေး မငြိမ်မသက်ဖြစ်ခဲ့ သည်။ အာဖဂန်ခေါင်းဆောင်များ ကြားစိတ်ဝမ်းကွဲစရာ ဖြစ်လာပြီး တည်ငြိမ်မှုပျက်ပြား ဖွယ်ဖြစ်လာသောကြောင့် ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံက ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် ဖိအားပေးခဲ့သည်။ ညီညွတ်သောအစိုးရ ဖွဲ့စည်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက

အဆိုပြုခဲ့ပြီးနောက် မဲရှစ်သန်းကို ပြန်လည်ရေတွက်ကာ အငြင်းပွားဖွယ်ရွေးကောက်ပွဲကို စက်တင်ဘာလ (၂၂) ရက်တွင် အဆုံးသတ်ခဲ့သည်။ ဒေါက်တာအာရှ်ရက်ဖ်ဂါနီအာမက်ဇိုင်းကို အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ပြီး အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူလက်မှတ်ကို ၎င်းက ရေးထိုးခဲ့သည်။



**သမ္မတ အာရှ်ရက်ဖ်ဂါနီနှင့် အဗ္ဗဒူလာ**

အာဖဂန်နစ္စတန်နိုင်ငံရေးအပြောင်းအလဲတွင် အရေးကြီးသည်မှာ အာဏာခွဲဝေရေးကိစ္စဖြစ်သည်။ ကမ္ဘာ့ဘဏ်တွင် ဘဏ္ဍာရေးပညာရှင်ဟောင်းအဖြစ် တာဝန်ယူခဲ့သူအာရှ်ရက်ဖ်ဂါနီသည် အာဖဂန်နိုင်ငံရေးတွင် တိုင်းရင်းသားအရေးသည် အဓိကကျကြောင်း နားလည်ခဲ့သည်။ ၎င်းအနိုင်ရခဲ့လျှင်လည်း မစ္စတာအဗ္ဗဒူလာကို အစိုးရအဖွဲ့တွင်ပါဝင်လာအောင် စည်းရုံးမည်ဟု ယုံကြည်သူများကို ပြောကြားခဲ့သည်။ ၎င်းတို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားပြဿနာကို အခြားအရေးများထက် ဦးစားပေးစဉ်းစားခဲ့သည်။ ယင်းအပြောင်းအလဲအတွက် အာဖဂန်အခြေခံဥပဒေကို ပြန်လည်ညှိနှိုင်းခဲ့ရသည်။ ယင်းအစီအစဉ်အရ ပြိုင်ဘက်နှစ်ဦးလုံးတွင်အာဏာရှိသည်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့တွင် အာရှ်ရက်ဖ်ဂါနီက သမ္မတအဖြစ်တာဝန်ယူပြီး လက်တွေ့လုပ်ပိုင်ခွင့်အရ ဝန်ကြီးချုပ်ရာထူးနှင့် တူညီသော စီအီးအိုတာဝန်ကို အဗ္ဗဒူလာက ထမ်းဆောင်မည်ဖြစ်သည်။ အစိုးရမူဝါဒများကို ဝန်ကြီးအဖွဲ့တွင် စီအီးအိုက တာဝန်ခံရသည်။ စီအီးအိုသည်ဖြစ်ထွန်းတိုးတက်မှုမှန်သမျှကို သမ္မတနှင့်ဝန်ကြီးအဖွဲ့အား တိုက်ရိုက်အစီရင်ခံရန်တာဝန်ရှိသည်။ နှစ်ဖက်အကြားတွင် ပူးပေါင်းဆောင်ရွက်ကာ ရဲဘော်ရဲဘက်စိတ်ဖြင့် လုပ်ဆောင်ရမည်ဟု သဘောတူခဲ့ကြသည်။ လက်ရှိအခြေအနေအရ ယင်းအဖြေသည် နိုင်ငံအတွက် အကောင်းဆုံးအဖြေဖြစ်သည်ကို အာဖဂန်နိုင်ငံရေးလေ့လာသူများက သိရှိကြသော်လည်း တာလီဘန်တို့ကမူ အမေရိကန်က ပုံဖော်ထားသော အတုအယောင်ဟုရှုတ်ချကြသည်။

**စစ်ရေး** - လုံခြုံရေးခြိမ်းခြောက်မှုများ ဖြစ်လာနိုင်သောကြောင့် ဗြိတိန်နှင့်နေတိုးတပ်ဖွဲ့များက သတိပေးနေသော်လည်း သမ္မတဟာမစ်ကာဇိုင်း၏ အာဖဂန်အစိုးရက အကျဉ်းသား (၇၇) ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း မတ်လ (၂၁) ရက်နေ့သတင်းများတွင် ဖော်ပြသည်။ နိုင်ငံခြားစစ်တပ်များက ဖမ်းဆီးပေးခဲ့သော ယင်းအကျဉ်းသားများသည် ပြစ်မှုမထင်ရှားဘဲ ထိန်းသိမ်းခံနေရသည်ဟု အာဖဂန်အစိုးရက ယူဆသောကြောင့် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလအတွင်းကလည်း ထိုသို့ပြန်လွှတ်ခဲ့သောကြောင့် အမေရိကန်နှင့်အာဖဂန်အစိုးရတို့ကြား တင်းမာမှုဖြစ်ပွားခဲ့သည်။ ယခုအာဖဂန်အစိုးရ၏ အကျဉ်းသားပြန်လွှတ်ပေးမှုကို သဘောမတူကြောင်း၊ ယင်း (၇၇)ဦးအနက် (၃၉) ဦးမှာ ဗြိတိန်တပ်ဖွဲ့ဝင်များ၏ အသက်များစတေးပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်သံရုံးက ပြောကြားသည်။

သမ္မတသစ် ဒေါက်တာ အာရှ်ရက်ဖ်ဂါနီက အာဖဂန်နစ္စတန်နိုင်ငံတွင် (၂၀၁၄) ခုနှစ် ကုန်ဆုံးသည်အထိ အမေရိကန်တပ်ဖွဲ့များကို ဆက်လက်ထားရှိရန် သဘောတူခဲ့သည်။ ယင်းသဘော တူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင် (၉၈၀၀) နှင့် ဂျာမနီနှင့် အီတလီတပ်သားများ အပါအဝင် နိုင်ငံခြားတပ်သား (၁၂၅၀၀) ရှိမည်ဖြစ်ပြီး ဒေသခံ လုံခြုံရေးတပ်ဖွဲ့များကို ကူညီသွားမည်ဖြစ်သည်။ ယင်းကို တာလီဘန်တို့က

အပြစ်တင်ခဲ့ပြီး နိုင်ငံတွင်းမှ နိုင်ငံခြားတပ်ဖွဲ့များ မထွက်မချင်း တိုက်ခိုက်မည်ဟု ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် နောက်ဆုံးကျန်ရှိနေသည့် ဗြိတိသျှစစ်အခြေစိုက်စခန်းနှင့် အမေရိကန်စစ်စခန်းလီတာနက်တို့ကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ပြောင်းလဲပေးလိုက်ပြီဖြစ်ရာ ယင်းနိုင်ငံအတွင်း ဗြိတိသျှတပ်ဖွဲ့၏ စစ်ဆင်ရေးများမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း အောက်တိုဘာလ (၂၆) ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ လီတာနက်စစ်စခန်းကို လွှဲပြောင်းပေးပြီးနောက် အာဖဂန်နစ္စတန်၌ ကျန်ရှိနေသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်၏ တိုက်ခိုက်ရေးတာဝန်မှာ ပြီးဆုံးပြီဖြစ်သည်။

အမေရိကန်နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တို့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အစိုးရကို ဖြုတ်ချပြီးနောက် (၁၃) နှစ်ကြာသောအခါ ၎င်းတို့၏ တိုက်ခိုက်ရေးတာဝန်ကို အခမ်းအနားကျင်းပ၍ အဆုံးသတ်လိုက်ကြောင်း ဒီဇင်ဘာလ (၈) ရက်တွင် အေပီသတင်း၌ ဖော်ပြသည်။ ၎င်းတို့၏ တာဝန်သည် အာဖဂန်တပ်ဖွဲ့များကို လေ့ကျင့်ပေးရန်နှင့် အထောက်အပံ့ပေးရန်သာကျန်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံစုံတပ်ဖွဲ့အင်အားသည် (၂၀၁၁) ခုနှစ်တွင် (၁၄၀,၀၀၀) ရှိရာမှ (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလတွင် (၁၃၀၀၀) သာရှိမည်ဟု အမေရိကန်တပ်မှူးက ပြောကြားသည်။

**နိုင်ငံတကာဆက်ဆံရေး** - သမ္မတအာရှ်ရက်ဖ်ဂါနီသည် အောက်တိုဘာလ (၂၈) ရက်တွင် လေးရက်ကြာ တရုတ်နိုင်ငံခရီးစဉ်အဖြစ် ပေကျင်းမြို့သို့ ရောက်ရှိသည်။ သမ္မတသည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၊ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးရန်နှင့် အောက်တိုဘာလ (၃၁) ရက်တွင်ကျင်းပမည့် ညီလာခံသို့ တက်ရောက်ရန် ရောက်ရှိခြင်းဖြစ်သည်။ ယင်းညီလာခံကို အစ္စတန်ဘူလ်လုပ်ငန်းစဉ်ဟု အမည်ပေးထားပြီး အာဖဂန်နစ္စတန်နှင့် အိမ်နီးချင်းနိုင်ငံများအတွင်း ဒေသဆိုင်ရာလုံခြုံရေး၊ နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများကိုဆွေးနွေးမည့်ညီလာခံဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် အကြမ်းဖက်အန္တရာယ်ကို ပူးပေါင်းတွန်းလှန်ရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုဝင်ဘာလ (၁၅) ရက်တွင် သဘောတူခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။ ထို့ပြင် လုံခြုံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍများနှင့် နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍများကိုလည်း သုံးသပ်ခဲ့ကြသည်။

**အီဂျစ်နိုင်ငံ။** ။ **နိုင်ငံရေး** - အီဂျစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသစ် ဆန္ဒခံယူပွဲကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နှင့် (၁၅) ရက်တွင် ကျင်းပရာ ပြည်သူ (၉၈ ဒသမ ၁) ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ယင်းဥပဒေကြမ်းကို သမ္မတမော်စီအားဖြုတ်ချမှု တရားဝင်ဖြစ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု နိုင်ငံရေးသမားများကသုံးသပ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အစ္စလာမ္မစ်ဝါဒီသမ္မတ မိုဟာမက်မော်စီက (၂၀၁၂) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံနှင့် အစားထိုးမည်ဖြစ်သည်။

သို့သော် မွတ်ဆလင်ညီနောင်များအဖွဲ့က ယင်းဥပဒေမူကြမ်းကို သပိတ်မှောက်ခဲ့သည်။ ဥပဒေကြမ်းထောက်ခံပွဲပထမနေ့တွင် မော်စီကို ထောက်ခံသူများ အပါအဝင် လူအချို့အကြမ်းဖက်ခံရမှုကြောင့် သေဆုံးခဲ့ကြသည်။ ဇန်နဝါရီလ (၁၇) ရက်တွင် အကြမ်းဖက်မှုဆက်လက်ဖြစ်ပွားရာ လုံခြုံရေးတပ်များနှင့် အဓိကရုဏ်းဖြစ်ပြီး လူလေးဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ သမ္မတဟောင်းမိုဟာမက်မော်စီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ (၃၃) ရာခိုင်နှုန်းက ကန့်ကွက်ပြီး (၆၄) ရာခိုင်နှုန်းကသာ ထောက်ခံခဲ့သည်။

(၂၀၁၃) ခုနှစ်၊ ဇူလိုင်လ (၃) ရက်တွင် သမ္မတမော်စီကို ဖြုတ်ချပြီးနောက် မစ္စတာဘေဘလောဝီအား ယာယီဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ လုံခြုံရေးတပ်များက မော်စီကိုထောက်ခံလှုပ်ရှားသော မွတ်ဆလင် ညီနောင်များပါတီကို ဖြိုခွင်းစဉ် လူပေါင်း

(၁၀၀၀) ကျော်သေဆုံးကာ ထောင်ပေါင်းများစွာ ဖမ်းဆီးခံရပြီးနောက် ယာယီဝန်ကြီးချုပ်ဖြစ်လာသည်။

(၂၀၁၄) ခုနှစ်၊ မတ်လ (၂၆) ရက်တွင် ဗိုလ်ချုပ်ကြီး အဗ္ဗဒူလာဖာတာအယ်လ်စီစီသည် အီဂျစ်နိုင်ငံ၏သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စစ်ဘက်အကြီးအကဲရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။ ဗိုလ်ချုပ်ကြီးစီစီသည် လူထုအုံကြွဆန္ဒပြမှုများအပြီး အစ္စလာမ္မစ်သမ္မတ မိုဟာမက်မော်စီအား သမ္မတရာထူးမှဖြုတ်ချဖယ်ရှားခဲ့သူဖြစ်သည်။ အာဏာပြန်လည် ရပ်တည်နိုင်ရေးအတွက် မျက်ရည်ပေါက်ကြီးငယ်ကျစေသူ၊ အာဏာအလွဲသုံးစားပြုသူဟူသော လူ့အခွင့်အရေးအုပ်စု၏စွပ်စွဲချက်များအတွက် ဗိုလ်ချုပ်ကြီးစီစီတွင် တာဝန်အပြည့်ရှိသည်ဟု ၎င်း၏ပြိုင်ဘက်များက ဆိုသည်။

အီဂျစ်အာဏာပိုင်များက မော်စီထောက်ခံသူ အစ္စလာမ္မစ်အုပ်စု (၅၂၈) ဦးကို သေဒဏ်ချမှတ်ခဲ့ပြီး (၉၁၉) ဦးကို တရားစွဲရန်အမိန့်ထုတ်ခဲ့သည်။ ထိုသို့အမိန့်ထုတ်ပြီး ရက်ပိုင်းမျှအကြာတွင် စစ်ဘက်အကြီးအကဲရာထူးမှ နုတ်ထွက်ကြောင်း ကြေညာချက်ထွက်ပေါ်လာခဲ့သည်။ ထို့သို့ သမ္မတဟောင်း မိုဟာမက်မော်စီဖြုတ်ချခံရပြီးနောက် ဖမ်းဆီးထားသော အကျဉ်းသားများလွှတ်ပေးရေးကို ထောင်ပေါင်းများစွာသော လူငယ်များက ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ (၆) ရက်တွင် လူငယ်လှုပ်ရှားမှုအဖွဲ့ ထူထောင်သည့် အထိမ်းအမှတ်အဖြစ် ဆန္ဒပြသူများက အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

မော်စီကို ဖြုတ်ချပြီးချိန်မှစ၍ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ စစ်ဘက်ကျောထောက်နောက်ခံပြုသော အစိုးရက ဥပဒေတစ်ရပ် ပြဋ္ဌာန်းလိုက်ပြီး အစိုးရဆန့်ကျင်ဆန္ဒပြသူ ရာပေါင်းများစွာကို ဖမ်းဆီးထောင်ချခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်အတွင်း အနည်းဆုံး လူပေါင်း (၁၄၀၀) သေဆုံးခဲ့ရကြောင်း လူ့အခွင့်အရေး အဖွဲ့ကဆိုသည်။

အီဂျစ်သမ္မတရွေးကောက်ပွဲအတွက် တရားဝင်မဲဆွယ်စည်းရုံးမှုကို မေလ (၃) ရက်တွင် စတင်ခဲ့သည်။ သမ္မတရွေးကောက်ပွဲကို မေလ (၂၆) ရက်နှင့် (၂၇) ရက်တို့တွင် ကျင်းပခဲ့သည်။ စစ်ဘက်အကြီးအကဲဟောင်းအဗ္ဗဒူလာဖာတာအယ်လ်စီစီသည် အီဂျစ်သမ္မတရွေးကောက်ပွဲတွင် မဲအရေအတွက် (၉၆) ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သည်။



**အီဂျစ်သမ္မတသစ် အဗ္ဗဒူလာဖာတာအယ်လ်စီစီ**

ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ (၅၃ ဒသမ ၈ သန်း) တွင် (၂၅ သန်း) ခန့်သာ မဲပေးကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။ ရာပေါင်းများစွာသော စီစီထောက်ခံသူများက (၂၀၁၄) ခုနှစ်၊ မေလ (၂၉) ရက် အစောပိုင်းရွေးကောက်ပွဲရလဒ်များအရ ကိုင်ရိုမြို့လမ်းများပေါ်တွင် အီဂျစ်အလံများဝှေ့ယမ်း၍လည်းကောင်း၊ မီးကျည်မီးပန်းများပစ်လွှတ်၍လည်းကောင်း၊ ကားများဟွန်းတီး၍လည်းကောင်း အောင်ပွဲခံခဲ့ကြသည်။

စစ်ဘက်အကြီးအကဲဟောင်း အယ်လ်စီစီသည် အီဂျစ်သမ္မတသစ်အဖြစ် ကိုင်ရိုမြို့သမ္မတနန်းတော်၌ ဇွန်လ (၈) ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အကြမ်းဖက်ဝါဒကို ကိုင်တွယ်ပြီး လုံခြုံရေးကောင်းမွန်အောင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။ စီစီသည် သမ္မတရွေးကောက်ပွဲကို သပိတ်မှောက်ဆန့်ကျင်သော မစ္စတာမော်စီ၏မွတ်ဆလင်ညီနောင်များ ပါတီကိုလည်းဖြိုခွင်းခဲ့သည်။ အသက် (၅၉) နှစ်ရှိ သမ္မတစီစီက သွေးစွန်းသောလက်များဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်နိုင်ဖွယ် မရှိကြောင်းနှင့် အကြမ်းဖက်ဝါဒကို နှိမ်နင်းပြီး လုံခြုံရေး

အောင်မြင်အောင်ဆောင်ရွက်ရေးသည် မိမိတို့၏ ထိပ်တန်းဦးစားပေးအလုပ်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ၎င်းသည် စီးပွားရေးကျဆင်းမှု၊ နိုင်ငံရေးအကျပ်အတည်းနှင့် ဆင်းရဲမှုလျှော့ချရေးအပါအဝင် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်။

**စစ်သွေးကြွအရေးအခင်း** - အီဂျစ်အစိုးရသည် အစ္စလာမ္မစ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် အရှိန်မြှင့်သည့်အနေဖြင့် ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ နယ်စပ်ဒေသမှ စာသင်ကျောင်းများကို အကန့်အသတ်မရှိပိတ်ခဲ့သည်။ အစိုးရစစ်တပ်သည် ဘာသာရေးအစွန်းရောက်များကို လေကြောင်းစစ်ဆင်ရေးများ ဆင်နွှဲနေစဉ်တွင် ဒေသတွင်းရှိ ကလေးငယ်များ၏ ပညာရေးအခြေအနေအတွက် စိုးရိမ်ပူပန်ဖွယ်ဖြစ်လာသည်။ ဘာသာရေးအစွန်းရောက်များက စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များကို အဓိကပစ်မှတ်ထားကာ ချေမှုန်းနေပြီး ယခင်စစ်သားဟောင်းများအား ခေါင်းဖြတ်သတ်ခြင်း ပြစ်မှုများကို ကျူးလွန်ကြသည်။

အစ္စလာမ္မစ်သမ္မတကို ဖြုတ်ချပြီးချိန်မှစ၍ အစ္စရေးနှင့်ဂါဇာအပါအဝင်စူးအက်တူးမြောင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဆိုင်းနိုင်းကျွန်းဆွယ်တွင် အကြမ်းဖက်မှုများ တိုးပွားခဲ့သည်။ ယင်းအကြမ်းဖက်မှုများကြောင့် လုံခြုံရေးအဖွဲ့ဝင် (၃၃) ဦး ထက်မနည်းသေဆုံးခဲ့ရသည်။ (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်မှ စတင်ခဲ့သော အကြမ်းဖက်မှုများကြောင့် အီဂျစ်အစိုးရသည် ဆိုင်းနိုင်းကျွန်းနယ်မြေတွင် အရေးပေါ်အခြေအနေကြေညာထားပြီး ဒေသခံမိသားစုများကိုလည်းရွှေ့ပြောင်းခဲ့သည်။

အစ္စလာမ္မစ်နိုင်ငံ စစ်သွေးကြွအုပ်စုကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အီဂျစ်တရားရုံးက သတ်မှတ်လိုက်ပြီး အဆိုပါအစ္စလာမ္မစ်နိုင်ငံအုပ်စုကို နိုဝင်ဘာလ (၃၀) ရက်က တားမြစ်ခဲ့သည်။

ထို့ပြင် အီဂျစ်နိုင်ငံသည် ၎င်း၏နိုင်ငံသားများ တူရကီနိုင်ငံသို့ ခွင့်ပြုချက်မရှိဘဲ ခရီးသွားလာခြင်းကို တားမြစ်ရန်နှင့် အီဂျစ်နိုင်ငံသားများအနေဖြင့် အီရတ်နှင့် ဆီးရီးယား၌ လှုပ်ရှားနေသောအကြမ်းဖက် အိုင်အက်စ် တပ်ဖွဲ့များနှင့် ပူးပေါင်းမှုကို တားဆီးပိတ်ပင်ရန် နည်းဥပဒေတစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းနည်းဥပဒေအသစ်ကို ထုတ်ပြန်ရခြင်းမှာ အီဂျစ်နိုင်ငံသားများ တူရကီနိုင်ငံမှတစ်ဆင့် ဆီးရီးယားရှိ အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ပူးပေါင်းမှုကို တားမြစ်ပိတ်ပင်လိုခြင်းကြောင့်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**နိုင်ငံတကာဆက်ဆံရေး** - အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကုန်သွယ်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။ နိုင်းမြစ်ရေအသုံးပြုမှုကို အကြောင်းပြု၍ နှစ်နိုင်ငံ သံတမန်ရေးရာတင်းမာမှုများကို ပြေလျော့သွားစေခဲ့သည်။ ဘလူးနိုင်းမြစ်ပေါ်တွင် ဒေါ်လာ (၄ ဒသမ ၃ဘီလီယံ) ကုန်ကျမည့်ဘက်စုံဆည်တစ်ခုကို တည်ဆောက်မည့် အီသီယိုးပီးယား၏စီမံကိန်းကြောင့် နှစ်နိုင်ငံမသင့်မြတ်မှုများပေါ်ပေါက်ခဲ့ရသည်။ (၂၀၁၃) ခုနှစ်တွင် "ဂရင်းရီနိုင်းဘင့်" ဆည်ကြီး တည်ဆောက်ရန် ဘလူနိုင်းမြစ်ရေလမ်းကြောင်း စတင်လွှဲပြောင်းသည့်အခါ အီဂျစ်အတွက် အခက်အခဲဖြစ်ခဲ့သည်။ ၎င်းမြစ်သည် အီဂျစ်နိုင်ငံက မှီခိုနေရသည့် နိုင်းမြစ်၏ မြစ်လက်တက်ဖြစ်သည်။

အီသီယိုးပီးယားနိုင်ငံမြို့တော်အဒစ္စဘာဘာ၌ ကျင်းပသောဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ သဘောတူညီချက်ပေါင်း (၂၀) ကျော်ကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ဆွေးနွေးပွဲ၌ အစိုးရထိပ်တန်းတာဝန်ရှိသူများက ဆည်တည်ဆောက်ခြင်းကြောင့် သုံးနှစ်ကြာအငြင်းပွားမှုကို ဖြေရှင်းရန် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တရားဥပဒေစိုးမိုးရေး** - သမ္မတဟောင်းမော်စီနှင့် ၎င်း၏ မွတ်ဆလင်ညီနောင်များပါတီဝင် (၁၄) ဦးတို့သည် (၂၀၁၂) ခုနှစ်၊ ဒီဇင်ဘာလက သမ္မတနန်းတော်အပြင်ဘက်၌ဆန္ဒပြသူများစွာ သေဆုံးရမှုတွင် သွေးထိုးလှုံ့ဆော်သူများအဖြစ် တရားစွဲဆိုခံထားရ

သည်။ ထို့ကြောင့် မော်စီကို ထောက်ခံသူများက သမ္မတနေရာပြန်လည်ရရှိရေးအတွက် ဆန္ဒပြခဲ့ကြသည်။ (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်တွင် အီဂျစ်နိုင်ငံတစ်ဝန်း မွတ်ဆလင်ညီနောင်များပါတီကို ထောက်ခံသူများနှင့် အီဂျစ်ရဲတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့ရာ အနည်းဆုံး (၁၁) ဦးသေဆုံးခဲ့ရသည်။

ထို့ပြင် အီဂျစ်နိုင်ငံ အယ်လ်အာဇာတက္ကသိုလ်တွင် ခွင့်ပြုချက်မရဘဲ အစိုးရကိုဆန့်ကျင်သည့်ဆန္ဒပြသူ တက္ကသိုလ်ကျောင်းသား (၁၀) ဦးနှင့် ဆရာဝန်သုံးဦးတို့ကို အီဂျစ်တရားရုံးက (၂၀၁၄) ခုနှစ်၊ ဧပြီလ (၂၃) ရက်တွင် ထောင်ဒဏ်သုံးနှစ်ချမှတ်သည်။ ၎င်းတရားရုံးသည် အင်းရှမ်တက္ကသိုလ်မှ ကျောင်းသားသုံးဦးတို့ကို အလားတူဆန္ဒပြမှုဖြင့် မတ်လကုန်တွင် ထောင်ဒဏ်လေးနှစ်ချမှတ်ခဲ့သည့်အပြင် နိုင်ငံတော်၏ ဆန္ဒပြမှုဆိုင်ရာ ဥပဒေချိုးဖောက်ခဲ့မှုဖြင့် လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၁၄၂၀၀) စီ ဒဏ်ငွေရိုက်ခဲ့သည်။

အီဂျစ်နိုင်ငံတွင် ဒီမိုကရေစီအရေး တောင်းဆိုဆန္ဒပြသူများကို ပြန်လွှတ်ပေးရန် နိုင်ငံတကာက တောင်းဆိုမှုများပြုလုပ်ခဲ့ကြသော်လည်း အီဂျစ်တရားရုံးက ဒီမိုကရေစီလှုပ်ရှားသူ (၂၃) ဦးကို ခွင့်ပြုချက်မရှိဘဲ ဆူပူဆန္ဒပြပွဲများတွင် ပါဝင်မှုဖြင့် ထောင်သုံးနှစ်စီနှင့် ဒဏ်ငွေဒေါ်လာ (၁၃၉၀) စီ ပေးဆောင်ရန် ကိုင်ရိုတရားရုံးက အမိန့်ချမှတ်ခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလတွင် အီဂျစ်နိုင်ငံသို့ ရောက်ရှိစဉ် ဒီမိုကရေစီလှုပ်ရှားသူများကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

(၂၀၁၁)ခုနှစ်တွင် အီဂျစ်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် လူထုအုံကြွမှု၌ သမ္မတဟောင်းဟူစနီမူဘာရက်ပါဝင်ပတ်သက်နေသည်ဟူသော စွပ်စွဲချက်အားလုံးကို တရားရုံးက ကင်းလွတ်ခွင့်ပေးလိုက်ကြောင်း နိုဝင်ဘာလ (၂၉) ရက် သတင်းများတွင် ဖော်ပြသည်။ ယင်းသို့ကင်းလွတ်ခွင့်ပေးခဲ့ခြင်းကို မကျေနပ်သောကြောင့် ပြည်သူတစ်ထောင်ခန့်က ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးနှင့် မီးသတ်ပိုက်များ အသုံးပြု၍ လူစုခွဲခဲ့သည်။ ဆန္ဒပြသူနှစ်ဦးသေဆုံးခဲ့သည်။ အီဂျစ်တော်လှန်ရေးတွင် ဆန္ဒပြသမားများကို သတ်ဖြတ်ရန် အာဏာရှင်ဟောင်းမူဘာရက်၊ ပြည်ထဲရေးဝန်ကြီးနှင့် လက်ထောက်ခြောက်ဦးက အမိန့်မပေးခဲ့ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ပြီး တရားစွဲဆိုထားခြင်းကို ပလပ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ထို့ပြင် အစ္စရေးနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့ရေးနှင့် ဆက်စပ်နေသော အကျင့်ပျက်လာဘ်စားမှုတွင်လည်း မူဘာရက်ပါဝင်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည်။ မူဘာရက်နှင့်၎င်း၏သား အလာဂါမဲတို့ကို စွဲဆိုထားသောအကျင့်ပျက် လာဘ်စားမှုများကိုလည်း အဆိုပါအမှုဖြစ်ပွားခဲ့သည်မှာ လွန်စွာကြာမြင့်ပြီဟု အကြောင်းပြပြီး တရားသူကြီး မဲအယ်ရာဟီဒီက ပလပ်ခဲ့သည်။ သို့သော် အသက် (၈၆) နှစ်အရွယ်ရှိ မူဘာရက်မှာ ပြည်သူ့ရန်ပုံငွေများကို ခိုးယူမှုဖြင့် ထောင်ဒဏ်သုံးနှစ်ကျခံရန် မေလတွင် အမိန့်ချမှတ်ခံရကာ ကျန်းမာရေးအခြေအနေကြောင့် ကိုင်ရိုမြို့အနီးရှိ စစ်ဆေးရုံတွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံရသည်။

နောက်ပိုင်းတွင် အာဏာရှင် သမ္မတဟိုစနီမူဘာရက်ကို ဖြုတ်ချခဲ့သော (၂၀၁၁) ခုနှစ် လူထုအုံကြွမှုနှင့် အစ္စလာမ္မစ်ဝါဒီသမ္မတမိုဟာမက်မော်စီကို ဖြုတ်ချခဲ့သော (၂၀၁၃) ခုနှစ် လူထုအုံကြွမှုများကို စော်ကားပုတ်ခတ်ပါက ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်မည့်ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲလျက်ရှိကြောင်း အီဂျစ်သမ္မတစီစီက (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်တွင် ပြောကြားသည်။

**အီရတ်နိုင်ငံ။** ။ **နိုင်ငံရေး** - အိုင်အက်စ်အဖွဲ့ကို အမေရိကန်၏ အကူအညီဖြင့် အပြင်းအထန် တိုက်ခိုက်နေရချိန်တွင် အီရတ်နိုင်ငံရေးမှာလည်း လှုပ်ခတ်လာခဲ့သည်။ ရှီးယိုက်အင်အားစုခေါင်းဆောင် အီရန်နိုင်ငံက ထောက်ခံခဲ့သော ဝန်ကြီးချုပ်နူရီ အဲလ်မာလီကီကို ၎င်း၏ အရင်းနှီးဆုံးမဟာမိတ်များကပင် နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ရာ ဝန်ကြီးချုပ်ကငြင်းဆိုခဲ့ပြီး သမ္မတသစ်သည် အခြေခံဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့ရာ ပြိုင်ဘက်ပါတီနှစ်ခု၏ ပြဿနာပိုမို ကြီးထွားခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ

ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ရှီယိုက်ကြီးစိုးသည့် မာလီကီ၏ ညွန့်ပေါင်းအုပ်စုမှပင် နောက်ထပ် ဝန်ကြီးချုပ်နာမည် အသစ်တင်သွင်းသည်ကိုလည်း ယင်းက လျစ်လျူရှုခဲ့သည်။ ယင်းလုပ်ရပ်အတွက် သမ္မတကို တရားစွဲမည်ဟု ပြောကြားခဲ့သည်။ ဤသို့စည်းလုံးညီညွတ်မှု ပြိုကွဲနေသောအစိုးရအဖွဲ့ကို ပြန်လည်ညီညွတ်စေရန်မှာ ဝန်ကြီးချုပ်သစ်ရွေးချယ်ခြင်း



**အီရတ်ဝန်ကြီးချုပ်သစ်ဟိုင်ဒါအဲလ်အဘာဒီ**

ဖြစ်သည်ဟု အမေရိကန်နိုင်ငံကပြောကြားသည်။ ဩဂုတ်လ (၁၄) ရက်တွင်မူ ဝန်ကြီးချုပ်သည် ရာထူးမှနုတ်ထွက်ပေးရန် သဘောတူလိုက်ပြီး ရာထူးဆက်ခံမည့်သူကိုလည်း ထောက်ခံခဲ့သည်။ မာလီကီနုတ်ထွက်ပေးရေးအတွက် အမေရိကန်၊ အီရန်၊ ဆော်ဒီအာရေးဗီးယားအပါအဝင် ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့ကလည်း ထောက်ခံခဲ့ကြသည်။ မာလီကီသည် ဝန်ကြီးချုပ်အဖြစ် ရှစ်နှစ်ကြာ ထမ်းဆောင်ခဲ့ပြီး အတိုက်အခံများက နုတ်ထွက်ပေးရန် တောင်းဆိုနေစဉ်ပင် တတိယသက်တမ်းကိုထမ်းဆောင်ရန်ကြိုးပမ်းခဲ့သည်။ ၎င်းသည် ဆွန်နီလူနည်းစုကိုပစ်ပယ်ကာရှီယိုက်ကြီးစိုးရေးကို လုပ်ဆောင်သည်ဟု စွပ်စွဲကြသည်။ ယင်းကျင့်သုံးခဲ့သော ရှီယိုက်ဂိုဏ်းဂဏဝါဒကြောင့် အိုင်အက်စ်များသည် အီရတ်နယ်မြေများစွာကို အရှိန်အဟုန်ဖြင့် သိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆကြသည်။ သမ္မတနှင့် ရှီယိုက်မဟာမိတ်များက ထောက်ခံခဲ့သူ ဝန်ကြီးချုပ်သစ်မှာ ရှီယိုက်ဘာသာကိုးကွယ်သော ဟိုင်ဒါအဲလ်အဘာဒီဖြစ်သည်။ ဝန်ကြီးချုပ်သစ်အဘာဒီကို (၁၉၅၂) ခုနှစ်တွင် မွေးဖွားခဲ့သည်။ အဘာဒီသည် ဘဂ္ဂဒက်တက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရရှိပြီး (၁၉၈၁) ခုနှစ်တွင် မန်ချက်စတာတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည်။ အဘာဒီသည် ဆက်ဒမ်ဟူစိန်လက်ထက်တွင် ရှီယိုက်အတိုက်အခံအဖွဲ့အစည်းဖြစ်သော အစ္စလာမ့်ဒါဝါပါတီအဖွဲ့ဝင်ဖြစ်သောကြောင့် (၁၉၈၀) ခုနှစ်လွန်ကာလများတွင် ပြည်နှင်ဒဏ်ခံခဲ့ရသည်။ (၂၀၀၃) ခုနှစ်တွင် အီရတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဆက်သွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ (၂၀၀၆) ခုနှစ်မှစ၍ လွှတ်တော်အမတ်ဖြစ်ခဲ့ပြီး လွှတ်တော်ကော်မတီများစွာကို ဦးဆောင်ခဲ့သည်။ အဘာဒီသည် ရေတိုကာလတွင် စစ်ရေးဖြင့် တုံ့ပြန်ခြင်းကို လိုလားသော်လည်း ရေရှည်တွင် တွေ့ဆုံညှိနှိုင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသာ အဓိကဖြစ်သည်ဟု ယုံကြည်သူဖြစ်သည်။ စက်တင်ဘာလ (၉) ရက်တွင် အမျိုးသားညီညွတ်ရေး အစိုးရသစ်ဖွဲ့စည်းခဲ့ပြီး အစိုးရသစ်တွင် ဆွန်နီနှင့်ကာ့ဒ်မျိုးနွယ်တို့မှပုဂ္ဂိုလ်များမှာ ဒုတိယဝန်ကြီးများအဖြစ် ပါဝင်သောကြောင့် အမေရိကန်၏ အားလုံးပါဝင်သော အစိုးရဖြစ်ရေးတောင်းဆိုချက် အောင်မြင်ခဲ့သည်။ မျိုးနွယ်စုများအားလုံးပါဝင်မှသာ စစ်ရေးအကူအညီပေးမည်ဟု အမေရိကန်ကပြောကြားခဲ့သည်။

**ယာဇီဒီမျိုးနွယ်စု** - အီရတ်နိုင်ငံမြောက်ပိုင်းတွင် နေထိုင်ကြသော လူနည်းစုယာဇီဒီမျိုးနွယ်စုဝင်များသည် ပါရှန်ဘာသာခွဲတစ်ခုကို ကိုးကွယ်ကြသည်။ လက်ရှိယာဇီဒီလူဦးရေမှာ အီရတ်နိုင်ငံတွင် ငါးသိန်း၊ ဂျာမနီနိုင်ငံတွင် (၆၀,၀၀၀)၊ ဆီးရီးယားနိုင်ငံတွင် (၅၀,၀၀၀)၊ ရုရှားနိုင်ငံတွင် (၄၀,၀၀၀) ကျော်၊ အာမေနီးယားနိုင်ငံတွင် (၃၀,၀၀၀) ကျော်၊ ဂျော်ဂျီယာနိုင်ငံတွင် (၂၀,၀၀၀)၊ ဆွီဒင်နိုင်ငံတွင် (၄,၀၀၀)၊ ဒိန်းမတ်နိုင်ငံတွင် (၅၀၀) နှင့် တူရကီနိုင်ငံတွင် (၁၉၈၂) ခုနှစ်က (၃၀,၀၀၀) ရှိရာမှ ယခုအခါ (၃၀၀) ခန့်သာ ကျန်ရှိသည်။ တစ်ကမ္ဘာလုံးတွင် လူဦးရေခုနှစ်သိန်း

ခန့်သာ ကျန်ရှိသည်။ ကာ့ဒ်ဘာသာစကားပြောဆိုပြီး အီရတ်၊ အာမေးနီးယားနှင့်ဆီးရီးယားနိုင်ငံတွင် နေထိုင်ကြသော်လည်း (၁၉၉၀) ပြည့်နှစ်မှစပြီး ဥရောပသို့ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့နေထိုင်ကြသည်။ အများဆုံးသွားသောနိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်သည်။ အိုင်အက်စ် (IS) အစွန်း ရောက်စစ်သွေးကြွများက သန့်စင်သော အစ္စလာမ္မစ် နိုင်ငံထူထောင်ရန်ဟုဆိုကာ ယာဇီဒီတို့ကို အစ္စလာမ်ဘာသာသို့ မဝင်ရောက်သောကြောင့် (၂၀၁၄) ခုနှစ်၊ ဩဂုတ်လအတွင်း အစုလိုက် အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ ယာဇီဒီတို့၏သမိုင်းတစ်လျှောက်တွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ကြုံခဲ့ရပြီးဖြစ်သည်။ အီရတ်နိုင်ငံတွင် ဘီစီ (၄၅၀၀) ကတည်းက အခြေချခဲ့ကြသော ယာဇီဒီမျိုးနွယ်စုသည် ဆီးရီးယားနယ်စပ်သို့ဝင်ရောက် ခိုလှုံနေကြပြီး အီရတ်နိုင်ငံမှ လူမျိုးစုတစ်ခုလုံး အပြီး စွန့်ခွာကြရသည်။ အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆင်ဂျာတောင်တန်းများပေါ်သို့ တိမ်းရှောင်နေရသော ယာဇီဒီတို့ကို အမေရိကန်နိုင်ငံက လေကြောင်းစစ်ဆင်ရေးများဖြင့် အကာအကွယ်ပေးကာ စစ်ပြေးဒုက္ခသည်များအတွက် လေကြောင်းမှရိက္ခာများချပေးသည်။

**အီရန်နိုင်ငံ။ ။ နျူကလီးယားဆွေးနွေးပွဲ** - ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ယမန်နှစ် နိုဝင်ဘာလအတွင်းက ကျင်းပသည့် ဆွေးနွေးပွဲအပြီး အီရန်နှင့် အနောက်နိုင်ငံများကြားရရှိသော သမိုင်းဝင် နျူကလီးယား သဘောတူညီချက်အရ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဇန်နဝါရီလအတွင်း စတင်မည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲတွင် နှစ်ဖက်သဘောတူညီမှုရရှိရန် စွမ်းဆောင်နိုင်ခဲ့ကြောင်း အီရန်နျူကလီးယားစေ့စပ်ဆွေးနွေးရေးမှူး ဟာမစ်ဘေဒိန်ဂျက်က ပြောကြားသည်။ သို့သော် ယင်းသဘောတူညီချက်နှင့် ပတ်သက်၍ အကောင်အထည်ဖော်ရမည့် အချိန်သတ်မှတ်ချက်ကိုမူ ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲကက်သရင်းအက်ရှ်တန်၏ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်မန်းက အတိအကျပြောဆိုရန် ငြင်းဆန်ခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဇန်နဝါရီလ (၂၀) ရက်မှစ၍ အကောင်အထည်မဖော်ဘဲ ရပ်ဆိုင်းထားရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံပါဝင်သော အုပ်စုတစ်စုတို့ကြား သဘောတူညီချက်ရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီလ (၁၄) ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်နှင့်ပတ်သက်၍ အဓိကအချက်များကို (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး နည်းပညာဆိုင်ရာ အသေးစိတ်ဆွေးနွေးမှုများဆက်လက်ပြုလုပ်နိုင်ရန် သဘောတူညီခဲ့ကြသည်။ သို့ရာတွင် အီရန်နိုင်ငံရှိ သဘောထားတင်းမာသူ နိုင်ငံရေးသမားများနှင့် အစ္စရေးခေါင်းဆောင်များက ယင်းသဘောတူညီမှုကို ကန့်ကွက်ကြသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရန်နိုင်ငံ မူဝါဒပြောင်းလဲရန် လိုလားသော်လည်း အမေရိကန်အမတ်အချို့က ယင်းနိုင်ငံအပေါ် စီးပွားရေး ဒဏ်ခတ်မှုများ ပြုလုပ်ရန်လည်း တိုက်တွန်းထားသည်။




**နျူကလီးယားသုတေသနနှင့် ဖွံ့ဖြိုးမှုအစီအစဉ်ဆိုင်ရာ ကန့်သတ်ချက်ကို ကန့်ကွက်ကြသူများ**

ဇန်နဝါရီလအတွင်းက စတင်အသက်ဝင်ခဲ့သည့် အီရန်နှင့် P5+1 အဖွဲ့ဝင်နိုင်ငံများကြားရရှိထားသော ကြားဖြတ်သဘောတူညီချက်အရ နောက်ဆုံးအဆင့် သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် (၁၂) လအချိန်သတ်မှတ်ထားပြီးဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးကပြောကြားခဲ့သည်။

ခက်ခဲပြီး ကာလရှည်ကြာမည်ဟု အမေရိကန် ထိပ်တန်းအရာရှိတချို့က သုံးသပ်ထားသော အီရန် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သည့် ကာလရှည် သဘောတူညီမှုရရှိရေးဆွေးနွေးပွဲကို ဩစတြီးယား နိုင်ငံ ဗီယင်နာမြို့တွင် အီရန်နှင့်ကမ္ဘာ့အဓိက အင်အားကြီးခြောက်နိုင်ငံတို့ ဖေဖော်ဝါရီလအတွင်း စတင်ပြုလုပ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်က ဆိုသည်။

အီရန်နိုင်ငံအကြီးအကဲ အယာတိုလာ အလီခါမန်နီက ၎င်းဆွေးနွေးပွဲသည် မည်သည့်အရာမှ ဆုံးဖြတ်နိုင်ဦးမည်မဟုတ်ဟု ၎င်း၏ အင်တာနက် စာမျက်နှာတွင် ကြေညာချက်တင်ထားသကဲ့သို့ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံ တို့က အီရန်အနေဖြင့် အက်တမ်ဗုံးပြုလုပ်နိုင်ခြင်းမရှိ ကြောင်း သေချာစေရန် နျူကလီးယားအစီအစဉ်ကို နောက်ဆုတ်စေလိုပြီး အီရန်ကမူ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဟု အကြောင်းပြဆောင်ရွက်နေဆဲဖြစ် သည်။

ရုရှားနိုင်ငံနှင့်ရရှိသော သဘောတူညီချက်အရ အီရန်နိုင်ငံက တစ်ရက်လျှင် ရေနံစည် (၅,၀၀,၀၀၀) အထိ ထောက်ပံ့ပေးမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ရုရှားကုမ္ပဏီများက ဘူရှီယာနျူကလီးယားစက်ရုံတွင် ဒုတိယမြောက်ဓာတ်ပေါင်းဖိုတစ်လုံးကို တည်ဆောက် ပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၁၇) ရက်တွင် အီရန်သံအမတ်ကြီး မာဒီဆန်ဂေးက ပြောကြားသည်။

အီရန်နိုင်ငံကို စီးပွားရေးအရ ဆက်လက် ထိန်းချုပ်ထားနိုင်ရန်နှင့် ယင်းနိုင်ငံ၏ နျူကလီးယား အစီအစဉ် ပွင့်လင်းမြင်သာမှုရှိလာစေရေး ဖိအားပေး နိုင်ရန် အနောက်အုပ်စုက ကြိုးပမ်းနေချိန်တွင် ယင်း သဘောတူညီချက်ကို ရရှိခြင်းဖြစ်သည်။ ဘူရှီယာ နျူကလီးယားစက်ရုံသည် အီရန်နိုင်ငံ၏ တစ်ခုတည်း သော နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်ပြီး ယင်း စက်ရုံရှိ ဓာတ်ပေါင်းဖိုကို ရုရှားနိုင်ငံကပင် တည်ဆောက် ပေးခဲ့သည်။

ပိုမိုပြည့်စုံသော နျူကလီးယားသဘော တူညီချက် တစ်ရပ်ရရှိရန် ရည်ရွယ်သော အီရန်နျူကလီးယား စီမံကိန်းနောက်ဆုံးဆွေးနွေးပွဲအတွက် မူဘောင် တစ်ခုကို အီရန်ကသဘောတူခဲ့ကြောင်း အီရန် အကြီးတန်းစေ့စပ်ဆွေးနွေးသူ အဘတ်(စ်)အာရက်ချီက ဖေဖော်ဝါရီလ (၂၀) ရက်တွင် ပြောကြားခဲ့သည်။ ယင်း သဘောတူညီချက်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံ ငါးနိုင်ငံ ဖြစ်သော ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ ရုရှား၊ တရုတ် တို့နှင့်အတူ ဂျာမနီပါဝင်သည့် (P5+1) နှင့်အီရန်တို့၏ ဆွေးနွေးပွဲသစ်ကို ဗီယင်နာတွင် စတင်ကျင်းပသည့် သုံးရက်မြောက်နေ့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ အီရန်အား နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများကို လျှော့ချ ပေးရန် အလဲအလှယ်ဖြင့် ခြောက်လအတွင်း အီရန် နျူကလီးယားလုပ်ငန်းအချို့ကို ရပ်ဆိုင်းရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ (၂၀၁၃) ခုနှစ် နောက်ပိုင်း တွင် သဘောတူညီခဲ့သည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ် နျူကလီးယား အစီအစဉ် ကန့်သတ်ရေးအတွက် ပြီးပြည့်စုံသော သဘောတူညီမှုများ ရရှိရေးဆွေးနွေးပွဲများကျင်းပရန် အခြေခံမူများကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ (၂၀) ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ သို့သော် အဆုံးသတ်ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက်မှာမူ နှစ်ဖက်သဘောထား ကွာဟနေဆဲဖြစ်ကြောင်း ဂျာနယ်လစ်များကပြောသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကာလရှည်သဘောတူညီချက်ရရှိရေး အတွက် ဆက်လက်ကြိုးပမ်းရန်လိုအပ်ကြောင်း ပြင်သစ်နိုင်ငံ ပါရီမြို့သို့ရောက်ရှိစဉ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီကလည်း ပြောကြား ခဲ့ပြီး အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ဝါရှင်တန်ကရွေးချယ်ရန် အခွင့်အလမ်းများရှိနေဆဲဖြစ် ကြောင်း သမ္မတအိုဘားမားက ဘလွန်းဘတ်သတင်း ဌာနနှင့် မတ်လ (၃) ရက်က အင်တာဗျူးရာတွင် ပြော ကြားသည်။ ယင်းနေ့မှာပင် အီရန်နိုင်ငံခြားရေး ဝန်ကြီးက အမေရိကန်၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်က အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ခြင်းမရှိတော့ပါက မိမိတို့နိုင်ငံ၏ ချူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ခြောက်လအတွင်း အပြီးသတ်သဘောတူညီချက်တစ်ရပ် ရရှိမည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဘက်မိုဟာမက်ဇာရစ်ဖ်က ပြောကြားသည်။

အီရန်နှင့် ဆွေးနွေးပွဲပြုလုပ်မှုကို ဟန့်တားပိတ်ပင်သော မည်သည့်ဥပဒေရေးဆွဲခြင်းကိုမဆို မိမိက ဗီတိုအာဏာဖြင့် ပယ်ချမည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့် ထာဝရသဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရာတွင် အောင်မြင်မှုမရပါက ယင်းနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်သွားမည်ဟု သမ္မတအိုဘားမား၏ ဒီမိုကရက်အမတ်အချို့အပါအဝင် အထက်လွှတ်တော်အမတ်များက ခြိမ်းခြောက်ခဲ့ကြသည်။

အီရန်နိုင်ငံအပေါ် ပြစ်ဒဏ်ခတ်ရေး ဥပဒေမူကြမ်းများမှာ ယခုအခါ အထက်လွှတ်တော်တွင် ဆိုင်းငံ့ထားသော ဥပဒေမူကြမ်းဖြစ်သည်။ ယင်းဥပဒေမူကြမ်းအတည်ဖြစ်လာမည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခဖြစ်ပွားလာနိုင်သည့်ဘေးအန္တရာယ်ရှိကြောင်း အီရန်အစိုးရအဖွဲ့က သတိပေးထားသည်။

ချူကလီးယားအရေးဆွေးနွေးမှုများတွင် အီရန်ဘက်မှ တိကျသောအဆိုပြုချက်များကို တင်ပြခဲ့သော်လည်း အင်အားကြီးနိုင်ငံများဘက်မှ အလွန်အမင်းတောင်းဆိုနေခြင်းကြောင့် ဆွေးနွေးမှုများ အဆုံးသတ်ရန် သတ်မှတ်ထားသည့် နေ့ရက်ရောက်သည်အထိ သဘောတူညီမှုမရမည်ကို စိုးရိမ်မိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဘက်မိုဟာမက်ဇာရစ်ဖ်က ပြောဆိုသည်။

အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်(စ်)အာရက်ချီက အိုင်အာအန်အေဇင်းသတင်းဌာနကို ပြောကြားရာတွင် ဆွေးနွေးပွဲအစီအစဉ်များ၊ ဆွေးနွေးပွဲအခြေခံမှုများနှင့် နောက်တစ်ကြိမ်ဆွေးနွေးပွဲကို မတ်လ ဒုတိယပတ်တွင် ဗီယင်နာမြို့၌ ကျင်းပရန် သဘောတူညီခဲ့ကြသည်ဟု ပြောကြားပြီးနောက် မတ်လ (၁၉) ရက်တွင် ကျင်းပသည့်ဒုတိယနေ့ ဆွေးနွေးပွဲသည် အပြုသဘောဆောင်၍ အကျိုးရှိကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနထိပ်တန်းတာဝန်ရှိသူ တစ်ဦးကဆိုခဲ့သည်။ သို့သော် အီရန်နှင့်အမေရိကန် ပြည်ထောင်စုတို့ကမူ အဆုံးသတ်သဘောတူညီမှုရရှိရန်မှာ ဖြစ်နိုင်ဖွယ်ရာမရှိသေးကြောင်း ထုတ်ဖော်ပြောဆိုသည်။

အနောက်နိုင်ငံများက အီရန်သည် ချူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲသည်။ အီရန်ကလည်း ၎င်း၏ချူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းစွာအသုံးပြုရေးအတွက်သာဖြစ်သည်ဟု ချေပပြောဆိုနေဆဲဖြစ်သည်။

အီရန်နိုင်ငံ၏ ခေါင်းဆောင်အယာတိုလာ အလီခါမေနီက ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ဆွေးနွေးခြင်းကို ထောက်ခံသော်လည်း ၎င်းတို့၏ ချူကလီးယားအစီအစဉ်ကိုမူ စွန့်လွှတ်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြောင်း ဧပြီလ (၁၀) ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ရန်လိုနေသောအခြေအနေများ ပြေငြိမ်းသွားစေရေးအတွက် ဆွေးနွေးရန် အီရန်နိုင်ငံက သဘောတူခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင်လတွင် ကုန်ဆုံးတော့မည့် ယာယီသဘောတူညီချက်ကို အစားထိုးမည့် သဘောတူညီချက်တစ်ခု ရရှိရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့ ဆွေးနွေးခဲ့ကြသည်။ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ နောက်ဆုံးကျင်းပခဲ့သော ဆွေးနွေးပွဲအပြီးတွင် နှစ်ဖက်စလုံးက သဘောတူညီချက် (၆၀) ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ဖ်က ပြောကြားသည်။

**စစ်ရေး** - အီရန်တပ်မတော်၏ စစ်ရေးလေ့ကျင့်မှုဒုတိယအဆင့်ကို အီရန်နိုင်ငံတောင်ပိုင်း၌ စတင်ခဲ့သည်။ အီရန်မြေပြင်တပ်ဖွဲ့ဝင်များသည် တင့်ကားများ

အသုံးပြုကာ ရန်သူပစ်မှတ်အတုများဖြင့် လက်တွေ့လေ့ကျင့်မှုကို ဒီဇင်ဘာလ (၂၆) ရက်က စနစ်တကျလေ့ကျင့်ခဲ့သည်။ ကြည်းတပ်သည် F-4 တိုက်လေယာဉ်များနှင့် တွဲဖက်ကာ ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းများကို နှောင့်ယှက်မည်ဖြစ်သည်။ ခြောက်ရက်ကြာ ပထမအဆင့် စစ်ရေးလေ့ကျင့်မှုကို မြေပြင်တပ်ဖွဲ့များ၊ တိုက် လေယာဉ်များ၊ လေကြောင်းကာကွယ်ရေးစနစ်များဖြင့် နိုင်ငံ၏အရှေ့တောင်ပိုင်း၌ လေ့ကျင့်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုများကို ဟော်မုဇ်ရေလက်ကြား အရှေ့ဘက် စတုရန်းကီလိုမီတာ (၂ ဒသမ ၂ သန်း) ရှိ ဧရိယာ အတွင်း ပြုလုပ်ခဲ့သည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များသည် ခါတန်အဲလ်အန်ဘီယာလေကြောင်းကာကွယ်ရေးအခြေစိုက်စခန်း၏ အထောက်အပံ့ဖြင့် ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ စစ်ရေးလေ့ကျင့်နေစဉ်အတွင်း အကြီးစားစစ်လက်နက်ပစ္စည်းမျိုးစုံဖြင့် မြေပြင်၊ ရေပြင်နှစ်ခုစလုံး၌ ဖြန့်ကြက်လေ့ကျင့်ခဲ့သည်။

အီရန်ကင်းလှည့်လေယာဉ်တစ်စင်း၏ သတိပေးချက်အရ အမေရိကန်စစ်သင်္ဘောတစ်စင်းသည် အီရန်တို့အဓိကစစ်ရေးလေ့ကျင့်နေသော ရေပိုင်နက်မှ ထွက်ခွာပေးခဲ့ရသည်။ အီရန်တပ်ပိုင် အဆိုပါကင်းလှည့်လေယာဉ်သည် ရန်သူကို ရှာဖွေ၍ မဟာဗျူဟာကို သတ်မှတ်ရန်နယ်မြေကို ကင်းထောက်နေစဉ်အတွင်း အခြားနိုင်ငံများမှ စစ်သင်္ဘောများနှင့် အမေရိကန်စစ်သင်္ဘောတို့ကို အီရန်ရေပိုင်နက်မှ ထွက်ခွာပေးရန် ဒီဇင်ဘာလ (၂၈) ရက်က သတိပေးခဲ့သည်။ စစ်သင်္ဘောများသည် သတိပေးချက်ကို လက်ခံခဲ့ပြီးနောက် အဆိုပါနေရာမှ ချက်ချင်းထွက်ခွာခဲ့ကြသည်။ အီရန်တပ်မတော်သည် ဘုရားသခင်တမန်တော်ဟု အမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှုကြီးများကို နိုင်ငံတောင်ပိုင်းတွင် ပြုလုပ်ခဲ့ကြသည်။ စတုတ္ထအဆင့် စစ်ရေးလေ့ကျင့်မှုကို ဒီဇင်ဘာလ (၂၈) ရက်တွင် စတင်ပြုလုပ်မည်ဖြစ်သည်။ အဆိုပါဒေသကို စစ်ရေးလေ့ကျင့်နေစဉ်အတွင်း ဒုံးလက်နက်များနှင့် တော်ပီဒိုများပစ်လွှတ်ရန် သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားတပ်ဖွဲ့များကို ဤဒေသမှ ထွက်ခွာပေးရန် သတိပေးခြင်းဖြစ်ကြောင်းဆိုသည်။

စတုတ္ထအဆင့် စစ်ရေးလေ့ကျင့်မှုတွင် အီရန်ရေတပ်တပ်ဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်လာမည့် ရန်သူစစ်သင်္ဘောများကိုကာကွယ်ရန် မိုင်းများထောင်ထားသည်။ ထို့အပြင် တပ်ဖွဲ့ဝင်များကြား ပြန်လည်ဆက်သွယ်မှုများပြုလုပ်သည့်အခါတွင် အဆိုပါ ထောင်ထားသောရေမြုပ်မိုင်းများကို ချက်ချင်းရှင်းထုတ်ရမည်ဖြစ်ကာ လေ့ကျင့်မှုပြုလုပ်နေစဉ်အတွင်း အီရန်တပ်မတော် F-4 ဂျက်လေယာဉ်သည် ရေတပ်ဖွဲ့ဝင်များကို ကူညီမည်ဖြစ်သည်။

အီရန်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားဖော်ပြသည့်နိုင်ငံပိုင် Fars News သတင်းဌာန၏ဖော်ပြချက်အရ ရန်သူ၏စစ်လက်နက်ပစ္စည်း အမျိုးအစားမျိုးစုံကို ဖျက်ဆီးနိုင်သည့် ဒုံးကျည်အပါအဝင် တာဝေးပစ်ဒုံးကျည်သစ်များကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း၊ တာဝေးပစ်ဒုံးကျည်များသည် ရန်သူဘက်မှ ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရှောင်ရှားနိုင်ပြီး ပစ်မှတ်များစွာကို တစ်ပြိုင်နက်ပစ်ခတ်နိုင်စွမ်းရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် ဟိုစိန်ဒါကန်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံလုပ် ဒုံးကျည်များကို ဂါဇာဒေသရှိ ပါလက်စတိုင်းစစ်သွေးကြွများထံ တင်ပို့ရာတွင် နောက်ကွယ်မှ အီရန်နိုင်ငံပါဝင်ပတ်သက်နေသည်ဟူသော အစ္စရေး၏စွပ်စွဲချက်ကို အီရန်နိုင်ငံက ပယ်ချလိုက်ကြောင်း မတ်လ (၆) ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာပက်မိုဟာမက်ဇာရစ်ဖ်က အစ္စရေးနိုင်ငံ၏ စွပ်စွဲချက်သည် ပိရိမှုမရှိသော လိမ်ညာမှုဖြစ်သည်ဟုဆိုသည်။ အမေရိကန်-အစ္စရေး ပြည်သူ့ရေးရာကော်မတီ၏ ညီလာခံနှင့် အချိန်ကိုက်ကာ ယင်းသို့စွပ်စွဲခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**စီးပွားရေး** - အီရန်နိုင်ငံအား အနောက်အုပ်စုက အရေးယူ ပိတ်ဆို့ထားသော်လည်း အီရန်ရေနံစိမ်းကို

အာရှအမိကလေးနိုင်ငံမှ ဧပြီလအတွင်း တိုးမြှင့်ဝယ်ယူလျက်ရှိကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ရေနံစိမ်း စည်ပေါင်း (၁ ဒသမ ၂၂) သန်း တင်သွင်းခဲ့ကြောင်း ဖော်ပြသည်။ ယင်းမှာ မတ်လကထက် ခြောက်ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး နှစ်အလိုက် နှစ်ဆနီးပါးမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် အီရန်နိုင်ငံ၏ အကြီးဆုံးရေနံဝယ်နိုင်ငံဖြစ်သည်။ ဧပြီလအတွင်း နှစ်ဆကျော်တိုးဝယ်ခဲ့ပြီး စည်ပေါင်းရှစ်သိန်းနီးပါးဝယ်ယူခဲ့သည်။ ယင်းမှာ ယမန်နှစ်အလားတူကာလနှင့်နှိုင်းစာလျှင် စံချိန်တင်မြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဧပြီလအတွင်း အီရန်မှရေနံစိမ်းစည် (၂၂၅,၀၀၀) နီးပါး တင်သွင်းခဲ့ရာ နှစ်အလိုက် (၉၀) ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တောင်ကိုရီးယားကထိုနှစ်အတွင်း စည်ပေါင်း (၁၃၅,၀၀၀) တင်သွင်းခဲ့ရာ ယမန်နှစ်အလားတူကာလကထက် (၉) ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အီရန်က ဂျပန်သို့ ဧပြီလတွင် စည်ပေါင်း (၅၆,၉၃၄) တင်ပို့ခဲ့ရာ တင်ပို့မှုခုနစ်ဆ တိုးလာသည်။

အီရန်နိုင်ငံသို့ အရပ်ဘက်သုံးလေယာဉ် အစိတ်အပိုင်းများရောင်းချရန် ဘိုးရင်းလေယာဉ်ကုမ္ပဏီကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူက ဧပြီလ (၅) ရက်တွင် ပြောကြားသည်။

(၁၉၇၉) ခုနှစ်နောက်ပိုင်း ဘိုးရင်းကုမ္ပဏီသည် တီဟီရန်နှင့် ဆက်ဆံမှုမရှိခဲ့ပေ။ ကုမ္ပဏီက ထုတ်ပြန်သောကြေညာချက်တွင် လေယာဉ်များအန္တရာယ်ကင်းစွာ ပျံသန်းနိုင်ရေးအတွက် ခွင့်ပြုခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ဤသို့လုပ်ဆောင်ခြင်းသည် (၂၀၁၃) ခုနှစ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တီဟီရန်အကြား စီးပွားရေးအရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် ယာယီသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဗြိတိန်၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံများက စီးပွားရေးအရေးယူမှုကို လျှော့ပေါ့ပေးပြီး အပြန်အလှန်အားဖြင့် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ခြောက်လရပ်ဆိုင်းထားရန် သဘောတူခဲ့သည်။

အီရန်နိုင်ငံသည် ရေနံထုတ်လုပ်မှု မြှင့်တင်ရန်အတွက် အီရတ်နိုင်ငံနှင့် ဖက်စပ်လုပ်ကိုင်ရန် အမေရိကန်ဒေါ်လာ (၁၅ ဒသမ ၂ ဘီလီယံ) ခွဲဝေချထားပေးခဲ့သည်။ အီရန်နိုင်ငံ အနောက်တောင်ပိုင်း ကရုန်းဒေသ အနောက်ဘက်တွင်ရှိသော ဖက်စပ်ရေနံတွင်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်စေရေးအစီအစဉ်သည် တစ်နေ့လျှင် ရေနံစိမ်းစည်ပေါင်း (၅၅၀,၀၀၀) တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။

ဤရေနံတွင်းများ ဖွံ့ဖြိုးရေးအစီအစဉ်ကို လေးနှစ်တာကာလအတွင်း အကောင်အထည်ဖော်မည်ဖြစ်သည်။ အီရန်နိုင်ငံ စွမ်းအင်ဝန်ကြီး ဘိုင်ကျန်နန်ဒါဇန်ဝါနဒ့်က ဤစီမံကိန်းသည် ၎င်းတို့ဝန်ကြီးဌာန၏ အကြီးမားဆုံးသော စီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း၊ ယင်းစီမံကိန်းကြီးတစ်ခုမှသည် နိုင်ငံ၏ ရေနံထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့တွင် ဖက်စပ်ရေနံတွင်း (၂၃) တွင်းရှိပြီး ၎င်းတို့ကို ရေနံရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ အပိုင်းများခွဲထားသည်။ အီရန်နိုင်ငံ၏ စုစုပေါင်း အရန်ရေနံပမာဏသည် စည်သန်းပေါင်း (၅၆၀) ဘီလီယံထက်ကျော်လွန်သည်ဟု ခန့်မှန်းထားသည်။

**နိုင်ငံတကာဆက်ဆံရေး** - ကူဝိတ်နိုင်ငံအကြီးအကဲ ရှိက်ဆာဘားသည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်နှင့် ဒေသတွင်းတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အတွက် နှစ်ရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် ဇွန်လ (၁) ရက်တွင် တီဟီရန်မြို့တော်သို့ ရောက်ရှိသည်။ ကူဝိတ်စော်ဘွား၏ ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးတိုးမြှင့်ရန် ကဏ္ဍသစ်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဘက်မိုဟာမက်ဇာရစ်ဖ်၏အဆိုကို ကိုးကား၍ ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ကူဝိတ်အကြီးအကဲ၏ သမိုင်းဝင်ခရီးစဉ်အတွင်း နှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေးနှင့် လုံခြုံရေးဆိုင်ရာ

ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှစ်ရပ်၊ အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် အားကစား၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး သုံးရပ်အပါအဝင် သဘောတူညီချက်ခြောက်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အီရန်နှင့် ကူဝိတ်တို့သည် အစွန်းရောက်ဝါဒီ အကြမ်းဖက်မှုနှင့် ဂိုဏ်းဂဏစွဲဝါဒ အပါအဝင် ဒေသတွင်းပြဿနာအမျိုးမျိုးအပေါ် အမြင်ချင်းတူညီကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်ကဆိုသည်။

အီရန်နှင့်ဗြိတိန်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို သံတမန်အဆင့်ထိ မြှင့်တင်ရန် ဆုံးဖြတ်ခြင်း မရှိသေးဘဲ ဗြိတိန်တွင် ရောက်ရှိနေသော အီရန်နိုင်ငံသားများအား ကောင်စစ်ဝန်ဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန် လန်ဒန်ရှိ အီရန်သံရုံးကို တစ်စိတ်တစ်ပိုင်း ဖွင့်လှစ်ထားခြင်းမှတစ်ပါး နောက်ထပ်သဘောတူညီမှုများမရမချင်း သံရုံးယာယီတာဝန်ခံအဆင့်သာ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဘတ်(စ်)အာရက်ချီ၏ အဆိုကို ပရက်စ်တီဗွီက ဖော်ပြသည်။

တီဟီရန်အပေါ် ဒဏ်ခတ်မှုများတုံ့ပြန်သည့် အနေဖြင့် (၂၀၁၁) ခုနှစ်၊ နိုဝင်ဘာလက အီရန်-ဗြိတိန်ဆက်ဆံရေးအဆင့်လျှော့ချရန် အီရန်အစိုးရက ဆုံးဖြတ်ပြီးနောက်ပိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို တဖြည်းဖြည်းချင်းမြှင့်တင်ရန် ရည်ရွယ်လျက် (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလတွင် အခြေချနေထိုင်ရန် မလိုသော သံရုံးယာယီတာဝန်ခံများကို ခန့်အပ်ခဲ့ကြသည်။

အီရန်နှင့်ကာတာနိုင်ငံတို့သည် အပြန်အလှန် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု တီဟီရန်တိုင်းမ်က ဇူလိုင်လ (၇) ရက်တွင် သတင်းဖော်ပြသည်။

သဘောတူညီချက်အရ အီရန်သည် အစားအစာနှင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၊ ပင်လယ်အစားအစာ၊ တွင်းထွက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို ကာတာနိုင်ငံသို့ တိုးမြှင့်ပေးပို့မည် ဖြစ်သည်ဟု အီရန်လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ ညှိနှိုင်းရေးကောင်စီ အတွင်းရေးမှူး အက်ဘာတော်ကန်က ပြောကြားသည်။

ယင်းနှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေး အကောင်အထည်ဖော်ရန်အလို့ငှာ အထူးသီးသန့်အသုံးပြုမည့် သယ်ယူပို့ဆောင်ရေးအဆောက်အအုံများ၊ ကုန်သိုလှောင်ရုံများနှင့် အအေးခန်းများ တည်ဆောက်ရန် ကာတာကုန်သည်များအတွက် အီရန်နိုင်ငံတောင်ပိုင်း ဘူရှီယာဆိပ်ကမ်းမြို့၌ မြေကွက်တစ်ကွက်နှင့် အီရန်ကုန်သည်များအတွက် ကာတာနိုင်ငံရှိ အယ်လ်ရူဝီဆိပ်ကမ်းမြို့နှင့် ဒိုဟာဆိပ်ကမ်းမြို့များတွင် မြေကွက်နှစ်ကွက်တို့ကို ခွဲဝေသတ်မှတ်ထားပြီးဖြစ်သည်ဟု တော်ကန်က ပြောကြားသည်။

ကာတာနိုင်ငံသည် (၂၀၁၄) ခုနှစ်၊ မတ်လ (၂၀) ရက်တွင် ကုန်ဆုံးသည့် အီရန်ပြက္ခဒိန်နှစ်အတွင်း အီရန်၏ (၃၃) နိုင်ငံမြောက် အရေးပါဆုံး ကုန်သွယ်ဖက်ဖြစ်သည်ဟု အီရန်အကောက်ခွန်ဌာန၏ ဖော်ပြချက်အရ သိရသည်။

ပြီးခဲ့သည့် အီရန်ပြက္ခဒိန်နှစ်အတွင်း အီရန်နှင့် ကာတာအကြား ရေနံမဟုတ်သော ကုန်ပစ္စည်းများ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ (၁၁၄ ဒသမ ၃) သန်းရှိပြီး ကာတာက ဒေါ်လာ (၁၇ ဒသမ ၇) သန်းတန်ဖိုးရှိသည့် ရေနံမဟုတ်သော ကုန်ပစ္စည်းများကို အီရန်နိုင်ငံသို့ တင်ပို့ပြီး အီရန်က ဒေါ်လာ (၉၆ ဒသမ ၆) သန်းတန်ဖိုးရှိသည့် ရေနံမဟုတ်သော ကုန်ပစ္စည်းများကို ကာတာနိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် စက်တင်ဘာလ (၂၁) ရက်က နယူးယောက်၌ တွေ့ဆုံဆွေးနွေးစဉ်တွင် အစ္စလာမ့်နိုင်ငံစစ်သွေးကြွအုပ်စုအား အတူတကွ ဆန့်ကျင်သွားရန် သဘောတူညီကြကြောင်း အီရန်အစိုးရက ကြေညာသည်။

အီရန်နိုင်ငံနှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံတို့ အကြား ဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီး မိုဟာမက်ဂျာဖက်ဇာရစ်က ပြောကြားသည်။

ဒေသတွင်းနှင့်ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ၎င်းက မျှော်လင့်ကြောင်း၊ မွတ်ဆလင်နိုင်ငံများ၏ အကျိုးစီးပွား ကိုလည်း ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ထင်မြင် ကြောင်း ၎င်းက ဆွေးနွေးပွဲအပြီးတွင် ပြောကြားသည်။

ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားအယ်လ် ဖိုင်ဆယ်က အစ္စလာမ္မစ်နိုင်ငံများ၏ အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် အကြမ်းဖက်တိုက်ခိုက်နေမှု အမှားများကို ရှောင်ရှားကြရန်နှင့် လက်ရှိဖြစ်ပေါ် နေသည့် ပြဿနာရပ်များကို မှန်မှန်ကန်ကန်ရင်ဆိုင် ဖြေရှင်းရန် လိုအပ်ကြောင်း ပြောကြားသည်။ အီရန် နိုင်ငံနှင့် ဆော်ဒီအာရေဗီးယားနိုင်ငံတို့သည် ဒေသ အတွင်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်မှ ဖျက်သင်္ဘောနှစ်စင်းသည် အီရန်နိုင်ငံ တန်ဒါဘက်စ်ပင်လယ်ကွေ့ဆိပ်ကမ်းသို့ မမျှော်လင့်ဘဲ ဆိုက်ရောက်လာခဲ့ရာ တရုတ်နှင့်အီရန် အကြား နှစ်နိုင်ငံဆက်ဆံရေးသစ် ခိုင်မာလာသည့် သဘောဖြစ်ကြောင်း အီရန်အစိုးရသတင်း မီဒီယာများ က စက်တင်ဘာလ (၂၂) ရက်တွင် ပြောကြားသည်။

အမေရိကန်ရေတပ်၏ အမှတ် (၅) ရေ တပ်မတော် အခြေစိုက်ရာ ဘာရိန်းနိုင်ငံ တစ်ဖက်ကမ်း အီရန်ပင်လယ်ကွေ့ဆိပ်ကမ်းသို့ တရုတ်ရေတပ် စစ်သင်္ဘောများ ပထမဆုံးအကြိမ်ဆိုက်ရောက်လာခဲ့ ခြင်းဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။

လေးရက်ကြာအလည်အပတ်ခရီးစဉ်အတွင်း တရုတ်ရေတပ်စစ်သင်္ဘောများသည် အီရန်ရေတပ်နှင့် တွဲဖက်၍ ပင်လယ်ရေကြောင်း ပူးတွဲရှာဖွေကယ်ဆယ်ရေး လေ့ကျင့်မှုများနှင့် ရေကြောင်းမတော်တဆမှု ကာကွယ်ရေး လေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

တရုတ်နှင့် အီရန်နိုင်ငံတို့ မကြာသေးမီနှစ်များ အတွင်း နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှု များကို တိုးချဲ့မြှင့်တင်လာခဲ့ရာ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အီရန်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ် ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ချူကလီးယားစွမ်းအင် အစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့်အင်အားကြီး ခြောက်နိုင်ငံအကြား အဆုံးသတ် သဘောတူညီမှု ရရှိရန်ကြိုးပမ်းနေချိန်အတွင်း ဒေသ တွင်းအကြမ်းဖက်လုပ်ရပ်များ မြင့်တက်လာခြင်းကို ဖြေရှင်းရန် နည်းလမ်းမှာ နိုင်ငံများကြား ညှိနှိုင်းတိုင်ပင် ဆွေးနွေးရန်၊ ပူးပေါင်းလုပ်ဆောင်ရန်နှင့် အတူတကွ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အီရန်သမ္မတ ရိုဟာနီက ပြောသည်။

အောက်တိုဘာလ (၂၇) ရက်က အီရန်နိုင်ငံ ဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီး ဖရန်ကော့စ်ဒယ်မာမို နှင့် အီရန်သမ္မတ ရိုဟာနီတို့တွေ့ဆုံရာတွင် အထက်ပါ အကြောင်းကို ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်ပြီး အကြမ်း ဖက်မှုများနှင့် အစွန်းရောက်ရောဂါများသည် အီဘိုလာ ရောဂါထက် ပိုကြောက်စရာကောင်းကြောင်း၊ ကိုယ်ရေး ကိစ္စကို ဩဇာကြီးမားသော နိုင်ငံများနှင့် တိုင်ပင်ရန် အသင့်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်ကို ပရက်စ်တီဗွီတွင် ထည့်သွင်းဖော်ပြသည်။

အီရန်နိုင်ငံက အီရတ်အရှေ့ပိုင်း၌ အိုင်အက်စ် တို့အား ပစ်မှတ်ထားကာ လွှန်ခဲ့သောရက်များက လေ ကြောင်းမှတိုက်ခိုက်လာကြောင်း ပင်တဂွန်ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံ အတွင်း လေကြောင်းမှ တိုက်ခိုက်နေသော အမေရိကန် အနေဖြင့် အီရန်နှင့်ပူးပေါင်းဆောင်ရွက်လိမ့်မည် မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီး ဂျွန်ကာဘိုင်က ပြောကြား သည်။ အီရန်စစ်ဘက်ထိပ်တန်း တာဝန်ရှိသူတစ်ဦး ကလည်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ငြင်းဆိုလိုက်သည်။

အီရန်နိုင်ငံအနေဖြင့် အဆိုပါညွန့်ပေါင်းအဖွဲ့သို့ ဝင်ရောက်လာပါက အမေရိကန်က လက်ဝါးကြီးအုပ် ချုပ်ကိုင်ဖွယ်မရှိကြောင်း အိုင်အက်စ်တို့အား ဘုံရန်သူ အဖြစ် တိုက်ခိုက်သွားရမည်ဖြစ်ကြောင်း အမေရိကန်က ပြောသည်။ (၁၉၇၉) ခုနှစ် အစ္စလာမ္မစ်တော်လှန်ရေး စတင်ကတည်းက အမေရိကန်နှင့် အီရန်တို့၏ ဆက်ဆံ ရေးသည် ဆိုးရွားလာခဲ့သည်။ ထိုနှစ်က တီဟီရန်ရှိ

အမေရိကန်သံရုံးကို အီရန်ကျောင်းသားများက သိမ်းပိုက်ပြီး အမေရိကန် (၅၂) ဦးကို ပြန်ပေးဆွဲခဲ့ပြီးနောက် ဝါရှင်တန်နှင့် ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့သည်။

အီရန်လေတပ်မှ အမေရိကန်လုပ် F4 Phantom ဂျက်တိုက်လေယာဉ်များသည် အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်ရှိ အိုင်အက်စ်တို့၏ စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ကာဘိုင်က ပြောသည်။

**မျက်မှောက်ရေးရာ** - ပထမဦးဆုံးအကြိမ်အဖြစ် အီရန်ရေတပ် စစ်သင်္ဘောနှစ်စင်းကို အတ္တလန္တိတ်သမုဒ္ဒရာရေပြင်သို့ စေလွှတ်ခဲ့ကြောင်း အီရန်အစိုးရရုပ်သံလွှင့်ဌာနက ဇန်နဝါရီလ (၂၀) ရက်တွင် ဖော်ပြသည်။

အဆိုပါရေယာဉ်စု၌ အီရန်ရေတပ်အရာရှိလောင်း (၃၀) ဦးတို့ကို လေ့ကျင့်သင်ကြားမှုများ ပြုလုပ်မည်ဖြစ်ပြီး ၎င်း၏စစ်ရေးမျှော်မှန်းချက်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှော်မှန်းချက်ရှိကြောင်း ဖော်ပြခြင်းမရှိပေ။ ယင်းအီရန်စစ်ရေယာဉ်အဖွဲ့အား ဝင်ရောက်ဆိုက်ကပ်ရပ်နားရန် မည်သည့်နိုင်ငံများ၏ ဆိပ်ကမ်းများမှလည်း ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ စစ်ဘက်အင်အားဖြန့်ကြက်မှုကို အရှေ့အလယ်ပိုင်းဒေသအထိ ပြသရန် ရည်မှန်းထားပြီး ၎င်းရေတပ်ဖွဲ့သင်္ဘောများကို ပုံမှန်အားဖြင့် အာဖရိကတိုက်အရှေ့ဘက်ကမ်းခြေ အေဒင်ပင်လယ်ကွေ့အထိ ဖြန့်ကြက်ထားကာ ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် ကုန်သွယ်ရေးကြောင်း ကာကွယ်ရေးများ လုပ်ဆောင်ခဲ့သည်။ လာမည့်နှစ်အနည်းငယ်အတွင်း နိုင်ငံတကာ ပင်လယ်ရေပိုင်နက်များအပါအဝင် အမေရိကန်ကမ်းလွန်ဒေသများသို့ပါ ၎င်း၏ရေတပ်သင်္ဘောများစေလွှတ်ရန် ရည်မှန်းထားကြောင်း (၂၀၁၂) ခုနှစ်တွင် အီရန်က ထုတ်ဖော်ပြောကြားခဲ့သည်။

စစ်ရေးလေ့လာစောင့်ကြည့်သူများ၏ သုံးသပ်ချက်များအရ မျက်မှောက်ကမ္ဘာတွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ရပ်နှင့်တစ်ရပ်၊ အုပ်စုတစ်စုနှင့်တစ်စုအချင်းချင်း သဘောထားနှင့် ခံယူချက်ကွဲပြားကာ စစ်မက်ဖြစ်ပွားမည့်အခြေအနေသို့ ရောက်လုနီးပါး ဖြစ်ပွားလျက်ရှိပြီး အဆိုပါဒေသများတွင် ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံလည်း အပါအဝင်ဖြစ်သည်။

(၁၀) ရာစုမှစတင်၍ ဆွန်နီနှင့် ရှီးယိုက်ကြား ခါးသီးမုန်းတီးစွာ တိုက်ခိုက်သတ်ဖြတ်မှု ပဋိပက္ခများ ဖြစ်ပွားလာခဲ့ပြီး အနာဂတ်တွင်လည်း ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သမိုင်းပညာရှင်များက သုံးသပ်ထားသည်။ ပါရှန်ပင်လယ်ကွေ့ ဆွန်နီအာရပ်ခြောက်နိုင်ငံအဖွဲ့က ရှီးယိုက်အီရန်များကို သုတ်သင်ရှင်းလင်းရမည်ဟု ခြိမ်းခြောက်ခဲ့ပြီး အစ္စရေးနိုင်ငံက အီရန်နျူကလီးယားစက်ရုံများကို ဗုံးကြဲတိုက်ခိုက်ရန် ကြံစည်နေမှုကို ဆော်ဒီခေါင်းဆောင်များက ကူညီရန် ပြင်ဆင်ထားသည်။ အီရန်နှင့်ရုရှားတို့၏ ရေနံနှင့်ကုန်စည်လဲလှယ်ရေးအစီအစဉ်က ထိုးနှက်မှုဖြစ်လာဖွယ်ရှိကြောင်း အနောက်အုပ်စုကဆိုသည်။

ထိုကာလအတွင်း အကျိုးအမြတ်မယူသော ပရဟိတအဖွဲ့အစည်းပိုင် မန်ဟတ်တန်အရပ်မှ မိုးမျှော်တိုက်တစ်လုံးကို အီရန်အစိုးရနှင့် ဆက်နွှယ်မှုများရှိသည်ဟု စွပ်စွဲကာ အမေရိကန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်တစ်ရပ်ထွက်ပေါ်လာခဲ့သည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်ရှိ မန်ဟတ်တန်အရပ်မှ အဆိုပါ အဆောက်အအုံသည် ပါရှန်နှင့် အစ္စလာမ့်ယဉ်ကျေးမှုဆိုင်ရာ အလာဗီဖောင်ဒေးရှင်းက အများစုပိုင်ဆိုင်ထားပြီး အမေရိကန်တရားရေးဌာန၏ အဆိုအရ ထိုအဆောက်အအုံရောင်းချရမှုမှ ရရှိတိုးပွားငွေများကို အီရန်က ထောက်ခံနေသည့် စစ်သွေးကြွများ၏ တိုက်ခိုက်မှုဒဏ်ခံနေရသူ အပြစ်မဲ့ပြည်သူများထံ ပေးဝေရန် သဘောတူခဲ့ကြောင်းသိရသည်။

အမေရိကန်အစိုးရရှေ့နေချုပ်ရုံးက အလာဗီဖောင်ဒေးရှင်းသည် အီရန်အစိုးရက ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း (၂၀၀၉) ခုနှစ်က စွပ်စွဲထားခဲ့ပြီး ပြီးခဲ့သည့် (၂၀၁၃) ခုနှစ်တွင် ဖက်ဒရယ်တရားရုံးတစ်ခုက အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့မှုများနှင့် ကိုက်ညီမှုရရှိသဖြင့် သိမ်းယူသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ မာဇီယာအက်ဖ်ခမ်းကမူ သီးခြားလွတ်လပ်စွာရပ်တည်နေသည့် ရန်ပုံငွေအဖွဲ့အစည်းတစ်စုပိုင်

မြေယာအဆောက်အအုံကို သိမ်းယူခြင်းမှာ အမေရိကန်တရားရေးစနစ်၏ ယုံကြည်စိတ်ချရမှုကို သံသယပွားစေခဲ့ကြောင်း တုံ့ပြန်ပြောဆိုလိုက်သည်။

အီရန်နိုင်ငံအနေဖြင့် အနောက်အုပ်စုနိုင်ငံများနှင့် သဘောတူညီမှုရရှိကာ ချုပ်ကိုင်ထားဆက်ဆံရေးဆောင်ရွက်လျက်ရှိသော်လည်း အနာဂတ်တွင် အမေရိကန်ပြည်ထောင်စုအပေါ် ဒုံးကျည်များဖြင့် အဓိကခြိမ်းခြောက်မှုများ ပြုလုပ်မည့်နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြခြင်းခံနေရဆဲဖြစ်သည်။ နိုင်ငံတကာလုံခြုံရေးဆိုင်ရာ အတ္တလန္တိတ်ဗဟိုဌာနတွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ဒုံးကျည်ကာကွယ်ရေးညီလာခံနှစ်ပတ်လည်နေ့အခါသမယတွင် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဂျိမ်းစ်ဝင်းဖဲလ်သ်က အီရန်နှင့် မြောက်ကိုရီးယား၏ ချုကလီးယားနှင့်တိုက်ချင်းပစ် ဒုံးကျည်အစီအစဉ် အဆင့်မြင့်တင်လျက်ရှိသည်ဟူသော အချက်များအပေါ် အခြေခံကာ သုံးသပ်ခဲ့ခြင်းဖြစ်သည်။

အိုင်အေအီးအေ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ ဧပြီလအတွင်း ထုတ်ပြန်ချက်သတင်းများအရ အီရန်၏ ယူရေနီယံသန့်စင်မှုကို ထက်ဝက်ခန့်လျှော့ချခဲ့ပြီဖြစ်ကြောင်း သိရသည်။ သဘောတူစာချုပ်အရ အမေရိကန်ပြည်ထောင်စုက အီရန်၏ ရန်ပုံငွေဒေါ်လာသန်း (၄၅၀) ခန့် ထိန်းချုပ်ထားမှုကို ပြန်လည်ပယ်ဖျက်ပေးခဲ့သည်။

အီရန်အစိုးရသည် နှစ်လယ်ပိုင်းတွင် ဖြစ်ပွားသည့် အီရတ်နှင့် အိုင်အက်စ်အိုင်အက်စ် စစ်သွေးကြွတို့၏ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရတ်၏ အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ခိုက်ရေးစစ်ပွဲတွင် အီရတ်အပေါ် ထောက်ခံအားပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့ပြီး အိုင်အက်စ်အိုင်အက်စ် စစ်သွေးကြွများကို အရိုင်းအစိုင်းများဟု ဝေဖန်ပြစ်တင်လိုက်သည်။

ပထဝီဝင်အနေအထားအရ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အီရန်အနေအဖြင့် အီရတ်နှင့် ဆီးရီးယားအပေါ် ရှိယိုက်မွတ်ဆလင် နိုင်ငံများဖြစ်သည့်အတွက် ဘဂ္ဂဒက်သို့ လေယာဉ်ပျံသန်းမှုများရပ်ဆိုင်းခြင်းအပါအဝင် နယ်စပ်လုံခြုံရေးများကိုပါတင်းကျပ်ထားခဲ့သည်။

**အင်ဒိုနီးရှားနိုင်ငံ။** ။ **နိုင်ငံရေး-** အင်ဒိုနီးရှားနိုင်ငံတွင် အမျိုးသားနှင့်ဒေသဆိုင်ရာပါလီမန်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန် ဧပြီလ (၉) ရက်တွင် ဆန္ဒမဲပေးခဲ့သည်။ အဆိုပါ ပါလီမန်ရွေးကောက်ပွဲသည် ဇူလိုင်လ (၉) ရက် သမ္မတရွေးကောက်ပွဲအတွက် ပါတီများက သမ္မတလောင်းများရွေးချယ်ပေးရန်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာ (၁၉,၀၀၀) အတွက် ယှဉ်ပြိုင်ခဲ့ရာတွင် အမျိုးသားပါလီမန်အမတ်နေရာ (၅၆၀) လည်း ပါဝင်သည်။ အတိုက်အခံဂိုဘာပါတီက (၁၄) ရာခိုင်နှုန်းဖြင့် ဒုတိယလိုက်သည်။ ယင်းနောက်တွင်မဟာအင်ဒိုနီးရှားလှုပ်ရှားမှုပါတီက (၁၂) ရာခိုင်နှုန်းရရှိသည်။ အာဏာရအင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ဒီမိုကရက်တစ်ပါတီက (၁၀) ရာခိုင်နှုန်းသာရရှိသည်။

သမ္မတရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်ကြသော သမ္မတလောင်းနှစ်ဦးမှာ ဂျာကာတာအုပ်ချုပ်ရေးမှူး ဂျိုကိုဝီဒိုဒိုနှင့် စစ်ဗိုလ်ချုပ်ဟောင်း ပရာဘိုဝိုဆူဘီယန်တိုတို့ဖြစ်သည်။ စစ်တမ်းအရ ဂျိုကိုဝီဟုသိကြသည့် ဝီဒိုဒိုသည် အစောပိုင်းကာလက လူကြိုက်များခဲ့သော်လည်း နောက်ပိုင်းတွင် ဆူဘီယန်တိုကိုလည်း လူကြိုက်များခဲ့သည်။

ဝီဒိုဒိုသည် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီမှ ဖြစ်ပြီး အောက်ခြေလူတန်းစားများတွင် နာမည်ကျော်ကြားမှုရရှိသည်။ အကျင့်ပျက်ခြစားမှုထူပြောသည်ဟု သတ်မှတ်ခံထားရသော အင်ဒိုနီးရှားနိုင်ငံတွင် သန့်ရှင်းသော နိုင်ငံရေးသမားတစ်ဦးအဖြစ် ဝီဒိုဒိုကိုမြို့ပြနှင့် ကျေးလက်လူငယ်များကယူဆကြသည်။ သို့သော် ဝီဒိုဒိုသည် နိုင်ငံရေးနယ်ပယ်တွင် အတွေ့အကြုံမရှိကြောင်း ဝေဖန်မှုများရှိခဲ့သည်။ ဆူဘီယန်တိုမှာမူ မဟာအင်ဒိုနီးရှားလှုပ်ရှားမှုပါတီမှဖြစ်ပြီး ဆုံးဖြတ်ချက်ပြတ်သားကာ ကာကွယ်ရေးနှင့်ပတ်သက်ပြီး အသိပညာပြည့်ဝသူတစ်ဦးဖြစ်ကြောင်း ယူဆခံထားရသည်။

အင်ဒိုနီးရှားမီဒီယာများက ၎င်းတို့နှစ်သက်သည့် သမ္မတလောင်းများနှင့်ပတ်သက်သည့် သတင်းများကို ဦးစားပေးဖော်ပြနေခဲ့သောကြောင့် သမ္မတဆူဆီလို

ဘန်ဘန်းယူဒိုယိုနိုက မျှတစွာဖော်ပြရန် ပြောကြားခဲ့သည်။ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတတစ်ဦးကို သက်တမ်းနှစ်ကြိမ်သာ ထမ်းဆောင်ခွင့်ပြုထားသောကြောင့် ဆူဆီလိုဘန်ဘန်းသည် အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးခဲ့သည်။



**သမ္မတလောင်း ဂျိုကိုဝီဒိုဒို မဲဆွယ်စည်းရုံးစဉ်**

သမ္မတသစ်ရွေးချယ်တင်မြှောက်ရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သန်း (၁၉၀) ခန့်ရှိပြီး (၂၀၁၄) ခုနှစ်၊ ဇူလိုင်လ (၉) ရက်တွင် စတင်မဲပေးခဲ့သည်။ ပြုပြင်ပြောင်းလဲရေးဝါဒီ ဂျကာတာမြို့တော်အုပ်ချုပ်ရေးမှူးဝီဒိုဒိုသည် ဇူလိုင်လ (၉) ရက် သမ္မတရွေးကောက်ပွဲ၌ ထောက်ခံမဲ (၅၃ ဒသမ ၁၅) ရာခိုင်နှုန်းဖြင့် အနိုင်ရရှိကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က (၂၀၁၄) ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်တွင် ကြေညာသည်။ ထိုသမ္မတရွေးကောက်ပွဲတွင် လူသန်းပေါင်း (၁၃၀) ခန့် ဆန္ဒမဲပေးခဲ့သည်။

ဤအောင်ပွဲသည် အင်ဒိုနီးရှားပြည်သူအားလုံး၏ အောင်ပွဲပင်ဖြစ်ကြောင်း ဂျကာတာမြို့တော် ဆင်ခြေဖုံးရှိဆိပ်ကမ်း၌ ရာပေါင်းများစွာသော ထောက်ခံသူများ၏ လူထုအစည်းအဝေးတွင် ဝီဒိုဒိုက ပြောကြားသည်။ အင်ဒိုနီးရှားရေကြောင်းသွားလာမှုပိုမိုအဆင်ပြေချောမွေ့စေရမည်ဟု ကြေညာထားသူမစ္စတာဝီဒိုဒိုသည် အဆိုပါလူထုအစည်းအဝေးသို့ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံရသူ ယူစွပ်ကာလာနှင့်အတူ ရောက်ရှိလာကြခြင်းဖြစ်သည်။ ပြည်သူတစ်ရပ်လုံးလက်တွဲ၍ ညီညွတ်သော အင်ဒိုနီးရှားကို ပြန်လည်တည်ဆောက်ကြရန် လူထုအစည်းအဝေးတွင် ၎င်းက နှိုးဆော်တိုက်တွန်းသည်။ အမေရိကန်နိုင်ငံကလည်း ကြိုဆိုချီးကျူးပါကြောင်း သဝဏ်လွှာပါးခဲ့သည်။

အောက်တိုဘာလ (၂၀) ရက်တွင် ကျမ်းသစ္စာကျိမ်ဆိုကာ ငါးနှစ်တာသမ္မတသက်တမ်းတာဝန်ယူမည့် မစ္စတာဝီဒိုဒိုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ကျဆင်းနေသည့်စီးပွားရေးကိုမြှင့်တင်ပေးရန် သန်း (၂၄၀) ရှိသော ပြည်သူတို့၏ကံကြမ္မာကို တိုးတက်အောင်ဆောင်ရွက်ပါမည်ဟူသော ကတိအတိုင်း ဆောင်ရွက်ပေးရန် တစ်ဖက်မှာလည်း စိန်ခေါ်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုဆူဘီယန်တိုကမူ သမ္မတသစ်အဖြစ် ရွေးချယ်ခံထားရသူဝီဒိုဒိုကို မိမိအနေဖြင့် ထောက်ခံမည်ဖြစ်သော်လည်း ၎င်း၏မူဝါဒနှင့် ပတ်သက်၍ ဝေဖန်ရန်ရှိပါက နောက်တွန့်နေလိမ့်မည်မဟုတ်ကြောင်း ပြောကြားသည်။ ဆူဘီယန်တိုသည် အင်ဒိုနီးရှားလွှတ်တော်ကို လွှမ်းမိုးထားသည့်အတိုက်အခံညွန့်ပေါင်းအုပ်စုကို ဦးဆောင်နေသူဖြစ်သည်။

အသက် (၅၃) နှစ်အရွယ် သမ္မတဝီဒိုဒို ကျမ်းသစ္စာကျိန်ဆိုပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တ်တို့တက်ရောက်ခဲ့ကြသည်။ ဂျိုကိုဝီဒိုဒိုသည် စစ်ဘက်နှင့် နိုင်ငံရေးနယ်ပယ်မှ မဟုတ်သော ပထမဆုံး အင်ဒိုနီးရှားသမ္မတဖြစ်လာသည်။ အောက်တိုဘာလ (၂၀) ရက်တွင် ၎င်းအားနန်းတော်၌ အထူးတီးဝိုင်းဖြင့် ကြိုဆိုခဲ့သည်။ အောက်တိုဘာလ (၁၉) ရက်တွင် ဝီဒိုဒိုသည် ရာထူးစွန့်လွှတ်တော့မည့် သမ္မတဟောင်းဆူစီလိုဘန်ဘန်းယူဒိုယိုနိုနှင့်သမ္မတနန်းတော်၌ တွေ့ဆုံခဲ့သည်။

သန့်ရှင်းသော အစိုးရအဖွဲ့သစ် ဖွဲ့စည်းမည်ဟူသော သန္နိဋ္ဌာန်ဖြင့် သမ္မတသစ်ဂျိုကိုဝီဒိုဒိုသည် ဝန်ကြီးအဖွဲ့သစ်အတွက် အမည်စာရင်းတင်သွင်းခဲ့ရာတွင် အမည်စာရင်းတင်သွင်းခံရသူများအနက် ရှစ်ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီက ကန့်ကွက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တို

ဘာလ (၂၂) ရက်တွင် သတင်းထုတ်ပြန်သည်။ ဝန်ကြီးအဖွဲ့သစ်အမည်စာရင်းအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီကို စိစစ်ပေးရန် သမ္မတသစ်က မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။ ယခင်က အစဉ်အလာမရှိခဲ့သော ထူးခြားသည့်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။

**မျက်မှောက်ရေးရာ** - အဲအေးရှားလေကြောင်းလိုင်းပိုင် အဲဘတ်စ် (အေ ၃၂၀-၂၀၀) အမျိုးအစားလေကြောင်း အမှတ် Qz 5801 သည် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့မှ ဒီဇင်ဘာလ (၂၈) ရက် ဒေသစံတော်ချိန် နံနက် (၅) နာရီ မိနစ် (၂၀) ခန့်တွင် စင်ကာပူနိုင်ငံသို့ ပျံသန်းစဉ် (၇) နာရီ (၂၄) မိနစ်မှ စတင်ကာ ပျောက်ဆုံးခဲ့ကြောင်း လေကြောင်းလိုင်းက အတည်ပြုခဲ့သည်။ လေယာဉ်နှင့်အဆက်အသွယ်မပြတ်တောက်မီ လေယာဉ်မှူးက ရာသီဥတုဆိုးရွားကြောင်းနှင့် လေကြောင်းပြောင်းလဲမောင်းနှင်ခွင့်ပြုရန် လေကြောင်းထိန်းချုပ်ရေးဌာနသို့ အကြောင်းကြားခဲ့သည်။ ထိုသို့အကြောင်းကြားပြီးနောက် လေယာဉ်သည် ဂျာဗားပင်လယ်ပေါ်တွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။ လေယာဉ်သည် အဆက်အသွယ်ပြတ်တောက်ချိန်တွင် စင်ကာပူ၊ ဂျကာတာ လေကြောင်းအချက်ပြဒေသ၏ အရှေ့တောင်ဘက်မိုင် (၂၁၀) ကျော် အင်ဒိုနီးရှားလေကြောင်းအချက်ပြဒေသ အင်ဒိုနီးရှားလေပိုင်နက်အတွင်း၌တည်ရှိသည်ဟု စင်ကာပူလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။ လေယာဉ်ပေါ်တွင် စုစုပေါင်း (၁၆၂) ဦးပါရှိကာ လေယာဉ်မောင်းနှစ်ဦး၊ လေယာဉ်ဝန်ထမ်းငါးဦးနှင့် ခရီးသည် (၁၅၅) ဦးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသား (၁၄၉) ဦး၊ တောင်ကိုရီးယားနိုင်ငံသားသုံးဦး၊ မလေးရှား၊ ဗြိတိန်နှင့် စင်ကာပူနိုင်ငံသားတစ်ဦးစီတို့ဖြစ်ကြောင်း လေကြောင်းလိုင်းမှ ထုတ်ပြန်သည်။ လေယာဉ်ရှာဖွေမှုမှာ ဒီဇင်ဘာလ (၂၉) ရက်အထိ ထူးခြားမှုမရှိဘဲ လေယာဉ်ပျံသန်းမှုလမ်းကြောင်း၊ နောက်ဆုံးအဆက်အသွယ်ရသော တည်နေရာများကို အခြေခံ၍ လေယာဉ်သည် ပင်လယ်ထဲသို့ပျက်ကျဖွယ်ရှိကြောင်း အင်ဒိုနီးရှားအမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌကခန့်မှန်းသည်။



အဲဘတ်စ် (အေ ၃၂၀-၂၀၀) အမျိုးအစားလေကြောင်း အမှတ် Qz 5801 ၏ အပျက်အစီးအပိုင်းအစများကို ရှာဖွေကြစဉ်

ပျောက်ဆုံးလေယာဉ်ကို အင်ဒိုနီးရှားနိုင်ငံမှ ဦးဆောင်ပြီး စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနိုင်ငံတို့က သင်္ဘောများနှင့် လေယာဉ်များကူညီပေးကာ ရှာဖွေခဲ့သည်။ အင်ဒိုနီးရှားအမျိုးသားကယ်ဆယ်ရေးနှင့် ရှာဖွေရေးအေဂျင်စီဥက္ကဋ္ဌက ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့ထံ အသံလှိုင်းဖြင့် ရေအောက်အရာဝတ္ထုများ၏တည်နေရာကို ရှာဖွေသော ဆိုနာနည်းပညာနှင့်ပတ်သက်၍ အကူအညီတောင်းခံထားကြောင်း ပြောကြားသည်။

ပျောက်ဆုံးလေယာဉ်ကိုမောင်းနှင်သူ ကပ္ပတိန်သည် လေယာဉ်မောင်းနှင်မှုပျံသန်းချိန်စုစုပေါင်း (၂၀၅၃၇) နာရီရှိပြီး အဲအေးရှားအင်ဒိုနီးရှားနှင့်အတူ နာရီပေါင်း (၆၁၀၀) ရှိသူဖြစ်သည်။ ပထမအရာရှိမှာ ပျံသန်းချိန် (၂၂၇၅) နာရီကျော်ရှိသည်။ လေယာဉ်ပျောက်ဆုံးပြီး တတိယမြောက်နေ့ ဒီဇင်ဘာလ (၃၀) ရက်တွင် အဲအေးရှားလေယာဉ်ရှာဖွေရေးအဖွဲ့က အင်ဒိုနီးရှားကမ်းလွန်၌ လေယာဉ်အပိုင်းအစများနှင့် ရုပ်အလောင်းဒါဇင်ပေါင်းများစွာတွေ့ရှိကြောင်း အင်ဒိုနီးရှားပြည်သူ့လေကြောင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဂျိုကိုမွာဂျတ်မော့ဂျိုကပြောကြားသည်။ လေယာဉ်အပျက်အစီးများကို ပန်ကာလန်ဘန်မြို့မှ အနောက်တောင်ဘက် ကီလိုမီတာ (၁၆၀) အကွာ ပင်လယ်ပြင်တွင် တွေ့ရှိခြင်းဖြစ်သည်။ ဒီဇင်ဘာလ

(၃၀) ရက်တွင် ရုပ်အလောင်း (၄၀) ကျော် ဆယ်ယူခဲ့ပြီးဖြစ်သည်။ လေယာဉ်အပျက်အစီးများကို အင်ဒိုနီးရှားလေတပ်စစ် လေယာဉ်တစ်စင်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေယာဉ်သည် အပျက်အစီးနှင့်ရုပ်အလောင်းများတွေ့ရှိရသည့် ဘော်နီယိုကျွန်း အနောက်တောင်ဘက် ဂျာဗားပင်လယ်ပြင်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟုယူဆကြသည်။

**နိုင်ငံတကာဆက်ဆံရေး** - ဩစတြေးလျဝန်ကြီးချုပ်တိုနီအက်ဘော့တ်သည် အင်ဒိုနီးရှားခေါင်းဆောင် ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ဖိတ်ကြားချက်အရ ဘာလီမြို့၌ မေလဒုတိယပတ်တွင်ကျင်းပမည့် အစိုးရချင်းဆက်ဆံရေးပွဲ့လင်းစွာ ဆွေးနွေးမှု ကွန်ဖရင့်သို့ တက်ရောက်ရန် ရည်ရွယ်ထားသော်လည်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက မေလ (၂၀) ရက်တွင် အင်ဒိုနီးရှားခရီးစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်းနှင့် မကြာမီတွေ့ဆုံခွင့်ရရန် မျှော်လင့်ကြောင်း ပြန်ကြားခဲ့သည်။ အကြောင်းမှာ အင်ဒိုနီးရှားမှ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ သယ်ဆောင်လာသော စက်လှေများကို ဩစတြေးလျဘက်မှ ပြန်လွှတ်လိုက်ခြင်းကြောင့် ဤသို့ခရီးစဉ်ဖျက်သိမ်းရကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ပင်လယ်ပြင်နယ်နိမိတ်အငြင်းပွားမှုကို နှစ် (၂၀) ကြာစေ့စပ်ဆွေးနွေးပြီးနောက် ဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ အငြင်းပွားမှုကို ဖြေရှင်းနိုင်ခြင်းသည် အင်အားမသုံးဘဲ အချုပ်အခြာအာဏာနယ်မြေ အငြင်းပွားမှုများကို မည်သို့ဖြေရှင်းသင့်ကြောင်း နမူနာကောင်းတစ်ခုဖြစ်ပါသည်ဟု အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနိုကလည်း ရေပြင်နယ်နိမိတ်ပြဿနာများကို တရားသဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရေးကို လိုလားသည်ဟုဆိုသည်။

အဆိုပါသဘောတူစာချုပ်ကို နယ်မြေအငြင်းပွားမှုအပေါ် ဒေသတွင်းတင်းမာမှုများမြင့်တက်လာချိန်တွင် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် မလေးရှားနယ်စပ်ရှိ အငြင်းပွားသောရေပြင်အနီးတွင် တပ်စခန်းတစ်ခုတည်ဆောက်ရန် အင်ဒိုနီးရှားနိုင်ငံက ရည်ရွယ်ကြောင်း အင်ဒိုနီးရှားတပ်မှူးက မေလ (၂၈) ရက်တွင် ပြောကြားသည်။

မြန်မာနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံကြား ကုန်သွယ်မှုပမာဏကို (၂၀၁၆) ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်းတစ်ထောင်အထိ တိုးမြှင့်ရန်အတွက် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုက မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့စဉ်နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံ၍အဆိုပြုခဲ့သည်။ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏမှာ (၂၀၁၀-၂၀၁၁) ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ (၃၁၆ ဒသမ ၅၉၉) သန်း ရှိခဲ့ပြီး သမ္မတဟောင်းဆူဆီလိုဘန်ဘန်းလက်ထက်တွင် (၂၀၁၅) ခုနှစ်မတိုင်မီ အမေရိကန်ဒေါ်လာ သန်း (၅၀၀) အထိ တိုးမြှင့်ရန် အဆိုပြုခဲ့သည်။ (၂၀၁၃) ခုနှစ်တွင် ဒေါ်လာ (၄၉၈) သန်းရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများစာရင်းတွင်ပါဝင်ပြီး စားအုန်းဆီ၊ ဆောက်လုပ်ရေးသုံးသံနှင့်သံမဏိပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ ပလတ်စတစ်ကုန်ကြမ်း၊ ဆေးပစ္စည်း၊ စက္ကူနှင့်မော်တော်ယာဉ်ပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့တင်သွင်းကာ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့သည်။

**အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) အရေး** - ကမ္ဘာပေါ်တွင် လူသားတို့သည် စားနပ်ရိက္ခာမလုံလောက်မှု၊ ကူးစက်မြန်ရောဂါများကျရောက်မှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှုတို့အပြင် အကြမ်းဖက်မှုအန္တရာယ်ကိုပါ ရင်ဆိုင်လာရသည်။

မွတ်ဆလင်ဘာသာဝင်များဖြစ်ကြသည့်ဆွန်နီအုပ်စုနှင့် ရှီယိုက်အုပ်စုတို့သည် သမိုင်းနှင့်ချီကာ မကျေနပ်မှုများ၊ မုန်းတီးမှုများပြင်းထန်လာခဲ့ကြပြီး ရက်စက်စွာ သတ်ဖြတ်မှုများ၊ တုံ့ပြန်ကလဲ့စားချေမှုများဖြင့် ရန်ဘက်များဖြစ်လာခဲ့ကြသည်။ အီရတ်နှင့် အီရန်နိုင်ငံတို့မှ အုပ်ချုပ်သူစီမံခန့်ခွဲသူများမှာ ရှီယိုက်များဖြစ်ကြသည်။ ထို့အတူ လက်ဘနွန်နှင့် ဆီးရီးယား

နိုင်ငံတို့တွင်လည်း ရှီယိုက်အများစုက ကြီးစိုးချုပ်ကိုင်နေကြသည်။ တစ်နည်းအားဖြင့် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးနီးပါးတွင် ရှီယိုက်မွတ်ဆလင်များမှာ ဦးစီးဦးဆောင်များ အစိုးရများဖြစ်ကြသည်။ ဆွန်နီမွတ်ဆလင်အများစုမှာ ဆော်ဒီအာရေးဗီးယားနိုင်ငံ အပါအဝင် ပါရှန်ပင်လယ်ကွေ့တွင် ခြောက်နိုင်ငံမျှသာရှိသည်။ ဤသို့ ဆွန်နီနှင့်ရှီယိုက်မွတ်ဆလင်ဘာသာဝင်အချင်းချင်း ရန်ဘက်ဖြစ်ခဲ့ခြင်း၏သမိုင်းကြောင်းမှာ ရှည်လျားရှုပ်ထွေးသည်။

ဆွန်နီအစွန်းရောက်တို့သည် ၉/၁၁ နယူးယောက်မြို့အကြမ်းဖက်မှုတွင် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ပူးပေါင်းခဲ့ပြီးနောက် အကြမ်းဖက်ခြင်းနှင့် အသေခံဗုံးခွဲခြင်းများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ယင်းလုပ် ဆောင်ချက်များကို ရှီယိုက်တို့က ပြန်လည်နှိမ်နင်းခဲ့သော်လည်း ဆွန်နီတို့ကအားသာလာခဲ့သည်။

ယခု (၂၀၁၄) ခုနှစ်အတွင်းတွင် ဆီးရီးယားနိုင်ငံအတွင်းခြေကုပ်ယူခဲ့သော ဆွန်နီအစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွအဖွဲ့ (အီရတ်နှင့်ဆီးရီးယားနိုင်ငံဆိုင်ရာ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ ISIS-Islamic State of Iraq and Syria) သည် အထူးအင်အားတောင့်တင်းလာသည်။ အီရတ်နိုင်ငံမိုဆူးမြို့ကို သိမ်းပိုက်စဉ်က ဒေါ်လာများအပါအဝင် အီရတ်နိုင်ငံတွင်းရှိ ရေနံမြေများကို သိမ်းပိုက်ထားသောကြောင့် ငွေကြေးအင်အားတောင့်တင်းသည်။ ထို့ပြင် ထိုးစစ်အတွင်း အမေရိကန်တို့၏ ခေတ်မီလက်နက်များကိုလည်းရရှိထားပြီး ဆီးရီးယားနှင့်အီရတ်တွင် နှစ်ပေါင်းအတန်ကြာ တိုက်ပွဲအတွေ့အကြုံရှိကြသောကြောင့် နည်းဗျူဟာအရ တိုက်ခိုက်ရေးကျွမ်းကျင်ကြသည်။ ဆက်ဒမ်ဟူစိန်၏ စစ်ရေးကျွမ်းကျင်သူများလည်းပါရှိကြသည်။ အင်အားတောင့်တင်းသဖြင့် ယင်းအဖွဲ့ကို အီရတ်ရှိ အယ်လ်ခိုင်ဒါဟုပင်ခေါ်ကြသည်။ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့၏ အကြီးအကဲမှာ အဘူဘာကာအယ်လ်ဘဂ္ဂဒက်ဒီဖြစ်သည်။ ယခင်က အီရတ်နှင့်ဆီးရီးယားနိုင်ငံဆိုင်ရာ အစ္စလာမ္မစ်နိုင်ငံ (ISIS) မှ နောက်ပိုင်းတွင် ပိုမိုကျယ်ပြန့်သည့်အဓိပ္ပာယ်ဖြင့် အစ္စလာမ္မစ်နိုင်ငံတော် Islamic Sate (IS) အမည်ကို သုံးစွဲခဲ့သည်။

အီရတ်နိုင်ငံသည် ဇွန်လနှင့်ဇူလိုင်လအတွင်းတွင် အိုင်အက်စ်များကို အပြင်းအထန် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။ စစ်သွေးကြွများသည် အီရတ်နိုင်ငံ တီကရစ်မြို့၊ မိုဆူးမြို့အပါအဝင် အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့ကို သိမ်းပိုက်ခဲ့ပြီး အသာစီးရနေခဲ့သည်။ ဇွန်လ (၁၀) ရက်တွင် မိုဆူးမြို့ကို သိမ်းပိုက်ခဲ့ကြသည်။ အီရတ်အစိုးရတပ်ဖွဲ့က ၎င်းမြို့များကို ပြန်လည်ရရှိရေးကြိုးပမ်းနေချိန်တွင်



**အိုင်အက်စ်စစ်သွေးကြွများ**

ဇွန်လ (၁၁) ရက်၌ စစ်သွေးကြွများက ၎င်းတို့ သိမ်းပိုက်ခဲ့သည့် အီရတ်နှင့်ဆီးရီးယားနိုင်ငံပိုင်ဒေသများကို စုစည်းကာ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ကြောင်း ကြေညာခဲ့သည်။

အိုင်အက်စ်များ၏အန္တရာယ်သည် အီရတ်၊ ဆီးရီးယားနိုင်ငံများသာမက ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာအနှံ့သို့ ကူးစက်လာနိုင်သည်။ အထူးသဖြင့် အီရတ်ရှိအမေရိကန်နိုင်ငံသားများ၊ ရှီယိုက်ဘာသာဝင်များ၊ ကာ့ဒ်မျိုးနွယ်များနှင့်အခြားမျိုးနွယ်စုများပါ သတ်ဖြတ်ခံရမည့်အရေးဖြစ်လာသောကြောင့် အမေရိကန်သမ္မတအိုဘားမားက ဆွန်နီအစွန်းရောက်များ ခြေကုပ်ယူထားရာနေရာများသို့လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရန် ဩဂုတ်လ (၈) ရက်တွင် အမိန့်ပေးခဲ့သည်။

အိုင်အက်စ်များကိုတိုက်ခိုက်ရာတွင် အစောပိုင်းကာလ၌ အီရတ်အစိုးရတပ်ဖွဲ့ကိုရုရှားနှင့်အီရန်နိုင်ငံက တိုက်လေယာဉ်အနည်းငယ်ပံ့ပိုးပေးသည်။ စစ်ဘက်

အကြံပေးတပ်ဖွဲ့များကိုလည်း စေလွှတ်ခဲ့သည်။ အိုင်အက်စ်များသည် အီရတ်နှင့် ဆီးရီးယားနယ်စပ်ရှိ အစိတ်အပိုင်းအများအပြားကို ချီတက်သိမ်းပိုက်ခဲ့သောကြောင့် အီရတ်ပြည်သူများစွာမှာ နေအိမ်များကို စွန့်ခွာခဲ့ရသည်။ ထို့ကြောင့် ကုလသမဂ္ဂက ဩဂုတ်လ (၁၄) ရက်တွင် အရေးပေါ်အခြေအနေကြေညာခဲ့သည်။ စစ်သွေးကြွများလက်မှ မိုဆူးဆည်ကို ဩဂုတ်လ (၁၈) ရက်တွင် ကာ့ဒ်တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်လေကြောင်းတိုက်ခိုက်မှု အကူအညီဖြင့် ပြန်လည်ရယူခဲ့သည်။ အိုင်အက်စ်များသည် ဩဂုတ်လအတွင်းတွင် ဘာသာမျိုးနွယ်မတူသူများဖြစ်သည့် အီရတ်မြောက်ပိုင်းရှိ ယာဇီဒီမျိုးနွယ်စုများကို လူမျိုးသုဉ်းသတ်ဖြတ်ခဲ့သည်။ ဆင်ဂျာတောင်တန်းများပေါ်တွင် ထွက်ပြေးတိမ်းရှောင်နေရသော ယာဇီဒီတို့ကို အမေရိကန်နိုင်ငံက လေကြောင်းမှ ရိက္ခာများချပေးခဲ့ရသည်။ စစ်သွေးကြွများသည် ၎င်းတို့နယ်မြေအတွင်းရှိ ကလေးသူငယ်များကိုလည်း အသေခံဗုံးခွဲခြင်းလုပ်ရပ်များကို ခိုင်းစေခဲ့သည်။

**ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းတိုက်ခိုက်ခြင်း** - အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်သတင်းထောက် ဂျိမ်းဖိုလေးနှင့် စတီဗင်ဆော့လော့တို့ကို ခေါင်းဖြတ်သတ်သည့်ဗီဒီယိုမှတ်တမ်းများကို စစ်သွေးကြွများက ကမ္ဘာသို့ထုတ်လွှင့်ခဲ့ပြီး ဗြိတိသျှကူညီထောက်ပံ့ရေး ဝန်ထမ်းဒေးဗစ်ဟိန်းစ်ကိုလည်းသတ်ဖြတ်ခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်နိုင်ငံတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပိုမိုပါဝင်ရန် ဖိတ်ခေါ်သကဲ့သို့ဖြစ်လာခဲ့သည်။ ယင်းသို့သော အခြေအနေတွင် စစ်သွေးကြွများက ဆီးရီးယားမြောက်ပိုင်း၊ အီရတ်အနောက်ပိုင်းနှင့် အလယ်ပိုင်းတို့ပါဝင်သော ကာလီဖိတ်နိုင်ငံသစ်ထူထောင်ကြောင်း ကြေညာသည်။ တူရကီတောင်ပိုင်း၊ ဂျော်ဒန်၊ လက်ဘနွန်၊ အစ္စရေးနှင့် ဆော်ဒီအာရေးဗီးယားအထိ ချဲ့ထွင်မည်ဖြစ်ကြောင်း ခြိမ်းခြောက်သည်။

ထို့ကြောင့်ပင် စက်တင်ဘာလ (၅) ရက်တွင် ဗြိတိန်နိုင်ငံဝေလနယ်၌ကျင်းပသော နေတိုးအဖွဲ့ဝင် (၁၀) နိုင်ငံ၏ ထိပ်သီးအစည်းအဝေး၌ စစ်သွေးကြွများကို အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အမေရိကန်သမ္မတအိုဘားမားသည် အီရတ်နိုင်ငံ၌ အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းပြီးသောအခါ စက်တင်ဘာလ (၁၀) ရက်တွင် အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) ဆန့်ကျင်ရေးမဟာဗျူဟာ လေးရပ်ကို ချမှတ်ခဲ့သည်။ ယင်းလေးရပ်မှာ အိုင်အက်စ်များကို ဆီးရီးယားနိုင်ငံအပါအဝင် မည်သည့်နိုင်ငံတွင်မျှ ခိုဝင်၍မရစေရန် လေကြောင်းမှတိုက်ခိုက်ရန်၊ ဆီးရီးယားသမ္မတအာဆတ်၏တပ်ဖွဲ့များမှလွဲ၍ အိုင်အက်စ်များကို တိုက်ခိုက်နေသော တပ်ဖွဲ့များကို အမေရိကန်နိုင်ငံမှ ပံ့ပိုးကူညီမှုများတိုးမြှင့်ရန်၊ အိုင်အက်စ်များကို အင်အားဖြည့်တင်းရန် ဝင်ရောက်နေသော တပ်ဖွဲ့ဝင်သစ်များကို ဟန့်တားပိတ်ပင်ရန်နှင့် အကြမ်းဖက်များ၏ ဘဏ္ဍာရေးဇစ်မြစ်များကို ဖြတ်တောက်ပြီး အိုင်အက်စ်များ၏ ထိုးစစ်ကြောင့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးရသော ဒုက္ခသည်များကို အမေရိကန်နိုင်ငံမှ အကူအညီများပေးအပ်သွားရန်တို့ဖြစ်သည်။

ယင်းမဟာဗျူဟာများကို အကောင်အထည်ဖော်ရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တူရကီ၊ ဆော်ဒီအာရေးဗီးယားနှင့် အီဂျစ်နိုင်ငံများသို့ သွားရောက်စည်းရုံးခဲ့သည်။ ထို့နောက် စက်တင်ဘာလ (၁၁) ရက်တွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ ဂျက်ဒါမြို့၌ နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနှင့် ဆွေးနွေးပြီးနောက် အာရပ် (၁၀) နိုင်ငံကိုယ်စားလှယ်များက အိုင်အက်စ်များကို ပူးပေါင်းတိုက်ခိုက်ရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်း (၁၀) နိုင်ငံမှာ အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ လက်ဘနွန်၊ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီ အာရေးဗီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) တို့ဖြစ်သည်။ ဂျက်ဒါအစည်းအဝေးတွင် နေတိုးအဖွဲ့ဝင် အစ္စလာမ္မစ်နိုင်ငံဖြစ်သည့် တူရကီနိုင်ငံ တက်ရောက်ခဲ့သော်လည်း ကြေညာချက်တွင် လက်မှတ်မထိုးခဲ့ချေ။ ထို့ပြင် အိုင်အက်စ်များကိုတိုက်ခိုက်ရာတွင် တူရကီလေတပ်

စခန်းများကို အသုံးပြုခွင့်မပေးခဲ့ပေ။ ယင်းသို့ ငြင်းဆန်ရခြင်းမှာ အိုင်အက်စ်များက ဖမ်းဆီးထားသော တူရကီ ဓားစာခံ (၄၉) ဦး၏ အသက်အန္တရာယ်ကြောင့်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။ အိုင်အက်စ်များကို တိုက်ခိုက်ရန် ညွန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ အာရပ် (၁၀) နိုင်ငံအပြင် နိုင်ငံပေါင်း (၄၀) ပါဝင်သည်။ ယင်းညွန့်ပေါင်းအဖွဲ့ဆွေးနွေးပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ စက်တင်ဘာလ (၁၅) ရက်တွင် ပြုလုပ်ခဲ့သည်။

အိုင်အက်စ်များကို နှိမ်နင်းရာတွင် ပြင်သစ်နှင့် ဩစတြေးလျတို့က အီရတ်နိုင်ငံအတွင်းရှိ စစ်စခန်းများကို တိုက်ခိုက်ရာတွင်သာ ပါဝင်ခဲ့ပြီး ဆီးရီးယားပိုင်နက်အတွင်းတွင် တိုက်ခိုက်ရန်အတွက် အမေရိကန်နှင့်မပူးပေါင်းခဲ့ပေ။ ဆီးရီးယားသမ္မတကမူ ဆီးရီးယားနိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများကို တိုက်ခိုက်ရန် နိုင်ငံတကာ၏ကြိုးပမ်းမှုမှန်သမျှကို ကြိုဆိုကြောင်း ပြောကြားသည်။ အီရန်သမ္မတ ရိုဟာနီက ကုလသမဂ္ဂနှင့် ဆီးရီးယားအစိုးရ၏ခွင့်ပြုချက်မပါသောကြောင့် တရားမဝင်ဟုပြောကြားသည်။ အီရန်သမ္မတကို အမေရိကန်နိုင်ငံက ညွန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ ဖိတ်ခေါ်ခြင်းမပြုခဲ့ပေ။

စက်တင်ဘာလ (၂၂) ရက်မှစ၍ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဩစတြေးလျ၊ ဗြိတိန်တို့နှင့် အာရပ် နိုင်ငံများက အမေရိကန် F.22,F.15,F.18 တိုက်လေယာဉ်များ၊ အသံထက် (၂ ဒသမ ၅) ဆမြန်သည့် F.15 E တိုက်လေယာဉ်များ၊ တစ်နာရီမိုင် (၉၀၀) နှုန်းပျံသန်းနိုင်သည့် B1 တိုက်လေယာဉ်ပျံများ အပါအဝင် အဆင့်မြင့်ဒုံးကျည်များ၊ အဖျက်စွမ်းအားကြီးမားသော လောင်ချာများဖြင့်တိုက်ခိုက်ကြသည်။ ဤသို့ အိုင်အက်စ်ချေမှုန်းရေးညွန့်ပေါင်းအဖွဲ့က ချေမှုန်းနေချိန်တွင် အိုင်အက်စ်အဖွဲ့မှာ ယင်းတို့ သိမ်းပိုက်ထားသည့် အီရတ်နယ်မြေများမှ ရေနံများကို ဈေးပေါပေါနှင့် ရောင်းချခြင်းဖြင့် တစ်နေ့လျှင် ဒေါ်လာငါးသန်းခန့် ဝင်ငွေရှိနေသည်ဟု သတင်းများကဆိုသည်။

စက်တင်ဘာလ (၂၆) ရက်မှစ၍ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က တစ်လခွဲခန့် အချိန်အတွင်းတွင် လေကြောင်းတိုက်ခိုက်မှုအကြိမ် (၃၀၀) ခန့် ပြုလုပ်ခဲ့သည့်ကြားမှ တိုက်ပွဲများပြင်းထန်ခဲ့သည်။ အိုင်အက်စ်အဖွဲ့တွင် လက်နက်ကိုင်အင်အား သုံးသောင်းနီးပါးရှိသည်ဟု ခန့်မှန်းကြပြီး အောက်တိုဘာလအထိ လှုပ်ရှားနေဆဲ ဖြစ်သောကြောင့် လေကြောင်းတိုက်ခိုက်မှုဖြင့် မလုံလောက်ကြောင်းနှင့် အပြတ်ချေမှုန်းရန် အချိန်ယူရမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ပိုင်နက်နယ်မြေကို ဖြတ်ကျော်ပြီး ဆီးရီးယားနိုင်ငံတွင်းသို့ဝင်ရောက်ကြသော အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းခြင်းမရှိသဖြင့် နိုင်ငံတကာ၏ပြစ်တင်ဝေဖန်မှုများကို ရင်ဆိုင်နေရသော တူရကီနိုင်ငံသည် ဒီဇင်ဘာလ (၂၅) ရက်တွင် တူရကီနိုင်ငံအန်ကာရာမြို့၌ အီရတ်ဝန်ကြီးချုပ်နှင့် တူရကီဝန်ကြီးချုပ်တို့ တွေ့ဆုံပြီးနောက် အီရတ်နိုင်ငံကို အကူအညီပေးရန် ကတိပြုခဲ့သည်။

အောက်တိုဘာလ (၁) ရက်တွင် တူရကီပါလီမန်က ချေမှုန်းရေးညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့သည်။ ဒိန်းမတ်နိုင်ငံကလည်း အောက်တိုဘာလ (၂၇) ရက်တွင် ချေမှုန်းရေးညွန့်ပေါင်းအဖွဲ့တွင် ပါဝင်တိုက်ခိုက်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။ သို့သော် ဒေသအသီးသီးရှိ အစွန်းရောက်ဂျီဟတ်တို့သည် အိုင်အက်စ်တို့နှင့် ပူးပေါင်းမှုများရှိသည်။ ကုလသမဂ္ဂအဖွဲ့သည် အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းနေကြသော အကြမ်းဖက်သမားများကို အလေးထားစောင့်ကြည့်ထိန်းချုပ်ရန် သက်ဆိုင်ရာနိုင်ငံများအား လှုံ့ဆော်ခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကပင် အောက်တိုဘာလ (၃) ရက်တွင် အိုင်အက်စ်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများကို ဖော်ပြထားသည့် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ ကလေးသူငယ်များကို အဓမ္မစစ်ထဲသွတ်သွင်းခြင်း၊ အမျိုးသမီးများကို လိင်ကျေးကျွန်အဖြစ်အသုံးချခြင်း၊ ဘာသာခြား၊ အနွယ်ခြားများအပေါ် လူ့အခွင့်အရေးများချိုးဖောက်ခြင်း၊ အထူးသဖြင့် အီရတ်နိုင်ငံသားနှစ်သန်းနီးပါး အိုးအိမ်များကိုစွန့်ခွာထွက်ပြေးရခြင်းများကိုကျူးလွန်

ကြောင်း ဖော်ပြထားသည်။ ထိုမျှသာမက အီရတ်ရှိ ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အထင်ကရ သမိုင်းဝင်အဆောက်အအုံများကိုလည်း ဖျက်ဆီးခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် လေကြောင်းစစ်ဆင်ရေးဖြင့် မဟာဗျူဟာမြောက်အောင်ပွဲမရရှိပါက အမေရိကန်ဗိုလ်ချုပ်ကြီးများက မြေပြင်စစ်ဆင်ရေးပြုလုပ်ရန် လိုလားကြသည်။ သမ္မတအိုဘားမားကမူ မြေပြင်စစ်ဆင်ရေးမပြုလုပ်ဘဲ အောင်ပွဲဆင်ရန်လိုလားသည်။

အာရပ်ဒေသမှ ပုဂ္ဂိုလ်များက အိုင်အက်စ်အဖွဲ့ဝင်မှာ နှစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ (၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလအထိ အိုင်အက်စ်တပ်ဖွဲ့ဝင်များသည် အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၏ နယ်မြေသုံးပုံတစ်ပုံကို သိမ်းပိုက်ထားခဲ့သည်။ အိုင်အက်စ်အုပ်စုသည် အသေခံဗုံးခွဲခြင်း၊ မြေမြှုပ်မိုင်းများအသုံးပြုခြင်း၊ တင့်ကားများအသုံးပြုခြင်း၊ ခေတ်မီစစ်ယာဉ်များကို အသုံးပြုခြင်းဖြင့် တိုက်ပွဲဝင်ကြသည်။

ယင်းသို့ အိုင်အက်စ်အဖွဲ့များက တိုက်ပွဲဝင်နယ်ပယ်ချဲ့ထွင်နေချိန်တွင် အမေရိကန်နှင့် ညွန့်ပေါင်းအဖွဲ့သည် 'Operation Inherent Resolve' စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ ဆီးရီးယားနှင့်အီရတ်ရှိ အိုင်အက်စ်အခြေစိုက်စခန်းများသို့ အကြိမ်ပေါင်း (၇၀၀၀) နီးပါးပျံသန်းပြီး ဗုံးပေါင်း (၁၈၀၀) နီးပါးကြဲချကာ နှိမ်နင်းခဲ့သည်။ နိုဝင်ဘာလနောက်ပိုင်းတွင် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များက အကြိမ် (၂၀) ကျော်မျှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ယင်းသို့ တိုက်ခိုက်ခဲ့ခြင်းကြောင့် အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ်ဘဂ္ဂဒက်ဒီ အပါအဝင်ထိပ်တန်းခေါင်းဆောင်များဒဏ်ရာရရှိပြီး တပ်မှူးများ ကျဆုံးခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဆော်ဒီအာရေဗီးယား၊ ဘာရိန်း၊ ယူအေအီးနှင့် ဂျော်ဒန်နိုင်ငံတို့ကလည်း ဗုံးကြဲလေယာဉ်၊ ဒရုန်းလေယာဉ်များဖြင့် စစ်ဆင်ရေးတွင် ပူးပေါင်းခဲ့ကြသည်။ သို့ဖြင့် အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး မာတင်ဒမ်ဆေးက အိုင်အက်စ်တို့၏ တိုက်ခိုက်မှုစွမ်းရည်လျော့ကျလာပြီဖြစ်ကြောင်း၊ ထပ်မံနှိမ်နင်းရန် တပ်ဖွဲ့ဝင်အင်အားရှစ်သောင်းလိုကြောင်းနှင့် နှစ်နှင့်ချီကာ ချေမှုန်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်တွင် အမေရိကန်အကြံပေး (၂၀၀၀) ကျော်ရှိပြီး ဆီးရီးယားနှင့် အီရတ်လေကြောင်း စစ်ဆင်ရေးများအတွက် အမေရိကန်တပ်မတော်သည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ (၁၀) သန်းမျှ သုံးစွဲနေရသည်ဟု သတင်းများကဖော်ပြသည်။ အမေရိကန်သမ္မတဘားရက်အိုဘားမား၊ ပင်တဂွန်စစ်ဌာနချုပ် အကြီးအကဲများနှင့် လွှတ်တော်အမတ်များသည် နိုဝင်ဘာလနောက်ပိုင်းတွင် တွေ့ဆုံကာ စစ်ရေးစရိတ် (၅ ဒသမ ၆) ဘီလီယံဒေါ်လာတောင်းခံရန် ဆောင်ရွက်ခဲ့ကြသည်။

ညွန့်ပေါင်းတပ်ဖွဲ့တိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွများသည် ဆုတ်ခွာနေရပြီး ရိက္ကာတန်ချိန်တစ်သန်းကျော်ကို ဆီးရီးယားနိုင်ငံ ရက်ကာဒေသသို့ ပြောင်းရွှေ့သယ်ဆောင်ရသည်ဟု သတင်းများက ဆိုသည်။ ညွန့်ပေါင်းတပ်ဖွဲ့၏ ပြင်းထန်စွာတိုက်ခိုက်မှုကြောင့် အိုင်အက်စ်အဖွဲ့အင်အားလျော့ပါးစပြုခဲ့ပြီး ခေါင်းဆောင်ကို လုပ်ကြံနိုင်ပါက အိုင်အက်စ်အဖွဲ့ပြိုကွဲသွားနိုင်ကြောင်း စစ်ရေးပါရဂူများက နိုဝင်ဘာလနောက်ဆုံးပတ်တွင် ခန့်မှန်းကြသည်။

အိုင်အက်စ်တို့က စစ်သွေးကြွလူငယ်တစ်ဦးကို တစ်လလျှင်လစာငွေ အမေရိကန်ဒေါ်လာ (၄၀၀) ပေးကာ စည်းရုံးသည့်နည်းတူ မာလီနိုင်ငံနှင့် အီဂျစ်နိုင်ငံဆိုင်းနိုင်းကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့၊ မြောက်အာဖရိကရှိ အစွန်းရောက်အစ္စလာမ္မစ်အဖွဲ့၊ နိုင်ဂျီးရီးယားနိုင်ငံရှိ ဘိုကိုဟာရမ်အဖွဲ့နှင့် ပါကစ္စတန်ရှိ အစွန်းရောက်အဖွဲ့များကလည်း အိုင်အက်စ်အဖွဲ့ထံ သစ္စာခံကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ထို့ပြင် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသရှိ အစွန်းရောက်အဖွဲ့များကလည်း အိုင်အက်စ်ကို ထောက်ခံခဲ့ကြသည်။

**ကူဘာနီမြို့အရေးအခင်း** - စက်တင်ဘာလဆန်းမှစ၍ အိုင်အက်စ်အဖွဲ့သည် ဆီးရီးယားနိုင်ငံ နယ်စပ်မြို့

ဖြစ်သည့် ကာ့ဒ်လူမျိုးများနေထိုင်ရာ ကူဘာနီမြို့ကို လက်နက်ကြီးများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဆီးရီးယားရှိ ကာ့ဒ်တပ်ဖွဲ့များအပြင် ကာ့ဒ်အမျိုးသမီး ပြည်သူ့စစ်ရဲမေများကလည်း ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။ သို့သော် အင်အားမမျှသောကြောင့် သုံးပတ်အတွင်း လူ (၄၀၀) ကျော်သေဆုံးသည်။ ဆီးရီးယားလူမျိုး (၁၆၀,၀၀၀) ကျော်မှာ နယ်မြေချင်း ထိစပ်နေသော တူရကီနိုင်ငံအတွင်း ထွက်ခွာခဲ့ရသည်။ ကူဘာနီအရေးအခင်းတွင် ယင်းအချိန်က တူရကီနိုင်ငံမှ စစ်ရေးအရပါဝင်မှုမရှိသောကြောင့် နိုင်ငံတကာက ဝေဖန်ခဲ့သည်။ စစ်သွေးကြွအဖွဲ့သည် လက်နက်မျိုးစုံဖြင့် တိုက်ခိုက်ရာ ရုရှားနိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အီရန်နိုင်ငံနှင့် တရုတ်နိုင်ငံလုပ်လက်နက်များလည်း ပါဝင်သည်ဟုဆိုကြသည်။

အောက်တိုဘာလ ဒုတိယပတ်တွင် အိုင်အက်စ်တို့သည် ဘဂ္ဂဒက်နှင့် ဆီးရီးယားနယ်စပ်အန်ဘာဆိုင်ဒေသကို ထိုးစစ်ဆင်ခဲ့ရာ လူပေါင်းတစ်သိန်းရှစ်သောင်းကျော် အိုးအိမ်များစွန့်ခွာခဲ့ကြရသည်။ အိုင်အက်စ်တို့က ကူဘာနီမြို့ကို သိမ်းပိုက်ရန် လုပ်ဆောင်နေချိန်တွင် ကာ့ဒ်မျိုးနွယ်စုတိုက်ခိုက်ရေးသမားများကို အမေရိကန်ပြည်ထောင်စုနှင့် ညွန့်ပေါင်းတပ်ဖွဲ့များက လက်နက်၊ ဆေးဝါးနှင့် အစားအစာများကို လေယာဉ်ဖြင့်ချပေးရကြောင်း အောက်တိုဘာလ (၂၀) ရက် သတင်းများကဖော်ပြသည်။

**အာရှနိုင်ငံများ၏ အကူအညီရယူရန် ကြိုးပမ်းခြင်း** - အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီက အိုင်အက်စ်ကို တိုက်ခိုက်ရာတွင် အာရှနိုင်ငံများ၏ အကူအညီရယူရေးကြိုးပမ်းခဲ့ကြောင်း အောက်တိုဘာလ (၂၀) ရက် သတင်းများက ဖော်ပြသည်။ အာရှတိုက်၏ အင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံကမူ အိုင်အက်စ်ကို တိုက်ခိုက်မှုများတွင် ပါဝင်ခြင်းပြုမည်မဟုတ်ဘဲ အိုင်အက်စ်တို့နှင့်ပူးပေါင်းရန် အစွန်းရောက်ပြည်သူများ ထပ်မံဝင်ရောက်နေခြင်းကိုသာ အဓိကထားဖြေရှင်းသွားမည်ဟု အောက်တိုဘာလအတွင်းက ပြောကြားသည်။ ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း စစ်သွေးကြွအဖွဲ့နှိမ်နင်းရေးစစ်ပွဲတွင် ပါဝင်မည်မဟုတ်ဘဲ ထောက်လှမ်းရေးသတင်းများမျှဝေပေးခြင်းနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး သင်တန်းပေးမှုများဆောင်ရွက်နေသည်ဟု အောက်တိုဘာလအတွင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အိန္ဒိယနိုင်ငံ။** ။ **နိုင်ငံရေး** - အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ဧပြီလနှင့်မေလအတွင်းတွင် ကျင်းပခဲ့သည်။ အောက်လွှတ်တော်၌ ဆန္ဒမဲပေးခြင်းကို (၂၀၁၄) ခုနှစ်၊ ဧပြီလ (၇) ရက်မှ မေလ (၁၂) ရက်အထိကျင်းပပြီး မေလ (၁၆) ရက်တွင် မဲများရေတွက်သည်။ မဲပေးနိုင်သူ ဦးရေ (၈၁၄) သန်းရှိသည်။ အိန္ဒိယအောက်လွှတ်တော်အတွင်း အမတ်နေရာ (၅၄၃) နေရာရှိပြီး မည်သည့်ပါတီ (သို့မဟုတ်) ညွန့်ပေါင်းအဖွဲ့မဆို အစိုးရဖွဲ့ရန် အမတ်နေရာအနည်းဆုံး (၂၇၂) နေရာရရှိရမည်ဟုဆိုသည်။ မဲပေးသည့် မဲရုံပေါင်း (၉၃၀,၀၀၀) ရှိသည်။

(၂၀၁၄) ခုနှစ်၊ ဧပြီလ (၁၀) ရက်တွင် တတိယဆင့်ရွေးကောက်ပွဲကို နယူးဒေလီ၏မဲဆန္ဒနယ် ခုနစ်ခုမှ ရွေ့ဆောင်ကျင်းပသည်။ ယခုရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအဆင်ပြေစေရန် ထောင်ပေါင်းများစွာသော ရဲတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချခဲ့သည်။ အဓိကယှဉ်ပြိုင်ဘက်များမှာ မစ္စတာရာဟူးဂန္ဒီ ဦးဆောင်သော ကွန်ဂရက်ပါတီနှင့် မစ္စတာနရိန္ဒြာမိုဒီ ဦးဆောင်သော ဘနာတီယာဂျနာတာပါတီ (ဘီဂျေပီ) တို့ဖြစ်သည်။

အိန္ဒိယအထွေထွေရွေးကောက်ပွဲသည် ကမ္ဘာ့အကြီးဆုံးနှင့် အရှည်ကြာဆုံး ဒီမိုကရေစီနည်းလမ်းတကျရွေးကောက်ပွဲဖြစ်ပြီး မေလ (၁၂) ရက်က အဆုံးသတ်ခဲ့သည်။ ဘီဂျေပီပါတီသည် နှစ် (၃၀) အတွင်း အခြားပါတီများစွာကို ပြတ်သားစွာ အနိုင်ယူခဲ့သည်။ ရွေးကောက်ပွဲမဲပေးမှုကို ကိုးကြိမ်ပြုလုပ်ခဲ့ပြီး အချိန်ကာလအားဖြင့် ငါးပတ်ကြာခဲ့သည်။ ရွေးကောက်ပွဲပြီးဆုံးသည့်အခါ ဘီဂျေပီပါတီမှ ဟိန္ဒူအမျိုးသားရေးဝါဒီ နရိန္ဒြာမိုဒီသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် (၂၀၁၄) ခုနှစ်၊ မေလ (၁၆) ရက်တွင် တရားဝင်အောင်ပွဲ

ခံခဲ့သည်။ တိုင်းပြည်စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်သွားမည်ဟု ကြွေးကြော်ထားသော အသက် (၆၃) နှစ် ရှိပြီဖြစ်သည့် မိုဒီကို အမေရိကန်နိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့ဖူးသောကြောင့် နောင်တွင်နှစ်နိုင်ငံဆက်ဆံရေးမှာ အငြင်းပွားစရာဖြစ်လာမည်ကို အများစုကစိုးရိမ်ကြသည်။



**အိန္ဒိယဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီ**

လက်ရှိဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် မေလ (၁၇) ရက်တွင် သမ္မတထံနုတ်ထွက်စာတင်မည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဆင်းက ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် မိုဒီအနိုင်ရရှိမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ဖော်ပြောကြားသည်။

မိုဒီနိုင်ငံ့ခေါင်းဆောင်ဖြစ်လာခြင်းသည် ကမ္ဘာ့လူဦးရေအထူထပ်ဆုံး ဒီမိုကရေစီနိုင်ငံတွင် အပြောင်းအလဲတစ်ခုဖြစ်လာလိမ့်မည်ဟု ကျွမ်းကျင်သူများက ယူဆထားကြသည်။ အကြောင်းမူကား (၁၉၄၇) ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ အိန္ဒိယ၌ကြီးစိုးခဲ့သော အမျိုးသားကွန်ဂရက်ပါတီကို မိုဒီကအနိုင်ယူခဲ့၍ပင် ဖြစ်သည်။ ကွန်ဂရက်ပါတီသည် အကျင့်ပျက်ခြစားမှုများ တိုးပွားလာခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်းနှင့်အတူ တိုင်းပြည်၏စီးပွားရေးကျဆင်းလာခြင်းတို့ကြောင့် လူကြိုက်နည်းလာရခြင်းဖြစ်သည်။

ယခင်က လက်ဖက်ရည်အရောင်းသမားဘဝမှ ဂူဂျာရက်ပြည်နယ်၏ အကြီးအကဲဖြစ်လာကာ နောက်ဆုံးတွင် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသော မိုဒီကို လူထုက တစ်ခဲနက်ထောက်ခံခဲ့ကြသည်။ ဂူဂျာရက်ပြည်နယ်ကို မိုဒီအုပ်ချုပ်စဉ်ကာလ၌ မွတ်ဆလင်ဆန့်ကျင်ရေးများဖြစ်ပွားခဲ့ပြီး လူ (၁၀၀၀) ကျော်ခန့် သတ်ဖြတ်ခံခဲ့ရကာ အများစုမှာ အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ခြင်းကြောင့် ၎င်းကိုအမေရိကန်နိုင်ငံက ပြည်ဝင်ခွင့် ပိတ်ပင်ခဲ့ဖူးသည်။ ထို့ကြောင့် မိုဒီသည် အမေရိကန်ထက်စာလျှင် တရုတ်လိုလားသူသာ ဖြစ်ဖွယ်ရှိသည်ဟု ဝေဖန်မှုများရှိသည်။

ဝန်ကြီးချုပ်သည် မေလတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီး (၄၅) ဦးခန့်အပ်ခဲ့ပြီးနောက် နိုဝင်ဘာလ (၁၀) ရက်တွင် ဝန်ကြီးဦးရေ (၆၅) ဦးဖြင့် အစိုးရအဖွဲ့ကို တိုးချဲ့ ဖွဲ့စည်းခဲ့သည်။ တိုးချဲ့ခန့်ထားခြင်းနှင့်အတူ ဝန်ကြီးအပြောင်းအလဲကိုလည်းပြုလုပ်ခဲ့ရာ ဂိုအာပြည်နယ် ဝန်ကြီးချုပ်မာနိုဟာပါရီကာကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ယင်းသို့ အစိုးရအဖွဲ့အတွင်း ဝန်ကြီးများစွာထားရှိခြင်းသည် အစိုးရ၏ စီးပွားရေးပြုပြင်မှုကို ဝန်ပိစေကြောင်း ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။

**စစ်ရေး**- အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စစ်အသုံးစရိတ်အများဆုံး (၁၅) နိုင်ငံတွင် ကိုးနေရာမြောက်ရောက်ရှိလာပြီဖြစ်ကြောင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအကြံပေးအဖွဲ့က ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးသုတေသနအဖွဲ့က အိန္ဒိယနိုင်ငံကို ကာကွယ်ရေးအသုံးစရိတ်အများဆုံး (၁၅) နိုင်ငံစာရင်းတွင် ကိုးနိုင်ငံမြောက်၌ ထားခဲ့ပြီးတစ်ဖက်တွင် ဂျာမနီနှင့် ဂျပန်၊ အခြားတစ်ဖက်တွင် တောင်ကိုရီးယားနှင့် အီတလီနိုင်ငံများအကြား ကြားညှပ်နေခဲ့သည်ဟု အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့သည် ကင်ဘာရာမှ နယူးဒေလီသို့ ယူရေနီယမ်တင်ပို့မှု အပေါ် အခြေခံပြီး နျူကလီးယားစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ စက်တင်ဘာလ (၁၅) ရက်က အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာမိုဒီနှင့်အလည်အပတ်ရောက်ရှိနေသော ဩစတြေးလျဝန်ကြီးချုပ်တိုနီအက်ဘော့တ်တို့သည် အိန္ဒိယနိုင်ငံ၏လိုအပ်နေသော စွမ်းအင်ကို

ဖြည့်ဆည်းပေးနိုင်ရေး၊ သန့်စင်ပြီးယူရေနီယမ်ပေးပို့ရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးသည်။ နှစ်နိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပွဲအပြီး မိုဒီကသတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့ပြင် မြေပြင်ပစ်နျူကလီးယားထိပ်ဖူး သယ်ဆောင်သွားနိုင်သော အဂ္ဂနိဒုံးပျံကို ဩရိဿပြည်နယ် အရှေ့ပိုင်းစစ်အခြေစိုက်စခန်း၌ (၂၀၁၇) ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဒေသမီဒီယာက သတင်းထုတ်ပြန်သည်။ အဆိုပါဒုံးပျံကို အိန္ဒိယလက်နက်ကိုင်တပ်ဖွဲ့က ဘားရပ်ခရိုင်ဒရမ်ရာမြို့အနီး ကျွန်းစုတစ်ခုမှ စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ၎င်းဒုံးပျံသည် တာတိုခရီးပစ်နိုင်သည့်ဒုံးပျံဖြစ်ပြီး တိုက်ချင်းပစ်အဂ္ဂနိဒုံးပျံကို အခြေခံထုတ်လုပ်ထားသည်။ ၎င်းသည် ကီလိုမီတာ (၇၀၀) မှ (၉၀၀) အထိပစ်ခတ်နိုင်သည်။ ထိုဒုံးပျံသည် တစ်စက္ကန့်လျှင် (၂ ဒသမ ၅) ကီလိုမီတာ အမြန်နှုန်းဖြင့်ပစ်ခတ်နိုင်သည်။

နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ခရုဇ်ဒုံးကျည်အမျိုးအစားသစ်ကို အိန္ဒိယနိုင်ငံက အရှေ့ပိုင်းဩရိဿပြည်နယ်ရှိ စမ်းသပ်ရေးကွင်းတွင် (၂၀၁၇) ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်၌ စမ်းသပ်ပစ်ခတ်ခဲ့သည်။ ယင်းကွင်း၌ပင် မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ကာကွယ်ရေးတာဝန်ရှိသူများက ပြောကြားကြသည်။ နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သော ကာကွယ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့က သုတေသနပြုတည်ထောင်ခဲ့သော ခရုဇ်ဒုံးကျည်သည် ရေဒါဖြင့် ထောက်လှမ်းနိုင်ခြင်းမရှိသော ဒုံးကျည်ဖြစ်ပြီး ပြည်တွင်းနည်းပညာဖြင့် ပြုလုပ်ဖန်တီးခဲ့ခြင်းဖြစ်သည်။

**စီးပွားရေး**-အိန္ဒိယနိုင်ငံသည် အာရှ၏တတိယအကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းနှင့် ငွေကြေးဖောင်းပွမှုများကို ရင်ဆိုင်နေရသည်။ စီးပွားရေးတိုးတက်လာစေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကားနှင့်မိုဘိုင်းဖုန်းများအပေါ် ကောက်ခံသည့်အခွန်ကို လျှော့ချလိုက်ပြီဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပါဟေနီယာပန်ချီဒန်းဘာရမ်က ပြောကြားသည်။

ကမ္ဘာ့ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော တိုယိုတာကုမ္ပဏီသည် အိန္ဒိယနိုင်ငံရှိ စက်ရုံနှစ်ရုံကို ပိတ်သိမ်းတော့မည်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်မှုအတွက် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးထားသော အလုပ်သမားများအနေဖြင့် စာချုပ်ကာလအတွက် (၂၀၁၄) ခုနှစ်၊ မတ်လ (၂၄) ရက်တွင် ပြန်လာကာအလုပ်လုပ်ရမည်ဖြစ်သည်ဟု ကုမ္ပဏီကဆိုသည်။ ပြီးခဲ့သော (၁၀) လတာကာလတစ်လျှောက် လုပ်ခလစာတိုးမြှင့်ပေးရေး ဆွေးနွေးအကောင်အထည်ဖော်လျက်ရှိသော်လည်း မပြီးပြတ်သေးသော ကိစ္စရပ်များ ကျန်ရှိနေဆဲပင်ဖြစ်သည်။

တိုယိုတာကုမ္ပဏီတွင် အလုပ်သမားများက ကြီးကြပ်သူများကို ခြိမ်းခြောက်မှုများပြုလုပ်သည်ဟုဆိုပြီးနောက် ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ အလုပ်သမားများသည် ကုန်ပစ္စည်းထုတ်လုပ်မှုများတွင် ပိတ်ဆို့မှုများ၊ စီးပွားရေးလုပ်ငန်းကို အဆက်မပြတ်နှောင့်ယှက်သည့်အနေဖြင့် ကြီးကြပ်သူများကို ရင့်ရင့်သီးသီး ပြောဆိုဆက်ဆံမှုများဖြင့် လုပ်ငန်းရပ်တန့်ရန် တွန်းအားပေးခဲ့သည်ဟု ကုမ္ပဏီကဆိုသည်။ အိန္ဒိယနိုင်ငံရှိ အဆိုပါစက်ရုံနှစ်ရုံမှ နှစ်စဉ်ကားစီးရေ (၃၁,၀၀၀) ထိ ထုတ်လုပ်ပေးလျက်ရှိပြီး စက်ရုံအလုပ်သမား (၆၀၀၀) အထက်ရှိသည်။ ပြီးခဲ့သည့်နှစ်ကပင် တိုယိုတာ ကားရောင်းချမှု၏ (၁ ဒသမ ၆) ရာခိုင်နှုန်းကို ၎င်းစက်ရုံနှစ်ရုံမှ ထုတ်ပေးနိုင်ခဲ့သည်။

**အိန္ဒိယနှင့်နီပေါနိုင်ငံကြား ရေအရင်းအမြစ် ခွဲဝေအသုံးချရေးကိစ္စ** - ကမ္ဘာ့သဘာဝထိန်းသိမ်းရေးအဖွဲ့၏အစီရင်ခံစာအရ ရေရှားပါးမှုဒဏ်ကို ခံစားနေရသည့်ကမ္ဘာ့မြို့ကြီး (၂၀) တွင် အိန္ဒိယနိုင်ငံမှ ငါးမြို့ပါဝင်သည်။ နယူးဒေလီမြို့သည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် ရေအရှားပါးဆုံးမြို့ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် လူဦးရေသန်းပေါင်း (၁၂၀၀) ကျော်ရှိသောကြောင့်

ရေအရင်းအမြစ်ပြဿနာသည် အကြီးမားဆုံးပြဿနာဖြစ်သည်။ နီပေါနိုင်ငံသည် ဟိမဝန္တာတောင်တန်းများပေါ်တွင်တည်ရှိပြီး မြစ်ချောင်းများပေါများသောကြောင့် ရေအရင်းအမြစ်ကြွယ်ဝသော်လည်း လျှပ်စစ်ဓာတ်အားမလုံလောက်ပေ။ အိန္ဒိယနိုင်ငံ၏ အဓိကလိုအပ်ချက်မှာ နီပေါနိုင်ငံကို ဖြတ်သန်းစီးဆင်းနေသော မြစ်ချောင်းများမှ တစ်ဆင့်ဆည်မြောင်းသွယ်၍ စိုက်ပျိုးနိုင်ရန်ဖြစ်သည်။ နီပေါနိုင်ငံသည် လူဦးရေ သန်း (၃၀) နီးပါးသာရှိသောနိုင်ငံငယ်ဖြစ်သည်နှင့်အညီ အိမ်နီးချင်းနိုင်ငံကြီးဖြစ်သော အိန္ဒိယနိုင်ငံကို မယုံကြည်နိုင်မှုများကြောင့် ရေအရင်းအမြစ်ခွဲဝေသုံးစွဲရေးကိစ္စကို နှစ်ပေါင်းများစွာကြာသည့်တိုင် အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ယခုအိန္ဒိယဝန်ကြီးချုပ်လက်ထက်တွင် အိန္ဒိယနိုင်ငံက လျှပ်စစ်ဓာတ်အားထုတ်ယူရေးစီမံကိန်းတစ်ခုကို အဆိုပြုရင်းဖြင့် ၎င်းရေအရင်းအမြစ်ခွဲဝေရေးကိစ္စကို ပြန်လည်အဆိုပြုခဲ့ခြင်း ဖြစ်သည်။ (၁၉၉၇) ခုနှစ်တွင် မဟာကာလီမြစ်ရေကို အိန္ဒိယနိုင်ငံနှင့်ခွဲဝေအသုံးချရေးစာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်၏အဓိကစီမံကိန်းမှာ ပက်ရှ်ဝါ (Pacheswor) စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်း၏ရည်ရွယ်ချက်မှာ လယ်မြေဧရိယာများကို ရေသွင်းစိုက်ပျိုးရန်နှင့် လျှပ်စစ် (၆၄၀၀) မဂ္ဂါဝပ်ကို ခွဲဝေသုံးစွဲရန်ဖြစ်သည်။ ယင်းစီမံကိန်းကို ရှစ်နှစ်အပြီးတည်ဆောက်ရန် သတ်မှတ်ခဲ့သော်လည်း နှစ်ပေါင်းများစွာကြာသည့်တိုင် အသေးစိတ်အစီရင်ခံစာမပြုစုနိုင်သေးပေ။ (၁၇) နှစ်အတွင်းဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးခရီးစဉ် ဖြစ်သော ဝန်ကြီးချုပ်မိုဒီ၏ဩဂုတ်လ (၃) ရက် ခရီးစဉ်မတိုင်မီ နှစ်နိုင်ငံကြားလျှပ်စစ်ဓာတ်ထုတ်လုပ်ခွဲဝေအသုံးချရေးစာချုပ်ကို အပြီးသတ်ညှိနှိုင်းပြီးဖြစ်သည်ဟု နီပေါအရာရှိများက ပြောကြားသည်။

**နိုင်ငံတကာဆက်ဆံရေး** - တရုတ်သမ္မတရှီကျင့်ဖျင်သည် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်နိုင်ရန်လည်းကောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော နယ်စပ်ဒေသပြဿနာကို ဖြေရှင်းနိုင်ရန်လည်းကောင်း ရည်ရွယ်သည့်ခရီးစဉ်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာလ (၁၇) ရက်တွင် ထုတ်ပြန်သည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် ဟိမဝန္တာတောင်တန်းဒေသရှိနယ်စပ်ဒေသနယ်နိမိတ်မျဉ်းသတ်မှတ်ရေးကိစ္စနှင့်ပတ်သက်၍ သဘောကွဲလွဲကြပြီး (၁၉၆၂) ခုနှစ်တွင် စစ်ပွဲတစ်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည်။ နှစ်နိုင်ငံကြား နယ်စပ်ဒေသဆွေးနွေးပွဲများကို ကြိမ်ဖန်များစွာပြုလုပ်ခဲ့ကြသော်လည်း ယခုအချိန်ထိ ဖြေရှင်းချက်မရရှိခဲ့ကြပေ။




**အိန္ဒိယနှင့် တရုတ်နိုင်ငံနယ်စပ်အနီးရှိ အရှေ့နာချယ်ပရာဒေ့ရှ်ပြည်နယ်မှ နယ်စပ်ဖြတ်ကျော်စခန်း**

အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီဦးဆောင်သောအစိုးရအဖွဲ့သစ်တက်လာခဲ့ပြီးနောက် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးမြှင့်တင်ရန် ဦးတည်ခဲ့သည်။ သုံးရက်ကြာခရီးစဉ်၏အစပျိုးမှုအဖြစ် တရုတ်သမ္မတသည် ဂူဂျာရတ်ပြည်နယ်အာမက်ဒါဘက်မြို့သို့ ရောက်ရှိခဲ့သည်။

ဩဂုတ်လ (၁၉) ရက်တွင်မှ တရုတ်တပ်သားများသည် လာဒက်ဒေသသို့ နယ်မြေကျူးကျော်မှုများပြုလုပ်သည်ဟု အိန္ဒိယနယ်စပ်တပ်ဖွဲ့မှ ပြောကြားခဲ့သဖြင့် နယ်စပ်တင်းမာမှုများရှိပြီး နှစ်ဖက်တပ်ဖွဲ့များထိပ်တိုက်တွေ့ဆုံမှု ဖြစ်ပွားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာမိုဒီက စက်တင်ဘာလ (၁၇) ရက်တွင် တရုတ်နိုင်ငံသမ္မတနှင့်တွေ့ဆုံကာ အဆိုပါအငြင်းပွားမှုကိစ္စများအတွက် ဆွေးနွေးခဲ့ကြသည်။ လာဒက်

ကုန်းမြင့်ဒေသချူးမားနယ်မြေအတွင်း အိန္ဒိယတပ်ဖွဲ့ဝင် (၁၅၀၀) ခန့်နှင့် တရုတ်တပ်ဖွဲ့ဝင် (၈၀၀) ခန့်တို့ရင်ဆိုင်တပ်စွဲထားရာ အိန္ဒိယကြည်းတပ်ဦးစီးချုပ်မှာ ဘူတန်ခရီးစဉ်ကို ပယ်ဖျက်၍ အခြေအနေကို စောင့်ကြည့်ခဲ့သည်။

ဝန်ကြီးချုပ်နရိန္ဒြာမိုဒီသည် စက်တင်ဘာလအတွင်း ရေလွှမ်းမိုးမှုကြောင့် အပျက်အစီးများဖြစ်ပေါ်ခဲ့သည့် ကက်ရှ်မီးယားဒေသသို့ သွားရောက်ရာတွင် အိန္ဒိယနှင့်ပါကစ္စတန်အကြား ထိန်းချုပ်ရေးမျဉ်းအနီးရှိ စီယာချန်ရေခဲမြစ်သို့ ခေတ္တသွားရောက်ခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးစစ်မြေပြင်ဟု လူသိများသည့် စီယာချန်ရေခဲမြစ်ကို အိန္ဒိယနှင့် ပါကစ္စတန်တို့က ၎င်းတို့ပိုင်ကြောင်း ပြောကြားထားသည်။ ဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်းပြီးလျှင် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် စီယာချန်ရေခဲမြစ်ဒေသသို့ လာရောက်သောဒုတိယမြောက်အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။

(၂၀၀၅) ခုနှစ်၊ ဇွန်လတွင် ယင်းရေခဲမြစ်သို့ဝန်ကြီးချုပ် မန်မိုဟန်ဆင်းရောက်ရှိခဲ့ပြီး စီယာချန်ရေခဲမြစ်တည်ရာ တောင်သည် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံကြား ငြိမ်းချမ်းသောတောင်ဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့သည်။ အဆိုပါဒေသတွင် ဖြန့်ကြက်ထားသောတပ်ဖွဲ့ဝင်များမှာ ကြမ်းတမ်းသော ရာသီဥတုကြောင့်သေဆုံးရလေ့ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပေပေါင်း (၂၂၀၀၀) (မီတာ ၆၇၀၀) အမြင့်ရှိသည့်ရေခဲမြစ်ဒေသတွင် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားကြသည်။

အိန္ဒိယဝန်ကြီးချုပ်သည် (၂၅) ကြိမ်မြောက်အရှေ့တောင်အာရှနိုင်ငံများအသင်း ထိပ်သီးညီလာခံနှင့်အရှေ့အာရှထိပ်သီးညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံနေပြည်တော်သို့ နိုဝင်ဘာလ (၁၁) ရက်တွင်ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိစဉ် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျေနပ်အားရဖွယ်ကောင်းခဲ့ပြီး ယဉ်ကျေးမှု၊ စီးပွားရေးနှင့်အပြန်အလှန်ချိတ်ဆက်ပေါင်းစည်းမှု နယ်ပယ်များ၌ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့အကြား ထိတွေ့ဆက်ဆံမှုပိုမိုအားကောင်းခိုင်မာရေးအတွက် သုံးသပ်ဆွေးနွေးနိုင်ခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီက ထုတ်ဖော်ပြောကြားခဲ့သည်။

မဟာဗျူဟာရှုထောင့်အရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများကြား ချိတ်ဆက်ပေးထားသည့် ဂိတ်တံခါးသဖွယ်ဖြစ်ပြီး လုံခြုံရေးအရလည်း အိန္ဒိယနိုင်ငံအတွက် အရေးပါသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယနေ့ကာလတွင် ရွေးချယ်ရန်အခွင့်အလမ်းများစွာ တိုးပွားလျက်ရှိသည်။ ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရေးပါဆုံးကာကွယ်ရေး မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြောကြားသည်။

ရုရှားနိုင်ငံသည် အနောက်အုပ်စု၏ စီးပွားရေးဒဏ်ခတ်မှုနှင့် ရင်ဆိုင်နေရစဉ် ကာကွယ်ရေး၊ စွမ်းအင်နှင့် ကုန်သွယ်ရေးကဲ့သို့သော အရေးပါသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန် သမ္မတပူတင်က ဝန်ကြီးချုပ်မိုဒီထံသွားရောက် ဆွေးနွေးညှိနှိုင်းသည်။ ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံအနေဖြင့် ဒေါ်လာဘီလီယံများစွာကုန်ကျမည့် နျူကလီးယားစွမ်းအင်၊ ရေနံနှင့်ကာကွယ်ရေးကဏ္ဍများပူးပေါင်းဆောင်ရွက်မှုအတွက် စာချုပ်ချုပ်ဆိုခဲ့ကြသည်။

ရုရှားနိုင်ငံပိုင် ရိုဆန်တန်နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်းက အိန္ဒိယနိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို (၁၂) ခု ဆောက်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ရော့စ်နက်ဖ်ရေနံကုမ္ပဏီနှင့်အက်စ်တာရေနံကုမ္ပဏီတို့သည် (၁၀) နှစ်တာအတွက်ရေနံတင်ပို့မှုစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းနှင့် ရုရှားက အိန္ဒိယနိုင်ငံအတွက် အဆင့်မြင့်နည်းပညာဖြင့် ပြုလုပ်ထားသော ရဟတ်ယာဉ်များကို တပ်ဆင်ပေးမည်ဆိုသည့်အကြောင်းတရားများသည် သိသာထင်ရှားသောပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်သည်။

ရုရှားသမ္မတ၏ အိန္ဒိယခရီးစဉ်သည် နိုင်ငံ၏လတ်တလောရင်ဆိုင်နေရသော ရေနံဈေးနှုန်းများကျဆင်းမှုနှင့် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုအကျိုးဆက်များကို ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ရှိထားကြသည်။

**မျက်မှောက်ရေးရာ-**အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်ဝန်ကြီးချုပ်သည် တယ်လန်ဂါနာပြည်နယ်သစ် ဖွဲ့စည်းရန် ဥပဒေကြမ်းကို ပါလီမန်အတွင်းဆန့်ကျင် ကန့်ကွက်ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ် ကီရန်ကူးမားရက်ဒီကလည်း ၎င်း၏အာဏာရပါတီမှနုတ်ထွက်မည်ဟု ပြောကြားသည်။ အဆိုပါဥပဒေမူကြမ်းကို ဖေဖော်ဝါရီလ (၁၉) ရက်က အထက်လွှတ်တော်သို့ တင်ပြခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်ဖြစ်သော ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မှ မြောက်ပိုင်းဧရိယာကို တယ်လန်ဂါနာခေါ်ပြည်နယ်သစ်တစ်ခုအဖြစ်ခွဲထွက်ခဲ့သည်။ ယင်းကဲ့သို့ ပြည်နယ်ခွဲထွက်မှုသည် နှစ်များစွာကြာ လျစ်လျူရှုခံရသည်ဟုခံစားနေကြရသော တေလန်ဂါနာဒေသခံများက တောင်းဆိုရာမှ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ တေလန်ဂါနာပြည်နယ်သစ်သည် အိန္ဒိယနိုင်ငံ၏ (၂၉) ခုမြောက်ပြည်နယ်အဖြစ် တရားဝင်ပြည်နယ်ဖြစ်လာခဲ့သည်။ ယခုကဲ့သို့ခွဲထွက်ထားသော တေလန်ဂါနာပြည်နယ်၌ လူဦးရေ (၃၅) သန်းရှိပြီး ယခင်ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ပါဝင်ခဲ့သည့် ခရိုင် (၁၀) ခုနှင့် ဖွဲ့စည်းထားကာ ဟိုက်ဒရာဘတ်မြို့ကို ပြည်နယ်မြို့တော်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ပြည်နယ်ခွဲထွက်ရေးအတွက် (၁၄) နှစ်ကြာမျှ ဦးဆောင်လှုပ်ရှားခဲ့သူ တေလန်ဂါနာရက်ထရာဆမစ်သ်ပါတီ (TRS) ခေါင်းဆောင်ကေချန်ဒရာဆီခါရာအိုသည် တေလန်ဂါနာ၏ ပြည်နယ်ဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အာရှ၏ တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံကို နိုင်ငံတကာထုတ်လုပ်ရေးဗဟိုချက်တစ်ခုအဖြစ် ပြောင်းလဲရန်ရည်ရွယ်လျက် အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အောက်တိုဘာလ (၁၆) ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံအတွင်း၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေးနှင့် ကမ္ဘာ့ထုတ်လုပ်မှုစရိတ်သက်သာသောနိုင်ငံအဖြစ်သို့ တိုးမြှင့်ရေးတို့အတွက် ကိုလိုနီခေတ်မှ အလုပ်သမားဥပဒေများကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်ဆန္ဒရှိကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။

**ကက်ရှ်မီးယားဒေသအရေး** - အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသ၌ စစ်သားတစ်ဦးက အခြားစစ်သည်ငါးဦးကို ပစ်သတ်ကာ ၎င်းကိုယ်တိုင်လည်းသတ်သေသွားကြောင်း တပ်မတော်အရာရှိများက ပြောကြားခဲ့သည်။ ယင်းကဲ့သို့သောဖြစ်ရပ်မှာ ဆရီနာဂါမြို့ မြောက်ပိုင်း (၁၂) မိုင်အကွာရှိ တပ်မတော်တဲစခန်းတစ်ခု၌ ဖေဖော်ဝါရီလ (၂၆) ရက်ညက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကက်ရှ်မီးယားဒေသသည် အိန္ဒိယထိန်းချုပ်ရာနှင့် ပါကစ္စတန်ထိန်းချုပ်ရာနှစ်ဖက်ကို ပိုင်းခြားနယ်မြေဖြစ်ပြီး နှစ်ဖက်စလုံးက အဆိုပါဒေသကို အပြည့်အဝပိုင်ဆိုင်ရေးအတွက် တောင်းဆိုလျက်ရှိကြသည်။ နှစ်နိုင်ငံပိုင်းခြားရာဒေသဖြစ်သော အဆိုပါဒေသတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များချထားလျက်ရှိပြီး (၂၀၀၃) ခုနှစ် နိုဝင်ဘာလက ၎င်းဒေသတွင် အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရှိထားကြသော်လည်း အခါအားလျော်စွာ အမှုအခင်းများဖြစ်ပွားလျက်ရှိသည်။

ဒေသန္တရရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် မိန့်ခွန်းပြောကြားရန်အတွက် ကက်ရှ်မီးယားဒေသသို့ လာရောက်မည့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီကို လုံခြုံရေးပေးရန် အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတစ်ဝန်း၌ ထောင်ပေါင်းများစွာသော အိန္ဒိယတပ်ဖွဲ့ဝင်များ ဖြန့်ကြက်နေရာယူထားကြောင်း ဒီဇင်ဘာလ (၈) ရက် သတင်းများတွင် ဖော်ပြထားသည်။

ထိုကက်ရှ်မီးယားဒေသရှိ အိန္ဒိယတပ်စခန်းတစ်ခုကို စစ်သွေးကြွများက ဒီဇင်ဘာလ (၅) ရက်တွင် နေ့လုံးပေါက် တိုက်ခိုက်ခဲ့ပြီးနောက် ယင်းဒေသသို့ လာရောက်မည့် ဝန်ကြီးချုပ်မိုဒီ၏ လုံခြုံရေးအတွက် အာဏာပိုင်များက အစီအစဉ်များ ထပ်ဆောင်းအကောင်အထည်ဖော်ထားကြောင်း ကက်ရှ်မီးယားဒေသရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသော ကက်ရှ်

မီးယားဒေသမှ သူပုန်အုပ်စုများသည် (၁၉၈၉) ခုနှစ်မှ စ၍ အိန္ဒိယအစိုးရအုပ်ချုပ်ရေးကို ဆန့်ကျင်ပုန်ကန်ခဲ့ရာ ယနေ့အထိ စစ်ရေးပဋိပက္ခများအတွင်း လူပေါင်း (၆၈,၀၀၀) ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။

**အကြမ်းဖက်တိုက်ခိုက်မှု**-အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် ဧပြီလ (၁၂) ရက်က သူပုန်တို့၏မြေမြှုပ်မိုင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးနှင့်ရွေးကောက်ပွဲတာဝန်ရှိသူများအပါအဝင် အနည်းဆုံး (၁၅) ဦးသေဆုံးကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။ ရွေးကောက်ပွဲကျင်းပစဉ် ဧပြီလ (၁၀) ရက်က ဘီဟာပြည်နယ်အရှေ့ပိုင်းနာဆာလိုက်သူပုန်များ၏ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရာ ယခုတိုက်ခိုက်မှုမှာ ဒုတိယအကြိမ် တိုက်ခိုက်မှုဖြစ်သည်။ အစိုးရက သူပုန်ထူပြောသော ပြည်နယ်ငါးခုဖြစ်သည့် ချစ်တီဂတ်၊ ဂျာခန်း၊ ဩရိဿ၊ ဘီဟာနှင့် အလိုဘက်ဘင်ဂေါတို့၌ မေလအစောပိုင်းတိုင်အောင် ထောင်ပေါင်းများစွာသော လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ခဲ့သည်။

ပထမဆုံးတိုက်ခိုက်မှုသည် သူပုန်များက တပ်ဖွဲ့ဝင်ရှစ်ဦးကို တင်ဆောင်လာသော အရေးပေါ်ယာဉ်ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ဒုတိယတိုက်ခိုက်မှုသည် ဘီဂျာပါခရိုင်၌ သူပုန်များက ရွေးကောက်ပွဲတာဝန်ထမ်းဆောင်အပြီး ပြန်လာသော ရွေးကောက်ပွဲတာဝန်ရှိသူများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဘာရေလီမြို့ရှိလယ်ကွင်းတစ်ခုထဲတွင် အုပ်စုဖွဲ့မုဒိမ်းကျင့်ပြီး လည်ပင်းညှစ်သတ်ကာ မျက်နှာကိုအက်စစ်ဖြင့်လောင်း၍ ဖျောက်ဖျက်ခံရသူမိန်းကလေးတစ်ဦး၏အလောင်းကို မေလ (၃၁) ရက်တွင် တွေ့ရှိခဲ့ပြီး အသက် (၂၂) နှစ် အရွယ်ဖြစ်သည်ဟု ခန့်မှန်းရသည်။

ယင်းဖြစ်ရပ်မတိုင်မီတွင် အိန္ဒိယ၌ ဆယ်ကျော်သက်ညီအစ်မနှစ်ဦးကို ညီအစ်ကိုသုံးဦးက အုပ်စုဖွဲ့အဓမ္မပြုကျင့်သတ်ဖြတ်ကာ အလောင်းများကို သစ်ပင်တွင် တွဲလောင်းချိတ်ဆွဲထားသည့်ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သေးသည်။ ထိုဖြစ်ရပ်ကြောင့် ဇွန်လ (၂) ရက်တွင် အိန္ဒိယနိုင်ငံ၌ အမျိုးသမီးပေါင်းရာနှင့်ချီ၍ဆန္ဒပြထုတ်ဖော်ခဲ့ကြပြီး ရဲများကရေပိုက်များအသုံးပြု၍ လူစုခွဲခဲ့သည်။

ထို့ပြင်အိန္ဒိယအရှေ့မြောက်ပိုင်းမက်ဂါလာယာပြည်နယ်မှ အမျိုးသမီးတစ်ဦးသည် ဗလက္ကာရပြုရန်လုပ်သည့်စစ်သွေးကြွများကို ခုခံသည့်အတွက် သေနတ်ဖြင့် ပစ်သတ်ခံရသည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။ GNLA စစ်သွေးကြွငါးဦးသည် ထိုအမျိုးသမီးခင်ပွန်းနှင့်ကလေးများကို အိမ်ထဲတွင်ပိတ်ထားကာ ၎င်းကိုအိမ်ပြင်ဆွဲထုတ်လာခဲ့ကြောင်း၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မည့် စစ်သွေးကြွငါးဦးကို ၎င်းကတုံ့ပြန်ရန်မူသောကြောင့် ခေါင်းကိုသေနတ်ဖြင့်ပစ်လိုက်ရာ ထိုနေရာတွင်ပင်ပွဲချင်းပြီးသေဆုံးကာ ရဲများကပြစ်မှုကျူးလွန်သူများကို လိုက်လံရှာဖွေခဲ့သည်။

ထို့နောက်ပိုင်း အိန္ဒိယနိုင်ငံဘန်ဂလောပြည်ရှိ ကျောင်းတစ်ကျောင်းတွင် ခြောက်နှစ်အရွယ် ကျောင်းသူတစ်ဦးကို လုံခြုံရေးအစောင့်တစ်ဦးနှင့် အားကစားဆရာတစ်ဦးက ဗလက္ကာရပြုကျင့်ပြီးနောက် ကျောင်းသားမိဘများက လုံခြုံရေးမြှင့်တင်ပေးရန်နှင့် ၎င်းတို့၏ သားသမီးများကို ကာကွယ်မှုအပြည့်အဝပေးရန် ဆန္ဒပြမှုဖြစ်ပွားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် (၂၀၁၂) ခုနှစ်တွင် နယူးဒေလီ၌ ဘတ်စ်ကားပေါ်တွင် ကျောင်းသူတစ်ဦးအား အုပ်စုဖွဲ့ဗလက္ကာရပြုကျင့် သတ်ဖြတ်မှုဖြစ်ပွားပြီးနောက်ပိုင်း ပိုမိုမြင့်တက်လာခဲ့သည်။ အဆိုပါကိစ္စရပ်များ ထပ်မံမဖြစ်ပေါ်စေရန် အစိုးရအနေဖြင့် သေဒဏ်ပေးခြင်းကဲ့သို့ ခိုင်မာသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ သို့သော် ပြဋ္ဌာန်းထားသော ဥပဒေမှာ အမှန်တကယ်ဆောင်ရွက်ခြင်းမရှိဘဲ ဟန်ပြသက်သက်သာ ဖြစ်နေခဲ့ပြီး (၂၀၁၃) ခုနှစ် ရာဇဝတ်မှုမှတ်တမ်းများအရ အိန္ဒိယနိုင်ငံသည် (၂၁) မိနစ်တိုင်း ဗလက္ကာရမှုတစ်မှုဖြစ်ပွားနေကြောင်းကိုသိရှိရသည်။

မိုးခေါင်ရေရှားဒဏ်ခံရသော အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဒေသခံရွာသူရွာသားများကိုနေ့တိုင်း ရေဆက်ကြေးပေးရန် လက်နက်ကိုင်တောပုန်းများက ခြိမ်းခြောက် စေခိုင်း

လျက်ရှိကြောင်း (၂၀၁၃) ခုနှစ်၊ ဇူလိုင်လ (၂၂) ရက် သတင်းများတွင် ဖော်ပြသည်။ ရဲတပ်ဖွဲ့၏ အဆိုအရ တောတွင်းစားပြစခန်းများသို့ နေ့စဉ်ရေ (၃၅) ပုံးလာ ရောက်ပေးပို့ရန် တောပုန်းများက ရွာသူရွာသားများကို ခိုင်းစေထားပြီး လာမပို့ပါက ရွာသားရာပေါင်းများစွာကို သတ်ဖြတ်မည်ဟူ၍ ခြိမ်းခြောက်ကြောင်းသိရသည်။

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့နှင့် အယ်လ်ကိုင်ဒါအဖွဲ့တို့သည် အိန္ဒိယနိုင်ငံအတွက် ပြင်းထန်သော စိန်ခေါ်မှုများဖြစ်ကြောင်း အိန္ဒိယထောက်လှမ်းရေးအဖွဲ့၏ ညွှန်ကြားရေးမှူး အေစစ်အီဘရာဟန်က နိုဝင်ဘာလ (၃၀) ရက်တွင် ပြောကြားသည်။ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၏ လုံခြုံရေးအခြေအနေမှာလည်း စိုးရိမ်စရာဖြစ်လာသည့် အခြေအနေမျိုးဖြစ်နေသည်။ အိန္ဒိယအမျိုးသားထောက်လှမ်းရေးအေဂျင်စီ၏ တရားရုံးက အီရတ်နှင့်ဆီးရီးယားတွင် အိုင်အက်စ်များအား လူသစ်စုဆောင်းပေးသူဟု သံသယရှိသော အာရစ်မဂျစ်ကို ဖမ်းဆီးခဲ့သည်။

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်၏ အစွန်အဖျားကျေးရွာများ၌ ခွဲထွက်ရေးသူပုန်များက လူ (၆၈) ဦးကို သတ်ဖြတ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဒီဇင်ဘာလ (၂၅) ရက်၌ ဖော်ပြသည်။ ယင်းမှာ အမျိုးသားဒီမိုကရက်တစ်ဘိုဒိုလင်းတပ်ဦး (NDFB) ၏ လုပ်ဆောင်ချက်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ NDFB သည် လွတ်လပ်သောနိုင်ငံထူထောင်ရန် ဆန္ဒရှိနေပြီး ၎င်းတိုက်ခိုက်မှုမှာလည်း ဘိုဒိုလူမျိုးများ နေထိုင်ခြင်းမရှိသည့် ဘိုနစ်ပါနှင့် ကော့ရာပါနယ်မြေများတွင် ဖြစ်ပွားခဲ့သည်။ သေဆုံးသူများတွင် အမျိုးသမီးနှင့် ကလေးများပါဝင်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် အာဏာပိုင်များက ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။

အိန္ဒိယအစိုးရက ဘိုဒိုသူပုန်များကို နှိမ်နင်းစဉ်တွင် မြန်မာနိုင်ငံနှင့်ဘူတန်နိုင်ငံတို့က အကူအညီများ ပေးအပ်ရန် ဒီဇင်ဘာလ (၂၅) ရက်တွင် တောင်းဆိုခဲ့သည်။ အိန္ဒိယပြည်ထဲရေးဝန်ကြီးရာဂျ်နတ်ဆင်းသည် အခင်းဖြစ်ရာသို့ နှစ်ရက်ကြာ သွားရောက်ခဲ့သည်။ ဘိုဒိုစစ်သွေးကြွခေါင်းဆောင်မှာ အိုင်ကေဆွန်ဘီဂျစ်ဖြစ်ပြီး မြန်မာနိုင်ငံကချင်ဒေသတွင် အခြေစိုက်ကာ အိန္ဒိယနိုင်ငံ အူဖလာပြည်နယ်အတွင်း ပါရက်ရှ်ဘာရူရာဒေသတွင်အခြေစိုက်စခန်းခွဲထားရှိ လှုပ်ရှားကြောင်း The Time of India က ဖော်ပြသည်။ အာသံ ပြည်နယ်အတွင်းရှိ ရွာသား (၇၆) ဦးကို သတ်ဖြတ်ခဲ့ ပြီး NDFB အဖွဲ့မှာ မြန်မာနှင့်ဘူတန်နိုင်ငံအတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း အိန္ဒိယလုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

**အာကာသစွမ်းရည်** - အိန္ဒိယနိုင်ငံ၏ မင်္ဂလယန်းအမည်ရှိ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ပတ်လမ်းသို့ စက်တင်ဘာလ (၂၄) ရက်တွင် အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ရာ အိန္ဒိယနိုင်ငံသည် တစ်ကြိမ်တည်းသော ကြိုးစားမှုဖြင့် အင်္ဂါဂြိုဟ်ရှိရာသို့ အာကာသယာဉ်စေလွှတ်နိုင်သော ပထမဆုံးအာရှနိုင်ငံဖြစ်လာသည်။ အဆိုပါယာဉ်သည် အာကာသခရီးတွင် (၁၀) လတာဖြတ်သန်းခဲ့ပြီးနောက် ဂြိုဟ်နီကြီးခေါ် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်းသို့ စက်တင်ဘာလ (၂၄) ရက်၊ အိန္ဒိယစံတော်ချိန် နံနက် (၈) နာရီ (၂) မိနစ်တွင် ဝင်ရောက်နိုင်ခဲ့ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့မှ သိပ္ပံပညာရှင်များက အတည်ပြုထားသည်။ ဒေသတွင်းအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်များကို (၂၀၁၁) ခုနှစ်၊ (၂၀၁၃) ခုနှစ်တို့တွင် အသီးသီး လွှတ်တင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြပေ။

## ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး

။ ။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၃) ခုနှစ်၊ ဇူလိုင်လ (၂၅) ရက် ရက်စွဲအမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာသည်။

(၂၀၁၃) ခုနှစ်၊ မတ်လ (၂၀) ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမပုံမှန်

အစည်းအဝေး (၂၂) ရက်မြောက်နေ့တွင် ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က အဆိုတင်သွင်းပြီး မြစ်ကြီးနား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ထောက်ခံဆွေးနွေးခဲ့သော (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်၏သဘောတူညီချက်အရ လက်ခံဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၀) ပြည့်နှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၃၃)၊ (၂၀၁၂) ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် (၂၀၁၂) ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၂၉) တို့နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးပူးပေါင်းကော်မတီကို ကော်မတီဝင် (၁၀၉) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် ဥက္ကဋ္ဌမှာ ပြည်ထောင်စုလွှတ်တော်၏ ဒုတိယနာယက၊ ဒုတိယဥက္ကဋ္ဌမှာ ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်မှ ဒုတိယဥက္ကဋ္ဌတို့က ဆောင်ရွက်မည်ဖြစ်သည်။ အဖွဲ့ဝင်များအနေဖြင့် သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးစိုးနိုင်၊ ဦးတီခွန်မြတ်၊ ဦးခမိုင်မုန်ကွမ် ခေါ် ခမိုင်တန်၊ ဦးစိုးရယ်၊ ဦးစောထွန်းမှု ခေါင်လွင်၊ ဦးလှထွန်း(ခန္တီး)၊ ဦးစောလှထွန်း၊ ဦးဝင်းဦး၊ ဦးမောင်တိုး၊ ဒေါက်တာ ဒေါ်အေးမြင့်၊ ဦးခင်မောင်ညို၊ ဦးအေးမောက်၊ ဦးလှမြင့်ဦး၊ ဒေါက်တာစိုးမိုးအောင်၊ ဦးကြည်သာ၊ ဒေါက်တာစိုးရင်၊ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ ဦးစတီဖန်၊ ဦးအောင်မြသန်း၊ ဦးဝင်းမြင့်၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါက်တာဇော်မြင့်မောင်၊ ဦးခင်မောင်ဝင်း၊ ဒေါက်တာ အောင်မိုးညို၊ ဦးစိုင်းကျော်အုန်း၊ ဦးစိုင်းဘိုးအောင်၊ ဦးဉာဏ်ဆွေဝင်း၊ ဦးသောင်း၊ ဦးထွန်းအောင်ကျော်၊ ဒေါ်နန်းစေအွာ၊ ဦးခွန်မောင်သောင်း၊ ဦးစိုးဝင်း၊ ဦးကြည်မြင့်၊ ဒေါက်တာသန်းဝင်း၊ ဦးအောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးသိန်းညွန့်၊ ဦးဝင်းဆွေ၊ ဗိုလ်မှူးကြီး တင်စန်းနိုင်၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီး သန်းထွန်းမှုသိန်း၊ ဗိုလ်မှူးကြီးကျော်ရွှေ၊ ဗိုလ်မှူးကြီး ဝင်းနိုင်၊ ဗိုလ်မှူးကြီးခင်မောင်ထွန်း၊ ဗိုလ်မှူးကြီးနေလင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်၊ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ ဒုတိယဗိုလ်မှူးကြီးခင်မြင့်၊ ဦးအောင်ထွန်း၊ ဦးဇော်မြင့်ဖေ၊ ဦးဖေသောင်း၊ ဒေါ်နော်မေးရီယန်၊ ဒေါ်နန်းနီနီအေး၊ ဦးဆွန်ဒုတ်ကျင့်၊ ဦးနိန်းခင်းပေါင်၊ ဦးတင်မြ၊ ဦးထွန်းမြင့်၊ ဦးသန်းမြင့်၊ ဦးမြင့်ထွန်း၊ ဒေါက်တာမြဦး၊ ဦးကြည်ထွန်း၊ ဒေါက်တာစိုးထွန်း၊ ဦးဝင်းမောင်၊ ဦးခင်မောင်ဌေး၊ ဒေါ်ရီရီမြင့်၊ ဦးမင်းလွန်း အောင်၊ ဦးမောင်အေးထွန်း၊ ဦးညွန့်တင်၊ ဒေါက်တာ မြင့်ကြည်၊ ဦးဉာဏ်လင်း၊ ဦးရှုမောင်၊ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ဦးခင်မောင်ရီ၊ ဒေါက်တာဌေးနိုင်၊ ဦးဉာဏ်လင်း၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဦးအောင် ကြည်ညွန့်၊ ဦးစိုင်းကျော်ဇောသန်း၊ ဦးစိုင်းစံမင်း၊ ဦးဘရန်ရှောင်၊ ဒေါက်တာ အေးမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးဇုန်လှယ်ထန်း၊ ဦးစတီဗင်သာဘိတ်၊ ဦးဆိုင်ပေါင်းနပ်၊ ဦးစောတော်ပလဲ၊ ဦးထွန်းကျော်၊ ဦးမန်းအောင်တင်မြင့်၊ ဗိုလ်မှူးကြီးခင်မောင်အေး၊ ဗိုလ်မှူးကြီးအောင်ကျော်၊ ဗိုလ်မှူးကြီးသက်ထွန်းအောင်၊ ဗိုလ်မှူးကြီးဝင်းလွင်ဦး၊ ဗိုလ်မှူးကြီးလှဝင်းအောင်၊ ဗိုလ်မှူးကြီးသန်းထိုက်၊ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီး မျိုးသစ်ဦး၊ ဗိုလ်မှူးကြီး မောင်မောင်ကြီး၊ ဗိုလ်မှူးဇော်မြင့်၊ ဗိုလ်မှူးခင်မောင်ချို၊ ဗိုလ်မှူးတိုးမင်းထွန်း၊ ဗိုလ်မှူး အောင်မြင့်ဟန်တို့ဖြစ်သည်။ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးကို ဥက္ကဋ္ဌက ရွေးချယ်ပေးရန်ဖြစ်သည်။ ပူးပေါင်း ကော်မတီသည် ကော်မတီ၏ဦးတည်ချက်များ၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကော်မတီသက်တမ်းတို့နှင့်စပ်လျဉ်း၍ မူကြမ်းကို အများသဘောတူညီချက်ဖြင့် စုပေါင်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်ရန်ဖြစ်သည်။

ပူးပေါင်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပြောင်းလဲခန့်အပ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားသောကော်မတီ၏ဦးတည်ချက်များ၊ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကော်မတီ၏သက်တမ်းတို့ကိုပြင်ဆင်ရန် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ရမည်။ ပူးပေါင်းကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာရာတွင် ပြည်ထောင်စုအစိုးရကိုယ်စားလှယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားလှယ်၊ နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း (၀ ဒသမ ၁) ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူဦးရေအနည်းဆုံးတစ်သောင်းနှင့်အထက်ရှိကြောင်း၊ သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ လွှတ်တော်တွင်း မရောက်သေးသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြင်ပဥပဒေပညာရှင်များနှင့် ပြည်သူများ၏ အကြံဉာဏ်များကို ရယူနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီမှ သတင်းထုတ်ပြန်ချက် (၂/၂၀၁၃) ဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များထံမှ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်မတိုင်မီ ပေးပို့နိုင်ကြောင်း သတင်းထုတ်ပြန်သည်။

ပြည်ထောင်စုလွှတ်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက သတင်းထုတ်ပြန်ချက် (၄/၂၀၁၃)၊ (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် ရက်စွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) နှင့် ပတ်သက်၍ အကြံပြုတောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များထံမှ ရရှိမှုအခြေအနေ သတင်းထုတ်ပြန်ခြင်းကို (၁-၁-၂၀၁၄) ထုတ်နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

သတင်းထုတ်ပြန်ချက်အရ (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် (၁၆း၃၀) နာရီအထိ အကြံပြုချက်စောင်ရေစုစုပေါင်း (၈၂၄၇) စောင်ရရှိသည်။

သို့ပါ၍ (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်အထိ အခန်းလိုက်အကြံပြုချက်များကို ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များထံမှ အောက်ပါအတိုင်း လက်ခံရရှိခဲ့ကြောင်း ဖော်ပြထားသည်။

(က) အခန်း(၁) တွင် အကြံပြုချက် (၁၄၀၆၂၄) ချက်။
(ခ) အခန်း(၂) တွင် အကြံပြုချက် (၁၀၀) ချက်။
(ဂ) အခန်း(၃) တွင် အကြံပြုချက် (၃၃၆၉) ချက်။
(ဃ) အခန်း(၄) တွင် အကြံပြုချက် (၂၄၃၉၈) ချက်။
(င) အခန်း(၅) တွင် အကြံပြုချက် (၁၀၇၈၃) ချက်။
(စ) အခန်း(၆) တွင် အကြံပြုချက် (၄၆၉) ချက်။
(ဆ) အခန်း(၇) တွင် အကြံပြုချက် (၇၂၄၂) ချက်။
(ဇ) အခန်း(၈) တွင် အကြံပြုချက် (၂၀၇၇) ချက်။
(ဈ) အခန်း(၉) တွင် အကြံပြုချက် (၂၀၃) ချက်။
(ည) အခန်း(၁၀) တွင် အကြံပြုချက် (၄၃) ချက်။
(ဋ) အခန်း(၁၁) တွင် အကြံပြုချက် (၃၃၈) ချက်။
(ဌ) အခန်း(၁၂) တွင် အကြံပြုချက် (၁၀၅၂၃၃) ချက်။
(ဍ) အခန်း(၁၃) တွင် အကြံပြုချက် (၂၉) ချက်။
(ဎ) အခန်း(၁၄) တွင် အကြံပြုချက် (၅၉) ချက်။
(ဏ) အခန်း(၁၅) တွင် အကြံပြုချက် (၂၆) ချက်။
(တ) ဇယား(၁)တွင် အကြံပြုချက် (၈၁) ချက်။
(ထ) ဇယား(၂)တွင် အကြံပြုချက် (၇၈) ချက်။
(ဒ) ဇယား(၃)တွင် အကြံပြုချက် (၁၁) ချက်။
(ဓ) ဇယား(၄)တွင် အကြံပြုချက် (၅) ချက်။
(န) ဇယား(၅)တွင် အကြံပြုချက် (၂၆) ချက်။
(ပ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပေးရန် သီးသန့်အကြံပြုထားသော အကြံပြုချက်/စောင်ရေ (၂၇၉၀၆)

သို့ဖြစ်သောကြောင့် စုစုပေါင်းအကြံပြုချက် (၃၂၃၁၁၀) ချက် ရရှိခဲ့ကြောင်း ဖွဲ့စည်းပုံအခြေခံ

ဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီက သတင်း ထုတ်ပြန်ခဲ့သည်။

(၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်က ကျင်းပ သော ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက သူရ ဦးရွှေမန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံး သပ်ရေး ပူးပေါင်းကော်မတီ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက် အစီရင်ခံစာပါအကြောင်းအရာများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်က သီးခြားကော်မတီတစ်ရပ်ထပ်မံဖွဲ့စည်း ပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူ ဆုံးဖြတ်ခဲ့သည်။

အဆိုပါ သဘောတူဆုံးဖြတ်ချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) တစ်ရပ် ဖြစ်ပေါ်လာသည်အထိ တာဝန်ပေး ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က သီးခြား ကော်မတီတစ်ရပ် ထပ်မံဖွဲ့စည်းခြင်းကို (၃-၂-၂၀၁၄) ရက်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင် အထည်ဖော်မှုကော်မတီကို ထည့်သွင်းတာဝန်ပေးအပ် နိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက် ရယူဆောင်ရွက်ရန် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဖွဲ့စည်းခြင်းကို ထောက်ခံသဖြင့် သဘောတူညီကြောင်း ကြေညာ သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၄) ခုနှစ်၊ ဖေဖော် ဝါရီလ (၃) ရက် ရက်စွဲ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၄)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင် အထည်ဖော်မှုကော်မတီဖွဲ့စည်းခြင်းကို ထုတ်ပြန် ကြေညာသည်။

“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်း ကော်မတီ” ၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက် အစီရင်ခံစာကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော် အစည်း အဝေးသို့ တင်သွင်းခဲ့ပြီး ယင်းအစီရင်ခံစာကို မှတ်တမ်း တင်ထားရှိရန်နှင့် အစီရင်ခံစာပါ အကြောင်း အရာများကို အကောင်အထည်ဖော်နိုင်ရေးအတွက် သီးခြားကော်မတီတစ်ရပ် ထပ်မံဖွဲ့စည်းပြီး ဆက်လက် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က သဘောတူ ကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ အစီရင်ခံစာပါ အကြောင်းအရာများကို ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ” ကို ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်။

ကော်မတီတွင် ဦးနန္ဒကျော်စွာ၊ ဦးမြညိမ်း၊ သူရ ဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးတီခွန်မြတ်၊ ဦးတင်မောင်ဦး၊ ဦးဝင်းမြင့်၊ ဦးစိုင်းဘိုးအောင်၊ ဦးညဏ် ဆွေဝင်း၊ ဦးပိုက်လင်း၊ ဒေါ်နန်းစေအွာ၊ ဦးစိုးဝင်း၊ ဦးခွန်မောင်သောင်း၊ ဦးဇော်မြင့်ဖေ၊ ဦးစံပြည့်၊ ဦးရှုမောင်၊ ဒေါက်တာမြင့်ကြည်၊ ဦးပိုးရယ်အောင်သိန်း၊ ဦးအောင်ကြည်ညွန့်၊ ဒေါက်တာအေးမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဗိုလ်မှူးချုပ်တင်စန်းနိုင်၊ ဗိုလ်မှူးချုပ် မောင်မောင်၊ ဗိုလ်မှူးကြီးမြင့်ကိုကို၊ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ဗိုလ်မှူးချုပ်အောင်ကျော်၊ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ ဒုဗိုလ်မှူးကြီးကျော်ကျော်လင်း၊ ဦးခင်မောင်ရီ၊ ဦးအေးမောင်တို့ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဒီယိုမှ တစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ နိုင်ငံရေး အကျိုးဆက်အနေနှင့် မိမိတို့လူ့အဖွဲ့အစည်း အတွင်း

အပြုသဘောဆောင်သည့် နိုင်ငံရေးငြင်းခုံ ဆွေးနွေး ညှိနှိုင်းခြင်းဓလေ့ကို အားကောင်းရှင်သန်လာစေခဲ့ ကြောင်း၊ ထိုကိစ္စရပ်များကို သက်သေထူသည့် အနေဖြင့် မိမိတို့ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးအခက်အခဲ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကို နားလည်မှုရှိရှိ စိတ်စေတနာမှန်မှန်ဖြင့် ခက်ခဲစွာ ကျော်ဖြတ်ခဲ့ကြသည့် အတွက် ရရှိသည့်အကျိုးရလဒ်အနေဖြင့် အခြေခံ ဥပဒေပြင်ဆင်ရေးကိစ္စကဲ့သို့သော နိုင်ငံရေးစိန်ခေါ်မှု မျိုးကို ပြည်သူလူထုအကြားတွင် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးငြင်းခုံလာနိုင်သည်အထိ နိုင်ငံရေးတိုးတက်မှု များရှိလာကြောင်း၊ နိုင်ငံရေးအင်အားစုအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ဆောင်ချက်များ ကိုလည်း တွေ့ရှိလာရပြီဖြစ်ကြောင်း၊ ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ပါတီစုံမှ လွှတ်တော်ကိုယ်စား လှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များပါဝင်သော အခြေခံဥပဒေပြင်ဆင်ရေးနှင့် လေ့လာ သုံးသပ်ရေးကော်မတီကို ဖွဲ့စည်းပြီး လူထုလူတန်းစား အသီးသီး၊ အဖွဲ့အစည်းအသီးသီး၏ သဘောဆန္ဒများ ရယူဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တပ်မတော်အနေ ဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ် သက်သော သဘောထားရပ်တည်ချက်အချို့ကို ကော်မတီသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ တစ်ချိန်တည်း မှာပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး လူထုတွေ့ဆုံပွဲများ၊ ဆွေးနွေးပွဲများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေသည်ကို တွေ့ရ ကြောင်း၊ ယခုအချိန်တွင် နိုင်ငံရေးလှုပ်ရှားမှုများကို လွတ်လပ်ပွင့်လင်းစွာ လုပ်ဆောင်နိုင်ခွင့်ရှိခြင်းကပင် မိမိတို့ လူ့အဖွဲ့အစည်း၏ နိုင်ငံရေးရင့်ကျက်မှု ရေချိန် မြင့်တက်လာကြောင်းကို ညွှန်ပြနေခြင်းဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းစီနှင့် နယ်ပယ်အသီးသီးမှ ခေါင်းဆောင် များ၏သဘောထားဆန္ဒထုတ်ဖော်ဆွေးနွေးမှု များကို သတင်းမီဒီယာမျိုးစုံမှစ၍ အင်တာနက်၊ လူမှု ကွန်ရက်များအထိပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ဆွေးနွေးခွင့်ရှိနေခြင်းကလည်း အပြုသဘောဆောင် သော ဖြစ်ထွန်းမှုဟု ဆိုရမည်ဖြစ်ကြောင်း၊ ခေတ်မီ သည့် ဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ဆောက် ရာတွင် အရေးအကြီးဆုံး သွင်ပြင်လက္ခဏာဖြစ်သည့် နိုင်ငံရေးကို လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုများ အားကောင်းမောင်းသန်ဖြစ်လာခြင်းကို မိမိတို့လူ့အဖွဲ့ အစည်း၌ အထင်အရှား တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စနှင့်ပတ်သက် ပြီးလည်း မိမိ၏သဘောထားရပ်တည်ချက်အချို့ကို ပြောကြားလိုကြောင်း၊ အသက်ဝင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပိုင်ဆိုင်ရန် လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များနှင့် သဟဇာတဖြစ်ရန် အခြေအနေ အချိန်အခါအလိုက်ပြင်ဆင်ရေးသားရမည်ဟူသည့် အခြေခံမူကို မိမိအနေနှင့် ဆုပ်ကိုင်ထားရမည်ဖြစ် ကြောင်း၊ လက်ရှိအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး မိမိအနေနှင့် အဓိကအစိတ်အပိုင်း သုံးခုရှိသည်ဟု ရှုမြင်မိကြောင်း၊ ပထမပိုင်းမှာ လက်ရှိ မိမိတို့ ကြိုးပမ်းတည်ဆောက်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့်ပေါ် ပေါက်လာသည့် သဘောတူညီချက်များအတွက် လိုအပ်သလိုပြင်ဆင် ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ လုပ်ဆောင်ရမည့်အပိုင်းဖြစ်ကြောင်း၊ ဒုတိယပိုင်း အနေဖြင့် မိမိတို့တည်ဆောက်လိုသည့် ပွင့်လင်း လွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်လာ စေရေးအတွက် လိုအပ်မည့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီလာစေရန် လိုအပ်သလို ပြင်ဆင်ရ မည့်အပိုင်းဟူ၍ ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ ဒီမို ကရေစီစံနှုန်းများ၊ တန်ဖိုးများပြည့်မီအောင် ကြိုးပမ်း အားထုတ်လုပ်ဆောင်ရာတွင် နိုင်ငံရေး၌ ပါဝင်ပတ် သက်သူအားလုံး၏ အမြော်အမြင်ကြီးမားမှု၊ ဉာဏ် ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း၊ တတိယပိုင်း အနေဖြင့် နိုင်ငံရေးဦးဆောင်မှုဆိုင်ရာ အရည်အချင်း သတ်မှတ်မှုအတွက် လိုအပ်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ၎င်းကိစ္စ

နှင့်ပတ်သက်၍ မိမိ၏ သဘောထားအနေဖြင့် မည်သည့်မြန်မာနိုင်ငံသား တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်ကို ကန့်သတ်တားမြစ်ခြင်းမျိုးမဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသကဲ့သို့ တစ်ဖက်ကလည်း မိမိတို့အမျိုးသားအကျိုးစီးပွားနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သည့် အကာအကွယ်ပေးနိုင်သော အခြေခံမူများရှိရန်လည်း လိုလားကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် နိုင်ငံရေးဦးဆောင်မှုနှင့်ပတ်သက်၍ ဝိရောဓိများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံရေးအကျပ်အတည်းတစ်ခုဆီသို့ ဦးတည်မသွားစေနိုင်ရန်အတွက် နိုင်ငံရေးရွေးချယ်မှုမှန်ကန်စေရန် မိမိတို့အားလုံး၌ တာဝန်ရှိကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရန်အတွက်လိုအပ်သည့် အခြေခံဥပဒေပြင်ဆင်မှုများကို လုပ်ဆောင်ရာတွင် မိမိတို့အချင်းချင်း အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံသည့် ဆွေးနွေးညှိနှိုင်းမှုများ၊ ထားရှိနိုင်မည့် သဘောထားကြီးမှုများ၊ တောင်းဆိုမှုများကို အပြန်အလှန်နားလည်လက်ခံပေးနိုင်သည့် အခြေအနေများက အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လစဉ်ပြောကြားလျက်ရှိသည့် မိန့်ခွန်းများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြောကြားခဲ့ရာတွင် (၁-၂-၂၀၁၄) ရက် ရေဒီယိုမိန့်ခွန်း၌ တိုင်းရင်းသားများ၏ အဓိကတောင်းဆိုမှုများဖြစ်သည့် တန်းတူရည်တူရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် တိုင်းရင်းသားအခွင့်အရေး၊ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို ထိန်းသိမ်းရေးမှအစပြုပြီး ဖယ်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတစ်ရပ်ပေါ်ပေါက်ရေးအထိ ကျယ်ပြန့်စွာဆွေးနွေးရန် ရည်မှန်းချက်ထားဆောင်ရွက်နေသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း အစရှိသည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို မလွှဲမသွေလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုပြင်ဆင်ရေးကိစ္စရပ်များသည်လည်း အခြေခံဥပဒေ အသက်ဝင်ရှင်သန်ရေးအတွက် အဓိကကျသည့် ဒီမိုကရေစီတန်ဖိုးများ၊ စံနှုန်းများပြည့်မီရေး အစရှိသည်တို့ဖြင့် ချိတ်ဆက်လုပ်ဆောင်ကြရမည်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် အဓိကတာဝန်ရှိသည့် နိုင်ငံရေးအင်အားစုများဖြစ်သည့် လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအစုအဖွဲ့များအားလုံးသည် ယခုလုပ်ဆောင်လျက်ရှိသည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များတွင် အထက်ပါကိစ္စရပ်များကို ထည့်သွင်းပြင်ဆင်ထားကြရန် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မတ်လ (၂၆) ရက် နံနက် ၁၀ နာရီက နေပြည်တော်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်တွင် တာဝန်ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် မိန့်ခွန်းတစ်ရပ် ပြောကြားသည်။

ထိုမိန့်ခွန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ယနေ့ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်ကြီးသည် ကျယ်ပြန့်နက်ရှိုင်းပါကြောင်း၊ ပြဋ္ဌာန်းချက်တစ်ရပ်ချင်းအလိုက် နောက်ခံသမိုင်း၊ အနှစ်သာရနှင့် ရည်ရွယ်ချက်များကို ပြည့်စုံစွာလေ့လာပြီး ရှုထောင့်စုံမှ သုံးသပ်ကာ အခြေခံဥပဒေအခန်း (၁၂) တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်မှုဆောင်ရွက်နိုင်ရေး အလေးထားလိုက်နာကြရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်သည် မတ်လ (၂၉) ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စနှင့်ပတ်သက်ပြီး မိမိ၏သဘောထားရပ်တည်ချက်အချို့ကို ထပ်လောင်းတင်ပြလိုကြောင်း၊ အသက်ဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပိုင်ဆိုင်ရန် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်များနှင့် သဟဇာတ

ဖြစ်အောင် အခြေအနေ အချိန်အခါအလိုက် ပြင်ဆင်ရေးသားရမည်ဟူသည့် အခြေခံမူကို မိမိအနေနှင့် ဆုပ်ကိုင်ထားရမည်ဖြစ်ကြောင်း၊ ယနေ့ဖြစ်ထွန်းမှုရရှိလာသည့် ပြုပြင် ပြောင်းလဲမှုများ၏ ရလဒ်များဖြစ်သော နိုင်ငံရေးပွင့်လင်းလာမှုနှင့် မီဒီယာလွတ်လပ်ခွင့်များကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များ၊ အခြားဥပဒေရေးရာ ပြင်ဆင်မှုကိစ္စရပ်များကို နိုင်ငံရေးအင်အားစုများ၊ ပြည်သူများအနေဖြင့် လွတ်လပ်စွာ ဆွေးနွေးငြင်းခုံမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် အဓိကအစိတ်အပိုင်းသုံးခုရှိသည်ဟု ရှုမြင်ကြောင်း၊ ပထမပိုင်းကတော့ မိမိတို့ကြိုးပမ်းတည်ဆောက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ကြရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် ပေါ်ပေါက်လာမည့် သဘောတူညီချက်များအတွက် လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ လုပ်ဆောင်ရမည့်အပိုင်းဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် မိမိတို့တည်ဆောက်လိုသည့် ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပီပြင်လာစေရေးအတွက် လိုအပ်သည့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီလာစေရန် လိုအပ်သလို ပြင်ဆင်ရမည့်အပိုင်းဟူ၍ ခွဲခြားတွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် နိုင်ငံရေးဦးဆောင်မှုဆိုင်ရာ အရည်အချင်းသတ်မှတ်မှုအတွက် လိုအပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်သည့် မိမိ၏ သဘောထားကတော့ မည်သည့်မြန်မာနိုင်ငံသား တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်ကို ကန့်သတ်တားမြစ်တာမျိုးမဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသကဲ့သို့ တစ်ဖက်ကလည်း မိမိတို့အမျိုးသားအကျိုးစီးပွားနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက်ပတ်သည့် အကာအကွယ်ပေးနိုင်သည့် အခြေခံမူများရှိရန်လည်း လိုလားကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီစွာကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရာတွင် ပါဝင်ပတ်သတ်သူအားလုံး၏ အမြော်အမြင်ကြီးမားမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ (၃၁-၅-၂၀၁၄) တွင် လစဉ်ပြောကြားသော ရေဒီယိုမိန့်ခွန်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်းပြီး မိမိ၏ သဘောထားရပ်တည်ချက်များကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေပြုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မဖြစ်မနေပြုလုပ်ရမည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသောသဘောတူညီချက်များကို မူတည်၍ လိုအပ်သလိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ ပြုလုပ်သင့်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီအောင် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရာ၌ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူအားလုံး၏ အမြော်အမြင်ကြီးမှု၊ ဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့ဖြင့်သာ ပြင်ဆင်သင့်ကြောင်း၊ တတိယအချက်အနေဖြင့် မည်သည့်နိုင်ငံသား တိုင်းရင်းသားတစ်ဦးကိုမျှ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဦးဆောင်နိုင်ခွင့်အား ကန့်သတ်ထားမြစ်ထားခြင်းမျိုး မဖြစ်စေလိုသည့် နိုင်ငံရေးစေတနာရှိသလို တစ်ဖက်တွင်လည်း မိမိတို့အမျိုး သားအကျိုးစီးပွားနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို မထိပါးစေမည့် သင့်တင့်လျောက် ပတ်သောအကာအကွယ်ပေးနိုင်သည့် အခြေခံများရှိ ရန်လိုအပ်ကြောင်း၊ အသက်ဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပိုင်ဆိုင်ရန် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်များနှင့် သဟဇာတဖြစ်အောင် အခြေအနေအချိန်အခါအလိုက် ပြင်ဆင်ရေးသားရမည်ဆိုသည့် အခြေခံမူကို ဆုပ်ကိုင်ထားရမည်ဖြစ်ကြောင်း၊ လက်ရှိ မိမိတို့ကြိုးပမ်း တည်

ဆောက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာမည့် သဘောတူညီ ချက်များအတွက် လိုအပ်သလို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် မိမိတို့တည် ဆောက်လိုသည့် ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်းတစ်ရပ် ပီပြင်လာစေရေးအတွက် လိုအပ်သည့် ဒီမိုကရေစီစံနှုန်းများ၊ တန်ဖိုးများ ပြည့်မီလာစေရန် အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်သလိုပြင်ဆင်နိုင်ရန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အခါတွင် ပါဝင်ပတ်သက်သူအားလုံး၏ အမြော်အမြင်ကြီးမားမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့က အဆုံးအဖြတ်ပေးသွားမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း (၂၀၁၄) ခုနှစ် (၆၉) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဟု နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အမျိုးသားညီလာခံက အခြေခံမူ (၁၀၄) ချက်ချမှတ်ပြီး ၎င်းအပေါ်အခြေခံရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ (၂၀၀၈) ခုနှစ် လူဦးရေ (၅၇ ဒသမ ၃) သန်းတွင် ဆန္ဒမဲပေးခွင့်ရှိသူ (၂၇ ဒသမ ၂၈) သန်းအနက် မဲပေးသူ (၂၆ ဒသမ ၇) သန်းတည်းမှ (၂၄ ဒသမ ၇၆) သန်းက ထောက်ခံဆန္ဒမဲပေးခဲ့သည့်အတွက် (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းက ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်၊ ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ တိုင်းရင်းသားလူမျိုးစုတစ်ခုအတွက်၊ တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် ထောက်ခံဆန္ဒမဲပေးသူ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း၏ဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အခြေခံဥပဒေအခန်း (၁) နိုင်ငံတော်အခြေခံမူများနှင့် အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် လက်ရှိဒီမိုကရေစီလိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အခြေခံဥပဒေပုဒ်မ ၁၁ (က) တွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာ ခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ အချုပ်အခြာအာဏာ ခက်မသုံးဖြာကို နည်းလမ်းတကျ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းကို အဟန့်အတားဖြစ်မည့် ကိစ္စများ၊ အခြေအနေအချိန်အခါအရ အခြေခံလိုအပ်ချက်များနှင့် သဟဇာတမဖြစ်ခြင်းများရှိလာခဲ့၍ ပြင်ဆင်ရန် လိုအပ်လာလျှင်လည်း အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ (က) နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ခွဲဝေပေးထားသည့် ဥပဒေပြုစာရင်းနှင့် အခွင့်အရေးများကို ညီညွတ်မျှတအောင် ဆောင်ရွက်ပေးနိုင်ရေးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၆) ပြင်ဆင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ဗဟိုပူးပေါင်းကော်မတီကို ဖွဲ့စည်းလိုက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မေလ (၅) ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကြေညာချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့သည် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) ကို ပြင်ဆင်ရန် ပြည်သူလူထုလက်မှတ်ရေးထိုးဆန္ဒဖော်ထုတ်ရေး၊ ဟောပြောပွဲအောင်မြင်စွာကျင်းပနိုင်ရန် ဗဟိုပူးပေါင်းကော်မတီကို ဖွဲ့စည်းလိုက်သည်ဟု ဖော်ပြပါရှိသည်။

အဆိုပါ ဗဟိုပူးပေါင်းကော်မတီတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းထိန်၊ ဦးညဏ်ဝင်း၊ ဦးအုန်းကြိုင်၊ ဦးဝင်းမြင့်၊ ဦးဟံသာမြင့်၊ ဦးထွန်းထွန်းဟိန်၊ (၈၈) မျိုးဆက်အဖွဲ့မှ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီး၊ ဦးမြအေး၊ ဦးဂျင်မီနှင့် ဦးပြုံးချိုတို့ပါဝင်သည်။

စစ်မှန်သောဒီမိုကရေစီနှင့် တန်းတူညီမျှမှုရရှိရေး အတွက် ဆောင်ရွက်ရာတွင် လက်ရှိဖွဲ့စည်းပုံဖြင့် ခရီး ဆက်၍ မရသည့်အတွက်ဟုဆိုကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးတွင် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းအပါအဝင် ပါတီအဖွဲ့အစည်း များနှင့် ကျစ်လျစ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု မေလ (၇) ရက်က ရန်ကုန်မြို့ရှိ (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းရုံးတွင် ပြုလုပ် သော ကေအင်န်ယူဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန် ဦးဆောင်သည့်အဖွဲ့နှင့် (၈၈) မျိုးဆက်ခေါင်းဆောင်များ ဆွေးနွေးမှုအပြီး သတင်းစာရှင်းလင်းပွဲတွင် အေအင်န် ယူခေါင်းဆောင်များက ပြောကြားသည်။ အဆိုပါ တွေ့ဆုံမှုတွင် နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခြေ အနေများနှင့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စများ၊ လှုပ်ရှားမှုများနှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးသည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းမှ ပုဒ်မ (၄၃၆) ပြင်ဆင်ရေးဆိုင်ရာ လှုပ်ရှားမှုများကို (၈၈) မျိုးဆက်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက် နေသည့် အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုအပေါ် ကေအင်န်ယူအဖွဲ့၏ သဘောထားကိုမေးမြန်းရာ ကေအင်န်ယူဒုတိယဥက္ကဋ္ဌ နော်စီဖိုးရာစိန်က ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနှစ်ခုစလုံးသည် ဆက်စပ်မှု ရှိသည့်အတွက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ် ကြောင်း ပြောကြားသည်။

လွှတ်တော်ပိုင်းအနေဖြင့်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေး (၇/၂၀၁၄) ကို မေလ (၁၅) ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် ဒီဆောင်ဒုတိယထပ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒ ကျော်စွာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူး ဦးအေးမောက်၊ ကော်မတီ ဝင်များနှင့် အကြံပြုဆွေးနွေးရန် သတ်မှတ်ထားသော လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်း အဝေးတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြော ကြားပြီး ကော်မတီအတွင်းရေးမှူးက ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ (၆/၂၀၁၄) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက် လာသည့် ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင် ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက် ဆွေးနွေးကာ ဆုံးဖြတ်ချက်များရယူသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင် အထည်ဖော်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မေလ (၁၅) ရက်က ပြုလုပ်ခဲ့သည့် (၂၀၁၄) ခုနှစ် အခြေခံစာတတ်မြောက် ရေးလှုပ်ရှားမှု ဂုဏ်ပြုအခမ်းအနားတွင် မိန့်ခွန်းတစ်ရပ် ပြောကြားရာ၌ ၎င်းနှင့်ပတ်သက်၍ မကြာခင်၌ ကြုံတွေ့လာရတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ထိုကိစ္စများသည် မိမိတို့ နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများသာဖြစ်ကြောင်း၊ မိမိတို့ အချုပ်အခြာအာဏာကို အထိပါးမခံဘဲ ဥပဒေဘောင်

အတွင်းမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများကြောင့် တိုင်းပြည်ဆူဆူပူပူဖြစ်လာမည်ကို မည်သူမျှ မလိုလားကြကြောင်း၊ ကိုယ့်တိုင်းပြည် ဆူဆူပူပူဖြစ်လျှင် ကိုယ့်တိုင်းပြည်နစ်နာမည်ဖြစ်ကြောင်း၊ မိမိပြည်သူတွေလည်း နစ်နာမည်ဖြစ်ကြောင်း၊ အဆိုးအကောင်းကို ယနေ့ဆူဆူပူပူဖြစ်နေသည့် နိုင်ငံများ၏ သင်ခန်းစာများကို ရယူရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းစနိုင်ငံတိုင်းတွင် ယင်းကဲ့သို့သောအခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရပြီး အဆိုပါအခက်အခဲများကို ရဟန်းရှင်လူ ပြည်သူလူထု၏ အားပေးထောက်ခံမှု၊ ပူးပေါင်းပါဝင်မှုတို့ဖြင့် တိုင်းပြည်တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းရှိရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း သမ္မတကြီးက တိုက်တွန်းပြောဆိုခဲ့သည်။

လက်ရှိအချိန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် အဟန့်အတားသဖွယ်ဖြစ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ (၅၉) (စ) နှင့် (ဃ) တို့ကို ပြင်ဆင်နိုင်ရေးအတွက် ဦးစွာပြင်ဆင်ရန် လိုအပ်သည့် ပုဒ်မ (၄၃၆) ပြင်ဆင်ရေးကို လူထုဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ဦးဆောင်၍ အဆိုပါ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ မပြင်ဆင်ရေးနှင့် ပုဒ်မ (၅၉) (စ) ကို ထောက်ခံသော ဆန္ဒဖော်ထုတ်ပွဲတစ်ရပ်ကို မေလ (၁၄) ရက်က ဇလွန်မြို့တွင် ဆန္ဒထုတ်ဖော်ကြသည်။ ဆန္ဒထုတ်ဖော်သူတို့အနေဖြင့် နိုင်ငံအုပ်ချုပ်မည့်သူသည် တခြားနိုင်ငံသားများနှင့် နီးနှောပတ်သက်မည်ဆိုပါက တိုင်းပြည်နိုင်ငံရေး၊ လုံခြုံရေးများအတွက် စိုးရိမ်ရခြင်းကြောင့် (၅၉) (စ) ကို ထောက်ခံပါကြောင်း၊ အမျိုးမစစ်လျှင် အမျိုးမချစ်နိုင်၊ အမျိုးစစ်မှ အမျိုးချစ်မည်၊ အမျိုးဖျက်သူအလိုမရှိ။ ပြည်ထောင်စုသားစစ်စစ် ဒီမိုကရေစီ ပုဒ်မ (၅၉) (စ) ကို ထောက်ခံပါကြောင်း၊ အမျိုးဘာသာ သာသနာတိုးတက်စေဖို့ ပုဒ်မ (၅၉) (စ) ကို ထောက်ခံစို့၊ မြန်မာ့ဒီမိုကရေစီ တိုးတက်စေဖို့၊ ယဉ်ကျေးမှုနှင့်အညီဆောင်ရွက်စို့ဟူသော ဗီနိုင်းပိုစတာများကို ကိုင်ဆောင်ကာ ခွင့်ပြုမိန့်ဖြင့် ဇလွန်မြို့အတွင်း စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။

တစ်ဆက်တည်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မေလ (၁၅) ရက်က (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဆန္ဒပြပွဲကို ကျင်းပခဲ့သည်။ ဆန္ဒပြပွဲနှင့်ပတ်သက်၍ တပ်မတော်၏ အခန်းကဏ္ဍကိုမပါမဖြစ် ထည့်သွင်းရေးဆွဲထားသကဲ့သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကသာလျှင် ဖွဲ့စည်းပုံ၌ ပေါ်ပေါ်ထင်ထင်အာဏာကို သက်ရောက်စေသည်။ ထို့ကြောင့် ပုဒ်မ (၄၃၆) ကို ပြင်ဆင်ရန် တောင်းဆိုခြင်းဖြစ်သည်။ ဒီမိုကရေစီစံနှုန်းမကိုက်ညီသည့်အပြင် ဖွဲ့စည်းပုံတစ်ခုလုံး၌ တပ်မတော်၏ အခန်းကဏ္ဍကို အလေးပေး ထားပြီး ရှေ့နောက်မညီညွတ်ခြင်းများ တွေ့ရသောကြောင့် ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်သည်ဟု ဖော်ပြညွှန်းဆိုသည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်၍ လူထုဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်စိန်မှန်အားကစားကွင်း၌ မေလ (၁၇) ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ထိုလူထုဟောပြောပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့က ဦးဆောင်ကျင်းပခဲ့ကြသည်။ ဟောပြောပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေးအတွက် ဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းခေါင်းဆောင် ဦးမင်းကိုနိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဟောပြောကြသည်။

ယင်းနောက် ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာမျိုးအောင်က လက်မှတ်ရေးထိုးဆန္ဒဖော်ထုတ်ခြင်းပုံစံလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

တစ်ဆက်တည်းတွင် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ လူထုဟောပြောပွဲကို မန္တလေးမြို့ အောင်ပင်လယ် အားကစားကွင်း၌ မေလ (၁၈)ရက်က ဆက်လက်ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့ကပင် ဟောပြောခဲ့ကြသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ပတ်သက်၍ လူထုဆန္ဒကိုရယူခြင်း အနေဖြင့်သဘောတူ လက်မှတ်ထိုးမည့်စာအုပ်များကိုလည်း ပြုလုပ်သွားမည် ဖြစ်ကြောင်းထည့်သွင်းပြောကြားခဲ့သည်။

(၂၀၁၄) ခုနှစ် မေလ (၁၉) ရက် မွန်းလွဲ ၁၂း၃၀ တွင် နေပြည်တော်ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဇယား (၁) (၂) နှင့် ဇယား (၅) လေ့လာသုံးသပ်ရေးနှင့် ဥပဒေရေးဆွဲရေး ကော်မတီအစည်းအဝေးကျင်းပသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်း၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဝန်ကြီးများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဥပဒေပြုစာရင်းပုဒ်မ (၉၆)၊ ဇယား (၁) ပါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍပါ အချက် (၇) ချက်၊ နိုင်ငံခြားရေးကဏ္ဍပါအချက် (၇) ချက်၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍပါ အချက် (၂၀)၊ စီပွားရေးကဏ္ဍပါ အချက် (၇) ချက်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍပါ အချက် (၁၂) ချက်၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ အချက် (၇) ချက်၊ စက်မှုလက်မှုကဏ္ဍပါ အချက် (၆) ချက်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍပါ အချက် (၁၄) ချက်၊ လူမှုရေးကဏ္ဍပါ အချက် (၂၁) ချက်၊ စီမံခန့်ခွဲရေးကဏ္ဍပါ အချက် (၁၁) ချက် ပေါင်း (၁၁၂) ချက်တို့အား ဆွေးနွေးကြသည်။

ဆွေးနွေးကြရာတွင် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းရပ်များအား ပီပီပြင်ပြင်အကောင်အထည်ဖော်ရေးအတွက် အချက်တစ်ချက်ချင်းအလိုက် အုပ်ချုပ်မှုဆိုင်ရာကိစ္စ၊ သယံဇာတနှင့် အခွန်အခကိစ္စ၊ ဟိုတယ်ခရီးသွားလုပ်ငန်းကိစ္စ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများအပေါ် အသေးစိတ် ဆွေးနွေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဇယား (၁)၊ (၂) နှင့် ဇယား (၅) လေ့လာသုံးသပ်ရေးနှင့် ဥပဒေရေးဆွဲရေးကော်မတီဆိုင်ရာ အစည်းအဝေးကို (၂၀-၅-၂၀၁၄) တွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသများ၏ ရငွေ၊ သုံးငွေပေါ်မူတည်ပြီး ဘဏ္ဍာငွေအရ အသုံးနှင့်အခွန်အကောက်ခွဲဝေသုံးစွဲရာ၌ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် ဥပဒေပေါ်ပေါက်လာစေရန် လည်းကောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဇယား (၁)၊ (၂) နှင့် (၅) ပါ ပြဋ္ဌာန်းချက်များကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဟန်ချက်ညီညီလုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့၏ သုံးနှစ်တာကာလအတွေ့အကြုံများကို အခြေခံကာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်သွားရ

မည့် အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲရမည့်အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်မလိုဘဲ ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်နိုင်သောကိစ္စရပ်များ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်သော ကိစ္စရပ်များကို ခွဲခြား၍ ဆွေးနွေးစေလိုကြောင်း၊ ဆွေးနွေးရာတွင် မိမိတိုင်းဒေသကြီး/ပြည်နယ်အတွက် အခွန်အကောက်ရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မိမိဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်း၍ အကြံပြုဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဇယား (၁)၊ (၂) နှင့် (၅) ပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တစ်ပိုဒ်ချင်းအလိုက် အသေးစိတ်ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းတည့် (၁၂) နာရီတွင် ခေတ္တရပ်နားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ဇယား-(၁)၊ (၂) နှင့် ဇယား -(၅) လေ့လာသုံးသပ်ရေးနှင့် ဥပဒေရေးဆွဲရေးကော်မတီဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မေလ (၂၁) ရက်က နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဟောပြောမှုနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်အား မေလ (၂၂) ရက် ရက်စွဲဖြင့် သတိပေးစာတစ်စောင် ပေးပို့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ မန္တလေးမြို့ ၌ (၂၀၁၄) ခုနှစ်၊ မေလ (၁၈) ရက်က ပူးပေါင်းလုပ်ဆောင် ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေးဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည်ကို ကျော်လွန်နေသောကြောင့် သတိပေးခြင်းဖြစ်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖော်ပြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ (၁၀) (ဌ) အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ ပြုလုပ်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံရေးပါတီ (သို့မဟုတ်) ပါတီဝင်တစ်ဦးက မိမိဝန်ခံထားသည့်အတိုင်း ပါတီဥပဒေပုဒ်မ (၆) ကို စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ခြင်း၊ ပုဒ်မ (၂၄) (က) အရ တည်ဆဲဥပဒေက ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းတို့ကို တွေ့ရှိရပါက ကော်မရှင်မှ လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် ညွှန်ကြားနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ပါတီအနေဖြင့်ဖြစ်စေ၊ ပါတီဝင်တစ်ဦးချင်းအနေဖြင့်ဖြစ်စေ မိမိတို့ ဝန်ခံလက်မှတ်ရေးထိုးထားသည့် (သို့မဟုတ်) ကတိသစ္စာပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် တာဝန်နှင့် တည်ဆဲဥပဒေများနှင့်အညီ ဆွေးနွေးဟောပြောမှုများဖြစ်စေရန် တာဝန်တို့ကို ကတိပြုဆောင်ရွက်ကြရန် အသိပေးကြောင်းကိုလည်း ဖော်ပြထားသည်။

အဆိုပါသတိပေးအကြောင်းကြားစာ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် (၂၀၁၁) ခုနှစ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားသူ (၂၁) ဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၃) (က) အရ ပုံစံ (က) ဖြင့် ကိုယ်တိုင်လက်မှတ်ရေးထိုးလျှောက်ထားသည့်လျှောက်လွှာတွင် ဥပဒေပုဒ်မ (၆) ပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည်နှင့်အညီ လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၄) ပါအတိုင်း ကတိသစ္စာပြုထားသူလည်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ပြင်ဆင်လိုပါက လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များကို ပုဒ်မ (၄၃၃) မှ (၄၃၆) အထိ ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ (၄၃၄) တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်" ဟု အတိအလင်း ပြဋ္ဌာန်းထားကြောင်း၊ ယခုအခါ လွှတ်တော်တွင်းမှ ဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း ကော်မရှင်၏ သတိပေးအကြောင်းကြားစာ၌ ပါဝင်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၆) ပြင်ဆင်ရေးနှင့်ပတ်သက်၍ မေလ (၁၈) ရက်က မန္တလေးမြို့၌ ဟောပြောခဲ့သည်များမှာ တပ်မတော်အပေါ် ပြည်သူလူထု ယုံကြည်အားကိုးလာရေးသာ ဟောပြောခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၎င်းနှင့်ပတ်သက်၍ ဝင်ရောက်သတိပေးနေခြင်းမှာ သင့်လျော်မှုမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇွန်လ (၂) ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

(၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းမှ ပုဒ်မ (၄၃၆) အား ပြင်ဆင်ရေးလှုပ်ရှားမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ခေါင်းဆောင်ကာ ပြည်သူများလက်မှတ်ရေးထိုးဆန္ဒထုတ်ဖော်မှုကို မေလ (၂၇) ရက်မှ စတင်ပြီး တစ်နိုင်ငံလုံး၌ ပြုလုပ်ခဲ့ရာ သိန်းနှင့်ချီသော လူထုမှ ပုဒ်မ (၄၃၆) ပြင်ဆင်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေမပြင်ဆင်ရေးနှင့်ပတ်သက်၍ နေပြည်တော်တွင် ဆန္ဒပြမှုများလည်း မေလ (၂၇) ရက်က ရှိခဲ့သည်ဟု ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။ ၎င်းတို့က တပ်မတော်ပြိုကွဲမည့် အကြံလက်မခံ၊ တိုင်းပြည်အန္တရာယ်ကျရောက်စေမည့် အခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ခြင်းအား ရှောင်ရှားကြ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ခြင်းအား ကန့်ကွက်ပါသည် အစရှိသောဆိုင်းဘုတ်များကိုင်ဆောင်ကာ နေပြည်တော်ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်အတွင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်ဟု ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။

မေလ (၂၇) ရက်က နေပြည်တော်ဇေယျာသီရိမြို့နယ်၌ ဒေါ်အောင်ဆန်းစုကြည်က ပုဒ်မ (၄၃၆) ပြင်ဆင်ရေးနှင့်ပတ်သက်၍ ဟောပြောရာတွင် လက်မှတ်ရေးထိုးလှုပ်ရှားမှုသည် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားအပါအဝင် အစိုးရဝန်ထမ်းများ၊ ပြည်သူများကို လက်မှတ်မထိုးရန် အာဏာပိုင်များက ဖိအားပေးခြိမ်းခြောက်လျက်ရှိပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။

(၂၀၀၈) ဖွဲ့စည်းပုံဥပဒေသည် စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် ရေးဆွဲသည့်ဖွဲ့စည်းပုံဟု (၁၉၉၀) ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါ သဘောထားထုတ်ပြန်ချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံ၍ ဖော်ဆောင်ထားခြင်းမဟုတ်ဘဲ စစ်အာဏာရှင်စနစ်ကိုအခြေခံ၍ ဖော်ဆောင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ခြင်း၊ အခြေခံလူ့အခွင့်အရေး တန်းတူညီမျှမှုမရှိဘဲတပ်မတော်က နိုင်ငံရေးဦးဆောင်မှုကဏ္ဍဖြင့် အသာစီးယူ၍ မညီမညာအခြေခံအုတ်မြစ်ချခဲ့ခြင်း၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်သုံးရပ်စလုံးအား တပ်မတော်၏ ကြီးကြပ်မှုအောက်တွင်ထားလျက် စွက်ဖက်လွှမ်းမိုးခြင်းစသည့် သဏ္ဌာန်သရုပ်မမှန်သော အချက်များ ပါဝင်ကြောင်း ဖော်ပြထားသည်။

မေလ (၂၈) ရက်က ပြုလုပ်သော ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ မစတင်မီတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍

မီဒီယာများ၏ အမေးအား သူရဦးအောင်ကိုက ပြန်လည်ဖြေကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ပြည်သူများက ယနေ့ တောင်းဆိုနေကြကြောင်း၊ နိုင်ငံတကာကလည်း အလားတူပင်ဖြစ်ကြောင်း၊ အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ယနေ့တောင်းဆိုမှုများကို မျက်ကွယ်ပြုနေမည်ဆိုလျှင် နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ဆီသို့ ဦးတည်သွားနိုင်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်ပါက ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့နိုင်ပြီး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပင် ပျက်ပြားသွားနိုင်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားများ တောင်းဆိုနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ သယံဇာတအကျိုးအမြတ် ခွဲဝေခံစားခွင့်၊ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေးအစရှိသည့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန်အတွက် အခြေခံဥပဒေကိုပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေး ရရှိရန်၊ ပြည်သူများ၏ ဘဝမြင့်မားတိုးတက်ရန်၊ စစ်မှန်သည့် ဒီမိုကရေစီထွန်းကားရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ရေးမှ တစ်ပါးအခြားမရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ပုဒ်မ (၄၃၆) ပြင်ဆင်ရေးနှင့်ပတ်သက်၍ လက်မှတ်ထိုးလှုပ်ရှားမှုများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့မှဦးဆောင်ကာ မေလ (၂၇) ရက်မှစ၍ ဆောင်ရွက်ခဲ့သည်ဟု ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။ ထိုနေ့တွင် ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်နှင့် တာမွေမြို့နယ်ရှိ (၈၈) ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းရုံးတို့တွင် လက်မှတ်ထိုးလှုပ်ရှားမှုကို စတင်ဖွင့်လှစ်ခဲ့ကြသည်။ ထိုလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်မည်ဟု သတင်းစာများက ဖော်ပြသည်။

မန္တလေးမြို့တွင်လည်း လက်မှတ်ထိုးလှုပ်ရှားမှုကို စတင်လုပ်ဆောင်ရာတွင် အနုပညာရှင်များ၊ ကာတွန်းဆရာများက ဦးစွာပထမ လက်မှတ်ထိုးခဲ့ကြသည်။ ထိုသို့လုပ်ဆောင်သည်နှင့်တစ်ပြိုင်တည်း လက်မှတ်ထိုးလှုပ်ရှားမှုအား ဆန့်ကျင်ကန့်ကွက်မှုများလည်း ပေါ်ပေါက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇွန်လ (၁) ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်းမြို့နယ်၌ အခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေး ပြည်သူလူထုထောက်ခံလက်မှတ်ရေးထိုးရေး လူထုဟောပြောပွဲသို့ တက်ရောက်ဟောပြောသည်။ ၎င်းကဟောပြောရာတွင် မိမိတို့ယခုကဲ့သို့ ဟောပြောခြင်းသည် တိုင်းပြည် မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ ပြည်သူများကလည်း မိမိတို့ဟောပြောချက်များကို စည်းကမ်းရှိရှိနားထောင်ကြပါကြောင်း၊ မတည်ငြိမ်အောင်လုပ်သည်ဟု ပြောဆိုခြင်းသည် မိမိတို့အား ခြိမ်းခြောက်ခြင်းပင်ဖြစ်ကြောင်း၊ စိတ်ဝမ်းကွဲအောင် လုပ်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့သည် ဥပဒေဘောင်အတွင်းက လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်ကုန်းမြို့သို့ ဟောပြောရန် သွားရောက်ရာတွင် လမ်းခရီး၌ ဦးစန်းလွင်အပါအဝင် လူ (၁၅) ဦးခန့်သည် မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် ဆန့်ကျင်ဆန္ဒပြနေသည်နှင့်ကြုံသဖြင့် ဒေါ်အောင်ဆန်းစုကြည်က ကားကိုရပ်ပြီး ၎င်းတို့နှင့် ဆွေးနွေးပြောဆိုသည်။ ဦးစန်းလွင်နှင့်အဖွဲ့က ပြည်သူ့ဆန္ဒဖြင့်ရေးဆွဲထားသည့် (၂၀၀၈) အခြေခံဥပဒေပြင်ဆင်ရန် လက်မခံပါ။ ပုဒ်မ (၄၃၆) ပြင်ဆင်ရန် ကြိုးစားခြင်းသည် နိုင်ငံရေးအကျပ်အတည်းဖြစ်လာနိုင်သည်။ (၂၀၀၈) ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းကို ကန့်ကွက်သည်။ ပုဒ်မ (၅၉) (စ) သည် ဗိုလ်ချုပ်အောင်ဆန်းချမှတ်သောမူဖြစ်သည်။ တစ်ဦးတစ်ယောက်အတွက် ဖွဲ့စည်းပုံပြင်ဆင်မည့်အကြံ ဒို့လက်မခံ။ တပ်မတော်ဖြိုခွဲမည့်အကြံ လက်မခံပါအစရှိသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်က မိမိတို့သည် ဥပဒေနှင့်အညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်

မညီညွတ်ဟု ထင်မြင်ပါက အရေးယူ၍ရပါကြောင်း၊ ရဲစခန်းကိုတိုင်ကြား၍ရပါကြောင်း ပြန်လည်ဆွေးနွေး ပြောဆိုခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်း ပြုလုပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လူထုဟောပြောပွဲတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီး နေပြည်တော် ကောင်စီနယ်မြေအတွင်း တည်ရှိသည့် လယ်ဝေးမြို့နှင့် ပျဉ်းမနားမြို့များ၌ ကျင်းပရာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်း စုကြည်က ပြင်ဆင်ရေးနှင့်ပတ်သက်၍ ဟောပြော သည်။ တစ်ဆက်တည်းတွင် ပုဒ်မ (၄၃၆) ပြင်ဆင်ရေး အတွက် လူထုလက် မှတ်ရေးထိုးပွဲကိုလည်း ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့များတွင် ဆက်လက် ကျင်းပခဲ့သည်။

ထိုသို့ပြုလုပ်စဉ် ပျဉ်းမနားနှင့်တပ်ကုန်းမြို့များ၌ ပုဒ်မ (၄၃၆) ပြင်ဆင်ရန် ကန့်ကွက်ကြောင်း ပြည်သူ အချို့က ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်မှ တိုင်းရင်း သားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်မည်ဖြစ် သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် ပုဒ်မ (၄၃၆) ပြင်ဆင်ရေး ကို သဘောတူညီသည်ဟု တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်း ရေးအဖွဲ့ (NCCT) အဖွဲ့ခေါင်းဆောင် နိုင်ဟန်သာက ပြောကြားသည်ဟု ပုဂ္ဂလိကသတင်းစာတစ်စောင်က ဖော်ပြသည်။

ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်ပတ်သက်၍ ဇွန်လ (၃) ရက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်း အဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ကို သတင်းထောက်များက မေးမြန်းရာတွင် ဖွဲ့စည်း ပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး မိမိကိုယ်ပိုင် အယူအဆအရ အလွတ်သဘောပြောရလျှင် ဥပဒေ စတင်လုပ်ဆောင်စဉ်က ဖြစ်ပေါ်လာသည့် နိုင်ငံ့ အရေးကို မျှော်မှန်းပြီး ပါဝင်ခဲ့သူအားလုံးက တွက်ဆ၍ အကောင်းဆုံးကိုရေးဆွဲပြီး လူထုထောက်ခံချက် ရယူခဲ့ကြောင်း၊ ယခု သုံးနှစ်ကြာသွားပြီးနောက် ထိုစဉ်က အမြင်နှင့်ရေးခဲ့ခြင်းများသည် ယခုအခါ၌ လွဲမှားနေကြောင်း၊ လွဲမှားနေလျှင် ပြင်ရမည်ပင်ဖြစ် ကြောင်း၊ ပြင်သင့်သလား မပြင်သင့်သလားဆိုသည်ကို ပြည်သူများက ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ပြင်ခြင်း သည် လွယ်ကြောင်း၊ ပြင်ပြီးလျှင် ပြန်ဖျက်ဖို့ မလွယ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်သည်ဆိုသည်မှာ အလွန်အရေးကြီးကြောင်း၊ မိမိတို့၏ ဆွေစဉ်မျိုးဆက်အတွက်အထိ အရေးကြီး ကြောင်း၊ ပြင်သင့်မပြင်သင့်ဆိုသည်ကို တစ်ခဏခံစားမှု နှင့် ပြော၍မရကြောင်း၊ တစ်ဦးတစ်ယောက်ခံစားမှုနှင့် ပြော၍မရကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် သန်းပေါင်း ခြောက်ဆယ်သောလူထုထဲက မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူ များ၏ ဆန္ဒသည်သာ အဓိကဖြစ်ကြောင်း၊ နိုင်ငံတော် ကောင်းစားရေးအတွက် သမ္မတကြီးလည်း ပြောပြီးပြီ ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒသည် နိုင်ငံတော်၏ဆန္ဒဖြစ် ကြောင်း၊ ဖွဲ့စည်းပုံအခြေခံပြင်ရန် ပြည်သူလူထုက တောင်းဆိုလာပြီး အမှန်တကယ်လည်း ပြင်သင့်ပြင် ထိုက်တာကို ကိုယ်စားလှယ်များနှင့် ဆွေးနွေးပြီးလျှင် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဖြစ်ရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေလ (၆) ရက်တွင် ပြုလုပ်သည့် ပြည်သူ့လွှတ် တော်အစည်းအဝေးပြီးသည့်နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဌေးဦးကို ပြည်တွင်း မီဒီယာသတင်းထောက်များက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ မေးမြန်းရာတွင် ၎င်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ (၅၉) (စ) မပြင်ရေး ဆန္ဒပြမှုများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှလုပ်နေခြင်းမဟုတ်ကြောင်း ဖြေကြား သည်။ ဆက်လက်၍ ဦးဌေးဦးက (၅၉) (စ) မပြင်ဖို့ကို ပြည်ခိုင်ဖြိုးပါတီကနေ လုပ်နေပြီဆိုသည်မှာ လုံးဝ မဟုတ်ကြောင်း၊ တကယ်တမ်း မိမိတို့လုပ်မည်ဆိုလျှင် သည် ထက်များနိုင်ကြောင်း၊ စနစ်တကျလည်းရှိနိုင်ပါ ကြောင်း၊ မိမိတို့လည်း တက်ပြောမည်ဖြစ်ကြောင်း၊

မကွေးတိုင်းကိုယ်စားပြု (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဟောပြောပွဲကို မကွေးမြို့ ကံသာရပ် အေးစေတီဘုရားကွင်းအတွင်း၌ ဇွန်လ (၉) ရက်နံနက်က ကျင်းပသည်။ မကွေးတိုင်းအတွင်း မြို့နယ်များမှ ကျေးရွာများအထိ လူဦးရေ (၁၀၀၀၀) ခွဲ ခန့်တက်ရောက်ခဲ့ကြောင်း ပုဂ္ဂလိကသတင်းစာများက ဖော်ပြသည်။

မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း (မကွေး) တို့ ဦးဆောင်ကျင်းပခဲ့သည့် ယင်းဟောပြောပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဗဟို ဥပဒေအထောက်အကူပြုကော်မတီဝင် ဥပဒေပညာရှင် ဦးအောင်သိန်း၊ (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဌေးကြွယ်၊ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမကွေးတိုင်းအတွင်းရေးမှူး ဦးနေမျိုးကျော်တို့က အဆိုပါဥပဒေ၏အားနည်းချက်များ၊ ဒီမိုကရေစီစနစ်နှင့်အညီမဖြစ်မနေပြင်ဆင်သင့်သည့် ပုဒ်မများအကြောင်းနှင့် ထိုသို့ပြင်ဆင်နိုင်ရန် ပြည်သူလူထု၏ လက်မှတ်များစုဆောင်းနေမှုအခြေအနေများကို ဟောပြောခဲ့ကြသည်။ (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၆) ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့ရုံးချုပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲမှနေ၍ ပါတီ၏ကြေညာချက်တစ်ရပ်အနေဖြင့် ထုတ်ပြန်ခဲ့ရာ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း (၁၀၈) မြို့နယ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ပုဒ်မ (၄၃၆) ပြင်ဆင်ရေးကို ပြည်သူများအား လက်မှတ်ထိုးကောက်ခံခဲ့ရာ ပြည်သူ (၄၉၄၁၉၉၈) က လက်မှတ်ရေးထိုးခဲ့ကြောင်း ပါတီ၏ အတွင်းရေးမှူး ဦးညဏ်ဝင်းက ကြေညာခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာကို (၂၃-၇-၂၀၁၄) တွင် ကျင်းပပြုလုပ်သော ပထမအကြိမ်ပြည်ထောင်စု သို့သော် အခြားသောပြည်သူတို့မှလည်း ၎င်းတို့၏ သဘောအလျောက် လုပ်နေကြသည့် စာရင်းထဲတွင် မိမိတို့ပါတီဝင်များလည်း ပါနိုင်ကြောင်း၊ လူထုထဲ၌ မိမိတို့ပါတီဝင်များ အများကြီးရှိကြောင်း၊ ပါလျှင်လည်း ပါမည်ဖြစ်ကြောင်း၊ သို့သော် ပါတီက ဦးစီးပြီး လုပ်ဆောင်ခြင်းမရှိကြောင်း၊ ပါတီဗဟိုမှ ညွှန်ကြားခြင်းလည်း မရှိကြောင်း ပြန်လည်ပြောကြားသည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လူထုဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ရွှေဝယ်သီရိအားကစားကွင်း၌ ဇွန်လ (၈) ရက်က ကျင်းပသည်။

ဟောပြောပွဲသည် ထားဝယ်ခရိုင် (၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး (၈၈) မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်ဖြစ်သူ ဦးမင်းကိုနိုင်တက်ရောက်၍ ဟောပြောသည်။ ဟောပြောပွဲသို့ ဒေသခံပြည်သူ (၅၀၀၀) ခန့် တက်ရောက်ခဲ့ကြပြီး ယင်းပွဲကျင်းပရန်အတွက် ကွင်းအသုံးပြုရန် လျှောက်ထားမှုကို ဇွန် (၆) ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ကိုယ်တိုင်ခွင့်ပြုပေးခဲ့သည်။

ဇွန်လ (၇) ရက်က ရန်ကုန်မြို့ရှိ UMFCCI ရုံးချုပ်၌ မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလ အနာဂတ်မှန်းဆချက်များခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး ထိုဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တက်ရောက်အမှာစကားပြောကြားသည်။ ဦးအောင်မင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အစိုးရအနေဖြင့် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေသောကြောင့် လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈) မျိုးဆက်တို့ ပူးပေါင်းဆောင်ရွက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၆) ပြင်ဆင်ရေး၊ ပြည်သူများဆန္ဒထုတ်ဖော်တောင်းဆိုနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၅၉ (စ) ပြင်ဆင်ရေးကိစ္စရပ်များအပေါ် မစိုးရိမ်ရန် ထည့်သွင်းပြောကြားသည်။

လွှတ်တော်ဒသမပုံမှန်အစည်းအဝေးဒသမနေ့တွင် တင်သွင်းခဲ့ပြီး လွှတ်တော်က မှတ်တမ်းတင်ပြီး ဖြစ်သဖြင့် ပြည်သူများသိရှိနိုင်ရန် ဖော်ပြပါကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြသည်။

ကနဦးအစီရင်ခံစာတွင် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ (၃-၂-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၀/၂၀၁၄) ဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖော်ပြလျက်ဖွဲ့စည်း တာဝန်ပေးခဲ့ပြီး ကော်မတီလုပ်ငန်းဆိုင်ရာ အခြေခံမှုများကို ပြည်ထောင်စုလွှတ်တော် ရုံး၏ (၁၈-၂-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၄/ပထ (ကော်မတီ-၃)/၂၀၁၄-၉ ဖြင့် လမ်းညွှန်ပေးခဲ့ပါသည်။

(၂) အဆိုပါအမိန့်ညွှန်ကြားချက်နှင့် အကြံပြုချက်များအပေါ်အခြေခံ၍ ဤကော်မတီသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာပါအကြောင်းအရာ၊ အချက်အလက်များအပေါ် အခြေခံ၍ ပြည်ထောင်စုလွှတ်တော်သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဥပဒေကြမ်း တစ်ရပ်တင်ပြနိုင်ရန်အတွက် ကော်မတီ၏ အစည်းအဝေးများကို (၁၁-၂-၂၀၁၄) ရက်မှစ၍ လွှတ်တော်ရပ်နားချိန်များအပါအဝင် အစည်းအဝေးအမှတ်စဉ် (၃၀) အထိ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်း အဝေး (၃၀) ကြိမ်အတွင်း ကော်မတီ အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁၅) ခန်း၊ ပုဒ်မပေါင်း (၄၅၇) ခုနှင့် ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ရှိသည့်အနက် အခန်း (၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း (၆) နှင့် အခန်း (၁၂) တို့တွင်ပါရှိသည့် ပုဒ်မပေါင်း (၃၄၀) ခုနှင့် စပ်လျဉ်း၍ လေ့လာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

(၄) အစည်းအဝေးများတွင် ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်း ကော်မတီ၏ အသေးစိတ်အစီရင်ခံစာပါ ပြည်သူတစ်ဦးချင်းနှင့် အဖွဲ့အစည်း အသီးသီးမှ တင်ပြသည့်အကြံပြုချက်များ၊ ပါတီအဖွဲ့အစည်းအသီးသီးနှင့် တပ်မတော်သား အစုအဖွဲ့များထံမှ တင်ပြသည့် အကြံပြုချက်များပေါ်တွင် အခြေခံ၍ လေ့လာသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအကြံပြုချက်များ၌ပါရှိသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်းပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များနှင့် အချို့သောအကြံပြုချက်များတွင် စဉ်းစားရန်ဟု ပါရှိသော အကြံပြုချက်များအပေါ် ဆွေးနွေးကြပါသည်။

(၅) ဤသို့ လေ့လာဆွေးနွေးရာတွင် ပြည်သူများ၏ အကြံပြုချက်များ၊ အဖွဲ့အစည်းအသီးသီးမှ အကြံပြုချက်များ၊ ပါတီအသီးသီးမှ အကြံပြုချက်များ၊ တပ်မတော်သားအစုအဖွဲ့မှတင်ပြသည့် အကြံပြုချက်များနှင့်ပါရှိသည့် အဓိပ္ပာယ်ဖော်ပြချက်တူညီသည့် အကြံပြုချက်များကို ပေါင်းစည်း၍ တင်ပြရန်နှင့် အခန်းတစ်ခုချင်း၊ ပုဒ်မတစ်ခုချင်း၊ ပုဒ်မခွဲတစ်ခုချင်းအလိုက် အစဉ်အတိုင်း တင်ပြသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူများ၏ အကြံပြုချက်များ၊ အဖွဲ့အစည်းအသီးသီးမှ အကြံပြုချက်

များ၊ ပါတီအသီးသီးမှ အကြံပြုချက်များ၊ တပ်မတော်သားအစုအဖွဲ့မှ တင်ပြသည့် အကြံပြုချက်များအပေါ် အခြေခံသည့် ကော်မတီ၏ လေ့လာသုံးသပ်ပြီးစီးမှု အခြေအနေကို ပြည် ထောင်စုလွှတ်တော်က ကြိုတင်သိရှိနိုင်ပါရန်နှင့် ကျန်ရှိသည့်အခန်း၊ ပုဒ်မများကိုလည်း အထက်ပါနည်းလမ်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ကနဦးအစီရင်ခံစာကို တင်သွင်းအပ်ပါသည်ဟူ၍ ဖော်ပြထားသည်။

(၂၀၁၄) ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်က ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၌ မီဒီယာများမှ အယ်ဒီတာသတင်းထောက်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲ တစ်ရပ် ပြုလုပ်သည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် ဦးရွှေမန်းက လာမည့် (၂၀၁၅) ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ၌ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပင် ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုဝင်ဘာလ (၂၅) ရက်တွင် ဥပဒေမူကြမ်းကို အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုပါက လာမည့် (၂၀၁၅) ရွေးကောက်ပွဲမှ ရရှိလာသော အစိုးရအဖွဲ့၊ လွှတ်တော် အဖွဲ့များမှ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ယခု (၂၀၁၅) ရွေးကောက်ပွဲမတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြင်ဆင်မည်ဆိုပါက လက်ရှိအစိုးရလုပ်ငန်းများ၊ လွှတ်တော်လုပ်ငန်းများ ကမောက်ကမဖြစ်သွားမည်ဖြစ်သောကြောင့် ထိုသို့ လာမည့်ရွေးကောက်ပွဲကျင်းပပြီးမှ ပြင်ဆင်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်သည် (၂၀၀၈) ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာများမှနေ၍ (၂၆-၁၁-၂၀၁၄) ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

ထိုဥပဒေကြမ်းတွင် အခန်း (၁၂) ခန်းပါရှိသည်။ အခန်း (၁) သည် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဖြစ်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ အစိုးရအဖွဲ့၊ ကော်မရှင်၊ ပြည်နယ် (သို့မဟုတ်) တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၊ နိုင်ငံသား၊ သာသနာ့ဝန်ထမ်း၊ ဆန္ဒခံယူပွဲဒေသ၊ မဲစာရင်း၊ မဲရုံခွဲ၊ မဲရုံမှူးနှင့် ပယ်မဲတို့၏ အဓိပ္ပာယ်များကို ဖော်ပြထားသည်။ အခန်း (၂) မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းဖြစ်သည်။ အခန်း (၃) မှာ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းဖြစ်သည်။ အခန်း (၄) မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များဖြစ်သည်။ အခန်း (၅) မှာ မဲစာရင်းများ ပြုစုခြင်းဖြစ်သည်။ အခန်း (၆) မှာ ဆန္ဒမဲပေးခြင်းဖြစ်သည်။ အခန်း (၇) မှာ ဆန္ဒမဲပေးခြင်းကို ရွှေ့ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းဖြစ်သည်။ အခန်း (၈) မှာ ဆန္ဒမဲရေတွက်ခြင်းဖြစ်သည်။ အခန်း (၉) မှာ ဆန္ဒမဲများကြေညာခြင်းဖြစ်သည်။ အခန်း (၁၀) မှာ တားမြစ်ချက်နှင့် ပြစ်ဒဏ်ဖြစ်သည်။ အခန်း (၁၁) မှာ ဘဏ္ဍာရေးနှင့် ဝန်ထမ်းအကူအညီရယူခြင်းဖြစ်သည်။ အခန်း (၁၂) မှာ အထွေထွေဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ တင်သွင်းဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် အဆိုတစ်ရပ်တင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။ ယခင်နေ့များက ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ အစီရင်ခံစာကို

လွှတ်တော်ကိုယ်စားလှယ် (၁၄၀) ဦးက ဆွေးနွေးပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်ကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၃/၄၃၄/၄၃၅/၄၃၆) တို့နှင့်အညီ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ တင်သွင်းဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းလိုက်ကြောင်းအဆိုကို ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာက တင်သွင်းခဲ့ခြင်းဖြစ်သည်။

**ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များပူဇော်ကန်တော့ပွဲ။** ။ မြန်မာနိုင်ငံသတင်းစာများသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် သက်ကြီးသတင်းစာပညာရှင်များ ကန်တော့ပွဲကို မြန်မာနိုင်ငံသတင်းစာဆရာ အသင်းကကြီးမှူး၍ နိုဝင်ဘာလ (၂၂) ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ထံမှ သဝဏ်လွှာများပေးပို့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာများ အသင်းဥက္ကဋ္ဌ ဦးကိုကိုက ဆရာကန်တော့ပွဲသည် မြန်မာတို့၏ထူးခြားတုယှဉ်မှုမရှိနိုင်သော ယဉ်ကျေးမှု အမွေအနှစ်စစ်စစ်ဖြစ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့်ယင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ဒုတိယဥက္ကဋ္ဌ (၁) ဦးသီဟစောက ကန်တော့ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးသန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းစာ ဆရာအသင်းနာယက၊ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊ အခမ်းအနားသို့တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်ကြီးများအား လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနှင့် ရန်ကုန်မြို့တော်ဝန်တို့က ကန်တော့ပစ္စည်းနှင့် အလှူငွေများကို လက်ရောက်ပေးအပ်ကြသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတ လှူဒါန်းသော ငွေကျပ် (၁၀) သိန်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ငွေကျပ် (၁၀) သိန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ငွေကျပ် (၁၀) သိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငွေကျပ် (၁၀) သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငွေကျပ်ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် (၁၀) သိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ကန်တော့ပွဲတွင် အသက် (၇၅) နှစ်အထက် သက်ကြီးသတင်းစာပညာရှင် (၅၇) ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ Skynet ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးစီ၊ အော်ရီဒူးကုမ္ပဏီက ငွေကျပ်ငါးသောင်းနှင့် ဟန်းဆက်တစ်လုံးစီတို့ကို ပူဇော်ကန်တော့ခဲ့ကြသည်။

**ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ။** ။ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအကွဲအပြဲများကို အခြေခံသော ပဋိပက္ခများကြောင့် ပြည်တွင်းစစ်၏ ခါးသီးမှုများကို နှစ်ပေါင်း (၆၀) ကျော်ကြာ ကြုံခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် ယင်းအတွေ့အကြုံများကို သင်ခန်းစာယူပြီး ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် တိုင်းရင်းသားအားလုံး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန်အတွက် ဆွေးနွေး

ညှိနှိုင်းအဖြေရှာခြင်းဟူသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

(၂၀၁၁) ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံတော်သမ္မတက တစ်ပြည်လုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခဲ့သည်။ (၂၀၁၂) ခုနှစ်တွင် နိုင်ငံတော်သမ္မတဦးဆောင်သည့်အဖွဲ့ဝင် (၁၁) ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (Union Peace Making Work Committee) ကို ဖွဲ့စည်းသည်။ (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်တွင် နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေးဖြစ်စဉ်များ ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးခြင်း အခမ်းအနားကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာ၌ကျင်းပရာ (၆၆) ပါတီ တက်ရောက်သည်။ ဩဂုတ်လ (၁၅) ရက်မှ (၁၇) ရက်အထိ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team) တို့၏ ပဉ္စမအကြိမ် ဆွေးနွေးပွဲကျင်းပသည်။

ဩဂုတ်လ (၁၈) ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ပထမအကြိမ် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ယင်းဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားက လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၎င်းဆွေးနွေးပွဲကျင်းပရခြင်းမှာ အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်ပြင်ဆင်ရန်ဖြစ်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုရန် လိုအပ်သောအချက်အလက် (၁၂၂) ချက်အနက် သုံးလေးချက်သာကျန်ရှိပြီး ဆက်လက်ညှိနှိုင်းရန် သဘောတူခဲ့ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။ ထို့နောက် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က လွှတ်တော်များအနေဖြင့် တိုင်းရင်းသားရေးရာကိစ္စများ၊ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦး ပါဝင်သည့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြပြီး ဆွေးနွေးမည်ဖြစ်ကြောင်းနှင့်တိုင်းရင်းသားများ တန်းတူညီမျှသည့် အခွင့်အရေးရရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြောင်း ပြောကြားသည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှ ရရှိသည့်ရလဒ်များဖြင့် အကောင်အထည်ဖော်တည်ဆောက်ရာတွင် ပါဝင်သင့်သည့်အချက်များကို အလွတ်သဘောအကြံပြုဆွေးနွေးကြသည်။ စောင့်ကြည့်လေ့လာသူအဖြစ် တက်ရောက်သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စောင့်ကြည့်လေ့လာသူအဖြစ် ပါဝင်ခွင့်ရသည်မှာ ထူးခြားကြောင်း၊ ကုလသမဂ္ဂက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ဆောင်မှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ တိုးတက်လာသည့် ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ငြိမ်းချမ်းရေးဖော်ဆောင်သူများ၏ ကြိုးစားမှုကြောင့်ဟု သုံးသပ်ကြောင်း၊ နှစ်ပေါင်း (၆၀) ကတည်းကဖြစ်ပေါ်ခဲ့သော ပဋိပက္ခကို အဆုံးသတ်နိုင်ရန် အခြေခံအကျဆုံးမှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အခက်အခဲရှိမည်ဖြစ်သော်လည်း ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ဆွေးနွေးနေသည်ကိုတွေ့ရကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် ရှေ့လုပ်ငန်းစဉ်များတွင် ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းအစည်းအဝေးတွင် တိုင်းရင်းသားများ တန်းတူညီမျှမှု

ရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ဖက်ဒရယ်အရေးတို့ကို ဆွေးနွေးခဲ့ခြင်းအား နိုင်ငံရေးပါတီများက ကြိုဆိုကြောင်း ပြောကြားသည်။

ဩဂုတ်လ (၂၄) ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် 'ဝ' အထူးဒေသ (၂)၊ SSPP/SSA အဖွဲ့၊ မိုင်းလားအထူးဒေသ (၄) မှ ကိုယ်စားလှယ်များနှင့် နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက နိုင်ငံတော်အချုပ်အခြာအာဏာနှင့် တို့တာဝန်အရေးသုံးပါးကို စောင့်ရှောက်မည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းကိုကျင့်သုံးမည် ဖြစ်ကြောင်း ဆွေးနွေးသည်။ နိုင်ငံတော်သမ္မတက မိမိတို့သည် ယဉ်ကျေးမှုဓလေ့ထုံးစံကွဲပြားသော်လည်း တိုင်းပြည်တစ်ပြည်တည်းတွင် မွေးဖွားကြီးပြင်းခဲ့၍ နိုင်ငံချစ်စိတ်နှင့်တို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားစိတ်တူညီကြကြောင်းနှင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဆက်စပ်နေသည်ကို ပြီးခဲ့သည့် (၂၅) နှစ်တာကာလအတွင်း 'ဝ' နှင့် မိုင်းလားအထူး ဒေသတို့၏ဖွံ့ဖြိုးမှုကို လေ့လာခြင်းဖြင့်သိရှိနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

ဩဂုတ်လ (၂၆) ရက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် အထူးဒေသကိုယ်စားလှယ်များတွေ့ဆုံခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းရေးအမှန်တကယ်ရရန်အတွက် အပစ်အခတ်ရပ်စဲရန်လိုအပ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများသည် အစိုးရအဖွဲ့နှင့်အတူ စိတ်ကောင်းစေတနာထားရှိပြီး ယုံယုံကြည်ကြည် ပူးပေါင်းရန်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ (၂၂) ရက်မှ (၂၆) ရက်အထိ ရန်ကုန်မြို့မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးစင်တာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ ဆဋ္ဌမအကြိမ်ဆွေးနွေးပွဲကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (စတုတ္ထမူကြမ်း) ကို အတည်ပြုခဲ့ကြောင်း၊ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို အောက်တိုဘာလတွင် ကျင်းပရန်သဘောတူညီကြောင်း နှစ်ဖက်အဖွဲ့က ပူးတွဲသတင်းထုတ်ပြန်ခဲ့သည်။ စက်တင်ဘာလ (၂၇) ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့နှင့်နိုင်ငံရေးပါတီများ ဒုတိယအကြိမ်သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပသည်။



**နိုင်ငံရေးပါတီများ ပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပစဉ်**

ယင်းသို့ကျင်းပရခြင်းမှာ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆွေးနွေးဖက်များ အဖြစ်ပါဝင်စေလို၍ ကြိုတင်တွေ့ဆုံမှုများပြုလုပ်ခြင်း ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် တရားဝင်မှတ်ပုံတင် ထားသည့် နိုင်ငံရေးပါတီ (၆၇) ပါတီအနက် (၆၁) ပါတီတက်ရောက်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တက်ရောက်ခြင်းမရှိပေ။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်းအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ နည်းပညာ ပိုင်းဆိုင်ရာတာဝန်ယူသူများ၏အပြီးသတ်ဆွေးနွေးပွဲကို ဒီဇင်ဘာလ (၂၂) ရက်တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ သည်။ ယင်းသို့ဆွေးနွေးနိုင်ခဲ့ခြင်းမှာ UPWC နှင့် NCCT တို့ကြား စက်တင်ဘာလ ဆွေးနွေးပွဲအပြီး တရားဝင်ဆွေးနွေးပွဲများ မကျင်းပနိုင်ခဲ့သော်လည်း နှစ်ဖက်လုပ်ငန်းအဖွဲ့များ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး ခဲ့သောကြောင့်ဖြစ်သည်ဟု UPWC ၏ နည်းပညာ အထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက ပြောကြား သည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုဝင် ဘာလတွင် ဖြစ်ပွားခဲ့သော လိုင်ဇာဗိုလ်သင်တန်းကျောင်း ဖြစ်စဉ်အပါအဝင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများမှ ထိတွေ့မှုများကိုကြည့်လျှင် ၎င်းဒေသများ၌ အပစ်အခတ်ရပ်စဲရေးခိုင်မာအောင် မလုပ်ဆောင်နိုင်သေးသောအချက်ကို တွေ့ရမည်ဖြစ် ကြောင်း၊ အပစ်အခတ်ရပ်စဲရေးခိုင်မာစေရန်လုပ်ရန် အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတစ်ခုတည်းကို သဘောတူရုံနှင့်မလုံလောက်ဘဲ နှစ်ဖက်လိုက်နာရမည့် စည်းကမ်းများကို သေချာစွာသတ်မှတ်ပြီး ချိုးဖောက်မှု များဖြစ်လာလျှင် စောင့်ကြည့်စိစစ်နိုင်ရန်အတွက် ပူးတွဲ စောင့်ကြည့် ကြီးကြပ်စိစစ်ရေးကော်မတီဖွဲ့စည်းရန် လိုအပ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြော ကြားသည်။ NCCT မှ ခေါင်းဆောင်များအဆိုပြုသည့် အချက်လေးချက်ဖြစ်သော စတုတ္ထမူကြမ်း (NCA) ၌ ဆွေးနွေးရန်ကျန်ရှိသည့်အပိုင်းများ၊ လိုင်ဇာကဲ့သို့သော ကိစ္စများထပ်မံပေါ်ပေါက်ခြင်းမရှိစေရန်အတွက် နှစ်ဖက်ခေါင်းဆောင်များတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ် သွားရန်၊ ဩဂုတ်လအတွင်းက သဘောတူညီခဲ့သည့် ပူးပေါင်းစောင့်ကြည့်ရေးနှင့် နှစ်ဖက်တပ်မျှးတပ်သား များလိုက်နာရမည့်ကိစ္စများအတွက် လုပ်ငန်းအဖွဲ့ တွေ့ဆုံဆွေးနွေးရန်နှင့် လာမည့်ဆွေးနွေးပွဲများမှ စတင်၍ နှစ်ဖက်တွေ့ဆုံ ဆွေးနွေးပွဲတိုင်းတွင် နိုင်ငံ တကာအသိသက်သေများ ထားရှိရန်တို့ကို ဒီဇင်ဘာလ (၂၃) ရက်တွင် ဆက်လက် ဆွေးနွေးကြပြီး မူအားဖြင့် သဘောတူခဲ့သည်။

ယင်းအစည်းအဝေးသည် လုပ်ငန်းအစည်း အဝေးဖြစ်သောကြောင့် နှစ်ဖက်စလုံးမှ ဆွေးနွေးချက် များကို အတည်မပြုနိုင်သော်လည်း သတ္တမအကြိမ် မြောက်ပြုလုပ်မည့် တရားဝင်ဆွေးနွေးပွဲတွင် အတည် ပြုနိုင်မည်ဖြစ်သည်။ လာမည့်ဆွေးနွေးပွဲများတွင် နိုင်ငံ တကာစောင့်ကြည့်လေ့လာသူထားရှိရန်အချက်နှင့် ပတ်သက်၍ ဦးလှမောင်ရွှေက အစိုးရဘက်မှ တိုင်းရင်းသားများယုံကြည် စိတ်ချမှုရှိရန်အတွက် ၎င်းတို့ တောင်းဆိုခဲ့သော ကုလသမဂ္ဂအဖွဲ့ကိုယ်စားလှယ်ကို လက်ခံပေးခဲ့ကြောင်း၊ ယခုထပ်မံတောင်းဆိုခဲ့သော ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂ၊ ဩစတြေးလျနိုင်ငံနှင့် USAID တို့ပါဝင်သည့် PDSG (Peace Donor Support Group) ကို ထားရှိရန်အတွက် သင့်တင့်သောအဖွဲ့ကို လက်ခံပေးရန်သဘောတူခဲ့ကြောင်း ပြောကြားသည်။ NCCT အနေဖြင့် နည်းပညာအထောက်အကူပြု အဖွဲ့၏ ဆွေးနွေးမှုများကို အတည်ပြုနိုင်ရေးအတွက် ၎င်းတို့၏ခေါင်းဆောင်များကို ဒီဇင်ဘာလ (၂၆) ရက်တွင် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ တင်ပြမည်ဖြစ်ကြောင်း NCCT အဖွဲ့ဝင်ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောကြား သည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ သတ္တမအကြိမ် ဆွေးနွေးပွဲကို (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်တွင် ဆွေးနွေး နိုင်ရန်နှင့် ရလဒ်ကောင်းများရရှိပါက ဖေဖော်ဝါရီလ (၁၂) ရက်တွင်ကျရောက်မည့် ပြည်ထောင်စုနေ့

မတိုင်မီတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် ဆန္ဒပြုကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ထို့အတူ NCCT ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းကလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘော တူညီချက်ကို အမြန်ဆုံးလက်မှတ်ရေးထိုးလိုကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေး အဖွဲ့တို့က ကြေညာချက်ထုတ်ပြန်သည်။

ယင်းကြေညာချက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့တို့သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူချက် (Nationwide Ceasefire Agreement) မူကြမ်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ (၂၂) ရက်မှ (၂၃) ရက်အထိ မြန်မာ့ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးစင်တာတွင် ကျင်းပခဲ့ကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များသည် ယခင်ဆွေးနွေးပွဲများတွင် သဘောတူညီရန်ကျန်ရှိသည့်အချက်များကိုဆွေးနွေးကြပြီး နှစ်ဖက်စလုံးက လက်ခံနိုင်မည့်အချက်များကို အဆိုပြုခဲ့ကြောင်း၊ ဤဆွေးနွေးပွဲမှ ညှိနှိုင်းရရှိသောအချက်များကို သက်ဆိုင်ရာခေါင်းဆောင်များထံ ပြန်လည်တင်ပြပြီး အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းစဉ်အတွင်း မလိုလားအပ်သောကိစ္စရပ်များ ထပ်မံမပေါ်ပေါက်ရေးအတွက် ပူးတွဲဖြေရှင်းကြရန် သဘောတူကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရယူရေးလုပ်ငန်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်ရေးဆွဲရေးလုပ်ငန်း၊ နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းလုပ်ငန်းများမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်မည်ဟု နှစ်ဖက်သဘောတူကြောင်းနှင့် (၂၀၁၅) ခုနှစ်၊ ဇန်နဝါရီလလယ်တွင် ဆွေးနွေးပွဲ ပြန်လည်ကျင်းပရန် သဘောတူကြောင်းပါရှိသည်။

**နိုင်ငံရေးဆွေးနွေးပွဲများအတွက် ချမှတ်ထားသောမူများ** - နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံတော်က ချမှတ်ထားသောမူမှာ တို့တာဝန်အရေးသုံးပါးကို အခြေခံ၍ ပြည်ထောင်စုမှခွဲထွက်ခြင်းမရှိဘဲ အချုပ်အခြာအာဏာထိပါးမှုမရှိသည့်ကိစ္စများကို ဆွေးနွေးခွင့်ရှိခြင်းနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတစ်ရပ်တည်ဆောက်သွားရန်ဖြစ်သည်။ တပ်မတော်မှချမှတ်ထားသော ငြိမ်းချမ်းရေးမူ ခြောက်ရပ်မှာတစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရှိရန်နှင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်စိတ်ရှိရန်၊ နှစ်ဖက်ညှိနှိုင်းထားသည့် တိုက်တွန်းချက်၊ တားမြစ်ချက်များကို လိုက်နာရန်၊ ငြိမ်းချမ်းရေးရယူမှုအပေါ်အမြတ်မထုတ်ရန်၊ ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် ဖိအားမပေးရန်၊ ထုတ်ပြန်ထားသည့်ဥပဒေများကို မလိုက်နာလျှင် အရေးယူရန်နှင့်ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာရန်၊ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန်ဟူ၍ဖြစ်သည်။

**လူငယ်ငြိမ်းချမ်းရေးသင်တန်းနှင့်ဖိုရမ်များကျင်းပခြင်း** - မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ လူငယ်များသိရှိစေရန် မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးစင်တာက မော်လမြိုင်မြို့၌ စတုတ္ထအကြိမ်လူငယ် ငြိမ်းချမ်းရေးသင်တန်းနှင့် ဖိုရမ်ကျင်းပသည်။ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားသွေးစည်းညီညွတ်မှုတည်ဆောက်ရေးတို့တွင် အဓိကကျသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်နှင့် အကျိုးသက်ရောက်မှု၊ လက်တွေ့ကြုံနေရသော စိန်ခေါ်မှုများကို အဖြေရှာပြီး ငြိမ်းချမ်းညီညွတ်သောလူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် လူငယ်ထုတစ်ရပ်လုံးပါဝင်ရေးအတွက် ဖိုရမ်ကိုကျင်းပခြင်းဖြစ်သည်။ လက်ရှိရောက်ရှိနေသော ငြိမ်းချမ်းရေးအခြေအနေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သောနိုင်ငံရေး၊ လူမှုရေးကိစ္စဗဟုသုတရရန်၊ နိုင်ငံရေးဆွေးနွေးမှုတွင် လူငယ်များပါဝင်နိုင်မည့် နည်းလမ်းများကိုသိရှိနိုင်ရန် ဖွင့်လှစ်ခဲ့သည်။

**ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ။** ။မြန်မာနိုင်ငံတွင် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအရ (၂၀၁၀) ရွေးကောက်ပွဲအပြီးတွင် လွှတ်တော်သုံးရပ်ဖြစ်သော ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ပေါ်ပေါက်လာသည်။ လွှတ်တော်များ၏ ပင်မတာဝန်သည် ဥပဒေပြုရန်ဖြစ်သည်။ ဥပဒေကြမ်းတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများနှင့် ညီညွတ်ရန်လိုပြီး ပြင်ဆင်လိုသည့်အချက်များကို သဘောထားမှတ်ချက်ပြု၍ နိုင်ငံတော်သမ္မတက လွှတ်တော်သို့ အကြောင်းကြားရမည်ဖြစ်သည်။ လွှတ်တော်က လက်ခံလိုက လက်ခံနိုင်သည်။ နိုင်ငံတော်သမ္မတကလည်း လက်မှတ်ရေးထိုးလိုက လက်မှတ်ရေးထိုးနိုင်သည်။ လက်မှတ်မရေးထိုးလျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် (၁၀၅) (ဂ) အရ (၁၄) ရက်ပြည့်သောနေ့တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေအတည်ဖြစ်လာသည်။

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အာဏာစတင်သက်ရောက်သည်မှစ၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် များနှင့်အတူ အသက်ဝင်လာခဲ့သည်။

ပြည်ထောင်စုလွှတ်တော်သည် (၂၀၁၁) ခုနှစ်အတွင်း၌ ဥပဒေ (၁၅) ခု၊ (၂၀၁၂) ခုနှစ်အတွင်း၌ ဥပဒေ (၂၄) ခု၊ (၂၀၁၃) ခုနှစ်အတွင်း၌ ဥပဒေ (၃၇)ခု ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ (၂၀၁၄) ခုနှစ် အတွင်းတွင် ဥပဒေပေါင်း (၅၇) ခုကို ပြဋ္ဌာန်းပေးခဲ့ သည်။ (၂၀၁၁) မှ (၂၀၁၄) ခုနှစ်အတွင်း ဥပဒေပေါင်း (၁၃၃) ခုကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ (၂၀၁၄) ခုနှစ်အတွင်း ပြဋ္ဌာန်းသည့် ဥပဒေများကို ဖော်ပြပါအတိုင်း တွေ့ရမည်ဖြစ်သည်။

## (၂၀၁၄) ခုနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းခဲ့သည့်ဥပဒေများ

| စဉ် | ပြဋ္ဌာန်းသည့် ရက်စွဲ | ဥပဒေ အမှတ် | ဥပဒေအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂၃-၁-၂၀၁၄ | ၁ | ၂၀၁၄ ခုနှစ် မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ | |
| ၂ | ၂၅-၁-၂၀၁၄ | ၂ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | သမ္မတလက်မှတ်ရေးထိုးခြင်းမရှိဘဲ အတည်ပြုသည်။ |
| ၃ | ၃၁-၁-၂၀၁၄ | ၃ | ဘက်စုံပို့ဆောင်ရေး ဥပဒေ | |
| ၄ | ၆-၂-၂၀၁၄ | ၄ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ | |
| ၅ | ၆-၂-၂၀၁၄ | ၅ | အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၆ | ၂၆-၂-၂၀၁၄ | ၆ | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၇ | ၂၈-၂-၂၀၁၄ | ၇ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၈ | ၂၈-၂-၂၀၁၄ | ၈ | တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၉ | ၁၂-၃-၂၀၁၄ | ၉ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ | သမ္မတလက်မှတ်ရေးထိုးခြင်းမရှိဘဲ အတည်ပြုသည်။ |
| ၁၀ | ၁၄-၃-၂၀၁၄ | ၁၀ | စားသုံးသူအကာအကွယ်ပေးရေးဥပဒေ | |
| ၁၁ | ၁၄-၃-၂၀၁၄ | ၁၁ | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ | |
| ၁၂ | ၁၄-၃-၂၀၁၄ | ၁၂ | သတင်းမီဒီယာဥပဒေ | |
| ၁၃ | ၁၄-၃-၂၀၁၄ | ၁၃ | ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ | |
| ၁၄ | ၁၉-၃-၂၀၁၄ | ၁၄ | ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |

## ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ

| စဉ် | ပြဋ္ဌာန်းသည့် ရက်စွဲ | ဥပဒေ အမှတ် | ဥပဒေအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၅ | ၂၄-၃-၂၀၁၄ | ၁၅ | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၁၆ | ၂၄-၃-၂၀၁၄ | ၁၆ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၁၇ | ၂၈-၃-၂၀၁၄ | ၁၇ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ | |
| ၁၈ | ၂၈-၃-၂၀၁၄ | ၁၈ | ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေ | |
| ၁၉ | ၂၈-၃-၂၀၁၄ | ၁၉ | မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၂၀ | ၂၈-၃-၂၀၁၄ | ၂၀ | ၂၀၁၄ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေ | |
| ၂၁ | ၂၈-၃-၂၀၁၄ | ၂၁ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ | |
| ၂၂ | ၁-၄-၂၀၁၄ | ၂၂ | အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၂၃ | ၄-၆-၂၀၁၄ | ၂၃ | အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ | |
| ၂၄ | ၅-၆-၂၀၁၄ | ၂၄ | ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ | သမ္မတလက်မှတ်ရေး ထိုးခြင်းမရှိဘဲ အတည် ပြုသည်။ |
| ၂၅ | ၁၆-၆-၂၀၁၄ | ၂၅ | လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေ | |
| ၂၆ | ၂၄-၆-၂၀၁၄ | ၂၆ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၂၇ | ၁-၇-၂၀၁၄ | ၂၇ | ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | |
| ၂၈ | ၃-၇-၂၀၁၄ | ၂၈ | စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ | |
| ၂၉ | ၃-၇-၂၀၁၄ | ၂၉ | တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၀ | ၁၈-၇-၂၀၁၄ | ၃၀ | ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၁ | ၁၈-၇-၂၀၁၄ | ၃၁ | အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ | |
| ၃၂ | ၂၃-၇-၂၀၁၄ | ၃၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၃ | ၂၄-၇-၂၀၁၄ | ၃၃ | လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၄ | ၂၉-၇-၂၀၁၄ | ၃၄ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၅ | ၃၀-၇-၂၀၁၄ | ၃၅ | ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) | |
| ၃၆ | ၃၁-၇-၂၀၁၄ | ၃၆ | ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၃၇ | ၁-၈-၂၀၁၄ | ၃၇ | နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ် ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေ | |
| ၃၈ | ၃၀-၉-၂၀၁၄ | ၃၈ | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေ | |
| ၃၉ | ၃၀-၉-၂၀၁၄ | ၃၉ | မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေ | |
| ၄၀ | ၃၀-၉-၂၀၁၄ | ၄၀ | အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |

# ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ

| စဉ် | ပြဋ္ဌာန်းသည့် ရက်စွဲ | ဥပဒေ အမှတ် | ဥပဒေအမည် | မှတ်ချက် |
|---|---|---|---|---|
| ၄၁ | ၁၀-၉-၂၀၁၄ | ၄၁ | အမျိုးသားပညာရေး ဥပဒေ | |
| ၄၂ | ၇-၁၀-၂၀၁၄ | ၄၂ | စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၄၃ | ၁၀-၁၀-၂၀၁၄ | ၄၃ | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄) | |
| ၄၄ | ၂၇-၁၀-၂၀၁၄ | ၄၄ | လျှပ်စစ်ဥပဒေ | |
| ၄၅ | ၃-၁၁-၂၀၁၄ | ၄၅ | ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | |
| ၄၆ | ၅-၁၁-၂၀၁၄ | ၄၆ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ | သမ္မတလက်မှတ်ရေးထိုးခြင်းမရှိဘဲ အတည်ပြုသည်။ |
| ၄၇ | ၁၉-၁၁-၂၀၁၄ | ၄၇ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၄၈ | ၂၀-၁၁-၂၀၁၄ | ၄၈ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | သမ္မတလက်မှတ်ရေးထိုးခြင်းမရှိဘဲ အတည်ပြုသည်။ |
| ၄၉ | ၂၀-၁၁-၂၀၁၄ | ၄၉ | ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ | |
| ၅၀ | ၂၀-၁၁-၂၀၁၄ | ၅၀ | ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ | |
| ၅၁ | ၅-၁၂-၂၀၁၄ | ၅၁ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေ | |
| ၅၂ | ၅-၁၂-၂၀၁၄ | ၅၂ | မြန်မာအမျိုးသားလေကြောင်း ဥပဒေ | |
| ၅၃ | ၅-၁၂-၂၀၁၄ | ၅၃ | ထိခိုက်ဒဏ်ရာရရှိသောအရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့်ကုသခြင်းဆိုင်ရာ ဥပဒေ | |
| ၅၄ | ၉-၁၂-၂၀၁၄ | ၅၄ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၅၅ | ၉-၁၂-၂၀၁၄ | ၅၅ | နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | |
| ၅၆ | ၉-၁၂-၂၀၁၄ | ၅၆ | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | |
| ၅၇ | ၉-၁၂-၂၀၁၄ | ၅၇ | တိုင်းဒေသကြီး (သို့) ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | |

**ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် များ (၂၀၁၄)။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့်ပြည်တွင်း ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းသည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏ အမည်နှင့်ဘွဲ့အမည်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီလ (၄) ရက် (၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့) တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄) ဖြင့် ထုတ်ပြန်ကြေညာသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ရှစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး (၁၁) ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း (၁၂) ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးကိုးပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း (၁၀) ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး (၁၇) ပါး၊ သီလရှင်ဆရာကြီးသုံးပါး စုစုပေါင်း အပါး (၂၀)၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ (၁၀) ပါး၊ ကိုရီးယားသမ္မတနိုင်ငံမှ တစ်ပါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတစ်ပါး၊ ထိုင်းနိုင်ငံမှနှစ်ပါး၊ နီပေါနိုင်ငံ၊ လာအိုနိုင်ငံ၊ သီရိလင်္ကာ နိုင်ငံတို့မှတစ်ပါးစီ စုစုပေါင်း (၁၇) ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ (၁၅) ပါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့မှတစ်ပါးစီ၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း (၂၁) ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ (၁၉) ပါး၊ ဗီယက်နမ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ တစ်ပါးစီ၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီး နှစ်ပါး၊ လူပုဂ္ဂိုလ်များတွင် ထိုင်းနိုင်ငံမှတစ်ဦး စုစုပေါင်း (၂၃) ပါးနှင့် တစ်ဦး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ

တွင် မြန်မာနိုင်ငံမှ လေးပါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတစ်ပါး စုစုပေါင်း ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော်ကြီးနှစ်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ခြောက်ပါး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတစ်ပါး စုစုပေါင်း ခုနစ်ပါး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်အပ်နှင်း ခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ခြောက်ဦး၊ တရုတ်တိုင်ပေမှတစ်ဦး စုစုပေါင်း ခုနစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် (၁၀) ဦး စုစုပေါင်း ပြည်တွင်း ပြည်ပဆရာတော်ကြီး (၁၂၃) ပါး၊ သီလရှင်ဆရာကြီး ကိုးပါးနှင့် ပြည်တွင်း ပြည်ပ လူပုဂ္ဂိုလ် (၂၃) ဦးတို့ ပါဝင်သည်။

## ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၁၄)။

။ (၁၉၈၀) ပြည့်နှစ်၊ မေလ (၂၇) ရက်တွင် စတင်ဖွဲ့စည်းခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် (၃၄) နှစ်ကြာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဦးဆောင်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် ဆရာ ဒကာလက်တွဲညီစွာ ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဝိနယတရားတော်များမှာ တစ်သမတ်တည်းသာ တည်ရှိနေသော တရားဖြစ်၍ ခေတ်ကာလနောက်လိုက်ပါမသွားစေရန် သတိဖြင့်ယှဉ်၍ ဖွဲ၊ လုံ့လ၊ သမာဓိဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထေရဝါဒပိဋကတ်တော်နှင့် ညီညွတ်မှုမရှိသည့် အဓမ္မဝါဒကို ဟောပြောခြင်း၊ စည်းရုံးသိမ်းသွင်း၍ သင်ကြားပေးခြင်း၊ စာအုပ်၊ စာပေ၊ စာစောင်များနှင့် အသံသွင်းတိတ်ခွေ၊ စီဒီများ ထုတ်ဝေဖြန့်ချိခြင်းများ ပြုလုပ်မှုများကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖွဲ့စည်း၍ ဆုံးဖြတ်ခဲ့ရပေသည်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ လေးကျွန်းစကြာကျောင်းတိုက် ဦးကာရုဏသိဒ္ဓိဟောကြားသော (၃၁) ဘုံ ထွက်လမ်း တရားအပေါ် ဓမ္မ- အဓမ္မအငြင်းပွားသည့် ဝိဝါဒါဓိကရုဏ်း မှုခင်းဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၈/ ၂၀၁၄) မှ (၃၁) ဘုံ ထွက်လမ်း တရားသည် အဓမ္မဖြစ်ကြောင်း မတ်လ (၄) ရက်တွင် ဆုံးဖြတ်ပေးခဲ့သည်။

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးကို မတ်လ (၅) ရက်တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအစည်းအဝေးကို ဇူလိုင်လ (၅) ရက်တွင်လည်းကောင်း ကျင်းပခဲ့ရာ ရန်ကုန်မြို့ မဟာသန္တိသုခကျောင်းတိုက်သည် သံဃိကပိုင်ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ထိန်းသိမ်းမှုအောက်တွင်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက ကျောင်းတိုက်ကို ချိတ်ပိတ်ခဲ့ရသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် -

- တိုင်းဒေသကြီး/ပြည်နယ် သံဃဝိနိစ္ဆယ ရွေးချယ်မှု ၁ မှု
- (၄၇)ပါးစုံညီပဉ္စမအစည်းအဝေး ဆုံးဖြတ်ရန်တင်ပြမှု ၁၄ မှု
- ဝိနိစ္ဆယအထွေထွေမှုခင်း ၃၂ မှု

စသည့် ဝိနိစ္ဆယရေးရာများကို ဆောင်ရွက်ခဲ့သည်။

## သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပခြင်း

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးပွဲကို ဇန်နဝါရီလ (၂၀-၂၁) ရက်များတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အထူးအစည်းအဝေးပွဲသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီး (၄၅) ပါး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် (၄၆) ပါး၊ နိုင်ငံတော်ဗဟို

သံဃာ့ဝန်ဆောင်ဆရာတော် (၂၁၈) ပါး ကြွရောက်တော်မူကြသည်။ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အထူးအစည်းအဝေးတွင် ပြောင်းလဲလာသော မျက်မှောက်ခေတ်သာသနာရေးနှင့်အညီ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများအား ပြင်ဆင်၊ ဖြည့်စွက်ရန် လိုအပ်လာ၍ (၁၈) နှစ်တိုင် မကျင်းပဖြစ်ခဲ့သော ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကျင်းပ၍ ပြင်ဆင်သင့်၊ ပြင်ဆင်လိုသော အချက်များပိုမိုပြည့်စုံစွာ ဆောင်ရွက်ခဲ့ရန် အထူး အစည်းအဝေးတွင် အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ကြသည် -

(က) ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကို မေလ (၁၁၊ ၁၂၊ ၁၃) ရက်ထိ ကျင်းပရန်၊

(ခ) ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးသို့တက်ရောက်ရန် ဆရာတော်အရေအတွက် (၂၅၅၈) ပါးထားရှိရန်၊

(ဂ) အစည်းအဝေးကျင်းပနိုင်ရေးအဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယကဆရာတော် (၂၂) ပါး၊ ဂိုဏ်းပေါင်းစုံဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် (၃၆) ပါးဖြင့် ဖွဲ့စည်းရန်၊

(ဃ) သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းပြင်ဆင်ရေးအဖွဲ့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကိုးပါး၊ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၃၆) ပါးတို့ဖြင့် ဖွဲ့စည်းရန်၊

(င) သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းစသည်တို့၌ ပြင်ဆင်သင့်၊ ပြင်ဆင်လိုသောအချက်များအား (၁၃၇၅) ခုနှစ်၊ တပေါင်းလကွယ်နေ့ နောက်ဆုံးထားတင်ပြရန် အတည်ပြုတော်မူခဲ့သည်။

**ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကျင်းပခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မေလ (၁၁၊ ၁၂၊ ၁၃) ရက်များတွင် ခမ်းနားစွာကျင်းပခဲ့သည်။ ပြည်နယ်တိုင်းအသီးသီးမှ သံဃာတော် (၂၅၅၈) ပါးသည် မြန်မာနိုင်ငံအတွင်းရှိ သံဃာတော် (၅၆၀,၀၂၄) ပါး၏ ကိုယ်စားကြွရောက်တော်မူခဲ့သည်။ အစည်းအဝေးမူလ အစီအစဉ်၌ မပါရှိသော်လည်း သီတဂူဆရာတော် ကြွရောက်လျှောက်ထားတင်ပြခဲ့ခြင်းတို့ကို မှတ်တမ်းတင်ခဲ့သည်။ အစည်းအဝေးတွင် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ စတုတ္ထအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်မူကြမ်းကို အတည်ပြုခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများ၊ စာစောင်များ၊ အသံသွင်းခွေများကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့က စိစစ်ပြီးမှ ထုတ်ဝေခွင့်ပြုရန်၊ ပရိယတ္တိစာမေးပွဲဆိုင်ရာ အဆိုပြုချက်များ၊ သံဃနာယကအဖွဲ့ရုံးများနှင့် ဥပတ္ထမ္ဘကရုံးများ အတည်တကျဖြစ်ထွန်းလာရန် အဆိုပြုချက်များ၊ အချိန်အခါ ပေါ်ပေါက်လာသော ဘာသာ သာသနာဆိုင်ရာအဖွဲ့များ ဩဝါဒခံယူရေး၊ ဝိနိစ္ဆယဆုံးဖြတ်ချက်များကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် အာဏာပိုင်များက ကူညီရေးအဆိုတို့ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ပြီး အောင်မြင်စွာပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးများမှာ -

| | | |
|---|---|---|
| **ပထမအကြိမ်** | **၁၉၈၀ မေ (၂၄၊ ၂၅၊ ၂၆၊ ၂၇)** | **၁၂၁၈ ပါး** |
| **ဒုတိယအကြိမ်** | **၁၉၈၅ မေ (၂၉၊ ၃၀၊ ၃၁)** | **၁၃၈၃ ပါး** |
| **တတိယအကြိမ်** | **၁၉၉၀ မတ် (၆၊ ၇၊ ၈)** | **၁၄၀၈ ပါး** |
| **စတုတ္ထအကြိမ်** | **၁၉၉၅ မတ် (၁၁၊ ၁၂၊ ၁၃)** | **၁၄၃၉ ပါး** |
| **ပဉ္စမအကြိမ်** | **၂၀၁၄ မေ (၁၁၊ ၁၂၊ ၁၃)** | **၂၅၅၈ ပါး** |

**ဗုဒ္ဓဘာသာအဆုံးအမခံယူခြင်း**

သံဃမဟာနာယကအဖွဲ့အဆင့်ဆင့်၊ လူမှုရေးအသင်းအဖွဲ့များ၊ သာသနာရေးအဖွဲ့များမှ ပုဂ္ဂိုလ်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဗုဒ္ဓဘာသာအဆုံးအမ ခံယူသူ (၂၄၄၆) ဦး ရှိသည်။

| | | |
|---|---|---|
| **ကချင်ပြည်နယ်** | - | **၂၇ ဦး** |
| **ကရင်ပြည်နယ်** | - | **၈၈ ဦး** |

| | | |
|---|---|---|
| **ချင်းပြည်နယ်** | - | **၈၁၇ ဦး** |
| **စစ်ကိုင်းတိုင်းဒေသကြီး** | - | **၃၄ ဦး** |
| **ပဲခူးတိုင်းဒေသကြီး** | - | **၁၀၀ ဦး** |
| **ရခိုင်ပြည်နယ်** | - | **၄၀၆ ဦး** |
| **ရှမ်း (မြောက်)** | - | **၃၄၄ ဦး** |
| **ရှမ်း (တောင်)** | - | **၈ ဦး** |
| **ရှမ်း (အရှေ့ပိုင်း)** | - | **၆၂၁ ဦး** |
| **ရန်ကုန်တိုင်းဒေသကြီး** | - | **၁ ဦး** |

## (၆၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး

(၆၆) ကြိမ်မြောက် တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို (၈-၁၂-၂၀၁၃) မှ (၉-၃-၂၀၁၄) ထိ (၃၃) ရက်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ အာဂုံပြန်ဆိုပွဲနှင့် ရေးဖြေစာမေးပွဲကို ကျင်းပခဲ့သည်။ ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | |
|---|---|
| **- ပိဋကသုံးပုံအာဂုံဆောင် (တိပိဋကဓရ)** | **၁ ပါး** |
| **- ပိဋကနှစ်ပုံခွဲအာဂုံဆောင် (မူလအဘိဓမ္မက)** | **၃ ပါး** |
| **- ပိဋကနှစ်ပုံအာဂုံဆောင် (ဒီဃဘာဏက)** | **၂ ပါး** |
| **- ပိဋကတစ်ပုံအာဂုံဆောင် (ဝိနယဓရ)** | **၁၅ ပါး** |
| **- ဝိနယပိဋကအရှေ့ပိုင်းအာဂုံဆောင် (ဥပတောဝိ ဘာဏ်ဓရ)** | **၄၃ ပါး** |
| **- ပိဋကနှစ်ပုံခွဲရေးဖြေအောင် (မူလအဘိဓမ္မကောဝိဒ)** | **၁ ပါး** |
| **- ပိဋကနှစ်ပုံရေးဖြေအောင် (ဒီဃနိကာယဓမ္မကောဝိဒ)** | **၁ ပါး** |
| **- ပိဋကတစ်ပုံရေးဖြေအောင် (ဝိနယကောဝိဒ)** | **၆ ပါး** |
| **- ဝိနယပိဋကအရှေ့ပိုင်းရေးဖြေအောင်** | **၆ ပါး** |

စုစုပေါင်းသာသနာ့အာဇာနည်အရှင်သူမြတ် (၇၈) ပါးအောင်မြင်တော်မူကြသည်။

## အစိုးရဓမ္မာစရိယစာမေးပွဲ

သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက် မတ်လ (၂၈) ရက်မှ ဧပြီလ (၅) ရက်ထိ တစ်ပြည်လုံးတွင်ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှုမှာ အောက်ပါအတိုင်း ဖြစ်သည် -

| | | | |
|---|---|---|---|
| **စာဖြေဌာနပေါင်း** | - | ၅၀ | ဌာန |
| **စာရင်းသွင်း** | - | ၂၇၂၃၄ | ပါး |
| **ဖြေဆိုသူပေါင်း** | - | ၂၂၈၁၆ | ပါး |
| **ကျမ်းရင်းသုံးကျမ်းအောင်** | - | ၁၃၅၄ | ပါး |
| **ကျမ်းရင်းနှစ်ကျမ်းအောင်** | - | ၁၀၇၁ | ပါး |
| **ကျမ်းရင်းတစ်ကျမ်းအောင်** | - | ၁၄၀၉ | ပါး |
| **ရာခိုင်နှုန်း** | - | | ၁၆.၀၈ ရာခိုင်နှုန်း |

ဓမ္မစရိယစာမေးပွဲ ကျမ်းရင်းသုံးကျမ်း၌ တစ်ပြည်လုံး ဖြေဆိုသူများအနက် ပထမ (အဂ္ဂမဟာအကျော်) အဖြစ် ဦးကုဝေရာလင်္ကာရ၊ ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှရရှိသည်။

## ပထမပြန်စာမေးပွဲ

သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သော ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက် ဧပြီလ (၃) ရက်မှ ဧပြီလ (၉) ရက် အထိ အောင်မြင်စွာကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်သည်-

| **အတန်း** | **စာရင်းသွင်း** | **ဖြေဆို** | **အောင်မြင်** |
|---|---|---|---|
| **ပထမငယ်** | ၃၀၀၇၉ | ၂၃၅၉၈ | ၃၄၂၅ |
| **ပထမလတ်** | ၁၆၆၇၂ | ၁၃၉၂၃ | ၂၁၃၃ |
| **ပထမကြီး** | ၁၇၁၈၂ | ၁၄၁၁၀ | ၁၂၇၁ |
| **ရာခိုင်နှုန်း** | - | - | ၁၄.၅၁ ရာခိုင်နှုန်း |

ပထမကြီးတန်းတွင် တစ်ပြည်လုံးပထမ (ပထမကျော်) အဖြစ် အရှင်ကဝိနန္ဒာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့မှ ရရှိသည်။

## (၂၂) ကြိမ်မြောက် နိကာယ်စာမေးပွဲ

(၂၂) ကြိမ်မြောက် နိကာယ်စာမေးပွဲကို ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် ဇွန်လ (၉) ရက်မှ ဇွန်လ (၁၃) ရက်ထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ

ဖြေဆို အောင်မြင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | |
|---|---|
| **စာဖြေဌာနပေါင်း** | ၆၉ ဌာန |
| **စာရင်းသွင်းဦးရေ** | ၂၈၀၂၉ ပါး |
| **ဖြေဆိုသူပေါင်း** | ၁၆၇၁၆ ပါး |
| **အောင်မြင်သူပေါင်း** | ၂၀၂၇ ပါး |

(၂၂) ကြိမ်မြောက် နိကာယ်စာမေးပွဲအုပ်စု (၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းငါးကျမ်း၌ တစ်ပြည်လုံးပထမကို အရှင်အဂ္ဂညဏာလင်္ကာရ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့မှ ရရှိတော်မူသည်။

## အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

| **စာမေးပွဲ** | **စာရင်းသွင်း** | **ဖြေဆို** | **အောင်မြင်** |
|---|---|---|---|
| **အဘိဓမ္မာ(ရိုးရိုး)** | ၂၁၃၆၂ | ၁၄၁၇၅ | ၁၀၂၀၈ |
| **အဘိဓမ္မာ** | ၃၇၆၉ | ၃၀၃၆ | ၂၅၇၀ |
| **ဂုဏ်ထူးဆောင်** | | | |
| **ဝိသုဒ္ဓိမဂ်** | ၂၈၈၈ | ၂၁၄၂ | ၁၈၄၁ |
| **စုစုပေါင်း** | ၂၈၀၁၉ | ၁၉၃၅၃ | ၁၄၇၂၉ |
| **ရာခိုင်နှုန်း** | - | - | ၇၆ |
| | | | **ရာခိုင်နှုန်း** |

## နယ်စပ်နှင့်တောင်တန်းဒေသသာသနာပြုလုပ်ငန်းများ

| | | |
|---|---|---|
| **သာသနာပြုဌာန** | - | ၅၆၀ ဌာန |
| **သာသနာပြုရဟန်းတော်** | - | ၆၀၇ ပါး |
| **သာသနာပြုသီလရှင်** | - | ၄၃ ပါး |
| **သာသနာပြုလူပုဂ္ဂိုလ်** | - | ၅၃၆ ဦး |

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုဗဟို ကြီးကြပ်ရေးအဖွဲ့သည် စနစ်တကျစီမံခန့်ခွဲ၍ ပညာရေး အဆင့်မြင့်တင်မှုကို ဆောင်ရွက်လျက်ရှိသည်။ (၂၀၁၄-၂၀၁၅) ပညာသင်နှစ်အတွက် ဆရာ၊ ဆရာမ ထောက်ပံ့ ကြေးငွေကျပ် (၃၂၆ ဒသမ ၈၈) သန်းခွင့်ပြု၍ ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းဆောင်ရွက် လျက်ရှိရာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတွင် ဖွင့်လှစ်လျက်ရှိသည်။

| | | |
|---|---|---|
| **မြို့နယ်ပေါင်း** | - | ၂၆၂ မြို့နယ် |
| **မူလတန်း** | - | ၁၀၉၃ ကျောင်း |
| **မူလတန်းလွန်ကျောင်း** | - | ၃၉၃ ကျောင်း |
| **အလယ်တန်းဆင့်** | - | ၁၀၉ ကျောင်း |
| **အထက်တန်းဆင့်** | - | ၂ ကျောင်း |
| **ကျောင်းပေါင်း** | - | ၁၅၉၇ ကျောင်း |
| **ပညာသင်ကြားသူ** | - | ၂၆၉၂၆၇ ဦး |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မဟာစိနပဘာ စေတီတော်တည်ထားခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟေနန်ပြည်နယ် လော့ယန်မြို့၊ မြင်းဖြူကျောင်းတော်ရှိ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော် ရွှေထီးတော်တင်မဟာမင်္ဂလာ အခမ်းအနားနှင့် သာသနိကအဆောက်အအုံများ ဖွင့်ပွဲ အခမ်းအနားများကို ဇွန်လ (၃၁) ရက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ တက်ရောက် ကြည်ညိုခဲ့ကြသည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင် များသည် စေတီတော်အထွတ်တွင် တင်လှူမည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဌာပနာ တော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်၊ ဦးဇေယျာအောင်နှင့် ဒေါက်တာ မြင့်အောင်၊ နိုင်ငံတော်သမ္မတ၏ သာသနာရေးအကြံပေး အဖွဲ့ခေါင်းဆောင်သူဦးမြင့်မောင်တို့က ဗုဒ္ဓရုပ်ပွား တော်များနှင့် စေတီလေးပါးဆိုင်ရာ ဌာပနာတော်များ ကို စေတီတော်အထက်ဌာပနာ၌ သွင်းလှူပူဇော်ကြ သည်။ ယင်းနောက် ရွှေထီးတော် ဘုံဆင့်များ၊ ရတနာ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထား ပံ့ဖြင့် အဆင့်ဆင့်ပင့်ဆောင် တင်လှူတော်မူကြသည်။ ထို့နောက် မြန်မာ-တရုတ်နှစ်နိုင်ငံ ဆရာတော်သံဃာ တော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

## နိုင်ငံတော်ဩဝါဒါစရိယစုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ဖူးမြော်ခြင်း

ဇန်နဝါရီလ (၁၂) ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မန္တလေးမြို့၊ နိုင်ငံတော် ဩဝါဒါစရိယ၊

စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးနှင့် သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားသည်။

## ဘွန်းရာသီဥတုပြောင်းလဲမှု ညီလာခံ။ ။

(၂၀၁၄)ခုနှစ်၊ အောက်တိုဘာလ (၂၀) မှ (၂၅) ရက်အထိ ဘွန်းရာသီဥတုပြောင်းလဲမှုညီလာခံကို ဂျာမနီနိုင်ငံ ဘွန်းမြို့၌ကျင်းပခဲ့သည်။ လုပ်ဆောင်ချက်အချိန် တိုးမြှင့်ရန်အတွက် ဒါဘန်းစကြံန်၏ သီးသန့်ကျပန်း ဆောင်ရွက်မှုအစုအဖွဲ့ (အေဒီပီ)ဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေး အပိုင်း (၆) အဖြစ် ကျင်းပခြင်းဖြစ်သည်။

ဤသို့သော ရာသီဥတုပြောင်းလဲမှုညီလာခံများကို ဂျာမနီနိုင်ငံဘွန်းမြို့၌ (၁၉၉၇) ခုနှစ်က စတင်ကျင်းပခဲ့သည်။ အလားတူညီလာခံများကို နှစ်စဉ်နှစ်တိုင်းနိုင်ငံအသီးသီး၊ မြို့အသီးသီးတွင် ကျင်းပကာ ကျင်းပသည့် မြို့၏အမည်များကို သညာပြုခေါ်လေ့ရှိသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောပြဿနာများ လျော့နည်းပပျောက်ရေးအတွက် တစ်နှစ်ပြီးတစ်နှစ် ညီလာခံများကျင်းပ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။

ထို့ကြောင့်ယခုညီလာခံတွင်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျှော့ချရန်အတွက် (၂၀၀၉) ခုနှစ်နှင့် (၂၀၁၀) ပြည့်နှစ်များက ရာသီဥတုပြောင်းလဲမှုဆိုင်ရာညှိနှိုင်းချက်များကို ဆက်လက်ဆောင်ရွက်ခြင်းဖြစ်သည်။ (၂၀၂၀) ပြည့်နှစ်ကို ပစ်မှတ်ထား၍ စီးပွားရေးဆိုင်ရာ ရုပ်ကြွင်းလောင်စာသုံးစွဲထုတ်လုပ်မှုအရေအတွက်ကို သတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ကိုက်ညီစေရန် ဆွေးနွေးကြသည်။ ဖွံ့ဖြိုးရေး ဦးတည်ချက်များနှင့်လည်း ဆီလျော်ကိုက်ညီစေရန် နိုင်ငံအလိုက်သင့်လျော်သည့် ပြင်းထန်မှုလျှော့ချရေး လှုပ်ရှားလုပ်ဆောင်ချက်ကို ပုံဖော်လျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း (၂၀၂၀) ပြည့်နှစ်တွင် စီးပွားရေးဆိုင်ရာသုံးစွဲမှုအဆင့် အောက်ရောက်အောင် ရည်မှန်းထားကြသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ နိုင်ငံအလိုက်သင့်လျော်သည့် ပြင်းထန်မှုလျှော့ချရေးလုပ်ဆောင်ချက်ကို (၂၀၂၀) ပြည့်နှစ်အရောက်တွင် စီးပွားရေးဆိုင်ရာ ထုတ်လွှတ်မှုအရေအတွက် မည်မျှရှိရမည်ဟူ၍ ကမ္ဘာ့မြေပုံနှင့် ပုံဖော်သတ်မှတ်ချက်ရှိသည်။

အောက်တိုဘာလ (၁) ရက်အထိ ပါတီများ၏ ညီလာခံတွင်ပါဝင်သော (၁၄) နိုင်ငံတို့သည် (၂၈) နိုင်ငံကိုကိုယ်စားပြုလျက် ဘက်စုံထုတ်လွှတ်မှု ပမာဏ စည်းကြပ်ရေး (အမ်အေ) အတွက် မေးခွန်းပေါင်း (၂၅၀) ကို တင်ပြခဲ့သည်။ တင်ပြချက်တွင် အောက်ပါအကြောင်းအရာတစ်ခုခုအပေါ် မူတည်သည်-

ထုတ်လွှတ်သမျှအားလုံးနှင့် ဖယ်ရှားမှုများသည် စီးပွားရေးဆိုင်ရာအရေအတွက် လျှော့ချရေးပစ်မှတ်နှင့်အကျုံးဝင်မှု

စီးပွားရေးဆိုင်ရာထုတ်လွှတ်မှုလျှော့ချရေးပစ်မှတ်ကို ရရှိရေးအပေါ် တွေးဆချက်အခြေအနေများနှင့် နည်းပညာအသုံးတည့်မှုများနှင့် ပတ်သက်မှု

စီးပွားရေးဆိုင်ရာ ပမာဏလျှော့ချရေးပစ်မှတ်ကို ရရှိအောင် ဆောင်ရွက်သည့်တိုးတက်မှု

အောက်တိုဘာလ (၂၀) ရက်တွင် ဘွန်းရာသီဥတုပြောင်းလဲမှုညီလာခံဖွင့်ပွဲ၌ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမန်နျူယယ်ပါလ်ဂါဗီဒယ်လ်က မိန့်ခွန်းမြွက်ကြားသည်။ တက်ရောက်လာသည့်ကိုယ်စားလှယ်များကို ပီရူးနိုင်ငံလီမာမြို့တွင် ကျင်းပမည့် ညီလာခံအတွက် ခိုင်မာသောရလဒ်များရရှိစေရန် ယခုကတည်းက ထိရောက်သော ကြိုးစားဆောင်ရွက်ချက်များကို ပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာသည်ကို (၁၉၈၆) ခုနှစ်တွင် သိပ္ပံပညာရှင်တို့ ကမ္ဘာ့လေထုကောင်းကင်ရှိ အိုဇုန်းလွှာပေါက်ပြဲသည်ကို ဖော်ထုတ်တွေ့ရှိရာမှ ဆက်စပ်လေ့လာမှုပြုလုပ်စဉ် ဖန်လုံအိမ်အာနိသင်ကိုဖြစ်စေ

သည့်ကာဗွန်ဒိုင်အောက်ဆိုဒ်ကဲ့သို့ ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲအရောက်များလာခြင်းကြောင့် အဓိကဖြစ်ကြောင်းသိရှိခဲ့သည်။

(၁၉၉၂) ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ကုလသမဂ္ဂအဖွဲ့ကြီးက United Nations Framework Convention on Climate Change (UNFCCC) ခေါ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ညီလာခံကို စတင်ကျင်းပခဲ့သည်။ ဆက်လက်၍ (၁၉၉၂) ခုနှစ်တွင်ပင် ကမ္ဘာ့ထိပ်သီးဟုခေါ်တွင်သော ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေး (UNCD) ညီလာခံကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သည်။ နောက်ဆက်တွဲလုပ်ငန်းများအဖြစ် ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ကျိုတိုပရိုတိုကော ဆွေးနွေးပွဲကို (၁၉၉၇) ခုနှစ်၊ ဒီဇင်ဘာလတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ (၂၀၀၇) ခုနှစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် ညီလာခံကိုလည်းကောင်း၊ (၂၀၀၉) ခုနှစ်၊ ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ ကိုလည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါညီလာခံများက စက်ရုံအလုပ်ရုံနှင့် ယာဉ်မျိုးစုံတို့မှ ထုတ်လွှတ်သော ဖန်လုံအိမ် အာနိသင်ကို ဖြစ်စေသည့်ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုအတွင်းထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်နှင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းရန် နည်းလမ်းရှာဖွေသတ်မှတ်ကြသည်။ အဓိကကျသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို (၂၀၁၂) ခုနှစ်တွင် မည်မျှလျှော့ချမည်။ (၂၀၂၀) ပြည့်နှစ်တွင် မည်မျှလျှော့ချမည်ဟု နိုင်ငံတစ်ခုချင်းက သတ်မှတ်၍ တာဝန်ယူဆောင်ရွက်ရေးကို ညီလာခံများကျင်းပ၍ ဆွေးနွေးကြခြင်းဖြစ်သည်။

## မော်လမြိုင်ကျွန်းမြို့ ။ ။ သမိုင်းနောက်ခံ

**အကျဉ်း** - သီပေါမင်းနန်းတက်စ (၁၈၇၈) ခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှ ကြိမ်ခုတ်၊ သစ်ခုတ်လာသူများက ယခု မော်လမြိုင်ကျွန်းမြို့ အရှေ့ဘက်ကမ်းရှိ ကွမ်းခြံချောင်းကျေးရွာ၌ အိုးအိမ်တည်၍ အခြေစိုက်နေထိုင်ခဲ့ကြသည်။ သို့ရာတွင် ညဥ့်အခါ၌ ကျားရဲ တိရစ္ဆာန်များသောင်းကျန်းလွန်းသဖြင့် ယခုမြို့တည်ရှိရာ အနောက်ဘက်ကမ်းသို့ ပြောင်းရွှေ့အခြေချနေထိုင်ရာမှ မြို့အဖြစ်စည်ကားလာခြင်းဖြစ်သည်။

မြို့အဖြစ်မတည်မီက ယင်းဒေသတစ်ဝိုက်တွင် ညောင် လန်း၊ ပျဉ်းမ၊ ကနစို၊ မဓမ၊ ကျူတောများထူထပ်သိပ်သည်းလွန်းလှသောကြောင့် သစ်ခုတ်စခန်း၊ ကြိမ်ခုတ်စခန်းများ နေရာအနှံ့စည်ပင်လာသဖြင့် (၁၈၉၈) ခုနှစ်တွင် အင်္ဂလိပ်အရေးပိုင်မက္ကဆွဲက အိမ်မြေရာများ စနစ်တကျနေရာချထားပေးရန် ညွှန်ကြားခဲ့ရာ နယ်ပိုင်ဝန်ထောက် မစ္စတာဘဲလ်နှင့် လမ်းဗိုလ်ဘာဘူပေါတို့ဦးဆောင်၍ အိမ်မြေကွက်များ ရိုက်ကာမဲစနစ်ဖြင့် နေရာချထားပေးခဲ့သည်။ မှတ်တမ်းအရ အိမ်မြေတစ်ကွက်လျှင် အခွန်ငွေ (၁၀) ကျပ် ပေးဆောင် ကြရသည်။ မြို့နယ်အရာရှိ မစ္စတာဂရေးက သာသနာမြေများကို ဦးစွာနေရာသတ်မှတ်ပေးခဲ့သည်။

**မြို့၏အမည်** - အိမ်မြေနေရာများ စနစ်တကျနေရာချထားပေးပြီးနောက် မြို့အမည်ပေးရန်ကိစ္စကို စည်းဝေးတိုင်ပင်ကြသည်။ ထိုအချိန်က မြို့မှာ သစ်တောများ၊ မြစ်ချောင်းများဝန်းရံလျက် ညို့ညို့မှိုင်းမှိုင်း၊ စိမ်းစိမ်းစိုစို လွမ်းမောကြည်နူးစရာ ကောင်းလှသဖြင့် ဘုရားလောင်းဥဒေါင်းမင်းစံပျော်ရာ မောရမြိုင်နှင့် အသွင်တူနေခြင်းကြောင့်လည်းကောင်း၊ ဥဒေါင်းငှက်များကို နေရာအနှံ့ စုစုဝေးဝေးတွေ့ရခြင်းကြောင့်လည်းကောင်း၊ မြို့ပတ်ပတ်လည်၌ မြစ်ချောင်းများဝန်းရံနေသောကြောင့်လည်းကောင်း မောရမြိုင်ကျွန်းဟုစတင်ခေါ်ဝေါ်သမုတ်ကြသည်။ ကာလအလျောက် စကားသံများရွေ့လျားပြောင်းလဲပြီး မော်လမြိုင်ကျွန်းဟူသောတရားဝင်အမည်ခေါ်ဝေါ်လာကြသည်။ ဒေသခံများကမူ အတိုကောက် မော်ကျွန်းဟူ၍ သာခေါ်ကြသည်။

မြို့၏အမည်ပေါ်ပေါက်လာပုံ နှုတ်ပြောသမိုင်းတစ်ခုကား မော်လမြိုင်ပန်းများထူထပ်စွာပေါက်သောကြောင့်ဟုလည်း ပြောလေ့ရှိကြသည်။ မြို့တည်

ထောင်ရာတွင်ပါဝင်သော ဦးသီးဆိုသောပုဂ္ဂိုလ်ကြီး၏ စာချိုးကလေးမှာ -

- နှင်းဝေဝေ အုန်းစိမ်းရေဖေမသောက်ပါနဲ့ ရွှေကျောင်းရယ်တဲ့ဒကာ၊
- မြတ်ဗုဒ္ဓကျောင်းပဋ္ဌမှာလ ကောင်းကင်က တည်ကြစေရာ၊



**မြို့အဝင် မဟာဗန္ဓုလလမ်းမကြီး**

- ကွမ်းခြံက ကျွန်းနဂရ ဒေါင်းကျလာသည် အကြောင်းပြမည် ရွှေကျွန်းခေါ်ပေ့လေး။

မြို့တည်တဘောင်လည်းခေါ်နိုင်မည့် စာချိုးကလေးအရ ဥဒေါင်းငှက်များပျော်စံရာ ရေပတ်လည်ဝိုင်းနေသော ကျွန်းကလေးဟု တရားဝင်အသိအမှတ်ပြုခြင်းက ပိုမိုဆီလျော်မည်ဟု ယူဆကြသည်။

**မြို့၏သမိုင်းဦး အုပ်ချုပ်ရေး** - မြို့၏ ပထမဆုံးအစိုးရခန့်သူကြီးမှာ ဦးဖီးဖြစ်ပြီး မြောင်းမြမြို့၏ စီရင်စုအောက်တွင်ရှိခဲ့သည်။ (၁၉၁၇) ခုနှစ်၊ အောက်တိုဘာလ(၁)ရက်တွင် မြို့အမှုဆောင်ကော်မတီဖွဲ့စည်းပြီး မြို့မြောက်ပိုင်းမှစ၍ သဲမှုတ်ကြရာ နှစ်နှစ်ခန့်အကြာတွင် တစ်မြို့လုံးသဲမှုတ်တင်လုပ်ငန်းပြီးစီးခဲ့သည်။ (၁၉၃၅) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်တွင် မြို့နယ်မြူနီစီပါယ်ကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထို့နောက်မြို့အကျယ်အဝန်းကို (၈၁၅. ၂၁၂) ဧကသတ်မှတ်ခဲ့ပြီး လူဦးရေထူထပ်များပြားလာမှုကြောင့် (၁၉၅၅) ခုနှစ်တွင် မြို့အနောက်ဘက်နှင့်မြောက်ဘက်တို့တွင် (၂၆၂ ဒသမ ၅၄၁) ဧက ထပ်မံတိုးချဲ့ကာ မြို့ကွက်ရိုက်ပေးခဲ့သည်၊ (၁၉၈၉) ခုနှစ်၊ မတ်လတွင် မြို့အနောက်မြောက်ဘက်ရှိ မဲဇလီပုသိမ်စုကျေးရွာအုပ်စုမှ လယ်မြေ (၂၃၉. ၀၆) ဧကကို ထပ်မံတိုးချဲ့လျက် လူနေရပ်ကွက်အဖြစ် သတ်မှတ်ခဲ့သဖြင့် ရပ်ကွက်ပေါင်း (၁၃) ခုအထိ တိုးပွားလာခဲ့သည်။

**တည်နေရာ၊ အကျယ်အဝန်း** - မြောက်လတ္တီကျု (၁၆ ဒီဂရီ ၁၉) မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၅ ဒီဂရီ ၃၂) မိနစ်အတွင်းတည်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး၏ တောင်ဘက်စွန်းစွန်းတွင်ရှိပြီး အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ အနောက်ဘက်တွင် ဝါးခယ်မမြို့နယ်၊ တောင်ဘက်တွင် လပွတ္တာမြို့နယ်၊ မြောက်ဘက်တွင် ကျိုက်လတ်မြို့နယ်တို့တည်ရှိသည်။ မော်လမြိုင်ကျွန်းမြို့နယ်သည် ယခင်က မြောင်းမြခရိုင်အတွင်းတည်ရှိပြီး နဝဂစ်မုန်တိုင်းကာလနောက်ပိုင်းတွင် လပွတ္တာခရိုင်အတွင်းသို့ပြောင်းလဲဖွဲ့စည်းခဲ့သည်။ မြို့နယ်၏ လက်ရှိအကျယ်အဝန်းမှာ (၄၈၅. ၄၃) စတုရန်းမိုင်ရှိသည်။

**ရပ်ကွက်၊ ကျေးရွာများ** - မော်လမြိုင်ကျွန်းမြို့တွင် ရပ်ကွက်ပေါင်း(၁၃)ခုရှိပြီး ကျေးရွာအုပ်စုပေါင်း (၁၀၈) ခုနှင့် ကျေးရွာခွဲပေါင်း (၆၆၂) ခုရှိသည်။ လူဦးရေများပြားစည်ကားသောကျေးရွာကြီးများမှာ ကျိုက်ပိ၊ ကျော်ဇံ၊ မြတ်သာ၊ လှိုင်းဘုန်း၊ အလယ်ရေကျော်ရွာများဖြစ်သည်။

**လူဦးရေ** - မြို့နယ်ရှိလူဦးရေပေါင်းမှာ (၃၁၀၈၈၆) ဦးဖြစ်ပြီး ကျား (၁၅၃၁၉၈) ဦးနှင့် မ (၁၅၇၆၈၈) ဦးဖြစ်သည်။

**ရာသီဥတု** - မျှတသောရာသီဥတုရှိပြီး ပျှမ်းမျှ မိုးရေချိန် (၈၀) လက်မ၊ ပျှမ်းမျှအပူချိန် (၉၀) ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် (၅၈) ဒီဂရီဖာရင်ဟိုက်နှင့် အမြင့်ဆုံးအပူချိန် (၁၀၂) ဒီဂရီဖာရင်ဟိုက်ရှိသည်။

**သဘာဝပေါက်ပင်** - မြို့တည်စသမိုင်းဦးတွင် ကနစို၊ လဘာ၊ ကန့်ဘလာ၊ သမဲ့ မဓမ၊ ကုက္ကို၊ ပင်လယ်အုန်း၊ ညောင်လန်း၊ သင်ပေါင်းတို့ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်သော်လည်း လယ်ယာမြေတိုးချဲ့ခြင်း၊ အိမ်ခြေများ တိုးတက်ချဲ့ထွင်လာခြင်းတို့ကြောင့် သစ်တောသစ်ပင်ရှားပါးလျက်ရှိသည်။ ယခင်က စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော လပွတ်ကွဲကြီးဝိုင်း၊ ကလရိုက်ကြီးဝိုင်း၊ ညီနောင်ကြီးဝိုင်းတို့မှာ ဧရိယာအနည်းငယ်မျှသာကျန်ရှိတော့သည်။

**တောရိုင်းတိရစ္ဆာန်များ** - သစ်တောကြီးဝိုင်းများ ဖွံ့ဖြိုးစည်ပင်ချိန်က တောဝက်၊ မျောက်၊ သင်းခွေချပ်၊ ဖွတ်၊ မိကျောင်းနှင့် တောဆင်ရိုင်းများရှိခဲ့သော်လည်း သစ်တောများပြုန်းတီးမှုကြောင့် တဖြည်းဖြည်းမျိုးသုဉ်းပျက်စီးကုန်ကြသည်။ (၁၉၉၆) ခုနှစ်တွင် မြို့နယ်အတွင်းရှိ တောဆင်ရိုင်း (၁၂)ကောင်ကိုဖမ်းဆီးပြီး ငပုတောမြို့နယ်၊မြစ်တစ်ရာကြီးဝိုင်း၌ ဘေးမဲ့လွှတ်ပေးခဲ့သည်။

**ထင်ရှားသော သာသနိကအဆောက်အအုံများ** - မြို့တည်စကဆောက်လုပ်လှူဒါန်းခဲ့သည့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်းရှိရာ ကမ်းနားကျောင်း (၁၂၆၂) ခုနှစ်၊ တောရကျောင်း (၁၂၆၃) ခုနှစ်၊ မဟာဝတ္တုကံကျောင်း (၁၂၆၅) ခုနှစ်၊ ဝေဇယန္တာကျောင်း (ယခုညီမာရုံမင်းကျောင်း) (၁၂၆၈) ခုနှစ်၊ သူဌေးကျောင်း (၁၂၇၈)ခုနှစ်တို့ဖြစ်သည်။

ထင်ရှားသောဘုရား၊စေတီများမှာ ဉာဏ်တော် ၃၆ပေရှိသည့် ပြည်လုံးချမ်းသာဘုရားကြီး (၁၂၆၉) ခုနှစ်၊ ကြေးချိန် (၇၈၉၂) ပိဿာရှိ လောကသကျမာရဇိန်ဘုရားကြီး (၁၂၇၀) ပြည့်နှစ်၊ တာဝတိံသာဘုရားကြီး (၁၂၈၆) ခုနှစ်၊ ကျွန်းလုံးကပ်ကာစေတီတော် (၁၃၀၆) ခုနှစ်၊ အောင်မဟာထူပါရုံစေတီတော် (၁၃၁၀) ပြည့်နှစ်တို့ ဖြစ်သည်။

**အခြားအဆောက်အအုံများ** - အခြားထင်ရှားသော အဆောက်အအုံများမှာ ရဲစခန်းနှစ်ထပ်တိုက် (၁၈၈၀) ပြည့်နှစ်၊ မြို့ပိုင်ရုံး (ယခုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး) (၁၈၉၅)ခုနှစ်၊ (၁၉၃၀-၃၁) ခုနှစ်တွင် ဆောက်လုပ်သည့် သစ်တောအကောက်ရုံး (ယခုမြို့နယ်သစ်တောဦးစီးဌာန)၊ (၁၉၃၄)ခုနှစ်တွင်ဆောက်လုပ်သည့် မြို့မဈေးရုံကြီးနှင့် မြူနီစီပယ်ရုံး(ယခုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး)၊ (၁၉၃၆) ခုနှစ်တွင် ဆောက်လုပ်သည့် မြို့မအင်္ဂလိပ်ကျောင်း (ယခုအထက-၁) တို့ဖြစ်သည်။ မော်ရွှေဂါခန်းမ၊ လွတ်လပ်ရေးပန်းခြံ၊ ဗိုလ်ချုပ်ကြေးရုပ်၊ မိုက္ကရိုဝေ့စခန်း၊ မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်၊ ချမ်းမြေ့ဘိုးဘွားရိပ်သာ၊ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ရာဇူဒိုင်တံတား အမှတ် (၁)နှင့် အမှတ်(၂)တို့မှာ လူသိများထင်ရှားသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု** - (၁၉၇၄) ခုနှစ်၊ မေလတွင် မိုင် (၈၀) နှုန်းတိုက်ခတ်သော မုန်တိုင်းဒဏ်ခံရပြီး (၁၉၈၀) ပြည့်နှစ်တွင် လေပွေလှိုင်းတစ်ခု တိုက်ခတ် ခြင်းခံရသည်။ (၂၀၀၈) ခုနှစ်၊ မေလ (၂) ရက် ညဉ့်လယ်တွင် တိုက်ခတ်သောနာဂစ်မုန်တိုင်းဒဏ်ကြောင့် လူဦးရေ (၉၄၆၁) ဦး သေကျေပျောက်ဆုံးခဲ့ပြီး အဆောက်အအုံပေါင်း (၄၆၂၂၂)၊ စက်ရုံအလုပ်ရုံ (၅၇၄) ရုံ၊ စာသင်ကျောင်း (၂၈၂) ကျောင်း၊ သာသနိကအဆောက်အအုံ (၇၉၅) ခုတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

**ထင်ရှားသောပုဂ္ဂိုလ်များ** - သာသနာ့အာဇာနည်တစ်ပါးဖြစ်တော်မူသော ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသသည် (၁၉၉၉) ခုနှစ်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တော်များရရှိတော်မူခဲ့သည်။ ဓမ္မဘဏ္ဍာဂါရိကဆရာတော်လည်းဖြစ်ပြီး မော်လမြိုင်ကျွန်းမြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ ပန်းတောစုကျေးရွာတွင် ဖွားမြင်ခဲ့သဖြင့် မော်ကျွန်းဆရာတော်ဟု ထင်ရှားသည်။

အခြားထင်ရှားသောပုဂ္ဂိုလ်တစ်ဦးမှာ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ဗလ (သခင်ထွန်းလွင်) ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိကျေးရွာဇာတိဖြစ်ပြီး စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ "လွတ်လပ်ရေးခရီးတစ်ထောက်" (၁၉၇၄)ကို ရေးသားပြုစုခဲ့သည်။

(၁၉၅၅) ခုနှစ်တွင် ယူဂိုစလားဗီးယားသမ္မတ မာရှယ်တီးတိုး၏ စစ်သည်တော်ကောင်း (တတိယဆင့်) ချီးမြှင့်ခံရသည်။ မြန်မာနိုင်ငံအစိုးရက လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ချီးမြှင့်ခဲ့သည်။

**အလုပ်အကိုင်များ** - မြို့နယ်အတွင်းရှိကျေးရွာများက ဆန်စပါး၊ မြေပဲ၊ နှမ်းနှင့် အခြားစားသောက်ကုန်များ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ရေလုပ်ငန်းများလုပ်ကိုင်ကြခြင်းကြောင့် ဆန်စက်လုပ်ငန်း၊ ဆန်တင်ပို့ခြင်းလုပ်ငန်း၊ ပဲ့ထောင်ရေယာဉ်တည်ဆောက် ပြေးဆွဲခြင်းလုပ်ငန်းများ၊ သင်္ဘောလုပ်ငန်းများ၊ ကားပြေးဆွဲခြင်းလုပ်ငန်းများ၊ ရေသန့်စက်ရုံ၊ ရေခဲစက်ရုံ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊ ငါးပုစွန်တင်ပို့ခြင်းလုပ်ငန်းများ ရှိသည်။

**လမ်းပန်းဆက်သွယ်ရေး** - ရန်ကုန်၊ ပုသိမ်စသည့်မြို့ကြီးများသို့ ရေလမ်း၊ ကုန်းလမ်းတို့ဖြင့်သွားလာနိုင်ပြီး မော်လမြိုင်ကျွန်း-ပြင်စလူကားလမ်း၊ မော်လမြိုင်ကျွန်း-ဝါးခယ်မကားလမ်းနှင့် မော်လမြိုင်ကျွန်း-ဘိုကလေး ကားလမ်းများကို ဖောက်လုပ်ပြီးဖြစ်ကာ တံတားများ ပြီးစီးပါက ကုန်းလမ်းဖြင့်ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ရှပ်ပြေးရေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်ကြီးများ၊ ရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်ကြီးများ နေ့စဉ် ငါးစီးခန့်၊ ကုန်လမ်းမှ နေ့စဉ်ဟီးနိုးကားကြီး လေးစီးခန့်ပြေးဆွဲပေးလျက်ရှိသည်။ အနီးပတ်ဝန်းကျင်မြို့များသို့ ရေလမ်း၊ ကုန်းလမ်းဖြင့်ဆက်သွယ်သွားလာနိုင်သည်။ မြို့နယ်တွင်းကျေးရွာများသို့ နေ့စဉ်ပြေးဆွဲနေသော ပဲ့ထောင်ရေယာဉ်နှင့် စက်လှေအစင်း (၇၀)ခန့်ရှိသည်။



မြို့နယ်တွင်းရေလမ်းသုံး ပဲ့ထောင်ရေယာဉ်များ

**အရပ်ဘက်အဖွဲ့အစည်းများ** - မြို့နယ်အတွင်း နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းခြောက်ဖွဲ့၊ ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်း ခုနစ်ဖွဲ့ရှိသည်။

**သာသနာဆိုင်ရာဆောင်ရွက်မှုများ** - ဘာသာရေး အထောက်အကူပြုအဖွဲ့ပေါင်း ကိုးဖွဲ့ရှိသည်။ တစ်နှစ်ပတ်လုံး နေ့စဉ်အရဟ်ဆွမ်းလောင်းလှူသည့် နေ့အလိုက်ဆွမ်းလောင်းအသင်းများရှိသည်။ နှစ်စဉ် အထူးအရဟ်ဆွမ်းလောင်းလှူပွဲ (၃၀) ခန့်နှင့် အထူး တရားပွဲ (၁၀) ပွဲခန့်ကျင်းပလေ့ရှိသည်။ တာဝတိံသာဘုရားပွဲ၊ မြို့ဦး ပြည်တော်အေးစေတီဘုရားပွဲနှင့် ဆီမီးမျှောပွဲ၊ ပြည်လုံးချမ်းသာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲတော်များသည် အထူး စည်ကားသည်။

မြို့ပေါ်တွင်ဘုန်းကြီးကျောင်း (၄၄)ကျောင်း၊ သံဃာတော်(၈၃၆)ပါး၊ တစ်မြို့နယ်လုံးတွင် ဘုန်းကြီးကျောင်း (၃၅၉) ကျောင်း၊ ရဟန်းသံဃာ (၂၃၉၂) ပါး ရှိသည်။ မြို့ပေါ်ရှိ ပစ္ဆိမာရုံစာသင်တိုက်သည် နှစ်စဉ် သာမဏေကျော်စာပြန်ပွဲကျင်းပသည့် မြန်မာတစ်ပြည်လုံး စတုတ္ထမြောက်ကျောင်းတိုက်တစ်ခုဖြစ်သည်။

**ပညာရေး** - မော်လမြိုင်ကျွန်းမြို့ပေါ်တွင် အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း (၁၀) ကျောင်းနှင့် မူလတန်းကြိုကျောင်း သုံးကျောင်းရှိသည်။ တစ်မြို့နယ်လုံးတွင် အထက်တန်းကျောင်း (၁၃) ကျောင်း၊ အလယ်တန်းကျောင်း (၂၆) ကျောင်း၊ မူလတန်းကျောင်း (၂၉၆) ကျောင်းနှင့် မူလတန်းကြိုကျောင်း (၈၇) ကျောင်း ရှိသည်။

**မြန်မာနိုင်ငံစာပေဆုများ။** ။ မြန်မာနိုင်ငံစာပေလောကတွင် စာပေဆုများနှင့်ပတ်သက်၍ နှစ်စဉ်ဆုချီးမြှင့်ပွဲများ ကျင်းပလေ့ရှိသည်။ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု၊ ပခုက္ကူစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုတို့ကို နှစ်စဉ်ချီးမြှင့်လေ့ရှိသည်။

**အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု** - (၂၀၁၃) ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်ချီးမြှင့်သည်။ (၂၀၁၃) ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီး ဒေါက်တာခင်အေး (မောင် ခင်မင်-ဓနုဖြူ)၊ ဆရာကြီး စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် ဆရာကြီး ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး) တို့က ရရှိကြသည်။

အမျိုးသားစာပေဝတ္ထုရှည်ဆုကို သီလဝံသခေါ ဝတ္ထုရေးသားသူ နိုင်ဇော်၊ ဝတ္ထုတိုပေါင်းချုပ်ဆုကို နှလုံးသားပေါ်သွေးတဲ့ဓားနှင့် မဂ္ဂဇင်းဝတ္ထုတိုများ ရေးသားသူ ဝေ (စီးပွားရေးတက္ကသိုလ်)၊ ကဗျာပေါင်းချုပ်ဆုကို ပွဲဝင်စေတနာ မေတ္တာမော်ကွန်းနှင့် အခြားကဗျာများကိုရေးသားသူ မောင်လွမ်းနိုင် (စံပယ်ငုံ)၊ စာပဒေသာဆုကို လွတ်လပ်စွာ လွမ်းဆွတ်ခွင့်စာအုပ်ရေးသားသူ မောင်ရင့်မာ (ကျောင်းကုန်း)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဆုကို လော်ဝေါ်ရိုးရာယဉ်ကျေးမှုဓလေ့များစာအုပ်ရေးသားသူ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ကလေးစာပေဆုကို ရင်နှစ်သည်းချာ ကလေးကဗျာများစာအုပ်ရေးသားသူ သန်းအောင် (အညာမြေ)၊ လူငယ်စာပေဆုကို အမွေခံတစ်ယောက် အမွေပေးသူတစ်ရာစာအုပ်ရေးသားသူ မောင်ခင်မင် (ဓနုဖြူ)၊ ဘာသာပြန် (သုတ) စာပေဆုကို အာဏာစာအုပ်ရေးသားသူ ထွန်းတင့်အောင်၊ သုတပဒေသာ (ဝိဇ္ဇာ) ဆုကို သုဝဏ္ဏဘူမိ သုတေသနစာအုပ်ရေးသားသူ ဦးစံဝင်း (သမိုင်းသုတေသန)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုကို ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ဆေးပင်နှင့်ဆေးဝါးပစ္စည်းများစာအုပ်ရေးသားသူ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်ဆေးတက္ကသိုလ်)၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုကို သဘာဝပတ်ဝန်းကျင်အကျိုးပြုနို့စားနွားမွေးမြူရေးစာအုပ်ရေးသားသူ ဒေါက်တာရဲထွန်းဝင်း၊ နိုင်ငံရေးစာပေဆုကို ရွှေရတုဘဘစစ်ဆင်ရေး (သို့မဟုတ်) သမိုင်းဝင်မြန်မာ-တရုတ်ချစ်ကြည်ရေးနယ်နိမိတ်သတ်မှတ်မှုကိုယ်တွေ့မှတ်တမ်းရေးသားသူ တိမ်ဦး၊ အင်္ဂလိပ်ဘာသာ (သုတ) ဆုကို MARIONETTES OF MYANMAR စာအုပ်ရေးသားသူ ရဲဒွေးတို့ကရရှိကြသည်။

စာပေဗိမာန်စာမူဆုများအဖြစ် ဝတ္ထုရှည်ပထမဆုကို အများအားဖြင့် တစ်ပြည်လုံးတွင်သာယာမည် စာမူရေးသားသူ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ ဒုတိယဆုကို ဤရေ ဤမြေထုတို့သည် စာမူရေးသားသူ စိုးမြင့်မောင် (သာရဝေါ)၊ တတိယဆုကို ရာခိုင်နှုန်းနှစ်ဆယ်စာမူရေးသားသူ ဗိုလ်လွင်ဘိုဘိုအောင် (ဆေးတပ်)၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို တောင်တစ်ခုကိုတက်ခြင်းနှင့်ဝတ္ထုတိုများ ရေးသားသူ သုတိသြဘာဆင်ပေါင်ဝဲ၊ ဒုတိယဆုကို သောနုတ္တိုရ်ကြ ငိုသတဲ့လားနှင့် အခြားဝတ္ထုတိုများရေးသားသူ ကံမြင့်မော်၊ တတိယဆုကို အလွမ်းပင်အိုက ပန်းလက်ကျန်နှင့် အခြားဝတ္ထုတိုများရေးသားသူ စောခက်၊ ကဗျာပေါင်းချုပ်ပထမဆုကို ပန်းနုကြည်ပြာကဗျာများရေးသားသူ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ ဒုတိယဆုကို မူးမြစ်အင်းတော လယ်တောယာရိပ်ကဗျာများရေးသားသူ မောင်ကြည်နွယ် (ပင်လည်ဘူး)၊ တတိယဆုကို အလှရပ်ဝန်းအောင်မြေကွန်းကဗျာစုရေးသားသူ မင်းသွေးနွယ် (ဇီးကုန်း)၊ သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုကို ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီရေးသားသူ ယဉ်ယဉ်မွန် (ရွှေဟောင်းသုတေသန)၊ ဒုတိယဆုကို နှောင်းခေတ်ဟောင်းက လောင်းရှည် (သို့မဟုတ်) ယောရွှေပြည်ကပုဂံရေးသားသူ ကိုယော

(ဘောဂဗေဒ)၊ တတိယဆုကို သတင်းအတတ်ပညာနှင့် မြန်မာစာရေးသားသူ ခင်နှင်းရည် (ရန်ကုန်တက္ကသိုလ်)၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုကို မြန်မာ့တိုင်းရင်းဆေးပညာ ပဏ္ဍာမနိဒါန်းရေးသားသူ ဒေါက်တာမောင်ဖြေ၊ တတိယဆုကို ချူကလီးယား စွမ်းအင်သဘာဝပတ်ဝန်းကျင်နှင့် ဓာတ်ရောင်ခြည် အန္တရာယ် ရေးသားသူ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ စာပဒေသာ ပထမဆုကို ရာဇဝင်ဇာတ်ပို့ ဒလခံတပ်မြို့ ရေးသားသူ မင်းသျှင်အောင် (တွံတေး)၊ ဒုတိယဆုကို ဘုရင့်နောင်မင်းကြီးနှင့် ဟံသာဝတီမြို့တော်ဟောင်းကို တူးဆွကြည့်ခြင်းရေးသားသူ မောင်ယဉ်လှိုင်း (ပျဉ်းမ မြိုင်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ပထမဆုကို ပုခန်းမြေမှ ဗိသုကာနှင့် အနုပညာလက်ရာ များရေးသားသူ ဒေါက်တာတင့်လွင်၊ ဒုတိယဆုကို အဇီး (ခေါ်) ဗိုင်ဝါသွေးချင်းများရေးသားသူ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ကလေးစာပေ ပထမဆုကို ပွင့်ငုံဖူးကလေးကဗျာများရေးသားသူ ကန့်ဘလူ ခင်မောင်ဆွေ၊ ဒုတိယဆုကို ရွှေရောင်ခေတ်၏ ရတနာ လေးများနှင့် ကလေးဝတ္ထုတိုများ ရေးသားသူ ဝတ်ရည် ခင် (ပဲခူး)၊ တတိယဆုကို ဧည့်ကြိုပန်းကလေးကဗျာ များရေးသားသူ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ လူငယ် စာပေဒုတိယဆုကို ထီးကလေးနှစ်လက်ဟင်းသုံးခွက်နှင့် အခြားစာစုများ ရေးသားသူ မြင့်စိုး (နတလ)၊ ဘာသာ ပြန်စာပေပထမဆုကို ကွန်ပျူတာကွန်ရက်၊ စာနယ်ဇင်း ပညာဆိုင်ရာ ကျင့်ဝတ်ဓလေ့ထုံးစံများနှင့် အကူး အပြောင်းများရေးသားသူ တင်မောင်သန်း (ရှာမ) နှင့် အင်္ဂလိပ်စာမူပထမဆုကို Stories From the Myanmar classical Theatre ရေးသားသူ ရဲဒွေးတို့က ရရှိကြသည်။

(၂၀၁၃) ခုနှစ် အမျိုးသားစာပေတစ်သက်တာ ဆုအတွက် ငွေကျပ် (၂၅) သိန်း၊ အမျိုးသားစာပေဆု အတွက် ငွေကျပ် (၁၅) သိန်း၊ စာပေဗိမာန်စာမူဆုများ အတွက် ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်းအထိ ပေးအပ်ချီးမြှင့်သည်။




**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက (၂၀၁၃) ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည်ဆု ရရှိသူ ဆရာနိုင်ဇော်အား ဆုချီးမြှင့်စဉ်**

**ပခုက္ကူစာပေဆု** - (၂၀၁၃) ခုနှစ်အတွက် ပခုက္ကူ စာပေဆုချီးမြှင့်ပွဲကို (၂၀၁၄) ခုနှစ်၊ မေလ (၁၀) ရက်တွင် ရန်ကုန်မြို့၊ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ (အေ) ၌ကျင်းပသည်။ ပခုက္ကူစာပေတစ်သက်တာဆုကို တက္ကသိုလ်တင်ခ၊ ကဗျာပေါင်းချုပ် ပထမဆုကို တောဒဟတ်ပန်း ကဗျာများရေးသားသူ သန်းအောင် (အညာမြေ)၊ ဒုတိယဆုကို ပန်းလက်ဆောင်ကဗျာများ ရေးသားသူ ကျော်စိုး (မြင်းမူ)၊ တတိယဆုကို ဂန္ဓဝင်လမင်း အလင်းသံစဉ် ကဗျာများရေးသားသူ မောင်ဟန်တင့် (ပင်လည်ဘူး)၊ ဝတ္ထုရှည်ပထမဆုကို ဒုတိယဘဝ အစနှင့် အကြင်နာနှလုံးသားအလှများရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ ဒုတိယဆုကို ပန်းခရေကြွေသော် လည်းမွှေးရေးသားသူ သွဲ့ထားညို (သက္ကလ)၊ တတိယ ဆုကို တိမ်လွှာအောက်မှ စိမ်းလန်းသည့်မြေရေးသားသူ နန္ဒာခင် (သက္ကလမြေ) တို့ကရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို ဇမ္ဗူရစ်ရွှေစင် ဝတ္ထုတိုများရေးသားသူ ရဲမြတ်တင်၊ ဒုတိယဆုကို ဘုန်းကြီးအော်လို့ရိုက်လိမ့်မယ်နှင့် အခြားဝတ္ထုတိုများ ရေးသားသူ မောင်ဆန္ဒ (လယ်ဝေး)၊ တတိယဆုကို ညွှတ်နှင့်အခြားဝတ္ထုတိုများရေးသားသူ လွင်ဦး (ကွမ်းခြံကုန်း)၊ ကျမ်းစာပေဒုတိယဆုကို မဗေဒါနှင့် မိတ်ဆွေများရေးသားသူ ဇော်လွင်ဦး (ဟသ်ာတ)၊ သုတေသနစာပေ ပထမဆုကို မြန်မာ့ရုပ်ပေါင်းစု အနုပညာရေးသားသူ လှိုင်ဝင်းဆွေနှင့် ဒုတိယဆုကို ညောင်ရမ်းခေတ်ယဉ်ကျေးမှုရေးသားသူ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) တို့က ရရှိကြသည်။

(၂၀၁၃) ခုနှစ်အတွက် ပခုက္ကူစာပေဆု ချီးမြှင့်ရာတွင် စာမူများကို မြန်မာနိုင်ငံစာရေးဆရာ အသင်းမှ ဖတ်ရှုစိစစ်ရွေးချယ်ပေးခြင်းဖြစ်ပြီး ဆုကြေးငွေများ အနေဖြင့် တစ်သက်တာဆု ငါးသိန်း၊ ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်းနှင့် တတိယဆု တစ်သိန်း တို့ဖြစ်သည်။

**ဆရာဝန်တင်ရွှေစာပေဆု** - ဆရာဝန်တင်ရွှေကလောင်အမည်ခံ ဒေါက်တာတင်ရွှေ၏ မိသားစုသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်နှင့် တင်ရွှေစာပေထုတ်ဝေရေးတိုက်ကို တည်ထောင်သူ ဆရာဝန်တင်ရွှေအားရည်စူးကာ ဆရာဝန်တင်ရွှေ၏ စာပေသံယောဇဉ်နှင့်စာပေဝန်ဆောင်မှုစိတ်ဓာတ် ဆက်လက်ပြန့်ပွားစေရန် ရည်သန်၍ ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ရန် (၂၀၀၁) ခုနှစ်မှစ၍ စီစဉ်ခဲ့သည်။

(၂၀၁၂) ခုနှစ်အတွက် (၁၂) ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။

တစ်သက်တာစာပေဆုရှင်အဖြစ် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) ကရရှိပြီး ဒေါက်တာချစ် (ထပ်ဆင့်အမျိုးသားစာပေဆုရ) ၏ သီးနှံစျေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင်လုပ်ကြစို့စာအုပ်၊ မောင်မောင်ထွန်းအောင် (ကျန်းမာရေး) ၏ ဦးနှောက်နှင့်စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခ/ဌာနမှူး ဒေါက်တာဉာဏ်လင်းကျော်နှင့် တွေ့ဆုံစကားပြောခြင်း (သို့မဟုတ်) သက်ကြီးရွယ်အိုနှင့် စိတ်ကျန်းမာရေး ပြဿနာစာအုပ်၊ ကောင်းဆက်နိုင်၏ အံ့ဩလွန်းလို့ သေတော့မယ် စာအုပ်နှင့် Dr.Khin Maung Nyunt ၏ Myanmar Superlatives စာအုပ်တို့ကို ရွေးချယ်၍ ဆုချီးမြှင့်ခဲ့သည်။

**ထွန်းဖောင်ဒေးရှင်းစာပေဆု** - ထွန်းဖောင်ဒေးရှင်းစာပေဆုကို (၂၀၀၅) ခုနှစ်မှစတင်ချီးမြှင့်ခဲ့သည်။ တစ်နှစ်အတွင်း ထုတ်ဝေပြီး စာအုပ်များကိုလည်းကောင်း၊ ပြိုင်ပွဲဝင်စာမူများကိုလည်းကောင်း ပညာရှင်များ ပါဝင်သောအဖွဲ့က ရွေးချယ်ချီးမြှင့်သည်။

(၂၀၁၃) ခုနှစ်အတွက် အဌမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၃) စာပေဆုချီးမြှင့်ပွဲကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်က ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ ကျင်းပခဲ့သည်။

ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကို (၂၀၁၀) ပြည့်နှစ်မှ စတင်ချီးမြှင့်ခဲ့သည်။ (၂၀၁၃) ခုနှစ်အတွက် တစ်သက်တာစာပေဆုကို စာရေးဆရာမကြီး မကြန် (ခေါ်) စည်သူဒေါ်ကြန်ကရရှိသည်။

စာအုပ်များအနေဖြင့် စီးပွားရေးဘာသာရပ်တွင် သိန်းလွင် (ပြည်ပပို့ကုန်) ၏ လက်တွေ့အသုံးချငွေလွှဲစာတမ်းစနစ်၊ ကျန်းမာရေးဘာသာရပ်တွင် ပါမောက္ခသိန်း၏ ကြံ့ခိုင်ရေးဆိုင်ရာ ကျွန်တော့်နှစ်ဘဝ (အတွဲ ၁၊၂)၊ သမိုင်းဘာသာရပ်တွင် ဒေါက်တာချာလီသန်း၏ သူရိယ၊ အက်ရှလေအေဒင်နှင့် ရတနာပုံနိဂုံး၊ သမိုင်းဘာသာရပ် (အင်္ဂလိပ်တွင်) Myo Myint ၏ King Mindon's Strategy for Defending Independence (1853-1878)၊ အတ္ထုပ္ပတ္တိဘာသာရပ်တွင် ဦးအောင်မွန် (မြတ်ဆုမွန်) ၏ ရာပြည့်မစ္စတာမောင်မှိုင်း၊ ယဉ်ကျေးမှု ဘာသာရပ်တွင် ဖေညွန့်ဝေ၏ ပန်းချီဆိုတာဘာလဲ၊ ရှေးဟောင်းကျမ်းဘာသာရပ်တွင်ထွန်းရီ (ရှေးဟောင်းသုတေသီ) ၏ ဧချင်းဟောင်းပေါင်းချုပ်နှင့် ဧချင်းကဗျာ ဂန္ထဝင်ဋီကာ၊ ရည်ညွှန်းကျမ်းဘာသာရပ်တွင် မောင်ဇေယျာ၏

မြန်မာလူကျော် (၁၀၀) (ပ-တွဲ၊ ဒု-တွဲ)၊ ကလေးဘာသာရပ်တွင် မောင်ယဉ်မျှး၏ မောင်ရေခဲ၊ မရွှေဖဲ ကလေးကဗျာများ၊ လူငယ်ဘာသာရပ်တွင် မောင်မြင့်ကြွယ်၏ လူတိုင်းအတွက် စည်းရုံးရေးအတတ်ပညာ၊ သုတပဒေသာဘာသာရပ်တွင် မြင့်ဝင်းမောင် (AZ) ၏ အနာဂတ်မြန်မာနိုင်ငံ ခေတ်သစ်လွန် လူ့အဖွဲ့အစည်းနှင့် ဒီမိုကရက်တစ်နိုင်ငံရေးသမားကောင်းနှင့် စာပဒေသာဘာသာရပ်တွင် ပန်းချီလှတင်ထွန်း၏ ပန်းချီဦးဘကြည် ဘဝနှင့်သူ့လက်ရာ စာအုပ်များကရရှိသည်။

စာမူများအနေဖြင့် သမိုင်းဘာသာရပ်၌ Ko Myo (Arimatdana) ၏ The Earliest Religious Building discoverd at the Ancient city of Wadee, Myanmar ကလေးဘာသာရပ်တွင် လူမွန် (ပခုက္ကူ) ၏ မထွေးလေးနှင့်ပန်းစံပယ် ကလေးကဗျာများ၊ ရည်ညွှန်းဘာသာရပ်တွင် မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) ၏ မြန်မာမှုဗိသုကာ ဝေါဟာရမှတ်စုအဘိဓာန်၊ ယဉ်ကျေးမှုဘာသာရပ်တွင် မောင်ကြေ့ဦး၏ ခွန် (မ) ပီတို့ချစ်တဲ့ နာဂမြေစာမူများက ဆုရရှိသည်။

ချီးမြှင့်ငွေပမာဏမှာ တစ်သက်တာစာပေဆုအတွက် ငွေကျပ် (၁၅) သိန်းနှင့် ရွှေတံဆိပ်ဆု၊ စာအုပ်ဆုအတွက် ငွေကျပ် (၁၀) သိန်းနှင့် ရွှေတံဆိပ်ဆု၊ စာမူဆုအတွက် ငွေကျပ် ငါးသိန်း ချီးမြှင့်သည်။

**သုတစွယ်စုံစာပေဆု** - သုတစွယ်စုံစာပေဆုကို ပုဂ္ဂလိကစာပေလုပ်ငန်းရှင် ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုး ဇနီးမောင်နှံက ချီးမြှင့်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင်အချို့နှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် စာပေပညာရှင်အချို့ပါဝင်သည့် သုတစွယ်စုံစာပေဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့သည် တစ်နှစ်အတွင်း ထုတ်ဝေသော သုတ၊ ရသပေးသည့် စာအုပ်များကို စိစစ်၍ ရွေးချယ်သည်။ ယှဉ်ပြိုင်ရသော စနစ်မဟုတ်ဘဲ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန (ယခု မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန) ခွင့်ပြုချက်ဖြင့် ထုတ်ဝေသော စာအုပ်များကို အခြေခံ၍ ရွေးချယ်ခဲ့သည်။

သုတစွယ်စုံစာပေဆုအတွက် ဘာသာရပ်များမှာ စာပဒေသာ၊ ရည်ညွှန်း စာပေ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ ဘာသာပြန်၊ လူမှုစီးပွား၊ တစ်သက်တာစာပေဆု၊ လူငယ်စာပေ၊ နိုင်ငံတကာရေးရာ၊ အသုံးချသိပ္ပံဘာသာရပ်တို့ဖြစ်သည်။

နဝမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို (၂၀၁၄) ခုနှစ်၊ မေလ (၁၀) ရက်က ကမ်းနားလမ်းရှိ ကမ်းနားဟိုတယ်၌ ကျင်းပသည်။ သုတစွယ်စုံ တစ်သက်တာစာပေဆုကို ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)၊ အတ္ထုပ္ပတ္တိစာပေဆုကို မြန်မာ့လွတ်လပ်ရေးခရီးနှင့် ဦးနုစာအုပ်ရေးသားသူ တက္ကသိုလ်စိန်တင်၊ လူငယ်စာပေဆုကို အောင်မြင်မှုဆီသို့စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညို၊ စာပဒေသာဆုကို ပုဂ္ဂိုလ်ထူးတို့၏ ဘဝတစ်ကွေ့ စာအုပ်ရေးသားသူ တင်နိုင်တိုး၊ နိုင်ငံရေးစာပေဆုကို ဒီမိုကရေစီ ပါရာဒိုင်းစာအုပ်ရေးသားသူ တင်ညွှန့်နှင့် ဘာသာပြန်ဆုရ အထူးကုဆရာဝန်ကြီး တွေရဲ့အတွေ့အကြုံများစာအုပ်ရေးသားသူ ဒေါက်တာ ဝင်း (ဆေး-မန်း)နှင့် အသုံးချသိပ္ပံဆုကို လေဆာရောင်ခြည်ဖြင့် မျက်မှန်ပါဝါလျှော့ချခြင်းနှင့် အခြားမျက်မှန်ဆိုင်ရာဆောင်းပါးများစာအုပ်ရေးသားသူ ဒေါက်တာမင်းသိန်း တို့က ရရှိကြသည်။ ဆုချီးမြှင့်ငွေမှာ စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ရှစ်သိန်းနှင့် တစ်သက်တာစာပေဆုရှင်အတွက် ငွေကျပ် (၁၅) သိန်းဖြစ်သည်။

**ရွှေအမြုတေစာပေဆု** - ရွှေအမြုတေစာပေဆုကို ရွှေအမြုတေမဂ္ဂဇင်း၊ အလင်းတန်းဂျာနယ်၊ ပဲ့တင်သံဂျာနယ်နှင့် ဆယ်ကျော်သက်မဂ္ဂဇင်းများကို ထုတ်ဝေသည့် ဦးဝင်းငြိမ်းက စီစဉ်ပေးအပ်သည်။

နဝမအကြိမ်ရွှေအမြုတေစာပေဆု ချီးမြှင့်ပွဲကို (၂၀၁၄) ခုနှစ်၊ မေလ (၂၈) ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်မင်္ဂလာခန်းမ၌ ကျင်းပသည်။ ခေတ်ပြိုင်ခံစားမှုရှိခြင်း၊ အနုပညာမြောက်ခြင်း၊ အတတ်ပညာရှိခြင်း၊ စာဖတ်သူကို သတင်းပေးနိုင်ခြင်း၊ ကိုယ်ပိုင်ဖန်တီးမှုဖြစ်ခြင်း အစရှိသည့် အချက်အလက်များပေါ်တွင် ဆုရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဝင်းငြိမ်း၊ မျိုးမြင့်ညိမ်း၊ မစန္ဒာ၊ မနှင်းဖွေး၊

လေးကိုတင်၊ တင့်ခိုင်တို့က ပြက္ခဒိန်နှစ်တစ်နှစ်၏ ဇွန်လထုတ်မှ နောက်ပြက္ခဒိန်နှစ်တစ်နှစ် မေလထုတ် အထိ ထုတ်ဝေခဲ့သော မဂ္ဂဇင်းများတွင်ပါရှိသော ကဗျာ၊ ဆောင်းပါး၊ ရသစာတမ်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ အခန်း ဆက်ဝတ္ထုရှည်တို့ကို ရွေးချယ်စိစစ်၍ ချီးမြှင့်ခြင်းဖြစ် သည်။ ယခုနှစ်အတွက် အခန်းဆက်ဝတ္ထုရှည်ဆုကို ချီးမြှင့်နိုင်ခြင်းမရှိပေ။

ပရိသတ်အကြိုက် ရွှေနှလုံးသားဆုကို မြစ် တစ်စင်း၏ ချစ်ခြင်းအလင်္ကာဝတ္ထုရေးသားသူ နော် (ကျောက်တိုင်)၊ ပရိသတ်အကြိုက် ရွှေအသစ်ဆုကို လမ်းခွဲမှ အလှူဝတ္ထုရေးသားသူ မေ (လားရှိုး)၊ ကဗျာဆုအတွက် (၂၀၁၄) ခုနှစ် ပိတောက်ပွင့်သစ် မဂ္ဂဇင်း၊ အမှတ် (၄၈) တွင်ဖော်ပြခဲ့သော ကိုရွှေး၏ "မထည့်ဖြစ်တဲ့စာ"၊ ရသစာတမ်းဆုအတွက် (၂၀၁၃) ခုနှစ်၊ ဇူလိုင်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော နိုင်မြင့်၏ "ရွက်ဖျင်တဲ အခိုးခံလိုက်ရပြီ"၊ ဆောင်းပါးဆုကို (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ရန်နို့သစ်မဂ္ဂဇင်းတွင် ဖော်ပြသော ဒေါက်တာညီညီ၏ "ဒါသင် ဒါကျက် ဒါဖြေ စနစ်ဖျက်ဖို့လိုပြီ"၊ ဝတ္ထုတိုဆုကို (၂၀၁၄) ခုနှစ်၊ မတ်လထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ပန်းရိပ်ဖြူ၏ "ရေခဲပန်းပု"၊ မျိုးဆက်သစ် စာပေဆုကို (၂၀၁၃) ခုနှစ်၊ အောက်တိုဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းတွင်ဖော်ပြခဲ့သော အသင် (ရွှေသင်) ၏ "လှေကားထစ်" ဝတ္ထုနှင့် ဝတ္ထုရှည်ဆုကို (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလထုတ် ရွှေအမြုတေတွင် ဖော်ပြခဲ့သော မာန် (တောင်လုံးပြန်) ၏ "ဓာတ်ပုံ" တို့က ရရှိခဲ့ကြသည်။

**စာအုပ်ထုတ်ဝေသူဆုနှင့် စာအုပ်အရောင်းဆိုင်ဆု** - မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းက ရွေးချယ်ချီးမြှင့်သည့် ဆုဖြစ်သည်။ မြန်မာ နိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကို (၂၀၁၂) ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်တွင် စတင်ဖွဲ့စည်း ခဲ့သည်။ စတင်ဖွဲ့စည်းသည့်နှစ်တွင်ပင် အရည်အသွေး ကောင်းမွန်သည့် စာအုပ်များထွက်ပေါ်လာစေရေး ရည်ရွယ်၍ အကောင်းဆုံးစာအုပ်ထုတ်ဝေသူဆုကို ချီးမြှင့်ခဲ့သည်။

(၂၀၁၃) ခုနှစ်အတွက် အကောင်းဆုံး စာအုပ် ထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ် အရောင်းဆိုင် ဆုချီးမြှင့်ပွဲကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်တွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ကျင်းပခဲ့သည်။ အကောင်းဆုံးထုတ်ဝေသူ ဆုကို ဆရာကျော်ဦးရေးသားသည့် ရေကြည်တစ်ပေါက် စာအုပ်အား ထုတ်ဝေသည့် ပါရမီစာပေနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုကို အင်းဝ စာအုပ်ဆိုင်တို့က ရရှိကြသည်။

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ။ ။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် (၂၀၁၄) ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သော ထင်ရှားသည့် အကြောင်းအရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြ ထားသည်။

**မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန** - (၂၀၁၄) ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်၍ အာဆီယံထိပ်သီးအစည်း အဝေးများ ကျင်းပနိုင်ရန်အတွက် နေပြည်တော်၌ အသစ်တည်ဆောက်ပြီးစီးသည့် မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို ဇန်နဝါရီလ (၄) ရက်တွင် ဖွင့်လှစ်သည်။

အဆိုပါဌာနတွင် အဆောင်ပေါင်း (၂၀) ပါဝင်ပြီး အခန်းပေါင်း (၁၈၄၈) ခန်း ပါရှိရာ ဧည့်သည် ပေါင်း (၃၀၀၀) ခန့်အသုံးပြုနိုင်မည်ဖြစ်သည်။

**အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)** - စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း အောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက် ဆည်) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၁၁) ရက် တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်မှုနယ်မြေရှိ အဆိုပါစက်ရုံ အဝင် မုခ်ဦး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက် ရောက်အားပေးသည်။

ယင်းစက်ရုံသည် ကျောက်ဆည်မြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာ စက်မှုနယ်မြေရှိ ယင်းစွဲတောင်အနီး တွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ မှန်အမျိုးမျိုးကို ထုတ်လုပ်ပေးသည့် စက်ရုံကြီးဖြစ်သည်။

စက်ရုံအနေဖြင့် မှန်ထုတ်လုပ်ရာတွင် နောက်ဆုံး ပေါ်နည်းစနစ်ဖြစ်သည့် Float Glass Process ဖြင့် ထုတ်လုပ်ကာ ယင်းထုတ်လုပ်နည်းသည် သံဖြူရည် ပေါ်တွင် မှန်ရည်များကို ဖြတ်သန်းစီးဆင်းစေပြီး ထုတ်လုပ်ခြင်းဖြစ်သဖြင့် မှန်မျက်နှာပြင်တွင် လှိုင်းတွန့် များမဖြစ်ပေါ်စေဘဲ ညီညာပြန့်ပြူးခြင်း၊ အထူအပါး တိကျခြင်း၊ လေခိုပေါက်လုံးဝမရှိခြင်း စသည့်အရည် အသွေးကောင်းမွန်သောမှန်များကို ထုတ်လုပ်နိုင် သည်။ စက်ရုံမှ ကားလေကာမှန်၊ အဆောက်အအုံမှန်၊ လုံခြုံရေးမှန်၊ ကျည်ကာမှန်များအဖြစ် အသုံးပြုနိုင်သည့် လွှာထပ်မှန်၊ အားဖြည့်မှန်၊ ကြည့်မှန်များကို တန်ဖိုးမြင့် ဆက်လက်ထုတ်လုပ်မည်ဖြစ်သည်။ တစ်နေ့တန် (၁၅၀) ကျ ၎င်းစက်ရုံကို တရုတ်နိုင်ငံ CAMCE ကုမ္ပဏီ လီမိတက်က (၂၀၀၉) ခုနှစ်တွင် စတင်တည်ဆောက် ခဲ့ပြီး (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်တွင် အဆင့်မြင့်ကုန်ချောမှန်များ စတင်ထုတ်လုပ်နိုင်ခဲ့သည်။ စက်ရုံအတွက် အဓိကလိုအပ်သည့် သဲကုန်ကြမ်းကို စက်ရုံအနီးရှိ ယင်းစွဲတောင်မှ ထုတ်ယူရရှိသည်။

**သီလဝါအထူးစီးပွားရေးဇုန်** - သီလဝါအထူး စီးပွားရေး ဇုန်ကို မြန်မာ-ဂျပန် ပုဂ္ဂလိကနှင့် အစိုးရ အဖွဲ့အစည်း တို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar- Japan Thailawa Development Limited မှ ရင်းနှီးတည်ဆောက် ခြင်းဖြစ်သည်။ Myanmar- Japan Thailawa Development Limited တွင် မြန်မာဘက်မှ (၅၁) ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ (၄၉) ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ဂျပန်ဘက်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ (၁၀) ရာခိုင်နှုန်းနှင့် ဆူမီတိုမိုကုမ္ပဏီ၊ မီဆူဘီရှီကုမ္ပဏီနှင့် မာရူဘီနီ ကုမ္ပဏီသုံးခု ပူးပေါင်းဦးဆောင် သော MMS Thailawa Development Co., Ltd. မှ (၃၉) ရာခိုင်နှုန်းပိုင်ဆိုင် မည်ဖြစ်သည်။

မြန်မာဘက်တွင် သီလဝါအထူးစီးပွားဇုန်စီမံ ခန့်ခွဲရေးကော်မတီ (မြန်မာအစိုးရ)က (၁၀) ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်ပြီး မြန်မာပုဂ္ဂလိကကဏ္ဍကို ကိုယ်စား ပြု၍တည်ထောင်ထားသော အများပိုင်ကုမ္ပဏီဖြစ်သည့် Myanmar Thailawa SEZ Holdings Public Limited မှ (၄၁) ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော် ဝါရီလ (၂၂) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့်ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူး စီးပွားရေးဇုန် အပိုင်း(က) ဖွံ့ဖြိုးရေးအတွက် လုပ်ငန်း များဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေး သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အထူးစီးပွား ရေးဇုန်အပိုင်း (က)တွင် မြေညှိခြင်းလုပ်ငန်းဆောင်ရွက် နေမှုကိုကြည့်ရှုရာ Myanmar Thailawa SEZ Holding Public Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Thailawa SEZ Management Committee ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့က ၎င်းစီးပွား ရေးဇုန်အတွင်းရှိ မြေဧရိယာဟက်တာ (၄၀၀) တွင် မြေယာပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ- ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (Myanmar-Japan Thailawa Development Ltd.) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Yanai နှင့် တာဝန်ရှိသူ များက အဆိုပါစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်နေမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက် များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့က လျှပ်စစ်ဓာတ် အားနှင့်ရေ ပံ့ပိုးပေးနိုင်မည့်အခြေအနေများနှင့် လမ်းများဖောက်လုပ်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အထူးစက်မှု ဇုန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်

ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက တည်ဆောက်ရေးလုပ်ငန်းများအချိန်မီပြီးစီးရေး၊ စီမံကိန်းဧရိယာအတွင်း ရေ၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးနှင့် လမ်းများစနစ်တကျဖောက်လုပ်ပေးရေး၊ အထူးစီးပွားဇုန်အတွင်း စက်ရုံများ၊ အလုပ်ရုံများ ဖွင့်လှစ်လုပ်ကိုင်သည့်အခါတွင် ကျွမ်းကျင်လုပ်သားများအဆင်သင့်ရရှိရေးအတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

ယင်းစီးပွားရေးဇုန်တွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေယာပြုပြင်ခြင်းလုပ်ငန်း၏ (၈၀) ရာခိုင်နှုန်း၊ စီမံကိန်းတစ်ခုလုံး၏ (၁၂) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှီဟီကိုနိုဒနှင့်အဖွဲ့ကို ဧပြီလ (၂၉) ရက်နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံကာ ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သီလဝါစက်မှုဇုန်စီမံကိန်းနှင့် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေနံဆိပ်ကမ်း၊ ဆိပ်ခံတံတားသစ်နှင့် သိုလှောင်ရုံများ -** ရန်ကုန်သီလဝါဆိပ်ကမ်းတွင် ဆိပ်ကမ်းဆိပ်ခံတံတားသစ်တစ်ခုနှင့် ရေနံသိုလှောင်စခန်းတစ်ခု တည်ဆောက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စင်ကာပူအခြေစိုက် Puma Energy Irrawaddy Pte Ltd. နှင့် မြန်မာနိုင်ငံမှ Asia Sun Energy ကုမ္ပဏီတို့အား တည်ဆောက်ခွင့်ပြုခဲ့ရာ လာမည့် (၂၀၁၅) ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းနေရာသည် သီလဝါအထူးစီးပွားရေးဇုန်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်မည်ဖြစ်ပြီး မြေအကျယ် မီတာ (၂၀၀) နှင့် အရှည်မီတာ (၇၅၀) တို့အပေါ်တွင် တည်ဆောက်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ အဆိုပါဆိပ်ကမ်းသို့ အလယ်အလတ်ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် တည်ဆောက်မည်ဖြစ်ပြီး ရေနံ (၈၈၀၀၀) ကုဗမီတာဆံ့သော သိုလှောင်ကန်၊ ကတ္တရာစေးများထားရှိမည့် သိုလှောင်ရုံ၊ ရေနံထွက်ကုန်များထားရှိရန်နေရာများ တည်ဆောက်မည်ဖြစ်သည်။

ထိုသို့ ဆိပ်ကမ်းဆိပ်ခံတံတားနှင့် ရေနံသိုလှောင်ကန်များတည်ဆောက်ရန်အတွက် Puma Energy နှင့် Asia Sun Energy တို့က အမေရိကန်ဒေါ်လာ (၉၉) ဒသမ (၉၄) သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ ယင်း တည်ဆောက်ရေးစီမံကိန်းကို တည်ဆောက်ရန် ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း (၁၈) ခုတို့က တင်ဒါတင်သွင်းခဲ့ကြရာမှ အဆိုပါပူးတွဲဆောင်ရွက်မှုကို Puma Energy နှင့် Asia Sun Energy တို့က ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ ဆိပ်ကမ်းဆိပ်ခံတံတားနှင့် ရေနံသိုလှောင်ကန်များပြီးစီးပါက ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ရွှေဂုံတိုင် ခုံးကျော်တံတား** - ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ Capital Development Ltd. က တာဝန်ယူတည်ဆောက်ခဲ့သော ရွှေဂုံတိုင်ခုံးကျော်တံတား ဖွင့်ပွဲအခမ်းအနားကို မတ်လ (၅) ရက်တွင် အဆိုပါခုံးကျော်တံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရွှေဂုံတိုင် ခုံးကျော်တံတားကို (၂၀၁၂) ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်တွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး (၂၀၁၃) ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်သည် လေးလမ်း

သွားဖြစ်ပြီး ပင်မတံတားအရှည်သည် (၄၈၀) မီတာရှိ၍ ချဉ်းကပ်လမ်းနှစ်ဖက်အရှည်မှာ (၁၄၆) ဒသမ (၇၅) မီတာဖြစ်သည်။ တံတား၏ကင်းလွတ်အမြင့်သည် (၅) ဒသမ (၅) မီတာ ဖြစ်၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတား၏ အမြင့်ဆုံး ယာဉ်ခံနိုင်ဝန်သည် တန် (၆၀) ဖြစ်သည်။

**အင်းစိန်ခုံးကျော်တံတား** - အင်းစိန်ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနက (၂၀၁၄) ခုနှစ်၊ ဇူလိုင်လကုန်ပိုင်းမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားဆောက်လုပ်ရာတွင် အပေါ်ထည်အနေဖြင့် သံကူကွန်ကရစ် Cap & Shaft တိုင်များပေါ်တွင်ထားရှိရန် ၈၄ ပေ× ၁၀ လက်မ အရှည်ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မပေါင် (၁၀၄) ပေါင်ပြုလုပ်အသုံးပြုသွားမည်ဖြစ်သည်။

တံတားဆောက်လုပ်မည့်ပုံစံမှာ ပင်မတံတားကို နှစ်လမ်းသွား အကျယ် (၂၈) ပေ၊ အလျား (၁၅၅၇) ပေ တည်ဆောက်မည်ဖြစ်ပြီး အင်းစိန်ဈေးဘက်မှ စော်ဘွားကြီးကုန်းဘက်လမ်းသစ်ပေါ်သို့ လမ်းလေးခွဆုံကို ဖြတ်ကျော်တည်ဆောက်သွားမည်ဖြစ်သည်။ လက်တက်တံတားကို တစ်လမ်းသွား အကျယ် (၁၆) ပေ၊ အလျား (၆၀၃) ပေ တည်ဆောက်မည်ဖြစ်ပြီး အင်းစိန်ဈေးဘက်မှ အင်းစိန်ဘောလုံးကွင်းဘက် ဗဟိုလမ်းမကြီးပေါ်သို့ (၅၀) ကားဂိတ် ကားလမ်းသွယ်ကို ဖြတ်ဆင်းမည့်ပုံစံ တည်ဆောက်သွားမည်ဖြစ်သည်။ လက်တက်တံတားအပါအဝင် တံတားတစ်ခုလုံး၏ စုစုပေါင်းအရှည်မှာ ပေ (၂၁၆၀) ဖြစ်သည်။

**မြေနီကုန်းခုံးကျော်တံတား** - စမ်းချောင်းမြို့နယ်အတွင်း မြေနီကုန်းခုံးကျော်တံတားတစ်စင်းကို ပြည်လမ်းပေါ်၌ အလျားလိုက်တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတားတည်ဆောက်ရန်အတွက် မြေတိုင်းတာမှုလုပ်ငန်းများကို (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်မှ စတင်ခဲ့ပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာလ (၆) ရက် နံနက်ပိုင်းက ကျင်းပသည်။ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအမှူးပြုသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တံတားတည်ဆောက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ပန္နက်တင်ပေးခဲ့ကြသည်။

တံတားတည်ဆောက်ခြင်းကို ဇုန်အလိုက် အပိုင်းသုံးပိုင်း ပိုင်းခြားတည်ဆောက်ခြင်းဖြစ်သည်။ ဇုန် (၁) မှာ ပြည်လမ်း ဒဂုံစင်တာရှေ့မှ ဗားကရာမီးပွိုင့်ဆုံအထိဖြစ်သည်။ ဇုန် (၂) မှာ ဗားကရာလမ်းဆုံမှ ရှင်စောပုလမ်းဆုံအထိဖြစ်သည်။ ဇုန် (၃) မှာ ရှင်စောပုလမ်းဆုံမှ ပြည်သူ့ဥယျာဉ်ရှေ့အထိဖြစ်သည်။

အဆိုပါတံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် Capital Development က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

**ဘုရင့်နောင်တံတား အမှတ် (၂)** - ဘုရင့်နောင်တံတား အမှတ် (၂) ဖွင့်ပွဲအခမ်း အနားကို နိုဝင်ဘာလ (၉) ရက်တွင် အဆိုပါတံတား၌ ကျင်းပသည်။ ၎င်းတံတားသည် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်နှင့် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ခြင်း ဖြစ်သည်။ တံတားအရှည်မှာ (၁၆၂၈) ဒသမ (၀၃) ပေရှိသည်။ ချဉ်းကပ်တံတားအရှည်မှာ မရမ်းကုန်းဘက်ကမ်း၌ (၈၁၉) ဒသမ (၃၆၄) ပေနှင့် လှိုင်သာယာဘက်ကမ်း ချဉ်းကပ်တံတားမှာ (၁၆၅၇) ဒသမ (၁၃၄) ပေ စုစုပေါင်းတံတားအရှည် (၄၁၀၄) ဒသမ (၅၃) ပေရှိသည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ (၇၅) တန်ဖြစ်သည်။ ယင်းတံတားပေါ်တွင် လေးလမ်းသွားကားလမ်း အကျယ် (၄၈) ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် အကျယ်ခြောက်ပေ၊ ရေလမ်းကင်းလွတ်အကျယ်ပေ (၃၇၀) နှင့် ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေတက်အမှတ် (၃၆) ပေ ရှိသည်။

**ပန်းဆိုးတန်းလူကူးခုံးကျော်တံတား** - ကမ်းနားလမ်းသစ်နှင့်လမ်းဟောင်းတွင် ကျယ်ဝန်းသောလမ်းမကြီးနှစ်သွယ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် ပန်းဆိုးတန်း

လူကူးခုံးကျော်တံတားကို ဒီဇင်ဘာလ (၁၂) ရက်တွင် စတင်ဖွင့်လှစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်အတက်ဘက်တံတားသစ်ရှေ့၌ကျင်းပပြီး မင်္ဂလာအချိန်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးလှမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ခရီးသွားပြည်သူများနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းခဲ့ကြပြီး ဝန်ကြီးချုပ်နှင့်မြို့တော်ဝန်တို့က ခရီးသွားပြည်သူတို့အား တံတားဖွင့်ခြင်းအထိမ်းအမှတ် အမှတ်တရပစ္စည်းများပေးအပ်ကြသည်။

၎င်းတံတားသည် မြန်မာနိုင်ငံ၌ အလိုအလျောက်စက်လှေကားပါ ပထမဦးဆုံးသော လူကူးခုံးကျော်တံတားတစ်စင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တည်ဆောက်မှုတွင် ထိုင်းနိုင်ငံမှထုတ်လုပ်သော ဒီဇိုင်းဖြင့် သံကူကွန်ကရစ်ကြမ်းခင်းကို ရိုးရိုးသံအပြင် Prestressing နည်းပညာဖြင့် ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းတံတား၏ နန်းသီတာဆိပ်ကမ်းဘက်အခြမ်းတွင် အတက်အတွက် စက်လှေကားတစ်စင်းနှင့်အဆင်းအတွက် ကွန်ကရစ်လှေကားတစ်စင်းစီပါရှိသည်။ ထို့အပြင် ဆိပ်ကမ်းအာဏာပိုင်ရုံးအဆောက်အအုံဘက်တွင်လည်း အတက်အတွက် စက်လှေကားတစ်စင်းနှင့် အဆင်းအတွက် ရိုးရိုးကွန်ကရစ်လှေကားတစ်စင်းစီ ယှဉ်လျက်တည်ဆောက်ထားသည်။ တံတားအလယ်၌ ဗိုလ်တထောင်ဘက်သို့ လိုင်းကားစီးရန်သွားလိုသူများအတွက် ရိုးရိုးလှေကားတစ်စင်းကိုပါ ထည့်သွင်း တည်ဆောက်ထားသည်။ ခရီးသွားပြည်သူများ မိုးရွာနေစဉ်လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရန်အတွက် အဆင်းအတက်လှေကားမှသည် တံတားတစ်လျှောက် ပေါင်းမိုးများအုပ်မိုးပေးထားသည်။ တံတားအရှည်မှာ ပေ (၂၂၀) ရှိပြီး တံတားအကျယ်မှာ (၁၁) ပေရှိ၍ ကားလမ်းနှင့်အထက် ကင်းလွတ်ပေ (၁၉) ပေ ခွဲခန့်ရှိသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ** - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ်လ (၂) ရက်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ကျင်းပသည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၉၀) ပြည့် အထိမ်းအမှတ် ဘွဲ့နှင်းသဘင်ခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်လှိုင်၊ ဦးလှထွန်း၊ ဦးအုန်းမြင့်နှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွဋ်တို့က ဘွဲ့နှင်းသဘင်ခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဘွဲ့နှင်းသဘင်ခန်းမ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက္ကသိုလ်မှ တိုင်းရင်းသား ကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား တက္ကသိုလ်ပါမောက္ခချုပ်က ဖွင့်ပွဲအထိမ်းအမှတ် ဓာတ်ပုံပန်းချီကားနှင့်လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်မှဌာနအလိုက်ပြသထားသည့် ပြကွက်များနှင့် ဘွဲ့နှင်းသဘင်ခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို (၁၉၂၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်တွင် မန္တလေးမြို့၌ သုံးနှစ်ဒီပလိုမာဘွဲ့ပေးအပ်သော ဗမာ့စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ နှစ်ပေါင်း (၉၀) ပြည့်မြောက်ပြီဖြစ်သည်။ (၁၉၃၈) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ အပေါင်းပါကောလိပ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး (၁၉၄၇) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိုက်ပျိုးရေးမဟာဌာနအဖြစ် ပြန်လည်

ဖွင့်လှစ်၍ (၁၉၅၈) ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် လက်အောက်ခံ စိုက်ပျိုးရေးမဟာဌာနဖြစ်လာခဲ့သည်။ (၁၉၆၄) ခုနှစ်တွင် သီးခြားတက္ကသိုလ်ဖြစ်လာခဲ့ပြီး (၁၉၇၃) ခုနှစ်တွင် လက်ရှိနေရာဖြစ်သည့် ရေဆင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ (၁၉၉၁) ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်သို့ရောက်ရှိပြီး (၁၉၉၈) ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။

ယခုဖွင့်လှစ်သည့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ အလျား၊ အနံပေ (၁၈၀) စီနှင့် အမြင့် (၄၅) ပေရှိပြီး (၂၀၁၂) ခုနှစ်၊ မေလ (၃၁) ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ခန်းမကြီး၏ မြေညီထပ်တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းမ၊ ကျောင်းသားရေးရာဌာန၊ ငွေစာရင်းဌာနနှင့် ကွန်ပျူတာခန်းတို့ပါဝင်ပြီး ပထမထပ်တွင် ပါမောက္ခချုပ်ရုံးခန်းနှင့် အခြားရုံးခန်းများ ပါဝင်ဖွဲ့စည်းထားသည်။

**အမျိုးသားစာကြည့်တိုက်(နေပြည်တော်)** -အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဒုတိယအဆင့်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ (၂၂) ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ပရိဂုဏ်မျက်နှာစာ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းတက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အမျိုးသားစာကြည့်တိုက် Reception ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဎင်းစာကြည့်တိုက်ကို မြေဧက (၂၁ ဒသမ ၀၈) ဧကပေါ်၌ တည်ဆောက်ထားသည်။ ပန္နက်တင်အခမ်းအနားကို (၂၀၁၀) ပြည့်နှစ်၊ ဇွန်လ (၃) ရက်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ပထမအဆင့် အဆောင် (A) ကို (၂၀၁၃) ခုနှစ်၊ မေလ (၃) ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အဆောက်အအုံတစ်ခုလုံး၏ ဧရိယာအကျယ်အဝန်းမှာ ကြမ်းခင်းဧရိယာ စုစုပေါင်း (၁,၇၇,၈၃၅) စတုရန်းပေဖြစ်သည်။ ဆက်လက်ပြီး တည်ဆောက်ဆဲ အဆောင်စီကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်များ၏ နောက်ခံသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် (၁၉) ရာစုက စတင်ဖွင့်လှစ်ခဲ့သည့်ဘားနတ်အခလွတ်စာကြည့်တိုက် (Bernard Free Library) ဟု ခေါ်သည့် စာကို အခြေပြု၍ တည်ဆောက်ခဲ့သော စာကြည့်တိုက်မှ စခဲ့သည်။ ယင်းကို ယခုအမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်၌ (၁၈၈၃) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် (၁၉၅၂) ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနကို တည်ထောင်ခဲ့ပြီး ဘားနတ်အခလွတ်စာကြည့်တိုက်ကို အစိုးရက လွှဲပြောင်းရယူကာ (၁၉၅၂) ခုနှစ်၊ ဇွန်လ (၁) ရက်တွင် နိုင်ငံတော်စာကြည့်တိုက်အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟော၌ နိုင်ငံတော်စာကြည့်တိုက်၊ ပြတိုက်၊ အနုပညာခန်းမနှင့် သဘင်ရုံဟူ၍ ပူးပေါင်းဖွင့်လှစ်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သည့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အနေဖြင့် စာကြည့်တိုက်ဒီပလိုမာသင်တန်းများဖွင့်လှစ်ခြင်း၊ အမျိုးသားစာစုစာရင်းများ ပြုစုထုတ်ဝေခြင်း၊ ပြည်တွင်း၌ထုတ်ဝေသောစာအုပ်များတွင် Cataloguing in Publication (CIP) ထည့်သွင်းခြင်း၊ စာကြည့်တိုက်များရှိစာစုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ စုဆောင်းထားသည့်စာစုများကို Book Scanner ဖြင့် Digitalization ပြုလုပ်ပြီး e-books များကို Online ဖြင့် ဖတ်ရှုနိုင်ရန်နှင့်ရှာဖွေနိုင်ရန် ဆောင်ရွက်ခြင်း၊ စာပေါင်းစုကတ်တလောက်ပြုစုနိုင်ရေးဆောင်ရွက်ခြင်း၊ microfilms များကို microfilms Readers များဖြင့် စာဖတ်သူများအား ဝန်ဆောင်မှုပေးခြင်း၊ အထိမ်းအမှတ်ရက်များ၊ နေ့ထူးနေ့မြတ်များတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ ဟောပြောပွဲများနှင့် စကားရည်လုပွဲများ




**ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို ဖွင့်လှစ်ပေးစဉ်**

ပြုလုပ်ခြင်း၊ စာကြည့်တိုက်အသုံးပြုမှုရင်းနှီးကျွမ်းဝင်စေရေး၊ စာဖတ်ရှိန်မြင့်မားရေးတို့အတွက် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ပညာပေးဟောပြောခြင်း၊ စာအုပ်ပြပွဲများ စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစာကြည့်တိုက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်တွင်းတွင်အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

**သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း** - ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၃၀) ရက်တွင် အဆိုပါ စက်ရုံရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် (၁၄) မိုင်ခန့်အကွာရှိ သောက်ရေခပ်ချောင်းပေါ်တွင် တည်ရှိသည်။ စီမံကိန်း၏ ထူးခြားချက်တစ်ခုမှာ မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်သည့် နည်းပညာဖြစ်သော Concerte Faced Rock Fill Dam (CFRD) အမျိုးအစားဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အတိုင်ပင်ခံအဖြစ် ငွားရမ်းပုံထုတ်ပေးခဲ့ကာ စီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းကို ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) မှ ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများပူးပေါင်းကာ (၁၉၆၄) ခုနှစ်က စူးစမ်းလေ့လာတိုင်းတာရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းစီမံကိန်းကို ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်နှင့် B.O.T စနစ်ဖြင့် (၂၀၀၈) ခုနှစ်၊ မေလ (၂) ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို လွှဲပြောင်းလုပ်ကိုင်ခဲ့သည်။ ယခုအခါ သောက်ရေခပ် (၂) ဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အားပေးစက်သုံးလုံး တပ်ဆင်ထားပြီး စုစုပေါင်းဓာတ်အား (၁၂၀) မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ (၆၀၄) ဒသမ (၇) သန်းခန့်ကို နိုင်ငံတော်မဟာဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံအဝန်းသို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ပြီဖြစ်သည်။

## နိုင်ငံခြားဆက်ဆံရေး

### နိုင်ငံတော်သမ္မတ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး

H.E.Mr.Rasmus Helveg Peterven နှင့်အဖွဲ့ကို ဇန်နဝါရီလ (၉) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီး H.E.Mr.Yoshitaka SHINDO နှင့်အဖွဲ့ကို ဇန်နဝါရီလ (၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးပါလီမန်အဖွဲ့ဥက္ကဋ္ဌ H.E. Mr.Ichior Aisawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၉) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် အသစ်ဖြစ်သူ မစ္စရီနာတာ လော့ဒက်ဆဲလီယန်နှင့်အဖွဲ့ကို ဇန်နဝါရီလ (၁၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံအတွင်း ရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့် အဖွဲ့ကို ဇန်နဝါရီလ (၁၄) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီ ဥက္ကဋ္ဌ H.E.Mr. AHN,Hong-Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၁၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၂၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး Dr.Noeleen Heyzer ကို ဇန်နဝါရီလ (၂၇) ရက် ညနေပိုင်းတွင်လည်းကောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ Mr. David Matthison (Asia Division, Myanmar), Mr.Brad Adams (Asia Division, Landon) နှင့် Mr.Phil Robertson (Asia Division, Bangkok) တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၅) ရက်တွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် Mr.Steven Chong,SC ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၁၁) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် H.E.General Iqbal Kaim Byuiyan, PSC ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၁၈) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ ဗြိတိန်နိုင်ငံရုံးခွဲမှ ဂုဏ်ထူးဆောင် သံအမတ်မစ္စဂေလ်ဒါနာဗီဒီ-ဝေါလ်ကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၂၈) ရက် ညနေပိုင်းတွင်လည်းကောင်း၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Borge BRENDE ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂) ရက် နံနက်ပိုင်း တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် မစ္စရှိတ်ဟာဆီနာဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၃) ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၃) ရက် ညနေပိုင်းတွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာမဟိန္ဒာရာဂျပက်ဆာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၄) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Sushil Koirala ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၄) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၅) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များကို မတ်လ (၅) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် Dr. Fu C. Maragaret Chan Fung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၁၉) ရက်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ အခြေစိုက် ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံး စီးပွားရေးနှင့် ကုန်သွယ်ရေးဌာန၊ ဥရောပသမဂ္ဂမှကော်မရှင်နာဖြစ်သူ H.E. Mr.Karel De Gucht ဦးဆောင်သောအဖွဲ့ကို မတ်လ (၂၀) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ယူနီလီဗာအမှုဆောင်အရာရှိချုပ် Mr.Paul Polman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၀) ရက် နံနက်ပိုင်း တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် The Elders အဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌ၊ နော်ဝေနိုင်ငံ ဝန်ကြီးချုပ်

ဟောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ညွှန်ကြားရေးမှူးချုပ်ဟောင်း Dr.Gro Harlem ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Fumio KISHIDA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒူလာကို မတ်လ (၂၅) ရက်နံနက်ပိုင်းတွင် လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အတွင်းရေးမှူး Mr. Peng Qinghua ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၅) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခမစ္စတာ အက်ဒ်ဝက်ဒ်ပေါလ်လာဇီးယား ဦးဆောင်သော ကျောင်းသားကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၈) ရက်နံနက်ပိုင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr.Andrew Patrick ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၈) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko NaKao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကို ဧပြီလ (၄) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့ကို ဧပြီလ (၄) ရက် ညနေပိုင်းတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr.Naoyuki Shinohara ဦးဆောင်သောအဖွဲ့ကို ဧပြီလ (၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများကို ဧပြီလ (၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Daniel R.Russel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ (၁၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ရိုရှီဟီကိုနိုဒနှင့်အဖွဲ့ကို ဧပြီလ (၂၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Anthony John Lynch ကို ဧပြီလ (၂၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဩစတြီးယားနိုင်ငံ ပို့ဆောင်ရေး၊ တီထွင်မှုနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး Ms.Doris BURES နှင့် အဖွဲ့ကို မေလ (၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းကို မေလ (၁၁) ရက် ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌လည်းကောင်း၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) ၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mme Yanjunqi ဦးဆောင် သည့်ကိုယ်စားလှယ်အဖွဲ့ကို မေလ (၁၆) ရက်တွင် လည်းကောင်း၊ အာဆီယံ ကာကွယ်ရေးဝန်ကြီးများကို မေလ (၂၀) ရက်မွန်းလွဲပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် အမျိုးသားကာကွယ်ရေးဝန်ကြီး General Chang Wanquan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ (၂၀) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ အာဆီယံအလုပ်သမားဝန်ကြီးများကို မေလ (၂၂) ရက်တွင်လည်းကောင်း၊ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ (၂၈) ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် သုံးကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဘက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတို့သို့တက်ရောက်ရန် နေပြည်တော်၌ရောက်ရှိနေသော အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဘက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများကို ဇွန်လ (၁၂) ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia ကို ဇွန်လ (၁၈) ရက်တွင်လည်းကောင်း၊ ဩစတြေးလျ မနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘစ်ရှော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို

ဇူလိုင်လ (၃) ရက်တွင်လည်းကောင်း၊ အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးကောင်စီဥက္ကဋ္ဌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Professor Dr. Surakiart Sathirathal နှင့် အဖွဲ့ဝင်များကို ဇူလိုင်လ (၄) ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးနှင့်မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အဓိကကျသော ပုဂ္ဂိုလ် H.E.Mr. Hiroto IZUMI ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ဩဂုတ်လ (၈) ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌လည်းကောင်း၊ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ဘတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ် (အေအာရ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို ဩဂုတ်လ (၁၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဥရောပသမဂ္ဂ၏ နိုင်ငံရေးနှင့်လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်လေဒီကက်သရင်းအက်ရှ်တန်ဦးဆောင်သောအဖွဲ့ကို ဩဂုတ်လ (၁၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၁) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိဆုယုံဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၁) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စစ်ဆူ့ရှ်မားဆွာရာဂျ်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၁) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragom ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ သမ္မတဟောင်း Chandrika Bandaranaike Kumaratunga ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများကို ဩဂုတ်လ (၂၅) ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ ပုလဲခန်းမ ၌လည်းကောင်း၊ အရှေ့အာရှစီးပွားရေးဆိုင်ရာ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို ဩဂုတ်လ (၂၇) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဝမ်ကျားလွေ့ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၁၂) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ Mr.KIM,Young Mok ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E.Mr. Nguyen Bac Son ကို စက်တင်ဘာလ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်မွေးမြူရေးဝန်ကြီး H.E.Mr. NISHIKAWA Koya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၂၃) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး H.E.Mr.Han Changfu ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၂၄) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်ကို အောက်တိုဘာလ (၅) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီ

ဘာလဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အောက်တိုဘာလ (၁၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ မေဆင်န်အကယ်ဒမီကျောင်း ဥက္ကဋ္ဌမစ္စတာဂျွန်ဘရိုမင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို အောက်တိုဘာလ (၁၃) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ဩစတြေးလျအမျိုးသားတက္ကသိုလ်ပါမောက္ခချုပ်မစ္စတာဂရက်ဂျွန်အီဗန်ကို အောက်တိုဘာလ (၁၃) ရက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလိရော့ကူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အောက်တိုဘာလ (၂၉) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင် စုဝါရှင်တန်မြို့ရှိ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာကာတာရော ဘတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၃) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့်ဥရောပရေးရာ ဝန်ကြီးဒေါက်တာမီရိုဆလပ် လာဂျက်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုနိုဝင်ဘာလ (၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာနရိန္ဒြာမိုဒီဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၁၁) ရက် ညနေပိုင်းတွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာ ဂျိုကိုဝီဒိုဒိုကို နိုဝင်ဘာလ (၁၂) ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ ပုလဲခန်းမ၌လည်းကောင်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို နိုဝင်ဘာလ (၁၂) ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်း ဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆) ၌လည်းကောင်း၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် တိုနီအဘော့တ်ကို နိုဝင်ဘာလ (၁၂) ရက် ညနေပိုင်းတွင် မြန်မာအပြည် ပြည်ဆိုင်ရာ ကွန်ဗင်ရှင်း ဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆) ၌လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်ကို နိုဝင်ဘာလ (၁၃) ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်းဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆) ၌လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ တာကီဟီကို နာကာအိုနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ကို နိုဝင်ဘာလ (၁၃) ရက် မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်းဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆) ၌လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားကို နိုဝင်ဘာလ (၁၃) ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်းဗဟိုဌာနရှိ အခန်းအမှတ် (၂၀၀၆) ၌လည်းကောင်း၊ ဩစတြီးယားနိုင်ငံ ANDRITZ HYDRO ၏ ဥက္ကဋ္ဌ မစ္စတာ ဝုဖ်ဂန်စမ်ပါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၂၁) ရက်တွင် လည်းကောင်း၊ နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားတို့ကို ဒီဇင်ဘာလ (၁) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ဘန်ကောက်မြို့အခြေစိုက် နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာယိုအန်ဘူးရ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ (၂) ရက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာကမ်းကျိရွှန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ (၃) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်ကို ဒီဇင်ဘာလ (၃) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတလီယွမ်ချောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ (၁၆) ရက် ညနေပိုင်းတွင်လည်းကောင်း၊ နော်ဝေနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဒေါက်တာဂရိုဟာလမ်ဘရွန့်တ်လန့်ဒ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ (၁၈) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

### နိုင်ငံတော်သမ္မတ ခရီးစဉ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့သည် ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သို့

စက်တင်ဘာလ (၁) ရက်မှ စက်တင်ဘာလ (၁၁) ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၃) ရက်တွင် ဂျာမနီနိုင်ငံဝန်ကြီးချုပ်ရုံး၌ ကျင်းပသည့် ဂျာမနီနိုင်ငံဝန်ကြီးချုပ် မစ္စစ်အိန်ဂျယ်လာမာကယ်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျာမနီနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲ၌ ဂျာမနီနိုင်ငံဝန်ကြီးချုပ်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ခရီးစဉ်ကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုများကိုလည်း အသိပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည်ကို ထောက်ခံကြောင်း၊ ရန်ကုန်မြို့တွင် နိုင်ငံတကာအသိအမှတ်ပြု ဂျာမန်ဘာသာစကားနှင့် ယဉ်ကျေးမှုအခြေပြုကျောင်း (Goethe Institute) ကို ဖွင့်လှစ်ပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်ရေးများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့်ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံကြောင်း စသည်တို့ကို ထည့်သွင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားရာတွင် ဂျာမနီကို မိတ်ကောင်းဆွေကောင်းအဖြစ်သာမက စီးပွားမိတ်ဖက်အဖြစ်လည်းကောင်း၊ နိုင်ငံအတွင်း အဓိကရင်းနှီးမြှုပ်နှံသူအဖြစ်လည်းကောင်း ကမ်းလှမ်းလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ဂျာမနီနိုင်ငံပါဝင်နိုင်ရန် ဖိတ်ခေါ်ကြောင်း၊ ဂျာမနီ၏ရင်းနှီးမြှုပ်နှံမှုများကို သဘာဝအရင်းအမြစ်များ ထုတ်ယူသောကဏ္ဍများတွင်သာမဟုတ်ဘဲ အလုပ်အကိုင်အခွင့်အလမ်းများကို အများအပြား ဖန်တီးပေးနိုင်မည့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ဦးစားပေးရင်းနှီးမြှုပ်နှံစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးစနစ်တစ်ခုလုံးကို ပြန်လည်ပြုပြင်ရန် ကြိုးစားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ် အားပေးထောက်ခံမှုများနှင့်အတူ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးနေကြသော ဂျာမနီအစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ဖြင့် ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် Deutsche Bank နှင့် German Asia Pacific Business Organization (OAV) ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာလ (၂) ရက်တွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ရှိ Deutsche Bank ရုံး၌တွေ့ဆုံကာ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ပြည်သူ့ဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေမှုအခြေအနေနှင့်မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျာမန်လုပ်ငန်းရှင်များပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၃) ရက် ညနေပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ လေအားလျှပ်စစ်ထုတ်လုပ်သည့် လေရဟတ်များရှိသော Wind Park (Energy Sufficient Feldheim Village) ကို သွားရောက်လေ့လာသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံလွှတ်တော်ရုံး၌ ဂျာမနီနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Norbert Lammert နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လွှတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် သံရုံးမိသားစုများ၊ မြန်မာပညာတော်သင်များအား ဘာလင်မြို့ရှိ

မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ တွေ့ဆုံကာ မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်ပုဂ္ဂလိကကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲနေမှုများ၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၄) ရက် နံနက်ပိုင်းတွင် ဘာလင်မြို့ရှိ Intercontinental Hotel စာကြည့်တိုက်၌ Deutsche Welle သတင်းဌာနမှ အစီအစဉ်တင်ဆက်သူ Ms. Amrita Cheema နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတမစ္စတာဂျိုဝါချင်ဂေါက်ခ်တို့သည် စက်တင်ဘာလ (၄) ရက် နံနက်ပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဂျာမနီသမ္မတအိမ်တော်၌ တွေ့ဆုံသည်။ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုးနှင့် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်တို့ တက်ရောက်ကြသည်။ ထိုသို့တွေ့ဆုံရာတွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံအတွက် ပညာတော်သင်ဆုများ တိုးမြှင့်ပေးရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာလ (၄) ရက် မွန်းလွဲပိုင်းတွင် ဘာလင်မြို့ရှိ Bayerische Landesvertretung ၌ ဂျာမနီနိုင်ငံ ဟန်ဆိုင်ဒယ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပရော်ဖက်ဆာ Urula Maennte က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲ အခမ်းအနားသို့တက်ရောက်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၄) ရက် ညနေပိုင်းတွင် ဂျာမနီနိုင်ငံမှတစ်ဆင့် ဆွစ်ဇာလန်နိုင်ငံသို့ရောက်ရှိသည်။ နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၅) ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံရှိ ဘန်းမြို့ Hotel Bellevue Palace ၌ ဆွစ်ဇာလန်နိုင်ငံ NZZ သတင်းဌာနမှ တာဝန်ရှိသူကို လက်ခံတွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆွစ်ဇာလန်နိုင်ငံ Bern Historical Museum အတွင်းရှိ Albert Einstein ပြတိုက်ကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၅) ရက် ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ သမ္မတအိမ်တော် Lohn Manor ဧည့်ဂေဟာ၌ ကျင်းပသည့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr.Didier Burkhalter က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်သည်။ ယင်းနောက် နှစ်နိုင်ငံဆွေးနွေးပွဲကို Grand Salon ၌ ဆက်လက်ကျင်းပသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးကြစဉ် သက်မွေးပညာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ ပဋိပက္ခများ ကာကွယ်တားဆီးရေး၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ ဆက်ဆံရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးမှု Foreign Office Consultations (FOC) ယန္တရား ထူထောင်ရေး၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၇ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ (၁၆၄) သန်း အကူအညီပေးရေးကိစ္စများကို သဘောတူညီခဲ့ကြသည်။

ထို့အပြင် ဆွစ်ဇာလန်နိုင်ငံတွင် ပုဂံနှင့် ပျူခေတ်

ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပြပွဲကျင်းပနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို Salon Churchill ရှိ ပထမထပ်၌ ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၆) ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်စီမံကိန်းတည်ရှိရာ Payerne Air Base ပိုင်ယန်းလေတပ်စခန်း၌ ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Konolfingen ရှိ Nestle စက်ရုံ၊ ဘန်းမြို့နယ် Zolliksfen ကျေးရွာရှိ အသုံးချသိပ္ပံပညာတက္ကသိုလ်၊ စားသောက်ကုန်သိပ္ပံပညာနှင့်စပ်လျဉ်းသည့် Pilot Plant၊ Schupfen ကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးခြံအတွင်း နို့စားနွားများ မွေးမြူထားရှိမှု၊ အစားအစာ ကျွေးမွေးမှုနှင့် နို့စားနွားများ စနစ်တကျထုတ်လုပ်မှုနှင့် နို့စားနွားများကို စက်ဖြင့်နို့ညှစ်ယူ၍ ထုတ်လုပ်ဖြန့်ချိမှုတို့ကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်း၌ နေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ကို ကြည့်ရှုလေ့လာရာတွင် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse ကို (၂၀၁၀) ပြည့်နှစ်၊ ဇွန်လတွင် စတင်ပျံသန်းခဲ့ပြီး ပထမဆုံး အကြိမ် လောင်စာဆီအသုံးမပြုဘဲ (၂၆) နာရီ ဆက်တိုက် ပျံသန်းနိုင်သည့် လေယာဉ်အဖြစ် မှတ်တမ်းတင်ခံရကြောင်း၊ (၂၀၁၃) ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ဖြတ်ကျော်ပျံသန်းခဲ့ပြီး ယခု လေယာဉ်သည် ဒုတိယမျိုးဆက်လေယာဉ်ဖြစ်ကြောင်း၊ (၂၀၁၅) ခုနှစ်၊ မတ်လတွင် ကမ္ဘာတစ်ပတ်ပျံသန်းမှုပြုလုပ်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ ထိုသို့ပျံသန်းစဉ် မြန်မာနိုင်ငံတွင် ခရီးတစ်ထောက်ဆင်းသက်ရပ်နားလိုကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံချိန်တွင် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr.Didier Burkhalter က ကမ်းလှမ်းခဲ့သဖြင့် နိုင်ငံတော်သမ္မတက သဘောတူခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ခရီးစဉ်အောင်မြင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ (၂၀၁၅) ခုနှစ်၊ မတ်လတွင် အဆိုပါလေယာဉ်သည် မန္တလေးမြို့တွင် ခရီးတစ်ထောက်ရပ်နားဆင်းသက်မည်ဖြစ်ပြီး ထိုသို့ရပ်နားစဉ်ကာလအတွင်း နေရောင်ခြည်စွမ်းအင်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အများပြည်သူလေ့လာနိုင်ရန် စီစဉ်ပေးခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၇) ရက် နံနက်ပိုင်းတွင် ဇူးရစ်မြို့ရှိ ယဉ်ကျေးမှုသမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဆွစ်ဇာလန်နိုင်ငံ၏ သမိုင်းဆိုင်ရာပြခန်းများမှ ခေတ်အဆက်ဆက် လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို လှည့်လည်ကြည့်ရှုလေ့လာသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပုဂံနှင့်ပျူယဉ်ကျေးမှုပြပွဲကျင်းပမည့် Rietberg Museum သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၇) ရက်ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ တစ်ဆင့် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ရောက်ရှိကြသည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၈) ရက် နံနက်ပိုင်းတွင် Maeslandtkering ရေထိန်းတံခါးနှင့် Rotterdam ဆိပ်ကမ်းအနီးရှိ (၁၀၀၀) မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးစက်ရုံတို့ကို ကြည့်ရှုလေ့လာသည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်တင်ဘာလ (၈) ရက် မွန်းလွဲပိုင်းတွင် Mauritshuis ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းပန်းချီကားများနှင့် ကမ္ဘာကျော်ပန်းချီကားများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Confed-

eration of Netherlands Industry and Employers (VNO-NCW) ၌ နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Ms.Lilianne Ploumen၊ Confederation of Netherlands Industry and Employers (VNO-NCW) ဥက္ကဋ္ဌ Mr.Ben Van Beurden၊ နယ်သာလန်နိုင်ငံ စီးပွားရေးအသိုက်အဝန်းမှ အမှုဆောင်အရာရှိချုပ်များနှင့် စားပွဲဝိုင်းဆွေးနွေးပွဲပြုလုပ်သည်။

စားပွဲဝိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် အနာဂတ်မျှော်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် နယ်သာလန် စီးပွားရေးလုပ်ငန်းရှင်များက စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ ငွေကြေး၊ စားနပ်ရိက္ခာထုတ်လုပ်ရေးကဏ္ဍများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့သည်။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နယ်သာလန်နိုင်ငံ နယ်သာလန်ပါလီမန် အထက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ကို တွေ့ဆုံသည်။ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စုစနစ်ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားခဲ့ပြီး နယ်သာလန်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရခိုင်ပြည်နယ်အခြေအနေနှင့် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးခဲ့မှုတို့နှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

နိုင်ငံတော်သမ္မတသည် စက်တင်ဘာလ (၉) ရက် နံနက်ပိုင်းတွင် သည်ဟိဂ်မြို့ရှိ Wassenaar နန်းတော်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၏ဘဏ္ဍာရေးဆိုင်ရာ အထူးပုဂ္ဂိုလ် နယ်သာလန်နိုင်ငံ မိဖုရား Queen Maxima နှင့် တွေ့ဆုံသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နယ်သာလန်နိုင်ငံရှိ Tomato World ဖန်လုံအိမ်စိုက်ပျိုးရေးဗဟိုဌာနရှိ ခရမ်းချဉ်သီးကို ဖန်လုံအိမ်စိုက်ပျိုးနည်းဖြင့် စနစ်တကျ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ခင်းကျင်းပြသထားသည့် ပြခန်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် နယ်သာလန်ဘုရင် King Willem Alexander တို့သည် သည်ဟိဂ်မြို့ရှိ Noordeinde နန်းတော်၌ တွေ့ဆုံဆွေးနွေးကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Mark Rutte တို့သည် သည်ဟိဂ်မြို့ရှိ နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတကို Shell ကုမ္ပဏီအမှုဆောင် အရာရှိချုပ် Mr. Ben Van Beurden နှင့်အဖွဲ့သည် သည်ဟိဂ်မြို့ရှိ ခေတ္တတည်းခိုသည့် Bel Air Hotel ၌ လာရောက်တွေ့ဆုံသည်။ တွေ့ဆုံစဉ် Shell ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့က မြန်မာနိုင်ငံ၌ Shell ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နည်းပညာဆိုင်ရာ အကျိုးအမြတ်ရရှိမှု၊ ကမ္ဘာ့စွမ်းအင်အနေအထားနှင့် မြန်မာနိုင်ငံအတွက် အလားအလာများကို ရှင်းလင်းတင်ပြခဲ့သည်။ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် နယ်သာလန် နိုင်ငံတို့သို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် စက်တင်ဘာလ (၁၁) ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတသည် အောက်တိုဘာလ (၁၇) ရက် နံနက်ပိုင်းတွင် အီတလီနိုင်ငံ မီလန်မြို့ မီကိုကွန်ဖရင့်စင်တာ၌ကျင်းပသည့် (၁၀) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် လွန်ခဲ့သည့် သုံးနှစ်ကျော်ကာလမှစ၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ပထမအဆင့်ပြုပြင်ပြောင်းလဲမှုအနေဖြင့် တပ်မတော်အစိုးရမှ ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ ပြောင်းလဲခဲ့ကြောင်း၊ အားလုံးပါဝင်သည့် နိုင်ငံရေးစနစ်ကို တည်ထောင်ခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် သက်ဆိုင်သူအားလုံးကို နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်စေခဲ့ကြောင်း၊ ထို့နောက် ဒုတိယအဆင့်အနေဖြင့် နိုင်ငံရေး၊

စီးပွားရေး၊ အုပ်ချုပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး
တိုးတက်မှုတို့ပါဝင်သည့် ပြုပြင်ပြောင်းလဲမှုကို
ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့တွင်မူ ဒီမိုကရေစီနိုင်ငံသစ်
အတွက် ခိုင်မာသည့်အခြေခံအုတ်မြစ်တစ်ရပ်ချမှတ်
သွားနိုင်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားလိုလားချက်
များကို ဖြည့်ဆည်းသွားနိုင်မည့်တတိယအဆင့် ပြုပြင်
ပြောင်းလဲမှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တစ်ချိန်
တည်းတွင် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်
ရေးကို အထောက်အကူပြုစေသည့် အသေးစားနှင့်
အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း
အလေးထားဆောင်ရွက်နေပြီး ဆင်းရဲနွမ်းပါးမှု
တိုက်ဖျက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး
တို့ကိုလည်း ဦးတည်အကောင်အထည်ဖော်လျက်
ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို
အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသားအားလုံး
၏ အဓိကဆန္ဒနှစ်ခုဖြစ်သော တိုင်းပြည်တည်ငြိမ်
အေးချမ်းရေးနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့်ဆန္ဒ
နှစ်ရပ်ကို အကောင်အထည်ဖော်နေခြင်းပင်
ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက်
အမျိုးသားပြန်လည်သင့်မြတ်ရေးသည် မဖြစ်မနေ
လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ကြောင်း၊
မိမိတို့အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်
ရေးအတွက် သက်ဆိုင်သူအားလုံးနှင့်အတူတကွ
လက်တွဲဆောင်ရွက်လျက်ရှိပြီး ယခုဆိုလျှင်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးနီးပါးနှင့်
အပစ်အခတ်ရပ်စဲနိုင်ခဲ့ကာ တစ်နိုင်ငံလုံးအတိုင်းအတာ
ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်
အလွန်နီးစပ်နေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်း
အတာဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်
ရရှိပြီးသည့်နောက်တွင် နိုင်ငံရေးဆွေးနွေးပွဲများအဆင့်
သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်
ဖြစ်ကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးရရှိပြီးသည့် အခါတွင်
ယင်းဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း
များကိုလည်း အလေးထားဆောင်ရွက်သွားရန်
ရှိကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို
ထောက်ခံအားပေးသည့် နိုင်ငံတကာအသိုင်းအဝိုင်း
ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေး
လုပ်ငန်းစဉ်အောင်မြင်သည်အထိ မိမိတို့အစိုးရအနေ
ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်
ကြောင်း၊ မိမိတို့၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသည်
နုနယ်သေးသည့်အတွက် အခြားသောအကူးအပြောင်း
ကာလတွင် ရှိသည့်နိုင်ငံများနည်းတူ ခက်ခဲသည့်
စိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း၊ ထိုစိန်ခေါ်မှု
များကို ရည်မှန်းချက်အောင်မြင်သည်အထိ ကျော်လွှား
သွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း၊
မိမိတို့အနေဖြင့် နောက်ကြောင်းပြန် မလှည့်ဘဲရှေ့သို့
ဆက်လျှောက်မည်ဟူသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်
လျှောက်လှမ်းသွားမည်ဖြစ်သည်ကို ပြောကြားလို
ကြောင်း၊ မိမိတို့ဆောင်ရွက်နေသောခိုင်မာသည့်
ဒီမိုကရေစီအခြေခံများချမှတ်နိုင်ရန် စီးပွားရေးဖွံ့ဖြိုး
တိုးတက်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့
အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု
များကို နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် နားလည်မှု
ရှိရှိနှင့် ဆက်လက်ထောက်ခံ အားပေးသွားမည်ဟု
လည်း ယုံကြည်မျှော်လင့်ကြောင်း၊ လူ့အခွင့်အရေး
ကာကွယ်ရေးနှင့် စောင့်ရှောက်မှုများကို ယခုအခါ
မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီ
ဖြစ်ကြောင်း၊ (၂၀၁၁) ခုနှစ်တွင် တည်ထောင်ခဲ့သည့်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို
မကြာခင်ကပင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လူ့အခွင့်
အရေးကာကွယ်စောင့်ရှောက်ရေးများတွင် အပြည့်အဝ
လွတ်လပ်စွာဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ
အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများရှိပါက
တိုင်ကြားနိုင်သည့် ယန္တရားတစ်ရပ်လည်း ရှိနေပြီဖြစ်
ကြောင်း၊ အာဆီယံနိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည်
အမျိုးသားလူ့အခွင့်အရေးအဖွဲ့ထူထောင်သည့် ပဉ္စမ
မြောက်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်
အရေးများ သိသိသာသာ တိုးတက်ဖြစ်ထွန်းနေသော်
လည်း နိုင်ငံတကာက လုံလောက်သည့်အသိအမှတ်
ပြုခြင်းမရှိသေးသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ
အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု

များကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာတွင် တာဝန်ရှိသည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် အနာဂတ်၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်အထိ ရည်မှန်းထားကြောင်း၊ နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များ၊ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာ သဘောတူညီချက်များ၊ အမျိုးသမီးနှင့်ကလေးသူငယ်များဆိုင်ရာ သဘောတူညီချက်များတွင်လည်း ပါဝင်လက်မှတ်ရေးထိုးသွားရန် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေ ညီလာခံတတိယကော်မတီတွင် နှစ်စဉ်အဆိုတင်သွင်းနေသည့်ကိစ္စအား ရပ်ဆိုင်းပေးရေး တောင်းဆိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် မီကိုကွန်ဖရင့်စင်တာ ဆွေးနွေးပွဲခန်းမဆောင်၌ကျင်းပသည့် (၁၀) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတသည် အောက်တိုဘာလ (၁၇) ရက်တွင် အာရှ-ဥရောပခေါင်းဆောင်များဖြစ်သည့် ဖင်လန်နိုင်ငံဝန်ကြီးချုပ် မစ္စတာအလက်ဇန္ဒားစတပ်၊ ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတေဖန်လော့ဗ်ဗင်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်မစ္စတာငုယင်တန်ဇွန်းနှင့် နော်ဝေနိုင်ငံဝန်ကြီးချုပ် အာနာဆိုးလ်ဘတ်ဂ်တို့ကို သီးခြားစီတွေ့ဆုံဆွေးနွေးသည်။ ထို့ပြင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အောက်တိုဘာလ (၁၉) ရက် နံနက်ပိုင်းတွင် Circolo Union Inclustriate ကွန်ဗင်ရှင်းစင်တာ၌ အီတလီနိုင်ငံ၏ ထိပ်သီးစီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များနှင့်တွေ့ဆုံသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အီတလီနိုင်ငံ၌ရောက်ရှိနေစဉ်အတွင်း အီတလီနိုင်ငံ မီလန်မြို့ရှိ အီတလီစပါးမျိုးစေ့သုတေသနဌာန၊ တူရင်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့်အကြီးစားစက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် IREN ကုမ္ပဏီ၊ ဖီးယက်ကုမ္ပဏီ၏ Maserati အဆင့်မြင့်မော်တော်ယာဉ်စက်ရုံ၊ CNH စက်မှုလုပ်ငန်းစု၊ ဗားနားရီးယားနန်းတော်၊ အရှေ့တိုင်းအနုပညာပြတိုက်တို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် Diplomacy မဂ္ဂဇင်း စတင်တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Dr.Thok-kyu Limb ကို ဒီဇင်ဘာလ (၁၁) ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Paradise ဟိုတယ်၌ လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါတွေ့ဆုံမေးမြန်းမှုတွင် Dr. Thok-kyu Limb က နိုင်ငံတော်သမ္မတ၏ (၂၀၂၀) မြန်မာနိုင်ငံ မျှော်မှန်းချက်ကို မေးမြန်းရာ နိုင်ငံတော်သမ္မတက (၂၀၂၀) ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခအားလုံးအဆုံးသတ်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ပြီးဖြစ်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (LDC) မှ ရုန်းထွက်ပြီးဖြစ်ရန်၊ မြန်မာနိုင်ငံကို အလယ်အလတ်ဝင်ငွေရှိသည့်နိုင်ငံအဆင့်သို့ရောက်ရှိစေရန် မျှော်မှန်းထားကြောင်းနှင့် ထိုမျှော်မှန်းချက်ကိုအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၊ အခြေခံကောင်းများ တည်ဆောက်အကောင်အထည်ဖော်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတမဒမ်ပတ်ဂွန်ဟေးတို့သည် ဒီဇင်ဘာလ (၁၁) ရက် နံနက်ပိုင်းတွင် ဘူဆန်မြို့ရှိ ဘက်စ်ကိုကွန်ဗင်းရှင်းခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် အစိုးရချင်းသာမက ပြည်သူချင်း၊ လွှတ်တော်ချင်း၊ တပ်မတော်ချင်း အပြန်အလှန်ပိုမိုပူးပေါင်းဖလှယ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အပြန်အလှန်ဖလှယ်မှုတိုးမြှင့်ရေး၊ ဆိပ်ကမ်းနှင့် ရေလမ်းကြောင်း ဖွံ့ဖြိုး

တိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးနှင့် ဇီဝလက်နက်မပြန့်ပွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ ဘူဂယောင်းအမျိုးသားတက္ကသိုလ် (PUKYONG National University) က နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ပွဲကို ဒီဇင်ဘာလ (၁၁) ရက် မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။ အခမ်းအနားတွင် ဘူဂယောင်းအမျိုးသားတက္ကသိုလ် ပါမောက္ခချုပ် Mr.Youg-seup Kim က နိုင်ငံတော်သမ္မတအား ဂုဏ်ထူးဆောင်ပါရဂူ ဘွဲ့ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပါမောက္ခချုပ်တို့သည် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးပြီး ကိုရီးယား၌ ပညာသင်ကြားနေသော မြန်မာကျောင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြသည်။ ဘူဂယောင်းအမျိုးသားတက္ကသိုလ်သည် ရန်ကုန်မြို့ရှိ ဒဂုံတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီး ဘူဂယောင်းတက္ကသိုလ်၌ လက်ရှိပညာသင်ကြားနေသော မြန်မာကျောင်းသား၊ ကျောင်းသူ (၄၄) ဦးရှိသည်။

နိုင်ငံတော်သမ္မတသည် ဒီဇင်ဘာလ (၁၁) ရက် ညနေပိုင်းတွင် ဘူဆန်မြို့ရှိ ဘက်စ်ကိုကွန်ဗင်းရှင်းခန်းမ၌ကျင်းပသည့် Cultural Experience of Korean Traditional Arts and Crafts ပြပွဲနှင့် ဂုဏ်ပြုကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နိုင်ငံရေးဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ပွဲကို ဒီဇင်ဘာလ (၁၂) ရက် ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။ အခမ်းအနားတွင် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် Mr.Jung Hae-Lin က နိုင်ငံတော်သမ္မတအား နိုင်ငံရေးဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ်နှင့် ဌာနမှူးတို့က နိုင်ငံတော်သမ္မတဦးသိန်းစိန်အား နိုင်ငံရေးဂုဏ်ထူးဆောင်ပါရဂူဘွဲ့ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပါမောက္ခချုပ်တို့သည် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ နိုင်ငံတော်သမ္မတအား ဂုဏ်ပြုတည်ဆောက်ထားသော ဦးသိန်းစိန်ခန်းမကို ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အဆိုပါတက္ကသိုလ်ရှိ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာဘာသာသင်ကြားနေသော ကိုရီးယားကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဒီဇင်ဘာလ (၁၃) ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ Daegu မြို့ရှိ Daedong လယ်ယာသုံးစက်ပစ္စည်းစက်ရုံကို ကြည့်ရှုလေ့လာသည်။

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျပန်နိုင်ငံ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Mr.Masahiko Komura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၁၃) ရက် ညနေပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya ကို ဇန်နဝါရီလ (၂၁) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Mr.Mark Mc Dowell ကို ဇန်နဝါရီလ (၂၁) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားကို ဇန်နဝါရီလ (၂၂) ရက် ညနေပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr. Roland KOBIA ကို ဇန်နဝါရီလ (၂၂) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဂျာမနီနိုင်ငံ ကွန်ရာ့တ်အာဒမ်နိုရာ

ဖောင်ဒေးရှင်းဉက္ကဋ္ဌ၊ ဉရောပပါလီမန်အဖွဲ့ဝင်နှင့် ဉက္ကဋ္ဌဟောင်း Dr.Hans-Gert Pottering ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၁၇) ရက် ညနေပိုင်းတွင်လည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Kim Sok Chol ကို ဖေဖော်ဝါရီလ (၁၈) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Hagay Moshe Behar ကို မတ်လ (၁၈) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်တပ်မတော် Principal Staff Officer Lt.Gen.Abu Belal Muhammad Shafiul Huq,ndc,psc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ (၁၀) ရက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ကော်မတီ ဒုတိယအတွင်းရေးမှူး မစ္စတာချိုးဟေနှင့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ (၂၈) ရက်တွင်လည်း ကောင်း၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက် ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မေလ (၉) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာ နိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU ကို မေလ (၁၅) ရက်တွင်လည်းကောင်း၊ ASEAN-CHINA CENTER အတွင်းရေးမှူးချုပ် Mr.Ma Mingqiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ (၂၃) ရက်တွင်လည်းကောင်း၊ လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ဆိုင်ရာ ဒုတိယပူးပေါင်းညှိနှိုင်းရေးမှူး Ms.Kyung-Wha Kang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ (၁၀) ရက်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Andrew Patrick ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၉) ရက် မွန်းလွဲ ပိုင်းတွင်လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်စီမံခန့်ခွဲမှုနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Haoliang Xu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၁၁) ရက် ညနေပိုင်းတွင်လည်းကောင်း၊ (၁၂) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက် လာကြသည့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက် အဝန်းကောင်စီဝန်ကြီးများနှင့် အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်တို့ကို စက်တင်ဘာလ (၃၀) ရက် နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ပုဂံဧည့်ရိပ်သာ၌လည်းကောင်း၊ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၁၂) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသံအမတ်ကြီး မစ္စတာမိုဟာမက်ဆူဖီအူရ်ရာဟ်မာန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၂၆) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အမေရိကန် ပြည်ထောင်စု ကဲလော့ဂ်ဖွံ့ဖြိုးမှုကွန်ရက် (ကေအိုင် အင်န်)၏ ပူးတွဲတည်ထောင်သူ ပါမောက္ခမစ္စတာရော ဘတ်စီဝေါကော့ဦးဆောင်သည့်ကိုယ်စားလှယ် အဖွဲ့ကို ဒီဇင်ဘာလ (၁၅) ရက် နံနက်ပိုင်းတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန် ဆောင်ဧည့်ခန်းမ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

## ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းခရီးစဉ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် (၄၅) ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက်အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် အောက်တိုဘာလ (၆) ရက်တွင် ထွက်ခွာသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် အောက်တိုဘာလ (၆) ရက်တွင် နန်နင်းမြို့ရှိ ကွမ်ရှီး Higreen လယ်ယာ ထွက်ကုန်ပစ္စည်းကုန်စည်စီးဆင်းမှုစင်တာသို့ ရောက်ရှိပြီး အရည်အသွေးစစ်ဆေးရေးဌာနအတွင်း သစ်သီးဝလံများကို အရည်အသွေးစစ်ဆေးနေမှုနှင့် သစ်သီးဝလံလက်ကားဈေးအတွင်းရောင်း ဝယ်နေမှုကို ထိန်းချုပ်ခန်း CCTV မှ ကြည့်ရှုပြီး အထွေထွေမန်နေဂျာ မစ္စစ်လင်းကျင့်က လိုက်လံရှင်းလင်းပြသရာ ဒုတိယ

သမ္မတက သိလိုသည်များကိုမေးမြန်းသည်။ ယင်းနေ့ ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Ma Biao နှင့် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာခန်းမ၌ တွေ့ဆုံကာ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံအဆင့် ဆက်ဆံမှုကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတို့ပူးပေါင်း ဆောင်ရွက်သွားရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် အောက်တိုဘာလ (၇) ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ ကွမ်ရှီးဆေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။ ဆက်လက်၍ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းများနှင့် မိသားစုများ၊ ပညာတော်သင်များကို တွေ့ဆုံမှာကြားပြီး နေ့လယ်ပိုင်းတွင် နန်နင်းမြို့ စီမံခန့်ခွဲမှုပြတိုက်နှင့် ကွမ်ရှီးပြည်နယ် စီမံခန့်ခွဲမှုပြတိုက်တို့သို့သွားရောက်လေ့လာသည်။ ညနေပိုင်းတွင် ဒုတိယသမ္မတကို ကွမ်ရှီးပြည်နယ် ပါတီအတွင်းရေးမှူးမစ္စတာဖန်ချင်းဗုက လိယွမ်ဧည့်ဂေဟာခန်းမ၌ လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ အားကစားနှင့်ယဉ်ကျေးမှုကဏ္ဍတို့ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (၄၅) ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ (၇) ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ အားကစားရုံ၌ကျင်းပရာ ဒုတိယသမ္မတတက်ရောက်အားပေးသည်။ ၎င်းပြိုင်ပွဲကို အောက်တိုဘာလ (၁၂) ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း (၇၃) နိုင်ငံမှ ကျွမ်းဘားအားကစားသမား (၆၀၀) ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အောက်တိုဘာလ (၈) ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့ ဝူထန်ကျေးရွာအုပ်စုဆေးရုံသို့သွားရောက်ကြည့်ရှုလေ့လာသည်။ ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ ကြသည်။

## ဒုတိယသမ္မတ ဦးညဏ်ထွန်း

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.Karin Finkelston ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကာတာနိုင်ငံ အော်ရီဒူးလုပ်ငန်းစု အမှုဆောင်အရာရှိချုပ် H.E. Sheikh Abdulla Mohammed S.A.AI-Thani ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇန်နဝါရီလ (၃၀) ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် မစ်ဆူဘီရှီကော်ပိုရေးရှင်းမှ အကြီးတန်းအမှုဆောင်ဒုတိယဥက္ကဋ္ဌ Mr.Jun KINUKAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၁၁) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Yang Lan ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၁၉) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ လန်ဒန်မြို့အခြေစိုက် ဂျာဒင်းမက်သီဆင် ဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌ Sir Henry Keswick ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဖေဖော်ဝါရီလ (၂၅) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) ၏ ညွှန်ကြားရေးမှူးချုပ် Dr.Bernard Vallat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၁၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ်လီမိတက်မှ ဒုတိယဥက္ကဋ္ဌ Mr.Takashi Morimura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၁၄) ရက်နေ့လယ်ပိုင်းတွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr. PARK,Byeong Seug ဦးဆောင်သည့်

ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၁) ရက်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ ဟယ်လီဘာတန် ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Dave Lesar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက်စီးတီးဘဏ်၏ ဒေသတာဝန်ခံအရာရှိ Mr. Darren N.Buckley ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ (၃) ရက်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ (၈) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေ လီမိတက်ဥက္ကဋ္ဌ Mr.Nobuyuki Hirano ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ (၂) ရက်တွင်လည်းကောင်း၊ နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Ms.M.H Schultz Van Haegen Mass Geesteranus ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ (၃) ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံတိုကျိုမြို့အခြေစိုက် ဆူမစ်တိုမိုမစ်ဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌ Mr. Hiroshi Minoura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇွန်လ (၆) ရက်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ TESCO PLC ဥက္ကဋ္ဌ ဆာရစ်ချဒ် ဘရော့ဘန့် ဦးဆောင် သည့်ကိုယ်စားလှယ်အဖွဲ့ကို ဇူလိုင်လ (၃) ရက်တွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးတစ်ခ်ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် ဥက္ကဋ္ဌ Ms.Hong Bo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇူလိုင်လ (၇) ရက်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံ မေဘဏ် အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Datuk Lim Hong Tat ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဇူလိုင်လ (၁၄) ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Nobuhide Hayashi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုဝါရှင်တန် ဒီစီအခြေစိုက်မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန ဒုတိယဥက္ကဋ္ဌ Dr.J.Stephen Morrison ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၁၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ Member of Qatar Ruling Family of the State of Qatar H.E.Sheikh Abdullah bin Mohammed bin Saud-Al-Thani ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၂၁) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ အာဆီယံ-ဂျပန်စီးပွားရေးကောင်စီနှင့် ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr.Aki Mimura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဩဂုတ်လ (၂၆) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ဆူမီတိုမို မီဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Takeshi Kunibe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအဖွဲ့ (အေဗင်) ဥက္ကဋ္ဌ မစ္စတာချန်ဘက်ခ်ဟာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မောရစ်သျှနိုင်ငံတော်ဘဏ် (အက်စ်ဘီအမ်) လီမိတက်ဥက္ကဋ္ဌ Mr.Muni Krishna T.Reddy ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာလ (၂၄) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ အတွင်းရေးမှူးချုပ် မစ္စတာမူခီဆာကီတူရီနှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာ တက်ဖ်ဖဲတက်စဖာချူးတို့ကို အောက်တိုဘာလ (၂၈) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသန (အီးအာရ်အိုင်အေ) အမှုဆောင်ဒါရိုက်တာ ပရော်ဖက်ဆာ ဟိဒဲတိုရှိ နီရှိမူရာနှင့် ဟားဗတ်တက္ကသိုလ်မှ တာဝန်ရှိသူများပါဝင်သည့်ကိုယ်စား လှယ်အဖွဲ့ကို အောက်တိုဘာလ (၃၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ဆူမီတိုမိုမီဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Takeshi Kunibe ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၃) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊

ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီ ဘဏ်ဟူအက်ဖ်ဂျေ လီမိတက် ဒုတိယဥက္ကဋ္ဌ မစ္စတာ တာကရှိမိုရိမူရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၁၀) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီး Lieutenant General Sengnuan Saiyalth ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၁၇) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပိုရာပွန်ဆန် ဂနီတရာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၂၄) ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဖိလစ်ရော့စ်လာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာလ (၂၅) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဆိုင်ရာ ဝန်ကြီး မစ္စတာနီကိုလိုင်းပီ၊ ပက်ထရစ်ရှက်ဖ်ကို နိုဝင်ဘာလ (၂၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ အသီးသီး လက်ခံတွေ့ဆုံသည်။

## ဒုတိယသမ္မတဦးညာဏ်ထွန်းခရီးစဉ်

ဒုတိယသမ္မတဦးညာဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့်အာဆီယံ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးနှစ်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ဧပြီလ (၆) ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ ထွက်ခွာသည်။

ဒုတိယသမ္မတဦးညာဏ်ထွန်းသည် ဧပြီလ (၇) ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များ၊ မြန်မာပညာတော်သင်များကို တွေ့ဆုံ၍ ဩဝါဒစကားပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ဧပြီလ (၇) ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်လျူယန်တုန်းကို ချင်းဟွာတက္ကသိုလ်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ အာဆီယံ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များတွင် အာဆီယံဥက္ကဋ္ဌ မြန်မာနိုင်ငံ၏ ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးမော်သာထွေး၊ ဒေါက်တာသန်းအောင်နှင့် ဒေါ်စန္ဒာခင်တို့တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ်က ဒုတိယသမ္မတဦးညာဏ်ထွန်းဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပေကျင်းမြို့ရှိ ချင်းဟွာတက္ကသိုလ်ဝင်းအတွင်းရှိ တက္ကသိုလ်သမိုင်းကြောင်းဆိုင်ရာ ပြခန်းများကို ကြည့်ရှုလေ့လာသည်။

အာဆီယံ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးနှစ် အထိမ်းအမှတ်အခမ်းအနားကို ည ၇ နာရီ ၁၅ မိနစ်တွင် ချင်းဟွာတက္ကသိုလ်ကပွဲခန်းမဆောင်၌ကျင်းပရာ ဒုတိယသမ္မတဦးညာဏ်ထွန်းတက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် မဒမ်လျူယန်တုန်း၊ အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားတွင် တရုတ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယသမ္မတ ဦးညာဏ်ထွန်းက အမှာစကားပြောကြားရာတွင် ဘရူနိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးက (၂၀၁၄) ခုနှစ်ကို အာဆီယံ-တရုတ်ယဉ်ကျေးမှုဖလှယ်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက (၂၀၁၄) ခုနှစ်မှစတင်ပြီး လာမည့်ငါးနှစ်တွင် အဖွဲ့ဝင်နိုင်ငံများကို ကမ်းလှမ်းမည့် အစိုးရပညာသင်ဆုများသည်လည်း လူငယ်




**ဒုတိယသမ္မတ ဦးညဏ်ထွန်း အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်စဉ်**

မျိုးဆက်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုကို တိုးမြှင့်စေနိုင်မည်ဟု အလေးအနက်ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဆက်ဆံရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များတိုးတက်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည့်အချက်ကို ထည့်သွင်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် မဒမ်လျူယန်တုန်းက အမှာစကားပြောကြားသည်။

ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတမစ္စတာလီယွန်ချောင်းကို ဧပြီလ(၈) ရက် ညနေပိုင်းတွင် ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ချမှတ်သည့်နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကျင်းပရေး၊ အာဆီယံ-တရုတ်ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်နစ်နာမှုများမရှိစေဘဲ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးနိုင်မည့်တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဒုတိယသမ္မတဦးညဏ်ထွန်းသည် ဧပြီလ (၉) ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မေလ (၂၂) ရက် ညနေပိုင်းတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် (၂၃) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါစီးပွားရေးဖိုရမ်ဖွင့်ပွဲသို့ အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အမှုဆောင်အရာရှိချုပ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ (၂၃) ကြိမ်မြောက် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သဘာပတိ Mr.Llaus Schwab က အမှာစကားပြောကြားသည်။ ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအက်ကွီနို (၃)၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဇီလိုဘမ်ဘမ်းယူဒိုရိုနိုနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားသည်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E.Mr.Mark Mc Dowell ကို

ဇန်နဝါရီလ (၂၁) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr. Roland KOBIA ကို ဇန်နဝါရီလ (၂၂) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားကို ဇန်နဝါရီလ (၂၃) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် လေတပ်ဦးစီးချုပ် Air Marshal Muhammad Enamul Bari, nclus, psc ကို ဇန်နဝါရီလ (၂၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Rt.Hon. Hugo George William Swire MP ကို ဇန်နဝါရီလ (၂၈) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Ehsan Ullah Batth ကို ဇန်နဝါရီလ (၂၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar ကို ဇန်နဝါရီလ (၂၉) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU ကို ဖေဖော်ဝါရီလ (၇) ရက်တွင်လည်းကောင်း၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ Mr.Mikhail A.Dmitriev ကို ဖေဖော်ဝါရီလ (၁၀) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၅) ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Silateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီလည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနနိုင်ငံရေးရာ ဒုတိယဝန်ကြီး မစ္စဝန်ဒီအာရှာမန်ကို မတ်လ (၇) ရက်နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံစစ်သံမှူး Colonel Antong Stern ကို မတ်လ (၇) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှ Dr. Gro Harlem Brundtland ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မတ်လ (၂၅) ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် တပ်မတော် Armed Forces Division မှ Principal Staff Officer Lieutenant General Abu Belal Muhammad Shafiul Huq,nde,psc ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ (၁၀) ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Anatoly ANTONOV ကို ဧပြီလ (၃၀) ရက်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စဆာရက်ဆီးဝေါလ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေလ (၈) ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Chang Wanquann ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို မေလ (၁၉) ရက်တွင်လည်းကောင်း၊ ဂျပန်ကိုယ်ပိုင် ကာကွယ် ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ကို မေလ (၂၇) ရက်တွင်လည်းကောင်း၊ ဗြိတိန်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆာဒေး ဗစ်ရစ်ချတ်စ် ( အငြိမ်းစား) ကို ဇွန်လ (၃) ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Tateshi HIGUCHI ကို ဇွန်လ (၁၇) ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းမစ္စတာဝါတာနာဘေးနှင့် အဖွဲ့ကို ဇွန်လ (၂၇) ရက်တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံ Democracy Human Rights and Labor ဖြစ်သူ Mr.Tom Malinwsai ဦးဆောင်သော အဖွဲ့ကို ဇွန်လ (၂၇) ရက်တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Baek Seung Joo ကို ဇူလိုင်လ (၁၈) ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ၌လက်ခံကျင်းပသည့် (၂၈) ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ (Regional Border Committee-RBC) အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော ထိုင်းဘုရင့် တပ်မတော်မှ အမှတ် (၃) စစ်တိုင်းမှူး Lieutenant General Preecha Jan-O-Cha ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို

ဩဂုတ်လ (၂) ရက်ညနေပိုင်း တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms.Ann Ollestad ကို ဩဂုတ်လ (၁၂) ရက်မွန်းလွဲပိုင်း တွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Zenon KU CHCIAK ကို ဩဂုတ်လ (၁၅) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ပါကစ္စတန်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Tahir Rafique Butt,NI (M),TBt ကိုဩဂုတ်လ (၂၅) ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Sjafrie Sjamsoeddin ကို စက်တင်ဘာလ (၁၁) ရက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ကျားလွေ့ကို စက်တင်ဘာလ (၁၂) ရက် နံနက်ပိုင်းတွင်လည်း ကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr.Hagay Moshe Behar ကို စက်တင်ဘာလ (၁၈) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Tanse Patinapragorn ကို အောက်တိုဘာလ (၉) ရက်တွင် လည်းကောင်း၊ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr. Roland Kobia ကို နိုဝင်ဘာလ (၂၅) ရက် နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေး ကောင်စီဆိုင်ရာဝန်ကြီး မစ္စတာနီကိုလိုင်းပီပက်ထရစ် ရှက်ဖ်ကို နိုဝင်ဘာလ (၂၇) ရက် မွန်းလွဲပိုင်းတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Ms.Bronte Nadine Moules ကို ဒီဇင်ဘာလ (၁၆) ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ လန်ဒန်အခြေစိုက် The Eleders အဖွဲ့မှ Dr.Mrs.Gro Harlem Brundtland ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့ကို ဒီဇင်ဘာလ (၁၇) ရက် မွန်းလွဲပိုင်း တွင်လည်းကောင်း နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ အသီးသီးလက်ခံတွေ့ဆုံ သည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခရီးစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ (၁၃) ရက်မှ ဖေဖော်ဝါရီလ (၁၆) ရက် နံနက်ပိုင်းအထိ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်သည်။

ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ဗီယန်ကျင်းမြို့ရှိ သံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ် သံရုံးမိသားစုများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH နှင့်အဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာန အခန်းအမှတ် (၂၂၂) ၌ တွေ့ဆုံနှုတ်ဆက်ကာ ဆွေးနွေးကြခြင်း၊ လာအို သမ္မတနန်းတော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ H.E.Mr.Choummaly SAYASONE ကို သွားရောက်တွေ့ဆုံခြင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို Don Chan Palace ဧည့်ခန်းမ၌ လာအို ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Major General Suvone Leoungbounmym လာရောက်တွေ့ဆုံခြင်း၊ ဆောင်မိနန်း လာအိုရိုးရာလက်မှုချည်ထည်ပိုးထည် လုပ်ငန်းသို့ သွားရောက်လေ့လာခြင်း၊ ခိုင်ဆုန်ဖွဲ့ဂီဟန် လာအိုအမျိုးသားကာကွယ်ရေးတက္ကသိုလ်သို့ သွား ရောက်ခြင်း၊ ဗီယန်ကျင်းမြို့ရှိ ထပ်လွှမ်ဘုရားသို့ သွား ရောက်ဖူးမြော်ကြည်ညိုခြင်း၊ လွှန်ပရာဘန်ပြည်နယ် လွှန်ရာဘန်မြို့သို့ ရောက်ရှိပြီး လွှန်ပရာဘန်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Kham Pheng Saisompheng နှင့်တွေ့ဆုံခြင်း၊ လွှန်ပရာမြို့ရှိ Wat Sain Village Sysawag Road ၌ကျင်းပ

သော နံနက်ဆွမ်းလောင်းပွဲသို့ တက်ရောက်၍ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူပူဇော်ခြင်း၊ လွန်ပရာဘန်ရှေးဟောင်းဘုရင့်နန်းတော်သို့ သွားရောက်လေ့လာခြင်းတို့ကို ပြုလုပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီလ (၁၆) ရက် မွန်းလွဲပိုင်းမှ ဖေဖော်ဝါရီလ (၂၀) ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ သွားရောက်သည်။ အဆိုပါ ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်၌ သံအမတ်ကြီး ဦးမင်းလွင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဦးစီးချုပ် Gen.Dr.Moeldoleo အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Prof.Dr.Purnomo Yusgiantoroနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခြင်း၊ အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့ရှိ Peace Keeping Mission Center သို့သွားရောက်လေ့လာခြင်း၊ ဘန်ဒေါင်းမြို့ရှိ စစ်သုံးပစ္စည်းများထုတ်လုပ်သည့် PT PINDAD ကုမ္ပဏီသို့သွားရောက်လေ့လာခြင်း၊ ဘန်ဒေါင်း ညီလာခံကျင်းပခဲ့ကြသော သမိုင်းဝင်ခန်းမကို သွားရောက်လေ့လာခြင်း၊ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် Indonesian Aerospace PT Dirgantara သို့ သွားရောက်ကာ သိလိုသည်များကိုမေးမြန်းဆွေးနွေးခြင်း၊ Bali မြို့ KOPI LUWAK ကော်ဖီစိုက်ပျိုးရေးခြံ၌ ကြောင်က တိုးမွေးမြူပြီး ကော်ဖီစိုက်ပျိုးထားမှုနှင့် Jasamarga Bali Tol Highway Corporation မှ တည်ဆောက်ထားသော Bali Mandara Toll Road တံတားကို ကြည့်ရှုလေ့လာခြင်းတို့ကိုပြုလုပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ (၂၂) ရက်မှ စက်တင်ဘာလ (၂၈) ရက်အထိ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ (၂၄) ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ Shibuya မြို့နယ်ရှိ Meiji Jingu ဗိမာန်ကို ကြည့်ရှုလေ့လာပြီးနောက် ဂျပန်နိုင်ငံရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင်များကို တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်တင်ဘာလ (၂၄) ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန Ireihi ကျဆုံးစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ ဂျပန်ကာကွယ်ရေးဝန်ကြီးနှင့် လုံခြုံရေးဆိုင်ရာ ဥပဒေပြုစုရေးဌာနတာဝန်ခံဝန်ကြီး Mr.Akinori ETO နှင့် တွေ့ဆုံဆွေးနွေးသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် လက်ရှိအာဆီယံဥက္ကဋ္ဌတာဝန်ယူသည့်ကာလတွင်လည်း အာဆီယံနိုင်ငံများနှင့်အခြားကမ္ဘာ့နိုင်ငံများကြား ဆက်ဆံရေးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသော ဆက်ဆံရေးသမိုင်းရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားခဲ့၍ ခေတ်သစ်မြန်မာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရန် ယုံကြည်မှုသည် အထူးအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မလျော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် တိုးတက်ရန်အလားအလာကောင်းများစွာရှိသည်ဟု ထင်မြင်ယူဆကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူသည့်ကာလတွင် တတ်နိုင်သမျှ အားပေးကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် တပ်မတော်နှစ်ရပ် ဆက်ဆံရေး တိုးတက်ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန Chief of Staff, Joint Staff ရုံး၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ် ဖြစ်သူ General Shigeru IWASAKI နှင့် တွေ့ဆုံဆွေးနွေးသည်။ ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ Defense Plans and Policy Department ၏ Director ဖြစ်သူ Rear Admiral Hiroshi YAMA MURA က အာရှ-ပစိဖိတ်ဒေသတွင်း လုံခြုံရေးအခြေအနေ၊ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒနှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လေ့ကျင့်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်တို့သည် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စက်တင်ဘာလ (၂၅) ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဧည့်ခန်းဆောင်၌ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ H.E.Mr. Taro Aso နှင့် တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာလ (၂၅) ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ Chiba ခရိုင်ရှိ ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ Narashino တပ်စခန်းကို ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ကို စက်တင်ဘာလ (၂၆) ရက် ညပိုင်းတွင် တိုကျိုမြို့ရှိ State Guest House ၌ ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် Mr.Yoshihede SUGA က ညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်စဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်ရန် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာလ (၂၆) ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Shizuoka ခရိုင်၊ Hamamatsu မြို့ရှိ Hamamatsu လေကြောင်းကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် စက်တင်ဘာလ (၂၇) ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ Skytree မျှော်စင်၊ တိုကျိုမြို့ရှုခင်းနှင့် Tokyo Bay Aqua-Line ပင်လယ်ရေအောက်ဥမင်တည်ဆောက်ခဲ့ပုံတို့ကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ညနေပိုင်းတွင် တိုကျိုမြို့ New Otani Hotel ရှိ Akebono ခန်းမ၌ The Nippon Foundation ဥက္ကဋ္ဌ Mr.Yohei SASAKAWA ကို လက်ခံတွေ့ဆုံကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ Admiral Chol Yoon-hee ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့မှတစ်ဆင့် ကိုရီးယားသမ္မတနိုင်ငံသို့ စက်တင်လာလ (၂၈) ရက် နံနက်ပိုင်းတွင် ချစ်ကြည်ရေးခရီးထွက်ခွာသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာလ (၂၈) ရက် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ

Gyeongbokgung Palace နန်းတော်ရာရှေ့ဉပစာရင်ပြင်ရှိ Sejong ဘုရင်ရုပ်တု၊ စစ်သူကြီး Lee Soonshin ရုပ်တုနှင့် နန်းတော်ရာအတွင်း ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) သင်တန်းသားအရာရှိများ၊ မြန်မာသံရုံးနှင့်စစ်သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာလ (၂၉) ရက် နံနက်ပိုင်းတွင် National Cemetery သို့သွားရောက်ပြီး ပန်းခွေချအလေးပြုသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုရီးယားသမ္မတအိမ်တော်၌ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စပါ့ခ်ဂွမ်ဟေးကို သွားရောက်တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Pyeongtack ရှိ Naval 2nd Fleet Command အတွင်း ကိုရီးယားရေတပ်မတော်မှ စစ်ရေယာဉ် Roks Incheon FFG-811 ၏ အစည်းအဝေးခန်းမ၌ ရေတပ်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ပြီး စစ်ရေယာဉ် ROKS Incheon FFG-811 ၊ ROKS HYUN Si Hak နှင့် ROKS CHEONAN တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညပိုင်းတွင် ဆိုးလ်မြို့ရှိ Namsan Tower ကို ကြည့်ရှုလေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာလ (၃၀) ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Demilitarized Zone ကိုလည်းကောင်း၊ ကိုရီးယားစစ်သမိုင်းပြတိုက် War Memorial ကိုလည်းကောင်း၊ Defense Acquisition Program Administration, (DAPA) ကိုလည်းကောင်း သွားရောက်လေ့လာသည်။

အောက်တိုဘာလ (၁) ရက် နံနက်ပိုင်းတွင် ဆိုးလ်မြို့ Samcheonggak Restaurant ၌ Daewoo International Co.,Ltd.မှ President ဖြစ်သူ Mr.Jeon Beyong II က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် 27th Asian Games၊ Incheon 2014 အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့အားကစားအဖွဲ့ကို တွေ့ဆုံနှုတ်ဆက်အားပေး စကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr.Mikhail Myasniko ၏ဖိတ်ကြားချက်အရ နိုဝင်ဘာလ (၁) ရက်မှ နိုဝင်ဘာလ (၆) ရက်အထိ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်ခံစစ်နေရာ၊ စစ်သမိုင်းပြတိုက်နှင့် Borisiv City ရှိ တင့်ကားပြင်ဆင်ရေးအလုပ်ရုံ (72 Combined Training Centre) တို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုဝင်ဘာလ (၃) ရက် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Mikhail Myasniko ကိုလည်းကောင်း၊ နိုဝင်ဘာလ (၄) ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E.Alexander Grigoryevich Lukasheko ကိုလည်းကောင်း၊ နိုဝင်ဘာလ (၄) ရက် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Alexander Mezhuev ကိုလည်းကောင်း၊ နိုဝင်ဘာလ (၅) ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ မော်စကိုမြို့ DME အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ရုရှားနိုင်ငံတွင် သင်တန်းများ တက်ရောက်လျက်ရှိသည့်မြန်မာပညာတော်သင်များကိုလည်းကောင်း အသီးသီးတွေ့ဆုံသည်။

**မြန်မာနိုင်ငံအ,သုံးလုံး နှစ် (၅၀) ပြည့် ရွှေရတု အခမ်းအနား။** ။ (၂၀၁၄) ခုနှစ်၊ စက်တင်ဘာလ (၇) ရက်တွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမကြီး၌ "မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှု (အ-သုံးလုံး) နှစ် (၅၀) ပြည့် (၁၉၆၄-၂၀၁၄) ရွှေရတုသဘင်" အခမ်းအနားကို ကျင်းပခဲ့သည်။ ဤအခမ်းအနားတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဆရာကြီးဦးသန်းဦး (ယခု ဒေါက်တာဦးသန်းဦး) က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ကိုယ်စားလူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်း၊ စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ ဥက္ကဋ္ဌဦးမျိုးသန့် (အငြိမ်းစားတွဲဖက်ပါမောက္ခမြန်မာစာဌာန ရန်ကုန်တက္ကသိုလ်)၊ ကျောင်းသားဟောင်းအဖွဲ့ဝင် အငြိမ်းစားဆေးရုံအုပ်ကြီး ဒေါက်တာခင်မေစုတို့က အမှာစကားပြောကြား၍ မျိုးဆက်သစ်အဖွဲ့ဝင် မမိုးစပယ်သင်း (ပါရဂူသင်တန်းသူ မြန်မာစာ၊ ရန်ကုန်တက္ကသိုလ်) က အတွေ့အကြုံများရှင်းလင်းတင်ပြသည်။ ဒေသဖွံ့ဖြိုးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် (အငြိမ်းစား လ/ထညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့) က "မြန်မာ့စာတတ်မြောက်ရေးနှစ် (၅၀) ပြည့်ရွှေရတု အထိမ်းအမှတ်" စာတမ်းကို တင်သွင်းသည်။ အခမ်း အနားကျင်းပရာ ဝိဇ္ဇာခန်းမ ဥပစာတွင် လွန်ခဲ့သော နှစ် (၅၀) က "အ" သုံးလုံး လှုပ်ရှားမှုဆိုင်ရာဓာတ်ပုံများ၊ မှတ်တမ်းစာအုပ်များ၊ မြို့နယ် အလိုက်ရင်ထိုးနှင့် အမှတ်တရပစ္စည်းများ၊ အခြား အထိမ်းအမှတ်ပစ္စည်းများကို ခင်းကျင်းပြသသည်။ "အ" သုံးလုံးရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းနှင့် သော့ချိတ်၊ မှတ်စုစာအုပ်စသည်တို့ကိုလည်း ထုတ်ဝေဖြန့်ချိသည်။



**အ,သုံးလုံး လုပ်အားပေးအဖွဲ့ဝင်များလူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်**

(၁၉၆၄) ခုနှစ်တွင် မြန်မာနိုင်ငံပညာရေး သုတေသနဗျူရိုမှ ပညာရှင်ဆရာကြီး ဦးသံဗျင်က ရန်ကင်း ဆရာအတတ်သင်သိပ္ပံမှ မိမိတပည့် လေးဦးကို မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာသို့ စေလွှတ်၍ အခြေခံအရေး၊ အဖတ်၊ အတွက် ပညာတို့ကို ကျေးလက်ပြည်သူတို့အား စမ်းသပ်သင်ကြားစေသည်။ ထိုအတွေ့အကြုံများကိုမူတည်၍ ကျေးလက်ပြည်သူတို့အား လူထုလှုပ်ရှားမှုနည်းဖြင့် စာပေပညာသင်ကြားပေးနိုင်ရန် နိုင်ငံတော်အစိုးရကို အကြံပြုစာတမ်းတင်ပြပြီး (၁၉၆၅) ခုနှစ်မှစ၍ ပညာရေးတက္ကသိုလ်နှင့် ဆရာအတတ်သင် သင်တန်းသားများဖြင့် "အ" သုံးလုံး လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သည်။

(၁၉၆၈) ခုနှစ်တွင်မူ "အ" သုံးလုံးကျေ (စာမတတ်သူပပျောက်ရေး) သင်တန်းညှိနှိုင်းကြီးကြပ်ရေးဗဟိုကော်မတီကိုဖွဲ့စည်းလျက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပေါင်းစုံမှ စေတနာရှင်များ နှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် "စာတတ်မြောက်ရေးလူထုလှုပ်ရှားမှုကြီး" ကို မြန်မာပြည်အနှံ့ ဆောင်ရွက်ခဲ့သည်။

သက်ကြီးစာမတတ်သူများအတွက် ဝ. ထ. က. လ. သနည်း၊ ဆရာကိုင်၊ သင်တန်းသား ကိုင်ဖတ်စာများကို ဘာသာဗေဒပညာရှင်ပါမောက္ခ ဦးဝန် (မင်းသုဝဏ်) ခေါင်းဆောင်၍ ဦးသံဗျင်၊ ဦးသန်းဦး၊ ဦးသန်းထွတ်တို့ဦးစီးသည့်ပညာရှင်များက ရေးသားပြုစုကာ စာအုပ်ပေါင်းသန်းချီ၍ ဖြန့်ဝေပေးခဲ့သည်။

ကိုယ့်မင်းကိုယ့်ချင်းခေတ်က ဘုန်းတော်ကြီးသင်ပညာရေးစနစ်၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံသား (၈၀) ရာခိုင်နှုန်းခန့် အခြေခံအရေး၊ အဖတ်၊ အတွက်ပညာတို့ကို တတ်မြောက်ခဲ့ကြသည်။ ဤအချိန်တွင် မြန်မာ့အိမ်နီးချင်း တရုတ်၊ အိန္ဒိယနှင့် အခြားအရှေ့အာရှနိုင်ငံများတွင် စာတတ်မြောက်မှုနှုန်းပျမ်းမျှ (၂၀) ရာခိုင်နှုန်းအောက်သာရှိနေသည့် အခြေအနေနှင့် နှိုင်းယှဉ်လျှင် ဂုဏ်ယူဖွယ်ဖြစ်သည်။

ကိုလိုနီခေတ်တွင် ကျောင်းသုံး၊ ရုံးသုံးစာမှာ အင်္ဂလိပ်စာဖြစ်လာသဖြင့် မြန်မာစာ၏ အရေးပါမှု နောက်တန်းသို့ရောက်သွားခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးစနစ် အားနည်းသွားခြင်းနှင့် အခြားဆိုးမွေများကြောင့် မြန်မာ့စာတတ်မြောက်မှုနှုန်းမှာ ကျဆင်းလာခဲ့သည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် စာမတတ်သူပေါ်များလာခဲ့သည်။ သို့တိုင်အောင်ပင် ဒုတိယကမ္ဘာကြီးအပြီး စစ်တမ်းများအရ မြန်မာ့စာတတ်မြောက်မှုနှုန်းမှာ (၄၆) ရာခိုင်နှုန်းရှိနေသေးသဖြင့် ပတ်ဝန်းကျင်အာရှဒေသများထက် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ များပြားနေဆဲဖြစ်သည်။

(၁၉၄၈) ခုနှစ် နောက်ပိုင်း လွတ်လပ်ရေးခေတ်တွင် အစိုးရအဆက်ဆက်က စာမတတ်သူပပျောက်ရေး (ဝါ) စာတတ်မြောက်ရေးလုပ်ငန်းများကို စွမ်းနိုင်သမျှဆောင်ရွက်ခဲ့သည်။ လူထုပညာရေးလှုပ်ရှားမှုအစီအစဉ်များ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့အတွင်း စာတတ်မြောက်ရေးသင်ကြားမှုများ စသည်တို့ကို အခြေအနေပေးလျှင် ပေးသလောက်ဆောင်ရွက်ခဲ့သည်။ လူထုပညာရေးအဖွဲ့များသည် ကျေးလက်များအထိဆင်းပြီး ပညာသင်ကြားရေးနှင့် အခြားလူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ကြသည်။ သို့သော် ပြည်တွင်းစစ်ဘေးကြောင့် အခက်အခဲရှိခဲ့သည်။

(၁၉၆၄) ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာပြည်တောင်ပေါ်မြေပြန့်အနှံ့တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ရပ်ဝေးလုပ်အားပေး ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံအခြေခံဆရာ၊ ဆရာမများနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများသည် မိမိစရိတ် မိမိကျခံလျက် အသုံးလုံးလုပ်အားပေးခဲ့ကြသည်။ ကချင်၊ ရှမ်းစသည့် ပြည်နယ်များနှင့် နိုင်ငံအလယ်ပိုင်းမှ ကျောင်းသား၊ ကျောင်းသူများက မြေပြန့်လွင်ပြင်နှင့် ပင်လယ်ကမ်းနားမြို့ရွာများသို့လည်းကောင်း၊ မြေပြန့်လွင်ပြင်နှင့် ပင်လယ်ကမ်းခြေမှ ကျောင်းသား၊ ကျောင်းသူများက အညာဒေသနှင့် တောင်ပေါ် ဒေသများသို့ လည်းကောင်းသွားရောက်၍ စာပေပညာသင်ကြားပေးခဲ့ကြသည်။ ခရီးသွားဟန်လွှဲအနေဖြင့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကောင်းကျိုးများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူတို့နှင့်အတူနေ၊ အတူစား ရင်းနှီးစွာနေထိုင်ရင်း ကျေးလက်ပြည်သူတို့၏ဘဝကို ထဲထဲဝင်ဝင် လေ့လာခွင့်ရခဲ့ကြသည်။ ကျေးလက်ဒေသနှင့် နိုင်ငံတော်တို့အတွက် မိမိတို့ကျေပွန်ရမည့် တာဝန်ဝတ္တရားတို့ကိုလည်း သိမြင်ခွင့်ရခဲ့ကြသည်။ စင်စစ် အသုံးလုံးစေတနာ့ဝန်ထမ်း လှုပ်ရှားမှုကြီးသည် မြို့ပြလူငယ်နှင့် ကျေးလက်ပြည်သူတို့၏ဘဝကို ကောင်းစွာပေါင်းစည်းပေးနိုင်ခဲ့သည်ဟုဆိုနိုင်သည်။

ထိုစဉ်က မြန်မာနိုင်ငံသို့ရောက်လာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမက်ဒေါနားက အညာဒေသသို့စင်းလုံးငှားမီးရထားဖြင့် အသုံးလုံး ခရီးထွက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို လာရောက်တွေ့ဆုံစုံစမ်းပြီး မြန်မာ့အသုံးလုံးလှုပ်ရှားမှုသည် လူထုစည်းရုံးမှု

အသွင်ဖြင့် လှုပ်ရှားနေသော စေတနာ့ဝန်ထမ်းလုပ်ငန်းကြီးဖြစ်၍ စာတတ်မြောက်ရေးဆောင်ရွက်နေသည့် အခြားအာရှ၊ အာဖရိကနိုင်ငံများက အတုယူသင့်ကြောင်း မှတ်ချက်ပေးခဲ့သည်။

မြန်မာ့အသုံးလုံးလှုပ်ရှားမှု၏ အောင်မြင်မှုကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုက (၁၉၇၁) ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဘီဆုကိုလည်းကောင်း၊ (၁၉၈၃) ခုနှစ်တွင် နိုမာဆုကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

(၁၉၆၄) ခုနှစ်မှ (၁၉၈၄) ခုနှစ်အတွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံမှ ရပ်ဝေးလုပ်အားပေး ခုနစ်သောင်းကျော်နှင့် ဒေသခံလုပ်အားပေးငါးသိန်းကျော်တို့က စာတတ်မြောက်ရေးလှုပ်ရှားမှုကြီးတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ မှတ်တမ်းများအရ ထိုစဉ်က ပြည်သူနှစ်သန်းကျော် စာတတ်မြောက်ခဲ့ကြသည်။ (၁၉၈၄) ခုနှစ်တွင် ရပ်ဝေး လုပ်အားပေးများမခေါ်တော့ဘဲ (၁၉၈၈) ခုနှစ် နောက်ပိုင်းတွင် လုပ်ငန်းများနှောင့်နှေးရပ်ဆိုင်းသွားခဲ့သည်။

(၁၉၉၀) ပြည့်နှစ်များတွင်မူ ဒေသဆိုင်ရာ စာတတ်မြောက်ရေးလုပ်ငန်းငယ်များရှိခဲ့သည်။ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ကလည်း ကျောင်းပြင်ပပညာသင်ကြားရေးအစီအစဉ်များကို အင်နှင့်အားနှင့်ဆောင်ရွက်လာခဲ့သည်။

(၂၀၀၃) ခုနှစ် ပညာသင်နှစ်မှစ၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံများ ပူးပေါင်းသည့်စာတတ်မြောက်ရေး လုပ်အားပေးအစီအစဉ်များပြန်လည်စတင်ခဲ့သည်။ လက်ရှိတွင် မြန်မာ့စာတတ်မြောက်မှုနှုန်းမှာ (၉၅) ရာခိုင်နှုန်းကျော်ရှိသည်ဟု တရားဝင်ထုတ်ပြန်ချက်များအရသိရှိရသည်။

(၁၉၈၃) ခုနှစ်က မင်းကင်းမြို့နယ်သို့ အသုံးလုံးလုပ်အားပေးသွားရောက်ခဲ့ကြသော ရန်ကုန်တက္ကသိုလ်လုပ်အားပေးအဖွဲ့သည် နှစ်စဉ်တွေ့ဆုံပွဲ များကျင်းပခဲ့ကြပြီး (၂၀၁၃) ခုနှစ် နှစ် (၃၀) မြောက် ပုလဲရတုတွင် ကျန်မြို့နယ်များမှ အဖွဲ့ဝင်ဟောင်းများကိုပါ စုစည်းခဲ့ကြကာ "(၁၉၆၄-၈၄) တက္ကသိုလ်ကောလိပ်သိပ္ပံကျောင်းပေါင်းစုံ အသုံးလုံးအဖွဲ့ဝင်ဟောင်းများဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့" ကို တရားဝင်ဖွဲ့စည်းနိုင်ခဲ့သည်။ ဤအဖွဲ့သည် ကျေးလက်ဒေသများသို့ လေးလတစ်ကြိမ်သွားရောက်၍ ပြည်သူတို့ကို အခမဲ့ဆေးကုသပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်ဆိုင်ရာဟောပြောပို့ချခြင်း၊ စာပေဗဟုသုတ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ ကိုယ်ကျင့်တရားမြင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲများကျင်းပပေးခြင်း၊ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းလှူဒါန်းခြင်း၊ ဝေးလံခေါင်းပါးသော ကျေးရွာများသို့ စာအုပ်၊ စာရေးကိရိယာနှင့် အဝတ်အထည်များလှူဒါန်းခြင်းနှင့် သက်ကြီးစာပဒေသာ စာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဤအဖွဲ့သည် မျိုးဆက်သစ်အသုံးလုံးအဖွဲ့ဝင်များကိုပါ လက်တွဲဖိတ်ခေါ်၍ လူထုအကျိုးပြုလုပ်ငန်းများလက်ဆင့်ကမ်းပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

**မြန်မာ့ပထမဆုံး MAEU-05UAV မောင်းသူမဲ့လေယာဉ်။** ။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ မောင်းသူမဲ့လေယာဉ်သုတေသနဌာနသည် ကိုယ်ပိုင်သုတေသနပြုလုပ်ဆောင်ရွက်ခဲ့သော မောင်းသူမဲ့လေယာဉ်ဖြင့် တောင်ငူမှ ကမာနတ် (ဘုရားကြီး) (ရန်ကုန်-မန္တလေး အမြန်လမ်း၏ လမ်းဘေးတစ်လျှောက်) မိုင် (၁၅၀) အကွာဝေးရှိ (500 KV) ဓာတ်အားလိုင်းတည်ဆောက်မည့် လမ်းအူကြောင်းတိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် မောင်းသူမဲ့လေယာဉ် သုတေသနလုပ်ငန်းများကို (၂၀၀၉) ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး မောင်းသူမဲ့လေယာဉ်ခုနစ်စင်းကို ကိုယ်ပိုင်ဒီဇိုင်းတွက်ချက်တည်ဆောက်ပျံသန်းနိုင်ခဲ့သည်။ အလိုအလျောက်မောင်းသူမဲ့စနစ်များကို တွက်ချက်ထည့်သွင်း တည်ဆောက်ပြီး Electronic Control System များကိုလည်း သုတေသနပြုတည်ဆောက်ခဲ့သည်။ မောင်းသူမဲ့

လေယာဉ်နှင့် မြေပြင်ကြားစောင့်ကြည့်ဆက်သွယ်နိုင်သည့် မြေပြင်ထိန်းချုပ်ရေးစခန်းကိုလည်း သုတေသနပြုတည်ဆောက်နိုင်ခဲ့သည်။ (၂၀၁၂) ခုနှစ်၊ ဇန်နဝါရီလတွင် မောင်းသူမဲ့လေယာဉ်ဖြင့် မိုင် (၂၀) အကွာအဝေးကို ကောင်းကင်ဗီဒီယိုရိုက်၍ တိုက်ရိုက်ထုတ်လွှင့်ပျံသန်းခြင်းများကို စမ်းသပ်ဆောင်ရွက်နိုင်ခဲ့သည်။

တောင်ငူ-ကမာနတ် (500 KV) လျှပ်စစ်မဟာဓာတ်အားလိုင်းသွယ်တန်းခြင်းအတွက် လမ်းအူကြောင်းလမ်းအူကြောင်းတိုင်းတာမည့် ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် မိုင်တိုင်အမှတ် (၁၄၇) (တောင်ငူလမ်းခွဲ) မှစတင်၍ မိုင်တိုင်အမှတ် (၃၉) (ဘုရားကြီးလမ်းခွဲ) အထိ အကွာအဝေးမိုင် (၁၂၀) ကို Route Length (၁၀) မိုင်နှုန်းခန့်ခွဲ၍ (၁၈) ကြိမ်ပျံသန်းခဲ့သည်။ မောင်းသူမဲ့လေယာဉ် (MAEU 05 UAV) ပျံသန်းရာတွင် မြေပြင်ညီလွင်ပြင်များ၌ အမြင့်ပေ (၈၅၀) မှ ပျံသန်းခဲ့ပြီး ပဲခူးရိုးမတစ်လျှောက် တောထူထပ်သည့်



**မြန်မာ့ပထမဆုံး မောင်းသူမဲ့လေယာဉ်အား စမ်းသပ်လွှတ်တင်နေစဉ်**

နေရာများတွင် အမြင့်ပေ (၁၂၀၀) မှ ပျံသန်းခဲ့သည်။ Survey လုပ်ငန်းအတွက် လိုအပ်သည့်အချက်အလက်များရရှိစေရန် သတ်မှတ်ထားသော Target Point ပေါ်မှ တိကျစွာ ဖြတ်လျက်ပျံသန်းခဲ့သည်။ ကိုရီးယားပညာရှင်က ပျံသန်းမှုတိုင်းမှ ရရှိသော ကောင်းကင်ဓာတ်ပုံများအား 3D Survey Photo ရရှိနိုင်မှုအခြေအနေကို စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ လေယာဉ်ပျံသန်းမှုအနေဖြင့် အသွားအပြန်ပျံသန်းမှု စုစုပေါင်းအကွာအဝေး မိုင် (၂၄၀) နှင့် စုစုပေါင်းပျံသန်းချိန်ခြောက်နာရီခွဲ ကြာမြင့်ခဲ့သည်။

သုတေသနပြုတည်ဆောက်ထားသော MAEU 05 UAV မောင်းသူမဲ့လေယာဉ်သည် လမ်းအူကြောင်းတိုင်းတာမည့်လမ်းကြောင်းတစ်လျှောက် ပဲခူးရိုးမကြားရှိ တောင်ကုန်းတောင်တန်းများ၊ ရေလှောင်တမံနှင့် မြစ်ကျိုးချောင်းများကြားတွင် ဖြတ်ကျော်ပျံသန်း၍ တိုင်းတာခြင်းလုပ်ငန်းကို မောင်းသူမဲ့လေယာဉ်ဖြင့် ပထမဆုံးကောင်းကင်ဓာတ်ပုံရိုက် တိုင်းတာဆောင်ရွက်ခြင်းအဖြစ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနနှင့် Asia Square Power ကုမ္ပဏီတို့ ပူးပေါင်း၍ နိုဝင်ဘာလ (၁၀) ရက်မှ (၁၇) ရက်အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ပျံသန်းမှုနှင့် ကင်မရာထိန်းချုပ်စနစ်ကို မောင်းသူမဲ့လေယာဉ်သုတေသနဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လေယာဉ်တွင်တပ်ဆင်မည့်ကင်မရာနှင့် 3D Survey ဓာတ်ပုံထုတ်လုပ်မှုကို ကိုရီးယားနိုင်ငံမှ KYUNGIL Engineering ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ မောင်းသူမဲ့လေယာဉ်အတက် အဆင်းအတွက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (လေ) မှ လေသူရဲအရာရှိတစ်ဦးက ကူညီဆောင်ရွက်ပေးခဲ့သည်။

ကောင်းကင်ဓာတ်ပုံများကို ရိုက်ယူပေးနိုင်ခဲ့သည်။ ထိုသို့ အန္တရာယ်များသည့် တောင်စွယ်များကြောင့် ရုတ်တရက် လေဖိအားပြောင်းလဲမှုများအကြားတွင် တည်ငြိမ်စွာ ဖြတ်ကျော်ပျံသန်းနိုင်ခြင်းသည် သုတေသနပြုလုပ်ထားသော လေယာဉ်၏ဒီဇိုင်းနှင့် တည်ဆောက်မှုကောင်းမွန်ခြင်း၊ အလိုအလျောက်ထိန်းချုပ်မှုစနစ်ကောင်းမွန်ခြင်း၊ လျှပ်စစ်ထိန်းချုပ်မှုစနစ်များတွက်ချက် တည်ဆောက်မှုတိကျခြင်းနှင့် Long Range မြေပြင်ထိန်းချုပ်ရေးစနစ် တည်ဆောက်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

ထိုသို့မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်၍ လမ်းအူကြောင်း တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နိုင်သည့်အတွက် ပိုမိုတိကျသော မြေပုံဆိုင်ရာအချက်အလက်များကို ရရှိသည်။ မောင်းသူမဲ့လေယာဉ်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တာဝန်ပေးဆောင်ရွက်နိုင်မည်ဖြစ်သည်။

MAEU-05 UAV မောင်းသူမဲ့လေယာဉ်သည် တောင်ပံအလျား (၂ ဒသမ ၇) မီတာ၊ အင်ဂျင်ပါဝါမှာ မြင်းကောင်ရေအား (၄)၊ သယ်ဆောင်နိုင်သည့် အလေးချိန်မှာ (၂) ကီလိုဂရမ်၊ ပျံသန်းနိုင်ချိန် တစ်နာရီ၊ ပျံသန်းနိုင်သည့် ခရီးအကွာအဝေးမှာ (၆၅) ကီလိုမီတာနှင့် ပျံသန်းနိုင်သည့် အမြင့်မှာ (၁ ဒသမ ၂) ကီလိုမီတာဖြစ်သည်။ လေယာဉ်ကိုယ်ထည်တည်ဆောက်ခြင်း၊ အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများ၊ အလိုအလျောက်ထိန်းကျောင်းစနစ်၊ လေကြောင်းအီလက်ထရွန်နစ်စနစ်၊ မြေပြင်ထိန်းချုပ်ရေးစခန်းတို့အတွက် ပစ္စည်းတန်ဖိုး စုစုပေါင်းမှာ (ဒီဇိုင်းတွက်ချက်မှုပညာရှင်ခနှင့် တည်ဆောက်သည့်လုပ်အားခမပါ) ကျပ်သိန်း (၁၅၀) ခန့် ကုန်ကျသည်။

ထို့ကြောင့် ကုန်ကျစရိတ် သက်သာသည့်အပြင် ကိုယ်ပိုင်ဒီဇိုင်းတွက်ချက် တည်ဆောက်နိုင်ခြင်းကြောင့် အသုံးပြုလိုသည့် ရည်ရွယ်ချက်အလိုက် တွက်ချက်တည်ဆောက်နိုင်သည့် မောင်းသူမဲ့နည်းပညာကိုပါ တိုးတက်ရရှိစေသည်။

**မြန်မာ့မီဒီယာလောက။** ။ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်နည်းတူ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရာတွင် ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်စေမည့် မီဒီယာလွတ်လပ်ခွင့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်ခဲ့သည်။




**လွတ်လပ်ပွင့်လင်းလာသော ကာလအတွင်း မြန်မာ့မီဒီယာလောကမှ စာအုပ်စာစောင်များ**

နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးသည့် သုံးနှစ်တာကာလအတွင်းတွင် မီဒီယာပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှစ်ခုစလုံးကို တစ်ပြိုင်တည်းလုပ်ဆောင်နိုင်ခဲ့သည်မှာ ကမ္ဘာမှပင် အံ့ဩရသည်အထိ ဖြစ်စေခဲ့သည်ဟု အချို့မီဒီယာအသိုင်းအဝိုင်းက သုံးသပ်ကြသည်။ ပြောင်းလဲလာသော နိုင်ငံ၏အခြေအနေများပေါ်မူတည်ကာ မှန်ကန်သောသတင်းအချက်အလက်များနှင့် မျှတသော၊ ဘက်မလိုက်သော သတင်းအချက်အလက်များကို ပြည်သူလူထုထံသို့ ရောက်ရှိနိုင်စေရန် အမှန်တကယ်ပင် လိုအပ်လာပြီဖြစ်ကြောင်း မီဒီယာအသိုင်းအဝိုင်းက သုံးသပ်ကြသည်။

ယခုအခါ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကာလအတွင်း မြန်မာ့မီဒီယာလောကသို့ ရာပေါင်းများစွာသော လူငယ်များဝင်ရောက်အလုပ်လုပ်ကိုင်နေကြရာတွင် ၎င်းတို့အနက် အခြေခံသတင်းစာ ပညာရပ်များနှင့် မီဒီယာကျင့်ဝတ်၊ မီဒီယာစံနှုန်းများကို သင်ကြားခဲ့ခြင်းမရှိသူ စာနယ်ဇင်းသမားများ၊ သတင်းထောက်များ ရှိနေဆဲပင်ဖြစ်သည်ဟု မျက်မှောက်သတင်းစာလောကနှင့်ယှဉ်၍ သုံးသပ်ကြသည်။

မီဒီယာပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ (၂၀၁၂) ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်က မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ အတွင်းရေးမှူး ဦးကျော်မင်းဆွေအပါအဝင် အဖွဲ့ဝင် (၂၉) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ စာနယ်ဇင်း ကောင်စီ (ယာယီ) သည် (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်တွင် သတင်းမီဒီယာကျင့်ဝတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး သတင်းမီဒီယာကျင့်ဝတ် (မူကြမ်း) ကို ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းမူကြမ်းကို (၂၀၁၄) ခုနှစ်၊ မေလ (၃) ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။ ထိုအခြေအနေတွင် နိုင်ငံတော်အစိုးရသည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ယှဉ်၍ ကျင်းပသောကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဒုတိယအကြိမ်မြောက်အဖြစ် ကျင်းပခဲ့သည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (သို့မဟုတ်) ကမ္ဘာ့ သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အဖြစ် မေလ (၃) ရက်ကို (၁၉၉၃) ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ပေးခဲ့သည်။ အခြေခံစာနယ်ဇင်းလွတ်လပ်ခွင့်စည်းမျဉ်းများအတွက် အထိမ်းအမှတ်ကျင်းပရန်၊ ကမ္ဘာတစ်ဝန်းလုံးရှိ စာနယ်ဇင်း လွတ်လပ်ခွင့်အခြေအနေများကို ဆန်းစစ်ရန်၊ လွတ်လပ်ခွင့်နှင့်ပတ်သက်၍ မီဒီယာများတိုက်ခိုက်ခံရမှုကို ကာကွယ်ရန်၊ တာဝန်ထမ်းဆောင်နေစဉ် အသက်စွန့်ခဲ့ရသော ဂျာနယ်လစ်များကို ဂုဏ်ပြုရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပခဲ့သည်။

(၁၉၉၁) ခုနှစ်က ပြုလုပ်ခဲ့သည့် ယူနက်စကို၏ အထွေထွေညီလာခံက သတင်းလွတ်လပ်ခွင့်အတွက် ထောက်ခံချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် သတ်မှတ်ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

အပိုဒ်ပေါင်း (၃၀) ပါရှိသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် (၁၉) တွင် လူသားတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသည် ဟူသောအချက်ပါရှိသည်။ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်သည် စာရေးဆရာ၊ အယ်ဒီတာ၊ သတင်းစာဆရာ၊ စာပေဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများ၊ အနုပညာရှင်များနှင့် သက်ဆိုင်သကဲ့သို့ လူသားတိုင်းနှင့်လည်း အချိုးညီမျှစွာ သက်ဆိုင်သည်။ အသားအရောင်မရွေး၊ နေရာဒေသမရွေး၊ အယူတ်အလတ်အမြတ်မရွေး၊ ကိုးကွယ်သည့် ဘာသာအယူဝါဒမရွေး၊ မည်သူမဆို၊ မည်သည့်အသက်အရွယ်မဆို ရရှိအပ်သည့်၊ ရရှိပြီးဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ ရပိုင်ခွင့်တစ်ခုဖြစ်သည်။ လူ့အခွင့်အရေးကြေညာစာတမ်းကို (၁၉၄၉) ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်က ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ ကြေညာခဲ့သည်။ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့သည် လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁၉) ကို လေးစားလိုက်နာရန်၊ ကာကွယ်ရန်နှင့် မြှင့်တင်ရန်လည်းဖြစ်သည်။

(၂၀၁၄) ခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ အဓိကရည်ရွယ်ချက်အဖြစ် ကောင်းမွန်သောအနာဂတ်အတွက် သတင်းလွတ်လပ်ခွင့်၊ (၂၀၁၅) အလွန်ဖွံ့ဖြိုးမှုအစီအစဉ်ကို ဖော်ဆောင်ရေးဟူသောအဓိပ္ပာယ်များဖြင့် ကြွေးကြော်ထားသည်။ ထိုကြွေးကြော်သံနှင့်အတူ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အခမ်းအနားကို မေလ (၅) ရက်နှင့် (၆) ရက်များတွင် ယူနက်စကို ရုံးချုပ်တည်ရှိရာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပသည်။ (၂၀၁၄) ခုနှစ် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အတွက် ကုလသမဂ္ဂထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် အီရီနာဘိုကိုဗာတို့က အမှာ စကားပြောကြားရာတွင် ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်ချက်များနှင့် သိပ္ပံပညာဆိုင်ရာ တိုးတက်မှုများမှ ကျားမအခွင့်အရေးတန်းတူရရေး၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ငြိမ်းချမ်းမှု တည်ဆောက်ရေးများအထိ လွှန်စွာကျယ်ပြန့်သည့် ဖွံ့ဖြိုးတိုးတက်မှုအကြောင်းအရာများတစ်လျှောက် သတင်းအချက်အလက်ဆိုင်ရာ ဆွေးနွေးမှုများ ဖြစ်ပေါ်ရန်အတွက် ဂျာနယ်လစ်ဇင်သည် အဆင့်တစ်ခုကိုပေးပါသည်။ ဂျာနယ်လစ်များအနေဖြင့် စောင့်ကြည့်ရန်၊ စုံစမ်းထောက်လှမ်းရန်နှင့် မူဝါဒများနှင့် လုပ်ရပ်များကို ဝေဖန်ရန် လွတ်လပ်မှုရှိသည့်အခါမှသာ ကောင်းမွန်သည့်အုပ်ချုပ်ရေး တည်ရှိနိုင်မည် ဖြစ်သည်ဟူ၍ ဖော်ပြပါရှိသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့နှင့်ပတ်သက်၍ နိုင်ငံတကာစာနယ်ဇင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏အဆိုအရ (၂၀၁၃) ခုနှစ်တွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့် Global Press Freedom အခြေအနေသည် ကျဆင်းမှုဘက်ဦးတည်ခဲ့သည်။ ဆယ်စုနှစ်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ခဲ့သည်။ အီဂျစ်၊ လစ်ဗျား၊ ဂျော်ဒန်၊ တူရကီ၊ ယူကရိန်းအစရှိသည့်နိုင်ငံများအပါအဝင် အရှေ့အာဖရိက နိုင်ငံအချို့တွင် ဖြစ်ခဲ့သည့် ကိစ္စများကြောင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကျဆင်းမှုဘက်သို့ ဦးတည်စေခဲ့သည်ဟု နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်းများက ယူဆခဲ့ကြသည်။ (၂၀၁၄) ခုနှစ်အတွက် Freedom House အစီရင်ခံစာညွှန်းကိန်း၌ ဖော်ပြထားချက်အရ မြန်မာနိုင်ငံ၏ စာနယ်ဇင်းလွတ်လပ်ခွင့်သည် မလွတ်လပ်သည့် အခြေအနေတွင်ပင် ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) က ထုတ်ပြန်သည့် အစီရင်ခံစာညွှန်ကိန်းတွင် ခက်ခဲသည့်အနေအထားကို ထည့်သွင်းနေရဆဲဖြစ်ကြောင်း ဖော်ပြထားသည်။ နိုင်ငံတကာဂျာနယ်လစ်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (CPJ) က မြန်မာနိုင်ငံကို ဆင်ဆာတင်းကျပ်မှုအဆိုးဆုံး (၁၀) နိုင်ငံစာရင်းမှ ပယ်ဖျက်ပေးခြင်း မရှိသေးကြောင်း၊ မြန်မာနိုင်ငံက ဆင်ဆာအတင်းကျပ်ဆုံး ကမ္ဘာ့ (၁၀) နိုင်ငံစာရင်းတွင် နံပါတ် (၇) နေရာ၌ ရှိနေသေးကြောင်း ဖော်ပြသည်။ ၎င်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ပြောရေး ဆိုခွင့်ရှိသူဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးရဲထွဋ် (ယခုပြည်ထောင်စုဝန်ကြီး) က မြန်မာနိုင်ငံ၌ စာနယ်ဇင်းလွတ်လပ်ခွင့် ပေမီဒေါက်မီ ရနေပြီဟု ယုံကြည်ကြောင်း မဇ္ဈိမသတင်းစာတွင် ပြောကြားခဲ့သည်။ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အမြင်မတူမှုများ ရှိနေသည့် သဘောတရားဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားကို ယခင်နှစ် (၂၀၁၃) ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၂၀၁၄) ခုနှစ် မေလ (၃) ရက်တွင် ဒုတိယအကြိမ် ကျင်းပခဲ့သည်။ ထိုအခမ်းအနားကို ယူနက်စကိုက ကြီးမှူးပြီး ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားသည်။ ဤအခမ်းအနားသည် နိုင်ငံတော်၏ လွန်ခဲ့သော သုံးနှစ်တာ ကာလများအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွင်းမှ ဖြစ်ပေါ်လာသော မီဒီယာဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခု ဖြစ်ကြောင်း၊ မိမိတို့သည် အစိုးရသစ်တက်လာပြီး လအနည်းငယ်အကြာမှာပင် မီဒီယာပြောင်းလဲရေးလုပ်ငန်းစဉ်ကို စတင်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယခုအချိန်မှာမူ ပြီးခဲ့သောနှစ်များအတွင်းက မိမိတို့စိုက်ထူခဲ့သော ထူးခြားပြောင်မြောက်သည့် မီဒီယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ မှတ်ကျောက်များကို ထင်ရှားစွာတွေ့မြင်နေကြရပြီ

ဖြစ်ကြောင်း၊ ယင်းတို့မှာ စာနယ်ဇင်းဆင်ဆာစနစ်ကို ရုပ်သိမ်းခဲ့ခြင်း၊ ပုဂ္ဂလိကသတင်းစာများ ပြန်လည်ထွက်ပေါ်လာခြင်း၊ ဘလော့ဂ်ဂါ (Blogger) ဟူသော အဆိုပြုချက်တစ်ရပ်အား ပြန်လည်တင်ပြသူများနှင့် စာနယ်ဇင်းသမားများ ပြန်လည်လွတ်မြောက်လာကြခြင်း၊ လွတ်လပ်သော စာနယ်ဇင်းနှင့် ပုံနှိပ်ထုတ်ဝေသူများ အသင်းအဖွဲ့များ ပေါ်ထွက်လာခြင်း၊ တစ်ချိန်က ပြည်ပရောက်မီဒီယာများကို မှတ်ပုံတင်ခွင့်ပြုခြင်းများ ပြန်လည်ခွင့်ပြုချမှတ်ပေး ခြင်းတို့ ပါဝင်ကြောင်း၊ ထို့အပြင် တင်းကျပ်သည့် (၁၉၆၂) ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ဖျက်သိမ်းနိုင်ခဲ့ပြီး အမျိုးသားရေး၊ လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများအတွက် အားပေးခြင်းတို့ကို တားမြစ်သည့်ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် သတင်းစာဆရာများ၏ သတင်းရှာဖွေရန် အခွင့်အရေးကိုလည်းကောင်း၊ သတင်းစာဆရာများကို အကာအကွယ်ပေးရန်လည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားသည့် သတင်းမီဒီယာဥပဒေတို့ကို ပြဋ္ဌာန်း ခဲ့ပြီးဖြစ်ကြောင်း၊ ထိုမျှသာမက သတင်းစာဆရာများအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ ဘဏ္ဍာများဖြင့် တည်ထောင်ထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ သတင်းများကိုလည်း တောင်းဆိုပိုင်ခွင့်ရရှိကြမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းအတွက် တန်းတူညီမျှ အခွင့်အရေးပေးသော ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်၏ ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွက် လွတ်လပ်သော မီဒီယာဗဟုဝါဒသည် အလွန်ပင်အရေးကြီးကြောင်း၊ ဗဟုမီဒီယာ၏ ပန်းတိုင်တစ်ခုအဖြစ် ပြည်သူ့ဝန်ဆောင်မှုမီဒီယာကို ထည့်သွင်းထားရာ ဝေးလံခေါင်ဖျားဒေသများမှ တိုင်းရင်းသားညီအစ်ကိုများ အပါအဝင် နိုင်ငံသားအားလုံးသည် သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိပိုင်ခွင့်ကို ကောင်းစွာခံစားကြရတော့မည်ဖြစ်ကြောင်း၊ သို့ပါသော်လည်း ချောမွေ့အဆင်ပြေသော ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာရန်အတွက် လွယ်ကူသောလမ်းကြောင်းသည် မည်သည့်အခါမျှ မရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုံ၊ ဘာသာစုံနိုင်ငံတစ်ခုအတွက် မီဒီယာလွတ်လပ်ခွင့်နှင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုတို့အကြားတွင် တစ်ဖက်နှင့်တစ်ဖက် မတိမ်းမစောင်းစေရေး ထိန်းကျောင်းပေးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးခရီးစဉ်တွင် လွတ်လပ်မျှတ၍ ဘေးအန္တရာယ်ကင်းသော ဗဟုမီဒီယာဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် လူတိုင်းက တာဝန်သိစွာ ပါဝင်ကူညီကြပါရန် လေးစားစွာ တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယူနက်စကို ဌာနေကိုယ်စားလှယ် Mr.Sardar Ymar Alan က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်တို့၏ ပူးတွဲကြေညာချက်ကို ဖတ်ကြားရာတွင် (၂၀၁၅) ခုနှစ် ထောင်စုနှစ် ရည်မှန်းချက်အောင်မြင်စွာဆောင်ရွက်ရန် မျိုးဆက်သစ်များတွင် တစ်ကြိမ်တစ်ခါ အခွင့်အရေး ရရှိအောင် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ကို နိုင်ငံတကာအဖွဲ့အစည်းက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူတန်းစားပေါင်းစုံပါရှိသော အခြေခံကျ၍ လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ ဥပဒေပြဋ္ဌာန်းချက်တို့သည်လည်း အခြေခံအခွင့်အရေးတွင် ပါရှိရန် လိုအပ်ကြောင်း၊ လူ့ဂုဏ်သိက္ခာ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံအခွင့်အရေးသည် မရှိမဖြစ် လိုအပ်ကြောင်း ပါရှိသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ သဝဏ်လွှာကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေကလည်းကောင်း၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်၏ သဝဏ်လွှာကို မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက် အထွေထွေအတွင်းရေးမှူးဦးမြင့်ကျော်ကလည်းကောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ သဘောထားကြေညာချက်ကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ (၂၀၁၄) ယူနက်စကို သတင်းလွတ်လပ်ခွင့်ဆုရွေးချယ်ရေးနိုင်ငံတကာ ဂျူရီအဖွဲ့ဝင် ဦးကိုကိုကလည်းကောင်း၊ နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့၏

ကြေညာချက်ကို နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ အဖွဲ့ဝင် ဦးကိုကိုဇော်ကလည်းကောင်း၊ အမျိုးသား စီမံခန့်ခွဲမှုကောလိပ် သတင်းအတတ်ပညာ သင်တန်း ဌာန၏ ကြေညာချက်ကို အဆိုပါသင်တန်းဌာနမှ ကျောင်းသားမောင်ဂင်ရှန်လျန်ကလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကွယ်လွန်သွားပြီဖြစ်သည့် သတင်းစာ ဆရာကြီး ဟံသာဝတီဦးဝင်းတင် ယမန်နှစ်က ကျင်းပ သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနား သို့ တက်ရောက်အမှာစကားပြောကြားခဲ့သည့် ဗီဒီယို မှတ်တမ်းကို ပြသပြီး တက်ရောက်လာသူများက ဝမ်းနည်းကြောင်းစာသားကို ရေးသားဖော်ပြကာ အခမ်းအနားကို ရုပ်သိမ်းသည်။

မီဒီယာလွတ်လပ်ခွင့်၊ စာပေလွတ်လပ်ခွင့်၊ ကျင့် ဝတ်နှင့် စာနယ်ဇင်းလောက၏ စိန်ခေါ်မှုများနှင့်ပတ် သက်၍ နိုင်ငံတော်အစိုးရပိုင်း၊ သတင်းပညာရှင်ပိုင်းနှင့် လက်တွေ့လုပ်ဆောင်နေသော သတင်းလောကသား များအပိုင်းတို့မှ အယူအဆအမျိုးမျိုးထုတ်ဖော်ပြောဆို တင်ပြခဲ့ကြသည်။

သတင်းစာဆရာကြီး ဦးခင်မောင်လေး (ဖိုးသော ကြာ) က လက်ရှိမြန်မာနိုင်ငံသတင်းစာလောကအပေါ် ၎င်း၏ အမြင်နှင့် သုံးသပ်ချက်ကို (၁၅-၅-၂၀၁၄) ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် တွေ့ဆုံ မေးမြန်း၍ ဖြေကြားရာတွင် သတင်းစာပညာနယ်ပယ် သည် (၁၉၆၂) ခုနှစ်နောက်ပိုင်း မှစပြီး နှစ် (၅၀) ကျော်ကြာ ပျောက်ဆုံးခဲ့ကြောင်း၊ ၎င်းသည် ထိုခေတ် ထိုအခါက နိုင်ငံတော်အစိုးရတို့၏ မီဒီယာ တင်းကျပ်မှုများကြောင့်ဖြစ်ကြောင်း၊ (၂၀၁၁) ခုနှစ် အစိုးရသစ်တက်လာချိန်တွင် သတင်းစာပညာ နယ်ပယ်သည်လည်းရှိမနေခဲ့ကြောင်း၊ ပျောက်ဆုံး လျက်ရှိကြောင်း၊ ပုဂ္ဂလိကသတင်းစာဟူသည် အစအန ပျောက်လျက်ရှိကြောင်း၊ ဤကဲ့သို့ပျောက်ဆုံးနေခြင်းမှာ မီဒီယာတင်းကျပ်မှုအောက်တွင် နိုင်ငံတော်ပိုင်သတင်း စာတစ်ခုတည်းကို သာ ထားရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းစာကိုဖော်ဆောင်မည့် ပုဂ္ဂလိက သတင်းစာ သမားဟူသည်လည်း မရှိကြောင်း၊ ဂျာနယ် အနည်း အကျဉ်းထွက်ရှိ၍ သတင်းထောက်အနည်းငယ် ရှိသည်ဆိုငြား သတင်းစာအတတ်ပညာနှင့်ပတ်သက်၍ အားနည်းခဲ့ကြောင်း၊ ယနေ့အချိန်အခါသည် သတင်း စာထုတ်ဝေမှုနှင့်ပတ်သက်၍ နည်းပညာများမြင့်မား လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နည်းပညာပစ္စည်းများ သည်လည်း အထောက်အကူဖြစ်သင့်ကြောင်းဖြေကြား ခဲ့သည်။

ဆက်လက်၍ မီဒီယာလွတ်လပ်ခွင့်အတွက် မည်သည်တို့ကို ထိန်းညှိလုပ်ဆောင်သင့်ကြောင်း နှင့်ပတ်သက်၍ ဦးခင်မောင်လေးက ဖြေကြားရာတွင် ယနေ့သတင်းသမားများသည် လက်တွေ့ဖြတ်သန်း နေရသည့် လမ်းကြမ်းဖြစ်ကြောင်း၊ ယခုမှ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပန်းတိုင်ထားဦးတည်ပြီး လျှောက် နေရသည့် လမ်းဖြစ်ကြောင်း၊ အစိုးရနှင့် သတင်း သမားများကြားဖြစ်ပေါ်နေသည့် လက်ရှိအခြေအနေ ကို မိမိအနေဖြင့် ပဋိပက္ခဟု မမြင်ကြောင်း၊ ကတောက် ကဆဖြစ်ခြင်းသာဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရှိမှ နှစ်ဖက်အစွန်းမရောက်ဘဲ လူမှုအဖွဲ့ အစည်း၌ အသုံးပြုနေသည့် အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးနိုင်မည်ဖြစ်ကြောင်း၊ သတင်း ထောက်ဟူသည် နေရာတကာတွင် မမှန်နိုင်ကြောင်း၊ ကျင့်ဝတ်က သတင်းသမားများအတွက် ဒိုင်းဆိုလျှင် မှန်ပါကြောင်း၊ ထို့ကြောင့် ကျင့်ဝတ်ကို လေးစား လိုက်နာသင့်ကြောင်း၊ ဥပဒေနှင့်ကျင့်ဝတ်ကို မိမိတို့ ရောထွေးမိတတ်ကြကြောင်း၊ ဥပဒေကို မိမိတို့ ကလန် ကဆန်လုပ်၍မရကြောင်း၊ ဥပဒေက ရှိနေမည်ဖြစ် ကြောင်း၊ လတ်တလောဖြစ်ပေါ်နေသည့် မီဒီယာ ပြဿနာများသည် ကျင့်ဝတ်နှင့်ဥပဒေကို မကွဲပြားခြင်း ဖြစ်ကြောင်း၊ အစိုးရဝန်ထမ်းများအနေဖြင့်လည်း ဥပဒေ ကို အမြဲသုံးနေသည်မှာ မကောင်းကြောင်း၊ သတင်း သမားများဘက်မှလည်း ကျင့်ဝတ်ကိုအသေအချာ နားမလည်ကြကြောင်း၊ သတင်းစာသမားများ ကျင့်ဝတ်ကို သေချာလိုက်နာမည်ဆိုလျှင် ဥပဒေက ကာကွယ်၍ ရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများအနေဖြင့်လည်း ကျင့်ဝတ်နှင့်ပတ်သက်၍ သတင်းသမားများကို သိရှိ အောင် ညွှန်ပြပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

မီဒီယာလောကနှင့်ပတ်သက်၍ စာနယ်ဇင်းကျင့်ဝတ်သည် စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် အကျိုးသက်ရောက်မှုရှိပါသလားဟူသည့် မေးခွန်းကို မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ဖြေကြားရာတွင် စာနယ်ဇင်းလွတ်လပ်ခွင့်တောင်းခြင်းသည် ပြည်သူများသတင်းသိပိုင်ခွင့်အတွက် တောင်းခြင်းဖြစ်ကြောင်း၊ လွတ်လွတ်လပ်လပ်ရေးသားလိုက်သည့် သတင်းများသည် ပြည်သူများအတွက် အကျိုးရှိ၊ မရှိ သုံးသပ်မည်ဆိုလျှင် စာနယ်ဇင်းလွတ်လပ်ခွင့်က ပို၍ အဓိပ္ပာယ်ရှိကြောင်း၊ ကျင့်ဝတ်ဖောက်ဖျက်မှုနှင့်ကန့်သတ်မှုများက တစ်ခါတစ်ရံတွင် ဆက်စပ်ပါလာတတ်ကြောင်း၊ လွတ်လပ်ခွင့်လိုချင်လျှင် ကျင့်ဝတ်နှင့်အညီ ရှိရန်လိုကြောင်း၊ အစိုးရဘက်မှလည်း ဒီမိုကရေစီကို ယုံကြည်သည့် အစိုးရဖြစ်ရန်လိုကြောင်း၊ မီဒီယာဘက်မှလည်း ကျင့်ဝတ်နှင့်ညီလျှင် စာနယ်ဇင်းလွတ်လပ်ခွင့်အသေအချာရရှိမှာဖြစ်ကြောင်း၊ လွတ်လပ်ခွင့်တိုင်းသည် အတိုင်းအတာရှိကြောင်း၊ လွတ်လပ်ခွင့်ဟု ဆိုသည်နှင့် တစ်ပြိုင်နက် တာဝန်ယူမှုပါ တွဲဖက်ပါဝင်ကြောင်း၊ တာဝန်ယူမှုဟူသည် မိမိကိုယ်မိမိထိန်းကျောင်းခြင်းဖြစ်ကြောင်း၊ ထိန်းကျောင်းတာဝန်ယူခြင်းသည် ကျင့်ဝတ်သာဖြစ်ကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်ရမှ သတင်းများသိခွင့်ရမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်တောင်းရာတွင် အချို့သတင်းသမားများအနေဖြင့် လွဲချော်မှုများရှိနိုင်သလို ပြည်သူများအနေဖြင့်လည်း အထင်မှားနေခြင်းများ ရှိနိုင်ကြောင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်တောင်း ခြင်းဟူသည် သတင်းသမားများ၏ လွတ်လပ်ခွင့်တောင်းခြင်းမဟုတ်ကြောင်း ဖြေကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံပိုင်သတင်းစာက ယခုအစိုးရသစ်လက်ထက်တွင် ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာနှင့် စာစောင်များ အများအပြားပေါ်ထွက်လာခြင်းသည် ပြည်သူများအပေါ် မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်စေပါသလဲဟူသော မေးခွန်းကိုမေးမြန်းရာ ဦးကိုကိုက လွတ်လပ်ခွင့်အထိုက်အလျောက် ရလာသည့်အချိန်မှာ မီဒီယာလောက၌ စာနယ်ဇင်းပေါင်းများစွာပေါ်ထွက်လာကြောင်း၊ လူသားတိုင်း ရေးသားထုတ်ဝေပိုင်ခွင့်၊ အမြင်များကို တင်ပြခွင့်ရှိခြင်းသည် ဒီမိုကရေစီ၌ ကောင်းသောအချက်တစ်ရပ်ဖြစ်ကြောင်း၊ သို့သော် စာနယ်ဇင်းပညာမပြည့်ဝသည့်သူများ၊ လုံးဝမသိသည့်သူများလည်း ပါလာနိုင်ကြောင်း၊ စာနယ်ဇင်းသမားမဟုတ်သည့်သူများလည်း အယ်ဒီတာလောကထဲသို့ ဝင်လာကြကြောင်း၊ အမုန်းစကားများ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများပါလာကြောင်း၊ ၎င်းကို တားဆီး၍လည်း မရကြောင်း၊ နိုင်ငံတကာ၌ စာနယ်ဇင်းလောကထဲသို့ လုပ်ရှားတက်ကြွသူများနှင့် နိုင်ငံရေးသမားများဝင်လာကြကြောင်း၊ ၎င်းတို့သည်လည်း စာနယ်ဇင်းကိုဆောင်ရွက်၍ရကြောင်း၊ လွတ်လပ်သည့် ဒီမိုကရေစီနိုင်ငံ၌ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာရွေးချယ်ခွင့်ရှိကြောင်း၊ ခေတ်ကာလအခြေအနေများအရ စာဖတ်ပရိသတ်များ၊ သတင်းများကို ဝေဖန်မှတ်ခဲ့ကြောင်း၊ ထို့ကြောင့် ကျင့်ဝတ်နှင့်ညီညွတ်သည့် စာနယ်ဇင်းများ အင်အားကောင်းလာစေရန် ကြိုးပမ်းဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ၎င်းသည် တစ်ဦးချင်းတွင် တာဝန်ရှိသကဲ့သို့ အဖွဲ့လိုက်လည်းတာဝန်ရှိကြောင်း၊ (၁၉၆၂) ခုနှစ်က မီဒီယာဥပဒေ မရှိတော့ကြောင်း၊ ဥပဒေသစ်ပေါ်လာသော်လည်း နည်းဥပဒေမရှိသေးကြောင်း၊ နည်းဥပဒေပေါ်လာစေရန် စောင့်ရဦးမည်ဖြစ်ကြောင်း၊ ယခုအနေအထားသည် ဥပဒေ၌ အာဏာမရှိသည့် ကြားကာလဖြစ်ကြောင်း၊ အာဏာပိုင်များဘက်ကရော၊ စာနယ်ဇင်းသမားတွေ ဘက်ကပါ လုပ်ကိုင်ဆောင်ရွက်သည့်နေရာ၌ သတိထားပြီးဆောင်ရွက်ရန်လိုအပ်ကြောင်း ဖြေကြားခဲ့သည်။

နိုင်ငံပိုင်သတင်းစာက မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အတွင်းရေးမှူးဖြစ်သူ ဦးဖိုးနိုင်လင်းကို မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့်ရလာသည်နှင့်အမျှ ထောင်ပေါင်းများစွာသောလူငယ်များ စာနယ်ဇင်းလောကထဲသို့ ဝင်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် သတင်းစာသင်တန်းကျောင်းများ လိုအပ်လာမှုနှင့် လူငယ်သတင်းသမားများအပေါ် အမြင်ကို သိရှိလိုကြောင်းမေးမြန်းရာ ဦးဖိုးနိုင်လင်းက အရာအားလုံး

အသစ်ဖြစ်နေသည့် ကာလတွင် ကသောင်းကနင်း ကာလဆိုသည်မှာ ရှိစမြဲဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်ပြီး သွားလျှင် အပြောင်းအလဲဆိုသည်မှာ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုအခြေအနေ၌ တစ်ယောက်နှင့် တစ်ယောက် ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေအရ အရေးယူနိုင်သည်ဆိုသော်ငြား သဘောထားကြီးမှုနှင့် နားလည်မှုရှိရန် လိုအပ်ကြောင်း၊ ဥပဒေကိုမသိ၍ ကျူးလွန်သည်ဆိုသော်ငြား ဥပဒေက ခွင့်မလွှတ်ဆိုသည်ကို နားလည်ရန်လိုအပ်ကြောင်း၊ အုပ်ချုပ်သူကိုယ်တိုင်ရော၊ သတင်းသမားများဘက်က ပါ ပြည်သူများပါဝင်လျက် အားလုံးနားလည်မှုရှိစွာ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ မီဒီယာ၏ လွတ်လပ်မှုအပိုင်းနှင့် ၎င်း၏ လုပ်ဆောင်နိုင်မှုကို ဖြေကြားရာတွင် သတင်းမီဒီယာဟူသည် နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်ကြောင်း၊ မဏ္ဍိုင်သုံးရပ်၏ ယိမ်းယိုင်မှု၊ အားနည်းမှုကို သတင်းမီဒီယာက ထောက်ပြရကြောင်း၊ ကိုယ်ကိုယ်တိုင်က လွတ်လပ်ခွင့်မရှိဘဲနှင့် ကျန်မဏ္ဍိုင်များ၏ ယိမ်းယိုင်အားနည်းမှုကို ထောက်ပြရန်ဟူသည် မဖြစ်နိုင်ကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့် ရပြီဆိုတိုင်းလည်း အမိပ္ပာယ်လွဲမှားစွာ အလွဲသုံးစားလုပ်မိသည့် ပုံစံမျိုးဖြစ်သွားလျှင် မကောင်းကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့်သည် စနစ်တကျရှိရန်နှင့် ကျင့်ဝတ်အပေါ်၌ မူတည်နေကြောင်း၊ သတင်းသမားများသည် လွတ်လပ်ခွင့်နှင့်အညီ တာဝန်ယူမှုနှင့် ကျင့်ဝတ်လည်း ရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ သတင်းသမားကို ပြည်သူက ယုံကြည်ကိုးစားသည့် စတုတ္ထမဏ္ဍိုင်ဖြစ်လာမည်ဖြစ်ကြောင်း ဖြေကြားသည်။

စာနယ်ဇင်းကျင့်ဝတ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ဆောင်ရွက်နေသည့် အပိုင်းများအား ရှင်းလင်းတင်ပြရာတွင် စာနယ်ဇင်းကောင်စီအပါအဝင် မြန်မာနိုင်ငံသတင်းသမဂ္ဂများက ကျင့်ဝတ်ပိုင်းဆိုင်ရာ ပညာပေးသင်တန်းများဖွင့်လှစ်ပေးပြီး တစ်နိုင်ငံလုံးသို့ လိုက်လံဆောင်ရွက်နေကြောင်း၊ သတင်းစာတိုက်၏ ကိုယ်ပိုင်ဟန်ဟုပြောသည့်အခါတွင် ကျင့်ဝတ်ဆိုသည်မှာ ကွဲကူးရေပါ ပါပြီးသားဖြစ်ကြောင်း၊ မကြာခင်က မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ၎င်းတို့၏ Code of Ethics စာအုပ်ကို ထုတ်ဝေခဲ့ကြောင်း၊ ထိုကျင့်ဝတ်အတိုင်း လိုက်နာမည်ဆိုလျှင် မည်သည့်ပြဿနာမှ ရှိမည်မဟုတ်ကြောင်း၊ သတင်းသမားဘက်မှ မှန်ကန်သည့်ကျင့်ဝတ်ဖြင့် မှန်ကန်သည့် သတင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ၎င်းသည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း၊ သတင်းသမားတိုင်းက ကျင့်ဝတ်ကို စောင့်ထိန်းရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

မေလ (၃၁) ရက်က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ပူးပေါင်းကော်မတီအစည်းအဝေးခန်းမတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ကျင်းပသည်။

ထိုအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တက်ရောက်ဆွေးနွေးသည်။ ရှေးဦးစွာ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဦးအောင်ကြည်က အစိုးရ၏မီဒီယာကဏ္ဍ ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိသတင်းအချက်အလက်များ ရရှိမှုအခြေအနေ၊ အများပြည်သူဝန်ဆောင်မှုမီဒီယာကို ပုံဖော်မည့် အခြေခံမူများ၊ အများပြည်သူဝန်ဆောင်မှုမီဒီယာသို့ ပြောင်းလဲခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို အကျယ်တဝင့်ရှင်းပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးချက်အရ အစိုးရပိုင်းအနေဖြင့် နိုင်ငံပိုင်မီဒီယာများကို ဆက်လက်လုပ်ဆောင်ရန် မသင့်တော့ဘဲ မီဒီယာဗဟုဝါဒသို့ သွားရောက်လိုသဖြင့် နိုင်ငံပိုင်မီဒီယာများကို အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရန် ရည်ရွယ်ခြင်းဟု ဆိုလိုခြင်းဖြစ်သည်။ အခြေခံအားဖြင့် နိုင်ငံပိုင်မီဒီယာများကို အသွင်ပြောင်းမည့် အများပြည်သူဝန်ဆောင်မှု မီဒီယာကို အကောင်

အထည်ဖော်မည်ဆိုပါက လွှတ်တော်၏ခွင့်ပြုချက်ဖြင့် အဆိုပါမီဒီယာအတွက် ဘဏ္ဍာခွဲဝေမှု (၇၀) ရာခိုင်နှုန်းကို ပြည်သူ့ဘဏ္ဍာငွေမှတစ်ဆင့် ထောက်ပံ့ပေးရမည်ဖြစ်သည်။ ကျန်ရာခိုင်နှုန်း (၃၀) ကို ကြော်ငြာ၊ နိုင်ငံတကာထောက်ပံ့ငွေများနှင့် သတင်းစာရောင်းရငွေများမှ ရရှိမည်ဖြစ်သည်။

မြန်မာသတင်းစာဆရာသမဂ္ဂမှ ဦးဇော်သက်ထွေးက ဆွေးနွေးရာတွင် နိုင်ငံပိုင်မီဒီယာတစ်ခုလုံးလည်ပတ်မည့်ကိစ္စတွင် ဘဏ္ဍာရေးအရင်းအမြစ်သည် အရေးကြီးပါကြောင်း၊ (၇၀) ရာခိုင်နှုန်းကို လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်ဘဏ္ဍာရေးအသုံးစရိတ် ရယူသုံးစွဲမည်ဖြစ်ခြင်းကြောင့် လုံးဝလွတ်လပ်သည့်မီဒီယာဖြစ်ပေါ်လာရန် ခက်ခဲပါကြောင်း ဆွေးနွေးသည်။ ၎င်းက ဆက်လက်၍ အများပြည်သူဝန်ဆောင်မှုပေးမည်ဆိုလျှင် အစိုးရမဟုတ်သောအဖွဲ့အစည်းအသွင်ဆောင်နေကြောင်း၊ ကြော်ငြာငွေများကိုလည်းယူမည်၊ နိုင်ငံတကာအထောက်အပံ့ကိုလည်းယူမည်၊ နိုင်ငံတော်ဘဏ္ဍာရေးအသုံးစရိတ်မှလည်း ယူမည်ဆိုသောကြောင့် မိမိတို့ပုဂ္ဂလိကမီဒီယာများ အနေဖြင့်ယှဉ်ပြိုင်နိုင်စွမ်းမရှိနိုင်ကြောင်း၊ ဤသို့ဆိုလျှင် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးအားမြှောက်ပြုနေသည့် ဒီမိုကရေစီတိုင်းပြည်အနေဖြင့် ဝိရောဓိဖြစ်လာနိုင်သလားဆိုသည်ကို ပြန်ပြီး စဉ်းစားသုံးသပ်စေချင်ကြောင်း ဆွေးနွေးသည်။

နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာထိတွေ့ဆက်ဆံရေးတွင် အပြန်အလှန်ယုံကြည်မှုနားလည်မှုနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများ ပိုမိုရရှိရန်ရည်ရွယ်ချက်ဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် မီဒီယာတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည့် မဏ္ဍိုင်သုံးရပ်နှင့် သတင်းမီဒီယာ တွေ့ဆုံဆွေးနွေးပွဲကို (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၄) ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဉက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ) တို့က အဖွင့်ဆွေးနွေးစကားပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ဒေါက်တာအောင်ထွန်းသက်က ဆောင်ရွက်သည်။

ဆက်လက်၍ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို မဏ္ဍိုင်သုံးရပ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ သတင်းမီဒီယာဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် သတင်းမီဒီယာတို့မှ စုစုပေါင်းကိုယ်စားလှယ် (၁၅၀) တက်ရောက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲဒုတိယနေ့ကို အောက်တိုဘာလ (၅) ရက်တွင် ဆက်လက်ကျင်းပသည်။ ဆွေးနွေးပွဲတွင် သတင်းမီဒီယာကဏ္ဍကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် သတင်းမီဒီယာများမှ ဆွေးနွေးခြင်း၊ ထိုဆွေးနွေးရရှိမှုများအပေါ် မူတည်၍ ရှေ့လုပ်ငန်းစဉ်များ ပြုလုပ်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။ ယခုဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက Deutsche Welle နှင့် International Media Support တို့နှင့်ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ၏ အတွင်းရေးမှူး ဦးကျော်မင်းဆွေက ဆွေးနွေးရာတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းအပေါ် စာနယ်ဇင်းသမားများ၏ သဘောထားကို ပြောကြားလိုပါကြောင်း၊ အခြေခံမူများကို မည်သို့မျှ ပြောကြားရန်မလိုသော်လည်း နိုင်ငံပိုင်မီဒီယာများကိုသာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ခွင့်ပြုမည်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဟုထင်မြင်ယူဆမိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားအခွင့်အရေးရှိပါကြောင်း၊ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်သည် နိုင်ငံသားတိုင်း၌

ရှိသင့်ပါကြောင်း ဆွေးနွေးသည်။ ၎င်းက ဆက်၍ မိမိတို့နိုင်ငံတကာကို လေ့လာသည့်အခါတွင် အများပြည်သူဝန်ဆောင်မှုနှင့်ပတ်သက်၍ ရုပ်မြင်သံကြား ဥပဒေကိုပင် တွေ့ရှိရပါကြောင်း၊ ၎င်းတို့ကိုသာ အများပြည်သူဝန် ဆောင်မှုလုပ်လေ့ရှိပါကြောင်း၊ ထိုသို့ ဝန်ဆောင်မှုလုပ်ရာတွင် စံနှုန်းများသတ်မှတ်ထားကြောင်း၊ စံနှုန်းနှင့်ညီလျှင် မည်သူမဆို အများပြည်သူဝန်ဆောင်မှု ရုပ်သံလုပ်ငန်းလုပ်ခွင့်ရှိပါကြောင်း၊ နိုင်ငံပိုင်မီဒီယာမှတစ်ပါး အခြားသူလုပ်ခွင့်မရှိဟူသည့် ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆို ချက်တွင်လည်း ၎င်းရုပ်သံဥပဒေက မပါဝင်ပါကြောင်း ဆက်လက်ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန၌ အကြီးတန်းသတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့ဖူးပြီး ယခုအခါ၌ ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဦးတင်ထွေး (မောင်တွေးထက်) က ဆွေးနွေးရာတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို သွားနေသည့်ကာလဖြစ်ပါကြောင်း၊ ထိုကာလတွင် ယခုကဲ့သို့ အကျိုးအမြတ်အဓိကမထားဘဲ ထုတ်ဝေမည်ဆိုသောအခါ နှစ်စဉ်အရှုံးပေါ်နေပါက လွှတ်တော်က ဘတ်ဂျက်နှင့် ခွင့်ပြုပေးရမည်ဆိုပြီး ဆောင်ရွက်ပါက တဖြည်းဖြည်းနှင့် မီဒီယာအရည်အချင်းနည်းပါးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

စာနယ်ဇင်းသမားများ၏ အကြံပြုဆွေးနွေးမှုများကို ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ပြန်လည်ပြောကြားရာတွင် နိုင်ငံတကာ၌ အများပြည်သူဝန်ဆောင်မှုမီဒီယာမရှိခြင်းမဟုတ်ဘဲ မအောင်မြင်ခြင်းသာဖြစ်ပါကြောင်း ဆွေးနွေးသည်။ ထို့နောက် ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်က မီဒီယာဥပဒေများနှင့်ပတ်သက်ပါက လွှတ်တော်မှ အလေးထားဆောင်ရွက်နေပါကြောင်း၊ အပြန်အလှန်ဆွေးနွေးမှုများဖြင့် အကောင်းဆုံးနှင့်အမှန်ဆုံးဖြစ်ရန် လုပ်ဆောင်ပြီး လွှတ်တော်သို့ တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အာဆီယံဒေသတွင်း သတင်းမီဒီယာများမှ အယ်ဒီတာများ၏ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ နံနက်ပိုင်းဘာလ (၂၅) ရက်က ကျင်းပသည်။ ဆွေးနွေးပွဲသို့ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အာဆီယံနှင့် အရှေ့အာရှဒေသတွင်း စီးပွားရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ERIA မှ အမှုဆောင်အရာရှိချုပ် Professor Hidetoshi Nishimura နှင့် မဇ္ဈိမမီဒီယာအယ်ဒီတာချုပ် ဦးစိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက "၂၀၁၅ အလွန် မြန်မာ-အာဆီယံ" ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အာဆီယံဥက္ကသစ်နှင့် (၂၀၁၅) ခုနှစ် အာဆီယံစီးပွားရေးပေါင်းစည်းမှုတွင် ဒေသတွင်းဘက်စုံလွှမ်းခြုံနိုင်သော စီးပွားရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး၏ အကျိုးဆက်များ၊ အာဆီယံမြှင့်တင်ရေးတွင် အနာဂတ်စိန်ခေါ်မှုများ၊ အာဆီယံဆက်သွယ်ပေါင်းစည်းမှုနှင့် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်များကို စကားဝိုင်းဆွေးနွေးခဲ့သည်။

ထို့ပြင် မီဒီယာကဏ္ဍဆွေးနွေးမှုအဖြစ် အာဆီယံမြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများတွင် အရှေ့နှင့်အနောက်အမြင်များကို ဂျပန်နိုင်ငံမှ NHK သတင်းဌာန၊ ထိုင်းနိုင်ငံမှ The Nation သတင်းစာ၊ နယူးဇီလန်နိုင်ငံမှ Fairfax Media Asia Wall Street ဂျာနယ်နှင့် တရုတ်နိုင်ငံမှ People's Daily သတင်းမီဒီယာများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများအပြီးတွင် စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာသော အာဆီယံအတွင်းရေးမှူးချုပ် လီယောင်မင်သည် အာဆီယံဒေသတွင်း အရေးကိစ္စများကို ဆွေးနွေးခဲ့ပြီး အယ်ဒီတာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ERIA မှ Senior Communication Advisor Mr.Kavi Chongkittavorn က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

တတိယအကြိမ်မြောက် အာဆီယံဒေသတွင်း အယ်ဒီတာများ စကားဝိုင်းဆွေးနွေးပွဲကို အာဆီယံ-အရှေ့အာရှ စီးပွားရေးဆိုင်ရာ သုတေသနသင်တန်းကျောင်း (Economic Research Institute for Asean and East Asia-ERIA) နှင့် မဇ္ဈိမမီဒီယာတို့ ပူးပေါင်းကျင်းပခဲ့သည်။

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (၂၀၁၃)။** ။ (၁၉၂၀) ပြည့်နှစ်၊ အောက်တိုဘာလတွင် မေတ္တာနှင့်သူရာ ဇာတ်ကားကို ရုံတင်ပြသခဲ့ရာမှ မြန်မာ့ရုပ်ရှင် စတင်ခဲ့သည်။ ရုပ်ရှင်ဇာတ်ကားများ အဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ (၁၉၅၂) ခုနှစ်တွင် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကိုဖွဲ့စည်းကာ ယင်းနှစ်တွင်ပင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို စတင်ချီးမြှင့်ခဲ့သည်။ စတင်ချီးမြှင့်စဉ်က ဆုအမျိုးအစားသုံးမျိုးသာ သတ်မှတ်ခဲ့သော်လည်း နောင်တွင်အရေအတွက် တိုးမြှင့်သတ်မှတ်ခဲ့သည်။

(၁၉၉၀) ပြည့်နှစ်မှစ၍ ထူးချွန်ဆု (၁၀) မျိုးအထိ တိုးမြှင့်ခဲ့ပြီး (၁၉၉၄) ခုနှစ်တွင် ရုပ်ရှင်တည်းဖြတ်ဆုထပ်မံတိုးမြှင့်ကာ (၁၁) မျိုးအထိ သတ်မှတ်ချီးမြှင့်ခဲ့သည်။ (၂၀၁၃) ခုနှစ်မှစ၍ အကယ်ဒမီထူးချွန်ဆု စိစစ်ရွေးချယ်ခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်းတို့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ယူဆောင်ရွက်ခဲ့သည်။

(၂၀၁၃) ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့်အခမ်းအနားကို ဒီဇင်ဘာလ (၂၇) ရက်ညနေပိုင်းတွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီရန်အောင်နှင့် တင်မိုးလွင်တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားစလျှင် ရွှေနတ်သမီးအဖြစ် မော်ဒယ်သရုပ်ဆောင် ခိုင်သဇင်ယုဝါက ကြယ်စင်ကိုသယ်ဆောင်လာပြီး စည်သူဒေါက်တာ



**(၂၀၁၃) ခုနှစ်အတွက် အကယ်ဒမီဆုရရှိသူများ**

ဗိုလ်ကလေးတင့်အောင်က စင်မြင့်တွင်စိုက်ထူကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပန်ကြားတင်ပြသည်။

ဆက်လက်၍ (၂၀၁၃) ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ရာ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုအတွက် ကြယ်စင်မော်ကွန်း ဇာတ်ကားမှဂီတမှူး စန္ဒရားတင်ဝင်းလှိုင်က လည်း

ကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုအတွက် စုန်းပြူးဇာတ်ကားမှ ခိုင်သင်းကြည်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုအတွက် နင်စေရင် ဇာတ်ကားမှ မင်းဦးကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုအတွက် စေတန်ရဲ့ကချေသည် ဇာတ်ကားကိုရိုက်ကူးသူ ဒါရိုက်တာဝိုင်းကလည်း ကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု အတွက် နင်စေရင်ဇာတ်ကားမှ ဝတ်မှုန်ရွှေရည်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင် ဆုအတွက် နင်စေရင်ဇာတ်ကားမှ ပြေတီဦးကလည်း ကောင်းရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီရွှေစင် ရုပ်ဆုများချီးမြှင့်ကာ ဆုရရှိသူများက ကျေးဇူးတင်ဝမ်း မြောက်စကား ပြန်လည်ပြောကြားကြသည်။

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ရုပ်ရှင်အနု ပညာရှင်များ၏ မျိုးဆက်သစ် သားသမီးငယ်များက ခေတ်လေးခေတ်ဖြတ်သန်းခဲ့သော ရုပ်ရှင်သမိုင်း ကြောင်းအား "ကြယ်စင်လင်းတဲ့ မြန်မာ့ရုပ်ရှင်" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်၍လည်းကောင်း၊ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းကို မြန်မာ့ စောင်းလက်သံနှင့် လေဆာစောင်း (Laser hurb) တို့ဖြင့် တွဲဖက်တီးမှုတ်ကာ ကကွက်များဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားအပြင်အဆင်ဒီဇိုင်းများကို ထိုင်း နိုင်ငံရှိ Index Creative Village ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်သည်။

(၂၀၁၃) ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင် ဇာတ်ကား (၁၅) ကားရှိပြီး အကောင်းဆုံးအနုပညာ စွမ်းဆောင်ချက်များအပေါ် စိစစ်၍ စေတန်ရဲ့ ကချေသည်၊ နင်စေရင်၊ အဖြူရောင် ရဲတိုက်၊ စုန်းပြူး၊ ကိုယ့်အထာနဲ့ကိုယ်နှင့် ကြယ်စင်မော်ကွန်းစသည့် ဆန်ခါတင်ဇာတ်ကားခြောက်ကား ရွေးချယ်ကာ ယင်းတို့အနက်မှ ဆုများရွေးချယ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် ဆုအမျိုးအစား (၁၁) မျိုးအနက် ခြောက်မျိုးသာချီးမြှင့်နိုင်ခဲ့ပြီး (၁၉၉၄) ခုနှစ်နောက်ပိုင်း အရေအတွက်အနည်းဆုံး ပေးအပ်ခဲ့သည့်နှစ်ဖြစ် သည်။

## ယခင်ကဖော်ပြရန်ကျန်ရှိခဲ့သော ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ

**ကျော်ဇောနိုင်၊ ဦး (၁၉၅၀-၂၀၁၃)။** ။ ဥပဒေပညာရှင်၊ မူပိုင်ခွင့်ရေးရာပညာရှင် ဦးကျော်ဇော နိုင်ကို ဦးစံချောင်း (အငြိမ်းစားစာတိုက်ဝန်)၊ ဒေါ်မြဆင့် တို့က (၁၉၅၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၃) ရက်တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။ မောင်နှမခြောက်ယောက် အနက် ဒုတိယမြောက်နှင့် အကြီးဆုံးသားဖြစ်သည်။



ဦးကျော်ဇောနိုင်

ငယ်စဉ်က တောင်ကြီးမြို့ စိန့်အန်းကျောင်း၊ ပုသိမ်မြို့ စိန့်ဂျိုးဇက်ကွန်ဗင့်ကျောင်းများတွင် ပညာ သင်ကြားခဲ့ပြီး (၁၉၆၇) ခုနှစ်တွင် မော်လမြိုင်မြို့ စိန့်ပက်ထရစ်ကျောင်း (ယခု အထက ၅) မှ အခြေခံ ပညာအထက်တန်းအောင်မြင်သည်။

(၁၉၇၃) ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (သမိုင်း) ပြင်ပဝိဇ္ဇာ နှင့် (၁၉၇၄) ခုနှစ်တွင် ဥပဒေဘွဲ့၊ (၁၉၈၀) ပြည့်နှစ်တွင် မဟာဥပဒေဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိသည်။

(၁၉၇၄) ခုနှစ်မှစ၍ (၁၉၉၈) ခုနှစ်အထိ ရန်ကုန် တက္ကသိုလ်ဥပဒေပညာဌာနတွင် နည်းပြဆရာမှ ကထိက အထိ သင်ကြားရေးတာဝန်နှင့်အတူ (၁၉၈၈) ခုနှစ်မှ (၁၉၉၈) ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အင်းဝဆောင် အဆောင်မှူးတာဝန် ထမ်းဆောင်သည်။ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး၏ အတွင်းရေးမှူးတာဝန်ကို (၁၉၇၄ မှ ၁၉၉၆) ခုနှစ်အထိ ထမ်းဆောင်သည်။

(၁၉၉၈) ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်သို့ ဥပဒေပညာဌာန တွဲဖက်ပါမောက္ခ/ဌာနမှူး တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး (၁၉၉၉) ခုနှစ်တွင် မော်လမြိုင်တက္ကသိုလ်မှ ဆေးပင်စင်ယူသည်။ ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဗုဒ္ဓဒေသနာတော်ပြန့်ပွားရေးပညာဌာနတွင် တွဲဖက်ဌာနမှူးအဖြစ် ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်သည်။

ဦးကျော်ဇောနိုင်သည် ကျောင်းသားဘဝကပင် မြန်မာနိုင်ငံသုတေသနအသင်း (Burma Research Society) အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး ပညာရပ်ဆိုင်ရာ သုတေသနများကို အစဉ်တစိုက် လုပ်ဆောင်ခဲ့သည်။ (၁၉၇၄ ခုနှစ်မှ ၁၉၈၀) ပြည့်နှစ် မြန်မာနိုင်ငံ သုတေသနအသင်းကြီးဖျက်သိမ်းခဲ့ချိန်အထိ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သည်။ (၁၉၈၀) ပြည့်နှစ် ယင်းအသင်းကြီး၏ နောက်ဆုံးအခမ်းအနားဖြစ်သော စီးပွားရေးတက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် (၇၀) နှစ်မြောက် အထိမ်းအမှတ်စာတမ်းဖတ်ပွဲတွင် "The New Criminology in Modern Society" စာတမ်းကို ဖတ်ကြားခဲ့သည်။

ဦးကျော်ဇောနိုင်သည် ဥပဒေပညာရှင်တစ်ယောက်အနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများအတွက် ဥပဒေရေးရာအကြံပေးခြင်း၊ ဥပဒေရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။ မူပိုင်ခွင့်ဥပဒေအကြောင်း နိုင်ငံတွင်းအသိပညာပြန့်ပွားစေရန် နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ် (World Intellectual Property Organization)၊ နိုင်ငံတွင်းစာပေ၊ အနုပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဦးဆောင်သူတစ်ဦးအဖြစ် ပါဝင်ကြိုးပမ်းဆောင်ရွက်ရုံမျှမက Comparative Religion၊ Copyright၊ Media Law နှင့် တရားဥပဒေစိုးမိုးရေး (Rule of Law) ဆိုင်ရာကိစ္စရပ်များတွင် ဆောင်ရွက်ခဲ့သည်။

(၂၀၀၈) ခုနှစ်တွင် "ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့" စတင်တည်ထောင်စဉ်မှစ၍ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး (၂၀၁၂) ခုနှစ်မှ ကွယ်လွန်ချိန်အထိ ဒုတိယဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည်။ ဦးကျော်ဇောနိုင်သည် "အများပြည်သူ့ဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့" တွင် အဖွဲ့ဝင် (ဥပဒေပညာရှင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးကျော်ဇောနိုင်သည် ငယ်စဉ်ဘဝမှစ၍ ဖခင်ကြီး၏ လေ့ကျင့်သင်ကြားမှုဖြင့် စာပေလေ့လာလိုက်စားခြင်း ဝါသနာပါခဲ့သည်။ အလယ်တန်းကျောင်းသားဘဝတွင် မော်လမြိုင်မြို့၌ ဖွင့်လှစ်သော USIS မှ ပေးအပ်သော English Language Certificate ဆုလက်မှတ် ရရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝတွင် မော်လမြိုင်မြို့မှထုတ်သော တနင်္သာရီသတင်းစာ၌ သတင်းဆောင်းပါးများ ပါဝင်ရေးသားခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝနှင့် ကျောင်းဆရာဘဝတစ်လျှောက် ပညာပဒေသာစာစောင်၊ တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းအစရှိသည်များတွင် စာများစွာ ရေးသားခဲ့သည်။ ရန်ကုန်တက္ကသိုလ်ဥပဒေဂျာနယ်ထုတ်ဝေရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အယ်ဒီတာအဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် သစ္စာရောင်ခြည်မဂ္ဂဇင်းစတင်တည်ထောင်စဉ်မှစ၍ အယ်ဒီတာအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး သောင်းပြောင်းထွေလာမဂ္ဂဇင်းတွင် "မပြောမရှိစေချင်လွန်းလို့" ခေါင်းစဉ်ဖြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ ဆောင်းပါးများကို ပင်တိုင်ကဏ္ဍအဖြစ် ရေးသားခဲ့သည်။ ထို့နောက် မိုးဝေ၊ အတွေးအမြင်၊ ပန်နှင့် အခြားစာစောင်၊ မဂ္ဂဇင်းများစွာတွင်လည်း ဆောင်းပါးစာပေများ ရေးသားခဲ့သည်။ ဝတ္ထု၊ ကဗျာ အနည်းငယ်ကိုပါ ဝါသနာအလျောက် ရေးသားခဲ့ဖူးသည်။

ဥပဒေပညာရပ်နှင့် ဘာသာရေးဆိုင်ရာ စာပေများရေးသားခြင်း၊ ပြည်တွင်းနှင့်ပြည်ပ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် စာတမ်းများဖတ်ကြားခြင်း၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် ဟောပြောပွဲများ၊ သင်တန်းများပို့ချပေးခြင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရင်း ဘာသာရပ်စာတမ်း (၅၀) ကျော်၊ ဆောင်းပါး (၁၂၀) ကျော်နှင့် အင်္ဂလိပ်၊ မြန်မာဘာသာ စာအုပ်ခြောက်အုပ် ရေးသားထုတ်ဝေခဲ့သည်။

(၂၀၀၁) ခုနှစ်တွင် Research Fellowship-SSEASR (South and Southeast Asia Association for the Study of Culture and Religion, New Delhi)၊ Fellow (Resource Person)-IPP (Intellectual Property Protection) USA၊ (၂၀၀၁) ခုနှစ်တွင် Fellowship-Belmont University, USA များရရှိခဲ့ပြီး၊ (၂၀၁၂-၂၀၁၃) ခုနှစ်အတွက် Union Biblical Seminary (in Association with IHOP University, Kansas City, USA) မှ ပေးအပ်ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ D.Litt ရရှိခဲ့သည်။

ဦးကျော်ဇောနိုင်သည် (၂၀၁၃) ခုနှစ်၊ မတ်လ (၂၁) ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော "Strengtheing Media Regional Collaboration" အစည်းအဝေး တက်ရောက်ပြောကြားပြီးနောက် နံနက် (၉း၄၀) တွင် ရုတ်တရက်နှလုံးရပ်ပြီး ယင်းအခမ်းအနား၌ပင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် မိခင်ကြီးဒေါ်မြဆင့်၊ မောင်နှမလေးဦးနှင့် ဇနီး ဒေါ်တင်ဝင်းရည် (အငြိမ်းစား စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်) တို့ကျန်ရစ်ခဲ့သည်။

## ဘရှင်၊ ဗိုလ်မှူး (၁၉၁၅-၁၉၇၀)။ ။

မြန်မာနိုင်ငံသမိုင်းကော်မရှင် အလယ်ခေတ်ကျမ်းပြုအရာရှိ၊ ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးဘရှင်ကို ကျောင်းအုပ်ဆရာကြီး ဦးဟိန်၊ အမိ ဒေါ်စောရင်တို့က (၁၉၁၅) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက် တနင်္လာနေ့တွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်၌ မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် တတိယမြောက်ဖြစ်သည်။

(၁၉၃၃ မှ ၁၉၃၈) ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၊ ဂျပ်ဆင်ကောလိပ်၌ ပညာသင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝ (၁၉၃၅) ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာတို့၌ ဂျပ်ဆင်ကောလိပ်သတင်းထောက်၊ ဂျဒ်ဆင်ကောလိပ် 'ခြင်' လက်ရေးစာစောင်အယ်ဒီတာ၊ ဂျဒ်ဆင်ကောလိပ် ကျေးလက် ပြုပြင်ရေးအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ (၁၉၃၇) ခုနှစ်တွင် ဂျေ၊ အာ၊ အန်းဒရပ်ရေး 'Socrate at School' ကို "ခေတ်သစ်မာယ" အမည်ဖြင့်



ဗိုလ်မှူးဘရှင်

မြန်မာ ပြန်ထုတ်ဝေခဲ့သည်။ (၁၉၃၈) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အရှေ့တိုင်းရာဇဝင်၊ ဂုဏ်ထူးတန်း ဒုတိယဆင့်၊ ပထမဖြင့် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့ရသည်။ အရှေ့တိုင်းရာဇဝင်ပါမောက္ခ ဂျီ၊ အိပ်ချ်၊ လုစ်၏ အားအထားရဆုံးတပည့်ရင်းတစ်ဦးဖြစ်ခဲ့သည်။

(၁၉၃၈-၁၉၃၉) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းရာဇဝင်အချိန်ပိုင်းနည်းပြ၊ (၁၉၃၉-၁၉၄၁) ခုနှစ်တွင် အချိန်ပြည့်နည်းပြ၊ (၁၉၄၁) ခုနှစ်၊ ဇွန်လတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့တာဝန် ထမ်းဆောင်နေစဉ် ရာဇဝင်မဟာဝိဇ္ဇာတန်းဆက်လက်တက်ရောက်၍ အစောပိုင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်အထောက်အထားများကို အသုံးပြုကာ မဟာဝိဇ္ဇာဘွဲ့ယူ ကျမ်းတစ်စောင်တင်သွင်းခဲ့သည်။ တက္ကသိုလ်ဆရာအဖြစ် ဆောင်ရွက်နေစဉ် ဒေါက်တာဂျေ၊ အာ၊ အန်းဒရပ်၏ အင်္ဂလိပ်ဘာသာရေး ကျေးလက်ပြုပြင်ရေးစာတမ်းကို ဒေါက်တာဦးသာဆိုင်နှင့်တွဲ၍ "မြန်မာနိုင်ငံ ကျေးလက်ပြုပြင်ရေးစာတမ်း" အမည်ဖြင့် မြန်မာပြန်ကာ (၁၉၄၀) ပြည့်နှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဂျပန်ခေတ် (၁၉၄၂-၁၉၄၃) ခုနှစ်တွင် "အာရှလူငယ်အစည်းအရုံး" ခေါ် အရှေ့အာရှတိုက်လူငယ်များအစည်းအရုံး (ဗမာနိုင်ငံ) ၏ ဗဟိုအမှုဆောင်၊ ဉာဏဗလမှူးအဖြစ် တာဝန်ယူခဲ့သည်။ ထိုစဉ် "အာရှစစ်ကြီးနှင့် သာတူညီမျှအကျိုးခံစားရေး" စာအုပ်ရေးသား၍ အာရှလူငယ်စာစဉ် (၁) အဖြစ် (၁၉၄၄)

ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ (၁၉၄၃-၁၉၄၄) တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) တွင် ဗိုလ်ကြီးအဆင့်ဖြင့် တပ်မတော်ပညာရေးအရာရှိ၊ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ကျော်ဇော၏ ပဲခူးစံပြတပ်၊ တပ်မတော်သမိုင်းနည်းပြအဖြစ် ဆောင်ရွက်သည်။ တပ်မတော်ပညာရေးအတွက် "ဥရောပစီးပွားရေး ရာဇဝင်" ပထမပိုင်းကိုရေးသား၍ တိုင်း ၄၊ ပြည်သူ့ဆက်ဆံရေးဌာနက (၁၉၄၅) ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။

(၁၉၄၅) ခုနှစ်၊ မတ်လ ဖက်ဆစ်တော်လှန်ရေးတွင် တိုင်း ၄ မှပါဝင်၍ တိုင်း ၄၊ ပြည်သူ့ဆက်ဆံရေးဌာနက ထုတ်ဝေသော 'တိုင်း ၄ သတင်းစာ' ကို ဦးစီးတာဝန်ယူခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးအပြီး (၁၉၄၅) ခုနှစ်၊ ဒီဇင်ဘာလတွင် ပျဉ်းမနားမြို့၌ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ဗမာ-မွတ်စလင် ကွန်ဂရက်တွင် ကျွန်ုပ်တို့ဖြစ်စေလိုသော ဗမာ-မွတ်စလင်များ စာတမ်းရေးသားဖြန့်ဝေသည်။ စစ်ပြီး ကန္တီစာချုပ်အရ ပြန်လည်ဖွဲ့စည်းသော အမြဲတမ်း မြန်မာ့တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်သည်။ (၁၉၄၈) ခုနှစ်တွင် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် "မြန်မာနိုင်ငံတော်သမိုင်း" ကို ပထမအကြိမ်ပုံနှိပ်ထုတ်ဝေရာ တက္ကသိုလ်ဝင်တန်းသမိုင်းကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခံရသည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ် လန်ဒန်မြန်မာသံရုံး စစ်သံမှူး၊ စစ်နှလုံးဂျာနယ် ဦးစီးအဖွဲ့ဝင်၊ စစ်ပညာဂျာနယ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ယူကာ ဗျူဟာ စက္ကူပျံ့မြန်မာပြန်ရှင်းလင်းချက်၊ တရုတ်-မြန်မာစစ်ပွဲ၊ ယိုးဒယား-မြန်မာစစ်၊ မြန်မာ့စစ်သမိုင်းစသည့်သုတေသနစာတမ်း၊ ဆောင်းပါး၊ ဘာသာပြန်များရေးခဲ့သည်။ (၁၉၅၆) ခုနှစ်တွင် ကျန်းမာရေးအရ တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

(၁၉၅၅) ခုနှစ်တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်ကို စတင်ဖွဲ့စည်းရာ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်သည်။ (၁၉၆၀-၁၉၇၀) ခုနှစ်တွင် သမိုင်းကော်မရှင်၏ အလယ်ခေတ်ကျွမ်းပြုအရာရှိအဖြစ် ခန့်အပ်ခံရသည်။ သမိုင်းကော်မရှင်လုပ်ငန်းများအပြင် သမိုင်းတံခွန်စာစောင် အယ်ဒီတာအဖွဲ့ဝင်၊ မြန်မာနိုင်ငံသုတေသနအသင်း အမှုဆောင်၊ မြန်မာစာကော်မရှင်အဖွဲ့ဝင်၊ စာပေဗိမာန်သုခမိန်အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဘွဲ့လွန်သင်တန်းများအချိန်ပိုင်းကထိက၊ မြန်မာနိုင်ငံ အစ္စလာမ်သာသနာရေးကောင်စီဌာနချုပ် အထွေထွေအတွင်းရေးမှူးစသည့်တာဝန်များထမ်းဆောင်၍ ဗိုလ်မှူးဘရှင်၊ ဦးဘရှင်၊ စံအောင်၊ ဗိုလ်မှူးညဏ၊ တိုင်း ၄ ရဲဘော်တစ်ဦး၊ သုတေသီ၊ မောင်ပင်တည်၊ ဝရီးစံ၊ ကင်းထောက်မောင်၊ စံအောင် ကလောင်အမည်အမျိုးမျိုးဖြင့် သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ စစ်ပညာ၊ လူမျိုးစုရေးရာ ဆောင်းပါး၊ သမိုင်းသုတေသနစာတမ်းများ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားခဲ့သည်။

ထင်ရှားသောစာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် The Lokahteikpan (1962)၊ Pagan Myinkaba Kubyauk-gyi Temple of Rajakumar (1961)၊ ပုဂံမင်စာသုတေသနခရီးအစီရင်ခံစာ (၁၉၆၄)၊ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ သမိုင်းစာတမ်းများ (၁၉၆၈)၊ အနော်ရထာအရင်က မြန်မာနိုင်ငံ (၁၉၇၁)၊ မြန်မာနိုင်ငံသားအစ္စလာမ်သာသနာဝင်တို့အား ရှေးမြန်မာမင်းများက ချီးမြှင့်ပုံ (၂၀၁၁)၊ အစ္စလာမ်ဖြစ်စဉ်သမိုင်း (၁၉၆၀) တို့ဖြစ်သည်။ ထင်ရှားသော စာတမ်းများမှာ အင်္ဂလိပ်ဘာသာဖြင့် Shyan Mal Lai of the Burmese (1960) A Chieng Mai Mahathera visits Pagan, 1393 AD (1961), The Comming of the Islam to Burma down to 1700 AD (1962), Buddha Images of Tai Yuan Types Found in Burma (1966)၊ မြန်မာဘာသာဖြင့် 'ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်' (၁၉၆၆)၊ ပုဂံခေတ်ဖွားစောများ (၁၉၆၈)၊ ပုဂံခေတ်ဗိသုကာနှင့် အနုပညာများပေါ် ပေါက်တိုးတက်ပြောင်းလဲလာပုံ (၁၉၆၉) တို့ဖြစ်သည်။

ဗိုလ်မှူးဘရှင်သည် (၁၉၇၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၇) ရက် ညနေ (၅) နာရီ (၅၀) မိနစ်တွင် နှလုံးရောဂါဖြင့် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်မေကြီး (သတ္တဗေဒဌာနကထိက)၊ သားမောင်ညဏ်ထိန်၊ သမီး မညဏ်သစ်၊ မနီလာ၊ မအေးအေး၊ မထွေထွေးတို့ ကျန်ရစ်သည်။

**ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

။ ။ ရခိုင်ပြည်နယ်ကို စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်၊ မောင်တောခရိုင်နှင့် မြို့နယ် (၁၇) မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု (၁၁၇၄) ခု၊ ကျေးရွာပေါင်း (၃၇၆၀) တို့ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေသုံးသန်းကျော် နေထိုင်လျက်ရှိသည်။ (၂၀၁၂) ခုနှစ်၊ မေလ (၂၂) ရက်တွင် စတင်ဖြစ်ပွားခဲ့သည့်ပဋိပက္ခကြောင့် စစ်တွေ၊ မြောက်ဦးနှင့် ကျောက်ဖြူခရိုင်အတွင်းရှိ နေအိမ်အဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး ပြည်သူများ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။ ထို့ကြောင့် ကယ်ဆယ်ရေးစခန်း (၄၈) ခု ဖွင့်လှစ်၍ ဒုက္ခသည် (၁၂၉,၄၉၂) ဦးကို ယာယီနေရာချထားပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း**- ပြန်လည်ထူထောင်ရေးအနေဖြင့် ဒုက္ခသည်များအတွက် တဲတန်းလျား (၂၈၀၂) လုံး၊ လုံးချင်းအိမ် (၁၃၄၂) လုံး တည်ဆောက်ပြီးဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဝန်ထမ်း (၃၆၀၀) ပါဝင်သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပင်လယ်ပြင်လုံခြုံရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်သည်။ ရဲနှင့်ပြည်သူအချိုးသည် တစ်နိုင်ငံလုံးအတိုင်းအတာတွင် (၁း၉၀၀) ဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် (၁း၅၀၀) ဖြင့် လုံခြုံရေးဆောင်ရွက်သည်။ ရခိုင်ပြည်နယ်အတွင်းတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (၂၃) ဖွဲ့ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ ဆောင်ရွက်နေသော အဖွဲ့ခြောက်ဖွဲ့ရှိသည်။ ယင်းတို့မှာ Denish Refugee ကောင်စီ၊ OXFAM, Solidarities International, Malteser International၊ အာရှသဘာဝဘေးဆိုင်ရာ ပြင်ဆင်မှုစင်တာနှင့် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီတို့ဖြစ်ပြီး မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ ကျောက်ဖြူ၊ မင်းပြား၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ရေဝန်တားတမံများ တည်ဆောက်ခြင်း၊ တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ခြင်း၊ ရေလုပ်ငန်းသုံးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးခြင်း၊ ရေကောင်းရေသန့်ပေးဝေခြင်း၊ ဆိုလာမီးနှင့် မီးစက်များ ထောက်ပံ့ပေးခြင်း၊ ကျောင်းများပြုပြင်ဆောက်လုပ်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်လုပ်ငန်းများကို ဆောင်ရွက်သည်။

**လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ** - လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် (၂၀၁၄-၁၅) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ စုစုပေါင်း ကျပ် (၁၁၁,၀၇၃) သန်းခွင့်ပြုခဲ့ပြီး ဝန်ကြီးဌာန ရှစ်ခုက တာဝန်ယူ ဆောင်ရွက်သည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟို ကော်မတီကို (၂၀၁၃) ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကော်မတီခြောက်ခု ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ယင်းတို့မှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးကော်မတီ၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ၊ လူမှု စီးပွားဘဝဖွံ့ဖြိုးရေးကော်မတီ၊ ကုလသမဂ္ဂ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီတို့ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO များ၊ နှစ်ဖက်လူ့အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာကိုလည်း ဖွဲ့စည်းထားသည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် (၂၀၁၄) ခုနှစ်၊ ဇူလိုင်လတွင် စီမံချက်တစ်ရပ်ရေးဆွဲခဲ့သည်။ ယင်းစီမံချက်အရ ဒေသခံတို့၏ ကျန်းမာရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ယခင်ကကဲ့သို့ ပူးပေါင်း

ဆောင်ရွက်ရန် MSF အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖိတ်ခေါ်ခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်း ရခိုင်တိုင်းရင်းသားများ၏ဆန္ဒကို အလေးထားပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့သည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ဆောင်ရွက်ချက်** - နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ငွေကျပ်သန်းပေါင်း (၄၂၆ ဒသမ ၈၉) သန်း သုံးစွဲ၍ စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ မာန်အောင်နှင့် တောင်ကုတ်မြို့နယ်များအတွင်း စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ၊ ရေတွင်းရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း (၁၄၃၂၄ ဒသမ ၉၂၉) သုံးစွဲ၍ လမ်းတံတားလုပ်ငန်း (၃၁) ခု၊ စွမ်းအင်လုပ်ငန်းတစ်ခု၊ သာသနာရေးလုပ်ငန်းနှစ်ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း (၁၁) ခု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၊ လမ်းဆုံသို့ဆက်သည့်လမ်းများခင်းခြင်းလုပ်ငန်းများနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းကို မောင်တောမြို့တွင် ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်စက်ချုပ်အထူးသင်တန်းများကို စစ်တွေမြို့နှင့်မင်းပြားမြို့များတွင် ဖွင့်လှစ်ပေးသည်။ (၂၀၁၄-၁၅) ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို အမ်းမြို့နှင့် မင်းပြားမြို့များ၌ တည်ဆောက်လျက်ရှိသည်။ စစ်တွေမြို့တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ဖွင့်လှစ်ထားသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် (၂၀၁၃-၁၄) ဘဏ္ဍာနှစ်တွင် အခြေခံပညာမူလတန်းကျောင်းပေါင်း (၂၀)၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း တည်ဆောက်ခဲ့သည်။

**ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ဆောင်ရွက်ချက်** - အောက်တိုဘာလ (၁၉) ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ဝယ်ယူထားသော အမြန်ရေယာဉ်နှစ်စင်းနှင့် ကင်းလှည့်ရေယာဉ်တစ်စင်း ရေချပွဲအခမ်းအနားကို စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအနီးဆိပ်ခံတံတား၌ကျင်းပသည်။ ထို့ပြင် ရေစူးများသောကမ်းရိုးတန်းသွားသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော ပေါက်တောမြို့ သင်္ဘောဆိပ်ခံတံတားကိုလည်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ဖွင့်လှစ်ပေးသည်။

ပေါက်တောမြို့ ဆိပ်ခံတံတားသည် ဘိုးပိုင်သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားချဉ်းကပ်လမ်း (၁၂ × ၇၂) ပေ၊ တံတားမျက်နှာစာအကျယ် (၂၄) ပေ၊ အရှည် (၉၂) ပေ၊ ချဉ်းကပ်လမ်းမြေထိန်းနံရံအလျား ပေ (၆၀)၊ အနံပေ (၅၀) ရှိပြီး တံတားခံနိုင်ဝန်မှာ တန် (၂၇၀) ဖြစ်ကာ ရေစူးရှစ်ပေ၊ အရှည် (၁၄၅) ပေ၊ တန်ချိန် (၃၀၀) အထိရှိသည့် သင်္ဘောများ ဆိုက်ကပ်နိုင်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် သန်း (၂၉၀) ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင်ရခိုင်ပြည်နယ်အတွင်းတွင် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူချောမွေ့စေရန်လည်းကောင်း၊ အခြားသောပြည်နယ်/တိုင်းဒေသကြီးများသို့ ရထားလမ်းမှတစ်ဆင့် ကူးလူးဆက်သွယ်သွားလာနိုင်စေရန်အတွက်လည်းကောင်း မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းကာလကို (၂၀၀၉-၂၀၁၀) ဘဏ္ဍာနှစ်မှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်အထိ (၁၀) နှစ် စီမံကိန်းအဖြစ်လျာထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်သော မင်းပြားမြို့နယ် သေကံအခြေခံပညာမူလတန်းကျောင်းနှင့် စမ္ဗလေအခြေခံပညာမူလတန်းကျောင်း၊ မောင်တောမြို့နယ် မောရဝတီစံပြကျေးရွာအခြေခံပညာမူလတန်းကျောင်း၊ ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက် (၁) အခြေခံပညာမူလတန်းကျောင်းများ ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၈) ရက်တွင် ကျင်းပခဲ့ရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Abdurrahman Mohammad Fachir တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**အာရှ-ဂျပန်ပေါင်းကူးအဖွဲ့ (BAJ) ၏ဆောင်ရွက်ချက်** - အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (BAJ) သည် ရခိုင်ဒေသအတွင်းတွင် ကျောင်းပေါင်း (၁၀၀) ဆောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းပထမနှစ်ဖြစ်သော (၂၀၁၃) ခုနှစ်၊ သြဂုတ်လမှ (၂၀၁၄) ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် ကျောင်း (၁၀) ကျောင်းဆောက်လုပ်ပြီးဖြစ်သည်။ (၂၀၁၄) ခုနှစ်၊ မတ်လမှစ၍ ကျောင်းပေါင်း (၂၀) ဆောက်လုပ်လျက်ရှိသည်။ စီမံကိန်းဒုတိယနှစ်တွင် (၂၂) ကျောင်း၊ စတုတ္ထနှစ်တွင် (၂၄) ကျောင်း၊ ပဉ္စမနှစ်တွင် (၂၄) ကျောင်းဆောက်လုပ်သွားမည်ဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် (BAJ) တို့ ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ (၂၀၁၈) ခုနှစ်၊ သြဂုတ်လအတွင်းတွင် ကျောင်းပေါင်း (၁၀၀) ပြည့်မည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားရရှိခြင်း** - နှစ် (၄၀) မြောက် ပတ္တမြားရတုရခိုင်ပြည်နယ်နေ့နှင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးခြင်း အထိမ်းအမှတ် အခမ်းအနားကို စစ်တွေမြို့ဝေသာလီအားကစားပြိုင်ကွင်း၌ ဒီဇင်ဘာလ (၁၅) ရက်တွင် ကျင်းပသည်။ အခမ်းအနားတွင် ကောင့်ဒေါင်းအစီအစဉ်ဖြင့် "ရခိုင်ပြည်နယ်လျှပ်စစ်မီးလင်းပြီ" စာတန်းကို ဖွင့်လှစ်ပြီး မီးရှူးမီးပန်းများ ပစ်လွှတ်ကာ စစ်တွေမြို့ကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားစတင်ပေးပို့သည်။



**နှစ် (၄၀) ပြည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပစဉ်**

ထို့နောက် ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ်ကိုယ်စားလှယ်အဖွဲ့များ၊ ကျင်ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဘင်ခရာအဖွဲ့ဝင်များက ဝန်ကြီးချုပ်ဦးမောင်မောင်အုန်းကို ချီတက်အလေးပြုသည်။ ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နိုင်ငံတော်သမ္မတပေးပို့သည့် ရခိုင်ပြည်နယ်နေ့သဝဏ်လွှာကို ဖတ်ကြားပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေးပို့သည့် ရခိုင်ပြည်နယ်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ယင်းနောက် ဝန်ကြီးချုပ်က ဆောင်ရွက်လျက်ရှိသော လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းနှင့်

ရခိုင်ပြည်နယ်အစိုးရနှင့်အတူ မိဘပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားသည်။ ရခိုင်ပြည်နယ်၌ (၁၉၄၈) ခုနှစ်မှ စတင်၍ မီးစက်များမှ ဓာတ်အားပေးသည့်စနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအဖြစ် မဟာဓာတ်အားလိုင်းမှ ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် အမ်း၊ တောင်ကုတ်၊ သံတွဲ၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်နှင့် မအီမြို့များတွင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိပြီဖြစ်ပြီး ပေါက်တော၊ မြေပုံ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ဂွ၊ ကျိန္တလီမြို့များ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းလျှပ်စစ်မီးရရှိရေးစီမံကိန်းကို (၂၀၁၁) ခုနှစ်တွင် ချမှတ်ခဲ့ခြင်းဖြစ်ပြီး (၂၀၁၂) ခုနှစ် ဒီဇင်ဘာလတွင် လိုင်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ဓာတ်အားပေးပို့နိုင်ရန်အတွက် (၂၃၀) ဗို့အားဓာတ်အားခွဲရုံသုံးရုံကို တောင်ကုတ်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်ဖြူတို့တွင် တည်ဆောက်ခဲ့သည်။

**နိုင်ငံသားစိစစ်ရေးဆောင်ရွက်ခြင်း** -မြန်မာနိုင်ငံသား ဥပဒေပါ အခွင့်အရေးများခံစားနိုင်ရန်အတွက် (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်းကောက်ယူစဉ်က ဘင်္ဂါလီလူမျိုးအမည်ဖြင့် စာရင်းကောက်ခံသူများကို တရားဝင်၊ မဝင်ခွဲခြားဖော်ထုတ်ရန် နိုင်ငံသားစိစစ်မှုလုပ်ငန်းများကို မြို့နယ်၊ ပြည်နယ်နှင့် ဗဟိုအဆင့်အထိ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာစုံစမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ စိစစ်ခဲ့သည်။ ရှေးဦးစီမံချက်အနေဖြင့် မြေပုံမြို့တွင် စိစစ်နိုင်ရန် လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်ထားသူ (၁၀၉၄) ဦးအနက် လျှောက်ထားသူများ၏ သားသမီးများပါဝင်သောကြောင့် (၇၈၀) ဦးကိုသာ စိစစ်ခဲ့သည်။ နိုင်ငံသားဖြစ်ခွင့်ရှိသူ (၄၀) ဦးရှိပြီး နိုင်ငံသားပြုခွင့်ရသူ (၁၆၉) ဦးရှိသည်။ ဩဂုတ်လ (၅) ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများက အဖွဲ့ဝင်အဖြစ်ဆောင်ရွက်၍ စတင်စစ်ဆေးခဲ့သည်။

ယင်းသို့ စိစစ်ရာတွင် (၁၉၄၈) ခုနှစ်မတိုင်မီနေထိုင်သူများ၊ ရှူးသွပ်သူ မဟုတ်သူများ၊ အသက် (၁၈) နှစ် ပြည့်ပြီး သူများ၊ အထောက်အထား ခိုင်လုံစွာတင်ပြနိုင်သူများ ကို စိစစ်ခဲ့သည်။ စက်တင်ဘာလ (၂၂) ရက်တွင် နိုင်ငံသားဖြစ်ခွင့်ရသူ ဘင်္ဂါလီလူမျိုးများကို နိုင်ငံသားအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲများပြုလုပ်ပေးခဲ့သည်။

**သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများ** - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုများအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးကို အိမ်ထောင်စု (၅၀၀၀) စာအတွက် ရခိုင်ပြည်နယ်ဦးစီးဌာနမှူးရုံးနှင့် ကျောက်ဖြူခရိုင် ဦးစီးဌာနမှူးရုံး သိုလှောင်ရုံများတွင် ကြိုတင်စုဆောင်းထားရှိသည်။ ယင်းကိုးမျိုးမှာ ကျားဝတ်၊ မဝတ်လုံချည်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ကာဘော်လစ်ဆပ်ပြာနှင့် နှစ်ယောက်အိပ်ခြင်ထောင်တို့ဖြစ်သည်။ ထို့ပြင် မြေပုံမြို့နယ် လွန်လုံးပိုက် ကျေးရွာနှင့် ပေါက်တောမြို့နယ်သာစည်ကုန်းကျေးရွာများတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံနှစ်လုံး ဆောက်လုပ်လျက်ရှိရာ (၉၀) ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ဟောပြောပွဲများကိုလည်း ကျေးရွာအဆင့်အထိ ဆောင်ရွက်ခဲ့သည်။ လေပြင်းတိုက်ခတ်မှု၊ ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေကြီးမှုများအတွက် ကြိုတင်သတိပေးနိုင်သည့် စနစ်ထူထောင်ရန်အတွက် ဌာနဆိုင်ရာများနှင့် JECA အဖွဲ့တို့ပူးပေါင်းပြီး End to End Early Warning System ကို ဆောင်ရွက်နိုင်ရန် ရှေ့ပြေးအစီအစဉ်အတွက် မြို့နယ်များ ရွေးချယ်ထားရှိသည်။

**လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ။** ။ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးပေါင်းပါဝင် ကူညီမှုဖြင့် နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဦးဆောင်သော ဗဟိုသန်းခေါင် စာရင်းကော်မရှင်က ကြိုတင်ပြင်ဆင်ခြင်းအဆင့်၊ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူခြင်းအဆင့်၊ စာရင်းဇယားများပြုစုခြင်း အဆင့်နှင့်စာရင်း ထုတ်ပြန်ခြင်းအဆင့် လေးဆင့်ပါ အစီအမံကိုရေးဆွဲပြီး အဆင့်အလိုက် အကောင် အထည်ဖော်ခြင်းဖြစ်သည်။

ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် ဗဟိုသန်းခေါင် စာရင်းကော်မရှင်/ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ နိုင်ငံတကာလူဦးရေ စာရင်းကို ခြောက်လတစ်ကြိမ် up to date ပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ နည်းပညာသုံးစက်ကိရိယာများတပ်ဆင်ခြင်း၊ စမ်းသပ်သန်းခေါင် စာရင်းကောက်ယူခြင်း၊ လူထုအသိပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။ (၂၀၁၄) ခုနှစ် မတ်လ (၂၉) ရက်တွင် ကွင်းဆင်းအသိပညာပေး လုပ်ငန်းစဉ်များပြီးဆုံးပြီးနောက် မတ်လ (၃၀) ရက်မှ ဧပြီလ (၁၀) ရက်အထိ နိုင်ငံတစ်ဝန်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းကို (၁၂) ရက်ကြာ ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးတွင် စာရင်းကောက်ကွက်ပေါင်း (၈၀၅၅၇) ရှိပြီး စာရင်းကောက်၊ စာရင်းစစ်ပေါင်း (၁၁၅၀၀၀) ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် (၂၀၁၄) ခုနှစ် မေလ ပထမပတ်နှင့် ဒုတိယပတ်အတွင်း တစ်ပြည်လုံးရှိ ကောက်ကွက်များမှ ကောက်ယူပြီးမေးခွန်းစာရွက်များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းဖြင့် သယ်ယူခြင်း လုပ်ငန်းကိုဆောင်ရွက်ခဲ့သည်။ ဇွန်လအတွင်းတွင် ကောက်ကွက်များကို အသေးစိတ်စစ်ဆေးခြင်း၊ မေးခွန်းပုံစံများရေတွက်ခြင်း၊ အိမ်ထောင်စုနံပါတ်နှင့် ကောက်ကွက်စာရင်းချုပ်များစစ်ဆေးခြင်း၊ လုပ်ငန်း ထိန်းပုံစံများ၊ မြေပုံများပါ၊ မပါစစ်ဆေးခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။ တတိယအဆင့်လုပ်ငန်းစဉ်ဖြစ်သော စာရင်းဇယားပြုစုခြင်းကို မေလမှစ၍ လုပ်ဆောင်ခဲ့သည်။ ယင်းအဆင့်ကို UNFPA အကူအညီဖြင့် DRS ကုမ္ပဏီမှခေတ်မီနည်းပညာ အထောက်အကူပြုစက်ကိရိယာများဖြင့် ဆောင်ရွက်ခဲ့သည်။ အိမ်ထောင်စုတစ်ခုချင်းစီ၏ မေးခွန်းပုံစံအချက်အလက်ကိန်းဂဏန်းများကို အသေးစိတ်စစ်ဆေးခြင်း၊ ပုံရိပ်ဖတ်စက်တွင် အသင့်အသုံးပြုနိုင်ရန် ပြင်ဆင်ခြင်း၊ ကွန်ပျူတာမှတ် တမ်းတင်ခြင်း၊ ပုံရိပ်ဖတ်ခြင်းနှင့်အမှားပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဇွန်လ (၁၄) ရက်အထိ ကချင်၊ ရခိုင်၊ ကရင် ပြည်နယ်ရှိ ရွာအချို့အတွက် Technical Delay အချိန်တိုးမြှင့်၍ ကောက်ယူခဲ့သည်။ ပဏာမသန်းခေါင်စာရင်း အချက်အလက်များကို (၂၀၁၅) ခုနှစ်၊ မေလခန့်တွင် ထုတ်ပြန်နိုင်ရန် လျာထားခဲ့သည်။

**နိုင်ငံတကာအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှု -** မြေပြင်ကွင်းဆင်းကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က ရွေးချယ်ထားသော အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နယ်သာလန်၊ အယ်လ်ဗေးနီးယား၊ တူနီးရှား၊ ကနေဒါ၊ ချီလီ၊ အီတလီ၊ တီမော၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ နိုင်ဂျီးရီးယား၊ ကင်မရွန်း၊ ဘူဂီနာဖာဆိုနှင့် ကွန်ဂိုနိုင်ငံများမှ အတွေ့အကြုံရှိလူဦးရေပညာရှင် (၂၃) ဦးနှင့် ပြည်တွင်းပညာရှင် (၂၃) ဦးတို့ပါဝင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅) ခု၊ ခရိုင် (၄၀)၊ မြို့နယ် (၁၂၀) သို့သွားရောက်ကာ စာရင်းကောက်ကွက် (၉၆၀) မှ အိမ်ထောင်စု (၁၈၀၀) နှင့် လူဦးရေ (၂၁၉၄) ဦးကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။ ထို့ပြင် သန်းခေါင်စာရင်းကာလတစ်လျှောက်တွင် နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ (International Technical Advisory Board-ITAB) နှင့်လည်းပူးတွဲ လုပ်ကိုင်ခဲ့သည်။ ITAB အဖွဲ့ဟူသည်မှာ သန်းခေါင်စာရင်းစီမံချက်အဆင့်တိုင်းကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် တိုင်းတာစစ်ဆေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရန်

ကုလသမဂ္ဂအစီအစဉ်နှင့် ဖွဲ့စည်းပေးထားသော (၁၄) နိုင်ငံမှ နိုင်ငံတကာ လူဦးရေပညာရှင်များ ပါဝင်သော အဖွဲ့တစ်ခုဖြစ်သည်။

**(၁၉၈၃) ခုနှစ်နှင့် (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအခြေအနေနှိုင်းယှဉ်ချက်-** (၁၉၈၃) ခုနှစ် သန်းခေါင်စာရင်းတွင် လုံခြုံရေးအခြေအနေများကြောင့် မကောက်ယူနိုင်ခဲ့သော ကျေးရွာအုပ်စုပေါင်းမှာ (၉၄၂) အုပ်စု၊ လူဦးရေ (၁ ဒသမ ၁၇) သန်းကျော်ဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ (၃ ဒသမ ၃၅) ရာခိုင်နှုန်းကို မကောက်ယူနိုင်ခဲ့ပေ။ မကောက်ယူနိုင်ခဲ့သော နယ်မြေများမှာ ကချင်ပြည်နယ်တွင် ကျေးရွာအုပ်စု (၂၁၀) ၊ ရှမ်းပြည်နယ်တွင် (၄၉၀)၊ ကရင်ပြည်နယ်တွင် (၁၈၆) အုပ်စု၊ ကယားပြည်နယ်တွင် (၁၀) အုပ်စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၄၁) အုပ်စုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၅၅) အုပ်စုတို့ဖြစ်သည်။ (၂၀၁၄) ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုတွင် ‘ဝ’ အထူးဒေသ (၂)၊ မိုင်းလားအထူးဒေသ (၄)၊ ကိုးကန့်အထူးဒေသတို့အပြင် ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ကရင်နီ၊ ကယားအစရှိသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နေရာများတွင် ကွက်ပြည့်နင်းကောက်ယူနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ခရိုင်ငါးခုအနက်မောင်တော၊ မြောက်ဦးနှင့် စစ်တွေခရိုင်အတွင်းရှိသာ လူမျိုးအမည်မှန်ဖြေဆိုမှုမပြု၍ ကောက်ယူရန်ချန်လှပ်ထားခဲ့သည်မှအပ ကျန်ခရိုင်များတွင် အပြည့်အဝကောက်ယူနိုင်ခဲ့သည်။

ကချင်ပြည်နယ်ဗန်းမော်ခရိုင်အတွင်း KIA လှုပ်ရှားရာနယ်မြေရှိ ကျေးရွာအုပ်စုပေါင်း (၂၅) စု (၉၇) ရွာတို့တွင် စာရင်းကောက်ခံရန်ငြင်းဆိုခဲ့သော်လည်း ကရင်ပြည်နယ်ဖာပွန်မြို့နယ်ရှိ ကျေးရွာအချို့တွင် အမျိုးသား၊ အမျိုးသမီးလူဦးရေကို သီးသန့်ရရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် ကနဦးလေ့လာဆန်းစစ်မှုအရ စာရင်းကောက်ကွက်မြေပုံရေးဆွဲခြင်း၊ မြို့နယ်လ. ဝ. က မှ ရပ်ကွက်/ကျေးရွာအုပ်စုတစ်စုချင်း၏ မြေပုံကြမ်းရေးဆွဲခြင်း၊ မြေပြင်အဆောက်အအုံနှင့် အမျိုးသား/အမျိုးသမီးဦးရေမှတ်တမ်းတင်ခြင်းကိုပြုလုပ်ခဲ့ပြီး ၎င်းအချက်အလက်များကိုမှီး၍ တိုးလာသောနှုန်းကိုထည့်သွင်းပြီး လက်ရှိလူဦးရေကို ခန့်မှန်းခဲ့သည်။ ကချင်ပြည်နယ်ရှိ ကောက်ရန်ကျန်သောနေရာများ၏ခန့်မှန်းလူဦးရေကို ၎င်းနည်းဖြင့်ရရှိခဲ့သည်။ ကရင်ပြည်နယ်တွင် မေးခွန်းပုံစံဖြင့် မကောက်ယူနိုင်သည့်ကျေးရွာများအတွက် ကရင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပေးပို့သည့် အိမ်ထောင်စုလူဦးရေစာရင်းကိုရရှိခဲ့သည်။

**ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်ခြင်း**- ပင်မသန်းခေါင်စာရင်းအချက်အလက်များမထုတ်ပြန်မီ နိုင်ငံတော်၏ စီမံကိန်းများနှင့်မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဌာနဆိုင်ရာများ၏လိုအပ်ချက်များကို အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရွှေ့ပြောင်းလူဦးရေစာရင်းကို ဩဂုတ်လ (၂၉) ရက်တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ရွှေ့ပြောင်းလူဦးရေစာရင်းသည် စာရင်းကောက်များက မြေပြင်ကောက်ယူဖြည့်သွင်းထားသော နိုင်ငံတစ်ဝန်းရှိ ကောက်ကွက်အလိုက် အိမ်ထောင်စု လူဦးရေ၊ ကျား၊ မ အရေအတွက်တို့ကို ဖော်ပြထားသော ကောက်ကွက်တစ်စုချင်းစီ၏ စာရင်းချုပ်မှ တွက်ချက်ခြင်းဖြစ်သည်။ ကောက်ကွက်တစ်ခုချင်းစီ၏ လက်ပေါင်းဇယားစာရင်းချုပ်မှ ကနဦးရရှိထားသည့် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း (၂၀၁၄) ခုနှစ်၊ မတ်လ (၂၉) ရက် ညသန်းခေါင်ယံအချိန်၌ ရှိနေကြသော (ပြည်ပရှိ မြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏လူဦးရေမှာ (၅၁၄၁၉၄၂၀) ဦး ဖြစ်သည်ဟု (၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ထုတ်ပြန်သည်။ ထို့နောက် ဩဂုတ်လ (၃၀) ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့်ရွှေ့ပြောင်းလူဦးရေစာရင်း ရှင်းလင်းခြင်းအခမ်းအနားတွင် အသေးစိတ်ထုတ်ပြန်ရာ (ကျား ၂၄၈၂၁၁၇၆ ဦး၊ မ ၂၆၅၉၈၂၄၄) ဦးဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၁ ဒသမ ၇) သန်းပိုသည်။

အဆိုပါလူဦးရေတွင် ကချင်၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့၌ စာရင်းမကောက်နိုင်သည့်ဒေသအချို့၏ ခန့်မှန်းလူဦးရေကိုပါထည့်သွင်းဖော်ပြထားသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်လူဦးရေ** - လူဦးရေအချိုးအစားအများဆုံး တိုင်းဒေသကြီးများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ (၇၃၅၅၀၇၅) ဖြင့် (၁၄ ဒသမ ၃) ရာခိုင်နှုန်း၊ ဧရာဝတီ တိုင်းဒေသကြီးတွင် လူဦးရေ (၆၁၇၅၁၂၃) ဖြင့် (၁၂ ဒသမ ၀၁) ရာခိုင်နှုန်း နှင့်မန္တလေးတိုင်းဒေသကြီးတွင် လူဦးရေ (၆၁၄၅၅၈၈) ဖြင့် (၁၁ ဒသမ ၉၅) ရာခိုင်နှုန်းတို့ဖြစ်ပြီး ယင်းတိုင်းဒေသကြီးသုံးခု၏ စုစုပေါင်းလူဦးရေမှာ နိုင်ငံလူဦးရေ၏ (၃၈ ဒသမ ၃) ရာခိုင်နှုန်းဖြစ်သည်။ လူဦးရေအနည်းဆုံးဒေသများမှာ ကယားပြည်နယ်တွင် (သုည ဒသမ ၅၆) ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် (သုည ဒသမ ၉၃) ရာခိုင်နှုန်းနှင့် နေပြည်တော်တွင် (၂ ဒသမ ၂၅) ရာခိုင်နှုန်းတို့ဖြစ်ရာ နိုင်ငံလူဦးရေ၏ (၃ ဒသမ ၇) ရာခိုင်နှုန်းရှိသည်။

**အမျိုးသား/အမျိုးသမီး လူဦးရေအချိုး** -ရှေ့ပြေးလူဦးရေစာရင်းအရ အမျိုးသားအမျိုးသမီး လူဦးရေပါဝင်မှုမှာ အမျိုးသမီးဦးရေ (၅၁ ဒသမ ၈) ရာခိုင်နှုန်းနှင့် အမျိုးသားဦးရေ (၄၈ ဒသမ ၂) ရာခိုင်နှုန်းဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အမျိုးသား/ အမျိုးသမီးအချိုးတွင် အမျိုးသမီး (၁၀၀) လျှင် အမျိုးသား (၉၃) ဦးရှိသည်။ ကချင်ပြည်နယ်တွင် အမျိုးသားဦးရေပိုများသည်။ ကယားနှင့် ရှမ်းပြည်နယ်တို့တွင် အမျိုးသား/အမျိုးသမီးဦးရေတူညီပြီး ကျန်ဒေသအားလုံးတွင် အမျိုးသမီးဦးရေပိုများသည်။



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေစဉ်

**မြို့ပြလူဦးရေ** - မြို့ပြလူဦးရေအချိုးအရ မြို့ပြလူဦးရေ (၁၄၈၆၄၁၁၉) ဦးရှိရာ လူဦးရေစုစုပေါင်း၏ (၂၉ ဒသမ ၆) ရာခိုင်နှုန်းဖြစ်သည်။ မြို့ပြလူဦးရေ အများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၇၀ ဒသမ ၁) ရာခိုင်နှုန်း၊ ကချင်ပြည်နယ်တွင် (၃၆) ရာခိုင်နှုန်းဖြစ်ပြီး မြို့ပြလူဦးရေ အနည်းဆုံးမှာ မကွေးတိုင်းဒေသကြီးတွင် (၁၅ ဒသမ ၁) ရာခိုင်နှုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၁၄ ဒသမ ၁) ရာခိုင်နှုန်းဖြစ်သည်။ မြို့ကြီးများ၏ လူဦးရေစာရင်းအရ ရန်ကုန်မြို့တွင် (၅ ဒသမ ၂) သန်းဖြင့် အများဆုံးဖြစ်ပြီး မန္တလေးမြို့တွင် (၁ ဒသမ ၂၃) သန်းဖြင့် ဒုတိယအများဆုံးဖြစ်သည်။ အနည်းဆုံးမှာ ဟားခါးတွင် (၄၈၂၆၆) ဦးနှင့် ထားဝယ်တွင် (၁၂၅၂၃၉) ဦးဖြစ်သည်။ မြို့ကြီးများတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ပိုများသည်။ လူဦးရေအထူထပ်ဆုံးခရိုင်များအဖြစ် ရန်ကုန်မြောက်ပိုင်း၊ ရန်ကုန်အရှေ့ပိုင်း၊ ပဲခူး၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ရွှေဘို၊ ရန်ကုန်တောင်ပိုင်း၊ မကွေးနှင့် မော်လမြိုင်ခရိုင်တို့မှာ အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

**လွတ်ငြိမ်းချမ်းသာခွင့်။** ။ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က) အရ (၂၀၁၄) ခုနှစ် ဇန်နဝါရီလ (၃) ရက် မတိုင်မီ ကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေသော ပြစ်ဒဏ်အသီးသီးကို (က) သေဒဏ်ချမှတ်ခံရသူများအတွက် ထောင်ဒဏ်တစ်သက် (နှစ်အကန့်အသတ်မရှိ) သို့ ပြောင်းလဲကျခံစေရန်၊ (ခ) နှစ် အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည့် အကျဉ်းသားများ (သေဒဏ်မှထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိသို့ လျှော့ပေါ့ကျခံနေသူများမပါ) နှင့် ထောင်ဒဏ် နှစ်(၄၀) အထက် ကျခံနေရသူများအား ထောင်ဒဏ် နှစ်(၄၀) သို့လျှော့ ပေါ့ကျခံစေရန်၊ (ဂ) ထောင်ဒဏ် နှစ် (၄၀) နှင့်အောက်ကျခံနေရသည့်အကျဉ်းသားများအား ယင်းတို့ကျခံနေရသော ထောင်ဒဏ်၏လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၁/၂၀၁၄) ဖြင့် (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အရ ဇန်နဝါရီလ (၃) ရက်က မန္တလေးဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများအပါအဝင် (၈၈၃) ဦး၊ မိတ္ထီလာ အကျဉ်းထောင်မှ (၁၁၆) ဦး၊ သရက်အကျဉ်းထောင်မှ အကျဉ်းသား (၁၃၇) ဦး၊ အကျဉ်းသူ (၂၇) ဦး၊ ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား (၂၀၈) ဦး၊ အကျဉ်းသူ (၄၆) ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ အကျဉ်းသား (၇၂၁) ဦး၊ အကျဉ်းသူ (၁၁၉) ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ (၂၄၆) ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိအကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ (၃၉၃) ဦး၊ သီပေါအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ (၇၇) ဦး၊ သထုံအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ (၅၆) ဦး၊ မော်လမြိုင်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ (၁၉၉) ဦး လွတ်ငြိမ်းချမ်းသာခွင့်ရရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀၄) ပုဒ်မခွဲ(က)နှင့်အညီ အကျဉ်းထောင်အသီးသီးတွင် ထိုက်သင့်သော ပြစ်ဒဏ်များကျခံပြီးဖြစ်သည့်အပြင် အကျဉ်းထောင်ကျခံစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူ (၃၀၇၃) ဦးတို့ကို နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၇) ရက် မြန်မာသက္ကရာဇ် (၁၃၇၆) ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက်တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များပေးခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူများနှင့်အတူ တာဝန်ထမ်းဆောင်စေရန် မြန်မာနိုင်ငံသားအကျဉ်းသား (၃၀၁၅) ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေးရှုသောအားဖြင့် နိုင်ငံခြားသားအကျဉ်းသား (၅၈) ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များ ခွင့်ပြုပေးခဲ့သည်။

**သတင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ ။ ။** သတင်းလွတ်လပ်ခွင့်ဟူသည် လွတ်လပ်စွာ ဆက်သွယ်ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်လှစ်ဟခွင့်တို့အား အမျိုးမျိုးသော အီလက်ထရွန်းနစ်မီဒီယာနှင့် ပုံနှိပ်ထုတ်ဝေစာ များပါဝင်သည့် ကြားခံပစ္စည်းများကို ဖြတ်သန်းကာ ရယူသုံးစွဲခွင့်ဟု ဝီကီပီဒီယားက အနက်ဖွင့်သည်။ မာရီယန်ဝက်ဘ်စတာအဘိဓာန်ကမူ စာအုပ်များ၊ လက်ကမ်းစာစောင်များ၊ သတင်းစာများနှင့် အချိန်မှန်ထုတ် စာစောင်များအား အသရေဖျက်မှု၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှုနှင့် မဖွယ်မရာဖော်ပြမှုတို့ မပြောက်စေဘဲ အနှောင်အဖွဲ့မရှိ၊ ဆင်ဆာမရှိ ထုတ်ဝေနိုင်ခွင့်ဟု ဆိုပြန်သည်။ အောက်စ်ဖို့ဒ်အဘိဓာန်တွင် အနက်ဖွင့်ထားသည်ကား သတင်းနှင့်ထင်မြင်ယူဆချက် များကို အစိုးရက မည်သို့မျှ ဖယ်ရှားခြင်းမရှိစေဘဲ မီဒီယာများတွင် လွတ်လပ်စွာ ထုတ်ဝေခွင့်ရှိသည်ဟူ၍။ အောက်စ်ဖို့ဒ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေညာစာတမ်းအခန်း (၁၉) နှင့် ပိုမိုနီးစပ် ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ အခန်း (၃၀) ပါ ထိုလူ့အခွင့်အရေးကြေညာစာတမ်းကြီးသည် လူ့အခွင့်အရေးအတွက် ဘုံသဘောသက်ဝင်သော စံဖြစ်သည်။ ထိုအခန်း (၃၀) ထဲတွင် အခန်း (၁၉) ၌ လူသားတို့အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံလူ့အခွင့်အရေးတစ်ရပ်အဖြစ် ပြဋ္ဌာန်းခဲ့သည်။

'လူသားတိုင်းသည် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိရမည်။ ယင်းတွင် စွက်ဖက်မှုမရှိဘဲ မိမိ၏ ထင်မြင်ယူဆချက်ကို ကိုင်စွဲပိုင်ခွင့်၊ သတင်းအချက်အလက်များနှင့် စိတ်ကူးအကြံဉာဏ်များကို နယ်မြေပိုင်းခြားသတ်မှတ်မှုမရှိဘဲ မီဒီယာများမှတစ်ဆင့် ရှာဖွေခွင့်၊ ရယူခွင့်နှင့် ပေးဝေခွင့်တို့ပါဝင်သည်' ဟု ရှင်းလင်းပြတ်သားစွာပင် ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာကြသော နိုင်ငံတိုင်းတွင် အခန်း (၁၉) ပါ ပြဋ္ဌာန်းချက်များအတိုင်း သတင်းလွတ်လပ်ခွင့်ရရှိကြသည်။

သတင်းမီဒီယာများသည် နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်ပြီး ရှေ့ကမဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၊ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည့် အစိုးရနှင့် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သည့် တရားရုံးအဆင့်ဆင့်တို့ကို စောင့်ကြပ်ကြည့်ရှုရသည့်တာဝန်ယူရသည်။

ထို့ကြောင့် သတင်းမီဒီယာများကို နိုင်ငံ၏ အိမ်စောင့်ခွေးဟုပင် တင်စားခေါ်ဝေါ်ကြသည်။ ခွေးတို့သည် သစ္စာရှိသည်။ သတင်းမီဒီယာသမားတို့သည်လည်း အိမ်ဟုခေါ်သော မိမိနိုင်ငံအပေါ်တွင် သစ္စာရှိကြသည်။ အိမ်ကို ပျက်စီးရာပျက်စီးကြောင်း လုပ်မည့်သူများ၊ လုပ်မည့်အခြေအနေများကိုတွေ့လျှင် ခွေးတို့က ဟောင်၍ သတိပေးသည်။ ဟန့်သည်။ ပြောမရလျှင် ကိုက်ပြီး တားဆီးသည်။ သတင်းမီဒီယာတို့သည်လည်း နိုင်ငံနှင့် လူမျိုးအကျိုးကို ပျက်စီးရာပျက်စီးကြောင်း တွေ့လျှင် ရေးသားမည်။ ဟန့်တားကြမည်ဖြစ်သည်။ ထို့ကြောင့် အိမ်စောင့်ခွေးဟု ခိုင်းနှိုင်းခံရခြင်းကိုပင် သတင်းစာ ဆရာမျိုးဆက်အဆက်ဆက်က ဝမ်းသာဂုဏ်ယူမဆုံး ရှိခဲ့ကြခြင်းဖြစ်သည်။ သို့သော် အချို့သောနိုင်ငံများတွင် အိမ်စောင့်ခွေးတို့သည် သွားမရှိသော ခွေးပေါက် ကလေးများအဆင့်သာ ရှိနေကြသေးသည်ကိုလည်း ဝမ်းနည်းစွာတွေ့ရသည်။

သတင်းအချက်အလက်များ ဝေဖန်ရေးသား ထုတ်ဝေရာတွင် ဆင်ဆာဖြတ်တောက်မှုမရှိခြင်းသည် သတင်းလွတ်လပ်ခွင့်၏ အခြေခံကျသော လိုအပ်ချက်တစ်ခု ဖြစ်သော်လည်း ဆင်ဆာမရှိသည်နှင့် သတင်းလွတ်လပ်ခွင့်ရကြပြီဟု မဆိုနိုင်။ သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူခွင့်နှင့် ဗဟုမီဒီယာ ပုံစံထွန်းကားမှုတို့နှင့်လည်းချိန်ညှိသုံးသပ်ရန်လိုသည်။

တစ်ဖက်တွင် မိမိရေးသားသည်များကို လွတ်လပ်စွာ ထုတ်ဝေနိုင်သည်ဟု ပြောနေသော်လည်းတစ်ဖက်တွင် ရေးသားစရာ သတင်းအချက်အလက်များ ရယူရာတွင် နှောင့်နှေးခြင်း၊ ပိတ်ပင်ခြင်း၊ အနှောင့်အယှက်ပေးခြင်းတို့ ပြုလုပ်နေပါက ဈေးဆိုင်များ လွတ်လပ်စွာ ရောင်းချနိုင်သည်ဟုပြောပြီး ဆိုင်တင်ရောင်းမည့် ပစ္စည်းများရှိရာ ဂိုဒေါင်ကိုမူ သော့ခတ်သိမ်းထားသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်လည်း သတင်း

အချက်အလက်များ လွတ်လပ်စွာရယူခွင့် (Access to Information) ကို သတင်းမီဒီယာများက ဆက်လက်တောင်းဆိုနေကြခြင်းဖြစ်သည်။

သတင်းအချက်လက်များ လွတ်လပ်စွာ ရယူပိုင်ခွင့်ကို မီဒီယာများက ပြောဆိုနေကြသော်လည်း အမှန်ဆိုရပါမူ ထိုပိုင်ခွင့်သည် နိုင်ငံသားအားလုံး၏ ပိုင်ခွင့်ဖြစ်သည်ကိုလည်း သတိမူကြရန် လိုပေသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအချို့တွင် သတင်းအချက်အလက်များ ရယူပိုင်ခွင့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းစေလျက် ဥပဒေနှင့်အညီ ပိုင်ခွင့်များ ရယူကြသည်ကိုတွေ့ရသည်။ အဆိုပါ ဥပဒေများသည် အစိုးရနှင့် အစိုးရနှင့်ဆက်စပ်သော အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များအား ပြည်သူများရယူခွင့်ကို ဦးတည်ထားကြသည်။

ဗဟုမီဒီယာဟူသည် မီဒီယာပိုင်ဆိုင်မှု၊ မီဒီယာပုံစံများနှင့် မီဒီယာအကျိုးသက်ရောက်မှု၊ ပျံ့နှံ့ရောက်ရှိမှုတို့အားလုံး အကျုံးဝင်သည်။ ဗဟုမီဒီယာက နိုင်ငံသားအားလုံး မျိုးကွဲစုံလင်လှစွာသော သတင်းအချက်အလက် အရင်းအမြစ်များနှင့် အသံများကို ရယူပိုင်ခွင့်၊ အခြားသော ထူးကွဲစွာ ဩဇာလွှမ်းမိုးသည့် တွေးခေါ်ထင်မြင်ချက်များ၏ အရိပ်မထိုးစေဘဲ မိမိတို့၏ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့်ကို အာမခံသည်။

ထို့ကြောင့် သတင်းလွတ်လပ်ခွင့်တွင် လွတ်လပ်စွာ ရေးသားထုတ်ဝေခြင်း၊ လွတ်လပ်စွာ သတင်းအချက်အလက် ရယူခြင်းနှင့် သတင်းအချက်အလက်များ အနှောင့်အယှက်မရှိ လွတ်လပ်စွာစီးဆင်းပြီး နေရာအနှံ့ပျံ့နှံ့ရောက်ရှိခြင်းတို့ ပြည့်စုံရမည်ဖြစ်သည်။

## ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့

ကုလသမဂ္ဂအဖွဲ့ကြီးလက်အောက်ရှိ ယူနက်စကိုအဖွဲ့သည် သတင်းလွတ်လပ်ခွင့်များကို တိုက်တွန်းမြှင့်တင်လှုံ့ဆော်ရင်း သတင်းမီဒီယာအတတ်ပညာ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း အဖွဲ့ဝင်နိုင်ငံများတွင် ကူညီဆောင်ရွက်ပေးလျက် ရှိနေသည်။ (၁၉၉၁) ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီး၏ (၂၆) ကြိမ်မြောက် အစည်းအဝေး၏ ထောက်ခံတင်ပြချက်များကို ရယူကာ (၁၉၉၃) ခုနှစ်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မေလ (၃) ရက်ကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့တွင် ကမ္ဘာအနှံ့ သတင်းလွတ်လပ်ခွင့် အခြေအနေများကို သုံးသပ်တင်ပြခြင်း၊ သတင်းလွတ်လပ်မှုအပေါ် တိုက်ခိုက်လာမှုများကို တွန်းလှန်ကာကွယ်ခြင်းနှင့် သတင်းလုပ်ငန်းလုပ်ကိုင်ရင်း အသက်စွန့်ခဲ့ကြရသည့် သတင်းစာဆရာများအတွက် ချီးကျူးဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ကို နိုင်ငံအလိုက်ကျင်းပကြသလို ယူနက်စကိုအဖွဲ့ကြီးကလည်း နိုင်ငံတကာအဆင့် အထိမ်းအမှတ် အခမ်းအနားကို အိမ်ရှင်နိုင်ငံ တစ်နိုင်ငံစီတွင် အလှည့်ကျ ကျင်းပပေးပြီး ထိုနေ့တွင် ယူနက်စကို/ဂီလာမိုကာနို သတင်းလွတ်လပ်ခွင့်ဆုကို ပေးအပ်လေ့ရှိသည်။ ထိုဆုမှာ (၁၉၈၆) ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်က မြို့တော်ဘိုဂိုတာရှိ သူ အလုပ်လုပ်ရာ အယ်လ်အက်စပက်တဒိုး သတင်းစာတိုက်ရှေ့တွင် ရက်ရက်စက်စက် အသတ်ခံခဲ့ရသော ကိုလံဘီယာသတင်းစာဆရာ ဂီလာမိုကာနိုအီဆာဇာကို ဂုဏ်ပြုကာ သတင်းလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်ကြိုးပမ်းခဲ့ကြသော သတင်းစာဆရာများအား နှစ်စဉ်ဆုချီးမြှင့်ခြင်း ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့ကလည်း သတင်းမီဒီယာလွတ်လပ်ခွင့်ကို တိုင်းတာသည့် စံနှုန်းများ သတ်မှတ်ကာ နိုင်ငံများ၏ သတင်းလွတ်လပ်ခွင့်အခြေအနေများကို စောင့်ကြည့်နေကြသည်။ ထိုအထဲတွင် ထင်ရှားသော အဖွဲ့အစည်းသုံးခုမှာ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (Reporters without Borders)၊ သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ (Committee to Protect Journalists) နှင့် ဖရီးဒမ်းဟောက်စ် (Freedom House) တို့ ဖြစ်ကြသည်။ သတင်းလွတ်လပ်ခွင့်၏ ယေဘုယျတန်ဖိုးတွင် တူညီမှုရှိကြသော်လည်း အကဲဖြတ်အမှတ်ပေးကြပုံမှာမူ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အနည်းငယ်ခြားနားမှုရှိသည်ကို တွေ့ရသည်။

## နယ်စည်းမခြား သတင်းထောက်များအဖွဲ့

အာရ်အက်စ်အက်ဖ်ဟု အတိုကောက်သိကြသည့် ထင်ရှားသော မီဒီယာစောင့်ကြည့်အဖွဲ့ကြီးဖြစ်သည်။ ပြင်သစ်ဘာသာဖြင့် Reporters Sans Frontie'res သုံးနှုန်းသောကြောင့် အာရ်အက်စ်အက်ဖ်ဟု အတိုကောက် ခေါ်ကြသည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ အခြေစိုက်ပြီး ကုလသမဂ္ဂတွင် အကြံပေးအဆင့် ရရှိထားသော အဖွဲ့လည်းဖြစ်သည်။ အဖွဲ့တွင် အဓိက လုပ်ငန်းတာဝန်နှစ်ရပ်ရှိသည်။ ပထမတာဝန်မှာ အင်တာနက်ဆင်ဆာနှင့် မီဒီယာသစ်များအပေါ် အာရုံစိုက်စောင့်ကြည့်ခြင်းနှင့် ဒုတိယတာဝန်မှာ အန္တရာယ်ရှိသောဒေသများသို့ တာဝန်ပေးစေလွှတ်ခံရသော သတင်းထောက်များအား ရုပ်ပိုင်းနှင့် စိတ်ပိုင်း အထောက်အပံ့များပေးရန်တို့ ဖြစ်ကြသည်။ အဖွဲ့ကြီးကို ပြင်သစ်နိုင်ငံ၊ မောင့်ပေးလီးရေးမြို့၌ Robert Ménard ၊ Rémy Loury ၊ Jacques Molénat နှင့် Milien Jubineau တို့က (၁၉၈၅) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြသည်။

နိုင်ငံများအား အကဲဖြတ်ပုံမှာ အဖွဲ့ကြီးက ယင်း၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကမ္ဘာတစ်လွှားရှိ သတင်းထောက် (၁၅၀) ကျော် အပါအဝင် သတင်းစာဆရာများ၊ သုတေသနသမားများ၊ တရားသူကြီးများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများကို မေးခွန်းများ ဖြန့်ဝေသည်။ ထိုမေးခွန်းများသည် ဗဟုစနစ်၊ မီဒီယာ အမှီအခိုကင်းမှုဝန်းကျင်နှင့် မိမိဘာသာ ဆင်ဆာဖြတ်တောက်ခြင်းများ၊ ဥပဒေမူဘောင်များ၊ ပွင့်လင်းမြင်သာမှုများနှင့် အခြေခံအဆောက်အအုံများနှင့် သက်ဆိုင်သော မေးခွန်းများ ဖြစ်ကြသည်။

ထို့အပြင် အင်တာနက်ပေါ်တွင် သတင်းများ လွတ်လပ်စွာ စီးဆင်းမှုအပေါ် ထိန်းချုပ်မှုများ၊ သတင်းသမားများအပေါ် အကြမ်းဖက်မှုများကိုလည်း ထည့်သွင်းတွက်ချက်သည်။ ထိုမေးခွန်းများ၏ အဖြေကို ပေါင်းစပ်ပြီး အမှတ်ပေးကာ နိုင်ငံတစ်နိုင်ငံ၏ သတင်းလွတ်လပ်မှု အညွှန်းကိန်းကို နှစ်စဉ်ထုတ်ပြန်ပေးသည်။ ရမှတ်နည်းလေ လွတ်လပ်မှုအဆင့်မြင့်လေဖြစ်သည်။

## သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ

အာဏာရှင်အစိုးရများ၏ နိုင့်ထက်စီးနင်း ပြုမူမှုများကို တုံ့ပြန်ရန်အတွက် အမေရိကန်ပြည်ထောင်စု၌ အလုပ်လုပ်နေကြသောနိုင်ငံခြား သတင်းထောက်အုပ်စုတစ်စုက (၁၉၈၁) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာမှ သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ ပေါ်ပေါက်ခဲ့သည်။ နယူးယောက်မြို့၌ တည်ရှိသော ယင်းအဖွဲ့သည် သတင်းလွတ်လပ်ခွင့်ကို မြှင့်တင်ခြင်းနှင့် သတင်းသမားများ အခွင့်အရေးကို ကာကွယ်ခြင်း ဟူသော ပင်မတာဝန်နှစ်ခုကို ထမ်းရွက်သည်။

အဆိုပါ ကော်မတီသည် 'သတင်းမီဒီယာများအပေါ် တိုက်ခိုက်ခြင်းများ' ဟူသော ခေါင်းစဉ်ဖြင့် သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်သည့် စူးစမ်းလေ့လာမှုများကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။ ထို့အပြင် နိုင်ငံတကာသတင်းလွတ်လပ်ခွင့်ဆုများကိုလည်း ဆုလေးဆုမှ ခုနစ်ဆုအထိ တစ်ဦးချင်း သို့မဟုတ် ထုတ်ဝေသည့် စာနယ်ဇင်းတို့ကို နှစ်စဉ်ရွေးချယ်ချီးမြှင့်သည်။

## ဖရီးဒမ်းဟောက်စ်

'ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် ကမ္ဘာတစ်လွှားမှ ရှင်းလင်းပြတ်သားသော အသံများ' ဟူ၍ ဖရီးဒမ်းဟောက်စ်က ကြွေးကြော်ကာ ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလတွင် တည်ထောင်ခဲ့သည်။ ရုံးချုပ်မှာ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်၌ တည်ရှိသည်။ ယင်း၏ အကျိုးတော်ဆောင်အဖွဲ့ တွင် စီးပွားရေးနှင့် အလုပ်သမားခေါင်းဆောင်များ၊ အစိုးရအဆင့်မြင့်အရာရှိဟောင်းများ၊ ပညာရှင်များ၊ စာရေးဆရာများနှင့် သတင်းစာဆရာများ ပါဝင်ကြသည်။

ဖရီးဒမ်းဟောက်စ်သည် နယ်ပယ်အသီးသီး၏ လွတ်လပ်ခွင့်များကို သုံးသပ်သော အဖွဲ့အစည်းဖြစ်ပြီး မီဒီယာနှင့် ပတ်သက်၍လည်း နှစ်စဉ် လွတ်လပ်ခွင့် အစီရင်ခံစာ ထုတ်ပြန်သည်။ သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းများကို နိုင်ငံအလိုက် နှစ်စဉ် အမှတ်ပေးသတ်မှတ်သည်။ သတင်းလွတ်လပ်ခွင့်တွင် ကမ္ဘာအနှံ့ရှိ ပုံနှိပ်၊ ရုပ်သံလွှင့်နှင့် အင်တာနက်မီဒီယာအားလုံးကို စောင့်ကြည့်အကဲဖြတ်ခြင်းဖြစ်သည်။

နိုင်ငံအလိုက် ကိန်းဂဏန်းများဖြင့် အညွှန်းကိန်းများ သတ်မှတ်ပေးသည့်အပြင် လွတ်လပ်၊ တစ်ပိုင်းတစ်စ လွတ်လပ်၊ မလွတ်လပ်ဟူ၍ အုပ်စုသုံးစု ခွဲထည့်သည်။ ရမှတ် သုညသည် အလွတ်လပ်ဆုံး၊ အမှတ် (၁၀၀) သည် မလွတ်လပ်ဆုံး ဖြစ်သည်။ သတင်းလွတ်လပ်ခွင့်ကို တိုင်းတာရာ၌ ဥပဒေဝန်းကျင်၊ နိုင်ငံရေးဝန်းကျင်နှင့် စီးပွားရေးဝန်းကျင်ဟူသော ဒေါက်တိုင်သုံးတိုင်ဖြင့် စဉ်းစားသည်။

## အခန်း - ၁၉ (ARTICLE 19)

သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ ထင်ရှားသော အဖွဲ့အစည်းတစ်ခုမှာ လန်ဒန်အခြေစိုက် အခန်း (၁၉) (ARTICLE 19) ဖြစ်သည်။ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အခန်း (၁၉) ကို ရည်ညွှန်းကာ အဖွဲ့က ယင်းအတိုင်း အမည်ပေးခဲ့သည်။ (၁၉၈၇) ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ယင်းအဖွဲ့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်များ လွတ်လပ်ခွင့်တို့အတွက် ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည်ဟု သိရသည်။ ထိုအဖွဲ့သည် ကမ္ဘာတစ်လွှားရှိ လွတ်လပ်စွာ ဖော်ထုတ်ခွင့်များအား ခြိမ်းခြောက်နေမှုများကို စောင့်ကြည့်သည်။ အစိုးရများအား နိုင်ငံတကာ အဆင့်အတန်းမီသော လွတ်လပ်စွာ ရေးသားဖော်ထုတ်ခွင့်ဆိုင်ရာ ဥပဒေများ ပေါ်ပေါက်လာရေးအတွက် စည်းရုံးသည်။

## ကမ္ဘာတစ်လွှား သတင်းလွတ်လပ်ခွင့် အခြေအနေ နောက်ဆုံးစစ်တမ်းများ

ကမ္ဘာတစ်လွှားရှိ သတင်းလွတ်လပ်ခွင့် အခြေအနေများအတွက် အကြီးဆုံးသော သတင်း လွတ်လပ်ခွင့် စောင့်ကြည့်အဖွဲ့ဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ထုတ်ပြန်ခဲ့သော ယခုနှစ် အစီရင်ခံစာတွင် နိုင်ငံပေါင်း (၁၈၀) ကို လေ့လာအကဲဖြတ်ခဲ့သည်။ အဆိုပါ အစီရင်ခံစာအရ သတင်းလွတ်လပ်ခွင့် အရှိဆုံး နိုင်ငံများတွင် အမှတ်စဉ် (၁) မှ (၅) အထိမှာ အပြောင်းအလဲမရှိဘဲ (၂၀၁၃) ခုနှစ် အစီရင်ခံစာ အတိုင်း ဆက်လက်ရပ်တည်ခဲ့သည်။ ထိုနိုင်ငံများကို အစဉ်လိုက် ဖော်ပြရလျှင် ဖင်လန်၊ နယ်သာလန်၊ နော်ဝေ၊ လူဇင်းဘတ်နှင့် အင်န်ဒိုရာနိုင်ငံတို့ ဖြစ်ကြသည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို စံနှုန်းပြု ပြောဆိုခြင်းခံရသော အမေရိကန်ပြည်ထောင်စုသည် အဆင့် (၄၆) တွင် ချိတ်သည်။

ယမန်နှစ်က အဆင့် (၃၂) တွင် ချိတ်ပြီး အဆင့် (၁၃) ဆင့် လျော့ကျသွားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ယခုနှစ်၌ အဆင့် (၁၄၅) သို့ အဆင့် ခုနစ်ဆင့် ခုန်တက်သွားသည်။ ယမန်နှစ်က မြန်မာနိုင်ငံသည် အဆင့် (၁၅၁) တွင် ရှိခဲ့သည်။ အာဆီယံ နိုင်ငံများ ထဲတွင် မြန်မာထက် ရှေ့ရောက်နေသော နိုင်ငံများမှာ ဘရူနိုင်း (၁၁၇)၊ ထိုင်း (၁၃၀)၊ အင်ဒို နီးရှား (၁၃၂) နှင့် ကမ္ဘောဒီးယား (၁၄၄) တို့ဖြစ်ကြသည်။ မြန်မာ၏ နောက်တွင် မလေးရှား (၁၄၇)၊ ဖိလစ်ပိုင် (၁၄၉)၊ စင်ကာပူ (၁၅၀)၊ လာအို (၁၇၁)၊ ဗီယက်နမ် (၁၇၄) တို့ ရှိကြသည်။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေလာခြင်း၊ အဝေးရောက်မီဒီယာများ ပြန်လည်ရောက်ရှိလာခြင်းတို့က ယခုနှစ်အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွက် အမှတ်ပေးစရာများ ဖြစ်ခဲ့သည်။

ဖရီးဒမ်းဟောက်စ်၏ (၂၀၁၄) ခုနှစ် အစီရင်ခံစာတွင်မူ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း (၆၃) နိုင်ငံသည် သတင်းလွတ်လပ်ခွင့် အပြည့်အဝ ရရှိကြ၍ (၆၈) နိုင်ငံမှာ တစ်ပိုင်းတစ်စ ရရှိထားကြပြီး ကျန်နိုင်ငံ (၆၆) နိုင်ငံမှာ လုံးဝမလွတ်လပ်သေးသော နိုင်ငံများဖြစ်သည်ဟု အကဲဖြတ်ထားသည်။ လူဦးရေအရဆိုလျှင် ကမ္ဘာ့လူဦးရေ၏ (၄၄) ရာခိုင်နှုန်းမှာ သတင်းလွတ်လပ်ခွင့် လုံးဝမရရှိကြသေးကြောင်း ဖရီးဒမ်းဟောက်စ်က ဆိုသည်။ (၂၀၀၄) ခုနှစ်မှ ရေတွက်လျှင် (၂၀၁၄) ခုနှစ် အစီရင်ခံစာတွင် သုံးသပ်ထားသည့် (၂၀၁၃) ခုနှစ် သတင်းလွတ်လပ်ခွင့် အခြေအနေသည် အနိမ့်ဆုံး ဆင်းသွားသည်ဟုလည်း အကဲဖြတ်ထားသည်။

မြန်မာနိုင်ငံသည် (၂၀၁၃) ခုနှစ်တွင် တိုးတက်မှု အနည်းငယ်ရှိပြီး ရမှတ် (၇၂ မှ ၇၀) သို့ ကျဆင်းသွားသည်။ ပုဂ္ဂလိက သတင်းစာများနှင့် အပတ်စဉ် စာစောင်များ တိုးတက်ထုတ်ဝေခွင့်ပြုလာခြင်းကို

နယ်စည်းမခြား သတင်းထောက်များအဖွဲ့ကဲ့သို့ပင် အပေါင်းလက္ခဏာအဖြစ် ဖရီးဒမ်းဟောက်စ်က ရှုမြင်သော်လည်း ပြုပြင်ပြောင်းလဲမှု နှေးကွေးခြင်း၊ မီဒီယာဥပဒေများတွင် မီဒီယာလုပ်ငန်း များထဲမှ ပါဝင်ဆွေးနွေးခွင့် ကန့်သတ်ခြင်း၊ လူမျိုးရေး အကြမ်းဖက်မှုများ၊ သတင်းရယူရာတွင် ကန့်သတ်ခြင်း များကို သူတို့က အနုတ်သဘောလက္ခဏာအဖြစ် ရှုမြင် သုံးသပ်ထားသည်။ ဖရီးဒမ်းဟောက်စ်က မြန်မာနိုင်ငံ အား ယခုထက်တိုင် လုံးဝသတင်းမလွတ်လပ်သေးသော နိုင်ငံများအုပ်စုတွင် ထည့်သွင်းထားဆဲဖြစ်သည်။ ဖရီးဒမ်းဟောက်စ်က သတင်းအလွတ်လပ်ဆုံးသော နံပါတ်တစ်နေရာအတွက် နယ်သာလန်၊ နော်ဝေနှင့် ဆွီဒင်တို့ကိုပေးထားသည်။

## သတင်းလွတ်လပ်ခွင့်နှင့် ထိန်းကျောင်းခြင်း ပုံစံများ

သတင်းလွတ်လပ်ခွင့်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ လူသားတို့၏ ရပိုင်ခွင့်တစ်ခု ဖြစ်သော်လည်း ထိုလွတ်လပ်ခွင့်ကိုပင် နိုင်ငံအလိုက် ပုံစံအမျိုးမျိုးနှင့် ထိန်းကျောင်းနေကြသည်။ လွတ်လပ်ခွင့်ဟူသည် တာဝန်ယူမှုပါသော လွတ်လပ်ခြင်းမျိုး ဖြစ်ရမည်ဟူသော အယူအဆကို အများစုက လက်ခံထားကြသည်။ ထို့ကြောင့်ပင် သတင်းသမားများအနေဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားသော သတင်းကျင့်ဝတ်များကို လေးစားလိုက်နာကြခြင်းဖြင့် သတင်းလွတ်လပ်ခွင့်ကို စည်းကမ်းတကျ ရယူကြရန် လိုအပ် လာသည်။

သတင်းမီဒီယာများအပေါ် ထိန်းသိမ်းကြပ်မတ်မှု များကို အခြေခံအားဖြင့် အုပ်စုသုံးစု သတ်မှတ်ခွဲခြား နိုင်သည်။ ယင်းတို့မှာ မိမိကိုယ်တိုင် ထိန်းကျောင်းခြင်း၊ ပေါင်းစပ်ထိန်းကျောင်းခြင်းနှင့် ဥပဒေဖြင့်ထိန်းကျောင်း ခြင်းတို့ဖြစ်ကြသည်။

## မိမိကိုယ်တိုင် ထိန်းကျောင်းခြင်း
**(Self Regulation)**

ထိန်းကျောင်းမှုမူဘောင်များနှင့် ပုံစံများကို သတင်းမီဒီယာ လောကသားများကိုယ်တိုင် ရေးဆွဲ ပြဋ္ဌာန်းသည့် စနစ်ဖြစ်သည်။ အခြေခံအားဖြင့် ထိုစနစ်တွင် တရားဥပဒေပိုင်းဆိုင်ရာ တာဝန်ယူရမှု မရှိဘဲ မိမိတို့အကြား လိုက်နာရန်ကျင့်ဝတ် စည်းမျဉ်း များကို ဖွဲ့စည်းပြီး မိမိကိုယ်တိုင် လိုက်နာကျင့်သုံး ကြသည့် သဘောဖြစ်သည်။ နမူနာပြရလျှင် သတင်း မီဒီယာကောင်စီကို မိမိတို့ဘာသာ ရွေးချယ်ပြီး ထိုကောင်စီက ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းပေးကာ ထိုကျင့်ဝတ်များကို သတင်းမီဒီယာများက လိုက်နာ ကြခြင်းဖြစ်သည်။

## ပေါင်းစပ်ထိန်းကျောင်းခြင်း
**(Co-Regulation)**

ထိုစနစ်သည် မိမိဘာသာ ထိန်းကျောင်းသည့် စနစ်ကဲ့သို့ သတင်းမီဒီယာလောကသား အများစုဖြင့် သက်ဝင်လှုပ်ရှားစေသော်လည်း ခြားနားချက်မှာ မိမိကိုယ်တိုင် ထိန်းကျောင်းခြင်းစနစ်တွင် သတင်း မီဒီယာ လောက,ကသာ ပါဝင်ပတ်သက်ပြီး ပေါင်းစပ် ထိန်းကျောင်းခြင်းစနစ်တွင်မူ ဥပဒေဖြင့် ကျော ထောက်နောက်ခံပေးထားပေးပြီး ထိန်းကျောင်းခြင်း ဖြစ်သည်။

## ဥပဒေဖြင့်ထိန်းကျောင်းခြင်း
**(Statutory Regulation / Pure Regulation)**

ထိုစနစ်တွင် ဥပဒေများပြဋ္ဌာန်းကာ အစိုးရ သို့မဟုတ် အများပြည်သူ ကိုယ်စားလှယ်အများစုက မီဒီယာကို စီမံခန့်ခွဲရာတွင် ကြီးမားစွာ ပါဝင် ပတ်သက်သည်။ ထိုအဖွဲ့၏ လုပ်ငန်းနယ်ပယ်နှင့် အခွင့်အာဏာတို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းပေးပြီး ထိုအဖွဲ့က ပါလီမန်ကို တာဝန်ခံလေ့ရှိသည်။

အထက်ဖော်ပြပါ ပုံစံသုံးမျိုးတွင် နောက်ဆုံး ပုံစံမှာ တင်းကျပ်လွန်းပြီး လွတ်လပ်မှုမရှိသော ပုံစံ ဖြစ်သဖြင့် သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် သံသယဖြစ်စရာရှိသည်။ ပထမနှင့် ဒုတိယပုံစံဖြစ်သော မိမိကိုယ်တိုင်ထိန်းကျောင်းခြင်းနှင့် ပေါင်းစပ်ထိန်း ကျောင်းခြင်းပုံစံနှစ်ခုမှ မိမိတို့နိုင်ငံနှင့် အဆင်ပြေမည့် နည်းလမ်းကို ရွေးချယ်ကြလေ့ရှိသည်။

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဥပဒေများ ရေးဆွဲရာတွင် အကြံပေးအဖြစ် ကူညီပေးနေသူ ဥပဒေပညာရှင် တိုဘီမန်ဒဲလ်က သီအိုရီအရပြောရလျှင် ပုံနှိပ်မီဒီယာအတွက် အစိုးရဝင်ရောက်စွက်ဖက်မှု အနည်းဆုံးဖြစ်သော မိမိကိုယ်တိုင် ထိန်းကျောင်းခြင်း ပုံစံသည်သာ အကောင်းဆုံးဟု ယေဘုယျ လက်ခံကြမည် ဖြစ်ကြောင်း၊ သို့ရာတွင် ပေါင်းစပ်ထိန်းကျောင်းခြင်း ပုံစံကို လက်ခံစဉ်းစားဖို့ကောင်းသည့် အကြောင်း ပြချက်ကောင်း နှစ်ခုရှိကြောင်း ပြောဆိုခဲ့သည်။

ပထမအချက်မှာ နိုင်ငံတော်တော်များများတွင် မီဒီယာကဏ္ဍ သို့မဟုတ် ယင်းနှင့် နီးနွယ်နေသည့် ကဏ္ဍများသည် မိမိကိုယ်တိုင်ထိန်းကျောင်းမှုပုံစံ တည်ဆောက်ရန်အတွက် ရင့်ကျက်မှု မရှိသေးခြင်းနှင့် ဆက်စပ်မှု အားနည်းခြင်းများ ရှိနေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ရင့်ကျက်ပြီးဖြစ်သော မီဒီယာ ဝန်းကျင်ရှိသည့် နိုင်ငံများတွင်ပင် ကိုယ်တိုင် ထိန်းကျောင်းခြင်းပုံစံကို တည်ဆောက်ရန် ခက်ခဲ နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကွဲပြား ခြားနားသော မီဒီယာလုပ်ငန်းများက အချင်းချင်း အပြိုင်အဆိုင် ရှိနေကြသည်။ ဥပမာအားဖြင့် ဈေးကွက်ဝေစုနှင့် သတင်းခေါင်းစဉ်ကဲ့သို့သော ကိစ္စမျိုးဖြစ်သည်။ ထိုအရာများက အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန်အတွက် အတော်ကလေး ခက်ခဲစေသည်ဟု တိုဘီကပြောသည်။

ပေါင်းစပ်ထိန်းကျောင်းခြင်းက ထိုအခက်အခဲ များကို ပြေလည်သွားစေသည်။ ဥပဒေတွင် အဓိကကျသော သတ်မှတ်ချက်ဘောင်များ ထည့်သွင်း ပေးထားခြင်းဖြင့် မိမိဘာသာ ထိန်းကျောင်းခြင်းပုံစံ၌ မီဒီယာလုပ်ငန်းများအကြား ဘုံသဘောတူညီချက်ရမှ အလုပ်ဖြစ်သည့် အခြေအနေမျိုးကို ကျော်လွှားနိုင် ပေမည်။ ထိုသို့ဆိုသဖြင့် မီဒီယာများ၏အကြံနှင့် သွင်းအားစုများအပေါ် တန်ဖိုးမထားခြင်း မဟုတ်ဘဲ ယင်းတို့မှာလည်း အောင်မြင်မှုအတွက် အရေးပါသော ကိစ္စများဖြစ်ကြောင်း တိုဘီက ရှင်းပြသည်။

အနှစ်ချုပ်ပြောရလျှင် ပညာရှင်တိုဘီမန်ဒဲလ်က ပေါင်းစပ်ထိန်းကျောင်းခြင်းပုံစံကို ပို၍လက်တွေ့ ကျသောပုံစံ၊ အလုပ်ဖြစ်သောပုံစံဟု ယူဆသည်ဟု ပြောနိုင်သည်။

သတင်းမီဒီယာ ဥပဒေကောင်းတစ်ခုသည် ထိန်းကျောင်းခြင်းဆိုင်ရာ စနစ်တစ်ရပ်ကို တည်ဆောက် ပေးရုံမျှမက ပုံနှိပ်မီဒီယာလောကအတွက်ပါ အကာ အကွယ်ပေးနိုင်သည်ဟု သူက ဆိုသည်။ မီဒီယာ ဥပဒေကောင်းတစ်ခုသည် မီဒီယာလွတ်လပ်ခွင့်၊ ကြိုတင် ဆင်ဆာဖြတ်တောက်ခြင်းအား တားမြစ်ခွင့်၊ မည်သူမဆို သတင်းသမားဖြစ်ခွင့်၊ သတင်းအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ သတင်းအရင်းအမြစ်များ ကာကွယ်ခွင့်စသည့် နယ်ပယ်ငါးခုကို ကာကွယ်မှု ပေးနိုင်ကြောင်း မီဒီယာဥပဒေများ ကိုယ်တိုင်ရေးဆွဲ၊ လေ့လာမှုလည်း ပြုနေသည့် တိုဘီကပြောသည်။

## သတင်းမီဒီယာကောင်စီများ

မိမိကိုယ်တိုင် ထိန်းကျောင်းခြင်းနှင့် ပေါင်းစပ် ထိန်းကျောင်းခြင်းများတွင် အရေးပါသောလုပ်ငန်း တစ်ခုမှာ သတင်းမီဒီယာကောင်စီများ ဖွဲ့စည်းခြင်း ဖြစ်သည်။ သို့ရာတွင် သတင်းမီဒီယာကောင်စီများ သည် လွတ်လပ်မှုရှိရမည်။ အရေးအကြီးဆုံးနှင့် အရှင်းဆုံးပြောရလျှင် အစိုးရနှင့် ကင်းရန်လိုသည်။ ထို့အပြင် ထိန်းကျောင်းမှု ဆောင်ရွက်ကြမည့် မီဒီယာပလေယာများသည် ကိုယ်ကျိုးစီးပွားမပါဘဲ အလုပ်လုပ်ကြရန် လိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သတင်းမီဒီယာကောင်စီ ကို ကောင်စီဝင် ကိုးဦးဖြင့် ဖွဲ့စည်းသည်။ ထိုကိုးဦး တွင် သုံးဦးမှာ သတင်းစာဆရာများ၊ နောက်သုံးဦးမှာ မီဒီယာပိုင်ရှင်များနှင့် နောက်ဆုံးသုံးဦးမှာ ပြည်သူ များ လေးစားသော ဂုဏ်သရေရှိ လူကြီးလူကောင်း များ ဖြစ်ကြသည်။ ထိုအထဲတွင် ပညာရှင်ကြီးများ၊ ဥပဒေပညာရှင်များ၊ လူမှုအဖွဲ့အစည်းများမှ ဦးဆောင် သူများ ပါဝင်ကြသည်။

အိန္ဒိယသတင်းမီဒီယာကောင်စီသည် အဖွဲ့ဝင် (၂၈) ဦး ရှိသည်။ ယင်းတို့အနက် အယ်ဒီတာခြောက်ဦး၊ အယ်ဒီတာမဟုတ်သော သတင်းသမား ခုနစ်ဦး၊ သတင်းစာတိုက်ပိုင်ရှင် သို့မဟုတ် မန်နေဂျာ ခြောက်ဦး၊

သတင်းအေဂျင်စီမှ တစ်ဦး၊ ဥပဒေ၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စာပေနှင့် ယဉ်ကျေးမှု နယ်ပယ်မှ သုံးဦးနှင့် ပါလီမန်အမတ်ငါးဦး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သတင်းမီဒီယာကောင်စီ၏ အခြေခံအကျဆုံးသော လုပ်ငန်းတာဝန်မှာ တိုင်တန်းမှု ဖြေရှင်းရေး ဖြစ်သည်။ မီဒီယာသတင်းလုပ်ငန်းနှင့် ပတ်သက်ပြီး ပြည်သူလူထု၏ မကျေနပ်ချက်များ၊ တိုင်တန်းချက်များကို သတင်းမီဒီယာကောင်စီက ဖြေရှင်းပေးရသည်။ ထို့ကြောင့် အချို့သောနိုင်ငံများ တွင် သတင်းမီဒီယာကောင်စီဟုပင် မဖွဲ့စည်းတော့ဘဲ တိုင်တန်းမှုဖြေရှင်းရေးကော်မရှင်ဟုပင် နယ်ပယ် ကျဉ်းထားသည်ကို တွေ့ရသည်။

သတင်းမီဒီယာကောင်စီများသည် တိုင်တန်းမှု ဖြေရှင်းရေး အဓိကတာဝန်အပြင် မီဒီယာလွတ်လပ်ခွင့် မြှင့်တင်ခြင်း၊ စာနယ်ဇင်းများအား မှတ်ပုံတင် ထုတ်ပေးခြင်း၊ လူမှုအငြင်းပွားမှု ဖြေရှင်းခြင်း၊ သတင်း မီဒီယာအတတ်ပညာ မြှင့်တင်ခြင်း စသည်တို့ကိုပါ ဆောင်ရွက်ပေးကြသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်လည်း (၂၀၁၀) ပြည့်နှစ် ရွေးကောက်ပွဲဖြင့် အရပ်သားအစိုးရ တက်လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင် ခြင်းနှင့်အတူ သတင်းသမားများ၊ စာရေးဆရာ များ၊ ပုံနှိပ်လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ် ပညာရှင်များ ပါဝင်သည့် မြန်မာနိုင်ငံ စာနယ်ဇင်း ကောင်စီ(ယာယီ)ကို နိုင်ငံတော်သမ္မတက (၂၀၁၂) ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။ သို့ရာတွင် ထိုယာယီစာနယ်ဇင်းကောင်စီတွင် ပါဝင် သော ကောင်စီဝင်များ တိုက်ရိုက်ခန့်ထားမှုများအပေါ် ဝေဖန်မှုများရှိခဲ့သဖြင့် ယာယီကောင်စီကို အဖွဲ့ဝင် အချို့ပြောင်းလဲကာ ပြန်လည်ဖွဲ့စည်းမှု ပြုလုပ်ခဲ့ရသည်။

## မြန်မာ့သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာ ကောင်စီ

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သည် သတင်းမီဒီယာဥပဒေမူကြမ်းအား ပညာရှင်များ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ သတင်းမီဒီယာ လောကသားများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်၍ ယင်းတို့ထံမှ အကြံဉာဏ်များရယူကာ ရေးဆွဲခဲ့ သည်။ သတင်းမီဒီယာဥပဒေကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးပြင်ဆင်ကြကာ (၂၀၁၄) ခုနှစ်၊ မတ်လ (၁၄) ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခဲ့သည်။

အဆိုပါ သတင်းမီဒီယာဥပဒေတွင် သတင်း မီဒီယာသမားများ၏ ရပိုင်ခွင့်များ၊ တာဝန်နှင့် ကျင့်ဝတ်များ၊ သတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း



**သတင်းရယူနေကြသည့် မီဒီယာသတင်းသမားများ**

နှင့် ကောင်စီ၏ အခန်းကဏ္ဍများကို ထည့်သွင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် သတင်းမီဒီယာ ဥပဒေ အတွက် နည်းဥပဒေများ ရေးဆွဲအတည်ပြုပြီးပါက လက်ရှိစာနယ်ဇင်းကောင်စီ (ယာယီ) ၏ လုပ်ငန်း တာဝန်များ ပြီးဆုံးကာ ဥပဒေအရ ပေါ်ပေါက်လာမည့် သတင်းမီဒီယာကောင်စီထံ တာဝန်များလွှဲပြောင်းပေး ရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သည် ယာယီတာဝန်ယူထားသည့် ကာလအတွင်း မြန်မာ့ သတင်းမီဒီယာလောကအတွက် ထူးခြားစွာ မှတ်တမ်း တင်ရမည့် သတင်းမီဒီယာကျင့်ဝတ်များ (Code of Conduct) ကို (၂၀၁၄) ခုနှစ်၊ မေလ (၃) ရက်၊ ကမ္ဘာ့ သတင်းလွတ်လပ်ခွင့်နေ့၌ ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ထိုကျင့်ဝတ်များကို မြန်မာနိုင်ငံသတင်းစာဆရာ အသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂနှင့် မြန်မာနိုင်ငံ စာနယ်ဇင်းကွန်ရက်တို့ကလည်း လိုက်နာမည့်အကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်သည် အတိတ်ကာလနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုများစွာရှိလာသည်မှာ အမှန်ဖြစ်သည်။သို့ရာတွင် နိုင်ငံတကာ သတင်းလွတ်လပ်ခွင့်စံများနှင့် ကိုက်ညီရေးမှာမူ ခြေလှမ်းသစ်များစွာ လှမ်းရန်လိုနေသေးသည်။ (၁၉၆၂) ခုနှစ် ပုံနှိပ်ဥပဒေကို ဖျက်သိမ်းလိုက်နိုင်ခြင်း၊ သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းနိုင်ခြင်းများသည် တိုးတက်မှုများ ဖြစ်သော်လည်း သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဟန့်တားနေသည့် အခြားသောဥပဒေများကိုလည်းပြုပြင်ပြောင်းလဲပြင်ဆင်ရန် လိုနေဆဲဖြစ်သည်။

ထို့အပြင် ကျင့်ဝတ်နှင့်အညီ ရေးသားကြသည့် သတင်းမီဒီယာများ ဖြစ်လာရေး၊ သတင်းမီဒီယာလောက အရည်အသွေးမြှင့်တင်ရေးတို့သည်လည်း လိုအပ်နေပေသည်။ သတင်းမီဒီယာသမားများ ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးအတွက်လည်း လိုအပ်သော နည်းဥပဒေများ သို့မဟုတ် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းကြရမည်ဖြစ်သည်။

စစ်မှန်ပြီး ရေရှည်တည်တံ့သော နိုင်ငံတကာအဆင့် သတင်းလွတ်လပ်ခွင့်ရရန်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ရေရှည်ရှင်သန်ထွန်းကားရေး၊ မြန်မာပြည်သူများ စားဝတ်နေရေးဘဝဖူလုံပြီး ပညာရည်နှင့် အတွေးအခေါ်များ ရင့်ကျက်မြင့်မားလာရေး၊ သတင်းလွတ်လပ်ခွင့်ကို အာမခံသော မဏ္ဍိုင်ကြီးသုံးရပ်တည်ဆောက်ရေး စသည်တို့လိုအပ်သည်။ ထို့အပြင် ပြည်သူ့အကျိုးရှေးရှုပြီး သတင်းကျင့်ဝတ်ထိန်းသိမ်းလိုက်နာသော၊ မိမိကိုယ်မိမိ တာဝန်ယူထိန်းကျောင်းနိုင်စွမ်းသော၊ အရည်အသွေးမြင့်မားသော သတင်းမီဒီယာဝန်းကျင် ပေါ်ပေါက်လာရေးသည်လည်း သတင်းမီဒီယာများဘက်က ဆောင်ရွက်ရန် ရှိနေပါဦးမည်။

## သဘာဝ ဘေးအန္တရာယ်များ။

။ **နီပေါနိုင်ငံမြေပြိုမှု** - နီပေါနိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ ဆင်ဟုပါချော့ခ် ခရိုင်မြစ်ကြောတစ်လျှောက်ရွာငယ်များတွင် ဩဂုတ်လ (၂) ရက်နေ့၌ မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် လူ (၁၅၆) ဦး သေဆုံးခဲ့သည်။

**ယူနန်ငလျင်** - တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ခရိုင်၌ ဩဂုတ်လ (၃) ရက်တွင် လူဒီယမ်နယ်မြေကို ဗဟိုပြု၍ ပြင်းအား (၆ ဒသမ ၁) ရစ်တာစကေးရှိသော မြေငလျင်လှုပ်မှုကြောင့် ဩဂုတ်လ (၆) ရက်အထိ လူ (၄၀၇) ဦးကျော်သေဆုံးကာ ထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသည်။ ငလျင်ဒဏ်



**ယူနန်ခရိုင် လူဒီယမ်နယ်မြေမှ အပျက်အစီးများ**

ကြောင့် ယူနန်ခရိုင်မှ လူနေအိမ် (၁၂၄,၀၀၀) ကျော်ပျက်စီးခဲ့သည်။ တရုတ်အစိုးရက အရေးပေါ်ကယ်ဆယ်ရေးလုပ်သား (၇၀၀၀) ခန့် စေလွှတ်ပေးခဲ့ကြောင်းနှင့် ယူနန်ပြည်နယ်တွင် (၁၄) နှစ်အတွင်း ပြင်းအားအကြီးဆုံးငလျင်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ တရုတ်ဝန်ကြီးချုပ်လီခယ်ကျင်းသည် ဩဂုတ်လ (၄) ရက်တွင် သွားရောက်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးအတွက် အင်အား (၁၈,၀၀၀) ဦးကျော် ချထားပေးခဲ့သည်။ သေဆုံးသူ၏ မိသားစုဝင်များမှာ လျော်ကြေးဒေါ်လာ (၃၂၀၀) စီရရှိကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

**ကမ္ဘောဒီးယားနိုင်ငံရေကြီးမှု** - ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ်လဆန်းတွင် မုတ်သုံမိုးအဆက်အပြတ်ရွာသွန်းပြီး မြစ်ရေများလျှံတက်ခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုခံခဲ့ရပြီး ကလေး (၁၅) ဦး အပါအဝင် (၂၇) ဦးသေဆုံးကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ ဩဂုတ်လ (၁၂) ရက်တွင် ပြောကြားသည်။ ရေလွှမ်းမိုးမှုခံရသည့် အိမ်ထောင်စု (၁၄,၀၀၀)စု ရှိသည်။ (၂၀၁၃) ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌

ပြည်သူ (၁ ဒသမ ၈) သန်း ရေလွှမ်းမှုဒဏ်ခံခဲ့ရပြီး (၁၆၈) ဦး သေဆုံးသည်။

**အိန္ဒိယနိုင်ငံရေကြီးမှု** - အိန္ဒိယနိုင်ငံတွင် ဥတ္တာရာခန်းပြည်နယ်မှ ဂင်္ဂါမြစ် အပါအဝင် ဥတ္တာပရာဒေ့ရှ်နှင့် ဘီဟာပြည်နယ်တို့မှ မြစ်ရေများလွှမ်းမိုးမှုကြောင့် လူ (၁၁၀) ထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ်လ (၁၉) ရက်၌ ဖော်ပြသည်။

**ဂျပန်နိုင်ငံမြေပြိုမှု** - ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ အရှေ့မြောက်ဘက်ရှိ ဂူဘန်ကျွန်းတွင် ဩဂုတ်လ (၂၀) ရက်၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ သေဆုံးသူ (၇၄) ဦး ရှိကြောင်း အေပီသတင်းတွင် ဖော်ပြသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရပြီး ဒုက္ခသည် (၁၆၀၀) ကျော်ရှိခဲ့သည်။

**အာဖဂန်နစ္စတန်နိုင်ငံရေကြီးမှု** - အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်လန်ပြည်နယ်တွင် ရေကြီးမှုကြောင့် လူ (၇၅) ဦး သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူများနေအိမ်စွန့်ခွာခဲ့ရသည်ဟု ယင်းဒေသမှအရာရှိများက ပြောကြားသည်။ ရက်သတ္တပတ်များစွာဆက်တိုက်ရေကြီးခဲ့သောကြောင့် ကလေးနှင့် အမျိုးသမီးများသေဆုံးခဲ့ပြီး လူများစွာပျောက်ဆုံးခဲ့သည်။

**ဖိလစ်ပိုင်နိုင်ငံတိုက်ဖွန်းမုန်တိုင်းဟာဂူပစ်** - ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်း ဆာမားကျွန်းတွင် ဒီဇင်ဘာလအတွင်း၌ တိုက်ဖွန်းမုန်တိုင်းဟာဂူပစ်အပြင်းအထန်တိုက်ခိုက်ခဲ့သောကြောင့် လူ (၂၁) ဦးသေဆုံးခဲ့သည်။ ယင်းမုန်တိုင်းသည် ဒီဇင်ဘာလ (၇) ရက်တွင် တိုက်ဖွန်းမုန်တိုင်းအဆင့်မှ လျော့ကျခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

**အင်ဒိုနီးရှားနိုင်ငံမြေပြိုမှု** - အင်ဒိုနီးရှားနိုင်ငံ ဗဟိုဂျာဗားပြည်နယ်ရှိ ဘန်ဂျာနီဂါရာဒေသ ဂျမ်းဘလက်ရွာတွင် ဒီဇင်ဘာလ (၁၂) ရက်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့သောကြောင့် ဒီဇင်ဘာလ (၂၃) ရက်အထိ လူ (၉၅) ဦးသေဆုံးပြီး (၁၁၃) ဦး ပျောက်ဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။ ယန္တရားများဖြင့် ရှင်းလင်းရန် ရွံ့နွံများ ထူထပ်လွန်းသောကြောင့် ကယ်ဆယ်ရေးသမား (၂၀၀) နှင့် စေတနာ့ဝန်ထမ်း (၃၅၀) ခန့်က လူအင်အားဖြင့် ရှင်းလင်းရှာဖွေကြရသည်။ ယင်းဒေသသို့ ဒီဇင်ဘာလ (၁၄) ရက်တွင် သမ္မတဂျိုကိုဝီဒိုဒိုသွားရောက်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများအရှိန်မြှင့်ရန်ပြောကြားခဲ့သည်။

**ဂျပန်နိုင်ငံနှင်းမုန်တိုင်း** - ဒီဇင်ဘာလ (၁၈) ရက်တွင် ဂျပန်နိုင်ငံအရှေ့မြောက်ဒေသ၌ ပြင်းထန်သောနှင်းမုန်တိုင်းကြောင့် လူ (၁၉) ဦးသေဆုံးပြီး (၃၆၅) ဦး ဒဏ်ရာရရှိကြောင်း ဂျပန်နိုင်ငံ မီးလောင်မှုနှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ ဒီဇင်ဘာလ (၁၉) ရက်တွင် အတည်ပြုသည်။ ယင်းမုန်တိုင်းကြောင့် လေကြောင်းလိုင်း (၆၀၀) ကျော် ဖျက်သိမ်းခဲ့ရပြီး ဟော့ကိုင်းဒိုးကျွန်းမြောက်ဘက်အစွန်းတွင် နှင်းထုများမှာ နှစ်မီတာခန့်ရှိသည်။

**မလေးရှားနိုင်ငံရေကြီးမှု**-မလေးရှားနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီဇင်ဘာလ (၁၄) ရက်မှစ၍ နှစ်ပေါင်းသုံးဆယ်အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ဒီဇင်ဘာလ (၂၈) ရက်အထိ အနည်းဆုံး လူ (၁၀) ဦး သေဆုံးပြီး လူပေါင်းတစ်သိန်းကျော် နေရပ်စွန့်ခွာကြရသည်။ မလေးရှားအစိုးရသည် ကယ်ဆယ်ရေးစခန်းများကို ဒေါ်လာ (၁၄) သန်းထောက်ပံ့ပေးကြောင်း အေပီသတင်း၌ ဖော်ပြသည်။

**ထိုင်းနိုင်ငံရေကြီးမှု** - ထိုင်းနိုင်ငံတောင်ပိုင်း စီရင်စုလေးခုရှိ ရွာပေါင်း (၁၄၁၅) ရွာ တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သောကြောင့် ဒီဇင်ဘာလ (၂၈) ရက်အထိ လူ (၁၄) ဦးသေဆုံးခဲ့သည်။ ထိုင်းဝန်ကြီးချုပ်က

ရေကြီးမှုဒဏ်ခံရသောဒေသများသို့ သွားရောက်၍ (အာဏာပိုင်များကို) ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး လုပ်ငန်းများ လုပ်ဆောင်ရန်တိုက်တွန်းခဲ့သည်။

**သီရိလင်္ကာနိုင်ငံရေကြီးမှု** - သီရိလင်္ကာနိုင်ငံတွင် ရက်သတ္တပတ်ကြာမိုးရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ဒီဇင်ဘာလ (၂၈) ရက်အထိ လူ (၂၄) ဦးသေဆုံးခဲ့သည်။

**ဖိလစ်ပိုင်မုန်တိုင်း** - ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတွင် အပူပိုင်းမုန်တိုင်းကျန်းမီတိုက်ခတ်သဖြင့် မြေပြို ခြင်း၊ ရေလွှမ်းမိုးခြင်းတို့ဖြစ်ပေါ်ခဲ့ရာ လူ (၃၀) ဦး သေဆုံးသည်။ မုန်တိုင်း၏တစ်နာရီလေတိုက်နှုန်းမှာ (၆၅) ကီလိုမီတာဖြစ်သည်။

**ကိုလံဘီယာနိုင်ငံရေကြီးမှု** - နိုဝင်ဘာလ (၁၀) ရက်တွင် ကိုလံဘီယာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ (၃၈) ဦး သေဆုံးပြီး လူ (၁၈၀၀၀) ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။

**သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ။**

။ (၁၇၇၆) ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာလ (၂၃) ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က စာပေပညာရှင်ကြီးများသည် သုတ၊ ရသ စာပေများကို ရေးသားခဲ့ကြသည့်ဆရာကြီးများဖြစ်သည့်အတွက် ပညာဂုဏ်နှင့် အသက်အရွယ်ကြီးရင့်ခြင်းကို ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးသန်းဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပညာရှင်ကြီးများအား လက်အုပ်ချီမိုးကန်တော့ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အလှူငွေကျပ် (၁၀) သိန်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ငွေကျပ် (၁၈) သိန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ငွေကျပ် (၁၀) သိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငွေကျပ် (၁၀) သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငွေကျပ်ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် (၁၀) သိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် (၁၀) သိန်းနှင့်အခြားအလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

**အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေး (အေပက်)**

။ ။ (၂၂) ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ (၈) ရက်မှ (၁၀) ရက် အထိ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည်။ (၁၉၉၆) ခုနှစ်မှ စတင်ဆွေးနွေးခဲ့သည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမှုဆောင်အရာရှိများ ထိပ်သီးအစည်းအဝေးသည် ဒေသတွင်းနှင့် ဒေသတွင်းမဟုတ်သော စီးပွားရေးခေါင်းဆောင်များနှင့် အဆင့်မြင့်စီးပွားရေးခေါင်းဆောင်များ၏ အာရှ-ပစိဖိတ်ဒေသ၏ ကနဦးတွင် စီးပွားရေးလုပ်ငန်းများအကြောင်း ဆွေးနွေးသည့် ဖိုရမ်ဖြစ်သည်။ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (သို့မဟုတ်) အေပက်ကို (၁၉၈၉) ခုနှစ်၊ နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ အဖွဲ့ဝင် (၁၂) နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း (၂၁) နိုင်ငံ

ရှိသည်။ (၂၀၁၅) ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင် မည်ဖြစ်သည်။

အေပက်၏ ရည်မှန်းချက်ပန်းတိုင်မှာ အာရှ-ပစိဖိတ်ဒေသအတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ဖြစ်ပေါ်စေရန်ဖြစ်သည်။ အေပက်အဖွဲ့ဝင်အားလုံးတို့သည် ခေတ်မီ၍ ညီညွတ်မှုရှိသော အာရှ-ပစိဖိတ် လူ့အဖွဲ့အစည်းကို ထူထောင်ရန်ဖြစ်သည်။ ဤသို့ထူထောင်ရန် ကြိုးပမ်းရာတွင် လွတ်လပ်ပွင့်လင်းမှုရှိသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုပိုမိုဖြစ်ထွန်းစေရေး၊ စီးပွားရေးနှင့်နည်းပညာပူးပေါင်းမှု၊ လူသားလုံခြုံမှု၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်းကျင်စသည်တို့ဖြစ်ပေါ်စေနိုင်ရေးတို့ကို အဓိကထား၍ဆောင်ရွက်ရန်ဖြစ်သည်။

အေပက်သည် လုပ်ဆောင်ချက်မဏ္ဍိုင်သုံးရပ်အဖြစ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်၊ စီးပွားရေး လွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးနှင့်နည်းပညာပူးပေါင်းမှုတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဒေသ၏ စီးပွားရေး၊ အလုပ်အကိုင်ဖန်တီးမှု၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် နည်းပညာမြင့်မားရေးတို့အပါအဝင် ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးမှုကို လွှမ်းခြုံစေသည်။

(၂၀၁၄) ခုနှစ် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအမှုဆောင်အရာရှိများ ထိပ်သီးအစည်းအဝေးဆောင်ပုဒ်မှာ “အာရှ-ပစိဖိတ် ပူးပေါင်းမှုမှတစ်ဆင့် အနာဂတ်ကိုပုံဖော်ခြင်း Shaping the Future through Asia-Pacific Partnership” ပင်ဖြစ်သည်။ အထူးအလေးပေးဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ-

* ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှုများကို ခေတ်မီစေခြင်း
* တီထွင်ဆန်းသစ်မှုရှိသည့် ဖွံ့ဖြိုးမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှု
* ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုကို အားကောင်းစေခြင်းတို့ပင်ဖြစ်သည်။

(၂၂) ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ခေတ်မီစေခြင်း၊ တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှုနည်းလမ်းများမြင့်တင်ခြင်း၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဘက်စုံဖွံ့ဖြိုးစေသည့် ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုတို့ကို အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်ဖြစ်ပေါ်စေရန်နှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့် ဘုံကြွယ်ဝမှုတို့ကို ဖြစ်ပေါ်စေရေးတို့အား ဦးတည်ဆွေးနွေးခဲ့ကြသည်။ အေပက်ခေါင်းဆောင်များ၏ ကြေညာချက်တွင် -

* အာရှ-ပစိဖိတ်လွတ်လပ်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရေးအတွက် အေပက်၏ ပေကျင်းလမ်းပြမြေပုံ
* ကမ္ဘာ့တန်ဖိုးမြင့် ကွင်းဆက်ဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အေပက်၏ မဟာဗျူဟာလမ်းပြမြေပုံ
* တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှု၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးမှုအတွက် အေပက်၏ ကြေညာချက်
* (၂၀၁၅ မှ ၂၀၂၅) ခုနှစ်အထိ အေပက်၏ ဘက်စုံ ဆက်သွယ်ယှက်နွယ်မှုလမ်းပြမြေပုံစသည့် လမ်းပြမြေပုံနှင့် ကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။

## အာရှ-ဥရောပထိပ်သီးအစည်းအဝေး (အေဆမ်)

။ ။ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး Asia Europe Meeting (ASEM) ကို (၁၉၉၆) ခုနှစ်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ အေဆမ်တွင် ဥရောပသမဂ္ဂ (အီးယူ) အဖွဲ့ဝင် (၂၈) နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံပါဝင်သည်။ (၂၀၀၈) ခုနှစ်တွင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ၊ (၂၀၁၀) ပြည့်နှစ်တွင် အိန္ဒိယ၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဩစတြေးလျ၊ ရုရှားနှင့် နယူးဇီလန်နိုင်ငံနှင့် (၂၀၁၂) ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှာ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ အေဆမ်ထိပ်သီးအစည်းအဝေးများတွင် အဓိကအားဖြင့်

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်တို့ကို ဆွေးနွေးသည်။

အဆိုပါမဏ္ဍိုင်များနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် အာရှနှင့်ဥရောပအဖွဲ့ဝင်နိုင်ငံအားလုံးက ဝိုင်းဝန်းအဖြေရှာပြီး ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးကို ပိုမိုဟန်ချက်ညီအောင် ထိန်းညှိရန်ဖြစ်သည်။ အေဆမ်ထိပ်သီးအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကို အာရှနှင့် ဥရောပတွင် နှစ်နှစ်တစ်ကြိမ်စီ အလှည့်ကျကျင်းပသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု-နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်နှင့် ဗီယက်နမ်နိုင်ငံတို့ ဖြစ်ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းနှစ်ခုမှာ ဥရောပသမဂ္ဂ (အီးယူ) နှင့် အာဆီယံအဖွဲ့တို့ဖြစ်သည်။

အေဆမ်ကို စတင်တည်ထောင်စဉ်က အီးယူအဖွဲ့ဝင် (၁၅) နိုင်ငံနှင့် အာဆီယံခုနစ်နိုင်ငံတို့သာ ပါဝင်ခဲ့သော်လည်း (၂၀၁၄) ခုနှစ်က ဗီယက်နမ်နိုင်ငံ




**(၁၀) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ**

ယဉ်ကျေးမှုနှင့် နယ်ပယ်ပေါင်းစုံနှင့် သက်ဆိုင်ရာကဏ္ဍများကိုလည်း ကျင်းပလျက်ရှိသည်။

လက်ရှိ အေဆမ်အဖွဲ့တွင် နိုင်ငံတကာအဖွဲ့အစည်းနှစ်ခုနှင့် အဖွဲ့ဝင်နိုင်ငံပေါင်း (၄၉) နိုင်ငံရှိသည်။ အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်းဒါရူဆလမ်၊ ဘူဂေးလ်ရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ လူဇင်းဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် ငါးကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးတွင် အီးယူအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံနှင့် မြန်မာအပါအဝင် အာဆီယံသုံးနိုင်ငံတို့ ထပ်မံ၍ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

အေဆမ်ထိပ်သီးအစည်းအဝေးများကို (၁၉၉၆) ခုနှစ်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ပထမအကြိမ်၊ (၁၉၉၈) ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဒုတိယအကြိမ်၊ (၂၀၀၀) ပြည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ တတိယအကြိမ်၊ (၂၀၀၂) ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ စတုတ္ထအကြိမ်၊ (၂၀၀၄) ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ပဥ္စမအကြိမ်၊ (၂၀၀၆) ခုနှစ်တွင် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီ

မြို့၌ ဆဋ္ဌမအကြိမ်၊ (၂၀၀၈) ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ သတ္တမအကြိမ်၊ (၂၀၁၀) ပြည့်နှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ အဋ္ဌမအကြိမ်၊ (၂၀၁၂) ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နဝမ အကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ (၂၀၁၄) ခုနှစ်တွင် (၁၀) ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ မီလန်မြို့၌ အောက်တိုဘာလ (၁၆) ရက်နှင့် (၁၇) ရက် တို့တွင် ကျင်းပခဲ့သည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် အောက်တို ဘာလ (၁၆) ရက် မွန်းလွဲပိုင်းတွင် အီတလီနိုင်ငံ မီလန်မြို့ရှိ မီကိုကွန်ဖရင့် စင်တာ၌ ကျင်းပသည့် (၁၀) အကြိမ်မြောက်အာရှ- ဥရောပထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် မျက်နှာစုံညီထိပ်သီးအစည်းအဝေး ကို ဆက်လက်ကျင်းပရာ အာရှ-ဥရောပစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့်ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ဒေသကြီး နှစ်ခုအကြား ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါမျက်နှာစုံညီ ထိပ်သီး အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒေသနှစ်ခုအကြား စီးပွားရေးပေါင်းစည်းဆက်သွယ် မှုများ တိုးတက်မြင့်မားစေရန်အတွက် အာရှနှင့် ဥရောပ ဒေသနှစ်ခုကြား ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ ခိုင်မာအားကောင်းအောင် အလေးထား ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကဲ့သို့သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေ သည့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထား မြှင့်တင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင် ရွက်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူ ရေနက် ဆိပ်ကမ်းစီမံကိန်းများတွင် ဥရောပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အာရှ-ဥရောပထိပ်သီးအစည်းဝေးသို့ ဥရောပ တိုက်မှ နိုင်ငံပေါင်း (၃၀)၊ အာရှဒေသမှ (၁၉) နိုင်ငံ၊ ဥရောပသမဂ္ဂနှင့်အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပါဝင်ပြီး စုစုပေါင်းနိုင်ငံ (၄၉) နိုင်ငံနှင့် အဖွဲ့အစည်း နှစ်ခုတိုးမြှင့်ဖွဲ့စည်းထားသည်။

**အီဘိုလာဗိုင်းရပ်စ် ။** ။ (၂၀၁၄) ခုနှစ်၊ မတ်လခန့်ကစ၍ အနောက်အာဖရိကနိုင်ငံများဖြစ်သော ဂီနီ၊ ဆီရာလီယွန်၊ လိုင်ဘေးရီးယား၊ ကွန်ဂို၊ မာလီနှင့် နိုင်ဂျီးရီးယားနိုင်ငံများတွင် အီဘိုလာရောဂါကပ် အသွင်ဆိုက်ရောက်ခဲ့သည်။ (၂၀၁၄) ခုနှစ် ဒီဇင်ဘာလ (၁) ရက်အထိ စာရင်းအရ သံသယရှိသူပေါင်း (၁၇၅၉၀) ဦးရှိပြီး သေဆုံးသူ (၆၅၅၆) ဦးရှိသည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှထုတ်ပြန်သည်။ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာလေဆိပ်နှင့် နိုင်ငံအဝင်အထွက်နေရာများ၌ အနောက်အာဖရိကနိုင်ငံများမှ ပြန်လာသူများနှင့် ဖျားနာနေသူများကို ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့ကြ သည်။ ထိုနည်းတူ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး ဝန်ကြီးဌာနမှ နိုင်ငံတကာလေဆိပ်များနှင့် ပြည်ဝင်၊ ပြည်ထွက်နေရာများတွင် မြန်မာနိုင်ငံသို့ အီဘိုလာရောဂါ မပြန့်ပွားလာစေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက် ခဲ့သည်။ နိုင်ငံပိုင်သတင်းစာများမှလည်း သတိပေးနှိုး ဆော်ချက်များကို ထုတ်ပြန်ခဲ့သည်။

**အီဘိုလာရောဂါဟူသည်**

ယခင်အီဘိုလာသွေးယိုစိမ့်ရောဂါ (Ebola Homorrhagic Fever, EHF) ဟုခေါ်သော အီဘိုလာ ဗိုင်းရပ်စ်ရောဂါ (Ebola Virus Disease, EVD) ကို အီဘိုလာရောဂါဟုလည်း ခေါ်ကြသည်။ ၎င်းရောဂါသည် လူနှင့်အခြားပရိုင်းမိတ် (နို့တိုက်သတ္တဝါတို့တွင် အဆင့် အမြင့်ဆုံး လူ၊ မျောက်ဝံ၊ မျောက် အစရှိသည်) များတွင် အီဘိုလာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်လာသော ရောဂါဖြစ် သည်။

**အီဘိုလာဗိုင်းရပ်စ်**

အီဘိုလာဗိုင်းရပ်စ်ပုံသဏ္ဌာန်မှာ အပ်ချည်ကြိုး မျှင်ကို 'U' သဏ္ဌာန် သို့မဟုတ် 'b' သဏ္ဌာန်၊ သို့မဟုတ်

ကြိုးခွေသဏ္ဌာန်ပုံဖော်ထားသလိုမျိုး တွေ့ရသည်။ သေးသွယ်သော အမျှင်ပစ္စည်း (Filamentous Particles) များဖြစ်ကြသည်။ ယေဘုယျအားဖြင့် ‘၈၀’ နာနိုမီတာ (nanometer,nm) လုံးပတ်ရှိပြီး၊ ‘၁၄,၀၀၀’ နာနိုမီတာ ခန့်အထိရှည်သည်။ (ပေတံပေါ်တွင် အသေးငယ်ဆုံး အစိတ်အပိုင်းဖြစ်သော တစ်မီလီမီတာ millimeter,mm ကို အပိုင်းတစ်သန်းခန့်ထပ်မံစိတ်ဖြာခဲ့သော် ရရှိလာသည့် တစ်ပိုင်းမျှသော အတိုင်းအတာသည် တစ်နာနိုမီတာဖြစ်သည်။ ဂဏန်းအားဖြင့် ၁ နာနို မီတာသည် ၁၀$^{၉}$ မီတာဖြစ်လေသည်။)



**အီဘိုလာဗိုင်းရပ်စ်**

## စတင်ဖြစ်ပွားကူးစက်ခြင်း

အီဘိုလာရောဂါသည် (၁၉၇၆) ခုနှစ်တွင် အာဖရိကတိုက်ရှိ ဆူဒန်နိုင်ငံ၊ နဇာရာ ဒေသနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ယံဗူကူ ဒေသတို့၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့သည်။ ကွန်ဂိုနိုင်ငံတွင် ဖြစ်ခဲ့သော အီဘိုလာရောဂါမှာ အီဘိုလာမြစ် (Ebola river) အနီးရှိရွာတစ်ရွာတွင် စတင်ဖြစ်ပွားခဲ့သည်။ ဤမြစ်ကို အစွဲပြု၍ ‘အီဘိုလာရောဂါ’ ဟုခေါ်ခဲ့ကြသည်။ ၎င်းရောဂါသည် အာဖရိကတိုက် အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသ၊ အပူပိုင်းသစ်တောများဝန်းကျင်ရှိ ကျေးရွာများတွင် အခြေခံပြီးအဖြစ်များကြသည်။

ပထမဆုံး အီဘိုလာရောဂါကျရောက်သောနိုင်ငံမှာ တောင်ဆူဒန် (ထိုစဉ်က ဆူဒန်နိုင်ငံပိုင်)၊ နဇာရာဒေသဖြစ်သည်။ (၁၉၇၆) ခုနှစ်၊ ဇွန်လမှ နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သည်။ (၂၈၄) ဦးရောဂါဖြစ်ခဲ့ပြီး၊ (၁၅၁) ဦး ဆုံးပါးခဲ့ကြသည်။ ဆူဒန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပထမဆုံးလူနာမှာ ဇွန်လ (၃၀) ရက်တွင် ဆေးရုံတင်ခဲ့ပြီး ဇူလိုင် (၆) ရက်တွင် ကွယ်လွန်ခဲ့သည်။ ဆူဒန်နိုင်ငံတွင် ပထမဆုံးဖြစ်ပွားခဲ့သော်လည်း ရောဂါဖော်ထုတ်သတ်မှတ်ပြီး ဗိုင်းရပ်စ်နာမည်ပေးနိုင်ခဲ့ခြင်းကို လအနည်းငယ်အကြာ၌ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဒုတိယအီဘိုလာရောဂါကပ်ကျရောက်ပြီးမှသာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဒုတိယအီဘိုလာရောဂါသည် (၁၉၇၆) ခုနှစ်၊ ဩဂုတ်လ (၂၆) ရက် ဇိုင်ရဲနိုင်ငံ (ထိုစဉ်က အခေါ်အဝေါ် ယခု ကွန်ဂို) မြောက်ပိုင်း၊ မွန်ဂါလာခရိုင်ရှိ ယံဗူကူ ခေါ်ကျေးရွာငယ်ကလေးမှစခဲ့ကြသည်။ ပထမဆုံးရောဂါရခဲ့သူမှာ ကျေးရွာကျောင်းအုပ်ကြီးဖြစ်သည်။ ၎င်းသည် ဩဂုတ်လ (၁၂) ရက်နှင့် (၂၂) ရက်အတွင်း ဇိုင်ရဲနိုင်ငံမြောက်ပိုင်း (အလယ်ပိုင်းအာဖရိကသမ္မတ နိုင်ငံနယ်နိမိတ်အနီး) အီဘိုလာမြစ်သို့ သွားရောက် လည်ပတ်ခဲ့သည်။ (၁၉၇၆) ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်တွင် ရောဂါလက္ခဏာများ စတင်ပြခဲ့သည်။ ပထမတွင် ငှက်ဖျားရောဂါထင်ပြီး ကွီနိုင် (Quinine) ဆေးများ ကျွေးခဲ့သည်။ သို့သော် ရောဂါအခြေအနေပိုဆိုးလာ၍ ယံဗူကူသာသနာပြုဆေးရုံသို့ စက်တင်ဘာလ (၅) ရက်တွင်တင်ခဲ့သည်။ စက်တင်ဘာလ (၈) ရက်တွင် ကွယ်လွန်ခဲ့သည်။ ရောဂါလက္ခဏာပြပြီး (၁၄) ရက်အကြာတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ယင်းလူနာနှင့် ထိတွေ့ခဲ့သူများလည်း သေဆုံးခဲ့ကြသည်။ ဇိုင်ရဲနိုင်ငံ သမ္မတမိုဘူတူ (Mobutu) က ယံဗူကူဒေသနှင့် မြို့တော် ကင်ရှာရှာကို မဖြတ်သန်းရသော သီးခြားဇုန်အဖြစ်သတ်မှတ်ခဲ့သည်။ ဒေသခံရွာသူရွာသား များကို မိမိတို့ဒေသအတွင်း၌သာရှိနေစေခြင်း၊ ဆေးပစ္စည်းကိရိယာများကို ပိုးကင်းစင်စေခြင်း၊ အကာအကွယ်ပြုအဝတ်အစားများဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ဤဇိုင်ရဲအီဘိုလာရောဂါကပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကူအညီနှင့် ကွန်ဂို

လေတပ်မှ ပံ့ပိုးပေးသော လမ်းပန်းဆက်သွယ်ရေးဖြင့် (၂၆) ရက် အကြာတွင် ထိန်းချုပ်နိုင်ခဲ့သည်။ ထို အတွင်း (၃၁၀) ဦးကူးစက်ခံရပြီး (၂၈၀) ဦးသေဆုံးခဲ့ သည်။

(၁၉၉၅) ခုနှစ်တွင် ဇိုင်ရဲ (ယခု ကွန်ဂို) နိုင်ငံ၌ ဒုတိယအကြိမ်အီဘိုလာရောဂါဖြစ်ပွားခဲ့သည်။ (၃၁၅) ဦး ရောဂါရရှိပြီး (၂၅၄) ဦးသေဆုံးခဲ့သည်။ (၂၀၀၀) ပြည့်နှစ်တွင် ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါကူးစက် ခံရသူ (၄၂၅) ဦးရှိပြီး (၂၂၄) ဦး ကွယ်လွန်ခဲ့ကြ သည်။

(၂၀၀၃) ခုနှစ်တွင် ကွန်ဂိုနိုင်ငံ၌ အီဘိုလာ ရောဂါထပ်မံဖြစ်ပွားခဲ့သည်။ ဖြစ်ပွားသူ (၁၄၃) ဦး အနက် (၁၂၀) ဦးသေဆုံးခဲ့သဖြင့် သေဆုံးနှုန်း (၉၀) ရာခိုင်နှုန်းရှိခဲ့သည်။ ယနေ့ထိစာရင်းများအရ သေဆုံး နှုန်းအမြင့်ဆုံးဖြစ်ခဲ့လေသည်။ (၂၀၀၇) ခုနှစ်တွင် ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါထပ်မံဖြစ်ပွားပြန်သည်။ (၂၆၄) ဦး အီဘိုလာအဖျားရောဂါရကြပြီး (၁၈၇) ဦး သေဆုံးခဲ့သည်။

(၂၀၀၇) ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်တွင် ယူဂန်ဒါနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနက ယူဂန်ဒါ အနောက်ပိုင်းရှိ 'ဘွန်ဒီဘူဂျို' ခရိုင်တွင် အီဘိုလာရောဂါ ဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောဆိုသည်။ အမေ ရိကန်ပြည်ထောင်စု အမျိုးသားရည်ညွှန်းဓာတ်ခွဲခန်း များနှင့် ရောဂါထိန်းချုပ်ရေးဌာနများက နမူနာများကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ အီဘိုလာဗိုင်းရပ်စ်မျိုးဗီဇအသစ်ကို တွေ့ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အတည်ပြု ပေးခဲ့ပြီး ယင်းဗိုင်းရပ်စ်ကို 'ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်' (Bundibugyo virus) ဟုပဏာမစမ်းသပ်အမည်ပေးခဲ့ သည်။ ဤဗိုင်းရပ်စ်ကြောင့် (၁၄၉) ဦး ရောဂါရရှိပြီး (၃၇) ဦး သေဆုံးခဲ့သည်။

(၂၀၁၂) ခုနှစ်တွင် အသေးစားရောဂါဖြစ်ပွားမှု ယူဂန်ဒါနိုင်ငံတွင် ထပ်မံဖြစ်ပွားခဲ့သည်။ ပထမဖြစ်ပွားမှု တွင် ခုနစ်ဦးရောဂါခံစားရပြီး လေးဦးသေဆုံးခဲ့သည်။ ဒုတိယဖြစ်ပွားမှုတွင် (၂၄) ဦးရောဂါရပြီး (၁၂) ဦး သေဆုံးခဲ့သည်။ ဤဖြစ်ပွားမှု နှစ်ခုလုံးတွင် 'ဆူဒန် နိုင်ငံတွင် ဖြစ်ပွားခဲ့သော အီဘိုလာအမျိုးအစား' (Sudan variant) ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုခဲ့သည်။

(၂၀၁၂) ခုနှစ်၊ ဩဂုတ်လတွင် ကွန်ဂို ကျန်းမာရေးဝန်ကြီးဌာနက 'အီဘိုလာ' ဘွန်ဒီဘူဂျို အမျိုးအစားဗိုင်းရပ်စ်ကြောင့် အရှေ့ပိုင်းဒေသတွင် ရောဂါဖြစ်ပွားခဲ့ကြောင်း သတင်းပို့သည်။ (၅၇) ဦး ဖျားနာခဲ့ပြီး(၂၉) ဦးသေဆုံးသွားသည်။ အီဆီရိုနှင့် ဗီရာ ဒါနာမြို့တစ်ဝိုက်ဌာနေရွာသားများ အမဲလိုက်၍ ရခဲ့သော စွန်းထင်းနေသည့်အသားသည် ရောဂါကျရောက်ခြင်း ၏ အကြောင်းတရားဖြစ်ခဲ့သည်။

## အနောက်အာဖရိကတိုက်သို့ ပျံ့နှံ့လာခြင်း

(၂၀၁၄) ခုနှစ်၊ မတ်လတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့က အနောက်အာဖရိကတိုက်နိုင်ငံတစ်နိုင်ငံဖြစ် သော ဂီနီနိုင်ငံသို့ အီဘိုလာရောဂါ ပျံ့နှံ့လာကြောင်း အစီရင်ခံခဲ့သည်။ သုတေသီများက (၂၀၁၃) ခုနှစ်၊ ဒီဇင်ဘာလတွင် သေဆုံးသွားသော နှစ်နှစ်သား အရွယ်ကလေးမှစတင်ခဲ့သည်ဟုဆိုသည်။ ရောဂါသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော လိုက်ဘေးရီးယားနှင့် ဆီရာလီယွန်နိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။ ယင်း ဒေသ၏ အကြီးမားဆုံးသော အီဘိုလာရောဂါကပ်ဖြစ်လေသည်။

(၂၀၁၄) ခုနှစ်၊ ဩဂုတ်လ (၈) ရက်တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ထိုကပ်ရောဂါကို 'နိုင်ငံတကာ လူထုကျန်းမာရေးအရေးပေါ်အခြေအနေ' ဟုကြေညာ ခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဩဂုတ်လလယ်တွင် 'နယ်စည်း မခြားဆရာဝန်များ' အဖွဲ့က လိုက်ဘေးရီးယားမြို့တော် 'မွန်ရိုးဗီးယား' ၏ အခြေအနေသည် 'ထိတ်လန့်ဖွယ် နေ့စဉ်ပျက်သုဉ်းနေသည်' ဟု အစီရင်ခံခဲ့သည်။ ဝန်ထမ်းများက မြို့တော်၏ ကျန်းမာရေးစနစ်ကို ပိတ်ပစ်ခဲ့ကြပြီး လူနာများကို စွန့်ပစ်ခဲ့ကြသည်ဟု ဆိုသည်။ (၂၀၁၄) ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် ရောဂါသည် နိုင်ဂျီးရီးယားနှင့် ဆီနီဂေါနိုင်ငံများသို့ ပျံ့နှံ့သွားသည်။ (၂၀၁၄) ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်တွင် မာလီနိုင်ငံ၌ အစိုးရက ပထမဆုံးအီဘိုလာ ရောဂါလူနာတွေ့ရှိကြောင်း အတည်ပြုပြောကြားခဲ့ သည်။

**အာဖရိကတိုက်ပြင်ပသို့ ပျံ့နှံ့လာခြင်း**

(၂၀၁၄) ခုနှစ်၊ အောက်တိုဘာလဆန်းတွင် ထရီစာရိုမီယိုအမည်ရှိ (၄၄) နှစ်အရွယ် စပိန်လူမျိုး သူနာပြုသည် အနောက်အာဖရိကမှ ပြန်လာသော ဘုန်းတော်ကြီးတစ်ပါးကို ပြုစုရင်း အီဘိုလာရောဂါ ရခဲ့သည်ဟု ဆိုသည်။ အောက်တိုဘာလ (၂၀) ရက်တွင် ၎င်းကို စစ်ဆေးသောအခါ အီဘိုလာဗိုင်းရပ်စ်ပိုး မတွေ့ဟုဆိုသည်။ ထို့ကြောင့် ၎င်းသည် အီဘိုလာ ဗိုင်းရပ်စ်ပိုးတွေ့ခဲ့သည်ဟု ဆိုသည်။ သို့သော် သူတို့ နှစ်ဦးလုံးပြန်လည်ကောင်းမွန်လာသည်။ အောက်တိုဘာလ (၂၃) ရက်တွင် ဂီနီနိုင်ငံမှ အမေရိကသို့ ပြန်လာသော 'နယ်စည်းမခြားဆရာဝန်များအဖွဲ့' မှ နယူးယောက်မြို့နေဆရာဝန်တစ်ဦးသည်လည်း အီဘိုလာ ပိုးတွေ့ရှိကြောင်းစစ်ဆေးခံခဲ့ရသည်။ ထိုဆရာဝန် သည်ပြန်လည်ကောင်းမွန်လာပြီး ဘယ်လီဗျူးဆေးရုံမှ နိုဝင်ဘာလ (၁၁) ရက်တွင် ဆင်းခဲ့သည်။



**ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများ**

ရောဂါမှ ပြန်လည်ကောင်းမွန်လာပေမည်။ စက်တင်ဘာလ (၁၉) ရက်တွင် အဲရစ်ဒန်ကင်ဆိုသူသည် လိုက်ဘေးရီးယားနိုင်ငံမှ အမေရိကန်ပြည်ထောင်စု တက်ဆက်ပြည်နယ်သို့ ပြန်လာသည်။ ငါးရက်အကြာတွင် ရောဂါလက္ခဏာများပြလာသဖြင့် ဆေးရုံသို့တက်ရောက်ကုသခဲ့သည်။ အောက်တို ဘာလ (၈) ရက်တွင် ကွယ်လွန်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် တွေ့ရသော ပထမဦးဆုံး အီဘိုလာရောဂါဖြစ်ခဲ့သည်။ ဒန်ကင်ကိုပြုစုခဲ့သော တက်ဆပ်ပြည်နယ်သူနာပြုတွင်လည်း အီဘိုလာဗိုင်းရပ်စ်တွေ့ကြောင်း ကြေညာခဲ့သည်။ ထို့အတူပင် ဒန်ကင်ကို ပြုစုခဲ့သော နောက်ထပ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားတွင်လည်း

**ကူးစက်ပုံ**

အီဘိုလာဗိုင်းရပ်စ်ရောဂါသည်ရောဂါပိုးရှိသော တိရစ္ဆာန်ရိုင်းများမှတစ်ဆင့်လူသို့ကူးစက်ခဲ့ကြသည်။ ထို့နောက်လူအချင်းချင်းလက်ပွန်းတတီး နေထိုင်ကြသူများတွင် ရောဂါပိုးရှိသော သွေးနှင့်ခန္ဓာကိုယ်အရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ ခန္ဓာကိုယ်အရည်များဆိုရာတွင် တံတွေး၊ သလိပ်၊ အန်ထားသော အစာ၊ ကျင်ကြီး၊ ကျင်ငယ်၊ ချွေး၊ မျက်ရည်နှင့်သုက်ရည် တို့ကို ဆိုလိုသည်။ ခန္ဓာကိုယ်အတွင်းသို့ဗိုင်းရပ်စ်ပိုး ဝင်နိုင်သော နေရာများမှာ နှာခေါင်း၊ ပါးစပ်၊ မျက်လုံး၊ ပွန်းပဲ့၊ ထိရှအနာဒဏ်ရာများဖြစ်သည်။ ဗိုင်းရပ်စ် စွက်ဖက်နေသော ပစ္စည်းများ (ဥပမာ ဆေးထိုးအပ်)

မှလည်း ကူးစက်နိုင်သည်။ အီဘိုလာဗိုင်းရပ်စ်သည် ခြောက်သွေ့သော ပစ္စည်းများပေါ်တွင် နာရီအနည်းငယ်မျှသာ ရှင်သန်နိုင်သော်လည်း ခန္ဓာကိုယ်အရည်များအတွင်း ရက်အနည်းငယ်ကြာသည်အထိရှင်သန်နေနိုင်မည်။

အာဖရိကတိုက်တွင် ရောဂါပိုးရှိသော မျောက်ဝံ၊ လူဝံ၊ လင်းနို့၊ မျောက်၊ သမင်မျိုးနွယ်ဝင် သစ်တောတိရစ္ဆာန်များ၊ ဆူးအတောင်များရှိသော ဖြူကောင် စသည့်တိရစ္ဆာန်များကို ကိုင်တွယ်မိရာကတစ်ဆင့်ကူးစက်ခဲ့သည်ဟု အထောက်အထားပြုခဲ့ကြသည်။ ထို့ပြင် လူအချင်းချင်းရောဂါပိုးရှိသော ခန္ဓာကိုယ်အရည်များမှ တစ်ဆင့်သော်လည်းကောင်း၊ ထိုအရည်များစွက်ဖက်နေသော ပတ်ဝန်းကျင်မှပစ္စည်းများကို ကိုင်တွယ်မိရာမှ လည်းကောင်း၊ အီဘိုလာရောဂါဖြင့်သေဆုံးသူများကို ကိုင်တွယ်မြေမြှုပ်ရာမှလည်းကောင်း ကူးစက်နိုင်သည်။

အီဘိုလာရောဂါခံစားရပြီး ပြန်လည်နေထိုင်ကောင်းလာသူများမှလည်း ကူးစက်နိုင်သည်။ ထိုပြန်လည်နာလန်ထလာသူများ၏ သုတ်ရည်များတွင် ရှစ်ပတ်ခန့်ရောဂါပိုးရှိနေနိုင်၍ ထိုမှတစ်ဆင့်လည်း ကူးစက်နိုင်သည်ဟုဆိုသည်။ မကူးစက်နိုင်ရန် သတိထားရမည့်အချက်များကို တိကျစွာမလိုက်နာသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများလည်း ကူးစက်ခံခဲ့ကြရသည်။

သဘာဝအီဘိုလာဗိုင်းရပ်စ်ရောဂါပိုး သိုလှောင်ကန်ကို အတည်မပြုနိုင်သေးသော အဖြစ်နိုင်ဆုံးမှာ 'လင်းနို့' များဟု ခန့်မှန်းကြသည်။ အာဖရိကတိုက်တွင် လင်းနို့အပါအဝင် အစားအသောက်အတွက် အမဲလိုက်ထားသောအသားကို ချုံပုတ်အသား (bushmeat) ဟု ရည်ညွှန်းကြသည်။ ယင်းချုံပုတ်အသားများကို လူတို့စားသုံးခြင်းဖြင့် အီဘိုလာရောဂါအပါအဝင် ရောဂါများသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သည်ဟုဆိုသည်။

## ရောဂါလက္ခဏာများ

အီဘိုလာရောဂါသည် ရုတ်ခြည်းပြင်းထန်စွာဖျားနာနိုင်သောရောဂါဖြစ်သည်။ ယင်းအဖျားရောဂါသည် အားနည်းလာခြင်း၊ ကြွက်သားများ ကိုက်ခဲလာခြင်း၊ ခေါင်းကိုက် လည်ချောင်းနာခြင်း စသည့် လက္ခဏာများဖြစ်သည်။ ထို့နောက် အန်ခြင်း၊ ဝမ်းလျှောခြင်း၊ အရေပြားတွင် အနီကွက်များထွက်လာခြင်း၊ ကျောက်ကပ်နှင့် အသည်းပျက်စီးခြင်းနှင့်အချို့ကိစ္စများတွင် ခန္ဓာကိုယ်အတွင်းအပြင်သွေးယိုစိမ့်ခြင်းများရှိနိုင်သည်။ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်များတွင် သွေးဖြူဥလျော့နည်းလာခြင်း၊ အသည်းအင်ဇိုင်းများ သွေးတွင် များလာခြင်းများတွေ့ရသည်။ ရောဂါပိုးကူးစက်ခံရပြီး နှစ်ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာပြတတ်လေသည်။

ရောဂါမှပြန်လည်ကောင်းမွန်လာသူများသည် ရောဂါလက္ခဏာပြပြီး ခုနစ်ရက်မှ (၁၄) ရက်အတွင်းပြန်လည်ကောင်းမွန်လာလေ့ရှိသည်။ မကောင်းမွန်ဘဲ ပို၍ဆိုးရွားလာသူများအဖို့ ရောဂါလက္ခဏာပြပြီး ခြောက်ရက်မှ (၁၆) ရက်အတွင်း သေဆုံးလေ့ရှိသည်။ သွေးယိုစိမ့်လာလျှင် ရောဂါပိုဆိုးလာသောလက္ခဏာဖြစ်လေသည်။ ထို့နောက် သွေးဖိအားကျလာပြီး မေ့မြောကာကွယ်လွန်ကြသည်။

ပြန်လည်ကောင်းမွန်လာပြီး နာလန်ထသူသည် အဆစ်အမြစ်ကိုက်ခဲခြင်း၊ အသည်းရောင်ခြင်းနှင့်သောတအာရုံ (အကြားအာရုံ) ကျဆင်းနိုင်ခြင်းတို့ကို နောက်ဆက်တွဲခံစားရလေ့ရှိသည်။ ထိုသူသည် နောက်ထပ်ရောဂါဖြန့်ပေးနိုင်သူမဖြစ်တော့ပေ။

## ရောဂါဖော်ထုတ်ခြင်း

အီဘိုလာရောဂါပိုးကူးစက်ခံထားရခြင်းရှိ မရှိ သိရှိနိုင်ရန်အတွက် ဓာတ်ခွဲခန်းတွင် သွေးနမူနာကို အောက်ဖော် ပြပါနည်းများဖြင့် တိကျစွာဖော်ထုတ်နိုင်လေသည်။

(က) Enzyme Linked Immunosorbent Assay (ELISA) ဟု ခေါ်သော ပဋိပစ္စည်းဖမ်းနိုင်သော အင်ဇိုင်းနှင့်ချိတ်ဆက် ဓာတ်ခွဲစမ်းသပ်နည်း

(ခ) ပဋိလုံ့ပစ္စည်းစမ်းသပ်နည်း (Antigen Datection Test)

(ဂ) သွေးပျက်ပြယ်စေခြင်းနည်း (Serum Neutralization Test)

(ဃ) Reverse Transcriptase Polymerase Chain reaction (RT-PCR) assay ဟုသော ဗီဇစမ်းသပ်နည်း

(င) အီလက်ထရွန်မှန်ပြောင်းဖြင့်ကြည့်ခြင်း (Electron Microscopy)

(စ) ဗိုင်းရပ်စ်ပိုးမွေးမြူဖယ်ထုတ်ခြင်း (Virus isolation by cell culture)

ရောဂါသည်များ၏ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့သော နမူနာများမှတစ်ဆင့် ရောဂါကူးစက်ခံရနိုင်ခြေအလွန်များသည်။ ထို့ကြောင့် အမြင့်ဆုံးဇီဝကာကွယ်နည်းများကိုသုံး၍ ဓာတ်ခွဲစမ်းသပ်သင့်သည်။

## ကာကွယ်ဆေးနှင့်ကုသနည်း

အသုံးပြုခွင့်လိုင်စင်ရထားသော အီဘိုလာရောဂါကာကွယ်ဆေးမပေါ်သေးပေ။ ကာကွယ်ဆေးအမျိုးမျိုးကို စမ်းသပ်ဆဲဖြစ်သည်။ ရောဂါကုထုံးနည်းများအတိအကျမရှိသေးပေ။ ဆေးကျွေးကုသနည်းများကို သုံးသပ်ဆဲဖြစ်သည်။

ထို့ကြောင့် ရောဂါမဖြစ်လာစေရန်ကြိုတင်ကာကွယ်ခြင်းသည်အဓိကကျလာသည်။ တစ်ဦးချင်းရောဂါရနိုင်ခြေအချက်များကို အသိပညာပေး၍ သတိပြုလိုက်နာစေခြင်းသည်သာ ရောဂါဖြစ်နှုန်းနှင့်သေနှုန်းကိုလျှော့ချနိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်နေသည်။

## အီဘိုလာရောဂါကူးစက်နိုင်ခြေကို လျှော့ချခြင်း

(က) တိရစ္ဆာန်များကို လက်အိတ်နှင့် သင့်လျော်သောအကာအကွယ်ပြုအဝတ်အစားများ ဝတ်ပြီးမှသာလျှင် ကိုင်တွယ်သင့်သည်။

(ခ) တိရစ္ဆာန်ထွက်ပစ္စည်း (အသားနှင့်သွေး) တို့ကို မစားမီအသေအချာကျက်သည်အထိချက်ပြုတ်သင့်သည်။

(ဂ) အီဘိုလာရောဂါသည်များကို ကိုင်တွယ်ရာတွင် လက်အိတ်များနှင့် သင့်လျော်သောကိုယ့်ကိုကိုယ်အကာအကွယ်ပြုပစ္စည်း (Personal Protective Equipment-PPE) များဝတ်ထားသင့်သည်။

အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးဌာနက ဆေးဝန်ထမ်းများ၊ သုတေသီများနှင့် ဓာတ်ခွဲခန်းဝန်ထမ်းများကို PPE ဝတ်ဆင်ရာတွင်လည်းကောင်း၊ ပြန်လည်ချွတ်ရာတွင်လည်းကောင်း သင်တန်းများပေးထားရန် ထောက်ခံထားသည်။ ဥပမာ ဆီရာလီယွန်နိုင်ငံတွင် အထက်ပါ PPE ဝတ်ဆင်နည်းသင်တန်းသည် (၁၂) ရက်ခန့်ကြာမြင့်သည်ဟု ဆိုသည်။

## အီးဗီဇာ (e-Visa) စနစ်စတင်ကျင့်သုံးခြင်း။

။ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် စက်တင်ဘာလ (၁) ရက်တွင် e-Visa စနစ်ကို ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်သမ္မတရုံးက ပြည်ဝင်စနစ်နှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကို တာဝန်ခံ ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ရန် (၂၀၁၂) ခုနှစ်၊ ဇူလိုင်လတွင် တာဝန်ပေးခဲ့သည်။ လက်ရှိပြည်ဝင်ဗီဇာစနစ်အရ မြန်မာနိုင်ငံသို့ လာရောက်လိုသူများကို ကမ္ဘာလှည့်ဗီဇာ၊ သံတမန်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ဝင်ဗီဇာနှင့် ဖြတ်သန်းဗီဇာများဖြင့် ခွင့်ပြုပေးသည်။ (၂၀၁၂) ခုနှစ်တွင် လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာနှင့် ဖြတ်သန်းဗီဇာများကို (၂၇) နိုင်ငံအတွက်လည်းကောင်း၊ (၂၀၁၃) ခုနှစ်တွင် (၅၁) နိုင်ငံအတွက်လည်းကောင်း ဆိုက်ရောက်ဗီဇာ ထုတ်ပေးခဲ့သည်။ ဗီဇာခြောက်မျိုးအနက် ကမ္ဘာလှည့်ဗီဇာနှင့်လာသူမှာ အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် ICAO အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် ကမ္ဘာလှည့်ဗီဇာကို ဆိုက်ရောက်ဗီဇာလုပ်၍မရပေ။ ထို့ကြောင့် e-Visa စနစ်ခွင့်ပြုရန် စီမံခဲ့ရခြင်းဖြစ်သည်။ ယင်းစနစ်သည် နည်းပညာနှင့် ဘဏ်လုပ်ငန်းစနစ်ကို အခြေခံသည်။ လျှောက်ထားသူကို အမည်မည်းစာရင်းတွင် ပါဝင်ခြင်း ရှိ မရှိ၊ လျှောက်ထားသူ၏ ခရက်ဒစ်ကတ်တွင် ငွေရှိ မရှိ၊ ၎င်း၏ ကတ်ဟုတ်၊ မဟုတ်နှင့် သုံးစွဲနိုင်သည့်

သက်တမ်းရှိ၊ မရှိ စစ်ဆေးရမည့် Payment Gateway လိုအပ်သည်။ နည်းပညာပိုင်း၌ စနစ်တစ်ခုလုံးကို (၂၄) နာရီ အာမခံလုံခြုံမှုစနစ်ပေးနိုင်ရန်၊ လျှောက်ထားသူ၏ ပေးသွင်းငွေများ ဘဏ်စာရင်းသို့ လွယ်ကူမြန်ဆန်စွာ ပေးပို့နိုင်ရန် ဝန်ဆောင်မှုပြုမည့်ဘဏ်နှင့် Payment Gateway သည် နိုင်ငံတကာအသိအမှတ်ပြုအခြေအနေရှိရန်၊ စနစ်တစ်ခုလုံး မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်ကျရောက်ပါက ဝန်ဆောင်မှုပေးနိုင်မည့် အရန်စနစ်ထားရှိရန် လိုအပ်သည်။ e-Visa လျှောက်ထားလိုသူ၏ နိုင်ငံကူးလက်မှတ်သက်တမ်းမှာ အနည်းဆုံးခြောက်လရှိရမည်။ e-Visa ကို ရက်ပေါင်း (၉၀) အတွင်း အသုံးပြုခွင့်ရှိသည်။ (၂၈) ရက် နေထိုင်ခွင့်ရမည်ဖြစ်သည်။ လျှောက်ထားခ ဒေါ်လာ (၅၀) ကို အွန်လိုင်းမှ ပေးချေရသည်။ လျှောက်လွှာလက်ခံခြင်း ပြု၊ မပြုကို တစ်နာရီအတွင်း အကြောင်းပြန်သည်။ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းတို့ကို ငါးရက်ကြာစိစစ်သည်။ တစ်ဦးချင်းစီအတွက်သာ ဆောင်ရွက်ပေးပြီး တစ်ကြိမ်ဝင်ရောက်ပြီးလျှင် နောက်တစ်ကြိမ် ဝင်ရောက်ခွင့်မရှိပေ။ လက်ရှိတွင် e-Visa စနစ်နှင့် လျှောက်နိုင်သော နိုင်ငံ (၇၆) နိုင်ငံ သတ်မှတ်ထားသည်။ စတင် အသုံးပြုခဲ့သည့် စက်တင်ဘာလတွင် (၂၄) နိုင်ငံကိုသာ ခွင့်ပြုခဲ့သည်။ မန္တလေး၊ ရန်ကုန်နှင့် နေပြည်တော်လေဆိပ်များတွင် အသုံးပြုလျက်ရှိသည်။

**အော်စကာဆု။** ။ (၂၀၁၃) ခုနှစ်အတွက် (၈၆) ကြိမ်မြောက် အော်စကာဆုပေးပွဲကို မတ်လ (၂) ရက်တွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ ဒိုလ်ဘိုင်ကဇာတ်ရုံ၌ အနုပညာနှင့် သိပ္ပံပညာရုပ်ရှင်အကယ်ဒမီ (AMPAS) က ကြီးမှူးကျင်းပသည်။ အခမ်းအနားတွင် သရုပ်ဆောင် အယ်လင် ဒီဂျီးနားစ်က အခမ်းအနားမှူးအဖြစ်တင်ဆက်သည်။ အခမ်းအနားအစီအစဉ်များကို အမေရိကန်ပြည်ထောင်စု ABC ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်ရာ အမေရိကန်ပြည်ထောင်စုတွင် ရုပ်ရှင်ပရိသတ် (၄၃) သန်းနီးပါးကြည့်ရှုကြသည်။ ယင်းပမာဏသည် (၂၀၀၀) ပြည့်နှစ် (၇၂) ကြိမ်မြောက် အော်စကာဆုပေးပွဲနောက်ပိုင်းတွင် ကြည့်ရှုသူပရိသတ်အများဆုံးပင်ဖြစ်သည်။ (၈၆) ကြိမ်မြောက် အော်စကာဆုပေးပွဲကို (၂၀၁၄) ခုနှစ် ဆောင်းရာသီအိုလံပစ်ပွဲတော်နှင့် တိုက်ဆိုင်နေသည့်အတွက် နှစ်စဉ်ကျင်းပလေ့ရှိသည့် အချိန်ထက်တစ်ပတ်နောက်ကျ၍ ကျင်းပခဲ့သည်။ (၂၀၁၃) ခုနှစ်တွင် ပြသခဲ့သော ရုပ်ရှင်ကားများကို အနုပညာနှင့်သိပ္ပံပညာ ရုပ်ရှင်အကယ်ဒမီက ကြည့်ရှုအကဲဖြတ်၍ အော်စကာဆု (၂၄) ဆုပေးအပ်ခဲ့သည်။ အော်စကာဆု ဆန်ခါတင်စာရင်းကို (၂၀၁၄) ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်တွင် ကယ်လီဖိုးနီးယား ပြည်နယ်၊ ဘီဗာလီဟေးလ်ရှိ ဆင်မြူရယ်လ်ဂေါ်ဒွင် ကဇာတ်ရုံ၌ကြေညာသည်။

ဆန်ခါတင်စာရင်းဝင် ဇာတ်ကားရှစ်ကားအနက် အကောင်းဆုံးဇာတ်ကားဆုကို လူမည်းဒါရိုက်တာ စတိဗ်မက်ကွင်းရိုက်ကူးသည့် 12 Years a Slave ဇာတ်ကားကရရှိသည်။ ဆန်ခါတင်စာရင်းဝင် ဒါရိုက်တာငါးဦးအနက် အကောင်းဆုံး ဒါရိုက်တာဆုကို Gravity ဇာတ်ကားကိုရိုက်ကူးသည့် ဒါရိုက်တာ အယ်လ်ဖွန်ဆိုကာရွန်ကရရှိသည်။ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို မတ်သရူးမက်ကော်နေးကလည်းကောင်း၊ အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုကို ဂျရက်လီတိုကလည်းကောင်း Dallas Buyers Club ဇာတ်ကားတစ်ကားတည်းမှရရှိကြသည်။ ထို့ကြောင့် ယင်းဇာတ်ကားသည် အော်စကာဆုသမိုင်းတွင် ဇာတ်ကားတစ်ကားတည်းမှ အမျိုးသားသရုပ်ဆောင်ဆုနှစ်မျိုးရရှိသည့် ငါးကားမြောက် ဇာတ်ကားဖြစ်သည်။ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ဆန်ခါတင်စာရင်းဝင် ငါးဦးအနက် ကိတ်ဘလန့်ချက်တ်က Blue Jasmine ဇာတ်ကားဖြင့် ဒုတိယအကြိမ်ရရှိသည်။ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို ဆန်ခါတင်စာရင်းဝင်ငါးဦးအနက် 12 Years a Slave ဇာတ်ကားမှ Lupita Nyong'o ကရရှိသည်။ အကောင်းဆုံးမူရင်းသီချင်းဆုကို Frozen ဇာတ်ကားမှ Let It Go သီချင်းဖြင့် ခရစ်စတင်အန်ဒါဆင်လိုပက်ဇ်နှင့် ရောဘတ်လိုပက်ဇ်တို့က ပူးတွဲရရှိသည်။ ယင်းတို့နှစ်ဦးအနက်

## အော်စကာဆု



**မက်သရူး မက်ကော်နေး၊ ကိတ်ဘလန့်ချက်တ်၊ Lupita Nyong'o နှင့် ဂျရက်လီတို**

ရောဘတ်လိုပက်ဇ်သည် ဂရမ်မီဆု၊ အော်စကာဆုနှင့် အမ်မီဆုများရရှိသည့် အငယ်ဆုံးအဆိုရှင်ဖြစ်သည်။ အကောင်းဆုံး မူရင်းတေးသွားဆု၊ အသံတည်းဖြတ်ဆု နှင့်အသံရောနှောမှုဆုကို Gravity ဇာတ်ကားဖြင့်ပင် ရရှိသည်။

အကောင်းဆုံး မူရင်းရိုက်ညွှန်းဆုကို Her ဇာတ်ကားမှ စပိုက်ဂျုန်းစ် ကလည်းကောင်း၊ အကောင်းဆုံးမှီငြမ်းရိုက်ညွှန်းဆုကို 12 Years a Slave ဇာတ်ကားမှ ဂျွန်ရိုက်ဒလေကလည်းကောင်း ရရှိကြသည်။

### အခြားနည်းပညာဆုများ

| ဆုအမည် | ဇာတ်ကားအမည် |
| --- | --- |
| ၁။ ထုတ်လုပ်မှုဒီဇိုင်းဆု | The Great Gatsby |
| ၂။ Cinematography ဆု | Gravity |
| ၃။ ရုပ်ရှင်အထူးပြုလုပ်မှုဆု | Frozen |
| ၄။ နိုင်ငံခြားဘာသာစကား ပြောရုပ်ရှင်ဆု (အီတလီ) | The Great Beauty |
| ၅။ သတင်းမှတ်တမ်းရုပ်ရှင်ဆု | 20 Feet From Stardom |
| ၆။ သတင်းမှတ်တမ်းကားဆု | The Lady in Number 6: Music Saved my Life |
| ၇။ သက်ဝင်လှုပ်ရှားမှု အကောင်းဆုံးဇာတ်ကားဆု | Helium |
| ၈။ ဇာတ်လမ်းတိုအထူး ပြုလုပ်မှုဆု | Mr.Hublot |
| ၉။ မိတ်ကပ်နှင့်ဆံပင် အပြင်အဆင်ဆု | Dallas Buyers Club |
| ၁၀။ အဝတ်အစားဒီဇိုင်းဆု | The Great Gatsby |
| ၁၁။ ဖလင်တည်းဖြတ်ဆု | Gravity |
| ၁၂။ မြင်ကွင်းအထူး ပြုလုပ်ချက်ဆု | Gravity |

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၅)
# အကွရာစဉ်အညွှန်း

## က


**က**ဒါဖီ၊ မွမ်မာ ၃၁၄၊ ၃၁၅
**က**နေဒီတောင် ၂၄၂
**က**လင်တန်၊ ဟီလာရီ ၆၇
**က**ဝိဓဇ၊ ဘဒ္ဒန္တ ၁၉၁-၁၉၂
**ကီး**ယိုဒွေး ၂၄၂
**ကူ**ဘာနီမြို့ ၃၅၅၊ ၃၅၆
**ကော့ဖ်**မန်း၊ ဘဲလ် ၁၇၁
**ကို**ကို၊ ဦး (ကိုကို-စက်မှုတက္ကသိုလ်) ၄၄၀
**ကို**ကိုလှိုင်၊ ဦး ၂၆၁
**ကို**ရီးယားကျွန်းဆွယ်အရေး ၂၆၂-၂၆၄
**ကက်**စထရို၊ ရာအူးလ် ၁၀၂
**ကင်**ဂျုံအန် ၉၊ ၃၀၀၊ ၃၀၁
**ကင်**ဆွတ်ချို၊ မစ္စတာ ၆၀
**ကင်**တားနား၊ သောမတ်အိုဟေး ၁၃၊ ၁၄
**ကင်**မရွန်း၊ ဒေးဗစ် ၈၀
**ကင်**မရွန်းနိုင်ငံ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၃၁၄၊ ၃၂၄
**ကု**ဏ္ဍလ၊ ဘဒ္ဒန္တ ၁၉၂-၁၉၃
**ကမ္ဘာ**နှင့်မြန်မာ့ရုပ်မြင်သံကြား. . . ၁၀၇-၁၁၂
**ကမ္ဘာ့**ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်. . . ၁၁၃-၁၁၂
**ကမ္ဘာ့**ရန်ကင်းကျောင်း ၂၄၀
**ကမ္ဘာ့**သတင်းလွတ်လပ်ခွင့်နေ့ ၄၅၈
**ကယ်**ရီ၊ ဂျွန် ၁၂၊ ၃၀၊ ၅၃၊ ၆၇၊ ၃၂၇၊ ၃၃၀၊
၃၃၃၊ ၃၃၈၊ ၃၄၁၊ ၃၄၄၊ ၃၄၉
**ကျော်**ဇောနိုင်၊ ဦး ၄၄၅-၄၄၆
**ကွင်း**စလန်းမြို့တော် ၂၃၈
**ကွန်**ဂိုနိုင်ငံ ၄၇၀၊ ၄၇၁
**ကွမ်**ရှီးပြည်နယ် ၂၄၆
**ကွမ်**လုံရက် (၄၀) တိုက်ပွဲ ၂၁၆၊ ၂၁၇
**ကွယ်**လွန်သူထင်ရှားသောပုဂ္ဂိုလ်များ ၁၇၁-၂၃၇


## ခ


**ခ**ရိုင်းမီးယားဒေသ ၂၀၊ ၂၂၊ ၃၀၂၊ ၃၀၃၊ ၃၀၉၊
၃၁၁၊ ၃၁၃၊ ၃၁၄
**ခါ**ကာဘိုရာဇီတောင် ၂၄၃
**ခါ**မေနီ၊ အယာတိုလာအလီ ၃၄၂
(၇) ကြိမ်မြောက်အာဆီယံမသန်စွမ်း. . . ၂၃၇-၂၃၈
**ခင်**စန်းရီ၊ ဒေါက်တာ ၁၂
**ခင်**မောင်ရင် ၂၁၁-၂၁၂
**ခင်**မောင်လေး၊ ဦး (ဖိုးသောကြာ) ၄၃
**ခင်**မျိုးမြင့်၊ ဒေါ် ၂၆၁
**ခင်**ယုမေ ၂၁၂-၂၁၃
**ခင်**ရီ၊ ဦး ၂၆၊ ၃၄၊ ၅၂၊ ၇၁
**ခင်**အောင်မြင့်၊ ဦး ၁၀၊ ၁၅၊ ၁၉၊ ၆၁၊ ၉၅
**ချန်**အိုချာ၊ ပရာယု ၄၁၊ ၈၂၊ ၉၅၊ ၂၈၁၊ ၂၈၂၊
၂၈၃၊ ၂၈၄၊ ၂၈၅


## ဂ


**ဂီ**နီနိုင်ငံ ၃၂၄
**ဂေါက်ခ်၊** ဂျိုဝါချင် ၁၀၊ ၁၁၊ ၇၂
**ဂျ**ပန်နိုင်ငံ ၂၆၄-၂၆၇
**ဂျော်**ဒန်နိုင်ငံ ၃၃၁
**ဂျို**နာသန်၊ ဂွတ်လပ် ၂၈၉
**ဂျင်**ယုံကင်၊ ဒေါက်တာ ၆၊ ၇


## စ


**စ**ကော့တလန်နိုင်ငံ ၂၆၇-၂၆၈
**စ**ရိယ၊ ဘဒ္ဒန္တ ၁၉၃-၁၉၄
**စာ**အုပ်ထုတ်ဝေသူနှင့်စာအုပ်အရောင်းဆိုင်ဆု ၄၀၃
**စီ**ဝိုင်လျှန်၊ မစ္စတာ ၃၁၈
**စိုး**သိန်း၊ ဦး ၃၈၊ ၇၅၊ ၇၈

**စက်**ယာသီ၊ ကိုင်းလက်ရှ် ၂၅၁

**စစ်**အေး၊ ဦး ၂၆၁

**စ**န္ဒိမာ၊ ဘဒ္ဒန္တ ၁၉၄-၁၉၅

**စ**န္ဒောဘာသ၊ ဘဒ္ဒန္တ ၁၉၅-၁၉၆

**စန်း**လွင်၊ ဒေါက်တာ ၁၃

**စိန်**လှဗိုလ်၊ ဒေါက်တာ ၂၆၁

### ဆ

**ဆ**ရာဝန်တင်ရွှေစာပေဆု ၄၀၁

**ဆာ**လမွန်၊ အဲလက်စ် ၂၆၇၊ ၂၆၈

**ဆီ**ရီယာလီယွန်နိုင်ငံ ၃၂၄

**ဆီ**ဝူးလ်ကူးတို့သင်္ဘော ၂၇၆

**ဆီး**ရီးယားနိုင်ငံ ၃၂၃၊ ၃၃၂၊ ၃၃၃၊ ၃၅၁၊ ၃၅၂

**ဆူ**ဒန်နိုင်ငံ ၄၇၀

**ဆော်**ဒီအာရေးဗီးယားနိုင်ငံ ၃၄၅၊ ၃၄၆

**ဆက်**အောင်၊ ဦး ၂၆၁

**ဆိုင်း**နိုင်းကျွန်းဆွယ် ၃၂၆၊ ၃၃၇

**ဆာ့ဇ်**၊ အဒိုလ်ဖို ၁၇၁-၁၇၂

**ဆန်**ကာကူကျွန်း ၂၆၄

**ဆန်း**ဆင့်၊ ဦး ၅၁

### ဇ

**ဇာ**နေယျ၊ ဘဒ္ဒန္တ ၁၉၆-၁၉၇

**ဇူး**မား၊ ဂျက်ကော့ ၄၁

**ဇော**တိက၊ ဘဒ္ဒန္တ ၁၉၇-၁၉၈

**ဇော**တိဿရ၊ ဘဒ္ဒန္တ ၁၉၈

**ဇော်**ဝိတ်၊ ဦး ၂၄၁

**ဇော်**ဦး၊ ဒေါက်တာ ၂၆၁

### ည

**ဉာ**ဏ၊ ဘဒ္ဒန္တ ၁၉၈-၂၀၀

**ဉာ**ဏိဿရ၊ အရှင်၊ ဒေါက်တာ ၅၉

**ဉာဏ်**ထွန်း၊ ဦး ၅၊ ၇၊ ၉၊ ၁၂၊ ၄၀၊ ၇၆၊ ၄၂၂-၄၂၅

### တ

**တ**ရုတ်နိုင်ငံ ၂၆၈-၂၇၆

**တာ**ကေးရှီးမားကျွန်း ၂၆၅

**တီ**ယန်မင်ရင်ပြင် ၂၆၉၊ ၂၇၀၊ ၂၇၂

**တူ**နီးရှားနိုင်ငံရွေးကောက်ပွဲ ၂၇၆

**တေ**ဇောသာရာ ဘိဝံသ၊ ဘဒ္ဒန္တ ၂၀၀-၂၀၁

**တင်**တင်ဦး၊ ဒေါ် (မေယု) ၂၁၃-၂၁၄

**တင်**နိုင်တိုး ၂၁၄-၂၁၅

**တင်**နိုင်သိန်း၊ ဦး ၇၅၊ ၉၃

**တင်**အေး၊ ဦး ၂၊ ၂၁၊ ၂၂၊ ၅၆၊ ၇၃၊ ၈၄၊ ၈၅၊ ၁၀၁

**တောင်**ကိုရီးယားနိုင်ငံ ၂၇၆-၂၇၈

**တောင်**တက်ခရီးစဉ် ၂၄၁

**တယ်**လန်ဂါနာပြည်နယ် ၁၃၊ ၃၆၁

### ထ

**ထူး**ဖောင်ဒေးရှင်း ၂၄၂၊ ၂၄၄

**ထိုင်**ဝမ် ၂၇၈-၂၇၉

**ထိုင်း**နိုင်ငံ ၂၇၉-၂၈၆

**ထွန်း**ဖောင်ဒေးရှင်းစာပေဆု ၄၀၁-၄၀၂

**ထွန်း**ရီ၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ၂၁၅-၂၁၇

### ဒ

**ဒု**ချီးရားတန်းကျေးရွာ ၁၀၊ ၁၃

**ဒေ**သတွင်းထိပ်သီးအစည်းအဝေးများ ၂၄၄-၂၅၁

**ဒေါ့ခ်**ဒိုကျွန်း ၂၆၅

**ဒိုင်**အိုယုကျွန်း ၂၆၄

**ဒစ်**ဂျစ်တယ်ရုပ်သံစနစ် ၁၀၈၊ ၁၀၉

**ဒွန်း**တက်ခ်ဒေသ ၂၉၇၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၁၀၊ ၃၁၁

### ဓ

**ဓ**မ္မလောက၊ ဘဒ္ဒန္တ ၂၀၁၊ ၂၀၂

### န

**န**ဇာရာဒေသ ၄၇၀

**န**မားဂွန်ဆိန် ၂၄၃

**နာ**ဇေ၊ အက်ဒွပ်ရှီဗာ ၁၇၂

**နာ**နိုနည်းပညာရပ်ဆိုင်ရာ ပညာပေး. . . ၁၃၆

**နာ**ယက၊ ဘဒ္ဒန္တ ၂၀၂-၂၀၃
**နီ**ပေါနိုင်ငံ ၂၄၂၊ ၃၅၈
**နု**နုသာ၊ ဒေါ် ၂၆၁
**နေ**ဇင်လတ်၊ ဒေါက်တာ ၂၆၁
**နေ**တန်ယာဟု၊ မစ္စတာ ၃၂၆၊ ၃၂၉
**နေ**ပြည်တော်ကြေညာစာတမ်းများ ၁၂၉
**နေ**သွေးနီ ၂၁၇-၂၁၉
**နို**ဘယ်ဆု (၂၀၁၄) ၂၅၁-၂၅၄
**နိုင်**ဂျီးရီးယားနိုင်ငံ ၂၈၇-၂၈၉
**နိုင်**ငံခြားဆက်ဆံရေး ၄၀၉
**နိုင်**ငံခြားသားအမြဲနေထိုင်ခွင့် ၂၅၅-၂၆၀
**နိုင်**ငံတော်သမ္မတအကြံပေးအဖွဲ့များ ၂၆၀-၂၆၁
**နန္ဒ**မာလာ၊ ဘဒ္ဒန္တ ၂၀၃-၂၀၄
**နမ်**ဘီးယား၊ ဗီဂျေ ၇၀၊ ၈၉၊ ၃၈၂
**နယ်**စည်းမခြားသတင်းထောက်များအဖွဲ့ ၄၅၉
**နယ်**သာလန်နိုင်ငံ ၂၉၇၊ ၂၉၈
**နှစ်** (၅၀၀) ပြည့် ဂျူဘီလီပွဲတော် ၉၄
**၂၀၁၄** ခုနှစ် အာဆီယံဥက္ကဋ္ဌမြန်မာနိုင်ငံ ၁၂၃-၁၃၂
**၂၀၀၈** ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ၃၆၃-၃၈၁

## ပ

**ပ**ခုက္ကူစာပေဆု ၄၀၀-၄၀၁
**ပ**ထမအကြိမ်သက်ကြီးသတင်းစာပညာရှင်များ. . . ၃၈၁
**ပါ**ကစ္စတန်နိုင်ငံ ၂၈၉-၂၉၃
**ပါ**ဂျူးဒေသ ၂၆၃
**ပါ**ရာစဲလ်ကျွန်းစု ၂၉၅
**ပါ**လက်စတိုင်း ၃၂၆၊ ၃၂၇၊ ၃၂၉၊ ၃၃၂၊ ၃၃၃
**ပီ**ကာဆိုပြတိုက် ၈၆
**ပီ**ကျော်ဟန်၊ ဦး ၂၁၉
**ပူ**တင်၊ ဗလာဒီမာ ၁၀၊ ၂၉၇၊ ၃၀၇၊ ၃၁၀၊ ၃၁၁
**ပို**ရိုရှန်ကို၊ ပီထရို ၄၃၊ ၇၃၊ ၈၇၊ ၃၀၄၊ ၃၀၆၊ ၃၀၈
**ပိုး**လမ်းမကြီး ၂၄၅၊ ၂၄၆
**ပိုင်**စိုး၊ ဒေါက်တာ ၂၄၁
**ပ**ညိန္ဒ၊ ဘဒ္ဒန္တ ၂၀၄
**ပတ်**ဝွမ်ဟေး၊ မစ္စ ၂၄၊ ၂၆၂၊ ၂၇၄၊ ၂၇၇
**ပန်း**ဆိုးတန်းလူကူးခုံးကျော်တံတား ၁၀၀၊ ၄၀၆
**ပြည်**တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ ၃၈၁-၃၈၅
**ပြည်**ထောင်စုလွှတ်တော်မှပြဋ္ဌာန်းခဲ့သည့်. . . ၃၈၆-၃၈၈
**ပြည်**ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၃၆၆၊ ၃၇၈
ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး. . .
**ပြည်**ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၃၆၃-၃၆၅
ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ. . .

## ဖ

**ဖ**ရီးဒမ်းဟောက်စ် ၄၅၉၊ ၄၆၀၊ ၄၆၁
**ဖ**ရန်စစ်၊ ပုပ်ရဟန်းမင်းကြီး ၂၅၂
**ဖူ**ဂရိုအီကွေတာသဘော် ၂၉၆
**ဖို**လေး၊ ဂျိန်း ၃၂၃၊ ၃၅၃
**ဖို**ဝဲလ်၊ ဂျက်ဖရီ ၃၀၁
**ဖိုး**နိုင်လင်း၊ ဦး ၄၄၀

## ဗ

**ဗီ**ယက်နမ်နိုင်ငံ ၂၉၄-၂၉၅
**ဗု**ဒ္ဓသာသနာတော်ဆိုင်ရာ ၃၈၉-၃၉၄
ဘွဲ့တံဆိပ်တော်များ

## ဘ

**ဘ**ရစ္စဘိန်းမြို့ ၃၂၈
**ဘ**ရစ်တ်၊ မေ ၂၅၄
**ဘ**ရောင်း၊ မိုက်ကယ် ၃၂၅
**ဘ**ရှင်၊ ဗိုလ်မှူး ၄၄၇-၄၄၈
**ဘ**လဲ၊ တိုနီ ၈၂
**ဘာ**အိုစတီးလ်အီမိုးရှင်းသဘော် ၂၇၄
**ဘု**ရင့်နောင်တံတားအမှတ် (၂) ၄၀၆
**ဘေး**၊ ကင်းနက် ၃၀၁
**ဘော်**နီယိုကျွန်း ၃၅၁
**ဘို**ကိုဟာရမ်စစ်သွေးကြွအုပ်စု ၃၃၊ ၇၂၊ ၂၈၇၊
၂၈၉၊ ၃၂၄
**ဘက်**စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ ၁၅၁
လေ့လာသုံးသပ်မှု
**ဘင်**နီယွန်းကျွန်း ၂၆၃၊ ၂၆၄
**ဘင်**လာဒင်၊ အိုစမာ ၃၂၄

**ဘတ်**ဇစ်၊ အဲရစ် ၂၅၃
**ဘန်**ကီမွန်း၊ မစ္စတာ ၁၁၊ ၃၄၊ ၈၃၊ ၃၂၇
**ဘယ်**လာရုစ်နိုင်ငံ ၂၅၉၊ ၃၀၄
**ဘွန်း**ရာသီဥတုပြောင်းလဲမှုညီလာခံ ၃၉၄-၃၉၅

## မ

**မ**လေးရှားနိုင်ငံ ၂၉၅-၂၉၉၊ ၃၀၇
**မ**ဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား. . . ၃၅
**မာ**ကဲလ်၊ အိန်ဂျလာ ၃၀၅
**မာ**ကွက်ဇ်၊ ဂါဘရီရယ်လ်ဂါစီယာ ၁၇၂-၁၇၃
**မာ**ရင်ကျိုး၊ မစ္စတာ ၂၇၈၊ ၂၇၉၊ ၃၂၀
**မီ**လာ၊ မက်သယူး ၃၀၁၊ ၃၀၂
**မူ**တူးစေးဖိုးစော ၁၊ ၄၅၊ ၉၇
**မော်**စီ၊ မိုဟာမက် ၃၃၅၊ ၃၃၆
**မော်**လမြိုင်ကျွန်းမြို့ ၃၉၅-၃၉၈
**မို**စာ၊ အက်ဗက် ၂၅၄
**မို**ဆူးလ်မြို့ ၄၈
**မို**ဒီ၊ နရိန္ဒြာ ၃၈၊ ၄၂၊ ၅၀၊ ၇၉၊ ၉၀၊ ၃၅၆၊ ၃၅၇၊ ၃၅၉၊ ၃၆၀၊ ၃၆၁
**မို**ဒီယာနို၊ ပက်ထရစ် ၂၅၂
**မို**နာ၊ ဝီလျံ ၂၅၃
**မို**ရှေဒါယန်း၊ ဗိုလ်ချုပ်ကြီး ၂၁၆
**မောက်**ခမ်း၊ စိုင်း၊ ဒေါက်တာ ၁၊ ၁၂၊ ၁၉၊ ၄၀၊ ၆၁၊ ၉၉၊ ၄၀၈၊ ၄၂၀-၄၂၂
**မင်း**အောင်လှိုင်၊ ဗိုလ်ချုပ်မှူးကြီး ၁၂၊ ၁၃၊ ၂၄၊ ၆၁၊ ၈၃၊ ၉၄၊ ၄၂၅-၄၃၀
**မောင်**ကြည်သန့် ၂၁၉-၂၂၀
**မောင်**တောမြို့နယ် ၄၊ ၅၊ ၂၃
**မောင်**ဒီ၊ ဒေါက်တာ ၂၂၁
**မောင်**မောင်မြင့် (စာပေဗိမာန်) ၂၂၁-၂၂၂
**မောင်**မောင်အုန်း၊ ဦး ၅၅
**မောင်**မြင့်ကြွယ် ၂၂၂-၂၂၃
**မစ်**ချဲ၊ ဘက်ချလက် ၂၁
**မျိုး**မြင့်၊ ဒေါက်တာ ၂၂၃-၂၂၄
**မြေ**နီကုန်းခုံးကျော်တံတား ၄၀၆
**မြောက်**ကိုရီးယားနိုင်ငံ ၂၉၉-၃၀၂
**မြင့်**၊ ဦး၊ ဒေါက်တာ ၂၆၀
**မြင့်**ဆွေ၊ ဦး (မဟာဝိဇ္ဇာ) ၁၈၉
**မြင့်**မြင့်ခင်၊ ဒေါက်တာ ၂၂၄-၂၂၆
**မြင်း**မထိတောင် ၂၄၂
**မြိုင်**သန့်၊ ဦး ၂၂၆-၂၂၈
**မြန်**မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် ၂၄၁
**မြန်**မာနိုင်ငံစာပေဆုများ ၃၉၉-၄၀၃
**မြန်**မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ ၄၀၃-၄၃၀
**မြန်**မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်ငါးနှစ်ခရီး ၁၃၃-၁၅၀
**မြန်**မာနိုင်ငံ အ,သုံးလုံး. . . ၄၃၀-၄၃၃
**မြန်**မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုများ ၁၅၁-၁၆၀
**မြန်**မာ့ပထမဆုံး MAEU-05 UAV . . . ၄၃၃-၄၃၅
**မြန်**မာ့မီဒီယာလောက ၄၃၅-၄၄၄
**မြန်**မာ့ရုပ်ရှင်ထူးချွန်ဆု ၄၄၄-၄၄၅

## ယ

**ယာ**ဇီဒီမျိုးနွယ်စု ၃၃၉၊ ၃၄၀၊ ၃၅၃
**ယာ**နုကိုဗစ်ချ်၊ ဗစ်တာ ၁၄
**ယီ**မင်နိုင်ငံ ၃၃၀-၃၃၂
**ယူ**ကရိန်းနိုင်ငံ ၂၉၇၊ ၃၀၂-၃၀၉
**ယူ**ဂန်ဒါနိုင်ငံ ၄၇၁
**ယူ**ဆွတ်ဖိုင်၊ မာလာလာ ၈၅၊ ၂၅၁
**ယံ**ဗူကူဒေသ ၄၇၀
**ယွန်**တီဟောလ်၊ ဂျိန်းတီရို ၂၅၄
**ယွန်**ပြွန်းကျွန်း ၂၆၃

## ရ

**ရ**ခိုင်ပြည်နယ်ဖွံ့ဖြိုးရေး. . . ၄၄၉-၄၅၂
**ရာ**ဇာတ်၊ နာဂျစ် ၂၉၆
**ရာ**ရီ၊ မိုက်ဟာ ၁၇၂
**ရု**ရှားနိုင်ငံ ၃၀၉-၃၁၄
**ရှူး**ဆက်၊ ဒီလ်မာ ၈၇
**ရေ**ဆင်းစိုက်ပျိုးရေးတက္ကသိုလ် . . . ၄၀၆
**ရေနံ**ဆိပ်ကမ်း၊ ဆိပ်ခံတံတားသစ်နှင့်. . . ၄၀၅

**ရေ**ဝတ၊ ဘဒ္ဒန္တ ၂၀၄-၂၀၅
**ရဲ**တင့်၊ ဦး ၂၆၁
**ရဲ**ထွန်း၊ ဦး ၇၇
**ရင်**ရင်နွယ်၊ ဒေါက်တာ ၂၆၁
**ရက်**ဇ်ဂါနီ၊ အက်ရှ် ၈၇၊ ၃၃၃၊ ၃၃၄၊ ၃၃၅
**ရိဒ်**ရေကန် ၂၄၂
**ရန်**ဟီလီ၊ မစ္စ ၆၁၊ ၆၃
**ရှ**ရွှန်၊ အေရီရယ် ၁၇၃-၁၇၅
**ရှာ**ရစ်ဖ်၊ နာဝပ် ၂၈၉
**ရှီ**ကျင့်ဖျင်၊ မစ္စတာ ၂၃၊ ၄၀၊ ၇၆၊ ၂၄၆၊ ၂၆၉၊
၂၇၀၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၃၅၉
**ရှင်**နာဝပ်ထရာ၊ ရင်လတ် ၁၇၊ ၃၄၊ ၂၇၉၊ ၂၈၀
**ရှင်**နာဝပ်ထရာ၊ သက်ဆင် ၂၇၉၊ ၂၈၃၊ ၂၈၄၊ ၂၈၅
**(၈၈)** မျိုးဆက်ငြိမ်းချမ်းရေးနှင့်. . . ၃၇၀၊ ၃၇၂၊ ၃၇၅၊
၃၇၆၊ ၃၇၇၊ ၃၇၈
**ရှိန်**၊ ဦး ၂၄၁
**ရွှေ**ဂုံတိုင်ခုံးကျော်တံတား ၁၉၊ ၄၀၅
**ရွှေ**မန်း၊ ဦး၊ သူရ ၃၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၅၊ ၂၇၊
၃၂၊ ၃၅၊ ၆၁၊ ၆၈၊ ၇၆
**ရွှေ**အမြုတေစာပေဆု ၄၀၂-၄၀၃


## လ


**လီ**ခချန်း၊ မစ္စတာ ၅၄၊ ၉၁၊ ၂၄၉
**လီ**ယောင်မင်၊ မစ္စတာ ၄၊ ၂၂
**လီ**ရှန်လွန်၊ မစ္စတာ ၉၇
**လူ**ဟာန့်ဒေသ ၂၉၇၊ ၃၀၃၊ ၃၀၄၊
၃၀၅၊ ၃၀၆၊ ၃၁၁
**လူ**ဦးရေနှင့် အိမ်အကြောင်းအရာ. . . ၄၅၃-၄၅၆
**လ**က္ခဏ၊ ဒေါက်တာ၊ ဘဒ္ဒန္တ ၂၀၅-၂၀၆
**လက်**ဘနွန်နိုင်ငံ ၃၃၀၊ ၃၃၂၊ ၃၅၁
**လက်ဗ်**ရော့ဗ်၊ ဆာဂျီ ၃၁၀
**လိုက်**ဘေးရီးယားနိုင်ငံ ၃၂၄
**လစ်**ဗျားနိုင်ငံ ၃၁၄-၃၁၇
**လွတ်**ငြိမ်းချမ်းသာခွင့် ၄၅၆
**လှ**ထွေး၊ ဦး (နေရှင်း) ၂၂၈
**လှ**မင်း၊ ဗိုလ်မှူး (ငြိမ်း) ၂၂၈-၂၂၉


## ဝ


**ဝါ**သေဋ္ဌာလင်္ကာရ၊ ဘဒ္ဒန္တ ၂၄၀
**ဝိ**ဇယာဘိဝံသ၊ ဘဒ္ဒန္တ ၂၀၆-၂၀၇
**ဝီ**ဂါမွတ်ဆလင် ၂၇၂
**ဝီ**ဒိုဒို၊ ဂျိုကို ၈၄
**ဝီ**လျံ၊ ရော်ဘင် ၁၇၅
**ဝေ**ယံမင်းသူ ၂၄၃
**ဝင်း**တင်၊ ဦး၊ ဟံသာဝတီ ၂၃၀-၂၃၁
**ဝင်း**မြ၊ ဦး ၇၈
**ဝဏ္ဏ**မောင်လွင်၊ ဦး ၁၆၊ ၃၈
**ဝဏ္ဏ**သိဒ္ဓိအားကစားပြိုင်ကွင်း ၂၃၇


## သ


**သ**တင်းစာဆရာများကာကွယ်ရေး. . . ၄၅၉
**သ**တင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ ၄၅၇-၄၆၄
**သ**ဘာဝခေါ်သံဖောင်ဒေးရှင်း ၂၄၃
**သ**ဘာဝဘေးအန္တရာယ်များ ၄၆၄-၄၆၆
**သာ**ဂရ၊ ဘဒ္ဒန္တ ၂၀၈
**သာ**ဂရာဘိဝံသ၊ ဘဒ္ဒန္တ ၂၀၉
**သီ**လဝါအထူးစီးပွားရေးဇုန် ၄၀၄
**သု**တစွယ်စုံစာပေဆု ၄၀၂
**သက်**ကြီးစာပေပညာရှင်များ. . . ၄၆၆
**သောက်**ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း ၄၀၉
**သောင်**ဆူဘန်၊ ဆူသက် ၂၈၁၊ ၂၈၂
**သန်**လျင်မြို့ ၁၆၅
**သန်း**၊ ဦး (ကိုသန်း-ကြည့်မြင်တိုင်) ၂၃၁-၂၃၂
**သန်း**ကျော်၊ ဦး ၂၆၁
**သန်း**ငြိမ်း၊ ဒေါက်တာ ၂၃၂-၂၃၄
**သိန်း**စိန်၊ ဦး ၁၊ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊
၂၁၊ ၂၃၊ ၃၅၊ ၄၈၊ ၅၃၊
၆၁၊ ၆၇၊ ၇၂၊ ၇၅၊ ၈၃၊ ၈၆၊
၉၁၊ ၄၀၃၊ ၄၀၄၊
၄၀၅၊ ၄၀၆၊ ၄၀၉၊
၄၁၃၊ ၄၁၄၊ ၄၁၅
**သိန်း**ဇော်၊ ဦး ၃၈၂

## အက္ခရာစဉ်အညွှန်း


### ဟ

**ဟာ**ရယ်ဘုရင်၊ ပဉ္စမမြောက် ၉၇၊ ၉၈
**ဟား**မက်စ်အဖွဲ့ ၃၂၆၊ ၃၂၇၊ ၃၂၈
**ဟော**ဂဲလ်၊ ချက် ၂၇
**ဟဲ**၊ စတီဖန် ၂၅၃
**ဟော်**လန်ဒေး၊ ဖရန်ဆွာ ၇၆
**ဟက်ဖ်**တာ၊ ခါလစ်မာ ၃၁၄၊ ၃၁၅၊ ၃၁၆
**ဟောင်**ကောင် ၃၁၈-၃၂၀
**ဟိုင်း**ကြီးကျွန်း ၁၆၅

### အ

**အ**တန်ဘရော့၊ ရစ်ချက် ၁၇၅
**အ**ဒူလျာဒက်၊ ဘူမိဘော ၂၈၅
**အ**နမိဝရ၊ ဘဒ္ဒန္တ ၂၀၉-၂၁၀
**အ**မေရိကန်နိုင်ငံ ၂၅၈၊ ၂၇၂၊ ၂၉၄၊ ၂၉၉၊ ၃၀၀၊ ၃၀၂၊ ၃၁၀၊ ၃၂၀-၃၂၆
**အ**ရိုးနီကနက္ခဒဏ်ထီးဖြူတော် ၂၄၁
**အ**ရှေ့အလယ်ပိုင်းဒေသ ၃၂၆-၃၃၃
**အ**လောင်းမင်းတရားကြီး၏ ရာဇသံရွှေပေစာ ၁၆၁-၁၆၈
**အ**မျိုးသားစာကြည့်တိုက် (နေပြည်တော်) ၄၀၈
**အ**မျိုးသားစာပေတစ်သက်တာဆု. . . ၃၉၉-၄၀၀
**အ**မျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၃၇၀၊ ၃၇၂၊ ၃၇၅-၃၇၈
**အ**မျိုးသားပညာရေးဥပဒေ ၁၅၂-၁၅၃၊ ၁၅၈
**အ**မှတ် (၃၆) အကြီးစားစက်ရုံ . . . ၃၊ ၄၀၃
**အာ**ဆီယံ-ကိုရီးယား စီးပွားရေးကောင်စီ ၂၇၈
**အာ**ဆီယံစီးပွားရေးအသိုက်အဝန်း ၂၃၉
**အာ**ဒိစ္စဘိဝံသ၊ ဘဒ္ဒန္တ ၂၁၀-၂၁၁
**အာ**ဖဂန်နစ္စတန်နိုင်ငံ ၃၃၃-၃၃၅
**အာ**ဘေး၊ ရှင်ဇို ၂၄၊ ၇၄၊ ၂၆၂၊ ၂၆၄-၂၆၅၊ ၂၇၄
**အာ**ရှ-ဂျပန်ပေါင်းကူးအဖွဲ့ (BAJ) ၄၅၁
**အာ**ရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေး. . . ၄၆၆-၄၆၇
**အာ**ရှ-ဥရောပထိပ်သီးအစည်းအဝေး. . . ၄၆၈-၄၆၉
**အီ**ဂျစ်နိုင်ငံ ၃၃၅-၃၃၈
**အီ**ဘိုလာဗိုင်းရပ်စ် ၃၂၄၊ ၄၆၉-၄၇၄၊
**အီ**ရတ်နိုင်ငံ ၃၂၃၊ ၃၃၈-၃၄၀
**အီ**ရန်နိုင်ငံ ၃၄၀-၃၄၈
**အီး**-ဗီဇာ (e-Visa) စနစ်စတင်ကျင့်သုံးခြင်း ၄၇၄-၄၇၅
**ဥ**ရောပသမဂ္ဂ ၂၃၈
**ဧ**ဝရတ်တောင် ၂၄၂
**အေး**မြင့်၊ ဦး ၈၄
**ဩ**စတြေးလျနိုင်ငံ ၂၉၅-၂၉၈၊ ၃၀၇
**အော်**စကာဆု ၄၇၅-၄၇၆
**အို**ကီးဖဲ၊ ဂျွန် ၂၅၄
**အို**ဇာကီ၊ မစ္စတာ ၂၄၃
**အို**ဗာရာ၊ ကိတ် ၁၇၅
**အို**ဘားမား၊ ဘားရက် ၁၈၊ ၂၄၊ ၃၁၊ ၉၂၊ ၃၂၀-၃၂၃၊ ၃၄၀
**အက်**ဘော့တ်၊ တိုနီ ၂၉၅၊ ၃၅၁၊ ၃၅၇
**အ**ဂ္ဂနိဒုံးပျံ ၃၅၈
**အက်ရှ်**တန်၊ ကက်သရင်း ၂၇၃၊ ၃၄၀
**အင်**ဒိုနီးရှားနိုင်ငံ ၃၄၈-၃၅၁
**အင်**နာလေ့ဂ်ရုပ်သံစနစ် ၁၁၀
**အင်း**စိန်ခုံးကျော်တံတား ၄၀၆
**အစ္စ**ရေးနိုင်ငံ ၃၂၆၊ ၃၂၇၊ ၃၂၈၊ ၃၃၀၊ ၃၃၁၊ ၃၃၂
**အ**စ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (အိုင်အက်စ်) အရေး ၃၅၁-၃၅၆
**အောင်**ဆန်းစုကြည်၊ ဒေါ် ၁၀၊ ၂၂၊ ၉၂
**အောင်**ထွန်းသက်၊ ဒေါက်တာ ၂၆၁
**အောင်**ဖေ၊ သူရ၊ ဗိုလ်မှူးကြီး (ငြိမ်း) ၂၃၄-၂၃၅
**အောင်**မင်း၊ ဦး ၃၈၂၊ ၃၈၄
**အောင်**မြင့်မြတ် ၂၄၃
**အောင်**မြတ်တိုး၊ ဦး ၂၄၄
**အောင်**သင်း၊ ဦး ၂၃၅-၂၃၇
**အိ**န္ဒိယနိုင်ငံ ၃၅၆-၃၆၃
**အုန်း**ခင်၊ ဦး၊ မိုးကြိုး ၂၄၁
**အယ်**ဂျားဇီးယားသတင်းဌာန ၂၉၉
**အယ်လ်**စီစီ၊ အဗ္ဗဒူလာ ၄၅၊ ၄၇
**အယ်လ်**သင်နီ၊ အဗ္ဗဒူလာ ၃၁၆